http://www.dhammadownload.com





၅၀၀

တိပိဋက = နိကာယ သာသနာပြုဥပဌာကအဖွဲ့
ပဋ္ဌမသုံးနှစ်ခရီး အကြိုစာစောင်

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏

အန္တိမပူဇော်ပွဲများ

(ပထမပိုင်း)







ဝမ္မဒါန



http://www.dhammadownload.com



မင်းကွန်းတိပိဋကရေဆရာတော်ကြီး၏

အန္တိပဝုဇော်ပွဲများ

(ပထမပိုင်း)

http://www.dhammadownload.com

ပဥ္စမ သုံးနှစ်ခရီးအကြိုစာစောင်

မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏

အနှီမ ပူဇော်ပွဲများ

(ပထမပိုင်း)



တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာက ပင်မအဖွဲ့မှ ထုတ်ဝေသည်

A

http://www.dhammadownload.com

စာအုပ်မှတ်တမ်း

၁၉၉၄-ခု၊ နိုဝင်ဘာလတွင် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီး၏ သက်တော် (၈၃)နှစ်ပြည့် ဝိဇာတမင်္ဂလာဥဒ္ဒိဿပူဇာ အထိမ်းအမှတ်အဖြစ် ခမ္မဒါန ထုတ်ဝေပါသည်။

အုပ်ရေ	၃၀၀၀
မျက်နှာဖုံးပန်းချီ	ဆရာဦးကျော်
အတွင်းသရုပ်ဖော်ဒီဇိုင်း	ဆရာဦးအေးမြင့်(မြန်မာမှုဒီဇိုင်း)
	ဆရာဦးကျော်
ကာလာခွဲ	ဦးတင်စိုး၊ ဦးစိန်လှိုင်၊ ဦးကျော်ဌေး၊ ဦးသန်းစိန် (စိန်နဂါး)၊ ဦးထွန်းဆိုင်၊ ဦးဝင်း။
ကွန်ပျူတာစာစီ	မြတ်ဆုမွန်ကွန်ပျူတာစာစီလုပ်ငန်း မျိုးညွှန့်၊ ခင်မောင်ထွေး၊ ဝင်းချို၊ ကျော်စိုး၊ မောင်မောင်။
ဖလက်	ကိုသိန်းအောင်၊ အောင်မင်းစီ ။
စီစဉ်ကြီးကြပ်	မောင်ဝင်းညွှန့်၊ မောင်ခင့်တိုင်၊ မောင်သန်းလှိုင်၊ သာမျိုးတတ်။
ပုံနှိပ်စက်များ	နဝရတ်၊ ဝင်းရွှေစင်၊ ခွန်အား၊ ဖိုးဝစံ၊ သိန်းတရာနှင့် တိ=နိဉပဋ္ဌာကပုံနှိပ်တိုက်။
ပုံနှိပ်သူ	ဦးမောင်မောင်ကြီး(မြ-၀၃၁၆၅)အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။
ထုတ်ဝေသူ	ဦးမောင်မောင်ကြီး(မြ-၃၆၉၂)အမှတ်(၁၂)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

http://www.dhammadownload.com

ကျေးဇူးတော်ရှင်
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
အန္တိမပူဇော်ပွဲများ
ပထမပိုင်း
(မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
ထေရပွတ္တိအကျဉ်း)

http://www.dhammadownload.com

မာတိကာ

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ချီးမြှင့်တော်မူသော ဩဝါဒကထာ

တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး မဟာသဒ္ဓမ္မဇောတိကဓဇ
ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှအားချီးမြှင့်တော်မူသော ဩဝါဒကထာ

တိပိဋက=နိကာယသာသနာပြုဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး မဟာသဒ္ဓမ္မဇောတိကဓဇ
ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ၏ အမှာစာ

အခန်း-၁

အစားထိုးမရစကောင်းသော ဆုံးရှုံးမှုကြီး ၃

အခန်း-၂

တစ်ခေတ်မှာတစ်ခါသာကြုံရ၍
သာသနာ့ဥသျှောင်ပြည့်ဥကင်
ဖြစ်တော်မူသော
သုတဗုဒ္ဓမြတ်ထေရ ၁၂

အခန်း-၃

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
ပထမဆယ်နှစ်ဖြစ်တော်စဉ်
(၁၂၇၃-ခုမှ ၁၂၈၃-ခုအထိ) ၁၇
မွေးရပ်ဇာတိ ၁၇
အမည်ပေး ၁၇
ငယ်ရွယ်စဉ်အလေ့အထ ၁၉
ကျောင်းရောက်ချိန် ၁၉
ဇွဲလုံ့လ ၂၁

http://www.dhammadownload.com

မာတိကာ

ဘုန်းကံရှင်မောင်ခင် ၂၃
ဦးသောဘိတထံအပ်နှံခြင်း ၂၃
ကိုရင်ဖြစ်ချိန် ၂၃
ဇာတိရပ်ရွာရှိ အလှူဒါနများ ၂၉

အခန်း-၄

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
ဒုတိယဆယ်နှစ်ဖြစ်တော်စဉ်
(၁၂၈၃-ခုမှ ၁၂၉၃-ခုအထိ) ၃၁
ကိုရင်ငယ်ဘဝအောင်ပွဲ ၃၁
တိပိဋကဓရရှေ့ပြေးနိမိတ် ၃၂
စာပေအရေးအသား ၃၂
ပထမငယ်အောင်မြင်ခြင်း ၃၅
ပထမလတ်အောင်မြင်ခြင်း ၃၅
သီလစံပြပုဂ္ဂိုလ်ဖြစ်စေရန် ၃၇
ဆရာဝတ်ပြုချိန် ၃၇
ဦးပညာစက္ကထံအပ်နှံရန် ၃၉
မင်းကွန်းဓမ္မနာဒသို့ ၄၁
ဓမ္မနာဒကျောင်းတိုက်ကြီး ၄၅
ဓမ္မနာဒတိုက်တိုးတက်လာ ၄၉
ဆရာကြီးဒေါဓမ္မစာရီနှင့်တွေ့ဆုံခြင်း ၅၀
ပစ္စယာနုဂ္ဂဟဖြင့်ပူဇော်မှု ၅၁
ဓမ္မာနုဂ္ဂဟချီးမြှောက်မှု ၅၂
ဆာဦးသွင်နှင့်သာသနာ့သစ်ပင် ၅၅
ရဟန်းဖြစ်ချိန် ၅၅
ပထမကြီးတန်းကိုအောင်မြင်တော်မူပုံ ၅၇

http://www.dhammadownload.com

မာတိကာ

အခန်း-၅

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
တတိယဆယ်နှစ်ဖြစ်တော်စဉ်
(၁၂၉၃-ခုမှ ၁၃၀၃-ခုအထိ) ၁၉
ဥယျာဉ်မှူးများ ၁၉
ဓမ္မရေစင် ၁၉
အမျိုးသားပထမကြိုး ၆၃
ပရိယတ္တိသာသနဟိတစာသင်တန်းအောင်မြင်ခြင်း ၆၃
ပထမကြိုးတန်းခရေပွင့်ပြအောင်မြင်ခြင်း ၆၃
ပရိယတ္တိသာသနဟိတစာချတန်းအောင်မြင်ခြင်း ၆၃
အရှင်ဝိစိတ္တသာရာဘိဝံသဖြစ်တော်မူလေပြီ ၆၅
ဝဋ်သကာဘွဲ့ ၆၅
အဋ္ဌကထာပြန်အကျော် ၆၅
ပထမကျော်ဖြစ်တော်မူခြင်း ၆၇
ဆင်ဝက်ခြံပေါက်တော်မူခြင်း ၆၇
ပူဇော်ပွဲကြီးသုံးရပ် ၆၇
ဥပဇ္ဈာယ်ဆရာတော်၏တိုက်တွန်းချက် ၆၉
ခဲ,သုံးခဲဆောင် ၆၉
အာစရိယဂုဏ်ကိုတွန်တေးထပ် ၇၀
ဥပဇ္ဈာယ်ဆရာတော်ကိုပါရမီဖြည့်ရခြင်း ၇၁
ဓါတ်ခြောက်ပါးသိမ်းဆည်းပုံကျမ်း ၇၂
ရုပ်နာမ်နှစ်ပါးမျှသာတည် ၇၂
ဓမ္မသံဝေဂကထာများရေးသားပူဇော်ခြင်း ၇၄
နာယကဖြစ်ချိန် ၇၆
သာသနာ့မိခင်ကြီး၏စောင့်ရှောက်မှု ၇၈
မောဂ္ဂလာန်သဒ္ဒါကျမ်း ၇၈

http://www.dhammadownload.com

မာတိကာ

အင်ပြည့်အားပြည့်စာချနိုင်သောကာလ	၇၉
စက်တော်ရာရာပုံတော်	၇၉
ဒုတိယကမ္ဘာစစ်မီး	၈၃
သာသနဓေသီရိပဝရမ္မာစရိယဘွဲ့ရတော်မူခြင်း	၈၃

အခန်း-၆

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ စတုတ္ထဆယ်နှစ်ဖြစ်တော်စဉ် (၁၃၀၃-ခုမှ ၁၃၁၃-ခုအထိ)	၈၅
မစိုးရိမ်ဆရာတော်ဘုရားကြီးထံပဋ္ဌာန်းစာဝါတက်ကြုံ	၈၆
အရိယမဂ္ဂင်ဆရာတော်ကြီးနှင့်မနောမယဆရာတော်ကြီး	၈၇
မြို့မနာယကဆရာတော်	၈၉
ဥုတိဓိညာဂါထာရရှိခြင်း	၉၀
မြန်မာပညာရှိဦးဖေ	၉၀
မြန်မာ့အရေး	၉၀
မြန်မာ့အရေးလည်းစိတ်ဝင်စား	၉၁
ဆာဦးသွင်နှင့်တိပိဋကဓရပုဂ္ဂိုလ်	၉၁
ပထမအကြိမ်တိပိဋကဓရရွေးချယ်ပွဲသို့	၉၂
လက်အုပ်ကြွေး	၉၂
ပထမအကြိမ်မြောက်တိပိဋကဓရရွေးချယ်ရေးစာမေးပွဲကြီး	၉၃
ပုစ္ဆကပြုလုပ်ရန်	၉၃
လမ်းစဉ်ကိုရှာပြီ	၉၄
စဉ်းစားရသောလမ်းစဉ်	၉၅
ဝိနယဓရအရှင်ပညာသာရ	၉၇
စာကျက်ရာဌာန	၉၉
ဝီရိယလွန်ကဲစွ	၁၀၁
တတိယအကြိမ်မြောက်တိပိဋကဓရရွေးချယ်ရေးစာမေးပွဲ	၁၀၁
အခမ်းအနားအစုံအလင်ဖွင့်လှစ်ပုံ	၁၀၁
အာဂုံစာတော်ပြန်ပွဲစချိန်	၁၀၃

http://www.dhammadownload.com

မာတိကာ

စာထောက်ကိုပြင်ထောက် ၁၀၅
အလေ့အကျင့် ၁၀၅
အနာရောဂါဖြစ်ခြင်း ၁၀၈
ရေးဖြေတွင်လည်းဂုဏ်ထူးရ ၁၀၈
အပြန်အရေးနှစ်ထွေးစလုံးဂုဏ်ထူးရ ၁၀၈
သမ္မတအိမ်တော်ပူဇော်ပွဲ ၁၀၈
သာသနာ့ရိပ်သာပူဇော်ပဲ ၁၀၉
မာရ်နတ်နှင့်စစ်ထိုးပွဲ ၁၀၉
ဆဋ္ဌသံဂါယနာတင်ပွဲပေါ်ပေါက်ဖို့အကြောင်းဖြစ်ခဲ့ပြီ ၁၁၀

အခန်း-၇

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
ပဉ္စမဆယ်နှစ်ဖြစ်တော်စဉ်
(၁၃၁၃-ခုမှ ၁၃၂၃-ခုအထိ) ၁၁၁
အဘိဓမ္မာရှေ့ပါးကျမ်းကျက်တော်မူခြင်း ၁၁၁
စတုတ္ထအကြိမ်မြောက်တိပိဋကဓရရွေးချယ်ပွဲကြီးသို့ ၁၁၁
ဂုဏ်ထူးနှစ်ဆင့်ဖြင့်အောင်မြင်တော်မူခြင်း ၁၁၃
နိုင်ငံတော်သမ္မတအောင်လက်မှတ်ဆက်ကပ် ၁၁၃
သာသနာ့ရိပ်သာချီးကျူးပွဲ ၁၁၃
မဟာဗုဒ္ဓဝင်ကျမ်းကြီးရေးသားရန်ပထမအကြိမ်ပန်ကြားခြင်း ၁၁၃
အဘိဓမ္မာဒုတိယပိုင်းဖြေဆိုရန် ၁၁၄
မှန်အုတ်ကြီးလေးချပ် ၁၁၄
ပဉ္စမအကြိမ်မြောက်တိပိဋကဓရရွေးချယ်ပွဲကြီး ၁၁၅
မောင်ကံညွန့်သို့ပေးစာတစောင် ၁၁၅
ဆဋ္ဌသံဂါယနာလုပ်ငန်းများ ၁၁၆
ပါဠိတော်သန့်စင်ရေးအဖွဲ့ ၁၁၆
လက်ာဒီပေပိနတ္ထိ၊ ဓမ္မဒီပေပိနတ္ထိ ၁၁၈
ကြိုတင်ဆောင်ရွက် ၁၁၈
သုတ္တန်ပိဋကတ်နောက်ဆုံးပြန် ၁၁၉

http://www.dhammadownload.com

မာတိကာ

အမျှဝေညွှန်း ၁၁၉
တိပိဋကဓရ၏အမျှဝေစကားစဉ် ၁၂၀
ဒုတိယနိဒါန်း ၁၂၁
သဇ္ဈာဓရဖြေရာမှာလည်းဂုဏ်ထူးရ ၁၂၃
တိပိဋကဓရပေါ်ပြီ ၁၂၅
ပူဇော်ပွဲများ ၁၂၅
အပူဇော်ခံရသူကလက်မြှောက်ရ ၁၂၆
တိပိဋကဓရနှင့်ဆဋ္ဌသံဂါယနာ ၁၂၆
တနေ့ငါးမျက်နှာ ၁၂၉
ဆဋ္ဌသံဂါယနာမဟာဓမ္မသဘင် ၁၂၉
မဟာစည်ဆရာတော်ပါဝင်ပြီ ၁၃၃
ကြိုတင်မည်သို ၁၃၇
သာသနာ့မိခင်ကြီး၏သတိပေးစာ ၁၃၉
ဝန်ဆောင်ဆရာတော် ၁၄၀
ပေဋကောပဒေသ ၁၄၀
ဆဋ္ဌသံဂါယနာတင်ပွဲကြီး၏သန့်ပါတများ ၁၄၁
မဟာဗုဒ္ဓဝင်ကျမ်းပြု ၁၄၁
အဋ္ဌကထာသံဂါယနာ ၁၄၅
မိုးမိတ်ကုန်းမြေပေါ်ပြီ ၁၄၆
ဆရာတော်မျက်နှာတခြမ်းထုံကျင်ခြင်း ၁၄၆
သံဝေဂဓမ္မလက်ဆာ ၁၄၆
ဆရာဝန်ကြီးဦးသာလှရောက်ရှိခြင်း ၁၄၇
မယ်တော်ကြီးဒေါ်ဆင်ကွယ်လွန်ခြင်း ၁၄၉
သလွာဝတီကျောင်း ၁၅၁
ခြသေ့ကြီးမှဆေးပေးခန်းသို့ ၁၅၁
ဓမ္မနာဒမှရွှေရေးဆောင်သို့ ၁၅၃
ဓမ္မနာဒ၌မလှူရမနေနိုင်သည့်ဗန္ဓုလဦးဆိုင် ၁၅၃
မိုးမိတ်စေတီတော်ကြီးထီးတော်တင်ပွဲ ၁၅၈
မိုးမိတ်စေတီတော်ကြီးများပြုပြင်စောင့်ရှောက်ရေးအဖွဲ့ ၁၅၈

http://www.dhammadownload.com

မာတိကာ

အခန်း-၈ မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏
ဆဋ္ဌမဆယ်နှစ်ဖြစ်တော်စဉ်
(၁၃၂၃-ခုမှ ၁၃၃၃-ခုအထိ) ၁၅၉
မိုးမိတ်စေတီတော်ကြီးကုန်းမြေကိုစည်ကားအောင်ဆောင်ရွက်တော်မူခြင်း ၁၅၉
ပြည်သာယာဓရပ်ကြီး ၁၆၁
မန်းသီရိဓရပ် ၁၆၁
ဂန္ဓကုဋီ ၁၆၁
မဟာရံမီးတာန့်စောင်းတန်းများ ၁၆၁
စက်တော်ရာဂန္ဓကုဋီတိုက်ကိုပြင်ဆင်ခြင်း ၁၆၁
ခါတ်တော်များ၏ထူးခြားချက် ၁၆၃
စက်တော်ရာအုတ်မြစ်ချပွဲ ၁၆၅
ဝင်းတော်မူးဘုရားကိုပြင်ဆင်ခြင်း ၁၆၅
မင်းတဓစေတီတော်ကိုပြုပြင်ခြင်း ၁၆၇
မင်းဗလစေတီတော် ၁၆၇
မိုးမိတ်ဘုရားပွဲတော်ရက်များ ၁၆၇
မိုးမိတ်ကုန်းမြေတည်နေပုံ ၁၆၉
အရံစေတီတော်များ ၁၆၉
ဦးဖိုးမှီဒေါ်ရွှေညွန့်ကုသိုလ် ၁၇၀
တရားဟောကြားခြင်း ၁၇၁
ဗန္ဓုလဒကာကြီး၏တရားတောင်း ၁၇၃
မလွန်ဓမ္မကထိကဖြစ်တော်မူခြင်း ၁၇၅
စာမရှိပဲမဟောရဲ ၁၇၆
ရှင်ဘက်,လူဘက်အကြိုက်များ ၁၇၆
ထူးချွန်သည့်ဓမ္မကထိက ၁၇၇
တရားဟောစဉ်ပလ္လင်ထက်ဝယ် ၁၇၉
တရားဟောလျှောပါရန် ၁၈၀
မပင်ပန်းပါဘူး ၁၈၀
အလုပ်ကြိုးစားလုပ်ရမယ် ၁၈၁

http://www.dhammadownload.com

မာတိကာ

လူ့သက်တမ်း ၁၈၁
ခြင်္သေ့စိတ်ထားဖြင့်ဟောသောတရား ၁၈၃
မန္တလေးနိုကာယ်စာမေးပွဲ ၁၈၅
မင်းကွန်းတိုက်နယ်ဆေးရုံ ၁၈၅

အခန်း-၉

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏
သတ္တမဆယ်နှစ်ဖြစ်တော်စဉ်
(၁၃၃၃-ခုမှ ၁၃၄၃-ခုအထိ) ၁၈၉
မယ်တော်ကြီးဒေါ်ခမ္မစာရီ ကွယ်လွန်ခြင်း ၁၈၉
ရန်ကုန်နိကာယ်စာမေးပွဲ ၁၈၉
ပဲခူးနိကာယ်စာမေးပွဲ ၁၉၀
အဘိဓမ္မာရိမ်ဆရာတော်ကြီးပျံလွန်တော်မူခြင်း ၁၉၀
အလှူမခံရဲသောဆရာတော် ၁၉၁
ဆရာ+ဒကာညီညွတ်စွာ ၁၉၅
မလွန်ဆန်လှုံအသင်းညီမူရာခန်းမ ၁၉၅
တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီးဖွဲ့စည်းတည်ထောင်ခြင်း ၁၉၈
တိပိဋကဓရဋ္ဌရတုပူဇော်ပွဲ ၂၀၁
မန္တလေးဋ္ဌရတုပူဇော်ပွဲ ၂၀၂
အဂ္ဂမဟာပဏ္ဍိတာဘွဲ့တံဆိပ်တော် ၂၀၄
တိပိဋက=နိကာယစာသင်သားများတိုးတက်လာ ၂၀၆
ဂိုဏ်းပေါင်းစုံသံဃအစည်းအဝေးကြီး ၂၀၆
တို့ဘာက်ကအနစ်နာခံမှုဘဲ ၂၀၇
ဂိုဏ်းပေါင်းစုံညီညွတ်ရေး ၂၀၇
အကျိုးဆောင်ဆရာတော် ၂၀၉
ဋ္ဌရတုံ၏ဋ္ဌရတုပူဇော ၂၀၉
မန္တလေးဌာနခွဲဖြစ်ပေါ်လာခြင်း ၂၀၉

http://www.dhammadownload.com

ဓမ္မပဒ

ရန်ကုန်ဌာနခွဲဖြစ်ပေါ်လာခြင်း ၂၁၁
တိပိဋကဓရဆရာတော်၏မေတ္တာနှင့်တိ=နိအဖွဲ့ဝင်၏စေတနာ ၂၁၅
မန္တလေးမီးနှင့်ဆရာတော်၏ကရုဏာ ၂၁၈
ရွှေလမင်းဒကာမကြီး ၂၁၉

အခန်း-၁၀

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏
အဋ္ဌမဆယ်နှစ်ဖြစ်တော်စဉ်
(၁၃၄၃-ခုမှ ၁၃၅၃-ခုအထိ) ၂၂၁
သာသနာ့တက္ကသိုလ်ဆောက်လုပ်ရန် ၂၂၇
သဒ္ဓါပန်းတိုပွင့်လန်းကြပြီ ၂၂၈
တိုက်အုပ်ဆရာတော်ပျံလွန်တော်မူခြင်း ၂၃၁
ရန်ကုန်မြို့သာသနာ့တက္ကသိုလ် ၂၃၄
အဘိဓေမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ၂၃၇
တက္ကသိုလ်ကြီးများအတွက်လှူဒါန်းမှု ၂၄၁
လူတိုင်းကျောင်းဒကာဖြစ်ရေး ၂၄၃
မလှမှုးသေးသောအလှူ ၂၄၆
ကျောင်းလှူအကျိုးလက်ာ ၂၄၆
သပ္ပုရိသဒါနတရားတော် ၂၄၇
သာသနာတော်အတွက် ၂၄၈
ဆရာတော်ကြီးကျန်းမာရေးထိခိုက်ခြင်း ၂၅၀
အရိယမဂ္ဂင်ဆရာတော်ကြီးပျံလွန်တော်မူခြင်း ၂၅၁
မိုင်၁၀၀၀-ခရီး ၂၅၂
တက္ကသိုလ်ကြီးနှစ်ရပ်ဖွင့်လှစ်ခြင်း ၂၅၈
တတိယမြောက်သာသနာပြုလုပ်ငန်း ၂၅၉
အခက်အခဲများစွာတွေ့ကြရ ၂၆၆
ဆရာ+ဒကာအတွဲညီညာ ၂၆၇

http://www.dhammadownload.com

မာတိကာ

စိန်ရတုမွေးနေ့ပူဇော်ပွဲ ၂၆၈
မန္တလေးတိုင်းကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ၂၇၁
မေတ္တာဘာဝနာကမ္မဋ္ဌာန်းစီးဖြန်းတော်မူခြင်း ၂၇၂
မေတ္တာဘာဝနာတရားတော် ၂၇၈
ငါးနိုင်ငံဗုဒ္ဓဘာသာချစ်ကြည်ရေးပရိယတ္တိပညာသင်ကြားလေ့လာရေးခရီးစဉ် ၂၈၇
တိ=နိဥပဋ္ဌာကပြည်ပသာသနာပြုအဖွဲ့ကြီးပေါ်ပေါက်ခြင်း ၂၈၈
လောနှင့်ကမ္ဘောဒီယားနိုင်ငံသို့သက်ဆိုင်ရာပန်းကြီးပေးပို့လှူဒါန်းခြင်း ၂၈၉
ထိုင်းဗုဒ္ဓဆင်းတုတော်ပင့်ဆောင်လွှဲအပ်ခြင်းအခမ်းအနား ၂၉၁
ဘဒ္ဒေကရတ္တသုတ္တန် ၂၉၅
ထိုင်း+မြန်မာချစ်ကြည်ရေးဘုံကထိန် ၂၉၈
အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကဘဲ့ကဆိပ်တော် ၃၀၀
အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိကအဓိပ္ပါယ် ၃၀၁
မင်းကွန်းတိပိဋကဓရဆရာတော်ကြီး၏ပတ္တမြားရတုဝိဇာတမင်္ဂလာပူဇော ၃၀၃
ပတ္တမြားရတုဝိဇာတမင်္ဂလာပူဇောမင်းကွန်း၌ကျင်းပခြင်း ၃၀၇

အခန်း-၁၁

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏
သက်တော်(၈၁)နှစ်မှ
ဘဝနတ်နန်းစံမြန်းတော်မူသည့် ဖြစ်တော်စဉ်
(၁၃၅၃-ခုမှ ၁၃၅၄-ခုအထိ) ၃၁၁
စိတ်ဓာတ်မြင့်မားအောင်ကြိုးစားကြ ၃၁၂
နေ့စဉ်ဘုရားနှင့်တွေ့နေသူများ ၃၁၃
အပူဇော်ခံထိုက်အောင်ကြိုးစားပါ ၃၁၄
ရဲရဲတောက်သာဖြေကြ ၃၁၄
မိဘစိတ်ထား ၃၁၄
သံသရာကကျွတ်လွတ်ကြရအောင်စာသင်ကြ ၃၁၅
စာပေမှာသာ အာရုံထားကြပါ ၃၁၇
ရည်ရွယ်ချက်ပြောင်မြောက်အောင်လုပ်ကြပါ ၃၁၈

http://www.dhammadownload.com

မာတိကာ

ပေစာရှင်းလင်းတော်မူခြင်း ၃၁၉
စုပေါင်းရှင်ပြုပွဲ ၃၂၈
နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်လွှဲအပ်ပွဲ ၃၂၈
ဒေါက္ကန္ဒစာဂိကွယ်လွန်ခြင်း ၃၄၃
ဆရာတော်ကြီး၏ကျန်းမာရေး ၃၄၄
မန္တလေးမြို့၊ ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံဖွင့်ဆေးကုသခံယူတော်မူခြင်း ၃၄၅
ခလေးများမုန့်ဝေခြင်း ၃၅၀
မြင်းခြံသို့ ကြွတော်မူရန် ၃၅၁
မြင်းခြံသို့နောက်ဆုံးကြွတော်မူခြင်း ၃၅၂
နောက်ဆုံးကထိန် ၃၅၃
နောက်ဆုံးဟောကြားသောသုတ္တန်တရား ၃၅၃
ရန်ကုန်မြို့သို့နောက်ဆုံးကြွတော်မူခြင်း ၃၅၄
မေတ္တာပို့ဆုတောင်းပွဲများ ၃၅၉
နောက်ဆုံးအကြိုမွေးနေ့ပူဇော်ပွဲ ၃၆၁
နောက်ဆုံးကုသိုလ်များ ၃၆၄
နောက်ဆုံးရေစက်ချ ၃၆၈
သက်တော်(၈၁)နှစ်ပြည့်တော်မူခြင်း ၃၆၈
မင်းကွန်းသို့ပြန်ကြွတော်မူခြင်း ၃၆၉
မန္တလေး–ရွှေဟင်္သာတိပိဋကကျောင်းတော်သို့ပင့်ဆောင်ခြင်း ၃၇၀
ခွဲဝေလှူဒါန်းတော်မူခြင်း ၃၇၅
သာသနာရေးဝန်ကြီးရောက်လာခြင်း ၃၇၈
တရားဟောမပျက်ရေစက်ချမပျက် ၃၇၈
ဆရာဝန်အဖွဲ့ ၃၇၈
တပည့်သံဃာများလည်းအဖွဲ့ဖွဲ့ကြ ၃၈၁
သက်တော်ရည်ဘုရားများပြုပြင်ခြင်း ၃၈၄
ဆရာတော်ကြီးအတွက်ဆိုလျှင်အားလုံးပြည့်စုံ ၃၈၄
ဆရာတော်အားဓမ္မပူဇော်ဖြင့်ပူဇော်ကြပြီ ၃၈၄

http://www.dhammadownload.com

မာတိကာ

ဆက်သွယ်ရေးစက်များလည်းရောက်ရှိ ၃၉၅
ဘုန်းကြီးအတွက်မလုပ်ကြပါနဲ့တော့ ၃၉၅
တိ=နိအဖွဲ့ဝင်များအလှည့်ကျတာဝန်ယူ ၃၉၇
အံ့သြဘွယ်နေ့တနေ့ ၃၉၈
ကုသမ္မဟူသမျှလိုက်လျောက်တော်မူခြင်း ၄၀၄
ဆရာဝန်ကြီးများ၏ကြိုးပမ်းမှု ၄၀၅
အတွင်းရေးမှူး(၁)လာရောက်ကန်တော့ ၄၀၉
သမားတော်ကြီးဦးစောစိုင်းမွန်သာစစ်ဆေးခြင်း ၄၀၉
မင်းကွန်းတိပိဋကဓရဆရာတော်ကြီးဘဝနတ်ထံပျံလွန်တော်မူခြင်း ၄၁၀

http://www.dhammadownload.com



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌကြီး
ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား
မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး မိန့်ကြားတော်မူသော

တရားဂါထာ ပါဠိ + အနက်

နာဟံ ဒါသော ဘဇ္ဇော တုယှံ၊
နာယံ ပေါသေမိ ဒါနိ တံ။
တံ ယေဝ ပေါသေန္တော စိရံ၊
သံသာရေ သံသရိံ အဟံ။

ဟေအတ္တဘာဝ=အတ္တဘောဟုဆို ဟဲ့ခန္ဓာကိုယ်။ အဟံ=ငါသည်။ တုယှံ=သင်၏။ နဒါသော =အခိုင်း အစေခံ ကျေးကျွန်လည်း မဟုတ်ပေ။ အဟံ= ငါသည်။ တုယှံ =သင်၏။ နဘဇ္ဇော= အခယူစား သူရင်းငှားလည်း မဟုတ်ပေ။

ဒါနိ= ပြုကျိုးမထင် ပြင်ကျိုးမရှိ ခံမချိသည့် သင်၏ (အနိစ္စ+ဒုက္ခ+အနတ္တ)သဘော ပေါလောပေါရာ ယခုအခါ၌။ အဟံ= ငါသည်။ တံ=သင်ခန္ဓာကိုယ်ကို။ နပေါသေမိ= မပြုစု မလုပ်ကျွေး မမွေးမြူတော့အံ့။

အဟံ = ငါသည်။ တံယေဝ = သင်ခန္ဓာကိုယ်နှပ် အကောင်ပုပ်ကို သာလျှင်။ ပေါသေန္တော= လုပ်ကျွေးမွေး-ယု, ပြုစုရသည်ဖြစ်၍။ သံသာရေ= အစမထင် သံသရာပြင်၌။ စိရံ=ကာလ အချိန်အခါ ကြာမြင့်လှစွာ။ သံသရိံ = ဒုက္ခများမြောက် ထက်အောက်မတည် ကျင်လည်ခဲ့ရလေပြီ။

[၁၃၅၄-ခု၊ သီတင်းကျွတ်လပြည့်ကျော် ၉ရက်၊ မိန့်တော်မူသည့်ဩဝါဒ]

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးက
တိပိဋက=နိကာယ သာသနာပြုဥပဌာကပင်မအဖွဲ့ဥက္ကဋ္ဌကြီး ဦးသာလှအား
မိမိကဲ့သို့ တရားနှလုံးသွင်းနေရန်ပေးအပ်သော
ကိသာဂေါတမီ ထေရီမျက်ရည်သိမ်းဂါထာ

နဂါမဓမ္မော နိဂမဿ ဓမ္မော၊ နစာပိယံ ဧကကုလဿ ဓမ္မော။
သဗ္ဗဿ လောကဿ သဒေဝကဿ၊ ဧသေဝ ဓမ္မော ယဒိဒံ အနိစ္စတာ။

ယဒိဒံ ယာ အယံ အနိစ္စတာ=အကြင် ရုပ်နာမ်ဓမ္မ သခ်ါရတို့၏ တခဏနှင့် ဖြစ်စဲ မမြဲခြင်းသဘောသည်။ အတ္ထိ=ရှိ၏။ အယံ=ဤ ရုပ်နာမ်ဓမ္မ သခ်ါရတို့၏ တခဏနှင့် ဖြစ်စဲ မမြဲခြင်းသဘောတရားသည်။ နဂါမဓမ္မော= တံတိုင်းမရှိ ဈေးမရှိ၍ သမုတိဝေါဟာ ရွာဟုပညတ် တစ်ခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တစ်ကန့်သား၍ ဖြစ်ပွားသော သဘောမျိုး မဟုတ်ပေ။ နနိဂမဿ ဓမ္မော=တံတိုင်းမစုံ ဈေးသာစုံ၍ နိဂုံပညတ် တစ်ခုသောအရပ်ဝယ် သတ်မှတ်ပိုင်းခြား တစ်ကန့်သား၍ ဖြစ်ပွားသော သဘောမျိုးလည်း မဟုတ်ပေ။ နစာပိ ဧကကုလဿ ဓမ္မော= နိဂုံမြို့ရွာ နေနေရာဝယ် မျက်နှာမဲ့လျှင်း တစ်အိမ်တွင်း၌ သင်းသီးသန့်ခြား တစ်ကန့်သား၍ ဖြစ်ပွားသော သဘောမျိုးလည်း မဟုတ်ပေ။ (အထ ခေါ=စင်စစ်သော်ကား)။ ဧသော= ဤရုပ်နာမ်ဓမ္မ သခ်ါရတို့၏ တခဏနှင့်ဖြစ်စဲ မမြဲခြင်းသဘောသည်။ သဒေဝကဿ= နတ်ပြည်ခြောက်ရွာ ဗြဟ္မာနှစ်ဆယ်ဘုံသား နတ်ဗြဟ္မာများနှင့်တကွသော။ သဗ္ဗဿ=ကြွင်းမဲ့ဥသုံ အလုံးစုံသော သတ္တလောကကြီး၏။ ဓမ္မော=မဆန်ငြင်းသာ မကင်းသာသည့် ဓမ္မတာမျိုး တရားလမ်းရိုးကြီးပါပေတည်း။

ရုပ်နာမ်နှစ်ဖြာ၊ ငါးခန္ဓာတို့၊ ဖြစ်လာတိုင်းပင်၊ ကွယ်ချုပ်ဝင်သည့်၊ ဤသခ်ါရ၊ သဘာဝကား၊ ဌာနနယ်ချုံး၊ တစ်နိဂုံးနှင့်၊ ခေါ်ထုံးဝေါဟာ၊တစ်မြို့ရွာဝယ်၊ မျက်နှာမဲ့လျှင်း၊ တစ်အိမ်တွင်း၌၊ သင်းသီးသန့်ခြား၊ တစ်ကန့်သား၍၊ ဖြစ်ပွားလေ့လာ၊ မဟုတ်ပါဘူး။ ဗြဟ္မာလူနတ်၊ ထုတ်ချင်းခတ်အောင်၊ ဥပါဒ်စလျှင်၊ ဌီသို့ဝင်၍၊ ဘင်္ဂကွဏ၊ မရဏဖြင့်၊ ရွရွလှုပ်လှုပ်၊ တချုပ်ချုပ်လျှင်၊ နာမ်ရုပ်နှစ်မျိုး၊ ဖြစ်တိုင်းညှိုးသည်---။

အရိုး အနိစ္စပါတကား၊ အရိုး ဒုက္ခပါတကား၊ အရိုး အနတ္တပါတကား။

http://www.dhammadownload.com



ဥက္ကဋ္ဌကြီး၏ အမှာစာ

တိပိဋက=နိကာယသာသနာပြုဥပဋ္ဌာက ပင်မအဖွဲ့ဥက္ကဋ္ဌကြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှ၏ အမှာစာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီးသည် ၁၃၅၄-ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃)ရက် (၁၉၉၃-ခု၊ ဖေဖော်ဝါရီလ၊ ၉ရက်) အင်္ဂါနေ့ ညနေ(၄)နာရီ (၄၄)မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြီဖြစ်ပါသည်။ ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူသော (၉-၂-၉၃)နေ့ ညနေမှစ၍ (၂၉-၃-၉၂)နေ့အထိ ရန်ကုန်မြို့ ကိပိဋကကျောင်းတိုက်အတွင်းရှိ အဘိဓဇကျောင်းတော်အောက်ထပ်တွင် ဆရာတော်ဘုရား ကြီး၏ ထေရုပွတ္တိနှင့် သာသနာပြုမော်ကွန်းဓါတ်ပုပြခန်းကို ဖွင့်လှစ်ပြသခဲ့ပါသည်။ ဆရာတော် ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူခဲ့သည့် နေ့မှစ၍ (၄၉)ရက် ပြည့်မြောက်သော (၂၉-၃-၉၃) ကနင်္လာနေ့တွင် ထေရုပွတ္တိနှင့်သာသနာပြုမော်ကွန်းပြခန်းပိတ်ပွဲနှင့် ရေစက်ချ အလှူတော် အခမ်းအနားကိုကျင်းပရာ ပဲခူးမြို့မဥက္ကဋ္ဌဆရာတော်ဘုရားကြီး ကြွလာတော် မူပြီးလျှင်၊ ဥက္ကဋ္ဌဆရာတော်ဘုရားကြီးက "မင်းကွန်း တိပိဋကဓရဆရာတော်ဘုရားကြီး၏ သီလဂုဏ်,သမာဓိဂုဏ်, ပညာဂုဏ်ကို အာရုံပြုပြီး ကြည်ညိုလို့မဆုံးကြောင်း၊ လူစားထိုးလို့ မရသော ပုဂ္ဂိုလ်ဖြစ်၍ ချီးကျူးစရာ များစွာရှိကြောင်း" မိန့်ကြားတော်မူခဲ့ပါသည်။

ဥက္ကဋ္ဌဆရာတော်ဘုရားကြီး မိန့်တော်မူသည့်အတိုင်း အစားထိုးမရသော ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဘဝမှတ်တမ်း ထေရုပွတ္တိနှင့် သာသနာပြုလုပ်ငန်းတို့ကို သိရှိကြည်ညိုလိုကြသော သူတော်စင်ဓမ္မမိတ်ဆွေ အပေါင်းတို့က မှတ်တမ်းစာစောင်တစ်အုပ် ပြုစုပါဟူ၍ မေတ္တာရပ်ခံမှုကြောင့် တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာကအဖွဲ့မှ ပြုစုမှတ် တမ်းတင်လျက်ရှိပါသည်။ ထို့ပြင်ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူချိန်မှစ၍ ဓါတ်ပြာတော်ရေချပွဲ (သရီရဓါတူဒကပူဇာ) အခမ်းအနား

http://www.dhammadownload.com

အမှာစာ

တိုင်အောင် အန္တိမပူဇော်ပွဲ အရပ်ရပ်ကိုလည်း ရဟန်းရှင်လူ ပြည်သူပရိသတ်အပေါင်းနှင့် တိ=နိ ရာသက်ပန်အဖွဲ့ဝင် အပေါင်းတို့လည်း သိသင့်သိထိုက်လှပေသည်။ သို့ပါ၍ ဆရာတော်ဘုရားကြီး၏ ထေရပွတ္တိကထာကို ပြည့်ပြည့်စုံစုံ ကျယ်ကျယ်ပြန့်ပြန့် မထုတ်ဝေနိုင်သေးမီတွင် ပဏာမအနေဖြင့် အကျဉ်းမျှစီစဉ်ကာ ဤစာအုပ်ကို ထုတ်ဝေခဲ့ရခြင်း ဖြစ်ပါသည်။

ဤစာအုပ်တွင် အပိုင်းနှစ်ပိုင်းပါရှိပြီး၊ ပထမပိုင်းတွင် ဆရာတော်ဘုရားကြီး၏ ထေရပွတ္တိကို (၁၀)နှစ်လျှင် (၁)ပိုင်း ကန့်သားပြီး သက်တော်(၈၁)နှစ်ဟူသော အချိန်ကာလကို အပိုင်း (၉)ပိုင်း ပုံခြားပြီး ရေးသားပြုစုထားရှိပါသည်။

ဒုကိယပိုင်းအနေဖြင့် ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူပြီး အချိန်မှစ၍ ကျင်းပပြုလုပ်ခဲ့သော စာပနကောလာဟလများ၏ အစည်းအဝေးများ၊ မဟာဗုဒ္ဓဝင်စံကျောင်းတော်၌ ပူဇော်ခံထားရှိပုံ၊ မဟာဗုဒ္ဓဝင်စံကျောင်းတော်မှ မဟာဗန္ဓုလဓမ္မာရုံ စံကျောင်းတော်သို့ ရွှေ့ပြောင်းကာ နိဗ္ဗာန်ကျောင်းတင်သဘင် ဆင်ယင်ကျင်းပပုံ၊ ထိုမဟာဗန္ဓုလဓမ္မာရုံ စံကျောင်းတော်မှ ထန်းနှစ်ပင်ကွင်း ဗဟိုစံကျောင်းတော်မဏ္ဍပ်သို့ ရွှေ့ပြောင်းပင့်ဆောင်ပွဲ ကျင်းပပုံ၊ ထန်းနှစ်ပင် စာပနကွင်း၌ မန္တလေးတိုင်းမဏ္ဍပ်၊ စစ်ကိုင်းဗိုင်းမဏ္ဍပ်၊ တိ=နိဥပဋ္ဌာက အဖွဲ့မဏ္ဍပ်နှင့် မြင်းခြံခရိုင် မဏ္ဍပ်တို့တွင် တရက်စီ အပူဇော်ခံထားရှိကြပုံ၊ အန္တိမအဂ္ဂိစာပနပူဇော်ပွဲကြီး ကျင်းပပုံ၊ ဓါတ်ပြာတော် ကောက်ယူကာ ကမ်းနားစံကျောင်းတော်၌ အပူဇော်ခံထားရှိပုံ၊ သရီရဓါတုဒက ပူဇော ဓါတ်ပြာတော်ရေသဘင် ဆင်ယင်ပူဇော်ပုံများနှင့် ဘဝနတ်ထံပျံလွန်မှုသည်မှ (၄၉)နှစ်ပြည့် မြောက်သောကာလတွင် ရေစက်ချအခမ်းအနားကျင်းပပုံအထိ ပူဇော်ပွဲအရပ်ရပ်တို့ကို သတင်းစာ မှတ်တမ်းများစွာတို့မှ ထုတ်နုတ်ကိုးကားပြီး တင်ပြထားရှိပါသည်။

ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကမရ ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ် အကျဉ်းနှင့် အန္တိမစာပနပူဇော်ပွဲ မှတ်တမ်းများတို့ကို ဖတ်ရှုကြရသော ရဟန်းရှင်လူအပေါင်းတို့သည် "မင်းကွန်းတိပိဋကမရ ဆရာတော်ဘုရားကြီး သက်တော်ထင်ရှားရှိတော်မူစဉ်အခါက ဆောင်ရွက်တော်မူခဲ့သောသတ္တိအထူး ဂုဏ်ကျေးဇူးများကို အာရုံပြုကာ ကုသိုလ်တရား ဆက်လက်ပွားများ အားထုတ်နိုင်ကြပါစေကြောင်း" ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါသည်။

(ဦးသာလှ)
ဥက္ကဋ္ဌကြီး
တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာကပင်မအဖွဲ့။

http://www.dhammadownload.com

ဓမ္မနာဒအဓိဋ္ဌာန် ဓမ္မဟေး

* ဘုရားမြတ်စွာကို အရိုအသေအလေးအမြတ်
လက်စုံမိုး-ရိုခိုးပါသည်။ (ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ)
တရားတော်ဂုဏ်ကို ရိုသေလေးစား
ဦးချပါသည်။ (ဓမ္မံ သရဏံ ဂစ္ဆာမိ)
သံဃာတော်မြတ်အရှင်တို့အား-
ရိုသေစွာကန်တော့ကြပါသည်။ (သံဃံ သရဏံ ဂစ္ဆာမိ)

* မြန်မာနိုင်ငံတော်သည် သာသနာထွန်းတဲ့ပြည်၊
ဗုဒ္ဓသာသနာရောင်ဝါသည် ကျွန်းစကြာမဟီ၊
နေလရာထောင်သို့ ညီ ဤကမ္ဘာကိုအလင်းဖြန့်ဆေစီ။

* ဆရာတော်သခင်သည် သာသနာ "အကျိုးဆက်" ရည်
အဘိဓေအကျော်အမော် ဆရာတော်သခင် ကျေးဇူးရှင်သည်
မြတ်ဘုရားဒေသနာများ ဤမြေကမ္ဘာတလွှား ပျံ့စေရည်၊

သံဖြိုင် ** ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊ သာသနာတော်အခွန့်ရှည်။
ဗုဒ္ဓဘာသာ သာသနာအကျိုး သည်ပိုးဆောင်ရွက်ကြမည်လို့-
ဆရာတော်ဘုရား ဤတပည့်များ ကတိစကား အဓိဋ္ဌာန်တည်။]]

* ကျေးဇူးရှင် တိပိဋကဓိသဒ္ဓမ္မကအမော်
မင်းကွန်းဆရာတော်ဘုရားသည် ဘဝနှတ်ထံပျံလွန်ခဲ့ပြီ XII
ကျေးဇူးရှင်အဆုံးအမကို ရင်မှာထားကာ
တပည့်တကာများသည် အသိမဟာပွားစည် XII
ဗုဒ္ဓသာသနာထွန်းကား အရှည်တည်ရန်ရည်
မုချဘာဝနာပွားများ ကြိစည်နေပါမည်
အဓိဋ္ဌာန်ယင်း စိတ်မာန်တင်း ဆရာတော်ဘုရားကို
နောက်ဆုံးဦးချ မဝတော့ပြီ။

သံဖြိုင် ** ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု၊ သာသနာတော်အခွန့်ရှည်
ဗုဒ္ဓဘာသာ သာသနာအကျိုး-သည်ပိုးဆောင်ရွက်ကြမည်လို့-
ဆရာတော်ဘုရား ဤတပည့်များက ဓမ္မနာဒအဓိဋ္ဌာန်တည်]]

စန္ဒယားလှတ္တတ်

http://www.dhammadownload.com

ကျေးဇူးဘင်မှတ်တမ်းလွှာ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန ပူဇော်ပွဲများ မှတ်တမ်း(ပထမပိုင်း)နှင့်(ဒုတိယပိုင်း)စာအုပ်ဖြစ်မြောက်ရေးအတွက် ကူညီကြသော ဆရာတော်သံဃာတော် အရှင်သူမြတ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များ နှင့် ပုဂ္ဂိုလ်အသီးသီးတို့အား ကျေးဇူးတင်ရှိပါကြောင်း ဖေါ်ပြအပ်ပါသည်။

- ✻ တိပိဋက=နိကာယ သာသနာပြုဥပဒ္ဌာကအဖွဲ့ စီမံအုပ်ချုပ်မှု နာယကဆရာတော်ကြီးများ။
- ✻ ဆရာတော်ဦးသုစိတ္တ အမှူးရှိသော ဓမ္မနာဒကျောင်းတိုက်မှ အရှင်မြတ်များ။
- ✻ မင်းကွန်း မိုးမိတ်ကုန်းမြေတိပိဋက=နိကာယ ကျောင်းတိုက်မှ အရှင်မြတ်များ။
- ✻ တောင်ရင်းဆရာတော်ဦးကောဏ္ဍည (ငွေးချို တိ=နိတိုက်ခွဲ)။
- ✻ တပ်မ(၃၃)မှ တပ်မမှူး၊ ဒုတိယတပ်မမှူး၊ ဗျူဟာမှူးများနှင့် အရာရှိများ။
- ✻ သမားတော်ကြီးဦးထွန်းသင် အမှူးရှိသောသမားကောင်းကြီးများ။
- ✻ တိ=နိ ရန်ကုန်ဌာနခွဲ ဥက္ကဋ္ဌဦးလှမောင်နှင့်အဖွဲ့ဝင်များ။
- ✻ တိ=နိ မန္တလေးဌာနခွဲ ဥက္ကဋ္ဌကျောင်းအမကြီး ဒေါ်ရွှေညွန့်နှင့်အဖွဲ့ဝင်များ။
- ✻ တိ=နိ စစ်ကိုင်းဌာနခွဲ ဥက္ကဋ္ဌဦးညီနှင့်အဖွဲ့ဝင်များ။
- ✻ ပြည်ပသာသနာပြုအဖွဲ့ခွဲ ဥက္ကဋ္ဌဦးစောမြင့်နှင့် အဖွဲ့ဝင်များ။
- ✻ စာအုပ်စာပေ အနုပညာနှင့် မော်ကွန်းအဖွဲ့ခွဲ ဥက္ကဋ္ဌဦးအေးဖေနှင့်အဖွဲ့ဝင်များ။
- ✻ သုဘဒ္ဒါအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ညွန့်နှင့်အဖွဲ့ဝင်များ။
- ✻ ဗိုလ်ကလေး ဦးတင့်အောင်၊ ဂိတလုင်ဦးကိုကို၊ ဦးမင်းနောင်၊ ဦးမောင်မောင်ကြီး၊ စန္ဒယာဦးလှထွတ်နှင့်အဖွဲ့ဝင် အနုပညာရှင်များအားလုံး။
- ✻ ဆရာကြီးဦးတင်အေး၊ ဆရာဦးအေးမြင့် (မြန်မာမှုဒီဇိုင်း)၊ ဆရာဦးကျော်နှင့် အနုပညာရှင်များ။
- ✻ ဓါတ်ပုံဦးသန်း (ကုန်သွယ်ရေး)၊ ညောင်ဦးဘိုးချို၊ ညောင်ဦးသန်းဌေး၊ မောင်မောင်သန်း (မိုးမိတ်)၊ကိုဇော်ဇော်+ကိုနီအောင်နိုင် (ဘိုဓါတ်ပုံအုပ်စု-မန္တလေး)၊ ကိုပြည့်ဝ(ပန်းဝေသီ)၊ ကိုကျော်မြင့်+ကိုအောင်မြင့်(နယူးဗဟို)နှင့် ဓါတ်ပုံပညာရှင်များ။
- ✻ ဦးယောသိတ(ရေနံ့သာ)၊ ဦးနီမလ(စိန်နားကပ်)၊ ဦးဝေပုလ္လ (ဖက်တော) တို့အား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

တိ-နိ ပုံနှိပ်ထုတ်ဝေရေးအဖွဲ့စိတ်။

တိ+နိသာသနာပြုဥပဒ္ဌာကအဖွဲ့။

http://www.dhammadownload.com

ရုပ်နှင့်နာမ်မြင်သမျှ၊ သင်္ခတဟူသည်
ဘင်ခဏသူမှီလျှင်၊ မြူနည်ပင်မင့်။
ရေမြှုပ်နှင့် ရေပွက်ပမာလို၊
ကျေပျက်ကာပြုန်းလို့စင်ပဲ့။
သို့သဘောသူ့အနေမှာ၊ ဥပဒေဇာချဲ့။
လူ့မြေမှာ အာဏာချဲ့မဟဲ့လို့၊ တစ်ရွာတဲ့ပျက်စေ။
တစ်မြို့သာ တစ်သိရ်နဲ့သော်ကြောင့်၊
တစ်အိမ်ထဲပြုန်းရမလေ။
ဤကဲ့သို့ မမှတ်ချေတယ်၊
နတ်တွေပါဗြဟ္မာကျအောင်ပ၊
သဘာဝအနိစ္စတာ၊ စိတ်ချမကွာ။
ဘိဇ္ဇန မေ္မတာကို၊ မဆန်သာပြီဘူးပလေး။ ။

http://www.dhammadownload.com



http://www.dhammadownload.com

နေမရှိသောနေ့ လမရှိသောည အစားထိုးမရစတောင်းသော ဆုံးရှုံးမှုကြီး

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီးသည် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတောင်ရိုး၊ မေမှနာဒကျောင်းတိုက်ကြီးအတွင်း၌ ၁၃၅၄-ခု၊ တပို့တွဲလပြည့်ကျော် (၃)ရက်၊ (၉-၂-၉၃) အင်္ဂါနေ့၊ ညနေ(၄)နာရီ၊ (၄၄)မိနစ်အချိန်တွင် ဘဝနတ်နန်း စံမြန်းတော်မူပါသည်။

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး၏ ဥတုဇဓာတ် ရုပ်ကလာပ်တော်ကို မေမှသံဝေဂ မရဏာနုဿတိကမ္မဋ္ဌာန်း ပွားများတော်မူရန် ကြွလာတော်မူသော စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ် သက်တော်ရာပြည့် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးသည်-

"ယခုလို ဗုဒ္ဓမြတ်စွာသာသနာတော်အတွက် နေလိုလလို ထင်ရှားကျေးဇူးများသော မြန်မာသာမက ကမ္ဘာတိုင်အောင် ကျော်ကြားသော ပုဂ္ဂိုလ်ထူး တစ်ပါး ကွယ်ပျောက်သွားတဲ့အတွက် ဗုဒ္ဓဘာသာဝင် မြန်မာပြည်သူ ပြည်သားများမှာ နေမရှိသောနေ့ လမရှိသောညအခါလို ဖြစ်ကြရကြောင်း၊ စည်ပင်ဖွံ့ထွားကြီးပွားဝေစည်နေသော အရပ်ရှစ်မျက်နှာမှ လာသမျှ လူအပေါင်းကို အေးချမ်းစွာ ခိုနားဖို့ရန် အရိပ်အာဝါသပေးနေသော သာသနာ့သစ်ပင်ကြီးမှ ပင်မကိုင်းကြီးတစ်ကိုင်း ပြုတ်ကြသွားသလို ဖြစ်ရပါကြောင်း၊ သီတင်းသုံးဖော် ပုဂ္ဂိုလ်ထူး တစ်ပါး ဆုံးရှုံးသွားတဲ့အတွက် ဝမ်းလည်းနည်းပါကြောင်း" ဟူသော သြဝါဒစကားကို မိန့်ကြားတော်မူပါသည်။

ထို့အတူပင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ပဲခူးမြို့မ ဆရာတော်ဘုရားကြီးကလည်း-

http://www.dhammadownload.com

"မင်းကွန်း တိပိဋကဓရ ဆရာတော်နဲ့ ဘုန်းကြီးတို့ဟာ ငယ်စဉ်ကပဲ မန္တလေး မစိုးရိမ်တိုက်မှာအတူတူ သြဝါဒခံခဲ့ကြတယ်။ တိပိဋကဓရ ဖြစ်ပြီးတဲ့အခါကြတော့လဲ မင်းကွန်းကို ကြွပြီးတော့ (၇)ရက်လောက် ချီးမြှင့်ပါဦးဆိုတာနဲ့ ဘုန်းကြီး မင်းကွန်းကို (၇)ရက် ကြွရောက်ပြီးတော့ ချီးမြှင့်ခဲ့ရပါတယ်။ သူ့ရဲ့ သီလဂုဏ်, သမာဓိဂုဏ်, ပညာဂုဏ်ကို အာရုံပြုပြီးတော့ ဘုန်းကြီးကလည်း ကြည်ညိုလို့ မဆုံးဘူး။ လူစားထိုးမရတဲ့အဖြစ်မျိုးရောက်တဲ့သူ့အပေါ်မှာ ချီးကျူးစရာတွေ အများအပြားပဲ ရှိပါတယ်။

ဟူသော သြဝါဒစကားကို အမိန့်ရှိတော်မူပါသည်။ ဤသို့လျှင် သာသနာ့ဥသျှောင် မဟာထေရ်မြတ်ကြီး နှစ်ပါးတို့သည် တရားရှင်ကြီးများပိပီ သတိသံဝေကို ထိန်းသိမ်းတော်မူကြကာ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ဂုဏ်ကို ဟုတ်တိုင်းအမှန် သိမြင်တော်မူကြသည့်အတိုင်းပင် ချီးကျူးစကားဖွင့်ဟမိန့်ကြားတော်မူကြခြင်း ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ သာသနာရေးဝန်ကြီးဌာနဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွှန့်ထံမှ ဆက်ကပ်သော ဝမ်းနည်းကြောင်း သဝဏ်လွှာတွင်မူကား "ဆရာတော်ဘုရားကြီး ဘဝနတ်ထံပျံလွန်တော်မူခြင်းသည် ဗုဒ္ဓသာသနာတော်ကြီးအတွက်လည်းကောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်သူ နိုင်ငံသားများနှင့် ကမ္ဘာသူကမ္ဘာသားများအတွက်လည်းကောင်း၊ **အစားထိုး၍မရစကောင်းသော ဆုံးရှုံးမှုကြီး** တစ်ရပ် ဖြစ်သည်ဟု မှတ်ယူလျက် ကြယ်တာရာများ မြေခ၍ နေလနှစ်ပါး ကွယ်ပသွားဘိသကဲ့သို့ မှီခိုကိုးကွယ်ရာမဲ့ ဖြစ်ကြရ၍ ဝမ်းနည်းကြေကွဲ နှမြောတသ ဖြေမဆည်နိုင် ဖြစ်ရပါကြောင်း" ရေးသားထားပေသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူခြင်းသည် သာသနာရေး အတွက်သာမက နိုင်ငံတော်ကြီးတစ်ခုလုံးအတွက် "အစားထိုး၍မရစကောင်းသော ဆုံးရှုံးမှုကြီး" ဖြစ်ခဲ့သည်မှာကား ဧကန်အမှန်ပင်။ အဘယ်ကဲ့သို့ အစားထိုးမည်နည်း၊ နောက်နှောင်းကာလဝယ် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးကဲသို့သော ပုဂ္ဂိုလ်ထူးကြီးသည် အဘယ်အခါမှာ ပေါ်ထွန်းပါဦးမည်နည်း။ ဤကဲ့သို့ နောက်ထပ်တစ်ဖန် ဤသို့သောပုဂ္ဂိုလ်မျိုးကား ပေါ်ထွန်းဖို့ရန် ခဲယဉ်းလှချေ၏။

မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော်များကောင်စီမှ ဆက်ကပ်ပေးပို့သော ဝမ်းနည်းကြောင်း သဝဏ်လွှာတွင် "မြန်မာနိုင်ငံ ဗုဒ္ဓသာသနာ့သမိုင်းတွင် တစ်ကြိမ်သာ ပေါ်ထွန်းခဲ့သည့် ပိဋကတ်သုံးပုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်" ဟု ဝိသေသတံခွန်ထူ၍ ထည့်သွင်းဖော်ပြထားပေ၏။ ထိုနည်းတူပင် အန္တိမအဂ္ဂိဈာပန ကျင်းပရေး စီမံခန့်ခွဲရေး ကော်မတီ၏ သတင်းထုတ်ပြန်ချက် တစ်ရပ်တွင်ကား "တစ်ဘဝတစ်ခါကြုံ၊ တစ်သက်မှာတစ်ခါကြုံ အံ့မခန်းမျှ ကြီးကျယ်မြင့်မြတ်သော ပုဂ္ဂိုလ်ထူးအရှင်မြတ်ကြီး" ဟူ၍ပင် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးအား ချီးကျူးထောမနာပြုကာ ရေးဖွဲ့ခဲ့ပေသည်။ ထို့ပြင် မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ကမ္ဘာကျော် ဝိပဿနာဆရာကြီး ဦးဂိုအင်ကာကလည်း မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကို "ကမ္ဘာပေါ်တွင် နှစ်ဦးမရှိသော ပုဂ္ဂိုလ်ထူးကြီး" ဟု ချီးကျူးစကား ရေးသားခဲ့ပါ၏။

မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး၏ သာဓုကိဋ္ဌန ဈာပနသဘင်သို့ ကြွရောက်ဟောကြားကြကုန်သော ဓမ္မကထိကဆရာတော်များကလည်း ဆရာတော်ဘုရား၏ ဂုဏ်အရပ်ရပ်ကို အမျိုးမျိုးအဖုံဖုံ အလုံးစုံဖွေလှစ်ကာ ဟောကြားတော်မူကြပါ

http://www.dhammadownload.com

ကုန်၏။ ထိုသို့ ဟောကြားတော်မူကြရာဝယ် တိပိဋကဓရ အဂ္ဂမဟာပဏ္ဍိတ ဝိသုဒ္ဓါရုံဆရာတော် အရှင်သီရိန္ဒာဘိဝံသ မထေရ်မြတ်က "တစ်နေ့လုံး တစ်လလုံး တစ်နှစ်လုံး ထိုင်ပြောနေလို့လဲ ဆရာတော် ဘုရားကြီးရဲ့ ဂုဏ်ပုဒ်တွေက ကုန်နိုင်မှာမဟုတ်ဘူး၊ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်ပုဒ်တွေက အများကြီး၊ အဲဒီမကုန်နိုင်တဲ့အထဲကနေပြီး တစ်စိတ်တစ်ဒေသ ယူပြီး ပူဇော်ရမှာပါ" ဟုလည်းကောင်း၊ "သမိုင်း တစ်ခေတ်မှာ တစ်ပါးသာပေါ်လာသော၊ တာဝန်နှင့် ပေါ်လာသော အင်မတန်ထူးခြားသော ပုဂ္ဂိုလ်ကြီး" ဟုလည်းကောင်း မိန့်ဆိုတော်မူပါသည်။

တစ်ဖန် ဓမ္မကထိက ဖြစ်တော်မူသော စစ်ကိုင်း မြစကြာဆရာတော် အရှင်လက္ခဏာကလည်း "အဲ့သြစရာကောင်းလှတဲ့ အစ္ဆရိယမနုဿ အဲ့သြဖွယ်ကောင်းတဲ့ လူသားကြီးတွေတဲ့၊ လူထဲက ပေါ်တာပဲ မဟုတ်လား၊ အဲ့သြဖွယ်ကောင်းကြတဲ့ လူသားကြီးတို့သည် လူထဲကပေါ်ကာပဲ။ ဘုရားရှင်တို့၊ စကြာမင်းတို့၊ တိပိဋကဓရ ဖြစ်တော်မူကြတဲ့ ဆရာတော်ဘုရားတို့ လူကပေါက်ဖွားထဲ့ လူသားတွေပဲ။ သို့သော် လူ့ထက်သာတဲ့လူသား၊ အဲ့သြဖွယ်ကောင်းတဲ့ လူသား၊ ဒါကို ကိုယ်နဲ့သွားယှဉ်လို့ မဖြစ်ဘူး၊ အဲဒီလို အဲ့သြဖွယ်ကောင်းတဲ့လူသား၊ လူထက်သာတဲ့ လူသားကြီးတို့ရဲ့ဂုဏ်ကို ဂုဏ်မြောက်အောင် ပြောဖို့ ဆိုတာ (ပရိသတ်ရေ) ဘုန်းကြီးတို့တော့ မစွမ်းပါဘူး။ ဘွဲ့တော်ပေါင်း (၁၈)ဘွဲ့၊ ဂုဏ်တော်(၁၈)ခု ရှိတော်မူတဲ့ ဆရာတော်ဘုရားကြီးရဲ့ ဂုဏ်တော်တွေကို ချီးမွမ်းဖို့ရာ ဘုန်းကြီးတို့မစွမ်းပါဘူး" ဟု မိန့်ဆိုတော်မူပါသည်။

စစ်ကိုင်း သဒ္ဓမ္မသီတဂူဆရာတော် အရှင်ဉာဏိဿရကမူ–

"ဘုန်းကြီးတို့ မင်းကွန်းဓမ္မနာဒ ဆရာတော် ဘုရားကြီးဆုံးရှုံးသွားတာဟာ လောကမျက်လုံး ကွယ်သွားတာနဲ့ သိပ်တူတယ်၊ သာသနာတော်ကို တန်ဖိုးထားပြီးတော့ သာသနာ့မျက်လုံးလို ယခုလိုဆရာတော် ဘုရားကိုသဘောကျကြတဲ့ ဒကာ ဒကာမတွေအနေနဲ့ လောကေ=လောကသုံးခွင် ဘုံသုံးပြင်မှာ။ စက္ခု=လောကမျက်လုံးတစ်ဆူ၊ ငါတို့ရဲ့ဆရာတစ်ဆူ၊ သာသနာ့ဆရာတစ်ဆူ ဖြစ်တော်မူတဲ့ ဆရာတော် ဘုရားကြီးသည်။ အတိခိပ္ပံ=အလွန်.အလွန် လျင်မြန်စွာ။ အန္တ ရဟိတော=ကွယ်ပျောက်ခဲ့လေပြီတကား" ဟူ၍ ဟောကြားတော်မူပါသည်။

ဓမ္မကထိက ဆရာတော်တစ်ပါး ဖြစ်တော်မူသော မင်းကွန်းဓမ္မသာရဆရာတော် အရှင်ဓမ္မသာရကမူ ဤသို့.မိန့်.တော်မူပါသည်။

"ရွှေတောင်ကြီးသဖွယ် အားကိုးရတဲ့ ဆရာတော်ဘုရား၊ အလွန်ပူလောင်လှတဲ့ ကန္တာရလွင်ပြင်မှာ အလွန်တရာအေးချမ်းတဲ့ ရေချမ်းစင်နှင့် ညောင်ဥပုဇ်ရိပ်ကြီးသဖွယ် အလွန်တရာမှီခိုရတဲ့ ဆရာတော်ဘုရား၊ ယနေ့ရွှေတောင်ကြီးပြိုသလိုပဲ၊ ညောင်ပင်ရိပ်ကြီးသည် ကန္တာရလွင်ပြင်မှာ ပြိုလဲကြသွားသလိုပဲ ဘုန်းကြီးများအတွက်ကတော့ အလွန်တရာအားငယ်ရမဲ့ ဘဝပါပဲ"

ဓမ္မကထိက ဆရာတော်ဘုရား များသည် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော် ဘုရားကြီးအား နှိုင်းဖွဲ့ကြရာဝယ် ဝါးခင်းကုန်းဆရာတော် ဦးတိက္ခက "အရှင်အာနန္ဒာနဲ့ တိပိဋကဓရ ဆရာတော်ဘုရားကြီးနဲ့ ထပ်တူညီတူ နှိုင်းမယ်ဆိုရင် နှိုင်းသင့်တဲ့ဆရာတော်ကြီး" ဟူ၍ ဇေတဒင်ငါးတန်ရာ အရှင်အာနန္ဒာမထေရ်မြတ်နှင့်နှိုင်းယှဉ်၍လည်းကောင်း၊ တိပိဋက=နိကာယ ကျောင်းတိုက်မှ အရှင်ကုဏ္ဍာလ (ဓမ္မာစရိယ+ဝိနယဓရ)က ဓမ္မစကြာ တရားဦးဖြင့် ဤသာသနာတော်ဝယ် ရှေးဦးစွာတရားထူးရတော်မူသော အညာသိကောဏ္ဍညမထေရ် နှင့်လည်းကောင်း နှိုင်းဖွဲ့ကြပါသေးသည်။

http://www.dhammadownload.com

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ခန္ဓာဝန်ချတော်မူသည့်အချိန်မှစ၍ ပျံလွန်တော်မူခဲ့သော မင်းကွန်းဓမ္မနာဒကျောင်းတိုက်အတွင်းရှိ ဗုဒ္ဓဝင်စံကျောင်းတော်နှင့် ရန်ကုန်မြို့၊ အမှတ်-၁၂၊ စကားဝါလမ်းရှိ တိပိဋကကျောင်းတော်တို့တွင် ဝမ်းနည်းကြောင်း မှတ်တမ်းသဝဏ်လွှာစာအုပ်များထားရှိရာ ဝမ်းနည်းကြောင်း ဖွင့်ဟရေးသားကြသော ရဟန်းရှင်လူ ပရိသတ်တို့မှာ အများအပြား ပေါ်ပေါက်လာခဲ့ပါသည်။ တဖန် သာဓုကီဌနစျာပနရက်အတွင်း မဟာဗန္ဓုလဓမ္မာရုံ၌ လည်းကောင်း၊ ထန်းနှစ်ပင်ကွင်းရှိ ထေရုပ္ပတ္တိနှင့် မော်ကွန်းပြခန်း၌လည်းကောင်း၊ ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်များ ထားရှိပြန်ရာ မြန်မာနိုင်ငံတစ်ဝန်းလုံး အနယ်နယ်အရပ်ရပ်မှ လာရောက်ပြီး ဝမ်းနည်းကြောင်းမှတ်တမ်းရေးကြသည်မှာ မျက်ရည်မိုးကြီးစွေ၍ ဝမ်းနည်းမှု လှိုင်းတံပိုး မုန်တိုင်းကြီးကျသည့်ပမာအလား ပြင်းထန်လှပါသည်။ ဝမ်းနည်းကြောင်းသဝဏ်လွှာတို့တွင် "ဝမ်းနည်းပူဆွေး နှမြောသတ" ဖြစ်ကြကြောင်းကို ဥပမာအမျိုးမျိုး တင်စားဖွဲ့ဆိုခိုင်းနှိုင်းကြကာ ခံစားကြရသမျှ လှစ်ဟ၍ ရေးသားကြသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၌ ရှိတော်မူသော ကြက်သီးမွေးညင်းထမတတ် ဗြဟ္ဟာ့ပြည်တိုင်အောင် ပျံ့လှိုင်ကျော်ကြားသော ဂုဏ်တော်တို့ကိုလည်း ထုတ်ဖော်ချီးကျူးကြသည်။ "ဆရာတော်ဘုရား ရည်မှန်းထားသော ပန်းတိုင်ကို ကျေးဇူးဆပ်သည့်အနေဖြင့် အရောက်လှမ်းမည်" ဟုလည်း အဓိဌာန်ပြုရေးသားကြသည်။ "ဆရာတော်ဘုရား အဆုံးအမ ဩဝါဒတရားတော်များကို အမြဲရှိသေလေးစား လိုက်နာနေပါမည်"ဟုလည်း ကတိသစ္စာပြုရေးသားကြသည်။ ဟပည့်ဆရာမတစ်ဦးကဆိုလျှင်"ဆရာတော်ဘုရားကြီး နတ်ပြည်ဘုံဘဝ ကနေပြီး စောင့်ရှောက်ပါဘုရား၊ လူ့ပြည်ပြန်ကြွ လာတဲ့အခါလည်း တပည့်တော်မတို့အိမ်ကို ကြွပါဘုရား"ဟုပင် တတမ်းတတဖြင့် လွမ်းမှတ်တမ်း တင်ရှာပါသည်။*၁

ဤသို့လျှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူသည်ကို ကြားသိရသော ရှင်ရှင်လူလူ ဦဦသောင်းသောင်း အပေါင်းလူတို့သည် တိုင်းပြည်အတွက်၊ သာသနာအတွက်၊ ကမ္ဘာအတွက် အလွန်အားထားရသော အလွန်အဖိုးထိုက်တန်လှသော ပုဂ္ဂိုလ်ထူးကြီး ဖြစ်တော်မူသည့်အတွက် ဤမျှဤနှယ် တန်ဖိုးထားကြကာ နှမြောတသ ဝမ်းနည်းကြ ပူဆွေးကြ ကျေကွဲကြ ဖြစ်ကြရလေသည်။ သို့ဖြစ်ရခြင်း၏အကြောင်းကို စစ်ကြော ရှာဖွေပါမူ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သဘောထားခံယူချက်၊ ဆုတောင်းပတ္ထနာနှင့် တစ်ဘဝတာလုံး လုပ်ဆောင်တော်မူချက်တို့ကို သိရှိပါမူ အထူးပင် စစ်ကြောဖွယ်မရှိကြောင်း သိကြပေလိမ့်မည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် မိမိ၏ခံယူချက်နှင့် သဘောထားကို တိပိဋကဓရ ဖြစ်တော်မူသောကာလမှ အနှစ်(၂၅)နှစ်ပြည့်သော ငွေရတုကာလ၌ ကျင်းပအပ်သော တိပိဋကဓရ ငွေရတုပူဇော်ပွဲတွင် အောက်ပါအတိုင်း မိန့်သွားပါသည်။

"ဘုန်းကြီးရဲ့ ခံယူချက်သည် အရင်းကြီးကြီးနဲ့ အမြတ်အစွန်းနည်းနည်းလိုချင်တာ ဘုန်းကြီးရဲ့ ခံယူချက်ပါပဲ လို့ အဲဒီလိုပြောတယ်။ ဒီဆောင်ပုဒ်ရဲ့အဓိပ္ပာယ်က အရင်းကြီးကြီးနဲ့ အမြတ်နည်းနည်းလိုချင်တယ်ဆိုတာ မိမိရဲ့ဆောင်ရွက်ချက်ကို ဘေးကတစ်ဦးတစ်ယောက်ကြည့်လျှင် သမ္မောဓိဆုကြီးများ ပန်ထားသလို အောက်မေ့မှတ်ယူဖွယ်ပါပဲ။ သို့သော် ဘုန်းကြီးရဲ့ ဆုပန်ချက်သည်-

---

*၁ ဝမ်းနည်းကြောင်းမှတ်တမ်းများစွာမှ အချို့ကိုသာ သမိုင်းမှတ်တမ်းဖြစ်စေရန် ထုတ်နုတ်ကာ နောက်ဆက်တွဲအဖြစ် တင်ပြထားပါသည်။

http://www.dhammadownload.com

ဒုတိယေ အတ္တဘာဝမှိ၊
သဒ္ဓါ သပ္ပည နိဿယံ။
ဓမ္မဓရောတိ နာမေန၊
သောတာပန္နောမရဘဝေ။

ဒုတိယကိုယ်၏အဖြစ်၌ မိတ်ဆွေကောင်းပညာရှိတို့၏အမှီကိုရပြီး 'ဓမ္မဓရ'ဟူသော အမည်ဖြင့် သောတာပန်နတ်သား ဖြစ်ရပါလို၏လို့ ဆုတောင်းပါတယ်။

ဆောင်ပုဒ်နဲ့ပြန်စစ်ပြီး ပြောရလို့ရှိလျှင် အရင်းကြီးကြီးနဲ့ အမြတ်နည်းနည်းလိုချင်တဲ့ ပုဂ္ဂိုလ်လို မိမိဆောင်ရွက်ချက်က သမ္မောဓိဆုပန် ပုဂ္ဂိုလ်များလို ဆောင်ရွက်ပြီးတော့ လိုချင်တဲ့ဆုဟာလဲ သာဝက ဗောဓိဆုလောက်ကိုသာ လိုချင်ပါတယ်။ ဒါဟာ ဘုန်းကြီးရဲ့ခံယူချက်ပါပဲလို့ ဝိနည်းပူဇော်ပွဲမှာ ခံယူချက်အကျဉ်းကို ပြောခဲ့ဖူးပါတယ်။ ။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် မိမိ၏ခံယူချက်အတိုင်း အရင်းကြီးကြီး အမြတ်နည်းနည်းသာ ရစိမ့်သောငှာ ဆောင်ရွက်ပါမူလည်း သာသနာတော်အတွက်၊ လောကသားတို့အတွက်မူကား အရင်းကြီးသကဲ့သို့ပင် အမြတ်လည်း အလွန်ကြီးမားစွာ ရခဲ့သော ဆောင်ရွက်ချက်များသာ ဖြစ်ပါသည်။ ဆဋ္ဌသံဂါယနာတင်ပွဲကြီး ပြီးမြောက်အောင်မြင်မှု၊ တိပိဋက=နိကာယကျောင်းတိုက်ကြီး တည်ထောင်နိုင်မှုနှင့် နိကာယဆောင် အရှင်မြတ် သာသနာ့အာဇာနည်များအား ချီးမြောက်ထောက်ပံ့နိုင်မှု၊ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ တည်ထောင်နိုင်မှု၊ ဂိုဏ်းပေါင်းစုံ သံဃာ့အဖွဲ့အစည်းကြီး တည်ထောင်အောင်မြင်နိုင်မှု များသည် သာသနာတော်အတွက် ကြီးမားသော အမြတ်အစွန်းများ ဖြစ်ပေသည်။ ဆရာတော်ဘုရားကြီး၏ ဒါနပါရမီ အရှိန်အစော်ကို ခံယူကာ ကုသိုလ်အမျိုးမျိုးကို လုပ်နိုင်ခြင်း၊ သဒ္ဓါတရား အသိဉာဏ်များ တိုးပွားခြင်း တို့သည်လည်း လောကသားတို့အတွက် ကြီးမားသော အမြတ်အစွန်းများပင် ဖြစ်ပါသည်။ သို့ဖြစ်၍ ဆရာတော်ဘုရားကြီးက အရင်းကြီးကြီးနဲ့ ဆောင်ရွက်ပြီး အမြတ်နည်းနည်းသာ ရလိုပါသည်ဟု မိန့်ဆိုလင့်ကစား ဆရာတော်ဘုရား စိုက်ထုတ်သော အရင်းကြီးမားသည့်နည်းတူ သာသနာ့အတွက်၊ လောကအတွက် ရရှိလာသောအမြတ်သည်လည်းအလွန်တရာ ကြီးမားမြားမြောင်လှပေရာ ဆရာတော်ဘုရားကြီးအား သာသနာတော်ဘက်က အားကိုးထိုက်၊ အားကိုးသင့်၍ အားကိုးမှီခိုရကြပုံကို လည်းကောင်း၊ လောကဘက်ကလည်း အားကိုးထိုက် အားကိုးနေကြရပုံကိုလည်းကောင်း ပြတ်ပြတ်ထင်ထင် သိမြင်နိုင်ပါသည်။ သို့ဖြစ်၍ ရန်ကုန်မြို့ တိပိဋကကျောင်းတော်၌ကျင်းပသော အဘိဓဇမဟာရဋ္ဌဂုရု ပူဇော်ပွဲတွင် (ထိုစဉ်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး) ဦးကြည်ညွန့်က "အကယ်၍သာ နောင်တစ်ခေတ်ဆန်းချိန်၌ တိလောကဂုရု (လောကသုံးပါး၏ဆရာ)ဘွဲ့ကို ပေးမည်ဆိုပါလျှင် ဆရာတော်အရှင်မြတ်သည် ရှေးဦးစွာ ဆက်ကပ်ခြင်း ခံယူရမည့် ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်ပါကြောင်း ရှိသေစွာ လျှောက်ထားရင်း တပည့်တော်၏ ချီးကျူး ပူဇော်လျှောက်ထားခြင်းကို နိဂုံးချုပ်အပ်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား"ဟု ချီးကျူးစကား လျှောက်ထားခဲ့ဖူးပါသည်။

ထို့ပြင်လည်း မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် သာသနာရေးနှင့်စပ်လျဉ်းလာပါက မိမိကသာ သာသနာ့ဝန်ထမ်း ရဟန်းပီပီ အနစ်နာခံ၍ သာသနာ့တာဝန်ကို ထမ်းရွက်လိုသော စိတ်ဆန္ဒသည်လည်း ကြီးမားတော်မူပါသည်။ တစ်ကြိမ်သောအခါက မေမြို့၊ ရတနာမာရ်အောင် ဆရာတော် အရှင်ပညာသီဟအား ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် မိမိ၏

http://www.dhammadownload.com

ဆန္ဒကို ထုတ်ဖော်မိန့်ကြားတော်မူရာဝယ် "ပြည်ထဲရေးဝန်ကြီးကိုတော့ ပြောလိုက်တယ်၊ ဘုန်းကြီးမကြာမီ ရန်ကုန်ကို လာခဲ့ပါမယ်၊ ရန်ကုန်ရောက်တော့ ဒီအကြောင်းအရာနှင့် ပတ်သက်ပြီး ဆွေးနွေးကြတာပေါ့လို့ ပြောလိုက်တယ်။ မကြာမီ ရန်ကုန်ရောက်တော့ ဆိုင်ရာပုဂ္ဂိုလ်များကို တပည့်တော်ခေါ်လျှင် လာမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် **ဒီသာသနာရေးကိစ္စဆိုတာ အဓိကတို့ရဲ့ ကိစ္စပဲ။ လူတွေကတော့ တို့လုပ်နေးကို ကူရုံသာကူတာ၊ ကာယကံရှင်က တို့ပဲ။ တို့ဘက်က အနစ်နာခံ၊ အောက်ကျခံမှပဲလို့ သဘောထားတာနဲ့** ဝန်ကြီးဌာနကို ဖုန်းဆက်ခိုင်းတယ်။ ဘုန်းကြီး ရန်ကုန်ကို ရောက်နေကြောင်း၊ ဒါယကာကြီးတို့ အားတဲ့အချိန် ဘုန်းကြီးလာတွေ့မည်ဖြစ်ကြောင်း၊ ဖုန်းဆက်ခိုင်းတော့ ဆရာတော် ကြွမလာပါနဲ့၊ ဆရာတော်ထံ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်နှင့် ဦးအုံမောင်တို့ လွှတ်လိုက်မည့်အကြောင်း ပြန်ပြောတယ်။ မကြာမီ စာရွက်စာတမ်းများနှင့် ဦးကြည်ညွှန့်တို့ ရောက်လာပြီး သာသနာတော်သန့်ရှင်း၊ တည်တံ့၊ ပြန့်ပွားရေးအတွက် ပြုလုပ်မည့်အကြောင်းအရာများကို ရှင်းလင်းလျှောက်ထားကြတယ်။ ဒီတော့ ဒကာကြီးတို့ အလုပ်ဘုန်းကြီးသဘောကျပါတယ်။ ဒကာကြီးတို့အလုပ်ဘုန်းကြီးစွမ်းအားရှိသလောက် ကူညီပေးပါတယ်လို့ ကတိပေးလိုက်တယ်" ဤကား ၁၃၄၁-ခုနှစ် ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီး ဖြစ်မြောက်ရေးကိစ္စ၌ မိမိ၏ သာသနာရေးရာ ခံယူချက်ကို မိန့်ကြားတော်မူခြင်း ဖြစ်ပါသည်။

တဖန် ၁၃၁၀-ခုနှစ်၊ တိပိဋကဓရရွှေးချယ်ရေးစာမေးပွဲ ဝင်ရောက်ရန်ပြင်ဆင်နေစဉ် ကျန်းမာမှုကို ရှေ့ရှုကာ အသက်ရှည်ရေးကသာ အရေးကြီးပါသဖြင့် စာမေးပွဲကို အလေးဂရမပြုသင့်ကြောင်း လျှောက်ထားလာသော ဒကာတစ်ဦး၏အား လည်း သာသနာတော်အပေါ် မိမိ၏ ခံယူချက်ကို ဤသို့ ထုတ်ဖော်၍ မိန့်ကြားတော်မူခဲ့ပါသည်။

"အခု တိပိဋကဓရ စာမေးပွဲ ကျင်းပတယ်ဆိုတာ ဒကာတွေနဲ့ ဆရာပြိုင်တာ မဟုတ်ဘူး။ သို့သော် နှလုံးသွင်းက ဒီလိုလာရတယ်၊ အရှင်ဘုရားတို့ ဒကာတွေဘက်က ထိုက်တန်တဲ့ အပူဇော်ကို ပူဇော်တယ်။ အဲဒီလို ဆရာနဲ့ ဒကာ ပြိုင်ရတာ။ တိပိဋကဓရ ကိုယ်တော်တစ်ပါးမှ ကျူပ်တို့ သာသနာတော်က ထုတ်မပေးနိုင်ရင် ကျူပ်တို့ရှုံးတာလို့၊ အင်း ဒကာကြီးတို့က နိုင်တာလို့။ ပြီးတော့ ဒီမှာက သာသနာ့ သူရဲကောင်းစိတ်မွေးတဲ့ ဘုန်းကြီးမို့ အခုလို စိတ်ဓာတ်ကျအောင် လာပြီးပြောတဲ့နေရာမှာ ဒကာနဲ့ ဆရာ ဓမ္မာနုဂ္ဂဟ ပစ္စယာနုဂ္ဂဟ တိုက်ပွဲပြိုင်ပွဲ နွဲတဲ့ပွဲမှာ ဒကာကြီးကအခုလိုပြောတာဟာ ဟိုတစ်ဖက်ကို စိတ်ဓာတ်ကျအောင် လာပြီးတော့ပြောတာနဲ့ တူနေတယ်လို့၊ နောက်မပြောပါနဲ့ ဒကာကြီး" ဟု အမိန့်ရှိတော်မူသည် ဟူ၏။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားသည် ***တာဝန်သိသူမှာ တာဝန်ရှိသည်*** ဟူသော ဆောင်ပုဒ်အတိုင်း တိပိဋကဓရပုဂ္ဂိုလ် ပေါ်ထွန်းမှဖြစ်တော့မည်ဟု တာဝန်သိသူပီပီ ထိုတိပိဋကဓရပုဂ္ဂိုလ်ဖြစ်မြောက်ရေး တာဝန်ကို လေးလေးနက်နက်ခံယူကာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တော်မူခဲ့ပါသဖြင့် အာဂုံပြန်ဆိုပွဲများမှာလည်း နှစ်မခြားဘဲ ဝိသိဋ္ဌဂုဏ်ထူးတွေနှင့်သာ အောင်မြင်ခဲ့ပါသည်။ သဘောအဓိပ္ပာယ်ရေးဖြေပွဲများလည်း နှစ်မခြားဘဲ မဟာဂုဏ်ထူးအမှတ်များပင် ကျော်လွန်ကာ အသာဆုံးအမြင့်ဆုံးအဆင့်တို့ဖြင့်အောင်မြင်ပြီး တိပိဋကဓရအောင်ပန်းကို ဆွတ်လှမ်း တော်မူခဲ့ပါသည်။ တိပိဋကဓရအဖြစ်သို့ ရောက်ရှိတော်မူသည့် အချိန်အခါကာလဝယ် အဘယ့်ကြောင့် မိမိသည် တိပိဋကဓရအဖြစ်ကို ရယူခဲ့ပါသနည်းဟူသော အမေးကို အဖြေထုတ်သော

http://www.dhammadownload.com

အားဖြင့် ၁၃၁၅-ခု၊ ပြာသိုလဆန်း (၃)ရက်၊ ညနေ (၃)နာရီ(၃၇) မိနစ် ပါထိကဝဂ်ကို အာဂုံပြန်ဆိုအပြီး ပလ္လင်တော်ပေါ်မှာပင် တိပိဋကဓရ အမျှဝေ စကားစဉ်၌ ထည့်သွင်း မိန့်ကြားတော်မူသည်မှာ-

"တပည့်တော်များ၏ သာသနာတော်အတွက် ဗြိတိသျှခေတ်က အခြေအနေကို တပည့်တော် ဉာဏ်မီ သလောက် တွေးတွေးကြည့်ရှုသောအခါမှာ ထိုခေတ်က တပည့်တော်တို့ ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး ကို မင်းစိုးရာဇာပိုင်းကဆိုလျှင် ပုလိပ်ကအစ တပည့် တော်တို့၏ သာသနာတော်ကို မော်၍မကြည့်ကြဘဲ ငုံ့၍ကြည့်ကြသဖြင့် တပည့်တော်တို့၏ သာသနာ တော်သည် ထိုစဉ်အခါက ပုလိပ်မျက်စိအောက်၌ ရောက်ရှိနေသည်ကို တွေ့ရပါသည်ဘုရား။

"လွတ်လပ်ပြီးစပြည်ထောင်စု မြန်မာနိုင်ငံတွင် ပထမအကြိမ် ကျင်းပသည့်တိပိဋကဓရ ရွေးချယ်ပွဲ ကြီးကို ဖွင့်လှစ်ဖို့ရန် နိုင်ငံတော်သမ္မတကြီး ကြွလာ ပါပြီဟု အခမ်းအနားမှူးက ကြေညာသော ၁၃၁၀-ခုနှစ် တပို့တွဲလဆန်း(၆)ရက်၊ နံနက်(၇)နာရီအချိန် မှာ ဘုရားတပည့်တော်သည် အခမ်းအနားဖွင့် ပင့် သံဃာတစ်ရာအနက် တစ်ပါးအပါအဝင် ဖြစ်ပါ သဖြင့် သံဃာစင်တွင် မိမိရောက်သောနေရာ၌ နေမြဲ တိုင်းမှ နိုင်ငံတော်သမ္မတကြီး၏ မော်တော်ကားဆီသို့ လှမ်းမျှော်ကြည့်လိုက်သောအခါ သာသနာတော်ကို လေးမြတ်လှသော နိုင်ငံတော်သမ္မတကြီးကား မိမိ စီးလာသောကားပေါ်မှ ဆင်းလျှင်ဆင်းခြင်း လေးနက် လှသောလက်အုပ်ကို ချီမိုးရှိခိုးလျက် သာသနာ့ ရိပ်သာ တိပိဋကဓရ ရွေးချယ်ရေးမဏ္ဍပ်အတွင်းသို့ ဝင်ရောက်လာပြီးလျှင် ရွေးချယ်ပွဲဖွင့်လှစ်နေဆဲအချိန် (၂)နာရီကျော်ခန့်မှာ မချလက်အုပ်ဖြင့် အမြဲတစေ ချီနေသည်ကို တွေ့မြင်ရသော တပည့်တော်၏စိတ် ထဲမှာ ဗြိတိသျှတစ်ခေတ်လုံး ပုလိပ်မျက်စိအောက်မှာ ရောက်နေသောငါတို့၏ သာသနာတော်ကြီးကား ယနေ့အဖို့မှာ နိုင်ငံတော်သမ္မတကြီး၏ ဦးထိပ်ဆံဖျား သို့ မားမားမတ်မတ် ရောက်နေပါပြီတကား-ဟု များစွာအားတက်မှု ဖြစ်ရပါသည်ဘုရား။

"တဖန် နိုင်ငံတော်သမ္မကြီး၏ လေးနက်လှ သော လက်အုပ်ကို တပည့်တော်ဉာဏ်မီသမျှ ဓာတုဗေဒခွဲကြည့်မိသည်မှာ နိုင်ငံတော်သမ္မတကြီး၏ မြှောက်ချီသောလက်အုပ်ကား ပရိတ်တရားနာဖို့ရန် မြှောက်ချီသောလက်အုပ်မဟုတ်၊ ဗုဒ္ဓမြတ်စွာသာသနာ တော်ဝန်ထမ်း ရဟန်းများထဲမှ တိပိဋကဓရ ပုဂ္ဂိုလ် ကို ရှာဖွေနေသည့် တိပိဋကဓရ ရှာပုံတော်လက်အုပ် ဖြစ်သည်ဟု စဉ်းစားမိပြီးနောက် အကြင်မျှလောက် သော ကာလပတ်လုံး တပည့်တော်တို့သာသနာ ဘက်မှ တိပိဋကဓရပုဂ္ဂိုလ်ကို ဖော်ထုတ်၍မပေးနိုင် သေး၊ ထိုမျှလောက်သော ကာလပတ်လုံး တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေးကား ငါတို့၏သာသနာ တော်၌ တင်ရှိနေလေပြီ။ ဆပ်ရမည့်ဝတ္တရားကား သင်၏ဦးခေါင်းပေါ်သို့ ကျရောက်လာပြီဟု စဉ်းစား မိပါသည်။ စဉ်းစားမိသည့်အတိုင်းပင် ထိုတိပိဋကဓရ ရှာပုံတော်လက်အုပ်ကြွေးကို ဘုရားတပည့်တော် ဆပ်တော့မည်ဟု စိတ်ကဆောက်တည်လိုက်ပါ သည်ဘုရား- ဟုလည်းကောင်း၊ ထိုသက္ကရာဇ် ၁၃၁၀ ပြည့်၊ ပြည်ထောင်စုကြီး တည်သစ်စနှစ်ကပင် အစပြုကာ ဘုရားတပည့်တော်သည် တိပိဋကဓရ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင် လာခဲ့လေရာ ယနေ့တပည့်တော်မျှော်မှန်းသော တိပိဋကဓရ ပန်းတိုင်သို့ ယနေ့အချိန်ရောက်ရှိပါပြီ ဘုရား။ ထိုစဉ်က နိုင်ငံတော်သမ္မတကြီး (ယခုလူမျိုးစု လွတ်တော် နာယကကြီး)၏ တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေးကိုလည်း တပည့်တော်ယနေ့ ပြေလည် စွာ ဆပ်မိပါပြီဘုရား" ဟု လည်းကောင်း ရေစက်ချ နိဒါန်း(နှစ်)ရပ်ဖြင့် မိန့်ကြားတော်မူခဲ့ရာ ဆရာတော် ဘုရားသည် မိမိ၏တိပိဋကဓရ အဖြစ်သို့ ရောက်ရ

http://www.dhammadownload.com

ခြင်းသည် မိမိရပ်တည်နေသော သာသနာတော်ကို ကာကွယ်ခြင်း၊ စောင့်ရှောက်ခြင်း၊ ဂုဏ်သိက္ခာမြင့်တင်ခြင်း၊ တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေး၊ ဆွမ်းဒကာ ကျောင်းဒကာ သင်္ကန်းဒကာ ဆေးပစ္စည်းဒကာဟု ဆိုအပ်သော ပစ္စည်းလေးပါးတို့ဖြင့် မည်မြင်ငြင် ထောက်ပံ့ကြသော ဒကာတို့၏ ကျေးဇူးကို တုံ့ဆပ်ခြင်း ဟူသော အချက်များဖြင့် **သာသနာတော် အတွက်သာလျှင် တိပိဋကဓရ ဟူသော ဘွဲ့ဂုဏ်ကို** ကိုရရှိအောင် ကြိုးပမ်းတော်မူခြင်း ဖြစ်ပါသည်။

တိပိဋကဓရဖြစ်တော်မူမျိုန်မှစ၍ မြားမြောင်လှသော ချီးကျူးပွဲ၊ ဂုဏ်ပြုပွဲ စသည်ဖြင့် ပူဇော်ပွဲအမျိုးမျိုးတို့ကို ပြုလုပ်ကျင်းပရာဝယ် ဆရာတော်ဘုရားကြီးက "ဤပူဇော်ပွဲများသည် သတိ+သမ္မဇဉ် အဆင်ခြင် နည်းပါးပါက အာဂငါပါလားလို့ အဲဒီလို မာနရောက်သွားနိုင်ပါတယ်။ ဘုန်းကြီးအနေနဲ့ စဉ်းစားတယ်၊ ဤယခု ပူဇော်ပွဲဟာ ဒကာ+ဒကာမတွေ အနေနဲ့ ဗုဒ္ဓရတနာအား ပူဇော်ပွဲ၊ ဓမ္မရတနာအား ပူဇော်ပွဲ၊ သံဃရတနာအား ပူဇော်ပွဲလို့ အဲဒီလိုပဲ ဉာဏ်ထဲမှာ မြင်နေပါတယ်" ဟူ၍ မိမိ၏နှလုံးသွင်းပုံကိုလည်း မိန့်တော်မူခဲ့ပါသည်။ ထိုပူဇော်ပွဲအသီးသီးတို့မှ ရရှိလာသောလာဘ်များကိုလည်း မာရ်နတ်၏ပထမဆုံးလွှတ်လိုက်သော ဝတ္ထုကာမအဝဝတို့ ဖြစ်ပေသည်ဟု နှလုံးသွင်းပြီးလျှင် ရရှိသမျှလာဘ်တို့ကို ရေစက်ချလှူဒါန်းတော်မူခဲ့ပါသည်။ တစ်ဖန် ၁၃၃၉-ခုနှစ်၊ တပို့တွဲလဆန်း ၁၁-ရက်နေ့တွင် တိပိဋကဓရဘွဲ့နှင့်အလှူတော်ဆွမ်းဆန်ရခဲ့သည်မှာ အနှစ်(၂၄)နှစ်တင်းတင်းပြည့်၍ (၂၅)နှစ်မြောက် ရောက်ခဲ့သော အခါဝယ် ထိုဆွမ်းဆန်အလှူတော်ငွေကို သာသနာတော်သို့ တစ်ဖန် ဤသို့လျှင် စကားသွင်း၍ ရေစက်ချပူဇော်၍ လှူဒါန်းတော်မူပါ၏။

"တပည့်တော်အဖို့ ဤမျှပရိစ္ဆေဒ(၂၄)နှစ်ကြာ နိုင်ငံတော်အစိုးရက လစဉ်လစဉ် ဆွမ်းဆန်တော် ၃၁၁ ကျပ်ကျ လှူဒါန်းသည်ကို ခံယူရရှိခဲ့ပြီး သုံးဆောင်ခဲ့ရပြီ ဖြစ်ပါ၍ မိမိ၏အပန်းအနွမ်းများ ပြေငြိမ်းသွားပြီဟုယူဆဝမ်းမြောက်ရပြီ ဖြစ်ပါ၍ ယခု (၂၅)နှစ်မြောက်မှစ၍ ကြွင်းသောပရိစ္ဆေဒ အသက်ရှိသမျှကာလရှည်ကြာ နိုင်ငံတော်အစိုးရကဆက်လက်၍ လှူဒါန်းမည့် ဆွမ်းဆန်တော်အလှူဒါနကို သာသနာတော်အား ထိရောက်စွာ လှူဒါန်းလိုသောဆန္ဒပြင်းပြစွာ ရှိနေပါသည်ဘုရား" ဟု တိပိဋကဓရဘွဲ့ဆွမ်းဆန်တော် လှူဒါန်းသော ရေစက်ချစာတမ်းဌ မိန့်တော်မူခဲ့၏။

အလားတူပင် ၁၃၄၀ ပြည့် အဂ္ဂမဟာပဏ္ဍိတဘွဲ့၊ ၁၃၄၅-ခုနှစ် အဘိမဓမဟာရဋ္ဌဂုရုဘွဲ့ ရရှိ၍ လူအပ်သော လစဉ်ဆွမ်းဆန်တော် နဝကံမှများကိုလည်း ပရိယတ်သာသနာတော်အားသာလျှင် လှူဒါန်းတော်မူခဲ့ပြန်ပါ၏။

ဆရာတော်ဘုရားကြီးသည် သာသနာတော်၏အလုပ်အကြွေးဟူသောခံယူချက်ဖြင့် သာသနာ့ကိစ္စတို့ဖြင့်သာ အစဉ်အမြဲမွေ့လျော်နေတော်မူပါ၍ မိခင်ရင်းတမျှစိတ်ရှိသော ရမည်းသင်းမြို့ ရွှေလမင်းဆေးလိပ်ခုံပိုင်ရှင် ဒေါ်ဒေါ်တိုင်ကဆရာတော်၏ကျန်းမာရေးအတွက်ငဲ့ပြီး တရားဟောလျှော့ဖို့ရန် တောင်းပန်ရာတွင် "ဘုန်းကြီးမပင်ပန်းပါဘူး" ဟုလည်းကောင်း၊ မန္တလေးမြို့က ဆရာဝန်ကြီး ဦးတင်အောင်ဆွေ၊ ပါမောက္ခသမားတော် ဒေါ်မြင့်မြင့်ခင်နှင့် လူထုဦးလှတို့ကိုယ်စား တရားပွဲလျှောက်ခံတော်မူပါဟုလျှောက်ထားလာသောဒါရိုက်တာဆရာဦးသုခအားလည်း "အလုပ်လက်မဲ့ဘုန်းကြီးတော့ အဖြစ်မခံနိုင်ပါဘူး" ဟုလည်းကောင်း၊ မိခင်ကြီးလိုဖြစ်နေသော မြင်းခြံမြို့မှ ဒါယိကာမကြီး ဒေါ်အိုကတောင်းပန်ပြန်ရာမှာလည်း ဒေါ်အိုလက်မလည်အောင် ဈေးရောင်းကောင်းသည့်အခါထမင်းမှန်းဟင်းမှန်းမသိ အလုပ်ထဲစိတ်ရောက်နေရတာကို ဥပမာတင်ပြီး "ဒကာမကြီး တစ်ဘဝစာ

http://www.dhammadownload.com

ဟော အတ္တ ဘာဝ=အတ္တဘောဟုဆို ဟဲ့ခန္ဓာကိုယ်။ အဟံ=ငါသည်။ တုယ့်=သင်၏။ နဒါသော=အခိုင်းအစေခံ ကျေးကျွန်လည်း မဟုတ်ပေ။ အဟံ=ငါသည်။ တုယ့်=သင်၏။ ဘဇ္ဇော=အခယူစား သူရင်းငှားလည်းမဟုတ်ပေ။ ဒါနိ=ပြုကျိုးမထင် ပြင်ကျိုးမရှိခံမချိသည့် သင်၏ (အနိစ္စ+ဒုက္ခ+အနတ္တ) သဘောပေါလောပေါရှာ ယခုအခါ၌။ အဟံ=ငါသည်။ တံယေဝ=သင်ခန္ဓာကိုယ်နှပ် အကောင်ပုပ်ကိုသာလျှင်။ ပေါ သေန္တော=လုပ်ကျေးမှု-ယု, ပြုစုရသည်ဖြစ်၍။ သံသာရေ=အစမထင် သံသရာပြင်၌။ စိရံ=ကာလအချိန်ခါ ကြာမြင့်လှစွာ။ သံသရိ'=ဒုက္ခများမြောက်ထက်အောက်မတည် ကျင်လည်ခဲ့ရလေပြီ။

အထက်ပါဂါထာအရပင် ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ခံယူချက်သည်ကား "ငါဟာ တဏှာကျွန် အဖြစ်မခံဘူး၊ သံသရာ တစ်လျှောက် တဏှာကျွန်ခံပြီး ဒီခန္ဓာကိုယ်ကြီးကို မလုပ်ကျွေးနိုင်တော့ဘူး၊ သာသနာတော်ကို အလုပ်အကျွေးပြုသူ သာသနာ့ကျွန်-သံဃာ့ကျွန်အဖြစ်သာ ခံယူမည်"ဟု ဖြစ်ပါသည်။

သို့ဆိုပါလျှင် ဤစာတော်ဖတ် ပရိသတ်အပေါင်းတို့အနေဖြင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သာသနာ့ကျွန် အဖြစ်ခံယူကာ သက်တော်ရှိတော်မူသမျှ ကာလပတ်လုံး သာသနာ့ကိစ္စ ကိုသာ ဦးစားပေး ဆောင်ရွက်တော်မူခဲ့ပါ၍ ယခုဘဝနတ်ထံ စံလွန်တော်မူချိန်ဝယ် တိုင်းပြည်နှင့်အဂ္ဂန်း ရှင်နှင့်လူ ပရိသတ်အပေါင်းတို့က သာသနာတော်အတွက် လောကအတွက် ဤမျှအကျိုးဆောင်တော်မူခဲ့သော ပုဂ္ဂိုလ်မျိုး ဆုံးရှုံးရပါသဖြင့် နေလကွယ်သလို အစားထိုး မရကောင်းသော ဆုံးရှုံးမှုမျိုးတို့နှင့် ကြုံတွေ့ကြရသည်မှာ ဧကန်အမှန်ဖြစ်ပါသည်။ ။

လောကီစီပွားရေးတောင် ထမင်းမှန်းမသိ, ဟင်းမှန်းမသိလုပ်သေးတာ၊ ဦးဇင်း သံသရာရေး, ဓမ္မရေးမှာပိုပြီး မလုပ်သင့်ဘူးလား" ဟု လည်းကောင်း၊ ပိဋကတ်ဘာသာပြန်အသင်း ဥက္ကဋ္ဌ ဦးနုအားလည်း "ခုထိတောင်ဦးဇင်းတော့ (သာသနာ့ကိစ္စတွေ ဆောင်ရွက်နေရတာ) မောတယ် ပန်းတယ်ဆိုတာ မသိသေးပါဘူး" ဟုလည်းကောင်း၊ ၁၃၅၃-ခု၊ တပေါင်းလပြည့်ကျော် ၁၃ (၃၁-၃-၁၉၉၂) နေ့က ကျောင်းအကြီး ဒေါ်ရွှေညွှန့်အားလည်း "ဘုန်းကြီးအတွက်မပူနဲ့၊ အပူဒဏ် အားနာတဲ့နှင့်ပတ်သက်ပြီး စိတ်ထားတတ်ပါတယ်၊ ခရီးသွား ရတယ်ဆိုတာလဲ သက်တောင့်သက်သာနဲ့ မပင်ပန်းပါဘူး၊ သာသနာပြုဖို့ဘုန်းကံပါလာလို့ အခုလို နေရပ်ဒေသ မြောက်မြားစွာက ပင့်ဖိတ်ကြတာ၊ ကုသိုလ်ကံကြောင့် ရရှိလာတဲ့ ဤလူ့ဘဝကို ကုသိုလ်တရားများများ ဘဝသံသရာအဆက်ဆက်ထိ သယ်ယူသွားနိုင်မဲ့အဖြစ်မျိုးကို ဘုန်းကြီးကအလိုရှိတာ။ အငြိမ်းစားထိုင်နေရသောလူ့ဘဝကို သဘောမကျပါဘူး။သာသနာ့ကျွန်ခံသွားရတာကို အလိုရှိတာ၊ တဏှာကျွန်ခံသွားရတာကို အလိုမရှိပါဘူး"ဟု မိမိ၏ ခံယူသဘောထားကို ပွင့်ပွင့်လင်းလင်း အမိန့်ရှိတော်မူပါသည်။

ထို့ပြင် ဘဝနတ်ထံစံလွန်တော်မမူမီ သုံးလခန့်အလိုတွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေအားချီးမြှင့်တော်မူသော အောက်ပါတရားဂါထာ (ပါဠိ+အနက်)သည်လည်း ဆရာတော်ဘုရားကြီး၏ ဟဏ္ဏာကျွန်မခံလိုသော သဘောထားနှင့်ခံယူချက်ကို တိတိလင်းလင်းဖော်ထုတ်လှစ်ဟထားပေသည်။

နာဟံ ဒါသော ဘဇ္ဇော တုယ့်၊
နာဟံ ပေါသေမိ ဒါနိတံ။
တံ ယေဝ ပေါသေန္တော စိရံ၊
သံသာရေ သံသရိ' အဟံ။

http://www.dhammadownload.com

ပိဋကတ်ရွေစာ ဂီရာဝစန၊
အမိုအဋ္ဌကထ ဆုံးစမွေ။
ဋီကာနယ လုံးဝကျေတယ်၊
ဘုန်းဖျာ့ပရမေ သာကီမြင့်။
ပုဒ်နေဝါကျ ပါဠိဆန်းကြိုလျှင်၊
မှတ်တမ်းစုံလင် ဖော်လို့ညွှန်းလို့ဖွင့်။
ဓာတိမူလ ရှိစိတ်အနေမှာ၊
ကဝိထိပ်ဗွေ ဝေလျှံတင့်။
တိဟိတ်သန္ဓေ ရွေဉာဏ်ရင့်၍၊
မြေမဏ္ဍလင့် တစ်ဥကင်။
ဘုန်းတော်ကံတော် စံသော်မရ၊
ဓမ္မော်နဒ လှော်စစ်ရွှေနှစ်သွင်။
ရာဇာဂါရ သေလာတစ်ခွင်မှာ၊
ရွေစာသဘင် မြိုင်မြိုင်ဖွင့်လို့။
အဆိုင်ဆိုင်တင့် တောင်မင့်ကျက်သရေ၊
ရောင်ပွင့်ယှက်ယှက်ဝေ။
နေ့ညဥ့်တိုင်းပ ကန်တော့စိတ်ခြွေတယ်၊
အကျော့ထိပ်နေ စက်ပန်းလွှာသို့လေး။

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး သက်တော်(၁၈)မှစ၍ ဘဝနတ်ထံပျံလွန်တော်မူသည့်တိုင်
သီတင်းသုံးတော်မူခဲ့သော မင်းကွန်းဓမ္မနာဒ ကျောင်းတိုက်ကြီး။

http://www.dhammadownload.com

တစ်ခေတ်မှာတစ်ခါသာကြုံရတဲ့ သာသနာ့ဥယျောင် ပြည့်ဥကင်ဖြစ်တော်မူသော သူတဂုဒ္ဒမြတ်ဘေရ

ကမ္ဘာမဆန့်.အောင် ပြန့်.နှံ့.ကျော်စော ကိတ္တိရှိတော်မူခဲ့သော ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် လူ.ရပ်ငြိ၍ နတ်ထီးစံတော်မူခဲ့ပြီ ဖြစ်သော်လည်း ဆရာတော်ဘုရားကြီး၏ သီလတော်မြေထု၊ မေရုသမာဓိန်၊ ပညာဝရဖိန်ခွဲဖောက်၊ ရဲရဲတောက်ပါရမီ၊ သာသနာ့အာဇာနည် ထင်ပေါ်ဂုဏ်ရည် သမ္မတ္တိအဖုံဖုံ ဘုန်းသမ္ဘာဂုဏ်တို့သည်ကား ဝိဓူရ ပျို့.လာ "အရှည်မကြာ၊ ကိုယ်ခန္ဓာကား၊ တစ်ရာအနှစ်၊ ကိုယ်၌ဖြစ်သား၊ ပြန်စစ်နှိုင်းလျော်၊ ကျေးဇူးတော်မူ၊ ကျူးကျော်ကုန်ခန်း၊ ကမ္ဘာကြွမ်းလည်း၊ ဥဒါန်းမကျေ၊ လူ.ပြည်နှတ်ရပ်၊ ပဲ့တင်ထပ်လိမ့်" လက်ံာဆိုသည့် အတိုင်းပင် ကမ္ဘာဆုံးတိုင် ထင်ရှားကျော်ကြားပဲ့တင်ထပ်လျက်ရှိဦးမည်သာတည်း။

မိုးကောင်းကင်ပြင်၌ရှိကြယ်တာရာတို့.ကိုသာတစ်လုံးစီရွေးကောက်၍ ရေတွက်ရန် လွယ်ကူမည်ဖြစ်သော်လည်း မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဂုဏ်ကျေးဇူးတို့.ကား ရေတွက်ပြောဆိုခြင်းငှာ အလွန်တရာ ခဲခက်လှသည်ဖြစ်၍ နောင်လာနောက်သား အစူအစဉ်တို့. သိမြင်တန်သလောက် သဘောပေါက်သိမြင် ကြည်ညိုနိုင်ကြစေရန် ရည်သန်လျက် ဆရာတော်ဘုရားကြီး၏ ဘဝဖြစ်တော်စဉ်နှင့်တကွ သာသနာပြုလုပ်ငန်းတို့.ကို သက်တော်(၈၁)နှစ်ကာလကို သက်တော်(၁၀)နှစ်လျှင် (၁)ပိုင်းစီဝေခွဲကာ အပိုင်း(၈)ပိုင်းတို့.ဖြင့် အကျဉ်းမျှထုတ်ဖော်တင်ပြပါသည်။

သမုဒ္ဒါမယာ ဒိဋ္ဌော ဆိုသကဲ့သို့ သမုဒ္ဒယာကိုမြင်သည် ဆိုသော်ငြားလည်း အဘယ်မှာလျှင် သမုဒ္ဒယာတစ်ပြင်လုံး အစအဆုံးကို အနှံ့.အစပ်မြင်ပါအံ့နည်း?၊ ထို့.အတူသာလျှင် မင်းကွန်တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဂုဏ်တို့.ကို ဖော်ပြရာမှာလည်း အဘယ်မှာလျှင် ဂုဏ်အစုအပေါင်းကို အပြည့်အစုံ အနှံ့.အစပ် ဖော်ပြနိုင်ပါအံ့နည်း?။

http://www.dhammadownload.com



မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး သက်တော် (၁၉) နှစ် ကိုရင် အရွယ် ပုံတော်။

http://www.dhammadownload.com

လုံးရှိ ရဟန်း၊ ရှင်၊ လူ အားလုံး၏ မေတ္တာသက်ဝင်အထူးခင်မင်မှုကို ခံယူရမည့် တိပိဋကဓရ အလောင်းအလျာ၏ ကုသိုလ်ကံအစွမ်းကြောင့် မှည့်ခေါ်နေကျ နေ့သင့် နံသင့် မဟုတ်ဘဲ "မောင်ခင်"ဟု မှည့်ခေါ်ရခြင်းဖြစ်ပေလိမ့်မည်။ တိပိဋကဓရဆရာတော်ကြီး၏ အဘိုးမှာ မြန်မာ သမားတော်ကြီး ဦးချယ်ဖြစ်ပါသည်။ လောကရေး ဓမ္မရေးဘက်၌ အထူးကျွမ်းကျင်သူဖြစ်၍ အတိတ်ကောင်း နိမိတ်ကောင်းယူကာ မြေးကလေး၏ နာမည်ကို မောင်ရန်ရှင်းဟု အဘိုးဖြစ်သူကဓာတာတွင် မှည့်ထားသော်လည်း အရပ်နာမည် မောင်ခင်ကိုသာ လူအသိများ၍ ထင်ရှားခဲ့ပါသည်။

ငယ်ရွယ်စဉ်အလေ့အထ

မောင်ခင်ကား ငယ်စဉ်ကပင် သိမ်မွေ့နူးညံ့သော စိတ်နှလုံးရှိသည်။ တောရွာအလိုက် အခြားကလေးသူငယ်များက ကြွမ်းတမ်းသော ကစားနည်းဖြစ်သည့် ကြေးသားရိုက်၊ ထုတ်တိုး၊ တွတ်ထိုး၊ ခြေကန် အစရှိသည့် ကစားနည်းများကို ဝေးစွာပင် ရှောင်ကြဉ်ခဲ့သည်။ သန့်သန့်ရှင်းရှင်း ရန်ကင်းစွာ နေထိုင် ကစားတတ်သည်။

မောင်ခင်ကား မိ၊ ဖ၊ ဘိုး၊ ဘွား ခွင့်ပြုသော အိမ်သို့သာ သွားလေ့ရှိပါသည်။ အစားအစာ စားရာတွင်လည်း လူကြီးများ ခွင့်မပြုသော အစာကို စားလေ့မရှိပါ။ ခွင့်မပြုသော အစားကိုမစား၍ ကျန်းမာရေးရကာ ရုပ်အဆင်း သန့်ရှင်းကောင်းမွန်သလို ခွင့်ပြုသောအိမ်သို့သာသွား၍ အဆုံးအမခံယူ ရသဖြင့် စိတ်နှလုံးမှာလည်း ဖြူစင် ကောင်းမွန်နေပါသည်။ လူကလည်း ကျန်းမာ၊ စိတ်နှလုံးလည်းကောင်းသော မောင်ခင်ကိုကြည့်၍ မိ၊ ဖ၊ ဘိုး၊ ဘွားများ ပိတ်ဖြစ်ကာ ရင်အေးရပါသည်။

မောင်ခင် လေးနှစ်သားအရွယ်တွင် ဖခင် သူကြီးဦးဆုံ ကွယ်လွန်လေသည်။ ဖခင်ကွယ်လွန်လျှင် မိခင်ဒေါ်ဆင်သည် သမီးကြီးမသုန်၊ သားထွေးမောင်ဘသင်တို့နှင့်အတူ မောင်ကြီးဖြစ်သူ ဦးကောက်ကြီးက ပို့ဆောင်ပေးသဖြင့် မိမိ၏မိဘ ဦးပေါ်-ဒေါ်ကြတို့အိမ် (စာပေါက်ကုန်းခေါ် သဲဖြူဝအနောက်ဂွာ)သို့ ပြောင်းရွှေ့နေထိုင်လေ၏။ မောင်ခင်မှာ အဘိုးဦးချယ်၊ အဘွား ဒေါ်အုံတို့အထံမှာပင် နေရစ်ခဲ့သည်။ တစ်ခါတစ်ရံမှ မိခင်ရှိရာသို့ သွားလေ့ရှိသည်။ အဘိုးကပင် အထူးတာဝန်ယူ ပြုစုရသည်။ လောကရေး ဓမ္မရေး၌ လိမ္မာသော အဘိုး၏လက်တွင်း ကြီးပြင်းရခြင်းသည် မောင်ခင့်အတွက် ဘဝလမ်းကြောင်းကောင်းဖို့ပင် ဖြစ်ပါသည်။

ကျောင်းရောက်ချိန်

မောင်ခင်ခြောက်နှစ်သားအရွယ်တွင် ကျည်းပင်ရွာကျောင်းဆရာတော် အရှင်သာသနမထေရ်မြတ်ထံ ပညာသင်ရန် အပ်နှံကြသည်။

ရှေးအခါက ဘုန်းတော်ကြီးကျောင်းများ၌ ကျောင်းသို့ရောက်စ ကလေးငယ်များကို စာအံမခိုင်းသေးဘဲ၊ စာရဲ့ သောက်ရဲ့ ကစားရုံမျှ ကျောင်းမှာ ပျော်အောင် ချော့ထားလေ့ရှိပါသည်။ ထိုကလေးများမှာ ကျောင်းသား မဟုတ်သေးဘဲ ကျောင်းစားသာ ဖြစ်ပါသည်။ ကျောင်းပျော်သောအခါမှ နမောဗုဒ္ဓါယ (ဘုရားအား ရှိခိုးပါ၏)ကစ၍ ပညာသင်ပေးကာ ကျောင်းသားဘဝကို စတင်စေပါသည်။ မောင်ခင်ကား ကျောင်းရောက်စ ကျောင်းသားဘဝကပင် မြူးတူးပျော်ပါးကစားမှု၌ စိတ်မပါဘဲ အခြားကျောင်းသားများ၏ စာအံသံကို ကြားရရုံမျှဖြင့် သင်ပုန်းကြီး မင်္ဂလသုတ်စာများကို ရမိ မှတ်သားမိလေသည်။ မောင်ခင်အဖို့ သင်ပုန်းကြီးစာကို ဂရုတစိုက် သင်ပေးမနေရတော့ပါ။ စာမရ၍ အရိုက်ခံရ၊ ကစားကြူး၍ အရိုက်ခံရခြင်းမျိုးကို တစ်ကြိမ်မျှ မခံခဲ့ရပါ။

http://www.dhammadownload.com



မင်းကွန်း တိပိဋကရေ ဆရာတော်ကြီး ကျောင်း စတင်နေထော်မူခဲ့သည့်
ကျည်းပင်ရွာရှိ ဆရာတော် ဦးသာသနာ၏ ကျောင်း ပုံတော်။



မင်းကွန်း တိပိဋကရေ ဆရာတော်ကြီး၏ ကိုရင်ဘဝ
ဥပဇ္ဈာယ် ဆရာတော်ကြီး ဦးသာသနာ၏ ပုံတော်။
(ပန်းချီရေးထားသည်)

http://www.dhammadownload.com

အဘိုးဆရာကြီးဦးချယ်ကား မောင်ခင်ကျောင်းမှပြန်ချိန်တွင် ကျောင်းသို့သွား၍ ကလေးအခြေအနေကို မေးမြန်းလျှောက်ထားသည်။ ပြုပြင်ပေးသင့်သည့် အချက်များကို ဆရာတော်နှင့် ဆွေးနွေးတိုင်ပင်ပြီး ညနေတွင် မြေးကလေးကို ထမ်းဆောင်ယူငင်လေ ရှိပါသည်။ တစ်နေ့တလေ မဟုတ် နေ့စဉ်လိုလိုပင် ဖြစ်ပါသည်။

ညစာစားပြီးသောအခါမှာ အခြားကလေးများ.ကဲ့သို့ ကစားခြင်းဖြင့် အချိန်မကုန်စေပါ။ အဘိုးဖြစ်သူက မိမိ၏သမီးငယ်(မောင်ခင်၏အရီး) မငွေပေါနှင့်အတူ ဘုရားကန်တော့ ချပေးခြင်း၊ သီလခံယူစေခြင်း၊ မေတ္တာပို့.ချပေးခြင်း စသည်ပြုခိုင်းပြီးနောက် တူဝရီးနှစ်ယောက် အတိုင်အဖောက် တစ်ယောက်တစ်လှည့်စီ "က-ကြီး ဘယ်နှယ်ရေးပါ့မယ်" ဟု တစ်ယောက်ကမေး၊ "က-ကြီးရေက"ဟု တစ်ယောက်ကဖြေ၊ ဤသို့ မေးစေ ဖြေစေ၍ သင်ပုန်းကြီး၊ နာမည်စာ စသည်ကို သင်ပေးပါသည်။ မောင်ခင်အဖို့ လူနာမည် စသည် ရေးတတ်ဖို့.အတွက် အခက်အခဲမရှိပါ။ မေးလိုက်၊ ဖြေလိုက်နှင့် အလွယ်တကူ တတ်လာပါတော့သည်။ ကျောင်းနေ၍ (၂)နှစ်ရှိသောအခါ ပရိတ်ကြီးကို မပင်မပန်း နှုတ်တက်ရအောင် ဆောင်နိုင်ပြီး ဖြစ်နေပါသည်။

ဓွဲလုံ့လ

မောင်ခင်မှာ လုပ်ငန်းတစ်ခုကို မည်မျှခက်ခဲပစေ ပေါက်ပေါက်မြောက်မြောက် လုပ်ဝံတတ်သည်၊ လုပ်ရမည့်ကိစ္စ မပြီးမချင်း နားနေလေ့မရှိ။ မောင်ခင်(၇)နှစ်(၈)နှစ်လောက်က ကျည်းပင်ရွာကျောင်းလေ့ခါးအဆင်းနားမှာ ရောက်ချိုပင်ကြီးတစ်ပင် ရှိသည်။ လွယ်လွယ်ခူးလို့.ရသော ရောက်ချိုသီးများ ကုန်သွား၍ ထိပ်ဆုံးမှာသာ အခူးရခက်သော ရောက်ချိုသီးကြီးတစ်လုံး ကျန်နေသည်။ အခူးရခက်သဖြင့် ဘုန်းကြီးကလည်း လျစ်လျူရှုထားလိုက်တော့သည်။ တစ်နေ့.ကျောင်းသားများ ထိုရောက်ချိုသီးကို တက်ခူးကြသည်။ ဆူးဒဏ်ကို မခံနိုင်၍ ပြန်ဆင်းကြရသည်ချည်းဖြစ်သည်။မောင်ခင်သည် သူများတက်ခူးသည်ကို အသေအချာကြည့်ရှုသည်။ ဘယ်လိုတက်လို့ ဆူးစူးသည်၊ ဘယ်လိုတက်လျှင် လွတ်နိုင်မည်ကို ဆင်ခြင်နေသည်။ သူတကာ တက်မရသည့်နောက်ဆုံး မောင်ခင်ကငါတက်မည်ဟုဆိုကာ ခါးတောင်းကို မြှောင်အောင်ကျိုက်ပြီး တက်တော့သည်။ ရှုပ်ပွေလိမ်ကောက်နေသည့် ရောက်ချိုကိုင်းများအကြားဆူးလွတ်အောင် ကွေ့.ကာ ရှောင်ကာ ကောက်ကာကုန်းကာဖြင့် ခက်ခဲစွာ ကြဲဖန်တက်နေသည်။ တစ်ခါတစ်ရံ ထိုင်စဉ်းစားလိုက် တက်လိုက်ဖြင့် လုပ်နေစဉ် "ဒီကောင်က ဘာကောင်မို့.လဲ၊ မရနိုင်ပါဘူး၊ ပြန်ဆင်းရမှာပါ"ဟု အထင်သေးသူရှိသလို၊ "မဟုတ်ဘူး ဒီကောင်တက်ပုံက တစ်မျိုးပဲ ရမျင်ရမှာ"ဟု အထင်ကြီးသူများလည်း ရှိသည်။

မောင်ခင်ကား အထင်သေးမှု အထင်ကြီးမှုကို ဂရုမစိုက်၊ သူတက်ရမည့်နည်းလမ်းကိုသာ စဉ်းစားလိုက် တက်လိုက် လုပ်နေသည်။ တဖြည်းဖြည်းနဲ့.ရောက်ပင်ခေါင်ထိပ်ဖျား ရောက်သွားပြီး "ကိုင်းဖျားကျိုးလျှင်တော့"ဟု ရင်တမမနှင့် နေသူများလည်းရှိသည်။ "မဖြစ်ဘူး၊ ပြန်ဆင်း ပြန်ဆင်း၊ ကိုင်းကျိုးလိမ့်မယ်" ဟူသော အသံများလည်း ထွက်ပေါ်လာသည်။ မောင်ခင်ကား ထိုအသံများကို မမှုဘဲ ထိပ်တက်သီးနေသော ရောက်ချိုသီးကြီးကို အောင်မြင်စွာ ခူးယူလိုက်ပြီး ကွေ့.ကာ ပတ်ကာ ကောက်ကာကုန်းကာ ဆူးမစူးအောင် ပြန်ဆင်းခဲ့သည်။ အောက်သို့.ရောက်လျှင် ထိုရောက်သီးကြီးကို ကျောင်းသားများအား ဝေငှစားစေပါသည်။ ထိုအချိန်ကပင် မောင်ခင်၌ မဖြစ်မနေ လုပ်လိုသောစိတ်နှင့် သူတစ်ပါးအကျိုးအတွက် မိမိအပင်ပန်း အဆင်းရဲခံလိုစိတ် ကိန်းဝပ်နေခဲ့ပေပြီ။

http://www.dhammadownload.com



မြင်းခြံမှူး မင်းကျောင်းတိုက် ရာဟုဒေါင့်ကျောင်း ဆရာတော် ဦးသောဘိတ

ဆရာတော် ဦးသောဘိတသည် မြင်းခြံခရိုင်၊ ခေါင်းကွဲရွာတွင် ဖြစ်သည်။ မြင်းခြံမှူး မင်းကျောင်းတိုက် မင်းကျောင်း ဆရာတော်ကြီး၏ တပည့် ဖြစ်သည်။ မင်းကျောင်း ဆရာတော်ကြီးသည်ကား လယ်တီဆရာတော်ကြီး နှင့် မင်းတုန်းမင်းခေတ်က မန္တလေးမြို့ မြောက်ပြင်စံကျောင်း၌ အတူ စာသင်ဘက် ဖြစ်သည်။ ဦးသောဘိတသည် စာတတ် စာတော် ပုဂ္ဂိုလ် ဖြစ်သည်။ စာပေဝါသနာထုံသူ ဖြစ်သည်။ မင်းကွန်း တိပိဋကစရ ဆရာတော် စာပေဝါသနာထုံလာစေရန် မျိုးစေ့ချပေးသူမှာ ဤဆရာတော်ပင် ဖြစ်သည်။

http://www.dhammadownload.com

ဘုန်းကံရှင်မောင်ခင်

တစ်နေ့သောအချိန်တွင် မောင်ခင်သည် မိခင်ကြီး ဒေါ်ဆင်၏ ညီမအထွေးဆုံး ဒေါ်လေးဖြစ်သူ မယုံနှင့်အတူ အားလပ်သော ကျောင်းပိတ်ရက်၌ တောသို့ နွားကျောင်းလိုက်သွား၏။ တောမှအပြန် ဈာပတိမြစ်အတွင်း နွားတစ်သင်းတို့ ရေသောက်ဆင်းကြရာ မောင်ခင်က မယုံ ပိုင်ဆိုင်သော သံရောင်အဆင်းရှိ နွားကြီးကျောပေါ်သို့ တက်ပြီး စီးလာရာ၊ ကမ်းပါးအဆင်းမှာ နွားကျောပေါ်မှ မောင်ခင်လိုမ့်ကျ၏။ နွားကြီးသံရောင်သည် အခြားနွားများမနင်းမီစေရန် မောင်ခင်၏ကိုယ်ပေါ်မှခွလျက် သာရပ်နေ၏။ အခြားနွားများလွန်သွားခါမှ နွားကြီးသံရောင်က မောင်ခင်၏ကိုယ်ပေါ်မှ ခွာသွားလေ၏။ ဤဖြစ်ရပ်သည် ဘုန်းရှင်ကံရှင် ပါရမီရှင်အား အသက်အန္တရာယ်ပြု၍ မရနိုင်ဟု ညွှန်ပြသော အချက်ပင်ဖြစ်သည်။

ဦးသောဘိတအပ်နှံခြင်း

အသက်အရွယ်ကြီးသည့် အဘိုးအဘွားများမှာ မိမိတို့ မြေးကလေးကို မောင်ရင်လောင်းအသွင်၊ ရှင်သာမဏေအသွင် အလွန်မြတ်ချင်ကြသည်။ အဘိုးဦးချယ်၊ အဘွားဒေါ်အုံတို့လည်း မိမိတို့မြေးကလေး မောင်ခင်ကို ရှင်လောင်းအသွင် မြင်ချင်ကြ၍ ခြောက်နှစ်သား အရွယ်တွင်ပင် ပထမအကြိမ် အေးမဏ္ဍပ်ဖြင့် ရှင်ပြုမင်္ဂလာပွဲသဘင် ဆင်ယင်ကြသည်။ သင်္ကန်းမနိုင်သောအရွယ်၊ ငယ်လှသေး၍ သင်္ကန်းတော့ ဆည်းမပေးကြပါ။

သက္ကရာဇ် ၁၂၇၉-ခုနှစ် မောင်ခင်ခုနှစ်နှစ်သား အရွယ်တွင် မြင်းခြံမြို့၊ မင်းကျောင်းတိုက်၊ ရာဟုထောင့်ကျောင်းဆရာတော် ဦးသောဘိတမထေရ်မြတ်သည် ပိဋကတ်စာပေများကို တွင်တွင်ကြီးပို့ချနေလေသည်။ ဆရာတော်ဦးသောဘိတသည်ကား မောင်ခင်၏မိခင်ကြီး ဒေါ်ဆင့်မိဘ၏ဘိုးဘွားတို့က ရာဟန်းခံထားသဖြင့်အဖွားဒေါ်ကြွေနှင့်ပင်လောကုတ္တရာမောင်နှမဖြစ်လေ၏။ မြင်းခြံတခွင်ဝယ်ဦးသောဘိတသည် စာတတ်အကျော်ဖြစ်၏။ ဦးကြီးဖြစ်သူ ဦးကောက်ကြီး (မိခင်ကြီး၏မောင်)က သူ၏နှမဖြစ်သူ ဒေါ်ဆင်နှင့် တိုင်ပင်ပြီး မောင်ခင်ကို ဦးသောဘိတထံ အပ်နှံရန် ဆရာတော်ဦးသာသနအား လျှောက်ထားကြလေသည်။ ဆရာတော်ဦးသာသနကလည်း မိမိတပည့် မောင်ခင်၏ဥာဏ်အရည်အသွေးကို အကဲခတ်ပြီး နောင်အခါ သာသနာတော်တွင် ကျေးဇူးများမည် ကိုမြင်၍ ဦးကြီးဦးကောက်ကိုပင် မြင်းခြံမြို့၊ မင်းကျောင်းတိုက်၊ ရာဟုထောင့်ကျောင်း ဆရာတော် ဦးသောဘိတထံသို့ အပို့ခိုင်းလေသည်။

မောင်ခင်သည် ထိုရာဟုထောင့်ကျောင်း၌ ပရိတ်ကြီးမှစ၍ သင်ကြားရသည်။ ဆရာသမားအတူးတလည် မည္ဆုန်ကြားရာဘဲ စနစ်တကျ စာကျက်တတ်သည့်အကျင့် မောင်ခင်မှာ ဗီဇကပင်ပါလာသည်။ တစ်နေ့ ကျက်ရမည့်စာကို ဆရာထံ၌ အဖြတ်အတောက် ရွတ်ပုံဆိုပုံမှန်အောင် သုံးခေါက် ဖတ်သည်။ စာအံသောအခါ မိမိဉာဏ်နိုင်သလောက် ပိုင်း၍ပိုင်း၍အံသည်။ တစ်ပိုင်းရမှ နောက် တစ်ပိုင်းသို့ တိုးတက်ကျက်မှတ်သည်။ စာကျက်ဖို့ ပျင်းသော အခါဟူ၍မရှိခဲ့။ ကျက်ရမည့် တစ်နေ့တွက်တာစာ မရလျှင် နေရာမှမထ,တဟဲ၊ ရမှသာထ,တဲတဲ့ သည်။ စာအံတိတ်သောအခါ၌ အခြားကလေးများကဲ့သို့ ကစားခြင်းဖြင့် အချိန်ဖြုန်းမပစ်ဘဲ သိသည် ဖြစ်စေ၊ မသိသည်ဖြစ်စေ၊ စာတိုစာစကို ဖတ်လေ့ရှိသည်။ ဆယ်နှစ်သား အဆော့သန်သော အရွယ်လောက်ကပင် သတင်းစာ၊ မဂ္ဂဇင်းစသော စာပေသဘောကို ရိပ်မိ သိရှိလေသည်။

ကိုရင်ဖြစ်ချိန်

မောင်ခင် ဆယ်နှစ်သားအရွယ်တွင် မိခင် ဒေါ်ဆင်က ဒါယိကာမအဖြစ်ခံ၍ ရှင်သာမဏေအဖြစ်သို့ ရောက်သည်။ ဥပဇ္ဈာယ်ဆရာတော်မှာ မင်း

http://www.dhammadownload.com



မြင်းခြံမြို့ မင်းကျောင်းတိုက် ပထမဆရာတော်ကြီး ကျည်းပင်ရွာကျောင်း ဆရာတော် ဦးသာသန၊
ရာဟုဒေါင့်ကျောင်း ဆရာတော် ဦးသောဘိတ၊ ဦးဣန္ဒာလောကနှင့် မင်းကွန်း
တိပိဋကဓရ ဆရာတော်ကြီး ကိုရင်ဘဝက ပါဝင် ရိုက်ကူးထားသော ပုံတော်။



မြင်းခြံမြို့ မင်းကျောင်းတိုက် အတွင်းရှိ ဆရာတော် ဦးသောဘိတ သတင်းသုံးတော်မူရာ
ရာဟုဒေါင့်ကျောင်း ပုံတော်။

http://www.dhammadownload.com



မြင်းခြံမြို့၊ ကျည်းပင်ကွာ၌ အဘိဓမ္မဟာရဏဂုရု ဘွဲ့တံဆိပ်တော်ရသည့်နှစ်က
ဆောက်လုပ်တော်မူခဲ့သော အဘိဓမ္မကျောင်းတော်။



မြင်းခြံမြို့၊ ကျည်းပင်ကွာနှင့် သဲဖြူဝကွာ အကြားဒ္ဒ ကလေးများ ကျောင်းသွား
ကျောင်းပြန်ရန်အတွက် လှူဒါန်းတော်မူသော တံတားကြီး။

http://www.dhammadownload.com



ဆရာတော်ကြီး၏ ကျည်းပင်ရွာ၌ နောက်ဆုံး ကုသိုလ်ဖြစ်သော ကျည်းပင်ရွာသက်တော် (၈၀)ပြည့် ပတ္တမြားရတု အထိမ်းအမှတ် အမက ကျောင်းဆောင်။ ရေစက်ချတော်မမူနိုင်ခဲ့။



ဆရာတော်ကြီး ကိုယ်တော်တိုင် သမုတ်တော်မူခဲ့သော ကျည်းပင်ရွာရှိ သိမ်တော်။

http://www.dhammadownload.com



မြင်းခြံမြို့၊ သဲဖြူဝန်ကွာ စီနီရတု အထိမ်းအမှတ် ဆောက်လုပ်လျှဒါန်းတော်မူသော အဓိက ကျောင်း။



မြင်းခြံမြို့၊ သဲဖြူဝန်ကွာရှိ တိပိဋကဘုရားကျောင်းတော်။

http://www.dhammadownload.com



မြင်းခြံမြို့၊ မင်းကျောင်းတိုက် အတွင်းရှိ ဓမ္မပါလ အုတ်ကျောင်း။



မြင်းခြံမြို့၊ ဦးသောဘဏ၏ သာသနပါလ မှန်ကျောင်း၌ တံတိုင်းခတ် ပေးတော်မူခဲ့၏။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ပထမဆယ်နှစ် ငယ်စဉ်ဘဝဖြစ်တော်စဉ် (၁၂၇၃-ခုမှ ၁၂၈၃-ခု)

မွေးရပ်ဇာတိ

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဇာတိချက်ကြွေ မွေးရပ်မြေကား မန္တလေးတိုင်း၊ မြင်းခြံမြို့နယ်၊ ကျည်းပင်ရွာပင် ဖြစ်ပါသည်။ မြင်းခြံမြို့နယ်သည် အကျော်အမော် ဆရာတော်တို့ ဖြစ်ပေါ်ရာဒေသ ဖြစ်ပါသည်။ တိပိဋကဓရ ဆရာတော်ဘုရား၏ ဥပဇျာယ်ဆရာ အရှင်ပညာစက္ကမဟာထေရ်သည် မြင်းခြံနယ်သားဖြစ်သကဲ့သို့ ဆရာတော်အရှင်ပညာစက္ကမဟာထေရ်၏ဆရာ ရွှေရေးဆောင် ဆရာတော်ဘုရားကြီးသည်လည်း မြင်းခြံတောင်သာနယ်သား ဖြစ်ပါသည်။ မြန်မာမင်းများ လက်ထက်မှစ၍ ယခုမျက်မှောက်ခေတ်ရောက်အောင် မြင်းခြံနယ်မှ အကျော်အမော် ဆရာတော်များ ဖြစ်ထွန်းခဲ့ကြ၍ ထိုဆရာတော်များ၏ ဩဝါဒကို ခံယူရသော မြင်းခြံနယ်သူ,နယ်သားများလည်း ဗုဒ္ဓဘာသာဝင် သူတော်စင်များ ဖြစ်ကြပါသည်။

ဆရာတော်၏ ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်သည့် ကျည်းပင်ရွာကား မြင်းခြံမြို့၏ အနောက်တောင်ယွန်းယွန်းတွင် တည်ရှိပါသည်။ မြို့နှင့် တစ်မိုင်ကျော်လောက်သာ ဝေးကွာသောရွာဖြစ်၍ လောကရေး၊ ဓမ္မရေး အရေးရေးတွင် နောက်မကျလှပါ။ ထိုရွာ၏ ရွာသူကြီးမှာ ဦးဆုံဖြစ်၍ ရွာသူကြီးကတော်မှာ ဒေါ်ဆင်ဖြစ်ပါသည်။ ထိုခေတ်က ကျေးရွာအုပ်စုတစ်ခုကို ရွာသူကြီးတစ်ယောက်တည်း အုပ်ချုပ်ရပါသည်။ ထိုရွာသူကြီးမှာ အမျိုးအနွယ်အားဖြင့်လည်း အထက်တန်းကျပြီး ပစ္စည်းဥစ္စာလည်း ပေါများသူဖြစ်၍ ကျေးရွာအုပ်စုအပေါ်၌ အတော်ဩဇာညောင်းပါသည်။

မင်းကွန်း တိပိဋကဓရ လောင်းလျာကား ထိုသူကြီးဦးဆုံ၊ သူကြီးကတော် ဒေါ်ဆင်တို့မှာ ၁၂၇၃-ခု၊ တန်ဆောင်မုန်းလဆန်း (၁၁)ရက်၊ ဗုဒ္ဓဟူးနေ့ ညနေ (၃)နာရီအချိန်တွင် ဖွားမြင်တော်မူသော ဒုတိယမြောက် သားကောင်းရတနာတစ်ပါး ဖြစ်ပါသည်။ ပထမသမီးကြီးမှာ ဒေါ်သုံဖြစ်၍ သားထွေးမှာ မောင်ဘသင် ဖြစ်ပါသည်။

အမည်ပေး

ရှေးမြန်မာလူမျိုးများမှာ နာမည်မှည့်လျှင် များသောအားဖြင့် နေ့နံအလိုက် မှည့်လေ့ရှိပါသည်။ တိပိဋကဓရအလျာ သားရတနာကိုမူ နေ့သင့် နံသင့် မမှည့်ကြပဲ မိ၊ ဖ၊ ဆွေမျိုး၊ အဘိုး၊ အဘွားတို့နှင့် တကွ ရပ်ရွာလူထု၏ အထူးခင်မင်ခြင်းကို ခံရသဖြင် "မောင်ခင်"ဟု အမည်မှည့်ခေါ်ကြပါသည်။ တစ်ပြည်

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး ဖွားမြင်တော်မူခဲ့သော ကျည်းပင်ရွာရှိ ခမည်းတော် ဦးဆုံ၏ အိမ်ကုံ ဖြစ်ပါသည်။ (၆-၈-၈၉) နေ့က ဆရာတော်ကြီး အမိန့်ရှိခဲ့သည့်အတိုင်း ပန်းချီ ဆရာ ဦးအောင်ဖေ ရေးဆွဲထားပါသည်။ တိုအိမ်ကို ခမည်းတော် ကွယ်လွန်ပြီးနောက် ဖျက်ပြီး ကျည်းပင်ရွာ သုသာန်ဧရပ် ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။



မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ မယ်တော်ကြီး ဒေါ်ဆင်ပုံ။



မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး နှင့် ငယ်စဉ်က အတူ စာကျက်ခဲ့ရသော အရီး ဒေါ်ငွေပေါပုံ။

http://www.dhammadownload.com

ကျောင်းတိုက်၊ ရာဟုထောင့်ကျောင်း ဆရာတော်ဦးသောဘိတထေရ် ဖြစ်သည်။ ဆရာတော်က တပည့်မောင်ခင်အား ဘွဲ့ပေးရာတွင် (ဆန်းကြယ်သော ဉာဏ်အမြင် အနှစ်သာရရှိသူ) ရှင်ဝိစိတ္တသာရဟု ဘွဲ့အမည် ပေးခဲ့လေသည်။ ဤဒုတိယအကြိမ် ရှင်ပြုပွဲကို ကျည်းပင်ရွာ အဘိုး ဆရာဦးချယ်၏ အိမ်ရှေ့၌ မဏ္ဍပ်ထိုး၍ ပြုလုပ် ခဲ့ပါသည်။ ထိုစဉ်က မောင်ခင်မှာ ဆဲရစ်ဝိုင်းနှင့် ဖြစ်၏။

ကိုရင် ရှင်ဝိစိတ္တသာရမှာ (၈)နှစ်သားအရွယ်ကပင် မိခင်နှင့် ခွဲ၍ အဘွား၊ အရီးလေးနှင့်အတူ နေထိုင်ကျင့်ရခဲ့ရာ ကိုရင်ဖြစ်သောအခါမှာလည်း မိခင်ကြီးကို ခဏတာ ခုနစ်ရက်လောက်မျှ ခွဲနေခြင်း မဟုတ်တော့ဘဲ တစ်ဆက်တည်းပင် ရှင်အဖြစ်ဖြင့် နေထိုင်ကာ စာပေများကို ဆထက်တိုး၍ ကြိုးစားသင်ပါသည်။

ဇာတိရပ်ရွာရှိ အလှူဒါနများ

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက "ဘုန်းကြီးအဖို့ ဤသဲဖြူဝကျေးရွာ+ကျည်းပင်ကျေးရွာတို့မှာ မွေးရာဇာကိုဖြစ်သောကြောင့် မမေ့အပ်သော အရပ်သုံးပါးတို့တွင် တစ်ပါးအပါအဝင် ဖြစ်သည်ကို အစဉ်မပြတ် သတိချပ်လျက်" ဟု မြင်းခြံမြို့နယ်၊ သဲဖြူဝကျေးရွာ တိပိဋကကျောင်း ရေစက်ချစာတမ်း၌ အမိန့်ရှိတော်မူသည့်အတိုင်းပင် မိမိ၏ဇာတိရပ်ရွာ၌ စာသင်ကျောင်း၊ တံတား၊ ဘုန်းကြီးကျောင်းများကို ဆောက်လုပ်လှူဒါန်းတော်မူခဲ့ပါသည်။ ဤသို့လျှင် ကျေးဇူးရှင် ဆရာတော်ကြီး၏ဇာတိရပ်ရွာ၌ပြုလုပ်ခဲ့သော ကုသိုလ်တို့ကို ဤနေရာ၌ ဖော်ပြကာ ဤအခန်းကို နိဂုံးချုပ်ပါမည်။

ဆရာတော်ကြီးသည် မီးရှူးသန့်စင်ဖွားမြင်တော်မူသော မူရာဇာတိရပ်ရွာဖြစ်သော ကျည်းပင်ရွာနှင့် သဲဖြူဝရွာရှိ ကလေးသူငယ်များ၏ ပညာရေးအတွက် မူလတန်း စာသင်ကျောင်းနှစ်ဆောင်ကို ပုံတူအရွယ်တူ၊ အထက်ထပ်၌ပျဉ်ခင်း၊ အောက်ထပ်၌ မိုးရာသီရေဝင်၍ ကွန်ကရစ်ခင်းပြီးလျှင် ဆောက်လုပ်ပြီးသော် နိုင်ငံတော်အစိုးရ ပညာရေးဌာနသို့ လွှဲပြောင်းအပ်နှင်းလှူဒါန်းတော်မူခဲ့ပါသည်။ မိမိငယ်စဉ် ပညာသင်ခဲ့သော ကျည်းပင်ရွာကျောင်းကို ကောင်းမွန်စွာ ပြန်လည်ပြုပြင်ဆောက်လုပ်ပြီး လျှပ်စစ်မီးနှင့်တကွ ခေတ်နှင့်လျော်အောင် ပြုပြင်စီမံဆောက်လုပ်စေခဲ့၏။ ကျည်းပင်ရွာကျောင်းအနီးရှိ "ဟင့်အင်း" ခေါ်သည့် ချောင်းရိုးဌ ရေကျသွားပါလျှင် နွားလှည်းများ မရှန်နိုင်အောင် နှစ်စဉ်ရှဲ့ဖွက်ကြီး ဖြစ်နေသဖြင့် ၎င်းနေရာတွင် ကျောက်တံတား၊ ကျောက်လမ်းခင်းပေးတော်မူခဲ့ပါသည်။ သဲဖြူဝရွာကျောင်းကိုလည်း နောင်မရွှေ့မပြောင်းရအောင် မြစ်ခွကမ်းနှင့်ဝေးကွာသည့် မြေနေရာ၌ တိပိဋကကျောင်း ဟူသော အမည်သညာကမ္ဘည်းထိုး၍ နှစ်ထပ်အုတ်ကျောင်းကြီး တစ်ဆောင်ကိုဆောက်လုပ်လှူဒါန်းခဲ့ပါ၏။ ထိုကျောင်းဆောက်လှူအပြီး တစ်လခန့်အကြာ မိုးကြီးသည်း၍ အထက်မှဆည်ကြီးကျိုးပေါက်ကာကျည်းပင်ရွာကျောင်းအနီး၌ ကမ်းပါးစောက်ကြီး ဖြစ်နေရာ မူလကျည်းပင်ကျောင်းဆရာတော် ဦးသာသနာ၏ မြေးများနှင့်တိုင်ပင်ကာ "အဘိဓဇကန်ကူလက်လှည့်ကျောင်း" နှစ်ထပ်တိုက်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းပါသည်။ တဖန် မိမိငယ်စဉ် (၇)နှစ်သားအရွယ်မှစ၍ ရှင်သာမဏေ အသက်(၁၈)နှစ်သား တိုင်အောင် (၁၁)နှစ်တိုင် နေထိုင်ပညာသင်ယူခဲ့သော မြင်းခြံမြို့၊ မင်းကျောင်းတိုက်၊ ရာဟုထောင့်ကျောင်းကိုလည်း မမေ့အပ်သောဌာနကြီးဟူ၍ ထိုဌာနဓမ္မပါလဓမ္မာရုံ နှစ်ထပ်အုတ်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းကာ ထားရှိခဲ့၏။ ။

http://www.dhammadownload.com



http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဒုတိယဆယ်နှစ် ရှင်သာမဏေဘဝဖြစ်တော်စဉ် (၁၂၈၃-ခု မှ ၁၂၉၃-ခုအထိ)

ကိုရင်ငယ်ဘဝအောင်ပွဲ

ရှင်ဝိစိတ္တသာရတို့ ဆယ့်သုံးနှစ်၊ဆယ့်လေးနှစ်အရွယ် လွန်ခဲ့သောနှစ်ပေါင်း ခြောက်ဆယ်လောက်တွင် ဗမာပြည်ကိုအင်္ဂလိပ်အုပ်စိုးတုန်းအချိန်ဖြစ်သည်။ လွတ်လပ်ရေးရရန် နည်းပေါင်းစုံဖြင့် ကြိုးစားနေရသော အချိန်ဖြစ်သည်။ နယ်ချဲ့ဆန့်ကျင်ရေးစိတ်နှင့် အတူ အမျိုးသားစိတ်ဓာတ်များလည်း အလွန်အရှိန်မြင့်မားနေသည်။ လူအများက နည်းပေါင်းစုံဖြင့် နယ်ချဲ့ဆန့်ကျင်ရေး လုပ်ကြသလို သာသနာ့ဝန်ထမ်းရဟန်းများကလည်း သံဃသာမဂ္ဂိအသင်းကြီးဖွဲ့ကာ နယ်ချဲ့အစိုးရလုပ်သော စာမေးပွဲများနှင့် အပြိုင်အဆိုင် အမျိုးသား စာမေးပွဲများကို ကျင်းပကြသည်။ ရှင်ဝိစိတ္တသာရ ဆယ့်သုံးနှစ်အရွယ်တွင် မြင်းခြံမြို့နယ်လုံးဆိုင်ရာ ဝံသာနုရက္ခိတဝိနည်း စာပြန်ပွဲကြီး၌ ဝင်ရောက်ပြန်ဆိုရာ ကစ္စည်းသဒ္ဒါကြီး ရှစ်စောင်ကို အထောက်အမ လွတ်ကင်း သန့်ရှင်းပြတ်သားစွာ ပြန်ဆိုနိုင်သဖြင့် စာထောက်၊ စာမ ဆရာတော်များနှင့် စာနာ ဒါယကာ၊ ဒါယိကာမများ၏ "စာအရတွင်ပထမတန်း" ဟု အထူးအဲ့သြချီးကျူးမှုကို ခံရပါသည်။

ဆယ့်လေးနှစ်သားအရွယ်တွင် သင်္ကြိဟ်ကိုးပိုင်းလုံးကို မြင်းစိုင်းသလို ပြန်ဆိုအောင်မြင်သည်။ ထိုသို့ပြန်ဆိုနိုင်အောင် မင်းကျောင်းတိုက် ရာဟုထောင့်ကျောင်း ဆရာတော်နှင့် လက်ထောက်စာချဆရာတော် ဦးစက္ကိန္ဒတို့က ဂရုတစိုက် လမ်းညွှန်ကြီးကြပ်ပေးကြသည်။ ဤအကြောင်းနှင့်ပတ်သက်၍ မင်းကွန်းတိပိဋကဓရ ဆရာတော်ကိုယ်တိုင် မင်းကွန်းဆရာရိုးစာပြန်ပွဲ ဆုနှင်းသဘင် တစ်ခုတွင် မိန့်ကြားတော်မူပါသည်။

"ဘုန်းကြီးတို့ငယ်စဉ် ဆယ့်နှစ်နှစ်၊ ဆယ့်သုံးနှစ်၊ ဆယ့်လေးနှစ်ဆိုတဲ့ အချိန်တုန်းက အစိုးရနှင့် အပြိုင်အဆိုင် အမျိုးသားစာပြန်ပွဲဖွေ လုပ်တဲ့အချိန်ဝထမအကြိမ်ဘုန်းကြီးတို့ ဆယ့်နှစ်နှစ်သားအရွယ်မှာ စာပြန်ပွဲဝင်ခဲ့တယ်။ သုတ်စဉ်၊ ဝိဘတ်သွယ်၊ သဒ္ဒါကြီးပါဠိက သန္ဓိနဲ့နာမ် ပြန်ဆိုရပါတယ်။ အပူဇော်ဝတ္ထုက ဖျင်ဇကော်စွဲ တစ်ထည်ရခဲ့ပါတယ်။

"အဲဒီနောက် စာချတဲ့ဦးပဉ္စင်း ဦးစက္ကိန္ဒဆိုတာ ဆရာကွန်းထား=လက်ထောက်ဆရာဖြစ်ပါတယ်။ ဦးစက္ကိန္ဒက ဘုန်းကြီးကိုဘယ်တော့မှ နာမည်မခေါ်ဘူး၊ ဘွဲ့လဲမခေါ်ဘူး၊ ခန္ဓာကိုယ် သေးငယ်လို့ **ပိန်တာလိန်တာအိုး** လို့ပဲခေါ်ပါတယ်၊ ချစ်စနိုးပေါ့။ သူက ဘာပြောသလဲဆိုတော့ ပိန်တာလိန်တာအိုး မင်းသင်္ကြိဟ်ကိုးပိုင်းကို တစ်လနဲ့ ရပါ့မလားလို့ မေးတယ်။ ဒီတော့ ဘုန်းကြီးက ရအောင်ကျက်ပါ့မယ် ဦးပဉ္စင်းရယ်၊ ရအောင် ကျက်လျှင် ဘာဆုချမလဲလို့

http://www.dhammadownload.com

မေးတော့ ငါမျက်နှာ သုတ်ပုဝါတစ်ထည် ဆုချမယ်လို့ ပြောပါတယ်။ ဘုန်းကြီးကလဲပဲ သင်္ကြိုဟ်ကိုးပိုင်းကို တစ်လနဲ့ ရအောင်ကျက်ခဲ့ပါတယ်။ ကျက်ပြီးတော့ လဲပဲ ကွန်းထားဆရာဖြစ်တဲ့ ဘုန်းကြီးဦးစက္ကိန္ဒ အရှင်မြတ်က ဖျင်ချောတဘက်ကလေးပေါ့၊ အနားကတော့ တစ်မတ်လောက် ဗျက်ရှိတဲ့ ပိုးချည်အနီစင်းကလေးနဲ့၊ အဲဒါလေးတစ်ထည် ချီးမြှောက်ပါတယ်။ အဲဒါသည်ပင် ဆန်တစ်ပြည်တစ်မူး ဆိုတဲ့ခေတ်မှာ အလွန်တန်ဖိုးရှိပြီး အလွန်နှစ်သက်ပါတယ်။

နောက်တစ်ခါ ဆယ်သုံးနှစ်အရွယ်မှာ သဒ္ဒါကြီးရှစ်စောင်ပြန်တဲ့အခါ ကျတော့ ဖျင်သက်နံးတစ်စုံ ချီးမြှောက်ခံရပါတယ်။ ဆယ့်လေးနှစ်သားအရွယ်မှာ သင်္ကြိုဟ်ကိုးပိုင်းကိုပြန်တော့ သင်းပိုင်တစ်ထည် ချီးမြှောက်ပါတယ်။ အဲဒါ စာပြန်ပွဲကရတဲ့ဆုပါ"

တိပိဋကဓရ ရှေ့ပြေးနိမိတ်

ရာဟုထောင့်ကျောင်းဆရာတော် ဦးသောဘိတသည် ကိုရင်ဝိစိတ္တသာရ၏ ဉာဏ်အရည်အသွေးကို သိရှိသည်။ သည်ဉာဏ်မျိုးဖြင့် ကြိုးစားလိုက်လျှင် ပိဋကတ်သုံးပုံ ပါဠိ အဋ္ဌကထာကို မွေနှောက်၍ သာသနာကို စောင့်ရှောက်နိုင်မည့် ရဟန်းကောင်းတစ်ပါး ဖြစ်လာမည်ကို မြော်မြင်မိသည်။ ထို့ကြောင့် ကိုရင်ဝိစိတ္တသာရအား ဆယ့်လေးနှစ်အရွယ်တွင် သင်ရိုးပါဠိတော် အဋ္ဌကထာတစ်စုံကို ပေးအပ်တော်မူ၍ ထူးထူးခြားခြား ချီးမြှောက်တော်မူသည်။ (ဆယ့်လေးနှစ်သား ကိုရင်ငယ်တစ်ပါးအား မိမိဆရာတော်က ပါဠိတော်အဋ္ဌကထာအစုံဖြင့် ချီးမြှောက်သည်မှာ ယခုအထိ ဤအကြိမ်သည် ပထမဆုံးနှင့်နောက်ဆုံး ဖြစ်မည်ထင်သည်။)

ကိုရင်ဝိစိတ္တသာရ၏ ဦးလေးဖြစ်သူ (အမေမောင်အရင်း) ဦးဖြူလွင်–ဒေါ်မိုနိမိသားစုတို့ကလည်း ဆရာတော်ဦးသောဘိတ စီစဉ်ပေးချက်အရ ဦကာအစုံလှူဒါန်းလေသည်။ ကိုရင်ဝိစိတ္တသာရကား မိမိခေါင်းရင်းဌ ဘိရှိအပြည့်တည်ရှိနေသော စာအုပ်များကိုကြည့်၍ ပိတိဖြစ်နေသည်။ စာအုပ်တွေကို မြင်ရလေလေ၊ စာပေဉာဏ်၌ စိတ်အားထက်သန်သန်လေလေ ဖြစ်လျက်ရှိ၏။ တစ်လုံးသိ၊ နှစ်လုံးသိဖြင့် ဘီရိတွင်းမှ စာအုပ်များကို တစ်အုပ်ပြီးတစ်အုပ် ယူကြည့်နေသည်။ မိမိသိရှိသမျှကိုလည်း ကိုရင်ငယ်အချင်းချင်း ပြန်ကြားပြောဆိုလေ့ရှိသည်။

ဤသို့စာပြန်ပွဲတွင် နှစ်စဉ်အောင်ပွဲဆင်ခဲ့သော ရှင်ဝိစိတ္တသာရအား ဖခင်ဘက်မှ ဆွေမျိုးတော်စပ်သော စွန်းလွန်းရပ်မှ အရိုးလေးများက စာတိုက်ဘီရိုနှင့် စာအုပ်များလှူလိုကြောင်း ဘုန်းတော်ကြီး ဦးသောဘိတအား လျှောက်ထားသဖြင့် ဘုန်းတော်ကြီး ဦးသောဘိတ၏ စီမံပေးချက်အရ ပေထုပ်များပင် ထောင်လိုက်ထည့်နိုင်သော အနံ့တထောင့်ထွာပမာဏ အမြင့် ငါးပေမျှပမာဏရှိသော ကျောက်မှန်တပ် စာတိုက်ဘီရိုကြီးကိုစီမံပြီးပေးလှူစေ၏။ ထိုစဉ်၌ ဘုန်းတော်ကြီး ဦးသောဘိတသည် မိမိတပည့် ရှင်ဝိစိတ္တသာရကို ပေထုပ်ကိုင်ပုံ၊ ပြုပြင်ပုံ၊ ထိန်းသိမ်းပုံ၊ ဖတ်ရှုပုံတို့ကို သင်ကြားပြသထားပြီးဖြစ်ရာ "ကိုရင် ဘုန်းကံရှိလျှင် ပေထုပ်လှူမည့်သူ ပေါလိမ့်မည်"ဟုလည်း အမိန့်ရှိခဲ့လေ၏။

စာပေအရေးအသား:

ဆရာတော် ဦးသောဘိတက မိမိတပည့်လေး စာပေအရာတွင် အဖက်ဖက်က ထက်မြက်ရန် မှော်ဘီဆရာသိန်းကြီး စီရင်သည့် ပေါရာဏဒီပနီ ပထမတွဲ၊ ဒုတိယတွဲ နှစ်အုပ်ကို ပေးထားလေသည်။ ထိုစာနှစ်အုပ်တွင် ကဗျာပေါင်းစုံပါဝင်၍ ကိုရင်ဝိစိတ္တသာရကြည့်ရှုလေ့လာကာ ကဗျာဉာဏ် ပွင့်လင်းရန် ဖြစ်သည်။ ထိုစာအုပ်နှစ်အုပ်သည် ကိုရင်ဝိစိတ္တသာရ၏ ကဗျာဉာဏ်ကို ရှေးဦးစွာဖွင့်ပေးလိုက်သည့် စာအုပ်များဖြစ်သည်။ စာဝါအားလပ်ချိန်တွင်

http://www.dhammadownload.com

ထိုစာအုပ်များကို ကြည့်၍ ပျို့၊ ကဗျာ၊ လင်္ကာများ လေ့ကျင့် ရေးသားလေ့ရှိသည်။ ဆရာတော်၏ အရပ်ရပ် စာပေးစာယူ ကိစ္စများကိုလည်း ဆောင်ရွက်ရသည်။ စာပေဝါသနာပါသူကို စာပေအရာ၌ အသုံးချတတ်သော ဆရာတော်ဦးသောဘိတ၏ လူမှုနေရာမှန်ကို ရွေးတတ်မှုကလည်း ကိုရင်ဝိစိတ္တသာရတို့းတက်ရေးအတွက် အားဆေးတစ်ခွက်ပင် ဖြစ်ပါသည်။ ကဗျာစာပေ အတော်အတန် လေ့လာပြီးသောအခါ ဆရာတော်က ဉာဏ်စမ်းသည့်အနေဖြင့် သုဝဏ္ဏသာမဇာတ် ယပ်ထောင်တရားတစ်ပုဒ် ရေးခိုင်းသည်။ ဆယ့်လေးနှစ်အရွယ်သာရှိသော ကိုရင်လေး ရှင်ဝိစိတ္တသာရကလည်း အောက်ပါ ပဏာမလေးဆစ်ကလေးကို အစခံကာ ရေးသားပါသည်။

တုမရ သုဂတသမ္မဒ္ဒါ။
ဟောမြွက်ကြား တရားရွေစာနှင့်၊
ထေရ်ဆရာ သံဃာများကိုကွယ်
ဦးချသေချာ။

သို့ပြီးခါ ဒေသနာတရား။
အချီးကို ဆက်ကာရေးမယ်ကွယ်
ဘော့ပျောက်စေသား.....။

ရေးသားဟန်မှာ ထိုခေတ်က ယပ်ထောင်တရားလေမျိုးဖြစ်ပါသည်။ အသံထုတ်ဖတ်၍ အရသာခံစားနိုင်ပါသည်။ ဆယ့်လေးနှစ်သား ကိုရင်လေး၏ စာပေအရေးအသားကို အကဲခတ်နိုင်ရန် ပိဋိယက္ခမင်းအား သုဝဏ္ဏသာမ ပြန်ပြောပုံ စကားကလေး အနည်းငယ် ထုတ်ပြပါမည်။

"သုံးဘုံသူဆံကော လောင်းသုဝဏ်ပရမေသည် မိန့်ခွေသာကြည် မြွက်ဟတော်မူသည်မှာ... ငါ့အမည်နာမကို ထင်ရှားစွာ ထုတ်ပြရလျှင် သုဝဏ္ဏသာမ ဟု သုံးလောကဘုံခွင်တွင် လူရှင်အများသိကြပါသည်။ စပယ် ဇလပ် ပန်းမြတ်ခတ္တာ ဇီဇဝါကြက်ရုံး ဂမုံးအင်ကြင်း ပျို့သင်းကြည်အေး ရနံ့မွှေးလျက် မြတ်လေးပုန်းညက် ပန်းပေါင်းယှက်သည့် စုံမြိုင်နက်ရုံအတွင်း မိခင်နှင့်ဖခင် မျက်မမြင်ရသေ့ မြတ်နှစ်ပါး၊ကို မခြားနေ့ည ရသမျှသစ်သီးနှင့် မွေးမြူ၍နေရပါသည်။ ယခုလိုအခါ သင်မင်းကြီး ပြုမိသည့်အပြစ်တာကို ဗျာပါမကင်းပြုသည့်အတွက် ကြောင့် မြားမှန်ချက်ဒဏ်ရာကို ပြင်းထန်စွာခံရခြင်းမှာလည်း သံသရာရေဃမုံတွင် စုန်ဆန်လှုံလာဝဋ်အတွင်းမှ မကင်းသမျှအခါဝယ် သူငါအစ များလှသနဲ့ လူတတွေတို့ မနေသာ မရှောင်သာ မမြှောင်သာ မကပ်သာ ဤဒုက္ခဝေဒနာကို ခံရမြဲမမွတာဖြစ်ချေပါသည်။ ထိုဒုက္ခဝေဒနာထက် အနှစ်ကျေးဇူးရှင် မိဖတော် ရသေ့အရှင်တို့မှာ တစ်နေ့ဖို့သုံးလောက်ရုံ သစ်သီးအစာ ရှိတုံချေသည်။ ငွေသဲသောင်ဖြူဖွေး ဤမြစ်ဆိပ်ကမ်းသာမှ ထမ်းဆောင်လာ ရေအေးလည်း တစ်ရွေးသားမျှမရှိပါ။ ငါမရောက်က သောက်ကြရမည်မဟုတ်။ သို့ဖြစ်အင် ဒုက္ခကို စိတ်သောကပူဆွေးကာ မလပ်မအေးရပါ။ အထီးကျန်သော မျက်မမြင် မိဖနှစ်ဖြာတို့ သည်လည်း ညဉ့်ကင်းခါနေကြ၍ မေ့သည်းချာ "သာမ"ဟု တောင့်တနှုတ်ဆို ငိုယိုလျက် နှလုံးသားကွဲပြိုမည့် အချက်ကို အလောင်းတော်မြွက်ဟ မြည်တမ်းတော်မူသောခဏ၌..."

ဤအရေးအသားမှာ ဆယ့်လေးနှစ်သား ကိုရင်ကလေး ရှင်ဝိစိတ္တသာရ၏ အရေးအသားဖြစ်ပါသည်။ အရွယ်နှင့်မလိုက်အောင် စာပေအရေးအသား ကောင်းသော်လည်း ငါ့စာ ဘယ်သူမှမပြင်ရဟု စာပေမာန်တင်းခဲ့နေသူမဟုတ်ပါ။ မှားရာတွေ့လျှင် ပြင်ပေးဖို့ပင် ပညာရှင်များအား ဤလေးဆစ် ကဗျာလေးဖြင့် ဖိတ်ခေါ် ထားလိုက်ပါသေးသည်။

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး
သက်တော်(၁၄)နှစ် အရွယ် သင်္ကြိဟ အာဂုံပြန် အောင်လက်မှတ်



မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး
သက်တော်(၁၅)နှစ် အရွယ် အစိုးရ ပဌမယော်တန်း အောင်လက်မှတ်။

http://www.dhammadownload.com

ဒေါသပဟာယကလေးဆစ်

စကားထောက်များပေးသည့်
စာသားကိုတဲ့ ပြင်ဆင်ပါ။
စာစီပုံရိုင်းသဟဲ့လို့ မတွေးကြပါနဲ့
ဆရာမထေရ်ခိုင်းတဲ့ အရေးကြောင့်ဗျာ
ရေးရတစ်ခါ။
မတတ် တတတ် ကျုပ်ခများ
အနုပ်ပါဗျ စာအသွား။
အမှားတွေ့လျှင်ဖြင့်
ကြားဖြေ့ကာ ပြင်ဆင်ထည့်ပါလို့
တရားမွေ့သူ ထေရ်ရှင်ကဝိတို့ရယ်
ရှုကြည့်စေသား။

ရှင်ဝိစိတ္တသာရ

၁၂၈၇-ခုနှစ်၊ ဝါဆိုလဆန်း (၈)ရက်။

ပထမငယ်အောင်မြင်ခြင်း

စာမေးပွဲတွင် အခိကဖြစ်သည့် သဒ္ဒါရှစ်ဆောင်သင်္ဂြိုဟ်ကိုးပိုင်းကို အားလုံးရနေသော ကိုရင် ဝိစိတ္တအတွက် အစိုးရစာမေးပွဲဝင်ဖို့ အခက်အခဲမရှိတော့ပြီ။ ဖုတ်ပူမီးတိုက် မနူးမနပ်လုပ်ရခြင်းမျိုးမဖြစ်။ ဆရာတော် ဦးသောဘိတသည် မိမိကိုရင်ဝိစိတ္တကို ဆိုင်ရာစာမေးပွဲတွက် ရာနှုန်းပြည့် အရည်အချင်းရှိမှ အစိုးရစာမေးပွဲကို အဝင်ခိုင်းသည်။ ၁၉၂၆-ခုနှစ် ဆယ့်ငါးနှစ် အရွယ်တွင် ပထမငယ်တန်းကိုအောင်အောင်မြင်တော်မူခဲ့ပါသည်။

ပထမငယ်ဝင်ပြီးစ အချိန်မှာ အဘွားတော်သူ ဒေါ်တုတ်က အနုဋီကာ၊ မဓုဋီကာ၊ ယောဇနာကျမ်းစာအမျိုးမျိုးကို လှူဒါန်းထား၍ ကြည့်စရာစာအုပ်ကလည်း ပြည့်စုံသည်။ ထိုစဉ်က ဘာသာပြန်အတွက် ကျမ်းသီးခြား မပြဋ္ဌာန်းသေး ပါဠိမြင်လျှင် မြန်မာထင်လောက်အောင်၊ ဝါကျရေးဖွဲ့ တတ်လောက်အောင် ကျမ်းစာအစုံ လေ့လာထားရသည်။ ညအခါပြန်ရမည့် စာများကို ပိုင်း၍ပိုင်း၍ အလှည့်ကျပြန်ဆိုလေ့ရှိသည်။

ဆရာတော် ဦးသောဘိတက ပါဠိဉာဏ်ရင့်သန်ဖို့ရန်အတွက် ဇိနာလင်္ကာရဋီကာ၊ဇာတတ္ထကီ၊ သောတတ္ထကီ ကျမ်းစာများကို ရန်ကုန်မြို့ သုခမ္မဝတီတိုက်မှ တမင်မှာ၍ ကိုရင်ဝိစိတ္တအား အကြည့်ခိုင်းသည်။ ထိုအခါ ထိုစာအုပ်များမှာ စာအုပ်ဖြစ်ကာစပင်ရှိသေးသည်။ နေ့စဉ်ဝတ်ထား၍ ကြည့်စေပြီး အကြောင်းအရာများကို မိမိထံလာ၍လျှောက်ထားခိုင်းသည်။ ကိုရင်ဝိစိတ္တအတွက် ဤမျှအထိ ပါဠိဉာဏ်များ ပွင့်လင်းလျက်ရှိရာ ပထမငယ်နှင့် ပထမလတ် ပြဋ္ဌာန်းကျမ်းစာများလောက်ကိုမူ အပိုင်အနိုင်လေ့လာထားပြီး ဖြစ်နေတော့သည်။

ပထမလတ်အောင်မြင်ခြင်း

၁၉၂၇-ခုနှစ်အသက်ဆယ့်ခြောက်နှစ်အရွယ်တွင် ပထမလတ်တန်းကို ဆက်တိုက်အောင်မြင်ပါသည်။

စာမေးပွဲ ဆက်တိုက်အောင်လောက်အောင် စာပေလေ့လာပုံကလည်း စည်းကမ်းကျသည်။ တစ်နံပါတ်ပုစ္ဆာ၌ ဤအချက်မျိုးကို မေးတတ်သည်၊ နှစ်နံပါတ် ပုစ္ဆာ၌ ဤအချက်မျိုးကို မေးတတ်သည် စသည်ဖြင့် ပုစ္ဆာဟောင်းများကိုကြည့်၍ ပုစ္ဆာကို အကဲဖြတ်ကြည့်သည်။ နောက်မှ ဆိုင်ရာကျမ်းများကို ကြည့်ရှုရင်း ဤအချက်မျိုးကို ဤနံပါတ်ပုစ္ဆာတွင် မေးတတ်သည်ဟု ကျမ်းအဆိုကိုလည်း အကဲဖြတ်ကာ နှုတ်ရအောင် ဆောင်တန်လျှင်ဆောင်သည်။ ထုတ်နှုတ်ရေးမှတ်တန်လျှင် ထုတ်နှုတ်ရေးမှတ်သည်။ ပထမငယ်ဝင်ချိန်မှာ ပထမလတ်တန်း ပုစ္ဆာဟောင်းများကို ဖြေနိုင်သည်အထိ လေ့လာထားသည်။ ပုစ္ဆာဟောင်းများကို ဖြေနိုင်သည်အထိ လေ့လာထားသည်။ ပုစ္ဆာဟောင်းများကို စုဆောင်းရှာဖွေဖြေကြည့်သည်။ ကျမ်းစာကိုကြည့်၍ စိတ်ကူးဖြင့်ပုစ္ဆာထုတ်ကြည့်ပြီး စိတ်ကူးဖြင့် ဖြေဆိုကြည့်သည်။

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး
သက်တော်(၁၆)နှစ် အရွယ် အစိုးရ ပထမလက်တန်း အောင်လက်မှတ်။



မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး
သက်တော်(၂၀)အရွယ် အစိုးရ ပဌမကြီးတန်းအောင် လက်မှတ်

http://www.dhammadownload.com

သီလစံပြပုဂ္ဂိုလ်ဖြစ်စေရန်

ရှင်ဝိစိတ္တသာရသည် စာပေပရိယတ်ဘက်၌သာ ထူးချွန်သည် မဟုတ်သေး၊ အကျင့်သီလဘက်မှာလည်း မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်သော သီလစံပြပုဂ္ဂိုလ် ဖြစ်ခဲ့ပေသည်။ အကျင့်သီလနှင့် စပ်၍ တိ=နိ စာဖြေသံဃာများအား ချီးမြှင့်သော ဩဝါဒပေးပွဲတစ်ခုတွင် "တပည့်တော်များ ပုထုဇဉ်ဂတိအတိုင်း ကိုရင် ၁၂-နှစ်၊ ၁၃-နှစ်ဆိုတဲ့ ပထမယဉ်မဝင်ရသေးသော အချိန်အခါတုန်းက တပည့်တော်တို့သည် ကလေးဘာသာဘာဝအရ ပျော်ပွဲရွှင်ပွဲမြင်းခြံမြို့မှာ သွားခဲ့ရောက်ခဲ့ ဝင်ခဲ့ရပါတယ်။ တပည့်တော် သညာရအောင်ကြည့်တယ်။ မင်းသားလက်ကို ဘယ်လိုထားတာကြည့်တယ်။ သူတို့ရဲ့ ယဉ်ကျေးမှု၊ တဖန် သူတို့သည် ဤသီချင်းစာပိုဒ်ကို လေယူလေသိမ်း ဘယ်လိုသိမ်းတယ်ဆိုတာကိုပါ သညာရအောင် ကြည့်ခဲ့ပါတယ်။ တပည့်တော် ပထမယဉ်လည်းအောင်ပြီးရော ဒီပျော်ပွဲရွှင်ပွဲကြည့်မှဆိုတဲ့ လုပ်ငန်းဟာ တစ်ခါတည်း ပြတ်သွားတယ်၊ မကြည့်ဘူးဘုရား။ အဲဒါဘာဖြစ်လို့လဲ၊ မိမိရင်ပြီးတဲ့ ပထမယဉ်ဆိုတဲ့ဂုဏ်ကို ထိန်းသိမ်းရပါတယ်" ဟူ၍ ဖြစ်ပါသည်။

ဆရာတော်ဦးသောဘိတကလည်း ဤသို့လျှင် မိမိ၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်သူ ရှင်ဝိစိတ္တသာရ၏ စာတတ်ပုံ၊ အကျင့်သီလပြည့်စုံပုံတို့ကို သိမြင်တော်မူသည့်အတွက် ရာဟုထေရ်ငကျောင်း ကျောင်းအပ်စာတမ်း ရေးသားသောအခါ (၁၅)နှစ်သားမျှသာ ရှိသော သာမဏေငယ် ရှင်ဝိစိတ္တသာရအား တပည့်သွင်း၍ ရေးသားတော်မူခဲ့လေသည်။

ဆရာဝတ်ပြုချိန်

ကိုရင်ဝိစိတ္တ၏ တက်လမ်းကား ပန်းခင်းထားသော လမ်းမျိုးချည်းမဟုတ်ပါ။ လှေလှော်ရင်း တက်ကျိုးဆိုသလို စာပေအားထုတ်၍ ကောင်းတုန်း ပထမလတ်တန်း အောင်ဂေဇက်ထွက်ပြီးစအချိန်မှာ ဆရာတော် ဦးသောဘိတ ကိုယ်တစ်ချမ်းသေ (သွက္ကာပါဒ) လေဖြတ်ရောဂါ ဖြစ်လာပါသည်။ ထိုရောဂါရှိသူမှာ စိတ်အားငယ်တတ်သည်။ စိတ်လည်းတိုတတ်သည်။ ကိုရင်ဝိစိတ္တမှာ သည်းခံ၍ ဆရာသမားဝတ်ကို ကျေပွန်အောင်ပြုစုသည်။ သက်နှံ့အညစ်အကြေးများ ဖွတ်လျှော်ပေးသည်။ အစားအသောက်များကို စိတ်ရှည်လက်ရှည် ကျွေးမွေးသည်။ ဆေးဆရာများ မှာသည့်အတိုင်း ဆေးဝါးဓာတ်စာကိုလည်း အချိန်ကိုက် တိုက်ကျွေးသည်။ မည်မျှပင် ဂရုတစိုက်ပြုစုသော်လည်း ရောဂါ၏သဘောကြောင့် တစ်ခါတစ်ခါ အလိုမကျသဖြင့် ငေါက်ငန်းသည်။ အနားအကပ်မခံသည်အထိ ငေါက်ငန်းသောဒေါသမျိုးလည်းရှိသည်။ ထိုအခါ မျက်စိသူငယ် နားသူငယ်နှင့် ဆရာတော်ဦးသောဘိတကို ပြောနိုင်ဆိုနိုင်သည့် မင်းကျောင်းတိုက်အတွင်းရှိ ဆရာတော်တစ်ပါးထံသွားရသည်။ ထိုဆရာတော်က အကျိုးအကြောင်းပြောဆိုကာပြန်ထားမှ အနားကပ်ပြုစုခွင့်ရသည့် အခြေအနေမျိုးလည်း တစ်ခါတစ်ခါ တွေ့ရသည်။ ကိုရင်ဝိစိတ္တကမူ မည်သို့ပင်ဖြစ်စေ "သစေဥပဇ္ဈာယော ဂိလာနော ဟောတိ ယာဝဇီဝံ ဥပဋ္ဌာတဗ္ဗော" အကယ်၍ ဥပဇ္ဈာယ်ဆရာ ဖျားနာနေလျှင် တစ်သက်ပတ်လုံး ပြုစုလုပ်ကျွေးရမည်ဟူသော မြတ်စွာဘုရား၏ အမိန့်တော်ကို ဦးထိပ်ပန်ဆင်ကာ မရွံမရှာ မညည်းမညူ ပြုစုတော်မူပါသည်။

ကျေးဇူးရှင်ဆရာတော်ကြီးသည် မိမိငယ်စဉ်က ဆရာသမားကို ပြုစုခဲ့ပုံနှင့်စပ်လျဉ်း၍ တိ=နိ စာဖြေသံဃာတော်များအား အမိန့်ရှိတော်မူသည်မှာ "တပည့်တော် (၁၇)နှစ်သားက သာမဏေဘဝ ဥပဇ္ဈာယ်ဆရာ ပက္ခဃာတ=ကိုယ်တစ်ချမ်းသောတဲ့ လေရောဂါနှိပ်စက်လို့ တပည့်တော်က အစစအကုန်လုံး ပြုစုရတယ်။ ဒီလေရောဂါနှိပ်စက်ရင် အားလုံးသူတစ်ပါးနှင့် စပ်ပြီးတော့နေရတယ်။ အကယ်၍

http://www.dhammadownload.com



ပထမ ဓမ္မနာဒ ဆရာတော်ဘုရား ဦးပညာစက္ကဓ၏ ပုံတော်။

http://www.dhammadownload.com

အနွံတာခံပြီးပြုမယ့်တပည့် မရှိရင် အဲဒီပကွဲဃာတလေနိပ်စက်တဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ကျင်ကြီး ကျင်ငယ်ထဲမှာ နစ်မျောမှာပဲ။ ဒါအသေအချာတွေ့တယ်။ ဒီတော့ တပည့်တော်က စဉ်းစားတယ်။ ငါ့ဆရာမှာတော့ ငါကတော့ သူသေသည့်တိုင်အောင်ပြုရမှာပဲ။ သူ့ကျင်ကြီးကျင်ငယ်ထဲ မနစ်မျောဘူး၊ ဒီတော့ တပည့်တော် အဲဒီရောဂါဖြစ်မှာ သိပ်ကြောက်တယ်။ အဲဒီလိုသိပ်ကြောက်တော့ ဒီဆရာတော်အားကုတဲ့ ဆေးဆရာတွေသူတို့ကိုမေးတယ်။ "ဆရာကြီးတို့ ဒီရောဂါမျိုးဖြစ်စေတတ်တာ ဘယ်ဟာက ဖြစ်စေတတ်တုန်း" ဆိုတော့၊ အဲဒီဆရာကြီးတွေက "ကိုရင် ဝက်သားကဖြစ်စေတာ၊ ဝက်သားကဖြစ်စေ တာတဲ့" ဟူ၍ဖြစ်ပါသည်။ ဆရာတော် ဦးသောဘိတသည် ဝက်သားကိုအလွန်ဘဉ်းပေးတော်မူ၏။ ဝက်သားဟင်းလေးလည်း မပြတ်မလပ်ချက်ကျွေးရှိ၏။

ဆရာတော်ဦးသောဘိတသည် (၂)နှစ်ခွဲကြာ ဝေနာဒဏ်ကို ခံယူရတော်မူကာ ၁၂၉၁-ခု၊ သီတင်းကျွတ် လပြည့်ကျော် (၁)ရက်နေ့တွင် ပျံလွန်တော်မူပါသည်။

ဘုန်းတော်ကြီးများ ပျံလွန်တော်မူလျှင် အကြောင်းကြားစာ၊ ဘုန်းကြီးပင့်စာ၊ လှေတော်သံစာ ပါဠိဂါထာစသောစာများကို ရေးသားလေ့ရှိကြသည်။ မိမိတို့ အသိုင်းအဝိုင်းအတွင်းမှာ ထိုစာမျိုး ရေးတတ်သူမရှိလျှင် တခြားပညာရှင် တစ်ဦးဦးကို အရေးခိုင်းကြသည်။ ဆရာတော်ဦးသောဘိတ၏ ဈာပနပွဲတွင် ကိုရင်ဝိစိတ္တ၏အကြောင်းကို သိနေသော ဆရာတော် ဦးသောဘိတ၏ တပည့်ကြီးများက ကိုရင် ဝိစိတ္တကို ရေးခိုင်းကြသည်။ "ဆရာတော် သင်ကြားပေးထားသောပညာဖြင့် ဆရာတော်အား ပူဇော်ခြင်းသည် အကောင်းဆုံးပူဇော်ခြင်း ဖြစ်သည်"ဟု သဘောထား၍ ကိုရင်ဝိစိတ္တကလည်း အစွမ်းကုန်ရေးသားပူဇော်ပါသည်။ ဈာပနပွဲနှင့်စပ်သော ဘုန်းတော်ဖွဲ့တေးထပ်၊ ဒွေးချိုး-လေးချိုး-ကောင်းကင်ကြိုး-သိင်္ဂါသံ လှေတော်သံများ ရေးပေးသောကြောင့် ဈာပနပွဲတွင် ကိုရင်ဝိစိတ္တ အတော်နာမည်ရသွားသည်။ "ရာဟု ထောင့်ကျောင်းဆရာတော် ပျံလွန်တော်မူရာ ဥဏ်ကောင်းတဲ့ကိုရင်လေးတစ်ပါး ကျန်ခဲ့သတဲ့။ စာပေအရေးအသား အလွန်ကောင်းသတဲ့။ ဘုန်းကြီးပျံဆိုင်ရာ စာပေအားလုံးကို ကိုရင်လေးရေးတာတဲ့" စသော ကောင်းသတင်းများ ကျော်ကြားသွားသည်။

ဦးပညာစက္ကထအပ်နှံရန်

ထိုနှစ်တပေါင်းလဋ္ဌ ဆရာတော်ဦးသောဘိတ၏ အန္တိမစျာပနကျင်းပသောအခါ ဈာပနပွဲလာတပည့်ကြီး ခုနစ်ပါး- (၁) မင်္ဂလာကျွန်း ဆရာတော် ဦးဝိညေယျ၊ (၂) မော်လမြိုင်ကျွန်း ဆရာတော် ဦးတေဇ (ကျွဲခြံဝဲချောင်း)၊ (၃) အုတ်ဖို မတောင့်တဆရာတော် ဦးတေဝန္တ၊ (၄) ပုပ္ပါး လိုဏ်သာ ဆရာတော် ဦးကေသရ၊ (၅) မြင်းခြံကြာပို့ ဆရာတော် ဦးဣန္ဒနှင့်၊ (၆) ဆီမီးခုံ ဆရာတော် ဦးဇယန္တနှင့်၊ (၇) ကန့်ကူလက်လှည့် ဆရာတော် ကျည်းပင်ရွာ ဦးသာသနတို့သည် စည်းဝေးပြီး ကိုရင်ဝိစိတ္တသာရ ၏ နောင်ရေးကို ရှေးဦးစွာဆွေးနွေးကြသည်။ (၂)နှစ်တိုင်တိုင် ပညာရေးဖင့်နှေးခဲ့ပြီး ဆရာသမားအပေါ်၌ အနွံအတာခံကာ ပြုစုခဲ့သည့် ဆောင်ရွက်မှုကို လျစ်လျူမရှုရက်ကြ၊ အရှင်ဝိစိတ္တကိုပညာသင်လွတ်ရေးအတွက် ကျောင်းတိုက်ရွေးနေကြသည်။ထိုအခါကိုရင်ဝိစိတ္တသာရကပင် မိမိအား မင်းကွန်းဓမ္မနာဒတိုက် ဆရာတော် ဦးပညာစက္ကထော်ထံ ပို့ပေးကြပါရန် တောင်းပန်လျှောက်ထားလေသည်။ ထိုအခါ မထော်ကြီးတို့က "မင်းကွန်းကတောခေါင်ခေါင်ကြီးပဲ၊ ပျင်းစရာကြီး၊ ကိုရင်ပျော်ပါ့မလား၊ မန္တလေးကိုကျော်ပြီးဘာပြုလို့ သွားချင်ရတာလဲ"ဟု မေးရာ၊ "မန္တလေးမှာနေရင် အငြိမ့်ပွဲတို့၊

http://www.dhammadownload.com



ဝိစိတ္တသာရအား မင်းကွန်းသို့ ပို့ဆောင်ပေးတော်မူသော
ဆရာတော် ဦးဣန္ဒာလောက။



တောတောင်လျှိုမြောင် ကြားဝယ် ဓမ္မနာဒကျောင်း တည်နေပုံ။

http://www.dhammadownload.com

ဘောလုံးပွဲတို့ကို သွားချင်တဲ့ ကိုယ်တော်များက အဖော်ခေါ်ကြပါလိမ့်မယ်ဘုရား၊ အဖော်ခေါ်၍မရရင် ရုန်လုပ်ကြမှာပါ၊ အဲဒါကြောင့် မန္တလေးမှာ မနေချင်တာပါ"ဟု လျှောက်ထားရာ၊ ဦးဝိဇ္ဇေယျက "သူ့ဘဝလေးကို ကောင်းအောင်ဖန်တီးတတ်လိုက်တာ"ဟု ချီးမွမ်းပြောဆို၏။

ကိုရင် ဝိစိတ္တသာရမှာ ဓမ္မနာဒဆရာတော်နှင့် သူစိမ်းပြင်ပြင် မဟုတ်ပါ။ အင်္ဂလိပ်မင်းလက်ထက်၌ မြန်မာနိုင်ငံ မြို့ကြီးများတွင် မကြာမကြာ ပလိပ်ကပ် ရောဂါဆိုးကြီး ဖြစ်တတ်သည်။ မန္တလေးမြို့မှာ ဆောင်းစင်လျှင် ထိုရောဂါဆိုးကြီးဖြစ်လေ့ရှိရာ ဓမ္မနာဒဆရာတော်အလောင်းအလျာ ဦးပညာစက္ကရဟန်းတော်မှာ မန္တလေးမြို့၊ ရွှေရေးဆောင်တိုက်မှ မိမိမူလနေရာ မြင်းခြံမြို့ မင်းကျောင်းတိုက် တနင်္ဂနွေ ထောင့်ကျောင်းသို့ ပြန်လာတတ်ပါသည်။ မြင်းခြံမြို့၊ မင်းကျောင်းတိုက် တနင်္ဂနွေထောင့်ကျောင်း ဆရာတော်မှာ ဦးကေသရဖြစ်၍ ဦးပညာစက္က၏ ဦးရီးတော်ပြီး ဦးပညာစက္က ရောက်လာလျှင် ဦးကေသရက စာချခိုင်းလေ့ရှိ၏။ ဦးပညာစက္ကသည် စာပေပရိယတ္တိ၌ အလွန်ထက်သန်သော အရှင်ဖြစ်၍ ရောက်ရာအရပ်တိုင်းမှာ အအားမနေ၊သင့်တော်ရာစာဝါ တက္ကမ်းကျမ်းကို ပို့ချလေ့ရှိပါသည်။ ဦးပညာစက္ကသည် မိမိနေထိုင်မည့် ကာလမှာ (၂)လခန့်ဖြစ်၍ (၂)လနှင့် စာဝါကုန်မည့် သဒ္ဒါငယ်ကို ချလေ့ရှိ၏။ ကိုရင်ဝိစိတ္တသာရ၏ ဆရာတော် ရာဟုထောင့်ကျောင်းဆရာတော် ဦးသောဘိတမှာ သူတော်ချင်းချင်း သတင်းလွှဲလွှဲ ပေါင်းဖက် တွေ့၏ဆိုသည့်အတိုင်း သဘောချင်းတူသဖြင့် ဦးပညာစက္ကနှင့် အလွန်ရင်းနှီးပါသည်။ ဦးပညာစက္က မြင်းခြံရောက်ခိုက် စာပေပို့ချတိုင်း မိမိ၏တပည့်များကို ထိုစာဝါကို လိုက်နာသင်ယူစေပါသည်။ ဦးပညာစက္ကထံ၌ စာဝါလိုက်ရန် ဦးသောဘိတ စေလွှတ်သော တပည့်များမှာ ကိုရင်ငယ်များမဟုတ်၊ ဦးပညာစက္ကထက် ဝါကြီးသောရဟန်းတို့ကို နည်းရစေရန် တမင် စေလွှတ်ခြင်းဖြစ်သည်။ ထို့ပြင် ဦးပညာစက္ကကလည်း ဦးသောဘိတထံလာ၍ မိမိကြည့်လိုသောစာပေများကို ငှါးရမ်းကြည့်လေ့ရှိ၏။ ထိုအခါတွင် ဦးသောဘိတ၏ စာပေကိုင်တပည့်မှာ ကိုရင်ဝိစိတ္တသာရဖြစ်၍ ကိုရင်ကပင် ပေစာထုပ်များကို ရှာဖွေဆက်ကပ်ရလေ့ရှိ၏။

ကိုရင်ဝိစိတ္တသာရကား ကိုရင် ငယ်တစ်ပါးဖြစ်၍ ဦးပညာစက္ကနှင့် မရင်းနှီးသေးသော်လည်း စိတ်ဓာတ်ကမူ ထိုအရှင်ကို အလေးအမြတ် ကျေနပ်ကြည်ညိုလျက်ရှိနေပါပြီ။ ထို ကြည်ညိုရင်း စိတ်ဓာတ်အခံရှိပြီးဖြစ်နေ၍ မိမိအတွက် မင်းကွန်းဓမ္မနာဒဆရာတော် အရှင်ပညာစက္ကထေရ် ထံသို့ ပို့အပ်ရန် လျှောက်ထားခြင်းဖြစ်ပါသည်။ ဦးပညာစက္ကအနေနှင့်လည်း ကိုရင်ဝိစိတ္တသာရကို ဦးသောဘိတထံ ဝင်ထွက်သွားလာရင်း စာတော်ကြောင်း၊ အကျင့်ကောင်းကြောင်း၊ ဆရာသမားကိုပြုစု လုပ်ကျွေးကြောင်း သိထားပြီးဖြစ်သည့်ပြင် ဦးသောဘိတ၏ ဗျာပန၌စာစပ်အရေးအသား ကောင်းမွန်ပုံကိုလည်း သိရှိပြီး ဖြစ်နေပါသည်။

ဤသို့ဖြင့် ဆရာတော် ဦးသောဘိတ၏ တပည့်ကြီးများ အစည်းအဝေးက ရှင်ဝိစိတ္တသာရအား မင်းကွန်း ဓမ္မနာဒတိုက်သို့ ပို့အပ်ရန် ကြာပို့ဆရာတော် ဘုန်းကြီး ဦးဣန္ဒာလောကအား တာဝန်ပေးခဲ့ပါသည်။ ရှင်ဝိစိတ္တသာရသည် ဗျာပနရက်အတွင်း ဝေယျာဝစ္စပင်ပန်းလှသဖြင့် ဗျာပနကိစ္စပြီးသောအခါ ခေတ္တခဏဖျားလေသည်။ အဖျားပြတ်၍ နာလံထသောအခါမှ မင်းကွန်းသို့ပို့ပေးမည်ဟုကတိပေးထားကြလေသည်။

မင်းကွန်းဓမ္မနာဒသို့

ဘုန်းကြီး ဦးဣန္ဒာလောကသည် ကိုရင်ဝိစိတ္တသာရကို ခေါ်ယူကာ မင်းကွန်းသို့ လာခဲ့သည်။ ထို

http://www.dhammadownload.com

မင်းကွန်းတောင်ရိုး ဧရာဝတီမြစ်ကမ်းရှိ သမိုင်းဝင် သာသနိက အဆောက်အဦးများ

စစ်ကိုင်းမင်း
တည်ထားသော
မြသိန်းတန် စေတီတော်





ပုဂံမင်း တည်ထားခဲ့သော စက်တော်ရာ စေတီ။

http://www.dhammadownload.com



ဘိုးတော်မင်း ကောင်းမှု
မင်းကွန်း ပုထိုးတော်ကြီး။
အနှစ်(၂၀)တည်ခဲ့ရသော်လည်း
မပြီးစီးခဲ့။



ကြီးလေးကြီးအပါအဝင်
ဖြေသုံးကြီး



ခေါင်းလောင်းကြီး ပြဿဒ်



မင်းကွန်း ခေါင်းလောင်းကြီး

http://www.dhammadownload.com

အချိန်က မန္တလေးမှ မင်းကွန်းဘက်သို့ ကူးရသည်မှာ မလွယ်ကူပါ။ ယခုလိုစက်တပ်ယာဉ်များ မရပေါ်သေး၍ လှေသမ္ဗန်ဖြင့် ကူးရပါသည်။ ဧရာဝတီမြစ်လယ် မှာ နာရီပေါင်းအတော်ကြာညောင်းအောင် ကူးရသည်။ လေလာ၍ လှိုင်းကြီးသောအခါ အလွန်အန္တရာယ်ကြီး လှပါသည်။

လှိုင်းထဲမှာ သွားလာရ၍ အလွန်ကြောက်မက်ဖွယ်ကောင်းသော်လည်း ကိုရင်ဝိစိတ္တသာရ၏ စာပေသင်ကြားလိုစိတ်က ကြောက်စိတ်ကို အနိုင်ယူနိုင်ခဲ့ပါသည်။ ည ကိုးနာရီလောက်မှာ မင်းကွန်းဆိပ်ကမ်းသို့ ရောက်သည်။ ၁၂၉၁–ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်နေ့ညဦး မင်းကွန်းသို့ ရောက်ရှိပါသည်။

တန်ခူးလရာသီကား နေ့အခါ ပူပြင်းသော်လည်း ညအခါမူ အေးချမ်းပါသည်။ မိုးတိမ်များလည်း ကင်းစင်သည်။ လဆန်း(၁၃)ရက်ညဖြစ်၍ လရောင်ကလည်း အားကောင်းလှပါသည်။

မင်းကွန်းဆိပ်ကမ်းမှ ၃–မိုင်းသာပေးရသော လှည်းခရီးခကို ညအချိန်ဖြစ်၍ ၃–မတ်ပေးပြီး လှည်းငှားကာ ဆရာတပည့်နှစ်ယောက် မမွန်နာဒတိုက်ဘက်သို့ တက်လာ သည်။ ဓမ္မနာဒကျောင်းတိုက်နှင့် ရွာမှာ ကုပ်လုပ်လေးတာ အပြန်ငါးရာ (အတောင်နှစ်ထောင်)လောက် ဝေးကွာသည်။

ရွာကိုလွန်လျှင် လူသံသူသံ မကြားရ၍ ဆိတ်ငြိမ်အေးချမ်းမှု ရှိလှသည်။ လရောင်ဖွေးဖွေး လှည်းကလေးပေါ်တွင် တောကျောင်း၌ ပျော်မွေ့သည့် စိတ်ဓာတ်များ တဖွားဖွားဖြစ်နေသည်။ လိုက်ပို့သော ဆရာတော် ဦးဣန္ဒာလောကကမူ ဤမျှ တောခေါင်သည့်အရပ် ကိုရင် ပျော်မှ ပျော်ပါ့မလားဟု သံသယဖြစ်နေသည်။ တဖြည်းဖြည်း တောကနက်သည်ထက် နက်လာသည်။ လူသံလည်း ကင်းသည်ထက် ကင်းလာသည်။ ထိုအခါ လိုက်ပို့သောဆရာတော်မှာ အန္တရာယ်ကြုံတွေ့က ကာကွယ်ရန် လှည်းပေါ်က မစီးဘဲ လှည်းနောက်ကလိုက်ရင်း "ဒီလောက်ပျင်းစရာကောင်းတဲ့နေရာမှာ ကိုရင်ကိုမအပ်သေးဘူး၊ သုံးရက်ထားပြီး မပျော်ရင် ပြန်ခေါ်မယ်"ဟု ပြောပြီး–

"ကိုရင် ဤမျှ နက်ခေါင်လှသော တောကြီးအတွင်းမှာ ပျော်နိုင်ပါမည်လား"ဟုလည်း မေးမိလေသည်။

"တပည့်တော်အဖို့ ဤနေရာသို့ နှတ်ပို့၍သာရောက်လာသည်ဟု အောက်မေ့ပါသည်ဘုရား"ဟု ချက်ချင်းတုံ့ပြန် လျှောက်ထားလိုက်မှ လိုက်ပို့သော ဆရာတော် စိတ်အေးသွားသည်။ ဝမ်းသာသွားသည်။ မိမိတို့ ဖြစ်စေချင်သည့်အတိုင်း ဖြစ်လာရာတွင် ဝမ်းအသာဆုံးသူမှာ ဆရာသမားများပင် ဖြစ်ပါသည်။

ကိုရင် ဝိစိတ္တသာရ၏စိတ်မှာ ဆိတ်ငြိမ်သော တောကြီးကား မိမိအဖို့ သာသနာ့အောင်မြေဟု ယူဆထား၏။ မှန်ပါသည်။ လောကကြီးပွားရေးအတွက် မြို့ကြီးပြကြီးသည် အောင်မြေ ဖြစ်သကဲ့သို့ ဓမ္မကြီးပွားရေးအတွက် တောတောင်အရပ်သည် အောင်မြေပင် ဖြစ်ပါသည်။

ဘုရားအလောင်းတော်သည် လောကုတ္တရာတရားအတွက် နန်းတော်ကိုစွန့်၍ တောထွက်ခဲ့ရ၏။ သာဝကကြီးများလည်း စည်းစိမ်ကိုစွန့်၍ တောထွက်ကြရ၏။ သာသနာ့ ပြင်ပ၌ပင် ဓမ္မအရေးအတွက် စည်းစိမ်စွန့်ကာ တောထွက်တရားရှာ ပါရမီဖြည့်ကြရပေသည်။

မင်းကွန်းတောတန်းကား တရားရှာသူတို့အတွက် အလွန်မွေ့လျော်ဖွယ် ကောင်းလှ၏။ အရှေ့ဘက်မှ ဧရာဝတီမြစ်ကြီးတည်ရှိ၍ မြစ်နဖူးမှာ မင်းကွန်းရွာကလေးရှိ၏။ ရွာမှ အနောက်ထွက်မိလျှင်ပင် လူနှင့်ရဟန်းတို့ မရောပြွန်းအောင် ခွဲခြမ်းထားသည့်ပမာ တောင်ယာကလေးများနှင့် တောင်သင်္ဘောကလေးများ ခြားပြီးမှ တောနေတောင်အောင်းသူတော်ကောင်းများ၏ ချောင်များကား တောင်ခါးပန်း

http://www.dhammadownload.com

၌ တောင်မြောက်စဉ်တန်းလျက် တည်ရှိ၏။ တချောင်နှင့် တချောင် တစ်ကျောင်းနှင့်တစ်ကျောင်း မရောယှက်ရလေအောင် လေးမျက်နှာမှ တောင်ငယ်ကလေးဝန်းရံလျက် တည်ရှိလေသည်။ တိတ်ဆိတ်ကင်းရှင်းမှု အရယူလိုသော သူတော်ကောင်းတို့အဖို့ အာရုံငါးပါးကို မိမိက အထူးမရောင်ရဘဲ အာရုံငါးပါးကပင် အနားသို့ မကပ်ရဲသည့်ပမာ ဝေးရာကရှောင်ရှားကြသဖြင့် သာသနာ့အောင်မြေသဖွယ် ဖြစ်၍နေတော့သည်။ အနောက်ဘက်မှ ရွှေမြင်တင်တောင်တန်းကြီးကလည်း သဘာဝတံတိုင်းကြီး ကာဆီးပေးသကဲ့သို့ တည်ရှိနေပေ၏။

ည ကိုးနာရီခွဲလောက် ဓမ္မနာဒကျောင်းတိုက်အနီးသို့ ရောက်သည်။ ဆိတ်ငြိမ်လှသော တောကြီးထဲဝယ် (၁၅)နှစ်အရွယ် သာမဏေငယ် ရှင်ဝဏ္ဏိတ (ဓမ္မနာဒဆရာတော်ကြီး ချစ်စနိုးခေါ်သော ကိုရင်ကြွေစိ)နှင့် ကိုရင်တိတိတို့၏ နဒီ နဒီယော နဒီနဇ္ဇော စသည်ဖြင့် သန့်ရှင်းပြတ်သားစွာ နာမ်ဂိုဏ်းပြေးရွတ်ဆိုနေသံကို ကြားရသောအခါ "၁၂-နှစ် ၁၃-နှစ်သားမျှသာ ရှိသေးသော ကိုရင်လေးတွေတောင်မှ ဂိုဏ်းတွေ ပြေးနေပါကလား" ဟု ထိုစဉ်က ရုက်စိတ်ဝင်မိကြောင်း မိန့်တော်မူဖူးပါသည်။ မူလကပင် စာပေဓာတ်ခံထက်သန်လျက်ရှိသောကိုရင်ဝိစိတ္တသာရ၏ စိတ်ဓာတ်ကို နှိုးဆွပေးသကဲ့သို့ဖြစ်ပြီး တိုး၍တိုး၍ ဤတောရတိုက်တာကြီး၌ ပျော်မွေ့စေပါသည်။

ကျောင်းတိုက်အတွင်းရောက်ပြီး ဆရာတော်သိတင်းသုံးရာကျောင်းသို့ ဆရာတပည့်နှစ်ယောက် သွားကြသည်။ မြတ်စွာဘုရားကို လေးလေးမြတ်မြတ် ဝတ်ပြုနေတော်မူသော ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကမထေရ်ကို ဖူးမြင်ရလျှင် ကိုရင်ဝိစိတ္တသာရ၏စိတ်၌ ကြည်ညိုစိတ် အားကိုးစိတ်တို့ ဆထက်ထမ်းပိုး တိုးတက်လာသည်။ "ငါသည် ပညာရှိ၍ သူတော်ကောင်းဖြစ်သော ဆရာတော်၏ခြေရင်းသို့ ဆည်းကပ်မိလေပြီ" ဟု မင်းကွန်းတောင်ရိုး၌ နေထိုင်ရန် ရွေးကထက်အားတက်၍လာတော့သည်။

ဓမ္မနာဒကျောင်းတိုက်ကြီး

ဓမ္မနာဒကျောင်းတိုက်ကား သစ္စဝါဒီဋ္ဌိကာကျမ်းပြုဆရာကြီး ဒေါ်ဓမ္မစာရီကိုယ်တိုင် ကျောင်းမြေမှစ၍ ပြုစုခဲ့သော ကျောင်းတိုက်ဖြစ်ပါသည်။ ဆရာကြီးဒေါ်ဓမ္မစာရီသည်ကား မန္တလေးမြို့ ရသာတန်း (ရွာသဲတန်း)ရပ် ပဒေသာပင်လမ်း (ယခု ၈၂-လမ်းနှင့် ၃၁-လမ်း ထောင့်)နေ ပိုးကုန်သည်ကြီး ဦးလူပိန်-ဒေါ်သီးတို့မှ ၁၂၄၀-ပြည့်၊ တပို့တွဲလဆန်း (၄)ရက် စနေနေ့ ညဉ့်(၇)နာရီ အချိန်တွင်ဖွားမြင်သော သမီးရတနာ ဖြစ်ပါသည်။ မွေးချင်း(၇)ဦးအနက် အကြီးဆုံးသမီး ဖြစ်၍ အမည်မှာ မတုတ်တုတ်ဖြစ်၏။ ငယ်စဉ်ကပင် အနေအထိုင် ကျစ်လျစ်သိမ်မွေ့ကာ တရားဘာဝနာ အလုပ်တို့၌ မွေ့လျော်၏။ အသက် (၁၄)နှစ်၌ ဥပုသ်သီလစောင့်ကာ ဥပုသ်နေ့တိုင်း မန္တလေးအရှေ့ပြင် ရွှေကျင်(၅)တိုက်သို့ ဖခင်ကြီး၏ မိတ်ဆွေ ကွမ်းရေတော်မင်းဦးဖေနှင့် အတူ လိုက်ကာ တရားနာလေ့ရှိ၏။ (၁၆)နှစ်သမီးကပင် သီလရှင်ဝတ်ရန် ကြိုးစားခဲ့၏။ သုံးကြိမ်တိုင်တိုင် မိဘမသိဘဲ သီလရှင်ဝတ်ရန် ကြိုးစားရာ မိဘတို့က လုံးဝသဘောမတူကြသဖြင့် မိဘထံ ခွင့်မပန်တော့ဘဲ ၁၂၅၇-ခု၊ တန်ဆောင်မုန်း လဆန်း(၂)ရက် သောကြာနေ့တွင် အသက်(၁၆)နှစ် (၉)လအရွယ် တုတ်တုတ်သည် မင်းကွန်းဂူကလေးချောင်၌ ဂူကလေးချောင် အနောက်တိုက်အင်းဝဆရာအိနှင့် ဂူကလေးအရှေ့တိုက် ဆရာကြီး မယ်ဝဏ္ဏတို့ထံ သီလရှင်ဝတ်လေသည်။

တုတ်တုတ်သီလရှင်ဝတ်လျှင် လူ့ဘဝကပင် ကြည်ညိုရင်းစွဲရှိသူ မူလကအင်းဝဓာတိ နောင် ကျိုက်လတ်မြို့၌ စီးပွားဖြစ်ကြသော သူဌေးဦးတူ-ဒေါ်ဖော့တို့က (၂)ထပ်အုတ်ခံ သွပ်မိုး ကျန်းသား

http://www.dhammadownload.com



ဦးပုကြီးတောရတောင် ကျောင်းမုခ်ဦး



ဦးဖြိုး. ကောင်းမွ ဓမ္မနာဒ အလယ်(၂)ထပ်တိုက်ကြီး

http://www.dhammadownload.com

ကျောင်းကို ကျောင်းဒကာခံ၍ ဆောက်လုပ်ခဲ့၏။ တုတ်တုတ်၏ သီလရှင်ဘွဲ့ကား မဓမ္မစာရီဖြစ်၏။ ၁၂၅၇-ခုမှ ၁၂၆၀ အထိ မင်းကွန်းဂူကလေးချောင်၌၊ ၁၂၆၀-တွင် ရန်ကုန်မြို့ ကျောင်းတော်ရာတိုက်၌၊ ၁၂၆၀-မှစ၍(၂)နှစ်တိုင် သီရိလင်္ကာသို့ကြွ၍ ပညာသင်ယူပြီး ၁၂၆၃-ခု သီရိလင်္ကာမှအပြန် မုံရွာမြို့၊ လယ်တီဆရာတော်ဘုရားကြီး၊ ရွှေဂုံတိုင် ဆရာတော်ဦးနာဂ၊ ကျောင်းတော်ရာ ဆရာတော် ဦးကြွန္ဒက၊ ဦးကောဝိဒ၊ ပုသိမ်မြို့ သဲဖြူကျောင်း ဆရာတော် ဦးပဏ္ဍိတ၊ မင်းကွန်းဓေတဝန်ဆရာတော်စသည် ဆရာတော်ကြီးတို့ထံမှပိဋကတ်စာပေများ သင်ယူခဲ့၏။

၁၂၇၃-ခုတွင် မန္တလေးမြို့တွင် ပလိပ်ရောဂါဖြစ်ပွားလျှင် ဤအကြိမ်တွင် မြင်းခြံမြို့သို့ မကြွတော့ဘဲ ဆရာတော်ဦးပညာစက္ကသည် မိမိနှင့်စာသင်ဖက်ဖြစ်ဖူးသူ မင်းကွန်း ဦးပုကြီးချောင်ဆရာတော် ဦးမုနိန္ဒာဘိဃောသ၏တူ ဦးဂန္ဓမာ(ခေါ်) ဦးကျော်နှင့် ခင်မင်ရင်းရှိ၍ ဦးကျော်က "မင်းကွန်းကို လိုက်ခဲ့ပါ၊ ပိဋကတ်တိုက်ရှိလို့"ဟု ဖိတ်ခေါ်ချက်အရ ဦးပညာစက္က မင်းကွန်းသို့ ကြွတော်မူလေ၏။ ဦးကျော်၏နှမ သီလရှင်များက ဆွမ်းဝတ်ပြုကြ၏။ ထို့နောက် ဦးကျော်က ဒေါ်ခမ္မစာရီအား ဦးပညာစက္ကဏ်၊ ပညာတော်ပုံ၊ စာပေနိုင်နင်းပုံကို ပြောပြကာ မိတ်ဆက်ပေးလျှင် ဒေါ်ခမ္မစာရီကလည်း ပညာရှိကို မြတ်နိုးသူ ပဏ္ဍိတမာနိဖြစ်သည့်အတိုင်း ဦးပညာစက္ကအား ဆွမ်းဝတ်ပြုလေ၏။ ထို့နောက် တစ်လနှင့် ကုန်လောက်သော ဝါစွဝါစက၊ ဘောဒစိန္တာ သဒ္ဒါတို့ကို ဦးပညာစက္ကထံမှလိုက်၏။ ဒေါ်ခမ္မစာရီမှာ ဆွမ်းကွမ်းပြည့်စုံပေါများသဖြင့် ဦးပညာစက္ကအား ဆွမ်းကွမ် ပြည့်ပြည့်စုံစုံ တာဝန်ယူကာ ဤမင်းကွန်းအရပ်မှာ သီတင်းသုံးတော်မူပါရန် အကြိမ်ကြိမ် လျှောက်ထား၏။ ထို့နောက် ဦးပညာစက္ကက မင်းကွန်းသို့အမြဲနေ၍ တောရဆောက်တည်ရန် ဝန်ခံသောအခါ ၁၂၇၄-ခုနှစ်တွင် အနောက်ဥရဝေလချောင်အဝင်ဝရှိ တကာကြီးဦးတူ၏ကျောင်းကို ပြုပြင်၍ ဦးပညာစက္ကအား သီတင်းသုံးစေတော်မူသည်။ တောင်ပေါ် ဦးပုကြီးချောင်တွင်လည်း ပိဋကတ်စာပေကြည့်ရှုရာ၌ သီတင်းသုံးတော်မူရန် အုတ်ကျွတ်မိုး စကြ်ကျောင်းကိုလည်း ပြုပြင်ပေးသည်။ ထိုကျောင်း၌ ဦးပညာစက္က သီတင်းသုံးတော်မူ၍ ဆရာကြီး ဒေါ်ခမ္မစာရီက နံနက်ဆွမ်း၊ နေ့ဆွမ်းတို့ဖြင့် နိဗ္ဗဒတ်ထား၍ ဆက်ကပ်လှူဒါန်းသကဲ့သို့ ဦးပညာစက္ကကလည်း ဆရာကြီး ဒေါ်ခမ္မစာရီအား အဘိဓမ္မာအဋ္ဌကထာ၊မူလဋီကာ၊နေတ္တိပါဠိတော်အဋ္ဌကထာနှင့် ပဏ္ဏာသ စသော ကျမ်းစာတို့ကို ပို့ချပေး၍ ဓမ္မာနုဂ္ဂဟဖြင့်အတုန့်ပြန်ကာ ဆွမ်းကျေးဆပ်တော်မူသည်။

ဆရာတော်ဦးပညာစက္က သီတင်းသုံးသောအနောက်ဥရဝေလသည် သဝဏ်ရှိသောနေရာဖြစ်၍ မျက်စိဝေဒနာရှိသော ဦးပညာစက္ကအတွက် သပ္ပါယမဖြစ်ဘဲရှိသည်။ သို့ဖြစ်၍ဆရာကြီးဒေါ်ခမ္မစာရီသည် ဦးပညာစက္က မျက်စိကိုတောင် အခိုးရိုက်သဖြင့် တောင်ကင်းလွတ်ရာ အရှေ့ဥရဝေလ၊ ယနေ့ ဓမ္မနာဒကျောင်းတိုက်၏တည်ရှိရာ တောင်ဘက်နှင့် မြောက်ဘက်သို့ (၇)နှစ်ခုညပ်၍ တည်နေသော အစိုးရအရာတော်မြေ (အခွန်လွတ်မြေ)သို့ ပြောင်းရွှေ့စေတော်မူကာ မိမိပိုင် အသားနံရံကာ၊ သွပ်မိုး၊ ၂-ထပ်ကျောင်းကလေးကို ရာသီဥတု မျှတအောင် အောက်ထပ်၌ ဝါးထရံကာ၍ ဝါးကပ်မိုးပြီး ကျောင်းစတင် တည်ထောင်လှူဒါန်းလေသည်။ ထိုကျောင်းကလေး၏ မူလဒကာမှာ မန္တလေးမြို့၊ ရူပံဆန်စက်ပိုင်ရှင် ဒေါ်ဒေါ်တင်ဖြစ်၍ ရူပံကျောင်း ဟုလည်းခေါ်၏။

ဆရာကြီး ဒေါ်ခမ္မစာရီသည် ထိုသို့ ကျောင်းတိုက်တည်ထောင်ရာ၌ အလုပ်သမား လက်သမားခတို့ကို တာဝန်ယူပေးချေသည့်ပြင် ကာယဝေယျာဝစ္စ ကုသိုလ်အထူး ဆည်းပူးရယူလိုသဖြင့်

http://www.dhammadownload.com



ဒေါ်မမွှာရီ၏ဆရာ မယ်နတ်ပေး တရားအားထုတ်ခဲ့ရာ ဝုကလေး



ကျောင်းဒကာ ဦးမြို့ လူသော ရေကန်။

http://www.dhammadownload.com

မိမိကိုယ်တိုင် တူရွင်းကိုင်၍ မြက်ခုတ်သုတ်သင်ခြင်း၊ တလင်းညှိခြင်း အမှုတို့ကို ပြုလုပ်ခဲ့လေသည်။ ထိုချောင်သစ်တွင် မိမိ(ဒေါ်ဓမ္မစာရီ)က ကျောင်းတစ်ဆောင်၊ ဦးကြွယ်+ဒေါ်ဆိုင် တို့က ကျောင်းငယ်တစ်ဆောင်၊ ဦးမောင်ခ+ဒေါ်ဖီးတို့ကကျောင်းငယ်တစ်ဆောင်၊ ကျောင်းငယ်သုံးဆောင်ဆောက်ပြီး ၁၂၈၀-ပြည့်နှစ်တွင် ဦးပညာစက္ကအား လူဒါန်းကြ၏။ ဦးပညာစက္ကက သံဃိကအလှူခံတော်မူ၍ ကျောင်းသစ်အမည်ကို "ဓမ္မနာဒ" ကျောင်းတိုက်ဟု မှည့်ခေါ်သည်။ (ဓမ္မ=စာပေပရိယတ် တရားများကို+နာဒ=သင်အံ+ပို့ချ ရဲရဲတောက် ကျူးရင့်ရာဌာနဟု အဓိပ္ပာယ်ရသည်။ မင်းကွန်း တိပိဋကဓရဆရာတော် ရဟန်းဖြစ်စ ဝါမရမီ ၁၂၉၃-ခုက ရေးသားသော ဓမ္မနာဒဆရာတော်ကြီး၏ မွေးနေ့ အလှူတော်မင်္ဂလာ ရှုပူဇနီယပတ္ထနာ ရစနာဂါထာ၌ ဓမ္မနာဒမှီ=စာချစာအံ တရားသံတို့ ဖန်ဖန်ခေါက်ခေါက် ဟိန်းဟောက်ကြီးပရာ ဓမ္မနာဒ နာမတွင်ဟည်း တိုက်တော်ကြီး"ဟု ပါဠ်နက်သမ္ဓာန်တော် မူခဲ့ဖူးပါသည်။)

ဦးပညာစက္ကသည် ဓမ္မနာဒ ကျောင်းသစ်ကို လက်ခံပြီးနောက် ရဟန်း+သာမဏေ + သီလရှင်ဆရာလေး+ ဆရာကြီးများအား နေ့မအား ညမအား စာပေ ပရိယတ်များကို တွင်တွင်ကြီး ပို့ချတော်မူသည်၊ ပညတ်သွားရာဓာတ်သက်ပါ ဆိုသလို ဓမ္မနာဒဟူသော ကျောင်းတိုက်အမည်နှင့် အလွန်ဆီလျော်အောင် ပြုလုပ်တော်မူသည်။ နေ့စဉ်ပြုရမည့် နိဗဒ္ဓဝတ်များကိုလည်း မှန်မှန်ပြုလုပ်တော်မူသည်။ ပဋိပတ္တိတရားဘာဝနာကိုလည်း အချိန်ယူ၍ပွားများတော်မူသည်။ ဦးပညာစက္က မင်းကွန်းနေစက ခုနစ်ဝါမျှသာရှိပြီး ဓမ္မနာဒတိုက် တည်ပြီးသောအခါ (၁၃)ဝါမျှသာရှိသေးသော်လည်း သက်ကြီးဝါကြီးဆရာတော်များသာ လုပ်နိုင်သည့် ပိုင်ပိုင်နိုင်နိုင်စာပေပို့ချမှု ကြီးကျယ်သော သာသနာပြု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက် စွမ်းနိုင်မှုကြောင့် ဆရာကြီးဒေါ်ဓမ္မစာရီက အလွန်ကြည်ညိုသဒ္ဓါပွားပြီး ဥဒါန်းတေးထပ်ကိုပင်ရေးစပ်သီဆိုဖူးပါသည်။

ဆယ်မြင့်မိုရ်ပြန်ပြန်ဆသော်လည်း စံမမျှတုံပါ။
အနန္တဂုဏ်ဝါငယ် စုံနှစ်ဖြာပါဒေ့။
လက်ဆယ်ချောင်းသမူဟောကိုအထူးလေဦးဖြင့်ဆင်၍။
ကျမ်းဂန်တတ်အမြွက်ကိုရှာလျှင် လက္ခဏာအပြည့်။
သက်တစ်ခါမတွေ့လို့ တမြေ့မြေ့ကြည်ညို။
လူနယ်တွင်ခုရွယ်သက်မှာဖြင့်
တုဆွယ်ဖက်ကင်းတဲ့ပုဂ္ဂိုလ်။
ရှုပွယ်ချက်လင်းထုတ်ဆိုလျှင်
ကျဉ်းချုပ်ကိုကျမ်းဂန်ညှိပါလို့
လမ်းမှန်သည့်နည်းဥပဒေ စည်းပြုမသွေ။
ဖန်ဖန်ပြလို့ ကျန်ငှဝေတယ်
မန္တတတွေ မှတ်သားစေဖို့လေး။ ။

ဓမ္မနာဒတိုက်တိုးတက်လာ

ဆရာကြီးဒေါ်ဓမ္မစာရီ၏ ဆက်သွယ်ပေးမှုကြောင့် သိလာရသော ဦးမြို့ (ထီးချိုင့်သားကဒူးလူမျိုး)+ဒေါ်မမတို့မှာ မန်လည်ဆရာတော်ကြီး၏ တပည့်များဖြစ်ကြ၍ အပွေးမြင်အပင်သိတတ်ကြရာ ဦးပညာစက္ကကို ဖူးတွေ့ရလျှင် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို အလွန်ယုံကြည်ကြလေးစားကြသည်။ ဒေါ်မမသည် ဒေါ်ဓမ္မစာရီ၏ တူမတော်စပ်၏။ ဒေါ်မမက ဦးမြို့ကို ဒုလ္လဘရဟန်းခံပေးလိုကြောင်း ဒေါ်ဓမ္မစာရီအား ပြောပြရာ၊ ဒေါ်ဓမ္မစာရီက ဆရာတော် ဦးပညာစက္ကထံ ဒုလ္လဘရဟန်းခံပေးလေ၏။ ထိုစဉ်က ဓမ္မနာဒမှာ ဝါးခင်းကျောင်းလေးများဖြစ်သည်။ စာလိုက်သံဃာများမှာ စာတက်ရင်း လက်တစ်ထောင်ဆစ်ထောက်ကာ ဝါးကြမ်းများခုံးနေသဖြင့် တစ်ထောင်များ ဘေးချော်ကြသည်ကိုမြင်သဖြင့် စိတ်ထဲက သဒ္ဓါတရား

http://www.dhammadownload.com

ဖြစ်ပွားကာ "ငါဒီတစ်ခေါက် သစ်ဖောင်ချလာရင် တစ်ထပ်တိုက်တစ်လုံးတည်မည်" ဟု ဆောက်တည်မိ၏။ ဒုလ္လဘထွက်ပြီး သစ်ဖောင်သွားချရာ နှစ်ဆတိုးမြတ်သဖြင့် နှစ်ထပ်တိုက် တည်တော့မည်ဟု ကြံစည်ပြန်၏။ ထိုအတွင်း ကျွန်းသစ်လုံးကြီး တစ်လုံးပါလာ၏။ ထိုသစ်လုံးကြီးကား လုံးပတ်လည်းကြီး၏၊ ရှည်လည်းရှည်၏၊ ဖြောင့်လည်းဖြောင့်၏၊ ရင့်လည်းရင့်၏။ ထိုကျွန်းလုံးကြီးကို ငွေပေး၍ဝယ်သော်လည်း မရောင်းပဲ ကျောင်းဆောက်ရာမှာ ထည့်မည်ဟု သယ်လာ၏။ ထိုသစ်တစ်လုံးတည်းဖြင့် လှေခါးဘောင်၊ လှေခါးထစ်၊ ယက်မကြီး၊ ဆင့်တွေ ရလေ၏။ (၁၁)လက်မခန့်ရှိသော လှေခါး (၂၁)ထစ်ဖြင့် လှေခါးကြီးတပ်နိုင်ခဲ့၏။ ဤသို့ဖြင့် ဓမ္မနာဒကျောင်းတိုက်ဝယ် တင့်တယ်ခန်းနားသော နှစ်ထပ်တိုက်ကြီး ဆောက်လုပ်လှူဒါန်းပြီး (၁၂၈၉) ခုနှစ် တန်ဆောင်မုန်းလဆန်း(၁၀)ရက် သောကြာနေ့၌ ကျောင်းလွတ် သဘင်ကြီးကျယ်စွာ ဆင်ယင်၍ ရေစက်ချ လှူဒါန်းကြသည်။ ဦးမြို့+ဒေါ်မကြီး နောက်ဆက် ဒေါ်ဆင်ဆင်တို့မှာ စီးပွားရေးအဆင်ပြေတိုင်း ကျောင်းဆောက်လှူဒါန်းကြရာ ဓမ္မနာဒတိုက်အတွင်း သူတို့လှူသောကျောင်းများ လက်ညှိုးထိုးမလွဲလောက်အောင်များပြား၍ ကျောင်းတကာမှူမဟုတ် ကျောင်းတိုက်ဒကာများဖြစ်ကြသည်။ နှစ်စဉ် ကျောင်းတိုက်ကထိန်ကိုလည်း ဝတ်မပျက်ခင်းခဲ့၏။

ဆရာကြီး ဒေါ်ဓမ္မစာရီ၏ ဆက်သွယ်ပေးမှုကြောင့်ပင် ရန်ကုန်ဖြို့မှ ဦးသွင်နှင့် ဒေါ်ဒေါ်သိန်းတို့လည်း ဓမ္မနာဒဘုန်းကြီး ဦးပညာစက္ကအား ဆည်းကပ်ကိုးကွယ်လာကြသည်။ ၁၂၉၁-ခုနှစ်တွင် စေတီတော်များ အနေကဇာတင်ခြင်း၊ ခေါင်းလောင်းလှူဒါန်းခြင်း၊ မီးစက်လှူဒါန်းခြင်း၊ ကျောင်းဆောက်ခြင်း တံတိုင်းပြုလုပ်ခြင်း စသောကုသိုလ်များ ပြုလုပ်ကြသည်။

ကျောင်းဒကာကြီးဦးမြို့နှင့် ဆာဦးသွင်တို့သည် ပထမဓမ္မနာဒ ဆရာတော်ကိုလည်းကောင်း၊ ဒုတိယဓမ္မနာဒဆရာတော် တိပိဋကဓရ အရှင်မြတ်ကိုလည်းကောင်း ဆရာနှစ်ဆက်ကိုးကွယ်ခဲ့ကြ၏။ ထို ကျောင်းဒကာကြီးနှစ်ဦးသည် သဒ္ဓါတရားထက်သန်ရာ၌ ဘုရားအလောင်းကြီးများအလား ထင်ရ၏။ သို့ဖြစ်၍ တိပိဋကဓရဆရာတော်က စကားစပ်မိလျှင် "ငါ့မှာရဟန်းဒကာကြီးကလည်း ဘုရားလောင်း၊ ကျောင်းဒကာကြီး ဦးမြို့ကလည်း ဘုရားလောင်း၊ သူတို့ဘုရားလောင်းကြီးတွေက တယ်ပြီးဒေါသကြီးသကိုး" ဟု အမိန့်ရှိတော်မူဖူး၏။

ဆရာကြီးဒေါ်ဓမ္မစာရီနှင့်တွေ့ဆုံခြင်း

ဓမ္မနာဒတိုက်သို့ ကိုရင်ဝိစိတ္တရောက်ပြီး နောက်တစ်နေ့နိုးလင်းသောအခါဆရာကြီးဒေါ်ဓမ္မစာရီနှင့် ကိုရင်ဝိစိတ္တတို့ ဆရာတော်၏ ရှေ့မှာဆုံမိကြသည်။ ဆရာတော်က စတင်၍ ရောက်သစ်စသာမဏေနှင့် ဆရာကြီးတို့ကို မိတ်ဆက်ပေးသည်။ ဆရာတော်က ကိုရင်၏ ရုပ်ရည်ကိုအကဲခတ်ရာ သာသနာတော်၌ အကျိုးများမည့်ကိုရင်တစ်ပါးဟုမြင်၍ မိတ်ဆက်ပေးခြင်းဖြစ်သည်။ ဆရာကြီးကလည်း ထိုအတိုင်း ပင်မြင်၍ ကိုရင်ဝိစိတ္တအပေါ် ကြည်ညိုစိတ်ရောက်ကာ စကား နိုးနောပြောဆိုသည်။

ဆရာကြီး ကိုရင်ကလေးဘွဲ့အမည်က ဘယ်လို [illegible]ါသလဲဘုရား။

ကိုရင် [illegible]င်ဝိစိတ္တ လို့ ခေါ်ပါတယ် ဒကာမကြီး။

[illegible]ကြီး ဝိစိတ္တသဒ္ဒါ ဆန်းကြယ်ခြင်းကိုဟော တော့ ကိုရင်ရဲ့ဘွဲ့ကို မြန်မာလိုခေါ်ရင် ကိုရင်ဆန်းကြယ်လို့ မခေါ်သင့်ဘူးလားဘုရား။

ကိုရင် အို-ဒါကတော့ ဒကာမကြီး၊ အမည်က

http://www.dhammadownload.com

ဆန်းကြယ်ပေမယ့် လူကတော့ ဆန်းကြယ်ချင်မှ ဆန်းကြယ်တာပါ။ မောင်ချမ်းသာဆိုပေမယ့်လို့ သူချမ်းသာချင်မှ ချမ်းသာသလိုပေါ့။

ဆရာကြီး ဟုတ်တာပေါ့ကိုရင်၊ ဇာတ်တော်ထဲမှာလဲ ဇီဝက=မောင်သက်ရှည်လို့ ခေါ်တဲ့လူ အသက်ငယ်ငယ် ကွယ်လွန်ကြောင်း။ ဓနပါလီ=မငွေရှင်လို့ ခေါ်တဲ့ အမျိုးသမီးဟာ သူ့ကြွေးမပေးနိုင်လို့ အဖွဲ့အနှောင် ခံရတဲ့အကြောင်း။ ပန္ဆက=မောင်လမ်းဆိုတဲ့ သူငယ်မျက်စိလည် လမ်းမှားနေကြောင်း စုပေါင်းဟောထားတဲ့ နာမသိဒ္ဓိ ဇာတ်တော် အရှိသားပဲ"ဟုလည်းကောင်း၊ ဇာတ်ဝတ္ထုကို အကျယ်တဝင့် ပြောပြ၍ အဆုံး၌ အောက်ပါဂါထာကို ရွတ်၍ အနက်ပေးပြပါသည်။

ဇီဝကဥ္ဇ မတံ ဒိသွာ၊
ဓနပါလိဥ္ဇ ဒုဂ္ဂတိံ။
ပန္ဆကဥ္ဇ ဝနေ မုဋ္ဌံ၊
ပါပကော ပုန+ရာဂတော။

နာမည် မကောင်းသဖြင့် နာမည်ပြောင်းချင်၍ နာမည်လိုက်ရှာသော မောင်ယုတ်မာသည် မောင်သက်ရှည်၏ ငယ်ငယ်ရွယ်ရွယ် သေနေသည်ကို လည်းကောင်း၊ မငွေရှင်၏ ကြွေးမပေးနိုင်၍ အဖွဲ့အနှောင် ခံနေရသည်ကို လည်းကောင်း၊ မောင်လမ်း၏ မျက်စိလည် လမ်းမှားနေသည်ကို လည်းကောင်း မြင်ရ၍ တဖန်ပြန်လာတော့၏။

ကိုရင် အို-ဒါယကာမကြီး၊ အဲဒီဂါထာကို ကိုရင်ရေးယူပါရစေ၊ တဆိတ်ပြန်၍ ရွတ်ပြပါဦး။

ဆရာကြီး ရေးပါကိုရင် ဆို၍ ရွတ်ပြပါသည်။ ကိုရင်က မောင်ဆန်းကြယ်ကို သဘောမကျရင် ဝိစိတ္တပုဒ်ကို ဝိဂတော စိတ္တော အဿာတိ ဝိစိတ္တော။ အဿ=ထိုသူအား။ ဝိဂတော=ကင်းသော။ စိတ္တော=ဆန်းကြယ်ခြင်းသည်။ အတ္ထိ=ရှိ၏။ ဣတိ=ထို့ကြောင့်။ သော=ထိုသူသည်။ ဝိစိတ္တော=ဝိစိတ္တ=မည်၏။ ဝိစိတ္တော=ဆန်းကြယ်ခြင်းကင်းသောသူ (ဝါ) မောင်ရွှေရိုး။ ဤကဲ့သို့ ဝိဂြိုဟ်ပြုပြီး ကိုရင်ဘွဲ့ကို "မောင်ရွှေရိုး" လို့ မှည့်ခေါ်ရင်လဲ ဖြစ်တာပဲ"ဟု ပြောလိုက်မှ ရှင်ဝိစိတ္တအလွန်သဘောကျပြီး အမေအရင်းလို အောက်မေ့သွား၏။

ပစ္စယာနုဂ္ဂဟ=ပစ္စည်းဖြင့်ပူဇော်မှု

ရှင်ဝိစိတ္တသည် ဓမ္မနာဒတိုက်သို့ ရောက်ပြီးနောက် မင်းကွန်းရွာ၌ဆွမ်းခံသည်။ ဆွမ်း၊ ဆွမ်းဟင်းမပြည့်စုံလှ။ ဆွမ်းခံ၍သုံးလခန့်အကြာ မပြည့်စုံမှန်း ဒေါ်ဓမ္မစာရီသိရှိရ၍ "ကိုရင်ဆွမ်းမခံပါနှင့်တော့၊ တပည့်တော်ကပဲ ကပ်ပါမည်"ဟု ဆိုပြီး ဒေါ်ဓမ္မစာရီ ဘဝပြောင်းသွားသည်အထိ ဆွမ်းကပ်သွားပါသည်။ မင်းကွန်းရွာအတွင်း ကိုရင်ဝိစိတ္တ ဆွမ်းခံကြွခြင်းနှင့် စပ်၍ အမှတ်တရရေရလျှင် ကိုရင်ဝိစိတ္တသည် ဆွမ်းခံကြွလျှင် အခြားကိုရင်များနှင့်မတူ၊ နှုတ်ခမ်းလေးလှုပ်တုတ်လှုပ်တုတ်နှင့် ဆွမ်းခံကြွလေ့ရှိ၏။ တစ်နေ့သောအခါ ဆွမ်းလောင်းလှူသော သီလရှင်ကြီး ဖွားပုဏ္ဏမီက ဒေါ်ဓမ္မစာရီအား တိုင်ကြားသတဲ့။ ဆရာကြီးကလည်း "ကိုရင်-ကိုရင်ကိုဆွမ်းလောင်းတဲ့

http://www.dhammadownload.com

သီလရှင်တွေကပြောတယ်။ ဆွမ်းခံကြွရင်း ကိုရင့်ပါးစပ်က လှုပ်တုတ်လှုပ်တုတ်နဲ့ ဘာပြုလို့လှုပ်တာတုန်း"ဟု မေးသောအခါ ကိုရင်က "ဒကာမကြီးနယ် ဓမ္မနာဒမှဆွမ်းခံထွက်ရင် သင်္ကြိုဟ်ဘယ်နှစ်ပိုင်းကုန်တယ်၊ ရှားပင်တိုက်မှ ဂူကလေးချောင်ရောက်ရင် ဘယ်နှစ်ပိုင်းကုန်တယ်"ဟုဆွမ်းခံရင်းပါးစပ်လှုပ်တုတ်လှုပ်တုတ်နှင့် စာပြန်ကြောင်းကိုရှင်းပြလေ၏။ နောင်းလူများ အတုယူနိုင်ရန် ဆရာကြီး ဒေါဓမ္မစာရီပြောပြ၍ မှတ်သားထားသော စကားရပ်ဖြစ်သည်။

ဆရာကြီး ဒေါဓမ္မစာရီကား ကိုရင်ဝိစိတ္တာအား ပစ္စည်းဖြင့်သာ ထောက်ပံ့သူမဟုတ်၊ ကိုရင်ဝိစိတ္တာသာရသာသနအပင်လေး၏ အပွေးအကာနှင့်တူသော အဆင်မပြေသော ပြောဆို မူနေထိုင်မှု ဝတ်ရုံမှုစသည်များကို မိထွေးတော်ဂေါတမီအလား အမြဲတမ်း သတိပေးသည်။ ကိုရင် ရှေးကဆရာကြီးများ ဤသို့ပြောဆိုသတဲ့၊ ဤသို့ နေထိုင်သတဲ့၊ ဤသို့ ဝတ်ရုံ၊ စားသောက်ကြသတဲ့ ဘယ်လောက်အတုယူ အားကျမှုယ်ကောင်းသလဲ စသည်ဖြင့် လောက၊ ဓမ္မ ဝတ္ထုများကို သက်သေပြကာ ပြောဆိုသတိပေးလေ့ရှိသည်။

ကိုရင်ဝိစိတ္တာသာရသို့ ဆရာကြီး ဒေါဓမ္မစာရီက သတိပေးဆုံးမအပ်သော တေးထပ်တစ်ပုဒ်ကား ဤသို့ဖြစ်ပါသည်။

မောင်ဆန်းကြယ် တယ်မဆန်းချင်နှင့်၊
အရွယ်တန်းငယ်သည်။
တကယ်ဆန်း ကြွယ်ပလီလျှင်၊
မဖွယ်မည် အရေး။ ။
မကြွံသင့် ကြွံရမည်ကို၊
တုန်လှုသည် သည်းလှိုက်ဖိုအေး။ ။
မြတ်ဗုဒ္ဓ သာသနာမှာ
အရာရာ လိုသေး။ ။
ပမာဒါဓိမနေ့းစေနှင့်၊
ကိုယ့်အရေး ကိုယ်မျော်။ ။
သံသရာ ဘုံဓလေ့ကိုဖြင့်၊
ကြုံမတွေ့ ဝေးလို့မျှောင်နော်။ ။
သာကီဇာတ် တပါးအမော်ရယ်၊
တရားတော် အခြေမြင့်စေဖို့။ ။
အဆွေနှင့် ဆရာအရှင်၊
ဆုံးမသွန်သင်။ ။
ပြောသမျှ သောတဆင်လျှင်၊
လောကတခွင် မောင်တင့်ပါလိမ့်ကား။ ။

ဓမ္မာနုဂ္ဂဟ=တရားချီးမြှောက်မှု

ကိုရင် ဝိစိတ္တာသာရကား ဆရာကြီး ဒေါဓမ္မစာရီ၏ ပစ္စယာနုဂ္ဂဟ ပစ္စည်းဖြင့် ချီးမြှောက်မှုကို ခံယူရ သကဲ့သို့ ဓမ္မနာဒဆရာတော် ဦးပညာစက္ကန္တ၏ ဓမ္မာနုဂ္ဂဟတရားဖြင့် ချီးမြှောက်မှုကိုလည်း ခံယူရပါသည်။ ဓမ္မနာဒဆရာတော် ဦးပညာစက္ကန္တသည် ကိုရင်ဝိစိတ္တာသာရကို သမင်မျက်ဝန်းကို ကြည်သထက် ကြည်အောင် မျက်စဉ်းစပ်သလို စာတော်ပြီး ကြိုးစားပြီးဖြစ်သော်လည်း ဆရာကြီးဒေါဓမ္မစာရီ၏ ဩဝါဒတေးထပ်မှာ "ပမာဒါဓိမနေ့းစေနှင့်"ဟု ဆုံးမသကဲ့သို့ ပင်စာဝါများကို မအားမလပ်ရအောင် စီစဉ်ပေးထားတော်မူသည်။

(၁) နံနက် မောဂ္ဂလာန်ဗျာကရဏ်းကျမ်းကို ဆရာတော်ကိုယ်တိုင် ပို့ချပေးသည်။ ၁၂၉၂-ခု၊ တန်ခူးလ၊ နှစ်ဆန်း ၁-ရက်နေ့မှ စ၍ မောဂ္ဂလာန်သဒ္ဒါကို ဆိုဝါဖြင့်တက်လာခဲ့ရာ ထိုနှစ် တန်ဆောင်မုန်းလဆန်း ၅-ရက် စနေနေ့၌ ပြီးဆုံးအောင်မြင်လေ၏။ ထိုစဉ်က မိမိ၏ မောဂ္ဂလာန် စာဝါဆိုမှု ကုသိုလ်အတွက် ပတ္တိဒါန အမျှဝေတေးထပ်ကို ရုတ်တရက် ရေးစပ်ခဲ့ပေသည်။

(၂) နေ့ဆွမ်းစားပြီး ၁၂-နာရီမှ ၁-နာရီခွဲအထိ အဘိဓာန်အလင်္ကာဆန်းတို့ကို ကျက်စေသည်။

http://www.dhammadownload.com

ပထမကြီးတန်း ဝင်ရောက်ရန်ရှိသေးသဖြင့် ထိုစာမေးပွဲကိုလည်း ရည်သန်ကာ တစ်နေ့လျှင် ဆယ်ဂါထာကိုသာ ကျက်စေသည်။

(၃) ညနေပိုင်း အလင်္ကာစာကိုယ် ဦးကာသစ်ကျမ်းကို ပို့ချပေးသည်။

(၄) ညဦးဘုရားဝတ်ပြုပြီးချိန်၌ အရှင်အဂ္ဂဝံသ မထေရ်ထံ ပဋ္ဌာန်းညဝါကို ဆိုစေသည်။

(၅) ညဝါပြီးသောအခါ မိမိထံ၌ ဘေဒစိန္တာ၊ ကစ္စာယနသာရကျမ်းတို့ကို ညဝါအဖြစ် ပို့ချပေးတော်မူ ဆိုစေတော်မူသည်။ ထို့ပြင် ပြည်(မန္တလာရာမ) ဆရာတော်ကြီး၏ ကစ္စာယနသာရသဂ္ဂဟပတ္ထဒီပနီကိုလည်း ကျန်စစ်ကြည့်တော်မူသည်။

(၆) ဥပုသ်နေ့များ၌ ဓမ္မပဒနိဿ (သင်္ဃာမူ)မှ လာသော အကျဉ်းချုပ် ဝတ္ထုများကို ပါဠိစီကုံးစေသည်။

(၇) ဆန်းပုံကိုကြည့်၍ ဆန်းကျမ်းကိုကြံစည်စေကာ သဘောမကျသော အရာများကိုသာ ပြောပေးတော်မူသည်။

ပညာရှိကဝိတို့ နယ်ပယ်အတွင်း သက်ဝင်လိုစိတ်ကို ရင့်သန်စေရန် အကြောင်းရှိသောအခါ ကဗျာဘက်ဆိုင်ရာ ရတု-သြဘာစာတို့ကို ရေးသားစေသည်။ ကာမဂုဏ်နှင့်စပ်သည့် သိင်္ဂါရအဖွဲ့မျိုးကိုကား ရေးခွင့်မပြု။ သင့်ရုံသာ ကဗျာကို လေ့လာစေသည်။ အထူးအားဖြင့် ပါဠိဂါထာစီကုံးဖို့ စုဏ္ဍိယအချိုးကျကျ စီကုံးတတ်ဖို့အရေးတယူ တိုက်တွန်းအားပေးတော်မူသည်။ မိမိကိုယ်တိုင် ပါဠိဂါထာ စုဏ္ဍိယစီကုံးတတ်မှ ပါဠိဘာသာဖြင့် ရှိနေသော အဋ္ဌကထာဦးကာ ဆိုလိုရင်းအဓိပ္ပာယ်ကို နားလည်နိုင်မည်ဖြစ်ကြောင်းသတိပေးသည်။ ကဗျာကို အခိုကမထားဘဲ ပါဠိကိုသာ အထူးဂရုပြုဖို့ ရန်အတွက်တေးထပ် ကလေးတစ်ပုဒ် ရေးစပ်ထားလေသည်။ တစ်နေ့တွင် ဆရာတော် "ဝိစိတ္တ"ဟု ခေါ်လိုက်သဖြင့် "ဘုရား" ဟု ထူးကာ ဆရာတော်ထံအမြန်သွားရာ ဆရာတော်က လွန်ခဲ့သော (၃)နှစ်က အိမ်တော်ရာစာမေးပွဲကြောင်ငှာစာရွက်ကို ဝမ်းဘက်ကပြ၍ "ရော့...စာမေးပွဲကြော်ငြာ၊ ဖတ်စမ်း"ဟု ဆို၍ ပေးလိုက်သည်။ ရှင်ဝိစိတ္တသာရသည် မိမိနေရာရောက်၍ စာမေးပွဲကြောင်ငှာကိုဖတ်ကြည့်ရာ လွန်ခဲ့သော (၃)နှစ်က ကြော်ငြာ ဖြစ်နေ၏။ ကျောဘက်သို့လှန်ကြည့်လိုက်မှ အောက်ပါတေးထပ်ကို တွေ့ရှိသည်။

ပါဠိစီအသွား နဂါနိုင်မှ
တရားဘက်အလုပ်ခွင်၊
ရထားစက်အခုတ်လျင်သလို
အဟုတ်ပင်မြန်လှ၊
ကျမ်းဂန်၌အမြင်သန်အောင်
သဘင်ဉာဏ်ဖျောက်ပါ့ခဏာ။
ကဗျာမူ ကလေးဉာဏ်မှာ
အရေးသန်ပါက၊
သေးကွေးရန် အရာကျမဲပြင်
သာသနာ့ ငြောင့်ဟူ၊
အာဏာတော် တင်းအကြပ်ကယ်နှင့်
ပညတ်ချက်ထုတ်ဆင့်တော်မူ။
အဲဒါကြောင့် သတိကူပါ
တပည့်သူ ဝိစိတ္တမှာတော့၊
ဘိသိဋ္ဌနှစ်မြို့စရာ
ဖြစ်ဖို့မကြာ၊
ပါဠိသွား နဲနက်ရာမှာ
ခဲစကြာ ဖြန့်စမ်းကွဲ့လေး။ ။

ဤတေးထပ် ရေးစပ်ပေးခြင်းနှင့်စပ်၍ ဆရာတော် ဦးပညာစက္ကဓ၏ ရည်ရွယ်ချက်မှာ အထက်တန်း

http://www.dhammadownload.com



မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဥပသမ္ပဒ မင်္ဂလာသဘင် ဆင်ယင်ကျင်းပစဉ်က ကြွရောက်လာကြသော သာသနာ့ ထိပ်ခေါင်တင် ဆရာတော်ဘုရားကြီးများ ပုံတော်။

http://www.dhammadownload.com

ကဗျာကြီးများကိုသာ ရေးဖွဲ့စေလိုသည်။ ထို့ကြောင့် ရှင်ဝိစိတ္တသာရအား ကိုယ်တော်တိုင်သုံးစွဲသော မဟာသုတကာရီမယဒေဝလင်္ကာသစ် စာအုပ်ကြီးကို အပ်နှံပေးလိုက်လေသည်။

ကိုရင် ဝိစိတ္တသာရတည်းဟူသော သာသနာ့သစ်ပင်ကလေးကား ဓမ္မနာဒဆရာတော်၏ တရားဖြင့် ချီးမြှောက်မှု ဓမ္မာနုဂ္ဂဟမိုးရေထောက်ပံ့ချက်ကို နေ့စဉ်ရက်ဆက်ရရှိရကား သာမဏေအဖြစ်ဖြင့်ပင် ဆိုရိုး ညဝါနှင့်တကွ စာသင်သားတို့၏ တတ်မြောက်ရမည့် အခြေပြုစာများကို ပြီးဆုံးအောင်မြင်နှုတ်တွင် ငုံမိလေရာ မိုးနူးသစ်ပင် လန်းလန်းရွှင်ခဲ့လေသည်။

ဆာဠီးသွင်နှင့် သာသနာ့သစ်ပင်

ကိုရင်ဝိစိတ္တသာရ မင်းကွန်းသို့ ရောက်နေသည်မှာ တစ်နှစ်သာသာလောက် ရှိသွားပေပြီ။ တစ်နှစ်သာသာမျှ လေ့လာအကဲခတ်ရသဖြင့် ကိုရင်၏ အစွမ်းအစကို ဆရာတော်ဦးပညာစက္ကရော ဒေါဝမွစာရီပါ အလွန်ကျေနပ်လျက် ရှိနေသည်။ ၁၂၉၂-ခု၊ ဝါဦး လောက်မှာ ဆရာကြီး ဒေါဓမွစာရီရန်ကုန်သို့ရောက်၍ စက်သေဠေး ဆာဠီးသွင်-သေဠေးကတော် ဒေါဒေါသိန်းတို့အိမ်၌ တည်းခိုနေလေသည်။ ကိုရင် ဝိစိတ္တသာရက မယ်တော်ကြီးအထံ ရတုပိုဒ်စုံ ရေးပို့သည်။ လွမ်းဆွတ်သတိရကြောင်း၊ ပြန်လာခဲ့ဖို့ အကြောင်းများ ပါဝင်သည်။ ထိုအချိန်တွင် လယ်တီပဏ္ဍိတ ဦးမောင်ကြီးသည် ဆာဠီးသွင်အိမ် ရောက်လာ၍ ထိုရတုစာကိုပြရာ လယ်တီပဏ္ဍိတက အထူး အံ့သြချီးမွမ်းသည်။ ဆရာကြီးဒေါဓမွစာရီနှင့် လယ်တီပဏ္ဍိတတို့ ကိုရင် ဝိစိတ္တသာရအကြောင်း ပြောကြ ဆိုကြသည်။ ထို့နောက် လယ်တီပဏ္ဍိတဆရာဦးမောင်ကြီးက ဆာဠီးသွင်အား "ဒီကိုရင်လေးလက်မလွတ်စေနဲ့" ဟု တိုက်တွန်းရာ ရှေးဘဝက အတူနေထိုင်ခဲ့ဖူးသော အကြောင်းတရား၏ လှုံ့ဆော် တိုက်တွန်းချက်ကြောင့် လူမမြင်ရသေးပဲ ဆာဠီးသွင်ကလည်း ကိုရင်ဝိစိတ္တသာရအပေါ် သားရင်းတမျှ ချစ်စိတ် ခင်စိတ်များဖြစ်ပေါ်လာသည်။ ကိုရင်ကို မိမိအား ရဟန်းဒါယကာပြုလုပ်ခွင့်ပေးရန် ချက်ချင်းပင် ဆရာကြီးဒေါဓမွစာရီထံမှ တောင်းခံလေသည်။ နောက်ဆရာရင်းဖြစ်သော ဓမ္မနာဒ ဆရာတော်အထံ တဖန် တောင်းခံ ပြန်သည်။

ရဟန်းဖြစ်ချိန်

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခြင်းအကြောင်း မှတ်တမ်းတင်ရာ၌ ဆရာတော်ကြီးသည် ရှင်ရဟန်းဖြစ်လိုသော ဆန္ဒမှာ အလွန်ပြင်းထန်နေတော်မူသဖြင့် သက်တော် ၁၉-နှစ် (၃)လပြည့်သောအခါ ပဋိသန္ဓေရက်နှင့် ရဟန်းခံနိုင်ပြီဟု သိလျှင်သိချင်း ဆရာကြီး ဒေါဓမွစာရီရှိရာ ရန်ကုန်အိမ်ကြီးအောက်ထပ်သို့ ကြွသွားပြီး ရဟန်းခံနိုင်ပြီဖြစ်၍ ယနေ့ပင် ရဟန်းခံပေးရန် အတင်းပူစာလေသည်။ ဆရာကြီးလည်းမနေသာ၍ ဆရာတော် ဦးပညာစက္ကအား လျှောက်ထားပြီး ၁၂၉၂-ခု၊ တပေါင်းလဆန်း (၆)ရက်နေ့တွင် ဓမ္မနာဒတိုက်သား ရဟန်းတော်များနှင့် ရွှေကျင်တိုက် ငွေတောင်တောရသိမ်သို့ သွားရောက်ပြီး ရှေးဦးစွာ ဥပသမ္ပဒ မင်္ဂလာသဘင် ဆင်ယင်ကျင်းပသည်ဟူ၏။

ထိုနောက် ၁၂၉၂-ခုနှစ်၊ နောင်းတန်ခူးလဆန်း (၆)ရက်နေ့တွင် မင်းကွန်း ငွေတောင်တောရကျောင်းတိုက် ဓမ္မသိမ်၌ပင် ဓမ္မနာဒဆရာတော် အရှင်ပညာစက္ကထေရ်ကို ဥပဇ္ဈာယ်ပြု၍ ဒုတိယအကြိမ် ရဟန်းအဖြစ် သို့ရောက်သည်။ ဥပဇ္ဈာယ်ဆရာနှင့် တပည့်မှာ လောကအလိုဆိုလျှင် သားနှင့်အဖပင် ဖြစ်ပါသည်။ ဦးပညာစက္ကက "ယခင်ကလည်း

http://www.dhammadownload.com



ရွှေရေးဆောင် ဆရာတော် ဦးကြည်



ညောင်ကန် ဆရာတော် ဦးဣန္ဒာဘိဝံသ



မဟာသစ်ဝန်ချောင် ဆရာတော် ဦးသောမ



မစိုးရိမ် ဆရာတော် ဦးသုရိယ

မည်သူ့ကိုမှ ဥပဇ္ဈာယ်လုပ်၍ ရဟန်းခံမပေးဘူး၊ နောင်လည်း ခံပေးမှာမဟုတ်ဘူး၊ ကမ္မဝါဆရာတော့် လုပ်ပေးပါမယ်။ ဥပဇ္ဈာယ်ကတော့ မင်းတစ်ဦးတည်း၏ ဥပဇ္ဈာယ်အဖြစ်ပဲခံယူမယ်၊ အဖေတစ်ခု သားတစ်ခု ပဲကောင်းတယ်" ဟု မိန့်တော်မူသည်။ မည်သူနှင့်မျှ မဆက်ဆံပဲ အမြတ်နိုးဆုံး တပည့်တစ်ယောက် ဖြစ်ကြောင်းပြသလိုက်ခြင်းဖြစ်ပါသည်။

ကိုရင်ဝိစိတ္တကို ဒုတိယအကြိမ် ရဟန်းခံပွဲတွင် ရဟန်းဖြစ်အောင် ချီးမြှောက်တော်မူကြသည့် ဆရာတော်ကြီးများမှာ ထိုခေတ်က သာသနာ့အမြွှေတော ကျက်သရေထိန်ထွန်း နေဝန်းကြီးများ ဖြစ်ကြသော ဆရာတော်ကြီးများ ဖြစ်ကြသည်။ မန္တလေးမြို့မှ ရွှေရေးဆောင် ဆရာတော် ဦးကြည်၊ မန္တလေး ညောင်ကန်ဆရာတော်ဦးဣန္ဒ၊ မန္တလေးမြို့ မစိုးရိမ်

http://www.dhammadownload.com



ဓမ္မနာဒသာသနာ့မိခင်ကြီး၊ မင်းကွန်းတော်ပိဋကဓရဆရာတော်၏ကျေးဇူးရှင်သာသနာ့မိခင်ကြီး
သစ္စဝါဒီဦးကာကျမ်းပြု သီလရှင်ဆရာကြီး ဒေါ်ခမ္မစာရီ

http://www.dhammadownload.com

ဆရာတော်ဦးသူရိယ၊ စစ်ကိုင်းမှ မင်္ဂလာစေတီဘုရားကြီးဆရာတော်ဦးဇာဂရ၊ သမ္မာသတိဆရာတော်ဦးလက္ခဏ၊ မစိုးရိမ်မဟာသစ်ဝင်ချောင် ဆရာတော်ဦးသောမ၊ မင်းကွန်းမှ ချမ်းသာကြီးဆရာတော်ဦးပဏ္ဍိတ၊ မင်းကွန်းပေါင်းတော်ကူး ဆရာတော်၊ ရွှေကျင် ငွေတောင်တောရ ဆရာတော် အစရှိသော သာသနမှန်ကင်းသဖွယ် ဖြစ်ကြသည့် ဆရာတော်ကြီးများနှင့် ကာရကသံဃာတော် ၃၀-ကျော်တို့၏ ချီးမြှောက်မှုဖြင့် ဥပသမဒဇာတ် ရဟန်းခြတ် ဖြစ်ခဲ့သည်။

ဆရာတော်ကြီးများစုဝေး ကြုံတောင့်ကြုံခဲကြုံတွေ့တဲ့ပွဲဖြစ်၍ ဆရာတော်ကြီးများသည် ရဟန်းခံကိစ္စပြီးသော်လည်း ၃-ရက်တိတိ နားနေတော်မူကြ၍ သမ္မောဒနီယ သာရဏီယကထာ စကားမြွက်ကြားသိတင်းသုံးနေတော်မူကြသည်။ ကိုရင် ဝိစိတ္တသာရကို ရဟန်းခံပေးပြီးနောက်၌ ထိုအရာတော်များ ထိုမျှစုံညီစွာ စည်းဝေးမိသောပွဲ မရှိတော့ပြီ။ ရဟန်းခံပွဲပြီးလျှင် စစ်ကိုင်းဘုရားကြီး ဆရာတော်ကြီးက "ဇရာမ မင်္ဂလာရှိလှသည့်ပွဲကြီး ဖြစ်ပါပေသည် မောင်ပဉ္စင်းကို အကြောင်းပြု၍ ငါတို့ နောက်ဆုံးစည်းဝေးရပါပေသည်" ဟုဝမ်းမြောက်စကား မိန့်ကြားတော်မူသည်၊

ရဟန်းဒါယကာ ဖြစ်ကြသည့် မင်းကွန်းဂူလေးချောင် ဆရာကြီးဒေါဓမ္မစာရီနှင့် ဆာဦးသွင်-ဒေါဒေါသိန်းတို့ကလည်း အလွန်ဝမ်းမြောက်စွာ ဆရာတော်ကြီးများကို ပြုစုလုပ်ကျွေးကြပါသည်။

ရဟန်းဖြစ်စ အရှင်ဝိစိတ္တသာရသည် မိမိရဟန်းဖြစ်တော်မူပြီး (၈)ရက်အရတွင် မိမိ၏ ဥပသမဒဓမင်္ဂလာကို မှတ်တမ်းပြုသောအားဖြင့် ဥပသမဒမင်္ဂလာဘွဲ့တေးထပ်ကို ဤသို့ ရေးစပ်တော်မူခဲ့ပါသည်

သာသနာအရှိန်တင့်စေဖို့၊
အချိန်သင့်ခါမှီ၊
စိန်ဆင့်တဲ့မြဒါလီ၊
ရှာမမီ လွန်ရှား။
ထေရ်ဝိနှင့် ဒကာ့ ဒကာတွေမှာ၊
သမ္မာ သမ္မာ ရှေးကလွန်များ။
ပီဋကတ် မြေမဟီမှာ၊
ကေသရီအလား။
ထေရ်မထေရ် မထေရ် ဘုရားရယ်တို့၊
တညီသားကြွမော်။
သာသနာ မဟိန့်တဲ့ပြင်၊
အရှင်ခံ စိတ်ကရည်ရော်။
ပဗ္ဗဇ္ဇ ဇယုဿဝေါကို၊
နရုတ္တမော် ဓမ္မကွန်အတိုင်းသာပ၊
ဌာန်ကရိဏ်း ပီပြင်သာယာ၊
ရွတ်ဖတ်ညီညာ။
သာသနာ့ ပွင့်ညောက်ညာကို၊
ပင့်ထောက်ကာ မြှောက်ပွဲပလေး။ ။

ပထမကြီးတန်းကိုအောင်မြင်တော်မူပုံ

၁၂၉၃-ခုနှစ်၊ နယုန်လတွင် အရှင်ဝိစိတ္တသာရ ရဟန်းဖြစ်၍ (၂)လ မြောက်တွင် အစိုးရပထမပြန်စာမေးပွဲ၌ ပထမကြီးတန်းကို ဖြေဆိုတော်မူရာ နှစ်ခြင်းပေါက်အောင်မြင်တော်မူခဲ့ပါသည်။ ထိုပထမကြီးတန်းအောင်လက်မှတ်တွင် ဤသို့ ရေးသားဖော်ပြထားပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တတိယဆယ်နှစ် ပဋမကျော်နှင့်ဝင့်သကာဘွဲ့ရ ဖြစ်တော်စဉ် (၁၂၉၃-ခုမှ ၁၃၀၃-ခုအထိ)

ရှိလေ၏။ ဤအချက်ကို ပစ္စည်းလေးပါးဒါယကာ ဆာဦးသွင်တို့က သတိကြီးစွာ ထား၍ မဇ္ဈိမပဋိပဒါ အလယ်အလတ်ဖြစ်အောင် ပြုကျင့်ထောက်ပံ့ စောင့်ရှောက်ကြသည်။

ဒကာဘက်ကတော်သလို အရှင်ဝိစိတ္တသာရ ဘက်ကလည်း "ရဟန်းတို့၊ လစန်းနှင့် အလားတူစွာ မိမိ၏ ကိုယ်နှင့်စိတ်ကို ယို့ယို့ကလေးထားပြီး အမြဲတစေ ဒါယကာများ၌ သစ်လွင်နေစေကြပြီး ချဉ်းကပ်ဆက်ဆံကြကုန်" ဟု ဘုရားရှင်၏ မိန့်တော်မူချက်ကို အမြဲလိုက်နာကာ ဒကာတို့မငြို့မငြင် မတွန့်ဆုတ်အောင် ကြိုးစားနေလေ့ရှိသည်။ "တောင်းသူကို လူမုန်းသည်" ဟူသော စကားကို သဝီထား၍ အတောင်းအရမ်း ထူပြောခြင်းမရှိ။ "ပျားပိတုံးသည် ပန်း၏အဆင်းအနံ့ကို မထိခိုက်စေဘဲ အရသာကို ယူသကဲ့သို့ ရဟန်းသည် ဒါယကာများဥစ္စာ သဒ္ဓါကို မထိခိုက်အောင် ကျင့်ရမည်" ဟူသော ဘုရားစကား တော်ကိုလည်း ဦးထိပ်ရွက်ပန်ဆင်နေသည်။ သို့ဖြစ်၍ ဆာဦးသွင် စေတနာကား အရှင်ဝိစိတ္တသာရ ရဟန်းငယ်အပေါ်ဝယ် အမြဲသစ်လွင်နေသည်သာ။

ဥယျာဉ်မှူးများ

ဆရာကြီးဒေါ်ဓမ္မစာရီနှင့် သေဌေးကြီး ဆာဦးသွင်- သေဌေးကတော် ဒေါ်ဒေါ်သိန်းတို့ကား အရှင် ဝိစိတ္တသာရအား ပစ္စည်းလေးပါးဖြင့် မဆင်းရဲ ရအောင် စောင့်ရှောက်မြေတောင်မြောက် ပေးကြ၊ ရေလောင်း ပေးကြသည်။ ရေမွန်းအမြစ်ပုပ်အောင် မလောင်းကြ၊ သာသနာ့သစ်ပင်လေး သောက်နိုင်ရုံကို ချင့်ချိန် တိုင်းဆ၍ မြေတောင်မြောက် ရေလောင်း ပေးကြသည်။ မှန်၏။ အချို့ သာသနာ့ သစ်ပင်လေး များ ပစ္စည်း လေးပါး ရေသွန်းလောင်း၍ အမြစ်ပုပ်ကာ သာသနာ မှ ပျောက်ကွယ်သွားရသလို၊ ရေမရ၍ အမြစ်ခြောက်ကာ ပျောက်ကွယ်သွားကြသည်လည်း

ဓမ္မရေစင်

ကျေးဇူးရှင် ဓမ္မနာဒ ဆရာတော်ကလည်း ဓမ္မရေစင်ဖြင့် နေ့စဉ်သွန်းလောင်းတော်မူသည်။ ပစ္စည်း ရေများများလောင်းလျှင် အမြစ်ပုပ်သော်လည်း ဓမ္မ ရေစင် များများလောင်းလျှင်ကား အမြစ်ပိုမိုသန်မာ သည်။ အရှင်ဝိစိတ္တသာရ သာသနာအမြစ် ခိုင်မာ သန်စွမ်းရေးအတွက် ဓမ္မရေစင် သွန်းလောင်းပုံမှာ—

(၁) ရဟန်းဖြစ်ပြီးလျှင် ဝိနည်းအဌကထာကြီးကို ဋီကာများနှင့်တွဲဖက်၍ ကျမ်းစာအယူအဆ၊ ဆရာတော်အသီးသီးတို့၏ ဖြတ်ထုံး အဆုံး အဖြတ်နှင့်တကွ မိမိရရပို့ချတော်မူသည်။

(၂) ညနေဖက်၌ အဘိဓမ္မာ အဌကထာကြီးကို

http://www.dhammadownload.com



အရှင်ဝိစိတ္တသာရဘိဝံသ
ရဟန်းခံပြီးစပဲတော်



ရဟန်းဒါယကာ ဆာဦးသွင်နှင့်
ရဟန်းဒါယိကာမ ဒေါ်ဒေါ်သိန်း

http://www.dhammadownload.com

မူလဋ္ဌီကာ အနုဋ္ဌီကာတို့နှင့် တွဲဖက်၍ ခဲရာခဲဆစ်တို့ကို ဖြေရှင်းကာ ဆိုဝါအဖြစ်ဖြင့် ပို့ချပေးတော်မူသည်။

(၃) ပါဠိတော် အဋ္ဌကထာ ဋီကာ ဝါကျအသွား အလာ စုဒ်ဆောဒနာ စသည်တို့ကို စည်းကမ်းတကျ လမ်းညွှန်ပြသော စံကျောင်း နိယာမကို အဓိပ္ပာယ် နှင့်တကွ ညဝါအဖြစ် ပို့ချပေးသည်။

(၄) ခရီးဝေး သွားလာရာ၌ မကွာထက်ကြပ် လိုက်ပါစေသည်။ ထေရရူပသက်မန=မထေရ်ကြီးများအား ဆည်းကပ်ပုံ၊ ကမ္မာကမ္မ= ဝိနည်းအရာ ကဲကြီး ကဲငယ် ဆောင်ရွက်ပုံစသော သာသနာမူ ကိစ္စများကို ကိုယ်တွေ့မျက်မြင် သင်ပြပေးတော်မူသည်။

ဆရာတော်ဦးပညာစက္ကသည် ကျမ်းဂန် ချပို့ခြင်း၊ ဘုရားဝတ်ပြုခြင်း၊ ဗောဓိဝတ်ပြုခြင်းစသော သာသနာ့ကိစ္စဖြင့်သာအချိန်ကုန်စေသည်။ သူတဘက်သားအား မည်သည့်အခါမျှ ဆန့်ကျင်ဘက်ဖြစ်အောင် ပြောကြားလေ့မရှိ။ စာပေကို အလွန်မြတ်နိုးတော်မူသည်။မျက်စိရောစိတ်ပါ စာပေ၌ချထားတော်မူသည်။ အဆန်းတကြယ် အကျယ်တဝင့် ဂါထာစုဏ္ဏိယ ဘုရားရှိခိုးဝတ်ပြုရာ၌ အမျိုးမျိုးဖွဲ့စီ၍ ဝတ်ပြုလေ့ရှိသည်။

အထူးအားဖြင့် ဆရာတော်ဦးပညာစက္ကသည် တရားတော်ကို အလွန်လေးစားမြတ်နိုးသည့် အရှင်ဖြစ်ရာ၊ နှစ်စဉ်နှစ်စဉ် ဝါဆိုဦးသို့ရောက်လျှင် ပဋိက သုံးပုံဓမ္မစေတီတော်စာအုပ်များကို စာပွဲကြီးပေါ်သေချာစွာတင်ပြီးလျှင် ဆီမီး+ပန်းမာလ်တို့ဖြင့် တရိတသေပူဇော်ပြီးနောက် အစဉ်အတိုင်း တစ်အုပ်ပြီးတစ်အုပ် ဉာဏ်သက်ဝင်နိုင်လောက်အောင်ဖြေးဖြေးလေးလေး ရွတ်ဖတ်၍ မြတ်စွာဘုရားအား တရားအား လျော်သောအကျင့်မြတ်ဖြင့် ထူးထူးခြားခြား ပူဇော်လေ့ရှိသည်။ ဤသို့လျှင် ဆရာတော်ဦးပညာ စက္က ပဋိကတ်တော်များကို ဝတ်ထား၍ ရွတ်ဖတ်ပူဇော်သည်ကို ကိုယ်တိုင်တွေ့ကြုံရသော အရှင်ဝိစိတ္တသာရသည် တစ်နေ့သောအခါ မိမိ၏ဥပဇ္ဈာယ်ဆရာတော်အား "ဆရာတော်ဘုရား၊ ပဋိကတ်တော်များဟာ သိဒ္ဓိရှိသည်ဟု ထင်မြင်မိသည်"ဟု လျှောက်ထားရာဝယ်၊ အရှင်ပညာစက္ကက "မောင်ဝိစိတ္တရဲ့၊ ပဋိကတ်တော်များသည် သရဇ္ဈာယ်နိုင်လျှင် သရဇ္ဈာယ်နိုင်သလောက် သိဒ္ဓိအကျိုး ခံစားရတာပေါ့"ဟု အမိန့်ရှိတော်မူ၏။

ဓမ္မနာဒဆရာတော်သည် နေ့စဉ်နေ့စဉ် နံနက် (၄)နာရီတစ်ကြိမ်၊ ည(၇)နာရီတစ်ကြိမ်၊ တစ်နေ့နှစ်ကြိမ် ဝတ်ထားပြီး မနောမယစေတီတော်ကို မှန်မှန်ရှိခိုးလေ့ရှိသည်။ ထိုသို့ရှိခိုးရာတွင် သာမန်ရှိခိုးခြင်းမျိုးမဟုတ်ဘဲ နှစ်ကျိပ်ရှစ်ဆူသော ဘုရားများကို တစ်ပါး၊စီ တစ်ပါး၊စီ ဆိုင်ရာဂုဏ်တော်များ ပေါ်လွင်အောင် ဂါထာရေးသားပြီး (၂၈)ဂါထာဖြင့် ရှိခိုးသည်။ ထို့အတူ အသီတိသာဝက=ရှစ်ကျိပ်သော သာဝကများကို ရှိခိုးရာတွင်လည်း သာဝကတစ်ပါး တစ်ပါးလျှင် ဂါထာတစ်ပုဒ်စီ တစ်ပုဒ်စီဖြင့် ရွတ်ဆိုပူဇော်ကာ ဂါထာမပြီးဆုံးသမျှ ထတော်မမူချေ။

ဓမ္မနာဒကျောင်းတိုက် တောင်ဘက်ကုန်းမြင့်တွင် သူဌေးကြီး ဆာဦးသွင် အိန္ဒိယနိုင်ငံဗုဒ္ဓဂါယာမှ ပင့်လာခဲ့သော မျိုးတော်စစ် ဗောဓိပင်တစ်ဆူရှိသည်။ ဓမ္မနာဒ ဆရာတော်သည် ထိုဗောဓိပင်အား ညနေချမ်းတွင် နေ့စဉ်ရေသွန်းလောင်းပူဇော်သည်။ ရေပူဇော်ရာတွင် ရေအိုးတစ်အိုးနှစ်အိုး ပူဇော်ခြင်းမျိုးမဟုတ်ဘဲ အတော်အေးအောင် ပူဇော်ခြင်းဖြစ်၏။ ဆရာတော်ကြီး ဗောဓိပင်မင်းအား ရေဝတ်ပြုရာတွင် ရှေးဦးအခါက ကိုရင်ကြွေစိန့် တိတိတို့က ရေခပ်ပေးကြ၏။နောင်အခါ အရှင်ဝိစိတ္တသာရက ရေခပ်ဝတ်ကို ယူ၍

http://www.dhammadownload.com



ဆရာတော် ဦးပညာစက္က
တည်ထားသော
မနောမယ စေတီတော်



ဆရာကြီး ဒေါ်မွေစာရီ
သီတင်းသုံးရာ
အိမ်ကြီးချောင်ရေပ်

http://www.dhammadownload.com

ဆရာတော်ကြီးအတွက် အမြဲတစေ ရေတည်ထားပေးလေ၏။ ဓမ္မနာဒဆရာတော်က မိမိတရားဘက်၌ အလေးပြုသလို ကိုရင် ဝိစိတ္တသာရကိုလည်း တရားဘက်၌ အလေးပြုအောင် ဤသို့လျှင် တစတစ ပုံသွင်းပေးတော်မူခဲ့သည်။

အမျိုးသားပထမကြိုး

၁၂၉၄–ခုနှစ် အရှင်ဝိစိတ္တသာရ ရဟန်း(၁)ဝါ ရချိန် မြန်မာနိုင်ငံရေး၌လည်း အိန္ဒိယနိုင်ငံနှင့်တွဲ၍ အုပ်ချုပ်ရန်–ခွဲ၍အုပ်ချုပ်ရန်ဟူသော တွဲရေး–ခွဲရေး နိုင်ငံရေးပြဿနာများ ဂယက်ထနေချိန်အတွင်းတွင် မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော် လုံးဆိုင်ရာ မဟာသံဃသာမဂ္ဂီအဖွဲ့ချုပ်ကြီး၏ဥက္ကဋ္ဌ ကေတုမာလာဘိဓဇမဟာဓမ္မရာဇဂုရု တံဆိပ်တော်ရှေ့ကျေးဇူးရှင်သက်ပန်းဆရာတော်ကြီး ကြီးမှူးအုပ်ချုပ် ဥက္ကဋ္ဌဖြင့်လုပ်၍ မန္တလေးမြို့၊ အိမ်တော်ရာဘုရားကြီးဝင်းအတွင်း၌ အမျိုးသားပရိယတ္တိစာမေးပွဲကြီးကို အစိုးရပထမပြန် စာမေးပွဲနှင့်အပြိုင် ကျင်းပနေလေသည်။ ထိုအမျိုးသားပရိယတ္တိ စာမေးပွဲကြီး၌ အရှင်ဝိစိတ္တသာရသည်ပထမကြိုးတန်းကို ဝင်ရောက်ဖြေဆိုတော်မူရာ ပထမကြိုးတန်း အောင်မြင်တော်မူပါသဖြင့် **ပရိယတ္တိသာသန အနုရက္ခက** ဟူသော ဘွဲ့ပုံလက်မှတ်ကို ချီးမြှင့်ဆက်ကပ်ခြင်း ခံယူတော်မူရလေသည်။

ပရိယတ္တိသာသနဟိတ (သက္ကသီဟ) စာသင်တန်းအောင်မြင်ခြင်း

၁၂၉၅–ခုနှစ်တွင် အရှင်ဝိစိတ္တသာရသည် ရဟန်း (၂)ဝါအရ မန္တလေးမြို့၊ သက္ကသီဟ ဘုရားကြီးဝင်းအတွင်း၌ ၁၂၆၅–ခုနှစ်ကပင် စတင်ကျင်းပခဲ့သည့် ပရိယတ္တိသာသနဟိတ (သက္ကသီဟ) စာမေးပွဲ၏ သီခြားစာသင်တန်း စာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုတော်မူသည်။

ထိုပရိယတ္တိသာသနဟိတ စာမေးပွဲကြီးသည်ကား မြန်မာပြည် သာသနာရေးလောကတွင် ပြဋ္ဌာန်းကျမ်းစာများခြင်း၊ အားလုံးပြန်ရခြင်း၊ ပုစ္ဆာခက်ခဲခြင်း စသည်စည်းကမ်းကြီး၍ ခက်ခဲမှုတို့ကြောင့် အောင်ဖို့ရန် အလွန်ခဲယဉ်းသည်ဟု နာမည်ကြီးလေ၏။ ထိုစာမေးပွဲကြီးကို ဝင်ရောက်ဖြေဆိုရန် အားထုတ်သောအရှင်မြတ်များသည် ရောဂါရလျှင် ရတတ်သည်၊ ပျံလွန်တော်မူလျှင်လည်း ပျံတော်မူရမည် ဟုပင် ပြောစမှတ်တွင်လေသည်။ ဤသို့ ခက်ခဲလှသော စာသင်တန်းစာမေးပွဲကြီးတွင်လည်း အရှင်ဝိစိတ္တသာရသည် ပြဋ္ဌာန်းကျမ်းစာများကို သာမဏေအဖြစ်ကပင် ကျစ်လျစ်သေချာ အာဂမကျေညက်စွာဖြင့် အနက်အဓိပ္ပာယ်နှင့်တကွ ခက်ခဲခက်ဆစ်တို့ကို ပိုင်နိုင်ခဲ့ပြီးဖြစ်ရကား နှစ်ချင်းစွဲအောင်မြင်တော်မူခဲ့ပြန်ပါသည်။

ပထမကြိုးတန်းခရေပွင့်ပြ (၁)နံပါတ်အောင်မြင်တော်မူခြင်း

ဤသို့ သက္ကသီဟစာသင်တန်း ဖြေဆိုတော်မူစဉ်ပင် ပထမကျော်အောင်ပန်းကို ဆွတ်လှမ်းလိုသောစိတ်ဖြင့် အစိုးရပထမပြန်စာမေးပွဲ ပထမကြိုးတန်းကို ဒုတိယအကြိမ် ဝင်ရောက်ဖြေဆိုတော်မူပြန်ရာ တစ်ဆင့်တက်ကာ ခရေပွင့်အမှတ်ဖြင့် (၁)နံပါတ် အောင်မြင်တော်မူပြန်ပါသည်။

ပရိယတ္တိသာသနဟိတ (သက္ကသီဟ) စာချတန်းအောင်မြင်ခြင်း

၁၂၉၆–ခု၊ ရဟန်း(၃)ဝါအရတွင် အရှင်ဝိစိတ္တသာရာဘိဝံသသည် မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတ (သက္ကသီဟ) စာချတန်းကို ဝင်ရောက်ဖြေဆိုတော်မူပြန်ပါသည်။ ဤစာချတန်း စာမေးပွဲသည်ကား ဝိနည်းပိဋကတ်၏ ပထမမြောက် အင်္ဂကထာဖြစ်သော

http://www.dhammadownload.com



မန္တလေး ပရိယတ္တိ(သကျသီဟ)အဋ္ဌကထာကြီး သုံးကျမ်း
အောင်မြင်တော်မူစဉ်က(အသင်းလူကြီးများနှင့်)ဖူးတွေ့ရပုံ



ပဌမကျော်ဘွဲ့ရစဉ် ပုံတော်

http://www.dhammadownload.com

ပါရာဇိကဏ်အဌကထာ၊ သုတ္တန်ပိဋကတ်၏ ပထမမြောက်အဌကထာဖြစ်သော သီလက္ခန္ဓဝဂ္ဂ အဌကထာနှင့် အဘိမ္မောပိဋကတ်၏ ပထမမြောက် အဌကထာဖြစ်သော အဌသာလိနီ အဌကထာ တည်းဟူသော ပိဋက(၃)ပုံ၏ ရှေးဦးဆုံးပိဋကတ်အဖွင့် အဌကထာကြီး (၃)ကျမ်း(တစ်နည်း) အာဒိအဌကထာ (၃)ကျမ်းကို သဒ္ဒါနည်း၊ အလင်္ကာနည်း၊ ဆန်းနည်း၊ နေတ္တိအရကောက်နည်း၊ ဉာသ်ကောက်နည်း၊ ယမိုက်နည်း၊ ပဋ္ဌာန်းနည်း စသည်နည်းမျိုးစုံတို့ဖြင့် အခက်ဆုံး အနက်ဆုံး မေးမြန်းသော စာမေးပွဲကြီးဖြစ်ပေရာ အရှင်ဝိစိတ္တသာရာဘိဝံသ ယခင်နှစ်က ဖြေဆိုခဲ့သော (သီးခြား) စာသင်တန်း စာမေးပွဲထက် အဆများစွာ အဆင့်မြင့်၍ ခက်ခဲလေ သည်။ ဤစာမေးပွဲမျိုးကို (၄)နှစ်(၅)နှစ်ခန့်အချိန်ယူပြီး ဖြေဆိုမှသာ အောင်မြင်တတ်ကြသည်။ ပထမနှစ်တွင် စာသင်တန်းအောင်မြင်၍ နှစ်မခြားဘဲ ဒုတိယနှစ်မှာ စာချတန်းကို ဆက်ဝင်ဖို့ ရာဆိုသည်မှာ မစဉ်းစားဝံ့ မတွေးဝံ့လောက်သော အကြောင်းဖြစ်ချေသည်။ သို့ပါသော်လည်း အရှင်ဝိစိတ္တသာရာဘိဝံသသည် ဇွဲသတ္တိ ရဲရဲ တောက်ပညာဉာဏ်ဖြင့် ထက်သန်ရွှင်လန်းစွာ သီးခြားမျှောစရိယ စာချတန်းကို ဖြေဆိုတော်မူရာ ဤစာမေးပွဲကြီး စတင်ကျင်းပသည့် ၁၂၆၅-ခုမှစ၍ ထိုအကြိမ်အထိ အကြိမ်ပေါင်း (၃၁)ကြိမ်အတွင်း ပထမဦးဆုံးအဖြစ်ဖြင့် သီးခြားစာချတန်းကို စာသင်တန်းနှင့် နှစ်မခြားဘဲ၊ အဌကထာ သုံးကျမ်းကို တစ်နှစ်တည်း အောင်မြင်တော်မူပါသဖြင့် ယခင်ကမရှိဘူး, မဖြစ်ဘူး, မကြုံဘူး ဖြစ်ရာ ထုံးမရှိ, စံမရှိ အစ္ဆရိယ အမျှတ အံ့သြလို့မပြီး ချီးကျူးလို့မကုန် အောင်မြင်ပုံ စံချိန်သစ်တင်နိုင်တော်မူခဲ့လေပြီတကား။

အရှင်ဝိစိတ္တသာရာဘိဝံသဖြစ်တော်မူလေပြီ

ထိုအောင်ပန်းတစ်ဆင့်ပွင့်သည့်အခါ ပရိယတ္တိသာသနဟိတ အသင်းကြီးက မူလအရှင်ဝိစိတ္တသာရ-ဟူသောဘွဲ့တော်တွင် **အဘိဝံသ** ဟူသော "ထူးကဲမြင့်မြတ်သော အနွယ်တော်" ဟု အသိအမှတ်ပြုကာ ပူဇော်ပြန်ပါသဖြင့် ဥပဇ္ဈာယ်ဆရာတော် မှည့်ခေါ်ရင်းဘွဲ့တော် **အရှင်ဝိစိတ္တသာရ** မှသည် **အရှင်ဝိစိတ္တသာရာဘိဝံသ** ဟူသောဘွဲ့အမည်ကို ထိုအချိန်မှစ၍ ပြည့်စုံစွာ ဖြစ်တော်မူခဲ့ရလေသည်။

ဝင့်သကာဘွဲ့

ဤသို့လျှင် ပရိယတ္တိသာသနဟိတ မျှောစရိယ (စာချတန်း)ကို တစ်နှစ်တည်းနှင့် အပြီးအောင်မြင်တော်မူပါသဖြင့် အသင်းကြီးကလည်း ပေးနေကျ **ပရိယတ္တိသာသနဟိတ မျှောစရိယ** ဟူသော ဘွဲ့တော် အပြင် **ဦးစိုက်ပန်း**ဟု အနက်အဓိပ္ပာယ်ရှိ **ဝင့်သကာ** ဟူသော အညွန့်ဘွဲ့တော်ကိုပါ တိထွင်ဖြည့်စွက်၍ ပထမဦးဆုံး ဆက်ကပ်လှူဒါန်းခြင်း ခံယူတော်မူခဲ့ရလေသည်။

အရှင်ဝိစိတ္တသာရာဘိဝံသ ရရှိတော်မူသော **သာသနဟိတ** မျှောစရိယဝင့်သကာ-ဟူသော တံဆိပ်တော်မြတ်ကို အားလုံးပေါင်းရုံး မြန်မာပြန်ပါလျှင် "ပရိယတ္တိသာသနာတော် အကျိုးဆောင်စာချ ထိပ်တန်း **ဦးစိုက်ပန်း**"ဟူ၍ဖြစ်ပါသည်။

အဌကထာပြန်အကျော်

အရှင်ဝိစိတ္တသာရ၏ ဝင့်သကာဘွဲ့ရမှုသည် အလွန်ဖြစ်ခဲသော အရာဖြစ်သည်ကို သာမန်လူတို့အဖို့ အလေးအနက်မသိနိုင်ပါ။ တကယ့်ပါဠိ ပညာရှင်ကြီးများကသာ အလေးအနက်သိနိုင်ပါသည်။ ထိုသတင်းကို ရန်ကုန်မြို့ရှိ အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဦးလင်းအမှူးပြုသော ပါဠိဆရာ မြန်မာပညာရှိ အသင်းကြီးက ကြားသိလျှင် အရှင်ဝိစိတ္တသာရအား အဌကထာကြီးသုံးကျမ်းကို တစ်နှစ်တည်း ပြန်ဆို

http://www.dhammadownload.com



ပရိယတ္တိ သာသနဟိတ(သကျသီဟ)စာသင်တန်းအောင် လက်မှတ်



ပရိယတ္တိသာသနဟိတ(သကျသီဟ)စာချတန်းအောင် လက်မှတ်

http://www.dhammadownload.com

နိုင်မှုအတွက် "အဋ္ဌကထာပြန် အကျော်" ဟူသော ရွှေတံဆိပ်ဖြင့် ချီးကျူးပူဇော်ကြ ပြန်ပါသည်။

ပထမကျော်ဖြစ်တော်မူခြင်း

အရှင်ဝိစိတ္တသာရာဘိဝံသသည် ထိုခေတ် အခါက အခက်တကဲ့ အခက်ဆုံး စာမေးပွဲကြီး၌ မရစဖူး အရထူးသော ဝဠုံသကာဘွဲ့ ကို ရရှိတော်မူသည့်အပြင်၊ အစိုးရ ပထမပြန်စာမေးပွဲမှာလည်း ပထမကျော် အောင်ပန်းကို ထိုရဟန်း (၃)ဝါအရ ၁၂၉၆–ခုနှစ်မှာပင် ဆွတ်လှမ်းတော်မူပြန်ပါသည်။

ထုံးတမ်းစဉ်လာအားဖြင့် မန္တလေး ရွှေမြို့တော်ရှိ နာမည်ကြီး စာသင်တိုက်ကြီးများကသာ ရလေ့ရှိသော အစိုးရပထမကျော်အောင်ပန်းကို မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်မှ အရှင်ဝိစိတ္တသာရာဘိဝံသက ရရှိသွားသဖြင့် "တောကြက်က အတက်ချွန်တယ်"ဟုပင် မန္တလေးရွှေမြို့တော်ရှိ ကဝိတို့၏ နှုတ်ဖျားဝယ် ချီးကျူး ပြောကြားလျက်ရှိပါသည်။

တစ်နည်းစကားစဉ်ရှိသည်မှာ မန္တလေးမှ စာချဆရာတော်တို့က မိမိ၏တပည့်များကို "ငါ့ရင်တို့က ဝက်သားစားပြီးတော့ ပဌမကျော်မရ၊ မင်းကွန်းတောင်ရိုးက မြစ်စားပြီးတော့ ပဌမကျော်အောင်ပန်းရသွားပြီ"ဟုလည်း ပြောကြသည်ဟူ၏။

အရှင်ဝိစိတ္တသာရာဘိဝံသ ပထမကျော်အောင်ပန်း ဆွတ်လှမ်းတော်မူသည်နှင့်စပ်၍ အဂ္ဂမဟာပဏ္ဍိတ၊ စာပေပါရဂူဘွဲ့ရ ဆရာကြီးဦးလင်း၏ ချီးကျူးပူဇော်စကားတရပ်မှာ–

"ဤပထမကျော်အောင်သည့်နှစ်မှာ ပဌာန်းမေးခွန်းကို ဖြေဆိုရာတွင် 'ပစ္စယုပ္ပန်ဖြစ်သောစိတ်၏ အာရမ္မဏပစ္စည်းတပ်ပုံကို သိသာထင်ရှားအောင် ရေးသား ဖြေဆိုပါ'ဟူသော မေးခွန်းကို အခြားပထမကြီးတန်းဝင် ပုဂ္ဂိုလ်အားလုံး ရှောင်ကွင်းသွားကြသော်လည်း ဤပုဂ္ဂိုလ်တစ်ပါးသာ ထင်ရှားအောင် ဖြေဆိုနိုင်သည်ကို တွေ့ရသဖြင့် ဤမျှထက်မြက်သော ဉာဏ်ရှင်ပုဂ္ဂိုလ်ဖြစ်သည်ကို တွေ့ရပါသည်။ ဤမျှထက်မြက်သော ဉာဏ်ရှင်ပုဂ္ဂိုလ်သည် အမှန်ပြောဆိုနိုင်လောက်သည်ဟု ယုံကြည်ထင်မြင်ရံမျှသာမက နောက်နောင်သော ကာလများမှာလည်း ထူးခြားဂုဏ်ရည် အာဇာနည်ပုဂ္ဂိုလ်ဟူ၍လည်းကောင်း၊ ဗိုလ်လူလေးစား အားထားမြတ်နိုး တန်ခိုးထင်ပေါ်ကျော်ထက်ကျော်စိမ့်မည်ဟု တပည့်တော် မျှော်လင့်မှတ်သားထားခဲ့ပါကြောင်း" ဟူ၍ ဖြစ်ပါသည်။

ဆင်ဝင်္ကခြံပေါက်တော်မူခြင်း

ဤသို့လျှင် ဝဠုံသကာဘွဲ့နှင့် ပထမကျော်ဘွဲ့ ရရှိအောင် စာကြည့်တော်မူစဉ်က အရှင်ဝိစိတ္တသာရတွင် ဒီးဖြူသီးအသေးစားခန့်အရွယ် ဆင်ဝင်္ကခြံကြီးများ ပါးနှစ်ဖက်တွင်ပေါက်နေ၏။ ထိုအနာကြီးများကို မင်းကွန်း အထက် အညာ (၁၀)မိုင်ခန့် ဝေးကွာသော အင်းတောင်းရွာမှ ဆရာကြီး ဦးလွန်းပြေကို ပင့်ခေါ်၍ ကုခဲ့ရ၏။ ဆရာကြီးက ကျောင်းအနီး သစ်ရွက်များကြိတ်ကာ ထုံဆေးပြုပြီး ခွဲစိတ်ကာ ကုသပေးခဲ့၏။ ထိုအနာမှာ ပြည်များလည်း တည်နေရာ အနာဆေးပြည်ညစ် လုပ်ပေးနေရ၏။ တစ်ကြိမ်တွင် အနာဖန်ဆေးခိုက် ဆရာကြီး ဒေါ်ခမ္မ စာရိုက လူနာမေးရောက်ရှိလာရာ အရှင်ဝိစိတ္တသာရက ပြုံးရွှင်ချိုသာစွာဖြင့် မယ်တော်ကြီးအား "ဒကာမကြီး၊ ယခုနှစ် နှစ်ဌာန နှစ်မျိုးလုံးအောင်မှာ ဒကာမကြီးရ" ဟု ပြောခဲ့၏။ ရပ်ခန္ဓာဌ်အနာရောဂါ ကပ်ငြိသော်လည်း အာဇာနည်စိတ် ဖြစ်တော်မူသည့်အတိုင်း ရည်ရွယ်ချက်ပန်းတိုင်ကိုကား မယျက်မကွက် အရောက်လှမ်း နိုင်တော်မူခဲ့သည်။

ပူဇော်ပွဲကြီးသုံးရပ်

မန္တလေးမြို့၊ ပရိယတ္တိသာသနဟိတအသင်းကြီးက ၁၂၉၆–ခု၊ ဒုတိယဝါဆိုလတွင် ဝိစိတ္တ

http://www.dhammadownload.com



မြန်မာနိုင်ငံတော်ပညာဌာန။

ပဌမမြန်မာ၊

အစိုးရ ပဌမကျော်အောင် လက်မှတ်



ပဌမကျော်ဘွဲ့ ရစဉ်
ရန်ကုန်ပူဇော်ပွဲအပြီး
ရဟန်းဒါယကာ ဆာဦးသွင်နှင့်
ပဌမကျော် အရှင်ဝိစိတ္တသာရာဘိဝံသ

http://www.dhammadownload.com

သာရာဘိဝံသ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဟူသောဘွဲ့ဖြင့် စာချပုဂ္ဂိုလ်အဖြစ်ထား၍ ကိုးကွယ်ပူဇော်ခြင်း၊ ၁၂၉၇-ခု၊ နတ်တော်လပြည့်ကျော် ၁၀-ရက်နေ့ညနေ ၅ နာရီအချိန်၌ ရန်ကုန်မြို့ ဂျူဗလီဟောခန်းမကြီးတွင် ပြည်ထဲရေးဌာန ဝန်ကြီးချုပ်မင်းဆာဦးဘကပထမကျော်ဘွဲ့ပုံလက်မှတ်ကိုအခမ်းအနားနှင့် ဆက်ကပ်ပြီးပူဇော်ခြင်း၊တဖန်မြန်မာ ပညာရှိအသင်းကြီးက ပြည်ထဲရေးဝန်ကြီးချုပ် ဆာဦးဘကိုယ်တိုင်ကြီးမှူးကာ အဌကထာပြန် အကျော်ဘွဲ့နှင့်ရွှေတံဆိပ်ကြီး၊ အများက ဝန်ရံ၍လှူဒါန်းကြသော ရွှေတံဆိပ် ၁၇-ခုတို့နှင့် ရန်ကုန်မြို့ ဂျူဗလီဟောခန်းမကြီးမှာပင်ပြုလုပ်ပူဇော်ကြကာ မြို့လုံးကျွတ်နတ်မြင်းပျံပန်းရထားဖြင့် လှည့်လည်ပူဇော်ခြင်း ဟူသော ပူဇော်ပွဲကြီးသုံးရပ်တို့ကို ကျင်းပကာပူဇော်သက္ကာရ ပြုခဲ့ကြလေ၏။

ဤပူဇော်ပွဲကြီးသုံးရပ်တွင် မြန်မာပညာရှိအသင်းမှ ဆက်ကပ်လှူဒါန်းသော ရွှေတံဆိပ် (၁၇)ခုတို့မှ ရွှေတံဆိပ် (၁၄)ခုကို မှန်ဘောင်အတွင်း ချိတ်ဆွဲပြီးလျှင်-

ဗောဓိယာ ပစ္စယောဟောတု၊
ဣဒံမေ ပုညမဂ်ံလံ၊
သုမနေန ပသန္နေန၊
အတ္တမနေန သဦတံ။ ။

ဟူသော မြတ်ဆုမွန်ဂါထာကို ပတျာဖွဲ့သီ၍ ရွှေရောင်ထိန်ညီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ရွှေရောင်ဖိတ်ဖိတ် ရွှေတံဆိပ်တို့ကို လှူဒါန်းပူဇော်တော်မူခဲ့ပါသည်။

ဥပဇျာယ်ဆရာတော်၏ တိုက်တွန်းချက်

ထိုပူဇော်မှုမျိုးကိုခံရသော တပည့်အရှင်ဝိစိတ္တသာရာဘိဝံသအား ဆရာတော် ဦးပညာစက္က မထေရ်မြတ်က-

ဗုဒ္ဓမြတ်စွာသာသနာတော်ကို အမှီရ၍ မင်းနှင့် ပြည်သူ ကြည်ဖြူလေးမြတ် ပူဇော်အပ်သည့် ဂုဏ် အထူးများကို ငါ့တပည့် ယခုရရှိခဲ့ပြီ၊ နောင်လည်း ထိုထက်အလွန်ရရှိပေလိမ့်ဦးမည်။ ထိုသို့ရအပ်သော ထိုဂုဏ်တို့ဖြင့် သာသနာတော်ကို ပူဇော်အံ့ဟု စိတ်၌ ဆောက်တည်၍ ကိစ္စတစ်ပါးမင့်ဘဲ သာသနာဝန် ကိုသာဆောင်လျက် မိမိမှိရာသာသနာကို တုံ့ပြန်၍ တဖန်ကျေးဇူးဆပ်ပါလေ ငါ့တပည့်။

ဟုအဓိပ္ပါယ်ပါသော အောက်ဖော်ပြပါ ပါဠိအနေအထားမြင့်မားသည့် ဝသန္တတိလက ဂါထာကြီးနှစ်ခုဖြင့် သတိပေး တိုက်တွန်းတော်မူခဲ့ပါသည်။

၁။ နိဿာယ သာသနဝရံ သုဂတဿ ယဿ၊
ယံ တွံ သရာဇမနုဇေဟိ ပသံသနီယ။
ဝိန္ဒိတ္ထ သဗ္ဗဝိသယေသု ဂုဏာတိရေကံ၊
ဝိန္ဒိဿယေ ပုန တတုတ္တရိ သုဒ္ဓမဂ္ဂံ။
၂။ ပူဇေယျမဿ နရသီဟဝရဿ သုဒ္ဓံ၊
တံ သာသနံ ပရမဒုလ္လဘမီ ဒိသေန၊
လဒ္ဓဂ္ဂုဏေန မိတိ မာနသိ နိက္ခိတွာ၊
ယုဥ္ဇဿု အညမနပေက္ခိယ ဓုရမဿ။

ခဲ,သုံးခဲဆောင်

၁။ စာသင်ရပ်ခဲစေ
၂။ ကျောင်းထိုင်ခဲစေ
၃။ တရားဟောခဲစေ

ရဟန်းလောက၌ စာပေပရိယတ်ကို အချိန်များများ ခြေခြေလည်လည်သင်ယူနိုင်ရန် ခဲသုံးခဲဆောင်ရမည်ဟု ပညာရှိတို့ ဥပဒေသထားခဲ့ကြသည်။ အရှင်ဝိစိတ္တသာရာဘိဝံသလည်း သကျသီဟ စာချတန်း၊ အစိုးရ ပထမကျော်တန်းကို အောင်မြင်ပြီးသော်လည်း စာပေသင်ကြားမှုမရပ်စဲသေးပါ။ ကြွင်းကျန်သော သင်ရိုး ပါဠိ အဌကထာ ဋီကာများကို စုံအောင် ဆက်လက်သင်ကြားရင်း ဆရာတော်၏ လက်ထောက်စာချ အဖြစ်ဖြင့် အောက်လက်စာသင်သားများကို စာပေများပို့ချ နေထိုင်ပါသည်။

http://www.dhammadownload.com

မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သည်ကား ခေါင်းလောင်းတော်ကြီး၊ ခြေသံ့ကြီး၊ မင်္ဂလာကန်တော်ကြီးနှင့် မင်းကွန်းစေတီတော်ကြီးဟူသော ကြီးလေးကြီးတို့၏ တည်နေရာမင်းကွန်းကျေးရွာ၏ အနောက်ဘက်၌တည်ရှိပြီး၊ အရှေ့ဘက်က ဧရာဝတီမြစ်တည်းဟူသော ရေတံတိုင်းကြီး၊ အနောက်ဘက်မှာမူ ရွှေမြင်တင်တောင်တည်းဟူသော တောင်တံတိုင်းကြီးတို့ဖြင့် ကာရံပိတ်ဆီးထားမှုကြောင့် လူသူလေးပါး အရောက်အပေါက်နည်းပါးပြီး ဆိတ်ငြိမ်အေးချမ်းလှပါသည်။ တောနေတောင်အောင်း သူတော်ကောင်းတို့၏ ချောင်များကား တောင်ခါးပန်း၌ တောင်မြောက်စဉ်တန်းလျက်ရှိ၏။ တောရိပ်တောင်ရိပ် တောတောင်သံတို့ဖြင့်ထုံးမွှမ်းလျက်ရှိသော မင်းကွန်းဌာနကား ကျေးဇူးရှင်လယ်တီဆရာတော်ဘုရားကြီး၏ "တရားရှာရာ၌ တောအရပ်သည်ကောင်း၏"ဟု မိန့်တော်မူသော သြဝါဒနှင့်ညီညွတ်သည့် အရပ်ဖြစ်ချေ၏။

တရားရှာ၍ကောင်းသော၊ စာပေရိယတ်သင်ယူ ပို့ချ၍ကောင်းသော မင်းကွန်းတောင်ရိုးတွင် သက်တော် ငါးဆယ်မျှ ရှိသေးသော စာချဆရာတော် အရှင်ပညာစက္ကနှင့်၊ ရဟန်း ငါးဝါမျှသာရှိသေး၍ ဝင့်သကာဘွဲ့ရထားသော လက်ထောက်စာချ အရှင်ဝိစိတ္တသာရာဘိဝံသတို့ ဆရာတပည့်နှစ်ပါးတို့မှာ စာချကောင်းတုန်းအချိန်ဖြစ်ပါသည်။ ထိုအချိန်သည် ဓမ္မနာဒကျောင်းတိုက်၌ နေတဆူလတစင်း လှည့်လည်ကာ ရောင်ခြည်ကျင်းသဖြင့် အထွန်းလင်းဆုံးအချိန်လည်း ဖြစ်ပါပေသည်။

စံကျောင်းအနှယ်၊ ရွှေရေးဆောင်အနှယ်ဖြစ်သည့် ဓမ္မနာဒဆရာတပည့်နှစ်ပါးတို့၏ စာချတော်မူကြပုံမှာ "ကျမ်းမှာပါ၌လျှောက်၊ နက်ရောက်မျှသာ၊ လေ့လာပြမ်းတီး၊ အာသာပြီးလတ်၊ သိရုံမှတ်က၊ စာတတ်မမည်" ဆိုသည့်အတိုင်း ပါ၌လျှောက်မျှသာ ချပို့သည်မဟုတ်၊ ပုဒ်၌လိမ္မာသည့် –ပဒကောသလ္လာဏ်၊ စကားဝါကျ၌ လိမ္မာသည့်–ဝါကျကောသလ္လာဏ်၊ အဆုံးအဖြတ်၌ လိမ္မာသည့်–ဝိနိစ္ဆယကောသလ္လာဏ်ဟု အဆင့်သုံးဆင့်ခွဲ၍ မြို့ငြိမ်ဆိုင်ဆိုင် နိုင်နိုင်နင်းနင်း ပို့ချတော်မူကြပါသည်။

ထိုသို့ ဆရာတပည့်နှစ်ပါးတို့ စာပေပို့ချနေတော်မူကြစဉ်အခါက အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိဥပဇ္ဈာယ်ဆရာတော်၏ ပရိယတ္တိနိုင်နင်းကျွမ်းကျင်ပုံကို မျက်ဝါးထင်ထင် သိမြင်တော်မူပြီးလျှင် ဂုဏ်ယူအားရဝမ်းမြောက်လှသဖြင့် အာစရိယဂုဏာကိတ္တနအဖြစ် ရေးဖွဲ့ကြွေးကြော်တော်မူသော တေးထပ်တစ်ပုဒ်မှာ ဤသို့ ဖြစ်ပါသည်။

အာစရိယဂုဏာကိတ္တန တေးထပ်

ပိဋကတ်ရွှေစာ ဂီရာဝစန၊
အမှီ ဌကထ ဆုံးစမွေ။
ဋီကာနယ လုံးဝကျေတယ်၊
ဘုန်းဖျာပရမေ သာကီမြင့်။

ပုဒ်နေဝါကျ ပါဠိဆန်းကြဲလျှင်၊
မှတ်တမ်းစုံလင် တော်လို့ ညွှန်းလို့ဖွင့်။

ဓာတိမူလ ရှိစိတ်နေမှာ၊
ကဝိထိပ်ဗွေ ဝေလျှံတင့်။

တိဟိတ်သန္ဓေ ရွှေဉာဏ်ရင့်၍၊
မြေမဏ္ဍာလင့် တစ်ဥကင်။

ဘုန်းတော် ကံတော် စံသော်မရ၊
ဓမ္မောနဒ လှော်စစ် ရွှေနှစ်သွင်။ ။

ရာဇာဂါရ သေလာတစ်ခွင်မှာ၊
ရွှေစာသဘင် မြို့ငြိမ်ဖွင့်လို့။

အဆိုင်ဆိုင်တင့် တောင်မင့်ကျက်သရေ၊
ရောင်ပွင့်ယှက်ယှက်ဝေ။

နေညဉ့်တိုင်းပ ကန်တော့စိတ်ခြေတယ်။
အကျော့ထပ်နေ စက်ပန်းလွှာဖို့လေး။ ။

http://www.dhammadownload.com

ဥပဇ္ဈာယ်ဆရာတော်ကို ပါရမီဖြည့်ရခြင်း

၁၂၉၇-ခုတွင် အရှင်ဝိစိတ္တသာရာဘိဝံသ ၏ ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာစက္ကသည် သက်တော်(၅၀)ပြည့်တော်မူလေသည်။ စာချသက်မှာလည်း မင်းကွန်းမှာပင် (၂၃)နှစ်ရှိခဲ့ပြီဖြစ်သည်။ တိုက်တာအတွင်း စာပေအားဖြင့်လည်းကောင်း၊ အုပ်ချုပ်ရေးအနေအားဖြင့်လည်းကောင်း လွှဲအပ်ထိုက်သောတပည့်များလည်း ရှိလာကြပြီဖြစ်သည်။ ထိုအချိန်အခါဝယ် ဆရာတော်ဦးပညာစက္ကသည် တပည့်များတို့အား "ငါ့အလုပ် ငါလုပ်တော့မည်၊ ငါလည်းအသက် ငါးဆယ်ပြည့်ပြီ"ဟု မိန့်ဆိုကာ စာချဖို့အတွက် အရှင်ဝိစိတ္တသာရာဘိဝံသအားလည်းကောင်း၊ ကျောင်းသားငယ်+ရှင်+ရဟန်းငယ်များကို ထိန်းသိမ်းဖို့အတွက် ဦးနန္ဒိယအားလည်းကောင်း လွှဲအပ်ကာ တရားဘာဝနာ နှလုံးဖြင့် အချိန်ပြည့် အေးချမ်းစွာ သီတင်းသုံးနေတော်မူသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် တိုက်တာအတွင်း စာချတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နေတော်မူစဉ်မှာပင် အိပ်သောအခါမှလွဲ၍ ကြွင်းသောအချိန်ဟူသမျှ ဥပဇ္ဈာယ်ဆရာတော်အနီးမှာသာ နေပြီး ဝတ်ကြီး ဝတ်ငယ်တို့ကို ပြုစုစောင့်ရှောက်တော်မူလေသည်။

တစ်နေ့သောအခါ ဆရာတော်ဦးပညာစက္ကသည် အရှင်ဝိစိတ္တသာရာဘိဝံသအား "ငါ့အသက် (၅၃)နှစ်ထက် ပိုမယ်မထင်ဘူး"ဟု မိန့်တော်မူ၏။ "ဆရာတော်၊ ဘာပြုလို့တုန်း၊ ဗေဒင်တွက်ထားလို့လား"ဟု မေးလျှောက်ရာ "စိတ်တွေကိုက (၅၃)နှစ်ထက် ပိုမယ်မထင်ဘူး"ဟု မိန့်တော်မူလေသည်။

ဆရာတော်အရှင်ပညာစက္ကသည် ဆရာကြီး ဒေါ်မမွှာရီ၏ အလုပ်သမား ဦးဆောင်-မကွန်းမေ ဇနီးမောင်နှံအားခေါ်ပြီး "မောင်ဆောင်၊ ကွန်းမေ ခေါ်ခဲ့၊မင်းနဲ့ကွန်းမေနဲ့ဟောဒီမြေကို စကြံတူးစမ်း"ဟု မိန့်တော်မူကာ စကြံအတူးခိုင်းလေသည်။ မနောမယစေတီ၏ အနောက်ဘက်တွင် ဖြစ်သည်။ အတောင်ခြောက်ဆယ်ရှိ ထိုမြေစကြံလေး တူးပြီးသောအခါ မိမိ၏ စကြံလေးကို ဖွဲ့ဆိုသောအားဖြင့် အောက်ပါတေးထပ်ကလေးကို ရေးစပ်တော်မူခဲ့ပါသည်။

သုမေဓာရှင် ဇာနည်ဖွား၊
ပါရမီတရား ဆော်၍ဖန်။
တာရှည်မနား ပျော်မွေ့ရန်ငယ်၊
ဖော်တွေ့မခံ ဝိဝေကန့်။ ။
တောင်မမှိုက နှုန်းစံပမာလို၊
ကုန်းယံကမ္ဘာသာ ညီ၍ညာ၍ဖြန့်။ ။

မနောမယ တောင်အောက်အဆွယ်မှာ၊
အတောင် ၆၀ မြေပထဝီအပြန့်။
တောင်မြောက်အကျယ် ဝေကာသန့်လို့၊
ခြေနှစ်ဖြာဆုံ မြန်းကြွရန်။
ဦးဆောင်+ကွန်းမေ လှူဒါန၊
အတူမကွာတကွ တူးတဲ့မြေစကြံ။ ။

ဆင့်လျက်လွှင့်တက် မြင့်ထက်နဘန်မှာ၊
ပွင့်ရွက်ပြတာန် ညာစီတန်းလို့၊
သာကြည်ကမန်း အဖူးရဲ့ကြည်ဝေဆာ၊
ထူးတဲ့ ဤသေလာ။ ။
ရုပ်နာမ်နှစ်ဝ ကြဲဆကာငယ်၊
ဓမ္မဘာဝနာ ကျင့်သုံးရန်ကွဲ့လေး။ ။

ထို့နောက် ဆရာတော်ဦးပညာစက္ကသည် ကျောင်းဒကာ ဦးမြို့ကို "ကျောင်းဒကာ၊ ဟောဒီနားမှာ ကျောင်းကလေးဆောက်ပေးပါ"ဟု စကြံဦးနေရာဝယ် ကျောင်းငယ်တစ်ဆောင် အဆောက်

http://www.dhammadownload.com

ခိုင်း၏။ ဆရာတော်အလိုရှိသည်က ဝါးကပ်မိုးမျှ ဖြစ်သည်။ ကျောင်းဒကာက အသားကျောင်းကလေး ဆောက် ပေး၏။ ထိုကျောင်းကလေးတွင် ဆရာတော် ဦးပညာစက္ကနှင့် အရှင်ဝိစိတ္တသာရာဘိဝံသတို့ ဆရာတပည့်နှစ်ဦး အတူအိပ်ကြလေသည်။ ညဘက်တွင်လည်း ဆရာတော်ဦးပညာစက္ကသည် ကျိန်းစက်သည်ဟုမရှိ၊ အစဉ်အမြဲ စကြံကြွကာ ဘာဝနာနလုံးကျင့်သုံးတော် မူမြဲဖြစ်သည်။ ဤစကြံကျောင်းမှာပင် (၃)နှစ်ခန့် သီတင်းသုံးတော်မူခဲ့လေသည်။

ဓာတ်ခြောက်ပါးသိမ်းဆည်းပုံကျမ်း

၁၂၉၈-ခု နှောင်းတပေါင်းလတွင် ဆရာတော် ဦးပညာစက္က၏ ကိုယ်ဝယ် အသက်ကိုပင် ချွေမည့် ဖီဝိတပရိယာဒါန လည်ပင်းရောဂါ စွဲကပ်လာလေသည်။ ဆရာတော်သည် တပည့် အရှင်ဝိစိတ္တသာရာဘိဝံသနှင့်အတူ ၁၂၉၉-ခုနှစ်၊ တန်ခူးလတွင် မန္တလေးမြို့ ကင်းဝန်မင်းကြီးတိုက် သီရိဝေပုလ္လတိုက်ကျောင်းသို့ ကြွရောက်သီတင်းသုံး၍ မန္တလေးမှ မြန်မာ အင်္ဂလိပ်ဆေးပညာရှင် ဆရာတို့၏ အကုသကို ခံတော်မူရသည်။ ဆရာတော်နှင့် ဆေးဆရာကြီးတို့သည် အကုသခံမှု, ကုသမှုပြုကြသော်လည်း ခန္ဓာကိုယ်အပေါ်၌ ပြုရမည့် ဝတ္တရားအရသာ ပြုကြခြင်းဖြစ်သည်။ မျှော်လင့်ချက်ကား လုံးဝမရှိ။ ဆရာတော် ဦးပညာစက္ကသည် ထိုအသက်ကို ချွေမည့်ရောဂါစွဲကပ်သည်မှအစ အသက်ကြွေသည့် ၁၂၉၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၉-ရက်နေ့အထိ ရောဂါကြောင့် မျက်နှာရှုံ့မဲ့ ဖောက်ပြန်ခြင်း အလျင်းမရှိဘဲ အဓိဝါသန ခန္တီနလုံး အမြဲသုံးတော်မူပါသည်။ ထို့ကြောင့်ပင် ဆရာတော် ဦးပညာစက္ကထံသို့ သူနာမေးရောက်ကြတိုင်းသော ရဟန်းရှင်လူပေါင်းတို့ သည် အံ့သြကြည်ညိုရံမက သနားကရုဏာပို၍ ပို၍ လာကြလေသည်။

ဆရာတော်ဦးပညာစက္က၏ ရောဂါဒဏ်ကို ကြံ့ကြံ့သည်းခံနိုင်ပုံကို မြင်ရ၍ ကင်းဝန်မင်းကြီးတိုက် သီရိဝေပုလ္လတိုက်ကျောင်း ဆရာတော် အရှင်ဇာဂရမထေရ်သည် ဤမျှပြင်းထန်သည့် ရောဂါဒဏ်ကို ညည်းထွားပင်ပန်းမှုမရှိ ပကတိ သည်းခံနိုင်သော ဆရာတော်၏ သန္တာန်ဝယ် အထူးနလုံးသွင်းအပ်သည့် တရားများ မုချဇကန် ရှိရမည်ဟု ယုံကြည်အား ကိုးစွာဖြင့် ဆရာတော်အား "တပည့်တော်များ အသက်ထက်ဆုံး နလုံးသွင်း၍ကောင်းမည့် တရားကို ညွှန်ကြားတော်မူပါဘုရား" ဟု လျှောက်ထား တောင်းပန်လေသည်။ ထိုအခါ ဆရာတော် ဦးပညာ စက္ကသည် "ဦးဇာဂရ ဗလာစာအုပ်တစ်အုပ်ပေး" နှုတ်မြွက်တောင်းယူကာ ရောဂါနှိပ်စက်မှုကို လျစ်လျူရှု၍ **ဓာတ်ခြောက်ပါး သိမ်းဆည်းပုံဟူသော** စာစောင်ကျမ်းငယ်ကို အနက်အဓိပ္ပာယ် ပြည့်ကြွယ် နက်နဲသည့် တရားလုံးတို့ကို စာနေ ကျဉ်းကျဉ်း စကားအသုံးတို့တို့ ကျစ်လျစ်စွာဖြင့် ရေးသားတော်မူခဲ့ပါသည်။

ရပ်နာမ်နှစ်ပါးမျှသာတည်း

၁၂၉၉-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၅)ရက်နေ့တွင် ဆရာတော် ဦးပညာစက္က၏ အသွင်ဝယ် ဖီဝိတိန္ဒြေ ကြွတော့မည့် အရိပ်နိမိတ်ကို တွေ့မြင်ရသဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိ၏ဥပဇ္ဈာယ်ဆရာ ဖြစ်တော်မူရာ "ဆရာတော်မှာ မေ့မေ့လျော့လျော့များ ဖြစ်နေမလား" ဟု စုံစမ်းသောအနေဖြင့် လျှောက်ထားရာတွင်၊ ဆရာတော်က ပြန်လည်ပြီးအမိန့်ရှိပုံတို့မှာ-

(တပည့်) ဆရာတော်ဘုရား၊ အသည်းသတ်ဘုံသို့ ရောက်ကြတဲ့ ငြဟ္မာတွေမှာ နာမ်တရားကို ရှုရှာမှန်းတီးမှုဟာ လမ်းမှန်တယ်မဟုတ်လားဘုရား။

(ဆရာ) မှန်တယ်ကွ။

http://www.dhammadownload.com

(တပည့်) အရှုပခြဟွာဘုံသို့ သွားကြတဲ့ ခြဟွာတွေမှာ ရုပ်တရားကို ရွံရှာမုန်းတီး စက်ဆုပ်မှုဟာကောာ လမ်းမှန်တယ်မဟုတ်လား ဘုရား။

(ဆရာ) အိမ်း...မှန်တယ်ကွ။

(တပည့်) ဒါဖြင့်လျှင်ဘုရား၊ဒီအမှန်နှစ်ခုကို စုပြီးတော့ ခိ–နာမရူပ်၊ ခိ–နာမရူပ် (နာမ်, ရုပ်တရား နှစ်ပါးသည် စက်ဆုပ် ရွံရှာကြောက်လန့်ဖွယ်ပါတကား)၊ ဒီလိုနှလုံးသွင်းလျှင် ပြည့်စုံနိုင်တယ် မဟုတ်လား ဘုရား" လို့ လျှောက်ထားတော့၊

(ဆရာ) အိမ်း... ဟုတ်ပါတယ်။ ဒါပေမယ့်ကွာ ဟို–တို့ သံယုတ်ပါဠိတော်မှာလာတဲ့ မာရ်နတ်က အသက်ခုနစ်နှစ်အရွယ်မျှ ရှိသေးတဲ့ "ဝဇိရာထေရီ" ရဟန္တာမလေးဆီ လာပြီးတော့ မဟုတ်မဟပ် ပြောဖူးတယ်။ အဲဒီလိုပြောတုန်းက ဘိက္ခု နိမကလေးက ပြန်ရွတ်တဲ့ ဂါထာ သံယုတ် ပါဠိတော်မှာ ပါတယ်။ ဒီဂါထာဟာ–

ဒုက္ခမေဝ ဟိ သမ္ဘောတိ၊
ဒုက္ခံ တိဋ္ဌတိ ဧတိ စ။
နာညတြ ဒုက္ခာ သမ္ဘောတိ၊
နာညံ ဒုက္ခာ နိရုဇ္ဈတိ။

လို့ ရှိတယ် မဟုတ်လား။

(တပည့်) ရှိပါတယ်ဘုရား။

(ဆရာ) အေး ဒီတော့ ရုပ်, နာမ်တရားကို ချုပ်ကြည့်လိုက်ရင် ဒုက္ခပဲ၊ ဒုက္ခဆိုတာက ရုပ်, နာမ်တရားပဲ။ ဒီတော့ သူကအလွန်ဉာဏ်ထက်တဲ့ ပုဂ္ဂိုလ်ဆိုတော့ ဒုက္ခလို့ ဆိုလိုက်လျှင် ရုပ်, နာမ်တွေ အကုန်မြင်ကုန်တယ်ကွ။ ဒီတော့ တို့အနေနဲ့ ဆိုလျှင် အဲဒီဒုက္ခဆိုတဲ့နေရာမှာ ဒုက္ခရဲ့ အရ တရားကိုယ်ဖြစ်တဲ့ နာမ်, ရုပ်နှင့် သွားရလျှင် ပိုမကောင်းဘူးလားကွ။

နာမရူပံဝ သမ္ဘောတိ၊
တံဝ တိဋ္ဌတိ ဧတိစ။
နာညတြ တမှာ သမ္ဘောတိ၊
နာညံ တမှာ နိရုဇ္ဈတိ။

အဲဒီလို နှလုံးသွင်းကွ၊သိပ်ကောင်းတာပဲ။

ဆရာတော်ဘုရားကား ဤမျှအမိန့်ရှိခဲ့ပါသည်။ ဤမျှအမိန့်ရှိလျှင်ပင် "ငါ့ဆရာ သတိမမေ့ဘူး"ဟု အကဲခတ်၍ရရှိပြီး စိတ်ထဲကအားရကျေနပ်၍ နောက်ထပ်မလျှောက်တော့ပေ။

ဤဂါထာမှာ ပါဠိပညာရှင်များအတွက်သာဖြစ်နေ၍ အများမသိနိုင်၊ သာမန်မြန်မာစာတတ်သူများပင် နှလုံးသွင်းဆင်ခြင်နိုင်ရန် တိပိဋကဓရဆရာတော်က မြန်မာလက်ာလေးရေးပေးထားသည်။

ဤကိုယ်ကာယ၊ တလဲမျှဠ်၊
နှစ်ဝနာမ်ရုပ်၊ ဖြစ်၍ချုပ်၏။
နာမ်+ရုပ်နှစ်ပါး၊ အလွတ်ထား၍၊
ဤကား၊လိပ်ပြာ၊ ဤကား၊ငါတည်း၊
ဤမှာဇီဝ၊ ဤအတ္တဟု၊
ညွှန်ပြဖွယ်ရာ၊ မရှိပါသည်၊
ခန္ဓာနာမ်+ရုပ်မျှသာတည်း။

တိပိဋကဓရဆရာတော်ကပင် သမ္မသနဉာဏ်မှစ၍ ဝိပဿနာဉာဏ်စဉ်တက်၍ ဆက်လက်ရှုပွားဆင်ခြင်နိုင်ရန် နောက်ဆက်တွဲ ပါဠိဂါထာနှင့် မြန်မာ

http://www.dhammadownload.com

လင်္ကာကို ရေးသားပေးပြန်ပါသည်။

တဋ္ဌ ဟုတ္တာ အဘာဝေန၊
ဥဒယဗ္ဗယပီဠနာ။
အဂသဝတ္တနာ+နိစ္စံ၊
ဒုက္ခ+နတ္ထာဝ+ကေဝလံ။

နာမ်ရုပ်တရား၊ ဤနှစ်ပါးလည်း၊
ရှည်လျားကာလ၊ မတည်ကြပဲ၊
ခဏဖြစ်လျက်၊ ခဏပျက်၏။
နှိပ်စက် ခြင်းရာ၊ မလိုပါဘူး။
သဘာဝအား၊ ဤသုံးပါးကြောင့်၊
ဖြစ်ပွားသမျှ၊အနိစ္စသည်၊
ဒုက္ခအနတ္တချည်းသာတည်း။

ဆရာတော် ဦးပညာစက္ကမထေရ်မြတ်သည် မိမိအတွက် တရားဘာဝနာကို အားရပါးရ ထုတ်ပြီးသည့်အပြင် သာသနာတော်အတွက်လည်း ဘက်စုံအရည်အချင်းပြည့်သည့် တပည့်အရှင် ဝိစိတ္တသာရာဘိဝံသကို မွေးထုတ်ပေးခဲ့၍ လူ့ဘဝတွင် ကိစ္စပြီးပြေသည့် အနေအားဖြင့် ၁၂၉၉-ခု၊ တော်သလင်းလပြည့်ကျော် (၉)ရက် နေ့(၁)နာရီအချိန် သက်တော် (၅၃)နှစ်တွင် ဘဝနတ်ထံ စံလွန်တော်မူလေသည်။

ဓမ္မသံဝေဂကထာများ ရေးသားပူဇော်ခြင်း

အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိ၏ဥပဇ္ဈာယ်ဆရာတော်ကြီး၏ အဋ္ဌိမအင်္ဂါစွာပနသာဓုကီဠနသဘင်ပွဲတွင် ဓမ္မသံဝေဂလင်္ကာများရေးသား၍ ပစ္ဆိမဝန္ဒနာအနေဖြင့် ပူဇော်ကန်တော့တော်မူပါသည်။ ထိုစဉ်က ရေးသားခဲ့သော သံဝေဂလင်္ကာတို့တွင် ဆရာကြီးဒေါ်ဓမ္မစာရီ၏ညီမ ဖွားဖွားလေးခေါ် ဒေါ်ကြန္ဒစာဂီ မထိန်းသိမ်းနိုင်သေး၍ ခဏခဏငိုငိုနေသည်ကို မြင်တွေ့ရ၍ အရှင်ဝိစိတ္တသာရာဘိဝံသက သတိပေးဆုံးမသောအားဖြင့် ထိုနတ်တော်လဆန်း (၁၂)ရက်နေ့တွင် ရေးဖွဲ့အပ်သော ၈၀ ပေါ်တေးထပ်ကား အောက်ပါအတိုင်း ဖြစ်၏။

ခန္ဓသံယုတ်ကျမ်းလာ ဒေသနာတော်အရ ရှစ်ဆယ်ပေါ်တေးထပ်

ဥပါဒ်နောက်တွင် ဌီဘင်ဆက်လို့
ဒီတွင်တစ်သက် ချုပ်ဟန်လာ၊
စီစဉ်မပျက် ရုပ်နာမ် နှစ်ဖြာကို
သမ္မဒ္ဓာန်ပါ ဝေဖန်ချင့် ။ ။
ရူပ် ဤရုပ် ရေမြှုပ်ဟန်ကို၊
ရွေ့နှုတ်တော်သံ မြတ်ကျမ်းမြော်ဖို့သင့်။ ။
ဝေဒနာ ရေပွက် စံကပ်ခါငယ်၊
တံလျှပ်သညာ ဟောဆိုဖွင့်။ ။
နာမ်ဓာတ်သညာ ငှက်ပျောလို တမင့်ဟု၊
သဘောယိုမယွင့် သိလျက်ကို။
မျက်လှည့်သည်နှယ် အလိမ်အဝါပေါ်၊
ဝိညာဏ်ကောဘ မနောစိတ် အလို။ ။
ခန္ဓသံယုတ် ကျမ်းဂန်အဆိုကို၊
လမ်းမှန်နဂို မြင်ပါလျက်နှင့်။ ။
သခင်ဆရာအတွက်ဘယ်ကြောင့်ကိုယ်ဆွေးပွေ၊
ကွယ်ထောင့်ငိုနေ ။ ။
အနိစ္စ,ဒုက္ခ,အနတ္တ အနေကို၊
မပြတ်ဆရွေ့ အို--- စောပါဗျလေး။ ။
ကြုံမြဲမှန်စွာ သံသရာဝဋ်ကို၊
ဓမ္မအခြေ အို--- ဟောပါဗျ လေး။ ။
မချမ်းမြေ့ကျမ်း၍ လွမ်းငွေ့ပွေလျှင်၊
နှမ်းခွေ့တစ်ခွေ အို--- မောမှာပလေး။ ။

၁၂၉၉-ခု၊ နတ္တော်လဆန်း (၁၃)ရက်နေ့တွင် သမ္မာသတိချောင်ဆရာတော်၏ ဇည့်ခံမဏ္ဍပ်၌ သီဆိုရန် ရေးဖွဲ့ပေးတော်မူသော တမ်းချင်းဘောလယ်ကဗျာမှာ အောက်ပါအတိုင်းဖြစ်၏။

http://www.dhammadownload.com

၁။ ကိုးမျက်ရောင်ရှိန် ရောင်ရှိန်၊
ဝေဝေထိန်လျှမ်းပါဘိ၊
ဗွေဝတီ ကြာဌန်းဆီက မြန်းခုခါနော်၊
ရွှဘုရာထေရ်မော် ထေရ်မော်၊
ပူဇော်ပုံ ထူးတယ်လေး---
ဦးတင်လို့မျှော်။ ။

၂။ တေဇာရောင် မြူးပါလို့ ဖူးညွတ်ကော်ရော်၊
ထေရ်ဘုန်း ဓမ္မူကျော်လို့ ပူဇော်လိုရေး၊
အို-ထံတျာတေးငယ်နှင့် ကြွေးညံစီစီ၊
များတပဲ့စုံညီ အဋ္ဌလီရွှိင်းတယ်လေး---
ကိုင်းညွတ်ကြပြီ။ ။

၃။ ဒေယျာမြေတိုင်းဆီက စိုင်းတိုင်ပင်ညီ၊
ရွှေချက်ရွာမယ်နဲ့ ဆရာတော်ဘုရား၊
အို-သာကီဖွားငယ်က၊
ထားစိတ်တော်ရွှင်၊
ကျိန်းဗျာ သခင်-သခင်၊
ယဉ်ယဉ်အောင် နွဲတယ်လေး---
လွှဲခုခါပင်။ ။

၄။ နတ်ညီလာ ကျင်းပါလို့ ဆင်းသက်အရှင်၊
လှ.နန်းဘုံတခွင်က ကုန်စင်မကြွင်း၊
အို-အလှစာရင်းကိုတော့ သွင်းရွှေလွှာပေ၊
ထွန်းတင့်သရေ-သရေ၊
အို-ကွန်းမြင့် ရဝေရဝေ၊
ဝတီ ဗွေစခန်းကိုလေး---
မှန်းမျှော်ကြပေ။ ။

၅။ တပဲ့တွေ ချုံးလှပါပေါ့ဘုရှ ဘုန်းသမုဒ္ဓေ၊
မြိုက်ဆေးဓမ္မာရေအေးနဲ့ စာပေအရင်း၊
အို---ဆရာတော်လင်းပါမှ တင်းနိုင်လိမ့်ထင်၊
ခုဖြင့် မရွှင်-မရွှင်၊
အရှင်ကို လွမ်းတယ်လေး---
နွမ်းခွေလို့ပင်။ ။

ဒွေးရှိုးငိုချင်း

နှန်းလျက်သာမှိန်၊
ဘုန်းတွက်တာ ပွေဟုန်ရှိန်ကြောင့်၊
ငွေယုန်အိမ် ရာဟုဖမ်းသလိုပ၊
ရွှင်လန်းနိုင်ပဲ။
တအားနဲ့ပြီဘုရှ၊
ထားခဲ့သူတပည့်ရဟန်းတို့၊
ရှိုပန်းပဏာချွေလို့၊
ဆရာထေရ် ရှိယောင်ကိုးပါလို့၊
အထက်ဆီ လက်ချီကာသာ မိုးရတော့၊
ဆရာတော်ဘုရား--- စိုးဗျာထုက်။ ။

၁၂၉၉-ခု နတ္တော်လဆန်း (၁၄) ရက်နေ့ အန္တိမအဂ္ဂိ စျာပန သာဓုကီဠနသဘင်၌ သီဆိုပူဇော်ရန် ရေးဖွဲ့အပ်သော ရွှစ်ဆယ်ပေါ်တေးထပ်ကား အောက်ပါအတိုင်းဖြစ်၏။

သီဂီသံ ဒိုချင်းရှည်

ပြိုးပြက်ရောင်ရှိန် ထိန်ဝါလျှပ်၊
စိန်ကြာ ပြာသာဒ် ပြဒ္ဒေ၊
ကဝိန္ဒာနတ် သမုထေရ်ငယ်၊
ခုနေမှပွေ လှ.ပြေတလွှား။ ။
နတ်ပေါင်းရံခ ယာဉ်ကြော့စံငယ်၊
လျှင်သော့အမြန် ကြွမြန်းပါလှဲ့ ဘုရား။ ။
အဆွေးနယ်ချဲ့တဲ့ တပဲ့ထိုထိုမှာ၊
တကယ့်ကိုဘုရှ ပွေပွေများ။ ။
ဖွဲ့ကာငိုကာ ထေရ်ထေရ် ဘုရားကြောင့်၊
မနေမနား ဗျာလှိုင်ပို့။ ။
ကိုယ်ရောနှတ်ပါ နှလုံးယိုင်ပျော့လို့၊
အဆုံးတိုင် ကန်တော့ ရှိပန် ဝန္ဒနာပို့။ ။
အို--- ဘုန်းဗျာ ဘုန်းဗျာ ချုံးချင့်တယ်၊
အဆုံးအမကို နာယူမဟဲ့လို့၊

http://www.dhammadownload.com

ဆရာတစ်ဆူရဲ့ ရွှေစက်ပါဒခြေ၊
ခွေလျက်သာပနေ---။ ။
ကံဆိုးဖန်တဲ့ တပဲ့တွေကို၊
တအားနဲ့ ခွေ ပြုစွမ်းပေ ဘုရားလေး။ ။
မခွဲရက်ကြလျက် ခွဲထွက်ချေပြီ၊
အသဲပျက်ကြွေ၊
အို--- လောင်ကျွမ်းပြီ ဘုရားလေး။ ။

နာယက ဖြစ်ချိန်

ဥပရွှာယ်ဆရာတော်အရှင်ပညာစက္က၏ အန္တိမစာပနကိစ္စပြီးစီး၍ နတ္ထောလပြည့်ကျော်(၁)ရက် စနေနေ့၌ ကျေးဇူးရှင် မန္တလေးမြို့၊ ညောင်ကန်တိုက် ဆရာတော် (ဘဒ္ဒန္တ ပညာစက္က-၏ ဓမ္မာစရိယ) ဘဒ္ဒန္တ ဣန္ဒာဘိဝံသမထေရ် အမှူးပြုသော "ဓမ္မနာဒ သာသနာပြု သံဃာ့အစည်းအဝေးကြီး"မှ ဆရာတော် သံဃာတော်တို့သည် ဆရာကြီး ဒေါဓမ္မစာရီနှင့် ညှိနှိုင်းတိုင်ပင်ကြပြီး ဒေါဓမ္မစာရီ ရဟန်းဒါယိကာမ-ပြုလုပ်ပူဇော်ထားသော ၁။ ဦးနန္ဒိယ ရဟန်း(၉)ဝါ၊ ၂။ ဦးလကွဏ ရဟန်း(၈)ဝါ၊ ၃။ ဦးဝိစိတ္တသာရ ဘိဝံသ ရဟန်း (၇)ဝါ = ဤအရှင်မြတ်(၃)ပါးတို့ကို-သဘာပတိ ကျေးဇူးရှင် ညောင်ကန် ဆရာတော် ဘုရားကြီးက-

၁။ မောင်နန္ဒိယ-က သာမဏေများ ကျောင်းသားများကို စာသင်ပေးရမည်၊

၂။ မောင်လကွဏ-က အားလုံးကို စောင့် ရှောက်ထိန်းသိမ်းပေးရမည်၊

၃။ မောင်ဝိစိတ္တ-က နက်ဖန်မှစ၍ ရဟန်း သာမဏေများကို စာပေပို့ချရမည်

ဟု-အလေးအနက် မိန့်ကြားတော်မူပြီး ရဟန်းဝါ (၇)ဝါသာ ရှိသေးသော အရှင်ဝိစိတ္တ သာရာဘိဝံသအား ဓမ္မနာဒ ကျောင်းတိုက်၏ ဒုတိယမြောက် ပဓာနနာယက ဆရာတော်အဖြစ် တင်မြှောက်ကြပါသည်။

ဓမ္မနာဒတိုက်၏ နာယကအဖြစ်သို့ ရောက်ရှိချိန်၌ အရှင်ဝိစိတ္တသာရာဘိဝံသမှာ (၇)ဝါမျှသာ ရှိသေးသည်။ ခုနစ်ဝါမျှသာရှိ၍ ငယ်သေး သော်လည်း နာယကအရည်အချင်း နာယက စိတ်ဓာတ်က ရာနှုန်းပြည့် ရှိနေပါပြီ။ တပည့်ရဟန်းငယ် ရှင်ငယ်တို့ တစ်စုံတစ်ရာ ချွတ်ယွင်းချက်ရှိစေကာမူ အပြစ်မပြောဘဲ သာယာညှင်းပျောင်းစွာ ဖျောင်းဖျ ဆုံးမသည်။ သံဃ ကိစ္စ, တိုက်တာကိစ္စတို့၌ ရှေ့တန်းမှ ဆောင်ရွက်လေ့ရှိသည်။ နိုးချပ်သောသတိဖြင့် နေလေ့ရှိသည်။ မိမိရသောလာဘ်တို့ကို သံဃာနှင့် အတူ သုံးစွဲသည်။ မိမိရသောပစ္စည်းများကို သံဃာပိုင် သဘောထား၍ မိမိလည်း သံဃာတစ်ပါးအနေဖြင့်သာ သုံးစွဲလေ့ရှိသည်။ ငယ်သားများကို ညီငယ်လေး များကဲ့သို့ စိတ်ထားသည်။ ယုယုယယ စောင့်ရှောက်သည်။ ငယ်သားတို့ကလည်း ဆရာဟူသောစိတ်ဓာတ် အပြင် နောင်ကြီးသဖွယ် အားကိုးကြသည်။ ကိစ္စတိုင်း ရှေ့ နောက်အရေး မြော်တွေးပြီးမှ လုပ်လေ့ရှိသည်။ အမှတ်မဲ့မလုပ်။

စာသင်တိုက်အတွက် အထူးလိုအပ်သော ဩဝါဒများကို ပါဠိဂါထာဖြင့် မှတ်တမ်းတင်၍ တပည့်များကိုကျက်ခိုင်းထားသည်။လိုက်နာခိုင်းသည်။ နည်းယူဖွယ်ဖြစ်၍ မြန်မာပြန်အကျဉ်းမျှ ပြပါမည်။

၁။ နှစ်ပါးတစ်တွဲ, သုံးပါတစ်တွဲ, မကွဲကြနှင့်, ညီညွတ်ကြ။

၂။ တိုက်သားချင်း တစ်ပါးနှင့်တစ်ပါး မေတ္တာ, ကရုဏာ, မုဒိတာ ထားကြ။

၃။ ထေရ်ကြီး ဝါကြီးများအား လေးစားတုပ်ဝပ်

http://www.dhammadownload.com



ဆရာတော် ဦးပညာစက္က ဥဒ္ဒိဿ စေတီတော်
(အရိုး မဠာပနာပါ။)



အရှင်ဝိစိတ္တသာရာဘိဝံသ မမ္မနာဒကျောင်းတိုက်ကြီး၏
နာယကအဖြစ် လွှဲပြောင်းအပ်တော်မူအပ်သော
ဆရာတော် အရှင်ဣန္ဒာဘိဝံ၁

http://www.dhammadownload.com

နူးညံ့ပျော့ပြောင်းကြ၊ မလေးမစား မာန်ထောင်လွှား မပြုကြနှင့်။

၄။ ဆုံးမခက်သူ မဖြစ်ကြနှင့်၊ ဆုံးမလွယ်သူ ဖြစ်ကြ။

၅။ ကျောင်းတိုက်တာဝန်၊ စာပေသင်ကြားမှု တာဝန်များကို ..ွင်းမရိဘဲ တက်တက်ကြွကြွ လုပ်ကိုင်ကြ။

သာသနာ့မိခင်ကြီး၏ စောင့်ရှောက်မှု

အရှင်ဝိစိတ္တသာရာဘိဝံသသည် ဥပဇ္ဈာယ်ဆရာတော်ကြီး၏ လွှဲအပ်ချက်အရ တိုက်တာကြီးကို ဦးစီး၍ စာဝါပို့ချစဉ်ကာလဝယ်၊ သာသနာ့မယ်တော်ကြီးဖြစ်သော ဆရာကြီးဒေါ်ခမ္မစာရီသည် ထီးချက်စောင့်နတ်သမီးအလား အရှင်ဝိစိတ္တသာရာဘိဝံသအား "ဦးဇင်း–မဟာဝိသုဒ္ဓါရာမ ဆရာတော်ဘုရားကြီးက အနေအထိုင်ဘယ်လိုနေတယ်၊ တပည့်တွေအပေါ် အဆုံးအမသြဝါဒဘယ်လိုပေးတယ်၊ ဝိနည်းသိက္ခာပုဒ်ကိုလည်း ဘယ်လိုလေးစားတယ်" စသည်ဖြစ်စေ၊ "လယ်တီဆရာတော်ဘုရားကြီးရဲ့ တရားနှလုံးသွင်းပုံ ကျင့်သုံးပုံ စာချုပ် သြဝါဒပေးပုံက ဘယ်လို ဦးဇင်းရဲ့" ဟုဖြစ်စေ ပြောကြား လျှောက်ထားလေ့ရှိရာ အရှင်ဝိစိတ္တသာရာဘိဝံသသည် သာသနာ့နေဝန်းကြီးများအလား ပမာ နေတတ်ထိုင်တတ် သာသနာ့ကိစ္စများ ဆောင်ရွက်တော် မူတတ်လာလေသည်။ ထို့ပြင်လည်း ခမ္မနာဒဆရာတော်လေး အရှင်ဝိစိတ္တသာရာဘိဝံသအဖို့ စိတ်ပျက်အားလျော့စရာများ ပေါ်ပေါက်လာသောအခါမျိုးမှာလည်း မယ်တော်ကြီးက "အာဒါသမုခဓာတ်တော်" ကိုပြောပြ၍ အာဒါသမုခမင်းသားကို အတုယူအားကျပြီးလျှင် မကြောက်မရွံ့နောက်မတွန့်ပဲ ခမ္မနာဒတိုက်ကြီးကို ရဲရင့်စွာအုပ်ချုပ်ပါဟု အဖန်ဖန်လျှောက်ထား အားပေးပါ၏။

တခါသော် အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိညီရင်းဖြစ်သူဦးသူရိယ (ကျိုက်လတ်ကျောင်း ဒကာမကြီးဒေါ်ချစ်မေက ရဟန်းခံထားသောရဟန်း) အပါအဝင်ရဟန်းငယ်များကို စာချစဉ် ဦးသူရိယမှာ စာမရဝဲရှိရာ မိမိညီငယ်ဖြစ်သည့်အလျောက် ငေါက်မိမာန်မိ စာအုပ်ထွေးခံတို့ဖြင့် ပေါက်မိလေ၏။ ဤသို့စာချရင်း၊ ငေါက်မိဆိုမိသည်ကို ဆရာကြီးဒေါ်ခမ္မစာရီစာနာလာရင်း ကြားနာရသော် မရှင်ပြဿောမျက်နှာနှင့် သူ့ဇရပ်သို့ ပြန်သွား၏။ နောက်တနေ့သားအမိချင်း ဆုံကြသောအခါ" ဦးပဉ္ဇင်း၊ မနေ့ကစာချသည်ကို စာလာ၍နာပါသည်၊ လှည်းသမားနွားငေါက်နေသည်ကိုကြားရတာနှင့် ပြန်ပြေးရသည်"ဟု လျှောက်ထားလေ၏။ ထိုအခါအရှင်ဝိစိတ္တသာရာဘိဝံသသည် ဆရာကြီးအား ရှက်အားနာကြီး ဖြစ်နေလေ၏။ ထိုအခါမှစ၍ အရှင်ဝိစိတ္တသာရာဘိဝံသသည် ပျော့ပျောင်းပျောင်း စာချမှုကိုပြုတော်မူ၏။

ဆရာတော်၏ညီဦးသူရိယ(ဦးဘသင်)ကား နောင်တော်ကိုကြောက်၍ သာစည်အရှေ့ဘက်တောသို့ စာတက်ဖက် အဖေါ်တစ်ဦးနှင့်အတူ ထွက်ပြေးခဲ့၏။ ထို့နောင်လူထွက်ပြီး ပဲခူးသက္ကလနယ်၌ အိမ်ထောင်ပြုနေထိုင်ခဲ့၏။

မောဂ္ဂလ္လာန်သဒ္ဒါကျမ်း

အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်အလေးထား၍ပို့ချသော သဒ္ဒါကျမ်းတစ်စောင်မှာ မောဂ္ဂလ္လာန်ဖြစ်သည်။ ဤမောဂ္ဂလ္လာန်သဒ္ဒါကျမ်းကို ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာစက္ကထံမှ ကိုရင်ဘဝက တက်ခဲ့ရ၏။ အရှင်ဝိစိတ္တသာရာဘိဝံသ ကိုရင်အရွယ်က ဤကျမ်းသည် ပုံနှိပ်မှုမဖြစ်သေး။ လက်ရေးမူ ပေမူသာရှိသေး၏။ မူကောင်းမူသန့်လည်း မဟုတ်သေး။

မန္တလေးမြို့အဘယာရာမ ရွှေဂူတိုက်ဆရာတော်အရှင်အဂ္ဂမဟာဘိဝံသ သီရိလင်္ကာသိဟိုဠ်မှအပြန်တွင် ထိုမောဂ္ဂလ္လာန် သဒ္ဒါကျမ်းကို ယင်း၏အဖွင့်ကျမ်းများနှင့်တကွ ကျမ်းစာအပြည့်အစုံကို လက်ရေးဖြင့် ကူးယူသယ်ဆောင်လာခဲ့၏။ ဤအဘယာရာမ

http://www.dhammadownload.com

ဆရာတော်ကြီး အရှင်အဂ္ဂမဟာဘိဝံသသည် မြင်းခြံမြို့ နယ်ဗလုံရွာဇာတိဖြစ်ပေရာ အရှင်ဝိစိတ္တသာရာဘိဝံသ နှင့်သား၊ချင်းမကင်းပေ။ ပထမဓမ္မနာဒဆရာတော် အရှင်ပညာစက္က သည် အဘယာရာမဆရာတော်ကြီး ထံ မိမိ၏တပည့်များကိုလွှတ်၍ မောဂ္ဂလ္လာန် သဒ္ဒါကျမ်း၊ ပဋ္ဌာကာဠကာကျမ်းတို့ကို ကူးယူစေ၏။ ထိုမူများဖြင့် ဓမ္မနာဒတိုက်အတွင်း၌ ချပို့ပေးခဲ့၏။

ပထမဓမ္မနာဒ ဆရာတော်က မဂဓောသာ တတ်သိပြီးဖြစ်သော ရူပါဝစရ ဗြဟ္မာကြီးများပင် ပါဠိသဒ္ဒါ မကျေသေးလျှင် မောဂ္ဂလ္လာန် ကျမ်းကို သင်ယူသင့်ကြောင်း တားထပ်ရေးဖွဲ့ဘူး၏။ အရှင်ဝိစိတ္တသာရာဘိဝံသ ကလည်း ဗျာကရဏ ကေသရီ ဖြစ်ပါစေမည်ဟု ဝန်ခံတဲ့ သဒ္ဒါကျမ်းကြီး သည် ဤမောဂ္ဂလ္လာန် တစ်ကျမ်းသာ ရှိသည်ဟု မိန့်ကြားပြီး မောဂ္ဂလ္လာန်ကျမ်းကို အထပ်ထပ် ပို့ချ တော်မူ၏။

ဤသို့ မောဂ္ဂလ္လာန်သဒ္ဒါပို့ချနေစဉ်အတွင်း တခါသော် အရှင်ဝိစိတ္တသာရာဘိဝံသသည် တရား ဟော အပင့်ရှိ၍ ကြွတတ်ရာ စာဝါပျက်လေသည်။ အထူးသဖြင့် မောဂ္ဂလ္လာန်စာဝါသည် (၃)နှစ်ပင်ကြာ သွားသည်ဟူ၏။ ထိုအခါ၌ ဆရာကြီးဒေါဓမ္မစာရိက စာဝါပျက်မှုကို လုံးဝခွင့်မလွှတ်နိုင်ရကား သားရဟန်း အား" ဦးဇင်း တရားနာပရိသတ်ထဲက တစ်ယောက်မှ သောတာပန် သကဒါဂါမ် ဖြစ်ကြမှာ မဟုတ်ဘူး၊ စာချသဖြင့် စာချပုဂ္ဂိုလ်တစ်ပါး ထွန်းထွန်းပေါက် ပေါက်ပေါလာပါလျှင် စာသင်ပုဂ္ဂိုလ်တွေ များစွာ အကျိုးဖြစ်စေနိုင်ကြောင်း"ဟုလျှောက်ထားဖူးလေ၏။

အင်းပြည့်အားပြည့်စာချနိုင်သောကာလ

ပဌမကျော်ဝဋ်သကာ စသည့် ထိပ်တန်း ဘွဲ့တော်များကို ရထားသည့်အပြင် သက်တော် ကလည်း သုံးဆယ်ကျော်ကျော်သာ ရှိနေသေး၍ အရှင်ဝိစိတ္တသာရာ ဘိဝံသအဖို့ ထိုအချိန်အခါသည် အင်ပြည့်အားပြည့်စာချနိုင်သောအခါ ဖြစ်ပါသည်။ အဆက်အနွယ်တော်ကလည်း မူလဋီကာတွင် အထူး သဖြင့် နာမည်ကြီးသော ရွှေရေးဆောင် ဆရာတော်၏ အဆက်အနွယ် ဖြစ်၍ ရွှေရေးဆောင် နိယာမ်ကို ကိုင်ပြီး မူလဋီကာ ဝါကျများကို မြှိုင်မြှိုင်ကြီး ပို့ချတော်မူပါသည်။ အဘိဓမ္မာ ပါဠိတော်ကြီးများနှင့် အဋ္ဌသာလိနီ အဋ္ဌကထာ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာကြီးများကို မူလဋီကာ အနုဋီကာတို့နှင့် တွဲဖက်၍ ပို့ချပေးတော်မူပါသည်။ စာဆိုဖြစ်သည့် တိုက်အုပ်ဆရာတော် အလောင်းအလျာ ဦးပဉ္ဇင်း ဦးဥက္ကံသမှာ ထိုအချိန်က သကျသီဟ အဋ္ဌကထာကြီး နှစ်ကျမ်း အောင်ပြီးဖြစ်၍ မူလဋီကာ၊ အနုဋီကာ ဝါကျ အခက်အခဲများကို စာချ ဆရာ၏ ဉာဏ်ရည်မီ အောင် လိုက်ဆိုနိုင်ပါသည်။ ယခု ရှားပင်တိုက်သစ် ဆရာတော် ဦးစန္ဒိမာနှင့် သီရိဓမ္မာရာတော် ဦးဥက္ကံသ (လေး) အစရှိသူတို့မှာ ထိုအခါများတွင် အဓိက စာလိုက်များ ဖြစ်ကြပါသည်။

အဆင့်မြင့် စာသင်သားကြီးများအတွက် အဘိဓမ္မာ ပါဠိအဋ္ဌကထာ ဋီကာကြီးများနှင့် ဝိနည်း ပါဠိအဋ္ဌကထာ ဋီကာကြီးများကို ပို့ချသလို၊ အဆင့်နိမ့် သေးသော စာသင်သားများအတွက်လည်း သူတို့နှင့် သင့်တော်ရာ သဒ္ဒါ၊ သင်္ဂြိဟ်၊ ကခ်ဝါ၊ ဋီကာကျော်၊ ရူပသိဒ္ဓိ၊ ခုဒ္ဒသိက္ခာ၊ မူလသိက္ခာ စသော ကျမ်းများ ကိုလည်း အချိန်အခါသင့်သလို ပို့ချပေးတော်မူ ပါသည်။ တိုက်အုပ်ဆရာတော် ဦးဥက္ကံသာဘိဝံသ နှင့် တောင်တွင်းကြီး ဦးတိက္ခိန္ဒြိယတို့ကား ဓမ္မနာဒ တိုက်မှနေ၍ သကျသီဟ ဝင်ရောက်ပြန်ဆို အောင် မြင်ကြသော အရှင်မြတ်များ ဖြစ်ကြပါသည်။

စက်တော်ရာရှာပုံကော်

သာသနာ့မိခင်ကြီး ဒေါဓမ္မစာရီနှင့် အရှင်

http://www.dhammadownload.com

သာသနာ့မိခင်ကြီး ဒေါ်ဓမ္မစာရီနှင့် အရှင်ဝိစိတ္တသာရာဘိဝံသတို့ သားအမိနှစ်ဦးတို့သည် ၁၂၉၉-ခု၊ ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာစက္ကပျံလွန်တော်မူပြီးစ အချိန်မှစ၍ ဆရာတော် အရှင်ပညာစက္က၏ ရပ်ကလာပ်တော်ကို မီးပူဇော်ပြီးသော်ကြွင်းကျန်ရစ်သော အရိုးဓာတ်တော်တို့ကို ဌာပနာအံ့ဟူ၍ မင်းကွန်းရွာ အနီး၌ ဗုဒ္ဓမြတ်စွာ၏ စက်တော်ရာ (ခြေတော်ရာ) တို့ကို ရှာပုံတော်ဖွင့်ခဲ့ကြလေသည်။ စက်တော်ရာ ရှာပုံတော် ဖွင့်ခဲ့ပုံနှင့် စပ်လျဉ်း၍ မိုးမိတ် သံဃာတော်များအား ဆရာတော်ကြီး မိန့်ဆိုတော်မူခဲ့ပုံကို ပြန်လည်၍ ဖော်ပြလိုပါသည်။

"ပျံတော်မူသော တပည့်တော်တို့ ဆရာက ဘုရားကိုကြည်ညိုတယ်ဘုရာ့။ အင်မတန် ကြည်ညိုတယ်။ သူဘုရားရှိခိုးရင် နှစ်နာရီ သုံးနာရီ အဲသလိုရှိခိုးတာ၊ ရပ်ရှစ်ခိုးလိုက်၊ စက်ကြဲလျှောက်ရှိခိုးလိုက် အဲသလို ဘုရားကိုကြည်ညိုတော့ အခု ဒီ တပည့်တော်တို့ ဓမ္မနာဒတိုက်ကို တည်ပေးတဲ့ အနန္တမိခင် ဆရာကြီး ဒေါ်ဓမ္မစာရီ၊ ဆရာကြီး ဒေါ်ဓမ္မစာရီက-

"ဦးဇင်းတဲ့ –

မတ္တကဋ္ဌီ မတဿာပိ၊
ရဇောဘာဝံ ဝဇန္တု မေ။
ယတော ပုညေန တေ သေန္တု၊
ဇိနပါဒမ္ဗုဇဒွယေ။

[အလင်္ကာ၊ ဂါထာ-၁၂၅]

ဆိုတဲ့ အလင်္ကာဂါထာအတိုင်း ဆရာတော်ဟာ ဘုရားကို အင်မတန် ကြည်ညိုတယ်။ ဒါကြောင့် ဆရာတော်ရဲ့ အရိုးမှုန့်ကို မြတ်စွာဘုရားရဲ့ ခြေတော်အစုံမှာ ဆည်းကပ်ရစ်ပါစေလို့ ဆုတောင်းရအောင်။ အဲဒီဂါထာနှင့်အညီ ဆရာတော်ရဲ့ အရိုးကို ဘုရားရဲ့ စက်တော်ရာ ပါဒစေတီတော် အောက်မှာ ထားပြီးတော့ တပည့်တော်တို့ ပူဇော်ရအောင်။"

တပည့်တော်ရဲ့ ရဟန်းဒကာမကြီး ဆရာကြီး ဒေါ်ဓမ္မစာရီက လေးနက်တယ်ဘုရား။ သီလရှင်တော့ သီလရှင်ပဲ။ ဒါပေမယ့် နေတ္တိတို့ မူလဋီကာတို့ အနုဋီကာတို့ ကောင်းကောင်းကြီးတတ်ခဲ့၊ ကောင်းကောင်းကြီးကြည့်ခဲ့၊ ကောင်းကောင်းကြီးလေ့လာခဲ့တော့ မူလဋီကာ အနုဋီကာကို ကောင်းကောင်းကြီးလေ့လာနိုင်တဲ့ ဆရာကြီး ဖြစ်ပါတယ်။

အဲဒီတော့ သူဟာ အင်မတန် လေးနက်ပါတယ်။ နေ့လဲ တစ်နေ့လုံး စာကြည့်တယ်။ ညကျရင် အဲဒီနေ့လယ်က သူကြည့်တဲ့စာအတိုင်း တရားနှလုံး ကျင့်သုံးတယ်ဘုရာ့။ ဒီတော့ ဆရာကြီးနဲ့ တပည့်တော်တို့ ပါဒစေတီတော်ကို လိုက်ပြီးလေ့လာကြတယ်။ နီးရာကမ်းမှာ လျှောက်ရှာတယ်ပေါ့။ လျှောက်ရှာတော့ ဟောဒီ မင်းကွန်းပုထိုးတော်ကြီးနားက စက်တော်ရာကို ပထမသွားတွေ့တယ်။ တစ်ခါ စက်တော်ရာရဲ့ ရာဇဝင်ကို ကြည့်လိုက်တော့ ပထမကမ္ဘာစစ်တုန်းက အင်္ဂလိပ်က ဒီမှာ အိန္ဒိယသားတွေကို တိုက်ပွဲ လေ့ကျင့်ပေးတာ၊ မင်းကွန်းဘုရားကြီးနား လာပြီးတော့ လေကျင့်ပေးတယ်။ အဲဒီလိုလေ့ကျင့်ပေးတော့ အဲဒီ မင်းကွန်းဘုရားကြီးမှာ တပည့်တော်တို့ မြသိန်းတန် ဘုရားတံတိုင်းကလုံတော့ သူတို့ စစ်တပ်ကြီး အဲဒီမှာ ထားပြီးတော့ လေ့ကျင့်ကြတယ်၊ အဲဒီနားမှာ စစ်တပ်ပဲရှိတယ်။ ဘယ်သူမှ မသွားဝံ့ဘူး။

ဒီမြသိန်းတန်ဘုရား ပတ်ဝန်းကျင်ကရှိတဲ့ နဂါးရုပ်တွေ ဂဠုန်ရုပ်တွေ ကုမ္ဘာန်ရုပ်တွေ ဘီလူးရုပ်တွေ စတုမဟာရာဇ်နတ်ရုပ်တွေ အဲဒီမြသိန်းတန်ဘုရားကလဲပဲ မြင်းမိုရ်တောင်ပုံ တည်ထား၊ မြင်းမိုရ်တောင်ရဲ့ ခါးပန်းမှာ အာလိန် ငါးဆင့်ပေါ့လေ။ အောက်ခြေက နဂါး၊ အဲဒီအထက်က ဂဠုန်၊ ၎င်းအထက်က ကုမ္ဘာန်၊ ၎င်း အထက်က ယက္ခ၊ ၎င်းအထက်က ဂန္ဓဗ္ဗ၊ စတုမဟာရာဇ်နတ်တွေပေါ့။

http://www.dhammadownload.com

အဲဒီလို နတ်ရုပ်ပတ်ဝန်းကျင်၊ အဲဒီဥစ္စာတွေ အင်္ဂလိပ်က ဟောဒီမှာ လာပြီးတော့ တောင်ကြားတိုက်ပွဲ လေ့လာတယ်။ အဲဒီမှာ စခန်းချတယ်။ သူတို့အဖို့က ကစားစရာ အရုပ်တွေဖြစ်နေတော့ အဲဒီအရုပ်တွေ တစ်ခါထဲ သူတို့ ရိုက်ကြ ချိုးကြ ကစားကြ။ ဘာမှ အကောင်း မရှိဘူး။ ဘေးနားက ဟိုခြုံထဲရောက်၊ နဲနဲမှ အကောင်းမရှိတာ။ တစ်ခါဒီတင်ဘယ်ကမလဲ၊ ဘိုးတော်လက်ထက်က တည်တဲ့ စက်တော်ရာကိုလဲ သူတို့ လက်ပစ်ဗုံးနဲ့ ပစ်ပြီးတော့ ကစားကြတယ်။ အဲဒီစက်တော်ရာ ကွဲပျက်သွားတယ်။ အဲဒီပျက်သွားလို့မို့ အင်္ဂလိပ်အစိုးရဟာ အစားထိုးပြီးတော့ အခု မင်းကွန်းက စက်တော်ရာကို ထားတယ်။ (အစားထားခဲ့တာ)။ ဘိုးတော်လက်ထက်က လက်ရာမဟုတ်ဘူး။

အလယ်တောရနားမှာ အဲဒါကတော့ တကယ့် စက်တော်ရာရဲ့ ပုံပဲဘုရား။ မန်း စက်တော်ရာရဲ့ပုံပဲ။ ဟောဒီက မှန်းချောင်း၊ ဟောဒါက အောက်စက်တော်ရာ၊ ဒီလို ဆိုလောက်အောင်ပဲ။ မြေအနေအထားနဲ့ အဲဒီစက်တော်ရာကို သွားကြည်ညိုကြတယ်။

အဲဒီလို တပည့်တော်တို့ စက်တော်ရာကို လေ့လာနေတုန်း ဟောဒီ ထန်းမြင့်ရွာက ဒကာကိုစု ဆိုတာ၊ ကိုစု+မတင် ထန်းမြင့်တောင်ရွာ။ ကိုစု က တပည့်တော်တို့ ဒကာမကြီးအိမ်မှာ သူက အလုပ်လုပ်တယ်။ အဲဒီတော့ ဆရာကြီးတဲ့၊ ကျွန်တော်တို့ ထန်းမြင့်ရွာနားမှာ စက်တော်ရာကြီး တစ်ခုရှိတယ်၊ ဟုတ်လားတဲ့၊ ရှိတယ်ခင်ဗျား။

ဒါနဲ့ တပည့်တော်တို့ ကိုစုရဲ့ ပြောပြချက်အရ ဒီကို တပည့်တော်တို့ လာတယ်။ လာတော့ ဒီအထဲကို ဝင်လို့မရဘူး။ ခြုံတွေမှ ဆူးရစ်ပင်တွေ ဘာတွေ အကုန်အုံလို့၊ ဘယ်သူမှ မဝင်ဖြစ်ဘူး။ အဲဒီလို မဝင်ဖြစ်လို့လဲပဲ ဒီစက်တော်ရာကြီးက မပျက်မစီး ကျန်နေတာ။ ဒီအနားရောက်တယ်ဆိုရင်လဲပဲ ဒီလူတွေဟာ တစ္ဆေချောက်မှာကြောက်ပြီးတော့ ဒီဘက်ကို မကြည့်ဝံ့ဘူး။ တစ်ခါထဲ ခပ်သုတ်သုတ်သွားတာပဲ။ အဲဒီမှာ တပည့်တော်တို့လာပြီးတော့ လူငှားနဲ့တောရှင်းပြီး တက်ကြည့်တယ်။ စက်တော်ရာ မမြင်ရဘူဘုရား၊ ဟောဒီစက်တော်ရာကြီး တစ်ခုလုံးဟာ လင်းနို့ချေး ဖုံးနေတယ်။ အဲဒီလင်းနို့ချေးတွေကို ကျုံး။ ယခုလို ရေတိုးတဲ့အခါ ဟောဒီ ဧရာဝတီမြစ်က ရေခပ်၊ ဆေးကြော။ တပည့်တော်တို့ မင်းကွန်းဓမ္မနာဒ ရွှေ့တန် ရွှေ့မယ်ပေါ့။ ဒီအကြံနဲ့ လာကြည့်တာ။ ဒီရှိတဲ့ စက်တော်ရာကြီးက ရွှေ့ရင် ပျက်မယ့်ပုံ ပေါ်တယ်။ဒီစက်တော်ရာဟာ ဘိုးတော်ဘုရား လက်ထက်တုန်းက အိမ်ရှေ့လျာမဟာဓမ္မ ရာဇာ မိုးမိတ်မင်းသားက သူရဲ့ အင်းကမော် မိဖုရားခေါင်အတွက် တည်ရှိတဲ့ စေတီဘုရာ။

စက်တော်ရာစေတီ။ အဲဒီစေတီတည်တဲ့ ဂန္ဓကုဋီတိုက်ကိုတော့ မိဖုရားများ နေတဲ့ ပြာသာဒ်မျိုး၊ ဒါမျိုးတည်တာ။ အဲဒါနဲ့ ဒီစက်တော်ရာကြီးကို တပည်တော်တို့ပြုပြင်, ရွှေ့လဲမရွှေ့နိုင်၊ မရွှေ့ရက်၊ ရွှေ့ရင်လဲပဲ ပျက်သွားနိုင်တဲ့ အခြေရှိတယ်။ အဲဒါနဲ့ တပည့်တော်တို့ တစ်ခြားပဲ စက်တော်ရာ သီးသန့်လုပ်ပြီးတော့ ဒီမင်းကွန်းမှာပေါ့လေ၊ ဓမ္မနာဒတိုက်မှာ ဆရာတော့် အရိုးကို စက်တော်ရာ အောက်မှာ ဌာပနာပါတယ်။ ဟိုတပည့်တော်တို့ ဓမ္မနာဒတိုက်မှာ အနောက်ဘက်က စေတီဟာ အရိုးအိုးစေတီ= စက်တော်ရာစေတီ။"

ဤသို့ဖြင့် ဒုတိယကမ္ဘာစစ်ကြီးကလည်း နီးကပ်လာ၍ ရပ်ရွာအခြေအနေ မကောင်းတော့ရကား၊ ဆရာကြီး ဒေါ်ဓမ္မစာရီသည် ဆရာတော် အရှင်ပညာစက္ကဏ် အရိုးဓာတ်တော်ကို စက်တော်ရာစေတီ၌ ဌာပနာ၍ တည်ထားရန် ဆန္ဒမရှိတော့

http://www.dhammadownload.com



သာသနဓဇသီရိပဝရ မဟာစရိယဘွဲ့ ရတော်မူစဉ်



သာသနဓဇသီရိပဝရ မဟာစရိယဘွဲ့ လက်မှတ်တော်

http://www.dhammadownload.com

ရကား၊ မနောမယစေတီနှင့် ကပ်လျက်နေရာတွင် အရိုးအိုး စေတီတည်ထားရန် အရှင်ဝိစိတ္တသာရာ ဘိဝံသအား ပြောကြားလေ၏။ အရှင်ဝိစိတ္တသာရာ ဘိဝံသသည်လည်း မိခင်ကြီးအလိုကျ စေတီတော် ပေးတော်မူကာ၊ အရိုးဓာတ်တို့ကို စေတီ တည်ပေး သော ပန်းရံ ဆရာကြီး ဦးချုံ၏ တပည့် ပန်းရံ ကိုဘဖေကို ဧရာဝတီမြစ်အတွင်း၌ ညအချိန်ဝယ် မျှော၍ ပူဇော်ရန် အပ်နှံ၍ သီရီရဓာတူဒက ပူဇော် ခဲ့ကြ၏။

ဒုတိယကမ္ဘာစစ်မီး

၁၃၀၁-ခု ဝါခေါင်လဆုတ်(၅)ရက်နေ့တွင် ကမ္ဘာ့အနောက်ခြမ်း ဥရောပတိုက်တွင် ဒုတိယ ကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားပြီး၊ ၁၃၀၂-ခုတွင် ဒုတိယ ကမ္ဘာစစ်မီးကြီးသည် အရှေ့တောင်အာရှသို့ ကူးစက် လာစပြုလေပြီ။

အရှင်ဝိစိတ္တသာရသည်ကား ဒုတိယကမ္ဘာစစ် ကြီးကို သတိပြုမိသော်လည်း မိမိ၏ကိစ္စဟု သဘော ပိုက်တော်မူပုံမရ။ သို့ဖြစ်၍လည်း မိမိ၏ပရိယတ်ကိစ္စ တို့ကို အပျောက်အပျက်မခဲပဲ ခိုင်မာတည်ကြည်စွာဖြင့် စာချမပျက်ခဲ့ပေ။ တပည့်တို့အား စာချမပျက်သကဲ့သို့ မိမိ၏စာကျက်မှုကိုလည်း မပျက်စေခဲ့ပေ။ သို့ဖြစ်၍ ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့ဘက်ကူးစက် လောင် မြိုက်လာချိန်မှာပင် အရှင်ဝိစိတ္တသာရာဘိဝံသသည် အစိုးရက ပထမဆုံးအကြိမ်ကျင်းပသည့် ဓမ္မာစရိယ စာချတန်းကို ဖြေဆိုတော်မူခဲ့ပါသည်။

သာသနဓဇသီရိပဝရ ဓမ္မာစရိယဘွဲ့ရတော်မူခြင်း

၁၃၀၂-ခုနှစ်၊ မန္တလေးမြို့၊ တောင်ခြေ သုဓမ္မာပဌာန်းဇရပ်ကြီးများ၌ အစိုးရဓမ္မာစရိယစာချ တန်းစာမေးပွဲကို ပထမဦးဆုံး စတင်ကျင်းပလေသည်။ ထိုအချိန်က နန်းရင်းဝန်ကြီးမှာ ဦးစောဖြစ်သည်။ အရှင်ဝိစိတ္တသာရာဘိဝံသသည် ငယ်စဉ်ကပင်စာမေးပွဲ ဖြေ ဆိုခဲ့ရာ၌ ဖြေဆိုသောစာမေးပွဲတိုင်း၌ ထိပ်ဖျား ကနေခဲ့သည်ချည်းဖြစ်၍ ဤဓမ္မာစရိယစာချတန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုလျှင် အောင်မြင်မည်ဟု သိရှိနေသဖြင့် ရဲရဲဝံ့ဝံ့ဝင်ရောက် ဖြေဆိုတော်မူခဲ့၏။ ထိုစဉ်က ရှင်ဝိစိတ္တသာရာဘိဝံသနှင့်အတူ မန္တလေး မစိုးရိမ် ပဌာန်း ဆရာတော် ဦးဝိသုဒ္ဓသည်လည်း ဝင်ရောက် ဖြေတော်မူရာ စာမေးပွဲ ဂေဇက်ထွက် ပါက အကြောင်းကြားပါရန် ပဌာန်းဆရာတော် ဦးဝိသုဒ္ဓအား မှာထားတော်မူပြီး မင်းကွန်းဓမ္မနာဒ ကျောင်းတိုက်သို့ ပြန်ကြွတော်မူခဲ့ပါသည်။

စာမေးပွဲဂေဇက်ထွက်လာသောအခါ အရှင် ဝိစိတ္တသာရာဘိဝံသသည် နှစ်ချင်းစွဲ ဂုဏ်ထူးနှင့်ပင် အောင်မြင်တော်မူပါသောကြောင့် "သာသနဓဇသီရိပဝရ ဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို အလူခံရရှိတော်မူပါ သည်။ ထိုစဉ်အခါက ကျင်းပသော ဓမ္မာစရိယစာချ တန်းစာမေးပွဲတွင် အောင်မြင်သူရဟန်း(၅)ပါးသာ ဖြစ်ကြောင်းသိရ၏။ ပထမဦးဆုံး ဓမ္မာစရိယ ရရှိ တော်မူသော ရဟန်းတော်(၅)ပါးကို အောက်ပါ အတိုင်း ဂါထာဖွဲ့သီထားပါသည်။

အဦးအစ အာဒိကမ္မိက , အစိုးရဓမ္မာစရိယ များမှာ-

ဣန္ဒကော မာတင်္ဂေါ စေဝ၊
ဝိစိတ္တော ရေဝတော တထာ။
သဒ္ဓမ္မသီရိ ပစ္စေက၊
မဘိဝံသိက ဓာရိနော။

အထက်ပါဂါထာ၌ ဖော်ပြထားသော ပထမ ဆုံး စာချတန်းနှင့် ဂုဏ်ထူးဆောင် စာချတန်းအောင် ပိဋကတ်ပဋ္ဌင်းကျော် ရဟန်းတော်(၅)ပါးတို့သည်ကား (အမှတ်အများဆုံးပုဂ္ဂိုလ်မှစ၍ ဖော်ပြရလျှင်)-

၁။ မန္တလေးမြို့၊ မစိုးရိမ်တိုက်မှ ဦးဣန္ဒကာဘိဝံသ (သက်တော်-၂၆နှစ်)

http://www.dhammadownload.com

၂။ စစ်ကိုင်းမြို့၊ မဟာစေတီလှတိုက်မှ ဦးသဒ္ဓမ္မ သီရိဘိဝံသ၊ (သက်တော်-၂၉နှစ်)

၃။ စစ်ကိုင်းမြို့၊ မင်းကွန်းဓမ္မနာဒတိုက်မှ ဦးဝိစိတ္တ သာရာဘိဝံသ (သက်တော်-၂၉နှစ်)

၄။ နတ္တလင်းမြို့၊ ကျောင်းကြီးကျောင်းမှ ဦးရေဝတ၊ (သက်တော်-၂၈နှစ်)

၅။ မန္တလေးမြို့၊ မဟာဝိသုဒ္ဓါရုံတိုက်မှ ဦးမာတင်္ဂ၊ (သက်တော်-၃၀နှစ်)

ပထမဆုံးအကြိမ်ကျင်းပအပ်သော ဤပထမပြန်စာမေးပွဲကြီး၏ စာချတန်းနှင့် ဂုဏ်ထူးဆောင် စာချတန်းတွင် အောင်မြင်သောရဟန်းတော်(၅)ပါးတို့ကို စာရေးဆရာရွှေစကြာ(ဦးစိုးမြင့်)က သူရိယသတင်းစာတွင် "နှစ်တထောင်ကြာမှတခါသာပွင့်သော အာသာဝတီ နွယ်နီနတ်ပန်းကဲ့သို့ အံ့မခန်းဖြစ်ရသည်" ဟုပင် ချီးကျူးစကား ရေးသားခဲ့ပေသည်။

အရှင်ဝိစိတ္တသာရာဘိဝံသ စာမေးပွဲအောင်ကြောင်း ကြားသိရလျှင်သိချင်း မိတ်ဆွေဖြစ်သူ မစိုးရိမ်တိုက် ဦးဝိသုဒ္ဓအရှင်မြတ်က အောက်ပါတေးထပ်ဖြင့် ဝမ်းမြောက်ဝမ်းသာ အကြောင်းကြားတော်မူပါသည်။

အညွှန့်ပေါ် အဖူးဆင့်သူရေ၊
ထူးသဖြင့် ထင်ပေါ်။
ဦးပသခင့် ပလွင်တော်မှာ၊
ဘုရင်နောဲ့ ရှိဆဲ။
အကယ်တည့် ဘိသိက်ဖြာလျှင်၊
ဝိစိတ္တာ စချိုလိုပဲ။
ရာဇာဝိရာဇရံတယ်၊
စာနာဟန်ဆောင်ထဲ။
သာသနာလျှံ အရောင်ကဲပါလို့၊
အောင်အောင်ပွဲ ပွဲတော်။
မတူပါ လူဒါနတွေနှင့်၊
ပူဇာစဉ်းတင် လိမ့်နော်။
ဒကာနှင့်ဆရာမျှော်လျှင်၊
ကမ္ဘာပေါ်လွမ်းခြိုတက်မှာမို့၊
စန်းယုန်စက် လင်းခဲ့လေပြီ၊
မင်းမဲ့နေပြည်။
ပညာဓါတ် ပါရမီမှာ၊
သာပါသည် သန့်ရှင်းလို့လေး။ ။

ဤသို့လျှင် ဒုတိယကမ္ဘာစစ်မီးကြီးနိုးကပ်နေချိန်တွင် အရှင်ဝိစိတ္တသာရာဘိဝံသအဖို့ စာချမပျက် စာသင်မပျက် စာမေးပွဲအဖြေပင် မပျက်ခဲ့သည်ဖြစ်၍ စစ်အတွင်းက စစ်ကိုင်းချောင်၌ သီတင်းသုံးတော်မူလျက်ရှိသော မစိုးရိမ်ဆရာတော်ဘုရားကြီးက "အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိဆောင်ရွက်မြဲဖြစ်သော သာသနာတော်ရေးကိစ္စသာသနတာဝန်ဟူသမျှကို တစမကျန် အားသွန်ဆောင်ရွက်နေသဖြင့် ဒုတိယကမ္ဘာစစ်ကြီးသည် အရှင်ဝိစိတ္တသာရာဘိဝံသ၏ သာသနာပြုကိစ္စကို မည်သို့မျှ အနှောင့်အယှက်မပေးနိုင်" ဟူ၍ မြွက်တော်မူပါ၏။ ။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ စတုတ္ထဆယ်နှစ် ဒုတိယဓမ္မနာဒဆရာတော်နှင့် ဝိဘင်္ဂပိုနယဓရ မဟာပိုနယ ကောဝိဒ ဆရာတော်ဘဝ ဖြစ်တော်စဉ် (၁၃၀၃-ခု မှ ၁၃၁၃-ခုအထိ)

၁၃၀၃-ခုတွင် ဒုတိယ ဓမ္မနာဒဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသသည် သက်တော်(၃၀)ပြည့်တော်မူချိန် ဖြစ်၏။ သက်တော်(၃၀)ပြည့်တော်မူချိန်တွင် အစိုးရ ပထမကျော်၊ ပရိယတ္တိသာသနဟိတ ဓမ္မာစရိယ ဝဠုံသကာ၊ အဋ္ဌကထာပြန်အကျော်၊ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ စသော ဘွဲ့တော်များကို ရယူပိုင်ဆိုင်တော်မူပြီးဖြစ်ပါ၍၊ သက်တော်ရွယ်တော်နှင့် မမျှအောင်ပင် ပညာဂုဏ်က ကြီးမားနေပါသည်။ ပညာဥာဏ်ရှိန် ကြီးမားတော်မူသော်လည်း ပညာမာနကား မရှိခဲ့။ ထို သက်တော်(၃၀)၊ ဝါတော်(၁၀)အရွယ်တိုင် သာသနာ့မိခင်ကြီး သီလရှင် ဆရာကြီး ဒေါ်ခမ္မစာရီကား အရှင်ဝိစိတ္တသာရာဘိဝံသအား ပြုသစ်စရဟန်းသစ်ကလေးပမာအလား ဆုံမဖွယ် ပြုပြင်ဖွယ်တို့ကို သတိပေးလျှောက်ထားမြဲဖြစ်ပါသည်။ ဆရာကြီး ဒေါ်ခမ္မစာရီ၏ ပြုစုပျိုးထောင်ပေးမှုကြောင့် အရှင်ဝိစိတ္တသာရာဘိဝံသဟူသော သာသနာ့သစ်ပင်ငယ်သည် အချိန်ကာလရင့်သောင်းလာသည်နှင့်အမျှ အများမှီခိုအားထားရသော ဂွက်လက်ဝေဆာကာ ကြီးမားသော အရိပ်ကို ပေးစွမ်းနိုင်သည့် ခက်ကြီးပင်ကြီး ဖြစ်လာချေပြီ။

၁၃၀၃-ခု နတ်တော်လပြည့်ကျော် ၆-ရက် (၈-၁၂-၄၁)နေ့၌ ဂျပန်တို့သည် အမေရိကန်ရေတပ်စခန်း တစ်ခုဖြစ်သော ဟာဝိုင်ယီကျွန်းရှိ ပုလဲဆိပ်ကမ်းကို ရုတ်တရက် ဗုံးကြဲတိုက်ခိုက်ရာမှ အာရှတိုက်အတွင်း စစ်မီးတောက်ကြီးထ,တောက်လေရာ၊ ၁၃၀၃-ခု ပြာသိုလဆန်း ၇-ရက် (၂၃-၁၂-၄၁) နေ့သည်ကား ရန်ကုန်မြို့တွင် ဂျပန်လေတပ်မှ ဗုံးကြဲချရာ လူများစွာ သေဆုံးခြင်းမှစ၍ မြန်မာနိုင်ငံ၌ ဒုတိယကမ္ဘာစစ်မီးတောက်ကြီး စ,လေပြီဟု မှတ်တမ်းတင်ရမည်။ ထိုနေ့မှာပင် ဘီ-အိုင်-အေ ဗမာ့လွတ်လပ်ရေး တပ်မတော်သည် မြန်မာနိုင်ငံတွင်းသို့ စစ်ကြောင်းကြီး ၄-ကြောင်းခွဲ၍ ဝင်ရောက်ကာ၊ အင်္ဂလိပ်တို့ကို တိုက်ခိုက်ချေမှုန်းလေ၏။ ၁၃၀၃-ခု တပေါင်းလဆန်း ၅-ရက် (၁၈-၂-၄၂)နေ့၌ မန္တလေး နန်းတွင်းသို့ ဂျပန်လေယာဉ် ဗုံးကြဲချပြန်ရာ မန္တလေးမြို့မှ အများအပြား စစ်ကိုင်းတောင်ရိုး၊ မင်းကွန်းတောင်ရိုးနှင့် ကျေးလက်တောရွာများသို့ ရွှေ့ပြောင်းပုန်းအောင်းလာကြတော့သည်။ မင်းကွန်းတောင်ရိုးသို့ စစ်ဒဏ်ရှောင်တိမ်းလာကြသော မန္တလေးမြို့မှ

http://www.dhammadownload.com

ဆရာတော် သံဃာတော်များတွင် အဘိဓေ မစိုးရိမ် ဆရာတော်ဘုရားကြီးသည်လည်း ပဌာန်းဆရာတော် ဦးဝိသုဒ္ဓနှင့်အတူ စစ်ဘေးရှောင်ရန် မင်းကွန်းသို့ ကြွလာတော်မူပါသည်။

မစိုးရိမ်းဆရာတော်ဘုရားကြီးထံ ပဌာန်းစာဝါတက်ကြပုံ

အဘိဓေမစိုးရိမ်ဆရာတော်ကြီးသည် အရှင်ဝိစိတ္တသာရာဘိဝံသကို အလွန်ချစ်ခင်မြတ်နိုး၏။ မိမိ၏ ညီငယ်ညီထွေးသဖွယ် ဂရုစိုက်၏။ မစိုးရိမ် ဆရာတော်ကြီးသည် ပါဠို ပဌမပြန် ပေါ်စမှာပင် ရှေးဦးစွာ ပဌမကျော်ဖြစ်တော်မူပါသဖြင့် ပဌမကျော် ဟူသော သံယောဇဉ်ဖြင့်လည်း 'ငါ့ပမာအလား တူသော ငါညီငယ်'ဟု သဘောထားတော်မူပုံရရှိကာ၊ စာပေပရိယတ်အရာတွင် အလွန်အားကိုးအားထား ပြုပြီး တာဝန်ပေးတော်မူလေ့ရှိပါသည်။ ထို့ပြင် အရှင်ဝိစိတ္တသာရာဘိဝံသ ရဟန်းခံစဉ်အခါကလည်း ကမ္မဝါဆရာအဖြစ် ပါဝင်ခဲ့၏။

မစိုးရိမ် ဆရာတော်ကြီးသည် မင်းကွန်းသို့ ရောက်တော်မူလျှင် ပထမရှာပင်တိုက်မှာ ခေတ္တသီတင်းသုံးတော် မူသည်။ ထိုနောက် မန္တလေးမြို့၊ ပန်းဆိုးတန်း လွှက်ခြောက် ကုန်သည် ဦးဖန် အမေကြမ်းတို့၏ ဓမ္မသာရတိုက်၌ သီတင်းသုံးတော် မူလေ၏။

မစိုးရိမ်ဆရာတော်ကြီးသည် ရောက်လေရာ၌ ပဌာန်းစာဝါကို ပို့ချတော်မူလေ့ရှိ၏။ မင်းကွန်း၌ ဝါကပ်တော်မူစဉ် ပဌာန်းစာဝါ ချတော်မူချင်၍ အနီးရှိဦးဇင်းတို့အား (ဆရာတော်ကြီးသည် ဦးဇင်းများကို ဆရာ–ဟု ခေါ်လေ့ရှိ၏၊) "ဆရာတို့–ဆရာတော့်နည်းက တလဆို ပဌာန်းကုန်ရော" ဟုထပ်ဖန်တလဲလဲ အမိန့်ရှိတော်မူ၏။ ထိုအခါ ဆရာတော်ကြီး၏ နည်းလည်းရစေရန် ဆရာတော် ဦးဝိသုဒ္ဓ၊ ဓမ္မနာဒတိုက်အုပ် ဦးဥက္ကဋ္ဌသာဘိဝံသ၊ ရှားပင်တိုက်သစ် ဦးစန္ဒိမာတို့သုံးပါးက ဆို၍ အရှင်ဝိစိတ္တသာရာဘိဝံသ၊ သီလရှင်ချောင် ဆရာကြီးဒေါ်လှန္ဒာဂီ၊ ဒေါ်လှန္ဒာသီရိ၊ဒေါ်ဝံသတို့စသည်တို့က ပဌာန်းစာဝါ တက်ကြ၏။

ပဌာန်းစာဝါသည် (၂) လပြည့်၍ မကုန်သောအခါ အရှင်ဝိစိတ္တသာရာဘိဝံသက မစိုးရိမ်ဆရာတော်ဘုရားကြီးအား "ဆရာတော်၊ ဆရာတော့် ပဌာန်းက (၁)လဆိုရင် ကုန်တယ်ဆိုဘုရာ့၊ အခု (၂)လ ရှိသွားပါပြီဘုရား"ဟု လျှောက်ထားရာ ဆရာတော်ကြီးက "ဆရာတို့နယ် ဆိုချင် လာအောင် ဒီလိုပြောရတာပေါ့" ဟု အမိန့်ရှိတော်မူသဖြင့် ပဌာန်းအသင်းသားကြီးများ အားလုံးရွှင်ပြုံးကြရလေ၏။

ပဌာန်းစာဝါလိုက်၍ ဝါကျွတ်သောအခါ မစိုးရိမ် ဆရာတော်ကြီး ဝါကပ်သီတင်းသုံးတော်မူရာ မင်းကွန်းဓမ္မသာရကျောင်းတိုက်၌ ကျောင်းအမကြီး ဒေါ်ကြမ်း ဆက်ကပ်လှူဒါန်းသော မဟာကထိန် အလှူတော်ပွဲကြီးတွင် မစိုးရိမ်ဆရာတော်ဘုရားကြီးအား အာမိသပူဇော ပူဇော် ကန်တော့သောအားဖြင့် (၅)ကျပ်တန် ငွေစက္ကူတွေနှင့် ဆရာကြီးများက ငွေဒေါင်းရုပ်ကြီး ပြုလုပ်ပြီး ပူဇော်ကြ၏။ ဆရာတော်ကြီး၏ ဘွဲ့တော်မှာ ဦးသူရိယ (နေမင်းကြီး) ဖြစ်ပါ၍ နေတံဆိပ် ဒေါင်းရုပ်ကြီးဖြင့် ပူဇော်ကြခြင်းဖြစ်၏။ ထိုဒေါင်းရုပ်ကြီး၏ နှုတ်သီးဖျားတွင် ပဌာန်း စာသင်သား တစ်ဦးဖြစ်သူ အရှင်ဝိစိတ္တသာရာဘိဝံသက အောက်ပါ တေးထပ်ကို ရေးစပ်ပြီး ဒေါင်းကြီးက နှုတ်သီးဖျားတွင် ကိုက်ချီထားဟန် ချိပ်ဆွဲကာ ပူဇော်ပါသည်။

ဒေါင်းရွေ့ နေတစ်ဆူတေးထပ်

ကွန်းရွှေမြို့ သောင်းကေတုဆီက၊
သြောင်း ဟေတု ဟေတူ။
ဒေါင်းရွေ့ နေတဆူငယ်၊

http://www.dhammadownload.com

ဖေယျတူသံရင့်။
ကျောင်းဆောင်တော့် ဝေဖယန်ဝယ်၊
နေရဗာန် လမ်းဖြောင့်ကိုဖွင့်။
ပစ္စည်းနှင့် ပစ္စယုပ္ပန်၊
နှစ်ရုပ်နာမ် ဒွန်ဖွင့်။
ဖြစ်ချုပ်ဟန် ညွှန်သဖြင့် သာပ၊
ခုနှစ်ဆင့် ဗောဇ္ဈင်။
စက်ဘုန်းရောင် သာရွှင်မြူးသော်ကြောင့်၊
ကြာခင်ဘူး ပွင့်မည်ပြင်ဆင်။
မစိုးရိမ့် ဂုဏ်သခင်ကို၊
စုံအလင် ဆည်ဆြေသန့်ပါလို့။
ဥဒေတယဲ့ မောရဗျာဂီ၊ ဟောဗျာ့လာပြီ။
နိဗ္ဗာန်နန်း မှူးမဲ့ထောရ်ကို၊
ဦးငဲ့ချီ ငွေဒေါင်းဘုရာ့လေး။ ။

အရိယမဂ္ဂင် ဆရာတော်ကြီးနှင့်
မနောမယ ဆရာတော်ကြီး

အရှင်ဝိစိတ္တသာရာဘိဝံသတွင် ၁၂၉၉-ခုနှစ်က မိဘသဖွယ်ဖြစ်သော ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာစက္က ပျံလွန်တော်မူပြီးသည့်နောက်၊ ဥပဇ္ဈာယ် ဆရာကဲ့သို့ပင် မိဘအရာထား၍ မြတ်နိုးကော်ရော် ရှိတော်မူရသော မထေရ်ကြီးတပါး အစားရရှိခဲ့လေသည်။ ထိုမထေရ်ကြီးကား အရိယမဂ္ဂင်ချောင် ဆရာတော်ကြီး အရှင်အရိန္ဒမ ဖြစ်တော်မူပါသည်။

အရိယမဂ္ဂင်ချောင်ဆရာတော်ကြီးသည် ပါဠိတော်ဂိုဏ်းဟု ထင်ရှားသော ဂိုဏ်းကြီးကို တည်ထောင်တော်မူသော အရှင်ရာဓိန္ဒမထေရ်ကြီး၏ တူအရင်းဖြစ်ပြီး၊ အရှင်ရာဓိန္ဒ ပျံလွန်တော်မူသောအခါ ပါဠိတော်ဂိုဏ်းကြီး၏ ဦးစီးဖြစ်တော်မူခဲ့ပါသည်။ ဘုန်းကံကြီးမားသော မထေရ်ကြီးလည်းဖြစ်သည်။ ကြည်ညိုကိုးကွယ်သူအထူးများပြား၍ မင်းကွန်းတောင်ရိုးကဲ့သို့ တောကြီးထဲမှာပင် ဆရာတော်ထံ၌ မြို့ကြီးများ၌သာ တွေ့ရသော သစ်သီးဝလံ ယိုဗူး မုန့်သေတ္တာ စသော အစားအသောက်များ အမြဲပေါများလျက် ရှိလေသည်။

အရိယမဂ္ဂင်ဆရာတော်ကြီးသည် ပါဠိတော်ဂိုဏ်းသားပီပီ ပါဠိတော်ကိုသာ အဲလေးထား၍ အဋ္ဌကထာစကားတို့ကို ပမာဏမထားခဲ့ချေ။ အရှင်ဝိစိတ္တသာရာဘိဝံသနှင့် တွေ့သောအခါမှ အဋ္ဌကထာစာပေတို့ကို ကြည့်ရှုတော်မူပါရန် အဖန်ဖန်တိုက်တွန်းသဖြင့် အဋ္ဌကထာကျမ်းတို့ကို ကြည့်ရှုတော်မူလျှင် "အဋ္ဌကထာကျမ်းတို့သည်ကား အလွန်ကောင်းမွန်၍ ကြည့်ရှုထိုက်သော စာပေများပါတကား" ဟု မှတ်ချက်ချတော်မူလေသည်။ အရိယမဂ္ဂင်ဆရာတော်ကြီးသည် အရှင်ဝိစိတ္တသာရာဘိဝံသအား သားရင်းတနှီး ချစ်ခင်လာကာ မောင်ဝိစိတ္တ-ဟု ခေါ်၍ နေ့တိုင်း ဓမ္မနာဒချောင်သို့ ကြွလာတော်မူ၏။ စားသောက်ဖွယ်ကောင်းတို့ ရလာတိုင်းလည်း ကိုရင်များ သီလရှင်များနှင့် ပေးပို့လှူဒါန်း ချီးမြှောက်တော်မူလေ့ရှိ၏။

အရိယမဂ္ဂင် ဆရာတော်ကြီး၏ နောင်တော်ရင်းမှာ ထိုခေတ်က ဘုန်းကံကြီးမား၍ ကြည်ညိုကိုးကွယ်သူ ပေါများသော မနောမယဆရာတော်ကြီး ဖြစ်ပါသည်။

မနောမယဆရာတော်ကြီးသည် ပရိယတ္တိပေါက်ရောက်၍ ပညာအလွန်တော်သော ဆရာတော်ကြီးဖြစ်ပြီး၊ ထွက်ရပ်ပေါက်ဝိဇ္ဇာဟုပင် အထင်ခံတော်မူရသည်အထိ အစွမ်းရှိသည်ဟုလည်း ကျော်ကြားတော်မူသည်။ တိစီဝရိတ် ခုတင်ကို ကျင့်တော်မူလေ့ရှိ၏။ ညနေဘက်ဆိုလျှင် အောင်မြင်သော အသံကြီးနှင့် တရားညီးတော်မူလေ့ရှိသည်မှာ "လောဘကြီး-ဒုက္ခကြီး၏" "လောဘငယ်-ဒုက္ခ

http://www.dhammadownload.com



အဘိဓဇ မစိုးရိမ်ဆရာတော်ကြီး ဦးသူရိယနှင့် အရှင်ဝိစိတ္တသာရာဘိဝံသ



ဖြို့မနာယကလက်မှတ်တော်

ဂျပန်ခေတ်ကရရှိခဲ့သော
မြို့မနာယကလက်မှတ်တော်

http://www.dhammadownload.com

ငယ်၏" "လောဘကြီမ်း-နိဗ္ဗာန်"ဟု ရွတ်ဖွားတော်မူလေ့ရှိ၏။

မနောမယ ဆရာတော်ကြီးသည် စစ်ကိုင်းတောင်ရိုး မနောမယချောင်၌ သီတင်းသုံးတော်မူသော်လည်း ပရိသတ် အလွန်များပြားသဖြင့် ရံဖန်ရံခါ မိမိ၏ ညီတော် သီတင်းသုံးတော်မူရာ မင်းကွန်းတောင်ရိုး အရိယမဂ္ဂင်ချောင်သို့ တိတ်တဆိတ် ကြွရောက်တော်မူလာပြီးလျှင် ဝတ်ဆောက်ဘည်မာရ်နတ် ကျင့်တော်မူလေ့ရှိပါသည်။

တစ်ချိန်တွင် မနောမယ ဆရာတော်ကြီးသည် သူဝတ်ဆောက်တည် မာရ်နတ်ကျင့်ပြီး အဇ္ဈာန်ထွက်သောအခါ ညီတော် မဂ္ဂင် ဆရာတော်အား ဘုန်းကြီးအပင့်ခိုင်း၏။ "ဓမ္မနာဒက စာသင်သားများ ပင့်ခဲ့"ဟု မှာတော်မူ၏။ မဂ္ဂင် ဆရာတော်ကလည်း အရှင်ဝိစိတ္တသာရာဘိဝံသကို "ကမ္မဝါဖတ်ရဦးမှာကြွခဲ့ပါ"ဟု အခြားစာသင်သား သံဃာများနှင့်အတူ ပင့်ခဲ့လေ၏။ မနောမယ ဆရာတော်ကြီးသည် အရှင်ဝိစိတ္တသာရာဘိဝံသအား မြင်ရလျှင် "စာသင်သားတွေ ပင့်ခဲ့ပါဆို၊ ဘာလို့ ဘုန်းကြီး ပင့်ခဲ့ရတုံး"ဟု ညီတော်ကို ဆိုလေ၏။ ထိုအခါ အရှင်ဝိစိတ္တသာရာဘိဝံသက "တပည့်တော်က စာသင်သား အကြီးစားပါ ဘုရား"ဟု လျှောက်ထားလေ၏။ ထိုအခါ မနောမယ ဆရာတော်ကြီးက "စာသင်သားတွေကျတော့ လောဘငယ်တယ်၊ ဘုန်းကြီးတွေကျတော့ လောဘကြီးတယ်၊ (သူ့ညီတော်ကို လက်ညှိုးထိုးပြီး) "ဟောဒီ မဂ္ဂင် ဆရာတော်ကျတော့ ၅၀/- လောက် လှူမှ ကျေနပ်တယ်"ဟု အမိန့်ရှိတော်မူ၍ ပင့်သံဃာ တပါးလျှင် ၅/- လှူဒါန်းတော်မူ၏။

ဒုတိယကမ္ဘာစစ်အတွင်း အရိယမဂ္ဂင်ချောင် ဆရာတော်ကြီးသည် အရှင်ဝိစိတ္တသာရာဘိဝံသအား မိမိသားပမာ စောင့်ရောက်တော်မူခဲ့သဖြင့် အရှင် ဝိစိတ္တသာရာဘိဝံသအဖို့ ကမ္ဘာစစ်မီး လောင်မြိုက်သည်ကိုပင် မသိရသလို အရိယမဂ္ဂင် ဆရာတော်ကြီး၏ အရိပ်အောက်ဝယ် ငြိမ်းချမ်းစွာနေခဲ့ရလေသည်။

မြို့မနာယကဆရာတော်

၁၃၀၅-ခု ဝါခေါင်လဆန်း ၁ ရက် (၁-၈-၄၃)နေ့တွင် ဂျပန်တို့က ဗမာပြည်ကို လွတ်လပ်ရေးရပြီဟု နိုင်ငံ အဓိပတိကြီး ဒေါက်တာ ဘမော်က ကြေညာခဲ့သည်။ ထိုအခါက နိုင်ငံတော်၏ သာသနာတော်ကို အားပေးသောအနေဖြင့် ပရိယတ္တိစာမေးပွဲများကို ကျင်းပပေးခဲ့သည်။ ထို့ပြင် နိုင်ငံရေး၌ တသွေး တသံ တမိန့် စနစ်ကို ကျင့်သုံးသကဲ့သို့ သာသနာရေးမှာလည်း ဂိုဏ်းသီးခြား မရှိစေရဟု ဆိုကာ ဂိုဏ်းအားလုံး ပူးပေါင်းနိုင်ရန်အတွက် ခရိုင်အလိုက် ဂိုဏ်းပေါင်းစုံ စည်းလုံးရေး သံဃာအဖွဲ့များကို ဖွဲ့စည်းခဲ့ကြသည်။

ဤသို့ ဂိုဏ်းပေါင်းစုံ စည်းလုံးရေး ဖွဲ့စည်းရာတွင် အရှင်ဝိစိတ္တသာရာဘိဝံသအားလည်း မဟာသံဃအဖွဲ့ချုပ်ကြီး၏ မြို့မနာယကဆရာတော်အဖြစ် အသိအမှတ် ခန့်ထားသော စာလွှာကို ထိုစဉ်အခါက သာသနာရေး၊ နိုင်ငံတော် ကြီးပွားရေးနှင့် ဝါဒဖြန့်ချိရေးဌာန ဝန်ကြီး ဗန္ဓုလ ဦးစိန် ကိုယ်တိုင် လာရောက် ဆက်ကပ်ခဲ့ပါသည်။

ဂျပန်အုပ်ချုပ်ရေးသမားတို့နှင့် ဒေါက်တာဘမော် အစိုးရတို့ကသာ သာသနာပြုစုရေးကို ဆောင်ရွက်ရန် ပြင်ဆင်နေကြသော်လည်း ဂျပန်တို့၏ ဖက်ဆစ်ဝါဒကား မကြာမြင့်မီမှာပင် အစွယ်ပြုံးထွက်၍လာခဲ့လေရာ ဂျပန်တခေတ်တွင် သာသနာရေး အညွှန့်တုံးခဲ့ရလေသည်။ စစ်ကိုင်းတောင်ရိုးတွင် သမိဒ္ဓါဒယချောင်၌ ဂျပန် ကင်ပေတိုင်ရုံး လေးငါးလမျှ ဖွင့်ထားသကဲ့သို့ မင်းကွန်းတောင်ရိုးမှာလည်း ဓမ္မနာဒတိုက်အတွင်းရှိ ဦးမြို့-

http://www.dhammadownload.com

ဒေါ်မမတို့ ဆောက်လုပ် လှူဒါန်းထားသော အလယ်နှစ်ထပ်တိုက်ကြီး၌ ကင်ပေတိုင်ရုံး ပြုလုပ်ထားခဲ့လေ၏။ အရှင်ဝိစိတ္တသာရာဘိဝံသသည် ထို အခါက ဆွမ်းစားကျောင်း အပေါ်ထပ်တွင် သီတင်းသုံးတော်မူပြီး စာဝါမျိုးစုံ ချတော်မူကာ စစ်၏ အနိဋ္ဌာရုံတို့ကို လျစ်လျူရှု နေတော်မူခဲ့ပါသည်။

ဥုတိဓိညာ ဂါထာ ရရှိခြင်း

တနေ့တွင် ပထမမွေနာဒ ဆရာတော် ဦးပညာစက္ကနှင့်လည်း ခင်မင်သည့် ပုဂ္ဂိုလ်ဖြစ်ခဲ့သော မြို့သာ ဘုန်းတော်ကြီး ဦးအာလောကသည် မွေနာဒ တိုက်သို့ ကြွလာတော်မူပါသည်။ ဆရာတော် ဦးအာလောကသည် နိုင်ငံရေးကိစ္စများကို ဝင်ရောက်တော်မူသဖြင့် နိုင်ငံရေး ဦးအာလောကပုဒ်ဝင်ရှားပါသည်။ ဆရာတော် ဦးအာလောကသည် အရှင်ဝိစိတ္တသာရာဘိဝံသအား "ဦးဇင်းလေး တောထဲနေရတာ ဘာများ အားကိုးစရာရှိသလဲ"ဟု မေးသော အခါ အရှင်ဝိစိတ္တသာရာဘိဝံသက "တပည့်တော်မှာ ပိဋကတ်တော်မှတပါး ဘာမှ အားကိုးစရာမရှိပါ ဘုရား"ဟု လျှောက်ထားတော်မူပါသည်။

ထိုအခါ "ဒါဖြင့် ခဲတန်နှင့် စာရွက်ပေး" ဟု တောင်းပြီးလျှင်-

ဥုတိဓိညာ ညာဓိတိ တိဓိညာဥု
ါငိ်ငဇငိ်ဖွဖွ ဖွဖွငဇ ငဇဖွဖွါငိ့

ဟူသော ဥုတိဓိညာ-ဂါထာကို ရေးသားပေးပြီး "ဒီအန္တရာယ်ကင်းဂါထာပျံကို ထန်းဘူး သို့မဟုတ် ထန်းရွက်မှာ ကညစ်နှင့် ဘယ်ပြန်ညာပြန်ရေးပြီး ကျောင်းတိုင်း ကျောင်းတိုင်းမှာ အဝင်ဝ တံခါးအထက်မှာ သံနှင့် ကပ်ရိုက်ထားပါ"ဟု ပေးသွားတော်မူ၏။

အရှင်ဝိစိတ္တသာရာဘိဝံသသည်လည်း ဆရာတော် ဦးအာလောက ချီးမြှင့်တော်မူသော ဥုတိဓိညာ ဂါထာသည် မြတ်စွာဘုရား၏ သတိ၊ သမာဓိ၊ ပညာ ဟူသော အကျင့်မြတ် သီကွာသုံးပါးကို အကျဉ်းချုံးထားသော ဂါထာဟု ယုံကြည်လေးမြတ်စွာ ပေရွက်ပေါ်၊ ထန်းဗူးပေါ် တကြောင်းထဲ ရေးပြီး ကျောင်းများတွင် ကပ်ထား၏။ တပည့် ရဟန်းရှင်လူတို့ကိုလည်း ပေးတော်မူ၏။

ဒုတိယကမ္ဘာစစ်အတွင်းက သမိဒ္ဓါချောင်ကျပန်ကင်ပေရုံး ပြုလုပ်ထားသော ကျောင်းကြီးကို အင်္ဂလိပ် မဟာမိတ်လေယာဉ်တို့က ဗုံးချ၍ ပျက်ဆီးခဲ့ခြင်း၊ ကျပန်စစ်သားများ ရိုစဉ်က ဇရပ် အချို့ကို ဖျက်ပြီး ထင်းဆိုက်ခြင်း ခဲခဲ့ရသော်လည်း၊ မွေနာဒ အလယ် ၂ ထပ်တိုက်ကြီးတွင်ကား ကျပန် ကင်ပေတိုင်ရုံး ပြုလုပ်ခဲ့သော်လည်း မွေနာဒတိုက်အတွင်းသို့ ကျည်ဆံတစ်တောင့် ဗုံးတလုံး မကျခဲ့ပေ။

မြန်မာပညာရှိ ဦးဖေ

ဒုတိယကမ္ဘာစစ်အတွင်းက မင်းကွန်းတောင်ရိုး ပုထိုးတော်ကြီး အနောက်ဖက် ဒဝယ်တိုက်သို့ မန္တလေးမြို့ ကျောက်စာရုံးမှ မြန်မာပညာရှိ စတုရဂံဗလဘွဲ့ရ ဦးဖေလည်း စစ်ရှောင်ရင်း ရောက်လာခဲ့၏။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ဆရာကြီး ဦးဖေနှင့် မကြာခဏ တွေ့ဆုံကာ ဦးပုည၏ စာပေများ၊ အချုပ်တန်း ဆရာဖေ၏ စာပေများနှင့် ပို့ကဗျာလင်္ကာ စာပေများကို ကူးယူတော်မူခဲ့ပါသည်။

မြန်မာအရေး

၁၃၀၇-ခု ဝါခေါင်လဆန်း ၆ ရက်နေ့တွင် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့၏။ စစ်ပြီးသည်နှင့် လွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်း၏ ကြိုးပမ်းချက်များမှာလည်း အထူး ထင်ရှားလာခဲ့၏။

http://www.dhammadownload.com

သို့ပါသော် ၁၃၀၉-ခု ဝါခေါင်လဆန်း ၂ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးခေါင်းဆောင်များ ကျဆုံးကြရသည်။ ထို့နောက်တွင်ကား လွတ်လပ်ရေးရတော့မည်မှာ သေချာပြီဟူသော သတင်းများ ထွက်ပေါ်ခဲ့၏။

မြန်မာ့အရေးလည်းစိတ်ဝင်စား

သာသနာ့ဝန်ထမ်း ရဟန်းတော်တစ်ပါးဖြစ်၍ သာသနာရေးကိစ္စများကို အဓိကထားသော်လည်း မြန်မာ့အရေး၊ အမျိုးသားအရေးဘက်၌ သူစိမ်းပြင်ပြင် လျစ်လျူရှုနေသည်မဟုတ်ပါ။ သာသနာရေးသည် အရေးကြီးသကဲ့သို့ မြန်မာ့အရေး အမျိုးသားအရေးလည်း အရေးမသေးဟု သတိရှိပါသည်။ သာသနာရေးဆိုင်ရာဝယ် မှတ်တမ်းတင်ဂါထာ လက်ာများဖြင့် ဆုံးမသကဲ့သို့ မြန်မာနိုင်ငံ လွတ်လပ်ရေးရတော့မည်ဟု ကြေညာချက်ကို ကြားသော အခါလည်း အဓိဋ္ဌာန်ချက်, တိုက်တွန်းချက်ဖြစ်သော ပါဠိဂါထာနှင့် မြန်မာကဗျာ ပူးတွဲရေးစပ်၍ သတိပေးတိုက်တွန်းပါသည်။ ဆရာတော်၏ ကဗျာလက်ာကလေးမှာ ရှင်ဘက် လူဘက် နှစ်ဘက်လုံးကို လမ်းညွှန်မှုပေးသော ကဗျာလက်ာလေး ဖြစ်ပါသည်။

သာသနာစက်ရောင်၊ ထက်ရခေါင်မှ၊ လက်ပြောင်ဆေပ၊ အောင်မြေချမူ၊ ဆွဆွနုပျို၊ လန်းလန်းစိုသား၊ နဂိုမူလ၊ သဘာဝဖြင့်၊ မြပန်းချီဆေး၊ ကဲ့ရိုက်ရေး၍၊ သွေးဖြင့်တည်ဆောင်၊ ကိုယ့်ပြည်ထောင်ကို၊ နောင်တဖန်ခေတ်၊ ပြန်မနစ်ဖို့၊ အားသစ်မွေးမြူ၊ အလေးမူလျက်၊ ရှင်လူနှစ်ခန်း၊ ကိုယ့်ဝန်လမ်းကို၊ ထမ်းမှတော်မည်၊ ချစ်သွေးရည်တို့၊ ကြည်တမြမြ၊ ကိုယ့်ငန်းမှလျှင်၊ မချသောစိတ်၊ မမှိတ်မျက်စိ၊ သတိခိုင်ကြည်၊ လုံ့လစည်လျက်၊ ဥဿာဏရည်လင်းပွင့်၊ ကပ်လုံးတင့်အောင်၊ ဆင့်ဆင့်ကြိုးအားသစ်ကြစို့။

ဒါယကာကြီး ဆာဦးသွင်နှင့် တိပိဋကဓရပုဂ္ဂိုလ်

အရှင်ဝိစိတ္တာသာရာဘိဝံသ၏ ရဟန်း ဒကာကြီး ဆာဦးသွင်သည် မိသားစုနှင့်အတူ လွတ်လပ်ရေးမရမီ ၁၀ နှစ်ခန့်ကျော်က သီဟိုဠ်ကျွန်းသို့ စွယ်တော်ဖူး ရောက်ခဲ့၏။ ဆာဦးသွင်သည် မြန်မာနိုင်ငံ၌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်လည်း ဖြစ်၍ သာသနာရေးဘက်တွင် ထင်ရှားသော ပုဂ္ဂိုလ်ဖြစ်ပေရာ၊ သီဟိုဠ်ကျွန်း၌ နှုတ်ဆက်ပွဲတစ်ခုတွင် သီဟိုဠ် စွယ်တော်ထိန်း အမတ်ကြီးများနှင့် သာသနာရေးကိစ္စများ ဆွေးနွေးရာမှ စွယ်တော်ထိန်း အမတ်ကြီးတို့က "မြန်မာပြည်မှာ စာတတ်ပုဂ္ဂိုလ် အကျင့်သီလနှင့် ပြည့်စုံတဲ့ပုဂ္ဂိုလ် ပေါများပါသော်လည်း တိပိဋကဓရပုဂ္ဂိုလ်ဟု မကြားဖူးကြောင်း" ပြောကြားကြ၏။ သူဌေးကြီးကလည်း "မကြားဖူးပါကြောင်း" ဝန်ခံရကျာ၏။

သူဌေးကြီး ဆာဦးသွင်သည် မြန်မာပြည်သို့ ပြန်ရောက်ပြီးနောက် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ စေတီယင်္ကဏအသင်းတို့က ပြုလုပ်ထားသော ဒေါ်ဖွားကောင်းမူ ထီးတော်ရုံကြီး၌ မိမိတစ်ဦးတည်း ဒကာခံယူကာ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတရပ် ကျင်းပရန် ဆရာတော်များ၊ ပါဠိပညာရှင် လူပုဂ္ဂိုလ်များအား တိုင်ပင်ဆွေးနွေးခဲ့ဘူးလေသည်။ သို့ပါသော် ဒုတိယကမ္ဘာစစ်ကြီးနှင့် ကြုံတွေ့ရကာ ထိုအကြံပျက်ခဲ့ရလေသည်။ ဤအကြောင်းနှင့်စပ်၍ ငွေရတုဩဝါဒတွင် တိပိဋကဓရ ဆရာတော် မိန့်တော်မူသည်မှာ-

"တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို ကျင်းပဖို့ရန် ရဟန်းတကာကြီးများ စီမံတာက စစ်အတွင်းကတည်းက ရှိပါတယ်။ ဘုန်းကြီးအား ရဟန်းဒကာကြီး ဆာဦးသွင်က အကြိမ်ကြိမ် ပြောခဲ့ပါတယ်။ နောက်ဆုံး အင်းမလှပ် အဲမလှပ် အဲဒီလို

http://www.dhammadownload.com

နေခဲ့ရာက တိပိဋကဓရ စာပြန်ပွဲ ဖြစ်အောင် ပြည်ထောင်စုရဲ့ ဖွားဘက်တော် အနေနဲ့ ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ကြီးကို ဖွဲ့စည်းပြီးတော့ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို ၁၃၁၀-ပြည့်နှစ် တပို့တွဲလဆန်း ၆ ရက်နေ့ကစပြီး ကျင်းပပါတယ်"ဟု မိန့်တော်မူခဲ့ပါသည်။

၁၃၀၉-ခု၊ တပေါင်းလပြည့် ၁ ရက်နေ့ သမ္မတအိမ်တော်တွင် စည်းဝေးကြကာ တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြပြီးလျှင် ၁၃၁၀ ခုနှစ် ဝါဆိုဦးမှစ၍ သတင်းစာများမှ ၁၃၁၀ ခု တပို့တွဲလ၌ တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ကျင်းပမည်ဟု ကြေညာခဲ့၏။ လျှောက်လွှာပိတ်ရက်အထိ တိပိဋကဓရ ပြန်ဆို ရေးဖြေ လက်မှတ်ထိုး ပုဂ္ဂိုလ်ပေါင်း (၁၇)ပါး ပေါ်ပေါက်ခဲ့ပါသည်။

ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲသို့

၁၃၁၀-ခု တပို့တွဲလ ပထမအကြိမ် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး ကျင်းပရန် ရက်နီးလာသောအခါ သူဌေးကြီး ဆာဦးသွင်သည် မန္တလေးမြို့ရှိ ဓမ္မနာဒတိုက်ဒကာ ဦးမြို့မှတဆင့် စာဖြင့်တဖုံ ကြေးနန်းဖြင့်တမျိုး ဆရာကြီး ဒေါ်ဓမ္မစာရီနှင့် အရှင်ဝိစိတ္တသာရာဘိဝံသတို့အား ရန်ကုန်သို့ ကြွတော်မူပါရန်နှင့် မိမိ ပြုလုပ်နေသော တိပိဋကဓရ စာမေးပွဲ အဓိကာရ ကုသိုလ်ထူးကြီးကို ကြွရောက်ကြည်ညိုကြပါရန် ပင့်ဖိတ်လေသည်။ ထိုအချိန်ကား တနိုင်ငံလုံးမှာ သူပုန်ထကာ မန္တလေးမြို့မှာလဲ မအေးချမ်းသဖြင့် ရထားလမ်းမှာ မသာမယာဖြစ်၍ ရထားများ စီးမရ ဖြစ်နေ၏။ ထိုအခါ "မေမြို့(ပြင်ဦးလွင်)မှ လေယာဉ်နဲ့ လာကြပါ"ဟု ထပ်ပြီး ကြေးနန်းရိုက်ပြန်သဖြင့် စိန်ဝင်း ဘရားသားမှ လေယာဉ်လက်မှတ်ယူပြီး (၁) ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသ၊ (၂) ပစ္စာသာမဏ တောင်ရင်း အရှင်ကောဏ္ဍည၊ (၃) ဆရာကြီး ဒေါ်ဓမ္မစာရီ၊ (၄) ဘွားဘွားလေး (ခေါ်) ဒေါ်ဣန္ဒစာဂီ၊ (၅) အလုပ်အကျွေး သီလရှင် ဒေါ်ပုညဝတီတို့ ငါးဦး အနီးစခန်းမှ ရန်ကုန်သို့ လေယာဉ်ဖြင့် (၂)နာရီကျော်ကျော် စီးလာရ၏။ လမ်းခရီး၌ လေကြောင်း မငြိမ်မသက်ဖြစ်ခါ ဆရာကြီး ဒေါ်ဓမ္မစာရီသည် ပါဠိဘာသာဖြင့် "အပွတိဌအနာလမွေ" ဟု ရွတ်ဆို ငြီးတွားလေ၏။ အဓိပ္ပာယ်မှာ-ဆွဲကိုင်ရာ မှီခိုအားထားရာ မရှိပါတကား-ဟု ဖြစ်၏။ ဆရာကြီးသည် ပါဠိဘာသာဖြင့်သာ အပြောများ၏။ ရန်ကုန်သို့ ရောက်လျှင် ငါးထပ်ကြီးဘုရားကြီး အနီး ဆရာတော် ဦးဝိသုဒ္ဓ၏ အောင်မြေသုခကျောင်းသို့ သွားရောက်၍ တည်းခိုကြသည်။

လက်အုပ်ကြွေး

၁၃၁၀-ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်နေ့ နံနက်ခင်း ၈ နာရီလောက်တွင် တိပိဋကဓရ ရွေးချယ်ပွဲကြီး၏ ဖွင့်ပွဲကို ကျင်းပသည်။ ထိုအခမ်းအနားကို နိုင်ငံတော်သမ္မတကြီး ကိုယ်တိုင် ဖွင့်လှစ်ရန်ဖြစ်သည်။ အရှင်ဝိစိတ္တသာရာ ဘိဝံသကား ထိုအခမ်းအနားတွင် ပင့်သံဃာ တစ်ရာကျော်တွင် တစ်ပါးအပါအဝင် ဖြစ်လေသည်။ သမ္မတကြီး ကြွလာသောအခါ အခမ်းအနားမှူးက နိုင်ငံတော် သမ္မတကြီး ကြွရောက်လာကြောင်း ကြေညာလိုက်သည်။ အရှင်ဝိစိတ္တသာရာဘိဝံသ လှမ်းမြော်ကြည့်လိုက်ရာ နိုင်ငံတော် သမ္မတကြီးသည် လေးနက်သော လက်အုပ်ကိုချီလျက် တိပိဋက ရွေးချယ်ပွဲ မဏ္ဍပ်အတွင်း ဝင်လာပုံ၊ မိမိ နေရာရောက်တော့လည်း မချသော လက်အုပ်ဖြင့် ထိုင်နေပုံကို သတိပြုမိသည်။

ယခု ချီထားအပ်သော သမ္မတကြီး၏ လက်အုပ်ကား ပရိတ်တရားနာရန် ချီသော

http://www.dhammadownload.com

လက်အုပ်မဟုတ်၊ သာသနာတော်မှ တိပိဋကဓရ ပုဂ္ဂိုလ်ကို ရှာဖွေနေသော လက်အုပ်ဖြစ်သည်ဟု ဓာတ်ခွဲစဉ်းစားမိပါသည်။ တိပိဋကဓရ ပုဂ္ဂိုလ်ကို ထုတ်ဖော်မပေးသမျှ ငါတို့၏ သာသနာတော်ဝန်ထမ်း ရဟန်းတော်တို့ အပေါ်၌ လက်အုပ်ကြွေးတင် ရှိနေမည်။ ထိုလက်အုပ်ကြွေးကို ခုပင်ဆပ်ရမည်ဟု မိမိကိုယ်ကို ဆုံးမ၏။ နှုတ်ဟ၍ကား မဖြေပေ။

ပထမအကြိမ်မြောက်

တိပိဋကဓရရွေးချယ်ရေး စာမေးပွဲကြီး

စာတော်ပြန် အခမ်းအနား ဖွင့်ပွဲကြီး ပြီးသည်နှင့် တပြိုင်နက် တာဝန်ကျ နာယက, စာထောက်, စာမ ဆရာတော်များ အသီးအသီး နေရာယူကြကာ စာပြန်ပွဲကြီး စတင် ကျင်းပကြသည်။ စာတော်ပြန်ပွဲ ဥက္ကဋ္ဌ ဘုရားကြီးဆရာတော် ဘဒ္ဒန္တ ကောဏ္ဍညာ မထေရ်သည် စာပြန်ပလ္လင် တစ်ခုမှ တစ်ခု ၁၅ မိနစ်ခန့်မျှ မတ်တတ်ရပ်ကာ စာနာတော်မူပြီး၊ ဥက္ကဋ္ဌ သူဌေးကြီး ဆာဦးသွင်အား ခေါ်၍ "ဒကာကြီး ဘုန်းကြီးတို့ စာပြန်ပွဲကို ရပ်နားလိုက်ကြစို့"ဟု အမိန့်ရှိသောအခါ၊ သူဌေးကြီးမှာ မျက်စိမျက်နှာပျက်၍ "ဘာပြုလို့တုန်း ဆရာတော်"ဟု လျှောက်ထားလေ၏။ ထိုအခါ ဆရာတော်ကြီးက "စာပြန်ပွဲ စည်းမျဉ်းက တနေ့လုံးမှာ ၃ ကြိမ် ထောက်ရလျှင် အကျဟု သတ်မှတ်ထားရာ၊ ယခု ၅ မိနစ်မှာပင် ၃ ကြိမ်၊ ၄ ကြိမ် ထောက်နေရပြီ"ဟု မိန့်ကြားလေလျှင်၊ သူဌေးကြီး ဆာဦးသွင်သည် တသက်လုံး မာနတံခွန်ထူခဲ့သမျှ ဤနေရာ၌ အလွန်နှိမ့်ချသော အနေဖြင့် "ယခုနှစ်တော့ အစဦးဆုံးဖြစ်၍ မူရအောင် သည်းခံပြီး ကျင်းပပေးတော်မူပါဘုရား"ဟု ရိုကျိုးစွာ လျှောက်ထားရလေ၏။

စည်းမျဉ်းဥပဒေကို အလွန်လေးစားသော သူဌေးကြီးသည် ဘုရားကြီး ဆရာတော်နှင့် တွေ့မှ အရုဏ်းပေးရတော့၏။

ထိုသို့ စာတော်ပြန်ပွဲ ကျင်းပနေသည့် အချိန်သည်ကား အင်းစိန်မြို့တွင် အစိုးရတပ်နှင့် ကရင်သူပုန်တို့ တိုက်ပွဲ တဝုန်းဝုန်း ဖြစ်နေချိန်ပင်။ စာတော်ပြန်ပွဲ ကျင်းပနေသည့် ကုက္ကိုင်း သာသနာ့ရိပ်သာနှင့် အင်းစိန် စော်ဘွားကြီးကုန်းမှာ အလွန် ဝေးကွာလှသည် မဟုတ်။ သူဌေးကြီးကား ခေတ်ပျက်နေသော်လည်း သာသနာ့ အလုပ် လုပ်နေရ၍ စိတ်မပျက်။ "တပည့်တော် လုပ်ရင် သည်လို အမြောက်သံတွေနှင့် လုပ်ရတတ်ပါတယ်"ဟုပင် ဖြေကြားခဲ့သည်။

အရှင်ဝိစိတ္တသာရာဘိဝံသမှာ ဤပထမအကြိမ် ကျင်းပသော စာပြန်ပွဲကို လာရခြင်း၏ ရည်ရွယ်ချက် အကြောင်းမှာ (၂) ချက် ရှိ၏။ ပထမရည်ရွယ်ချက်အကြောင်းမှာ–ယခုနှစ် စာပြန်ပွဲ၌ ဝင်ရောက်သော ပုဂ္ဂိုလ်များ၏ ပြန်ဆိုပုံကို ကြည့်ပြီး စာကျက်ပုံ စာကျက်နည်းကို နည်းယူရန်၊ ဒုတိယ ရည်ရွယ်ချက်အကြောင်းမှာ–စာမေးပွဲ အမှတ်ပေးပုံ၊ ကျင်းပပုံနှင့် စာမေးပွဲ အရည်အချင်းသိရန်–ဟူ၍ ဖြစ်၏။

ပုစ္ဆကပြုလုပ်ရန်

အာဂုံပြန်ဆိုပွဲကြီး ပြီးစီးသောအခါ ဩဝါဒစရိယအဖွဲ့ ဥက္ကဋ္ဌ ဘုရားကြီး ဆရာတော်က အရှင်ဝိစိတ္တသာရာဘိဝံသအား "မောင်စိတ္တ မင်း ပုစ္ဆက လုပ်ကွာ"ဟု တိပိဋကဓရ စာမေးပွဲ၌ မေးခွန်း ထုတ်ရန် တာဝန်ပေးလေ၏။ ထိုအခါ အရှင်ဝိစိတ္တသာရာဘိဝံသက "တပည့်တော် မလုပ်ပါရစေနဲ့ ဘုရား"ဟု တောင်းပန်သဖြင့် ဆရာတော်ကြီးက "ဘာဖြစ်လို့တုန်းကွ"ဟု ပြန်လည် မေးမြန်းရာတွင်

http://www.dhammadownload.com

ထိုစဉ်က ဖြေကြားတော်မူခဲ့ပုံကို မကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ရွှေရတု သြဝါဒကထာ၌ မိန့်တော်မူခဲ့သည်မှာ–

"တပည့်တော် မလုပ်ပရစေနဲ့၊ တပည့်တော် တိပိဋကဓရ ရွေးချယ်ရေးအဖွဲ့ ဖွင့်တဲ့နေတုန်းက နိုင်ငံတော် သမ္မတကြီး အမှူးပြုသော နိုင်ငံတော် အစိုးရအဖွဲ့ဝင် လူကြီးလူကောင်းတွေရဲ့ တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေးကို ဆပ်ဖို့ တာဝန်ရှိပါတယ်၊ ဒါကြောင့် တပည့်တော်သည် ရှေ့နှစ်ခါတွင်ပင် လက်အုပ်ကြွေးကို ဆပ်ဖို့ တပည့်တော် တာဝန်သိလို့ ဒီတာဝန်ကို တပည့်တော် ခေါင်းပေါ်မှာ တက်နေပါတယ်–ရှိနေပါတယ်။ တာဝန်သိတဲ့ ပုဂ္ဂိုလ်မှာ တာဝန်ရှိပါတယ်။ **အဲဒါကြောင့်** ဆရာတော် ခိုင်းလိုလျှင် ပုစ္ဆက,ကလွဲ၍ **ဒီပြင်** အသွယ်သွယ် ကိစ္စအဝဝ၊ ထွေးခံဆေးတဲ့**ကိစ္စအထိ** တပည့်တော်ကို ခိုင်းပါလို့၊ တပည့်တော် ဝေယျာဝစ္စ လုပ်ပရစေလို့ လျှောက်တယ်"ဟု ဖြစ်ပါသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ဥက္ကဋ္ဌ **ဆရာတော်ကြီး** တာဝန်ပေးချက်အတိုင်း မေးခွန်း ထုတ်သည့် ကိစ္စအရပ်ရပ်၌ ဝေယျာဝစ္စ ပါဝင်လုပ်ကိုင်တော်မူခဲ့၏။ ဓမ္မာစရိယ ဥက္ကဋ္ဌ ဗားကရာတောရ ဆရာတော်ကို အမှူးထား၍ ဓမ္မာစရိယ ဆရာတော် အားလုံးကို ပင့်ဆောင်ကာ အောင်မြေသုခ ကျောင်းတိုက်မှာပင် မေးခွန်း လျှို့ဝှက်စွာ ထုတ်ကြ၏။ ဤနည်းဖြင့် ရေးဖြေစာမေးပွဲကြီး ပြီးဆုံး၍ အာဂုံ–ရေးဖြေ နှစ်ထွေသော ဂေဇက် ထုတ်ပြန် ကြေညာရာတွင် သုညဟု ကြေညာသောအခါ ဥက္ကဋ္ဌကြီး ဆာဦးသွင် မျက်နှာကား မိမိပင်ပန်းကြီးစွာ အားထုတ်ပါလျက် သုညမျှ အကျိုးရသည်ကို မသက်သာသော အမူအရာကို ဆောင်လျက်ရှိပေသည်။ ထိုသို့ဖြစ်ရပုံကို အလယ်တောရ **ဆရာတော်** ဦးသူရိယက အရှင်ဝိစိတ္တသာရာဘိဝံသအား လက်တို့ပြီး "ဆရာတော် ဆရာတော့် ရဟန်းဒကာကြီးကို ကြည့်စမ်း"ဟု ပြတော်မူလေ၏။ အရှင်ဝိစိတ္တသာရာဘိဝံသကား မိမိ ရဟန်းဒါယကာ (လောကုတ္တရာ ခမည်းတော်ကြီး) ၏ မျက်နှာကို ကြည့်၍ ဒါယကာကြီး ယခု စိတ်ဆင်းရဲသလောက် ဤနေရာ၌ ပီတိသောမနဿကို အစားထိုးပေးမည်ဟု စိတ်ကို ဆောက်တည်လေသည်။ ဆရာကြီး ဒေါ်ဓမ္မစာရီ၊ ဆာဦးသွင်၊ ဒေါ်ဒေါ်သိန်းတို့ သုံးဦး အရှင်ဝိစိတ္တသာရာဘိဝံသ သီတင်းသုံးရာ ရန်ကုန်မြို့ အောင်မြေသုခ ကျောင်းတိုက်သို့ လာသည်။ **တိပိဋကဓရ** စာမေးပွဲကြီး၏ သုညအကြောင်းကို **ပြန်**ပြောင်းပြောဆိုသည့်အခါ "သာသနာ့မယ်တော်, လောကုတ္တရာခမည်းတော်, မယ်တော်တို့ ဦးပဉ္စင်းအား စောင့်ရှောက်ပြုစုခဲ့သည့် ကျေးဇူးတော်တို့ကို အနည်းဆုံး ဝိနယဓရဖြင့် ဆပ်ပါမည်။ ကျန်းမာရေးပြည့်စုံ အကြောင်းညီညွတ်ပါက တိပိဋကဓရဖြင့် ဆပ်ပါမည်"ဟု အရှင်ဝိစိတ္တသာရာဘိဝံသက ရဲရဲတောက် ကတိပေး ဝန်ခံခဲ့လေသည်။

လမ်းစဉ်ကိုရှာပြီ

မလုပ်မပြော၊ လုပ်မှပြော၊ သဘောစင်လှစေ၊
အပြောသာချဲ့၊ အလုပ်မဲ့၊ ကဲ့ရဲ့မလွတ်ချေ။

ဟူသော ဆောင်ပုဒ်ကို **ကိုယ်**တိုင်ရေးစပ်ပြီး လိုက်နာတတ်သော **အရှင်ဝိစိတ္တ**သာရာဘိဝံသကား–မိမိဝန်ခံပြောဆိုပြီး**အတိုင်း** ဝိနယဓရ=ဝိနည်း ဆောင်ဖြစ်ရန် စိတ်ဓာတ်ကိုအားပေး၍ ဤသို့ တွေးတောဆင်ခြင်တော်မူလေသည်။

"အသင်၏ ခန္ဓာကိုယ်ကား သေးငယ်ကြုံလှီလှသည်။ အားထုတ်နိုင်ပါ့မလား?။ ဤကိစ္စ၌ ကာယဗလ မပြဋ္ဌာန်း၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတည်းဟူသော ဗိုလ်ကြီးငါးပါး, အားကြီးငါးပါးသာ ပြဋ္ဌာန်းသည်။ ထိုဗိုလ်ကြီးငါးပါး၊ အားကြီးငါးစု အသင့်၌ အရှိသားပဲ လုပ်နိုင်သည် အားထုတ်နိုင်သည်။

ဒါဖြင့် ဤအလုပ်ကို အားထုတ် နေရင်း လေဖြတ်၍ ဘဝဇာတ်ရုပ်သိမ်းသွားရင်ကော ခံနိုင်မည်လား?။သံယုတ်ပါဋိတော်၌ တရားအားထုတ်ရင်း ဘဝဇာတ်သိမ်းသည့် သမဏနတ်သားဝတ္ထု

http://www.dhammadownload.com

အရှိသားပဲ။ ဤကိစ္စမျိုးကို အလုပ်ခွင်၌ ဘဝဇာတ်သိမ်းခြင်းဟု အဋ္ဌကထာဆရာများပင် ချီးကျူးခဲ့ပါသည်။ ခံနိုင်ပါသည်။

ဒါဖြင့် အသင်၏ခန္ဓာကို ဝိနည်းပိဋကဌ် အပ်နှံနိုင်တယ်ပေါ့။ အပ်နှံနိုင်ပါတယ်။ "ဓမ္မောဟ ဝေရက္ခတိ ဓမ္မစာရီ" တရားစောင့်သူကို တရားကပြန်စောင့်ကြောင်း ဘုရားဟော အရှိသားပဲ။ **ဒါဖြင့်** အသင် ဝိနယအလုပ်ကို **အား**ထုတ်ပါတော့ဟု မိမိကိုယ်ကိုမေးကာ **ဖြေကာ ဆုံး**ဖြတ်ချက်ချပြီး ဝိနယဓရ လုပ်ငန်းလမ်း**စဉ်ကို** စဉ်းစားလေပြီ။

စဉ်းစားရသောလမ်းစဉ်

၁။ ဝိနည်း ပိဋက ပါရာဇိကဏ်ပါဋိတော်၌ **ဝိနိတ** ဝတ္ထု ဥဒါန်းဂါထာများကို နောက်ဆုံးထား**ရမည်** ဖြစ်လျက် ဝတ္ထုတို့၏ရှေ့မှ ထားခြင်းကား နောက်နောက် ပါဋိတော်ကြီးများ၌ ဥဒါန်းကို ကျက်ပြီးမှ ဝတ္ထုစာတမ်းကိုကျက်ဖို့ သင်္ဂါယနာတင် ရဟန္တာမထေရ်တို့ ထားခဲ့သော ဥပဒေသ ဖြစ်သည်။

၂။ ဝတ္ထုကြောင်း တစ်မျိုးပြောင်းလျှင် တေနခေါပန သမယေ**နနှင့် ဝါ**ကျစကားချီတတ်သည်။

၃။ ဧတဒဝေါစနှင့် ဧဝမာဟ ဟောပုံမှာ နားထောင်သူ ကံ, ဝိသေသ ထင်ရှားရာ၌ ဧတဒဝေါစ ဟောတတ်၍ ကံ,ဝိသေသ မထင်ရှားရာ၌ ဧဝမာဟဟု ဟောတတ်၏။

၄။ သိက္ခာပုဒ် ပညတ်ရန် ရဟန်းတို့က ဘုရားအား လျှောက်ထားသောနေရာမျိုး၌ကား ဧတမတ္တ အာရောစေသုံ ဟောတတ်၏။

၅။ စာကျက်စကပင် သရုပ်ပြနေရာ၌ သရုပ်ပုဒ်ပေါင်းမည်မျှ၊ ဝိသေသန များစွာလာသည့်အရာ၌ ဝိသေသနပုဒ်ပေါင်း မည်မျှရှိသည်ကို အကျင့်ပါ အသားကျအောင် လက်ချိုးရေးတတ်ရမည်။

၆။ ရပြီးသောစာကို ရွတ်ပြန်အံသောအခါ "ငါ့ဟာ ငါ ဟုတ်လှပြီ"ဟုထင်ပြီး တစ်ယောက်တည်း မပြန်နှင့်၊ ဘေးကစာထောက်တစ်ပါးပါးထားပြီး စာပြန်လေ့ကျင့်ပါ၊ မိမိတစ်ဦးတည်းပြန်ကစာတစ်ရွက်နှစ်ရွက် ကျော်သွားသော်လည်း ကျော်မှန်းမသိ၊ အမှန်ချည်းထင်တတ်သည်။ကိုယ့်အမှန်ကား ပွဲဝင်သောအမှန်မဟုတ်၊ စာအုပ်ထဲက အတိုင်းမှန်မှသာ အမှန်ဖြစ်သည်။

၇။ ပထမဝတ္ထုကြောင်းကို စိတ်ကူးနှင့်ဖတ်ပြီး စာအုပ်ကိုပိတ်၍ မိမိဉာဏ်၌ ဝတ္ထုကြောင်းကို ဝါကျအစုံပေါ်အောင် စဉ်းစားပါ။ မြန်မာလို ဝတ္ထုကြောင်းမှန်အောင် စဉ်းစားပြီးမှ ပါဋိတော်ကြီးကို ခက်လျှင်ခက်သလို လွယ်လျှင် လွယ်သလို ဝါကျတစ်ခု, တစ်ခု၊ စကားတစ်ရပ်, တစ်ရပ် ကန့်သတ်၍ကျက်ပါ။

၈။ ငါးခေါက်လောက် ကျက်မိလျှင် စာအုပ်ကို မပိတ်ဘဲ မျက်စိမှိတ်၍ ပြန်စမ်းကြည့်ပါ။ မရတတ်သေးလျှင် နောက်ထပ် ငါးခေါက်လောက် ထပ်ကျက်ပါ။ နှုတ်လွတ်ရလျှင် စာအုပ်ပိတ်၍ ထိုစာပိုဒ် ဝါကျစုကို အနည်းဆုံး ဆယ်ခေါက်လောက် ပြန်အံပါ၊ ထိုနည်းကို အကျင့်လုပ်ပေးပါ။

၉။ နေ့စဉ် စာပြန်**သော**အခါ၌ကား မိမိရပြီးသော စာ**အုပ်တိုင်း နှံ့စပ်**အောင် ပိုင်း၍၊ ပိုင်း၍ပြန်ပါ။ (ဥပမာ–ဝိနည်း ပိဋက သုံးအုပ်ရပြီ ဆိုပါစို့၊ စာပြန်ချိန် သုံးချိန်ထား၍ တစ်ချိန်တွင် တစ်အုပ်မှ၊ နောက်တစ်ချိန်တွင် နောက်တစ်အုပ်၊ နောက်တစ်ချိန်တွင် နောက်တစ်အုပ်မှ ပြီးသမျှပြန်ပါ။ သုံးအုပ်လုံး တပြိုင်နက် ပြီးဆုံးပါစေ။ ဤနည်းဖြင့် မိမိဉာဏ်ကို နေ့စဉ်ပင် စာအုပ်အနှံ့အပြားစေလွှတ်ထားပါ။)

၁၀။ အကယ်၍ စာကျက်စဉ်မှာ စာခက်၍ဖြစ်စေ၊ ပင်ပန်း၍ဖြစ်စေ၊ လျော့လိုစိတ်များ ဖြစ်ပေါ်လာပါက–

http://www.dhammadownload.com

(က) အသင့်အဖို့ မြတ်စွာဘုရားက ဤတရားကို ဟောခဲ့ခြင်းဖြစ်သည်။ အသင် မသိအပ်သည့်တရားကို အသင့်ဆရာ မြတ်စွာဘုရား ဟောခဲ့သည်မဟုတ်။

(ခ) အသင်ကဲ့သို့သော ဘုရားသားတော် တစ်ပါးကမှ ဘဘုရားစကားတော်အစဉ်ကို မစောင့်လျှင် အဘယ်သူ တစိမ်းပြင်ပက စောင့်အုံနည်း။ အသင့်တာဝန်ကား ဝိမုတ္တိရသ=ပုဒ်တိုင်းမှာရှိသည့် ချိုမြိန်လှသော မြတ်စွာဘုရား၏ စကားတော်ကို စောင့်ထိန်းရန်ဖြစ်သည်။

(ဂ) သိဟိုဠ်ကျွန်းဠ သဲအိတ်ကိုပင် ရင်ပတ်ပေါ်တင်၍ ပိဋကကို မပျောက်မပျက် အောင် စောင့်ရှောက်ခဲ့သော အသင့်နောင်ကြီးများ၏ ထုံးကိုနှလုံးပိုက်ပါဟု မိမိကိုယ်ကို ဇွဲလုံ့လဝီရိယ တိုးတက်အောင် အားပေးပါ။

ဤနည်းလမ်းဥပဒေသကို အရင်းတည်လိုက်နာအားထုတ်က မုချ (ဝိနယဓရ) ဖြစ်မည်ဟု ယုံကြည်စဉ်းစားလေသည်။ ထို စဉ်းစားမိသော လမ်းစဉ်ဆယ်ချက်ကို လိုက်နာ၍ ဝိနယပိဋကကို ၁၃၁၁-ခုနှစ် ကဆုန်လပြည့်ကျော် (၁) ရက်၊ ကြာသပတေးနေ့ကစ၍ လေ့လာခဲ့သည်။

အရှင်ဝိစိတ္တသာရာဘိဝံသကား ဆုံးဖြတ်ပင် ဆုံးဖြတ်ခြားလည်း ထိုစဉ်အခါက နိုင်ငံတော်မှာ ရန်ကုန်အစိုးရဖြစ်နေချိန်၊ အောင်မြေသုခ ဆရာတော်၏ ဉာတိများကလည်း အင်းစိန်ပတ်လည်မှ ပြေးလာကြရသဖြင့် ကျောင်းဝင်းနှင့် အပြည့် ဖြစ်နေ၍ အာဝါသသပ္ပာယလည်း မဖြစ်နိုင်ပါ၊ ဘောဇနသပ္ပာယကလည်း ရန်ကုန်က ဟင်းတွေမှာ များသောအားဖြင့် ချဉ်ရည်ဟင်းကစပြီး ရေတ်သီးထည့်၍ ချက်ကြသဖြင့် ရေတ်သီး ကြောက်လှသော ဆရာတော်အဖို့မှာ ဘောဇနသပ္ပာယလည်း မဖြစ်နိုင်ပါ။ ဒါ့ကြောင့် ဆရာတော်အတွက် တာမွေဘက် ထွက်ပြီး ပဲနီလှော်ကလေးများ ဖန်တီးထားရသည်။ တိပိဋကဓရဖွင့်ပွဲ ကြည်ညိုရန် လာခဲ့ကြသော အရှင်ဝိစိတ္တသာရာဘိဝံသတို့ တစ်ဖွဲ့လုံးမှာ ၁၃၁၀-ခုမှ ၁၃၁၁-ခုသို့ နှစ်သစ် အကူးမှာ ရန်ကုန်မှာပင် သင်္ကြန်ကျလိုက်ရတော့သည်။

မန္တလေးမြို့မှာလည်း ကေ-အင်-ဒီ-အို များကြီးစိုးချိန်ဖြစ်နေ၍ ရထားလမ်း ကားလမ်း လေယာဉ်လမ်းတွေ ပိတ်ထားချိန်ဖြစ်၍ ၅ ကျော် ၆ လခန့် သောင်တင်နေကြရသည်။ ၎င်း ၅ လ ၆ လ အတွင်း ရန်ကုန် မဟာစည် သာသနာ့ရိပ်သာ သိမ်တော်ကြီးနှင့် ဝဲပျဲကျောင်းတိုက် သိမ်တို့ကို ဆရာတော် ကိုယ်တိုင် ပါဝင်၍ သမုတ်တော်မူခဲ့ရသေးသည်။ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့သည်ပင် ရွှေတိဂုံကုန်းတော်ပေါ်မှ မဟာဗောဓိပင်မှာ ညောင်ရေတော် သွန်းပွဲ ဆင်နွှဲခဲ့ရသည်။ ကဆုန်လ မကုန်မီမှာ မန္တလေးမြို့ အေးချမ်းသာယာလျက် ရှိသော အခါ ဒါကိုတာလေယာဉ်ဖြင့် မေမြို့ အနီး စခန်းလေဆိပ်၊ ၎င်းမှ မန္တလေး၊ မင်းကွန်းသို့ ကျန်းမာရွှင်လန်းစွာဖြင့် ပြန်ရောက်ကြပါသည်။

၁၃၁၁-ခုနှစ်၊ မင်းကွန်း ဓမ္မနာဒတိုက်၌ စာသင်သားဦးရေ အပါး ၅၀ လောက် ရှိ၏။ ကိုရင်လေးများ နည်းပါးပြီး ဂဟန်းတော်များနှင့် သာမဏေကြီးများသာ ရှိသည်။ စာမေးပွဲ အတန်းမှာလည်း အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ စာချတန်း၊ အတန်းတွေစုံနေသဖြင့် ဆရာတော်ကိုယ်တိုင် တစ်နေ့လျှင် စာဝါ ၃-ဝါ ချနေရသဖြင့် စာချပြီးချိန်မှာ ဝိနည်း ပါဠိတော်များ ကျက်တော်မူခြင်း၊ ဝိနည်း အဋ္ဌကထာနှင့် ဋီကာကြီးများ ကြည့်ရှုလေ့လာတော်

http://www.dhammadownload.com

မူခြင်း အလုပ်များဖြင့် အချိန်ကုန်ကာ သီတင်းဝါဇာ ကျွတ်ခဲ့လေပြီ။ မင်းကွန်း ပတ်ဝန်းကျင်မှ ဆရာတော်များအား ဆွမ်းစား၊ ပရိတ်ရွတ်၊ ဒုမဂ်လ သုမဂ်လ ကိစ္စများ မလိုက်ဘဲနေရန် ခွင့်ပြုကြရန်ကိုလည်း ခွင့်တောင်းထားလေသည်။

ဆရာတော်ဘုရားသည် ဝိနည်းဂါဠ်းကျမ်း ပါဠိတော်ကြီးများကို လေ့လာစဉ်ကပင်လျှင် စာအုပ်ကြည့်ပေးဖို့ရန် စာထောက်စာမ ပုဂ္ဂိုလ်များကို (တိပိဋကဓရ စာပြန်ပွဲတော်ကဲ့သို့) အောက်ပါ ပုဂ္ဂိုလ်များကို ခန့်တော်မူလိုက်သည်။ ၁။ သီရိဓဇ ဘုန်းကြီး ဦးဥက္ကံသ၊ ၂။ ကျောက်မြောင်းဘုန်းကြီး ဦးဣန္ဒာ ဘာသ၊ ၃။ ဟသ်ာတမြို့ကွင်း ဦးဣန္ဒာစာရ၊ ၄။ တောင်ရင်း ရွှေဘုံသာ ဘုန်းကြီး ဦးကောဏ္ဍည၊ ၅။ ဖွားဖွားလေးခေါ် ဒေါ်ဣန္ဒာစာဂီ၊ ၆။ ဒေါ်ကြီးခေါ် ဒေါ်ဣန္ဒာသီရိတို့ ဖြစ်ကြသည်။

တိုက်အုပ် ဘုန်းကြီး အရှင်ဥက္ကံသာဘိဝံသကား စာချနေသဖြင့် စာကြည့်ခန့်တော်မမူ။ အရှင်ကောဏ္ဍညမှာ ဆရာတော်နှင့် တစ်ကျောင်းတည်းနေသဖြင့် ညတာဝန်ကို ယူတော်မူရသည်။ လျှပ်စစ်မီး မရှိသေးသောကာလ ဖြစ်သဖြင့် ဖရောင်းတိုင်ထွန်း မှန်အိမ်မီးခွက်ဖြင့် စာကြည့်ရသည်။ မီးရောင်ကို မျက်စိမစူးရန် ဂျပ်စက္ကူကိုက်ပြီး အကျော့လေးပြုလုပ်ကာ ကြေးနန်းကြိုးဖြင့် မှန်အိမ်လည်ပင်းကိုဆွဲပြီး စာကြည့်ရသည်။ ဆရာတော်ကလည်း ခန္ဓာမပင်ပန်း မနွမ်းနယ်သမျှ ပြန်ဆိုတော်မူ၏။ တခါတရံ နာရီပြန် ၁-ချက် ၁-နာရီခွဲတိုင်အောင်ပင် ရောက်ရှိ၏။ ဆရာတော် ခန္ဓာတော်ပန်း၍ နွမ်းနယ်လျှင် ၁၀-နာရီ ၁၁-နာရီမျှသာ ပြန်ဆိုတော်မူ၏။

၁၃၁၁-ခုနှစ်၊ ဖြာသိုလဆန်း(၇)ရက်နေ့ကွင် ဒုတိယအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး ကျင်းပသောအခါ နောက်ဆုံး ပရိဝါပါဠိတော်မှ လေးပုံတစ်ပုံမျှ စာကျန်နေသဖြင့် ထိုနှစ် တိပိဋကဓရ စာမေးပွဲကြီးကို မဝင်ခွဲလိုက်ရချေ။ ဤသို့ စာကျက်ရန် အနည်းငယ်မျှ ကျန်ရှိဖြင့် တိပိဋကဓရ စာမေးပွဲ မဝင်ခဲ့ပုံနှင့် စပ်၍ ဆရာတော်ကြီး အမိန့်ရှိတော်မူခဲ့ဖူးသည်မှာ "ဘုန်းကြီးက ဖြတိသျှခေတ်မှာ အစိုးရ ပဋမကျော်၊ အစိုးရမှာစရိယ၊ သကျသီဟမှာ ဓမ္မာစရိယ ဝင့်သကာဆိုတဲ့ ထိပ်ဖျားက ဂုဏ်တွေ ယူထားပြီးတော့ တိပိဋကဓရ စာမေးပွဲမှာ ဘုံးကနဲ ထိပ်ဖျားက လိမ့်အကျ မခံနိုင်ဘူး"

ဟု ဖြစ်ပါသည်။

ဝိနယဓရ အရှင်ပညာသာရ

၁၃၁၁-ခုနှစ်တွင် ကျင်းပသော ဒုတိယအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် ခုနစ်ပါတ် ၅-မှ အရှင်ပညာသာရ တပါးတည်းသာ ဝိနည်းပါဠိတော် ၅-ကျမ်းကို နေ့စဉ် အထောက်အမကင်း၍ သန့်ရှင်းကြည်လင်ပြတ်သားစွာ ပြန်ဆိုတော်မူနိုင်ပါသဖြင့် ဗုဒ္ဓသာသန နဲ့ဂုဟ ဝိသိဋ္ဌ ဝိနယဓရဟူသော ဘွဲ့ထူးကို အစဦးဆုံး ဆွတ်ခူးအောင်မြင် ရရှိတော်မူလေသည်။ အရှင်ပညာသာရသည်ကား သုံးဆယ်မြို့၊ သစ်ရာကုန်းမွာ ဇာတိဖြစ်ပြီး၊ ဦးပွင့်ကောင်း ဒေါ်နွဲ့ရီ တို့၏ ရဟန်းဖြစ်တော်မူ၏။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ထိုဝိနယဓရ အရှင်ပညာသာရအား သာသနာ့ရိပ်သာ၌ တွေ့ရသော အခါ "အရှင်ဘုရား-တပည့်တော်၏ ဒကာကြီး၏ ကျေးဇူးကို ရှေးဦးစွာ ဆပ်တော်မူသည့်အတွက် ကျေးဇူး အထူးတင်ရှိပါကြောင်း"ကို ဝမ်းမြောက်ဝမ်းသာ မိန့်ဆိုတော်မူလေသည်။

http://www.dhammadownload.com



ဗိသိဋ္ဌဗိနယဓရ အရှင်ပညာသာရ



အရှင်ဝိစိတ္တသာရာဘိဝံသ စာကျက်
တော်မူရာ ကျိုက်လတ်ကျောင်း

http://www.dhammadownload.com

စာကျက်ရာဌာန

တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကို ဝင်ပြီဆိုသည်နှင့် တိုက်တာကိစ္စကို တိုက်အုပ်ဆရာတော် ဦးဥက္ကံသအား လွှဲအပ်ထားပြီး၊ ဓမ္မနာဒတိုက် အတွင်းမှာ စာကျက် စာပြန်လျှင် မလွှဲမကင်းသာသည့် ဒကာ ဒကာမ ဆက်ဆံရေးစသည် လုပ်နေရ၍ စာကျက် အနှောင့်အယှက် ဖြစ်မည်စိုးသဖြင့် ဆရာကြီး ဒေါ်ဓမ္မစာရီတို့၏ နေထိုင်ရာ ရန်ကုန် အိမ်ကြီးချောင်၊ ကျိုက်လပ်ကျောင်းမှာသွား၍ စာကျက်စာပြန်သည်။ အိပ်ချိန်ရောက်မှ မိမိကျောင်းသို့ ပြန်လာသည်။ စာပြန်ရာ၌ ကိုယ့်ဘာသာ အလွတ်မပြန်၊ တပည့်ဦးပဋ္ဌင်းများကို အလှည့်ကျ ကြည့်ခိုင်းသည်။ တစ်ခါတစ်ရံ ညအချိန် စာပြန်စဉ် အိပ်ချင်စိတ် ဖြစ်လာလျှင် "မှတ်ထားလိုက်ဦး ခဏအိပ်လိုက်ဦးမယ်"ဟု ပြောဆိုပြီး အိပ်ပျော်သွားသည်။ တစ်ခါတစ်ရံ မိနစ်သုံးဆယ်လောက်၊ တစ်ခါတစ်ရံ တစ်နာရီလောက်ကြာမှ နိုး၍ဆက်ပြန်သည်။ မူလမှတ်ထားသော နေရာမှ ပင် ဆက်လက်ပြန်ဆိုသည်။ အလွန် သတိကောင်းပါပေသည်။ ဆရာတော်ရော စာအုပ်ကြည့်တပည့်များပါ အိပ်ပျော်သွား၍ မိမိတို့ကျောင်းသို့ မပြန်ရသောခါလည်း ရှိတတ်သည်။ ထိုအခါ အဘွားလေးတို့က ဆရာတော်ရော တပည့်များပါ စောင်လာခြုံပေးသွားသည်။ နံနက်လင်းမှ မိမိတို့ကျောင်းသို့ ပြန်လာကြရသည်။

အရှိယမဂ္ဂင် ဆရာတော်ကြီးသည် ဓမ္မနာဒချောင်သို့ နေ့စဉ်ကြွလာပြီး အရှင်ဝိစိတ္တသာရာဘိဝံသအား စောင့်ရှောက်တော်မူလေ၏။ အရှင်ဝိစိတ္တသာရာဘိဝံသအားလည်း "ဦးဝိစိတ္တ-တပည့်တော်လဲ ရန်ကုန်ကို လိုက်မယ်၊ အရှင်ဘုရား စာပြန်တာကိုလဲ ကြည်ညိုမယ်၊ လိုက်၍လဲ စောင့်ရှောက်မယ်"ဟု မိန့်တော်မူ၏။ ညစဉ် စာအုပ်ကိုင်ပေးသော အရှင်ကောဏ္ဍညအားလည်း "မင်း စာမေးပွဲ ခဏနားထားဦး၊ မင်း ဆရာတော် တိပိဋကဓရဖြစ်မှ မင်း စာတွေလုပ်ပါ"ဟု မိန့်တော်မူ၏။

၁၃၁၂-ခု၊ တိပိဋကဓရ ပွဲတော်ကြီး မကျင်းပမီ နတ်တော်လပြည့်ကျော် ၁-ရက်လောက်မှာ အရှင်ဝိစိတ္တသာရာဘိဝံသ ဥပဌာကအဖွဲ့၊ အရိယမဂ္ဂင်ဆရာတော်နှင့် ဦးကောဏ္ဍညတို့ လိုက်ပါ၍ ရန်ကုန်မြို့သို့ ကြွတော်မူခဲ့ကြသည်။ အရိယမဂ္ဂင်ဆရာတော်ကြီးအား ဒကာ ဒကာမ ပေါများလှသဖြင့် ဆရာတော် ရန်ကုန် ကြွမည်ဟု သိကတည်းက ကြေးနန်းဖြင့်ရိုက်ကာ ဆွမ်းစားပင့်ကြလေသည်။ ရန်ကုန်ဘူတာကြီးမှ သေဌေးကြီး ဆာဦးသွင်နှင့် အဖွဲ့တို့က ကြိုဆိုလျက်ရှိကြသည်။

မဟာစည်သာသနာ့ရိပ်သာသို့ ရောက်သော အခါ မဂ္ဂင်ဆရာတော်ကြီးက-

"ဒကာကြီး၊ ဆရာတော်တို့ 'ပင်လုံ ဒေါ်နုယဉ်'က ဆွမ်းစားပင့်ထားတယ်၊ ဆွမ်းစားသွားကြမယ်"ဟု အမိန့်လည်း ရှိလိုက်ကရော သေဌေးကြီး ဆာဦးသွင်က နှုတ်ခမ်းမွေးထောင်ကာ-

"တပည့်တော် ဦးပဋ္ဌင်းတော့ မထည့်နိုင်ဘူး၊ မတော်တဲ့အစာ စားမိယင် ဖျားပြုပြီး စာမပြန်ရင်ဘယ့်နှယ်လုပ်မလဲ"ဟု ပြန်ကြားလျှောက်ထားသော အခါ မဂ္ဂင်ဆရာတော်က-

"ဒကာကြီး၊ ဒီတစ်ခါတော့ ခွင့်ပြုပါဦး၊ နောက်တော့ လက်သင့်မခံပါဘူး"ဟု အမိန့်ရှိမှ ခွင့်ပြုချက် ရရှိလေ၏။

ထိုစဉ်အခါတုန်းက ဆန်စေးဖြစ်သော စပါးနက်ဆန်များ မစားဝံ့ချေ။ အစေးနည်းသော ရွှေဘိုခွန်နီနှင့် ကပိုင်တောင်ထိပ်ပန်း ဆန်များကို သာ ဘုဉ်းပေးရ၏။ အစာမကျေရောဂါ အဖြစ်

http://www.dhammadownload.com



တိပိဋကဓရ ရွှေးချယ်ပွဲတွင်
စာပြန်ပွဲကြီးသို့ ဝင်ရောက်ရန်
လက်မှတ်ရေးထိုးနေစဉ်



ကတိယအကြိမ် တိပိဋကဓရ ရွှေးချယ်ပွဲဝင် အရှင်ဝိစိတ္တသာရာဘိဝံသနှင့် အာစာနည်အရှင်မြတ်များ

http://www.dhammadownload.com

များ၏။ ရန်ကုန်သို့ သွားသောအခါ အညာဆန်ကလေးများ ဆောင်သွားကြရ၏။

တိပိဋကရေ (ဥပဋ္ဌာက) နှစ်ပါးရှိသည့် အနက် မဂ္ဂင်ဆရာတော်ဘုရားကြီးကား ငါးထပ်ကြီးလမ်း အောင်မြေသုခ ကျောင်းတိုက်မှာ တည်းခို၏။ အရှင်ဝိစိတ္တသာရာဘိဝံသနှင့် အရှင်ကောဏ္ဍညဆရာ တပည့်ကား မဟာစည် သာသနာ့ရိပ်သာတွင် ၁-နံပါတ် ကမ္မဋ္ဌာန်းကျောင်းလေးမှာ ကြပ်ကြပ်တည်းတည်းပင် တည်းရ ခိုရ၏။

ဝိရိယ လွန်ကဲစွ

အရှင်ဝိစိတ္တသာရာဘိဝံသသည် သင့်လျော်လျောက်ပတ်သော နေရာများ ရပြီဆိုကတည်းက နေ့ တဝေါဝေါ ည တဝေါဝေါနှင့် လွန်မင်းစွာ အားထုတ်တော်မူ၏။ စာမေးပွဲကျမည်ကို အလွန်ပင် စိုးရိမ်ကြီးတော်မူ၏။ ညမှာဆိုလျှင် ဆရာတပည့် နှစ်ယောက် ၁၂-နာရီ၊ ၁-ချက်ရောက်အောင် ပြန်ဆိုတော်မူ၏။

နံနက်လင်းသောအခါ ဆရာတပည့် အိပ်ပျော်နေတာက များသဖြင့် မဂ္ဂင်ဆရာတော်က အောင်မြေသုခမှ ဖြတ်လမ်းက ကြွလာပြီး အိမ်အရှေ့ဘက် ကုန်းတော်မှ "ဟော့-မောင်မောင်တို့" ဆိုတဲ့ အသံကြားမှ တစ်ခါတစ်ရံ ထကြရ၏။ နေ့ခင်းမှာဆိုလျှင် သေဋ္ဌေးကြီး ဆာဦးသွင်က ရှင်ရှင်လူလူ ကျောင်းပေါ်မတက်ရန် အထူးတားမြစ်၏။

တတိယအကြိမ်မြောက်
တိပိဋကရေ ရွေးချယ်ပွဲ စာမေးပွဲတော်ကြီး
ဖွင့်လှစ်ပွဲ အခမ်းအနား

၁၃၁၂-ခုနှစ်၊ နတ်တော် လပြည့်ကျော် ၄-ရက် (၁၃-၁၂-၅၀) တနင်္ဂနွေနေ့သည်ကား ဗုဒ္ဓသာသနာနုဂ္ဂဟ အသင်းကြီးမှ ဦးစီးကျင်းပသည့် တတိယ အကြိမ်မြောက် တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲကြီးကို ရန်ကုန်မြို့၊ သာသနာရေးအဖွဲ့ ပေါင်းစုံတို့ဖြင့် သာသနာ့ရိပ်သာ ယာယီ မဏ္ဍပ်တော်ကြီး၌ သာသနာ့ ကျက်သရေတော်ဆောင်ကြီးကျယ်ခမ်းနား သိုက်မြိုက်စည်ကားစွာ ယခင်နှစ်ကထက် သာ၍နား တင့်တယ်စွာ ဆင်ယင်ကျင်းပကြပါသည်။

ယခင်နှစ်များက အစဉ်အလာ ကြိုဆိုဧည့်ခံရေးအဖွဲ့များသည် ကြိုတင်ရောက်ရှိကြပြီးလျှင် သာသနာရေး၊ ဘာသာရေး အသင်းအဖွဲ့များ၊ အစိုးရအရာရှိ အကြီးအငယ်များနှင့် မြို့သူမြို့သား ပရိသတ်များတို့သည် နံနက် ၇-နာရီ အချိန်မှစ၍ စုံလင်စွာ ရောက်ရှိကြလေပြီ။ ၇-နာရီ မိနစ် ၄၀-တွင် သက်ဆိုင်ရာ တာဝန်ခံ ပုဂ္ဂိုလ်ကြီးများ ရောက်ရှိလာ၍ ဧည့်ခံအဖွဲ့က ဧည့်ခံ ကြိုဆိုကြပါသည်။

အခမ်းအနား အစုံအလင်
ဂုဏ်အင်ပြည့်စုံ ဖွင့်လှစ်ပုံ

နံနက် ၇-နာရီ ၄၅-မိနစ် အချိန်တွင် နာယက ဆရာတော်ကြီးများနှင့် စာဖြေဝင် ရဟန်းတော်များကို စံကျောင်းတော်မှ မင်္ဂလာ မဏ္ဍပ်တော်ကြီးသို့ ပင့်ဆောင်ကြပါသည်။

အခမ်းအနား အစီအစဉ်အရ-

နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊ နိဒ်ခံတော် သမ္မတက အခမ်းအနား ဖွင့်လှစ်ပေးခြင်း၊ တိပိဋကရေ ရွေးချယ်ရေးအဖွဲ့ကြီး၏ ဥက္ကဋ္ဌ ဆရာတော်ဘုရားက ဩဝါဒကထာ မိန့်ကြားချီးမြှင့်တော်မူခြင်း၊ ဓမ္မာသန ပလ္လင်တော်များနှင့် ကနက္ကဒဏ် ထိုးဖြူတော်များကို နံ့သာရေစင်တို့ဖြင့် အဘိသိက်သွန်းလောင်းခြင်း၊ တိပိဋကရေ စာဖြေဝင်

http://www.dhammadownload.com



http://www.dhammadownload.com

ရဟန်းတော် အရှင်မြတ်တို့အား ဓမ္မာသနပလ္လင်တော်ပေါ်သို့ ကြွရောက်သီတင်းသုံး၍ အကြည်ညိုခံကြပါရန် အာဘိယာစန ဂါထာဖြင့် ပင့်လျှောက်ခြင်းနှင့် မင်္ဂလာ ရတုပိုဒ်စုံ ဖတ်ကြားခြင်း၊ နိဂုံးချုပ် အနေအား ဖြင့် နိဒ်ဒံတော် ဗုဒ္ဓသာသနာ့အဖွဲ့ကြီး၏ ဥက္ကဋ္ဌ သေဋ္ဌကြီး ဆာဦးသွင်က ကျေးဇူးတင်စကား ပြောကြားပြီးလျှင် အခမ်းအနားကို ရုပ်သိမ်းကြပါသည်။

အာဂုံစာတော်ပြန်ပွဲ စချိန်

နံနက် တိပိဋကဓရ ဓွေးချယ်ရေး စာမေးပွဲတော်ကြီး အခမ်းအနားဖွင့်ပွဲကို ကျင်းပပြီးခဲ့ပြီဖြစ်၍ နေ့ ၁-နာရီအချိန်မှစ၍ (က) အာဂုံပြန်ဆိုပွဲ ကျင်းပရမည်ဖြစ်ရာ ၁၂-နာရီခွဲအချိန်တွင် နာယကဆရာတော်များ၊ စာထောက်စာမ ဆရာတော်များ၊ စာဖြေဝင် အရှင်မြတ် ၅-ပါးနှင့် စာထောက်စာမ ပါဠိပညာရှိ လူဒါယကာများ အားလုံးစုံညီစွာ မဏ္ဍပ်ကြီး အတွင်းသို့ ရောက်ရှိလာကြပါသည်။

ခြောက်ထပ်ကြီးဘုရားကြီး ဆရာတော် ဘဒ္ဒန္တ ကောဏ္ဍည မဟာထေရ်မြတ်က နာယကဆရာတော်များကိုယ်စား ပရိသတ် အစုံအလင်တွင် စာတော်ပြန် စည်းကမ်း ကောက်နှတ်ချက်ကို ဖတ်ကြား ရှင်းလင်းပြီး ဤစည်းကမ်းအတိုင်း လိုက်နာပြန်ဆိုတော်မူကြပါရန် သတိပေးစကား မိန့်ကြားတော်မူပါသည်။

၁-နာရီ ထိုးသောအခါ ဝိနယစာတော်ပြန် အရှင်မြတ် ၅-ပါးတို့သည် မိမိတို့ နံပါတ်စဉ်ကျရောက်ရာ ဓမ္မာသနပလ္လင်တော်မှာ သီတင်းသုံးတော်မူကြလျက် ပါရာဇိကဏ် ပါဠိတော်ကြီးကို စတင် ပြန်ဆိုတော်မူကြရပါသည်။

ပါရာဇိကဏ် ပါဠိတော်လာ "တေန ခေါပန သမယေန ဗုဒ္ဓေါဘဂဝါ ဝေရဉ္ဇာယံ ဝိဟရတိ နဠေရု ပုစိမန္ဒမူလေ" စသော ပါဠိတော်တို့ကို အရှင်ဝိစိတ္တသာရာဘိဝံသကား သန့်သန့်ရှင်းရှင်း ပီပီသသ ပြတ်ပြတ်သားသား သာယာ နာပျော်ဖွယ် အသံအနေအထားဖြင့် ပြန်ဆိုတော် မူသည်။ နာယကဆရာတော်များနှင့် တကွ စာထောက်စာမဆရာတော်များ အလွန်ကျေနပ်တော်မူကြသည်။ စာနာပရိသတ်အချို့မှာ အနက်အဓိပ္ပာယ်ကို နားမလည်သော်လည်း သာယာသောအသံတော်၏ ဆွဲဆောင်ရာသို့ စိတ်နှလုံးအပြည့်အဝရောက်ပြီး နားထောင်နေသဖြင့် ဆိတ်ငြိမ်အေးချမ်းလှသည်။

ဝဏ္ဏကျော်ထင် ဇာတ်ဆရာကြီး ဦးဖိုးစိန်ကား တရားသံအရသာကို ခံစားရသည်အပြင် လေယူလေသိမ်း, အလှည့်အပြောင်း, စည်းချက်, ဝါးချက် မှန်မှန်ရွတ်ဆိုနိုင်သော အသံတော်ကို အနုပညာနားဖြင့်ပါ နာယူလိုက်သဖြင့် အလွန်သဘောကျလျက်ရှိသည်။ တစ်ခါတစ်ခါ လက်ဖျားခါ၍ "ကောင်းလိုက်တာ၊ ကောင်းလိုက်တာ"ဟုပင် အသံထွက်လာပါသည်။ စာပြန်ပြီးသောအခါ အရှင်ဝိစိတ္တသာရာဘိဝံသ အနီးလာ၍ စည်းဝါးနားလည်ပါသလား ဟူ၍ပင် လျှောက်ထားပါသည်။

မကြာမီရက်အတွင်းမှာ "မင်းကွန်းမှ ဦးဝိစိတ္တသာရဆိုတဲ့ ကိုယ်တော်တစ်ပါး သာသနာ့ရိပ်သာမှာ ပိဋကသုံးပုံ စာပြန်နေသတဲ့၊ သိပ်နားထောင်ကောင်းတာပဲတဲ့" ဟူသောသတင်းများ ရန်ကုန်မြို့အတွင်း ပျံ့နှံ့သွားပါသည်။ လူများ အများအပြား လာရောက်နားထောင်ကြ၊ ကြည်ညိုကြသည်။

လာရောက်နားထောင်သူတစ်ဦးက မိမိကိုးကွယ်နေကျ ဆရာတော်ကြီးကို လျှောက်သည်။ "သာသနာ့ရိပ်သာမှာ မင်းကွန်းက ဦးဝိစိတ္တသာရဝိနည်းပိဋကပြန်ဆိုနေတာ သိပ်သာယာနာပျော်ဖွယ်ကောင်းတာပဲ။ ဆရာတော်လိုက်နားထောင်ကြည့်ပါ" ဟု လျှောက်သည်။ "မဖြစ်နိုင်တာကွာ ဝိနည်းပါဠိတော်ကြီးကို သာမန်သူလိုငါလို ပုထုဇဉ် အာဂုံပြန်နိုင်မတဲ့လား"ဟု ငေါက်လွှတ်သဖြင့် ပြန်လာခဲ့ရသည်။ နောက်ထပ်လျှောက်ပြန်သည်။ နောက်ထပ်

http://www.dhammadownload.com



တိပိဋကဓရ ရွေးချယ်ပွဲအဖွဲ့၏
နာယက အဂ္ဂမဟာပဏ္ဍိတ
ရန်ကုန်မြို့-ခြောက်ထပ်ကြီး
ဘုရားကြီးတိုက် ဆရာတော်ပုံ။



သုံးကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲတွင်အရှင်ဝိစိတ္တသာရာဘိဝံသ အရှင်မြတ် ပြန်ဆိုတော်မူနေပုံ။

http://www.dhammadownload.com

အငေါက်ခံရပြန်သည်။ ဒကာမှာ သူ့ဆရာတော်ကို အလွန်နားထောင်စေချင်၍ တစ်ခါတော့ အကြောင်းတစ်မျိုးဖြင့် ဆရာတော်ကို ကားဖြင့်ပင့်ကာ သာသနာ့ရိပ်သာ အရှင်ဝိစိတ္တသာရ စာပြန်ရာပလ္လင်အနီးသို့ ပင့်လာသည်။ စာထောက်ဆရာတော်ကလည်း "ဒီရောက်နေပါပြီဘုရား"ဟု ဆရာတော်ကြီးအား ပြကာ စာအုပ်ကပ်လိုက်သည်။ ဆရာတော်ကြီး စာအုပ်ကြည့်ရင်း နားထောင်နေသည်။ တော်တော်ကြာတော့ စာပြန်နေသော အရှင်ဝိစိတ္တသာရကို ကြည့်လိုက်၊ စာအုပ်ကိုကြည့်လိုက်နှင့် တအံ့တသြ အမူအရာဖြစ်ပြီးတော့ ဆရာတော်ကြီးက မှတ်ချက်ရေးသွားသည်။ "ကျော်တာကပင်နည်းပါသေးတယ်" တဲ့။ အရှင်ဝိစိတ္တသာရ၏ စာထောက်ဆရာတော် ဘုံပျံဆရာတော်မှာ အပွေးမြင်အပင်သိသော ဆရာတော်ဖြစ်၍ ဘယ်လိုပြန်ခိုင်းခိုင်း ရမည်ကိုသိသည်။ အရှင်ဝိစိတ္တသာရ၏ ဂုဏ်အစွမ်းကုန်ပေါ်စေချင်၍ စာမျက်နှာများ ပြောင်းကာရွေ့ကာ အပြန်ပြန် အလှန်လှန် စာမျက်နှာနံပါတ်ပြော၍ ပြန်ဆိုခိုင်းပါသည်။ "အရှင်ဝိစိတ္တသာရကလည်း ကောင်းပါပြီဘုရား"ဟု လျှောက်ကာ တွေးမနေဘဲ တန်းကနဲ တန်းကနဲ ပြန်ဆိုနိုင်ပါသည်။ ဥက္ကဋ္ဌဆရာတော်ကြီးကပင် "အဆန်းတွေ့မပြန်ခိုင်းပါနဲ့" ဟု တားယူရသည်အထိ ဖြစ်ပါသည်။ ထိုအခြင်းအရာကို သိသောဆရာတော်တစ်ပါးက စစ်တိုင်းထောင် ရှာမှုရှား တကဲ့အာဇာနည်ပါပေ ဟု ချီးကျူးသွားပါသည်။ ထိုကေတ်စာမူများမှာ ဟံသာဝတီမူ၊ သုဓမ္မာဝတီမူ၊ ဓမ္မမိတ်ဆွေမူ၊ ပြည်ကြီးမဏ္ဍိုင်မူ စသည်ဖြင့် အဆူဆူရှိနေပါသည်။ စာပြန်ရင်း "ဘယ်မူမှာဘယ်လိုရှိတယ်ဘုရား၊ ဆရာတော်များ ဘယ်မူနှစ်သက်ပါသလဲဘုရား"ဟုမေး၍ ဆရာတော်များ နှစ်သက်ရာမူကို ပြန်ဆိုတော်မူပါသည်။ ဆရာတော်များက အရှင်ဘုရားကြိုက်ရာမူအတိုင်း ပြန်ဆိုလျှင် ဘယ်မူအသင့်ဆုံးဖြစ်ကြောင်း ဆုံးဖြတ်ချက်ချ၍ဆက်လက် ပြန်ပြလေသည်။

စာထောက်ကိုပြန်ထောက်

ဒီလိုပြုပြင်သင့်သော ပါဠိများကိုပြုပြင်၍ ပြန်ဆိုသွားနိုင်သည်ကို အကြောင်းပြု၍ စာထောက်စာမဒါဃကာနှစ်ယောက်တို့ စကားပြောဆိုပုံကို သတိရမိသည်။ အရှင်ဝိစိတ္တသာရ၏ စာထောက် ဆရာတစ်ယောက်က အခြားစာထောက် တစ်ယောက်ကို "ခင်ဗျားဘုန်းကြီးထောက်ပေးရသလား"ဟုမေးသည်။ "အို, ထောက်ရရဲ့ဘယ်ကမလဲ ရှေ့ကတောင်ချချပေးရသေးတယ်"ဟု ပြန်ဖြေပြီး "ခင်ဗျားဘုန်းကြီးကကော"ဟု ဆက်မေးပါသည်။ "ကျုပ်ဘုန်းကြီးကတော့ဗျာ ကျုပ်တို့ကမထောက်ရဘဲ သူကတောင်ဘယ်ပါဠိကို ဘယ်လိုပြင်သင့်တယ်၊ ဘယ်ပုဒ်ကို ဘယ်လိုပြင်မှ အမှန်ဖြစ်မယ် စသည်ဖြင့် ကျုပ်တို့ကိုတောင်ပြန်ပြီး ထောက်ထောက်သွားသေးတယ်" ဟု ပြန်ပြောပြပါသည်။

အလေ့အကျင့်

စာရေးထားသော်လည်း ကျင့်သားမရလျှင် မောပြီး သတ်မှတ်ထားသည့်အတိုင်း မပြီးဘဲရှိတတ်သည်။ အရှင်ဝိစိတ္တသာရာဘိဝံသကား ရှေးဦးကပင် သတိရှိသည်။ တာပတ်ကွင်း ပြေးသောခြင်းကို ပိုမိုလေ့ကျင့်ပေးထားရသလို မူကပင် ပိုမိုလေ့ကျင့်ပေးထားသည်။ တစ်နေ့တစ်နေ့ ဆယ်နာရီကျော်ကျော် လေ့ကျင့်ထားသည်။ ကျန်းမာရေးကောင်း၍ ကိုယ်စိတ်လန်းဆန်းသောအခါမျိုးဆိုလျှင် ည(၁)နာရီ (၂)နာရီအထိ စာပြန်လေ့ကျင့်ထားသည်။ လက်တွေ့ပြန်ရသောအခါ မိမိလေ့ကျင့်ထားသော အချိန်လောက် မရှိတော့သဖြင့် မပင်ပန်း။ လွယ်လွယ်ကူကူ သက်တောင့်သက်သာ နိုင်နင်းစွာပြန်ဆိုနိုင်သည်။ ဝိနည်းနောက်ဆုံး ပရိပါဠိတော်ပြန်ဆိုသောအခါ သတ်မှတ်ထားသော အချိန်ထက် စောပြီးနေသဖြင့်

http://www.dhammadownload.com

အလှည့်ကျ စာမှတ်ပါဠိဆရာ ပါဠိပါရဂူ ဦးအောင်မိုးက ဤသို့ မှတ်ချက်ချရေးသားထားပါသည်။

အရှင်ဝိစိတ္တသာရ ပြန်ဆိုတော်မူပုံမှာ

(၁) နှုတ်ရှင်းခြင်း
(၂) ပုဒ်, ပါဠိကိုမကျော်လွန်ခြင်း
(၃) လျင်မြန်ခြင်း
(၄) အနက်အဓိပ္ပာယ်ကိုသိ၍ မိမိ,ရရ,ရှိခြင်း
(၅) ပုဒ်, ပါဠိအကွရာများကို သုတ်သင်ခြင်း၊ ဖြည့်စွက်ပြန်ဆိုခြင်း။

စသည်ဖြင့် အံ့သြဖွယ်ကောင်းအောင် ပြန်ဆိုနိုင်ပါသည်။ သတ်မှတ်ထားသော စာမျက်နှာကို အချိန်မိနစ်(၂၀)ခန့်စောလျှင် ပြီးဆုံးအောင်ပြန်ဆိုတော်မူသဖြင့် ပို့နေသောအချိန်မိနစ်(၂၀)အတွင်း အောက်ပါ ရစနာဂါထာငါးပုဒ်ဖြင့် ချီးကျူးလိုက်ရပါသည်။"ဟု ဆို၍ အဆင့်မြင့် ပါဠိဂါထာများကို ရေးသားချီးကျူးထားပါသည်။ ပြန်ဆိုပုံကို ချီးကျူးသည့် နှစ်ဂါထာမျှ မြန်မာပြန်ပြပါမည်။

အရှင်ဝိစိတ္တသာရ ဝိနည်းပြန်ဆိုပုံကား

ပဋ္ဌသိခ နတ်သား၏ စောင်းသီချင်းသံပမာ
အလွန်သာယာလှ ပါဘိတောင်း။

ရေတံခွန်မှရေပန်းများ တဖြောဖြော ဖြာဆင်းသလို အရှင်ဝိစိတ္တသာရနှုတ်တော်မှ ပညာရှိတို့ နှစ်သက်လောက်အောင် ပါဠိတော်အစဉ်အတန်းရေပန်းတို့ တဖြန်းဖြန်း တဖြောဖြော ဒလဟော စီးဆင်းနေပါပကောလား။

ပါဠိပါရဂူ ဦးအောင်မိုးက ချီးကျူးသလို ပါဠိပညာရှင်မမှာစရိယ ဦးညွှန့်မောင် စာထောက်စာမ၊ အလှည့်ကျရာတွင်လည်း ချီးကျူးသွားပါသည်။

အရှင်ဝိစိတ္တသာရဘိဝံသကား ကျက်ဉာဏ်ကောင်းသည်။ လုံးထွေးထစ်ငေါ့ခြင်းကင်း၍ နှုတ်ထွက်လည်းရှင်းသည်။ လိင်, ဝုစ်, ပုဒ်, ပါဒ်, အထားအသို အဝိုကိုလည်း ပြင်ဆင်နိုင်သည်။ သဲဂါဃနာတင် အရှင်ကောင်း အရှင်မြတ်တစ်ဆူဖြစ်တော်မူထိုက်သည် ဟု ဆိုထိုက်ပေသည်။ တစ်ဦးခေါင်း တစ်ပညာဆိုသည့်အတိုင်း ပုဂ္ဂိုလ်တစ်ဦးဦးမှာ ဂုဏ်ထူးတစ်ခုစီတစ်ခုစီ ရရှိကြစမြဲသာဖြစ်သည်။ ရဟန္တာသခင်အရှင်များစဉ်လျက် ဘုရားလက်ထက် ဧတဒဂ်ဘွဲ့ထူးတစ်ခုစီသာ အရများကြပါသည်။ အရှင်မြတ်ကား သဘာဝစည်းကမ်းထက်ကျော်လွန်ကာ တစ်မိုးလုံး ဖျောက်ဆိပ်လုပ်၍ ဂုဏ်ပုဒ်တွေကို လက်ဝါးကြီးအုပ်ထားသည်ဟု ဆိုချင်ပါသည်။

ၵင်းအပြင် လျှောက်ထားချင်ပါသည်။ အရှင်ဘုရားကား လူသားစင်စစ် ရဟန်းဖြစ်ပါလျက် မထစ်မကြောက်ခြေသုံ့စိတ်ပေါက်လျက် ပိဋကတောအတွင်းဝယ် ရဲတင်းစွာဟောကြားနေခြင်းသည် ကြောက်ဖွယ်လိလိ ကြက်သီးထမိပါသည်ဘုရား။

ရှစ်ဆယ်ပေါ်တေးထပ်

ကဿပဗုဒ္ဓမဟာ ယင်လာသပ
သဂ်ါယန မပြတ်နည်းယူ၊
တင်လာသမျှ တထပ်တည်းတူသည်
နတ်လည်းမဟူ လူပေတကား။
ရတနာပလ္လင်မဏ္ဍပ် ဆောသွင်ရဟန်းမြတ်
စာသင်ကမ်းခတ် တန်ခိုးအလျှံညိသည်...
သတိုးသီရိ ရဟန်းပါတဲ့ဘုရား။
ကဝိတံဆိပ် အခါခါရ ဝိသိဋ္ဌ ပါကဋ
ဝိစိတ္တသာရ ဉာဏ်ဆန်းကျယ်သည်...
အံ့မခန်း တကယ် ပြန်ဆိုသွား။
အနုံ့ကျမ်းဝယ် အကျန်, အပိုများကိုလ၊
မချန် သိုထားပြင်ဆင်ကာ၊
မရပ်ရန် မပြတ်ပြန် မှတ်ဉာဏ်မဟုတ်၊
အတတ်ဉာဏ်ထုတ်လိင် ဝုစ်အသွားအလာ။
အာဂမရှိ စာအရအမိ သဘာဝအထိ
မြင်သိပါသည်၊

http://www.dhammadownload.com



ဝိသိဋ္ဌဝိနယဓရမဟာဝိနယ
ကောဝိဒဘွဲ့ရဓဇ်ကဆရာတော်
အရှင်ဝိစိတ္တသာရာဘိဝံသ



တတိယအကြိမ် တိပိဋကဓရ ရွှေချယ်ပွဲကြီးတွင် ဝိနည်းငါးကျမ်းကို ဂုဏ်ထူးဖြင့်
အောင်မြင်တော်မူသော ဆရာတော် အရှင်ဝိစိတ္တသာရာဘိဝံသအား နိုင်ငံတော် သမတကြီးက
အောင်လက်မှတ် တံဆိပ်တော်နှင့် အလံတော်ဆက်ကပ်နေစဉ်

http://www.dhammadownload.com

ထင်ရှိဉာဏ်မှာ ပထျာဖြန့်လို့
အရဟာရဟန့် ရှေးကသံဂါယနာလို
မတွေးရ လျင်စွာသာဆို။
ထုတ်ဖော်ညွှန်းတင့်
အဟုတ်တော်လွန်းသဖြင့်
နှုတ်မော်ကွန်းနှင့် အထူးဖွဲ့ထုတ်ဆိုသည်
ထူးတဲ့ပုဂ္ဂိုလ် ဆိုလောက်ပါရဲ့လေး။ ။

အနာရောဂါဖြစ်ခြင်း

အရှင်ဝိစိတ္တသာရာဘိဝံသသည် စူဠဝါပါဠိတော် စ၍ပြန်ချိန်တွင် အံသွားကျိုးသွားရာမှ သွားအခြေမှာ ပြည်တည်ခြင်း ဖြစ်လေသည်။ မခံမရပ်နိုင်အောင်ကိုက်ခဲလေသည်။ ထိုအခါ ဒကာကြီး ဆာဦးသွင် သိသွားမည်စိုး၍ သကလပ် သင်္ကန်းကြီးကို ခြုံကာ ပါးစောင်ကို ကွယ်ထားပြီး စာပြန်မြဲပြန်လေ၏။ ဆာဦးသွင်၏ သမီး ဝန်ကြီးကတော် ဒေါ်ခင်ကြီးက စ၍တွေ့သွားရာမှ ဒကာကြီး သိသွားရာ၊ ဓာတ်မှန်ရိုက်ကြည့်လျှင် သွားအမြစ်တွင် အံသွား၏ အမြစ်သွား အရိုးစ ရှိနေကြောင်း သိရ၍ ခွဲထုတ်ပစ်ခဲ့ရသည်။ ချုပ်လည်း ချုပ်ရသည်။ ဤမျှ ဖြစ်သည့်တိုင် စာပြန်ကား မပျက်ခဲ့ပေ။

ရေးဖြေတွင်လည်းဂုဏ်ထူးရ

သဘောရေးဖြေရာတွင် တစ်ကျမ်းလျှင် အမှတ် တစ်ရာပေးရာ (၇၅)မှတ်ရလျှင် အောင်မြင်သည်ဟု သတ်မှတ်သည်။ အရှင်ဝိစိတ္တသာရာဘိဝံသကား-

၁။ ပါရာဇိကဏ်ပါဠိတော်၊
အဌကထာ၊ ဋီကာ ၉၈-မှတ်
၂။ ပါစိတ်ပါဠိတော်၊
အဌကထာ၊ ဋီကာ ၉၉-မှတ်
၃။ မဟာဝါပါဠိတော်၊
အဌကထာ၊ ဋီကာ ၉၂-မှတ်
၄။ စူဠဝါပါဠိတော်၊
အဌကထာ၊ ဋီကာ ၉၈-မှတ်
၅။ ပရိဝါပါဠိတော်၊
အဌကထာ၊ ဋီကာ ၁၀၀-မှတ်
အသီးသီး ရရှိတော်မူပါသည်။

အပြန်အရေးနှစ်ထွေစလုံးဂုဏ်ထူးရ

အာဂုံပြန်ပွဲတွင် စာပြန်ရာ၌ ရိုးရိုးအောင်လျှင် ဝိနယဓရဘွဲ့ရ၍၊ အထောက်အမ လွတ်ကင်းပြီး သန့်သန့်ရှင်းရှင်း ပြန်ဆိုနိုင်လျှင် ဝိသိဌဘွဲ့ကိုပါ ပူးတွဲရသည်။

ရေးဖြေရာ၌ ၇၅-မှတ်ရလျှင် ဝိနယကောဝိဒ ဘွဲ့ရ၍ ၈၅-မှတ်ထက်ကျော်လျှင် မဟာဘွဲ့ကိုပါ ပူးတွဲရသည်။

သုံးကြိမ်မြောက် ကျင်းပသည့် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲတွင် အရှင်ဝိစိတ္တသာရာဘိဝံသသည် အာဂုံမှာရော ရေးဖြေမှာပါ သတ်မှတ်ထားသော အမှတ်များထက် ကျော်လွန်ရရှိခဲ့သဖြင့် ဝိသိဌ ဝိနယဓရ၊ မဟာဝိနယ ကောဝိဒ ဘွဲ့ထူးကို အစဦး ဆွတ်ခူးနိုင်၍ ရှင်ရောလူရော သောသောဝိုင်းအုံ ချီးကျူးမကုန်နိုင်အောင် ဖြစ်ရသည်။

ပညာရှိ အသိုင်းအဝိုင်းကမူ "ဒီဉာဏ်မျိုးဖြင့်သာဆိုလျှင် ပိဋကသုံးပုံ မပြန်ဆိုနိုင်စရာမရှိ" ဟုပင် တိပိဋကဓရ အတွက် ကြိုတင်တွက်ကာ ဝမ်းသာနှင့်ပြီး ဖြစ်နေကြပါပြီ။ အသင်းအဖွဲ့ ပေါင်းစုံကလည်း အကြီးအကျယ် ချီးကျူးပူဇော်ကြသည်။

သမ္မတအိမ်တော် ပူဇော်ပွဲ

နိုင်ငံတော်အစိုးရအနေဖြင့် အရှင်ဝိစိတ္တသာရာဘိဝံသအား ပူဇော်ပံမှာ ၁၃၁၂-ခု တပို့တွဲ

http://www.dhammadownload.com

လဆုတ် ၃-ရက် (၂၄-၂-၅၁) စနေနေ့ နံနက် ၉ နာရီအချိန်တွင် သမ္မတအိမ်တော်တွင် မင်းခမ်းမင်းနားဖြင့် ခမ်းနားသိုက်မြိုက်စွာ ကျင်းပလျက်-

၁။ ဗုဒ္ဓသာသန နုဂ္ဂဟ ဝိသိဋ္ဌဝိနယရေ မဟာဝိနယကောဝိဒ တံဆိပ်တော်

၂။ နိုင်ငံတော် အစိုးရ တံဆိပ်နှင့် အဖွဲ့ချုပ် တံဆိပ် ခပ်နိုပ်သော အောင်လက်မှတ်တော်

၃။ (အဝါရောင် အရိုးတပ်၊ ကနက္ကဒဏ် ထိုးဖြူတော်) တံဆိပ်ရှိသော သာသနအလံတော်

တို့ကို နိုင်ငံတော် သမ္မတကြီးကိုယ်တိုင် ဆက်ကပ် လှူဒါန်းပါသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် သမ္မတအိမ်တော်၌ ကျင်းပသော ချီးကျူးပူဇော်ပွဲသို့ မိခင်ကြီး ဒေါ်ဆင်ကို ခေါ်ယူသွားခဲ့သည်။ ထိုပွဲကြီးကို တက်ရန် မယ်တော်ကြီးကို ဝတ်ဆင်ဖို့ ဝတ်စုံသစ် ချုပ်ပေးရာ မဝတ်ဆင်ပဲ အရှင်ဝိစိတ္တသာရာဘိဝံသ ပဌမကျော်ဘွဲ့ရစဉ် ဂျူဗလီဟောခမ်းမသို့ လိုက်ပါရာ၌ ဝတ်ဆင်ရန် ဆာဦးသွင် ဇနီး ဒေါ်ဒေါ်သိန်းကန်တော့ထားသော ဝတ်စုံကိုသာ ပြန်လည် ဝတ်ဆင်ရှာ၏။ မယ်တော်ကြီး ဒေါ်ဆင်မှာ အလွန်ရိုးသားသော ဒကာမကြီး ဖြစ်လေရာ၊ သားရဟန်းက ဓမ္မနာဒသို့ မယ်တော် ရောက်ရှိ၍ လိုသလိုသုံးစွဲနိုင်ရန် ကျပ်တန် စက္ကူလေး ၂၅ ရွက် ပေးထားရာ "ဘာလို့ ဒွေတွေ ဒီလောက် အများကြီး ပေးထားရသလဲ၊သူ့ဒိုး ဒမြ အတိုက်ခံရအောင်လို့လား" ဟု ဆိုလေ၏။

သာသနာ့ရိပ်သာပူဇော်ပွဲ

သမ္မတအိမ်တော် ပူဇော်ပွဲ ပြီးသည့်နောက် သာသနာ့ရိပ်သာက တပို့တွဲလဆုတ် ၇ ရက်နေ့တွင် ပူဇော်ပွဲ ကျင်းပပြုလုပ်ကြ၏။ ထိုပူဇော်ပွဲကား ဘာသာရေး အသင်းအဖွဲ့ပေါင်းများစွာ ပါဝင်သော ပူဇော်ပွဲကြီးဖြစ်ရကား အလွန်ကြီးကျယ်ခမ်းနားလေ၏။ နံနက် ၁၀ နာရီက ပူဇော်လိုက်ကြသည်မှာ ည ၆ နာရီ ထိုးချိန်အထိ အဆုံးမသတ်သေး၊ အချိန်မရှိတော့သဖြင့်သာ အဆုံးသတ်လိုက်ကြရတော့သည်။

မာရ်နတ်နှင့်စစ်ထိုးပွဲ

သာသနာ့ရိပ်သာ ပူဇော်ပွဲအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ်သည် အရှင်ဝိစိတ္တသာရာဘိဝံသ သိတင်းသုံးရာ သာသနမလဝိသောဓနီ သိမ်တော်ကြီးပေါ်သို့ သွားရောက်၍ ကန့်ကွက်ပြီး လျှင် အောက်ပါအတိုင်း အပြန်အလှန် လျှောက်ထားကာ စကား ပြောကြလေသည်။

(ဘုန်းကြီး) ဒကာကြီး၊ ကနေ့ပွဲဟာ ဘာပွဲလဲ။

(ဝန်ကြီးချုပ်) ဟာ-တပည့်တော်တို့က အရှင်ဘုရားကို ချီးမြှောက် ပူဇော်တဲ့ပွဲပေါ့၊ အရှင်ဘုရားက ဘာ ပြောချင်လို့လဲ။

(ဘုန်းကြီး) ဦးပဉ္စင်းကတော့ ဒကာကြီးတို့ရဲ့ ယနေ့ပွဲဟာ မာရ်နတ်နဲ့ ခံစစ်တိုက်ရတဲ့ပွဲလို့ ပြောချင်တယ်။

(ဝန်ကြီးချုပ်) ဟာ-ဒါ ဦးပဉ္စင်းက တပည့်တော်တို့ရဲ့ စေတနာကို ရှုံ့ချတာလား။

(ဘုန်းကြီး) ရှုံ့ချတာ မဟုတ်ပါဘူး ဒကာကြီး၊ ပဓာနသုတ်မှာ မြတ်စွာဘုရားက ဟောကြားတယ်။

ကာမာ တေ ပဌမာ သေနာ၊ မာရော်ဟယ်-မာရ်နတ်၊ ကာမာ-ဝတ္ထုကာမ အဝဝတို့သည်၊ တေ-သင်၏၊ ပဌမာ သေနာ-ရှေးဦးစွာ လွှတ်လိုက်သော တပ်ကြီးဘဲလို့၊ မြတ်စွာဘုရားဘက်က

http://www.dhammadownload.com

ကြည့်လျှင်, သာသနာတော်ဘက်က ကြည့်လျှင် သင်္ကန်းရယ်, ဆွမ်းရယ်, ကျောင်းရယ်, ဆေးရယ် ဒီပစ္စည်းလေးပါးသည် မာရ်နတ်မင်း လွတ်လိုက်တဲ့ မာရ်နတ်မင်းရဲ့ တပ်ကြီး(၁၀)တပ်မှာ ပဌမဆုံးတပ်လို့ မြတ်စွာဘုရား ပဓာနသုတ်မှာ ဟောထားတယ် ဒကာကြီး၊ ယနေ့ လူဒါန်းကြတယ်ဆိုတဲ့ ရဟန်းတို့ ဆိုင်ရာ သင်္ကန်းပစ္စည်း, ဆွမ်းပစ္စည်း, ကျောင်းပစ္စည်း, ဆေးပစ္စည်း, ဝိနယပူဇာ အနာမာပစ္စည်းတွေဆိုတာ ရဟန်းတော်များအနေနဲ့ ကြည့်လျှင်, ဒါ ကာမဝတ္ထုတွေ မာရ်နတ် လွတ်လိုက်တဲ့ ပဌမ တပ်ကြီးပါလို့၊ အဲဒီ တပ်ကြီးကို ဦးပဉ္စင်း ယနေ့ ခံစစ်ဆင်ရပါတယ်၊ ထိုးဝင်လာတဲ့ မာရ်နတ်ရဲ့ တပ်ကြီးများကို မကြာခင် တိုက်စစ်ဆင်၍ အပြင်ကို အကုန်ထုတ်ပစ်မယ် ဒကာကြီး။"

ဟူ၍ ဖြစ်ပါသည်။ အရှင်ဝိစိတ္တသာရာဘိဝံသသည် ထိုပူဇော်ပွဲကလာသော လူဖွယ်ဝတ္ထုမျိုးစုံတို့ကို မင်းကွန်းသို့ ရောက်လျှင် တောင်ရိုးရှိဆရာတော် သံဃာတော် သီလရှင် ဆရာကြီးများသို့ ဝေငှ လူဒါန်းခဲ့လေသည်။ ဝိနယဓရ ဆရာတော်ဟုသာ အမည်ကျော်သော်လည်း ဆရာတော်သည် ရိုးရိုးကုတ်ကုတ်ကလေး နေခြင်းဖြင့်သာ အားရကျေနပ်တင်းတိမ်တော်မူခဲ့ပါသည်။

ဆဋ္ဌသံဂါယနာတင်ရန် ,
ပေါ်ပေါက်ဖို့အကြောင်းဖြစ်ခဲ့ပြီး

ဤသို့လျှင် အရှင်ဝိစိတ္တသာရာဘိဝံသ၏ အလွန်အလွန် သာယာနာပျော်ဖွယ် ကြည်ညိုဖွယ် ကောင်းလှသော အသံတော်ကို နာခံကြည်ညိုရသော နိုင်ငံတော် ဝန်ကြီးချုပ်သည် ထိုအရှင်၏ နောက်နောက် ဖြေဆိုလတ္တံ့သော စာပြန်ပွဲများတွင်လည်း ဂုဏ်ထူးတော် အထပ်ထပ်ဖြင့်သာ အောင်မြင်တော်မူလိမ့်မည်ဟု ယုံကြည်သဖြင့် ဗုဒ္ဓသာသန နုဂ္ဂဟအဖွဲ့, ဥက္ကဋ္ဌကြီး ဆာဦးသွင်အား "ဘကြီးသွင်၊ ဆဋ္ဌသံဂါယနာတင်ပွဲကြီး ကျင်းပရလျှင် ကောင်းတော့မည်"ဟု ပြောကြားရာ၊ ဥက္ကဋ္ဌကြီးကလည်း မိမိ သားရဟန်း၏ အစွမ်းသတ္တိကို သိသည့်အတိုင်း မူလကပင် ရည်မှန်းချက်ရှိသည့်အတွက် "သံဂါယနာတင်ပွဲကြီးကို ဖြစ်မြောက်အောင် ဆောင်ရွက်ပါ"ဟု တိုက်တွန်းခဲ့လေသည်။ သူဌေးကြီး ဆာဦးသွင်သည် သူ့ဦးဇင်း ဝိနယဓရ ဖြစ်တော်မူသဖြင့် အားရဝမ်းသာဖြစ်သည်မှာ မပြောပြလောက်အောင်ပင် ဖြစ်ရာ၊ သူ့ဦးဇင်း တိပိဋကဓရ ဖြစ်လျှင် သူကိုယ်တိုင် ပုခုံးနှင့်ထမ်းကာ ဓာတ်ပုံရိုက်ထားမည်ဟုပင် နှုတ်မှ ထုတ်၍ ကြေညာလိုက်လေသည်။

http://www.dhammadownload.com

ကျေးငှဲးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ပဉ္စမဆယ်နှစ် ဂုဒ္ဓသာသနပိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆဋ္ဌသံဂီတိ ဝိဿဇ္ဇက ဆရာတော် ပြစ်တော်ခဲ့ (၁၃၁၃-ခု၌ ၁၃၂၃-ခုအထိ)

ဝင်ရောက်နိုင်ရန်အတွက် အဘိဓမ္မာ (၇) ကျမ်း ရှိသည်တွင် ရှေ့ပိုင်း အဘိဓမ္မာ (၅) ကျမ်း (၁-ဓမ္မသင်္ဂဏီ၊ ၂-ဝိဘင်း၊ ၃-ဓာတုကထာ၊ ၄-ပုဂ္ဂလညတ်၊ ၅-ကထာဝတ္ထု)တို့ကို ကျက်မှတ် အားထုတ်တော်မူခဲ့သည်။

၁။ ဓမ္မသင်္ဂဏီ ပါဠိတော်မှာ စာမျက်နှာပေါင်း (၂၉၈) မျက်နှာ

၂။ ဝိဘင်း ပါဠိတော်မှာ စာမျက်နှာပေါင်း (၄၅၃) မျက်နှာ

၃။ ဓာတုကထာ ပါဠိတော်မှာ စာမျက်နှာပေါင်း (၁၀၀) မျက်နှာ

၄။ ပုဂ္ဂလ ပညတ္တိ ပါဠိတော်မှာ စာမျက်နှာပေါင်း (၈၅) မျက်နှာ

၅။ ကထာဝတ္ထု ပါဠိတော်မှာ စာမျက်နှာပေါင်း (၄၅၄) မျက်နှာ

တို့ဖြင့် အဘိဓမ္မာ ရှေ့ပိုင်း (၅) ကျမ်း၊ စာမျက်နှာပေါင်း (၁၃၉၀) တို့ကို ကျက်မှတ်တော်မူ၏။

အဘိဓမ္မာ ပါဠိတော်ကြီးကို ကျက်မှတ်ရာတွင် ဆောင်ပုဒ်များ၊ လင်္ကာများ ရေးစီ၍လည်း အစဉ်အတိုင်းကျအောင် လမ်းစရအောင် ရေးမှတ်၍လည်း ကျက်တော်မူပါသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ပါဠိတော်ကိုသာ ကြည့်၍ ကျက်မှတ်သည် မဟုတ်။ စာပြန်နှာသောအခါများတွင် အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကို ကြည့်တော်မူလေ့ရှိ၏။ ကြည့်သောအခါမှာလည်း အဋ္ဌကထာဆရာ၏ မိန့်ဆိုဖွင့်ဟချက်တို့ကို သဘောကျ နှစ်ခြိုက်မှု ရှိသဖြင့် ခေါင်းတငြိမ့်ငြိမ့်နှင့် နေတော်မူလေသည်။

စတုတ္ထအကြိမ်မြောက် တိပိဋက ရွေးချယ်ပွဲကြီးသို့

၁၃၁၃-ခု နှစ်တော်လဆုတ်တွင် စတုတ္ထအကြိမ်မြောက် တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ

အဘိဓမ္မာရှေ့ငါးကျမ်းကျက်တော်မူခြင်း

အရှင်ဝိစိတ္တသာရာဘိဝံသသည် ရန်ကုန်မြို့မှ ချီးကျူးပွဲများ ကျင်းပပြုလုပ်ပြီးစီးသောအခါ မိမိနေရင်း ဌာနေဖြစ်သော မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ ပြန်ကြွတော်မူကာ စတုတ္ထအကြိမ် ကျင်းပမည့် တိပိဋကရေ ရွေးချယ်ရေး စာမေးပွဲ

http://www.dhammadownload.com



အဘိဓမ္မာပိဋကဖြေဆိုတော်မူစဉ်က
အရှင်ဝိစိတ္တသာရာဘိဝံသအား
ဖူးတွေ့ရပုံ



စကုတ္ထအကြိမ်မြောက် တိပိဋကဓရစာပြန်ပွဲတွင်အောင်မြင်တော်မူသည့် အရှင်ဝိစိတ္တသာရာ
ဘိဝံသအားသမတအိမ်တော်၌ အောင်လက်မှတ်နှင့် အောင်လံတော်များ ဆက်ကပ်နေစဉ်

http://www.dhammadownload.com

ကြီး ဖြေဆိုရန်အတွက် အရှင်ဝိစိတ္တသာရာဘိဝံသသည် အရိယမဂ္ဂင် ဆရာတော်ကြီး၊ အရှင်ကောဏ္ဍညတို့နှင့်အတူ ရန်ကုန်မြို့သို့ ကြွတော်မူသည်။

စတုတ္ထအကြိမ် တိပိဋကဓရ ဂွေးချယ် ရေးစာပြန်ပွဲသည် ၁၃၁၃-ခု နတ်တော်လဆုတ် ၁၀-ရက်နေ့၊ နံနက် ၇ နာရီတွင် စတင်ကျင်းပပါသည်။ ပြာသိုလပြည့်ကျော် ၂ ရက်နေ့တွင် ပြီးဆုံးပါသည်။တဖန် ပြာသိုလပြည့်ကျော် ၃-ရက်မှစ၍ သဘော ရေးဖြေပွဲကို စတင်ဖြေဆိုတော်မူကြရာ လပြည့်ကျော် (၇)နေ့တွင် ဖြေဆိုပြီးစီးတော်မူပါ၏။

ဂုဏ်ထူး နှစ်ဆင့်ဖြင့် အောင်မြင်တော်မူခြင်း

အရှင်ဝိစိတ္တသာရာဘိဝံသသည် ၁၃၁၃-ခုနှစ်၊ ၄-ကြိမ်မြောက် တိပိဋကဓရ ဂွေးချယ်ပွဲကြီးတွင် အဘိဓမ္မာ ရှေ့ပိုင်း ၅-ကျမ်း အာဂုံပြန်ဆိုပွဲ၌ အထောက်အမ လွတ်ကင်းစွာ ပြန်ဆိုနိုင်ခဲ့၍ ဂုဏ်ထူးနှင့် အောင်မြင်တော်မူပြီးလျှင်၊ သဘော ရေးဖြေပွဲတွင်လည်း အမှတ် ရာခိုင်နှုန်း ၉၄%ရရှိတော်မူသောကြောင့် ဂုဏ်ထူးနှင့်တကွ အောင်မြင်တော်မူလေသည်။

နိုင်ငံတော် သမ္မတ အောင်လက်မှတ် ဆက်ကပ်

အရှင်ဝိစိတ္တသာရာဘိဝံသအား အဘိဓမ္မာ ရှေ့ပိုင်း ၅ ကျမ်းကို ပြန်ဆို အောင်မြင်သဖြင့် ၁၃၁၃-ခု တပို့တွဲလဆုတ် ၆ ရက်နေ့တွင် နိုင်ငံတော် သမ္မတအိမ်တော်တွင် မင်းပွဲ အခမ်းအနားဖြင့် အသိအမှတ်ပြု အောင်လက်မှတ်တော် ဆက်ကပ်ခြင်းကို ခံယူရတော်မူလေသည်။

သာသနာ့ရိပ်သာ ချီးကျူးပွဲ

ရန်ကုန်မြို့၊ သာသနာ့ရိပ်သာမှာလည်း ၁၃၁၃ တပို့တွဲလဆုတ် ၇ ရက်နေ့တွင် အသင်းအဖွဲ့ပေါင်းစုံ၊ ဆေးဆရာအဖွဲ့၊ သမ္မာယုဝသင်္ဃာအသင်းစသော အသင်းအဖွဲ့ပေါင်း ၂၈ သင်း ပါဝင်လျက် ပစ္စည်း ဝတ္ထု လူဖွယ်များစွာ၊ ဩဘာစာ-ချီးကျူးလွှာ အမျိုးမျိုးတို့ ရွတ်ဖတ်ကာ ချီးကျူးပူဇော်ကြလေသည်။

မဟာဗုဒ္ဓဝင်ကျမ်းကြီးရေးသားရန် ပထမအကြိမ် ပန်ကြားခြင်း

၁၃၁၃-ခုနှစ်မှာပင် နိုင်ငံတော် ဝန်ကြီးချုပ်သည် မိမိနေအိမ်၌ ဘုရားဝတ်ရုံတော် ကျောင်းဆောင်သစ်ဖွင့်ပွဲ ပြုလုပ်ကာ မိမိအား ဓမ္မပဏ္ဏာအဖြစ် ပေးအပ်ထားသော အမြို့မြို့ အရွာအရွာ အတိုင်းတိုင်း အပြည်ပြည်မှ ဗုဒ္ဓမြတ်စွာရပ်မွားဆင်းတုတော်များကို အနေကဇာတင်သော အခမ်းအနား တရပ်ကို ကျင်းပခဲ့လေသည်။ ထိုအခမ်းအနားသို့ ဝိနယဓရဖြစ်တော်မူသော အရှင်ဝိစိတ္တသာရာဘိဝံသလည်း ကြွတော်မူသည်။

ထိုစဉ်တွင် ဝန်ကြီးချုပ်က မဟာဗုဒ္ဓဝင်ကျမ်းကြီး တစ်ကျမ်း ရေးသားတော်မူပါဟု လျှောက်ထားရာ အရှင်ဝိစိတ္တသာရာဘိဝံသက "မကြာမီ ကျင်းပပြုလုပ်မည့် ဆဋ္ဌသံဂါယနာ မဟာဓမ္မ သဘင်ကြီး၌ တိပိဋကဓရ ပုဂ္ဂိုလ်တစ်ပါး အဖြစ် ပါဝင်၍ ခန့်အပ်သော တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်ရေးအတွက် ဆဋ္ဌသံဂါယနာအမိ တိပိဋကဓရ အဖြစ် ဝင်ရောက် အားထုတ်ရန် တာဝန်ကျန်ရှိပါသေးသည်"ဟု အကြောင်းပြဖြင့် မဟာဗုဒ္ဓဝင်ကျမ်းကြီး ရေးသားရန်ကို ငြင်းပယ်ခဲ့ပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်သည် အရှင်ဝိစိတ္တသာရာဘိဝံသအား တောင်းပန်၍ မရသည်ရှိသော် အားမလျော့ဘဲ မေမာဝီ ဆရာဆိုင်ကြီးသို့ တာဝန်ပေးအပ်ကာ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို ပြုစုစေခဲ့ပါသည်။ ထိုဆရာကြီးမှာ လပိုင်းမျှသာ ဆောင်ရွက်နိုင်သဖြင့် ဆရာဆိုင်မှတဖန် မဟာပညာဗလ ဦးကြီး

http://www.dhammadownload.com

ဖေသို့ တတန်လွှဲရပြန်သည်။ ဦးကြီးဖေ လက်မှ တဖန် အဂ္ဂမဟာပဏ္ဍိတ ဆရာကြီး ဦးလင်း လက်သို့ ရောက်ရှိကာ တနှစ်ခွဲခန့် ရေးသားပြုစုခဲ့လေသည်။

အဘိဓမ္မာ ဒုတိယပိုင်း ဖြေဆိုရန်

အရှင်ဝိစိတ္တသာရာဘိဝံသအဖို့ ၁၃၁၄ ခုနှစ် ပဉ္စမအကြိမ် တိပိဋကဓရ ရွေးချယ်ပွဲ ဝင်ရေးအတွက် လွှစ္စာခက်ခဲစွာ ကျက်မှတ်ခဲ့ရလေသည်။ဤစာမေးပွဲ၌ ယမိုက် ပါဠိတော်ကြီး (၃)အုပ်နှင့် ပဋ္ဌာန်းပါဠိတော်ကြီး (၅)အုပ်တို့ကို ဖြေဆိုရမည် ဖြစ်သည်။ ယမိုက် ပါဠိတော်ကြီး (၃) အုပ်မှာ စာမျက်နှာအားဖြင့် ပထမတွဲ (၂၆၅-မျက်နှာ)၊ ဒုတိယတွဲ (၃၁၆-မျက်နှာ)၊ တတိယတွဲ (၂၆၅-မျက်နှာ)၊ စုစုပေါင်း (၈၄၆-မျက်နှာ) ရှိလေ၏။ ယမိုက်ပါဠိတော်ကြီးကို အရှင်ဝိစိတ္တ သာရာဘိဝံသသည် ပဌမကြီးတန်း ဖြေတော်မူစဉ်ကလည်း အကြိမ်ကြိမ် နှုတ်လွတ်ဆောင်ပြီး ဖြစ်၏။ တဖန် သကျသီဟ စာသင်တန်း ဝင်စဉ်အခါမှာလည်း ကရားရေလွတ် တွတ်တွတ်ရွတ်အံပြန်ဆိုနိုင်ပြီး ဖြစ်၏။ သို့ဖြစ်၍ ယခု တိပိဋကဓရ စာမေးပွဲ အတွက်ကား အခက်မတွေ့တော့ပေ။

အခက်တွေ့နေမှာကား ပဋ္ဌာန်း ပါဠိတော်ကြီး (၅)အုပ်ပင် ဖြစ်သည်။ ဤပဋ္ဌာန်းပါဠိတော်ကြီး (၅)အုပ်ကား စာမျက်နှာပေါင်း (၂၆၄၀) ရှိလေသည်။ ဤကျမ်းကြီးကား "ကျမ်းကြီး ပဋ္ဌာန်း" ဟု စာချိုးနှင့်အညီ ကျမ်းကြီးတွင် အခက်ဆုံးကျမ်း ဖြစ်လေရာ ဝရဇိန်ဉာဏ်ရှင်မှ စူးရှထွင်းဖောက်သိမြင်နိုင်မည် ဖြစ်သည်။

အထူးအားဖြင့် ပဋ္ဌာန်းကျမ်းကြီး ကျက်စဉ်မှာ အထက်ပိုင်းရောက်တော့ ကျက်မှတ်၍မရအောင် ဖြစ်နေသည်။ ပဋ္ဌာန်းကျမ်းကြီးမှာ တိက်ပုဒ်ပေါင်း ၆၆-ပုဒ်၊ ဒုက်ပုဒ်ပေါင်း ၂၀၀-တို့ကို နည်းမျိုးစုံရော၍ ဧကမူ, ဒွိမူ စသည်ဖြင့် ဟောထားသော ကျမ်းဖြစ်ရာ သဘောမပေါက်လျှင် မည်သို့မျှ ကျက်မရပါ။ ဆရာတော်မှာ စာမကျက်သေးဘဲ ပုတီးလေးတစ်ကုံးဖြင့် ၂-ရက်၊ ၃-ရက်လောက် အသွားအလာ မူလမူလီအနေအထားကို စဉ်းစားကြံစည်ပါသည်။ သဘောပေါက်တော့မှ တပည့်များကို "ကဲ-စာအုပ်ကြည့်တော့"ဟုဆိုကာ တန်းပြန်သွားပါသည်။

မှန်အုပ်ကြီးလေးချပ်

အရှင်ဝိစိတ္တသာရာဘိဝံသ ပဋ္ဌာန်းကျက်လို့ ပြန်လို့ကောင်းတုန်းအချိန် ၁၃၁၄-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်နေ့တွင်လည်း မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းကြီး၏ သာသနာ့ဗိမာန်ကြီး စတင်အုတ်မြစ်ချဖို့ကိစ္စကြီးကို စွမ်းရည်ပြည့်ဝသော သားသမီးများကိုသာ စိတ်ချလက်ချခိုင်းလိုကြသည်။ အသင်းကြီးကလည်း အရေးကြီးသည့် သာသနာ့ဗိမာန်ကြီးပန့်ကျပွဲတွင် အသင်းကြီး၏ သားတော်များတွင် စွမ်းရည် အထက်မြက်ဆုံးဖြစ်သော အရှင်ဝိစိတ္တသာရာဘိဝံသကိုသာ တရားဓမ္မ ဟောခိုင်းပြီး သားတစ်ပါး၏ စွမ်းရည်ကို လူပုံအလယ်ပြ၍ ဂုဏ်ယူလိုကြသည်။ အသင်းဥက္ကဋ္ဌကြီးက အရှင်ဝိစိတ္တသာရအား တရားဟောဖို့ တောင်းပန်သောအခါ မိ,ဖအလိုက်သိတတ်သော သားကောင်းတစ်ယောက်ပမာ အသင်းကြီး၏ အလိုလိုက်လက်ခံကာ တရားဟောပေးပါသည်။

တရားဟောရာတွင်လည်း ကိန်းကျေဝတ်ကျေ ပြီးစလွယ် ဟောနည်းမျိုးမဟုတ်ပါ။ အသင်းလူကြီး နန္ဒဝန်ဦးဘတင်က ကုသိုလ်ရှင်များ၏ အလှူစာရင်းကို ဖတ်ကြားပြီးသောအခါ "ဤသာသနာ့ဗိမာန်ကြီးအတွက် ဘုန်းကြီးကလည်း မှန်အုပ်ကြီး

http://www.dhammadownload.com

လေးချပ် လှူဒါန်းပါမည်"ဟု စကားပလွှင့်ခံကာ သစ္စာလေးပါး တရားအချက်ပြ ခမ္မစက္ကပဝတ္တနသုတ္တန် ကြီးကို နိဒါန်းနှင့်တကွ လေးနာရီကျော်မျှ အားရပါးရ ဟောတော်မူပါသည်။ ၁၀-ခန်း X၁၂ခန်းမဏ္ဍပ်ကြီး အပြည့် ရှင်ရော လူရော ဆိတ်ငြိမ်စွာ နာကြားကြပါသည်။

ပဋ္ဌမအကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကြီး

၁၃၁၄-ခုနှစ် နတ်တော်လဆန်း ၁၄-ရက်နေ့တွင် တရားပွဲအပြီး ပြာသိုလဆန်း ၁၃-ရက်တွင် ပဋ္ဌမအကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးကို ကျင်းပပြုလုပ်သည်။ ထိုစာမေးပွဲကြီး၌ နောက်ပိုင်း အဘိဓမ္မာပိဋက ယမိုက်, ပဋ္ဌာန်း စာမျက်နှာပေါင်း (၃၅၉၈) မျက်နှာကို အထောက်အမ လွတ်ကင်း သန့်ရှင်းပီသစွာ ပြန်ဆို နိုင်၍ ဂုဏ်ထူးဖြင့် အောင်မြင်သည်။ သဘောရေးဖြေဌာနလည်း ကျမ်းတိုင်းမှာပင် နေ့စဉ် ရာခိုင်နှုန်း ၈၉-မှတ်ရရှိသဖြင့် ဂုဏ်ထူးဖြင့် အောင်မြင်သည်။

စာများလွန်း၍ နှစ်ပိုင်းခွဲထားသော အဘိဓမ္မာပိဋကအား လုံး ပြီးစီးအောင်မြင်၍ "ဝိသိဋ္ဌ အာဘိဓမ္မိက, မဟာအဘိဓမ္မာကောဝိဒ"ဟူသော ဘွဲ့လက်မှတ်နှင့် တံဆိပ်တော်ကို အလှူခံရသည်။ ပိဋကနှစ်ပုံ သဘောရေးဖြေ အောင်ပြီးဖြစ်၍ အရိုးဝါကနက်ကဒဏ်ထီးဖြူ နှစ်လက် ပါရှိသော သာသနာ့အောင်လံတော်ကိုလည်း နိုင်ငံတော်အစိုးရက လှူဒါန်းလေသည်။ အသင်းအဖွဲ့ပေါင်းစုံကလည်း အကြီးအကျယ် ချီးကျူးပူဇော်ကြပြန်သည်။

မောင်ကံညွှန့်သို့ ပေးစာတစောင်

အဘိဓမ္မာ ပိဋက ဖြေဆိုတော်မူပြီး အောင်စာရင်း ထွက်ပြီးစတွင် မိမိ၏ ညီတဝမ်းကွဲ (မိခင် ဒေါ်ဆင်၏ ညီမဒေါ်ယုံ၏သား) မောင်ကံညွှန့်ထံသို့ ပေးပို့သော အရှင်ဝိစိတ္တသာရာဘိဝံသ၏ စာတစောင် ကို ဤ၌ ဖော်ပြလိုပါသည်။ ဆရာတော်၏ စာမှာ-

၁၃၁၄-ခုနှစ်၊ တွဲဆန်း ၁၃။

ကံညွှန့်ရေ၊

ယခု စာရောက်ချိန်မှာ မင်းတို့အဘို့ ဦးဇင်း ဂုဏ်ထူး ၂ ဆင့်ဖြင့် စာအောင်ပြီးကြောင်း သတင်းကောင်းကြားပြီး ဖြစ်ချင်လျှင်ဖြစ်ပါလိမ့်မည်။ အကြောင်းစုံလင်စွာ စာပေးရမည့် ဝတ်တရားအတိုင်း ယခုစာကို လပ်၍ ပေးလိုက်သည်။ ယခုစာရလျှင် စာပါအကြောင်းများကို ဆွေမျိုးအားလုံးအား မင်းကဘဲ တဆင့် ပြောပြပါကွာ။ (ခင်မောင်ကို အစဆုံး ပြောပါကွာ)။ ယခု စာအောင်ခြင်းကား ဒွိပိဋကဓရ ဖြစ်သော အောင်ခြင်းတည်း။ လာမည့်နှစ်မှာ တိပိဋက ပန်းတိုင်သို့ အသာကလေးဖြင့် ရောက်တော့မည်။ ယခုနှစ်လောက် ပင်ပန်းဘွယ် မရှိတော့ဘူး။ ။ ယခုနှစ် ပခုက္ကူ ဦးကောဝိဒ ရှေ့ပိုင်း အဘိဓမ္မာ ၅ ကျမ်း ရိုးရိုးပင် အာဂုံရော သဘော ရေးဖြေပါအောင်သည်။ ဦးဇင်းမှာ အထက်ပိုင်း အဘိဓမ္မာ ၂ ကျမ်းကို (အာဂုံမှာ ဝိသိဋ္ဌ-ဂုဏ်ထူးဖြင့်။ သဘောရေးဖြေ ၄ ရက်မှာ အောင်မှတ် ၉၆။ ၁၀၀။ ၈၉။ ၁၀၀။ ရသည့်အတွက် မဟာဂုဏ်ထူးဖြင့် အောင်ပြီး။ ယမန်နှစ်က ရှေ့ပိုင်းရော ယခုနှစ် အထက်ပိုင်းရော ဂုဏ်ထူးဖြင့်ချည်း အောင်မြင်သည့်အတွက် (ဗုဒ္ဓသာသနဝိသိဋ္ဌအာဘိဓမ္မိက၊ မဟာအဘိဓမ္မာကောဝိဒ) တံဆိပ်နှင့် (အရိုးဝါကနက္ကဒဏ် ထီးဖြူ ၂ လက်၊ ကြက်ခြေခတ်အမှတ်ပါသော သာသနာ့အောင်လံကို) အစိုးရက လှူဒါန်းလိမ့်မည်။ တိုတိုပြောရလျှင်ကား ယခုနှစ် အောင်ပွဲကား ဦးဇင်း၏ အောင်ပွဲဖြစ်သဖြင့် ဝိနည်းအောင်တုန်းကလို မင်းနှင့် ခင်မောင် ဖြစ်သလို ချီးကြူးပွဲအမှီ လာခဲ့ကြကွာ။ ဒါထက် အရိုးတုတ်ကြီးကိုလဲ လိုက်မယ်ဆိုလျှင် မင်းတို့က စောင့်ရောက်ခေါ်ခဲ့ပါ။ အလွန်ပါစေချင်သည်။ တပေါင်းလပြည့်ကျော် တရက်လောက်မှာ

http://www.dhammadownload.com

ချီးကြူးပွဲ လုပ်လိမ့်မည်။ (၀ါ-မတ်လဆန်းမှာ လုပ်လိမ့်မည်) ရက်သေချာသောအခါ မင်းတို့ထံ စာရေးပါမည်။ ယခု စာရက မင်းတို့ ဘယ်လို စိတ်ကူးတယ်ဆိုတာ ငါ့ထံ စာအမြန်ပြန်ပါ။ ဘယ်နည်းနဲ့ မဆို ခင်မောင်နှင့်မင်းတော့ လာဖြစ်အောင် လာကြကွာ။ ဘာကြောင့်လဲဆိုတော့ ယခုနှစ် စာအောင်ရတာ ဦးဇင်းအဖို့ စာပြန်တုန်းကတခါ စာဖြေတုန်းကတခါ အနာနှစ်ခါဖြစ်ပြီး နှစ်ကြိမ်တိုင်တိုင် ဖောက်ခွဲ ဆင်းရဲကြီးစွာဖြင့် အောင်ရသည့်အတွက် ငါ့ညီများကို နောင်တော်၏ ဖွဲ့နှင့်ပွဲကို မြင်စေချင်သည့်အတွက် ဖြစ်သည်။ စာပြန်ပါကွာ။ ကဲ-တော်သေးပြီ။ဒို့ညီအကို တွေ့ကြတဲ့အခါကျမှ အကြောင်းစုံပြောပြမည်။

နောင်တော် ဦးဇင်း။ သာသနရိပ်သာ
ဟာမစ်တိတ်လမ်း၊ ကုပ်ကိုင်း၊ ရန်ကုန်။

ဆဋ္ဌသံဂါယနာလုပ်ငန်းများ

တိပိဋကဓရ စာမေးပွဲကြီးကား ဆဋ္ဌသံဂါယနာသို့ ရှေ့ရှုသော စာမေးပွဲကြီးဖြစ်သည်။ ထို အချိန်တွင် အရှင်ဝိစိတ္တာသာရမှာ ဝိနည်းနှင့် အဘိဓမ္မာ ပိဋကနှစ်ပုံ အောင်ပြီးဖြစ်၍ ကျန်သုတ္တန်ပိဋက အတွက် အားထုတ်ရင်း၊ ကင်း၍မဖြစ်သော ဆဋ္ဌသံဂါယနာ၏ အကြိုကိစ္စများကိုလည်း ပြုလုပ်ရသေးသည်။ တစ်နိုင်ငံလုံး မြို့နယ်အလိုက် ပါဠိဝိသောဓက အဖွဲ့ကလေးများ ဖွဲ့စည်း၍ တာဝန်ကျရာကျမ်းစာကို ပြုပြင်သုတ်သင်ရသည်။

မင်းကွန်း ပါဠိဝိသောဓကအဖွဲ့က ဝိနည်းမဟာဝါပါဠိတော် သုတ်သင်ပြင်ဆင်ရန် တာဝန်ကျသည်။ အရှင်ဝိစိတ္တာသာရကား ထိုအဖွဲ့တွင် အကျိုးဆောင် ဖြစ်သည်။ အဖွဲ့ဝင် အရာတော်များအား မိမိတို့အဖွဲ့က တာဝန်ကျသော မဟာဝါပါဠိတော်ကြီးကို တစ်အုပ်လုံး အရကျက်ဖို့ရန် တောင်းပန်နှိုးဆော် အားပေးခဲ့သည်။ တောင်းပန်သည့်အတိုင်းပင် ဥက္ကဋ္ဌ ဆရာတော်များ တစ်ကျမ်းလုံး ကျက်ကာ နှုတ်ရဆောင်တော်မူကြသည်။

မိမိတို့အဖွဲ့က တာဝန်ကျသည့် သန့်ရှင်း အောင်သုတ်သင်ပြီးသော ဝိနည်းမဟာဝါ ပါဠိတော် စာမျက်နှာ ၅၂၈-မျက်နှာကို (နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့သို့ တဆိပ်ခေါင်းတစ်လုံး စက္ကူတစ်ရွက်မျှ မတောင်းရမ်းဘဲ)-

(၁) မူသန့်, မူကောင်းရစေရန်။
(၂) မိမိလက်နှိပ်စက်ကို ဘုရားရှင်စကားတော်အား ပူဇော်ရန်။
(၃) မိမိ၏ကိုယ်အား,လုပ်အား, ဉာဏ်အားသုံးပါးတို့ဖြင့် ဆဋ္ဌသံဂါယနာဝန်ကိုထမ်းဆောင်ရန်။

ဤရည်သန်ချက်များဖြင့် ကိုယ်တိုင်အပင်ပန်းခံပြီး လုပ,သန့်ရှင်းစွာ ရိုက်နှိပ်၍ အဖွဲ့ကြီးသို့ အပ်နှံလိုက်သည်။ ထိုစာမူကို သမိုင်းဝင်ပစ္စည်းတစ်ခုအနေဖြင့် ရိုသေစွာ သိမ်းထားကြောင်း သိရပါသည်။

ပါဠိတော် သန့်စင်ရေး သုံးဖွဲ့

ဆဋ္ဌသံဂါယနာ ရှေ့ပြေးပါဠိတော်များကို သန့်ရှင်းအောင် သုတ်သင်ရာတွင် အဖွဲ့သုံးဖွဲ့ထား၍ သုတ်သင်သည်။

(၁) မူလပါဠိ ဝိသောဓကအဖွဲ့၊
(၂) ပဋိပါဠိ ဝိသောဓကအဖွဲ့၊
(၃) သြသာနသောဓေယျ ပတ္တပါဌက အဖွဲ့များ ဖြစ်ကြသည်။

မူလဝိသောဓကအဖွဲ့က ကိုယ့်ဒေသမှာပင် စုပေါင်း၍ သုတ်သင်မှုပြုလုပ်ပြီး ရန်ကုန်ဗုဒ္ဓသာသနအဖွဲ့သို့ ပေးပို့ရသည်။ ထိုသို့ မူလဝိသောဓကအဖွဲ့မှ ပေးပို့သော စာမူများကို ပဋိဝိသောဓကအဖွဲ့က ထပ်မံသုတ်သင်ရပြန်သည်။ ထိုအဖွဲ့ဝင် ဆရာတော်များမှာ နိုင်ငံတော်တွင် ပရိယတ္တိ စာပေအရာ ထင်ရှားကျော်စောသည့် ဆရာတော်များ

http://www.dhammadownload.com

ဖြစ်သည်။ ရန်ကုန်မြို့သို့ ပင့်ဆောင်၍ လုပ်ငန်းဆောင်ရွက်စေကြပါသည်။

အရှင်ဝိစိတ္တသာရာ ဘိဝံသကား မူလဝိသောဓကတွင်လည်း ပါဝင်ပြီးလျှင် ပဋိဝိသောဓက အဖွဲ့ဝင် ဆရာတော် တစ်ပါးဖြစ်ပြန်ပါ၍ ၁၃၁၅-ခု၊ နယုန်လပြည့်ကျော် တစ်ရက်နေ့မှစ၍ သာသနာ့ရိပ်သာသို့ ကြွရောက်ပြီး မန္တလေးမြို့ တောင်ပြင် ပဋိဝိသောဓက ဆရာတော်များနှင့်အတူ အဖွဲ့မှ တာဝန်ပေးသော ဝိနည်းမဟာဝါပါဠိတော်ကြီးကို တဖန်ထပ်၍ သုတ်သင်ပြင်ဆင်ရပြန်ပါသည်။

အရှင်ဝိစိတ္တသာရကား ထိုလုပ်ငန်းကို တက်တက်ကြွကြွဆောင်ရွက်သည်။ အဖွဲ့ဝင် ဆရာတော်များအား ကြို့ကြို့ယို့ယို့ လက်အုပ်ကလေးချီကာ ချီကာ တောင်းပန်လျှောက်ထား၍ တစ်ဖွဲ့လုံး နံနက်ရော၊ နေ့ရော၊ ညပါ ကြိုးစားသုတ်သင် ပြင်ဆင်အောင် ဆောင်ရွက်ပေးပါသည်။ အဖွဲ့ချုပ်က တစ်လမျှလုပ်ရမည်ဟု ခန့်မှန်းထားသော မဟာဝါပါဠိတော် သုတ်သင်ပြင်ဆင်သည့်အလုပ် ၁၉-ရက်ဖြင့် ပြီးသွားလေသည်။

ကျန်သော ၁၀-ရက်အတွင်း ပရိဝါပါဠိတော်ကို ဆက်လက်သုတ်သင်ရန် တွဲဖက်အကျိုးတော် ဆောင် ဆရာတော် အရှင်ဝိသုဒ္ဓါဘိဝံသမဆေရိကတိုက်တွန်းတောင်းပန်သောအခါ အဖွဲ့ဝင် ဆရာတော်တို့ မဆုံးဖြတ်နိုင်အောင်ရှိရာတွင် အရှင်ဝိစိတ္တသာရာဘိဝံသက "တပည့်တော်များအဖွဲ့က တာဝန်ယူလိုက်လျှင်-

(၁) အဖွဲ့ချုပ်ကြီးမှာ နောက်ထပ် အဖွဲ့သစ်တစ်ဖွဲ့ကို ပင့်ရမည့် စရိတ်စက ၁၅၀၀-ကျော်မျှ သက်သာခြင်း၊

(၂) အခြားအဖွဲ့သစ်က ဆောင်ရွက်လျှင် ရက်ပေါင်း ၂၀ မျှကြာမည်၊ တပည့်တော်များအဖွဲ့က ဆောင်ရွက်လျှင် ၁၀-ရက်အတွင်း ပြီးနိုင်မည်ဖြစ်၍ နိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးမှာ တာဝန် တစ်ဝက် သက်သာခြင်း၊

(၃) ပရိဝါပါဠိတော်မှာ အများအားဖြင့် အောက်ဗါဠိတော်ကြီး လေးကျမ်းမှ စကားများကို ချုပ်ဟောထားသဖြင့် တပည့်တော်တို့အဖွဲ့က ဆောင်ရွက်လျှင် အောက်ပါဠိတော်ကြီးများနှင့် တသားတည်းညီညွတ်၍ ဘုရားအလိုတော်သို့ အများဆုံးရောက်နိုင်သည့် မူကောင်းမူသန့် ရရှိမည်ဖြစ်ခြင်း၊

ဤအကျိုးများကိုထောက်၍ တပည့်တော်များအဖွဲ့က လက်ခံသင့်ပါသည်"ဟု အကျိုးသုံးပါးပြ၍ တာဝန်ကိုလက်ခံရန် တောင်းပန် လျှောက်ထားသည်။ ထိုအခါ ဆရာတော်အားလုံး သဘောတူညီ၍ ပရိဝါပါဠိတော်ကြီးကို ဆက်လက်သုတ်သင်ရာ ခုနစ်ရက်အတွင်း ပြီးဆုံးလေသည်။

အရှင်ဝိစိတ္တသာရာဘိဝံသကား စာပေသုတ်သင်ပြင်ဆင်ရာ၌ စာအုပ်ကိုင်၍ကြည့်ရုံသာကြည့်နေသောသူမဟုတ်။ စာကိုဖတ်ရွတ်ခြင်း၊ မူကွဲရာ၌ ဆိုင်ရာပါဠို အဋ္ဌကထာ၊ ဋီကာ စသည်တို့ကို ဖျတ်ကနဲ၊ ဖျတ်ကနဲ ရှာဖွေပေးခြင်း၊ အားလုံးသဘောပေါက်အောင် ရှင်းပြခြင်း၊ အားလုံးသဘောတူသောအခါ မှတ်ချက်များကို မိမိကိုယ်တိုင် တိုက်ပရိုက်ရိုက်ခြင်း၊ အဖွဲ့ဝင်ဆရာတော်များအား မှတ်ချက်မိတ္တူများကို ရိုက်နှိပ်ဆက်ကပ်ခြင်း စသည်ဖြင့် နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့ကြီးနှင့်တကွ အဖွဲ့ဝင် ဆရာတော်များအားလုံး၏ စိတ်ဓာတ်ကို ကျေနပ်လောက်အောင် ဆောင်ရွက်ပေးပါသည်။

အဖွဲ့အစည်းဖြင့် ဆောင်ရွက်ရာတွင် တစ်ခါတရံ ထက်မြက်သည့် မဆေရိကြီးတစ်ပါးပြောလျှင် အားလုံးလက်ခံလေ့ရှိသည်။ ထိုမဆေရိကြီးက ကန့်ကွက်လျှင်လည်း ပျက်သွားတတ်သည်။ ဤသဘောကို အရှင်ဝိစိတ္တသာရာဘိဝံသ သတိပြုမိသည်။

http://www.dhammadownload.com

အရေးကြီးသောဆုံးဖြတ်ချက်တစ်ခု ချမည်ဆိုလျှင် ထိုအဖွဲ့တွင် စာပေဘက်၌ ထက်မြက်သော ဘုရားကြီး တိုက် အမရပူရ ဆရာတော်နှင့် ကြိုတင်ဆွေးနွေးထား လေ့ရှိသည်။ တစ်ခါတရံ ကိုယ်တိုင်လျှောက်ထား၍ တစ်ခါတရံ ထိုဆရာတော်အား အမိန့်ရှိပေးဖို့လျှောက် ထားသည်။ ဤသဘောကိုသတိပြုမိလျှင် မိမိကိုယ် အား ဉာဏ်အား အများကြီးသုံး၍ ပင်ပင်ပန်းပန်း ကြံစည်ထားသောအချက်များပင် အလွယ်တကူ အပယ်ခံရ၍ ပျက်သွားရပေသည်။

လင်္ကာဒီပေပိ နတ္ထိ, ဇမ္မူဒီပေပိ နတ္ထိ

တစ်ခါက သီဟိုဠ်ဆရာတော်များနှင့် မြန်မာ ဆရာတော်များ ရောနှောပါဝင်သော ဝိသောဓက အဖွဲ့တွင် အရှင်ဝိစိတ္တသာရလည်း အဖွဲ့ဝင်အဖြစ် ပါဝင်ရသည်။ သီဟိုဠ်ဆရာတော်များမှာ ပါဠိ အပြော အဆိုတတ်၍ (အလေ့အကျင့်မရှိသဖြင့်) ပါဠိ မပြော တတ်သော မြန်မာဆရာတော်များကို အထင်မကြီးလှ၊ မြန်မာဆရာတော်များကလည်း ပိဋက အလွန်ကျွမ်း ကျင်တော်မူကြ၍ ပိဋကတ်တွင် အားပျော့သော သီဟိုဠ်ဆရာတော်များကို အထင်မကြီးချေ။

ပါဠိသုတ်သင်ရာ၌ မကြာမကြာ ငြင်းရ, ခုံရဖြစ်သည်။ ထိုအခါ အရှင်ဝိစိတ္တသာရက လက်အုပ် ကလေးချီကာ ချီကာဖြင့် သီဟိုဠ်ဆရာတော်များ ဘက်က မှန်သည်ထင်လျှင် သီဟိုဠ်ဆရာတော်များ ဘက်က ထောက်ခံဆွေးနွေးသည်။ မြန်မာဆရာ တော်များဘက်က မှန်သည်ထင်လျှင် သီဟိုဠ် ဆရာ တော်များအား ပါဠိစကားဖြင့် နားလည်အောင် စိတ်ရှည်လက်ရှည် ရှင်းပြသည်။

ပါဠိတော် တစ်နေရာမှာ အဒ္ဒဿခေါ ရှိရ မည့်အစား အထခေါ ဖြစ်နေ၍ အခြား သီဟိုဠ်မူ၊ ယိုးဒယားမူများ ကြည့်ပြန်တော့လည်း အထခေါ ပင် ဖြစ်နေကြသည်။ ထိုအခါ အရှင်ဝိစိတ္တသာရက နောက်၌ ဒိသွာ အစချီသောဝါကျ ရှိနေ၍ အဒ္ဒဿ ခေါ ရှိသင့်ကြောင်းကို အကြောင်းယုတ္တိ များစွာ ပြ၍ ရှင်းသည်။ တစ်ခြားအလားတူ ပါဠိတော်များကို လည်း ကျမ်းပေါင်းများစွာမှ ယူ၍ လျှောက်သည်။ ပါဠိဂတိ, ပါဠိအနေအထား တစ်ကျမ်းနှင့်တစ်ကျမ်း တူညီမှ သဘာဝနိရုတ္တိ စည်းကမ်းကျမည့်အကြောင်း ကို ပါဠိစကားဖြင့် လျှောက်ထားသောအခါ သီဟိုဠ် ဆရာတော်များမှာ ခေါင်းတညိမ့်ညိမ့်နှင့် သဘော ကျနေသည်။ အရှင်ဝိစိတ္တသာရ ရှင်းလင်းလျှောက် ထားချက် ပြီးသောအခါ "(ဧဒိသော) လင်္ကာဒီပေပိ နတ္ထိ, ဇမ္မူဒီပေပိ နတ္ထိ" "ဤအရှင်မျိုး သီဟိုဠ်မှာ လည်းမရှိ၊ ဇမ္မူဒိပ်မှာလည်း မရှိ"ဟု သီဟိုဠ်ဆရာ တော်များက ချီးကျူးကြပါသည်။

ကြိုတင်ဆောင်ရွက်

မဟာဝါ ပဋိဝိသောဓက တာဝန်ပြီးဆုံး သောအခါ မင်းကွန်းသို့ပြန်၍ အဖွဲ့ဝင် ဆရာတော် များအား ဓမ္မနာဒတိုက်သို့ ပင့်ဖိတ်စည်းဝေးစေပြီး တာဝန်ကျသော ဝိနည်းမဟာဝါ အဌကထာ, ဋီကာ ကြီးများကိုပါ အပူတပြင်း တစ်လအတွင်းပြီးအောင် သုတ်သင်ပါသည်။

ပါဠိတော်သံဂါယနာတွင် ပါဠိတော်ကိုသာ ပြင်ဆင်ဖို့လိုသော်လည်း ပါဠိတော် ပြင်စဉ် အဌကထာရော ဋီကာရော ကြည့်ပြီးဖြစ်နေ၍ တဆက်တည်း ပြင်ဆင်လျှင် လွယ်ကူလျင်မြန်မည်။ နောင် အဌကထာ၊ ဋီကာ သံဂါယနာရောက်မှ ပြင် နေလျှင် အလုပ်သစ်ဖြစ်၍ အတော်စိတ်ဝင်စား ယူရ ဦးမည်။ ယခုလောက်လည်း တွင်ကျယ်မှု ရှိမည် မဟုတ်။ ဤအချက်ကို ကြိုတင်မြင်ထား၍ ယခုလို အဌကထာ၊ ဋီကာတို့ကိုပါ ပြင်ဆင်ထားခြင်း ဖြစ် ပါသည်။

ဆရာတော်၏ လုံ့လကား အလုပ်သစ်တစ်ခု ကို မပြီးမချင်း အချိန်အကန့်အသတ်မထားပဲ လုပ်

http://www.dhammadownload.com

လေ့ရှိသော ဇွဲလုံ့လမျိုးတည်း။ တစ်ခါတရံ အများ အမြင်တွင် အသေးအဖွဲကလေးပဲဟု ထင်ရသော ကိစ္စမျိုးကလေးကိုပင် အချိန်မကန့်ဘဲ မပြီးမချင်း လုပ်တတ်ပါသည်။ ရဟန်းငယ်များ ရေးသားသည့် စာကလေးများကိုပင် ည တစ်နာရီ နှစ်နာရီအထိ မပျင်းမရိ တချောက်ချောက်နှင့် တိုက်, ရိုက်ပေးလေ့ ရှိပါသည်။

သုတ္တန်ပိဋက နောက်ဆုံးပြန်

၁၃၁၅-ခု တိပိဋကဓရ ရွေးချယ်ပွဲကြီးကား အရှင်ဝိစိတ္တသာရအတွက် ပန်းဝင်ရမည့် ပွဲကြီးဖြစ်၍ အရေးကြီးလှသည်။ စာမျက်နှာများလှသည့် ဝိနည်း ပိဋကနှင့် အဘိဓမ္မာပိဋကကြီး နှစ်ပုံကို အောင်မြင် ပြီးဖြစ်၍ စာမျက်နှာခြောက်ရာကျော်လောက်သာ ရှိသော သုတ္တန်ပိဋကကို အလွယ်တကူ အောင်မြင် မည်ဟု ရှင်, လူအားလုံးက ယူဆထားကြသည်။ အရှင်မြတ်ကား ခြသေ့်စိတ်ဓာတ်ရှိသူဖြစ်၍ ပေါ့ပေါ့ ဆဆမတွက်။ ခြသေ့်သည် သားကောင်ငယ်ကိုဖြစ် စေ၊ သားကောင်ကြီးကို ဖြစ်စေ အစွမ်းကုန် အားထုတ် ဖမ်းယူလေ့ရှိသည်။ အရှင်မြတ်လည်း စာမျက်နှာ နည်းသည်ဖြစ်စေ အစွမ်းကုန် ကြိုးစားသည်။

၁၃၁၅-ခုနှစ်၊ နတ်တော်လဆန်း ၁၄-ရက်နေ့မှစ၍ ကျင်းပသော ခြောက်ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲကြီး၌ သုတ္တန်ပိဋကသုတ် သုံးကျမ်းကို အထောက်အမ လွတ်ကင်းပြီး သန့်ရှင်း ပြတ်သားစွာ ပြန်ဆိုနိုင်သည့်အပြင် ပါထိကဝဂ်ကို ပြန်ဆိုစဉ် ပါဠိပို, ပါဠိမှားများကိုပင် ဆုံးဖြတ်ချက် ချ၍ ပြန်ပြတော်မူသည်။

စာမျက်နှာ-၆၊ ကြောင်းရေ-၃၌ "ဇာနာသိ အာဝုသော အစေလ ကောရခတ္တိယ"ဟု စာများ၌ ရှိကြ၏။ တိုက်ရိုက်ဟောပုံကို ပြောသောအရာဖြစ် သောကြောင့် လည်းကောင်း၊ တကယ်တိုက်ရိုက် ပြောဆိုပုံကိုပြသည့် စာမျက်နှာ-၆၊ စာကြောင်းရေ-၂၉၌ "ဇာနာသိ အာဝုသော ကောရခတ္တိယ"ဟု လာရှိသောကြောင့်လည်းကောင်း ဤ၌ အစေလသဒ္ဒါ ပိုနေပါသည်။

သမ္မသာဒနီယသုတ် စာမျက်နှာ-၈၉၊ စာ ကြောင်းရေ-၁၀၌ "သတမ္ပိဇာတိယော သဟဿမ္ပိ ဇာတိယာ ပညာသမ္ပိဇာတိယော"စသော ရှေ့ပါဠိ များနောက်သို့ အယောင်ယောင်အမှားမှားလိုက်၍ ရိုက်နှိပ်ထားခြင်း ဖြစ်ပါသည်။ အမှန်မှာ "ဇာတိ သတမ္ပိ ဇာတိသဟဿမ္ပိ ဇာတိသတသဟသမ္ပိ" ဟူ၍ရှိမှသာ သဘာဝနိရုတ္တိ ပါဠိအချိုးအစား ဟော နေကျများနှင့် ညီညွတ်ပါမည်။ စသည်ဖြင့် စာမျက် နှာ၊ စာကြောင်းရေ အတိအကျ ဖော်ပြလျက် အကြောင်းပြခိုင်လုံစွာ ပြန်ဆိုသွားနိုင်သည်အထိ လေ့ ကျင့်ထားပါသည်။

အရှင်ဝိစိတ္တသာရာဘိဝံသ စာပြန်နေစဉ် အတွင်း နေ့စဉ်ပင် သမ္မတဟောင်းကြီး စာနာလာ ၏။ တနေ့၌ စာနာပြီးသောအခါ သမ္မတဟောင်း ကြီးက အားရနှစ်သက်စွာဖြင့် "အရှင်ဘုရားဟာ စာပြန်တာမှ မဟုတ်ဘဲ၊ စာပြင် စာပြောနေတာ ပါလား ဘုရား"ဟု လက်အုပ်ကြီး မြှောက်ခါ ပြောရှာသည်။ စာထောက်စာနာ ရှင်ရော လူပါ သုတ္တန်တစ် (ဝါ) သုတ်တစ်သုတ်ဆုံးလျှင် သာခု ကောင်းချီးသံ ညံမတတ် ပေးကြ၏။ ရဟန်းဒါယကာ ကြီး ဆာဦးသွင်ကား မိမိရဟန်း တိပိဋကဓရ ဖြစ်မှာ သေချာဟု ကျေနပ်အားရသော အမူအယာ ဖြင့် လက်အုပ်တချီချီ စာနာနေရှာ၏။

အမျှဝေညွှန်း

၁၃၁၅-ခု၊ ပြာသိုလဆန်း ၃-ရက်နေ့၊ ၃-နာရီ ၁၇-မိနစ်တွင် စာပြန်ပလ္လင်ထက်ဝယ် အရှင်ဝိစိတ္တသာရာဘိဝံသသည် ပါထိကဝဂ်ပါဠိ တော်ကို ပြီးဆုံးအောင် ပြန်ဆိုနိုင်သည်။ သတ်မှတ်

http://www.dhammadownload.com

ထားသောအချိန်မှာ ၄-နာရီ မိနစ်-၃၀အထိ ဖြစ်သည်။ ကျန်ရှိနေသေးသော အချိန်တွင် အဆင်သင့်ရေးယူလာသော တိပိဋကဓရ အမျှဝေစာတမ်းကို ဖတ်ကြားပါသည်။ ထိုစာတန်းတွင် တိပိဋကဓရ ဖြစ်ပေါ်လာရကြောင်းများ ပါဝင်ပါမည်။

တိပိဋကဓရ၏ အမျှဝေစကားစဉ်

ယခုအစည်းအဝေး ကြွရောက်လာတော်မူကြသည့် နာယကဆရာတော်ကြီးများ အမှူးရှိသည့် ဆရာတော် သံဃာတော် အရှင်မြတ်တို့နှင့်တကွ ဓမ္မပဋိဂ္ဂါဟက တရားနာဥပါသိကာ သူတော်စင် အပေါင်းတို့အား ဘုရားတပည့်တော်တိပိဋကဓရ အမျှမပေးမီအနည်းငယ်ခန့်လျောက်ထားလိုပါသည်ဘုရား။

အချိန်ကား ၁၃၁၀-ခုနှစ်၊ တပို့တွဲလဆန်း ၆-ရက်နေ့ နံနက် ၇-နာရီအချိန် ဖြစ်ပါသည်ဘုရား။ ကိစ္စကား ပြည်ထောင်စု မြန်မာနိုင်ငံတော် လွတ်လပ်ပြီးစ ပထမနှစ်၌ ပထမဆုံးအကြိမ် ကျင်းပသည့် တိပိဋကဓရ ရွေးချယ်ပွဲ အခမ်းအနားကို ထိုစဉ်က နိုင်ငံတော်သမ္မတကြီး (ယခုအခါ လူမျိုးစုလွတ်တော် နာယကကြီး)က ဖွင့်လှစ်သည့် အခမ်းအနား ဖြစ်ပါသည်ဘုရား။

တပည့်တော်များ၏ သာသနာတော်အတွက် ဗြိတိသျှခေတ်က အခြေအနေကို တပည့်တော် ဉာဏ်မီသလောက် တွေးတောကြည့်ရှုသောအခါမှာ ထိုခေတ်က တပည့်တော်တို့ ဗုဒ္ဓဓမ္မတစ်စွာ သာသနာတော်ကြီးကို မင်းစိုးရာဇာပိုင်းကဆိုလျှင် (ပုလိပ်ကအစ) တပည့်တော်တို့၏ သာသနာတော်ကို မော်၍မကြည့်ကြဘဲ ငံ့၍ကြည့်ကြသဖြင့် တပည့်တော်တို့၏ သာသနာတော်သည် ထိုစဉ်အခါက ပုလိပ်မျက်စိအောက်၌ ရောက်ရှိနေသည်ကို တွေ့ရပါသည်ဘုရား။

လွတ်လပ်ပြီးစ ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် ပထမအကြိမ် ကျင်းပသည့် တိပိဋကဓရ ရွေးချယ်ပွဲကြီးကို ဖွင့်လှစ်ဖို့ရန် "နိုင်ငံတော် သမ္မတကြီး ကြွလာပါပြီ"ဟု အခမ်းအနားမှူးက ကြေညာသော ၁၃၁၀-ခုနှစ်၊ တပို့တွဲလဆန်း ၆-ရက်နေ့ နံနက် ၇-နာရီအချိန်မှာ ဘုရားတပည့်တော်သည် အခမ်းအနားဖွင့် ပင့်သံဃာ တစ်ရာအနက် တစ်ပါး အပါအဝင်ဖြစ်သဖြင့် သံဃာစင်တွင် မိမိရောက်သော နေရာ၌ နေမြဲတိုင်းမှ နိုင်ငံတော်သမ္မတကြီး၏ မော်တော်ကားဆီသို့ လှမ်းမြော်ကြည့်လိုက်သောအခါ သာသနာတော်ကို လေးမြတ်လှသော နိုင်ငံတော်သမ္မတကြီးကား မိမိစီးလာသောကားစီပေါ်မှ ဆင်းလျှင် ဆင်းခြင်း လေးနက်လှသော လက်အုပ်ကို ချိမိုးရှိခိုးလျက် သာသနာ့ရိပ်သာ တိပိဋကဓရ ရွေးချယ်ရေးမဏ္ဍပ်အတွင်းသို့ ဝင်ရောက်လာပြီးလျှင် ရွေးချယ်ပွဲ ဖွင့်လှစ်နေဆဲအချိန် ၂-နာရီကျော်ခန့်မှာ မချသော လက်အုပ်ဖြင့် အမြဲတစေ ချီနေသည်ကို တွေ့မြင်ရသော တပည့်တော်၏ စိတ်ထဲမှာ "ဗြိတိသျှ တစ်ခေတ်လုံး ပုလိပ်မျက်စိအောက်မှာ ရောက်နေသော ငါတို့၏ သာသနာတော်ကြီးကား ယနေ့အဖို့မှာ နိုင်ငံတော်သမ္မတကြီး၏ ဦးထိပ်ဆံဖျားသို့ မားမားမတ်မတ် ရောက်နေပါပြီတကား"ဟု များစွာ အားတက်မှု ဖြစ်ရပါသည်ဘုရား။

တဖန် နိုင်ငံတော်သမ္မတကြီး၏ လေးနက်လှသော လက်အုပ်ကို တပည့်တော် ဉာဏ်မီသမျှ ဓာတုဗေဒ ခွဲကြည့်မိသည်မှာ "နိုင်ငံတော် သမ္မတကြီး၏ မြှောက်ချီသော လက်အုပ်ကား ပရိတ်တရားနာဖို့ရန် မြှောက်ချီသော လက်အုပ် မဟုတ်၊ ဗုဒ္ဓဓမ္မတစ်စွာ သာသနာတော် ဝန်ထမ်းရဟန်းများထဲမှ တိပိဋကဓရ ပုဂ္ဂိုလ်ကို ရှာဖွေနေသည့် တိပိဋကဓရ ရှာပုံတော်လက်အုပ်ဖြစ်သည်"ဟု စဉ်းစားမိပြီးနောက် "အကြင် မျှလောက်ကာလပတ်လုံး တပည့်တော်တို့ သာသနာဘက်မှာ တိပိဋကဓရပုဂ္ဂိုလ်ကို ဖော်ထုတ်၍ မပေးနိုင်သေး၊ ထိုမျှလောက်သော ကာလပတ်လုံး

http://www.dhammadownload.com

တိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေးကား ငါတို့ သာသနာတော်၌ တင်ရှိနေလေပြီ။ ထိုလက်အုပ်ကြွေးကို သာသနာ့ဝန်ထမ်းဖြစ်သော သင်သည် ဆပ်ရခြိမ့်မည်။ ဆပ်ရမည့်ဝတ္တရားကား သင်၏ဦးခေါင်းပေါ်သို့ ကျရောက်လာပြီ"ဟု စဉ်းစားမိပါသည်။ စဉ်းစားမိသည့်အတိုင်းပင် ထိုတိပိဋကဓရ ရှာပုံတော် လက်အုပ်ကြွေးကို ဘုရားတပည့်တော် ဆပ်တော့မည်ဟု စိတ်ကဆောက်တည်လိုက်ပါသည်ဘုရား။ ဤကား တပည့်တော်၏ တိပိဋကဓရ စက်မြေအတွင်းသို့ ဝင်ရောက်လာခြင်း၏ အဖျတ္တိကနိဒါန်း အကြောင်းတစ်ပါး ဖြစ်ပါသည်ဘုရား။

ဒုတိယ နိဒါန်း

တဖန် တိပိဋကဓရ ရွှေးချယ်ပွဲကြီး တစ်လတိုင်တိုင် ကျင်းပပြီးစီး၍ နာယကဆရာတော်များ အမှတ်ကြေညာသော အစည်းအဝေး၌ နာယကဆရာတော်ဘုရားကြီး ခြောက်ထပ်ကြီးဆရာတော် ဦးကောဏ္ဍညက အောင်သူမရှိ (သုည) ကြေညာလိုက်သောအခါ ဘုရားတပည့်တော်၏ လောကုတ္တရာ ခမည်းတော် နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့နှင့် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့တို့၏ ဥက္ကဋ္ဌဖြစ်သော ဒါယကာကြီး ဆာဦးသွင်မှာ မိမိကိုယ်တိုင် နှစ်လ, သုံးလမျှ အပင်ပန်းခံကာ ကျင့်ခဲ့သော တိပိဋကဓရ စာမေးပွဲကြီးအတွက် သုညမျှသာ အကျိုးရသည်ကို ဝမ်းနည်းခြင်းအရာဖြင့် မျက်နှာမသာရှိနေသည်ကို ဘုရားတပည့်တော် ယနေ့ပြန်၍ စဉ်းစားလျှင်ပင် မျက်ရည်ကျလုမတတ် သနားမိပါသည်ဘုရား။

ထိုအခြင်းအရာကို ထိုအခါကမြင်ရသော ဘုရားတပည့်တော်သည် "ဒါယကာကြီး ယနေ့စိတ်ဆင်းရဲရသလောက် ဤနေရာ၌ ဝမ်းမြောက်ပိတိသောမနဿ အစားထိုးပေးအံ့၊ ငါကား တိပိဋကဓရ အလုပ်ကိုအားထုတ်အံ့"ဟုဆောက်တည်မိပါသည်ဘုရား။

(ဤကား တပည့်တော်၏ တိပိဋကဓရ စက်မြေအတွင်းသို့ ချင်းနှင်းလာရခြင်း၏ ဒုတိယ နိဒါန်းအကြောင်းတစ်ပါးပါဘုရား။)

၁၃၁၀-ခု၊ တပေါင်းလ မမှတ်မိသော တစ်နေ့သ၌ ဘုရားတပည့်တော်၏ လောကုတ္တရာ ခမည်းတော် ဒါယကာကြီး, လောကုတ္တရာ မယ်တော် ဒါယကာမကြီး၊ ဘုရားတပည့်တော်တို့၏ ခမ္မနာဒ သာသနာ့အလုပ်တွင် မိထွေးတော် မဟာပဇာပတိ ဂေါတမီအလား ကျေးဇူးများလှသော မင်းကွန်း ဝူကလေးဆောင် ဆရာကြီး ဒေါ်ခမ္မစာရိတည်းဟူသော ဘုရားတပည့်တော်၏ လောကုတ္တရာ မယ်တော်ကြီး နှစ်ဦးနှင့် ခမည်းတော်တို့၊ ဘုရားတပည့်တော် တည်းခိုးသော အောင်မြေသုခတိုက်သို့ လာရောက်ကြသောအခါ ထိုလောကုတ္တရာ မယ်တော် ခမည်းတော်တို့ မျက်နှာစုံညီ ရှေ့မှောက်မှာပင် "ဒါယကာကြီးများ၊ ဒါယိကာမကြီးများ ဦးပဉ္စင်းအား စောင့်ရှောက်ပြုစုခဲ့သည့် ကျေးဇူးတို့ကို အနည်းဆုံး ဝိနယရ ပဂ္ဂိုလ်အဖြစ်ဖြင့် (တတ်နိုင်ပါက တိပိဋကဓရ ပဂ္ဂိုလ်အဖြစ်ဖြင့် ဆက်ပါမည်)ဟု နှုတ်မြွက်ဝန်ခံခဲ့ပါသည်ဘုရား။

တဖန် ဘုရားတပည့်တော်တို့၏ တိပိဋကဓရ အလုပ်တာဝန်ကြီးကို ပြီးစီးအောင် ထမ်းဆောင်ရန် အရေး ကျန်းမာရေးနှင့် ခွန်အားဗလတို့ကို စဉ်းစားမိပြန်သည်မှာ "ဤတိပိဋကဓရ တာဝန်မှာ ကူလီထမ်းအလုပ်ကဲ့သို့ ကာယဗလနှင့် ထမ်းဆောင်ရမည့် တာဝန်မဟုတ်၊ သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာတည်းဟူသော ဗိုလ်ကြီးငါးပါး, အားကြီးငါးခုဖြင့် ထမ်းဆောင်ရမည့် တာဝန်ဖြစ်သည်။ အသင့်မှာ ကာယဗလဘက်က သူများနည်းတူ စားနိုင်, သွားနိုင်, လုပ်နိုင်, ကိုင်နိုင်သဖြင့် ခန္ဓာကိုယ်ပင် သေးငယ်သော်လည်း ကျန်းမာရေးရှိသည်ဟု ဆိုရပေမည်။ မပြဋ္ဌာန်းသော ကာယဗလအတွက် သင်စိတ်မပျက်

http://www.dhammadownload.com

လေနှင့်၊ ဤတိပိဋကဓရ အလုပ်၌ အရေးတကြီး လိုအပ်သော ပြဋ္ဌာန်းသောသဒ္ဒါဗိုလ်, ဝိရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်ဟူသော ဗိုလ်ကြီး ငါးပါး၊ အားကြီးငါးခု အသင့်မှာ ထင်ရှားရှိနေသည်။ နောက်မဆုတ်တမ်း ကြိုးပမ်းအားထုတ်လော့" ဟု မိမိကိုယ်ကိုအားပေး၍ ထိုသက္ကရာဇ် ၁၃၁၀-ခု၊ ပြည်ထောင်စုကြီး တည်သစ်စနစ်ကပင် အစပြုကာ ဘုရားတပည့်တော်သည် တိပိဋကဓရ သာသနာ့တာဝန်ကို အားသွန်ကြိုးပမ်း ထမ်းဆောင်လာခဲ့လေရာ ယနေ့ တပည့်တော်မျှော်မှန်းသော တိပိဋကဓရ ပန်း တိုင်သို့ ယခုအချိန် ရောက်ရှိပါပြီဘုရား။

ထိုစဉ်က နိုင်ငံတော်သမ္မတကြီး (ယခုလူမျိုးစုလွတ်တော် နာယကကြီး)၏ တိပိဋကဓရ ရာပုံတော် လက်အုပ်ကြွေးကိုလည်း တပည့်တော်ယနေ့ ပြေလည်စွာ ဆပ်မိပါပြီဘုရား။

လောကုတ္တရာ မယ်တော်, ခမည်းတော်တို့ သာသနာ့မယ်တော်ကြီးတို့အား ဝန်ခံခဲ့သည့်အတိုင်း ယနေ့ တပည့်တော် တိပိဋကဓရ အဖြစ်ဖြင့် ကျေးဇူးဆပ်ရပါပြီဘုရား။

အစမတင်သံသရာက ရခဲ့သမျှ တပည့်တော်၏ ဘဝအဆက်ဆက်က လျှာနှင့်ပါးစပ် တို့ကို မုသာဝါဒ စသော ဝစီဒုစရိုက်လေးပါး အတွက်အသုံးများခဲ့သော်လည်း ယခုဘဝမှာ ဘုရားတည်းဟူသော ဧရာမ ကလျာဏမိတ်ကြီး၊ဆရာသမားကောင်းမိကောင်း ဖကောင်းတည်းဟူသော သပ္ပုရိသူပနိဿယစက်ကြီးတို့၏ ထောက်ပံ့ကျေးဇူးပြုချက်ကြောင့် ဘုရားတပည့်တော် ယခုဘဝ ရရှိသော လျှင်နှင့်ပါးစပ်ကို ဝိမုတ္တိရသ ပိဒ်တိုင်း ပိဒ်တိုင်းမှာ ပါရှိသည့် ဖိနဝစန ဘုရားစကားတော် အစဉ်ဖြစ်သည့် ဓမ္မကွန်မာ လေးသောင်းနှစ်ထောင်ရှိ အဘိဓမ္မာပိဋကတော်၊ ဓမ္မကွန်မာ နှစ်သောင်းတစ်ထောင်ရှိ ဝိနည်းပိဋကတော်၊ ဓမ္မကွန်မာ နှစ်သောင်းတစ်ထောင်ရှိ သုတ္တန်ပိဋကတော်မှ ဒီဃနိကာယ်တည်းဟူသော ဓမ္မကွန်မာပေါင်းများစွာတို့ကို ဘုရားတပည့်တော်၏ လျှာပေါ်သို့ တက်ရောက်စေမိသဖြင့် ယခုဘဝ ဒီလျှာနှင့် ဒီပါးစပ် ရကျိုးနပ်သလောက် ရှိပါပြီဘုရား။

အမျှဝေပါတော့မည် ဘုရား။

ဘုရားတပည့်တော်သည် ငါးနှစ်မျှသော ကာလအတွင်း၌ မြတ်စွာဘုရား၏ စကားတော် အစဉ်ဖြစ်သည့် သင်ရိုးပါဠိတော်ကို ရက်ပေါင်းများစွာ လပေါင်းများစွာ လေ့လာခဲ့ရသော ကာလအတွင်း၌ စာရင်းမပြနိုင်လောက်အောင် များပြားလှစွာသော သာသနာနုဂ္ဂဟ ပုညမင်္ဂလာ မဟာကုသိုလ်အစုကို ရရှိခဲ့ပါသည်။

ထိုသို့ ရရှိသော မဟာကုသိုလ် အရပ်ရပ်တို့ကို ပထမနိဒါန်း အကြောင်းရင်းဖြစ်သည့် ထိုစဉ်က နိုင်ငံတော်သမ္မတကြီး (ယခု လူမျိုးစုလွတ်တော် နာယကကြီး)အားရှေးဦးစွာအမျှပေးဝေပါသည်ဘုရား။

ထိုမှတပါး ဘုရားတပည့်တော်အား ပစ္စည်းလေးရပ်တို့ဖြင့် မငြိမငြင် မပင်မပန်းရအောင် စောင့်ရှောက်ပြုစုကြသည့် လောကုတ္တရာမယ်တော်, ခမည်းတော် (ဘဝတမလွန် စွန့်သွားလေပြီးသော လောကုတ္တရာအစ်မတော်)တို့အား လည်းကောင်း၊ ဘုရားတပည့်တော်အဖို့ သာသနမိခင်ကြီးဖြစ်သော မင်းကွန်းဝူလေးချောင်ဆရာတော်ကြီး ဒေါ်မမွှေစာရီအား လည်းကောင်း၊ ဘုရားတပည့်တော်အား ပစ္စည်းလေးပါးတို့ဖြင့် အမြဲတစေ စောင့်ရှောက်ကြပါသော ကျောင်းဒါယကာ, ကျောင်းအမတို့အား လည်းကောင်း၊ မွေးသမိခင်, မွေးသဖခင် ကျေးဇူးရှင်တို့အား လည်းကောင်း အမျှပေးဝေပါသည်ဘုရား။

ထိုမှတပါး တတိယသင်္ဂီတိသဘင် ဆင်ယင်အံ့သော အချိန်မီ မောဂ္ဂလိပုတ္တတိဿ လုလင်အား ရှင်အဖြစ်ပေးခြင်း၊ ပဥ္စင်းအရောက် ချီးမြှောက်ခြင်း၊ ပရိယတ်စာပေ ပို့ချပေးခြင်း၊ ဝါသရွရအလုပ်ကို နည်းပြပေးခြင်း စသော တာဝန်အသီးသီးဖြင့် သာ

http://www.dhammadownload.com

သနာတော်ကို စောင့်ရှောက်ပြုစုတော်မူကြသည့် ခီဏာသဝဘုန်းဂုန် မထေရ်မွန်တို့ကဲ့သို့ ဘုရားတပည့်တော်တို့အား လည်းကျေးဇူးအခြေသို့တိုင် ရောက်အောင် ကိုယ်နှုတ်နှစ်ပါးတို့ဖြင့် စောင့်ရှောက် ချီးမြှောက်တော်မူကြသည့် ဥပဇ္ဈာယ်ဆရာတော်များမှစ၍ ယနေ့အခါဝယ် တိပိဋကဓရကိစ္စကြီး ထ,မြောက်အောင် ကိုယ်နှုတ်နှစ်ပါးတို့ဖြင့် စောင့်ရှောက် သတိပေးတော်မူကြသည့် နာယကဆရာတော်ဘုရားများတိုင် အောင်သော ဆရာတော်အရှင်မြတ်တို့အား လည်းကောင်း၊ ယခုအခါ ဤမမ္မသာလာ၌ စာနာစည်းဝေးမိကြသည့် ဆရာတော်, သံဃာတော် အရှင်မြတ်တို့နှင့်တကွ ဥပသကာ ဥပါသိကာ သူတော်စင်အပေါင်းတို့အား လည်းကောင်း၊ ဘုံသုံးပါးဝယ် ထင်ရှားရှိကြသည့် သတ္တဝါအပေါင်းတို့အားလည်းကောင်း အမျှပေးဝေပါသည်ဘုရား, အမျှပေးဝေပါသည်ဘုရား, အမျှပေးဝေပါသည်ဘုရား။

ဝမ်းမြောက်ဝမ်းသာ သာခုအနုမောဒနာ ပြုတော်မူကြပါကုန်ဘုရား။

၁၃၁၅-ခုနှစ်၊ ပြာသိုလဆန်း ၃-ရက်နေ့(၃)နာရီ ၁၇-မိနစ်အချိန်ကား အကျွန်ုပ်အဖို့ တိပိဋကဓရဖြစ်သောအချိန်တည်း။ ထိုအချိန် ပါထိကဝဂ်ကို ပြန်ဆို၍ ပြီးပါသည်။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ

သဘောရေးဖြေရာမှာလည်း ဂုဏ်ထူးရ

အရှင်ဝိစိတ္တသာရာဘိဝံသသည် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီး၌ ဖြေဆိုတော်မူခဲ့ရာတွင် သဘောရေးဖြေစာမေးပွဲ ဘာသာရပ်တိုင်း၌ သတ်မှတ်ထားသော အောင်မှတ် ၇၅-မှတ်ကို ကျော်လွန်ကာ ဂုဏ်ထူးအမှတ်ဖြင့် အောင်မြင်မှုရသည်ချည်း ဖြစ်တော်မူပါသည်။ အရှင်ဝိစိတ္တသာရာဘိဝံသသည် ဂုဏ်ထူးမှတ်များ ရအောင်ဖြေနေခြင်းမှာလည်း အရိယမဂ္ဂင် ဆရာတော်ကြီးနှင့် ရဟန်းဒကာကြီး ဆာဦးသွင်တို့ စကားပြိုင်ကြရာမှာ အကြောင်းတရပ် ဖြစ်လေသည်။ ရဟန်းဒကာကြီး ဆာဦးသွင်က အရိယမဂ္ဂင် ဆရာတော်ကြီးအား "ဆရာတော် တပည့်တော် ဦးဇင်း ရေးဖြေမှာ အောင်မှတ် ၈၀ ရမှ တပည့်တော် ကျေနပ်မယ်"ဟု လျှောက်ထားလျှင်၊ မဂ္ဂင် ဆရာတော်ကလည်း အောင်မြင်သော အသံကြီးဖြင့် "ဒကာကြီး စိန်လိုက်"ဟု ရဲရဲတောက် စကားမိန့်ကြားပြီး၊ အရှင်ဝိစိတ္တသာရာဘိဝံသအား "ကိုယ်တော်ရေ-ဒကာကြီးက တပည့်တော် ဦးဇင်း အောင်မှတ်(၈၀)ရမှ ကျေနပ်မယ်တဲ့၊ တပည့်တော်ကလဲ စိန်လိုက်လို့ ဒကာကြီးကို ပြောလိုက်တယ်"ဟု မိန့်တော်မူရာ၊ အရှင်ဝိစိတ္တသာရာဘိဝံသက ရယ်မောခါဖြင့် "ဒကာကြီးနှင့် ဆရာတော် သတ်တာနဲ့ သေရတော့မှာပါပဲ"ဟု ပြန်လျှောက်တတ်ပါသည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် မိမိ ရဟန်းဒကာကြီး၏ မျက်နှာ အညိုးမခံသူပီပီ ဒကာအကြိုက်ဖြစ်အောင် ကြိုးစားလေသည်။ ဤသို့ဖြင့် သုတ္တန္တ ပိဋက သဘောရေးဖြေမှာလည်း-

(၁) သီလက္ခန်ပါဠိ
အဋ္ဌကထာ, ဋီကာ ၉၃-မှတ်

(၂) မဟာဝဂ္ဂပါဠိတော်
အဋ္ဌကထာ,ဋီကာ ၉၇-မှတ်

(၃) ပါထိကဝဂ္ဂပါဠိတော်
အဋ္ဌကထာ,ဋီကာ ၉၇-မှတ်

ရရှိတော်မူ၍ ဂုဏ်ထူးဖြင့်ပင် အောင်မြင်သည်။

အရှင်ဝိစိတ္တသာရာဘိဝံသသည် ပိဋက သဘော ရေးဖြေတွင် ဖြေဆိုသူ (၅) ပါးရှိခြင်းကြောင့် အခြားပုဂ္ဂိုလ်များကို ငဲ့သောအားဖြင့် လက်ရေးဖြင့် ဖြေဆိုတော်မူခဲ့ပြီး၊ အဘိဓမ္မာ ပိဋက ပထမပိုင်းမှစ၍ ကျန်(၃)ကြိမ်တွင် ဖြေဆိုသူ မိမိ

http://www.dhammadownload.com



တိပိဋကဓရ ရွှေးချယ်ပွဲ ရေး+ဖြေစာမေးပွဲ၌ အရှင်ဝိစိတ္တသာရာဘိဝံသ အဖြေလွှာများကို
လက်နှိပ်စက်ဖြင့် ရိုက်နှိပ်ဖြေဆိုနေစဉ်

http://www.dhammadownload.com

တပါးတည်းသာဖြစ်၍ မျက်စိကို မှိတ်၍ မှိတ်၍ သမာဓိဉာဏ်အားဖြင့် စဉ်းစားတော်မူပြီးလျှင် တည်ငြိမ်သော ဣန္ဒြေတော်ဖြင့် အဖျက်မပါ, အပိုအလိုမရှိ, အထားအသို လှပသပ်ယပ် သန့်ရှင်းစွာ လက်နှိပ်စက်ဖြင့် ဖြေဆိုတော်မူခဲ့ပါသည်။

တပည့်တော်မတို့ အရတော်သည်

လောကုတ္တရာ မယ်တော် ဒေါ်ဒေါ်သိန်းကား အမှတ်စာရင်း ကြေညာမည့်နေ့ ပြာသိုလဆန်း ၁၁ ရက်နေ့ နံနက် ၉ နာရီလောက်တွင် အရှင်ဝိစိတ္တသာရာဘိဝံသ သီတင်းသုံးရာ သာသနာ့ရိပ်သာသို့ ရောက်ရှိလာ၏။ ဒကာကြီး ဆာဦးသွင်သည် ၁၀ နာရီထိုးသောအခါ အမှတ်ဖေး အစည်းအဝေးမှ ကားဖြင့် ရိပ်သာသို့ ရောက်လာရာ၊ မိမိရဟန်း အရှင်ဝိစိတ္တသာရာဘိဝံသသည် အထက်ပါ အမှတ်များအတိုင်း အောင်မြင်၍ တိပိဋကပန်းတိုင်သို့ ရောက်ပြီဖြစ်ကြောင်း လျှောက်ထားသောအခါ၌ ကား မယ်တော်ကြီး ဒေါ်ဒေါ်သိန်းမှာ အားရဝမ်းသာစွာဖြင့် လက်မောင်းနှစ်ဖက်ဆန့်တန်း၍ အရိယမဂ္ဂင်ဆရာတော်ကြီးအား "တပည့်တော်မတို့ အရတော်သည် ဘုရား" ဟု အားရဝမ်းသာစွာ လျှောက်ထားရပါသည်။

တိပိဋကဓရ ပေါ်ပြီ

၁၃၁၅-ခုနှစ် ပြာသိုလပြည့်နေ့တွင် ပိဋကသုံးပုံဆောင် တိပိဋကဓရ ပုဂ္ဂိုလ်ကျော်တစ်ပါး ပေါ်လာပြီဖြစ်ကြောင်း ဗုဒ္ဓသာသနအဖွဲ့ကြီးမှ ကြေငြာသည်။ ရေဒီယို၊ သတင်းစာတို့မှလည်း တခမ်းတနား သတင်းဖော်ပြ၍ တစ်ပြည်လုံးရှိ ရှင်,လူ အားလုံးတို့ လွန်စွာ ဝမ်းမြောက်ကြရသည်။

၁၃၁၅-ခု၊ တပို့တွဲလဆန်း ၁၀-ရက်၊ (၁၃-၂-၅၄)ရက်တွင် သမ္မတအိမ်တော်၌ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ အကြီးအကျယ် ခမ်းနားစွာ ပြုလုပ်သည်။ တိပိဋကဓရရွေးချယ်ပွဲ စည်းမျဉ်း ဥပဒေ အပိုဒ်(၄၀)အရ၊ နိုင်ငံတော် ဗုဒ္ဓသာသနအဖွဲ့က ဗုဒ္ဓသာသနဝိသိဋ္ဌ တိပိဋကဓရ, မဟာတိပိဋက ကောဝိဒ ဟူသော အောင်လက်မှတ်နှင့် တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်အစိုးရကလည်း-

(၁) ကုန်းကြောင်း၊ ရေကြောင်း၊ လေကြောင်း အခမဲ့ ပထမတန်းမှ စီးနင်းနိုင်သည့် အထူး (ပတ်-စ်) လက်မှတ်တော်၊

(၂) အရိုးဝါကနက္ကဒဏ် ထီးဖြူတော်သုံးလက် အမှတ်တံဆိပ်ပါရှိသော သာသနအောင်လံတော်၊

(၃) ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဟူသော အက္ခရာတံဆိပ်မင်းပေးလိပ် ပါရှိသော ဆင်စွယ်ယပ်ဝန်းတော်တို့ကို လှူဒါန်းပူဇော်ပါသည်။

ပူဇော်ပွဲများ

ဆဋ္ဌသံဂါယနာတင်အတွက် ရှေးရှုအားထုတ်နေကြသည့် နိုင်ငံတော်အစိုးရနှင့် ဗုဒ္ဓသာသနအဖွဲ့ဥက္ကဋ္ဌကြီး ဆာဦးသွင်အမှူးပြုသည့် လူကြီးလူကောင်းတို့မှာ-သံဂါယနာမတင်မီ သုံးလလောက်အလိုမှာထူးထူးခြားခြား တိပိဋကဓရပုဂ္ဂိုလ်တစ်ပါး ပေါ်ပေါက်လာ၍ သံဂါယနာအရည်ပီပီပြင်ပြင် တင်နိုင်ကြတော့မည်ဟု ဝမ်းပန်းတသာ သာသနာ့ရိပ်သာဖလ်ယဉ်ဓမ္မာရုံကြီးမှာ ပူဇော်ပွဲကြီး ချိမ့်ချိမ့်သဲသဲ ကျင်းပပါသည်။ ဗုဒ္ဓဘာသာ အသင်းအဖွဲ့ပေါင်းစုံတို့ကလည်း အံ့မကုန်၊ ချီးမကုန် ဂုဏ်ပေါင်းစုံတို့ကို ရတု, ဂါထာ, ဩဘာစာများ ရေးဖွဲ့ကာ ရွတ်ဆိုပူဇော်ကြပါသည်။ ရန်ကုန်မြို့ ရပ်ကွက်အသီးသီး

http://www.dhammadownload.com

ကလည်း ကိုယ့်နည်းကိုယ့်ဟန်ဖြင့် အကောင်းဆုံး ဖြစ်အောင် စီစဉ်ကာပူဇော်ကြပါသည်။

အပူဇော်ခံသူက လက်မြှောက်ရ

နိုင်ငံတော်ကလည်း တိပိဋကဓရချီးကျူးပူဇော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းကာ ခရိုင်မြို့တိုင်းမှာ ပူဇော်ပွဲကျင်းပနိုင်အောင် စီစဉ်ပါသည်။ အမှုထမ်းပေါင်းစုံ စုပေါင်း၍ ကျင်းပကြသော ပူဇော်ပွဲကြီးတွင် တိပိဋကဓရ ဆရာတော်က ပူဇော်ပွဲများ၏ ဗဟိုကော်မတီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သော အတွင်းဝန်ချုပ် မဟာသရေစည်သူ ဦးခင်မောင်ဖြူအား "ဒါယကာကြီးတို့၊ ဒါလောက် ချီးကျူး ပူဇော်ရလျှင် ကျေနပ်ကြပါတော့၊ ချီးကျူးပူဇော်ပွဲကိစ္စမှာ ဘုန်းကြီးကပင် အရှုံးပေး လက်မြှောက်ပါပြီ။ ဒကာကြီးတို့ကသာ အနိုင်ယူပြီးတိုင်း, ခရိုင်မြို့နယ်များအတွက် အကျဉ်းချုံးနိုင်သမျှ ချုံးကြပါတော့"ဟု တကယ်ပင် လက်နှစ်ဖက်လုံးမြှောက်၍ တောင်းပန်စကားပြောပါသည်။

ထိုအခါ နိုင်ငံတော်အခြေအနေမှာ ယခုကဲ့သို့ မအေးချမ်းသေးပါ။ သူပုန်သူကန်အနှောင့်အယှက်များရှိနေ၍ မန္တလေးပြန်လျှင် လေယာဉ်ဖြင့် မိတ္ထီလာအထိပြန်ရသည်။ သို့ဖြစ်၍ ခရီးစဉ်လည်းသင့်၊ ဇာတိလည်းဖြစ်၊ လက်ရှိနေရာမင်းကွန်းနှင့် ဆက်စပ်မှုရှိသည့် မိတ္ထီလာ၊ မြင်းခြံ၊ စစ်ကိုင်း၊ မန္တလေးမြို့များမှာသာ ပူဇော်ပွဲကျင်းပဖို့ စီစဉ်ကြသည့်အတိုင်း မိတ္ထီလာမှာပူဇော်ကြသည်။ မိတ္ထီလာမှ မြင်းခြံအကူးတွင် လမ်းကျသောတောင်သာမြို့၌လည်း မရမကလျှောက်၍ ပူဇော်ပါသေးသည်။ ထိုမှတစ်ဆင့် ဇာတိဖြစ်သော မြင်းခြံမြို့ကလည်း အကြီးအကျယ် ပူဇော်ကြပြန်သည်။

မြင်းခြံမှသင်္ဘောဆိပ်သို့ကြွသည်။ သင်္ဘောဆိပ်ရောက်လျှင် မြင်းခြံခရိုင်ဝန်မှတစ်ဆင့် နိုင်ငံတော်ဗုဒ္ဓသာသနအဖွဲ့ကြီးက ဆက်ကပ်သည့်စာကိုရသည်။ ထိုစာမှ ယိုးဒယား (ထိုင်း)နိုင်ငံသို့ သာသနာရေးမိတ်ဆက်သွားရမည့်အဖွဲ့တွင် ဆရာတော်ပါဝင်သည်ဖြစ်၍ ရန်ကုန်အမြန်ပြန်ကြွရန် လျှောက်ထားသည့် စာ ဖြစ်နေပါသည်။ ထိုအခါစာငြိုးချင်းသဖြန့်နှစ်ပုဒ် ချက်ချင်းရေးစပ်လိုက်သည်။

၁။ တိပိဋကဓရ ဖြစ်ရတဲ့အာနိသင်၊
ဒီကိုယ်တော်ဖတ်ဖတ်မောပေါ့ (ကွယ်)၊
ပြောမပြချင်။
ကိုယ့်ကျောင်းနှင့်ကိုယ့်ရပ်ခွင် နေချင်လျှက်မနေရ၊
ပူအအေးယှက်ထွေးကာ ဒဏ်ခံလို့၊
စုံ, အဆန်မြန်းရတဲ့ခရီးမှာကွယ် ကြီးတဲ့ဒုက္ခ။

၂။ မငြင်းတဲ့ မဆန်သာ၊
နိုင်ငံတော်သာသနာရေးပေမို့ (ကွယ်)၊
ပြေးမလွတ်ပါ။
သူတကာချမ်းသာဟု ထင်မြင်ကြ
သို့ကပဲ စိတ်ထဲမှာ သံဝေယူလို့
က် မွေဟူ,သည်အဖြစ်ကို (ကွယ်) နှစ်လို့ခံရ။

တိပိဋကဓရနှင့် ဆဋ္ဌသံဂါယနာ

နိုင်ငံတော်အစိုးရသည် ဆဋ္ဌသံဂါယနာတင်ရန် သာသနာ့စီမံကိန်းကြီးကို ချမှတ်ဆောင်ရွက်ရာတွင် ရှေးသံဂါယနာ (၅)ကြိမ်နဲ့ မတူအောင် ထူးထူးခြားခြား တင်လိုကြသည်။ ရှေးသံဂါယနာတို့မှာ တနိုင်ငံတည်းက သံဃာများကသာ တင်ခဲ့ကြသော်လည်း၊ ယခု ဆဋ္ဌသံဂါယနာ၌မူ မြန်မာသံဃာများသာမကပဲ အခြားထေရဝါဒ နိုင်ငံများမှ သံဃာတော်များကိုပါ ပါဝင်ဆောင်ရွက်စေလိုသဖြင့် ထေရဝါဒ(၅)နိုင်ငံ ပူးပေါင်းမိရေးအတွက် ထေရဝါဒ နိုင်ငံများသို့ အကြောင်းကြားသော ရှေ့ပြေးအဖွဲ့များ စေလွှတ်ရလေသည်။ ထို့ကြောင့် ၁၃၁၄ ခုတွင် ဆဋ္ဌသံဂါယနာ စည်းလုံးရေး သာသနာ့မစ်ရှင်တခုကို ယိုးဒယားနိုင်ငံသို့ စေလွှတ်သည်။ ထိုအဖွဲ့တွင် ဩဇာရမ်း ဆရာတော်ဘုရားကြီးနှင့် မဟာစည်

http://www.dhammadownload.com



တိပိဋကဓရဘွဲ့ ရပြီးစ မြင်းခြံပူဇော်ပွဲကျင်းပရေး ကော်မတီလူကြီးများနှင့် အရှင်ဝိစိတ္တသာရာဘိဝံသ



တိပိဋကဓရနေ့ အခမ်းအနားတွင် သာသနာညွှန်ကြားရေးဝန် ပထမကျော် ဦးကြီးဖေ
မိန့်ခွန်းပြောကြားနေစဉ်

http://www.dhammadownload.com

ဆရာတော်တို့ ကြွတော်မူကြပြီး၊ လူပုဂ္ဂိုလ်ဘက်မှ စကားပြန်အဖြစ် ရွှေပြည်တော် ဦးတင်နှင့် ကပ္ပိယ အဖြစ် ပါလီမန် အတွင်းဝန် ဦးသန်းစိန်တို့ လိုက်ပါကြ၏။

ထိုအဖွဲ့သည် ယိုးဒယားနိုင်ငံ ရောက်၍ သာသနာပိုင် ဆရာတော်နှင့် ဆွေးနွေးကြရာ ယိုးဒယား သာသနာပိုင် ဆရာတော်က မြန်မာနိုင်ငံ၌ ရေမြေ့ရှင် ဘုရင် မရှိသောကြောင့်လည်းကောင်း၊ သာသနာပိုင် မရှိသောကြောင့် လည်းကောင်း၊ သံဂါယနာ တင်နိုင်မည် မထင်ကြောင်း အမိန့်ရှိတော်မူသည်၊ ညောင်ရမ်း ဆရာတော် ဘုရားကြီးကလည်း မြန်မာနိုင်ငံ၌ ဘုရင်မရှိသော်လည်း အများဆန္ဒအရ ရွေးကောက်တင်မြှောက်ထားသော အစိုးရရှိ၍ ထို အစိုးရ၏ ဥဿျောင်အဖြစ် သမ္မတကြီး ရှိနေသဖြင့် ဘုရင်ကဲ့သို့ပင် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၌ သာသနာပိုင် မရှိသော်လည်း သာသနာပိုင်ရှိစဉ်ကကဲ့သို့ပင် သာသနာ့ဝန်ထမ်း ရဟန်းတော်များသည် ပရိယတ်ပဋိပတ်ကို ကြိုးစား အားထုတ်လျက် ရှိကြကြောင်း၊ ထိုသို့ ကြိုးစားအားထုတ်ကြသဖြင့်ပင် ယခုအခါ၌ ပိဋကတ်သုံးပုံကို အာဂုံဆောင်နိုင်သော ပုဂ္ဂိုလ် ပေါ်ထွက်နေပြီဖြစ်ကြောင်း၊ ဤအကြောင်းများကြောင့် မြန်မာပြည်၌ သံဂါယနာ တင်နိုင်ကြောင်း အချက်ကျကျ ပြန်လည်လျှောက်ထားလေသည်။ (ထိုအချိန်က အရှင်ဝိစိတ္တသာရာဘိဝံသသည် တိပိဋကဘွဲ့ကို မရသေး၊ ဝိနည်း ၅-ကျမ်းကို ပြန်ဆိုအောင်မြင်ပြီး ဖြစ်၍ အဘိဓမ္မာ ၇-ကျမ်း ရှေ့ပိုင်းကို ပြန်ဆိုရန် အားထုတ်နေဆဲသာ ဖြစ်သည်၊ သို့သော် မချုတ် အာဂုံ အောင်မြင်လတ့ံသည်ကို ရည်၍ ပိဋကတ် ၃-ပုံဆောင် ပုဂ္ဂိုလ် ပေါ်နေပြီဟုဆိုခြင်း ဖြစ်ဟန် ရှိပါသည်)၊ မြန်မာပြည်၌ ပိဋကတ် ၃-ပုံဆောင် ပုဂ္ဂိုလ်ရှိနေပြီဟု ကြားသောအခါ ယိုးဒယား သာသနာပိုင် ဆရာတော်က "ဒီလိုဆိုလျှင် မြန်မာပြည်က သာ သံဂါယနာတင်နိုင်ပါတယ်"ဟု အမိန့်ရှိ၍ မြန်မာပြည်က တင်သော ဆဋ္ဌသံဂါယနာကို ယိုးဒယား သံဃာက ကန့်ကွက်မည် မဟုတ်သည့်ပြင် အားပင်ပေးဦးမည် ဖြစ်ကြောင်းများကို အမိန့်ရှိလိုက်လေသည်။

အထက်ပါ ယိုးဒယား သာသနာပိုင်၏ မိန့်တော်မူချက်ကို လေ့လာကြည့်ပါက "တိပိဋကဓရ မပေါ်ပေါက်ခဲ့လျှင်" ဆဋ္ဌသံဂါယနာကြီး ဖြစ်ပေါ်ဖို့ ခဲယဉ်းပေတော့မည်။ ဆဋ္ဌသံဂါယနာကြီး မဖြစ်ပေါ်ပါက တနိုင်ငံလုံးမှ ဂိုဏ်းပေါင်းစုံ ဆရာတော်ကြီး တညီတညွတ်တည်း စုစည်း ပြင်ဆင်တော်မူခဲ့ကြသော ဆဋ္ဌမ ပါဠိတော် ပိဋကတ်ကျမ်းကြီးများ၊ အဋ္ဌကထာဋီကာ ကျမ်းကြီးများ၊ ပါဠိတော် မြန်မာပြန် ကျမ်းကြီးများလည်း ပေါ်ထွက်လာတော့မည် မဟုတ်ပါ။ သို့ဆိုလျှင် ယနေ့ သာသနာတော်ကြီး၏ ခရီးကား မည်သို့ရှိလိမ့်မည်ကို မှန်းဆကြည့်စေလိုပါသည်။ သို့ဖြစ်၍လည်း မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် မိမိ၏ တိပိဋကဓရ ဖြစ်မြောက်ရေးသည် မိမိအတွက် မဟုတ်၊ သာသနာအတွက် သာသနာ့ဝန်ထမ်း မိမိ နောင်တော် ညီတော်များ အတွက် ထမ်းရွက်ခဲ့ခြင်း ဖြစ်ပါသည်။

ဤနေရာ၌ ဆရာတော်ကြီး တိပိဋကဓရ ဖြစ်တော်မူသော တပို့တွဲလဆန်း ၁၀ ရက် (၉-၂-၅၇) နေ့ကို တိပိဋကဓရနေ့ဟု သတ်မှတ်ပြီး ၁၃၁၈ ခု၊ တပို့တွဲလဆန်း ၁၀ ရက် (၉-၂-၅၇) စနေနေ့၌ ပထမဆုံးအကြိမ် တိပိဋကဓရနေ့အဖြစ် ပူဇော်ပွဲ သာသနာ့ရိပ်သာ ဖလ်ယာဉ်မမြောရုံကြီး၌ ကျင်းပရာ၊ သာသနာ့ ညွှန်ကြားရေးဝန် မဟာပညာဗလ ဦးကြီးဖေ၏ လျှောက်ထားလွှာတွင် **တိပိဋကဓရ** ၏ တန်ဖိုးကို လည်းကောင်း၊ **တိပိဋကဓရ** အရှင်မြတ် ပေါ်ထွန်းသောကြောင့် သာလျှင် **ဆဋ္ဌသံဂါယနာတင်ပွဲ** ဖြစ်ပေါ်ရခြင်း အကြောင်းကို အောက်ပါအတိုင်း လျှောက်ထားခဲ့လေ၏။

http://www.dhammadownload.com

"ယခုအခါ တိပိဋကဓရပုဂ္ဂိုလ် ပေါ်ပေါက်လာခြင်းဟာလဲ၊ နိုင်ငံတော် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့နှင့် ဗုဒ္ဓသာသနာအဖွဲ့ကြီးနှစ်ဖွဲ့ ဥက္ကဋ္ဌ သတိုးသီရိသုဓမ္မ (ဆာ) ဦးသွင်ကို ဆဋ္ဌသင်္ဂါယနာတင်နိုင်ရန်အတွက် သာသနာတော်စောင့် နတ်မင်းကြီးများ ဖိုးဆော်တိုက်တွန်းသည့်အလား (မဖြစ်နိုင်ပါဘူး–မဖြစ်နိုင်တာ–ငွေကုန်လူပန်းခံပြီးလုပ်ရမလား) ဟု သဘောကျသူ မရှိသလောက်နည်းပါးပြီး၊ ကဲ့ရဲ့ဖြစ်တင်နေတဲ့အထဲ၊ အဲဒီ သတိုးသီရိသုဓမ္မ (ဆာ) ဦးသွင် မနေမနား ကြိုးစားချက်အရ၊ ၆–ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ပွဲ (၁၃၁၅–ခု၊ တပို့တွဲလဆန်း ၁၀–ရက်နေ့ ရောက်တော့) အလျှံတပြောင်ပြောင် တောက်လောင်နေတဲ့ မီးပုံကြီးထဲက, ကားကား စွင့်စွင့် ပဒုမ္မာကြာပန်းကြီးပွင့်လာသလို မဖြစ်ဘူးမြဲထူးကဲစွာ တိပိဋကဓရ သာသနာ့အာဏာနည် ပုဂ္ဂိုလ် တပါး ထွန်းကား ပေါ်ပေါက်လာခဲ့ပါတယ်ဘုရား။

တိပိဋကဓရပုဂ္ဂိုလ် ဆိတ်သုံးကွယ်ပျောက်နေတဲ့အတွက် နှစ်ပေါင်းနှစ်ထောင်ကျော်အတွင်း သာသနာဝင် ကြွေးတင်လာတာ သထုံခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ ပုဂံခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ စစ်ကိုင်းပင်းယခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ အင်းဝခေတ်ကလဲ မဆပ်ခဲ့နိုင်ပါ၊ ကုန်းဘောင်ခေတ်ကလဲ မဆပ်ခဲ့နိုင်ပါဘုရား၊ အင်္ဂလိပ်ခေတ်ကျတော့ သာသနာပြုမင်းမဟုတ်တဲ့အတွက် ကြွေးဆပ်တဲ့အထဲ ထည့်သွင်းပြီး စဉ်းစားရန်မလိုပါဘုရား။

အဲဒီနှစ်ပေါင်း နှစ်ထောင်ကျော်အတွင်း ခေတ်အဆက်ဆက်က တင်လာခဲ့တဲ့ သာသနာဝင် ကြွေးတွေကို လွတ်လပ်တဲ့ ဖားဆပလေ ခေတ်၊ (၁၃၁၅–ခု တပို့တွဲလဆန်း ၁၀–ရက်နေ့) ရောက်တော့၊ တိပိဋကဓရသာသနာ့အာဏာနည် ပုဂ္ဂိုလ်ထူးပေါ်ပေါက်လာတဲ့အတွက်၊ ၁၃၁၆–ခု ကဆုန်လပြည့်နေ့မှစ၍၊ ဆဋ္ဌသင်္ဂါယနာတင်ပြီး သာသနာဝင်ကြွေးတွေ ဆပ်လိုက်တာ တခါတည်း ကြေသွားပါတယ်ဘုရား။

အဲဒီ သာသနာဝင်ကြွေးတွေ ကြေသွားတဲ့အတွက်၊ ကြွေးကြေသွားအောင် ဆပ်နိုင်တဲ့အတွက် (အဲဒီ တပို့တွဲလဆန်း ၁၀–ရက်နေ့)ကို တိပိဋကဓရနေ့လို့ ကမ္ဘာရာဝေငှနှင့် သာသနာဝင်တွင် ဥဒါန်းတွင်လောက်အောင် မော်ကွန်းထိုးခြင်း ဖြစ်ပါတယ်ဘုရား။"

တနေ့ ငါးမျက်နှာ

ဆိုဖြစ်ပါ၍ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကျင်းပနိုင်ရန်အတွက် သံဃရိုးပိဋကတ် အုပ်ရေ (၂၀)၊ ဝိနည်းပိဋကတ် (၅)ကျမ်း စာမျက်နှာ (၂၂၆၀)၊ သုတ္တန်ပိဋကတ် ဒီဃနိကာယ် (၃)ကျမ်း စာမျက်နှာ (၇၇၉)၊ အဘိဓမ္မာပိဋကတ် (၁၂) အုပ် စာမျက်နှာ (၄၉၇၈)၊ စာမျက်နှာပေါင်း (၈၀၁၇)မျက်နှာကို (၄)နှစ်နှင့်အပြီး အာဂုံဆောင်၍ ပြန်ဆိုတော်မူခဲ့သည်ကား တနှစ်ကို (၃၆၅)ရက် နှင့်တွက်လျှင်ပင် (၄)နှစ်အတွက် ရက်ပေါင်းကား (၁၄၆၀)မျှသာရှိသဖြင့် အချိုးကျချပါက တနေ့လျှင် (၅)မျက်နှာနှုန်း မှန်မှန်ကျက်ခဲ့ရသည်ဟု ဆိုနိုင်လေသည်။

ဆဋ္ဌသံဂါယနာတင်ပွဲအမီ အသက်နှင့်လဲ၍ ကြိုးမန်းကာ သာသနာ့အာဏာနည်အဖြစ် ပေါ်ပေါက်တော်မူခဲ့ရသော မင်းကွန်း ဆရာတော်ဘုရားကြီး၏ စွမ်းရည်သည် ဆဋ္ဌသံဂါယနာတင်သောအခါ သာသနာ့အလယ် ကမ္ဘာအလယ် နိုင်ငံအလယ် သံဃာပရိသတ်အလယ်၌ ပိုမိုး၍ တင့်တယ်ခဲ့လေပြီတကား။

ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်

၁၃၁၆–ခု၊ ကဆုန်လပြည့်နေ့တွင် ဆဋ္ဌသံဂါယနာ မဟာဓမ္မသဘင်ကြီးကို ရန်ကုန်မြို့သီရိမင်္ဂလာ ကမ္ဘာအေးကုန်းဓမ္မ ဆဋ္ဌမဟာပါသာဒ

http://www.dhammadownload.com



ဓဘိဇေမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်ဘုရားကြီး။



ဆဋ္ဌသံဂီတိ မဟာပါသာဏဂုဟာ (လိုဏ်ဝူတော်ကြီး)။

http://www.dhammadownload.com

လိုဏ်ဂူတော်ကြီးတွင် ဆင်ယင်ကျင်းပမည်ဖြစ်ရာ၊ ထိုနေ့က တဖွဲဖွဲ ရွာသွန်းနေသော မိုးစက်များကြား မှပင် ကမ္ဘာအေးကုန်းမြေကြီး တပြင်လုံးမှာ လူထု ပရိသတ်ကြီးသည် ကြိတ်ကြိတ်တိုးစည်ကားလျက် ရှိနေသည်။ နိုင်ငံတော်အစိုးရက ကြီးမှူး၍ ကျင်းပ အပ်သော ဤလူထု သံဂါယနာတင်ပွဲအမီ သန်းပေါင်း များစွာ အကုန်ခံ၍ ကြိုတင်စီစဉ် ဆောက်လုပ်ပြင် ဆင်ထားသည့် ဆဋ္ဌမဟာပါသာဏလိုဏ်ဂူတော်ကြီး၊ ဇမ္ဗုဒီပ+ဥတ္တရကုရု + ပုဗ္ဗဝိဒေဟ + အပရဂေါယာန ဟူသော ကျွန်းကြီးလေးကျွန်း အမည်ပေးထားသော သုံးထပ်ကျောင်းဆောင်ကြီး လေးဆောင်၊ ဆွမ်းစား တိုက်ကျောင်းကြီး၊ ဆွမ်းချက်စဖိုဆောင်၊ ကမ္ဘာအေး သိမ်တော်ကြီး၊ သံဃာ ဆေးရုံတော်ကြီး၊ အုပ်ချုပ်ရေး အဖွဲ့ရုံးသစ်ကြီးနှင့် စာပုံနှိပ်တိုက်ကြီး ဟူသော အံ့မခန်း ကြီးကျယ်ခန်းနားလှစွာသော အဆောက်အအုံကြီး များကို လှည့်ပတ် ကြည့်ရှုကြကာ အံ့သြမဆုံး ဖြစ်နေကုန်၏။

နေ့ ၁၁ နာရီ ၄၅ မိနစ်တွင် လိုဏ်ဂူတော် အတွင်း ဧည့်သည်တော်များ ဝင်၍နေရာယူကြရန် ကြေညာပြီး၊ သံဂီတိကာရက သံဃာတော် အရှင် မြတ် (၂၅၀၀) တို့သည် လိုဏ်ဂူတော်အတွင်းသို့ လိုဏ်ဂူတော် အနောက်မျက်နှာတံခါးမှ ဆဋ္ဌယပ် တောင် အဝါကြီးများကို ကိုင်ဆောင်၍ ကြွလာတော် မူကြ၍၊ သံဃနာယက ဆရာတော်ဘုရားကြီးနှင့် ဝန်ဆောင်သံဃအဖွဲ့ဝင်များက မြောက်ဖက်တံခါးမှ အသီးသီး ကြွလာတော်မူကြကာ ထေရာသန နေရာ တော်များဝယ် သီတင်းသုံးတော်မူကြပါသည်။ ၁၂ နာရီတိတိ အချိန်တွင် အရှေ့မျက်နှာတံခါးမှ နိုင်ငံတော် သမ္မတကြီး ကြွဝင်လာပါသည်။

၁၂ နာရီ ၁၂ မိနစ်အချိန်ဝယ် ဆဋ္ဌသံဂါ ယနာ မဟာဓမ္မသဘင် အခမ်းအနား စတင်ဖွင့်လှစ် ကြောင်းကို အကျိုးဆောင်(၁) ဆရာတော် အရှင် နာဂဝံသမဟာထေရ်က ကြေညာပါသည်။ ထို့နောက် သံဃပရိသတ်၌ သက်တော် အကြီးဆုံး သက်တော် ၉၀၊ သိက္ခာတော် ၇၁ ဝါရှိ ကျိုက်လတ် မငေး ဆရာတော်ဘုရားကြီးက အဘိခဇမဟာရဋ္ဌဂုရု ညောင်ရမ်း ဆရာတော်ဘုရားကြီးအား ဆဋ္ဌသံဂါယနာ ၏ သံဃမဟာနာယကအဖြစ် ဆောင်ရွက်ပါရန် ပါဋ္ဌိ မြန်မာ ၂ ဘာသာတို့ဖြင့် သမ္မုတိပေးတော်မူရာ၊ ညောင်ရမ်း ဆရာတော်ကြီးသည် သံဃာနာယက မဟာထေရာသန ပလ္လင်တော်ထက်၌ ကြွရောက် သီတင်းသုံးတော်မူပါသည်။ ဆက်လက်၍ အခမ်း အနား အစီအစဉ်အတိုင်း နိုင်ငံတော် သမ္မတကြီးနှင့် လူကြီးများက လျှောက်ထားဖွယ်များ လျှောက်ထား ခြင်း၊ ထေရဝါဒ ကိုယ်စားလှယ်များက သဝဏ်လွှာ ဖတ်ကြားခြင်းများ ဆောင်ရွက်ကြပြီး နေ့ ၂ နာရီ ၅၀ မိနစ်တွင် ပထမနေ့ ပထမပိုင်း အစီအစဉ် ခေတ္တရပ်နားပါသည်။

ညနေ ၃ နာရီခွဲအချိန်တွင် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ညောင်ရမ်း ဆရာတော်ဘုရား ကြီးက ပါဋ္ဌိ+မြန်မာ နှစ်ဘာသာတို့ဖြင့်–

၁။ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ဇဝန၊ ပခုက္ကူ မြို့ အရှေ့တိုက် ဆရာတော်အား ပုစ္ဆက အဖြစ် လည်းကောင်း၊

၂။ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်အား ဝိဿဇ္ဇက အဖြစ် လည်းကောင်း ဆောင် ရွက်တော်မူကြရန် အလို့ငှာ သမ္မုတိ ပေးတော်မူပါသည်။

သမ္မုတိရ ဆရာတော် နှစ်ပါးတို့သည် မိမိ တို့အတွက် သီးသန့်ပြင်ဆင်ထားရှိရာ ထေရာသန အမေးအဖြေ ပလ္လင်တော် နှစ်ဌာနသို့ ကြွရောက် သီတင်းသုံးတော်မူပြီးလျှင် ပါဋ္ဌိ+မြန်မာ နှစ်ဘာသာ တို့ဖြင့် ဥတ်ထားတော်မူပြီး ပထမပါရာဇိက သိက္ခာ ပုဒ်တော်ကို အမေးအဖြေပြုတော်မူကြ၏။ အမေး အဖြေ နှစ်ရပ်အဆုံးတွင် သံဂီတိကာရက သံဃာတော်

http://www.dhammadownload.com



ဆဋ္ဌသံဂါယနာတင်ပွဲတွင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဝိသဇ္ဇက အဖြစ်ဆောင်ရွက်တော်မူပုံ

http://www.dhammadownload.com

အရှင်မြတ်များတို့ သာဝုခေါ်၍ ပါရာဇိက ပါဠိတော်ကို သံဂီတိကာရက ရဟန်းတော်(၂၅၀၀)ကျော်တို့က သံပြိုင် ညီညာ ရွတ်ဆိုတော်မူကြပြီး သံဂါယနာတင်တော်မူကြကာ ပထမနေ့ကို အောင်မြင်စွာ ပြီးဆုံးစေခဲ့ကြသည်။

မဟာစည် ဆရာတော် ပါဝင်ပြီ

သံဂါယနာတင်ပွဲ ဒုတိယနေ့ဖြစ်သော ၁၃၁၆-ခု၊ ကဆုန်လပြည့်ကျော် ၁-ရက် (၁၈-၅-၅၄) အင်္ဂါနေ့တွင် အခမ်းအနား၏ ဒုတိယပိုင်း ညနေ ၃ နာရီခွဲ သံဂါယနာတင်သော အခါတွင် သံဃမဟာနာယက ညောင်ရမ်း ဆရာတော်ဘုရားကြီးက ဤသို့လျှောက်ထားတော်မူပါသည်။

ညောင်ရမ်း ဆရာတော် ဘုရားကြီး အဇ္ဈေသကဥတ်ထားတော်မူပုံမှာ-

"သုဏာတု မေ အာဝုသော သံဃော၊ မဟတီ အယံပရိသာ ဧဝရူပါယ ပရိသာယ နသုကရာ သဗ္ဗသောကထံ သာဓေသုံ၊ တသ္မာ အာယသ္မာတော စ သောဘနဿ သာသနာ့ရိပ်သာရာမဓိဝါသိနော အာယသ္မာတော စ ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိကဿ ဝိနယပုဗ္ဗနာဘာရဿ ဝိနယဝိသဇ္ဇနာဘာရဿ အာရာဓိတံ့ ဩကာသံ ဒမ္မိ၊ ကရောထ တုမေ အာဝုသော ဆဋ္ဌသံဂီတိ ပုဗ္ဗင်္ဂမာနိ ဝိနယပုဗ္ဗန ဝိနယဝိသဇ္ဇနကိစ္စာနိ ယထာဓမ္မံ ယထာဝိနယံ။

"အရှင်ဘုရားတို့၊ သံဃာတော်သည် တပည့်တော်၏ စကားကို နာယူတော်မူစေချင်ပါသည်၊ ဤပရိသတ်ကြီးကား များပြားလှပါ၏။ ဤသို့ များပြားလှသော ပရိသတ်ကြီး၌ စကားအပြည့်အစုံကြားအောင် ပြောကြားခြင်းငှာ မလွယ်ကူပါ။ သို့ဖြစ်ပါ၍ သာသနာ့ရိပ်သာ၌ စိုးမိုးဘုပ်ချုပ်၍ နေပေသော အရှင်သောဘနမထေရ်အား လည်းကောင်း၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်သော အရှင် ဝိစိတ္တသာရာဘိဝံသအား လည်းကောင်း၊ ဝိနည်းပိဋကတ်ဆိုင်ရာ၌ မေးမြန်းသော တာဝန်, ဖြေဆိုသော တာဝန်ကို ထင်ရှားစွာပြုရန် အခွင့်အရေးကို ပေးအပ်ပါ၏။ ငါ့ရှင်တို့-သင်တို့သည် ဆဋ္ဌသံဂါယနာ မဟာမွေသဘင်တော်ကြီး၏ ရှေ့သွားဖြစ်သော ဝိနည်းပိဋကဆိုင်ရာ မေးမြန်းခြင်း ဖြေဆိုခြင်းကိစ္စတို့ကို ဓမ္မဝိနယလာရှိသောတိုင်း ပြုလုပ်ဆောင်ရွက်ကြကုန်လော့-

-ဟူ၍ ဩကာသဒါနကထာ မြွက်ကြားတော်မူပြီးလျှင်-

မဟာစည် ဆရာတော်ဘုရားကြီးကလည်း ဤသို့ပုစ္ဆာကဥတ်ထားတော်မူပါသည်။

"သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ အဟံ အာယသ္မန္တံ ဝိစိတ္တသာရာဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဝိနယံ ပုစ္ဆေယျံ။"

"အရှင်ဘုရားတို့၊ သံဃာတော်သည် ဘုရားတပည့်တော် လျှောက်ထားသော စကားကို နားဆင်တော်မူကြစေလိုပါသည်။ သံဃာတော်အား သင့်လျော်လျောက်ပတ်သော အချိန်အခါ ဖြစ်ပါမူ တပည့်တော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်သော အရှင်ဝိစိတ္တသာရာဘိဝံသကို ဝိနည်းပိဋကဆိုင်ရာကို မေးမြန်းစစ်ပါမည်။"

အရှင်ဝိစိတ္တသာရာဘိဝံသကလည်း ဤသို့လျှောက်ထားတော်မူပါသည်။

"သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ၊ အဟံ အာယသ္မတော သောဘနတ္ထေရေန သံဃနာယကေန မဟာထေရဿ ပဋိနိဓိဘူတေန ဝိနယံ ပုဋ္ဌော ဝိဿဇ္ဇေယျံ။"

"အရှင်ဘုရားတို့၊ သံဃာတော်သည် ဘုရားတပည့်တော်၏ လျှောက်ထားသော စကားကို နားဆင်

http://www.dhammadownload.com



ဆဋ္ဌသံဂါယနာတင်ပွဲတွင် ပုစ္ဆက မဟာစည် ဆရာတော်ကြီး။

http://www.dhammadownload.com

ပုစ္ဆာ =ကံ အာဝုသော အာရဇ္ဇ ပညတ္တံ။
ဝိဿဇ္ဇနာ= သုဒိန္နံ ဘဇ္ဇေ ကလန္ဒပုတ္တံ၊
အာရဇ္ဇ ပညတ္တံ။

မေး=အဘယ်ပုဂ္ဂိုလ်ကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသနည်း ငါ့ရှင်။

ဖြေ=ကလန္ဒ သူဌေး၏သား အရှင်သုဒိန်ရဟန်းကို အကြောင်းပြု၍ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

မဟာစည်ဆရာတော်က သိက္ခာပုဒ် ပညတ်ရာဌာန အမှုသည် စသည်ဖြင့် ပထမ ပါရာဇိက သိက္ခာပုဒ်နှင့် စပ်သမျှ မကျန်ရအောင် စေ့စေ့စပ်စပ် မေးသည်။ မေးပြီးတိုင်း မေးပြီးကိုင်း မဆိုင်းမတွ တိပိဋကဓရ ဆရာတော်က ဖြေသည်။ ပါဠိဖြင့်မေးလျှင် ပါဠိဖြင့်ဖြေ၍၊ မြန်မာဖြင့်မေးလျှင် မြန်မာဖြင့် ဖြေဆိုသည်။

အမေးအဖြေပြုတော်မူသည်၏ အဆုံး၌ မဟာစည်ဆရာတော်ဘုရားကြီးက သံဃာတော်တို့အား အောက်ပါအတိုင်း တိုက်တွန်းတော်မူပါသည်။

"သုဏာတု မေ ဘဇ္ဇေ သံဃော၊ အဟံ ဘဇ္ဇေ အာယသ္မန္တံ ဝိစိတ္တသာရာဘိဝံသိ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကံ ပထမဿ ပါရာဇိကဿ နိဒါနံပိ ပုစ္ဆိ ပုဂ္ဂလံပိ ပုစ္ဆိ ဝတ္ထုံပိ ပုစ္ဆိ (ပ) ဧဝမေဝ မယံပိ ဒါနိ သဗ္ဗေဝ ဆဋ္ဌသံဂီတိ မဟာဓမ္မသဘာ ပရိယပန္နာ ဣဒံ ပထမံ ပါရာဇိက သိက္ခာပဒံ ဧကကော သဇ္ဈာယ ဝသေန သင်္ဂါယေယျာမ"

"အရှင်မြတ်တို့ဘုရား၊ သံဃာတော်သည် ဘုရားတပည့်တော်၏ စကားကို နားဆင်တော်မူစေလိုပါသည်ဘုရား၊ ဘုရားတပည့်တော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဖြစ်သော အရှင်ဝိစိတ္တသာရာဘိဝံသကို ပထမပါရာဇိက သိက္ခာပုဒ်၏ နိဒါန်းကို မေးခဲ့ပါပြီ၊ အမှုသည် ပုဂ္ဂိုလ်ကိုလည်း မေးခဲ့ပါပြီ၊ လွန်ကျူးသော အမှုဝတ္ထုကိုလည်း မေးခဲ့

ပုစ္ဆာ = ယံတေန အာဝုသော ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ပထမံ ပါရာဇိကံ ကတ္ထ ပညတ္တံ။

ဝိဿဇ္ဇနာ = ယံ တေန ဘဇ္ဇေ ဘဂဝတာ ဇာနတာ ပဿတာ အရဟတာ သမ္မာသမ္ဗုဒ္ဓေန ဇာနတာ ပထမံပါရာဇိကံ ဝေသာလိယံ ပညတ္တံ။

မေး = သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံကို မှန်ကန်စွာ ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရားသည် အကြင် ပထမ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပြီ။ ထို ပထမ ပါရာဇိက သိက္ခာပုဒ်ကို ဘယ်ပြည်၌ ပညတ်တော်မူအပ်ပါသနည်း ငါ့ရှင်။

ဖြေ=သိတော်မူ မြင်တော်မူ၍ ပူဇော်အထူးကို ခံတော်မူထိုက်သော တရားအလုံးစုံကို မှန်ကန်စွာ ကိုယ်တိုင် သိတော်မူသော ထိုမြတ်စွာဘုရားသည် အကြင် ပထမ ပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူအပ်ပြီ။ ထို ပထမ ပါရာဇိက သိက္ခာပုဒ်ကို ဝေသာလီပြည်အရပ်၌ ပညတ်တော်မူအပ်ပါသည် အရှင်ဘုရား။

တော် မူစေလိုပါသည်။ သံဃာတော်အား သင့်လျော်လျောက်ပတ်သော အချိန်အခါဖြစ်ပါမူ တပည့်တော်သည် သံဃနာယက မဟာထေရ်မြတ်ကြီး၏ တာဝန်လွှဲအပ်ချက်ဖြင့် မဟာစည်ဆရာတော် အရှင်သောဘန မထေရ်က ဝိနည်းပိဋကဆိုင်ရာ၌ မေးမြန်း စီစစ်အပ်သည်ရှိသော် ဖြေကြားလျှောက်ထားပါမည်ဘုရား။"

http://www.dhammadownload.com



မဟာပါသာဏလိဏ်ဂူတော်ကြီးအတွင်း ဆဋ္ဌသံဂါယနာ တင်တော်မူကြစဉ်။



မဟာစည် သာသနာ့ရိပ်သာအတွင်းရှိ သာသနာ မလပိသောနှိ သိမ်တော်ကြီးပုံ။

http://www.dhammadownload.com

ပါပြီ၊ မူလပညတ်အနုပညတ် စသည်တို့ကိုလည်း မေးခဲ့ပါပြီ၊ မေးတိုင်း မေးတိုင်းကို အရှင် ဝိစိတ္တသာရာ ဘိဝံသက ဖြေကြားခဲ့ပါသည်။ သို့ဖြစ်ပါ၍ ဤ ပထမပါရာဇိက သိက္ခာပုဒ်သည် အညစ်အကြေး ကင်းလျက် ကောင်းစွာ သန့်ရှင်းစင်ကြယ်နေပါသည်။ ပူဇော်အထူးကို ခံတော်မူထိုက်သော တရား အလုံးစုံကို မှန်ကန်စွာ ကိုယ်တိုင်သိမြင်တော်မူသော ထို မြတ်စွာဘုရား၏ စကားတော် စံုစံ အမှန်ပင် ဖြစ်ပါသည် အရှင်ဘုရားတို့-

သို့ဖြစ်ပါ၍ ရှေးအခါကာလ အရှင်မဟာ ကဿပအစရှိသော ရှေးသံဃာတင် မဟာထေရ် မြတ်တို့သည် ဗြဟ္မစရိယဟု ခေါ်သော ဗုဒ္ဓသာသနာ တော် အရည်တည်တံ့၍ များစွာသော လူအပေါင်း စီးပွားချမ်းသာ ဖြစ်ထွန်းစေခြင်း အကျိုးငှာ၊ လောက ကို စောင့်ရှောက်ရန်အလို့ငှာ၊ နတ်လူအပေါင်းတို့၏ အကျိုးစီးပွားချမ်းသာ ဖြစ်ထွန်းစေခြင်းအလို့ငှာ မြတ်စွာဘုရား၏ တရားတော် ဝိနည်းတော်ကို ပထမ စ၍ သံဃာတင်ကြသကဲ့သို့ လည်းကောင်း၊ ဒုတိယ တတိယ စတုတ္ထ ပဉ္စမတိုင်အောင် အကြိမ်ကြိမ် ထပ်ဆင့်၍ သံဃာနာ တင်ကြသကဲ့သို့ လည်းကောင်း၊ ထိုနည်းတူပင် ယခုအခါ၌လည်း ဆဋ္ဌသံဃာနာ မဟာခမ္မ သဘင်တော်ကြီး၌ ပါဝင်ကြသော အားလုံးသော ဘုရားတပည့်တော်တို့သည်လည်း ဤပထမပါရာဇိက သိက္ခာပုဒ်ကို တပေါင်းတည်း ရွတ်ဆိုကာ သံဃာနာတင်ကြပါစို့ သက်တော်ရှည် အရှင်ဘုရားတို့"

မဟာစည် ဆရာတော်ဘုရားကြီးသည် အထက်ပါ သံဃာတော်တို့အား သံဃာနာတင်တော် မူကြရန် တိုက်တွန်းလျှောက်ထားချက်ကို ပါဠိ မြန်မာ နှစ်ဘာသာဖြင့် တိုက်တွန်း လျှောက်ထားပြီးသည်၏ အဆုံး၌ အားလုံး သာဓု သုံးကြိမ်ခေါ်ဆိုကြပြီးလျှင် သံဂီတိကာရက သံဃာတော် (၂၅၀၀)ကျော်တို့သည် ပါရာဇိက ပါဠိတော် ပ-ဒု-တ သိက္ခာပုဒ်တို့ကို တပေါင်းတည်း သံပြိုင်ညီညာ ရွတ်ဆိုတော်မူကြ ကာ သံဃာနာ တင်တော်မူကြပါသည်။

ပြီးဆုံးသောအခါ သံဂီတိကာရက သံဃာ တော်များနှင့် ပရိသတ်ကြီး အားလုံးတို့က တခဲနက် သာဓုသုံးကြိမ် ခေါ်ဆိုကြပြီးလျှင် အကျိုးတော်ဆောင် ဘဒ္ဒန္တ နာဂဝံသ ဗားကရာတောရ ဆရာတော်က ဆဋ္ဌသံဂါယနာ မဟာခမ္မသဘင်တော်ကြီးဖွင့်ပွဲ ဒုတိယနေ့ အခမ်းအနားကြီး အောင်မြင်စွာ ပြီးဆုံး ပြီဖြစ်ကြောင်းကို ပါဠိ+မြန်မာ နှစ်ဘာသာဖြင့် ကြေညာတော်မူကာ ခမ္မစည်တော်ကြီး ကြေးစည် ခရုသင်းတို့ ရိုက်ခတ်တီးမှုတ်ကြပြီးလျှင် ဆဋ္ဌ သံဂါယနာ မဟာခမ္မသဘင်တော်ကြီး ဖွင့်ပွဲ ဒုတိယ နေ့ အခမ်းအနားကို အောင်မြင်စွာ ရပ်သိမ်းတော် မူကြပါသည်။

နေ့ခင်းလှိုက်ဂူတွင် မေးပုံ ဖြေပုံများကို ညအခါ ၄၅-မိနစ်အထိ မြန်မာအသံမှ အသံလွှင့် ပေးသဖြင့် တစ်ပြည်လုံး ကြည်ညိုသဒ္ဓါပွား နာကြား ကြရသည်။

ကြိုတင်မည်မှု

မေးတိုင်း မေးတိုင်း မဆိုင်းမတွဖြေဆိုနိုင်၍ အမေးဆရာတော် အဖြေဆရာတော်တို့ ကြိုတင် ညှိနှိုင်းထားကြသည်ဟု အများကထင်နေကြသည်။ ဖြေဆိုပုံကို ကြည်ညိုလှသော ဒကာကြီးတစ်ယောက် ကမူ တိပိဋကဓရ ဆရာတော်အား တိုက်ရိုက် လျှောက်ထားကြည့်သည်။ "အရှင်ဘုရား မဟာစည် ဆရာတော်နှင့် ကြိုတင်ညှိနှိုင်းထားကြပါသလား ဘုရား။" "ဒကာကြီး ကြိုတင်ညှိနှိုင်းမထားကြပါဘူး, မဟာစည်ဆရာတော်၏ အမေးပုစ္ဆာရောက်လာမှပဲ အမေးအလိုက်တန်းပြီး ဖြေဆိုလိုက်တာပါပဲ"ဟု တိပိဋကဓရ ဆရာတော်က မိန့်ဆိုပါသည်။ ထိုဒကာ ကြီးမှာ တိပိဋကဓရ ဆရာတော်အပေါ်၌ အလွန် ကြည်ညိုသဒ္ဓါပွားသွားသည်။

http://www.dhammadownload.com



တိပိဋကဓရ ဆရာတော်ဘုရားနှင့် မယ်တော်ကြီး ဒေါ်မမစာရီ



ဆဋ္ဌမ ပါဠိတော်များ ပဋိပိသောဓေ ပြုတော်မူကြစဉ်။

http://www.dhammadownload.com

ဖြေဆိုပုံမှာ ညက်ညောလှသည်။ အလွန်ခဲကပ်သော ပြဿနာကြီးများကိုပင် ထိထိမိမိစေ့စေ့စပ်စပ် စကားလုံးအပိုအလို မရှိရအောင် ကွက်တိ ပြောဆိုနိုင်သည်။

တစ်ခါက မဟာစည်ဆရာတော်ဘုရားကြီးကပင် သူတပည့်များအား ထုတ်ဖော်ချီးကျူးဘူးသည်။

သုတ္တန်ဆိုင်ရာ ပြဿနာတစ်ခုမှာ အတော်လေးနက်လှသည်။ ဒီအမေးကို မမေးလျှင်လည်း မဖြစ်နိုင်လောက်အောင် အရေးကြီး၍ မေးရမည်သာဖြစ်သည်။ သို့မေးရသော်လည်း ဉီးဝိစိတ္တ၊ ချောချောမောမောဖြစ်ပါ့မလားဟု စိုးရိမ်စိတ်ဝင်နေသည်။ အချိန်တန်၍ ဓမ္မာသနပလ္လင်ပေါ်ရောက်တော့ ထိုပုစ္ဆာကို မေးလိုက်သည်။ တိမိရ,စသော ဝေလငါးကြီးများ မြစ်ငယ် အိုင်ငယ်တွင် မြူးပျော်ခွင့်မရဘဲ နက်လည်း နက် ကျယ်လည်းကျယ်သည့် သမုဒ္ဒရာအလယ်ဝယ် အားရပါးရ မြူးပျော်ခွင့်ရသလို တိပိဋကဓရ ဆရာတော်၏ နက်ကျယ်သော ဉာဏ်တော်သည် ခက်ခဲသော ပြဿနာတွင်သာ မြူးပျော်ခွင့်ရ၍ ချောချောမောမော ပြေပြေပြစ်ပြစ် ညက်ညက်ညောညော အဲ့သြလောက်အောင် ဖြေဆိုနိုင်သည်။

ကျောင်းပြန်ရောက်တော့ မဟာစည်ဆရာတော်ကြီးက တပည့်သံယာများကို ပြောပြသည်။ "တို့များ ဒီပုစ္ဆာကို ဉီးဝိစိတ္တ ချောချောမောမောမှ ဖြစ်ပါ့မလားလို့ စိုးရိမ်မိသေးတယ်။ တကယ်ဖြေဆိုဘဲအခါ တို့များ ကြိုတင်မြင်ထားတဲ့အဖြေထက်ပင် ပိုမဲ့ပြည့်စုံအောင် ဖြေဆိုနိုင်ပါပေတယ်" ဟု ချီးကျူးစကား ပြောကြားပါသည်။

သာသနာ့မိခင်ကြီး၏ သတိပေးစာ

ဆဋ္ဌသံဂါယနာ ဒုတိယ သန္နိပါတတွင် သုတ္တန်ဆိုင်ရာ ပြဿနာများ မဟာစည်ဆရာတော်က မေး၍ တိပိဋကဓရ ဆရာတော်က ဖြေဆိုတော်မူပါသည်။ ထိုစဉ် သာသနာ့မိခင်ကြီး ဒေါ်မမွှာရီထံမှ အဖိုးတန် သတိပေးစာလွှာ တစ်စောင် ရောက်လာသည်။ စာလွှာမှာ နမောကတွာ ပဝေဒေမိအစချီလျက် ပါဠိဘာသာဖြင့် ရေးသားသောစာလွှာဖြစ်ပါသည်။ ပါဠိစိပုံ အဆင့်အတန်း မြင့်မားကြောင်းကို ပါဠိပညာရှင်များသာ သိနိုင်မည်ဖြစ်၍ အများနားလည်အောင် မြန်မာပြန်ဆိုပြပါမည်။

ရှိခိုးလျှောက်ထားပါရစေချစ်သား။ အကျဉ်းအားဖြင့် သင့်မယ်တော် တောင့်တချက်ကို နားဆင်စေလိုပါသည်။

ယခုအခါ ငါ့သားငယ် ပိဋကသုံးပုံဆောင် တရားဘဏ္ဍာစိုးကြီးသည် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် နိကာယ်ငါးရပ်တို့ ဦးလာသောဘုန်းတော်သခင် ဘုရားရှင် တရားအစဉ်ကို ဖြေဆိုတော်မူဘိ၏။

ငါ့ချစ်သားသည် မမေ့မလျော့ သတိနှင့်ယှဉ်သောစိတ်ဖြင့် မိမိဖြေဆိုအပ်သော ထိုတရားအစဉ်ကို မှန်သောအမြင်ဖြင့် ဆင်ခြင်သုံးသပ်ပါလေ၊ သို့ဆင်ခြင်သုံးသပ်ပြီး ဝိပဿနာဉာဏ် အဆင့်ဆင့်အားဖြင့် ထိုမဟာပါသာဏ လိုဏ်ဂူတော်၌ပင် ချစ်သား၏စိတ်သည် တဏှာ, ဒိဋ္ဌိတို့ဖြင့် မစွဲမယူမူ၍ ကိလေသာ အာသဝေါတို့မှ ကွာလျော်လွတ်မြောက်ပါစေ။

ချစ်သား၏စိတ်သည် ကိလေသာအာသဝေါတို့မှ အကယ်၍မလွတ်မြောက်နိုင်သေးလျှင် အောက်ထစ်ဆုံးအားဖြင့် "ဖြစ်သမျှတရားအားလုံး ပျက်ဆုံးသည်"ဟု သိသော ကိလေသာမြူအညစ်အကြေးကင်းစင်သည့် (သောတာပတ္တိမဂ်ဉာဏ်) တရားမျက်စိဖြစ်ပေါ်ပါစေ။

ဥပမာစကား လျှောက်ထားပါရစေချစ်သား၊ အရှင်နာဂသိန်ထေရ်သည် ဆွမ်းဒါယကာမကြီးအား ဆွမ်းအနုမောဒနာပြု၍ ကိုယ်ဟောသည့်တရားစဉ်ကို ဆင်ခြင်လျက် ဝိပဿနာဉာဏ်ကို ဖြစ်စေပြီး ထိုနေရာ၌ပင်လျှင် "ဖြစ်သမျှ ပျက်ရသည်"ဟု သိသော

http://www.dhammadownload.com

ကိလေသာ မြူအညစ်အကြေးကင်းစင်သည့် (သော တာပတ္တိဉာဏ်) တရားမျက်စိ ဖြစ်ပေါ်သကဲ့သို့၊ ဤအတူ ပိဋကသုံးပုံဆောင် တရားဘဏ္ဍာစိုး ငါ့သား ချစ်သည်လည်း ကိုယ်ဖြေဆိုအပ်သောတရားအစဉ်ကို ဆင်ခြင်စဉ်းစား ဝိပဿနာပွား၍ ထိုမဟာပါသာဏ လိုဏ်ဂူကြီးဌိပင် ဖြစ်သမျှပျက်ရသည်ဟုသိသော ကိလေသာ မြူအညစ်အကြေး ကင်းစင်သည့် တရားမျက်စိ ဖြစ်ပေါ်ပါစေလော့၊ ဤကား သင့်မိခင်၏ တောင့်တချက်ပါဘုရား...။

သင့်မယ်တော်သည် ဤအကြောင်းအရာကို နှတ်တော်လပြည့်ကျော် (၁၀)ရက်နေ့တွင် သိစေအပ်ပါသည်။

သင့်-မယ်တော်။

ဝန်ဆောင်ဆရာတော်

၁၃၁၇-ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် သံဃ မဟာနာယကဖြစ်သော ညောင်ရမ်းဆရာတော်ဘုရား ကြီး နှတ်ရွာစဲလွန်တော်မူရာ ဝန်ဆောင်သံဃအဖွဲ့ ကြီးက မစိုးရိမ် ပထမ အဘိဓေ မဟာရဋ္ဌဂုရု ဆရာ တော်ကြီးအား ဝန်ဆောင်အဖွဲ့ကြီး၏ ဥက္ကဋ္ဌ မဟာ နာယက တင်မြှောက်ကြပါသည်။ လစ်လပ်သွားသော ဝန်ဆောင်တစ်ပါး အတွက် မစိုးရိမ်ဆရာတော်ကြီး၏ ဆန္ဒအရ တိပိဋကဓရဆရာတော်ကို တင်မြှောက်ကြ ပါသည်။ သံဃိယနာမတိုင်မီကပင် သံဃိယနာကိစ္စ အဝဝကို ဆောင်ရွက်ဖို့ သံဃိယနာ ဝန်ဆောင် အဖွဲ့ကို ဖွဲ့စည်းခဲ့သော်လည်း တိပိဋကဓရ ဆရာတော်မှာ စာပြန်နေချိန်ဖြစ်၍ ထိုအဖွဲ့တွင် မပါ ဝင်ခဲ့ပါ။ ထိုဝန်ဆောင်အဖွဲ့တွင် တစ်ပြည်လုံးမှ ထိပ်သီး ဆရာတော်ကြီးများ ပါဝင်ကြပါသည်။ ထိုအခါမှစ၍ တိပိဋကဓရ ဆရာတော်မှာ ဝန်ဆောင်အဖွဲ့ဝင် ဆရာတော် ဖြစ်တော်မူသောအခါ သံဃိယနာ အဖြေလုပ်ငန်းအပြင် ဝန်ဆောင်အဖွဲ့၏ လုပ်ငန်းကိုလည်း လုပ်ဆောင်ရပါသည်။

ပေဋကောပဒေသ

တိပိဋကဓရ ဆရာတော်သည် ဝန်ဆောင် အစည်းအဝေးများတွင် ကိုယ်ရေးကိုယ်တာနှင့် ဖြစ်စေ၊ လောကရေးနှင့်ဖြစ်စေ ဆက်စပ်သော အကြောင်းအရာ များကို အမြဲတမ်း အလျှော့ပေး အရှုံးပေးလျက် မဆန့်ကျင်အောင် ဆောင်ရွက်တော်မူပါသည်။ ဓမ္မ ရေးရာနှင့် ပတ်သက်လာလျှင်မူကား ဓမ္မဘက်၌ အခိုင်အမာ ရပ်တည်တော်မူသည်။

တစ်ခါက ဝန်ဆောင်အစည်းအဝေးတွင် သံဃိယနာတင် ကျမ်းစာများကို ခွဲဝေရာ ပေဋကော ပဒေသကျမ်း သံဃိယနာတင်ဖို့ အလှည့်ရောက်လာ သည်။ တိပိဋကဓရ ဆရာတော်က ပေဋကောပဒေသ ကျမ်းမှာ ပါဠိဂတိ အနေအထား တခြားပါဠိတော် များနှင့် မတူသည့်အပြင် နေတွိနည်းများ ပြုရာ၌ လည်း အစဉ်မကျ ကမောက်ကမဖြစ်နေပြီး မလို လားအပ်သော အဓိပ္ပာယ်များပင် ပါဝင်နေခြင်း စသော အကြောင်းများကြောင့် သံဃိယနာ မတင်သင့် ကြောင်း ဆွေးနွေးသည်။ အစည်းအဝေးမစခင် မိမိ၏ ယူဆချက်များကို အဘိဓေမဟာရဋ္ဌဂုရု ပခုက္ကူ ဆရာတော်၊ တောင်မြို့ ဂန္ဓာရုံဆရာတော် စသော စာပေအရာတွင် ထင်ရှားသည့် ဆရာတော်များအား လည်း ရှင်းလင်း လျှောက်ထားပြသည်။ ထိုဆရာတော် များကလည်း တင်ပြချက်ကို ထောက်ခံကြသည်။ အစည်းအဝေးတွင်မူ အစဉ်အလာတည်ရှိပြီးကျမ်းကို မပယ်သော ဆရာတော်များက အများစုဖြစ်၍ ပေဋကောပဒေသ သံဃိယနာတင်သင့်ကြောင်း ဆုံးဖြတ်ကြသည်။ ထိုအခါ တိပိဋကဓရ ဆရာတော် က "ဆရာတော်တို့ အများဆုံးဖြတ်ချက်အရ တင် ချင်လျှင် တင်တော်မူကြပါ၊ သို့သော် ပေဋကော ပဒေသ သံဃိယနာ မတင်သင့်ကြောင်း တပည့်တော် ၏ အဆိုပြုချက်ကိုတော့ မှတ်တမ်းတင်ပေးတော် မူကြပါ"ဟု လျှောက်သည်။ မှတ်တမ်းလည်း တင် ပေးကြပါသည်။

http://www.dhammadownload.com

ပေဋကောပဒေသ ပုံနှိပ်ချိန်တွင် အတွင်းရေးမှူးဆရာတော် ဝိဇ္ဇာလင်္ကာရ ဦးဝိသုဒ္ဓါဘိဝံသ ထေရ်က ယခင် ပါဠိတော်များကဲ့သို့ ပါဠိနိဒါန်းရေးပေးဖို့ တိပိဋကဓရဆရာတော်အား လျှောက်ထားပြန်သည်။ "တပည့်တော်က ပေဋကောပဒေသကို သံဂါယနာ မတင်သင့်ဟု ယူဆထားသူဖြစ်တော့ တပည့်တော် နိဒါန်းရေးရလျှင် ပေဋကောပဒေသ အဆင်မပြေကြောင်း ရေးရမှာဖြစ်ပါတယ်။ ဒါကြောင့် နိဒါန်းမရေးပါရစေနဲ့"ဟု ပြန်၍ တောင်းပန် လျှောက်ထားသည်။ ထို့ကြောင့် ယခု ဆဋ္ဌမ ပေဋကောပဒေသ ပါဠိတော်၌ ပါဠိနိဒါန်းမပါခြင်း ဖြစ်နိုင်ပါသည်။

ဆဋ္ဌသံဂါယနာတင်ပွဲကြီး၏ သန္နိပါတများ

ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို ၁၃၁၆-ခု ကဆုန်လပြည့်နေ့မှ ၁၃၁၈-ခု ကဆုန်လဆန်း ၁၀ ရက်နေ့အထိ အချိန်ကာလအားဖြင့် (၂)နှစ်ရှည်တိုင်တိုင် ကျင်းပခဲ့ကြပါသည်။ ထိုသို့ ကျင်းပရာ၌ သံဃာတော်များကို အလှည့်ကျ စုဝေးမိကြခြင်းအားဖြင့် သံဂါယနာတင်ပွဲကြီးကို ကျင်းပခဲ့ရာ-

၁။ ပထမသန္နိပါတကို ၁၃၁၆-ခု ကဆုန်လပြည့်နေ့မှ ၁၃၁၆-ခု ဝါဆိုလဆန်း ၆-ရက်အထိ

၂။ ဒုတိယသန္နိပါတကို ၁၃၁၆-ခု တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်နေ့မှ ၁၃၁၆-ခု တပို့တွဲ လဆန်း ၆-ရက်နေ့ အထိ

၃။ တတိယသန္နိပါတကို ၁၃၁၇-ခု ကဆုန် လဆန်း ၇-ရက်နေ့မှ ၁၃၁၇-ခု ပဉ္စမဝါဆို လဆန်း ၁၃-ရက်နေ့ အထိ

၄။ စတုတ္ထသန္နိပါတကို ၁၃၁၇-ခု နတ်တော် လဆန်း ၂-ရက်နေ့မှ ၁၃၁၇-ခု တပို့တွဲ လဆန်း ၅-ရက်နေ့ အထိ

၅။ ပဉ္စမသန္နိပါတကို ၁၃၁၈-ခုမှစ၍ ၁၃၁၈-ခုနှစ် ကဆုန်လဆန်း ၁၀-ရက်နေ့ အထိ ကျင်းပခဲ့လေသည်။

ဤသန္နိပါတ (၅)ကြိမ် ကျင်းပစဉ်အတွင်း အရှင်ဝိစိတ္တသာရာဘိဝံသသည် ရန်ကုန်မြို့နှင့် မင်းကွန်း ဓမ္မနာဒတိုက်တို့ကို လူးလားတုန့်ခေါက်စုံဆန် ကြွနေတော်မူရပါသည်။

မဟာဗုဒ္ဓဝင်ကျမ်းပြု

ဆရာတော် ဝိနယဓရဖြစ်ပြီးချိန် ၁၃၁၃-ခုနှစ်လောက်က နိုင်ငံတော် ဝန်ကြီးချုပ်က မဟာဗုဒ္ဓဝင်ကျမ်းပြုဖို့ လျှောက်ထားဖူးပါသည်။ တိပိဋကဓရ စာမေးပွဲအကြောင်းပြု၍ ငြင်းပယ်ခဲ့ပါသည်။ ၁၃၁၆-ခုနှစ်တွင် တကြိမ် ထပ်မံလျှောက်ထားရာတွင်လည်း "ပါဠိတော် သံဂါယနာတင်ပြီးချိန်အထိ ဆိုင်းငံ့ထား ပါဦး"ဟု ရွှေ့ဆိုင်းလိုက်ပြန်သည်။ ပါဠိတော် သံဂါယနာတင်ပြီးချိန်တွင် တတိယအကြိမ် လျှောက်ထားပြန်ပါသည်။ ဤအကြိမ်၌ လျှောက်ထားရာတွင် နိုင်ငံတော် ဝန်ကြီးချုပ်က ရှေးဦးစွာ ရဟန်းဒကာကြီး ဆာဦးသွင်အား "အရှင်ဝိစိတ္တသာရာဘိဝံသအား ဗုဒ္ဓဝင် ရေးသားချီးမြှင့်ဖို့ လျှောက်ထားပေးပါ"ကြို၍ ပြောထားနှင့်ရာ၊ ရဟန်းဒကာကြီးကလည်း တိပိဋကဓရ ဆရာတော်ထံ

http://www.dhammadownload.com



http://www.dhammadownload.com

ကြွေတင်လာရောက်ပြီး "ယနေ့ ဝန်ကြီးချုပ် လာရောက်လျှောက်ထားပါက မည်းမဖယ် လက်ခံတော်မူပါဘုရား" ဟု ကြွေတင်လျှောက်ထားခြင်းဖြင့် ဝန်ကြီးချုပ် ဒကာကြီး ဤအကြိမ် လျှောက်ထားရာတွင် ကတိသုံးချက်တောင်း၍ လက်ခံလိုက်သည်။

ကတိသုံးချက်မှာ–

၁။ စေတနာဝန်ထမ်းအဖြစ်ဖြင့်သာ ဆောင်ရွက်ရလျှင် လည်းကောင်း၊

၂။ ရုံးကိစ္စအဝဝ ဘုန်းကြီးနှင့် မပတ်သက်လျှင် လည်းကောင်း၊

၃။ မိမိတတ်စွမ်းသမျှ စာပေကိစ္စတွင်သာ ဦးစီးဆောင်ရွက်ခွင့်ရလျှင် လည်းကောင်း ရေးသားပါမည်ဟု ဝန်ခံလိုက်သည်။

ဝန်ကြီးချုပ်ကလည်း "ဆရာတော်၏ ဆန္ဒအတိုင်းသာ ဖြစ်ပါစေမည် ဘုရား" ဟု လျှောက်ထား၍ လက်ခံရေးသားပါသည်။

ဆရာတော် မဟာဗုဒ္ဓဝင်ကျမ်းကြီး ပြုစုရာတွင် သမိုင်းဝင်ဖြစ်အောင် ကျောင်းဒကာကြီး ဦးမြို့–ဒေါ်ဆင်ဆင်တို့က ဗုဒ္ဓဝင်ကျောင်းတော်ကို ဆောက်လုပ်လှူဒါန်းသည်။ ရေချိုးခန်း၊ ကျန်းမာရေးကုဋီပါတွဲ၍ ဆောက်လုပ်လှူဒါန်းကြသည်။ ဗုဒ္ဓဝင်ကျမ်းပြုစုနိုင်ရန် စားပွဲ၊ ကုလားထိုင်စသည် အပြည့်အစုံစီစဉ်ပေးသည်။ ဗုဒ္ဓဝင်ကျောင်း ဆောက်နေစဉ်က ဒကာကြီး ဦးမြို့အား ကြီးကြီးထယ်ထယ် ခိုင်ခန့်စွာ ဆောက်ခြင်းနှင့်စပ်၍ ဆရာတော်က "ဒကာကြီး ဆောက်လိုက်တာ ခင်ဗျား ကျောင်းပေါ် ဆင်တက်မှာ ကျလို့" ဟု မိန့်ရာ၊ ဒကာကြီးက "ကိုယ်တော်၊ တပည့်တော်တို့က နောက်အဆက်အနွယ် အမွေခံ မရှိဘူး၊ ကိုယ်တော် တကတည်း ကျောင်းကို တပည့်တော်တို့က ခိုင်သည်ထက်ခိုင်အောင်စဉ်းစား ဆောက်တာပါ" ဟု လျှောက်ထားခဲ့၏။ တဖန် ရေချိုးခန်း ကုဋီ လုပ်ပေးခြင်းနှင့်စပ်၍ ဆရာတော်က ကျောင်းပေါ် တွဲ၍ လုပ်သည်ကို မကြိုက်သဖြင့် "ခင်ဗျား ဘုန်းကြီး (မိမိကိုယ်ကို ရည်ညွှန်း ပါသည်။) ဒီလောက် မအိုသေးပါဘူးဗျ" ဟု မိန့်ဆိုရာတွင် ဒကာကြီးက "ကိုယ်တော် အသက် ၆၀–ကျမှ သိမယ်" ဟု လျှောက်ထား၏။ နောင် သက်တော် ၅၀ ကျော်ရုံမျှမှာပင် ဆရာတော်သည် ကျောင်း ဒကာကြီး "အမြင်သန်ပါပေသည်" ဟု ဝန်ခံရလေတော့သည်။ ဆရာတော် ထိုကျောင်းပေါ်၌ ဗုဒ္ဓဝင်ကျမ်း စတင်ပြုစုသည်။ နောင်အခါ ဓမ္မနာဒတိုက် အတွင်းလူများ ရောပြွန်းသဖြင့် ဆရာကြီး ဒေါဓမ္မစာရီတို့ နေထိုင်ရာ ရန်ကုန်အိမ်ကြီးချောင် အတွင်းရှိ စာကျက်စဉ်က အသုံးပြုခဲ့သော ကျိုက်လပ် ဧရပ်ကြီးပေါ်မှာ သွား၍ပြုစုခဲ့ရသည်။ အရေးကြီးသော သာမန်ကိစ္စဖြင့် လာသူများကို ကျမ်းပြုချိန်တွင် မတွေ့ရအောင် တပည့်များက အလိုက်တသိ စီစဉ်ပေးကြသည်။

ဆရာတော် ဗုဒ္ဓဝင်ပြုစုရာတွင် ဆိုင်ရာ ပါဠိတော်, အဋ္ဌကထာ, ဋီကာများကိုကြည့်၍ တစ်ခါတည်း လက်နှိပ်စက်ဖြင့် ရိုက်၍ ပြုစုပါသည်။ မူကြမ်း မူရော နှစ်မျိုးမရှိပါ။ ကော်မာ၊ သဒ္ဒိစပ် လက္ခဏာ၊ တစ်ချောင်းပိုဒ်၊ နှစ်ချောင်းပိုဒ် စသည် စနစ်တကျ သေသေသပ်သပ် ရိုက်နှိပ်ပြုစုပါသည်။ ပါဠိတော်, အဋ္ဌကထာ, ဋီကာ အရှိအတိုင်းကိုသာ ညက်ညက်ညောညောဖြစ်အောင် မြန်မာပြန်ဆို ရေးသားပါသည်။ ဆိုင်ရာကျမ်းစာမှ သွေဖည်၍ မိမိထင်မြင်ချက်များကို ဆွဲမရေးပါ။ ဆွဲ၍ဘာသာမပြန်ပါ။ တစ်ခါက ဆရာတော်မိန့်ဖူးသည်။ "တပည့်တော်စကားဆိုလျှင် ရှင်လူများက အခိုင်အမာ မှတ်သားတတ်တော့ စာပေမရှိတဲ့ တရားမျိုးကို မဟောရဲဘူး။ စာအရှိအတိုင်း ဟောတယ်၊ စာပေမရှိတဲ့ အရေးအသားမျိုးကို မရေးရဲဘူး, စာပေအရှိအတိုင်းသာ ရေးတယ်" ဟု မိန့်ဖူးသည်။

◁ မဟာဗုဒ္ဓဝင်ကျောင်းတော်ပုံ

http://www.dhammadownload.com



မဟာဗုဒ္ဓဝင်ကျမ်းပြုစုတော်မူပုံ



ဆရာတော် ဘုရားကြီး ရှိတော်မူသည့် ဘွဲ့တံဆိပ်များနှင့် အောင်လက်မှတ်များ ထားရှိသည့် ပြတိုက်

http://www.dhammadownload.com

ဆဋ္ဌသံဂါယနာ၏ ဖွားဘက်တော်တစ်ပါး ဖြစ်၍ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို အတွဲပေါင်း ခြောက်တွဲ ခွဲခြားရေးသည်။ ထိုကျမ်းတွင် ပါဝင်သော စာများမှာ နိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်ရှစ်ပါး တရားလမ်းစဉ်များဖြစ်၍ အုပ်ရေရှစ်အုပ်ရေးသည်။ လေးဆယ့်ငါးဝါပတ်လုံး ဘုရားရှင်ကိုယ်တော်မြတ် မနေမနား သတ္တဝါတို့ အကျိုးစီးပွား ဆောင်ရွက်တော်မူသည်ကို အားကျကြည်ညိုလှ၍ အခန်းပေါင်း လေးဆယ့်ငါးခန်း ရေးသားသည်။ စာအုပ်ပြီးချိန်မှာ စာပေဝေဖန်ရေး ဆရာတို့က "အခိုင်အမာ အကိုးအကားခံ စာအုပ်ကြီးတစ်ဆူဖြစ်သည်"ဟူ၍ လည်းကောင်း၊ "ရေးသားပုံမှာ ယဉ်သည်၊ သန့်သည်၊ ခန့်သည်၊ ညက်ညောသည်"ဟူ၍ လည်းကောင်း ချီးကျူးကြပါသည်။ ယနေ့အထိ အကြိမ်ပေါင်းများစွာ ရိုက်ရ၍ ဗုဒ္ဓဘာသာဝင် သူတော်စင်များအား အလင်းရောင် အများကြီးပေးနိုင်သည့် ကျမ်းကြီးတစ်ဆူ ဖြစ်ပါသည်။

အဋ္ဌကထာ သံဂါယနာ

၁၃၁၈-ခုနှစ်၊ ကဆုန်လတွင် ပါဠိတော် သံဂါယနာတင်၍ပြီးသည်။ ထိုနှစ် နတ်တော်လပြည့်ကျော်(၉)ရက်နေ့မှစ၍ အဋ္ဌကထာ သံဂါယနာကို စ၍တင်သည်။တိပိဋကဓရဆရာတော်မှာ မဟာဗုဒ္ဓဝင်ကျမ်းကြီးပြုစုရင်း တဖက်မှ အဋ္ဌကထာ သံဂါယနာတင်ခြင်းကိစ္စကိုလည်း ဆောင်ရွက်ရသည်။ပါဠိသုတ်သင်ခြင်းစသော ကိစ္စကိုသာမက လူအများ ကြည်ညိုသဒ္ဓါပွားအောင် အဋ္ဌကထာလာ မွေအကြောင်းအရာများကို စိစစ်ဟောကြားရခြင်း ကိစ္စကိုပါ ဆောင်ရွက်ရသည်။ အဋ္ဌကထာ သံဂါယနာတင်ပြီး ၁၃၂၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၃)ရက်နေ့မှစ၍ ဋီကာကျမ်းများ သံဂါယနာတင်ပြန်ပါသည်။ ထိုဋီကာသံဂါယနာတင်သောအခါတွင်လည်း ရှေ့တန်းမှ ပါဝင်ဆောင်ရွက်ရသည်။ ဆဋ္ဌသံဂါယနာတင်လုပ်ငန်းနှင့် ပတ်သက်၍ ဆက်ကပ်ခံရသည့် ဘွဲ့လက်မှတ်တော်များကို ကြည့်ခြင်းအားဖြင့် သံဂါယနာတင်စဉ်အခါက ဆရာတော် ဆောင်ရွက်ရသော လုပ်ငန်းများကို သိရှိကြည်ညိုနိုင်ပါသည်။

၁။ ဆဋ္ဌသံဂီတိဓမ္မဝိသဇ္ဇက (ဆဋ္ဌသံဂါယနာအဖြာသာသနာဝင် ဆရာတော်)

၂။ ဆဋ္ဌသံဂီတိကာရက (ဆဋ္ဌသံဂါယနာတင် သာသနာဝင် လက်မှတ်တော်)

၃။ ဆဋ္ဌသံဂီတိဘာဏက (ဆဋ္ဌသံဂါယနာတွင် ပါဠိတော်ကို နှုတ်တက်ဆို၍ ရသည့် သာသနာဝင် လက်မှတ်တော်)

၄။ ဆဋ္ဌသံဂီတိဘာရနိတ္ထာရက (ဆဋ္ဌသံဂါယနာတာဝန်အရပ်ရပ်ကို ဆောင်ရွက်၍ရသည့် သာသနာဝင် လက်မှတ်တော်)

၅။ ဆဋ္ဌသံဂီတိပါဠိဝိသောဓက (ဆဋ္ဌသံဂါယနာတွင် ပါဠိတော်ကို သုတ်သင်ပြင်ဆင်၍ ရသည့် သာသနာဝင် လက်မှတ်တော်)

၆။ ဆဋ္ဌသံဂီတိပါဠိဝိသောဓက (ဆဋ္ဌသံဂါယနာတွင် ပါဠိတော်ကို အဆင့်မြင့် တဖန်သုတ်သင်၍ ရသည့် သာသနာဝင် လက်မှတ်တော်)

၇။ ဆဋ္ဌသံဂီတိဩသာနသောဓေယျ (ဆဋ္ဌသံဂါယနာတွင် အဆုံးသတ် သုတ်သင်ပြီးသော ပါဠိကို နောက်ဆုံးအတည်ပြု ဆုံးဖြတ်ပေး၍ ရသည့် သာသနာဝင် လက်မှတ်တော်)

၈။ အဋ္ဌကထာသံဂီတိကာရက (အဋ္ဌကထာ သံဂါယနာတင် ဆောင်ရွက်၍ရသည့် သာသနာဝင် လက်မှတ်တော်)

၉။ ဋီကာသံဂီတိကာရက (ဋီကာသံဂါယနာတင် ဆောင်ရွက်၍ရသည့် သာသနာဝင် လက်မှတ်တော်)

ဆဋ္ဌသံဂါယနာတင် ကိစ္စနှင့်ပတ်သက်၍ ဤလက်မှတ်တော် ကိုးမျိုးကို ဆရာတော်ရရှိခဲ့ပါသည်။

http://www.dhammadownload.com

မိုးမိတ်ကုန်းမြေပေါ်ပြို

၁၃၁၉-ခု ကဆုန်လ ပါဠိတော် သံဂါယနာအပြီးတွင် ပထမ ဓမ္မနာဒ ပျံလွန်တော်မူပြီးစ လွန်ခဲ့သော ၂၀ နှစ်ခန့်က စတင်တွေ့ရှိပြီးဖြစ်သော်လည်း ကောင်းစွာမရှင်းလင်းနိုင်ခဲ့သော မိုးမိတ် စာပေတော်ရာ စေတီသို့ သာသနာ့ မိခင်ကြီး ဒေါ်ခမ္မစာရီသည် တိပိဋကဓရ ဆရာတော်၊ ပစ္စာသာမဏေ အရှင်ကောဏ္ဍညနှင့် သာမဏေငယ်များ၊ သီလရှင်များကို ရေပုံးကလေးများ ကိုယ်စီဆွဲကြစေပြီး ရေသပ္ပာယ် ရှင်းလင်းရန် သွားခဲ့ကြသည်။

စက်တော်ရာ စေတီတဝိုက်တွင် တဲမြက်စည်းပင်များ၊ ပေါင်ပဲ့ချုံပင်များ၊ ဆီးချုံများ ခြံရံကာ စက်တော်ရာစေတီ အုတ်ပြာသာဒ်၏ ထိပ်တွင်လည်း အကိုင်အခက် ဝေဝေဆာဆာနှင့် လုံးပတ်လေးထွာခန့်ရှိသော ရော်ဖြူပင်ခေါ် ဆေးကုလားမကြီး ပေါက်နေသည်။ ရှေးဦးစွာ စက်တော်ရာပေါ်၌ တင်ရှိနေသော လင်းနို့ချေးများကို သစ်ခက် တဲမြက်စည်းဖြင့် ရှင်းလင်းရ၏။ အနံ့အသက်များကို ဆောင်ယူလာသော ရေဖြင့် ဆေးကြာရ၏။ ပြီးမှ အနီးအနားရှိ ခင်ပုပ်ပန်းပင်များ၊ တောင်တဇင်ပန်းများကို ခူးယူပူဇော်ကြပြီး ပြန်လာခဲ့ကြ၏။

ဤသို့ တဖြေးဖြေး ရှင်းလင်းလာကြရာမှ ဤနေရာ ဤဒေသကို မိုးမိတ်ကုန်းမြေ၊ စက်တော်ရာစေတီ ပြာသာဒ်ဘေးရှိ စေတီပျက်ကြီးကို ဤကား မိုးမိတ်စေတီ-မိုးမိတ်ဘုရား၊ တဖန် သမင်ခြံရွာ၊ ပတ်ဝန်းကျင်မှ အသက်(၇၀)ကျော် နွားကျောင်းလာကြသော အဖိုးကြီးများက ရေတက်ချိန်၌ ကုန်းမြေဘေးရေဝင်လာသောအခါ ဂ,ငယ်ပုံသဏ္ဌာန် ချောင်းငယ်ကို ဒါက မိုးမိတ်ချောင်းဟု လျောက်ထားကြရာမှ မိုးမိတ်ကုန်းမြေပါတကား၊ မိုးမိုတ်ဘုရားကြီးပါတကား၊ မိုးမိတ်ချောင်းပါတကား-ဟု သိလာကြရ၏။ ထို့နောက် တဖန် ဆွေမျိုးစဉ်ဆက်ကိုလိုက်ရာမှ မိုးမိတ်ဘုရားဒါယကာ မိုးမိတ်မင်းသားကြီး ဆိုသည်မှာ ဘိုးတော်မင်း၏ မိုးမိတ်မိဖုရားမှ ဖွားမြင်တော်မူသော မိုးမိတ်မင်းသားကြီးဟု သိရ၏။ တဖန် စက်တော်ရာကား မိုးမိတ်မင်းသားကြီး၏ ကြင်ယာတော် မင်းကင်း မင်းသမီး၏ ကောင်းမှုဟု သိရပြန်၏။ ဤမိုးမိတ်စေတီတော်နှင့် စက်တော်ရာစေတီတို့ကို မိုးမိတ် မင့်သားကြီးနှင့် ကြင်ယာတော်တို့သည် ခမည်းတော် ဘိုးတော်မင်းတရားကြီး မင်းကွန်း၌ စံနေတော်မူစဉ်က ခမည်းတော်၏ လုံခြုံရေးအတွက် တပ်စွဲကာ စောင့်ရှောက်နေစဉ် တည်ထားခဲ့သော စေတီတော်များ ဖြစ်ကြောင်း သိကြရ၏။

ဆရာကြီး ဒေါ်ခမ္မစာရီသည် မိုးမိတ်စေတီတော်ကြီးနှင့် စက်တော်ရာ စေတီတို့၏ သမိုင်းကို သိရှိရသောအခါ အလွန်ကြည်ညိုပြီးလျှင် စက်တော်ရာကို ပြုပြင်ရန် စိတ်အားအထူးထက်သန်လာ၏။ ဆရာကြီး၏ စိတ်၌ ထိုစက်တော်ရာစေတီကို မြတ်နိုးလှသဖြင့် မိုးမိတ်ကုန်းမြေမှ ဓမ္မနာဒသို့ပင် ရွှေ့ထားရန် ဆန္ဒဖြစ်ခဲ့၏။

ဆရာတော် မျက်နှာတခြမ်းထုံကျင်ခြင်း

ထိုအချိန်မှာပင် တိပိဋကဓရ ဆရာတော်သည် ခြေသလုံး၌ မွေးကျွတ်နာဖြစ်၍ ကျန်းမာရေးမူးထဲမှ ဆေးတောင်းရာ၊ ကျန်းမာရေးမူးက ထရစ်ပါဆာဖာ Triple Suphur ဆေးကို ပေးလေ၏။ ထိုဆေးကို ဘဉ်းပေးမိပြီးနောက် ညာဘက် မျက်နှာတခြမ်း အထက်ပိုင်း ခေါင်းပိုင်း ကွက်ပြီး ထုံလာ၏။ နောက် ၂-ရက် ၃-ရက် ခန့်ရှိလျှပ် ရုပ်အဆင်းပင် ဖောက်ပြန်သလို ဖြစ်လာ၏။ တိပိဋကဓရ ဆရာတော်သည် ချီသီး၊ ကလောသီး၊ ပျားရည်၊ ထောပတ်ပါသော ချက်ဆေးကိုပင် ဆေးဝါးဘဉ်းပေးနေ၏။

သံဃဂလက်ံာ

ဤသို့ တိပိဋကဓရ ဆရာတော် ဟကျန်းမာစဉ်မှာပင် တစ်ညဉ့် သန်းခေါင်ကျော် အချိန်ဂယ်

http://www.dhammadownload.com

* ယခုပင်လျှင်၊ မအိုခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့
* ယခုပင်လျှင်၊ မနာခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့
* ယခုပင်လျှင်၊ မသေခင်က
ကြိုတင်ကောင်းမှု ကြိုးစားပြုလော့
ရတုချိန်ထောက်၊ ဤခါရောက်မှ
ချုပ်ပျောက်ခန္ဓာ၊ သေလိမ့်ငါဟု
သတ္တာခပင်း၊ ရှင်သေမင်းနှင့်
မိတ်သင်းဖွဲ့လျက်၊ ချိန်းအချက်လျှင်
တစက်ကမ မရှိကြဘူး-
အပွမာဒေန ဘိက္ခဝေ သမ္မာဒေထ
ဘုရားစကား၊ လိုက်နာပွားသည်
တရားလက်မလွတ်စေနှင့်- ။ဟု
သံဝေဂတရား လက်ာကို ဖွဲ့စီတော်
မူခဲ့လေသည်။

ဆရာဝန်ကြီး ဦးသာလှ ဧရောက်ရှိခြင်း

တိပိဋကဓရ ဆရာတော် မကျန်းမာ ဖြစ်နေသည့် သတင်းကို နိုင်ငံတော်ဝန်ကြီးချုပ် ကြီးသိလျှင်ပင် မန္တလေးမြို့ ဆေးရုံကြီးသို့ ဝ ဝန်နှင့် ရွှေ့ပြောင်း ကာစဖြစ်သော အရေပြား အထူးကု ဆရာဝန်ကြီး ဦးသာလှအား ကြည့်ရှုရန် တာဝန် ပေးအပ်ရာ ဆရာဝန်ကြီးက ထိုအခါမှစ၍ ဆရာတော် ကြီး၏ ကျန်းမာရေးကို ကြည့်ရှု စောင့်ရောက် ရလေ၏။ ဆရာတော်၏ ကျန်းမာရေး ကြည့်ရှုရာမှ ဆရာကြီး ဒေါ်ခမ္မစာရီနှင့် ဆရာတော်တို့ ပြုပြင် လိုသော မိုးမိတ်စေတီတော်ကြီးကို ရှင်းလင်း ပြုပြင်သည်အထိ ဆောင်ရွက်ခဲ့ရသော ဆရာဝန်ကြီး ဦးသာလှ၏ ဆောင်ရွက်ချက်များနှင့်စပ်၍ ဆရာကြီး ဦးသာလှ ရေးသားခဲ့သော ပထမသုံးနှစ်ခရီးစာစောင် စာမျက်နှာ ၂၆၊ ၂၇ မှ ထုတ်နုတ်၍ တင်ပြလိုပါသည်။

အိပ်မက်သဘော မက်မြင်၏။ ပုဂ္ဂိုလ်ရယ် မဟုတ်၊ နာဒ်၌ တစုံတယောက်က လာပြော၍ ကြားရသလို- "ဇီဝိတသင်္ခါတိ နောက် (၂) နာရီပဲ ကျန်တော့သည်"ဟု ဖြစ်၏။ နောက် (၂) နာရီဆိုလျှင် အသက်အစဉ်ဖြတ်တော့မည်၊ သေတော့ မည်ဟု ဆိုလိုသည်။ ထိုရောအခါ ဆရာတော်က ငါသည် မင်္ဂလာဘုရားမှ မပြီးသေးတော့ ရှေ့ဆက်၍ ဘဝခရီးသွားရလျှင် ဘာကို အားကိုးအားထား ပြုပြီး ငါသွားရပါ့မလဲ-အိပ်မက်ထဲမှာပင် စဉ်းစား၏။ ထိုရောအခါ အိပ်မက်ထဲမှ "ပညာ-ပညာ-ပညာ" စကား သုံးခွန်း ပြောသံကို ကြားလိုက်ရပြန်၏။ ဒီပညာက ဘာပညာလဲ?- ဆက်လက်၍ စဉ်းစား ပြန်ရာ မိမိ နှလုံးသွင်းနေကျဖြစ်သော စူဠရာလော ဒသုတ္တန်လာဟု ဝိပဿနာပညာကို ဆိုလိုကြောင်း အောက်မေ့နေတုန်း ဖြုန်းကနဲ နိုးလာ၏။ နိုးလာလျှင်ပင် နှုတ်က "သုညောဝတဘော လောကော"ဟု (အို-လောကကြီး တစ်ခုလုံးဟာ ပုဂ္ဂိုလ်, သတ္တဝါ, ငါ, သူတစ်ပါး, ယောကျ်ား, မိန်းမ, အတ္တလိပ်ပြာသဘောမှ ဆိတ်သုဉ်းစွတကား) ဟု နှုတ်က ဥဒါန်းသဘော ကျူးရင့်မိလေ၏။

အထက်ပါ အိပ်မက်နှင့် တဆက်တည်း မှာပင် ဆရာတော်သည် (၁) မမေ့လျော့နဲ့၊ (၂) သေခြင်းတရားနှင့် အချိန်းအချက်မရှိဘူး၊ (၃) မိမိရည်သန် ထားသော ဓမ္မစီးပွားကို အလုံးစုံပြီးအောင် အချိန်မဆွဲပဲ ကြိုးစားအားထုတ်ကြ" ဟူသော စကားသုံးခွန်းကို အမြတ်အစွန်းရရှိကာ-

ရုပ်,နာမ် ဓမ္မ၊ သခါရတို့
ကိုယ်ကဤပုံ၊ ဖြစ်လိုတုံလည်း
တဖုံဆင်ကွဲ၊ သူတနဲဖြင့်
ဖောက်လွဲတတ်စွာ၊ ဓမ္မတာကို
ပညာ စက္ခု၊ မျှော်ထောက်ရှု၍

http://www.dhammadownload.com



မယ်တော်ကြီးဒေါ်ဆင်



မြင်းခြံမြို့တွင် ညီ ဦးဘသင်၊ ဆွေမျိုးများနှင့် ဆရာတော်ကြီးအားဖူးတွေ့ရပုံ

http://www.dhammadownload.com

"ကျွန်တော်သည် ရုံးပိတ်ရက်နေ့တိုင်း မင်းကွန်းတောင်ရိုးသို့ သွားရောက်ပြီး ဆရာတော်နှင့် မယ်တော်ကြီး ဒေါ်ခမ္မစာရီတို့၏ ကျန်းမာရေးကို ကြည့်ရှုကုသပေးရင်း တဖြည်းဖြည်း မင်းကွန်းတောင်ရိုးမှ ရဟန်း, သာမဏေ, သီလရှင်များအပြင် လူအိုရုံမှ ဘိုး-ဘွားများကိုပါ ကြည့်ရှုကုသပေးကာ စေတနာဝန်ထမ်း ပရဟိတလုပ်ငန်းကို ရွက်ဆောင်ရပါသည်။

"တနေ့တွင် ဆရာတော်ဘုရားသည် ထန်းမြင့်တောင်ရွာ, မြောက်ရွာ ရွာသူ ရွာသားများနှင့် မိုးမိတ်ကုန်းမြေ စေတီတော်များကို မပြုပြင်နိုင်သေးမီ တတ်နိုင်သလောက် ရှင်းလင်းသုတ်သင်နေသော အခါ ကျွန်တော်နှင့် မန္တလေးဘက်မှ လိုက်ပါလာသူများသည် ဆရာတော်ရှိရာသို့ လိုက်ပါသွားကြသဖြင့် မိုးမိတ်ကုန်းမြေသို့ ပထမဆုံးအခေါက်ရောက်ရှိကြကာ လေ့လာကြပါသည်။

မိုးမိတ်ကုန်းမြေသို့ ရောက်ရှိ၍ လေ့လာကြည့်ရှုပြီးလျှင် 'လိုအပ်သလို ရှင်းလင်းပြီး စေတီပုထိုးများကို ပြန်လည် မွမ်းမံ ပြင်ဆင်ရန်' ဆရာတော်အား ကျွန်တော်က လျှောက်ထားရာ ဆရာတော်က ပြုပြင်မွမ်းမံလျှင် အလွန်ကောင်းမွန်သင့်လျော်ကြောင်း နှင့် ယခု လောလောဆယ် အခြေအနေမှာ ခရီးသွားလာကြသူများအဖို့ တောထူ လူပြတ်သဖြင့် အလုအယက် ခံရမည်ကိုပင် ကြောက်ရကြောင်း၊ ၎င်းပြင် နိုင်ငံတော်အစိုးရ ယဉ်ကျေးမှုဌာနညွှန်ကြားရေးမှူး ဦးဘစိန်အား ဘုန်းကြီးက စက်တော်ရာစေတီကို အရောက်ပို့စေသဖြင့် ၎င်းက ထိုကုန်းမြေကို ဆရာတော် စိတ်တိုင်းကျ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရန် အကြောင်းပြန်ကြား၍ ယဉ်ကျေးမှုဌာနက တောရှင်းရန်အတွက် ဝတ္ထု၏ငွေ ၂၀၀-ကျပ် ပေးပို့လှူဒါန်း၍ ထိုကျပ်ငွေ ၂၀၀-ကျပ် ဖြင့် ရွာဘုံဖျာကြမ်း ကပွစေပြီး ထန်းမြင့် နှစ်ရွာ သို့ ပေးအပ်၍ ယခု ရှင်းလင်းနေပါကြောင်း အမိန့်ရှိပါသည်။

ကျွန်တော်နှင့် ဇနီး ဒေါ်ခင်ညွန့် မိသားစုတို့က မ,တည်ပြီး အလှူရှင်များပါ ပါဝင်စေလျက် ဉာဏ်တော် ၇၃-တောင်ရှိ (ထိုအချိန်က သပိတ်မှောက်အထိ ပျက်စီးပြိုကျနေသော) မိုးမိတ်စေတီတော်ကြီးကို သပိတ်မှောက်မှ စပြီးလျှင် ၁၃၂၁-ခုနှစ်တွင် ပြုပြင် မွမ်းမံ တည်ဆောက်ကြပါသည်။"

မယ်တော်ကြီး ဒေါ်ဆင် ကွယ်လွန်ခြင်း

၁၃၂၁-ခု နတ်တော်လတွင် မြင်းခြံမြို့သဖြူဝကျေးရွာတွင် မယ်တော်ကြီး ဒေါ်ဆင် ကွယ်လွန်ခဲ့လေသည်။ ဆရာတော်ကြီးသည် "ဒကာမကြီး အခြေအနေ မကောင်းဘူး၊ ကျောခင်းနေပြီ၊ နေရလှ ၂ နှစ်ပေါ့" ဟူသော စကားကို ညီတဝမ်းကွဲတော်သူ မောင်ကံညွန့်အား ပြောဆိုလေ့ရှိ၏။ မယ်တော်ကြီးသည် ဣရိယာပုထ် လေးပါးတွင် အအိပ်အနေများလာသဖြင့် ဆရာတော်က ဒကာမကြီး ကျောခင်းပြီ-ဟု ဆိုခြင်းဖြစ်ပါသည်။ မယ်တော်ကြီး ကွယ်လွန်ကြောင်း သတင်းရလျှင် ဆရာတော် မြင်းခြံသို့ ကြွတော်မူသည်။

မယ်တော်ကြီး၏ ရုပ်ကလာပ်ကို သဖြူဝကမ်းနဖူး သဿောင်ပြင်၌ မီးသင်္ဂြိုဟ်ရာ ညီဖြစ်သူ မောင်ကံညွန့်အား အသေအချာ အကြည့်ခိုင်း၏။ ကမ်းနဖူးဝယ် လေတဟူးဟူးတိုက်၍ တဝုန်းဝုန်း ကမ်းပြိုနေသည့် ကြားမှာပင် ဆရာတော်သည် ကုလားထိုင်တလုံးနှင့် ထိုင်၍ မယ်တော်ကြီး မီးသင်္ဂြိုဟ်သည်ကို ကြည့်နေတော်မူသည်။ အရိုးကလေးတဆစ် မကျန်စေရအောင် မီးသင်္ဂြိုဟ်စေပြီး၊ ပြာများကို မြစ်ထဲသို့ တခါတည်း ကျုံး၍ ပြစ်စေခဲ့သည်။ ထိုအခါက ရပ်ရွာမှ လူကြီးများက ဆရာတော်အား

http://www.dhammadownload.com



ဓမ္မနာဒတိုက်အတွင်းရှိ သလ္လာဝတီဆောင်းကျောင်း



ဆာဦးသွင် လှူဒါန်းခဲ့သော ဓမ္မနာဒအုတ်တံတိုင်း၊ မုခ်ဦးနှင့်မုခ်ဝရှိ ခြေသုံ့နှစ်ကောင်တို့ပုံ

http://www.dhammadownload.com

"ကမ်းပြိုနေပါ၍ အနောက်သို့ရွေ့. သိတင်းသုံးတော်မူပါဘုရား" လျှောက်ထားရာ၊ မယ်တော်နဲ့အတူ ပါသွားလဲအေးတာပဲဟူသော သဘောဖြင့်ပင် မိန့်တော်မူသေးသည်။

သလ္လာဝတီကျောင်း

မုဏ္ဍာမြို့. ဘုရားကြီးလမ်းနေ ဦးထွန်းလှ ဒေါ်ခင်ပုတို့ ဇနီးမောင်နှံသည် အဘိဓေ မစိုးရိမ် ဆရာတော်ကြီး၏ တပည့်ရင်းများဖြစ်ကြပြီး၊ မစိုးရိမ် ဆရာတော်ကြီးက တိပိဋကဓရ ဆရာတော်ကို ဆည်းကပ်ဟု လမ်းညွှန်တော်မူသဖြင့် မင်းကွန်း ဓမ္မနာဒသို့ ရောက်လာကြပါသည်။ ဆရာတော်ထံ ကထိန်ခင်းလိုပါကြောင်း လျှောက်ထားရာ၊ ကျောင်းဒကာကြီး ဦးမြို့က နိဗ္ဗဝတ်ယူထားပြီးဖြစ်၍ ဦးထွန်းလှတို့ ဇနီးမောင်နှံမှာ (၂) ထပ်ကျောင်း တစ်ဆောင် ဆောက်လှူခဲ့လေသည်။ ဦးထွန်းလှ ဒေါ်ခင်ပုတို့မှာ မုဏ္ဍာဇာတိဖြစ်၍ သူတို့ ဇနီးမောင်နှံ ဆောက်လုပ်သော ကျောင်းကို သလ္လာဝတီကျောင်းဟု ခေါ်တွင်စေခဲ့၏။ ထိုကျောင်း၌ ဆရာကြီး ဦးသာလက ဆရာတော်ကြီးကို ဆေးကုလာလျှင် နေစေပြီး ၎င်းကျောင်းမှာပင် သံဃာတော်များကို ဆေးစစ်ပေးသဖြင့် သလ္လာဝတီ ဆေးကျောင်းဟု လည်းကောင်း၊ အာရောဂျသာလာ-ဟု လည်းကောင်း တွင်ပြန်လေ၏။

ထိုကျောင်းရေစက်ချသောအခါ အဘိဓေ မစိုးရိမ် ဆရာတော်ကြီး ကြွတော်မူ၍ ဥပဇ္ဈာယ်ပြုကာ မင်းကွန်း တိပိဋကဓရ ဆရာတော်ကို သိမ်ထပ်ပြီး ဦးထွန်းလှ ကိုယ်တိုင် ရေစက်ချသောဟူ၏။

ခြင်္သေ့ကြီးမှ ဆေးပေးခန်းသို့

ဓမ္မနာဒကျောင်းတိုက် ပရဝုဏ်တွင် ရဟန်းဒကာကြီး ဆာဦးသွင် ကောင်းမှု ဓမ္မနာဒ စည်းရိုး၊ ဓမ္မနာဒ မုခဦးနှင့်အတူ ဝင်ပေါက်ဝတွင် ခပ်သေးသေး ခြင်္သေ့ရုပ်နှစ်ခုရှိသည်။ ကျောင်းတိုက်သို့ လာနေကျ ကျောင်းဒါယကာကြီး ဦးဘိုးမိုနှင့် ကျောင်းအမကြီး ဒေါ်ရွှေညွန့်တို့က ထိုခြင်္သေ့ရုပ်ကလေးများကို မြင်ရတိုင်း အမြင်မတော်ရှိလှ၍ ၁၃၂၂-ခု၊ ဇိုကာသဂါယနာ ပထမသင်္ဂီတမှ ပြန်ကြွလာသော ဆရာတော်အား အရပ်ဆယ်တောင် လောက်မြင့်သည့် ခြင်္သေ့ရုပ်ကြီးနှစ်ရုပ်၊ လက်ရာကောင်း မုဏ္ဍာဆရာမြကို လုပ်ခိုင်း၍ လှူဒါန်းမည့် အကြောင်း လျှောက်ထားကြသည်။

ဦးဘိုးမိုနှင့် ဒေါ်ရွှေညွန့်တို့မှာ ဆရာတော်နှင့် မိ,ဖတမျှ ရင်းနှီးကြသူများဖြစ်၍ ဆရာတော်က ပွင့်ပွင့်လင်းလင်း မိန့်တော်မူပါသည်။

"ဒကာကြီး၊ ခြင်္သေ့ကြီးနှစ်ကောင်က ငွေကုန်ကြေးကျများပြီး လူအများကောင်းကျိုးကို ပြုနိုင်မှာ မဟုတ်ဘူး၊ လူအများကောင်းကျိုးရှိမည့် အလှူကိုသာ လှူသင့်သည်"ဟု မိန့်ပါသည်။ "တပည့်တော် ဘာလှူရမလဲ"ဟုဦးဘိုးမိုကပြန်လျှောက်ရာ"မင်းကွန်းကျေးရွာ ဆေးပေးခန်းကလေးမှာ အလျား (၃)ခန်း၊ အနံ(၂)ခန်း အလွန်ကျဉ်းမြောင်းပါတယ်။ မျောတိုင်, ထရံကာ, သက်ကယ်မိုးဆိုတော့ မကြာမီ ခြစာဖြစ်မှာပဲ။ ရွာကဆင်းရဲတော့ သည့်ထက်လဲ တတ်နိုင်မှာမဟုတ်ဘူး။ အဲဒီနေရာမှာ နိုင်ငံတော်အစိုးရက သတ်မှတ်ထားသည့်အတိုင်း စံချိန်မီ ကျေးလက်ကျန်းမာရေးဆေးခန်း အဆောက်အဦ ဆောက်လှူလိုက်လျှင် လူအများ လက်တွေ့ အကျိုးများမှာပဲ" ဟု မိန့်သည်။

ဦးဘိုးမို-ဒေါ်ရွှေညွန့်တို့လည်း ဆရာတော် ညွှန်ကြားသည့်အတိုင်း အခိုင်အမာ သွပ်မိုး၊ အုတ်နံကပ် စံချိန်မီ ဆေးပေးခန်းကို ဆောက်လုပ်လှူဒါန်းသည်။ ဆရာတော်ကလည်း, တခြားလိုအပ်သည့် ကျန်းမာရေးပစ္စည်းနေအိမ်၊ အမှုထမ်းများ နေထိုင်

http://www.dhammadownload.com



ဗန္ဓုလဦးဆိုင်



ဗန္ဓုလဦးဆိုင်–ဒေါ်စောတင်
လှူဒါန်းသော မဟာဗန္ဓုလဓမ္မာရုံ

http://www.dhammadownload.com

ရန် တန်းလျား၊ သောက်သုံးရေကန် စသည် ပြည့်ပြည့် စုံစုံဖြစ်အောင် စီမံပေးသည်။ ၁၃၂၂-ခု၊ ဒုတိယ ဝါဆိုလပြည့်ကျော် (၄) ရက်နေ့၌ ဆေးခန်း လူဒါန်း ပေးအပ်ပွဲကို အကြီးအကျယ်ပြုလုပ်၍ နိုင်ငံတော် အစိုးရအား လွှဲအပ်ခဲ့သည်။

ဓမ္မနာဒမှ ရွှေရေးဆောင်သို့

ပုထုဇဉ်တို့သဘာဝ မိမိအထံ ရောက်လာသော လာဘ်ကို မိမိလက်မခံဘဲ တခြား သင့်တော်ရာသို့ ညွှန်ကြားဖို့ အတော်ခက်သည်။ လိုသည်ဖြစ်စေ မလိုသည်ဖြစ်စေ ရသမျှ လက်ခံထားလေ့ရှိပါသည်။ အလှူရှင်များကလည်း တော်သည်, မတော်သည် အရှည်မစဉ်းစားကြတော့ဘဲ သဒ္ဓါပေါက်သည် ဆိုလျှင် မဆင်မခြင် လူဒါန်းတတ်ကြသည်။ နောင် မိမိတို့လူဒါန်းသည့်ပစ္စည်း သာသနာအကျိုးမရောက်ဘဲ ပျက်စီးသွားမှ နှလုံးမသာမယာ ဖြစ်ကြရသည်။ တိပိဋကဓရ ဆရာတော်ကား ထိုသို့ မဟုတ်ပါ။ မိမိအထံ ရောက်လာသော လာဘ်ကို တခြားသင့်တော်ရာသို့ ညွှန်ကြားတော်မူပါသည်။

ဆရာတော်၏ တရားဓမ္မများကို နာကြားရ၍ သဒ္ဓါတရားပေါက်နေသော မန္တလေးမြို့ ဒါးတန်းမဟာဗန္ဓုလ သက်နှံးတိုက်ပိုင်ရှင် ဦးဆိုင် ဒေါ်စောသင်တို့ ဓမ္မနာဒတိုက် တိပိဋကဓရ ဆရာတော်အထံ ရောက်လာပြီး ဓမ္မနာဒတိုက်မှာ ခမ်းခမ်းနားနား တိုက်ကျောင်းကြီးတစ်ကျောင်း ဆောက်လုပ်လူဒါန်း လိုကြောင်း ငွေကြေးကုန်ကျမှု ဂရုမစိုက်ဘဲ ဆရာတော်စိတ်ကြိုက် ဆောက်လုပ်လူဒါန်းမည် ဖြစ်ကြောင်း လျှောက်ထားသည်။ ထိုအခါ ဆရာတော်က ရှင်းပြသည်မှာ- "ဒကာကြီး ဒီဓမ္မနာဒကျောင်းတိုက်မှာ ဘုန်းကြီးမို့ သံဃာ ဒီလောက်များများ လက်ခံထားနိုင်တာ (ထိုအခါက တစ်ရာကျော်ရှိသည်)။ မှီခိုနေရတာက မင်းကွန်းရှာကလေးကို မှီနေရတာ။ ဒီရွာကလေးကလည်း ခုံဖိနပ်ခုတ်ပြီး အသက်မွေးဝမ်းကျောင်းနေရတဲ့ ရွာကလေးဖြစ်တယ်။ တခြား ဘုန်းကြီးဆိုလျှင် ဘယ်နည်းနဲ့မှ ဒီလောက် သံဃာမထားနိုင်ဘူး။ သံဃာမရှိလျှင်လည်း ဘယ်လောက်ကောင်းကောင်း အဆောက်အဦဟာ မကြာမီ ပျက်စီးမှာပဲ။ သာသနာအား အကျိုးမများလို့ ဒီမှာမဆောက်ပါနဲ့၊ မန္တလေးမြို့မှာ စစ်ဘေးစစ်ဒဏ်ကြောင့် ပျက်စီးနေတဲ့ ကျောင်းတိုက်ကြီးများကို ပြုပြင်ဆောက်လုပ်ပေးပါ။ မန္တလေးမြို့ကြီးဆိုတော့ မှီရာပစ္စည်းလေးပါးရလွယ်လို့ စာချဆရာတော် တစ်ပါးမဟုတ် တစ်ပါးပေါ်မှာပါ။ မန္တလေးမှာ ဆောက်လျှင်တော့ ဆောက်ပါ ဒကာကြီး၊ ဒီမှာမဆောက်ပါနဲ့"ဟု ညွှန်ကြားပါသည်။

တိပိဋကဓရ ဆရာတော်၏ ညွှန်ပြချက်ကို သဘောပေါက်၍ ဗန္ဓုလဦးဆိုင်-ဒေါ်စောတင်တို့ မန္တလေးမြို့ ရွှေရေးဆောင်ကျောင်းတိုက်ကြီးကို ပြင်ဆင်ဆောက်လုပ် လူဒါန်းသည်။ အလျား (၁၇) ခန်း၊ အနံ (၁၃)ခန်းရှိသည့် တိုက်ကျောင်းကြီးကို မူလပုံစံမပျက်စေဘဲ ဆောက်လုပ်လူဒါန်းပြီး သံဃာတော်များအတွက် ရေလောင်းကုဋီ၊ အဝီစိရေတွင်း၊ ရေစက်၊ ရေစင် စသည်ဖြင့် လိုလေသေးမရှိရအောင် ပြုလုပ်ပြီး ကျောင်းရေစက်ချပွဲကို အကြီးအကျယ် ပြုလုပ်လူဒါန်းသည်။ ထိုကျောင်းပေါ်၌ ဆရာတော် ဦးပဏ္ဍဝ ဆရာတော်ဘုရားကြီး ရာပေါင်းများစွာ ဘပည့်သံဃာတို့အား စာပေပို့ချနေသည်ကို တွေ့မြင်နေရသဖြင့် ဝမ်းမြောက်ဝမ်းသာ အပရစေတနာပွားရပြန်ပါသည်။

ဓမ္မနာဒကျောင်းတိုက်၌ မလှူရ မနေနိုင်သည့် ဗန္ဓုလ ဦးဆိုင်

ဗန္ဓုလဦးဆိုင်သည် တနေ့သောအခါ ကုသလကမ္မ အကြံတခုရ၍ မင်းကွန်းတောင်ရှိး

http://www.dhammadownload.com



ဗန္ဓုလဦးဆိုင်လှဒါန်းသော မဟာဗန္ဓုလသံမဏ္ဍပ်



ဗန္ဓုလဦးဆိုင်ကိုရည်စူး၍
ဒေါ်စောတင်လှဒါန်းသော
တိုက်ချဗန္ဓုလဆွမ်းစားဆောင်ကြီး

http://www.dhammadownload.com

ဓမ္မနာဒကျောင်းတိုက် တိပိဋကဓရဆရာတော် အထံသို့ သွားရောက်၍ ရိသေစွာရှိခိုးပြီးလျှင် "အရှင်မြတ်၏ ဆန္ဒတော်အရ ညွှန်ပြတော်မူပါသောအတိုင်း ရွှေရေးဆောင်အလယ်တိုက်ကြီးကို ဆောက်လုပ်ပြီးလျှင် အရှင်မြတ်၏ တရားပွဲဖြင့်ပင် ရေစက်ချပွဲကြီး ဆင်နွှဲပြီးစီး အောင်မြင်ခဲ့ပါပြီ ဘုရား။ လမ်းမှန်ကို ညွှန်ပြတော်မူသောအတိုင်း တပည့်တော်တို့ လိုက်နာ ဆောင်ရွက်ခဲ့ကြသဖြင့် ကုသိုလ်အဆင့်ဆင့် ပြုလုပ်ရကာ ဝမ်းမြောက်ဖွယ်ရာ အဖြာဖြာတို့ကို နေ့စဉ်တွေ့မြင်ရ၍ ကုသိုလ်တရားတိုးပွားနေရပါပြီ ဘုရား။ ယခုအခါ ဓမ္မနာဒ ကျောင်းတိုက်ကြီး၌ပင်လုံဓမ္မာရုံသည် ကျဉ်းမြောင်းသည်ဖြစ်ပါ၍ တရားဟော၊ တရားနာ၊ အလှူအတန်း၊ ဧည့်ခံအခမ်းအနားကျင်းပနိုင်ရန်တင့်တယ်ခန့်ညားသော 'ဓမ္မာရုံကြီး' တခု ဆောက်လုပ် လှူဒါန်းလိုပါသည်ဘုရား"ဟု ဆရာတော်အား လျှောက်ထားသောအခါ ဆရာတော်သည် အနည်းငယ်စဉ်းစားတော်မူပြီးလျှင် "ဒကာကြီး ဒီဓမ္မနာဒကျောင်းတိုက်မှာ ပရိသတ်များစွာ တရားနာ နိုင်လောက်အောင် အလှူအတန်း ဧည့်ခံကျင်းပနိုင်လောက်အောင် ကြီးမားတဲ့ ဓမ္မာရုံကြီး တော့ မရှိသေးဘူး။ ဒကာကြီး စေတနာဆန္ဒအတိုင်း ဆောက်လုပ်တာပ"ဟု ခွင့်ပြုတော်မူလိုက်ပါသည်။

ဗန္ဓုလဦးဆိုင်သည် ဝမ်းမြောက်ဝမ်းသာဖြင့် ဓမ္မာရုံကြီး ဆောက်လုပ်ရန် သင့်လျော်မည့် နေရာကို ဆရာတော်နှင့် ညှိနှိုင်းဆွေးနွေးချယ်ပြီးလျှင် အမြန်ပင်တည်ဆောက်ပါသည်။ ဓမ္မာရုံကြီး အလျား(၈)ခန်း၊ ဓမ္မာရုံကြီး ဦးထိပ်၌ ဘုရားကျောင်းတော် ဂန္ဓကုဋိတိုက်အုတ်ပြာသာဒ်တော်ကြီးက နှစ်ခန်း၊ အလျား(၁၀)ခန်း၊ အနံ(၆)ခန်းရှိ မြေတိုက်ခံ နှစ်ထပ်တိုက် ဓမ္မာရုံတော်ကြီးကို ဦးထိပ်ရှိ ဂန္ဓကုဋိ အုတ်မြစ်ပြာသာဒ်တော်ကြီးနှင့် ဝဲယာ နှစ်ဆောင်ယှဉ်မြောင်လျက် ဝိသာခါကျောင်းအမကြီး၏ "ပုဗ္ဗာရုံကျောင်းတော်ကြီး"ကို ရည်မှန်းလျက် အုတ်တဲတိုင်း ပတ်ရံကာ ခမ်းနားတင့်တယ်စွာ ဆောက်လုပ်ကြပါသည်။ "ဂန္ဓကုဋိအုတ်ပြာသာဒ်တော်ကြီး"အတွင်း၌ ဝင်းဝင်းတောက်ပလျက်ရှိသော သီဟာသနပလ္လင်တော်ထက်ဝယ် ဘုရားရှင်၏ ကိုယ်တော်စား ရုပ်ပွားကျောက်ဆင်းတုတော်မြတ်မှာလည်း လွန်စွာသပ္ပာယ်၍ ကြည်ညိုဖွယ် ကောင်းလှပါပေသည်။ ဓမ္မာရုံကြီးကို အပြင်မှကြည့်ရှုပါလျှင် ပန်းထောင်ပန်းခက် ပန်းဆွဲအမျိုးမျိုး "ဇေတဝန်အမိုးဖြင့်" ရှုးရိုးအသွင် ခေတ်နှင့်လည်း ယှဉ်လျက် ထက်ဝန်းကျင် အလွန်လျှင်တင့်တယ်ခမ်းနားလှပါပေသည်။

မဟာဗန္ဓုလ ဓမ္မာရုံတော်ကြီးအတွင်းရှိ ဓမ္မာသနပလ္လင်တော်သည်ကား ပလ္လင်တော်အစား ထူးခြားလှစွာ နမ္မနာစံပြ မြန်မာ့ကျက်သရေ ဖော်ထုတ်သည့်အနေဖြင့် ပဝေရွေးထုံး ထီးသုံးနန်းသုံး စံထုံးအညီ "သဠာလိတော်ကြီး" ဖြင့် အံ့ချီးအတုယူဖွယ် ဆန်းကြယ် ခန့်ညားလှပါပေ၏။ ဓမ္မာရုံနံရံအုတ်တိုင် နေရာများတွင်လည်း နိုင်ငံခြားဖြစ်လက်ဆေးခံကြီး တခုနှင့် ရေပိုက်၊ စောင်းချိုးကြည့်မှန်ကြီး တချပ်စီ တပ်ဆင်ထားသည်ဖြစ်ရကား အလွန်လျှင် သားနားတင့်တယ်လှပါပေ၏။

ထို့ပြင် ဓမ္မာရုံကြီး၏ အနောက်ဘက် မဟာဗောဓိကုန်းတော်ဘေး၌ ဓမ္မာရုံကြီးနှင့် ညီတူစွာ အလျား(၆)ခန်း၊ အနံ(၃)ခန်းရှိ "ဆွမ်းစားကျောင်း တဆောင်" ဓမ္မာရုံကြီးထိပ်နှင့် ဆွမ်းစားကျောင်းအကြား ဆက်စပ်လျက် ကြီးမားလှစွာသော "သံမဏ္ဍပ်ကြီး"နှင့်တကွ "ဆွမ်းချက်တိုက်၊ ရေးချိုးခန်း၊ ကုဋိအိမ်သာ"မှစ၍ ဓမ္မာရုံ ဆွမ်းစားကျောင်းနှင့် ပတ်သက်၍ အပြည့်အစုံ လျှပ်စစ်ဓာတ်မီးစက်ကြီးနှင့် ဓာတ်မီးစက်ရုံ အုတ်တိုက် ဆရာတော်၏ နဝကမ္မအား တနှစ်လျှင် အလှူငွေ (၁၀၀၀) တထောင်

http://www.dhammadownload.com



စက်တော်ရာအုတ်ပြဿဒ်ကြီး
မပြုပြင်ရသေးမီပြိုပျက်နေပုံ
နှင့်မိုးမိတ်စေတီတော်ကြီး
ပြုပြင်မွမ်းမံနေဆဲပုံ



မိုးမိတ်စေတီတော်ကြီး
အားတင်လှူမည့်မွန်+မြန်မာနှစ်ထပ်
ထီးတော်ကြီးကို သိကြားဗြဟ္မာများနှင့်
ပင့်ဆောင်လာစဉ်



ထီးတော်ကိုကရဝိက်ဖေါ်ဖြင့်
မွန်လေးမြို့မှ ရောတိမ်ပြစ်ကြောင်း
အတိုင်းပင့်ဆောင်လာပုံ

http://www.dhammadownload.com



မင်းကွန်းတောင်ရိုး မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေ

http://www.dhammadownload.com



မင်းကွန်းတောင်ရိုး မိုးမိတ်ဇေတီတော်ကြီးများ ကုန်းမြေ

http://www.dhammadownload.com



အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်
ဖတ်ကြား လျှောက်ဆိုနေစဉ်။



ထီးတော်တင်ပွဲသို့ မိုးမိတ်မြို့နယ်မှရွာမ်းအမျိုးသား
အကဖြင့် လာရောက် ပူဇော်ကြပုံ။



နန်းတော်ရှေ့ ဆရာတင်၏သား မင်းသား
ရွှေနန်းတင် ရွတ်ဖတ် ပူဇော်နေစဉ်။



ဝဏ္ဏကျော်ထင် ဦးကက်နက်စိန် ရတုပိုဒ်စုံ
ရွတ်ဖတ်ပူဇော်နေပုံ။

http://www.dhammadownload.com

ကျပ် စသည်တို့ကို စေတနာသဒ္ဓါ ရွှင်လန်းစွာဖြင့် လှူဒါန်းကြပါသည်။

မိုးမိတ်စေတီတော်ကြီး ထီးတော်တင်ပွဲ

၁၃၂၂ ခုနှစ်တွင် မိုးမိတ်စေတီတော်ကြီးကို မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား ကြီးမှူး၍ ဆရာဝန်ကြီး ဦးသာလှ ကမ္မကထပြု၍ ပြုပြင်ရာ ဘုရားကြီး ယင်ပြင်တော်တွင် အမြစ်တွယ်နေသော သစ်မြစ် သစ်ငုတ် များမှာ လှည်းအစီး ၂၀ ခန့် ရရှိခဲ့၍၊ ကောင်းစွာ ပြုပြင် ပြီးစီးပါသဖြင့် ထီးတော်ကို တော်သလင်းလပြည့်နေ့တွင် တင်လှူကြသည်။ ထိုထီးတော်မှာ မွန်+မြန်မာ+ နှစ်ထပ်ထီးတော် ဖြစ်ပါသည်။ မိုးမိတ် အဆက်အနွယ်ဖြစ်သဖြင့် မိုးမိတ်မြို့မှ ရှမ်းအမျိုးသားအဖွဲ့ ဥပါသကာများလည်း ရှမ်းအိုးစည်ဖြင့် လာရောက် ကူညီ ပူဇော်ကြသဖြင့် 'မွန်+မြန်မာ၊ ရှမ်း ချစ်ကြည်ရေးစခန်း ဘုရားကြီး" ဟူ၍ပင် ပြောစမှတ် ပြုခဲ့ကြပါသည်။

ပထမ ထီးတော်တင်လှူရန်အတွက် နိုင်ငံတော် ဝန်ကြီးချုပ် ဦးနု၊ မိုးမိတ်အဆက်ဖြစ်သည့် နိုင်ငံခြားရေးဝန်ကြီး မိုးမိတ် စော်ဘွားကြီး စဝ်ခွန်ချို၊ သာသနာရေးဝန်ကြီး ဦးဘစောတို့ပါ ကြွရောက်၍ ထီးတော်ကင်ရန် စီစဉ်သော်လည်း အကြောင်းမညီညွတ်သဖြင့် ၎င်းတို့၏ကိုယ်စား မန္တလေးတိုင်းမင်းကြီး ဦးကြည်၊ စစ်ကိုင်းတိုင်းမင်းကြီး ဦးမောင်မောင်တို့ကို ကိုယ်စား လွှတ်သဖြင့် တိုင်းမင်းကြီးများနှင့်အတူ ထီးတော်တင်လှူကြရပါသည်။ ထီးတော် တင်လှူပွဲတွင် ထောမနာ စာတမ်း၊ ရတု၊ တေးထပ် စသည်တို့ကို ဖတ်ကြား၊ကျူးရင့် ပူဇော်ကြရာတွင် မန္တလေးတက္ကသိုလ်မှ မြန်မာစာကထိက ဖြစ်သူ ဆရာကြီး ဦးဆန်းထွန်း၊ အလင်္ကာကျော်စွာ ရွှေမန်း ဦးတင်မောင်၊ ဝတ္ထုကျော်ထင် ဦးစိန်အောင်မင်း၊ ဦးကနက်စိန်၊ ရုပ်သေးမင်းသားကြီး ရွှေဘို ဦးတင်မောင်၊ ရွှေနှင်းတင်၊ သာသနာ့ ညွှန်ကြားရေးဝန် ဗန္ဓုလ ဦးစိန်တို့ ပါဝင်ကျူးရင့် ရွတ်ဆိုကြပါသည်။

ကြည့်ချင်ပွဲ အဖြစ် ရွှေဘိုတင်မောင် ရုပ်သေးသုံးည က,ပြရာတွင် ရှေးနှစ်များ (စက်တော်ရာဘုရားကို ရှင်းလင်းသောအခါ)မှစ၍ လာရောက်နေကျ စပါးကြီးမြေ နှစ်ကောင် လာရောက်၍ ဘုရားခြေရင်းခံ နေကြသည်ကို တအံ့တသြ တွေ့မြင်ကြရသောကြောင့် 'ဘုရိဒတ္တ နဂါးမင်းတော်'ကို ရွှေဘို ဦးတင်မောင်က က,ပြခဲ့သည်ကို ယနေ့တိုင် သတိရမိပါသေးသည်။

ဧည့်ပရိသတ်များမှာ အသင့် အတင့် ပြုလုပ်စီမံထားသော မိုးမိတ်စေတီတော်ကြီး ရှေ့၌ နေ့အခါနေထိုင်ကြ၍ ဆွမ်းကွမ်း ဝေယျာဝစ္စ ပြုလုပ်ကြရပြီး မိမိတို့ စင်းလုံးငှား၍ လာသော မော်တော်၌ ဖြစ်သလို စုပေါင်း၍ ညအခါ အိပ်စက်ကြရပါသည်။ ခေတ္တ ငှားရမ်းလာသော မီးစက်နှင့် လက်ဆွဲမီးအိမ်များ ထွန်းညှိပြီး စိန်မောင်ကို ဆိုင်းအဖွဲ့ကို ညလုံးပေါက် တီးစေ၍ လုံခြုံရေးကို တမျိုးတဖုံ စီမံခဲ့ကြရပါသည်။

မိုးမိတ်စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့

မိုးမိတ်စေတီတော်ကြီးကို ပြုပြင်မွမ်းမံရွေထီး တင်လှူပြီးသောအခါ အနီးပတ်ဝန်းကျင်ရှိ စေတီရံများနှင့် စက်တော်ရာစေတီတော် အုတ်ပြာသာဒ်ကြီးကိုပါ ပြန်လည်ပြုပြင်ရန် လိုအပ်လာပြီဖြစ်၍ 'မိုးမိတ်စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး ဂေါပကအဖွဲ့'ကို ၁၃၂၃-ခုနှစ် တော်သလင်းလပြည့်နေ့တွင် ဖွဲ့စည်းကာ ဆက်လက် ဆောင်ရွက်ကြပါသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဆဋ္ဌမ ဆယ်နှစ် မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေကို ဆောင်ရွက်တော်မူခြင်းနှင့် မြန်မာနိုင်ငံအနှံ့ တရားတော်မူခြင်း ဖြစ်တော်ခဲ့ (၁၃၂၃-ခု ၁၃၆၃-ခု အထိ)

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် ၁၃၂၃-ခု တန်ဆောင်မုန်း လဆန်း(၁၁)ရက်နေ့တွင် သက်တော်(၅၀)ပြည့်တော်မူပါသည်။ ဤအချိန်သည်ကား မင်းကွန်း တိပိဋကဓရ ဆရာတော်သည် မိမိ တစ်ကိုယ်တည်းသာလျှင် ပြုစုရသော သာသနာပြုလုပ်ငန်း သုံးသွယ်ကို ပြုစုအောင်မြင်ပြီးသော အချိန်ပင် ဖြစ်ပါသည်။ ဆရာတော်ကြီး၏ တကိုယ်တည်း ပြုစုရသော သာသနာပြုလုပ်ငန်းကြီး သုံးသွယ်သည်ကား ၁-တိပိဋကဓရ အဖြစ်သို့ ရောက်အောင် ကြိုးစားတော်မူခဲ့ခြင်း၊ ၂-ဆဋ္ဌသံဂါယနာတင်ပွဲကြီး၌ အဖြေ ဝိဿဇ္ဇနာ ဆရာတော်အဖြစ် တာဝန်ယူ၍ ဆဋ္ဌသံဂါယနာတင်ပွဲကြီးကို အောင်မြင်အောင် ဆောင်ရွက်ခဲ့ခြင်း၊ ၃-ရှေးယခင် အဆက်ဆက်က ပြုစုခဲ့သော မဟာဗုဒ္ဓဝင်ကျမ်းကြီးကို အပြီးသတ် ပြုစုတော်မူခြင်းဟူသော သာသနာပြု လုပ်ငန်းကြီး သုံးသွယ်ပင် ဖြစ်ပါသည်။

ဤသာသနာပြုလုပ်ငန်းကြီး ၃-သွယ်ကို ပြုစုဆောင်ရွက်တော်မူရာတွင် ဆရာတော်အဖို့ မည်မျှ အပင်ပန်း အဆင်းရဲခံခဲ့ရပုံတို့ကို သိရှိပြီး ဖြစ်ပါသည်။ ဤသို့ အပင်ပန်း အဆင်းရဲခံ၍ သမိုင်းဝင် သာသနာပြု လုပ်ငန်းကြီးတို့ကို ဆောင်ရွက်တော်မူခဲ့ပြီးဖြစ်သော်လည်း ဆရာတော်သည် အလုပ်ခွင်မှ ရုပ်နားတင်းတိမ်မှုမရှိပဲ ရုပ်အကျိုး၊ ဂုဏ်အကျိုး၊ လောကအကျိုး၊ ဓမ္မအကျိုးအတွက် ဆက်လက်၍ သာသနာပြုလုပ်ငန်းများ ရွက်ဆောင်တော်မူခဲ့ပါသည်။

မိုးမိတ်စေတီတော်ကြီးများ ကုန်းမြေကို စည်ကားအောင် ဆောင်ရွက်တော်မူခြင်း

၁၃၂၃-ခု တော်သလင်း လပြည့်နေ့တွင် မိုးမိတ်ကုန်းမြေရှိ မိုးမိတ်စေတီတော်ကြီးကိုသာမက စက်တော်ရာ အုတ်ပြဿဒ်မှစ၍ စေတီရုံများကိုပါ ပြုပြင်ရန် လိုအပ်လာခြင်းကြောင့် ဗန္ဓုလဦးဆိုင်ကို ဥက္ကဋ္ဌအဖြစ် ဆရာဝန်ကြီး ဦးသာလှက ဘဏ္ဍာထိန်းအဖြစ် ဆောင်ရွက်စေကာ မိုးမိတ်စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ကြ၏။ ပထမဦးစွာ မိုးမိတ်စေတီတော်အနီးရှိ ယာရှင်များအား ခေါ်ယူကာ တဦးလျှင် ၂၀၀-နှုန်းဖြင့် ယာများကို ရွေးဦး ပထမ ဝယ်ယူ၍ မိုးမိတ်စေတီတော်ကြီး

http://www.dhammadownload.com



စက်တော်ရာပြဿာဒ်



ဆရာကြီးဦးဘလှ၏ ပြည်သာယာရေပလ်ကြီးနှင့် ဦးကိုလေး၏ မန်းသီရိန်ဆွမ်းစားဆောင်ကြီး

http://www.dhammadownload.com

ပတ်လည်၌ မူလမိုးမိတ်ချောင်း ပုံသဏ္ဌာန်(ဂ)ငယ်ပုံ အတိုင်း စေတီတော်ကြီး၏ ပရဝုဏ်ကို တည်ရှိစေခဲ့ ပါသည်။

ပြည်သာယာဧရပ်ကြီး

မိုးမိတ်စေတီတော်ကြီး၏ အနောက်ဘက် ကုန်းမြေတွင် ဆရာဝန်ကြီး ဦးသာလှနှင့် ဒေါ်ခင်ညွန့် မိသားစုက ဧရပ်ကြီး တဆောင် ဆောက်လုပ် လှူဒါန်းကြပါသည်။ ဆရာကြီး ဦးသာလှမှာ သာယာ ဝတီ မင်းလှတိ ဖြစ်၍၊ ဇနီး ဒေါ်ခင်ညွန့်မှာ ပြည်ဇာတိ ဖြစ်ပါ၍၊ ထိုဧရပ်ကို ပြည်သာယာ ဧရပ်ဟု မှည့်ခေါ်ခဲ့ပါသည်။

မန်းသီရိန်ဧရပ်

ပြည်သာယာ ဧရပ်ကြီး၏ တောင်ဘက် တွင် မန္တလေးမြို့ အရိုးအိုးကြီးရပ်နေ ဦးကိုလေး ဒေါ်လှဖျော် မိသားစုတို့က ဧရပ် တဆောင် ဆောက် လုပ်လှူရာ၊ ထိုဧရပ်ကို မန်းသီရိန်ဧရပ်ဟု အမည် ပေးခဲ့ပါသည်။

ဂန္ဓကုဋီ

မိုးမိတ်စေတီတော်ကြီး၏ ရှေ့မျက်နှာစာ တွင် မန္တလေးမြို့ ကွမ်းခြံရပ် သစ်ကုန်သည်ကြီး ဦးထွန်းလူ မိသားစုက ဂန္ဓကုဋီတိုက်ငယ် တလုံး ဆောက်လုပ် လှူဒါန်းပြီး၊ အဖွဲ့ ဥက္ကဋ္ဌ ဗန္ဓုလ ဦးဆိုင်က ရွှေဟောင်းဗုဒ္ဓဆင်းတုတော် တစ်ဆူ တည်ထား ပူဇော်ကြပါသည်။

မဟာရံ မီးတားနှင့် စောင်းတန်းများ

မိုးမိတ်စေတီတော်ကြီး၏ မဟာရံ တံတိုင်း မီးတားကြီးနှင့် အရှေ့ဘက် စောင်းတန်းကြီးကို မန္တလေးမြို့၊ ဝါးတန်းရပ် ဒေါ်ညွန့်ညွန့်+ဒေါ် သန်းသန်း ညီအမတို့က ဆောက်လုပ် လှူဒါန်း ပါသည်။ အရှေ့မျက်နှာစာ ရင်ပြင်တွင် မန္တလေးမြို့ ဘာဘူတန်း ဦးစကြီး ဒေါ်တင် မိသားစုက အာရုံခံ တန်ဆောင်းကြီး ဆောက်လုပ် လှူဒါန်းကြပြန်ပါသည်။

စက်တော်ရာ ဂန္ဓကုဋီတိုက်ကို ပြင်ဆင်ခြင်း

ဖော်ပြပါ အဆောက်အအုံများ ဆောက် လုပ် လှူဒါန်းနေဆဲ အချိန်မှာပင် မိုးမိတ် စေတီတော် ကြီးနှင့် ပါဒနက်သန် စက်တော်ရာ စေတီတော် တို့မှ ရောင်ခြည်တော့်များ ကွန့်မြူး ကူးလူးကြ သည်ကို ဖူးမြင်ကြရပါသည်။ စက်တော်ရာစေတီ တော်၏ ဂန္ဓကုဋီတိုက်တော်မှာ မူလက ဘုံခုနစ်ဆင့် အုတ်ပြာသာဒ် ဖြစ်သော်လည်း ဘုံနှစ်ဆင့်မျှသာ ကျန်အောင် ပြိုကျပျက်စီးနေသည်ကို မူလပုံတော် အတိုင်း ဆောက်လုပ်ကြရန် ဆုံးဖြတ်ကြပြီးလျှင် ထိုအတွက် မန္တလေးမြို့မှ မြန်မာ ဗိသုကာ ဆရာကြီး ဝဏ္ဏကျော်ထင် ဦးဆိုင်နှင့် သား ဦးမြသိန်းတို့ကို ဖိတ်ခေါ်ပြသပြီး မူရင်း ပုံမပျက်စေဘဲ ပိုမို တိုးချဲ့၍ ဆောက်လုပ်ကြရန် နည်းနိဿယများကို တောင်းခံ ခဲ့ပါသည်။ အလင်္ကာကျော်စွာ ပန်းချီဆရာကြီး ဦးစောမောင်အား ပြဿဒ် ပုံတူရေးဆွဲပေးရန် မေတ္တာ ရပ်ခံခဲ့ရာ ဆရာကြီး ဦးစောမောင်ကလည်း ချက်ချင်း မဆိုင်းမတွ ဒါနပြု၍ ရေးဆွဲ ပေးပို့ခဲ့ပါသည်။ ထို့နောက် သမိုင်းကို ရှာဖွေရန်အတွက် ရွှေပြည် ဆရာကြီး ဦးဘတင်အား အကူအညီ တောင်းခံခဲ့ရာ မိုးမိတ်မင်းသားကြီးနှင့် ကြင်ရာတော်တို့၏ အဆက် အနွယ်ထိ ရရှိခဲ့ပါသည်။

မိုးမိတ်စေတီတော်ကြီးအား ပြန်လည် ပြင်ဆင်စဉ်က သစ်မြစ် သစ်ငုတ်များမှာ လှည်းအစီး နှစ်ဆယ်ခန့်ရရှိပြီး ဌာပနာပစ္စည်းများလည်း များစွာ ရရှိခဲ့ပါသည်။ ပယင်းဆင်းတုတော်ပင် ပါရှိခဲ့ လေရာ စက်တော်ရာ ဂန္ဓကုဋီ အုတ်ပြာသာဒ်တော်

http://www.dhammadownload.com



မိုးမိတ်စက်တော်ရာ



မိုးမိတ်ကုန်းမြေဘုရားပွဲ ကျင်းပစဉ်အခါတွေ့မြင်ရပုံ

http://www.dhammadownload.com

ကြီးအား ဖြိုဖျက်ခဲ့လျှင် ပိုမို၍ ဌာပနာပစ္စည်းများကို တွေ့ရှိလိမ့်မည်ဟု ထင်မှတ်ခဲ့ကြသော်လည်း အနည်းငယ်သော ဗုဒ္ဓရုပ်ပွား ကျောက်ဆင်းတုတော်များမှ အပ ဘာမျှမတွေ့ရှိရပါ။ အသစ်တိုးချဲ့ ဆောက်လုပ်မည် ဖြစ်ပါ၍ အောက်ခြေ အုတ်မြစ်အထိ ဆက်လက် တူးဖော်သောအခါတွင် နန္ဒင်းမကင်းပုံ ရွှေချထားသော ရွှေအုတ်ချပ် ထောင့်လေးထောင့်တွင် တွေ့ရှိရပြီး တနင်္ဂနွေထောင့်တွင် (အရှေ့မြောက်ထောင့်) တွင် ငွေကြုတ်ဖြင့် ထည့်ထားသော ဗုဒ္ဓ၏ ရွှေအဆင်း ဓာတ်တော် ၁၄-ဆူတို့ကို တွေ့ရှိရပါသည်။ ၎င်းဓာတ်တော်များမှာ မုန်ညင်းစေ့ခန့် ပမာဏရှိပြီး ရွှေသားကို အလုံးကလေးများ ပြုလုပ်ထားသကဲ့သို့ တွေ့မြင်ရ၍ ရွှေလုံးကလေးများ ဖြစ်မည်ဟုပင် အချို့က ယူဆကြသဖြင့် ဆရာတော်ဘုရားက "ပိဋကတ်တော်ကျမ်းအလာ ဗုဒ္ဓ၏ ရွှေရောင်အဆင်းရှိသော ဓာတ်တော်များပင် ဖြစ်မည်" ဟု အမိန့်ရှိပါသည်။

ထိုဓာတ်တော် ၁၄ ဆူတို့ကို ပဓာန ပြု၍ ဤစက်တော်ရာကြီးကို တည်ထားကိုးကွယ်ခဲ့ဟန်ရှိကြောင်း ဆရာတော်ဘုရားက ထပ်မံ အမိန့်ရှိပြန်သဖြင့် ၎င်းဓာတ်တော်များကို ပြန်လည် တည်ဆောက်မည့် စက်တော်ရာစေတီ ယာဉ်တော်ပုံ အုတ်ပြာသာဒ်အတွင်း၌ပင် ဌာပနာရန် ဆုံးဖြတ်ကြပြီး ဆရာတော်ဘုရား ကိုယ်တော်တိုင် ဌာပနာပွဲ မကျင်းပမီ သိမ်းဆည်းထားရန် စီစဉ်ကြပါသည်။ ထိုဆုံးဖြတ်ချက်အရ ထိုဓာတ်တော် ၁၄-ဆူတို့ကို ဆရာတော်၏ ဓမ္မနာဒကျောင်း၌ပင် လုံခြုံစွာ သိမ်းဆည်းထားပါသည်။ မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့ဝင် လူကြီးများနှင့် အလှူရှင်များသည် မင်းကွန်းဘက်သို့ ရောက်ရှိသည့်အခါတိုင်း ဆရာတော်ထံမှ ဓာတ်တော်ကြုတ်ကို ပင့်ဆောင်၍ ဖွင့်လှစ်ပြီး ရှိခိုးပူဇော်ကြပါသည်။

ဓာတ်တော်များ၏ ထူးခြားချက်

ထိုစဉ်အခါ

(က) ဆရာတော်ကိုယ်တိုင်ပင် ထိုဓာတ်တော်များကို တစ်ညဉ့်လုံး ရေမွေးဘူးထဲ စိမ်၍ နံနက် အခါ အဝတ်ကြမ်းဖြင့် ပွတ်သပ်ကြည့်ရာ တိုး၍ တိုး၍သာလျှင် အရောင်လက်၍ လာ၍ လာပါတော့သည်။ (ရွှေချထားလျှင် ရွှေကွာအောင် ရေမွေးစိမ်ခြင်း ဖြစ်ပါသည်။)

(ခ) အမှတ်မထင် ရဟန်းငယ်တဦးက တိတ်တဆိတ် ဓာတ်တော်ကို ယူပြီး ပေပေါ် တင်၍ တူဖြင့် ထုနှက်ကြည့်ရာ အသမ္ဘိန္နမပြို မပျက် မကွဲအက်သည်ကို ထူးခြားစွာ တွေ့ရှိကြရလေသည်။

(ဂ) ရန်ကုန်မြို့မှ ရောက်လာသော ပုဂ္ဂိုလ်ကြီး တဦးက ဤသတင်းကို ကြားသိရ၍ ဆရာတော်ထံမှ ဓာတ်တော်များကို ဖူးမြော်ခွင့် တောင်းခံ၍ မိမိလက်ဖဝါးပေါ်၌ တင်၍ ဖူးပြီး ကြည်ညိုသဒ္ဓာ ဖြစ်ရှိလှသဖြင့် ဓာတ်တော် နှစ်ဆူတို့ကို တိတ်တဆိတ် ပင့်ယူခဲ့ပြီးနောက် ဆရာတော်အား ကန်တော့ပြီး ပြန်လာခဲ့ရာ ခရီးလမ်းတွင်ပင် ၎င်းဓာတ်တော်များ ပျောက်ဆုံးသွားပါသည်။ နောက်တစ်နေ့၌ မင်းကွန်းသို့ သွားရောက် ဖူးမြော်နေကျအတိုင်း ဓာတ်တော်ကြုတ်ကို ဆရာတော်ထံမှ ပင့်ပြီး ဖူးမြော် ရေတွက်ကြည့်သောအခါ တစ်ဆယ့် လေးဆူ တိတိပင် ဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရှိရ၍ အံ့သြဝမ်းမြောက် ကြည်ညိုကြရပါသည်။

ဤကဲ့သို့သော သတင်းများ ပျံ့နှံ့သွားလျှင် ဓာတ်တော် ရယူလိုသူများ ပေါများလာမည်ဖြစ်သဖြင့် ထိုသတင်း မပြန့်ပွားအောင် ထိန်းချုပ်၍ ယာဉ်တော်ပုံ အုတ်ပြာသာဒ်ကြီး အမြန်ပြီးအောင် ဂေါပက အဖွဲ့ဝင် လူကြီးများ အထူး ကြိုးစားကြရပါသည်။

http://www.dhammadownload.com

ထိုစဉ်အခါ မဟာဗန္ဓုလ ကျောင်းဒကာကြီး ဦးဆိုင်က အလွန်တရာ အနုပညာ ပြောင်မြောက်လှစွာသော ထိုပါဒနက်သန် စက်တော်ရာကြီးကို ဆရာတော်ဘုရား၏ ဓမ္မနာဒ ကျောင်းတိုက်သို့ ပြောင်းရွှေ့ပြီး တည်ထားကိုးကွယ်သင့်ကြောင်းနှင့် ထိုသို့ ပြောင်းရွှေ့ တည်ထားကိုးကွယ်လျှင် မိမိက လုးဝဥသုံ တာဝန်ယူ ဒကာခံပြီး ကြီးကျယ်ခမ်းနားစွာ ပြုပြင်မွမ်းမံ၍ ထားရှိမည်ဖြစ်ကြောင်း လျှောက်ထားခဲ့သည့်အပြင်၊ ထိုစဉ်က သာသနာရေး ဝန်ကြီး ဦးဘစောကလည်း မိမိဇာတိ ကျောက်ဖြူမြို့သို့ ပင့်၍ ပူဇော်ထားလိုကြောင်း လျှောက်ထားရာတွင် ဆရာတော်က သခင်ကိုယ်တော်မှိုင်း ရေးသားပြုစုသော ဒေါင်းဌီကာ စာအုပ်ကို ဖွင့်ပြပြီးနောက် ထိုစာအုပ်၌ 'မင်းဘူးမြို့ အထက် စက်တော်ရာကို ပြောင်းရွှေ့ခဲ့သော ဆရာတော်တစ်ပါး မျက်စိကွယ်ခဲ့ဘူးကြောင်း' မှတ်တမ်းကို ထောက်ပြခဲ့ပါသည်။

စက်တော်ရာ အုတ်ပြာသာဒ်ကြီး၏ ရှေ့မျက်နှာစာ တံတိုင်းမှာ အောက်ခြေမြေများ အိ၍ ပြိုလာသဖြင့် ရန်ကုန်မြို့မှ ပုလဲကုန်သည် ဦးဘသင်၊ ဒေါ်ပုလဲ (ဒေါ်တင်ရီ) တို့က အုတ်ကျောက်တုတ်ကြီးနှင့်တကွဲ တံတိုင်းကြီးကို အသစ် တည်ဆောက်လူဒါန်း ကြပြီးလျှင် မန္တလေးမြို့ သံဖြူတန်းမှ တက်ခေတ်စိန် ဦးစိန်+ဒေါ်ထွေး တို့က စုလစ်မွမ်းချွန်များ တပ်ဆင်သော မုခ်ဦးစောင်းတန်း ပြာသာဒ်နှင့် တကွ ဝဲ+ယာ အာရုံခံ အုတ်တန်ဆောင်းတို့ကို ဆောက်လုပ် လူဒါန်းကြပါသည်။

ဆရာဝန်ကြီး ဦးသာလှနှင့် ဒေါ်ခင်ညွှန့်တို့က မူလပင်မ မ,တည်၍ အများကောင်းမှုဖြင့် တည်ဆောက်ခဲ့ရာ ယနေ့ ဖူးမြော်တွေ့မြင်ရသည့် အတိုင်း စက်တော်ရာစေတီ ကိန်းစံရာ ယာဉ်တော်ပုံ အုတ်ပြာသာဒ်ကြီး ပြီးမြောက်ခဲ့ပါသည်။ မူလက စကျင်ကျောက်ဖြင့် ထုလုပ်ထားသော (ကုန်းဘောင်ခေတ် အနုပညာလက်ရာ) ၅၅၀-ဖြစ်တော်စဉ်ရုပ်တုများ ဝန်းရံထားသည့် စက်တော်ရာကြီးကို ဆရာကြီး ဒေါ်ဓမ္မစာရီနှင့် ညီမ ဒေါ်ဣန္ဒစာဂီတို့က ရွှေချ၍ မွမ်းမံ ပူဇော်ထားပါသည်။ စက်တော်ရာ ပလ္လင်တော်ကို မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့၏ ဒုတိယ ဥက္ကဋ္ဌ စစ်ကိုင်းမြို့ အိုးတန်းကလေးရပ် ကတ်ကြေး ဆေးလိပ်ခုံပိုင်ရှင် ဦးဘအေး+ဒေါ်သန်းတင် မိသားစုတို့က ကနုတ်ပန်းများ စီခြယ်၍ ရွှေပိန်းချ လူဒါန်းကြပါသည်။

ပလ္လင်တော်ကြီးနှင့် စက်တော်ရာကြီးအား မန္တလေးမြို့မှ ဦးစိန်မောင်နှင့် ဦးသာလှတို့က မှန်အိမ်ကြီး ပြုလုပ်လူဒါန်း၍ အုပ်ဆိုင်းထားခဲ့ကြပါသည်။

မိုးမိတ် စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေး ဂေါပကအဖွဲ့တွင် မန္တလေးမြို့မှ မန်းခေတ် သတင်းစာနှင့် ပုံနှိပ်တိုက် ပိုင်ရှင် ဦးလှရွှေက အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ဦးလှရွှေနှင့် ထိုစဉ်အခါက နိုင်ငံခြားရေး ဝန်ကြီး မိုးမိတ် စော်ဘွားကြီး စဝ်ခွန်ချိုတို့သည် ရင်းနှီးကြသဖြင့် သွားရောက် တွေ့ဆုံပြီး မိုးမိတ်စော်ဘွားကြီး၏ အဆက်အနွယ် မင်းသမီး တည်ထား ကိုးကွယ်ခဲ့သော စက်တော်ရာ စေတီတော်ကြီး ဖြစ်ကြောင်း ပြောပြသဖြင့် မိုးမိတ်စော်ဘွာကြီး စဝ်ခွန်ချိုက မိမိ၏ တူမကို စေလွှတ်၍ ယာဉ်တော်ပုံ အုတ်ပြာသာဒ်အတွက် ကျပ်ငွေတစ်သောင်း ပေးပို့လူဒါန်းခဲ့ပါသည်။ နောက်သုံးနှစ်ခန့် ကြာသောအခါ ခရီးကြုံသဖြင့် စဝ်ခွန်ချိုကိုယ်တိုင် လာရောက်ပြီး ဖူးမြော်သောအခါ တအံ့တသြ တွေ့ရှိကြည်ညိုပြီး 'မိမိ၏ အလှူငွေ ကျပ်တစ်သောင်းမှာ မပြောပလောက်၊ နည်းလှပါသည်'ဟု တင်ပြ ပြောဆိုသွားပါသည်။

http://www.dhammadownload.com

စက်တော်ရာ အုတ်မြစ်ချပွဲ

စက်တော်ရာစေတီတော်အတွက် ယာဉ်တော်ပုံ အုတ်ပြာသာဒ် ဂန္ဓကုဋိ (တိုးချဲ့) တိုက်တော်ကို အုတ်မြစ်ချစဉ်က ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီး အမှူးပြုသည့် ဆရာတော် သံဃာတော် ၁၈-ပါးတို့ အုတ်မြစ်ချနိုင်ရန် ရွှေအုတ်, ငွေအုတ်, ပတ္တမြားအုတ်, နဝရတ်အုတ်များကို ၁၀၈-ယောက်သော သမီး ကညာပျိုတို့က ကျေးရွာ အသီးသီးမှ လောင်းလှေများဖြင့် သယ်ဆောင်ခဲ့ကြပြီး သံဃာတော်တို့လက်သို့ ဆက်ကပ်ကြသည်ကို အကြောင်းပြု၍ ရေစက်ချပွဲကြီးနေ့ဝယ် နိစ္စဗဒ်စုပေါင်း လှူဒါန်းပွဲကြီး ကျင်းပရာ၌လည်း ၁၀၈-ပါးသော သံဃာတော်တို့အား ပင့်၍လှူဒါန်းကြသည့်အပြင်၊ ဓမ္မနာဒ သာသနာ့ မိခင် သစ္စဝါဒီဋီကာကျမ်းပြု သီလရှင် ဆရာကြီး ဒေါ်ဓမ္မစာရီ၏ သီလရှင် သာသနာ ထွန်းကားစေလိုသော သမ္မာဆန္ဒကို သိရှိရသဖြင့် မင်းကွန်း တောင်လုံးကျွတ် သီလရှင် သူတော်စင်တို့အား သီလရှင်ဝတ်စုံ အပြည့်အဝ လှူဒါန်းကြရန် စီမံနှိုးဆော်ခဲ့ပါသည်။ ရဟန်းတော်နှင့် သီလရှင် အလှူခံ ပုဂ္ဂိုလ် စုစုပေါင်းမှာ နှစ်စဉ်နှစ်စဉ် ၅၅၀ အောက်မလျော့နည်းစေပဲ သတ်မှတ် ပင့်ဖိတ် လှူဒါန်းခဲ့ပါသည်။

ဝင်းတော်မှူးဘုရားကို ပြင်ဆင်ခြင်း

မိုးမိတ် စေတီတော်ကြီး၏ ဝဲဘက် အရှေ့မြောက်ထောင့်အရပ် အနည်းငယ် နိမ့်သော နေရာတွင် စေတီတော်ကြီးနှင့် ဂိုက် ၄၀ ခန့် ဝေးသည့် ကုန်းမြေ၌ ဝင်းတော်မှူး၏ တဝဂူဘုရား ပျက်စီးယိုယွင်း ရှိနေသည်ကို ဆက်လက် ပြင်ဆင်ရန် စိုင်းပြင်းနေခိုက်မှာပင် မြင်းခြံမြို့၊ ကွေ့ကြီးရပ် ဘုရားသုံးဆူ ဂန္ဓကုဋိ ကျောင်းအမကြီး ဒေါ်ဒေါ်အိုနှင့်သား ကိုဘိုရှိန်း+ဇနီး မဗြားတို့ မိသားစုက တစ်ဦးတည်း ဒါယကာခံယူကြ၍ ယခင် တဝဂူ ပုံသဏ္ဌာန်အတိုင်း နှစ်ဆတိုးချဲ့၍ ဂန္ဓကုဋိ ကျောင်းတော်ကို ဆောက်လုပ်ပြီး ထို၏အထက်မှ စေတီတော် တည်ထားပါသည်။ ကျောင်းတော် ပတ်ဝန်းကျင် လေးမျက်နှာ ပတ်လျက် အာရုံခံတန်ဆောင်း ဆောက်လုပ် လှူဒါန်းသဖြင့် ကျယ်ဝန်းအေးချမ်းသာယာ၍ လာပါသည်။ ၎င်းဘုရားကုန်းတော်ပေါ်မှ အရှေ့ဘက် ကပ်လျက်ရှိသော ဧရာဝတီမြစ်ကိုကျော်၍ ကြည့်ရှုလိုက်လျှင် မန္တလေးတောင်တော်နှင့် ထိုတောင်တော်ရှိ စေတီပုထိုး, ဇရပ်တန်ဆောင်း စောင်းတန်းများကို အထင်းသား ဖူးမြော်ရပါသည်။

ဝင်းတော်မှူး ဘုရားကို ပြန်လည် တည်ထားရာတွင် အထက်၌ စေတီပေါက်၍ အောက်ခြေ၌ ဂန္ဓကုဋိ ကျောင်းတော်အတွင်း မူလ ရှိရင်း အုတ်ရိုးဆင်းတုတော်ကြီးမှာ ဖူးမြော်ရန် ဝင်လာသူများအား တရားဟောတော်မူနေသည့်ပုံမျိုး ဖြစ်သဖြင့် လွန်စွာသပ္ပာယ်လှပါသည်။ ဘုရားအမကြီး ဒေါ်ဒေါ်အို မိသားစုတို့က ဆင်းတုတော်ကြီးအား ရွှေပိန်းချ ပူဇော်ပြီး မူလ အုတ်ရိုး ပလ္လင်တော်ကို ငုံလျက်ကျွန်းသားဖြင့် ပြုလုပ်သော သရိုးပန်း ရွှေပိန်းချ ပလ္လင်တော်ကြီးဖြင့် ကြည်ညိုဖွယ်ရာ ပူဇော်ထားရှိပါသည်။

မိမိပြုပြင်သော ဘုရားအား ဘွဲ့တော်အမည် တပ်ပေးပါရန် ဘုရားအမကြီး၏ လျှောက်ထားချက်အရ ဆရာတော်ဘုရားက 'လေးမျက်နှာ ရွှေဘုန်းပွင့် စေတီတော်'ဟု ဘွဲ့အမည် သတ်မှတ်ပါသည်။ ယခုအခါ ထိုစေတီတော်ကို အချို့ လူများက 'လေးမျက်နှာဘုရား'၊ အချို့က 'ရွှေဘုန်းပွင့်ဘုရား'ဟု ခေါ်ဝေါ်လျက် ရှိပါသည်။

ဘုရားအမကြီး ဒေါ်ဒေါ်အိုကပင် ၎င်းဘုရားနှင့် ကပ်လျက် မြောက်ဘက် အနိမ့်ပိုင်းမှ

http://www.dhammadownload.com





မဓိုးရိမ် ဆရာတော်ကြီး။



မိုးမိတ်စက်တော်ရာအုတ်မြစ်ချ
အခမ်းအနားတွင် အရှိယမဂ္ဂင်
ဆရာတော်၊ မင်းကွန်းတိပိဋက
ဝရဆရာတော် အမှူးရှိသော ဆရာ
တော်တို့အား ရွှေအုတ်၊ငွေအုတ်
ရတနာခုနှစ်ပါး စီချယ်သောအုတ်
များကို ကုမ္ပဏီတို့က
ဆက်ကပ်နေစဉ်

http://www.dhammadownload.com

ဇရပ် တစ်ဆောင် ဆောက်လုပ်ပြီးလျှင် နှစ်စဉ် ဘုရားပွဲတော်သို့ ဂုက်ရှည်ရှည် လာရောက်၍ နေထိုင်ပြီး လှူဒါန်းလေ့ရှိပါသည်။

မင်းတေဇ စေတီတော်ကို ပြုပြင်ခြင်း

ဝင်းတော်မှူး၏ စေတီတော် (လေးမျက်နှာ ရွှေဘုန်းပွင့် စေတီတော်)ကို တည်ဆောက်နေချိန်မှာပင် တပ်မှူးကြီး မင်းတေဇ တည်ထားခဲ့သော 'မင်းတေဇ' စေတီတော်မှာ တဝက်မျှ ပျက်စီး၍ ထီးတော် မြေသို့ခ,လျက် ရှိနေသဖြင့် ပြင်ဆင်ရန် စီစဉ်ကြသောအခါ ယခင် ပြုပျက်ခဲ့စဉ်အခါက သမင်ခြံရွာမှ ပြင်ခဲ့ဖူးသောကြောင့် 'သမင်ခြံဘုရား' ဟုပင် အမည်တွင်နေကြောင်း သိရှိရသဖြင့် သမင်ခြံရွာမှ လူကြီးများနှင့် တွေ့ဆုံဆွေးနွေးကြသောအခါ ၎င်းတို့က ကျပ်ငါးရာမျှ ကုသိုလ်ပါဝင်ကြ၍ မန္တလေးမြို့ ရွာဟိုင်းဈေးရပ် ကျောင်းအကြီး ဒေါ်ဒေါ်အုန်းနှင့် ရန်ကုန်မြို့မှ ဗိုလ်မှူး တင်လတ်တို့က လိုသမျှကို တာဝန်ယူ ဒကာခံ၍ ပြန်လည်ပြင်ဆင်၍ ကောင်းလောက်မည့် စိတ်ချလောက်မည့် နေရာအထိ စေတီဟောင်းကို ရှင်းလင်းဖြိုဖျက်ပြီး မူလအမည်ရင်းဖြစ်သည့် 'မင်းတေဇစေတီတော်'ဟူသော အမည်ဖြင့်ပင် အသစ်တစ်ဖန် ပြန်လည်တည်ဆောက်ကြရာ အုတ်မြစ်ချ ဌာပနာသောအခါ၌ ရတနာအုတ်များကို သမင်ခြံရွာ ဒကာများက တာဝန်ယူကြကာ သမင်ရုပ်ပေါ်တွင် တင်ဆောင် သယ်ယူလာပြီး အုတ်မြစ်ချ ဌာပနာခဲ့ကြပါသည်။

မင်းဗလ စေတီတော်

မိုးမိတ်မင်းသားကြီး၏ ဂိတ်မှူးဖြစ်သူ မင်းဗလကလည်း မိမိ၏နေရာ ထန်းမြင့်ရွာ၏ မြောက်ဘက်တွင် ကပ်လျက် မိုးမိတ် စေတီတော်ကြီး၏ ယာဘက်တွင် စေတီတော် တစ်ဆူ တည်ထားခဲ့ရာ အကြိမ်ကြိမ် အဆက်ဆက် ပြင်ဆင်ခဲ့ကြပြီးနောက် ၁၃၁၈-ခုနှစ် စစ်ကိုင်းငလျင်ကြီးကြောင့် ရစရာမရှိအောင် ပြိုပျက်ခဲ့ရာတွင် မန္တလေးမြို့မှ ပွဲစားကြီး ဦးပေါက်နှင့် ဇနီး ဒေါ်ငွေရှိ မိသားစုတို့က အသစ်တစ်ဖန် ပြင်ဆင်ကြသဖြင့် ဦးပေါက် ဘုရားဟုပင် အမည်တွင်လျက် ရှိပါသည်။ မိုးမိတ် စေတီတော်ကြီးများ ပြုပြင်စောင့်ရောက်ရေး ဂေါပက အဖွဲ့၏ လက်အောက်တွင် မပါဝင်သော်လည်း အဖွဲ့က လျှပ်စစ်မီး ဆက်သွယ်၍ ပူဇော်ထားပါသည်။

မိုးမိတ်ဘုရားပွဲတော်ရက်များ

မိုးမိတ်ကုန်းမြေ၌ စေတီပုထိုးများကို ပြန်လည် ပြင်ဆင် မွမ်းမံကြသည့်အခါများတွင် အုတ်မြစ်ချပွဲ၊ ဌာပနာပွဲ၊ ထီးတော်တင်ပွဲများကို နေ့၊ ရက်၊ လ၊ သတ်မှတ်ခြင်းမပြုဘဲ ပြီးသည်နှင့် တစ်ပြိုင်နက် ပြုလုပ် ဆောင်ရွက်ကြပါသည်။ မိုးမိတ် စေတီတော်များ ဘုရားပွဲတော်ကိုကား တော်သလင်းလဆန်း ၁၁-ရက်မှ စ၍ လပြည့်နေ့အထိ ငါးရက်တိုင်တိုင် ကျင်းပလေ့ရှိရာ ပထမဦးစွာ မိုးမိတ် စေတီတော်ကြီးအား ထီးတော် တင်လှူသည့် တော်သလင်းလပြည့်နေ့ကို 'နောက်ဆုံး ရေစက်ချပွဲကြီးနေ့'ဟု သတ်မှတ်ခဲ့ကြပါသည်။

မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီးကလည်း နှစ်စဉ် နှစ်စဉ် တော်သလင်း လပြည့်နေ့၌ စစ်ကိုင်း၊ မင်းဝံ၊ မင်းကွန်း တောင်ရိုးသုံးဌာနတို့၌ ဆွမ်းဆန်တော်အလှူပွဲကြီး ကျင်းပမြဲဖြစ်သဖြင့် ရက်ချင်းတိုက်ဆိုင်နေ၍ ရက်ပြောင်းလွဲပေးရန် လျှောက်ထား မေတ္တာရပ်ခံသဖြင့် မိုးမိတ် ဘုရားပွဲတော်ကို တော်သလင်း လပြည့်နေ့ကို ပွဲတော်အစနေ့အဖြစ်၊ လပြည့်ကျော် ၄-ရက်နေ့ကို 'နောက်ဆုံး ရေစက်ချပွဲကြီးနေ့'ဟု ပြင်ဆင် သတ်မှတ်၍ ကျင်းပခဲ့ကြပါသည်။

http://www.dhammadownload.com



မင်းတေဇစေတီ



မင်းဗလစေတီ

http://www.dhammadownload.com

မိုးမိတ်ကုန်းမြေ တည်နေပုံ

မိုးမိတ် စေတီတော်ကြီး၊ ပါဒနက်သန် စက်တော်ရာစေတီတော်နှင့် ဝင်းတော်မူး ဘုရားတို့မှာ ကုန်းတစ်ကုန်းတည်း တစ်မြေတည်း ပေါ်တွင် တည်ရှိပြီး မြေအနိမ့်အမြင့်သာ ကွာခြားကြပါသည်။ ၎င်းကုန်းကိုပတ်၍ ကျုံးဖောက်ပြီး ဧရာဝတီမြစ်နှင့် ဆက်သွယ်၍ မိုးမိတ်မင်းသားကြီးများ စံနေစဉ်က ရေသွင်းထားဟန်ရှိပါသည်။ ၎င်းကျုံးမှာ ယခုအခါ သဲချောင်းများကဲ့သို့ တည်ရှိနေပါသည်။ မင်းတေနှင့် မင်းဗလတို့၏ စေတီကုန်းမြေများမှာ ကျုံး၏ အပြင်ဘက် ဝဲ+ယာတွင် ရှိနေသဖြင့် ဘိုးတော်ဘုရား၏ သားတော် မိုးမိတ်မင်းသားကြီး စနစ်တကျ နေထိုင်ခဲ့ပုံကို အာရုံယူ လေ့လာကြည့်ရှုနိုင်ပါသည်။

အရံစေတီတော်များ

မိုးမိတ်ကုန်းမြေ စက်တော်ရာ စေတီတော်၏ ယာဘက်အရှေ့တောင်ထောင့်တဝိုက်တွင် စေတီငယ်ပေါင်း ၅-ဆူ ပြိုပျက် နေသည်ကို တွေ့ရှိရ၍ ကောင်းမှုရှင် အဆက်အနွယ်ကို လေ့လာစုံစမ်းရာ ကျွန်းထဲကျေးရွာတို့မှ လာရောက်တည်ထားသော စေတီတော်များဖြစ်ကြောင်း သိရှိရသဖြင့် ဆွေမျိုးအဆက်ဘုရား ဒါယကာအဖြစ် ဆက်လက်ခံယူကြရန် နှိုးဆော်တိုက်တွန်းသောအခါ တစ်ဦးသာလျှင် အဆက်အနွယ် ဘုရားဒါယကာ အဖြစ် ပေါ်ပေါက်၍ လာရောက်ပြင်ဆင်ပါသည်။ ကျန်ရှိနေသော စေတီငယ် လေးဆူတို့ကို ပြင်ဆင်ရန်လည်း ဘုရားဒါယကာများ အသီးသီး ပေါ်ပေါက်ကြသဖြင့် နေ့ချင်း ညချင်း ပြုပြင်တည်ထား၍ ပြီးမြောက်အောင်မြင်ခဲ့ပါသည်။ ထိုအရံစေတီတော် လေးဆူတို့၏ ဒါယကာ အသစ်များမှာ-



(၁) ဒေါ်ထားထား၊ ဆန်ကုန်သည်၊ ကွမ်းခြံရပ်၊ မန္တလေးမြို့။

(၂) ဦးအေးကျော်-ဒေါ်ကြွယ်ကြွယ်၊ ဗိုလ်ချုပ်လမ်း၊ မန္တလေးမြို့။

(၃) ဦးလှ-ဒေါ်အေးပု၊ အင်းပေါခုံရွာ၊ အင်းလေး၊ ရွာမ်းပြည်နယ်။

(၄) ဦးဘမောင်-ဒေါ်သိန်းတန်၊ ကျောက်ဝင်းမန္တလေးမြို့တို့ ဖြစ်ကြပါသည်။

မိုးမိတ်ဘုရားပွဲတော်တွင် နှစ်စဉ် မန်းခေတ် ဦးလှရွှေ+ဒေါ်တင်ကြည် မိသားစုတို့က ပွဲတော်ရက်အတွင်း ညစဉ် ဧရာဝတီမြစ်ကြောမှ ဆီမီး ထောင်ပြည့်မျှော၍ မီးပူဇော်ပွဲ ပြုလုပ်ခဲ့ကြပါသည်။ မိုးမိတ်စေတီတော်များ၏ အရှေ့ဘက် ဧရာဝတီမြစ်အတွင်း မလှမ်းမကမ်း နေရာတွင် သဲသောင်ခုံတစ်ခုတည်ရှိသဖြင့် ဧရာဝတီမြစ်ကြောမှ မျှောလွှ

http://www.dhammadownload.com

ပူဇော်လိုက်သော ဆီမီးရောင်စုံတို့သည် ထိုသဲခုံကို ပတ်လျက် စေတီတော်များ၏ ခြေတော်ရင်းသို့ ဝပ်စင်းကာ ပူဇော်ထွန်းညှိထားသကဲ့သို့ ရှုမြင်ကြရသဖြင့် ကြည်ညိုပူဇော်ရန် အကြောင်းတစ်ခု၊ ကြည်နူးဖွယ်ရာ အကြောင်းတစ်ခု ဖြစ်၍နေပါတော့သည်။

ဦးဗိုးမို ဒေါ်ရွှေညွှန့် ကုသိုလ်

မိုးမိတ်စေတီတော်ကြီး ပရဝုဏ်ကို နှစ်စဉ် ဘုရားပွဲကျင်းပခြင်း၊ သီလရှင် ဆရာကြီးများကို လှူဒါန်းခြင်း စသော သာသနာရေးပွဲတော် လုပ်ငန်းများကြောင့် မြေနေရာ ချဲ့ထွင်ထားရှိရန် လိုအပ်လာသဖြင့် ဦးဗိုးမို ဒေါ်ရွှေညွှန့်တို့က ဘုရားဝင်း အပြင်ရှိ ယာမြေ၊ ဝင်းခြံများကို ဝယ်ယူပြီး သာသနာရေးအတွက် သုံးပြုရန် သာသနိကဝတ္တကံမြေ အဖြစ် လှူဒါန်းကြပါသည်။ မိုးမိတ်ဂေါပကအဖွဲ့မှလည်း ထိုယာမြေများကို ရက္ခကဂေါပကအဖြစ် ထိန်းသိမ်းစောင့်ရှောက်ကာ နဂိုက တဲတိုင်းမရှိသေးသော အရံစေတီကြီးငယ်တို့ကို တဲတိုင်းမိုးတားကာရံပေးခြင်း၊ ဓမ္မာရုံ-ဇရပ် စသည်၊ ကုဋီ ရေချိုးခန်း စသည် အဆောက်အအုံများကို စနစ်တကျ ဆောက်လုပ်ပေးခဲ့ပါသည်။

တရားဟောပြောခြင်း

မင်းကွန်း တိပိဋကဓရ ဆရာတော်သည် တရားအဟောကောင်းသည်ဟု တနိုင်ငံလုံး၌ ကျော်ကြားခဲ့သော်ငြားလည်း ဆရာတော်သည် အပိုစကားထည့်၍ ပရိသတ်ပွဲကျစေရန် ရယ်ရွှင်ဖွယ် အမျိုးမျိုးဖြင့် ရောက်တတ်ရာရာ ဟောပြောသော တရားဟောနည်းဖြင့် ကျော်ကြားခဲ့သော ဓမ္မကထိကမျိုးကား မဟုတ်။ သုတ္တန်ကြီး တပုဒ်လုံးကို အာဂုံဆောင်၍ ကျကျနန ဟောပြောခြင်းဖြင့် ထင်ရှားကျော်ကြားခဲ့သော ဓမ္မကထိက ဆရာတော်သာ ဖြစ်လေသည်။

ဆရာတော်သည် ရဟန်း၀ါ(၄)၀ါအရမှာပင် ဥပဇ္ဈာယ်ဆရာတော် အရှင်ပညာစက္ကက ရဟန်းမှန်က တရားဓမ္မ ချီးမြှင့်ရရှိ၊ ထုံးစံဖြစ်ရကား၊ မိမိတပည့်သည် စာဖတ် ဝါသနာပါသည်၊ စာရေး ဝါသနာ ပါသည်၊ စာပေပရိယတ်၌ မွေ့လျော် ပျော်ပိုက်သည်၊ ထို့အတူ တရားဟောခွင့် ကြုံ၍ ဟောပြောရလျှင်လည်း စနစ်တကျ ဟောတတ် ပြောတတ် စေရန်အတွက်-

"ကွယ်-မင်းအဖို့ရာ အခြေအနေပေး၍ ထိုထို သာမှု+နာမှုတို့၌ တရားဟောဖို့ အခွင့်ကြုံလာလျှင် ရောက်တတ်ရာရာ အရပ်စကားတွေကို -



http://www.dhammadownload.com

မပြောလေနှင့်၊ တရားဟောမည်ကြွေလျှင်-

၁။ ရှေးဦးစွာ သင့်လျော်ရာ သက်ဆိုင်ရာ ပါဠိတော်ကို နှုတ်တက်အရကျက်ပါ။

၂။ အဖွင့် အဋ္ဌကထာ+ဋီကာ တို့မှ အထူးဖွင့်ပြ ချက်များကို သိုးခြား ထုတ်နုတ်၍ အရကျက်ပါ။

၃။ ပြီးမှ တရားဟောသောအခါ မျက်စိကို မှိတ်၍ ပါဠိ+အဋ္ဌကထာ+ဋီကာ နှုတ်တက်ရ ဆောင်ထားသည်များကို စဉ်းစားပြီး သရဘာည=ကြည်ညိုဖွယ် အသံထင်ရှား တရားဟောနည်းဖြင့် မိမိ သိသမျှ ကုန်ခြွေရရ တရားဟောပါ"ဟု မပြတ် ဆုံးမတော်မူပါသည်။

ဥပဇ္ဈာယ် ဆရာတော် ဦးပညာစက္ကသည် စကားပြောခဲ့၏။ ပြောရလျှင်လည်း အလွန်မှ စကားလုံးကို ချွေတာ၏။ သို့ရာတွင် စာချချိန်မှာ မူကား မူလဋီကာ ချချိန်ဆိုလျှင် ပါဠိတော် စကား ထုတ်ပြောလိုက်၊ အဋ္ဌကထာစကား ထုတ်ပြလိုက်၊ ဋီကာ ဆရာများ စကားကို ထုတ်ဖော်ပြောလိုက်နှင့် အားရပါးရကြီး စာချနေတတ်၏။ ထိုခေတ်က အရှင် ပညာစက္ကထံ စာလိုက်ဖူးသူများက ဆရာတော် စာချနေပုံမှာ တယောက်တည်း ရန်ဖြစ်နေသလား ထင်ရသည်ဟုပင် ပြောစမှတ်ပြု၏။ ထို့အတူပင် မိမိ၏ တပည့် အရှင်ဝိစိတ္တသာရာဘိဝံသအား လည်း တရားဟောရာမှာ စကားပို မပါစေပဲ တရားသား သက်သက်ကိုသာ သာယာပျောင်းပျစွာ ဟောပါလေ ဟု မှာကြားတော်မူခြင်း ဖြစ်၏။

တိပိဋကဓရ ဆရာတော်ကလည်း ဥပဇ္ဈာယ် ဆရာတော်၏ စကားကို တသွေမတိမ်း လိုက်နာသူ တပည့်ကောင်းပီပီ ရဟန်း ဝါနုစဉ် အခါကပင် တရားဓမ္မဟောရန် အလှည့်ကြုံတိုင်း ပါဠိတော် အဋ္ဌကထာ စသည် ပိဋကတ်ကျမ်းဂန်လာ အတိုင်းသာ ရွတ်ကာ ရွတ်ကာ ဟောတော်မူလေ့ရှိပါသည်။ ရှေးယခင်က တရားဟောကြရသော ဓမ္မကထိကများသည် ပါဠိဘာသာဖြင့် တစ်ဂါထာ နှစ်ဂါထာမျှသာ ရွတ်ဆိုပြီး မြန်မာဘာသာဖြင့်သာ ရှင်းလင်းဟောကြားလေ့ရှိပါသည်။ တိပိဋကဓရ ဆရာတော်တို့ တရားဟောသော အခါမှပင် (ဆရာတော်မှာ မိမိ



မင်းကွန်းတိပိဋကဓရဆရာတော်ကြီး ဆိုက်ကားဖြင့် တရားဟောပင့်ရာသို့

http://www.dhammadownload.com





မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည်
လော့, လှည်းယာဉ် မရွေးပဲ တရားဟော ပင့်ရာသို့ ကြွတော်မူခဲ့ပုံ။

http://www.dhammadownload.com

ဥပဇ္ဈာယ် ဆရာက သင်သည့်အတိုင်း အဆန်းထွင်ခြင်း မဟုတ်ပဲ) သုတ္တန်တရားတော် တပုဒ်လုံးကို အစမှအဆုံး ပါဠိတလှည့် မြန်မာတလှည့် ရှင်းလင်း ဟောကြားတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် တိပိဋကရေ မဖြစ်မီကပင် တရားဟောခဲ့ရသော်လည်း ကျယ်ကျယ်ပြန့်ပြန့်ကား မရှိသေး။ ၁၃၁၅-ခု တိပိဋကရေဖြစ်သော နှစ်မှာပင် မန္တလေးမြို့ မလွန်ဈေးဆန်လှူ အသင်းကြီးက တရားဟော မမှုကထိကအဖြစ် ဆောင်ရွက်ပါရန် လျှောက်ထားရာ၊ (၅၇)ကြိမ်မြောက် မလွန်ဈေးဆန်လှူ ရေစက်ချ တရားပွဲမှ စတင်၍ ရေစက်ချ တရား ချီးမြှင့်တော်မူရာ တရားအဟော ကျယ်ပြန့်လာခဲ့ပါသည်။ သို့သော် ဆဋ္ဌသံဂါယနာတင်ပွဲကြီးက ရှိနေပြန်သဖြင့် ဆရာတော်သည် တရားပွဲများ ဟောပြောခြင်းကို ခေတ္တရပ်ဆိုင်းကာ ဆဋ္ဌသံဂါယနာ တင်ပွဲကြီးမှာသာ အဖြေဆရာတော်အဖြစ်ဖြင့် ဖြေဆို ဟောပြောတော်မူခဲ့ပါသည်။ ဆရာတော်၏ ဖြေဆိုသော တရားတော်တို့ကို ညနေဘက် မြန်မာ့အသံမှ ထုတ်လွှင့်သဖြင့် ဆရာတော်၏ အသံတော်သည် တတိုင်းလုံး တပြည်လုံးသို့ ပျံ့နှံ့နေခဲ့ပါသည်။

ဗန္ဓုလ ဒကာကြီး၏ တရားတောင်း

ဗန္ဓုလ ဦးဆိုင်သည် ဆရာတော်နှင့် ရင်းနှီးကြည်ညိုသော ပုဂ္ဂိုလ်ဖြစ်သည့်အတိုင်း သဒ္ဓါတရား ထက်သန်စွာဖြင့် လျှောက်ပြန်သည်မှာ "ဆရာတော် ဘုရား၏ တရားဟောနည်း ဟောပုံမျိုးဖြင့် ဇာတ်တော်ကြီး ၁၀ ဘွဲ့ကို ညဉ့်တရားပွဲကြီးများ၌ ဟောကြား ချီးမြှင့်ပေးတော်မူပါ။ တိတ်ရိကော်ဒါကြီးဖြင့် ကြည်လင်ပြတ်သားစွာ ဖမ်းယူအသံသွင်းပြီးလျှင် တပည့်တော် အရှင်ဘုရား၏ တရားတော်များကို တပည့်တော် နေ့စဉ်ညဉ့်စဉ် နာယူပါရစေ ဘုရား"ဟ တောင်းပန် လျှောက်ထားခဲ့ပါသည်။

ဆရာတော်သည် အတိတ်ဖြစ်ရပ် ဘဝတို့ကို မှန်းဆရည်ရွယ်တော်မူလျက် "ဖြစ်ခဲ့ရသည့် ဘဝထိုထိုတို့၌ ရရှိခဲ့သော ငါ၏လျှာနှင့်အသံတို့သည် ကလျာဏမိတ္တကို မရရှိခဲ့ရပဲ အလွဲအမှား 'မုသား+မိတ်ခွဲ+ဆဲရေး+ပြိန်ဖျင်း၊ အပါယ်ချဉ်း၊ လေးသင်းဝစိက်'ဟူသော အကုသိုလ် ဝစိက်အတွက်ကိုသာ သုံးစွဲလာခဲ့ရပေလိမ့်မည်။ ယခုအခါ သာသနာတော်နှင့် ကြုံကြိုက်၍ ကလျာဏမိတ္တသပ္ပုရိသံသေဝ စုံလင်စွာဖြင့် ယခုဘဝရရှိသော ငါ၏လျှာနှင့်အသံတို့ကို အကုသိုလ်ဝစိက်အရာ၌ အသုံးမပြုပဲ မြတ်စွာဘုရားရှင် ဟောကြားတော်မူသည့် ဗုဒ္ဓပါဝစန စကားတော်များကို ရွတ်အံသရဇ္ဈာယ် ဟောကြားခြင်းဖြင့်သာ အကျိုးများအောင် အသုံးချတော့မည်"ဟု ဝေဖန်စဉ်းစားတော်မူလျက် ရည်ရွယ်ချက်ထားတော်မူပါသည်။

ဆရာတော်သည် မူလစိတ်ရင်းက အထက်ပါအတိုင်း ထားရှိတော်မူပြီးဖြစ်ပါ၍ ဗန္ဓုလဦးဆိုင်၏လျှောက်ထားချက်ကို နှစ်သက်ဝမ်းမြောက်စွာဖြင့် "ကောင်းပါပြီ ဒကာကြီး"ဟု လွယ်ကူစွာပင် သဘောတူ တာဝန်ယူတော်မူပြီးလျှင် ညဉ့်တရားပွဲများ၌ "မဟာနိပါတ်" ခေါ် "ဇာတ်တော်ကြီး ဆယ်ဘွဲ့"ကို "မုခပကူ=တေမိဇာတ်တော်ကြီး"က အစပြု၍ ဇာတ်တော်ကြီး ဆယ်ဘွဲ့လုံးကို အစဉ်အတိုင်း ပါဠိတော်တို့ကို အရကျက်တော်မူပြီးလျှင် ဟောကြားတော်မူပါသည်။ "ဝေဿန္တရာ ဇာတ်တော်ကြီး" ဆိုလျှင် ဂါထာပေါင်း (၇၉၆)ဂါထာတို့ဖြင့် တန်ဆာဆင်ကာ ဟောကြားတော်မူသော ဇာတ်တော်ကြီး ဖြစ်ပါသည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့တို့တွင် ဂါထာ(၇၀၀)ကျော် နှစ်ဇာတ်နှင့် သုံးရာကျော် နှစ်ရာကျော် တစ်ရာကျော် ဟောကြားတော်မူသည် ဇာတ်တော်ကြီးသာ ပါဝင်ပါသည်။

http://www.dhammadownload.com



မလွန်ဆန်လှူအသင်း၌ ဓမ္မကထိကဖြစ်တော်မူသည့်နှစ်တွင် စစ်ကိုင်းနှင့်မန္တလေးမှ
ဆရာတော်ကြီးများနှင့် အတူဖူးတွေ့ရသော အရှင်ဝိစိတ္တသာရာဘိစံသ



မလွန်အသင်းမှကျင်းပသော တိပိဋကဓရငွေရတုပူဇော်ပွဲတွင်
ဆရာတော်ကြီး တရားချီးမြှင့်တော်မူနေပုံ

http://www.dhammadownload.com

တိပိဋကဓရ ဆရာတော်သည် မဟာနိပါတ ဇာတက ဇာတ်ကြီးဆယ်ဘွဲ့ကို ဟောကြားပြီးဆုံးသောအခါ သဒ္ဓါတရား အရိုန်အဟုန် ပြင်းစွာဖြင့် ငါးရာငါးဆယ်ခေါ် နိပါတ်ဇာတ်တော်များကို ဆက်လက်၍ ဟောကြားတော်မူပါတော့သည်။ ယခင်အခါများက အလှူအတန်း တရားပွဲကြီးများ၌ ကျင်းပသည့် တရားပွဲ၏ အကြောင်းရင်းနှင့် သက်ဆိုင်ရာ သက်ဆိုင်သောအကြောင်း တရားတော်များကို ရွေးချယ်ကာ ဟောကြားတော်မူခဲ့ပါသော်လည်း ဤအခါမှစ၍ ဇာတ်တော်တဇာတ်လျှင် ဂါထာ(၈၀)စီရှိသည့် အသီတိနိပါတ် ဇာတ်တော်ကြီးများမှနေ၍ (ပဋိလောမ) အစဉ်ဖြင့် နောက်သို့ပြန်ပြီး လျှင် သတ္တတိ၊ သဋ္ဌိ၊ ပဉ္စာသ၊ စတ္တာလီသ၊ တိံသ၊ ဝီသတိ၊ ပကိဏ္ဏက၊ တေရသ၊ ဒွါဒသ၊ ဧကာဒသ၊ ဒသက၊ နဝက၊ အဋ္ဌက၊ သတ္တက၊ ဆက္က၊ ပဉ္စက၊ စတုက္က၊ တိက နိပါတ်သို့တိုင်အောင် ဇာတ်တော်အစဉ်ကို မခုန်မကျော်ပဲ တရားပွဲများ၌ အစဉ်ကျရာ ဇာတ်တော်ကိုသာ ဟောကြားတော်မူခဲ့ပါသည်။ ဇာတ်တော်တိုလျှင် နှစ်ဇာတ်ပေါင်း၍ ဟောကြား ချီးမြှင့်တော်မူပါသည်။

မလွန် ဓမ္မကထိကဖြစ်တော်မူခြင်း

ဆဋ္ဌသံဂါယနာတင်ပွဲကြီး ပြီးသောအခါ ဆရာတော်သည် ကျန်းမာရေးချို့တဲ့မှုကြောင့်လည်းကောင်း၊ မိမိ၏ ကျေးဇူးရှင် တဦးဖြစ်သော သာသနာ့မိခင် မယ်တော်ကြီး ဒေါ်ခမ္မစာရီ၏ အလိုဆန္ဒကို ဖြည့်စွက်သောအားဖြင့် မိုးမိတ်ဇစတိတော်ကြီးများကုန်းမြေကို အထူးစောင့်ရှောက်ပြုပြင်ကာ မင်းကွန်းတောင်ရိုးရှိ ကျေးရွာများ၏ လူနေမှုအဆင့်မြင့်မားလာရေးအတွက် ဆောင်ရွက်ဖွယ်ရာများကို ဆောင်ရွက်ပေးတော်မူခြင်းကြောင့် လည်းကောင်း မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၌ သီတင်းသုံးမှုမြဲလာခဲ့၏။

ဤအချိန်တွင် ၁၂၅၈-ခုမှစ၍ မန္တလေးမြို့တော်ကြီး အပါအဝင် စစ်ကိုင်း၊ မင်းကွန်း၊ မင်းဝံတောင်ရိုးရှိ သံဃာတော် သီလရှင်များ၊ သူတော်စင်များအား ဆွမ်းဆန်တော် လှူဒါန်းနေခဲ့သော မလွန်ဈေးဆန်လှူအသင်းကြီးသည် ရဟန်းတော်ကို ဆန်(၄)တင်း၊ သာမဏေ(၃)တင်း၊ သူတော်နှင့် သီလရှင် (၂) တင်းအထိ လှူဒါန်းခဲ့ရာမှ ထို ၁၃၂၃-ခု၊ ၁၃၂၄-ခု၊ ၁၃၂၅-ခု (၁၉၆၁/၆၂/၆၃) ခုနှစ်များအတွင်း ရဟန်း, သာမဏေ, သီလရှင်, သူတော်, အားလုံး မခြားနားနိုင်တော့ပဲ တခွဲစီ လောက်ကိုသာ လှူဒါန်းနိုင်သည့် အခြေအနေသို့ ကျရောက်သွားလေသည်။

ထိုအခြေအနေကို တိပိဋကဓရ ဆရာတော်ကြီး ကြားသိတော်မူလျှင် မလွန်ဆန်လှူအသင်း ဒကာကြီးများနှင့် တိုင်ပင်၍ ဆန်ထွက်ရာ နယ်မြေအနှံ့ ဓမ္မဒေသနာ ခရီးဖြန့်ပြီး မလွန်ဆန်လှူအသင်းထောက်များကို ဖွဲ့စည်းပေးပါသည်။ ဆရာတော်ကြီးသည် ဆွမ်းဆန်တော် ရေစက်ချတရားပွဲများအတွက် ကုန်းလမ်းခရီး လှည်းကြမ်းကြီးများကို စီး၍ကြွရသောအခါရှိသလို၊ ရေကြောင်း ခရီး လှေယဉ်ကလေးများကို စီး၍ မြစ်ဖျား, ချောင်းဖျားအထိ ခက်ခက်ခဲခဲ သွား၍ ဟောပြောရသည့် အခါမျိုးလည်း ရှိသည်။ တခါကမူ လယ်ထွန်စက်ကြီးကို စီး၍ပင် တရားဟောပင့်ရာသို့ ကြွခဲ့ရသေးသည်။ မြေခရောင်း လမ်းကြမ်းကြီးဝယ် ခြေဖြင့်လည်း တခါခါ သွားရသည်။ တခါတရံဟော့ရွံ့ဗွက်ရုန်း၍ သွားရပြန်သည်။ နွေအခါ အလွန်ပူပြင်းသည့် နေမင်း၏ ဒဏ်ကို အလူးအလဲခံကာ ချွေးဒီးဒီးကျသွားရသည့် ခရီး ရှိသလို၊ မိုးအခါ မြစ်ဝကျွန်းပေါ်ဘက် မိုးဒဏ်ကို အပြင်းအထန် ခံရသည့် ခရီးလည်း ရှိပြန်သည်။ အထက်မှအောက် စုန်လိုက်၊ ထိုမှတဖန် ပြန်ဆန်တက်လိုက်ဖြင့်

http://www.dhammadownload.com

ချမ်းပူဒဏ် အမျိုးမျိုးကိုခံကာ ဆွမ်းဆန်တော် ရေစက်ချ တရားပွဲများကို ဆရာတော်ကြီးသည် ဒိုင်ခံ ဟောကြားပေးတော်မူခဲ့ပါသည်။

ဆရာတော်ကြီး၏ ကြိုးပမ်းတော်မူချက် ကြောင့် ရဟန်းတော် (၅)တင်း၊ သာမဏေ(၄)တင်း၊ သူတော်နှင့် သီလရှင်(၃)တင်း အထိ တိုးတက် လူဒါန်းနိုင်သည့်ပြင် မန္တလေး မြို့ပေါ်ရှိ စာချစာသင် သံဃာတော်များကိုပါ တိုးချဲ့ လူဒါန်းနိုင်သည် မြင်ရသောအခါတွင် ရွှင်ပြသော ပီတိသောမနဿ စိတ်က ထိုအပင်ပန်းခဲ့သော ဒဏ်ကို အနိုင်ယူနိုင်ခဲ့ ပါတော့သည်။

စာမရှိပဲ မဟောရဲ

တရားဟောတော်မူရာတွင်လည်း ငယ်စဉ်က ဥပဇ္ဈာယ် ဆရာတော်ကြီး မှာကြားခဲ့သည့်အတိုင်း သုတ္တန်ကြီး တခုလုံးကို နှုတ်တက် အာဂုံဆောင်ပြီး ဟောတော်မူပါသည်။ လိုအပ်လျှင် အဋ္ဌကထာ၊ ဋီကာ ပါဠိများကိုပါ ရွတ်ကာ ရွတ်ကာ ဟောပေးသည်။

ဘုရားဟော သုတ္တန်ကြီးများကို ပါဠိ အာဂုံဆောင် ဟောရခြင်းအကြောင်းကို ဆရာတော်က ရှင်းပြဘူးသည်။ "မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင်များ သနားစရာကောင်းသည်။ သာသနာတော်အတွက် ပစ္စည်းလေးပါး ပေးလှူလျက် သူတို့ဘက်က တာဝန်ကို သူတို့ ကျေပွန်အောင် ထမ်းဆောင်ကြရသော်လဲ၊ ဘုရားဟော တရားတော်များမှာမူ မူရင်းအတိုင်း သူတို့နား၊ မရောက်ပဲ ရှိနေသည်။ ဘုရားဟော တရားတော်များကို ဘုရားဟောသည့်အတိုင်း သူတို့နား၊ ရောက်အောင် မပို့ပေးလျှင် တပည့်တော်တို့ဘက်က တာဝန် မကျေပဲ ဖြစ်နေလိမ့်မည်။ သူတို့နား၊ ဘုရားဟော တရားစစ်စစ် ရောက်စေချင်လို့ အပင်ပန်းခံကာ ပါဠိတော်ကြီးများကို အာဂုံဆောင်ပြီး ဟောနေရတာပဲ။ ပြီးတော့ တခုရှိသေးတယ် တပည့်တော်က တိပိဋကဓရဆိုတော့ တပည့်တော် ဟောလိုက်တဲ့ တရားဆိုလျှင် ရှင်ရော၊ လူရော အသေအချာ မှတ်ထားတတ်တယ်။ စာထဲမပါ တာတွေ တပည့်တော် ဟောမိလျှင် သူတို့ အမှတ်မှားကြလို့ တပည့်တော်မှာ တာဝန်လေးသွား ပါလိမ်မယ်။ ဒီတော့ တပည့်တော်ကတော့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ အရှိကို အရှိအတိုင်း ဟောမှပဲ၊ ပါဠိလေး ရွတ်ပြီး ကိုယ်လိုရာ ဆွဲမပြောဘူး။ တရားဟောပလွင့်ပေါ်ကနေ ဟောရတာဆိုတော့ တရားစစ်စစ်ပြောတာပဲ ကောင်းပါတယ်" ဟု ရှင်းပြဘူးပါသည်။

ဆရာတော်၏ တရားဟောနည်းမှာ ပါဠိတော်ကို သာယာနာပျော်ဘွယ် ဖြစ်အောင် ရွတ်ပြီး အနက်ပေးသည်။ အနက်ပေးရာ၌ အချိတ်,အဆက် ကာရန် နဘေလေးများ ပါဝင်အောင် ရုတ်တရက် ပေးနိုင်သည်မှာ အံ့စရာကောင်းသည်။ ပြီးတော့မှ မြန်မာသက်သက် အဓိပ္ပာယ် ရှင်းလင်းပြောကြားပေးသည်။ အဓိပ္ပာယ်ပြောရာ၌ စကား အပို, အလိုမရှိ အတိအကျဖြစ်အောင် ပြောနိုင်သည်။ ဝါကျတရပ် ဖြင့် မပြည့်စုံသော စကားမျိုးမပါရှိပေ။ ဝါကျအပြည့် အစုံ စေ့စေ့စပ်စပ် ဟောပြောလေ့ရှိသည်။

ရှင်ဘက်, လူဘက် အကြိုက်များ

ပါဠိတော်ကြီးများကို ဟောတော်မူမြဲ ဖြစ်သော်လည်း ရံဖန်ရံခါ အကြောင်းဆိုက်လာလျှင် အလွန် မှတ်သားဖွယ်၊ နှလုံးသွင်းဖွယ်ကောင်းရာ များ၌ ဓမ္မလင်္ကာလေးများ ရေးသား၍ ဟောကြား တော်မူလေ့ရှိပါသည်။ ဆရာတော်၏ ဟောပုံမှာ အစစအရာရာ ထူးခြားနေ၍ တနိုင်ငံလုံးရှိ ရှင်, လူ အများက သဘောကျကြသည်။ အထူးအားဖြင့် ရဟန်းတော်ပိုင်းဘက်က ပိုသဘောကျသည်။ ဆိုင်ရာ ဒကာများက ဓမ္မကထိက ပင့်ပေးဖို့ မိမိဘုန်းကြီးအား

http://www.dhammadownload.com

လျှောက်ထားလျှင် တိပိဋကဓရ ဆရာတော်ကိုသာ ရွေးပင့်ခိုင်းလေ့ရှိကြသည်။ ရှင်ဘက်, လူဘက် အကြိုက်များ၍ ဆရာတော်၏ တရားပွဲများမှာ မအားရအောင် ဖြစ်သည်။

တခါတရံ တနေ့ ၂-ပွဲ ၃-ပွဲ ထိအောင် ဟောရသောအခါများလည်း ရှိသည်။ ရောက်ခဲ့သော အရပ်ဖြစ်လျှင် ညသန်းခေါင်ကျော် အထိ ဟောပေးရပါသည်။

ထူးချွန်သည့် ဓမ္မကထိက

မင်းကွန်းတိပိဋကဓရဆရာတော် တရား ဟောပုံနှင့်စပ်၍ ဆရာတော်ဘုရား၏ ဖြစ်တော် စဉ်ကျမ်းကို ရေးသား ပြုစုခဲ့သော အရှင်ကေလာသ (ပခုက္ကူ)က ဤသို့ ရေးသားခဲ့ဖူးပါသည်။

ဆရာတော်ကား သည်ဘုရားမြတ်စွာ သာသနာ ၂၅-ရာစု နောက်ပိုင်းနှင့် ၂၆-ရာစုခေတ် ရှေ့ပိုင်းတွင် အထူးချွန်ဆုံးနှင့် အအောင်မြင်ဆုံးသော ဓမ္မကထိက ပုဂ္ဂိုလ်မြတ်ကြီး ဖြစ်တော်မူသည်။ တိပိဋကဓရစာမေးပွဲ မပြန်ဆို မဖြေဆိုမီကပင် အကျော်ဒေယျ ဓမ္မကထိက ဖြစ်တော်မူ၏။ တိပိဋကဓရ စာမေးပွဲအတွက် စာပေကျက်မှတ် လေ့လာစဉ် အတောအတွင်းမှာပင် ရံခါပင့်ဖိတ်ရာသို့ ကြွရောက်တော်မူ၍ တရားဟောတော်မူသေးသည်။ လုံ့လသတ္တိကား အလွန်လျှင် ကြီးမားလှဘိ၏။

"၁၃၁၄-ခုနှစ် နတ်တော်လဆန်း ၁၄ ရက် နေ့ မန္တလေးမြို့ ပရိယတ္တိ သာသနာ့ဇီမာန်တော်ကြီး ဆောက်လုပ်ရန် အုတ်မြစ်ချပွဲ၌ တရားချီးမြှင့်ရန် အသင်းဥက္ကဋ္ဌကြီးနှင့် အသင်းလူကြီးများ တောင်းပန် လျှောက်ထားသောအခါ တိပိဋကဓရဓွေးချယ်ပွဲတွင် စာပြန်ရန် ရက်ပိုင်းသာ လိုတော့သည့်အချိန်မျှ ဖြစ်သော်လည်း မဟာနိုင်ဘူး ဒါယကာတို့ဟု ပယ်မြစ်ခြင်း အလျှင်းပြုတော်မမူပဲ လက်ခံတော် မူလိုက်လေသည်။ အရပ်ရပ် ကုသိုလ်ရှင်တွေက ပတ္တမြားအုတ်, ကျောက်သားအုတ်, မြေအုတ်, ဘိလပ်မြေ စသည် အသီးသီး လှူဒါန်းသော စာရင်းကို အသင်းလူကြီး နန္ဒဝန်ဦးဘတင်က ဖတ်ကြား ပြီးသောအခါ ဘုန်းကြီးက မှန်အုတ်ကြီး ၄-ချပ် လှူဒါန်းပါမည်ဟု စကားပလွှင့်ခံ၍ ၄-နာရီကျော်မျှ သစ္စာ ၄-ပါး တရားအချက် ဓမ္မစက္ကပဝတ္တန သုတ္တန်ကြီးကို နိဒါန်းနှင့်တကွ ဟောပြောတော်မူသည်။ ၁၀-ခန်း၊ ၁၂-ခန်း မဏ္ဍပ်ကြီးအပြည့် ရှင်ရော လူပါ ဆိတ်ငြိမ်စွာဖြင့် ၄-နာရီကျော် တရားနာကြသည်။ ၎င်းပြင် အသင်းဥက္ကဋ္ဌကြီးအား ဤဗိမာန်ကြီး ဆောက်လုပ်ပြီးစီးသောအခါ သာမန် ပရိတ်ရွတ် ဖဲကြိုးကလေးကတ်ကြေးနှင့် ဖြတ်ရုံမျှ လောက်နှင့် မဖွင့်ကြပဲ မြေကြီး ၆၂-ကြိမ်လှုပ်တဲ့ ဗြဟ္မာလသုတ္တန်ကြီးများလို သုတ္တန်ပါဠိတော်ကြီးများစွာကို ရွတ်ဆို၍ ဘုရားရှင် စကားတော် အများအပြား ဌာပနာပြီး ဖွင့်လှစ်ကြရန် လေးနှက်စွာ သတိပေးတော်မူခဲ့လေသည်။

"ဆရာတော် တရားဟော ထူးချွန်ပုံမှာ လွန်ကိုလွန်လွန်းလှသည်၊ မဟောဘူးသည့်တိုင်း, မဟောဘူးသည့် ပြည်နယ်, မဟောဘူးသည့် မြို့ကြီး မရှိသလောက် ဖြစ်မည်စဟု ဆိုချင်၏။ ပိဋက ၃-ပုံ နိကာယ် ၅-ရပ်လုံးလောက်နီးပါး အရကျက် ဆောင်တော်မူ၍ ဟောတော်မူခဲ့သည်ကို ကြားနာရသူတိုင်း ရင်သတ်ရွှမော အံ့သြကုန်၏။ တနေ့ထဲမှာ အနုမောဒနာတရားများ ၄-ကြိမ် ၅-ကြိမ်ဟောပြီးညဉ့် ၃-နာရီ ၄-နာရီကြာအောင် ဟောတော်မူလိုက်သေးသည်။ အသံတော်မှာလည်း ကြားနာရသူတိုင်း လိုလို တရားပွဲမှ မခွာနိုင် ဖြစ်ကြကုန်၏။

"ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီးထဲ ဟောတော်မူခဲ့သည်မှာ ၁၀-ကြိမ်မကပြီ၊ ကျေးဖူးရှင် အဘိဓမ္မဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး အရှင်သုနဒ္ဒ မဟာထေရ် သက်တော်ယင်ရှား ရှိစဉ်

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရား၊ မဟာစည် ဆရာတော်ဘုရား၊ ပခုက္ကူ တိပိဋကဓရ အရှင်ဇနပိန္ဒ။



မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဗန္ဓုလဓမ္မာရုံ၌ တရားချီးမြှင့်တော်မူပုံ။

http://www.dhammadownload.com

၁၃၃၀-ပြည့်နှစ်က မဟာဝိသုတာရာမတိုက်ကြီးထဲ ပဌမဆုံးစ၍ တရားဟောတော်မူသည်။ အချိန်တွေ ကြာလွန်းတော့ အဘိဓဇမဟာရဋ္ဌဂုရု အရှင်သုနှရ ဆရာတော်ဘုရားကြီးက ဦးဝိစိတ္တ ကြာလွန်းပါတယ် ရှော့ရှော့ဟောပါဟု မိန့်တော်မူရာ ဆရာတော် ကိစ္စမရှိပါဘုရား၊ ဘုရားတပည့်တော် ဟောနေကျ ပါဟု လက်အုပ်ချီ လျှောက်လေသည်။ ငါးရှင်ငါးဆယ် ဇာတ်တော်များကိုလည်း ဆက်တိုက်ဟောတော်မူရာ ကုသဇာတ်, အလမ္ဗုသာဇာတ် စသည့် အနည်းငယ် လောက်သာ ကျန်ရှိသည်ဟု ဆရာတော်က ဤစာပြုသူအား မိန့်ပါသည်။ ၇၈၅-ဂါထာရှိ ဝေဿန္တရာဇာတ်တော်ကြီးကို အဌကထာနှင့်တကွ နှုတ်ရဆောင်တော်မူ၍ ၃-ရက်ခန့် ၄-ရက်ခန့်နှင့် အပြီးသတ် ဟောတော်မူသည်။ ဟောလေသမျှ ထစ်နေသည်, တွေနေသည် တခါမျှ မတွေ့စဘူး မကြားစဘူးချေ။ ယနေ့အထိ တရားပွဲအကြိမ်ပေါင်း ၈၀၀၀-ကျော် ၉၀၀၀-အတွင်းမှာ ရှိသည်ဟု သိရ၏-ဟု ရေးသားထားခဲ့သည်။

တရားဟောစဉ် ပလ္လင်ထက်ဝယ် အံ့ဖွယ်ထူးခြား အတွေ့အကြုံများ

တိပိဋကဓရ ဆရာတော်သည် သဒ္ဓါ သတိ ဝီရိယ ပညာ ဟူသော ဗိုလ်ငါးပါး အင်အားတို့ ထူးခြားစွာ ပြည့်စုံတော်မူခြင်းကြောင့် စိတ်ဓာတ်က ရွှင်လန်းတော်မူပါသော်လည်း ရုပ်ဓာတ်သည်ကား လွန်စွာပင်ပန်း နွမ်းနယ်တော် မူလှပါပေသည်။

ရုပ်ဓာတ်သည်ကား မဟာဘူတ လေးဝသမုဌာန် အရင်းခံသည်ဖြစ်၍ ပူအေးနှစ်တန် ဖောက် ပြန်လွန်ယုတ် မဟာဘုတ်ပျက်ပြားကာ မျှတမှု မရှိပါပဲ (ဘက်ထရီအိုး)မှ လျှပ်စစ်ဓာတ်အားကို တရှိန်တည်း အချိန်များစွာ ညှစ်ယူသုံးစွဲသကဲ့သို့ ခန္ဓာကိုယ်မှ အင်အားတို့ကို တရှိန်တည်း အချိန်များစွာ သုံးစွဲ တော်မူသည်ဖြစ်ရကား သဒ္ဓါတရားကြောင့် စိတ်ဓာတ် ရွှင်လန်းတော်မူပါသော်လည်း ရုပ်ဓာတ်၏ ပင်ပန်း နွမ်းနယ်တော်မူပုံကို · ဆရာတော် ကိုယ်တိုင်ပင် တွေ့ကြုံသိရှိတော်မူပါသည်။

တချိန်သောအခါ ပင်ပန်းနွမ်းနယ်မှုလွန်ကဲ သဖြင့် ညဉ့်တရားပွဲကြီးများတွင် ပလ္လင်ထက်၌ တရားဟောကြားတော်မူနေစဉ် ရုတ်တရက် (စကန် မိနစ်)မျှ "မျောက်မျဉ်း" အိပ်ငိုက်တော်မူသွားတတ လေသည်။ ထိုသို့ ငိုက်မျဉ်းတော်မူသွားပါသော် လည်း ထူးခြားသော ပါရမီ ကြည်လင်သော သဒ္ဓါ တရား ကြီးမားလှသော ပညာဗိုလ် အားအင်တို့ ကြောင့် တရားပလ္လင်ထက်၌ ငိုက်မျဉ်းလျက်ပင် တရားတော်အစဉ်မပျက် အသံတော်မပျက် ရှိန် မပျက်ပါပဲ ဟောမြဲတိုင်း ဟောကြားတော်မူလျက်ပင် ဖြစ်ပါ၏။

တချိန်ကမူ တပ်ကုန်းမြို့တွင် တရားဟော စဉ်က ဖြစ်၏။ ညတရားပွဲပြီး၍ နံနက်လင်းသော အခါ ဆရာတော်က တရား အသံဖမ်းသော ဒကာ များကို မနေ့ညက တရားဖမ်းကြသလား-ဟု မေးရာ၊ ဖမ်းကြပါသည် ဘုရား-ဟု ဖြေကြလျှင်၊ အဲဒီခွေ ဖျက်ပစ်လိုက်ကြ၊ ကနေ့ည အဲဒီတရား ပြန်ဟော မယ်၊ မနေ့ညက တရားဟောရင်း အိပ်ပျော် အိပ်ပျော် သွားတယ်-ဟု အမိန့်ရှိတော်မူမှ၊ တရားဖမ်း ဒကာ များက "တပည့်တော်များကလဲ အောက်မေ့ပါတယ်၊ ဆရာတော် ခါတိုင်း ဒီလိုမဟုတ်ပါဘူ"ဟု ပြန် လျှောက်ထားကြ၏။ အမှန်တွင် ခန္ဓာကိုယ်က အိပ်နေသော်လည်း တရားဟောက မပျက်၊ အသံ ဖမ်းနေသူများ အရိပ်မိရုံသာ ရှိ၏။ အလွန်ဆန်း ကြယ်လေ၏။

တရားဟောလျော့ပါရန်

တိပိဋကဓရဆရာတော်၏ တရားတော်ကို ကြားနာကြရသည့် ရဟန်းရှင်လူ ပရိသတ်ကြီးသည်

http://www.dhammadownload.com

နာကြား၍ မငြိုးနှိုင်ပါသော်လည်း ကြင်နာ သနား စာနာထောက်ထားကာ ဆရာတော် ပင်ပန်းလွန်းသဖြင့် ခန္ဓာကိုယ်နွမ်းနယ်တော်မူလှသည်ဖြစ်ရကား တရားဟောအချိန်လျော့ပါရန် ဆရာတော်နှင့် ရင်းနှီးသော ရဟန်းတော်များနှင့် ဒါယကာများက လျှောက်ထားကြလေသည်။

ထိုသို့လျှောက်ထားကြသည်ကို အလိုတော်မကျ လက်မခံနိုင်ပဲ အထက်က ရေးသားခဲ့ပြီးဖြစ်သည့် "ယခုဘဝ၌ ရရှိသည့် လျှာနှင့် အသံတို့ကို (ဗုဒ္ဓပါဝစန) အရှင်ဘုရား၏ စကားတော်တို့ကို ရွတ်အံသရဇ္ဈာယ်ခြင်းဖြင့်သာ အသုံးပြုတော့မည်"ဟု ဆုံးဖြတ်ချက်နှင့် ရဟန်းခံစဉ်အခါကပင်လျှင် သာသနာ့မိခင်ကြီး၏ သမ္မာဆန္ဒ ညွှန်ပြသတိပေးကာ ရေးသားပေးသည့် စာအရ "မိမိ၏ အသက်နှင့် ခန္ဓာကိုယ်ကို သုံးဖြာသော သာသနာတော်မြတ်ကြီးအား အပ်နှင်းလှူဒါန်းပြီးဖြစ်ပါ၍ တရားဟောကြားနေစဉ် တရားပလ္လင်ပေါ်၌ သေရသော်လည်း ဝမ်းနည်းစရာ မဟုတ်ကြောင်းတို့ကို သံယုတ်ပါဠိတော်လာ သမဏနတ်သားကို စံနမူထားပြီးလျှင် သာသနာ့အလုပ်ခွင်၌ သေရသည်ဖြစ်၍ ဝမ်းနည်းဖွယ် မဟုတ်ပါ အဋ္ဌကထာ ဆရာတော်က ချီးကျူး၍ပင် ထားပုံများ"ကို မိန့်ကြားတော်မူပါသဖြင့် နောက်ထပ်တဖန် ထပ်၍ မလျှောက်ထားဝံ့ကြတော့ပေ။

မပင်ပန်းပါဘူး

"ဤကဲ့သို့ ရွာစဉ်လှည့်၍ သုတ္တန် ပါဠိတော်များကြီးများ ရွတ်ဆိုဟောကြားရသည်မှာ မပင်ပန်းပါလားဘုရား"ဟု တပည့်ရဟန်းတပါးက မေးလျှောက်သည့်အခါ "ဆဋ္ဌသင်္ဂါယနာတင်ချိန်တုန်းက လိုဏ်ဂူကြီးထဲမှာ စာရွတ်တယ်၊ အခုမြို့တွေ ရွာတွေလှည့်ပြီး စာရွတ်တယ်၊ ဒါပဲထူးတယ်၊ သိပ်ပြီးထူး မပင်ပန်းပါဘူး"ဟု ဖြေကြားတော်မူလေ့ရှိသည်။

တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီးသည် အိပ်စက်နားနေချိန်နှင့် နားနေရာဟူ၍ သီးခြားသတ်မှတ်ထားတော်မမူဘဲ ကြိုသည့်အခါ ကြိုသည့်နေရာ၌ ခေတ္တခဏသာ အနားယူတော်မူလေ့ရှိသည်။ ဥပမာ–ယနေ့ မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့၊ တရားဟော ရေစက်ချ ချီးမြှင့်ခဲ့ပြီးညာ ၇ နာရီတွင် ပြည်မြို့သို့ မော်တော်ကားဖြင့် ရောက်ရှိ၍ တရားဟောတော်မူသည်။ ညာ ၁၀ နာရီမှ ရန်ကုန်မြို့သို့ ပြန်လာ၍ နောက်တစ်ရက် နံနက်စောစော ၄ နာရီတွင် မြစ်ဝကျွန်းပေါ် မြောင်းမြ၊ ပုသိမ်မြို့များသို့ ဆက်လက်၍ တရားဟော ကြွတော်မူပြီး ရံခါ တစ်ရက်အတွင်း မင်းကွန်းမှ မန္တလေး၊ မန္တလေးမှ မေမြို့၊ မေမြို့မှ ကျောက်ဆည်၊ ကျောက်ဆည်မှ စစ်ကိုင်း လေးနေရာဌာန တရားပွဲများကို အကူးအသန်းပြုလုပ်၍ မင်းကွန်းသို့ ညဉ့်သန်းခေါင်ကျော် မှ ပြန်ရောက်သည့် အခါလည်း ရှိသည်။ ဤသို့ မနားမနေ လှည့်လည် တရားဟောကြားနေသည်ကို တွေ့မြင်ရသော တပည့်များက "အရှင်ဘုရား အိပ်စက်ချိန်နားလေးများ ထားပါဦးတော့လား ဘုရား"ဟု လျှောက်ထားလျှင် ဆရာတော်ဘုရားက ပြန်လည် မိန့်ကြားသည်မှာ "ကျောင်းအိပ်ရာနေရာပေါ် အိပ်ရတယ်ထား၊ ရထား၊ သင်္ဘောပေါ်မှာ အိပ်ရတာပဲ ထူးပါတယ်၊ အိပ်ပျော်ချည်းပါပဲ၊ သိပ်ပြီးမထူးပါဘူး"ဟု မိန့်ကြားလေ့ရှိသည်။ ဆရာတော်၏ ပစ္စာသာမဏအဖြစ် ဆောင်ရွက်ခဲ့ဖူးသော တောင်ရင်း ဆရာတော် ဦးကောဏ္ဍညက "ဆရာတော်သည် မော်တော်ဘုတ်ပေါ်လဲ ကျိန်းတော်မူတတ်သည်။ မော်တော်ကားပေါ်မှာလဲ ကျိန်းတော်မူတတ်သည်။ ယုတ်စွအဆုံး မြစ်ဆိပ်နှင့် ဓမ္မနာဒလိုက်ပို့တဲ့ လှည်းပေါ်မှာတောင် ကျိန်းတော်မူတယ်"ဟု အမိန့်ရှိဖူး၏။

http://www.dhammadownload.com

အသက် ၅၀ အတွင်း အလုပ်ကြိုးစားလုပ်ရမယ်

ဆရာတော်ဘုရားကြီး ဤမျှကြိုးစားတော်မူခြင်းသည် မိမိ၏ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်၊ သာသနာတော်မြတ်ကြီး တိုးတက်ကြီးပွားရန် အတွက်သာ ရည်ရွယ်၍ ကြိုးစားတော်မူခြင်း ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးကို အလွန် ကြည်ညိုကြသော ဒါယကာ ဒါယိကာမအပေါင်းတို့က ဆရာတော်ဘုရားကြီး အသက်ကြီးရင့်၍ အိုမင်းရင့်ရော်ခဲ့ပါပြီ၊ ငြိမ်းချမ်းစွာအားမွေးပြီး အေးအေးလူလူ နေစေချင်ကြသည်။ သို့သော် ဆရာတော်ဘုရားကြီးကား သာသနာတော်အတွက် အသက်ကို စွန့်လွှတ်ထားတော်မူသည်။

လူ့သက်တမ်း

ဆရာတော် ဘုရားကြီးက အမိန့်တော်ရှိတော်မူသည်မှာ "လူ့ဘဝသက်တမ်း တစ်ရာကို ကျမ်းဂန်များက ဆယ်နှစ်စီခွဲခြားပြီး ဒသက ဆယ်ပါးရယ်လို့ ပြဆိုထားတယ်၊

ပထမ အရွယ်က မန္ဒဒသကတဲ့ တစ်နှစ်သားမှ ဆယ်နှစ်သားမှ ဆယ်နှစ်သား အထိ ဒီအရွယ်ဟာ ကုသိုလ် အကုသိုလ်ရယ်လို့ ဘာမျှ ပိုင်ပိုင်နိုင်နိုင် မသိတတ်သေးဘူး၊ အလွန်နုံနွေးတဲ့ အရွယ်ပေါ့၊ အရာရာမှာ မိဘစတဲ့ လူကြီးများက ပြုပြင်သလို ခံယူနေရတဲ့ ကလေးအရွယ်ပဲ၊ ကိုယ်စွမ်းဉာဏ်စွမ်း ဘာမျှ မတတ်နိုင်တဲ့ အရွယ်ဖြစ်တယ်၊

ဒီကနေ တစ်ဆင့် တက်လိုက်တော့ ခိုဋ္ဌဒသက အရွယ်တဲ့၊ ဆယ်တစ်နှစ်သားမှ အသက် နှစ်ဆယ် အထိပေါ့၊ ဒီအရွယ်မှာ ခန္ဓာကိုယ် အတွင်းက အသွေးအသားတွေ အလွန် တိုးတက်လာတယ်၊ အသွေးအသားတွေ အမြဲလှုပ်ရှား ကစား ပျော်ပါးနေရတယ်၊ ဒါကြောင့် ခိုဋ္ဌဒသက ခေါ်ရတယ်။

ခိုဋ္ဌဒသကမှ တစ်ဆင့် တက်လိုက် ပြန်တော့ ဝဏ္ဏဒသကတဲ့၊ အရောင်အဆင်း လှပ ပြည့်ဖြိုးတဲ့ ဒီအရွယ်မှာ မှန်ကြည့်လိုက်၊ သနပ်ခါး လိမ်းလိုက်၊ ပန်းပန်လိုက်၊ အဝတ်သစ် အစားသစ် တွေ လဲလိုက်နှင့် ကိုယ့်ကိုယ်ကို အလွန် အလှကြည့် နေတဲ့ အရွယ်ပေါ့၊

ဝဏ္ဏဒသကမှ တစ်ဆင့် တက်လိုက် ပြန်တော့ ဗလဒသက အားကောင်းတဲ့ အရွယ်တဲ့၊ အသက် ၃၀ မှ ၄၀ အတွင်းပေါ့။ အဲဒီအရွယ် အတွင်းမှာ ခွန်အားတွေ တိုးပွားလာလို့ ဘယ်သူ ကို ဘာထင်ရမှာလဲလို့ ကိုယ့်ကိုယ်ကို အထင်ကြီး တတ်တဲ့ အရွယ်ဖြစ်တယ်။" "ကဲ–မွေးလာတဲ့ အချိန်ကစပြီး တွက်စစ် လာခဲ့တာ အခု အသက် ၄၀ ကျော် ရောက်ခဲ့ပြီး၊ ဒီအသက် ၄၀ အတွင်းမှာ သဘာဝကျကျ ကုသိုလ်အလုပ်ကို မလုပ်နိုင်ခဲ့ဘူး၊ မန္ဒအရွယ် ကနဲ့နေးလွန်းလို့ မလုပ်နိုင်ခဲ့ဘူး၊ ခိုဋ္ဌအရွယ် ရောက်ပြန်တော့ ကစားရတာနဲ့ အချိန်ကုန်တယ်။ ဝဏ္ဏအရွယ် ရောက်ပြန်တော့လည်း ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လားဟု အတွေးကြီး နေရတာနဲ့ တကယ့် ကုသိုလ် အလုပ်ကို မလုပ်အားဘူး။ ဟော–အသက် ၄၀ ရှိသွားပြီ ကုသိုလ် အလုပ် လုပ်ဖို့ အချိန်မရနိုင်သေးဘူး။

အခုတစ်ခါ နောက်ဆုံး ဒသကကို ကြည့်စမ်းပါဦး၊ သဃနဒသကတဲ့၊ ဘယ်မှ မသွားလာနိုင်လို့ အိပ်ရာထဲ လဲနေရတဲ့ အသက် ၉၀ မှ ၁၀၀ အထိ ရောက်လာတဲ့ ဒီအရွယ်ကြီး ကျမှ ဘာကုသိုလ် လုပ်လို့ ဖြစ်ဦးမှာလဲ၊ ဘာ ကုသိုလ် မပြုလုပ်နိုင်တဲ့ ဆန်ကုန်မြေလေးအရွယ်ကြီး ဖြစ်နေရပြီ။ အဲဒီက နောက်ပြန်ဆုတ်လိုက်လို့ အသက် ၈၀ မှ ၉၀ အတွင်း အရွယ်အိုကြီးမှာ ခါးကို ဆန့်ဆန့်မထားနိုင်လို့ ကုန်းနေရရှာတဲ့ ဝက်ဒသကပေါ့၊ ဒီ ၈၀၊ ၉၀ အရွယ်ကြီးကကော ဘာကုသိုလ်အတွက် လှုပ်လှုပ်ရှားရှား ပြုလုပ်နိုင်ဦးမှာလဲ၊ အဲဒီတော့ တွက်ကြည့်ပေါ့လေ။

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး မဟာဗောဓိပင်အား ဝတ်ပြုနေစဉ်။



ဆရာကြီး ဒေါ်မမွှာစာရီနှင့် ညီမရင်း ဘွားထွေး ဒေါ်ကုန်စာဂီ။

http://www.dhammadownload.com

အသက် တစ်နှစ်မှ ၄၀ အထိ ကုသိုလ် အလုပ် မပြုလုပ်နိုင်ဘူး၊ အသက် ၈၀ မှ ၁၀၀ အတွင်းလဲ ကုသိုလ်အလုပ် မပြုလုပ်နိုင်ဘူး၊ ကုသိုလ် ပြုလုပ်ရေးအတွက် လူပ်လူပ်ရှားရှား လုပ်ကိုင် သွားလာနိုင်တာက ပညာဒသကဆိုတဲ့ အသက် ၅၀ အရွယ်မှ အသက် ၈၀ အထိမျှသာ ရှိတော့တယ်။ အဲဒီ အရွယ်ဟာ သာသနာတော်မြတ်ကြီး တိုးတက် ကြီးပွားဖို့ စစ်မှန်သော ကုသိုလ်စိတ်ဖြင့် လူပ်ရှား သွားလာနိုင်တဲ့ အရွယ်ဖြစ်တယ်။ ဒီသဘောတရား ကို စဉ်းစားမိလို့ ဘုန်းကြီးတို့ဟာ သာသနာတော်ရေး အတွက် မနေမနား သွားလာလှုပ်ရှား နေရခြင်း ဖြစ်တယ်" ဟု မိန့်တော်မူပါသည်။

ဆရာတော်ဘုရားကြီးသည် ယထာဝါဒိ တ ထာကာရီဟူသော မြတ်စွာဘုရား၏ စကားတော် နှင့်အ သို့ ပြောသလိုလုပ်၍ လုပ်သလိုပြော ဟော တော်မူ ကတ်ပါသည်။

ခြင်္သေ့ စိတ်ထားဖြင့် ဟောသောတရား

တိပိဋ ကဓရ မင်းကွန်း ဆရာတော်ဘုရား ကြီးသည် တရား ဒေသကို ဟောကြားဖြန့်ဖြူးရာ၌ ပရိသတ် နည်းများ မဟူ တစ်ယောက်တည်း တစ်ဦး တည်း ရှိလျှင်လည်း ပရိသတ် ရာထောင်ကို ဟော ကြားနေဘိသကဲ့သို့ ပါဠိပါဠသား အသံနေ အသံထား ပြည့်ပြည့်စုံစုံ ရွတ်ဆို ဟောကြားတော်မူလေ့ရှိသည်။ ဖြစ်ကတတ်ဆန်း အတိုချုံး၍ ဟောလေ့မရှိ။ နိဒါန်း၊ နိဂုံး၊ ဥပမာ ဥပမေယျ အနုသန္ဓေ စကားစပ် ပြည့်ပြည့်စုံစုံ ဟောကြားတော်မူလေ့ရှိသည်။

တောသုံးထောင်ကို အစိုးရသော ကေသရာဇာ ခြင်္သေ့မင်းသည် သားကောင်ကို ဖမ်းရာ၌ ကြီးသည် ငယ်သည်မဟူ တူမျှသော ခွန်အားကို သုံးတတ်သည်။ ဆင်ပြောင်ကြီးကို ဖမ်းသော လုံ့လဝီရိယ တန်းတူ ညီမျှထားသည်။ ယုန်သူငယ် ဟူ၍ ပေါ့ပေါ့ဆဆ ခွန်အားစိုက်ထုတ်မှု မပြုဘဲ ဖမ်းဆီးပါက မတော်တဆ ချွတ်ချော်သွားလျှင် ခြင်္သေ့မင်းကြီး ယူလျက် ယုန်သူငယ်ကိုမျှ မိအောင် မဖမ်းနိုင်ဟု ကဲ့ရဲ့ခံရစမြဲဖြစ်သည်။ ထို့ကြောင့် ခြင်္သေ့မင်းသည် သားကောင်ကို ဖမ်းရာ၌ ကြီးငယ်မဟူ တူမျှသော ခွန်အားကို အသုံးပြုသကဲ့သို့ တိပိဋကဓရ မင်းကွန်း ဆရာတော် ဘုရားကြီးသည်လည်း တရားဟောကြား ဖြန့်ဖြူးရာ၌ ပရိသတ် နည်းသည်ဖြစ်စေ၊ များသည် ဖြစ်စေ၊ တစ်ဦးတည်းပင် ဖြစ်ပါစေ အသံနေ အသံထားဖြင့် ပြည့်ပြည့်စုံစုံ အကျယ်တဝင့် ဟောကြားတော်မူလေ့ရှိသည်။

ဆရာတော်ကြီး တရားပွဲရှိလျှင် ဆရာကြီး ဒေါ်ခမ္မစာရီမှာကား အသက်ကြီးရင့်၍ အိုမင်းမစွမ်း ရှိ၍ တရားနာ မလိုက်နိုင်ပဲ ဆရာကြီး၏ ညီမ ဘွားထွေး ဒေါ်လှန္တာစာဂိကမူ တရားနာမပျက် အမြဲ လိုက်လေ့ရှိ၏။ ဆရာကြီးကိုမူကား တရားပွဲ အပြီးမှ ဆရာတော်က သူ့မိခင်ကြီးထံကြွပြီး မိမိ ဟောသော တရားကို တရားပွဲမှာဟောသည့်အတိုင်း တလုံး မကျန် ခရေစေ့တွင်းကျ အကျအန ပြန်၍ ဟော ပြောရပေသည်။ ပါဠိတော်များကို အနက်ပေးရာတွင် အချို့အနက်ဆန်များကို ဆရာကြီးက နှစ်သက် သည့်အခါ "ဦးဇင်း-ပြန်ဟောစမ်းပါ" ဟု အဟော ခိုင်းပြီး၊ နှုတ်တက်ကျက်ပြီး ပြန်ရွတ်ပြပါသည်။ ဆရာကြီးမှာ ရှေ့သွားမရှိသဖြင့် မပီမသဖြစ်နေလျှင် "ဦးဇင်း-နေပါဦး၊ မပီလို့ ပြန်ရွတ်ပြဦးမယ်" ဟု ဆိုကာ ဟက်ကြိမ်ပြန်၍ ပီပီသသ ရွတ်ပြပြန်ပါသည်။ ဆောင်ပုဒ်လင်္ကာများကား ဆရာတော်က ရှေ့က ဆို မယ်တော်ကြီးက နောက်မှလိုက်ဆိုကာ ရနေ ကြသဖြင့် ဆရာ ကတော်၏ ဆောင်ပုဒ် လင်္ကာများကို သားအမိနှစ်ဦး ပေါင်း၍ပင် စပ်ဆိုထားသလား ထင်မှတ်မှားစရာ ရှိ

http://www.dhammadownload.com



မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီး ဆောင်ရွက်တော် မူခဲ့သော မင်းကွန်း ကျေးရွာ အတွက်

မင်းကွန်း ရဲစခန်း။



အစိုးရအလယ်တန်းကျောင်း။



တိုက်နယ်ဆေးရုံ။

http://www.dhammadownload.com

မန္တလေးနိကာယ်စာမေးပွဲ

မင်းကွန်း တိပိဋကဓရ ဆရာတော်သည် နှစ်စဉ် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဖွင့်ပွဲများ၌ နှစ်စဉ် ဩဝါဒ ချီးမြှင့်တော်မူ၍ စောင့်ရှောက်လာခဲ့ရာတွင် မိမိ တိပိဋကဓရ ဘွဲ့ရပြီး ၁၃၁၅-ခုမှ ၁၃၂၅ ခုအထိ ၁၀ နှစ်အတွင်း ပခုက္ကူ ဆရာတော် ဦးနေမိန္ဒ တပါးသာ (၁၃၂၂-ခုတွင်) တိပိဋကဓရ ဖြစ်တော်မူခဲ့သည်။ ထို့နောက် တိပိဋကဓရ ဖြစ်အံ့ဆဲဆဲဟု ပြည်ဆရာတော် ဦးကောသလ္လ တစ်ပါးသာ ရှိပေသေးသည်။ (ဦးကောသလ္လမှာ ၁၃၃၅-ခု၌ တိပိဋကဓရ ဖြစ်တော်မူသည်။) နောက်ပိုင်းကား မျှော်လင့်ရန် ခက်ခဲနေ၏။

ဤသို့ဖြင့် တိပိဋကဓရ စာမေးပွဲကြီးတွင် ဝင်ရောက် ပြန်ဆိုမည့် ပုဂ္ဂိုလ်များ နည်းပါးလာသည်ကို တိပိဋကဓရ ဆရာတော် သတိပြုမိသည်။

လက်ရှိ စည်းကမ်းများအရ ဝိနည်း ငါးကျမ်းလုံး, သုတ်သုံးကျမ်းလုံး, အဘိဓမ္မာ အောက်ပိုင်း ငါးကျမ်းလုံး စသည်ဖြင့် ပိဋကတ်(၁)ပုံကို တနှစ်တည်း ပြန်ဆိုနိုင်မှ ဝင်နိုင်မည်ဖြစ်၍ သာမန် ပုဂ္ဂိုလ်တို့ မစဉ်းစားရဲချေ။ တိပိဋကဓရ စာမေးပွဲကြီးအတွက် ပေါင်းကူးတံတားနှင့်တူသောကြားခံ စာမေးပွဲတခု ကျင်းပရလျှင် ကောင်းပေမည်။ ဥပမာ- သုတ်သုံးကျမ်းကို တနှစ်တည်း ဖြေရမည့် တိပိဋကစာမေးပွဲကို ဝင်မဖြေမီတွင် တနှစ်တကျမ်း ပြန်ရသည့် စာမေးပွဲမျိုးဖြင့် ပြန်ဆိုကာ၊ သုံးနှစ်စေ့သောအခါ တိပိဋကဓရ စာမေးပွဲကို ပါဝင်နိုင်မည့် စာမေးပွဲမျိုး ဖြစ်သည်။ ထိုစာမေးပွဲမျိုးဖြစ်အောင်လည်း သီလ, သမာဓိ, ပညာဂုဏ်, ခန္တီ, မေတ္တာဂုဏ်ကြီးမားလှသည့် မစိုးရိမ် ပထမ အဘိဓဇ မဟာရဋ္ဌဂုရု ဆရာတော်ကြီး ဆောင်ရွက်လျှင် ဖြစ်မည်ဟု ကြံစည်ပြီး မစိုးရိမ် ဆရာတော်ကြီးအား လျှောက်ထားသည်။

မစိုးရိမ် ဆရာတော်ကြီးကလည်း အလွန်သဘောကျ၍ မိမိတပည့် ဒကာရင်း ဦးသာဌေး-ဒေါ်ဒေါ်သန်း မိသားစုတို့ကို ဟောကြားသည်။ ထိုစာမေးပွဲအတွက် ဒါယကာခံစေသည်။ ဆရာတော်ကြီး အမြင်မှာ "တဦးတယောက် အလုပ်ထက် အသင်းအဖွဲ့အလုပ်က ခိုင်မြဲသည်"ဟု မြင်၍ စာမေးပွဲ အလုပ်တွင် ကျွမ်းကျင်နေပြီးဖြစ်သော မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ (သကျသီဟ) အသင်းကြီးအား ထိုစာမေးပွဲ လုပ်ပေးဖို့ လွှဲအပ်သည်။ စရိတ်စကကိုမူ ဦးသာဌေး မိသားစုက တာဝန်ယူပါသည်။ ၁၃၃၁-ခု တပေါင်းလတွင် မန္တလေးမြို့ ပရိယတ္တိ သာသနဟိတ အသင်းကြီးက နိကာယ် ငါးရပ် ပိဋကတ် သုံးပုံ စာတော်ပြန်ပွဲကို စတင်ကျင်းပပါသည်။ မန္တလေး သကျသီဟ အသင်းကြီးက ဆောင်ရွက်ပေးသည့်အတွက် နိကာယ စာမေးပွဲ အသံသည် အတော်အတန် ပြန်လည်၍ မြည်လာပါသည်။

မင်းကွန်းတိုက်နယ်ဆေးရုံ

မင်းကွန်း တိပိဋကဓရ ဆရာတော်သည် မိမိ ရဟန်းဖြစ်ရာ အရပ်ဖြစ်သည့် ဤမင်းကွန်းတောင်ရိုး မင်းကွန်းရွာကလေးသည်ကား မန္တလေးမြို့ တဘက်ကမ်းမှာ တည်ရှိသည်ဆိုသော်လည်း အလွန်ဆင်းရဲချို့တဲ့သော ရွာကလေး ဖြစ်၏။ ဆရာတော် ဆောင်ရွက်ပေး၍သာ မူလတန်းကျောင်းကလေး ဖြစ်လာခဲ့၏။ ထို့ပြင် မဂ္ဂင်ဆရာတော်ကြီးနှင့် တိပိဋကဓရ ဆရာတော်တို့ထံ အနယ်နယ်မှ နဝကမ္မ ငွေများ ပေးပို့ရာ စာတိုက်မရှိသဖြင့် ဆက်သွယ် လူဒါန်းရ ခက်ခဲမှုကို အကြောင်းပြုပြီး တဖန် စာတိုက်ကလေး ဖြစ်လာရ၏။ ထို့နောက် ရဲစခန်း၊ ရဲဝန်ထမ်း နေရာတန်းလျား စသည်ဖြင့် တိုးတက်ဖြစ်ထွန်းလာပါသဖြင့် ဤမင်းကွန်းရွာကလေးကား

http://www.dhammadownload.com





မင်းကွန်းတိုက်နယ်ဆေးရုံနှင့် ဆင်းရဲသူလူအိုလူမင်းများအား တစ်နှစ်လျှင် (၄)ကြိမ်ကျ
ဆရာတော်ကြီးသည် ဆေးဝါးမျိုးစုံနှင့် အသုံးအဆောင်များ၊ ဆန်များလှူဒါန်းတော်မူစဉ်

http://www.dhammadownload.com

ဦးဖိုးမို ဒေါ်ရွှေညွှန့်တို့အား ဆရာတော် အမိန့်ရှိသကဲ့သို့ "ခုံဖိနပ်ခုတ်ပြီး အသက်မွေးဝမ်းကျောင်းနေရတဲ့ ရွာကလေး"မျှဖြစ်၍ ဆရာတော်ကြီးကသာ ဤကျေးရွာများအတွက် ပညာရေး လူမှုရေးမှအစ မဆောင်ရွက်ခဲ့ပါလျှင် ဤမျှ တိုးတက်စည်ကားလာဖို့မှာ လွယ်ကူမည်မဟုတ်ပေ။

၁၃၃၃-ခုနှစ်ကုန်လုတွင် မိုးကုတ်မြို့မှ ကွယ်လွန်သူ ကျောင်းအမကြီး ဒေါ်မျှင်၏ မူလစေတနာအရ မိုးကုတ်မြို့မှ ကျောင်းဒကာကြီး ဦးဘရှင်နှင့် သားသမီးတစုတို့က ဆရာတော်ကြီးထံ ရောက်လာကြပြီး၊ ဓမ္မနာဒကျောင်းတိုက်အတွင်း သိန်းကျော်တန် ဓမ္မာရုံ တဆောင် ဆောက်လုပ်လှူဒါန်းလိုကြောင်း လျှောက်ကြ၏။ ဆရာတော်က ဤကျောင်းတိုက် အတွင်းမှာ ပင်လုံဓမ္မာရုံ ဗန္ဓုလဓမ္မာရုံ-ဟု ဓမ္မာရုံ နှစ်လုံးရှိနေပြီဖြစ်၍ မလိုတော့ကြောင်း၊ အခြား အဆောက်အဦးလည်း ဓမ္မနာဒမှာ မလိုကော့ကြောင်း ရှင်းပြပြီး မင်းကွန်းတောင်ရိုးချောင်အသီးသီးမှာ သီတင်းသုံးကြသည့် ရဟန်း၊ သာမဏေ, သီလရှင်, ယောဂီများနှင့် နယ်သူနယ်သားအားလုံး အကျိုးများမည့် တိုက်နယ် ဆေးရုံတရုံ ဆောက်လုပ်လှူဒါန်းလျှင် အများလည်း အကျိုးရှိ, မိမိလည်း ထာဝရကုသိုလ်မျိုးဖြစ်၍ အမြဲတန်းအကျိုးများမည့်အကြောင်း အကျယ်တဝင့် နားလည်အောင် ရှင်းပြသည်။

ဦးဘရှင် မိသားစုမှာ ဝမ်းမြောက် ဝမ်းသာဖြစ်ပြီး ဆေးရုံ ဆောက်နိုင်ရန် ကျပ်ငွေတသိန်းကို အစိုးရဘဏ်အပ်ပြီး လိုအပ်သမျှ ဆက်လက် လှူဒါန်းပါမည်ဟု လျှောက်ထားသည်။ ဆရာတော်သည် ဆိုင်ရာ တပည့် ဒကာများနှင့် တိုင်ပင်ကာ တိုက်နယ်ဆေးရုံ အဆောက်အဦကို အမြန်ဆုံး ဆောက်လုပ်စေပါသည်။ ဆေးရုံသာမက ဆရာဝန်နှင့် ဝန်ထမ်းများနေအိမ်၊ ရေကန် စသည်တို့ကိုပါ ပြည့်စုံအောင် ဆောင်ရွက်ပေးသည်။ ဘောဘက်မှ လူနာစောင့်သူတို့၏ နေရေးထိုင်ရေး အခက်အခဲကိုသိ၍ လူနာစောင့်များ တည်းခိုဖို့ရာ ရေပံကိုလည်း ဆောက်လုပ် လှူဒါန်းစေခြင်းဖြင့် ထောင့်စေ့, အကွက်စေ့အောင် ဆောင်ရွက်ပေးပါသည်။ ဦးဘရှင် မိသားစုက တိုက်နယ်ဆေးရုံ လှူဒါန်းပွဲနှင့် အစိုးရသို့ အပ်သည့်ပွဲကြီးကို (၇)ရက်တိုင်တိုင် အလှူကြီးပေး၍ ကြီးကျယ်စွာ ပြုလုပ်ပါသည်။

မင်းကွန်း တိုက်နယ်ဆေးရုံကား တောလက်ဆေးရုံ ဖြစ်သည်။ ဆေးရုံသာ ဖွင့်ပေးပြီး ဆက်လက်မစောင့်ရှောက်လျှင် ဆေးဝါးပစ္စည်း ရှိမည်မဟုတ်ပါ။ လူနာများလည်း တောင်သူလယ်သမား၊ အလုပ်သမား ဆင်းရဲသားများဖြစ်၍ ဆေးဝါး မဝယ်နိုင်ကြပါ။ ထိုအကြောင်းကို ဆရာတော်က ကြိုတင်မြင်ထားပြီး ဖြစ်ပါသည်။ ဆေးရုံအတွက် ရန်ပုံငွေရှာပြီး ဘဏ်မှာ အပ်ကာ အတိုးအညွှန့်ဖြင့် ဆေးဝါးပစ္စည်းများ ဝယ်ယူ၍ တနှစ်လျှင် လေးကြိမ် ဆေးလှူပွဲပြုလုပ်ပါသည်။ ဆေးလှူပွဲတွင် ထောရ်ကြီးဝါကြီး သံဃာ(၁၀)ပါး ပင့်၍ လှူဖွယ်ဝတ္ထုများကိုပါ လှူဒါန်းပါသည်။ လူ, ရှင် များအား ကျွေးမွေးသည့်ခံသည့်အပြင် ဆင်းရဲသော အိမ်ထောင်စုများ စာရင်းကို ဆိုင်ရာ ကောင်စီလူကြီးများကို ကောက်ခံစေပြီး ဆန်, ဆပ်ပြာ စသော လူသုံးပစ္စည်းများကိုပါ လှူပါသည်။ သက်ကြီးရွယ်အို အဘိုး, အဘွားတို့အားလည်း အထူးဖိတ်၍ ဆန်၊ အဝတ်အထည်၊ ဆေးဝါးများကို သီးခြားပေးလှူလေ့ရှိပါသည်။ ထိုအလှူပြုရာ၌ တရိုတသေ စေ့စေ့စပ်စပ် ကိုယ်တိုင်ပြုသည်ကို မြင်ရဖူး၍ ကြည်နူးအားကျခွင့် ရခဲ့ပါသည်။

http://www.dhammadownload.com



အရိယာမဂ္ဂင်ဆရာတော်ကြီး၊ တိပိဋကဓရဆရာတော်ကြီးနှင့် တိ=နိကာယကဆရာတော်ကြီးများပုံ။



ဒေါ်ခမ္မစာရီ အထိမ်းအမှတ်အုတ်တိုက်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ အဂွမဟာပဏ္ဍိတဘွဲ့တံဆိပ်ရ ဆရာတော်ဘုရားကြီး၏ သတ္တမဆယ်နှစ် တိပိဋက=နိကာယ ကျောင်းတိုက်ကြီးနှင့် တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်တော်မူခြင်း ပြစ်တော်စဉ် (၁၃၃၃-ခုမှ ၁၃၄၃-ခုအထိ)

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး သက်တော်(၆၀)ပြည့်ချိန် ၁၃၃၃-ခုအတွင်း ဝါခေါင်လပြည့်ကျော် ၆-ရက်၊ ည ၁၁ နာရီ ၁၅ မိနစ် အချိန်တွင် ဓမ္မနာဒ သာသနာ့မိခင်ကြီး၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ကျေးဇူးရှင် ဆရာကြီး ဒေါ်ဓမ္မစာရီသည် မင်းကွန်းတောင်ရိုး အိမ်ကြီးချောင်မှာပင် ဘဝနတ်ထံ ပြောင်းစံတော်မူခဲ့သည်။ ကွယ်လွန်တော်မူချိန်တွင် ဆရာကြီး ဒေါ်ဓမ္မစာရီ၏ အသက်မှာ(၉၃)နှစ် ရှိလေပြီ။

ဆရာကြီး ဒေါ်ဓမ္မစာရီ၏ ရုပ်ကလာပ်တော်ကို ဓမ္မသာရချောင်၏ အနောက်မြောက်ဘက်တောင်ပေါ်ကြီး ခေါ် ဦးပုကြီးတောင်၏ အရှေ့ဘက်တောင်ကုန်းပေါ်ရှိ မန်ကျည်းပင်တန်း အနောက်ဖျားတွင် မီးသင်္ဂြိုဟ် ပူဇော်ခဲ့ပါသည်။ ဆရာကြီး ဒေါ်ဓမ္မစာရီ၏ အရိုးတော်ဓာတ်ကို ညီမဖြစ်သူ ဘွားလေး (ဒေါ်ဣန္ဒစာဂီ)က စက်တော်ရာမှာပင် ဌာပနာ၍ အရိုးအိုး စေတီ တည်လိုကြောင်း ဆန္ဒရှိပြန်သောအခါ ဆရာတော်သည် ဘွားလေး စိတ်ကျေနပ်စေရန် ဆောင်ရွက်ဖွယ်တို့ကို ဆောင်ရွက်စေပြီး၊ အရိုးတော်ကိုမူ ဧရာဝတီမြစ်အတွင်း မျှောစေခဲ့ပါသည်။

ရန်ကုန် နိကာယ စာမေးပွဲ

မင်းကွန်း တိပိဋကဓရ ဆရာတော်၏ အကြံပေး လျှောက်ထားချက်အရ အဘိဓဇ မစိုးရိမ် ဆရာတော် ဘုရားကြီး၏ ဦးစီးမှုဖြင့် မန္တလေး နိကာယ စာမေးပွဲ အသားကျသောအခါ ရန်ကုန်မှ တပည့် ဒါယကာ လူပျံတော် ပတ္တမြား ဦးမောင်မောင်-ဒေါ်ဒေါ်ညိမ်းတို့က ရန်ကုန်ကြွပါရန် ပင့်လျှောက် လေရာ ၁၃၃၄-ခု နတ်တော်လဆန်း ၄ ရက်နေ့တွင် အဘိဓဇမစိုးရိမ် ဆရာတော်ကြီးသည် ရန်ကုန်မြို့သို့ သင်္ဘောဖြင့် ကြွတော်မူပါသည်။ ထိုအခါ ဆရာတော်ကြီး၏ သက်တော်မှာ (၉၀) ရှိနေပြီဖြစ်၍ စိတ်အား မကျသော်လည်း ခန္ဓာကိုယ် ရုပ်အား ကျနေပါပြီ။ တခြားယာဉ်ဖြင့်ပင့်လျှင် မဖြစ်လောက်၍ သင်္ဘောကြီးဖြင့်သာ ရန်ကုန် ရောက်အောင် တဖြည်းဖြည်း ပင့်ယူရပါသည်။ လမ်းခရီးတလျှောက် ရောက်ရာ မြို့များမှ ဆရာဝန်များက ဆိပ်ကမ်းသို့ ဆင်း၍ မန္တလေးမြို့ ဆေးရုံကြီးမှ ဆရာဝန်ကြီး ဦးထွန်းသင် ကြိုတင် အကြောင်းကြားထားသဖြင့် ဆေးစစ်ပေးကြပါသည်။

http://www.dhammadownload.com

ရန်ကုန်ရောက်ပြီးနောက် လူပျံတော်ပတ္တမြား ဦးမောင်မောင်တို့၏ စံကျောင်း၌ သီတင်းသုံးနေရာမှ ၁၃၃၅-ခုတွင် ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲကို ဦးမောင်မောင်က အလွန်အကုန်အကျခံကာ ကျင်းပပြုလုပ်၏။ ထိုအခါ ဆရာတော်ကြီးက မွေးနေ့ပူဇော်ပွဲ လုပ်မည့်အစား နိကာယ်စာမေးပွဲ လုပ်ကွာ-ဟု တိုက်တွန်းလေ၏။ ဦးမောင်မောင် ကလည်း လုပ်ပါမည်ဟု ဝန်ခံရာ စမ်းချောင်းရပ် တပည့် ဒကာ ဦးဉာဏ်အား ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်စေ၍ နိကာယ သာသနာထွန်းကားရေး အသင်းကြီးကို ၁၃၃၅-ခု၊ နတ်တော်လပြည့်ကျော် ၁၀ ရက်နေ့တွင် ဖွဲ့စည်းစေပါသည်။ ထိုအသင်းကြီးက တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့တွင် နိကာယ စာမေးပွဲကြီး နှစ်စဉ်ကျင်းပပါသည်။

ဦးမောင်မောင် မိသားစုအား နိကာယ စာသင်သားတို့ကို လက်ခံထားဖို့ ပဋ္ဌနိကာယ သာသနာ့ဗိမာန်ကြီးကို ရန်ကင်းမြို့နယ်တွင် ဆောက်လုပ်စေပါသည်။ ထိုကျောင်းတိုက်ကြီး၌ ယခုအခါပြည် တိပိဋကဓရ ဆရာတော် အုပ်ချုပ်လျက် နိကာယ စာသင်သားတို့ သီတင်းသုံးလျက်ရှိပါသည်။

ဝိဒေဟရာဇ်မင်း၏ အကြံအစည် အလုပ်အကိုင်များကို မဟောသဓသုခမိန်က အကောင်အထည် ဖော်ပေးသလို မိမိ၏ လုပ်ငန်းလက်စများကိုလည်း အကောင်အထည်ပေါ်အောင် ဖော်ပေးဖို့ မင်းကွန်း တိပိဋကဓရဆရာတော်အား အဘိဓဇ မဟိုရိမ်ဆရာတော်ဘုရားကြီးက အမိန့်ပေးပါသည်။ တိပိဋကဓရ ဆရာတော်ကလည်း ဆရာတော်ကြီး၏ မိန့်တော်ချက်ကို ဦးထိပ်ပန်ဆင်လျက်ရှိပါသည်။

ပဲခူး နိကာယ စာမေးပွဲ

၁၃၃၆-ခုနှစ် ပဲခူးမြို့မဆရာတော်က မဟိုရိမ်ဆရာတော်ကြီးအား ပဲခူးကြွရောက်၍ အပူဇော်ခံရန် ပင့်သည်။ "အသက် ၉၀ ကျော်မှ အပူဇော်ခံလိုက်လို့ အစုံတရာဖြစ်လျှင် ကဲ့ရဲ့ဖွယ်ဖြစ်လိမ့်မယ်၊ အပူဇော်ခံတော့ မလိုက်လို၊ ပဲခူးမြို့ကြီးမှာ နိကာယစာမေးပွဲ ဖြစ်အောင်လုပ်မယ်ဆိုလျှင်တော့ လမ်းမှာပဲ သေချင်သေပါစေ၊ သာသနာ့အတွက်မို့ လိုက်ပါ့မယ်" ဟု အမိန့်ရှိသည်။ မြို့မဆရာတော်က "နိကာယစာမေးပွဲ ဖြစ်အောင်လုပ်ပါမယ်" ဟု တာဝန်ခံပင့်ရာ ပဲခူးသို့လိုက်၍ နိကာယဝေဗုလ္လ အမည်ဖြင့် သာသနာပြုအသင်းကြီး ဖွဲ့စည်းစေခဲ့သည်။ ထိုအသင်းကြီးကလည်း တပေါင်းလတွင် နိကာယ စာမေးပွဲ ကျင်းပသည်။

အဘိဓဇ မဟိုရိမ် ဆရာတော်ကြီး ပျံလွန်တော်မူခြင်း

ကျေးဇူးရှင် အဘိဓဇမဟာရဋ္ဌဂုရု မဟိုရိမ်ဆရာတော်ဘုရားကြီးသည် အသားကျ၍ အရှိန်ရပြီဖြစ်သည့် နိကာယုဒ္ဓောတက သမိတိ=နိကာယ် သာသနာထွန်းကားရေး အသင်းကြီးကို တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဖြစ်သည့် တပည့်ကြီး အရှင်ဝိစိတ္တ ဉာဏာဘိဝံသ အမှူးရှိသော တပည့်များအား ယုံကြည်အားရ စိတ်ချတော်မူပြီးလျှင် နတ်နန်းခွင် ဝယ် နိကာယ်သာသနာပြု သဘင်ကြီး ဆင်ယင်ကျင်းပထောက်မလိုဟန် ၁၃၃၇ ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်နေ့တွင် ရန်ကုန်မြို့၊ ဦးမောင်မောင်၏ ပတ္တမြား စံကျောင်းတော်၌ပင် ဘဝနတ်ထံ ကြွမြန်းတော်မူသည်ဖြစ်ရကား ကြွင်းကျန်သော ဥတုဇရုပ်ကလာပ်တော်ကို ရန်ကုန်မြို့ရှိ တပည့်များက ရွှေတိဂုံ ဘုရားကြီး ခြေတော်ရင်း အာဇာနည်လမ်းပွဲတော်ကုန်း အင်္ဂါဆောင်၌ ခမ်းနားတင့်တယ်သိုက်မြိုက်စည်ကားစွာ သာခုကီဠန ဈာပနသဘင် ဆင်ယင် ကျင်းပ ပူဇော်ကြပါသည်။

တန်ဆောင်မုန်းလပြည့်နေ့၌ အလောင်းတော်ကို မန္တလေးမြို့ မဟိုရိမ်တိုက်ကြီးသို့ လေယာဉ်ဖြင့် ပင့်ဆောင်ကြပြီးလျှင် နတ်တော်လပြည့်နေ့ အထိ အန္တိမအဂ္ဂိဈာပနသဘင်ကို ကြီးကျယ်ခမ်းနား

http://www.dhammadownload.com

ဆရာတော်သည် ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနတွင် ခမ္မပူဇာဂုဏ်ကိုတွန ဂါထာတို့ဖြင့် ပူဇော်ရသည်တို့ကို ဤမျှဖြင့် အားရကျေးနပ်တော် မမူနိုင်ပါပဲ သာသနာ့မိခင် ဖခင်များ ဖြစ်ကြသည့် ကျောင်းအမကြီး ဒေါ်ဒေါ်ဆင်၊ ဘုရားအမကြီး ဒေါ်ဒေါ်သန်း၊ ကျောင်းဒါယကာကြီး ဦးဘိုးမှီ၊ ဒေါ်ရွှေညွှန့်၊ ဘုရားအမကြီး ဒေါ်သိမ်းယု မိသားစုတို့နှင့် တိုင်ပင်ကြပြီးလျှင် ပင့်သံဃာတော် (၂၅၀) ပါးတို့အား သင်္ကန်းဒွိစုံ(၂၅၀)၊ ထီး(၂၅၀)လက်၊ ဖိနပ်(၂၅၀)စုံ၊ မျက်နှာသုတ် ပဝါကြီး(၂၅၀)ထည် စသည်တို့ပါ ကျေးဇူးရှင် ဆရာတော် ဘုရားကြီး၏ သီလ အစ ရှိသော ဂုဏ်တော်တို့ကို ရည်မှန်း၍ လှူဒါန်းပူဇော်ကြပါသည်။

အလှူမခံရဲသော ဆရာတော်

မင်းကွန်း တိပိဋကဓရ ဆရာတော်သည် မိုးမိတ်ကုန်းမြေကို သာသနိက အဆောက်အအုံများဖြင့် စည်ကားအောင် ဆောင်ရွက်တော်မူခဲ့သော်လည်း အလှူခံမူကား မပြုခဲ့ပေ။ အလှူခံစရာရှိလျှင် ထိုစဉ်က ဘဏ္ဍာတော်ထိန်းဖြစ်သူ ဆရာဝန်ကြီး ဦးသာလှကသာ နှိုးဆော်တိုက်တွန်းပြီး အလှူခံရ၏။ ဆရာဝန်ကြီး ဦးသာလှမှာလည်း မန္တလေး ဇာတိမဟုတ်ပဲ တာဝန်အရ ပြောင်းရွှေ့လာရသူဖြစ်ရကား မန္တလေးမြို့မှာ အလှူခံရာ၌ မိမိ၏ ဆေးခန်းကိုသာ အလှူခံဌာနသဖွယ် ဆေးကုလာသူများအား ဆေးဖိုးဝါးခထက် မိုးမိတ်ကုန်းမြေအတွက် လှူဒါန်းကြပါဟု တိုက်တွန်းဆော်သြပြီး အလှူခံခဲ့ရ၏။ ဆရာဝန်ကြီး ဦးသာလှ အလှူခံရလာလျှင် ဆရာတော်ကြီးက ရေစက်ချ တရားကိုမူကား ကောင်းကောင်း ဟောတော်မူ၏။ ဆရာတော်သည် ကိုယ်တော်တိုင်မူကား အလှူမခံရဲပေ။

ဗွာ ကျင်းပ ပူဇော်ရာတွင် မင်းကွန်း တိပိဋကဓရ ဆရာတော်သည် ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက မင်းကွန်းတောင်ရိုး၌ မစိုးရိမ် ဆရာတော်ဘုရားကြီး ပဋ္ဌာန်းစာသင်သားဟောင်း ဖြစ်နေသည့်အချိန်မှာပင် လျှင် ကျေးဇူးရှင် မစိုးရိမ်ဆရာတော်ဘုရားကြီး၏ ဂုဏ်တော်တို့ကို ရည်မှန်းတော်မူကာ ဒေါင်းရွေနေတဆူ တေးထပ်ဖြင့် ပူဇော်ခဲ့ရာ၊ ယခု ပုံလွှန်တော်မူချိန်မှာလည်း ဂုဏ်ကိတ္တန သံဝေနိယ ဂါထာ (၅)ပုဒ်–ပါဠိအနက်နှင့် ဒေါင်းရွေ နေတဆူ ဂုဏ်ပြုတေးထပ်တပုဒ်ကိုပါ ရေးစပ်သီကုံး ပူဇော်ပါသည်။

မင်းဂီရိန် သောင်း ကေတုဆီက၊
သြောင်း ဟေတု ဟေတူ။
ဒေါင်းရွေ့ နေတစ်ဆူငယ်၊
ဇေယျတူ သံရုင့်။ ။
ကျောင်းဆောင်မြင့် ဝေဃယန်ဝယ်၊
နေရဟန် လမ်းဖြောင့်ကိုဖွင့်။
ပစ္စည်းနှင့် ပစ္စယပွန်၊
နှစ်–ရုပ်နာမ် ဒွန်ပွင့်။
ဖြစ်ချုပ်ဟန် ညွှန်သဖြင့်သာပ၊
ခုနစ်ဆင့် ဗောဇ္ဈင်။
စက်ဘုန်းရောင် သာရွှင်မြူးသော်ကြောင့်၊
ကြာခင်ဘူး ပွင့်မည့်ပြင်ဆင်။ ။
မစိုးရိမ် ဘုန်းတောက်သခင်ကို၊
ဆုံးနောက်ခွင် ပူဇော်သဘင့်တွင်မှ၊
သူတော်စင် နည်းထောက်စံမှီ၊
ချီးလျှောက်ပြန်ချီ။ ။
ကျေးဇူးမြတ် ဂုဏ်စိုင်မဟီငယ်၊
ကုန်ခိုင်မည် ထင်ဘူးဘုရားလေး။ ။

ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းစာသင်သားဟောင်း တိပိဋကဓရ ဝိစိတ္တသာရာဘိဝံသ ထေရ် ရေးဖွဲ့ပူဇော်သည်။

၁၃၃၇–ခု၊ နတ်တော်လဆန်း ၁၃–ရက်နေ့

http://www.dhammadownload.com



မိုးမိတ် စေတီတော်၊ စက်တော်ရာ ပြဿဒ်၊
တံခွန်တိုင်၊ နာရီစင်၊ အာရုံခံ အုတ်တိုက်နှင့် အရံစေတီတော်။



မိုးမိတ် စေတီ
စောင့်ရှောက်ရေးအဖွဲ့.
ဒုတိယမြောက်
ဥက္ကဋ္ဌ ဦးစံရွှေ။



မိုးမိတ် စေတီ
စောင့်ရှောက်ရေးအဖွဲ့.
တတိယမြောက် ဥက္ကဋ္ဌ
ဦးမိုး (ရတနာ)

http://www.dhammadownload.com

သို့ပါ၍ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများတွင် "အလှူခံဌာန" ဟု မရှိ၊ သဒ္ဓါတရား ထက်သန်သောကြောင့် လူလိုသည့်အခါ လူဒါန်းနိုင်ပါရန် ဖွင့်လှစ်ထားရှိသော "လူရန်ဌာန"သာ ရှိပေသည်။ မင်းကွန်း တိပိဋကဓရဆရာတော်ကြီးသည် မိမိ၏ မိခင်ရင်းအပေါ် မှာလည်း မိခင်မယ်တော်ကြီး ကွယ်လွန်သွားသည့်တိုင် အလှူမခံခဲ့ဘူးပေ၊ ပေးကမ်း စရာရှိသမျှ မိမိကသာ ပေးကမ်းခဲ့၏။ တဖန် ရဟန်းဒကာကြီး ဆာဦးသွင်နှင့် ဆိုပြန်တော့လည်း ရဟန်းဒကာကြီးက ပထမကျော်အောင်စဉ်ကစပြီး တလ ၁၀/- ထောက်ပံ့လှူဒါန်း၏။ ထိုငွေကို တလ အတွင်း သုံးစွဲရပြီး၊ ပိုနေလျှင် ပြန်အပ်ရ၏။ ပြီးမှ နောက်တလအတွက် ၁၀/-ထောက်ပံ့၏။ ရဟန်း ဒကာကြီးမှာ အလွန်စည်းကမ်းစနစ်ကြီးသဖြင့် အပိုကုန်စေ ခြင်းနည်းဖြင့် သုံးစွဲမှုကို နဂိုကပင် မကြိုက်ခဲ့သူပီပီ မင်းကွန်းတိပိဋကဓရ ဆရာတော် သည်လည်း အပိုသုံးစွဲမှုဟု ဘာမှမရှိခဲ့ပေ။ တိပိဋကဓရ ဖြစ်တော်မူမှ ကျောင်းသံဃာ အပါး ၆၀ ရှိ၍၊ရဟန်းဒကာကြီးက တလလျှင် ငွေ ၆၀/- ထောက်ပံ့၏။ ထို့ပြင် ပထမကျော် ဘဝက စည့်သည်လာလျှင် ပဲကြမ်းနဲ့ ရေနွေးကြမ်း စည်ခံရာမှ၊ ရဟန်းဒကာကြီးက တိပိဋကဓရ ကိုယ်တော်ထံ လာ၍ ပဲကြမ်းနဲ့ ရေနွေးကြမ်းဆိုလျှင် မသင့်ပါဘူး- ဟုဆိုကာ ကော်ဖီ လက်ဘက်ရည် စသည်ဖြင့် ကျေခံနိုင်ရန် အစီအစဉ် လုပ်ပေး၏။ မင်းကွန်း တိပိဋကဓရ ဆရာတော်သည် ရဟန်းဒကာကြီးထံမှ လက်နှိပ်စက် တလုံးသာ အလှူခံခဲ့ဘူးပါသည်။ ဆရာတော်သည် အလှူမခံရဲသကဲ့သို့ မိမိ၏ တရားပွဲများမှာလည်း တရားပွဲ တာဝန်ခံပုဂ္ဂိုလ်များက အလှူခံကြမှာကို အလွန်စိုးရိမ်တော်မူပါသည်။ ထို့ကြောင့် တိရော ကုဋ္ဌသုတ္တန် တရားတော် (ဟောစဉ်၊ သတ္တမတွဲ၊ စာ-၄၄၉ တွင်)၌ ၁၃၂၈-ခုနှစ်ခန့်က မိုးမိတ်စေတီတော်များ စောင့်ရှောက်ရေး အဖွဲ့၏ တတိယမြောက် ဥက္ကဋ္ဌကြီး ဦးမိုးက မိုးမိတ်ကုန်းမြေတွင် ဧရပ်များ အလိုရှိ၍ တရားဟော အလှူခံခြင်းကို အကြောင်းပြုကာ ဆရာတော် ဟောကြားတော်မူခဲ့ပုံမှာ-

"ဘကြီးမိုးက ဘယ်လောက် တရားဟော ကောင်းသလဲဆိုတော့ မနေ့ကတုန်းက သူက ဟော တယ်။ ဒကာ ကိုဝါပေါတို့ ဆွမ်းအစ်မ မမြရှင်တို့ကို သူက ဘယ်နယ် ဟောလဲ။ ခင်ဗျားတို့ ဆွမ်းချည်းဘဲ ကျွေးနေလို့ရှိရင် ခင်ဗျား သားတွေ ဘဝမှာ စားရဲ့ သာ စားရမှာပေါ့၊ တကတည်း နေစရာ အိမ်ရှိရာအောင် ဧရပ်ဆောက်ဦးမှ၊ သူက ပါသေး။ သာကလည်း မိုးမိတ်အတွက် ဧရပ် လိုချင်နေတာ။

"ဒီတော့ ဘုန်းကြီးက တစ်ခါတလေတော့ လည်း တွေးတယ်။ သူတို့ မိုးမိတ်ကော်မတီပေါ့ လေ၊ ကိုယ့် ကော်မတီပါပဲ ကိုယ် ကြောက်နေရတယ်။ ဘယ်လို ကြောက်တုံးဆို၊ ဘုန်းကြီးက ဗောဓိရိပ်သာ တရားဟော သွားမလို့၊ အချိန်မကျသေးလို့ စောင့်နေတယ်။ လားလား၊ သူတို့က အသံချဲ့စက်က နေပြီးတော့ "မိုးမိတ်အတွက် ဘယ်လို လှူနိုင်ပါ တယ်၊ ဘာတယ်"နဲ့ အင်း-ဟောပြီ။

"ဘုန်းကြီးတော့ တစ်ခါတလေ တွေးတယ်။ ဟုတ်လား။ ခက်ပြီ။ ငါတရားဟောတုန်း၊ ပြီးတော့ သူတို့ အထဲက ပါသေးတယ်။ တိပိဋကဓရ ဆရာတော် ကြီးမှူးဦးစီး၍၊ ဟုတ်လား။ ပြုပြင်နေပါ တယ်-ဆိုတယ်။ ခက်ပလေ။ ကိုယ်ကလည်း ရိုင်းရိုင်းတော့ မပြောချင်ပါဘူး၊ ဟုတ်လား။ မပြော ချင်ပေမယ့်လို့ သဘာဝ ဖြစ်တာကို ပြောရအုံးမယ်။ ဟိုတနေ့တုန်းက ဘုန်းကြီးတို့ ဒီမိုးမိတ် အစည်းအဝေး မှာ အတွင်းရေးမှူး ဦးထွန်းအေးက ပြောတယ်၊ ကနေ့ဗျာတဲ့ ရန်ပုံငွေနည်းလို့ရှိရင် လွယ်ပါတယ်၊ ဘာလုပ်မလဲ ဆရာတော် တရားဟောတဲ့ ပွဲကျရင် ကျပ်တို့ ဝင်ပြီးတော့ အလှူခံမယ်ဗျာ-တဲ့။

http://www.dhammadownload.com

အဲဒါ တစ်ခုတော့ တောင်းပန်ပါရစေလို့။ ဆရာတော့်အတွက် ဘယ်လောက်ရအောင် ရန်ပုံငွေ ရှာပေးပါဆိုရင် ကိုယ့်ဖြစ်တဲ့ နည်းနဲ့ပေါ့လေ၊ ရှာပါရစေ။ ကိုယ့်တရားပွဲမှာတော့ လိုက်ပြီးတော့ ငွေဖလားကြီးနဲ့ ဟိုထိုး ဒီထိုးတော့ မခံကြပါနဲ့လို့။ ဒီလို ပြောရတယ်။ ဘာပြုလို့တုံး-တဲ့။

"အေး-ပြောရအုံးမယ်လို့။ ဘုန်းကြီးတို့ ရဟန်းငယ် ဘဝ၊ ရဟန်းဝါ သုံးဝါ လေးဝါလောက် အရမှာ အားလုံးလည်း ကြားလိုက်မှာပေါ့။ ရန်ကုန်မှာ အရှင်အာဒိစ္စဝံသရဲ့ ဘိက္ခုနီ သာသနာ့ အရေးတော်ပုံ ပေါ်တယ်။ အဲဒီ ဘိက္ခုနီသာသနာ့ အရေးတော်ပုံပေါ်တော့ အရှင် အာဒိစ္စဝံသကို ဝိုင်းပြီးတော့ ဒကာရော ဆရာရော ဆိုပါစို့။ သံဃာဘက် လူဘက်က နေပြီးတော့ ပကာသနီယက ပြုကြတယ်။

"အဲဒီ ပကာသနီယကံ ပြုတဲ့နေရာမှာ သတင်းစာဘက်က မြန်မာ့အလင်း ဦးစိန်ကြီးက ခေါင်းဆောင်လို့၊ ဟုတ်လား။ ဟို-လူတွေဘက်က ဦးဖိုးဘအောင်ဇေယျတုတို့ပေါ့ နော်။ ပြီးတော့ ဆရာဝတို့၊ အင်း-ပြီးတော့ ဆရာလင်းတို့၊ ဟို-တက္ကသိုလ် ဆရာရိတ်ကြီးတို့၊ အဲဒီလို ပုဂ္ဂိုလ်တွေအပြင် သံဃာဘက်ကလည်းပဲ သာယာဝတီ ဆရာတော် ဦးဥေယျ-တဲ့။ အင်း-ပြီးတော့ အခု အလယ်တောရ ဆရာတော်ဘုရားကြီး ဖြစ်ပါပြီ၊ အခုတော့။ ဟိုတုန်းကတော့ အသံချဲ့စက်ကြီးတွေ၊ ဘာတွေက မရှိတော့ အသံကောင်းကောင်းနဲ့ ကျယ်အောင် အော်နိုင်တဲ့ ဆရာတော်ကလည်း ဒီလို ကိစ္စ တစ်ခုမှာ လိုအပ်တယ်။

"ဒီတော့ အလယ်တောရ ဆရာတော် ဘုရားက အသံ သြဇာ အင်မတန် ပြည့်တယ်။ အဲဒီတော ဓမ္မဃောသက ဆရာတော် ဦးရေဝတလို့ တွင်တယ်။ အဲဒီ ဓမ္မဃောသက ဆရာတော် ဦးရေဝတက သံဃာဘက်က ဆိုရင် ကိစ္စအဝဝ အတွင်းရေးမှူး ဆိုပြီးတော့ ဦးအာဒိစ္စဝံသကို သူတို့ ဝိုင်းပြီးတော့ ပကာသနီယကံ ပြုကြတာပ။ ရှင်ဘက်-လူဘက်။

"အဲဒီလို ပြုတဲ့အခါကျတော့ ဦးအာဒိစ္စဝံသက ဒီ ဒကာရော ရှင်ရော အားလုံးကို ပြန်ပြီးတော့ ဆဲလိုက်တဲ့ တေးထပ်တစ်ပုဒ် ရေးထားတယ်။ အဲဒီ တေးထပ်က နားနဲ့ မနာ ဖဝါးနဲ့ နာပါလို့ ဒီလိုပဲ ပြောလိုပါတယ်-လို့ ဘကြီးမိုး (ဦးမိုး) အမှူးပြုတဲ့ မိုးမိတ် ကော်မတီကိုတော့ ဘုန်းကြီးက ပြောပါတယ်။ နားနဲ့တော့ မနာနဲ့၊ ဖဝါးနဲ့နာ ဆိုသလိုပါပဲ-လို့။ ဦးအာဒိစ္စဝံသဟာ ဆဲစရာရှိလို့ရှိရင်လည်းပဲ နစ်နစ်ကာကာကြီး ဆဲတတ်တယ်လို့ အင်မတန် ကြောက်စရာကောင်းတယ်။ သူ့ကို ပြိုင်ပြီးတော့ ပြောဖို့ရန် စကားနိုင်အောင် ပြောဖို့ မလွယ်တဲ့ ဆရာတော် တစ်ပါးပါပဲ-လို့ ဘုန်းကြီးက ပြောပါတယ်။

"သူ့တေးထဲမှာ ဆရာတော် ဦးဥေယျကို 'ခွက်ထိုးခံ စဏ္ဍာလ၊ ဥေယျနှင့် ပေါင်းစပ်ကြသော်'တဲ့။

"အဲဒါကြောင့် ဘကြီးမိုးတို့ သူတို့ ကော်မတီကို ပြောရတယ်၊ ကိုယ့်တရားပွဲထဲတော့ အဲဒီလို ခွက်ထိုးခံ စဏ္ဍာလ ဖြစ်အောင်တော့ မလုပ်ကြပါနဲ့၊ ဟုတ်လား။ တာဝန် ပေးလို့ရှိရင်လည်း ဆရာတော်က ရန်ပုံငွေ ဘယ်လောက်ရအောင်ရှာဆိုရင် သီးသန့် ရှာပေးပါ့မယ်လို့ ပြောရတယ်။ (ဆရာတော် ပြုံးရယ်လျက် ပြောဟောသည်။) အင်း-သူတို့ကလည်း တပည့်တော်တို့ မလုပ်ပါဘူး ဘုရား-တဲ့။

"အေး-တကယ်တော့ အခု ပြောသလိုပဲ တာဝန် ပေးရင်လဲ ပေးသလို ရှာပါ့မယ်။ အင်း-ကိုယ့်တရားပွဲထဲမှာတော့ ခွက်ထိုးခံ လိုက်လိုက်ပြီးတော့ မခံကြပါနဲ့လို့ ပြောရတယ်။

"ဒီတော့ ဘကြီးမိုးတို့ မိုးမိတ် ကော်မတီတော့ ပရိယတ္တိ နာယကကြီးကလည်း ပြောတယ်။ အင်း-တစ်နေ့ကတုန်းက ခင်ဗျားတို့ ကော်မတီတော့

http://www.dhammadownload.com

ဗျာ-တဲ့၊ ကျုပ်တို့ ပရိယတ္တိ အသင်းလိုလည်း ဖြစ်နေမယ်-တဲ့။ ဘာတုံး-နာယကကြီးရယ်လို့ ဆိုတော့ ပရိယတ္တိ နာယကကြီး ဆရာဆိုင်က-အင်း-ကျုပ်တို့ အသင်းက တစ်အိမ်မှာ သွားပြီးတော့ အလှူခံတယ်ဗျ-တဲ့။ အလှူခံတော့ အဲဒီအိမ်က ဥပမာ ပေးလိုက်တယ်တဲ့။ ဘယ့်နှယ်လဲ။ ရှေးတုန်းကဗျာ၊ ဘုန်းကြီး တူမတစ်ယောက် ဘုန်းကြီးကို ပြုစုနေရတယ်တဲ့။ ဘုန်းကြီးကို ပြုစုနေရတော့ ဘုန်းကြီး ဆိုတာ ဘာမှ သိပ်မသိတတ်တာပ။ သူက ဘာနဲ့ ချက်ထားတာ ဘာမှ မသိဘူး။ သူလိုချင်တာ ဘာထောင်းလိုက်ဦးဟ၊ ချက်လိုက်ဦးဟ၊ တကတည်း ဒီလို အားမနာတမ်း ခိုင်းတော့ ဒီမှာ ရှိမှန်း မရှိမှန်း မသိဘဲ ဒီလိုခိုင်းတော့ ဘုန်းကြီး တူမက ညည်းတယ်။ အင်း-ဒီဘုန်းကြီးနဲ့သာ ကြာကြာနေရင် ငါ့ရှိတဲ့ မြေရယ်, လယ်ရယ်, နွားရယ်, အိမ်ရယ် ပြုတ်ရချေရဲ့-လို့ ဆိုသတဲ့။

အဲဒီလိုပဲ အလှူရှင်တွေက ပရိယတ္တိအသင်းကိုလည်း ခင်ဗျားတို့ အသင်းနဲ့ ကျုပ်တို့ ပေါင်းရလို့ရှိရင် ကြာရင် ကျုပ်တို့ဆိုင်တွေ ပြုတ်ရချေရဲ့၊ ခင်ဗျားတို့အသင်း အလှူခံရဲလို့လို့ ပြောတယ်။

အဲဒီလို ဒီဘုန်းကြီးတို့ ဘကြီးမိုးတို့ မိုးမိတ် အသင်းကိုလည်းပဲ၊ မိုးမိတ်ကော်မတီကိုလည်းပဲ ကြာတော့ မြို့သူ မြို့သားတွေက ပြောလိမ့်မယ်နော်။ ကြာကြာနေ ဒီအသင်းနဲ့ ပေါင်းလို့ရှိရင် တို့ ဆိုင်တွေ ပြုတ်ရချေရဲ့-လို့ ပြောကုန်လိမ့်မယ်တဲ့။ အဲဒီလို သတိပေးထားသေးတယ်။"

ဆရာ+ဒကာ ညီညွတ်စွာ

အထူးကု ဆရာဝန်ကြီး ဦးသာလှသည် မိုးမိတ် စေတီတော်ကြီး ကုန်းမြေ၌ သာသနိက အဆောက်အဦများ ဆောက်လုပ်တည်ထားရာတွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးကလည်း အလှူမခံရဲသည့်အတွက် ဆရာတော်ကြီးအား ဤ သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ရာ၌ (၁) ရသေ့ကြီး ဦးခန္တီ မန္တလေးတောင်တော်ကြီးကို ပြုပြင်သည့်နည်းတူ မိမိတို့ တတ်နိုင်သည့် ဝန်အားဖြင့် လုပ်ငန်းစ,ထားမည်။ အလှူရှင်ပေါ်လာက အသင့် ကမ္ပည်းထိုးပေးလိုက်မည်။(၂) ဆေးဝက်ပါ ဆရာတော်ကြီး၏ ဘုရားတည်နည်းအတိုင်း ငွေနည်းနည်းကို အလှူရှင်များများအား ထည့်ဝင်စေခြင်းဖြင့် အလှူငွေငွေလည်းပို၍ရလာမည်၊ တိုက်တွန်းနှိုးဆော်ရလည်း လွယ်ကူမည်ဖြစ်သည်။ ဥပမာ လူတယောက် ၁ သောင်း အလှူခံခြင်းထက်၊ လူတထောင်ကို ၁၀ ကျပ် အလှူခံရခြင်းက ပို၍ လွယ်ကူသည်ဟု ဆိုလို၏။ ထိုနည်းနှစ်နည်းဖြင့် မိုးမိတ် ကုန်းမြေကြီးကို သာသနိက အဆောက်အဦများဖြင့် ပြည့်စုံအောင် ဆရာ+ဒကာ ညီညွတ်စွာဖြင့် ဖန်တီးခဲ့ကြရပါသည်။

မလွန်ဆန်လှူအသင်း ညီမှုရာ ခန်းမ

ဆရာတော်ကြီးသည် မိမိအတွက် မိမိအဖွဲ့အစည်းဟု ဆိုအပ်သော မိုးမိတ်ကုန်းမြေအတွက် အလှူမခံပဲ နေတော်မူခဲ့သော်လည်း မိမိ၏ မိခင်အသင်းကြီးဖြစ်သော မလွန်ဆန်လှူ အသင်းကြီးမှာ ဆန်ထားရန်နေရာ၊ မိုးလုံလေလုံ တရားပွဲ ကျင်းပရန် နေရာလိုလာသောအခါ ခန်းမအလှူခံတရားကို အောက်ပါအတိုင်း နိဒါန်းချီ၍ ဟောတော်မူရပါသည်။ ဆရာတော်၏ တရား အစချီမှာ-

"ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့-

"ဤ မန္တလေးမြို့ မလွန်ဈေး ဆန်လှူအသင်းကြီးဟာ သာသနာတော်အတွက် မိခင်အသင်းကြီးနှင့် တူပါတယ်။ ပရိယတ္တိ သာသနဟိတ အသင်းကြီးဟာ သာသနာတော်အတွက် ဖခင်အသင်းနှင့် တူပါတယ်။ ဒါဟာ ဘုန်းကြီးစိတ်ထဲ၌ ထင်လာတဲ့

http://www.dhammadownload.com

ဥပမာအတိုင်း ပွင့်ပွင့်လင်းလင်း ပြောဆိုခြင်း ဖြစ်ပါတယ်။

ဖခင်အသင်းကြီးဖြစ်တဲ့ ပရိယတ္တိ သာသနဟိတ အသင်းကြီးမှာတော့ ဗိမာန်တွေ တခုပြီး တခု ပေါက်လိုက်တာ၊ ရွှေတောင်ကြီးများ ပေါက်သလိုပါပဲ။ မလွန်ရပ်မှာ သုံးထပ် သာသနာ့ဗိမာန်ကြီး ပေါက်တယ်။ နောက်တခါ ကျောက်သွေးတန်းမှာလဲပဲ ဓမ္မသာလာကြီး ဟီးအောင် ပေါက်လာပါတယ်။ ထိုသို့ ဗိမာန်တွေ ထပ်ကာထပ်ကာ ပေါက်လာသည့်အတွက် ဖခင်နှင့် တူသော ပရိယတ္တိ အသင်းကြီးအဖို့ ဝမ်းသာရပါတယ်။

သာသနာ့ မိခင်ကြီးဖြစ်တဲ့ တို့ "မလွန်ဆန်လူအသင်းကြီး"ကတော့ "ဘယ်တော့များ အဆောက်အဦ ကောင်းကောင်းနဲ့ တွေ့ရပါလိမ့်မည်လဲ"လို့ အောက်မေ့ တောင့်တမိပါတယ်။

မလွန်ဆန်လူ အသင်းကြီးနဲ့ ပရိယတ္တိ သာသနဟိတ အသင်းကြီးတို့ဟာ အသက်တမ်းချင်း မကွာလှပါဘူး။ မလွန်ဆန်လူ အသင်းကြီးဟာ ၁၂၅၇-ခုနှစ်က စတည်သလို၊ ပရိယတ္တိအသင်းကြီးလဲပဲ အဲဒီနှစ်လောက်ကပဲ စတည်တာ။ ပရိယတ္တိ အသင်းကြီးထက် မလွန်ဆန်လူ အသင်းကြီးက ဆွမ်းဆန်တော် စ၍ လူတာဟာ (၂) နှစ်လောက် ပိုပြီး အချိန်စောတယ်၊ ပရိယတ္တိအသင်းကြီးက ၁၂၆၀-ပြည့်နှစ်မှာ စာပြန်ပွဲကြီး စပြီး ကျင်းပခဲ့ပါတယ်။

ဖခင် အသင်းကြီးဖြစ်တဲ့ ပရိယတ္တိ အသင်းကြီးမှာ အဆောက်အဦတွေ ဗိမာန်တွေ မိုမိုမောက်မောက် ပေါက်သလို၊ မိခင်အသင်းကြီးဖြစ်တဲ့ မလွန်ဆန်လူအသင်းကြီးမှာလဲ ဗိမာန်ခန်းမဆောင်ကြီး ပေါက်စေချင်လိုက်တာ လွန်လို့ပဲ။ အဲဒီလို ပေါက်စေချင်တဲ့ ဆန္ဒအတိုင်း ယခုအခါ မလွန်ဆန်လူ အသင်းကြီးရဲ့ "ညီမူရာ ခန်းမဆောင်ကြီး" ဆောက်လုပ်ဖို့ရန် စတင်စိုင်းပြင်း ဆိုင်းဘုတ်ကြီးတင်တာကို မြင်ရတော့ ဘုန်းကြီး တောင့်တတဲ့ ဆန္ဒ ပြည့်ဝဖို့အချိန် နီးပြီလို့ အောက်မေ့ ဝမ်းသာရပါတယ်။

ယနေ့ ဥက္ကဋ္ဌ ဒကာကြီးကို မေးကြည့်တယ် "အခန်း ဒါယကာ ဘယ်လောက် ပေါ်ထွက်ပြီလဲလို့" မေးကြည့်တော့ "ခုနစ်ဆယ်ကျော်ပြီဘုရား" တဲ့။ "ဒကာကြီးတို့ အလှူမှက ဘယ်လိုချထားသလဲ" လို့ မေးတော့ "တပည့်တော်တို့ အလှူမှကတော့ အခန်းတခန်းလျှင် ၅၀၀၀, တကြိမ်တည်း ၅၀၀၀-လှူနိုင်လျှင်လှူ, တကြိမ်တည်း အပြီးမလှူနိုင်သေးလျှင် အလီလီခွဲ၍ တကြိမ်လျှင် ၅၀, ၅၀ လှူဒါန်းနိုင်ပါတယ် ဘုရား"တဲ့။

"ဒါဖြင့် အဆောက်အဦရဲ့ ရည်ရွယ်ချက်ကို ပြောစမ်းပါအုံး ဒကာကြီး" လို့ ဆိုတော့ အသင်းဥက္ကဋ္ဌ ဒကာကြီးက- "မလွန်ဆန်လူ အသင်းကြီးကို ရောက်လာတဲ့ အထက်, အောက်, မြို့ရွာ, သင်းထောက်, သင်းခွဲတွေကလဲပဲ ယခု ၃, ၄ နှစ်အတွင်းမှာ အထူးသဖြင့် တိုးတက်များပြားလာတော့ သင်းထောက်, သင်းခွဲ လူကြီးမင်းတွေ ဝမ်းပန်းတသာ လာရောက်၍ ရေစက်ချသဘင် ဆင်ယင်ကြပါတယ် ဘုရား။ ပြီးတော့ မိမိတို့ရဲ့ မြို့,ရွာမှာလဲပဲ အားကျမခံ ဆွမ်းဆန်တော်များ လူဒါန်းဖို့ နှိုးဆော်တိုက်တွန်းပြီး စိတ်ပါလက်ပါ ဝမ်းပန်းတသာ လာရောက်လူဒါန်းကြတဲ့ ဆွမ်းဆန်တော်များဟာ ဆန်ပြဿနာဖြစ်စ- နှစ်နှင့် နှိုင်းစာလျှင် အလွန်တိုးတက်လို့ ယခုနှစ်မှာဆိုလျှင် ယခင် လူနေကျ ရဟန်း(၄)တင်း၊ သာမဏေ (၃)တင်း၊ သီလရှင်, သူတော်စင် (၂) တင်း အစား၊ တစိတ်စီ (စိတ်ပေါင်း ၄၀၀၀ ကျော်၊ တင်းပေါင်း ၁၀၀၀ ကျော်) တိုး၍၊ ရဟန်း (၄) တင်း တစိတ်၊ သာမဏေ (၃) တင်း တစိတ်၊ သီလရှင်, သူတော်စင်

http://www.dhammadownload.com

(၂)တင်း တစိတ်စိ လှူဒါန်းဖို့ရန် တပည့်တော်တို့ ဆုံးဖြတ်ပြီးပါပြီး ဘုရား, လှူနိုင်ဖို့လဲပဲ ဆွမ်းဆန်တော်များ အထက်, အောက်၊ မြို့ရွာတွေက နေ့စဉ်မစဲ အသဲသဲ ရောက်နေကြပါတယ် ဘုရား။

နှစ်စဉ်မစဲ အသင်းကြီးသို့ ရောက်လာသော ဆွမ်းဆန်တော်များနဲ့ လက်ရှိ အသင်းတိုက်ဟာဆိုလျှင် ထားဖို့နေရာ ကြပ်ကြပ်တည်းတည်း အခက်အခဲတွေ ရှိရပါတယ်ဘုရား။ ဒါကြောင့်-

(၁) အထက်, အောက် အရပ်လေးမျက်နှာက ရောက်ရှိလာတဲ့ ဆွမ်းဆန်တော်များကို ယခုလို ပြွတ်သိပ် မဟုတ်ပဲနဲ့ ကြည်ညိုဘွယ်ရာ ပါသာဒိက ဖြစ်အောင်ထားနိုင်ဖို့လဲ ရည်ရွယ်ပါတယ် ဘုရား။

(၂) အထက်, အောက် မြို့ရွာတို့က ရောက်လာသော ဧည့်သည်တော် သင်းထောက်, သင်းခွဲလူကြီးများကို ဟိုမှာကားရ၊ ဒီမှာထားရ၊ အားနာလှပါတယ် ဘုရား။ ဒါကြောင့် မိမိတို့ အသင်းတိုက် အဆောက်အအုံကြီး တခုရှိလျှင် ဧည့်သည်တော်များကိုလဲ အပေါ်ထပ်မှာ ချမ်းချမ်းသာသာ ထားနိုင်ခွင့် ရအောင် ရည်ရွယ်ပါတယ်ဘုရား။

(၃) တ တိ ယ ရည်ရွယ်ချက်ကတော့ မလွန်ဆန့်လှ အသင်းကြီးရဲ့ ဆွမ်းဆန်တော် လှူဒါန်းတဲ့လဟာ တော်သလင်း ရွာတဲ့မိုးနဲ့ အင်မတန် တိုက်ဆိုင်တဲ့နေ့တွေက များတတ်လွန်းလို့ အကယ်၍များမိုးရွာခဲ့သော် ထို အသင်းတိုက်ကြီးရဲ့ (ထိုခန်းမဆောင်ကြီးရဲ့) အပေါ်ထပ်မှာ တရားပွဲ ကျင်းပပြုလုပ်နိုင်ဖို့ ရည်ရွယ်ပါတယ်။

မွန်မြတ်စွာသော ဤရည်ရွယ်ချက် သုံးခုဖြင့် တပည့်တော်တို့၏ အသင်းတိုက်ကြီး အသစ်ဆောက်လုပ်ဖို့ ယခု ဆိုင်းဘုတ်တင်ပြီးပါပြီ ဘုရားလို့၊ အသင်းဥက္ကဋ္ဌကြီးက ဝမ်းမြောက်ဝမ်းသာ လျှောက်လာပါတယ်။

ဘုန်းကြီး အနေနဲ့ အမှတ်ရတယ်။ တောင်နားက ပရိယတ္တိ အသင်းရဲ့ ဗိမာန်ကြီး ပန္နက်ချတော့ ဘုန်းကြီးက ပရိယတ္တိ အသင်းကြီးရဲ့ သားတော် ရဟန်းတစ်ပါးအနေနဲ့ တရားတပွဲ ဟောရတယ်။ အဲဒီ တရားဟောမဲ့နေ့မှာ ကျေးဇူးရှင် မစိုးရိမ် ဆရာတော်ဘုရားကြီးက "ဦးပဉ္စင်း-ယနေ့ ငါ့ကျောင်းမှာ ဆွမ်းစား" လို့ အမိန့်ရှိတယ်။

မစိုးရိမ်တိုက်ဟောင်း ဆရာတော်ဘုရားကြီးရဲ့ ကျောင်းကလေးမှာ ဆွမ်းစားကြ၊ တိုက်တွင်းမှာရှိတဲ့ နာယက ဆရာတော် ဘုရားတွေနဲ့ အတူတကွ ဆွမ်းစားကြတော့ အလွန်ခင်မင်သော ပရိယတ္တိနယူပဒေသကျောင်း ဆရာတော် (ယခု အသက်ထင်ရှားရှိနေဆဲဖြစ်တဲ့) ဆရာတော် ဦးစန္ဒာဘာသက "အောင်မာ-ဒီနေ့ည တရားပွဲဟာ ဦးဝိစိတ္တာ တရားပွဲလား" လို့ အမိန့်ရှိတော့ ဘုန်းကြီးက "ဟုတ်ပါတယ်ဘုရား" လို့ လျှောက်ပြီး ဆက်ပြီး လျှောက်ထားပါတယ်။ လျှောက်ထားပုံကတော့ "ဆရာတော် တရားတော့ ဟောရမှာပဲ၊ ဘယ်လိုတရားကို ဟောရလျှင် ကောင်းမည်လဲဘုရား" လို့ မေးတဲ့အခါကျတော့ ပရိယတ္တိ ဆရာတော်က ဘာပြောသလဲဆိုလျှင်-

"ကိုယ်တော်-ဘာပဲဟောဟော ကိုယ်တော် ဟောတဲ့ညမှာ အဲဒီ ဗိမာန်ကြီးအတွက် အခန်းလှူမည့် ဒကာတွေ များများပေါ်ရင် ကိုယ်တော့် တရား ကောင်းပြီ၊ ကိုယ်တော်ဟောတဲ့ညမှာ ဗိမာန်ကြီး အတွက် လှူဒါန်းမည့် အခန်းဒါယကာနည်းပါးလျှင်တော့ ကိုယ်တော် သစ္စာလေးပါးကို အာပေါက်အောင် ဟောသော်လည်း ကိုယ်တော့် တရား မကောင်းဘူး" တဲ့။

အဲဒီတော့ ဘုန်းကြီးက တရားနှာ ပရိယတ်တို့အား မေတ္တာရပ်ခံလိုတာကတော့ ပရိယတ္တိ အသင်းကြီးမှာ အဲဒီလို ဖြစ်သလို မလွန်ဆန်လှ

http://www.dhammadownload.com

အဖွဲ့က တာဝန်ယူ၍ မင်းကွန်းတောင်ရိုး မိုးမိတ် စေတီတော်များ ကုန်းမြေ၌ နေရာထိုင်ခင်း (နေထိုင်ခွင့်) ပေးလှူရန် (နှင့်) ထိုအရှင်မြတ်များအား တပည့်တော် လှူအပ်သော လစဉ် ဆွမ်းဆန်တော် ၃၁၀ (သုံးရာတစ်ဆယ့် တစ်ပျဉ်)ကို၊ မူလ "မ" တည်၍ လိုအပ်သေးပါက ဂေါပကအဖွဲ့မှ ဒကာ ဂေါ်အောင် ဆောင်ရွက်ပြီးလျှင် နေ့စဉ် (စာကျက်စာကြည့်နေသမျှ ကာလပတ်လုံး) သပွါယဘောဇဉ် ဆွမ်း၊ အဖျော်ယမကာ၊ ဆေး ပစ္စည်းများ လှူဒါန်း နိုင်ရန်အတွက် နိကာယ်ငါးရပ် ပိဋကတ်သာသနာတော်အား လှူဒါန်းပါသည်ဘုရား။

နိကာယ်ငါးဖြာ, သာသနာ, ရောင်ဝါ နေသို့ ထွန်းပါစေ။

(ပုံ) ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊ မင်းကွန်း။

ဆရာတော်သည် အထက်ဖော်ပြပါအတိုင်း တိပိဋကဓရ လစဉ်ဆွမ်းဆန်တော်ကို နိကာယ်ငါးရပ် ပိဋကတ် သုံးပုံတည်းဟူသော ပရိယတ္တိသာသနာတော်အား ကိုယ်တိုင်ပင် အလှူတော်စာတမ်းဖတ်၍ လှူဒါန်းတော်မူပါသည်။ ကြွရောက်တော်မူလာကြသော ဆရာတော် သံဃာတော်များ၊ သီလရှင် ဆရာကြီးများလည်း လှိုက်လှိုက်လဲလဲ ဝမ်းမြောက်နမော် သာဓုခေါ်ကြပါသည်။

တိပိဋကနိကာယ သာသနာပြုအဖွဲ့ကြီး ဖွဲ့စည်းတည်ထောင်ခြင်း

ဆရာတော်သည် ထိုသို့တိပိဋကဓရ ဆွမ်းဆန်တော် လစာကို ပရိယတ္တိ သာသနာတော်ကြီးအား ကိုယ်တော်တိုင် အလှူတော် စာတမ်း ဖတ်ကြား လှူဒါန်းပြီးသည့်နောက် ဆက်၍ပင် မင်းကွန်းတောင်ရိုး မိုးမိတ် စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေး ဂေါပကအဖွဲ့နှင့် တိုင်ပင်၍ တပို့တွဲလအတွင်းမှာပင် နာယကဆရာတော်ကြီး (၉)ပါးတို့ဖြင့် ဝဏ္ဏကျော်ထင် အထူးကုဆရာဝန်ကြီး ဦးသာလှကို နာယက တင်မြှောက်ကြ၍ တာဝန်ခံ ဂေါပကလူကြီး (၁၀) ယောက်တို့ဖြင့် တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီးနှင့် ရန်ကုန်အဖွဲ့ခွဲကို ၁၃၄၀ ပြည့်နှစ်၊ မြန်မာနှစ်ဆန်း ၁ ရက်နေ့တွင် ထပ်မံ၍ ဖွဲ့စည်းပြီးလျှင် ထိုနှစ် တပေါင်းလ အတွင်းမှာပင် မြန်မာနိုင်ငံတော်အတွင်းရှိ တိပိဋက စာသင်သား၊ နိကာယ် စာသင်သား အရှင်မြတ်များအား သတင်းစာများမှလည်းကောင်း၊ လက်ကမ်း ကြော်ငြာစာများဖြင့်လည်းကောင်း အောက်ပါပင့်လျှောက်လွှာဖြင့် ပင့်ဖိတ်တော်မူခဲ့ပါသည်။

နိကာယ်ငါးဖြာ သာသနာ ရောင်ဝါနေသို့ထွန်းပါစေ၊ နိကာယ်(၅)ရပ် ပိဋကတ်စာမေးပွဲဝင်လိုသူ အရှင်သူမြတ်များသို့

နိကာယ်စာမေးပွဲနှင့် တိပိဋကဓရစာမေးပွဲကိုဝင်ရောက်ပြန်ဆို ဖြေဆိုတော်မူလိုပါလျက် ဘောဇနသပ္ပါယကို မရနိုင်ခြင်း၊ နေရာထိုင်ခင်းအတွက် စာကျက်စာကြည့်ရန် အထူးသင့်လျော်သော ဝိဝေကအရပ်ကို မရရှိခြင်းတို့ကြောင့် မျှော်မှန်းချက် စာပေခရီး နှေးဖင့်နေကြသော သာသနာ့အာဇာနည်အလှာ အရှင်မြတ်များ ဘုရား။

အရှင်မြတ်တို့အဖို့ရာ ဘောဇနသပ္ပါယ မမျှတခြင်း၊ ဝိဝေကအရပ်ကို မရရှိခြင်း ဤအခက်အခဲနှစ်ရပ်တို့ကို လွန်မြောက်နိုင်ရန် တပည့်တော်သည် ယခု ၁၃၇၉ ခု တပို့တွဲလ (၁၉၇၈ ခု ဖေဖော်ဝါရီလ)မှစ၍ မိမိအား နိုင်ငံတော်အစိုးရ လစဉ် လှူဒါန်းထောက်ပံ့သော တိပိဋကဓရလစဉ် ဆွမ်းဆန်တော်ကို မင်းကွန်း တောင်ရိုး မင်းကွန်း မိုးမိတ်စေတီတော်များ ပြုပြင်စောင့်ရှောက်ရေးအဖွဲ့

http://www.dhammadownload.com

သို့ ကပ္ပိယကာရကအဖြစ် ဆောင်ရွက်ရန် အပ်နှင်း၍ အရှင်မြတ်တို့အဖို့ စိတ်အေးချမ်းသာစွာ စာကျက်စာကြည့်နိုင်ရန် နိကာယ်သာသနာတော်အား ပူဇော်လှူဒါန်းပြီး ဖြစ်ပါသည်။

မင်းကွန်းမိုးမိတ် ဂေါပကအဖွဲ့က တပည့်တော် လှူဒါန်းသော တိပိဋကရေ လစဉ်ဆွမ်းဆန်တော်ကို မူလ'မ'တည်၍ လိုအပ်ပါလျှင် လိုအပ်သလို ဒါယကာပေါ်အောင် ဆောင်ရွက်လျက် (က) အရှင်မြတ်တို့ ဆွမ်းမခံရပဲ စိတ်အေးချမ်းသာစွာ စာကျက်စာကြည့်နိုင်ရန်နှင့် (ခ) အရှင်ဘုရားတို့ ဆိတ်ငြိမ်သောနေရာကို ရရှိရေးအတွက် မင်းကွန်းတောင်ရိုးရှိ မိုးမိတ်စေတီတော်များ ကုန်းမြေ၌ချမ်းသာစွာ နေထိုင်နိုင်ရန် စီမံပေးရန် သဘောတူပြီးဖြစ်ပါသည်။

သို့ပါ၍ အလိုရှိသော အရှင်မြတ်များသည် မိုးမိတ် စေတီတော် ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဖော်ပြရာပါ ပုဂ္ဂိုလ်များထံ ကြွရောက် တိုင်ပင်ဆွေးနွေး စာရင်းပေးတော်မူကြပါရန် သာသနာရေးအတွက် အားတက်ဖွယ် သတင်းကောင်း အကြောင်းကြား သိစေပါသည် အရှင်မြတ်တို့ဘုရား။

ဦးဝိစိတ္တသာရာဘိဝံသ
(လက်မှတ်)
မင်းကွန်းတိပိဋကရေဆရာတော်။

သာသနာ့အာဏာနည်အလျာ အရှင်မြတ်များအား ပစ္စည်းလေးပါးဖြင့် ထောက်ပံ့မည့်အကြောင်း သတင်းစာမှ ကြော်ငြာသည်။ လက်ကမ်းကြော်ငြာတွင် ဆရာတော်ကိုယ်တိုင် လက်မှတ်ရေးထိုး၍လည်း ပင့်လျှောက်သည်။ ထိုပင့်စာများကို တိုင်းနှင့်ပြည်နယ်အနှံ့ ပေးပို့သည်။ ပင့်စာများအရ ပထမဦးဆုံး သံဃာ(၆)ပါး စတင်၍ စာရင်းသွင်း လက်မှတ်ထိုးကြ၏။

၁၃၄၀-ခုနှစ်၊ ဝါဆိုလဆန်း(၅) ရက်နေ့တွင် တိပိဋက=နိကာယ ကျောင်းတိုက်ကြီးကို စတင်ဖွင့်လှစ်ကြသည်။ ဖွင့်ပွဲသည့်နေ့တွင် စာရင်းသွင်းထားသော သံဃာ(၆)ပါး ကြွလာသောအခါ ရွှေထီးမိုး၍ လှည်းယာဉ်ကြွဖြင့် ပင့်ကြိုကာ ကမ်းနားမှ မိုးမိတ်ကုန်းမြေသို့ ပို့ဆောင်တော်မူကြ၏။ ထို့နောက်မှ စာရင်းသွင်း သံဃာ တိုးလာကာ ထိုနှစ်ဝါဆို အမှီတွင် စာသင်သားပေါင်း (၄၀) ကျော်မျှ ဝါကပ်ကြလေသည်။

ရှေးဦးစွာ ပထမ ဝါကပ်ရန် ရောက်ရှိတော်မူလာသော သံဃာတော်များအတွက် စာသင်သံဃာ သီတင်းသုံးကျောင်းဆောင် မဆောက်လုပ်ရသေးသည့်အတွက် ဆရာဝန်ကြီး ဦးသာလှ၏ ပြည်သာယာရေပ်ကြီးမှာပင် အခန်းငယ်များ ကာရံပြီး သီတင်းသုံးစေရပါ၏။ မန်းသီရိန် ရေပ်မှာ ဆွမ်းဆက်ကပ်၏။ မင်းကွန်း တိပိဋကရေ ဆရာတော်ကြီးသည် စာသင်သံဃာများ ရောက်ရှိပြီ ဆိုကတည်းက ဓမ္မနာဒမှ မိုးမိတ်သို့ သံဖြူချောင်းမှ ဒကာ စောမောင် လှည်းဖြင့် နံနက် မိုးမိတ်၊ နေ့လည် မိုးမိတ်၊ ညနေ မိုးမိတ်၊ တနေ့ ဘယ်နှစ်ခေါက်မှန်း မသိအောင် မကြာခဏ ကြွသွားပြီးလျှင် စာသင် သံဃာ တော်များအတွက် နေရေး ထိုင်ရေး၊ ဆွမ်းကွမ်းရေး၊ စာကျက်ရန် စသည် အဝဝပြည့်စုံရေးအတွက် ကြောင့်ကြ စိုက်တော်မူလျက် ရှိပါသည်။ ဆရာတော်ကြီးသည် လက်ကမ်းလွှာဖြင့် စာသင်သံဃာများအား ပင့်ဖိတ်ခဲ့ရာတွင် အလွန်ဆုံး ၁၅-ပါး၊ အပါး ၂၀ ခန့်သာ ကြွလိမ့်မည်ဟု ယူဆတော်မူခဲ့ရာ၊ ယခုကဲ့သို့ အပါး ၄၀ ကျော် ကြွလာတော်မူသဖြင့် အလွန်ရွှင်လန်းတက်ကြွနေတော်မူပါသည်။

ဆရာတော်ဘုရားသည် မိုးမိတ်ကုန်းမြေအပေါ်၌ ကာယက် မနောက်မျှသာ မဟုတ်သေး၊ စကားပြောရာမှာလည်း မိုးမိတ်မပါ စကား မဖြစ်တော့သလောက် မိုးမိတ်ချည်း ပြောဟောတော်မူတော့

http://www.dhammadownload.com







မင်းကွန်း တိပိဋကဓရဆရာတော်၊ အရိယမဂ္ဂင်ဆရာတော်၊ ဓမ္မစကြာသုံးဆယ်ပေး ဆရာတော်ကြီး။

http://www.dhammadownload.com

သည်။ မိုးမိတ်ကုန်းအကြောင်း ပြောပြီးလျှင် တိပိဋကမှ=နိကာယ အဖွဲ့ကြီး၏ ဆောင်ရွက်နေပုံ၊ စာကျက်သံယာတွေ များလာပုံ အကြောင်းတို့ကို ဟောပြောတော်မူတော်သည်။ တိပိဋကမှ=နိကာယ အတွက် ရေစက်ချပွဲဆိုလျှင်လည်း အချိန်မရွေး နေရာမရွေး ကြွတော်မူကာ ဆောင်ရွက်တော်မူပါသည်။

တခါတခါ ထိုတိပိဋကမှ=နိကာယ စကားချည့် ထပ်ထပ်ပြောရ၍ မလုံမလဲ ဖြစ်ဟန်တူသည်။ ပဌာန်း ဆရာတော်က မနိုးရိမ်ဆရာတော်ကြီး အကြောင်းကို ပြောသော စကားကို သက်သေထူကာ စကားကူ လုပ်ပါသည်။ "ပဌာန်း ဆရာတော်က ပြောတယ်၊ တို့ မနိုးရိမ်ဆရာတော်ကြီးဟာ စကားနှစ်မျိုးပဲ ပြောတယ်တဲ့၊ ဘာလဲဆိုတော့ မြင်းခွာ, ပဌာန်း ဆိုတဲ့ ဒီစကားနှစ်မျိုးပဲ ပြောတယ်။ (ကျန်းမာရေးအတွက် မြင်းခွာရွက် စားဖို့နှင့် စာပေအတွက် ပဌာန်း သင်,ချဖို့ ပြောခြင်းဖြစ်သည်။) ဒီလိုပဲ တပည့်တော်လဲ တိပိဋကမှ=နိကာယ စကားနှစ်လုံးကိုပဲ ပြောနေရတယ်"ဟု သိတင်းသုံးဖော်များအား ရယ်သွမ်းပြောပြီး တပည့်တော် အတွက် တော့-

နိကာယောအာသယောမယှံ=နိကာယသည် ငါ၏ အမြဲနေရာ၊

နိကာယော ဌာနစင်္ကမံ = နိကာယသည် ငါ၏ ရပ်တည်ရာ စင်္ကြံသွားရာ၊

ကပွေမိ နိကာယေ ဝါသံ = နိကာယအတွင်းမှာပဲ ငါနေမယ်၊

နိကာယော မမဂေါစရော = နိကာယသည် ငါ၏ အမြဲ ကျက်စားရာ အာရုံ ဖြစ်သည်

ဆိုတာလို ဖြစ်နေသည်-

ဟု မိန့်ဆိုလေ့ရှိပါသည်။

ဆရာတော်မှာ တစ်ခုခုကိုလုပ်လျှင် ထိုအလုပ်အပေါ်၌ အမြဲတန်း စိတ်ရောက်လျက်ရှိပါသည်။ စားလဲ နိကာယစိတ်၊ သွားလဲ နိကာယစိတ်၊ ထိုင်, ရပ်လဲ နိကာယစိတ်၊ အိပ်လဲ နိကာယစိတ် ဖြစ်နေသည်။ ဆရာတော် ထိုမျှလောက် စိတ်ပါဝင်စား ဆောင်ရွက်ခဲ့သော တိပိဋကမှ=နိကာယ ကျောင်းတိုက်မှ ပိဋကတစ်ပုံဆောင်, နှစ်ပုံဆောင် များအပြင် တိပိဋကဓရပုဂ္ဂိုလ်ပင် ပေါ်ပေါက်လာမည့် အလားအလာများ ရှိနေသည်ကို သိမြင်နေရ၍ ဆရာတော်မှာ အမော, အပန်း အနွမ်းပြေပြီး လန်းဆန်းနေပါတော့သည်။

တိပိဋကဓရ ဌေရတုပူဇော်ပွဲ

၁၃၄၀-ခုနှစ်တွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ တိပိဋကဓရသက်တမ်း (၂၅) နှစ်ပြည့် ဖြစ်ပါသည်။ ရန်ကုန်မြို့ရှိ ဆရာတော်၏ တပည့် ဒကာအပေါင်းတို့က ဆရာဝန်ကြီး ဦးသာလှ၏ မာတင်ရိပ်သာ အိမ်တွင် စုဝေးကြပြီး၊ နာယက (၇)ဦးဖြင့် (၂၅)ဦး ပါဝင်သော ကော်မတီတရပ်ကို ဖွဲ့၍ တိပိဋကဓရ ဌေရတုပူဇော်ပွဲကြီး ပြုလုပ်ပေးရန် ဆရာတော်အား ဒေးဒရဲ၌ တရားဟောနေရာသို့ လိုက်၍ပင် လျှောက်ထားပါသည်။ ဆရာတော်အထံမှ ခွင့်ရလျှင် ၁၃၄၀-ပြည့်နှစ်၊ နယုန်လပြည့်ကျော် (၅) ရက်နေ့ ရန်ကုန်မြို့ မဟာစည်ရိပ်သာရှိ တိပိဋကဓရ ပြန်ဆိုအောင်မြင်ရာ ဌာနဖြစ်သော ဖလယဉ် ဓမ္မာရုံကြီးတွင် ခမ်းနားသိုက်မြိုက်စွာ ကျင်းပကြပါသည်။

ထိုပူဇော်ပွဲကြီးတွင် "တိပိဋကဓရ ဆရာတော်က တာဝန်သိသူမှာ တာဝန်ရှိသည် ဟူသော ဆောင်ပုဒ်အတိုင်း တာဝန်သိသူသည် တာဝန်ဆောင်ရွက်ပါသည်။ တာဝန်သိ၍ တာဝန်ဆောင်ရွက်သူမှာ တာဝန်တိုး၍ တက်ပါသည်။" ဟူသော စကားကို အစချီကာ ပြောသွားပါသည်။

(၁) တာဝန်သိပြီး တာဝန်ရှိလို့ တိပိဋကဓရ စာမေးပွဲ ဝင်ခဲ့သည့်အကြောင်း၊

http://www.dhammadownload.com

(၂) တာဝန်သိပြီး တာဝန်ရှိလို့ တိပိဋကဓရ စာမေးပွဲအတွက် မေးခွန်းထုတ်မည့် ပုစ္ဆက ရှာခဲ့ပုံ အကြောင်း၊

(၃) တာဝန်သိပြီး တာဝန်ရှိလို့ တိပိဋကဓရ စာမေးပွဲ၏ တံတားဖြစ်တဲ့ နိကာယ စာမေးပွဲများ မစိုးရိမ်ဆရာတော်ကြီးနှင့် ဆရာ တပည့် တိုင်ပင်၍ ဖော်ထုတ်ခဲ့သည့် အကြောင်း၊

(၄) တာဝန်သိပြီး တာဝန်ရှိလို့ တိပိဋက=နိကာယ ကျောင်းတိုက်ကြီးကို တည်ထောင်၍ တိပိဋက=နိကာယ စာသင်သားများအား ပစ္စည်းလေးပါး ထောက်ပံ့မည် ဖြစ်ကြောင်း။

ဤအကြောင်းအရာများကို အကျယ်တဝင့် ရှင်းလင်းမိန့်ကြားပြီး နောက်ဆုံး၌ ဆရာတော် ဆုံးမနေကျဖြစ်တဲ့ မမေ့မလျော့ကြနဲ့ စသော သြဝါဒဂါထာစကားဖြင့် နိဂုံးချုပ်သွားပါသည်။

ထိုပူဇော်ပွဲမှရသော အလှူတော်ငွေများကို လည်း ပိဋကတ်သုံးသွယ်, နိကာယ်ငါးရပ် ပရိယတ္တိသာသနာတော်မြတ်ကြီးအား လှူဒါန်းလိုက်ပါသည်။ ထိုစဉ်က ဆရာတော်ကြီး မိန့်တော်မူသည်မှာ-

"တိပိဋကဓရ (၂၅)နှစ်မြောက် ဒီရန်ကုန်မြို့ ရှိတဲ့ ဒကာမများ စုပေါင်းကျင်းပ ပြုလုပ်အပ်ကြသော ငွေရတု ပူဇော်ပွဲ သဘင်က ဘုန်းကြီး၏ သာသနာမှ နဝကမ္မအတွက် လှူဒါန်းအပ်သမျှသော အနာမာသများကို ဒကာ ဒကာမများက လှူပြီးတဲ့အချိန်မှာ ပိဋကတ်သုံးသွယ် နိကာယ်သာသနာတော်အား လှူပါ့မယ်၊ အေး-နိကာယ် စာသင်သား တိပိဋက စာသင်သားဆိုတဲ့ သာသနာ့ အာဇာနည် သိန္ဓော မြင်းကလေးတွေ ပစ္စည်းလေးပါး မငြိမငြင် ချမ်းချမ်းသာသာနဲ့ အဆောင်အယောင်ပေးပြီးတော့ မွေးပါမယ်ဆိုတာ အတိအလင်း ကြေငြာပါတယ်" ဟု ဖြစ်ပါ၏။

ဂုဏ်ပြုပူဇော်ပွဲ ကျင်းပပြီးစီးသောအခါ "ယခု ပူဇော်ပွဲ ကျင်းပရသည်မှာ ဆရာတော်ဘုရား အထက်အညာသို့ ပြန်ကြွခါနီး အရေးတကြီး စီစဉ် ပြုလုပ်ကြရသဖြင့် အားရတင်းတိမ်မှု မရှိကြသေးတကြောင်း၊ နောင် မှတ်တမ်းဖြစ်စေရန် တကြောင်း တို့ဖြင့် တိပိဋက ငွေရတု(ရန်ကုန်)ကော်မတီက-

(၁) ဤငွေရတု ကျင်းပသော နယုန်လပြည့်မှသည် နောင် (၂၅)လ ပြည့်သောအခါတွင် ငွေရတု၏ ငွေရတု ပူဇော်ပွဲ-ဟု (၁၃၄၂-ခု၊ တော်သလင်းလတွင်) တပွဲ ပူဇော်ကြမည်။

(၂) တဖန် ဤငွေရတု ကျင်းပသော လမှပင် နောင်လပေါင်း(၅၀)ကြာလျှင် ငွေရတု၏ ရွှေရတု ဟူ၍ (၁၃၄၄-ခု၊ တန်ဆောင်မုန်းလတွင်) တပွဲ ပူဇော်ကြမည်။

(၃) တဖန် ဤငွေရတု ကျင်းပသောလမှပင် နောင် (၇၅)လကြာလျှင် ငွေရတု၏ စိန်ရတု ဟူ၍ (၁၃၄၆-ခု၊ တန်ဆောင်မုန်းလတွင်) တပွဲ ပူဇော်ပွဲများ ပြုလုပ်ပြီး ကျင်းပကြမ်းဟု ဆုံးဖြတ်ချက်ချခဲ့လေသည်။

မန္တလေးမှ ငွေရတု ပူဇော်ပွဲ

တိပိဋကဓရအဖြစ် ကြေငြာခဲ့သည့် တပို့တွဲလဆန်း (၁၀)ရက်နေ့ကို ဗုဒ္ဓသာသနာပြု အဖွဲ့ကြီးက တိပိဋကဓရနေ့ဟု သတ်မှတ်ထားပါသည်။ မန္တလေးမြို့ မလွန်ဆန်လှုအသင်းကြီးမှ ကြီးမှူး၍ ၁၃၄၀-ပြည့်နှစ် တပို့တွဲလဆန်း (၁၀) ရက် တိပိဋကဓရနေ့တွင် တိပိဋကဓရ ငွေရတု ပူဇော်ပွဲကြီးကို အကြီးအကျယ် ကျင်းပပါသည်။ မြို့ဟွင်းအပူဇော်ခံဝင်းခင်းလှည့်ပြီး သက္ကသီဟဘုရား

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား အဂ္ဂမဟာပဏ္ဍိတဘွဲ့တဆိပ်တော်. ဆက်ကပ်နေပုံ။

အတွင်းရှိ ဝေဇယန္တာဓမ္မာရုံကြီးတွင် ပူဇော်ပွဲ ကျင်းပပါသည်။

ထိုပူဇော်ပွဲကြီး၌ ဆရာတော်သည် ဓမ္မပဒအဋ္ဌကထာလာ လယ်သမားဝတ္ထုကို ပြော၍ ငွေသည် မြွေနှင့်တူကြောင်း ရှင်းလင်းပြပါသည်။ အလွန်ကျွမ်းကျင်သော အလမှာယ်ဆရာသည် အဆိပ်ပြင်းသည့် မြွေကို လက်တဖက်က ညှပ်ဖြင့် မြွေခေါင်းပိုင်းကို တင်းကြပ်စွာညှပ်ပြီး လက်တဖက်က အမြီးကို မြဲမြံစွာကိုင်ကာ ပခြုပ်အတွင်းသို့ ထည့်သွင်းသလို၊ မိမိလည်း အဆိပ်ပြင်းသည့် မြွေနှင့်တူသော နဝကမ္မဝတ္ထုများကို သမ္မဇဉ် ဆင်ခြင်ဉာဏ်တည်းဟူသော လက်တဖက်ဖြင့် ဆုပ်ကိုင်ကာ ပရိယတ္တိသာသနာတည်းဟူသော လုံခြုံသည့် ကျောင်းတိုက်ကြီးအတွင်းသို့ ထည့်သွင်း လူဒါန်းပါမည့် အကြောင်း မိန့်တော်မူသည်။

လူစဉ်တုန်းကတော့ ဆင်ခြင်ဉာဏ်သမ္မဇဉ်ဖြင့် စဉ်းစားပြီး ခံစစ်လုပ်နေရကြောင်း၊ ယခုတော့ ခံစစ်အောင်၍ တိုက်စစ်ဆင်တော့မည့်အကြောင်း မိန့်ကြားကာ စတုပစ္စယ သာသနာမှု (နဝကမ္မ) အလို့ငှာ လူဒါန်းအပ်သော ကျပ်သုံးသိန်းကျော်ကို ဗုဒ္ဓ+ဓမ္မ+သံဃ ပူဇာ ဖြစ်ပါစေခြင်းငှာ-

(၁) မဟာသကျသီဟ ရုပ်ရှင်တော်မြတ်၏ ဗုဒ္ဓဝေယျာဝစ္စ အလို့ငှာ ကျပ်တစ်သောင်း၊

(၂) ဓမ္မပူဇာအလို့ငှာ ပရိယတ္တိသာသနဟိတ အသင်းကြီးအား ၃-သောင်း၊

(၃) ရန်ကုန် နိကာယ် သာသနာတော် ထွန်းကားရေး အသင်းကြီးအား ၁-သောင်း၊

(၄) ရန်ကုန် စေတီယင်္ဂဏအသင်းကြီးအား ၁-သောင်း၊

(၅) ဆူးလေ အဘိဓမ္မာပြန့်ပွားရေး အသင်းကြီးအား ၁-သောင်း၊

(၆) သံဃပူဇာ အနေဖြင့် မထေရ်ကြီး (၂၅)ပါးအား ၅ဝိ ကျပ်စီ၊ တိပိဋကဓရ စာသင်သား၊

http://www.dhammadownload.com



မင်းကွန်းမိုးမိတ်ဘုရားပွဲတွင် ဆရာတော်ကြီးများကို ပူးတွေ့ရပုံ

ဓမ္မနာဒ စာသင်သားတို့အား ၂၅ ကျပ်စီ၊ ဤပူဇော်ပွဲသို့ရောက်ရှိလာကြသော ဆရာကြီး ဆရာလေး သီလရှင်တို့အား ၁၅ ကျပ်စီ၊

(၇) မင်းကွန်း တိုက်နယ်ဆေးရုံ ပဒေသာပင်အား ၁ သောင်း၊

(၈) မလွန်ဈေး ဆန်လှူ အသင်းကြီးအား ၆ သောင်း၊

လှူဒါန်းတော်မူပါသည်။

အဂ္ဂမဟာပဏ္ဍိတ

၁၃၄၀-ပြည့်နှစ် ပြာသိုလဆန်း ၇ ရက် (၄-၁-၇၉)နေ့တွင် နိုင်ငံတော်ကောင်စီက အမိန့်အကြော်ငြာစာအမှတ် ၁/၇၉ ဖြင့် မင်းကွန်းတိပိဋကရေ ဆရာတော်အား အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းကြောင်း သတင်းထုတ်ပြန်ခဲ့၏။ ထိုနှစ်က အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်ရ ဆရာတော်ကြီး (၃)ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၁၀)ပါး ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့လေသည်။ ၁၃၄၁-ခု နယုန်လပြည့်နေ့ (၉-၆-၇၉)နေ့တွင် ရန်ကုန်မြို့ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် စိန်လွင်က ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပါသည်။

ထို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းပွဲ ပြီးသည့်အခါ ဆရာတော်ကြီးသည် မိမိ အမြဲ သတင်းသုံးရာ မင်းကွန်း ဓမ္မနာဒတိုက်သို့ ပြန်လည် ကြွတော်မူပြီးလျှင် ၁၃၄၁-ခုနှစ်၊ နယုန်လပြည့်ကျော် ၁၂ ရက်နေ့တွင် အရိယမဂ္ဂင်ချောင် ဆရာတော်ကြီး၊ ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ကြီး စသည့် မဟာထေရ်ကြီးနှင့် နာယက ဆရာတော်ကြီးများ၏ ရှေ့မှောက်မှာပင် နိုင်ငံတော်

http://www.dhammadownload.com

အစိုးရက ဆက်ကပ် လှူဒါန်းခဲ့သော အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် (တနှစ်လျှင်) ၇၅၀/-ကို တိပိဋကဓရ ဆွမ်းဆန်တော်ကဲ့သို့ အပန်းအနွမ်းပြေသည့်တိုင် လက်ခံသုံးစွဲမနေတော့ဘဲ မိမိ၏ လက်ဝယ်သို့ ရလျှင် ရချင်း (၁၂-ရက်အတွင်းမှာပင်) တိပိဋက=နိကာယ ပရိယတ္တိ သာသနာပြုလုပ်ငန်းကြီးသို့ ရောက်ချ လှူဒါန်းတော်မူလေသည်။

ထိုစဉ် ဆရာတော်ကြီး ရောက်ချတော် မူခဲ့သော စာတမ်းမှာ ဤသို့ ဖြစ်ပါသည်။

အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် ရောက်ချစာတမ်း

(သီဒို့ရတ္တာ)။ ။အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး၊ မမွှေစကြာသုံးဆယ်ပေး ဆရာတော်ဘုရားကြီး (၂)ပါးတို့ အမူးပြုသော မြေနာဒတိုက် နာယက အဖွဲ့ဝင် ဆရာတော်များကို သက်သေထား၍ တပည့်တော် ရှိသေစွာ လျှောက်ထားပါသည် ဘုရား။

အကြောင်းမှာ တပည့်တော်အား နိုင်ငံတော်အစိုးရက ၁၃၄၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၇ ရက် (၁၉၇၉ ခု၊ ဇန်နဝါရီလ ၄ ရက်၊ လွတ်လပ်ရေးနေ့)က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ကြောင်း ကြေငြာ၍ ၁၃၄၁ ခုနှစ်၊ နယုန်လပြည့် "မဟာသမယနေ့" (၁၉၇၉ ခု၊ ဇွန်လ ၉ ရက်၊ စနေနေ့)က ဆင်္ဃသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင် ကိုယ်တိုင်ကြီးစွာသော အခမ်းအနား ကျင်းပ၍ ဆက်ကပ် လှူဒါန်းခဲ့ပါသည် ဘုရား။

ထို အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် အတွက် နိုင်ငံတော်အစိုးရက နှစ်စဉ် လှူဒါန်းမြဲဖြစ်သော ဆွမ်းဆန်တော်ကို နှစ်စဉ် လှူဒါန်းမည်မှာ အမှန်ပင် ဖြစ်ပါသည် ဘုရား။ ထိုသို့ နိုင်ငံတော် အစိုးရက လှူဒါန်းမည့် အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော် စရိတ် လှူဒါန်းနေကျ တနှစ်လျှင် ၇၅၀/- (သို့မဟုတ် အသစ်တဖန် တိုးတက်ပြင်ဆင်၍ လှူဒါန်းလျှင်လည်း ထိုသို့ တိုးတက်ပြင်ဆင်၍ လှူဒါန်းမည့် ဆွမ်းဆန်တော် ဝတ္ထု) တို့ကို တပည့်တော်၏ ကိုယ်ရေးကိုယ်တာအတွက် အသုံးမပြုပဲ (တိပိဋကဓရ လစဉ် ဆွမ်းဆန်တော် ကဲ့သို့) နိကာယ ငါးရပ် ပရိယတ် သာသနာတော်အား ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းပါသည် ဘုရား။

ထိုသို့ တပည့်တော် လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်ကို မင်းကွန်းတော်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ကပ္ပိယကာရကအဖြစ် ရွက်ဆောင်၍ ထိုတိပိဋက=နိကာယ ကျောင်းတိုက်သို့ လာရောက်၍ တိပိဋကစာပေ+နိကာယစာပေ တို့ကို ကျက်+အံ+ကြံ+ကြည့်ကြသော တိပိဋက စာသင်သားကြီးများ၊ နိကာယ စာသင်သားကြီးများ ပစ္စည်းလေးပါးဖြင့် မငြိုမငြင် မပင်ပန်းစေရန် (တိပိဋကဓရ လစဉ် ဆွမ်းဆန်တော် ကဲ့သို့) ပရိယတ္တိ သာသနာတော် အတွက် အသုံးပြုရန် တိပိဋက=နိကာယ သာသနာပြုအဖွဲ့သို့ ကပ္ပိယကာရကအဖြစ် ဆောင်ရွက်ရန် အပ်နှင်းပါသည် ဘုရား။

ဣဒံ မေ ပုညံ ဗောဓိဉာဏသဿ ပစ္စယော ဟောတု။ (၃-ခေါက်)

ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊ မင်းကွန်း
၁၃၄၁ ခု၊ နယုန်လပြည့်ကျော်(၁၂)ရက်
၁၉၇၉ ခု၊ ဇွန်လ(၂၁)ရက်၊ သောကြာနေ့။
(ဓိတ္တူမှန်)

http://www.dhammadownload.com

တိပိဋက=နိကာယ စာသင်သားများ တိုးတက်လာ

တိပိဋက=နိကာယ ကျောင်းတိုက်ကြီး စတင်ဖွင့်လှစ်သည့် ၁၃၄၀ ပြည့်နှစ်က ၄၈ ပါး ဝါဆို သီတင်းသုံးတော်မူပြီး၊ တိပိဋက စာမေးပွဲသို့ (၈)ပါး ဝင်ရောက် ဖြေဆိုရာ၊ (၇)ပါး အောင်မြင်ပြီး၊ နိကာယ် စာမေးပွဲသို့ (၄၇)ပါး ဝင်ရောက် ဖြေဆိုရာ၊ (၃၃)ပါး အောင်မြင်တော်မူခဲ့ပါသည်။

၁၃၄၁ ခုနှစ်တွင်မူ (၈၂)ပါး ဝါဆို သီတင်းသုံးတော်မူကြပြီးလျှင် တိပိဋကနှင့် နိကာယ်စာမေးပွဲများသို့ (၆၂)ပါး ဝင်ရောက် ပြန်ဆို+ဖြေဆိုတော်မူကြရာ (၅၈)ပါး ဘွဲ့ရ+ကျမ်းစွဲ အသီးသီး အောင်မြင်တော်မူကြ၏။

၁၃၄၂ ခုနှစ်တွင်မူ (၁၁၃)ပါး ဝါဆို သီတင်းသုံးတော်မူကြပြီးလျှင် (၁၀၂)ပါး ဝင်ရောက် ပြန်ဆို+ဖြေဆိုတော်မူကြရာ (၉၀)ပါး ဘွဲ့ရ+ကျမ်းစွဲ အသီးသီး အောင်မြင်တော်မူကြရာ "နိကာယ် ငါးဖြာ၊ သာသနာ၊ ရောင်ဝါနေသို့ လင်းခဲ့ပြီ"–ဟူ၍ပင် ဆရာတော်ကြီးက ဥဒါန်းလက်ာဆောင်ပုဒ် ထုတ်တော်မူခဲ့၏။

ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီး

၁၃၄၁–ခုနှစ်၊ နတ်တော်လ (၇၉–ခု၊ ၁၂–လပိုင်း) လောက်က ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် စိန်လွင် တိုင်းနှင့် ပြည်နယ်များသို့ လှည့်လည်၍ သာသနာတော်သန့်ရှင်း၊ တည်တံ့၊ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီး ဖြစ်မြောက်ရေးအတွက် လိုက်လျောက်ကြသည်။ (၁၈–၁၂–၇၉) နေ့တွင် စစ်ကိုင်းမြို့တွင် လျောက်ထားရာ သုဓမ္မာဂိုဏ်း ကိုယ်စားလှယ် တိပိဋကဓရ (မင်းကွန်း) ဆရာတော်က သြဝါဒစကား မြွက်ကြားသည်။

ဆရာတော်၏ သြဝါဒတွင် အာဏာစက်ကို အမှီရမှ သာသနာပြုလုပ်ငန်းများ အောင်မြင်မည် ဖြစ်ကြောင်းကို ပိဋကတ်စာပေ အထောက်အထား၊ သမိုင်းအထောက်အထားများဖြင့် မိန့်ပါသည်။ ဘုရားလက်ထက်တော်က မြတ်စွာဘုရား ရာဇဂြိုဟ်နှင့် သာဝတ္ထိမှာ များများနေ၍ သာသနာပြုသည်မှာ ရာဇဂြိုဟ်၌ ဗိမ္ဗိသာရမင်းနှင့် အဇာတသတ်မင်း ရှိနေခြင်း၊ သာဝတ္ထိ၌ ကောသလမင်းကြီး ရှိနေခြင်း တို့ကြောင့် ဖြစ်ကြောင်း မိန့်သည်။ အာဏာစက်ဖြင့် ဆောင်ရွက်သင့်သည့် အရာတွင် ဘုရားရှင်ကိုယ်တိုင်ပင် မင်းကို အားကိုးရကြောင်းကို ရာဇကာရာမကျောင်းတိုက်ပြဿနာကို သက်သေထူ၍ ပြသွားပါသည်။ထိုကျောင်းတိုက် ပြဿနာတွင် ရဟန်းတော်များ ဆောင်ရွက်လို့မရပဲ ကောသလမင်းကြီး ဆောင်ရွက်မှ အလွယ်တကူ ပြီးစီးသွားကြောင်း မိန့်တော်မူပါသည်။

(၁) ရဟန်းတော်များဘက်က – ဓမ္မစက်၊
(၂) မင်းများဘက်က – အာဏာစက်၊
(၃) တိုင်းပြည်ဘက်က – ပစ္စည်းလေးပါး၊

အကူအညီ အားလုံးပေါင်းစပ်လိုက်လျှင် သာသနာတော်သန့်ရှင်း တည်တံ့ ပြန့်ပွားရေးလုပ်ငန်းများ အောင်မြင်မည်ဖြစ်ကြောင်း သြဝါဒပေးတော်မူသည်။

စစ်ကိုင်း အခြေခံဒေသအတွင်း ဝန်ဆောင် (၂)ပါး ရွေးချယ်ရာတွင် တောတောင်ဘီလူးဆရာတော်နှင့် အနန္တသူရိယ ဆရာတော်တို့ကို ရွေးချယ်ပေးကြသည်။ တိပိဋကဓရဆရာတော်ကို ပထမ ရွေးကြသည်။ ဆရာတော်က တပည့်တော် အရွေးခံလျှင် စစ်ကိုင်းမှပါသင့်သော ဆရာတော်တစ်ပါး လျော့နည်းနေမည်ဖြစ်၍ အရွေးမခံပါရစေနဲ့ဟု တောင်းပန်ပြီး အရွေးမခံလိုက်ပေ။

http://www.dhammadownload.com

တို့ဘက်က အနစ်နာခံမှပဲ

စစ်ကိုင်း အခြေခံဒေသမှ တိပိဋကဓရ ဆရာတော် အရွေးခံမည်ဟု ထင်နေရာ ပါမလာ၍ ဆရာတော်နှင့်တွေ့စဉ် လျှောက်ထားမိသည်။ ဆရာတော်က "တပည့်တော်က အကြောင်းအကျိုး ဘာမျှမသိရသေးပဲ ဝန်ဆောင်ဆိုရုံနဲ့ ဘာဝန်ဆောင်ရမှန်းမသိလို့ လက်မခံလိုက်တာပါ။ ပြည်ထဲရေး ဝန်ကြီးကိုတော့ ပြောလိုက်တယ်။ ဘုန်းကြီး မကြာမီ ရန်ကုန်ကို လာခဲ့ပါမယ်။ ရန်ကုန်ရောက်တော့ ဒီအကြောင်းအရာနှင့် ပတ်သက်ပြီး ဆွေးနွေးကြတာပေါ့လို့ ပြောလိုက်တယ်။ မကြာမီ ရန်ကုန်ရောက်တော့ ဆိုင်ရာ ပုဂ္ဂိုလ်များကို တပည့်တော်ခေါ်လျှင် လာမယ်ဆိုတာ သိပါတယ်။ ဒါပေမယ့် ဒီသာသနာရေးကိစ္စဆိုတာ အဓိက တို့ရဲ့ ကိစ္စပဲ။ လူတွေကတော့ တို့လုပ်နေ်းကို ကူရုံကူတာ ကာယကံရှင်က တို့ပဲ။ တို့ဘက်က အနစ်နာခံ, အောက်ကျခံမှပဲလို့ သဘောထားတာနဲ့ ဝန်ကြီးဌာန ဖုန်းဆက်ခိုင်းလိုက်တယ်။ ဘုန်းကြီး ရန်ကုန်ရောက်နေကြောင်း၊ ဒါယကာကြီးတို့ အားတဲ့အချိန် ဘုန်းကြီးလာတွေ့မည် ဖြစ်ကြောင်း၊ ဖုန်းဆက်ခိုင်းတော့ ဆရာတော် ကြွမလာပါနဲ့ ဆရာတော်ထံ ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်နှင့် ဦးအုံမောင်တို့ လွတ်လိုက်မည့်အကြောင်း ပြန်ပြောတယ်။ မကြာမီ စာရွက်စာတန်းများနှင့် ဦးကြည်ညွှန့်တို့ ရောက်လာပြီး သာသနာတော် သန့်ရှင်း, တည်တံ့, ပြန့်ပွားရေးအတွက် ပြုလုပ်မည့် အကြောင်းအရာများကို ရှင်းလင်းလျှောက်ထားကြတယ်။ ဒီတော့ ဒကာကြီးတို့အလုပ်ကို ဘုန်းကြီး သဘောကျပါတယ်။ ဒကာကြီးတို့ အလုပ်ကို ဘုန်းကြီး စွမ်းအားရှိသလောက် ကူညီပေးပါမယ်လို့ ကတိပေးလိုက်တယ်" ဟု ပြန်လှည့်မိန့်ကြားပါသည်။

ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးစိတ်

နောက်မကြာမီပင် ဝန်ဆောင်အဖွဲ့ကြီးက ဆရာတော်အား အကြံပေးပုဂ္ဂိုလ်အဖြစ် ရွေးချယ်ပါသည်။ ဆရာတော်မှာ အကြံပေးဟုဆိုသော်လည်း ဂိုဏ်းပေါင်းစုံ ညီညွတ်ရေးအလုပ်၌ အဓိက လုပ်ဆောင်နေရသည်။ ဂိုဏ်းပေါင်းစုံ ဆရာတော်များထံ ကြို့ကြို့ယို့ယို့ ချဉ်းကပ်၍ နူးနူးညံ့ညံ့ လျှောက်ထားသည်။ ဆရာတော်၏ ဂုဏ်သိက္ခာနှင့် မလိုက်အောင်ပင် နှိမ့်ချထားသည်။ တခါတရံ ညဉ့်နက်သန်းခေါင်အထိ စိတ်ရှည်လက်ရှည် လျှောက်ထားရသည်။ တင်းမာသည့် ဆရာတော်တပါးထံ သွားလျှောက်ရာတွင် တင်ပျဉ်ချိပ်ပြီး မသိဟန်ပြုမှကာ နှုတ်ဆိတ်နေသည်ကိုပင် ကြုံရသည်။ အဖော်လိုက်ပါသူ ဆရာတော်များကပင် စိတ်မရှည်နိုင်ဖြစ်ပြီး ဆရာတော်၏ သည်းခံမှုနှိမ့်ချမှုကို ချီးကျူးကြသည်။ တိပိဋကဓရ ဆရာတော်ကမူ သာသနာအတွက် ခံယူချက်ဖြင့် မည်မျှအောက်ကျစေကာမူ လုပ်မည်ဟူသောစိတ် ထားပါသည်။

သာသနာ့အတွက်ဟု ခံယူချက်ရှိလျှင် ကိုယ့်နစ်နာမှုမတွက်သလို၊ ကိုယ့်အတွက်ဟု ခံယူချက်ရှိလျှင်လည်း သာသနာနစ်နာမှု ထည့်မတွက်တတ်ပါ။ တိပိဋကဓရ ဆရာတော်မှာ ထိုအချိန်၌ သွားလဲ ဂိုဏ်းပေါင်းစုံညီညွတ်ရေးစိတ်၊ ထိုင်လဲ ဂိုဏ်းပေါင်းစုံညီညွတ်ရေးစိတ် ဆိုသလိုဖြစ်ပြီး ရောက်တဲ့အရပ်တိုင်း, တွေ့တဲ့ ရှင်,လူတိုင်း ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီး ဖြစ်မြောက်ရေး၊ သံဃအဖွဲ့အစည်းအဆင့်ဆင့် ဖြစ်မြောက်ရေး စကားကိုသာ ပြောတော့သည်။ ထိုအချိန်မှာ တိပိဋကနိကာယ အသံတိုးသွားပါသည်။

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရဆရာတော်ကြီး သံဃအစည်းအဝေးသို့ ကြွရောက်ချီးမြှင့်တော်မူစဉ်



ဌေရတုဇ၏ ဌေရတုပူဇာအထိမ်းအမှတ် ပိဋကတ်တိုက်

http://www.dhammadownload.com

အကျိုးဆောင်ဆရာတော်

ဝန်ဆောင်ဆရာတော်များ အဆင့်ဆင့် ဆောင်ရွက်တော်မူကြ၍ ဂိုဏ်းပေါင်းစုံ အစည်းအဝေးကြီးကို အောင်မြင်စွာ ကျင်းပနိုင်ပါသည်။ ၁၃၄၂-ခု၊ နယုန်လဆန်း (၁၃)ရက်၊ (၁၉၈၀ ပြည့်နှစ်၊ မေလ ၂၆-ရက်) တနင်းလာနေ့တွင် ရန်ကုန်မြို့၊ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီး၌ ကျင်းပသော နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော်များ အစည်းအဝေးကြီးက ပဲခူးမြို့မ ဆရာတော်ကြီးကို ဥက္ကဋ္ဌအဖြစ် မင်းကွန်း တိပိဋကဓရ ဆရာတော်ကို အကျိုးတော်ဆောင်အဖြစ် တညီတညွတ်တည်း တင်မြှောက်ကြပါသည်။

ငွေရတု၏ ငွေရတုပူဇော

၁၃၄၂-ခု၊ တော်သလင်း လပြည့်ကျော် ၄ ရက်နေ့တွင် ဆရာတော်ဘုရားကြီး တိပိဋကဓရ ဘွဲ့တံဆိပ်ရရှိတော်မူသော အနှစ်(၂၅)ပြည့်စဉ်ကကျင်းပခဲ့သော ငွေရတုပူဇော်ပွဲ အပြီးတွင် ဆုံးဖြတ်ခဲ့ကြသည့်အတိုင်း မင်းကွန်းတောင်ရိုး တိပိဋက=နိကာယ ကျောင်းတိုက်ကြီးတွင် ငွေရတု ပူဇော်ပွဲကျင်းပသည့်လမှသည် (၂၅)လပြည့်သော ငွေရတု၏ ငွေရတု ပွဲတော်ကို ကျင်းပကြပါသည်။

ထိုပူဇော်ပွဲတွင် အထိမ်းအမှတ်ပြုစေရန် အတွက် နိကာယ ၅ ရပ်+ပိဋကတ် ၃ ပုံကို ၅+၃=၈ ဟူ၍ အထိမ်းအမှတ်ပြု၍ ၈ သိန်းဖိုး အကုန်အကျခံကာ ပိဋကတ် စာအုပ်များနှင့်တကွ ပိဋကတ်တိုက်တော်ကို ဆောက်လုပ် လှူဒါန်း ပူဇော်ကြပါသည်။ အဆိုပါ ပူဇော်ပွဲသို့ အဘိဓမ္မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ၁-စစ်ကိုင်း ရွှေဟသံ ဆရာတော်ကြီး၊ ၂-ဝန်းသို ခန္တီး ဆရာတော်ဘုရားကြီး၊ ၃-မန္တလေး မစိုးရိမ် ပဌာန်း ဆရာတော်ဘုရားကြီးတို့ ကြွရောက် ဖွင့်လှစ်ပေးတော်မူကြပါသည်။

မန္တလေးဌာနခွဲ ဖြစ်ပေါ်လာခြင်း

မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၏ မူလ ဒါယကာဖြစ်သူ မန္တလေးမြို့ အနောက်ပြင် ပိုက်ကျူးရပ် သစ်ကုန်သည်ကြီး ဦးမြို့ (နှင့်) ပထမကျောင်းအမကြီး ဒေါ်မမ၊ (ဒေါ်မမ ကွယ်လွန်ပြီးနောက်) ဒုတိယ ကျောင်းအမကြီး ဒေါ်ဆင်ဆင်တို့မှာ အမွေဆက်ခံမည့် သားသမီး မရှိကြသဖြင့် ကျောင်းဒကာကြီး ကျောင်းအမကြီးများ အသက်ထင်ရှားရှိစဉ်ကပင် မိမိတို့ပိုင်သည့် မန္တလေးမြို့ ပိုက်ကျူးရပ်ရှိ တိုက်တာ နေအိမ်ဝင်းမြေနှင့်တကွ ပစ္စည်းအရပ်ရပ်တို့ကို မိမိတို့၏သားကြီး သြရသအလားငယ်စဉ် သာမဏေဘဝ (၁၉)နှစ်သားကပင် ပစ္စည်းလေးပါး ထောက်ပံ့ ပြုစု ကိုးကွယ် အားထားခဲ့သည့် တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအား ဓမ္မနာဒ သာသနာပြန့်ပွား ထွန်းကားစည်ပင်ရေးအတွက် လှူဒါန်းဖို့ရန် စိတ်ညွတ်ခဲ့ကြသည့်အတိုင်း-

ပထမ ကျောင်းအမကြီး ဒေါ်မမ+ကျောင်းဒကာကြီး ဦးမြို့တို့ အစဉ်အတိုင်း ကွယ်လွန်ခဲ့ပြီးနောက် ဒုတိယ ကျောင်းအမကြီး ဒေါ်ဆင်ဆင် လက်ထက်သို့ ရောက်သောအခါ ၁၃၂၆ ခုနှစ်၊ ပထမဝါဆို လဆုတ် ၃ ရက်၊ (၁၉၆၄ ခုနှစ်၊ ဇွန်လ ၂၇ ရက်)နေ့၌ ဆရာဝန်ကြီး ဦးသာလှ အမှူးပြုသော သက်ဆိုင်ရာ အစိုးရ အရာရှိကြီးများ၊ ရပ်ကွက်လူကြီးများကို မိမိနေအိမ်သို့ ဖိတ်ကြားခေါ်ခဲ့ပြီးလျှင် စာချုပ်စာတမ်း အခိုင်အမာ ရေးသားချုပ်ဆို၍ ကျောင်းအမကြီး ဒေါ်ဆင်ဆင်က မိမိတဦးတည်းပိုင်ဖြစ်၍ မန္တလေးမြို့၊ သီရိဟေမာ အနောက်ပိုင်း (ပိုက်ကျူးရပ်)၊ အကွက်နံပါတ် (၂၂၆)၊ ဦးပိုင်အမှတ် (၅)၊ ဘိုးဘွားပိုင်မြေနှင့်တကွ ထိုမြေပေါ်၌ တည်ရှိသော တိုက်အဆောက်အအုံ စသော ပစ္စည်းအရပ်ရပ်တို့ကို သစ်ပင် ဝင်းခြံ အကာအရံများပါမကျန် ဓမ္မနာဒ သာသနာပြုရေးအတွက် တိပိဋကဓရဆရာတော် ဦးဝိစိတ္တသာရာဘိဝံသအား လှူဒါန်းခဲ့ပါသည်။

http://www.dhammadownload.com



မန္တလေး တိ=နိ ဌာနခွဲအဆောက်အအုံ။

၁၃၄၂ ခုနှစ်၊ ကဆုန်လဆုတ် ၉ ရက် (၁၉၈၀ ပြည့်နှစ်၊ မေလ ၇ ရက်)နေ့က ကျောင်းအမကြီး ဒေါ်ဆင်ဆင် ကွယ်လွန်ပြီး ရက်လည်ဆွမ်းသွတ်သည့် ၁၉၄၂ခုနှစ်၊ ကဆုန်လဆုတ် ၁၅ ရက် (၁၉၈၀ ပြည့်နှစ်၊ မေလ ၁၃ ရက်) အင်္ဂါနေ့၌ တိပိဋကဓရ ဆရာတော် ဦးဝိစိတ္တသာရာဘိဝံသသည် ဓမ္မနာဒတိုက် သံဃာတော်များအား-

ဓမ္မနာဒတိုက်နှင့် တိပိဋက=နိကာယ ကျောင်းတိုက်တို့မှာ မိမိတဦးတည်းက တာဝန်ယူ စောင့်ရှောက်ပြုစုရသဖြင့် နှစ်တိုက် တတိုက်သဖွယ်ဖြစ်ကြောင်း၊

တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးကလည်း ဤကျောင်းတိုက်နှစ်တိုက်တို့၏ သာသနာရေးအတွက် (ဘွဲ့ကြိုကျောင်းနှင့် ဘွဲ့ယူကျောင်း ကောလိပ်နှင့် တက္ကသိုလ်ကျောင်းတို့ပမာ) သဒ္ဓါတရား တသားတည်းထားရှိပြီး လိုအပ်သလို ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းနေကြောင်း၊

သို့အတွက် ဝိနည်းတရားတော်အရ ဓမ္မနာဒတိုက် သံဃာတော်များနှင့် လာဘ်တူ=သမာနလာဘ ကတိကဝတ်စိတ်ကို ဖြစ်ပွားစေကြ၍ သဘောတူ ဆန္ဒပေးကြစေလိုကြောင်း-

ကြောင်း+ကျိုး ဖော်ပြ တရားဟော၍ ဓမ္မနာဒတိုက် သံဃာတော်များ၏ သဘောတူဆန္ဒ အပြည့်အဝ ရယူပြီးလျှင် "မိမိ၏ မိဘသဖွယ် ဖြစ်သော ကျောင်းဒကာကြီး ကျောင်းအမကြီးများ ဦးခေါင်းချ သွားကြသော ဖော်ပြရာပါ မြေရာနှင့်တကွ အဆောက်အအုံများကို ထာဝရ အကျိုးဖြစ်ထွန်းရန် သာသနာပြုဌာန ဖြစ်စေမည်" ဟု အလေးအနက် ဆင်ခြင်၍ ထိုမြေ

http://www.dhammadownload.com

နေရာနှင့်တကွ အဆောက်အအုံအား‌လုံး‌ကို ကျောင်း‌တိုက် နှစ်တိုက်တို့၏ ပစ္စည်း‌လေး‌ပါး‌ဒကာ ဖြစ်သော တိပိဋကာ=နိကာယ သာသနာပြု အဖွဲ့ကြီး‌သို့ တရား‌ဝင်စာချုပ် ချုပ်ဆို၍ သာသနာပြုဌာနခွဲ ပြုလုပ်ရန် တိပိဋကဓရ ဆရာတော်က လက်မှတ် ရေး‌ထိုး‌၍ လွှဲဒါန်း အပ်နှံပါသည်။

ဆရာတော်သည် ထိုနေရာကို အဖွဲ့ကြီး‌သို့ အပ်နှံ လွှဲဒါန်း‌ပြီး လျစ်လျူရှုဥပေက္ခာမပြုပဲ ထိုနေရာ ရှိ မူလက အောက်ထပ်တိုက်ခံ၊ အပေါ်ထပ် ပျဉ်ထောင်ကာ ၄ ခန်း+၃ ခန်း‌ရှိ အဆောက်အအုံ၌ အပေါ်ထပ် ပျဉ်ထောင်ကာကို ဖယ်ရှား‌စေ၍ သံ‌ဃာတော်များ တည်း‌ခို‌လျှင် ချမ်း‌သာစေရန် အပေါ်ထပ်၌ ရေချို‌း‌ခန်း‌နှင့်တကွ ကျန်း‌မာရေး ကုဋီကို‌ပါ တည်ဆောက်စေ၍ အုတ်နံကပ် (ပတ်ကား) အဆောက် အအုံ ပြုလုပ်စေသဖြင့် ယခုအခါ ဆရာတော်၏ မိဘသဖွယ်ဖြစ်သော ဦး‌မြို့+ဒေါ်မမ+ဒေါ်ဆင်ဆင် တို့၏ နေအိမ်ကား “မင်း‌ကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့၊ မန္တ လေး‌ဌာနခွဲ” ဟူသော ဆို‌ဝင်း‌ဘုတ် ကမ္ဘည်း‌ဖြင့် သာသနာပြုဌာနတခု ဖြစ် နေခဲ့လေ‌ပြီ။

ရန်ကုန်ဌာနခွဲ ဖြစ်ပေါ်လာခြင်း

မင်း‌ကွန်း‌တောင်ရိ မို‌းမိတ် စေတီတော် ကြီး‌များ ကုန်း‌မြေ၌ တိပိဋက=နိကာယ ကျောင်း‌တိုက်ကြီး‌ကို ၁၃၄၀-ပြည့်၊ ဝါဆို‌လဆန်း ၅-ရက် နေ့တွင် ဖွင့်လှစ်ပြီး‌နောက် ၁၃၄၀-ပြည့်နှစ်၌ သံ‌ဃာတော် ၄၈-ပါး‌မှ တစတစ တို‌းတက်လာရာ ၁၃၄၂-ခုနှစ်တွင် သံ‌ဃာတော် ၁၁၃-ပါး ရောက်ရှိလာသောအခါ ရန်ကုန်မြို့ နိကာယ် သာသနာ ထွန်း‌ကား‌ရေး‌အသင်း‌ကြီး‌က ကျင်း‌ပပြုလုပ်သော စာမေး‌ပွဲ၊ နိုင်ငံတော် အစို‌းရက ပြုလုပ်ကျင်း‌ပသော တိပိဋကဓရ ကျွမ်း‌ကျင်ရေး စာမေး‌ပွဲနှင့် ပဲခူး‌မြို့ နိကာယ် သာ



ရန်ကုန်ဌာနခွဲ အဆောက်အအုံ(မပြုပြင်သေး‌မီ)။

http://www.dhammadownload.com



ရန်ကုန်ဌာနခွဲဖွင့်ပွဲမုခ်ဦးပုံ။



ရန်ကုန်ဌာနခွဲဖွင့်ပွဲတွင် ဆရာတော်ဘုရားကြီး တရားချီးမြှင့်နေပုံ။

http://www.dhammadownload.com

သနာတော် ပြန့်ပွားရေး အသင်းက ကျင်းပပြုလုပ်သော နိကာယ် စာမေးပွဲများကို ဝင်ရောက် ဖြေဆိုကြရန်နှင့် စာအောင် သံဃာများ ဘွဲ့တံဆိပ် လက်ခံတော်မူရန် ကြွရောက်လာသောအခါ တည်းခို နေထိုင်သီတင်းသုံးရန် နေရာခက်ခဲမှု ဆွမ်းကွမ်း ဝေယျာဝစ္စ သွားလာရေးမှ စသည့် ခက်ခဲမှုများနှင့် တွေ့ကြုံလာရသည်ကို တွေ့မြင်ရသဖြင့် ရန်ကုန်မြို့ရှိ တိပိဋကနိကာယ သာသနာပြု အဖွဲ့မှ အမှုဆောင် လူကြီးများနှင့် နာယကလူကြီးမင်းတို့ တိုင်ပင်ကြပြီးလျှင် အမှတ် ၁၂၊ နယူးလင်းလမ်းတွင် ခြံမြေဝယ်ယူပြီး ၁၃၄၂-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၁-ရက်နေ့တွင် အဘိဓမ္မဟာရဋ္ဌဂုရု ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးများ၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ဆရာတော်များအား ပင့်ဆောင်၍ ပရိယတ္တိ သာသနာတော်အား ရေစက်သွန်းချ အမျှဝေပြီး လူဒါန်းကြသည်။ ထိုသို့ လူဒါန်းကြရာတွင် အညာဒေသမှ ကြွရောက်လာကြမည့် ဓမ္မကထိကဆရာတော်များနှင့် မဟာထေရ်ကြီးများကိုပါ သဗ္ဗညုမျှတစွာ တည်းခိုနေထိုင်၍ သီတင်းသုံးတော်မူပါရန် လျှောက်ထားကြပြီး တိပိဋက=နိကာယ သာသနာပြုအဖွဲ့ ရန်ကုန်ဌာနခွဲကို သာသနာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်က ဖွင့်လှစ်ပေးခဲ့ပါသည်။

တိပိဋကကျောင်းတော်ကြီးအား ဆက်လက်၍ လိုအပ်သော ပြင်ဆင်မွမ်းမံခြင်းများ ပြုလုပ်ပြီးနောက် ဆွမ်းစားကျောင်းတော်ကို ရန်ကုန်မြို့ အမှတ် ၇၊ ငါးထပ်ကြီးဘုရားလမ်းနေ ဦးကြူ+ဒေါ်ခင်မြင့် မိသားစုနှင့် အမှတ် ၁၇၁၊ ဘားလမ်းနေ ဦးချစ်ရွှေ+ဒေါ်ခင်ဝင်း မိသားစုတို့က ဆောက်လုပ်လှူဒါန်းကြပါသည်။ ဆက်လက်၍ ဆွမ်းချက်ကျောင်းကို ရန်ကုန်မြို့၊ ၆/၇ ကမ္ဘာအေး စေတီလမ်းနေ ဦးမောင်မောင်ခင်+ဒေါ်ခင်ညိုတို့က လည်းကောင်း၊ အဝိစိတွင်းနှင့် ရေစုပ်စက်၊ ရေစင်တို့ကို ရန်ကုန်မြို့၊ အမှတ် ၈၂၊ အင်းလျားလမ်းနေ နာယကကြီး ဦးကျော်သောင်း+ဒေါ်မျိုးသိမ့် မိသားစုတို့က လည်းကောင်း လှူဒါန်းကြပါသည်။

ရေချိုးဆောင်နှင့် ရေချမ်းစင်၊ ကုဋီများကို အလှူရှင်များ စုပေါင်း၍ လည်းကောင်း၊ မဟာရာမတံတိုင်းကိုလည်း စုပေါင်း၍ လည်းကောင်း လှူဒါန်းကြသည့်အပြင် ဆွမ်းပြင်ကျောင်းဆောင်ကို တိပိဋက=နိကာယ သာသနာပြုအဖွဲ့ ရာသက်ပန်အဖွဲ့ဝင်များက ဆောက်လုပ် လှူဒါန်းကြပါသည်။

တိပိဋကဓရမဟာသာလာ ပေ ၄၀-ပေ ၆၀ ရှိ အဆောင် တစ်ဆောင်၊ ပေ ၅၀ ပတ်လည်ရှိ တိပိဋက သုံးထပ်တိုက်၊ တိုက်ကျောင်း တစ်ဆောင်နှင့် သိုလှောင်ကျောင်း၊ ဆွမ်းချက်ရုံ စသည်တို့ကိုလည်း ဆက်လက် ဆောက်လုပ်လျက်ရှိပါသည်။

တိပိဋကနှင့် နိကာယ စာမေးပွဲများ ဖြေဆိုရန်နှင့် အောင်မြင်သော ရဟန်းတော်များ ဘွဲ့ယူရန် ကြွလာသောအခါ ခရီးစရိတ်များ လှူဒါန်းပြီး ခမ်းခမ်းနားနားကြိုဆို၍ ခုတင်၊ အိပ်ရာ အပြည့်အစုံ ပေးအပ် လှူဒါန်း၍ ပြုစု ပူဇော်လျက် ရှိကြပါသည်။ သီတင်းသုံးနေထိုင်တော်မူခိုက်တွင် ဆွမ်းအလှူရှင်များကလည်း ရက်ပြတ်မရှိ ဆက်တပ် လှူဒါန်းကြသည့်အပြင် ၁-နှစ်လျှင် တစ်ရက် မိမိတို့ ကြိုက်နှစ်သက်ရာ ရက်ကိုရွေး၍ ရာသက်ပန် ဆွမ်းဒါယကာများအဖြစ် ခံယူ၍ လှူဒါန်းလျက် ရှိကြပါသည်။ တစ်နေ့စာဖြစ်သော နံနက်ဆွမ်း၊ နေ့ဆွမ်း၊ ညနေ ဖျော်ရည်၊ ညဘက်စတုမဓူ ပေါင်းလေးကြိမ်ကပ်လှူကြပါသည်။ ထိုသို့ ဆွမ်းကွမ်း ဝေယျာဝစ္စ ဆောင်ရွက်ကြရာတွင် အရဏ်ဆွမ်းအတွက် ရန်ကုန်မြို့ အမှတ် ၆၀ ကိုင်းတန်းလမ်းနေ ဒေါ်တင်လှ

http://www.dhammadownload.com





ရန်ကုန်ဌာနခွဲ ဖွင့်ပွဲအခမ်းအနား
နှင့်အဖွဲ့ဥက္ကဋ္ဌကြီး ဆရာဝန်ကြီး
ဦးသာလှအမှာစကားပြောကြားစဉ်

http://www.dhammadownload.com

မိသားစုက လည်းကောင်း၊ နေ့ဆွမ်းအတွက် တွဲဖက်အမှုဆောင်လူကြီး အောင်ပန်း-ဦးအေးမောင်+ဒေါ်လှလှ မိသားစုတို့က လည်းကောင်း ကာယအား အပြည့်အဝ စေတနာ့ဝန်ထမ်း ဆောင်ရွက်ပေးခဲ့ကြသည်။

ပဋ္ဌကတစ်ပုံဆောင်၊ နှစ်ပုံဆောင်၊ သုံးပုံဆောင် အရှင်များ ပေါ်ထွန်းလာပါက ဘွဲ့ယူကြွလာသောအခါ လေယာဉ်ဖြင့် အသွားအပြန် ပို့ဆောင်ခ ခရီးစရိတ်ကို လူဒါန်းသူမှာ တွဲဖက်အမှုဆောင်လူကြီး ဂဠုန်မင်း ဦးတင်မောင်+ဒေါ်ဒေါ်မြင့် သားသမီးမြေးတစုတို့ ဖြစ်ပါသည်။

တိပိဋကရေ ဆရာတော်၏ မေတ္တာနှင့် တိ=နိ အဖွဲ့ဝင် ဒကာများ၏ စေတနာ

မိုးမိတ်ကုန်းမြေဝယ် နိကာယ်ဆောင် တိပိဋက စာသင်သားများ တိုင်းနှင့်ပြည်နယ် အသီးသီးမှ ကြွရောက်တော်မူကြ၍ ဝါဆို သီတင်းသုံးတော်မူရာ (၃)နှစ်အတွင်းမှာ စာသင်သားကြီး တရာကျော် တိုးတက်လာလေ၏။ နိကာယ်ဆောင် စာသင်သားများ တိုးတက်လာလေ၊ တိပိဋကရေ ဆရာတော်ကြီး မိမိနေ့စဉ်ကြိုးစားရသမျှအတွက် အမောပြေ အပန်းပြေတော်မူကာ ရွှင်ရွှင်ပြုံးပြုံးဖြစ်တော်မူလေပင်။ ဆရာတော်ကြီးကား ရွှင်ပြုံးနေတော်မူသကဲ့သို့ တိ=နိ အဖွဲ့ဝင်ဘက်ကလည်း ဥက္ကဋ္ဌကြီး အထူးကု ဆရာဝန်ကြီး ဦးသာလှကစ၍ အဖွဲ့ဝင် ဒကာ-ဒကာမများမှာလည်း မိမိတို့ ကုသိုလ်အထူး ဆည်းပူးကြရပြီဟု ဝမ်းမြောက်ဝမ်းသာရွှင်လန်းတက်ကြွစွာဖြင့် ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး+ပစ္စည်းလေးပါးအတွက် အချိန်မဆိုင်း ရက်မဆိုင်းပဲ မငြိမငြင် အထူးကြိုးပမ်းဆောင်ရွက် ထောက်ပံ့ကြသည်မှာ မကြံစဖူး ထူးကဲလှသော စေတနာများပင် ဖြစ်ပါသည်။

ဤနေရာ၌ တိ=နိ အဖွဲ့ဝင်တို့၏ ကြိုးစားကြံပုံတို့ကို ၁၃၄၂-ခုနှစ်က မိုးမိတ်ကုန်းမြေသို့ ရောက်ရှိတော်မူ သော အရှင်ဓမ္မပိယ၏ ရေးသားချက်ကို ပထမသုံးနှစ်ခရီး စာစောင်ကြီးမှ ထုတ်နှုတ်၍ တင်ပြပါအံ့။

"စာရေးသူတို့ မန္တလေး၌ နေစဉ်ကဆိုလျှင် ပစ္စည်းလေးဖြာ ငြိငြင်စွာဖြင့် နေထိုင်ခဲ့ရပါသည်။ အထူးအားဖြင့် စာရေးသူမှာ ဘုန်းကံနည်းပါး၊ ထောက်ပံ့မည့်သူ နည်းပါးသည့်အတွက် ပိုပြီး ငြိငြင်ခဲ့ရပါသည်။ အခြားပစ္စည်းများထက် ဆွမ်းကိစ္စ ငြိငြင်ရသည်က ပိုပြီး ခက်ပါသည်။ သို့သော် စာရေးသူသည် ဖွဲသန်သန်နှင့် သက်ဆိုင်ရာ ကျမ်းစာများကို ကျက်မှတ်ကာ တိပိဋက စာပြန်ပွဲကို ဝင်ရောက်ပြန်ဆိုခဲ့၍ အောင်မြင်သောအခါ ကျေးဇူးရှင် မြင်းဝန် တိုက်အုပ် ဆရာတော်ကြီး၏ ချီးမြှင့်မှုကို ခံယူရပါတော့သည်။ ဆရာတော်ကြီး၏ ချီးမြှင့်မှုကို ခံယူကာ သဘော ရေး-ဖြေပွဲအတွက် ဆက်လက် ကြိုးစားဆဲပင် ရှိသေး၊ စာရေးသူမှာ ပညာရေးကလည်း အကျိုးမပေးလေရော့သလား မသိ၊ ဇာတိနေရပ်မှ ဆရာတော်ဘုန်းကြီး ပျံလွန်တော်မူသဖြင့် ကျောင်းမထိုင်ချင့်ဘဲနှင့် ကျောင်းထိုင်လိုက်ရပါတော့သည်။

ထိုအချိန်၌ စာရေးသူ၏ ဇာတိ မွေးရပ်မြေမှာ ကျောက်သင်္ဘော၊ လူသေ လူဖြစ်၊ သမ္မာဒိဋ္ဌိ စသော ဝါဒများ တစိတ်တဒေသ လွှမ်းမိုးစ ပြုနေပြီ၊ ထိုအထဲ၌ စာရေးသူ၏ ခမည်းတော်ကြီးကလည်း ပါဝင်နေသည်။ ကျန်ရှိနေသေးသည့် တစိတ်တဒေသကလည်း ကြာလျှင် စိတ်ချရမည် မဟုတ်။ ဤသို့စသည့် အကြောင်းများကြောင့် စာရေးသူသည် ကျောင်းမထိုင်ချင်ပါဘဲလျက် ထိုင်လိုက်ရသည်။ အားလုံး အမြင်မှန်ရပြီး လမ်းမှန်သို့ရောက်လျက် စိတ်အေးရသောအခါမှာပင် မိမိကျောင်းကို သင့်သလို စီမံခဲ့ပြီး မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတိုက်ကြီးသို့ ဦးတည်ထွက်ခဲ့ရပါတော့သည်။

http://www.dhammadownload.com

မိုးမိတ် ကျောင်းတိုက်ကြီးသို့ ရောက် ပါပြီ၊ စရေးသူ ရောက်သည့် နှစ်မှာ ၁၃၄၀-ပြည့်နှစ် နောက်ပိုင်း ဖြစ်ပြီး ကျောင်းတိုက်တည်၍ ၂-နှစ် နီးပါး ရှိနေပေပြီ၊ အဆောက်အအုံများကတော့ ဆရာတော် မျှော်မှန်းသည့်အတိုင်း မလုံလောက် သေးပါ၊ သို့သော် ဆောက်တုန်း ဆောက်ဆဲပင်။ စာရေးသူ ရောက်စက ဆွမ်းစားကျောင်းကြီးပေါ် တောင်ဘက်ဆုံးအခန်းမှာ သုံးထပ်သား လိုက်ကာများ ကာပြီး သံဃာ လေး-ငါးပါး အတူနေကြရပါသည်။ သို့သော် နေရာကျဉ်းကျပ်လှသည်-ဟုတော့ မဆို နိုင်ပါ။ ဆွမ်းစားကျောင်းကြီးပေါ်၌ ၂-လမျှနေပြီး ယခုနေသည့် ကျောင်းသို့ ပြောင်းရွေ့ နေထိုင်ခဲ့ရ ပါသည်။

ဤနေရာ ဤဌာနသည်ကား တိုင်းနှင့် ပြည်နယ် အသီးသီးတို့မှ သာသနာ့ အာဇာနည် အလှာ အရှင်မြတ်တို့ ပေါင်းစုံစုဝေးရာဖြစ်ပြီး တအူတုံဆင်း ညီနောင်အရင်းတို့ကဲ့သို့ ချစ်ခင် ကြည်ညိုကြသည့်ပြင် ဩဝါဒါစရိယ ဆရာတော် များ၏ အဆုံးအမကိုလည်း ညီညွတ်စွာ လိုက်နာကြ သဖြင့် 'သမဂ္ဂါနံ တပေါ သုခေါပါတကာ:' ဟု နှုတ်ကတွတ်တွတ် ရွတ်ဆိုမိပါသည့်ပြင် တစ်ခါတစ်ရံ စာသင်သားများ နားသည့်အချိန်၌ တိပိဋကဓရ ဆရာတော် ကြွလာပြီး 'ဦးဇင်းတို့ နေထိုင်ကောင်း ကြရဲ့နော်၊ နေကြ ထိုင်ကြရတာ ချမ်းသာကြရဲ့လား၊ ဘာများလိုကြသလဲ' စသည်ဖြင့် ချိုသာစွာ နှုတ်ခွန်း ဆက်သလေ့ ရှိပါသည်။

တစ်ခါတစ်ရံ ရန်ကုန်မှ ဆရာဝန်ကြီး ဦးသာလှနှင့်ဇနီး ဒေါ်ခင်ညွှန့်တို့ ရောက်ရှိလာကာ ကျောင်းစဉ် လှည့်လည်လျက် ဆရာတော်ဘုရား နည်းတူ ဖော်ရွေ ရိုသေစွာ မိဘအလား နှုတ်ခွန်း ဆက် အားပေးစကား ပြောကြား လျှောက်ထားကြ ပါသည်။

တိ=နိ အဖွဲ့ဝင် ဒါယကာကြီးများ ဖြစ်ကြ သည့် ရန်ကုန်မှ ဒကာကြီး ဦးသန်း၊ ဦးစွန်၊ ဦးလှ မောင်၊ ဦးကြူ၊ ဦးတင်ရွှေ စသော ဒကာကြီးများ ကလည်း တိပိဋက လောင်းလှာ သံဃာတော် အရှင်မြတ်များ ရန်ကုန်သို့ စာပြန် စာဖြေကိစ္စနှင့် ရောက်ရှိလာကြလျှင် ချမ်းသာစွာ နေထိုင်နိုင်ရန် ကုသိုလ်ရှင်တို့ကို နှိုးဆော်တိုက်တွန်းကြကာ ရန်ကုန် မြို့ နယူးလင်းလမ်း၌ တိ=နိ သာသနာပြု ဌာနခွဲကြီးတစ်ခု တိုးချဲ့ တည်လှူကြပြန်ပါသည်။

ဌာနခွဲကြီး မွင့်လှစ်၍မှ မကြာသေးခင် လက်ရှိ အဆောက်အအုံကြီးအပြင် ဆောက်ပြီးစ ဆွမ်းစားကျောင်းတော်ကြီး တစ်ဆောင်နှင့် ဆောက်ဆဲ တိုးချဲ့ သုံးထပ်တိုက်ကျောင်းတော်ကြီး၊ တိပိဋက ဓမ္မသာလာ အဆောက်အအုံကြီးတို့မှာ ဝိသကြံ့ နတ်သား ဖန်ဆင်းသည့်အလား မားမားမတ်မတ် ရင်သပ်ရှုမော သြဇာသုတ်သုတ် ရုတ်ရုတ်သဲသဲ အံ့အဲဘနန်း လက်ပမ်းပေါက်ခတ် ယူရအောင် တဟုန်တည်း တဆက်တည်း ပေါ်ပေါက်၍ လာကြ ပြန်ပါသည်။ 'သြ-တကယ့် ဒကာ+ဒကာမတွေပါ တကား' ဟု အံ့အားသင့်ရပါတော့သည်။

သာသနာတော်အတွက် ဒကာ+ဒကာမ များဘက်က စေတနာ သဒ္ဓါတရား လွန်စွာကြီးမား လှသည့်အတွက် တစ်ခါတစ်ရံ တိပိဋကဓရ ဆရာတော် ဘုရားကပင်လျှင် 'ဒကာ+ဒကာမ အပေါင်းတို့ ဖြည်းဖြည်း ချီတက်ကြပါ၊ ဘုန်းကြီး တို့က မနည်းမအောင် လိုက်နေရပါတယ်' ဟု မိန့်ကြား တော်မူလေ့ရှိပါသည်။

ဆရာတော်ဘုရား မိန့်ကြားသည့် အတိုင်းပင် ဒကာ၊ ဒကာမတွေက တိ=နိ သာသနာရေးအတွက် မိမိတို့၏ အိမ်မှု ကိစ္စများကိုပင် လျစ်လျူရှုကြကာ ပစ္စည်းအား လူအားတို့ဖြင့် မနားမနေ ဆောင်ရွက် နေကြသည်ကို စာရေးသူတို့ နေ့စဉ်ပင် မြင်တွေ့ နေရပါသည်။

http://www.dhammadownload.com

မင်းကွန်းမှာ နေသည့်အခိုက် သံဃာ့ဝေယျာဝစ္စနှင့် ကိစ္စအဝဝတို့ကို မန္တလေးဖြို့မှ အဖွဲ့ဝင် ဒကာကြီး ဒကာမကြီးများက တာဝန်ယူ လာရောက် စောင့်ရှောက် ပြုစုကြပါသည်။ စာပြန်စာဖြေ ကိစ္စဖြင့် ရန်ကုန်ဖြို့သို့ ရောက်ပြန်တော့လဲ ရန်ကုန်ရှိ တိ=နိ အဖွဲ့ဝင် ဒကာ ဒကာမတွေက ဆွမ်းပန်း ကိစ္စမှ စ၍ အားလုံး လိုလေသေးမရှိ စီစဉ် ဆောင်ရွက် ထားလိုက်ကြသည်မှာ အံ့ဖွယ်ပါပင်။ ဆောင်ရွက် ကြရသည်မှာ လေးငါးခြောက်ရက် ကိစ္စမျိုးလည်း မဟုတ်၊ တစ်လကျော် နှစ်လနီးပါး၊ သံဃာများ ကလည်း တစ်ရာ၊ တစ်ရာကျော်။

စာရေးသူ အံ့အားသင့်မိသည်မှာ ဤမျှ များပြားလှသည့် သံဃာတော်အပေါ် ဤမျှ ရန်ကုန်မှာ ရက်၊ လ၊ ကြာမြင့်စွာ ဆွမ်းပန်းကိစ္စ တာဝန်ယူ ကြသည်မှာ အံ့မဆုံး။ ထို့အပြင် ယခုနှစ်ဆိုလျှင် သံဃာ တစ်ရာကျော် အိပ်ရာလိပ် မယူကြရတော့ပဲ တစ်ပါးလျှင် ခုတင် တစ်လုံးကျစီနှင့် အပြည့်အစုံ နေရာထိုင်ခင်း စီစဉ်ထားလိုက်ကြသည်မှာ ပြော၍ မကုန်နိုင်ပါ။ မန္တလေး၊ ရန်ကုန် ဒကာ ဒကာမများ၏ ဤမျှများပြားလှသည့် စာဖြေသံဃာတို့အပေါ် ချမ်းသာစွာ ခရီးသွားလာရေး စီစဉ်ထားကြပုံကို ကြည့်ပါအုံး–

မင်းကွန်းမှ ရန်ကုန်သို့ စာပြန် စာဖြေ ကြကြတော့မည်ဆိုလျှင် မီးရထားတွဲလိုက် နေရာ အသင့်ဖြစ်ရန် ကြိုတင်စီစဉ်ထားပြီးပြီ။ တစ်ခါတစ်ရံ ရထားတွဲ အခက်အခဲကြောင့် သံဃာ နှစ်သုတ်ခွဲပြီး တစ်ရက်စီ ပို့ရသည်လည်း ရှိသည်။ မင်းကွန်းမှ ရန်ကုန်သို့ ကြွရမည့်နေ့ အချိန်တန်လျှင် ရွှေဦးစွာ အချက်ပေးခေါင်းလောင်း ကြေးစည်များ တီးလိုက် သည်နှင့်တပြိုင်နက် စာဖြေကြွမည့် သံဃာတော် များသည် သင်္ကန်းရောင်အညို မိုးမိတ် ယပ်တောင် များ ကိုယ်စီ ကိုင်ဆောင်တော် မူကြလျက် ဂေါပက ရုံး တည်ရာ အဘိဓေ အဘိဓမ္မာကျောင်းသို့ တည်တည်း စုရုံးကြရောက်ကာ ညဝါဒါ စရိယ ဆရာတော် ဘုရားကို ရှိခိုး ဝတ်ပြုကြရသည်။ ဆရာတော်က ညဝါဒ ပေးပြီးနောက် တည်တည်ငွတ် မော်တော်ရေယာဉ်သို့ ဆင်းကြသည်။

မော်တော်များ ထွက်ခွာ၍ မန္တလေး မရမ်းခြံ ဆိပ်သို့ ရောက်လျှင် မန္တလေးရှိ တိ=နိ အဖွဲ့ဝင် ဒကာကြီးများက အဖျော်ယမကာများ ဆက်ကပ်ပြီး မော်တော်ကားများ အသင့်စီစဉ်ထားပြီး ကြည်ညို ဖွယ်ရာ အစီအရီ မန္တလေး ဘူတာကြီးသို့ ပို့ဆောင် ကြသည်။ ဘူတာကြီးသို့ ရောက်လျှင် တိ=နိ အဖွဲ့ဝင် ဒကာကြီးများက ရှေ့က ဦးဆောင်ပို့ကြပြီး စာဖြေ သံဃာတော်များက နောက်မှ ထေရ်စဉ်လိုက် စီတန်း လိုက်ပါကြလျက် အသင့်စီစဉ်ထားသည့် ရထားတွဲ ပေါ်သို့ ချမ်းသာစွာ တက်ရောက် ကြရပါသည်။ ဘူတာရုံအတွင်း သံဃာတော်များ ရောက်လျှင်ပင် ဘူတာအတွင်းရှိ လူအားလုံးတို့ သဒ္ဓါကြည်ညို ဖြစ်ရှိ ကြကာ လမ်းဘေးဝဲယာမှ လက်အုပ်ကိုယ်စီ ချီ၍ ရှိသေကြလေသည်။

စာရေးသူတို့ မန္တလေး နေစဉ် တိပိဋကစာပြန်ပွဲသို့ စပြီးသွားခဲ့စဉ်ကဆိုလျှင် ကျောင်းတိုက်မှ မြင်းလှည်းကလေး ဘောက်ဆွ ဘောက်ဆွဖြင့် ထွက်ခဲ့ရပြီး ကိုယ့်အိပ်ရာလိပ် ကိုယ်ဆွဲ၍ အပြေး အလွှား ရထားတွဲပေါ်သို့ တိုးဝှေ့၍ တက်ခဲ့ရပါ သည်။ ရန်ကုန်ဘူတာကြီး ရောက်ပြန်တော့လည်း သုံးဘီးကားဆရာကလွဲ၍ ကြိုမည့်သူ မရှိပါ။ ဒီအထဲ ခါးပိုက်နှက်ကိုလည်း သတိထားရပါသေးသည်။

ယခုမူ မန္တလေးဘူတာကြီးမှ တွဲသီးသန့်ဖြင့် မီးရထားထွက်ခဲ့၍ ခရီးဆုံးဖြစ်သည့် ရန်ကုန် ဘူတာကြီးသို့ မီးရထားဆိုက်သည်ဆိုလျှင်ပင် ရန်ကုန်မှ ဒကာကြီးများက အသင့် ကြိုဆို တရို တသေ ပင့်ဆောင်ကြပါသည်။ မီးရထားမှ တစ်ပါး

http://www.dhammadownload.com

ချင်း စိတန်း၍ ညီညာစွာ ဆင်းကြွလာကြသော အခါ သဒ္ဓါတရား ဖြစ်ပွားကြပြီး ဘူတာအတွင်း လူအားလုံးနှင့် မီးရထားမူထမ်းရာထမ်းများပါမကျန် လမ်းဘေး ဝဲယာမှ လက်အုပ်ချီ ကြည်ညိုရိုသေကြပါသည်။

စာပြန် စာဖြေကိစ္စ ပြီးစီး၍ မိမိတို့ နေရာ မင်းကွန်းသို့ ပြန်ကြွကြသည့်အခါမှာလည်း ဆရာဝန်ကြီး ဦးသာလှ ဦးဆောင်၍ ရန်ကုန် ဒကာကြီးများက စနစ်တကျ ဘူတာကြီးသို့ လိုက်ပါ ပို့ဆောင်ကြကာ မန္တလေးမှ ဒကာကြီးများကလည်း မန္တလေး ဘူတာကြီးမှ အဆင်သင့် ခမ်းနားစွာ ကြိုဆို၍ မင်းကွန်း တိပိဋက=နိကာယ ကျောင်းတိုက် အရောက် ချမ်းသာအောင် ပြုစု စောင့်ရှောက် လိုက်ပါ ပို့ဆောင်ကြပါသည်။"

မန္တလေးမီးနှင့် ဆရာတော်၏ ကရဏာ

မင်းကွန်း တိပိဋကဓရ ဆရာတော်သည် မိမိ၏ ဓမ္မနာဒတိုက် သံဃာတော်များ၊ တိပိဋက=နိကာယ ကျောင်းတိုက် သံဃာတော်များကိုသာ ကြောင့်ကြစိုက်၍ စောင့်ရှောက်တော်မူသည် မဟုတ်ပါ။ စင်စစ် ဆရာတော်ကြီးသည် သံဃာဆိုလျှင်ပင် မိမိထက် တရက်တဝါကြီး ဆိုရုံမျှဖြင့် ရိုသေ၍ မဆုံး ကြည်ညိုရ၍ မဆုံး၊ မိမိနှင့် တန်းတူ ပုဂ္ဂိုလ်ကိုကား ချီးမြှောက်၍မဆုံး၊ မိမိအောက် ငယ်ရွယ်သူ သံဃာတော်တို့နှင့် သာမဏေ ကလေးများ အပေါ်မှာကား ဖခင်ကဲ့သို့ အလွန်ကြောင့်ကြစိုက်တော်မူပါသည်။ ဆရာတော်သည် သဂါယနာတင်သော ခေတ်က ရန်ကုန်မြို့နှင့် မြို့ကြီးများသို့ လှည့်လည်ကြွတော်မူနေရ၏။ ထိုအခါက အစားအသောက်မှအစ လာဘ်လာဘ ပေါများရကား၊ မုန့်ပုပ်များ၊ မုန့်သေတ္တာများ ရလာပါက မြတ်မြတ်နိုးနိုးဖြင့် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများကို လိုက်၍ ပူဇော်ကန်တော့ပြီးလျှင် မိမိ၏ ပစ္စာသာမဏာ အရှင်ကောဏ္ဍညအား "တို့ကတော့ သံသရာကျမှ စားကြတာပေါ့ကွာ"ဟု မိန့်ဆိုလေ့ရှိပါသည်။ ဆရာတော်၏ သံဃာတော်များအပေါ် စောင့်ရှောက်တော်မူပုံကို ဖော်ပြပါဦးအံ့။

၁၃၃၉ ခုနှစ် တန်ခူးလက မန္တလေးမြို့တောင်ပြင်၌ မီးအကြီးအကျယ် လောင်ကျွမ်းရာတွင် ဘုန်းတော်ကြီးကျောင်းများ မီးထဲ ပါသွားလေသည်။ မီးဘေးသင့်သည့် သံဃာတော်များမှာ စားဝတ်နေရေးအတွက် အခက်အခဲနှင့် တွေ့ကြုံတော်မူကြရကား လွန်စွာ ဆင်းရဲပင်ပန်းတော် မူကြရရှာလေသည်။ ထိုအခါ ဆရာတော်သည် ညီတော် နောင်တော် မီးဘေးသင့် သံဃာတော် (၂၅၀) ကျော်တို့အား ချက်ချင်းပင် မိမိ၌ရှိသမျှသော သင်္ကန်း၊ ထီး၊ ဖိနပ်၊ စောင်၊ မျက်နှာသုတ်ပဝါ၊ ဆပ်ပြာ၊ ဆန်၊ ဆီ၊ ဆား၊ ပဲ စသည်တို့ကို အချိုးကျ ခွဲဝေ လှူဒါန်းတော်မူသည်မှာ တန်ဖိုး(၆)သောင်းကျော်ခန့်မျှ ရှိလေသည်။

၁၃၄၂ ခုနှစ်က မန္တလေး အနောက်မြောက်ပိုင်း၌ လောင်သော မီးကြီးသည်ကား ကြက်သီးတုန်မျှ ကြောက်ဖွယ်လိလိ အလွန်ကြီးမားလှပါဘိသည်။ ထိုမီးကြီးလောင်ရာတွင် ဘုန်းကြီးကျောင်းတိုက်ပေါင်း (၁၅)တိုက်၊ ကျောင်းပေါင်း(၆၂) ကျောင်း မီးဘေးသင့်၍ သံဃာတော်ပေါင်း (၄၀၀)ခန့်တို့မှာ ဒုက္ခကြီးစွာ ရောက်တော်မူကြရလေသည်။ ထိုအခါကလည်း ဆရာတော်သည် မီးဘေးသင့် သံဃာတော်များအား နံနက် ပလာတာ ဆွမ်းဆက်ကပ်ပြီးလျှင် သံဃာတော်အစေ့ သင်္ကန်းဒွိစုံနှင့် ထီး၊ ဖိနပ်၊ ဆွမ်းဆန် စသည်တို့ကို အချိုးကျခွဲဝေပြီးလျှင် ၎င်း နယုန်လဆန်း ၂ ရက်နေ့က လှူဒါန်းတော်မူခဲ့သည်မှာ စုစုပေါင်း တန်ဖိုး (၉) သောင်းကျော်ဖိုးခန့် ရှိလေသည်။

http://www.dhammadownload.com

ရွှေလမင်း ဒကာမကြီး

ဤသတ္တမဆယ်နှစ် အခန်း၏အစ ၁၃၃၃ ခုတွင် ဆရာတော်ကြီး၏ သာသနာ့မိခင် ဆရာကြီး ဒေါ်ခမ္မစာရီ ဘဝနတ်ထံ ပြောင်းစံခြင်းဖြင့် စ,တင်ခဲ့သလို၊ ယခု ၁၃၄၃-ခုနှစ် ဆရာတော် သက်တော် (၇၀)ပြည့်ချိန် ဤအခန်းကို အဆုံးသတ်ရာတွင်လည်း ဆရာတော်အဖို့ မယ်တော်ကြီး တဆူပါပေဟု ခေါ်ဆိုနိုင်လောက်အောင် ဆရာတော်ကြီးအပေါ် မိခင်ရင်း တမျှ အလွန်မေတ္တာတရား အားကြီးလှသူ ရမည်းသင်းမြို့မှ ရွှေလမင်းဆေးလိပ်ခုံ ပိုင်ရှင် ဒကာမကြီးဒေါ်ဒေါ်တင် (အသက် ၉၂) ကွယ်လွန်ခဲ့လေသည်။

ဆရာတော်ကြီးသည် ထိုဒကာမကြီး ဒေါ်ဒေါ်တင်နှင့် ဝိနည်းသံဂါယနာတင်ချိန် ၁၃၁၆ ခုကပင် ဆရာ+ဒကာ ဖြစ်ခဲ့ရသည်။ ဆရာဒကာ ဖြစ်ကြပုံမှာ အလွန်ဆန်းကြယ်သည်။ ဒေါ်ဒေါ်တင်သည် ဆရာတော်ကြီး သံဂါယနာဝယ် ဖြေဆိုတော်မူနေပုံများကို မြန်မာ့အသံ ရေဒီယိုမှ နာကြားနေရလေရာ အလွန်ကြည်ညိုနေလေ၏။ ဒေါ်ဒေါ်တင်သည် ကြည်ညိုလွန်းအားကြီးသဖြင့် ဆရာတော်အား လူချင်း မတွေ့ဘူးပါပဲ စာရေး၍ စာတိုက်မှ စာထည့်ကာ ရမည်းသင်းမြို့သို့ ဆွမ်းစားပင့်လေ၏။ ထိုအခါက သံဂါယနာ ခေတ္တနားချိန်တွင် မန္တလေးမှ သံဃာတော်များ အထူးမီးရထားဖြင့် မည်သည့်နေ့၌ ပြန်ကြွမည်ကို ကြေငြာလေ့ရှိရာ၊ ဒေါ်ဒေါ်တင်သည် ထိုကြေငြာချက်ကိုကြည့်ပြီး ရမည်းသင်း ဘူတာမှ ဆီး၍ ဆွမ်းကပ်လိုကြောင်း စာရေး၍ ဖိတ်ခြင်း ဖြစ်၏။

ဆရာတော်သည် ဒေါ်ဒေါ်တင်၏ စာကို ရလျှင် မိမိနှင့် ဆွေမျိုးလည်းဖြစ်၊ ရန်ကုန် အနောက်ပိုင်းမှာ ဆေးလိပ်ခုံပိုင်ရှင်လည်းဖြစ်သူ ဦးပွအား ဆေးလိပ်ခုံသမားချင်း သိတန်ရာသည်ဟု ရမည်းသင်းမှ ဆေးလိပ်ပိုင်ရှင် ဒေါ်ဒေါ်တင်ကို သိသလား မေးရာ၊ အလွန်သဒ္ဓါတရားကောင်းတဲ့ အဒေါ်ကြီးပါဟု ဖြေ၏။ အရွယ်ကို မေးရာ အသက် (၆၀)ကျော်ပြီဟု လျှောက်လျှင်၊ ဆရာတော်က "ကဲ-ဒကာမကြီး ဒေါ်ဒေါ်တင်ထံမှ ဆွမ်းပင့်စာ လက်ခံရရှိကြောင်း စာပြန်ကွာ"ဟု စာအပြန်ခိုင်းလေ၏။

သံဂါယနာ နား၍ မန္တလေးသို့ အထူးရထားဖြင့် ပြန်ကြွရာတွင် ပဲခူးမြို့၌ ခေတ္တ ရပ်၏။ ထိုမှ ရထားသည် တောင်ငူမြို့တွင် တညအိပ်ပြီး တောင်ငူမှ မနက်စောစောထွက်ရာ ပျဉ်းမနားမြို့ ဘူတာသို့ ရထားဝင်လေရာ ထိုမြို့မှ အာရုံ ကပ်လှူကြ၏။ အာရုံ ဘုဉ်းပေးရန် ဆရာတော်သည် သင်္ကန်းရုံနေစဉ် ဘူတာတွင်းမှ ဒကာမကြီးတယောက် ရထားပေါ် တက်လာ၏။ ဆရာတော်သည် သင်္ကန်းရုံရာမှ ဦးခေါင်းဖွင့်၍ နှုတ်ဆက်တော်မူလိုက်သည်မှာ "ရွှေလမင်း ဒေါ်တင်လား"ဟု ဖြစ်ပါသည်။ ဒကာမကြီးကလည်း "ဟုတ်ပါဘုရား၊ မှန်ပါဘုရား"ဟု ပီတိသောမနဿ ရွှန်းရွှန်းဝေသော မျက်နှာဖြင့် လျှောက်ထားလေ၏။

မင်းကွန်းသို့ ပြန်ရောက်သောအခါ ဆရာတော်သည် မိမိ၏ သာသနာ့မိခင်ကြီး ဒေါ်ခမ္မစာရီအား "ပုဗ္ဗေဝသန္နိဝါသေန ဆိုတာလိုပဲ၊ ဆွမ်းစားပင့်တာက ရမည်းသင်း၊ တွေ့ကြတာက ပျဉ်းမနား ရထားတွဲပေါ်မှာ"၊ "ရမည်းသင်းမှ ရွှေလမင်း ဒေါ်တင် ဆိုတာ တခါမှ မတွေ့ဘူးပဲနှင့် နာမည် ခေါ်ပြီး နှုတ်ဆက်နိုင်တယ်။ ဘဝ အဆက်ဆက်က အမေများ တော်ခဲ့ဘူးတယ်နဲ့ တူပါရဲ့" ဟု ပြောပြလေ၏။

ဒေါ်ဒေါ်တင်သည် ဆရာတော်ကြီး မိုးမိတ်ကုန်းမြေကို ပြုပြင်ပြီး ဘုရားပွဲ စတင်သည့်နှစ်မှစ၍ လာလာသမျှသော ပရိသတ်ကို ဒိုင်ခံ ဆွမ်းကျွေးခဲ့သူ ဖြစ်၏။ ထို့ပြင် လှိုင်းလေကို အင်မတန်

http://www.dhammadownload.com

ကြောက်လွန်းလှသော်လည်း တိပိဋကဓရ ဆရာတော်ကြီးအား သံယောဇဉ် ကြီးမားလှသဖြင့် ငှက်လှေဖြင့် အသက်စွန့်ပြီး မင်းကွန်းသို့ အလှူအတန်းလာလုပ်ရှာပါ၏။ တနေ့သောအခါ ဆရာတော်ကြီးက "ဒကာမကြီး–မင်းကွန်း တောင်ရိုး နေရတယ်ဆိုတာ တောင်တွင်းကြီးကဂျိုး ပျဉ်းမနား စပါးတောသွားပြီး အစာရှာရသလိုပါပဲ"ဟု မိမိဒေသ၏ဆင်းရဲပုံကို ပြောပြမိလေရာ၊ ဒကာမကြီးမှာ အလွန်စိတ်မကောင်းဖြစ်ပြီးလျှင် ဆန် ဆီ မပြတ်အောင် ပေးပို့ လှူဒါန်းခဲ့ပါ၏။

ထို့ပြင် ဆရာတော်ကြီး တရားပွဲများဆက်၍ ပွဲဆက်များပြီး အပင်ပန်းခံလွန်းတော်မူသောအခါ ဒကာမကြီး ဒေါ်ဒေါ်တင်သည် မိခင်စိတ်ထားဖြင့် မရှုရက် မမြင်ရက်ဖြစ်ကာ "တရား အကြာကြီး မဟောပါနှင့် ဘုရား"ဟု လျှောက်ထားလျှင် ဆရာတော်ကြီးက ပြုံးရွှင်စွာဖြင့် မိခင်ကြီး စိတ်ချမ်းသာအောင် "အမေလိမ္မာက မွေးထားတဲ့သား လိမ္မာပါတယ်၊ ပင်ပန်းအောင် မဟောပါဘူးဗျ"ဟု ချိုသာစွာ မိန့်တော်မူခဲ့ပါ၏။

ဆရာတော်ကြီးအား ရမည်းသင်းမြို့က တိပိဋကဓရ ပူဇော်ပွဲ ပြုလုပ်ကျင်းပရာ ပူဇော်ပွဲအပြီးတွင် ထီး ဖိနပ် သင်္ကန်း အမြောက်အမြား အပူဇော်ခံ ဝတ္ထုများ ရရှိတော်မူလေရာ၊ ဒေါ်ဒေါ်တင်က "ဒီပစ္စည်းများ မင်းကွန်း ရောက်အောင် ယူဆောင်မယ်"ဟု စီစဉ်လျှင်၊ ဆရာတော်ကြီးက "ဒကာမကြီး၊ ဦးဇင်းတို့ သာသနာက မင်းကွန်းမှာသာရှိတာ မဟုတ်ပါဘူး"ဟု မိန့်တော်မူ၏။ ထို့နောက် ရမည်းသင်းမြို့ရှိ စာသင်သဲ့ဟာတော်များအား လိုက်၍ လှူဒါန်းတော်မူခဲ့ပါသည်။

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဆရာတော်ဘုရားကြီး၏ အဋ္ဌမဆယ်နှစ် နိဋ္ဌံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ အောက်လုပ်လျှဒါန်းတော်မူခြင်း ဖြစ်တော်စဉ် (၁၃၄၃-ခုမှ ၅၃-ခု အထိ)

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် လွန်ခဲ့သော အနှစ် ၂၀၊ သက်တော် (၅၀) အရွယ်ကပင် ကျမ်းဂန်အရ လူ့ဘဝကို အရွယ်(၁၀)ပါးဖြင့် ဝိုင်းခြားတော်မူကာ ပညာထက်သော ပညာဒသက အသက် (၅၀) အရွယ်မှသည် အသက်(၈၀)အရွယ် ဝက်ဒသက (တနည်း-ကုဋိလဒသက ခေါ် ကိုင်းညွတ် ခါးကုန်းသောအရွယ်) အထိကိုသာ "ကုသိုလ် ပြုလုပ်ရေး အတွက် လူပ်လှုပ်ရှားရှား လုပ်ကိုင်သွားလာနိုင်တာက ပညာဒသကဆိုတဲ့ အသက် ၅၀ အရွယ်မှ အသက် ၈၀ အထိမျှသာ ရှိတော့တယ်။ အဲဒီ အရွယ်ဟာ သာသနာတော်မြတ်ကြီး တိုးတက်ကြီးပွားဖို့ စစ်မှန်သော ကုသိုလ်စိတ်ဖြင့် လူပ်ရှားသွားလာနိုင်တဲ့ အရွယ်ဖြစ်တယ်၊ ဒီသဘောတရားကို စဉ်းစားမိလို့ ဘုန်းကြီးတို့ဟာ သာသနာတော်ရေး အတွက် မနေမနား သွားလာလှုပ်ရှားနေရခြင်း ဖြစ်တယ်"ဟု မိန့်ကြားတော်မူခဲ့ဘူးပါသည်။ အထက်ပါ မိန့်ကြားတော်ချက်အရဆိုလျှင် ယခု ရေးလတ္တံ့သော ၁၃၄၇ ခုမှ ၁၃၅၃ ခုအထိသော ကာလသည် ဆရာတော်ဘုရားကြီး၏ သက်တော်(၇၀)ပြည့်မှသည် သက်တော်(၈၀)ပြည့် ကာလအတွင်းဖြစ်ရကား ဆရာတော်ဘုရားကြီး၏ သာသနာတော်အတွက် လူပ်လှုပ်ရှားရှား မနေမနား လုပ်ဆောင်တော်မူတော့မည့် နောက်ဆုံး ဆယ်နှစ်တာကာလပါတကား-ဟု ကြိုတင်မှန်းဆထားရမလို ဖြစ်နေပါသည်။

ဆရာတော်ကြီးသည် သက်တော် ၆၇ နှစ်၊ ၆၈ နှစ်ကပင် မိမိ၏ အရွယ်ကို ပစ္ဆိမအရွယ်၊ အိုမင်းသောအိုပိုင်းသို့ ရောက်သောအရွယ်ဟု ဆင်ခြင်မိတော်မူသည့်အတိုင်း သီလပေးအကျယ်တရားများကို ထိုစဉ်က တရားပွဲတိုင်း၌ ဟောကြားတော်မူရာတွင် ရှေးကလို ပါဠိသိပ်မထည့်တော့ပဲ မြန်မာစကားလုံးများများသုံးပြီး ဟောတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ထို(၆၇)နှစ် (၆၈)နှစ် အရွယ်တွင် ကိုယ့်ရပ်ခွင် ကိုယ့်ဌာနဖြစ်သော ဓမ္မနာဒနှင့် မင်းကွန်း မိုးမိတ်တို့တွင် သီတင်းသုံးနေတော်မူပြီး စာသင်စာချပြုတော်မူချင်သောစိတ် ဖြစ်ပေါ်နေခဲ့၏။ မိမိ စုဆောင်း ရှာဖွေထားသမျှကို ဓမ္မအမွေပေးခဲ့ချင်သေး၏။ ယခုကား အာမိသအမွေဟု ဆိုနိုင်သော ပစ္စည်းလေးပါးဖြင့် နိကာယ်ဆောင် စာသင်သံဃာတို့ကို ထောက်ပံ့ စောင့်ရှောက်နေရပါသဖြင့် ဆရာတော်ကြီးစိတ်၌ မရောင့်ရဲ အားမရ

http://www.dhammadownload.com

မတင်းတိမ်နိုင်ပါ။ ဓမ္မအမွေ ပရိယတ် စာပေ အမွေများကို ပေးမည်ဟု စိတ်အားတင်းခါ တကိုယ်တည်း ကြံစည်တော်မူခဲ့ပါသည်။

ထို့ပြင်လည်း ဆရာတော်ကြီးသည် အရည်ဝါသီ တော်ရုံမှီလိုသော စိတ်ဆန္ဒတော် ကလည်း ငယ်စဉ် ကိုရင်ဘဝကပင် ရှိတော်မူခဲ့သည်ဖြစ်ရာ မြို့များစွာ၌ သီတင်းသုံးနေထိုင်တော်မူရသော်လည်း မပျော်မွေ့ မနှစ်ခြိုက်ပါ။ သို့ကြောင့် ဆရာတော်သည် မန္တလေးမြို့၌ ညတရားပွဲ ဘယ်အချိန်ပြီးပြီး မင်းကွန်း တဖက်ကမ်းသို့ ဖြစ်သည့်နည်းဖြင့် ပြန်ကြွတော်မူပါသည်။ ရန်ကုန်သို့ ကြွတော်မူရာတွင်လည်း (၂)ရက်ခန့်ကြာ၌ အလုပ်လုပ်ရန် ရက်မရှိ၍ လစ်လပ်နေလျှင် မင်းကွန်းသို့ ပြန်ကြွတော်မူတတ်ပါသည်။ တိပိဋကဓရ ဖြစ်တော်မူချိန်တွင် တတိုင်းပြည်လုံးက ပူဇော်ပွဲတွေ ချိမ့်ချိမ့်သဲ ကျင်းပကြရာတွင် ဆရာတော်ကြီးက လက်နှစ်ဖက် စုံမြှောက်လျက် "တော်ကြပါတော့ ဒကာကြီးတို့"ဟု ပူဇော်ပွဲ ကျင်းပရေးအဖွဲ့များကို တောင်းပန်ရာ၌ ထိုစဉ်က ဆရာတော် ညည်းခဲ့သည့် သဖြန် ကလေးမှာပင် "ကိုယ့်ကျောင်းနှင့် ကိုယ့်ရပ်ခွင်၊ နေချင်လျက် မနေရ။ ပူ–အအေး၊ ယှက်ထွေးကာ ဒဏ်ခံလို့။ စုန်–အဆန် မြန်းရတဲ့ ခရီးမှာ (ကွယ်)၊ ကြီးတဲ့ဒုက္ခ"–ဟု စပ်ဆိုရာ၊ ကိုယ့်ကျောင်းနှင့် ကိုယ့်ရပ်ခွင် နေချင်ကြောင်း ပါရှိလေ၏။ ဆရာတော်၏ ကျောင်း ဆရာတော်၏ အရပ်ဖြစ်သော မင်းကွန်း တောင်ရိုးကား တောခေါင်ခေါင် အရပ်သာ ဖြစ်၏။ ဤမျှ ဆိတ်ညံသော တောကြီး အလယ်သို့ ကိုရင် ဘဝကတည်းကပင် နတ်တို့ ပို့ဆောင်၍ ရောက်ရပေတယ်ဟု ထင်မှတ်ခဲ့သော ဆရာတော်အဖို့ တောရဆောက်တည်လိုစိတ် မည်မျှ အားကြီးတော်မူမည်ကို တွေးဆကြည့်စေလိုပါသည်။

ဆရာတော်ကြီး ရဟန်းဝါ (၉)ဝါရ အစိုးရစာချုပ်တန်း အောင်တော်မူစဉ်က ဆရာတော်နှင့် တွေ့ဆုံခဲ့ဖူးသူ စာရေးဆရာကြီး ရွှေစကြာ ဦးစိုးမြင့်က သူ့ဆောင်းပါး တနေရာတွင် "ဦးဝိစိတ္တကား အရည်ကတောရ ပုဂ္ဂိုလ်ပီပီ ယောဂါဝစရ တောနေရဟန်းစိတ်မျိုး သက်ဝင် ကျက်စားလျက် မာန်မာန အလျဉ်းမရှိ၊ မိမိ (ဦးဝိစိတ္တ)၏ စာသင်ခြင်းကို သံသရာဝဋ်မှ ထွက်မြောက်ကြောင်း သင်ခြင်းမျိုး ဖြစ်အောင် အမြဲနှလုံးပြုခဲ့၏"ဟုပင် ရေးသားထားပေရာ၊ ထိုစဉ်အခါကပင် ဆရာတော်ကြီး၏ တောရဆောက်တည်နေလိုစိတ်မှာ ထင်ရှားခဲ့ပေ၏။

ထို့ပြင် ပါဠိတော် သံဂါယနာတင်ပွဲအပြီးတွင် ဆရာတော်ကြီး၏ မျက်နှာတခြမ်းတွင် ထုံကျင်သော ဝေဒနာ စွဲကပ်တော်မူရာတွင် သတင်းစာတစောင်တွင် ထိုဝေဒနာမျိုးကို အလွန်ဆိုးသော ဝေဒနာကြီး သဘောသက်ရောက်အောင် ရေးသားထားလေရာ၊ ဆရာတော်သည် ထိုသတင်းစာမှ ဆောင်းပါးကို ဖတ်ပြီးနောက် ကျောင်းသခင်မ်းအတွင်း တပါးတည်း သီတင်းသုံး နေတော်မူခဲ့၏။ ဆရာတော်ထံ ထိုထုံကျင်နာအတွက် ဆေးဝါးကုသပေးရန် ဆရာဝန်ကြီး ဦးသာလှ ရောက်ရှိလာသောအခါ ဆရာတော်က ဆရာဝန် ဒကာကြီးအား ထိုသတင်းစာကို "ရော့ ဖတ်ကြည့်ပါ" ဟု ပေး၍ဖတ်စေ၏။ ဆရာကြီးကား ထိုသတင်းဆောင်းပါးကို ဖတ်ပြီးသည့်ပြင် ဆရာတော်စိတ်၌ ဖြစ်တော်မူနေသော အခြေအနေကိုလည်း ရိပ်မိပြီဖြစ်ရာ ဆရာတော်ကြီးအား လက္ခဏာတူ ရောဂါကွဲ၊ ရောဂါတူ လက္ခဏာကွဲ ဟူသော ရောဂါဗေဒဆိုင်ရာ သဘောတရားနှစ်ရပ်ကို ဆေးပညာနည်းဖြင့် ရှင်းလင်းပြီးလျှင် ထိုရောဂါမျိုး မဟုတ်ကြောင်း လျှောက်ထားပါမှ ဆရာတော်ကြီးမှာ စိတ်သက်သာရရှိပြီး၊ မိမိ၏ ဝေဒနာသည် လူသိ လူမြင်၍ မတော်သော ဝေဒနာဟု စွဲမှတ်တော်မူခဲ့သဖြင့်၊ မိမိသည် ယခင်က တောရနေလိုစိတ် ပြင်းပြခဲ့ရကား ယခု ဤဝေဒနာကို ကုသ၍ မရ၊ ဆိုပါက တပါးတည်း တောရခိုမှီးတော့မည်ဟု မိန့်တော်မူလေ၏။ ဆရာဝန်ကြီးက

http://www.dhammadownload.com

"အားလုံးရဲ့ မျက်စိအမြင်ထဲမှာ (၄)လအတွင်းမှာ ပကတိ အခြေအနေကို ရောက်မယ်၊ အမြစ်ပြတ် ပျောက်ဖို့ကတော့ နှစ်ပရိစ္ဆေဒ ကြာမယ် ဘုရား"ဟု လျှောက်ထားပြီး ကုသပေးရာ ရာခိုင်နှုန်း တစ်ခွဲ လောက်သာရောဂါအခြေအနေကျန်ခဲ့၍ ထိုထုံတဲ့ သဘော ပျောက်ခဲ့လေ၏။ ဤတွင် ဆရာတော်ကြီး၏ တောရမှိုခိုလိုသောဆန္ဒ ပျက်ခဲ့ရလေသည်။

ယခု သက်တော် (၇၀) ပြည့်ချိန်တွင်မူ ဆရာတော်ကြီးသည် အသက်အရွယ် ကြီးလာသည် တကြောင်း၊ တောရ နေလိုစိတ် ပြင်းပြသည် တကြောင်းတို့ကြောင့် မိမိ၏ ကျောင်းခွင်၌ နေလိုသောဆန္ဒ ကိန်းဝပ်ပါသော်လည်း၊ သာသနာ့တာဝန်က ချမှတ်စေခိုင်းသောအခါ၌ကား အရွယ်ကိုလည်း မည်ာနိုင်၊ မိမိ၏ စိတ်ဆန္ဒအလိုကိုလည်း မလိုက်နိုင်တော့ပဲ သက်တော်(၇၀)အရွယ် ရှိကာမှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ချုပ်အဖြစ် သာသနာ့ တာဝန်များကို ထမ်းဆောင်တော်မူရင်း သာသနာ့လုပ်ငန်းကို မမောမပန်းနိုင် လုပ်ဆောင်တော်မူရပြန်ပါတော့သည်။

ဂိုဏ်းပေါင်းစုံ ညီညွတ်စေရန် ဆောင်ရွက်ရသည်မှာ လွန်စွာခက်ခဲပြီးလျှင်၊ ညီညွတ်စုဝေးမိပြီဖြစ်သော ဤသံဃအဖွဲ့အစည်း သာသနာတော်ကြီး သန့်ရှင်းတည်တံ့ အရှည်ခံ၍ ပြန့်ပွားဖို့ အရေးသည်ကား သာလွန်၍ ခက်ခဲလှပါသည်။ အနည်းငယ်မျှ တိမ်းစောင်း လွဲချော်၍ မရပေ။ တစ်ချက်မျှ ယိမ်းသွားလျှင် သာသနာတော်ကြီး တိမ်းပါးနိုင်ပေသည်။ သို့စင်မျှလောက် အရေးကြီးလှသော သာသနာ့ကိစ္စ၌ ဆရာတော်ကြီးသည် တာဝန်လေးလှသော အကျိုးတော်ဆောင်ချုပ် နေရာမှ ကြွကြွခိုင်ခိုင် သာသနာ့တာဝန်ကို ထမ်းရွက်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် "ဗုဒ္ဓသာသနာ နဂ္ဂဟ ဝိသိဋ္ဌ ဝိနယဓရ မဟာဝိနယကောဝိဒ"ဟု ဆိုအပ်သော ဝိနည်းဘာသာ စာပြန်ပွဲတို့တွင် အဆင့်အမြင့်ဆုံး ဘွဲ့တော်ကို ရရှိတော်မူပြီး၊ ဆဋ္ဌသံဂါယနာတင်တော်မူစဉ်က ဝိနည်းဆောင် အရှင်ဥပါလိ မထေရ်ပမာအလား ဝိနယပိဋကဓာ၏ ဝိဿဇ္ဇနာ ပုဂ္ဂိုလ်လည်း ဖြစ်တော်မူပေရာ၊ အန္တေဇာဇာ ဗဟိဇာတွင်းပြင်နှစ်ဖြာ ရှုပ်ထွေးလှစွာသော ပါရာဇိကအမှု၊ ကျောင်းကန်လှမှု၊ ဓမ္မ-အဓမ္မ ငြင်းခုံမှု စသော တစ်ခုမက များပြားလှစွာသော သာသနာ့ရေးရာများစွာသော အမှုအခင်းတို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ တိုက်ရိုက်တနည်း သွယ်ဝိုက်ကာ တမျိုး ကြီးသေးမျိုးစုံ ဆိုက်ရောက်လာလေလျှင် အကျိုးဆောင်ချုပ်ဖြစ်တော်မူသည့်အလျောက် ဆင်းရဲပင်ပန်းကြီးစွာ ဦးဆောင်ဖြေရှင်းပေးတော်မူရသည်။ ယင်းသို့ ဖြေရှင်းရသည်မှာ တနေ့မဟုတ် တလမဟုတ်။ တမှုမဟုတ် နှစ်မှုမဟုတ်။ နေ့ရက်ပေါင်း မရေမတွက်နိုင်သလို အမှုပေါင်းသည်လည်း မရေမတွက်နိုင်တော့ပေ။

နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးမှာလည်း ဖွဲ့စည်းကာစ အဖွဲ့သစ်မျှသာ ဖြစ်သေးသဖြင့် လုပ်ထုံးလုပ်နည်း နည်းဥပဒေများမှအစ ပြဋ္ဌာန်းရန်ရှိသော ဥပဒေများစွာကိုလည်း မပြတ်အစည်းအဝေးများ ကျင်းပကာ ပြဋ္ဌာန်းခြင်း၊ အတည်ပြုခြင်း၊ ဆွေးနွေးတိုင်ပင်ကာ ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်တော်မူရပါသည်။ သို့ပါ၍ ထိုအချိန်ကဆိုလျှင် ဆရာတော်ကြီးသည် မင်းကွန်း၊ မန္တလေးတို့မှာလည်း သီတင်းမသုံးရပဲ၊ ရန်ကုန်မှာပင်လျှင် မိမိ သီတင်းသုံးနေကျ တိပိဋကကျောင်းတော်သို့ပင် မကြွနိုင်ပဲ ကမ္ဘာအေးကုန်းမြေဓမ္မဒီပဆောင်မှာသာ သီတင်းသုံးတော်မူရင်း နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ တာဝန်များကို

http://www.dhammadownload.com

ထမ်းဆောင်တော်မူခဲ့ပါသည်။ မည်သည့် အသင်းအဖွဲ့၌မဆို အကျိုးဆောင်ချုပ် (အတွင်းရေးမှူးချုပ်) စသည့် တာဝန်သည် အကြီးလေးဆုံး၊ တာဝန်အရှိဆုံးနေရာမျိုးဖြစ်လေရာ ဤတာဝန် ဤနေရာက ဆောင်ရွက်ရသူ ပုဂ္ဂိုလ်မှာ လွယ်လင့်တကူ ဆောင်ရွက်ရန် မဖြစ်နိုင်။ ဤအကျိုးတော်ဆောင်ချုပ်ဟူသော သာသနာ့တာဝန်ကို ထမ်းရွက်ရာဝယ် ဆရာတော်သည် "အကျွောဓနေ ဇိနေ ကောဓံ"ဟူသော အမျက်ထွက်သူကို အမျက်မထား မေတ္တာပွားခြင်းဖြင့် အောင်နိုင်မှုရအောင် ပြေလည်မှုရအောင် ဆောင်ရွက်ခဲ့ခြင်းကြောင့် ဆရာတော် ဆောင်ရွက်သမျှ ပြေလည်သည်ချည်းဖြစ်ခဲ့၏။

ဆရာတော် သီတင်းသုံးတော်မူရာ မင်းကွန်းတောင်ရိုး၌ ရှေးအခါက ရွှေကျင်ဂိုဏ်းမှ သံဃာတော်များ၊ သုဓမ္မာဂိုဏ်းက သံဃာတော်များ၊ ပါဠိတော်ဂိုဏ်းမှ သံဃာတော်များ၊ ၄က်တွင်းဂိုဏ်း စသည်ဖြင့် ဂိုဏ်းအမျိုးမျိုးမှ သံဃာတော်အရှင်မြတ်များ စုဝေးကာ သီတင်းသုံးတော်မူကြရာ၊ ဆရာတော်သည် သုဓမ္မာဂိုဏ်း အစဉ်အဆက်ဖြစ်သော်လည်း ကျန်ဂိုဏ်း အသီးသီးမှ ဆရာတော်ကြီးများအား မိမိ၏ ဥပဇ္ဈာယ်ဆရာအလား အလွန်ရိုသေစွာ ဆက်ဆံတော်မူပါသည်။ မဟာဗုဒ္ဓဝင်ကျမ်းကြီး ရေးတော်မူစဉ်က အကြောင်းအရာတခု ရှာမတွေ့ရာ ရွှေကျင်ဂိုဏ်း၏ ကျက်သရေဆောင် ပတ္တမြား ဆရာတော်ဘုရားကြီးထံ ချဉ်းကပ်၍ မေးလျှောက်တော်မူရာ၊ မဆိုင်းမတွပင် ဘယ်မှာရှိပါသည်ဟု မိန့်တော်မူလိုက်သည်ဟူ၏။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကလည်း ပတ္တမြား ဆရာတော် စာတတ်ကြောင်း၊ လျှောက်ထားမေးမြန်းတိုင်းရကြောင်း၊ ကျန်းဂန်နှံ့စပ်ကြောင်းတို့ဖြင့် စကားစပ်မိတိုင်း ချီးကျူးလေ့ရှိပါသည်။ ဤအကြောင်း အဘိဓဇ ရွှေဟင်္သာ ဆရာတော်ကြီး၏ ရွှေကျင်နိကာယ သာသနာဝင် (စာမျက်နှာ-၄၃၈)မှာ ဖော်ပြထား၏။

တဖန် မင်းကွန်းတောင်ရိုး ရန်ကင်းချောင်၌ သီတင်းသုံးတော်မူသော ရန်ကင်းဆရာတော်ဘုရားကြီးနှင့်လည်း အလွန်သင့်မြတ်တော်မူရာ၊ တခါက ရန်ကင်းဆရာတော်ကြီးက ဆရာတော့်အား "မောင်ပဉ္စင်း-တေမိယဇာတ်တော်မှာ တေမိယ မင်းသားဟာ ၁၅ နှစ် ၁၆ နှစ်လုံးလုံး အ အကြီး လုပ်နေပြီးတော့ သုဿန်ထုတ်သတ်မယ်လုပ်တော့မှ သူက သုနန္ဒာ ရထားမှူးအား ခင်ပွန်းကြီး ၁၀ ပါး တရားတွေ ဟောနိုင်တာ ဘယ်လိုမှတ်ရပါမည်လဲ"ဟု မေးတော်မူရာ၊ "အလောင်းတော်ကြီးများ၏ ပါရမီ ပဝိစယဉာဏ် ဆိုတာ ဒါမျိုးပါပဲ ဘုရား"ဟု လျှောက်ထားလျှင် "ကောင်းလိုက်တာ ကိုယ်တော်၊ တပည့်တော် ဒီဉာဏ်ကို သဘောမပေါက်ဘူး"ဟု အမိန့်ရှိတော်မူပါသည်။ ထိုရန်ကင်းဆရာတော်ကြီးအား ဆဋ္ဌသံဂါယနာတင်စဉ်က ရန်ကုန်သို့ လေယာဉ်ဖြင့် ပင့်ရာတွင် ရန်ကင်း ဆရာတော်ကြီးသည် ဗုဒ္ဓါနုဿတိဘာဝနာကို အစဉ်အားထုတ်နေသော ပုဂ္ဂိုလ်ဖြစ်ရာ "မြေပြင်မှာတော့ ဗုဒ္ဓါနုဿတိဘာဝနာ ပွားဖူးပါရဲ့၊ ခုလို ကောင်းကင်ယံမှာတော့ မောင်ပဉ္စင်း ကျေးဇူးကြောင့် ဒီတကြိမ်သာ ပွားများဖူးပါတယ်"ဟု မိန့်တော်မူ၏။ ရန်ကုန်သို့ ရောက်ကြလျှင် တိပိဋကဓရ ဆရာတော်က မိမိနှင့်အတူ သာသနာ့ရိပ်သာမှာပင် သီတင်းသုံးစေတော်မူရာ၊ ထိုဌာနသို့ အဘိဓဇ စံကင်းဆရာတော်ကြီးပါ မထင်မှတ်ပဲ ကြွလာပြီး အတူတကွ သီတင်းသုံးပါသဖြင့် ဆရာတော်မှာ ဝတ်ကြီး ဝတ်ငယ် ပြုစုခွင့် ရရှိခဲ့လေသည်။

ယခု ရွှေကျင်သာသနာပိုင် ဖြစ်တော်မူသော အဘိဓဇ ရွှေဟင်္သာ ဆရာတော်ဘုရားကြီးက ဆိုလျှင် မင်းကွန်းတိပိဋကဓရ ဆရာတော် အပေါ်၌

http://www.dhammadownload.com

ညီထွေးပမာအလား တွယ်တာစိတ် ကြီးမားလှပါသည်။ မင်းကွန်း တိပိဋကဓရ ဘဒ္ဒန္တဇော်၏ အောင်မြင်မှုများ အပေါ်တွင်လည်း ဂုဏ်ယူမဆုံး ရှိတော်မူပါသည်။ မလွန်ဆန်လှူ အသင်းကြီးက ကျင်းပသော ဒွေရတုပူဇော်ပွဲကြီးတွင် မိန့်ကြား တော်မူခဲ့သော ရွှေဟင်္သာ ဆရာတော်ကြီး၏ ထုတိမဂ််လာ စာတမ်း၌ "ဆရာတော် အရှင် ဝိစိတ္တ သာရာဘိဝံသသည် မြတ်စွာဘုရား ဟောကြားတော် မူသမျှ နိကာယ်ငါးရပ်, ပိဋကတ် ဓမ္မကွန္ဓာတို့ကို ဆောင်ရွက် ကျင့်သုံး အားထုတ်တော်မူသော ဘုရား သားတော် ဘုရားမျိုးနွယ် ဖြစ်တော်မူသောကြောင့် ဘုရားသားတော် ဖြစ်ကြကုန်သော ဘုန်းကြီးတို့ တတွေသည်လည်း ဘုရားမျိုးနွယ်ပင်ဖြစ်ကြပေတယ်၊ သာသနာ့ဝေါဟာရအားဖြင့် အရှင်ဝိစိတ္တသာရာ ဘိဝံသနှင့် တမျိုးတနွယ်တည်း အဖြစ်ဖြင့် မြန်မာ နိုင်ငံတွင် ဒို့အမျိုးထဲက "တိပိဋကဓရ ဓမ္မ ဘဏ္ဍာဂါရိက, ဘုရားတရားတော် ဘဏ္ဍာစိုး အဖြစ် ဖြင့် ပဌမဦးဆုံး ပေါ်ပေါက်ထွန်းကားခဲ့သော ပုဂ္ဂိုလ် ဖြစ်ပေသည်"ဟု ဘုန်းကြီးတို့က အရှင် ဝိစိတ္တသာရာဘိဝံသကို အကြောင်းပြု၍ ဂုဏ်ယူကာ ဘုန်းကြီး၏ ထုတိမဂ််လာကို နိဂုံးချုပ်လိုက်ပါ သတည်း"ဟု ရွှေဟင်္သာကြီးသည် သာသနာ့ ဆွေမျိုးတော်စပ်ကာ ဂုဏ်ယူတော်မူခဲ့ပါသည်။ ဆရာတော်သည် ရွှေကျင်ထိပ်သီးဆိုသော ဆရာတော် ကြီးများနှင့် ရှေးအခါကစ၍ပင် သင့်မြတ်အောင် နေထိုင်ကျင့်သုံးတော်မူခဲ့ပါသည်။ ထို့ပြင် အလွန် ထူးခြားချက်တစ်ရပ်မှာ ဆဋ္ဌသံဂါယနာတင်စဉ်က တိပိဋကဓရဆရာတော်၏ မေတ္တာရပ်ခံချက် ကြောင့် မင်းကွန်းတောင်ရိုးမှ သုဓမ္မာ+ရွှေကျင်+ပါဠိတော် ဟူသော ဂုဏ်းပေါင်းစုံမှ ဆရာတော်ကြီးများ စုဝေးကာ ဝိနယမဟာဝဂ္ဂသံဂီတိကာရကအဖွဲ့ ဖွဲ့စည်း၍ စုပေါင်းကာ မဟာဝါပါဠိတော်ကို သုတ်သင်တည်း ဖြတ်တော်မူခဲ့ခြင်း၊ တဖန် နှုတ်လွှတ်ပြန် ဝိနယဓရ ဝဂ္ဂဘာဏက အာဂုံဆောင်ရာမှာလည်း ဆရာတော် ကပင် အခြား ဆရာတော်ကြီးအား အာဂုံဆောင် ကျက်တော်မူပါဘုရားဟု တိုက်တွန်းရာ ဆရာတော် ကြီးများကလည်း ကျက်တော်မူကြခြင်း-စသည့် အချက်တို့မှာ မင်းကွန်းတိပိဋကဓရ ဆရာတော်၏ ဂုဏ်းပေါင်းစုံ သံဃာတော်များ စည်းလုံးညီညွတ် ရေးအတွက် ရှေ့ပိုင်းက ဆောင်ရွက်တော်မူခဲ့သော အချက်များပင် ဖြစ်ပါသည်။ ထိုစဉ်က မင်းကွန်းရှိ မကျည်းဖြူချောင် ဆရာတော်ကြီး ဦးဓမ္မသည် မဟာဝါကို ကျက်ရာ၊ ကျက်ပြီးသောစာများ မေ့တော် မူပါသဖြင့် "တိပိဋကဓရ ဆရာတော်လေးဟာ ငါ့ထက် ငယ်ချင် ငယ်ပါစေကွာ၊ ငါတော့ ဒီဆရာတော်လေးရဲ့ ဉာဏ်ကို ကြည်ညိုတာနဲ့ ဘီရိထဲထည့်ပြီး ရှိခိုးရမှာပဲ"ဟုပင် အဖန်ဖန် ချီးကျူး တော်မူခဲ့ဘူးပါသည်။

တဖန် ဒွါရသာသနာပိုင် ဖြစ်တော်မူသော ဟင်္သာတဖြို့၊ ရေတံခွန် ဆရာတော်ဘုရားကြီးက "တိပိဋကဓရ ဆရာတော်ကို ရဟန်းရှင်လူ အားလုံးက ကြည်ညိုရာတွင် ရဟန်းများက ကြည်ညိုကြသည့် အကြောင်းရင်းမှာ မဟာဗုဒ္ဓဝင်ကျမ်းကြီးကို လိုလေသေးမရှိအောင် ပြည့်စုံအောင် ရေးသားတော်မူ၍ဖြစ်ကြောင်း၊ လူဒကာ ဒကာမများက ကြည်ညိုကြခြင်းမှာ စာမျက်နှာ ၇၀၀၀ ကျော်ရှိသော ပိဋကတ် ၃-ပုံ ကျမ်းရင်းများကို အာဂုံဆောင်နိုင်ပြီး အဋ္ဌကထာ+ဋီကာ+နိဿယ အစုံရှိသည့် ကျမ်းကြီး များကိုလည်း ထုံးလိုမွှေရေလိုနောက်ကာ ဂုဏ်ထူး နှစ်ဆင့်ဖြင့် အောင်မြင်ခဲ့သဖြင့် ကြည်ညိုကြခြင်း ဖြစ်သည်"ဟုပင် ခွခြား၍ မိန့်ကြားချီးကျူးပါသည်။

ဤသို့လျှင် ဆဋ္ဌသံဂါယနာခေတ် အပါ အဝင် ရေးခေတ်အခါကပင် ဂုဏ်းပေါင်းစုံမှ ဆရာ

http://www.dhammadownload.com

တော်ဘုရားကြီးများနှင့် ညီညွတ်သင့်တင်အောင် ဆက်ဆံနေထိုင်တော်မူနိုင်ခဲ့သဖြင့် ယခုလို ဂိုဏ်းပေါင်းစုံ သံဃမဟာနာယက ခေတ်ကြီးဌာနကား ဆရာတော်သည် သာသနာ့ကျွန်ဟု မိမိကိုယ်ကို ခံယူခဲ့သည့်အတိုင်း သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် တာဝန်ကို ကျေပွန်အောင် ထမ်းရွက်တော်မူရင်း မည်သူနှင့်မဆို သင့်တင်အောင် ဆက်ဆံနေထိုင်တော်မူခဲ့ပါသည်။

ဤသို့ စိတ်ထားပျော့ပြောင်းမှုနှင့် စပ်၍-ဆရာတော်ကြီးသည် မိမိ၏ သက်တော်(၇၀)ကျော် အရွယ်၌ ကျင့်သုံးဆောက်တည်တော်မူခဲ့သော စိတ်နေစိတ်ထားကို မဟာစည်သာသနာ့ရိပ်သာ နာယကများ အစည်းအဝေး၌ အောက်ပါအတိုင်း မိန့်ကြားတော်မူခဲ့ပါသည်။

"တပည့်တော်တို့ ယနေ့ လူ့ဘဝ သက်တမ်းမှာ အလုပ်လုပ်နိုင်တဲ့ နှစ်ပိုင်းကိုတွက်လျှင် (၄၀)နှစ်ကစပြီး (၇၀)နှစ်အထိ-ဒီနှစ်ပေါင်း (၃၀)ပဲတပည့်တော်တို့ လုပ်သက်ရှိကြပါတယ်၊ ဒီလုပ်သက်ခေါ်ရမည့် နှစ်ပေါင်း(၃၀)လည်းပဲ တာဝတိံသာနတ်သက်နဲ့ ရေတွက်လျှင် (၁)နာရီလောက်ပဲ ရှိမယ်။

"ဒီအချိန်တိုကလေးအတွင်းမှာ တစ်ဦးနှင့် တစ်ဦး ဆန့်ကျင်ဖက် မညီမညွတ်ဖြစ်နေကြလျှင် တပေါသုခကို ရလို့မဖြစ်ဘူး၊ ဒီတော့ ဘာပဲပြောပြော ဒီအချိန်တိုကလေးအတွင်းမှာ တပေါသုခကို ရအောင်ယူမယ်။ ယူတဲ့နေရာမှာ မိမိထက်ကြီးတဲ့ ပုဂ္ဂိုလ်ပဲဖြစ်ဖြစ်၊ မိမိအောက်ငယ်တဲ့ ပုဂ္ဂိုလ်ကပဲဖြစ်ဖြစ် မိမိအား ဆန့်ကျင်စကားပြောကြားလာလျှင် အဲဒီကြီးတဲ့ ပုဂ္ဂိုလ်ကို တိုက်ရိုက်ခဲ့ခိုး လက်အုပ်ချီမိုးရှိခိုးပြီး "သည်းခံတော်မူပါ ဘုရား"လို့ ဆိုပြီး တောင်းပန် စကား လျှောက်ထားလိုက်မယ်၊ တောင်းပန်ရင် အတောင်းပန်ခံရတဲ့ ပုဂ္ဂိုလ်ရဲ့ စိတ်ထဲမှာ တစ်ခါတည်း ကျေနပ်သွားလိမ့်မယ်။

အကယ်၍ မိမိရဲ့ ဆန့်ကျင်ဖက်ပုဂ္ဂိုလ်သည် မိမိအောက် အသက်ငယ်သူဖြစ်လျှင် တပည့်တော်တို့ ဒေသနာကြားတဲ့အခါ ထေရ်ကြီးက ထေရ်ငယ်အား တိုက်ရိုက်လက်အုပ်မချိပဲ လွှဲပြီး လက်အုပ်ချီ၍ ဒေသနာကြားသလို လက်အုပ်ကို လွှဲချိပြီး "အရှင် ဘုရား.... တပည့်တော် မှားတာရှိရင်သည်းခံတော်မူပါ"အဲဒီလို လက်အုပ်ချီမိုး တောင်းပန်လိုက်မယ်-လို့ ဆောက်လည်းဆောက်တည်ထားတယ် ဘုရား၊ အကယ်၍ ဆန့်ကျင်ဖက်တွေ့လျှင်လည်းပဲ ထိုအတိုင်း ကျင့်ပါတယ်။

အဲဒီလို ဆောက်တည်ကျင့်သုံးတဲ့အတွက် တပည့်တော်အဖို့ ပဌမဦးစွာ စိတ်နလုံးချမ်းသာမှုဟာ လက်တွေ့ဖြစ်လို့ တပည့်တော်ရဲ့ ဩဝါဒအနေနဲ့ တပည့်တော်တို့ဆိုင်ရာ သာမဂ္ဂိသုခနှင့် တပေါ သုခကို မရအရ ယူနိုင်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းသောအားဖြင့် ဘုရားဟော သုခ လေးပါးဂါထာမှာ အာသီသကြီယာပါ၌ အနည်းငယ် ဖြည့်စွက်ပြီးလျှင်-

ဗုဒ္ဓပ္ပါဒံ လဘိတွာန၊
သဒ္ဓမ္မ ဒေသနာသုခံ။
သာမဂ္ဂိ အဓိဂစ္ဆတ္ဝေါ၊
တပေါသုခဉ္စ သာဓေါ။

သာဓေါ=နှလုံပျော့ပြောင်း အို-သူတော်ကောင်းတို့ _။ တုမှေ- အသင်းသူတော်ကောင်း ဖောဓိလောင်းတို့သည်။

(၁) ဗုဒ္ဓပါဒံ=သဗ္ဗညု မြတ်စွာ ပွင့်ထွန်းကားရာ ကာလတည်းဟူသော ဗုဒ္ဓပ္ပါဒ ရှေးဦးပထမသုခမင်္ဂလာချမ်းသာသိုက်ကြီးကို။ လဘိတွာန-အလဘိတ္ထ=ရှေးကံထောက်မ၍ ရရှိခဲ့ကြပါကုန်ပြီ။

http://www.dhammadownload.com

(၂) လဘိတ္တာန=ဗုဒ္ဓပ္ပါဒ ပဌမသုခကို ရရှိကြပြီးတဲ့နောက်။ သဒ္ဓမ္မဒေသနာသုခ=သဗ္ဗညုမြတ်စွာဘုရား (၄၅)ဝါ တရားဒေသနာ ဟောကြားမှုတည်းဟူသော သုခမင်္ဂလာချမ်းသာသိုက်ကြီးကို။ လဘိတ္တာန-အလဘိတ္ထ=ရှေးကံထောက်မ၍ ရရှိခဲ့ကြပါကုန်ပြီ။

(၃) လဘိတ္တာန=ဒေသနာသဒ္ဓမ္မ ဒုတိယသုခကို ရရှိကြပြီးတဲ့နောက်။ သာဓေါ-နှလုံးပျော့ပြောင်း အရှင်ကောင်း ဒကာကောင်း=သူတော်ကောင်းတို့.....။ တုမှေ=အသင်သူတော်ကောင်း ဟောဒိလောင်းတို့သည်။ သာမဂ္ဂိ'=ဆရာ+ဒကာ ညီညွတ်ခြင်း-ဆိုတဲ့ သာမဂ္ဂိခေါ်ရ တတိယသုခ မင်္ဂလာကို လည်းကောင်း။

(၄) တပေါသုခဉ္စ=လောဘ+ဒေါသ+မောဟ ကင်းငြိမ်းဝန် ခြိုးခြိုခြဲခြဲ ကျင့်ကြံခြင်း (ဝါ) ကျင့်ကြံ၍ သုခဒေသနာ ချမ်းသာသိုက်ကြီးကိုလည်းကောင်း။ အဓိဂစ္ဆဝေါ=အသီးသီး ကိုယ်စီကိုယ်ငှ ရယူနိုင်ကြပါစေသတည်း.....လို့

တပည့်တော်များ ဆုမွန်ကောင်း တောင်းလျက် ဩဝါဒကထာ ဒေသနာနိဂုံး ဤမှာပင် ကမ္မတ်ဖုံးအပ်ပါသည် မဟာစည်သာသနာ့ရိပ်သာများ နာယကအဖွဲ့ဝင် အရှင်မထေရ်မြတ်တို့ ဘုရား.....။"

သာသနာ့တက္ကသိုလ်ဆောက်လုပ်ရန်

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ဆောင်ရွက်နေသော တိပိဋက=နိကာယ ကျောင်းတိုက်ကြီးသည် ၁၃၄၃-ခုတွင် အတော်တည်ငြိမ်သည့် အခြေအနေသို့ ရောက်နေပြီ။ တိပိဋက=နိကာယ သာသနာပြု အသင်းကြီးကလည်း လုပ်ငန်းကျွမ်းကျွမ်းကျင်ကျင်နဲ့ အတော်ခိုင်မာနေပြီ။ မင်းကွန်း မိုးမိတ်ကုန်းမြေတွင်လည်း စာသင်သဲ့ဟာ သီတင်းသုံးကျောင်းဆောင်များမှာ ကျောင်းပေါင်း (၄၀) ခန့် ဆောက်လုပ်ပြီးဖြစ်ရာ၊ မိုးမိတ်ကုန်းမြေ၌ အထူးစည်ကားသိုက်မြိုက်နေချိန် ဖြစ်၏။ ဤအချိန်တွင် ဆရာတော်ကြီးသည် ပဲခူးမြို့မ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် မဟာနာယက ဝန်ဆောင် ဆရာတော်များကို မိုးမိတ်ကုန်းမြေသို့ ပင့်ဆောင်တော်မူခဲ့ရာ၊ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့် ဝန်ဆောင်ဆရာတော်ကြီးများသည် မိုးမိတ်ကုန်းမြေကို ကြည့်ရှုတော်မူကြပြီးနောက် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးအား တာဝန်တရပ်ကို ပေးအပ်ရန် ရည်ရွယ်တော်မူခဲ့ကြပါသည်။

နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့က ဂိုဏ်းပေါင်းစုံ သံဃအစည်းအဝေးကြီးမှ အခြားသာသနာရေးဆိုင်ရာ ဆုံးဖြတ်ချက်များနှင့်အတူ ပညာရေးဆိုင်ရာ မူကြီးလေးရပ်ကိုလည်း ချမှတ်တော်မူခဲ့ကြပါသည်။

ထိုပညာရေးမူလေးချက်တွင်-

၁။ အကျင့်သိက္ခာ မြင့်မားစေခြင်း။

၂။ ပိဋကတ်ကျမ်းဂန် နှံ့စပ်စေခြင်း။

၃။ ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်စေခြင်း။

၄။ မြန်မာစာပေအရေးအသား တော်စေခြင်း။

ဖော်ပြပါ ပညာရေးဆိုင်ရာ မူလေးချက်ကို အခြေခံထား၍ ပထမပြန်စာမေးပွဲများနှင့် ဒုတိယတန်း စာမေးပွဲများကို ခေတ်နှင့်အညီ ပြုပြင်ပြောင်းလဲသွားဖို့ အဆင့်ဆင့် လုပ်ဆောင်ရင်း နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး တည်ထောင်ဖွင့်လှစ်ဖို့ လုပ်ငန်းအထိ ပါလာပါသည်။

ထိုအခါတွင် ပရိယတ္တိ သာသနာ့ တက္ကသိုလ် အဆောက်အဦ ရရှိရေးအတွက် စဉ်းစားသော

http://www.dhammadownload.com

အခါ အဖွဲ့ကြီး၏ အကျိုးတော်ဆောင်လည်းဖြစ်, နောက်လိုက်လုပ်ငန်း အကောင်အထည်ဖော်မည့် အဖွဲ့လည်း အခိုင်အမာ ရှိပြီး၊ လက်တွေ့လည်း မိုးမိတ်ကုန်းမြေ၌ အဆင့်အမြင့်ဆုံး တိပိဋက စာသင်သားများကို ထောက်ပံ့စောင့်ရှောက်ထားသော သာသနာပြု လုပ်ငန်းကြီးကိုလည်း အောင်မြင်စွာ ဆောင်ရွက်နေတော်မူကာ၊ တပြည်လုံးရှိ ရှင်ရော, လူပေါ ကြည်ညိုမှု ခံရသည့် မင်းကွန်းတိပိဋကဓရ ဆရာတော်ကို တာဝန်ပေးပါမှ ဖြစ်တော့မည်၊ ဤတာဝန်ကို ဆရာတော်ကြီး တစ်ပါးသာ စွမ်းဆောင်နိုင်မည်ဟု ထင်မြင်ယူဆသဖြင့် (၁၅-၁၀-၈၂) သောကြာနေ့၌ ကျင်းပသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (တတိယ အဖွဲ့ခွဲ) ၏ တတိယအကြိမ် ဧကာဒသမ အစည်းအဝေးက အောက်ဖော်ပြပါအတိုင်း ဆုံးဖြတ်ခဲ့ကြသည်။

"ပရိယတ္တိ ပညာရေး စီမံကိန်းနှင့်အညီ မန္တလေးမြို့၌ ပရိယတ္တိ ပညာရေးတက္ကသိုလ် တည်ထောင်နိုင်ရေးအတွက် လိုအပ်သော ကျောင်းမြေ နေရာနှင့် ကျောင်းအဆောက်အအုံများ ရရှိရေး အတွက် အောက်ဖော်ပြပါ အချက်များနှင့်အညီ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဦးဝိစိတ္တ သာရာဘိဝံသ ဦးဆောင်သော တိပိဋက=နိကာယ သာသနာပြု အဖွဲ့အား မေတ္တာရပ်ခံ တာဝန်ပေးအပ်ရန် တညီတညွတ်တည်း သဘောတူ ဆုံးဖြတ်တော်မူကြသည်။"

၁၃၄၄-ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၃)ရက်၊ (၁၅-၁၀-၈၂) သောကြာနေ့၊ ဆုံးဖြတ်ချက်ချသောနေ့မှာပင် သံဃမဟာနာယကအဖွဲ့မှ အောက်ပါအတိုင်း တောင်းပန်လျှောက်ထားသည်။

"ခမာ+ဓာဂရိယ+ဥဒ္ဒါနတည်းဟူသော နာယကတရားသုံးပါး ရှေ့သွားပြုသည့် မင်းကွန်း တိပိဋကဓရဆရာတော် တာဝန်ခံ ပဓာန နာယက ရှိသော တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးက မန္တလေးမြို့၌ ပရိယတ္တိ ပညာရေးတက္ကသိုလ်ကြီး အမြန်ဖွင့်လှစ်နိုင်ရန်အလို့ငှာ ကျောင်းမြေနေရာနှင့် ခေတ်မီ တက္ကသိုလ်ကျောင်း အဆောက်အအုံများ ရရှိရေးအတွက် သာသနာတော် အကျိုးရှေးရှု၍ လုံးပန်းဆောင်ရွက်ပေးပါရန် ရှိသေလေးမြတ်စွာ တာဝန်ပေးအပ် လျှောက်ထားအပ်ပါသည် ဘုရား" ဟု ဖြစ်ပါသည်။

သင်္ခါပန်းတို့ ပွင့်လန်းကြပြီ

ရင့်မာနေသော ကုမုဒြာကြာပန်းငုံတို့သည် လရောင်နှင့် တွေ့သောအခါ အစွမ်းကုန် ပွင့်လန်းကြသည်။ ပဒုမ္မာကြာပန်းငုံတို့သည် နေရောင်နှင့် တွေ့သောအခါ အစွမ်းကုန် ပွင့်လန်းကြသည်။ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ ရင့်နေသော သင်္ခါငုံတို့သည် တိပိဋကဓရ လမင်း, တိပိဋကဓရ နေမင်းကြီး၏ တရားရောင်ခြည်နှင့် တွေ့ကြရသဖြင့် အစွမ်းကုန် ပွင့်လန်းလာကြသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်သည် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့မှ သာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ်ပေးပါရန် မေတ္တာရပ်ခံလျှောက်ထားချက်ကို လက်ခံတော်မူခဲ့ပြီးနောက်၊ မိမိနှင့်အတူ သာသနာပြုဖက် ဖြစ်ပေသော ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှအား "ဆရာ-ဘုန်းကြီးတော့ မဟာနာယကကပေးတဲ့ တာဝန်ကို လက်ခံခဲ့ပြီ"ဟု မိန့်တော်မူရာ၊ ဆရာတော်ကြီး၏ စိတ်ဆန္ဒတော်အတိုင်း ဆောင်ရွက်လေ့ရှိသော ဆရာဝန်ကြီး ဦးသာလှကလည်း အလွန်ဝမ်းသာစွာဖြင့် ဆရာတော်ကြီး ရွက်ဆောင်လာသော သာသနာ့တာဝန် ရေချမ်းအိုးကြီးကို ဝိုင်းကူ ရွက်တော်မူလေသည်။

သံဃမဟာနာယကအဖွဲ့၏ တိုက်တွန်းစာကို လက်ခံရရှိပြီး (၂)ရက်အတွင်း (၁၇-၁၀-၈၂)

http://www.dhammadownload.com



တက္ကသိုလ်ကြီးများဆောက်လုပ်ရေးအတွက် ဆရာ+ဒယကာ ညီညီညာညာစုစုဝေးဝေး

နေ့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေးမြို့) ဆောက်လုပ်လှူဒါန်းရေး အဖွဲ့ကို ဩဝါဒါစရိယ နာယက ဆရာတော်(၆)ပါးနှင့် ဝတ္ထုကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှအား ဥက္ကဋ္ဌ နေရာထားကြ၍ ဖွဲ့စည်းခဲ့ကြပါသည်။ ထို့နောက် (၁၇-၁၂-၈၂)နေ့တွင် မြေနေရာကို ရွေးချယ်ကြရာသို့ မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး ကိုယ်တော်တိုင် လိုက်ပါတော်မူခဲ့၍၊ မန္တလေးမြို့ အရှေ့ပြင် ရွှေကျောင်းကြီး အပါအဝင် အတုမရှိ ကျောင်းတိုက်ကြီး၏ အရှေ့ဘက် သီပေါမင်းတရား၏ မိဖုရားခေါင်ကြီး ကုသိုလ်ပြစ်သော မဟာဝိဇယာပုည မှန်ကျောင်းတိုက်ဝင်းကို ကြည့်ရှုပြီး ရွေးချယ်တော်မူခဲ့ကြပါသည်။ မြေနေရာရလျှင် လုပ်ငန်းများ စတင်လုပ်ဆောင်ရန်အတွက် အလှူငွေ ရရှိရေးကို စီစဉ်ကြရပါတော့သည်။ ထိုအခါ မင်းကွန်း ဘိပိဋကရေ ဆရာတော်ကြီးသည် ဓမ္မနာဒတိုက် သံဃာတော်များအား ပင့်ဖိတ်ကာ သာသနာ့ တက္ကသိုလ်ကြီး တည်ဆောက်မည့်အကြောင်း ရှင်းပြတော်မူ၍ ဓမ္မနာဒတိုက်သား များ၏ သဘောဆန္ဒတူညီမှုဖြင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ်ရေးအတွက် ပထမဦးဆုံး ငွေအလှူဟု ဆိုအပ်သော ငွေငါးသောင်း ကို ဓမ္မနာဒ ရံပုံငွေမှ လှူဒါန်းတော်မူခဲ့ပါသည်။ ဤငွေငါးသောင်းကို မ,တည်ပြီးလျှင် မန္တလေးမြို့ မှန်ကျောင်းမြေကို ရှင်းလင်းသုတ်သင်ခဲ့ရာ၊ (၂)လ အကြာ (၁၇-၁၂-၈၂) ရက်နေ့ နံနက် ၆ နာရီ တွင် အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး အမှူးပြုသော တိပိဋက စာသင် သံဃာ အပါး (၁၅၀) တို့က အန္တရာယ်ကင်း ပရိတ်တော် ရွတ်ဖတ်၍ မြေသန့်စင်တော်မူနိုင်ခဲ့ကြပါသည်။

တက္ကသိုလ်ကြီး ဆောက်လုပ်နိုင်ရေး အတွက် (၂၃-၁-၈၃)နေ့တွင် အထက်မြန်မာပြည်

http://www.dhammadownload.com

မှ အလှူရှင်များ၏ အကြိုရေစက်ချပွဲကို လည်းကောင်း၊ (၁၂-၂-၈၃)နေ့တွင် အောက်မြန်မာပြည်မှ အလှူရှင်များ၏ အကြိုရေစက်ချပွဲကိုလည်း ကျင်းပနိုင်ခဲ့ပါသည်။ ထိုအလှူပွဲများတွင် အလှူရှင်များက လှူရန် ကတိပြုထားသော အလှူငွေမှာ ကျပ် ၁၀၁ သိန်း ဖြစ်ပြီး၊ လက်ခံရရှိပြီး အလှူငွေမှာ ၃၄ သိန်း ဖြစ်ပါသည်။

မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးကို တည်ဆောက်ရာတွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးက "သာသနာ့အုတ်မြစ်ဖြစ်သော သိမ်ကို ရှေးဦး ပထမ ဆောက်လုပ်ကြရမည်"ဟု အမိန့်ရှိတော်မူပြီး၊ သိမ်မြေနေရာကို မဟာဝိဇယာပုည မှန်ကျောင်းအတွင်း အရှေ့မြောက်ထောင့်နေရာ ၅၉ ပေ ပတ်လည် သတ်မှတ်ပေးတော်မူပါသဖြင့် ၁၃၄၄ ခု၊ တပေါင်းလဆန်း (၄)ရက် (၁၇-၃-၈၃)နေ့တွင် ဓမ္မနာဒ တိုက်အုပ် ဆရာတော် ဦးဥက္ကဋ္ဌသာဘိဝံသ ဦးဆောင်တော်မူ၍ ဓမ္မနာဒနှင့် မိုးမိတ် သံဃာ အပါး(၁၀၀)ကျော် တို့က သိမ်နုတ်ခြင်း ပြုတော်မူကြ၏။ ၁၃၄၄ ခု၊ တပေါင်းလပြည့်ကျော် ၂ ရက် (၃၀-၃-၈၃)နေ့တွင် အဂ္ဂမဟာပဏ္ဍိတ ' အရိယမဂ္ဂင် ဆရာတော်ကြီး၊ အဘိဓဇမဟာရဋ္ဌဂုရု ပဲခူးမြို့မ ဆရာတော်ကြီးနှင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးတို့ ဦးဆောင်ကာ သံဃာ အပါး(၂၀၀)ကျော်ဖြင့် အထပ်ထပ် သမုတ်တော်မူပြီး "ဓမ္မဓရ သာသနသောဘိဏီ သိမ်တော်"ကို ထိုနေ့ နံနက် ၈ နာရီ မိနစ် ၂၀ အချိန် တွင် အောင်မြင်စွာ သိမ်သမုတ်ပွဲ ဆင်နွှဲနိုင်ခဲ့ပါသည်။

၁၃၄၅ ခု၊ ဝါဆိုလဆန်း (၈)ရက်၊ (၁၇-၇-၈၃)နေ့တွင် မန္တလေးမြို့၊ သာသနာ့တက္ကသိုလ်ကြီး၏ (၉)ဌာန အဆောက်အအုံ အုတ်မြစ်ချပွဲနှင့် အတူ ဓမ္မဓရ သာသန သိမ်တော်ကြီး အုတ်မြစ်ချပွဲကို ပြုလုပ်ခဲ့ကြသည်။



အထက်မြန်မာပြည်မှ တက္ကသိုလ်ကြီးများအတွက် အကြိုရေစက်ချပွဲအခမ်းအနား

http://www.dhammadownload.com



အောက်မြန်မာပြည်မှ တက္ကသိုလ်ကြီးများအတွက် အကြိုရေစက်ချပွဲ အခမ်းအနား

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက မန္တလေးမြို့ သာသနာ့တက္ကသိုလ်ကြီးများ၏ ကျောင်းဆောင်များကို ဆောက်လုပ်ရာတွင် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့အား "ဘုန်းကြီးကျောင်းနှင့် တူအောင် ဆောက်ကြ" ဟူသော သြဝါဒကို ဒုတိယအကြိမ်မြောက် သြဝါဒအနေဖြင့် ချီးမြှင့်တော်မူရာဝယ်၊ မြန်မာမှုဒီဇိုင်း ဆရာဦးအေးမြင့်က ဓမ္မဓရ သာသနသော်ဘိန် သိမ်တော်ကြီး အပါအဝင် ကျောင်းဆောင် အသီးသီး၊ မော်ကွန်းကျောက်စာတိုင်များ အတွက် မြန်မာမှုဒီဇိုင်းများကို ရေးဆွဲတင်ပြရာ ဆရာတော်ကြီး ကိုယ်တော်တိုင် စစ်ဆေးကြည့်ရှုတော်မူခဲ့ပါသည်။

ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဆရာဝန် ဦးသာလှ၊ ဆောက်လုပ်ရေး ဆပ်ကော်မတီ ဥက္ကဋ္ဌ အငြိမ်းစား ဗိုလ်မှူးကြီး အောင်ဇင်၊ ဆောက်လုပ်ရေး တာဝန်ခံ ဦးဝင်းထိန်တို့၏ ကြိုးပမ်းဆောင်ရွက်မှုကြောင့် တနှစ်တာကာလအတွင်းမှာပင် မန္တလေး သာသနာ့တက္ကသိုလ်ကြီးသည် ဆူးပင်ခြိုပင် တိုဖြင့် ပြည့်ကာ ရေဝပ်ပြီး ရှုခင်းမသာယာခဲ့သော အဖြစ်မှ မြန်မာမှု လက်ရာအပြည့်ပါရှိသော ဓမ္မဓရ သိမ်တော်ကြီး၊ စာသင်မဟာဌာနတိုက်ကျောင်း၊ သိတင်းသုံး ၂ ထပ်ကျောင်းဆောင်များဖြင့် အလွန်ပဏာတင့်လှသော ရှုခင်းအသွင် အပြောင်းလဲကြီး ပြောင်းလဲခဲ့ပါသည်။ ထို့ပြင် (၂၈-၈-၈၃)တွင် ဖိဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး ပြင်ပသူနာဆောင်ပေါင်း ပန္နက်တင်ပွဲကိုလည်း ပြုလုပ်နိုင်ခဲ့ပါသည်။

တိုက်အုပ်ဆရာတော် ပျံလွန်တော်မူခြင်း

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် ရှေးနှစ် ၃၀-နှစ်ကျော်ကစပြီး သာသနာပြုလုပ်ငန်းများကို စွမ်းစွမ်းတမန် ဆောင်ရွက်တော်မူနိုင်ခြင်းမှာ

http://www.dhammadownload.com

ဆရာတော်ကြီး၏ အတိတ်ကံကြီးမားခြင်းကြောင့် ဖြစ်သကဲ့သို့၊ ဓမ္မနာတိုက်တာ၏ တာဝန်ဝတ္တရား ငြိမ်းခြင်းကလည်း ထိုသို့စွမ်းဆောင်နိုင်မှုအတွက် အထောက်အကူတရပ် ဖြစ်လေသည်။ ဤနေရာ၌ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းကြီးတွင် လက်ရုံးကြီးသဖွယ် စွမ်းစွမ်းတမန် ဝိုင်းကူ ဆောင်ရွက်ပေးတော်မူခဲ့သူမှာ ဓမ္မနာဒတိုက်အုပ် ဆရာတော် ဦးဥက္ကံသာဘိဝံသ ဖြစ်ပါသည်။

ဆရာတော်ကြီးသည် တိပိဋကဓရ ဂျွေးချယ်ရေး စာမေးပွဲအတွက် စာကျက်နေတော်မူချိန် ရဟန်း (၁၃) ဝါအရ အရှင်ဥက္ကံသသည် ဓမ္မနာဒ တိုက်တာ၏ ကိစ္စအဝဝကို စီမံရသူ တိုက်အုပ် ဆရာတော် ဖြစ်ခဲ့လေပြီ။ သို့သော် ဓမ္မနာဒတိုက်အုပ် ဆရာတော်ဟု မည်သည့်အခါကမှ မမော်မကြား၊ ဖြစ်နိုင်သမျှ ရိုးရိုးသားသား ကုပ်ကုပ်ကလေးသာ နေတော်မူခဲ့ပါသည်။ ထိုအခါမှစ၍ တိုက်တာကိစ္စ အဝဝကို တိုက်အုပ် ဆရာတော်ကပင် စီစဉ်ပေးတော်မူခဲ့သဖြင့် မင်းကွန်းဆရာတော်ကြီးသည် တိပိဋကကိစ္စ၊ မဟာဗုဒ္ဓဝင်ကျမ်းပြုရေးကိစ္စများကို လွတ်လွတ်လပ်လပ် ဆောင်ရွက်နိုင်ခွင့်ရတော်မူခဲ့၏။ တိုက်အုပ် ဆရာတော်သည် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးကိုလည်း အလွန်လေးစား ငဲ့ညှာတော်မူပါသည်။ ဆရာတော်ကြီးနှင့် ဆွမ်းတဝိုင်းတည်း စားရာမှာပင် ဆရာတော် မရောက်မချင်း စောင့်တတ်၏။ ဆွမ်းစားရာမှာလည်း ဆရာတော်ပြီးလျှင် မိမိလည်း ပြီးစေသည်။ ဆရာတော်ဘက်မှ ဟင်းခွက်တို့ကိုကား မည်သည့်အခါမျှ မနှိုက်တတ်။ ဆရာတော် ခေါလျှင်လည်း ဘာကိစ္စဟု အကြောင်းမပြ၊ စာချနေစဉ်မှာပင် မဆိုင်းမတွ ထ,၍ လိုက်၏။

ဆရာတော်ကြီးကလည်း တိုက်အုပ် ဆရာတော်ကို အနေအထိုင် အသွားအလာမှအစ ချီးကျူးတော်မူသည်။ တခါက ဆရာကြီး ဒေါဓမ္မစာရီအား-



မန္တလေးမြို့ သာသနာ့တက္ကသိုလ် ဆောက်မည်ပုံစံကို ဆောက်လုပ်ရေးတာဝန်ခံ ဦးဝင်းထိန်မှ မဟာနာယကဆရာတော်ကြီးများအား ရှင်းလင်းလျှောက်ထားနေပုံ

http://www.dhammadownload.com



မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် ဆောက်လုပ်ရေးလုပ်ငန်းများကို
မဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများကို ဥက္ကဋ္ဌကြီးဦးသာလှ ရှင်းလင်းပြနေပုံ

"ဒကာမကြီး၊ တိုက်အုပ်ဆရာတော်က တယ်အေးချမ်းတယ်၊ အသွားအလာ အနေအထိုင် အပြောအဆို မှစ၍ ကြွန်ုပ်သိကွာရှိတယ်၊ (သူ့ကိုယ်သူ) ဦးဇင်းဖြင့် သွားရာမှာလဲ တဖြတ်ဖြတ်-စကားပြောရာမှာလဲ မပြတ်မလပ်" ဟု မိန့်ဆိုတော်မူဖူး၏။ တဖန် ဆရာတော်ကြီးက တိုက်အုပ်ဆရာတော် စာတတ်ခြင်းနှင့်စပ်၍ "တိုက်အုပ်ဘုန်းကြီးက စာမေးပွဲတွေ အောင်မှာပေါ့၊ ဒို့တိုက်မှာ အရင်က ရွှေမြင်တင် တောင်ပေါ် တက်ပြီး ကိုရင်နဲ့ဦးဇင်း ၂-ပါးတတွဲတွဲကာ တဦးလျှင် ထင်းအရောင်း(၃၀) တာဝန်ချပြီး ထမ်းကြတယ်၊ ကျောင်းရောက်တော့ ဖြတ်ကြရတယ်၊ အခြားသော စာသင်သားတွေဟာ ထင်းဖြတ်ပြီး မောတယ် ပန်းတယ်ဆိုပြီး အိပ်ကြတယ်။ တိုက်အုပ်ဘုန်းကြီးကတော့ သူ့ကျောင်းနားသွားရင် တဒီးဒီးနဲ့ စာအံသံဘဲ ကြားနေရတယ်" ဟုလည်း မိန့်တော်မူဖူးပါသည်။

၁၃၄၅ ခုနှစ် ဝါဆိုလတွင် တိုက်အုပ်ဆရာတော်သည် မင်းကွန်းတိပိဋကရေ ဆရာတော်ဘုရားကြီး၏ ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်ရေး၌ တတ်နိုင်သမျှ ပါဝင်ထမ်းရွက်တော်မူရင်း ရင်ဘတ်အောင့်သော ဝေဒနာကြောင့် ရန်ကုန်သို့ ဆေးကုရန် ကြွတော်မူခဲ့၏။ ရန်ကုန်ရောက်၍ ဆေးတိုက်တွင် စမ်းသပ်ရာ ထိုဆေးတိုက်က "ဆရာတော်၏ ဝေဒနာမှာ ကင်ဆာ ဖြစ်ကြောင်း" လျှောက်ထားလျှင်၊ "ဘုန်းကြီး၏ ရောဂါမှန်ကို သိရတာ ဝမ်းသာပါတယ်၊ သေရမည့် ရောဂါမှန်းအတတ် သိထားတော့ ရသမျှအချိန်ကို အလဟသာ မဖြစ်စေပဲ အကျိုးရှိရှိ တရားနှလုံး သွင်းနေနိုင်တာပေါ့" ဟု အေးအေးသာသာ မိန့်တော်မူခဲ့ပါသည်။ ၁၃၄၅ ခု နတ်တော်လဆန်း ၇ ရက် (၁၁-၁၂-၈၃) နေ့ နေ့ ၁ နာရီ ၃၅ မိနစ်တွင်ကား တိုက်အုပ်ဆရာတော်ဘုရားသည် ရန်ကုန်မြို့ တိပိဋက ကျောင်းတော်မှာပင် ဘဝနတ်ထံ ပျံလွန်တော်မူ

http://www.dhammadownload.com

ခဲ့ပါသည်။ မင်းကွန်းတိပိဋကဓရ ဆရာတော်အဖို့ လက်ရုံးတဖက် ပြုတ်တော်မူခဲ့ရပါသည်။

ရန်ကုန်မြို့ သာသနာ့တက္ကသိုလ်

မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကို မင်းကွန်းတိပိဋကဓရကြီး အမှူးပြုသော တိပိဋက=နိကာယ သာသနာပြု အဖွဲ့က တည်ဆောက်နေရာ၊ တနှစ်အတွင်းမှာပင် အလှူရှင်များလည်း များပြားစွာ ပေါ်ပေါက်ခဲ့၍ ဆရာတော်ကြီးမှာလည်း တနေ့ ရေစက်ချပွဲ ၃-ပွဲလောက် ဟောပြော ရေစက်ချနေရ၊ အဆောက်အဦများကလည်း မြေမှပေါက်သကဲ့သို့ အစီအရီ ပေါ်ပေါက်လာသောအခါ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ကြီးက "မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးသည် မကြာမီမှာ ပြီးတော့မည်၊ သို့သော် ရန်ကုန်မြို့သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်၊ သို့ဖြစ်၍ ဤရန်ကုန်မြို့မှာလည်း သာသနာ့တက္ကသိုလ်ကြီးတခု ဆောက်လုပ်ရမည်၊ ဖွင့်လျှင်လည်း ရန်ကုန်မြို့ ပရိယတ္တိသာသနာ့တက္ကသိုလ်ကသာ အရင် ဖွင့်ရမည်" ဟု ဆုံးဖြတ်တော်မူကြ၍၊ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး ဖြစ်မြောက်ရေးအတွက် စည်းဝေးတော်မူကြ၏။ အကြိမ်ကြိမ် စည်းဝေးတော်မူကြပြီးနောက် ၁၃၄၅ ခု၊ တန်ဆောင်မုန်းလပြည့်ကျော်(၅)ရက် (၂၄-၁၁-၈၃)နေ့တွင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် ဆောက်လုပ်ရေးကိုလည်း မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးကိုသာလျှင် တာဝန်ပေး၍ အပ်မှ သင့်သည်ဟု ဆုံးဖြတ်ချက် ချတော်မူကြပြန်ပါသည်။

ထိုအခါ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား မိမိ၏ ဒကာကြီး ဆရာဝန်ကြီး ဦးသာလှ



ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်
စာသင်မဟာဌာနအဆောက်အဦးများပုံ

http://www.dhammadownload.com



ရန်ကုန်မြို့၊ ကမ္ဘာအေး မူလရေသိမ်တော်ကြီး၏အတွင်း၌ ပျူခေတ်အနုပညာ
လက်ရာများဖြင့် မြူဖြင်ထားရှိပုံ

အားလည်း ဆရာတော်များကပင် တာဝန်ပေးပါဟု ပန်ကြားလျှောက်ထားပါသဖြင့်၊ ကမ္ဘာအေးသို့ ဆရာကြီး ဦးသာလှကို ခေါ်ယူပြီး မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများကိုယ်တိုင် ရန်ကုန်မြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရေး အတွက် တာဝန်ပေးအပ်ပါသည်။ ထိုစဉ်အခါက ဆရာကြီး ဦးသာလှအား ပဲခူးမြို့မ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးက "ခမာ-သည်းခံခြင်းကို လက်ကိုင်ထားရမည်၊ အထူးသည်းခံရမည်" ဟု ဩဝါဒ ချီးမြှင့်တော်မူပါသည်။ ဒုတိယ ဥက္ကဋ္ဌ မန္တလေးမြို့ပုသိမ် ဆရာတော်ကြီးကမူ "မာရ်နတ်နဲ့ ဒေဝဒတ်ကဲ့သို့ ပုဂ္ဂိုလ်များကို တွေ့လိမ့်မယ်။ ဘုရားတောင် ပရိနိဗ္ဗာန် စံဝင်သည်အထိ တွေ့သွားရတာပဲလို့ နှလုံးသွင်းပါ။

ယခု ဆောက်လုပ်နေသော အဆောက်အအုံများသည် ကျောင်းဒါယကာများ၏ ကိုယ်စားဆောင်ရွက်ပေးနေသည်ဟု သဘောထားပါ" ဟု မိန့်ကြားတော်မူပါသည်။ အကျိုးတော်ဆောင်မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးကမူ မိမိ၏ ဒကာကြီးအား "နေ,လိုကျင့်မှု၊ လ,လိုကျင့်မှု အကျင့်များ ပြုလုပ်ရလိမ့်မည်၊ အဲဒီအခါမှာ နေ,လိုကျင့်ရမှာကို လ,လိုမကျင့်မိစေနဲ့၊ လ,လိုကျင့်ရမှာကို နေ,လိုမကျင့်မိစေနှင့်" ဟု ဩဝါဒ ချီးမြှင့်တော်မူပါသည်။ ဆရာဝန်ကြီး ဦးသာလှသည် ဤဩဝါဒတော်များကို ဦးထိပ်ရွက်ပြီး ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်ရေးဟူသော ရေခြမ်းအိုးကြီး တလုံးကို ထပ်၍ ရွက်ဆောင်ရပြန်ပါသည်။

http://www.dhammadownload.com



မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်ရှိ
အဆောက်အဦးများပုံ

ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနတက္ကသိုလ် ဆောက်လုပ်ရန်အတွက် ရှေးဦးစွာ မြေနေရာ ရွေးချယ်ကြရာ (၂၄-၈-၈၃)နေ့က မဟာနာယကဆရာတော်ကြီးများကိုယ်တိုင် ကြွရောက်တော်မူကာ ယောက်ကော်ကျွန်းမြေကို ကြည့်ရှုရာ၊ ရေဝပ်နေကြောင်း တွေ့ရှိခဲ့ကြရပါသည်။ ထို့နောက် အခြားဌာနများသို့လည်း ကြည့်ရှုတော်မူကြပြီးလျှင်၊ နောက်ဆုံး၌ ဤသီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေသာလျှင် အသင့်မြတ်ဆုံးဟု ယူဆကာ မြေရွေးခြင်းကိစ္စကို အဆုံးသတ် ဆုံးဖြတ်တော်မူခဲ့ကြပါသည်။

မြေရရှိသည့်အခါ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့အနေဖြင့် ရေများပြည့်ကာ ချိုင့်ခွက်ကြီးပမာဖြစ်နေသော ထိုနေရာကို မြေသား တပုံ့တည်းဖြစ်အောင် မြေဖို့ကြ မြေညှိကြ ကုန်းကမ္ဘများကို တူးဖြိုခဲ့ကြရပါသည်။

ကျောင်းတိုက်မြေသည် သာသနာ့မြေ ဖြစ်သည်၊ သာသနာ့မြေတွင် သာသနာ့အုတ်မြစ်ဖြစ်သော သိမ်ကို ဦးစွာပထမ ဆောက်လုပ်ကြ၊ ဘုန်းကြီးကျောင်းနှင့်တူအောင် ဆက်ကြ-ဟူသော ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ဦးထိပ်ရွက်လျက် ကမ္ဘာအေးကုန်းမြေ၌ မူလကရှိခဲ့သော ရေသိမ်တော်ကို (၈-၄-၈၄ ခု)နေ့တွင် ပျူခေတ်လက်ရာ ကနုတ်ပန်းများ အမွမ်းများထည့်သွင်းပြီး အစမှအဆုံး ပြုပြင်မွမ်းမံခဲ့ကြပါသည်။

၁၃၄၆-ခု၊ တန်ခူးလပြည့်ကျော်(၆)ရက် (၂၁-၄-၈၄)နေ့တွင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် တည်ဆောက်ရေး အစီအစဉ်ကို နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီးက ပုံစံငယ်များဖြင့် ရှင်းလင်းလျှောက်ထား တင်ပြနိုင်ခဲ့ပါသည်။

၁၃၄၆ ခု၊ တပေါင်းလပြည့်၊ (၅-၃-၈၅) နေ့တွင် ကမ္ဘာအေး မူလရေသိမ်တော်ကြီးကို ထီးတော်လွှင်ခဲ့ကြပါသည်။

http://www.dhammadownload.com

အဘိဓေမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်

၁၃၄၅ ခု၊ ပြာသိုလဆန်း(၂)ရက်၊ (၄-၁-၈၄) (၃၇)ကြိမ်မြောက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော် ကောင်စီမှ ဆရာတော်ဘုရားကြီးအား အဘိဓေမဟာရဋ္ဌဂုရု-ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းကြောင်း သတင်းထုတ်ပြန်ခဲ့ပါသည်။

၁၃၄၅ ခု၊ ပြာသိုလဆန်း ၁၁-ရက် (၁၃-၁-၈၄)နေ့တွင် အရိယမဂ္ဂင် ဆရာတော်ကြီး အမှူးရှိသော ဆရာတော်ကြီးများနှင့် ဓမ္မနာဒ တိုက်သား သံဃာတော်များ ရှေ့မောက်၌ ထိုအဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်မှ ဖြစ်ပေါ်လတ္တံ့သော ဆွမ်းဆန်တော်တို့အား တိပိဋကာ=နိကာယ သာသနာပြုအဖွဲ့ကြီးသို့ အောက်ပါစာတမ်းကို ဖတ်ကြားတော်မူပြီးလျှင် တိပိဋကဓရ၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆွမ်းဆန်တော်တို့ကဲ့သို့ပင် ရေစက်ချ လှူဒါန်းတော်မူခဲ့၏။

အဘိဓေမဟာရဋ္ဌဂုရု ဆွမ်းဆန်တော်အလှူကို နိကာယ်ငါးရပ် ပိဋကတ်သာသနာတော်အား လှူဒါန်းသော စာတမ်း

(သီဒွမ်)။ ။အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒစရိယ သက်တော်ရှည် မင်းကွန်း အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး အမှူးပြုသော မင်းကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ နာယက ဆရာတော်များ၊ ဥပနာယက ဆရာတော်များ (နှင့်) ဓမ္မနာဒတိုက် နာယကဆရာတော်များကို သက်သေထား၍ တပည့်တော် ရှိသေစွာ လျှောက်ထားပါသည် ဘုရား။

အကြောင်းမှာ – တပည့်တော်အား ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် အစိုးရမင်းများက ၁၃၄၅-ခုနှစ် ပြာသိုလဆန်း ၂ ရက် (၁၉၈၄-ခု ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေး)နေ့က "အဘိဓေမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ် လှူဒါန်းကြောင်း ကြေငြာခဲ့ပါသည် ဘုရား။

ထို ကြေငြာချက်အရ နိုင်ငံတော်အစိုးရက သတ်မှတ်သော ရက်+လ ရောက်ရှိသောအခါ အခမ်းအနား ကျင်းပ၍ တပည့်တော်အား "အဘိဓေမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် ဆက်ကပ်ပြီးနောက် ထို "အဘိဓေမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် အတွက် သတ်မှတ် ပြဋ္ဌာန်းအပ်သော ဆွမ်းဆန်တော် ဝတ္ထုတို့ကို နှစ်စဉ် နိဗ္ဗာန် လှူဒါန်းမည်မှာ အမှန်ပင် ဖြစ်ပါသည် ဘုရား။

ထိုသို့ နိုင်ငံတော်အစိုးရက လှူဒါန်းမည့် "အဘိဓေမဟာရဋ္ဌဂုရု" ဆွမ်းဆန်တော် ဝတ္ထုတို့ကို တပည့်တော်သည် ကိုယ်ရေး ကိုယ်တာအတွက် အသုံးမပြုပဲ ပညာသံဝတ္ထုနက = ကုသိုလ်တရား ဖြစ်ပွားစိမ့်သောငှာ (တိပိဋကဓရလစာ ဆွမ်းဆန်တော်+အဂ္ဂမဟာပဏ္ဍိတ နှစ်စာ ဆွမ်းဆန်တော်များကို ကဲ့သို့) နိကာယ်ငါးရပ် ပိဋကတ် သာသနာတော်အား ဗောဓိဉာဏ် ဆုမှန်း၍ လှူဒါန်းပါ၏ ဘုရား။ ဗောဓိဉာဏ်ကို ဆုမှန်း၍ လှူဒါန်းပါ၏ ဘုရား။

· တပည့်တော် လှူဒါန်းအပ်သော ထို "အဘိဓေမဟာရဋ္ဌဂုရု နှစ်စာ ဆွမ်းဆန်တော်"ကို မင်းကွန်း တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ကပ္ပိယကာရကအဖြစ် ရွက်ဆောင်၍ ထို တိပိဋက=နိကာယကျောင်းတိုက်သို့ လာရောက်၍ တိပိဋက=နိကာယ စာပေတို့ကို ကျက်+အံ+ကြံ+ကြည့်ကြသော့ တိပိဋက=နိကာယ သံဃာတော်များ ပစ္စည်းလေးပါးဖြင့် မပင်မပန်းစေရန် (တိပိဋကဓရလစာ ဆွမ်းဆန်တော်+အဂ္ဂမဟာပဏ္ဍိတ နှစ်စာ ဆွမ်းဆန်တော်တို့ကိုကဲ့သို့) ပရိယတ္တိ သာသနာတော်အတွက် အသုံးပြုရန် တိပိဋက=နိကာယ သာသနာပြုအဖွဲ့သို့ ကပ္ပိယ ကာရကအဖြစ် ရွက်ဆောင်ရန် အပ်နှင်းပါသည် ဘုရား။ ။

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးကို အထူးပြုလုပ်ထားသော အဘိဓဇပေလွှင် တော်ဝယ်
အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ရတော်မူစဉ်အခါက ဖူးတွေ့ရပုံ

http://www.dhammadownload.com

ဣဒံ မေ ပုညံ ဗောဓိဉာဏသာ ပစ္စယော ဟောတု။ (၃-ခေါက်)

ဦးဝိစိတ္တသာရာဘိဝံသ
ဓမ္မနာဒတိုက်၊ မင်းကွန်း
(၁၁-၁၀-၄၅) (၁၃-၁-၈၄)

၁၃၄၆-ခု နယုန်လပြည့်နေ့တွင် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုက်ဂူတော်ကြီးအတွင်း ကြီးစွာသော အခမ်းအနားဖြင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးအား သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မင်းဂေါင်က အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို လက်တော်ရောက် ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

နယုန်လပြည့်ကျော် ၃ ရက်နေ့တွင် မဟာစည် သာသနာ့ရိပ်သာတွင် ဗုဒ္ဓသာသနနုဂ္ဂဟ အဖွဲ့ချုပ်နှင့် ဟိတေသီအဖွဲ့ကြီးတို့က ဦးဆောင်လျက် အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ အထိမ်းအမှတ် ပူဇော်ပွဲကို ကျင်းပပြုလုပ်ပြီး ပူဇော်ကြပါသည်။

နယုန်လပြည့်ကျော် (၄) ရက်နေ့တွင် ရန်ကုန်မြို့ တိပိဋက ကျောင်းတော်၌ တိပိဋက=နိကာယ သာသနာပြု ဥပဒ္ဒာကအဖွဲ့က ထူးခြားခမ်းနား သိုက်မြိုက်စွာ တခမ်းတနား ပူဇော်ပွဲကြီးပြုလုပ်၍ ကျင်းပကြပါသည်။ ထိုသို့ကျင်းပသည့် ပူဇော်ပွဲတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကြည်ညွှန့်၏ လျှောက်ထားလွှာမှ နိဂုံးပိုင်းကို တင်ပြပါဦးမည်။

"အဘိဓေမဟာရဋ္ဌဂုရုဘွဲ့တော်ရှင် ဖြစ်တော်မူသော ဆရာတော် အရှင်သူမြတ်ဘုရား။

အရှင်မြတ်ဘုရား ပါရမီကံရင့်သန်ကြီးမားသည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်တော်မူသော ကြောင့် မြန်မာနိုင်ငံ အစိုးရက ပထမပြန်စာမေးပွဲမှာ ပထမကျော် ဘွဲ့ထူးကို ဆွတ်ခူးတော် မူနိုင်ပါသည်ဘုရား။ မန္တလေးမြို့ ပရိယတ္တိ သာသနဟိတအသင်းမှ ကျင်းပပြုလုပ်သည့် ခက်ခဲလှစွာသော စာမေးပွဲ မှာလည်း စာသင်တန်းနှင့် စာချတန်းတို့ကို နှစ်မခြားပဲ အောင်မြင်တော်မူသောကြောင့် ပထမဆုံးသော ဓမ္မာစရိယ ဝဋ်သံကာ ဘွဲ့ထူးကို ရပါသည်ဘုရား။ နိုင်ငံတော်အစိုးရက ကျင်းပပြုလုပ်သည့် တိပိဋကဓရ စာမေးပွဲကြီးမှာလည်း ပိဋကသုံးပုံကို အထောက်အမ မရှိ အံဝဲပြန်ဆိုနိုင်ပြီး သတ်မှတ်ထားသည့် ရိုးရိုးအောင်မှတ်များထက် များစွာကျော်လွန်အောင် ဖြေဆိုအောင်မြင်တော်မူသောကြောင့် ဝိသိဋ္ဌ တိပိဋကဓရ+မဟာတိပိဋကကောဝိဒ ဘွဲ့ထူးကို ရရှိတော်မူခဲ့ပါသည်ဘုရား။ ဖော်ပြခဲ့သော ပညာဂုဏ်အရည်အချင်းတို့ကြောင့်ပင်လျှင် တိပိဋကဓရ+ဓမ္မဘဏ္ဍာဂါရိက ဘွဲ့ထူးဖြင့် ပူဇော်ခြင်းကို ခံယူရရှိတော်မူပါသည်ဘုရား။

တပည့်တော်တို့၏ သာသနာတော်မှ မြတ်စွာဘုရားသည် တရားမင်းမြတ် ဓမ္မရာဇာဖြစ်တော်မူပါသည်။ လက်ယာတော်ရံ အဂ္ဂသာဝကကြီး အရှင်သာရိပုတ္တရာမှာ တရားစစ်ဗိုလ်ချုပ်ကြီး ဓမ္မသေနာပတိ ဖြစ်တော်မူပါသည်။ ဇေတဝန်ငါးဘွဲ့ရ အရှင်အာနန္ဒာသည် တရားတော် ရတနာဘဏ္ဍာတော်တိုက်စိုး ဓမ္မဘဏ္ဍာဂါရိက ဖြစ်တော်မူပါသည်။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ဟောကြားတော်မူသည့် တရားတော်အားလုံးကို တတ်သိတော်မူပြီး ပထမသံဂါယနာတင်စဉ်အခါက ဝိဿဇ္ဇက အဖြေဆရာတော် ဖြစ်ပါသည်။

အရှင်အာနန္ဒာ ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ယခုသာသနာတော်နှစ် ၂၅၀၀-ရောက်လာသည့်အခါ ဆဋ္ဌသံဂါယနာတင်ပွဲ၌ ဆရာတော်သည် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိကဘွဲ့ရ ဝိဿဇ္ဇက ဆရာတော် ဖြစ်တော်မူပါသည်။

http://www.dhammadownload.com

မြန်မာနိုင်ငံ တဝှန်းလုံးရှိ တသိန်းကျော် သံဃာများက သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးအတွက် သမ္မုတိပေး၍ ရွေးချယ်တင်မြှောက်သည့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီးတွင် အကျိုးတော်ဆောင်ချုပ် ရာထူးကိုလည်း ဆရာတော်သည် ထမ်းဆောင်လျက် ရှိနေတော်မူပါသည်။

မြန်မာ သက္ကရာဇ်-၁၃၄၀ ခုနှစ်တွင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီက ပါဠိတော် အဋ္ဌကထာ ဋီကာတို့ကို ကျမ်းကျင်ခြင်း၊ ပါဠိဟော် အဋ္ဌကထာ ဋီကာတို့ကို အမြိမပြတ် ပို့ချခြင်း၊ သိက္ခာဝါ ၂၀ ကျော်ရှိခြင်း၊ ပါဠိတော်အဋ္ဌကထာတို့၌ ကျမ်းကျင်သည်ဟု ကျော်ကြားခြင်း၊ သီလဝန္တ ဖြစ်ခြင်း စသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသောကြောင့် အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်လို့ ဆရာတော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ယခု ၁၃၄၆ ခုနှစ်တွင်လည်း အဂ္ဂမဟာပဏ္ဍိတဖြစ်ခြင်း၊ အနည်းဆုံး သိက္ခာဝါ(၄၀)ကျော် ရရှိခြင်း၊ ဗဟုသုတ အကြားအမြင်များခြင်း၊ လူရွင်အများတို့အား ကျေးဇူးများသော စာပေကျမ်းဂန် ပြုစုခြင်းဟူသော ဂုဏ်အင်္ဂါတို့နှင့် ပြည့်စုံသောကြောင့် "အဘိဓဇမဟာရဋ္ဌဂုရု" ဘွဲ့တံဆိပ်တော် ဖြင့် ဆက်ကပ် လှူဒါန်းခဲ့ပြန်ပါသည်ဘုရား။

ဤကဲ့သို့ အရှင်မြတ်ဘုရားသည် ဘွဲ့ထူးဂုဏ်ထူးများကိုလည်း အကြိမ်ကြိမ် ရရှိတော်မူခဲ့ပါသည်။ တရားပွဲများကိုလည်း မရပ်မစဲ ခြိမ့်ခြိမ့်သဲ အောင် ဆင်နွှဲခဲ့ပါသည်။ သာသနာတော်ကို ကျေးဇူးပြုသည့် ဗုဒ္ဓသာသနမဟာဗုဒ္ဓဝင်စသော ကျမ်းကြီးများကိုလည်း ပြုစုတော်မူခဲ့သည် ဖြစ်ပါသည်။ ပူဇော်ပွဲများကိုလည်း အကြိမ်ကြိမ် ခံယူတော်မူပြီးဖြစ်ပါသည်။ သာသနာတော် သန့်ရှင်း တည်တံ့ပြန့်ပွားရေးအတွက်ကိုလည်း ဆောင်ရွက်လျက်ရှိနေဆဲ ဖြစ်ပါသည်။

တပည့်တော်တို့ မြန်မာသာသနာဝင် မြန်မာရာဇဝင်၌ ဒုတိယ အင်းဝခေတ် သာလွန်မင်းတရားကြီး လက်ထက်တွင် ထင်ပေါ်ကျော်ကြားသည့် (တိလောကဂုရု) ဘွဲ့ရ ဆရာတော်ကြီးတပါး ပေါ်ထွန်းခဲ့ဖူးပါသည်ဘုရား။ (တိလောကဂုရု) ဟူ၍ ဆိုသည်မှာ လောကသုံးပါး၏ ဆရာဟူသော အနက်အဓိပ္ပာယ်ကို ဆောင်ပါသည်။

အကယ်၍ နောင်တခေတ်ဆန်းချိန်၌ (တိလောကဂုရုဘွဲ့)ကို ပေးမည်ဆိုပါလျှင် ဆရာတော် အရှင်မြတ်သည် ရှေးဦးစွာ ဆက်ကပ်ခြင်းခံယူရမည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကြီးဖြစ်ပါကြောင်း ရိုသေစွာ လျှောက်ထားရင်း တပည့်တော်၏ ချီးကျူးပူဇော် လျှောက်ထားခြင်းကို နိဂုံးချုပ်အပ်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။ ။"

ထိုပူဇော်ပွဲကြီး၌ မိုးမိတ်ကုန်းမြေရှိ တိပိဋကကျောင်းတိုက်၊ ပိဋကရံသီကျောင်းနေ အရှင်သောဘဏ ဖွဲ့သီ ပူဇော်အပ်သော ဂါထာတပုဒ်မှာလည်း ဤသို့ ဖြစ်ပါသည်။

ဗုဓေဟိ လဒ္ဓလဉ္ဆနံ၊
ဧကော သေသောပိ နတ္ထိ စ။
ထေရသုတ္တရိ ပိ+တော စေ၊
လဉ္ဆေတ္ထိ တမ္မိ သောလသော။ ။

ဗုဓေဟိ=ပိဋကတ်တွင် ကျမ်းကျင်မြင်သိပညာရှိတို့သည်။ လဒ္ဓလဉ္ဆနံ=သီလစသည် စုံညီအကျင့် ဂုဏ်ရည်မြင့်၍ ရသင့်ရထိုက်သော ဘွဲ့တံဆိပ်တို့တွင်။ ထေရသ=တိပိဋက ရေထင်ပေါ်ကျေးဇူးတော်ရှင် မထေရ်မြတ်ကြီးအား (ဝါ) မထေရ်မြတ်ကြီးအတွက်။ သေသော=ရဖို့ရန် ကြွင်းကျန်သော။ ဧကောပိ=တစုံတခုလော ဘွဲ့တံဆိပ်သည်

http://www.dhammadownload.com

၁၂-၁၀-၈၂ ဗုဒ္ဓဟူးနေ့ ညနေ ၅ နာရီ အချိန်-

မေမျူဒီပကျောင်းဆောင်၌ တိပိဋကဓရ ဆရာတော်ဘုရားကြီး ကြွရောက်လာပြီး မန္တလေးမြို့၌ ပရိယတ္တိပညာရေးတက္ကသိုလ် ထူထောင်နိုင်ရန် အတွက် မြေနေရာနှင့် အဆောက်အအုံများ ရရှိင် တော့မည် ဖြစ်ကြောင်း၊ အရှေ့ပြင် မှန်ကျောင်းတိုက်ကြီးကို အသုံးချနိုင်ပြီး ကျောင်းမှာ ဆောက်လုပ်လှူဒါန်းရန် အလှူရှင်များလည်း အဆင်သင့်ရှိနေပြီဖြစ်ကြောင်း၊ အရေးအကြီးဆုံးမှာ အစိုးရ ဈေးနှုန်းနှင့် သွပ်၊ သံ၊ ဘိလပ်မြေ စသော ဆောက်လုပ်ရေးပစ္စည်းများ မြန်မြန်ရရှိရန်ပင်ဖြစ်ကြောင်း၊ အဆောက်အဦးဆောက်လုပ်၍ တက္ကသိုလ် ဖွင့်လှစ်နိုင်သည့် အခြေအနေအထိ ပြီးစီးသောအခါ ကျောင်းမြေနှင့် တကွ မြေပေါ်ရှိ အဆောက်အအုံ ပရိဘောဂ အားလုံးကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အား အပြီးအပိုင် ပေးအပ် လှူဒါန်းမည်ဖြစ်ကြောင်း အလှည့်ကျ နိုင်ငံတော် မဟာနာယကအဖွဲ့ (တတိယအဖွဲ့ခွဲ) ဒုတိယ ဥက္ကဋ္ဌ ဆရာတော် အမှူးရှိသော ဆရာတော်များအား လျှောက်ထားတာဝန်ယူခဲ့ပါသည်-ဟု ဖြစ်ပါသည်။

အထက်ပါ မှတ်တမ်းအရဆိုလျှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် သာသနာတက္ကသိုလ်ကြီး ဆောက်လုပ်ရေးအတွက် တိုက်တွန်းမှုက နောက်က၊ မိမိဘာသာ ကြိုတင်၍ အားထုတ်မှုက ရှေ့က ဖြစ်နေကြောင်း တွေ့ကြရပါမည်။ သာသနာအတွက်ဆိုလျှင် တိုက်တွန်းဖို့မလိုသော ဆရာတော်ကြီးပါတကား။ ဤသို့လျှင် ဆရာတော်ကြီးက ကြိုတင်၍ တက္ကသိုလ်ဆောက်လုပ်ရေးတရားဟောထားပါသဖြင့် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးအား ဆရာတော်ဆောက်လုပ်မည်ဟု တာဝန်ပေးအပ်သည်နှင့် လှူဒါန်းမည့် အလှူရှင်များက အဆင်သင့် ပေါ်ပေါက်လာကြလည်း။ နတ္ထိစ=နတ္ထိဇဝ=တံဆိပ်စုံ အကုန်ပြည့်သည်မို့ မရှိတော့သည်သာလျှင်တည်း။ ထေရဿ=ကျေးဇူးတော်ရှင် မထေရ်မြတ်ကြီးအဖို့။ ဣတောပိ=များလှုံဖုံ ဤရအပ်ပြီးသော ဘွဲ့တံဆိပ်အစုံစုံတို့ထက်လည်း။ ဥတ္တာရိစေ အတ္ထိ=အကယ်၍များ ရှိခဲ့ငြားအံ့။ တမွိ=ထိုမြင့်သည်ထက်မြင့် တဆင့်တက်သော ဘွဲ့တံဆိပ်ကိုလည်း။ သော=တိပိဋက ဓရထင်ပေါ်ထိုကျေးဇူးတော်ရှင် မထေရ်မြတ်ကြီးသည်။ လဘေ-လဘေယျ=ရစေသမှု မပြုမလုပ် အားမထုတ်ပဲ မုချ မသွေ ရပေရာသတည်း။

တက္ကသိုလ်ကြီးများအတွက် လှူဒါန်းမှု

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် နိုင်ငံတော် မဟာနာယကအဖွဲ့က မန္တလေး တက္ကသိုလ် ဆောက်လုပ်ရန် တာဝန်ပေးအပ်မည်ဟု သတင်းကြားစဉ်ကပင် ဆရာတော်ကြီးသည် နီးစပ်ရာဒကာ, ဒကာမများအား တက္ကသိုလ်ကြီးများ ဖြစ်မြောက်ရေးတရား ဟောကြားထားနှင့်ပြီး ဖြစ်ပါသည်။ ထို့ကြောင့်ပင် ဆရာတော်ကြီးအား ဆောက်လုပ်ရန် တာဝန်ပေးမည့် မဟာနာယကအဖွဲ့ အစည်းအဝေးကျင်ပမည့်ရက် (၁၅-၁၀-၈၂၊ ကြာသပတေးနေ့) မတိုင်မီ ၂-ရက်၊ (၁၃-၁၀-၈၂၊ ဗုဒ္ဓဟူးနေ့)က ဆရာတော်ကြီးသည် ကမ္ဘာအေး ဓမ္မဒီပကျောင်းဆောင်သို့ ကြွရောက်တော်မူပြီး မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား တက္ကသိုလ်ကြီး ဆောက်လုပ်ရေးအတွက် စိတ်အေးတော်မူကြပါရန် ကြိုတင် လျှောက်ထားပြီးဖြစ်သည်။ ဤအကြောင်းနှင့်စပ်၍ တွဖက်အကျိုးတော်ဆောင် သံလျင်မင်းကျောင်း ဆရာတော်၏ မှတ်တမ်းမှာ ဤသို့ ဖြစ်ပါသည်။

http://www.dhammadownload.com



သက်တော် ၇၀ကျော်မှ ခဲခဲယဉ်းယဉ်း ရေလမ်းခရီးဖြင့်
တက္ကသိုလ်ကြီးများ ရေစက်ချပွဲအတွက် ကြွတော်မူရပုံ

ပါသည်။ သို့ဖြစ်၍ အထက်နှင့်အောက် မြန်မာပြည်နှစ်ရပ်တို့၏ မဟာသဒိသဒါန အကြိုရေစက်ချပွဲကြီးများကို လျင်မြန်စွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

လူဒါန်းကြရာတွင်လည်း များများလူသည့် ပုဂ္ဂိုလ်ရှိသကဲ့သို့ နည်းနည်းလူသူများလည်း ပါဝင်ကြပါသည်။ ဤအချက်နှင့်စပ်၍ ဆရာတော်ကြီး ရခိုင်ပြည်နယ်သို့ ရေစက်ချပွဲအတွက် ကြွတော်မူစဉ်က ရခိုင်ပြည်နယ်မှ ဆရာတော်ကြီးတပါးက ဥက္ကဋ္ဌကြီး ဦးသာလှအား "အခုလို ဒကာကြီးတို့ ဆောင်ရွက်နေတဲ့ ဆရာတော်ကြီးရဲ့ သာသနာပြုလုပ်ငန်းမှာ အများဆုံး လူတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲ၊ ဘယ်လောက် လူဖူးသလဲ၊ ပြီးတော့ အနည်းဆုံး လူသူကော ပြောနိုင်သလား"ဟု မေးတော်မူရာ၊ မှတ်ဉာဏ်ကောင်း၍ လုပ်ငန်းထဲတွင် အချိန်ပြည့် ဒိတ်ရော ကိုယ်ပါ ချထားသူ ဥက္ကဋ္ဌကြီး ဦးသာလှ အဖို့ ဤမေးခွန်းကို လွယ်လင့်တကူပင် လျှောက်ထား ဖြေကြားခဲ့သည်မှာ-

"တပည့်တော် မှတ်မိပါတယ် ဘုရား၊ သိသလောက် လျှောက်ထားရရင် အများဆုံး လူတာက ရန်ကုန် တက္ကသိုလ်က အငြိမ်းစား မြန်မာစာ ပါမောက္ခ ဆရာကြီး ဦးအေးမောင်ပါ။ မိမိနေတဲ့ တိုက်အိမ်နှင့် ပစ္စည်းတွေ အကုန်ရောင်းပြီး သိန်း(၆၀)ကျော် လူသွားပါတယ်။ အနည်းဆုံးကတော့ ဆရာတော်ကြီး မြိတ်မြို့ကို ကြွတုန်းက ကြုံဖူးတယ်ဘုရာ့။ ဆရာတော်ကြီး မြိတ်မြို့ ကြွလာမည်ကြားလို့ ကြားကြားခြင်း မြိတ်မြို့နှင့် အလှမ်းဝေးတဲ့ ရွာတစ်ရွာက နံနက်စောစောထွက်လာခဲ့တဲ့ အသက်ကြီးကြီး ဒကာကြီး တစ်ဦးပါ။ တစ်နေ့လုံး လမ်းလျှောက်လာခဲ့ရတာ မြိတ်ကို ဆရာတော်ကြီး တရားပွဲ သိမ်းခါနီး ည ၇ နာရီလောက်မှ ရောက်ရှာတယ်။ ဆရာတော်ကြီး သိသွားလို့ အဲဒီ ဒကာကြီးကို ဆရာတော်ကြီးထံ ခေါ်သွားရာ၊

http://www.dhammadownload.com

ဆရာတော်ကြီးကို အိတ်ထဲမှာ ကျစ်ကျစ်ပါအောင် သတင်းစာစက္ကူ အဟောင်းနှင့် ထုပ်ယူလာတဲ့ ပြား(၅၀)သော အသပြာဇေ့ကို ရိုရိုသေသေ လှူပါတယ်။ "ပြီးတော့ ဆရာတော်ကြီး နောက်နှစ် ကြွလာဦးမယ်ဆိုရင် သိပါရစေ၊ ခုလိုပဲ ပြား(၅၀) လှူချင်လို့ပါဘုရားလို့ အဘိုးကြီးက လျှောက် သွားသေးတယ်။"

ဟု ဖြစ်ပါသည်။

ဤတွင် ဆရာတော်ကြီးသည် တက္ကသိုလ် ကြီးများ တည်ဆောက်ရေးအတွက် အလှူခံရာ၌ အထက်ပါ မြိတ်မြို့က ဒကာကြီးကဲ့သို့ လူတကိုယ် ၅၀ ပြားကအစ ငွေ ၁ ကျပ်မျှ ပါဝင်လှူဒါန်းခြင်းဖြင့် သာသနာ့ဒါယကာ ကျောင်းဒကာကြီး ဖြစ်လာနိုင် ကြောင်းကို တရားပွဲများတွင် ဟောကြားတော်မူပါသည်။ ထို့ပြင် သြဝါဒ မူ(၃)ချက်ကို အမိန့်ရှိတော်မူသည်မှာ-

၁။ လူတိုင်း လူတိုင်း ကျောင်းဒကာ ဖြစ်ပါစေ၊
၂။ မပင်မပန်းသော အလှူဒါနဖြစ်ပါစေ၊
၃။ သားစဉ်မြေးဆက် သာသနာ့အမွေ ခံယူ နိုင်ပါစေ-

ဟု ဖြစ်ပေသည်။

လူတိုင်းကျောင်းဒကာဖြစ်ရေး

လူတိုင်း လူတိုင်း ကျောင်းဒကာ ဖြစ်ပါ စေ-ဟူသော သြဝါဒမူနှင့်စပ်၍ ဆရာတော် ဘုရား ကြီး ရှင်းလင်း အမိန့်ရှိတော်မူသည်မှာ-

"ဗုဒ္ဓမြတ်စွာ လက်ထက်တော်ကစ၍ အနာထပိဏ် သူဌေးကြီး၏ ဇေတဝန်ကျောင်း, ဝိသာခါ ကျောင်းအမကြီး၏ ပုဗ္ဗာရုံကျောင်း, ကောသလမင်းကြီး၏ ရာဇကောရာမကျောင်း စသည် ဖြင့် သူဌေးကြီးများ, မင်းများသာ ကျောင်းဒကာ ဖြစ်ကြသည်။



ပင်လယ်ပြင်မှာလည်း ရေစက်ချတရားကို ဟောတော်မူရပါသည်

http://www.dhammadownload.com

မြန်မာနိုင်ငံမှာလည်း သမိုင်းဝင် ကျောင်းတိုက်ကြီးများဆိုလျှင် ရှင်ဘုရင်များ, မိဖုရားကြီးများ, ဝန်ကြီးများ, ဆောက်လုပ်သည့် ကျောင်းတိုက်ချည်းလို ဖြစ်သည်။ သမိုင်းဝင် ကျောင်းတိုက်ကြီးများတွင် တိုင်းသူပြည်သား ဆင်းရဲသားများ ကျောင်းဒကာ မဖြစ်ပဲ ရှိသည်။ ယခု နိုင်ငံတော် ပရိယတ္တိတက္ကသိုလ်ကြီးမှာ သမိုင်းဝင် ဧရာမ ကျောင်းတိုက်ကြီးဖြစ်သည်။ တိုင်းသူပြည်သားတိုင်း ကျောင်းဒကာ ဖြစ်စေချင်သည်။ ကျောင်းဒကာ ဖြစ်ဖို့လည်း မခဲယဉ်းလှပါ။ ဥပမာ မြို့နယ်တနယ်မှာ လူငါးသောင်းရှိလျှင် ဒီလူငါးသောင်း တနေ့မှာ လကီဘက်ရည် တခါလောက် မသောက်ပဲနေက လူတယောက် တကျပ်ဆိုတော့ လူငါးသောင်း ငွေငါးသောင်းရမည်။ အဲဒီလို တနှစ် နှစ်ခါလောက် စုလိုက်လျှင် ဒီမြို့နယ်က အလွယ်တကူ ငွေတသိန်းစီ ရလျှင် ဘယ်,တိုင်းနှင့်ပြည်နယ် ကျောင်းဆောင် မဖြစ်ပဲရှိမှာလဲ။ ပြီးတော့ လူတိုင်း လူတိုင်း သမိုင်းဝင် ပရိယတ္တိတက္ကသိုလ်ကျောင်းကြီး၏ ဒါယကာဖြစ်နိုင်တာပေါ့" ဟု ရှင်းပြလေ့ရှိပါသည်။

လူတိုင်း ကျောင်းဒကာဖြစ်ရေး မူသည် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ ဆောက်လုပ်ရန်အတွက် ဖြူလုပ်သော ရေစက်ချ တရားပွဲများတွင် ပိုမိုး၍ လူသိများလာခဲ့ပါသည်။ အကြောင်းမှာ မန္တလေး သာသနာ့ တက္ကသိုလ်ကြီးကို ဆောက်စဉ်အခါက မြေမှာ ပျော့သဖြင့် ၃ ထပ် ၄ ထပ် မဆောက်ပဲ၊ ၂ ထပ် တိုက်ကလေးများကိုသာ ဆောက်လုပ်ခဲ့ပါသည်။ ရန်ကုန်မြို့ရှိ ကမ္ဘာအေးမြေမှာကား မြေမာ ဖြစ်သဖြင့် ၃ ထပ်အထိ ဆောက်လုပ်နိုင်ရန် ဆရာတော်ကြီးအား "အများဆုံး စာသင်သံဃာ မည်သို့မျှ လက်ခံထားရှိပါမည်လဲ ဘုရား"ဟု မေးလျှောက်ရာ၊ ဆရာတော်ကြီးက "တက္ကသိုလ်ကြီး တစ်ခုလျှင် သံဃာ အပါး ငါးရာ လက်ခံထားရှိရန် စီစဉ်ချက်ရှိကြောင်း" မိန့်ကြားတော်မူပါသည်။ ထိုအခါ ဆောက်လုပ်ရေးအဖွဲ့က သံဃာ အပါး ငါးရာဆန့်ရန် သုံးထပ်တိုက်ကျောင်းမည်မျှဆောက်ရမည်ကို တွက်ချက်ကြည့်ရာ သုံးထပ်တိုက်ကျောင်း(၁၄)ဆောင် ဆောက်ရမည်ဟု ဖြစ်ပေါ်လာပါသည်။

ထိုအခါ ဆရာတော်ဘုရားကြီးက ဆောက်လုပ်ရေးအဖွဲ့အား ဩဝါဒ မူတစ်ချက် ချီးမြှင့်ထားသည်မှာ "သမိုင်းတွင်အောင် ဆောက်လုပ်ကြပါ"ဟု ဖြစ်၏။ ဆရာတော်ကြီးက ကမ္ဘာအေးကုန်းမြေ၌ ဆဋ္ဌသံဂါယနာတင်စဉ်က ဖမျုဒီပ၊ ဥတ္တရကုရု၊ အပရာဂေါယာန၊ ပုဗ္ဗဝိဒေဟ–ဟု ကျောင်းဆောင်ကြီးလေးဆောင်ကို ကျွန်းကြီး လေးကျွန်း အမည်တပ်၍ ဆောက်လုပ်ထားရှိခဲ့သလို၊ မိမိတို့ သံဃမဟာနာယက ခေတ်တွင်လည်း မိမိတို့၏ သမိုင်းကို မှတ်တမ်းပြုသောအားဖြင့် ယခု နိုင်ငံတော်ကြီးတွင် တိုင်းနှင့်ပြည်နယ် ၁၄ ခုဖြင့် ဖွဲ့စည်းထားရှိရာ ထိုကျောင်းဆောင်ကြီး(၁၄)ခုကို တိုင်းနှင့်ပြည်နယ် (၁၄)ခု၏ အမည်ကိုတပ်၍ ဆောက်လုပ်ကြရမည်၊ ထိုပြည်နယ်ကျောင်းဆောင်တို့၏ အမည်များနောက်တွင် ဝိဇ္ဇာလယ ဟူသော ပါဠိစကား ထည့်သွင်း၍ခေါ်ဝေါ်ရမည်–ဟု ထပ်ဆင့် မိန့်ကြားတော်မူခဲ့ပါသည်။

တိုင်းနှင့်ပြည်နယ် ဝိဇ္ဇာလယ ကျောင်းဆောင်များ ဆောက်လုပ်မည်ဟု စိမံချက် ချလိုက်သည်နှင့် တပြိုင် နက် တိုင်းနှင့်ပြည်နယ် အသီးသီးမှ သတင်းကြားသိရသူ အလှူရှင်များက မိမိတို့ တိုင်းကျောင်းဆောင် မိမိတို့ ပြည်နယ် ကျောင်းဆောင် အတွက် အလှူငွေများ လာရောက်လှူဒါန်းကြပါသည်။ ပြည်နယ်နှင့်တိုင်း ၁၄–ခုမှ ဦးစွာပထမ စတင်လှူဒါန်းသည့် ပြည်နယ်မှာ ချင်းပြည်နယ်ဖြစ်ပြီး ကျပ်ငွေ ငါးသောင်း စတင် ပေးပို့ လှူဒါန်းပါသည်။

http://www.dhammadownload.com

ဖော်ပြပါ စီစဉ်ချက်များနှင့် လူဒါန်းလာ ကြပုံများကို မြင်တွေ့ရသောအခါ မင်းကွန်း တိပိဋကရ ဆရာတော်ဘုရားကြီးက သာသနာ့တက္ကသိုလ်များ ဆောက်လုပ်ဖွင့်လှစ်မည့် ရည်ရွယ်ချက် လုပ်ငန်းစဉ်များနှင့် မိမိတို့၏ မိဘဘိုးဘွားများ လက်ထက်ကပင် မပေါ်ပေါက်ဖူးခဲ့သော ပြည်တွင်းပြည်ပ သာသနာပြုကြမည့် လုပ်ငန်းအတွက် သိရှိနားလည်ကြသူများသာလျှင် ယခုအခါ လူဒါန်းနေသည်ကို တွေ့ရှိရသည့်အပြင်၊ အထူးအားဖြင့် ဝိဇ္ဇာလယကျောင်းဆောင်များ၏ အမည်နာမများကပင်လျှင် ထိုပြည်နယ်တိုင်းတို့မှ ပါဝင်လူဒါန်း ဆောက်လုပ်ကြမည့် အဓိပ္ပာယ်ကို ပေါ်လွင်နေသည် ဖြစ်သောကြောင့် တိုင်းပြည်အတွင်းရှိ လူတိုင်းလူတိုင်း သိရှိနားလည် သဘောပေါက်ကြစေရန် လူတိုင်း လူတိုင်း အနည်းဆုံး တစ်ကျပ်တစ်ပြားဖြင့် ကျောင်းဒါယကာများအဖြစ် ခံယူနိုင်ကြစေရန် ဆောင်ရွက်ကြပါဟု မိန့်ကြားတော်မူပါသည်။

ထိုမိန့်ခွန်းတော်အရ ဆိုင်ရာ ဆိုင်ရာ ပြည်နယ်တိုင်း၊ မြို့နယ်ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးဘက်ဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းအသီးသီးတို့က ဆောင်ရွက်ကြမှသာလျှင် လှည်းနေလှော်အောင်း မြင်းဖောင်းမကျန် သိရှိနားလည် သဘောပေါက်ကြပြီး အနည်းဆုံး စေတနာဒါန ဖြစ်ပေါ်ကြမှ သတ်မှတ်၍ နိုင်ငံတော်အစိုးရနှင့် အထူးအားဖြင့် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနတို့နှင့် တိုင်ပင်ညှိနှိုင်းပြီး ပြည်ထဲရေးနှင့်သာသနာရေးဦးစီးဌာနမှ တွဲဖက်ညွှန်ကြားရေးမှူး ဦးတင်ဦး၊ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှနှင့် အမှုဆောင်များတို့သည် မင်းကွန်း တိပိဋကရ ဆရာတော်ဘုရားကြီးနှင့်အတူ ပြည်နယ်တိုင်း မြို့တော်များသို့ သွားရောက်၍ အုပ်ချုပ်ရေးဘက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ လူကြီးများနှင့် တွေ့ဆုံညှိနှိုင်းပြီး ဆရာတော်ဘုရားကြီး ဩဝါဒနှင့် တရားဒေသနာများကို နာယူကာ စီစဉ်ဆောင်ရွက်ကြပါသည်။

ထိုသို့ဆောင်ရွက်ကြရာတွင် ဝတ္ထုငွေများ စုပေါင်း စုဆောင်း၍ လူဒါန်းကြမည်ဖြစ်ပါသဖြင့် အစစ စနစ်တကျ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် ပြည်နယ် တိုင်း မြို့နယ် ဥပဋ္ဌာက အဖွဲ့များကို ဖွဲ့စည်းထားရှိရန် ဆရာတော်ဘုရားကြီးက ညွှန်ကြားတော်မူပါသဖြင့် ပြည်နယ်တိုင်း မြို့နယ် ဥပဋ္ဌာက အဖွဲ့များကို ဖွဲ့စည်းကာ ဆောင်ရွက်ကြပါသည်။ ဥပဋ္ဌာက အမည်ကို အထူးပေးအပ်တော်မူခြင်းမှာ ဗုဒ္ဓမြတ်စွာကို အနီးကပ်ပြုစုရာတွင် အသာဆုံးအမြတ်ဆုံး ဘွဲ့ထူးဧတဒဂ် ဖြစ်ပါသဖြင့် ညီတော်အာနန္ဒာ ရရှိသည့် ဧတဒဂ်ငါးတန်မှ တစ်တန်၏ အမည်ဖြစ်ပါသောကြောင့် ဥပဋ္ဌာကအဖွဲ့ဝင် သူတော်စင်တို့သည် သာသနာ့တက္ကသိုလ်ကြီးများနှင့် အနီးကပ် ပြုစုလုပ်ကျွေးနေရမည့် အဓိပ္ပာယ်ပေါ်လွင်လျက်ရှိပါသည်။

ပြည်နယ်တိုင်း မြို့နယ် ဥပဋ္ဌာကအဖွဲ့များဖွဲ့ပြီး ဆောင်ရွက်ကြရာတွင် ဝိဇ္ဇာလယသုံးထပ်ကျောင်း တစ်ကျောင်းလျှင် ကျပ်ငွေ တစ်ဆယ့်ရှစ်သိန်း၊ တစ်ထပ်လျှင် ခြောက်သိန်းကျ လူဒါန်းနိုင်ကြောင်း သိရှိလာသောအခါ ဧရာဝတီတိုင်း၊ မအူပင်မြို့မှ မြေညီထပ်တစ်ထပ်၊ မကွေးတိုင်း ရေနံချောင်းမြို့မှ မြေညီထပ်တစ်ထပ်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့မှ မြေညီထပ်တစ်ထပ်ကျနှင့် ဒဂုံလေးမြို့မှ မဟာဗန္ဓုလ ဦးဆိုင် ဒေါ်စောတင်တို့က မြေညီထပ် တစ်ထပ်အတွက် ကျပ်ငွေ ငါးသိန်းတို့ကို စတင်လူဒါန်းကြပါသည်။

အင်အားနည်းသော ကယားပြည်နယ် နှင့် ချင်းပြည်နယ် ဝိဇ္ဇာလယ ကျောင်းဆောင်များ

http://www.dhammadownload.com

အတွက်လည်း ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝ ဖြင့် ဝိုင်းဝန်းပံ့ပိုးလှူဒါန်းကြရန် ဆုံးဖြတ်ကြပြီး လှူဒါန်းလျက်ရှိကြပါသည်။ မိုးကုတ်မြို့နယ်နှင့် မြိတ်မြို့နယ်တို့မှ သံဃာအပါ၊ ၂၅၀ ဆွမ်းကပ်နိုင်သည့် ကျပ် ၁၅ သိန်းတန် ဆွမ်းစားကျောင်း ၂-ကျောင်း အတွက် တာဝန်ယူကြပါသည်။

ရှမ်းပြည်နယ် သောင်ရွှေမြို့မှ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ဘုရားကြီးက ရှမ်းပြည်နယ် ဝိဇ္ဇာလယ ကျောင်းဆောင်အတွက် ဘုရားဆောင် ပါဝင်အောင် ဆောက်လုပ်ပေးပါရန် နှင့် ထပ်မံ၍ ကျပ်ငွေတစ်သိန်း လှူဒါန်းရန် ဒါယကာ ပေါ်ပေါက်ပါကြောင်း အကြောင်းကြားလာသောအခါ ဝိဇ္ဇာလယ သုံးထပ်တိုက်ကျောင်းတို့တွင် အားလုံး တန်းတူညီတူ ဘုရားဆောင်များပါဝင်အောင် ဆောက်လုပ်ရန် ဆုံးဖြတ်ပြီး ဘုရားဆောင်တွင် တည်ထားကိုးကွယ်ရန် ပြည်နယ်နှင့်တိုင်း အသီးသီးတို့တွင် မပြုမပြင်နိုင်၍ ထားရှိသော ရှေးဟောင်း ဗုဒ္ဓဆင်းတုတော်များကို ပင့်ဆောင်၍ မွမ်းမံပြင်ဆင်ပြီး ရောင်ခြည်တော်ဖွင့်၍ ကိုးကွယ်ကြရန် ဆုံးဖြတ်ခဲ့ကြပြန်ပါသည်။

ဆရာတော်ဘုရားကြီး၏ ဩဝါဒတော် အရ လူတိုင်း လူတိုင်း ကျောင်းဒါယကာအဖြစ် ခံယူနိုင်ရေးကို ဆောင်ရွက်ကြရာတွင် ဗုဒ္ဓမြတ်စွာ ဟောကြားတော်မူသော တရားဒေသနာတော်အရ ကျောင်းအလှူရှင်နှင့် ကျောင်းဒါယကာအဖြစ် ခံယူခြင်းတို့ မတူညီကြကြောင်း သိရှိနားလည်သဘောပေါက်လာကြသည့်အား လျော်စွာ မိမိတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်အတွက် ပြင်ဆင်ထိန်းသိမ်းရန် ငွေပဒေသာပင်နှင့် ၁-နှစ်လျှင် တစ်ရက် ရက်သတ်မှတ်ပြီး ဆွမ်းကပ်လှူနိုင်ရန် ဆွမ်းပဒေသာပင်တို့ကို ပါ ထူးထောင်လှူဒါန်းကြရန် တိုင်းအသီးသီးက စီစဉ်ကြပြီး ငွေပဒေသာပင် နှစ်ပင် ထူထောင် ခဲ့ကြပြန်ပါသည်။

ဆရာတော် ဘုရားကြီးကိုလည်း တိုင်းနှင့် ပြည်နယ်တို့၏ မြို့တော်များကိုသာ ကြွရောက်၍ ရေစက်ချ တရားဒေသနာများ ချီးမြှင့်တော်မူနေသည်မှာ သွားလာရေး လွယ်ကူ ပြီး အချိန်ရရှိသလောက် မြို့နယ်များသို့ပါ ကြွရောက်တော်မူ၍ တရားဒေသနာများ ချီးမြှင့်ပြီး ရေစက်သွန်းချ အမျှပေးဝေရန်အတွက် စီစဉ်ဆောင်ရွက်ရာ မြို့ပေါင်း ၁၄၅ မြို့သို့ ကြွရောက် ချီးမြှင့်ပေးတော်မူပါသည်။

မလှူဖူးသေးသောအလှူ

ဆရာတော်ဘုရားကြီးသည် ရောက်ရှိတော်မူရာ အရပ်ဒေသတိုင်းတွင်-

"ဗုဒ္ဓဘာသာဝင်တိုင်း ကျောင်းဒကာ ကျောင်း ဒကာမ ဖြစ်ရေး၊ မလှူဖူးသေးသော အလှူကို ပေးလှူရခြင်းကြောင့် မရဖူးသေးသော ကုသိုလ်ထူးကို ရရှိရေး၊ ကျောင်းအလှူကို ပေးလှူသူသည် အလုံးစုံသော အလှူကို ပေးလှူသူဖြစ်ကြောင်း မြတ်စွာဘုရား ဟောကြားချက်အတိုင်း ယုံကြည်သဒ္ဓါထက်သန်စွာဖြင့် ပေးလှူနိုင်ရေး-ဟူသော ဩဝါဒများကို ချီးမြှင့်တော်မူပါသည်။ ဤတွင် ဆရာတော်ဘုရားကြီး၏ မလှူရဖူးသေးသော အလှူကို လှူရခြင်းကြောင့် မရဖူးသေးသော ကုသိုလ်ထူးကို ရရှိနိုင်ပါသည်ဟူသော ဩဝါဒသည်ကား လူတိုင်း နှုတ်ဖျားခွံ့ ပန်နှယ်သီ၍ သဒ္ဓါတည်းဟူသော လက်ကလည်း လိုက်ပါ၍ လှူလိုက်ကြသည်မှာကား အားရစရာပင် ဖြစ်တော့သည်။

ကျောင်းလှူအကျိုးလက်ံာ

ထို့ပြင် ဆရာတော်ဘုရားကြီးက တရားပွဲများတွင် ယခု သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းရခြင်းသည် အလွန်ကြဲကြိုက်ခဲသည့် အလှူဖြစ်ကြောင်း၊ လူတိုင်း လူတိုင်း ကျောင်းဒကာ ဖြစ်စေချင်ကြောင်း၊ လူတိုင်းလူတိုင်း

http://www.dhammadownload.com



မိုးရထားပေါ်မှလည်း အနုမောဒနာတရား ချီးမြှင့်တော်မူပုံ

လုပ်စားကိုင်စားတိုင်း သက်သက်သာသာ ရဲရဲဝံ့ဝံ့ လှုနိုင်ဖို့ ယခုလို ရပ်ကွက်အထိ ဆင်းလာကာ တိုက်တွန်းရခြင်းဖြစ်ကြောင်း မိန့်ကြားတော်မူပါသည်။

ထို့နောက် အောက်ပါ ကျောင်းလှူရခြင်း အကျိုး(၇)ပါး လက်ံကို ရွတ်ဆို၍ ဟောတော်မူပါ၏။

တိဏကဋ္ဌဒါယကထေရာပဒါန်နှင့်အညီ
ပွဲ့သီအပ်သော
ကျောင်းလှူကျိုး ၇-ပါး တရားလက်ံ။
သုံးတန်စေတနာ ညီညွတ်စွာဖြင့် သာသနိက
ဝိဟာရကျောင်း တန်ဆောင်းအလှူ ဆောက်လှူသူတို့
ကြီးထူကဲဝှန် ကျိုးရဟန်ကို ကျမ်းဂန်ထောက်ချင့်
နိဒါန်းဖွင့်သော်

၁။ နတ်နှင့်လူနှယ် သန္ဓေတွယ်၍၊
၂။ စိတ်ဝယ်တောင့်တ ဆောက်အုံရ၏။
၃။ မထကြွက်သီး ကိုယ်လည်းမလှုပ် ကြောက် ရုပ်မထင် ထိတ်လန့်စင်၏။
၄။ ခြင်္သေ့,သစ်,ကျား သားရဲများနှင့် ဖမ်းစားကလူ နှိပ်စက်မူသား တောသူ, ဘုတ်, ပြိတ်,အဆိပ်ထန်ပြင်း မြွေနှင့်ကင်းက အဆင်းဖောက်ပြန် ကုမ္ဘဏ်ရက္ခိုသ် နတ် မိုက်ရန်ပေါင်း ဘေးလွတ်ရှောင်း၏။
၅။ မကောင်းအိပ်မက် မမြင်မက်ဘူး၊
၆။ ထင်လျက်သတိ မြဲခိုင်ဘိ၍ ဝိပရိဏာ ဖောက်ပြန်စိတ်ရင်း ရူးသွပ်ခြင်းမှ ရှင်းရှင်း လွတ်ရှောင်း ကျိုးဆက်ကောင်း၏။
၇။ နောက်နှောင်းဘဝ ပစ္ဆိမဝယ် ဂုဏ်ကဲပို အရဟတ္တဖိုလ်ဟု ထိုထိုကျေးဇူး လွန်ပြန့် ပြုံးသည် ဆောက်ဦးလှူကျိုး ခုနစ်တည်း။

သပ္ပုရိသဒါန တရားတော်

ဆရာတော်ဘုရားကြီး တက္ကသိုလ်ကြီး အတွက် အလှူငွေ ရေစက်ချ တရားပွဲများတွင်

http://www.dhammadownload.com

သပ္ပုရိသဒါန မူ ၅-ချက် တရားတော်ကိုလည်း ဟောတော်မူပါသေးသည်။ ဤတရားတော်တွင် သပ္ပုရိသဒါန မူ ၅-ချက်ကို-

၁။ သဒ္ဓါကြည်ညို
၂။ ရိုသေလွန်စွာ
၃။ အခါကိုသိ
၄။ မစွန်းငြိဘဲ
၅။ မထိဝါးပါး၊ လှူတုံ့ငြား၊

ဝါးပါးသပ္ပုရိသမြတ်ဒါန-ဟု လက်ာသိကံုးပေးတော်မူပါသည်။ ထိုသပ္ပုရိသဒါနမူ ၅-ချက်နှင့်သာ လှူကြတန်းကြပါ-ဟုလည်း တိုက်တွန်းဩဝါဒပေးတော်မူပါသည်။

သာသနာတော်အတွက်

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ကျန်းမာရေးသည် ၁၉၈၄ ခု၊ ဩဂုတ်လ ၁၂ ရက် နေ့မှစ၍ အလွန်ဆိုးဝါးသည် မဟုတ်သော်လည်း တရားအဟောများခြင်း၊ ခရီးကြွမူများ၍ အထိုင်များကာ ဝေယျာဝစ္စပြုမှုကိစ္စ ဆွမ်းကိစ္စ ပျက်စီးခြင်းတို့ကြောင့် ကျန်းမာရေး ချို့ယွင်းမှုများ ဖြစ်လာခဲ့၏။ ချောင်းမပြတ်ဆိုးသည်၊ ရင်ကြပ်သည်။ ထိုစဉ်က ဆရာတော်ကြီးသည် ရံဖန်ရံခါ ဆေးလိပ်နှင့် မကင်းနိုင်သေးသည်ဖြစ်၍ ဆရာဝန်များက ဆေးလိပ်ကြောင့် ဟုယူဆကာ ဆေးလိပ်ဖြတ်လျှင် သင့်တော်မည်ဟုယူဆမိပါသည်ဘုရားဟုပင် ဆရာဝန် ဦးသိန်းစိုးက စာရေးလျှောက်ထားခဲ့ပါ၏။

ဆရာတော်သည် မိမိ၏ ကျန်းမာရေးကို ငဲ့ကွက်မှုမရှိ။ ခရီးကြွမြဲကြွသည်။ တရားဟောမြဲဟောသည်။ ထိုရက်များအတွက် စားလဲ့ တက္ကသိုလ်၊ အိပ်လဲ့ တက္ကသိုလ် ဖြစ်ကာ နိကာယ်ဆောင် သံဃာတို့ကိုပင်-



ကားလမ်းခရီးရောက်ရာ ရွာငယ်တို့တွင်လည်း ဤသို့လျှင် တက္ကသိုလ်တရားကို ဟောတော်မူရပါသည်

http://www.dhammadownload.com



မန္တလေးတောင်ခြေ သုဘဒ္ဒါအဆောင်၌ ဆရာတော်ကြီးဆေးကုသခံယူတော်မူပုံ

"ဦးဇင်းတို့၊ တပည့်တော်ကတော့ ဘာမှ စိတ်မဝင်စားဘူး၊ တက္ကသိုလ် ပြီးမြောက်ဖို့ လုံးပန်းနေတာဆိုတော့–

တက္ကသိုလ် အာသယော မယှံ၊
တက္ကသိုလ် ဌာန စက်မံ။
ကပွေမိ တက္ကသိုလ် ဝါသံ၊
တက္ကသိုလ် မမ ဂေါစရော။

လို့ စိတ်ထဲမှာ အမြဲ အဲသလို"ဟု မိမိ စိတ်ထဲရှိသော တက္ကသိုလ်ကို ဖော်ပြ၍၊ ဦးဇင်းတို့လဲ နိကာယ်ကိုသာ အာရုံပြုကြပါဟူ၍ တိုက်တွန်းနှိုးဆော် ဩဝါဒ ချီးမြှင့်တော်မူခဲ့ပါ၏။

ဆရာတော်ကြီးသည် သက်တော် ၄၀ ကျော် အရွယ်ကောင်းတုန်း၊ ခရီးကြွသွားလာနိုင်တုန်းမှာ ပထမဦးဆုံး တိပိဋကဓရ ဖြစ်တော်မူပါ၍ တတိုင်းပြည်လုံးက မြို့ရွာအသီးသီးက ပူဇော်ချင်ပါသည်ဟု ပင့်ဖိတ်ရာ မဖြစ်မနေ ကြွသင့်သော ထောက်ထား ငဲ့ညာစရာရှိသော မြို့ကြီး(၄)မြို့ကိုသာ ကြွတော်မူ၍၊ နောက်ထပ် ပူဇော်ပွဲများ မလုပ်ပါနဲ့တော့ဟုပင် တောင်းပန်ရပ်ဆိုင်းစေခဲ့ပါသည်။ ယခုမူ သက်တော်(၇၀)ကျော် အရွယ်၊ ကျန်းမာရေးလည်း မကောင်းတော့၊ အသွားအလာ အထိုင်အထမှာလဲ ချိချဲနဲ့နဲ့၊ ဤကဲ့သို့သော အချိန်မျိုးမှာကား သာသနာအတွက် ပရိယတ္တိသာသနာတော်ကြီးအတွက်ဟူသော စိတ်ဆန္ဒမြတ်ဖြင့် မနေမနား ခရီးရှည်ကြီးများ ကြွ၍၊ တနေ့လျှင် ရေစက်ချ တရားပွဲရှိလျှင် ရှိသလောက် ကျင်းပကာ ကြိုးပမ်းနေတော်မူပုံကို နှိုင်းယှဉ်ကြည့်ပါက ဟိုတုန်းက တိပိဋကဓရ ပူဇော်ပွဲတွေက ကိုယ်ရေးကိုယ်တာ ကိစ္စ၊ ယခု ရေစက်ချပွဲများက သာသနာတော်ကိစ္စ။ ဆရာတော် မည်သည့်ဘက်ကို လိုက်နေခဲ့ပါသနည်း?။ ဤအဖြစ် ဤအကြောင်းကို သိရှိကြကာ ဆရာတော်ကြီး ထိုစဉ်က ကြွခဲ့သော ခရီးစဉ်များတွင် ဆရာတော်ကြီး အပင်ပန်းခံ

http://www.dhammadownload.com

တရားဟောနေမှု၊ ခရီးသွားနေမှုတို့သည်ကား အလွန်ကြည်ညိုဖွယ်အဖြစ် ပူးတွေ့ရပါလိမ့်မည်။

ဆရာတော်ကြီး၏ ကျန်းမာရေးထိခိုက်ခြင်း

၁၉၈၄ ခု၊ စက်တင်ဘာလလောက်အရောက် မန္တလေး သာသနာ့တက္ကသိုလ်ကြီး၏ အဆောက်အအုံများ ပြည့်စုံတော့မည့် အခြေအနေတွင် ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေ တစစ ဆိုးဝါးလာခဲ့၏။ မစားနိုင် မသောက်နိုင် ယိမ်းယိုင်လဲကျ၍ မထနိုင်ဘဲ ဖြစ်တော်မူလာပါသည်။ အောက်တိုဘာလ အတွင်းမှာ (၁၈-၁၁-၈၄) နေ့တွင် မင်းကွန်းဓမ္မနာဒချောင်၌ ဆရာကြီး ဦးထွန်းသင်၊ ပါမောက္ခ ဦးခင်မောင်ဝင်း၊ ဆရာကြီး ဦးစံထွန်းအောင်၊ ဒေါက်တာ ဒေါ်မြစိုးဆင့်၊ ဒေါက်တာ မျိုးလွိုင်နှင့် ဒေါက်တာ အောင်မြင့်တို့ စစ်ဆေးကြည့်ရှုပေးကြပါသည်။ (၅-၁၂-၈၄)နေ့တွင်မူ ဆရာတော်ဘုရားကြီးအား ဓမ္မနာဒကျောင်းတိုက်မှ ပင့်ဆောင်၍ ဂေါဝိန်သစ်ထုတ်လုပ်ရေးမှ သူနာပြုကားဖြင့် မန္တလေးမြို့ ပရိယတ္တိသာသနာ့တက္ကသိုလ် နယ်မြေရှိ သုဒတ္တကျောင်းဆောင်သို့ ပြောင်းရွှေ့ပင့်ဆောင်ကာ အထူးကုဆရာဝန်ကြီး ဦးသာလှ ဦးဆောင်သော သမားတော်အဖွဲ့က နေ့ညမပြတ် စောင့်ကြပ် ကုသနေရသည်။ ဆရာကြီး ဦးသာလှသည် တစ်ညမှ ကောင်းကောင်း မအိပ်ပါ။ ဆရာတော်ကြီးနားမှ မခွာတမ်း ပြုစုနေပါသည်။

ဆရာဝန်ကြီးများအဖွဲ့က အစည်းအဝေး အကြိမ်ကြိမ် ပြုလုပ်ပြီး နေ့စဉ် ဆေးပေးပုံ ဆွေးနွေးကြ၊ အစာအာဟာရအတွက် တိုင်ပင်ကြ၍ တဦးတယောက်တည်းဖြင့် ဘာမျှ မဆုံးပဲ၊ သာသနာတော်အတွက် အသက်ပေးထားသော ဤဆရာတော်ကြီးအား တဦးခေါင်း တပညာ မဟုတ်ဘဲ စုဝေးကာ တိုင်တိုင်ပင်ပင် ညှိညှိနှိုင်းနှိုင်း ကုသကြပါသည်။



ဆရာတော်ကြီး နာမကျန်းဖြစ်နေစဉ် ပဋ္ဌာန်းသိပ္ပံဆရာတော်ကြီး
ကြွရောက်ကြည့်ရှု အားပေးနေပုံ

http://www.dhammadownload.com

ဆရာတော်ကြီး၏ အခြေအနေမှာလည်း သေမည် ရှင်မည် မသိနိုင်အောင်ဖြစ်ခဲ့ရသည်။ တခါတံခါ သတိကွာလျော မိန်းမော၍ပင် သွားတတ်ပါသည်။ ပါးစပ်မှလည်း အသံမထွက်၊ လက်ဟန်ခြေဟန်ဖြင့်သာ ပြောဆိုရပါသည်။ အာဟာရဓာတ် မပြတ်စေရန် နှာခေါင်းမှ ပိုက်တတ်၍ အသက်ဓာတ်ကို ဆက်စပ်ပေးနေရပါသည်။ ဆေးသွင်းရသည်၊ အစာသွင်းရသည်။

(၁၇-၁-၈၅)နေ့တွင် ဆရာတော်ဘုရားကြီးကို ရန်ကုန်မြို့သို့ လေယာဉ်ဖြင့် ပင့်ဆောင်ကြကာ ဆရာဝန်ကြီး ဦးမျိုးသွယ်၊ ဆရာကြီး ဦးသာလှ၊ ဆရာကြီး ဦးထွန်းသင်တို့အတူတကွ စစ်ဆေးကြည့်ရှုကြပါသည်။ ထိုအတောအတွင်း မြန်မာပြည် အရပ်ရပ်မှာကား "မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီ" ဟူသော သတင်းစကား ပြောနေကြပါသည်။

၁၉၈၅ ခုနှစ် ဇန်နဝါရီလကုန်လောက် ရောက်မှ ဆရာတော်ကြီး၏ အခြေအနေမှာ သက်သာစပြုလာ၏။ အဘိဓေ ကျောင်းတော် အထက်ထပ်တွင် ဝါလုံးများ ကြိုးများတန်း၍ ဆရာတော်ကြီးကို လမ်းလျှောက် လေ့ကျင့်မှုများ ပြုပေးကြ၏။ မည်မျှ သက်သာစေကာမူ ဆရာတော်ကြီး၏ ကျန်းမာရေး ထိခိုက်မှုသည် ထိုအချိန်ကစ၍ အကောင်းဘက်က နည်းလာပါတော့သည်။ ၁၉၈၅ ခု၊ မေလ ၁၄ ရက်နေ့တွင် အလှည့်ကျ ဆရာဝန်ကပင် ဆရာတော်ကြီး၏ ဆေးမှတ်တမ်း၌ "အပြင် ဆွမ်းစား မလိုက်ပါရန်၊ ကျောင်း၌သာ အာဟာရ ပြည့်ဝသော ဆွမ်းများ ဘုဉ်းပေးပါရန် ဖြစ်ပါသည် ဘုရား။ ကြာမင်းစွာ ထိုင်ဖြိုး အညောင်းမခံပါရန်လည်း လျှောက်ထားပါသည် ဘုရား" ဟု ရေးသား လျှောက်ထားခဲ့ရလေသည်။ ထိုနေ့က ဆရာတော်၏ ကိုယ်ပေါင်ချိန်မှာ ၉၂ ပေါင်ခွဲ ရှိပါသည်။

နာဖျားမကျန်းဖြစ်နေစဉ်မှာပင် ဆရာတော်ကြီးသည် ကျန်းမာရေး ထူထောင်လာပါက တိုင်းနှင့်ပြည်နယ် ကျောင်းဆောင်များဖြစ်ရေး အတွက် ဆရာတော်ကိုယ်တိုင် ကြွရောက်၍ ဩဝါဒကထာပြောကာ အသိဉာဏ်ပေးဖို့ စီစဉ်ထားပါသေးသည်။

အရိယမဂ္ဂင် ဆရာတော်ကြီး ပျံလွန်တော်မူခြင်း

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ကျန်းမာရေး ပြန်လည် ကောင်းမွန်တော်မူပြီးစ အချိန် ၁၃၄၇ ခု (၂၇-၇-၈၅) နေ့တွင် ဆရာတော်ကြီး၏ ဆရာလည်းဖြစ်၊ ခမည်း ဖခင် အရာမှာလည်း ထားခဲ့သော အရိယမဂ္ဂင် ဆရာတော်ကြီးသည် မန္တလေးတောင်ခြေ သုဒတ္တဆောင်တွင် ဘဝနတ်ထံ ပျံလွန်တော်မူပါသည်။ အရိယမဂ္ဂင် ဆရာတော်ကြီးသည် ကျန်းမာရေး အလွန်ကောင်းသော ဆရာတော်ကြီး ဖြစ်ပါသည်။ ပျံလွန်တော်မူချိန် သက်တော် (၉၀)နှစ်ထိ မျက်စိမမှုန်၊ မကုန်းမကိုင်း၊ အစာအသောက် မပျက်ပဲ ကြည်ကြည်ရွှင်ရွှင်ဖြင့် ကြွနိုင်သွားနိုင် ဟောပြောဆုံးမနိုင်တော်မူဆဲ ဖြစ်ပါသည်။ ပျံလွန်တော်မူသောရောဂါမှာ လူအိုလူမင်းများ၌ ဖြစ်လေ့ရှိပါသော ဆီးချုပ်သည့် ဝေဒနာမျှ ဖြစ်ပါသည်။

အရိယမဂ္ဂင် ဆရာတော်ကြီးသည် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးအား ဒုတိယ ကမ္ဘာစစ်မတိုင်မီက စတင်စောင့်ရှောက်တော်မူလာရာ၊ တိပိဋကဓရ ဖြေဆိုတော်မူချိန်၌ အထူးစောင့်ရှောက်တော်မူခဲ့ပါသည်။ ထို့နောက်၌ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်း မှန်သမျှ အရိယမဂ္ဂင် ဆရာတော်နှင့် ကင်းသည်ဟု မရှိခဲ့။ မိုးမိတ်ကုန်းမြေ တည်ရာမှာလည်း မဂ္ဂင်မုခ်ဦး၊ မဂ္ဂင်

http://www.dhammadownload.com



နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ဆည်တော်ကြီး၌ ကြည့်ရှုတော်မူစဉ်

စောင်းတန်း၊ မဂ္ဂင်ကျောင်းဆောင်များ ဆောက်လုပ်လှူဒါန်းတော်မူပါသည်။ ငွေပဒေသာပင်များလည်း စိုက်တော်မူပါသည်။ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး တည်ဆောက်ရာမှာလည်း အလှူငွေ ပါဝင်ပြီး၊ မင်းကွန်း တိုက်နယ်ဆေးရုံ၊ အလယ်တန်းကျောင်း စသည့် အဆောက်အဦများ တွင်လည်း ငွေပဒေသာပင်များ၊ အလှူငွေများ ထည့်ဝင် လှူဒါန်းတော်မူပါသည်။

အရိယမဂ္ဂင် ဆရာတော်ကြီးသည် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ပဓာန သာသနာပြု လုပ်ငန်းဖြစ်သော တိပိဋကဓရ အရှင်မြတ်များ ပေါ်ထွန်းရေး လုပ်ငန်းတွင် စီမံအုပ်ချုပ်မှု နာယက ဆရာတော်ကြီးတပါးအဖြစ် ရွက်ဆောင်တော်မူရင်း ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။

မိုင်-၁၀၀၀ ခရီး

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး မန္တလေးတောင်ခြေ သုဒတ္ထဆောင်၌ နေမကောင်း ဖြစ်စဉ်အခါက မန္တလေးမြို့ ဒေးဝန်းအုတ်ကျောင်း ဆရာတော်ကြီး ကြွလာတော်မူကာ သတင်းမေးတော်မူ ပါသည်။ ရန်ကုန်မြို့ တိပိဋက ကျောင်းတော်၌ ဆေးကုသပြီး အနားယူတော်မူစဉ်အတွင်းမှာလည်း ကြွလာတော်မူပြီး လန်းလန်းဆန်းဆန်း ရှိနေသော ဆရာတော်အား "ဘဝအသစ်ပြောင်းသလိုပဲ"ဟု အမိန့်ရှိပါသည်။ သိကြားမင်း တထိုင်တည်းမှာပင် မြတ်စွာဘုရားရှင်၏ တရားတော်ကို နာယူရင်း ဘဝပြောင်း၍ သက်တမ်းပိုရှည်သကဲ့သို့ပင် မင်းကွန်း တိပိဋကဓရ ဆရာတော်အားလည်း "သိကြားမင်း ကဲ့သို့ ဘဝဟောင်းကို ချေပြီး ဘဝသစ်ကို ကူးခဲ့ပြီ" ဟု မိန့်တော်မူကာ၊ ရှေ့ရှောက် သာသနာ့လုပ်ငန်း များကို ပို၍စွမ်းဆောင်နိုင်တော့မည်ဟုလည်း မိန့် တော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် ကျန်းမာရေးကောင်း သည်နှင့် ဆရာတော်ကြီးသည် ရေစက်ချများကို ပြန်လည် လက်ခံကာ ဆောင်ရွက်ပေးတော်မူပါ သည်။ ယခုတကြိမ်တမူ တဦးချင်း တဖွဲ့ချင်း မဟုတ်ပဲ ဒါယကာကြီးများက အချိန်သတ်မှတ်ပေး ကြကာ အုပ်စုလိုက် ရေစက်ချပွဲများ ပြုလုပ်ခြင်းဖြင့် ဆရာတော်ကြီးအဖို့ အနားရရှိစေခဲ့ပါသည်။ တစတစ ကျန်းမာရေးကောင်းလာသည်တွင် ဆရာတော်ကြီး

http://www.dhammadownload.com



မိုင် ၁၀၀၀ ခရီး၌ ဆရာတော်ကြီး ရေစက်ချတရားချီးမြှင့်တော်မူပုံ

သည် ဥက္ကဋ္ဌ ဆရာကြီး ဦးသာလှအား "ဆရာ ခရီး ထွက်ကြစို့၊ နောက်ထပ်လို့ နေမကောင်းဖြစ်ပြီး အလုပ်မလုပ်နိုင်ရင် ခက်မယ်"ဟု မိန့်တော်မူကာ ရေစက်ချတရားဟောပွဲ ခရီးများကို ကြွတော်မူခဲ့ပါသည်။

၁၉၈၆ ခု မတ်လတွင်မူ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးအတွက် နဝကမ္မ ဝတ္ထုများ ပိုမိုရရှိရေး၊ မြို့ကြီးမြို့ငယ် ရွာကြီးရွာငယ် တို့မှ ဒကာ ဒကာမများ စေတနာသဒ္ဓါတရား ပိုမိုထက်သန်လာကြစေရန်အတွက် ရန်ကုန်မြို့မှ မန္တလေးမြို့သို့ မဟာနာယက ဆရာတော်(၄၇)ပါး အစုံအညီ အသွားအပြန် မိုင် ၁၀၀၀-ခရီး ကြွချီတော်မူပါသည်။ ဆရာတော်သည် သက်တော် (၇၂)နှစ် အရွယ်က ရန်ကုန်မြို့ လှိုင်နယ်မြေ ရန်ကုန်တက္ကသိုလ်တွင် ဟောတော်မူသော သပ္ပုရိသဒါနတရားတော်တွင် "ဒီဘုန်းကြီးများ အသက် ၇၀ ရောက်ပေါ့ ဆိုကတည်းက ရန်ကုန်မြို့ကြီးပေါ်မှာ မော်တော်ကား စီးရတယ်၊ ကားတွေကလဲကောင်း၊ လမ်းကလဲကောင်းတော့ လမ်းပေါ်ရောက်တယ်ဆို မော်တော်ကားကိုက သူတို့က ပြေးချင်တယ်၊ မောင်းတဲ့ လူကလဲပဲ ကျွမ်းကျင်တော့ လောကအဆို ဆိုရင် အင်မတန်ဂုဏ်ရှိတဲ့ ကောင်းကျိုးပဲ။ ဒါပေမယ့်လို့ ဒီဘက်ကျတော့ စီးရတာ ကြောက်သလိုလို ဒီလိုဖြစ်လာတယ်။ ဘုန်းကြီးက ပြောရတယ်၊ ကားမောင်းတဲ့ ဆရာကလေးတွေ 'ဖြေးဖြေးမောင်းပါကိုရင်'လို့ ပြောတော့ ပြောသလိုပ-ဒါပေမယ့် ဖြေးဖြေးမောင်းပါလို့ မပြောဘဲနဲ့ "မော်တော်ကားလှတာ၊ မောင်းတဲ့သူလှတာ၊ ဘေးကလူ မြင်အောင်လဲ မောင်းပါကွာ"လို့ ဒီလို ပြောရတယ်။ အမှန်တော့ ဘုန်းကြီးများ ပစ္ဆိမ အရွယ်သို့ ရောက်ခဲ့တာဟာ ၄ နှစ် ဝင်လာပြီ၊ အသက်မှာ နည်းနည်းပြောင်းလဲတာ" ဟု မိန့် လေရာ၊ ဆရာတော်သည်

http://www.dhammadownload.com





မိုင် ၁၀၀၀ ခရီးတွင် ပဲခူးမြို့မဆရာတော်ကြီး နှင့် မင်းကွန်းတိပိဋကဓရဆရာတော်ကြီး

အထက်အောက် မြန်မာပြည်တလျှောက် ကားဖြင့် သာ ခရီးကြွတော်မူခဲ့သော်လည်း၊ ယခု သက်တော် (၇၀)ကျော်သောအခါ ကားစီးရမှာကို ဝန်လေးတော် မူလာခဲ့၏။ မည်မျှဝန်လေးစေကာမူ (၂၇-၃-၈၆)နေ့ နံနက် ၆ နာရီ အချိန်တွင် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေ ဓမ္မဒီပကျောင်းဆောင်ရှေ့မှ မာစီဒီးကား ဖြင့် ပဲခူးမြို့မ ဥက္ကဋ္ဌ ဆရာတော်ကြီးနှင့်အတူ မန္တလေးမြို့သို့ ကြွတော်မူခဲ့ပါသည်။ ကျန်မဟာ နာယက ဆရာတော်ကြီးများမှာ ဟီးနိုးကားကြီး ၃ စီးဖြင့်လည်းကောင်း၊ တိ=နိဥပဋ္ဌာက ဒကာများက သီးခြားကားများဖြင့် လည်းကောင်း လိုက်ပါလာခဲ့ ကြပါသည်။

ဤခရီးစဉ်တွင် ရန်ကုန်မြို့မှ စတင် ထွက်ခွာရာ ပထမဦးဆုံး ရပ်နားရာဖြစ်သော ပဲခူး မြို့မကျောင်းတိုက်သို့ နံနက် ၈ နာရီ ၁၅ မိနစ်၌ ရောက်ရှိကြပါသည်။ မြို့သူမြို့သား တို့၏ စုပေါင်း အလှူပွဲတွင် ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးက သီလ ပေး၍ မင်းကွန်း ဆရာတော် ဘုရားကြီးက ရေစက်ချ တရားဟောရာ တစ်နာရီခန့် ကြာခဲ့သည်။ နံနက် ၉ နာရီကျော်မှ ပဲခူးမှ ထွက်ခဲ့ရာ လမ်းခရီးတွင် မူလအစီအစဉ်အတိုင်း မပါသော ဝမ်းဘဲအင်းရွာ၊ ပျဉ်ပုံကြီးရွာတို့၌ ရပ်တန့်၍ ရေစက်ချတရားဟောခဲ့ ရသည်။ ဝမ်းဘဲအင်းရွာမှာ ပဲခူးမြို့မဆရာတော် ဘုရားကြီး၏ ဇာတိရပ်ရွာဖြစ်၍ ဦးစားပေး ချီးမြှောက် ခဲ့ကြသည်။ အလားတူပင် ပျဉ်ပုံကြီးရွာမှာလည်း သာသနာ့ တက္ကသိုလ်အတွက် အလှူဝတ္ထုများ လှူဒါန်း သည်ကို လက်ခံပြီး ရေစက်ချခဲ့ရသည်။ ပြွန်တန်ဆာ မြို့သို့ ၁၀ နာရီခွဲကျော်ကျော်မှရောက်ရှိ၍ ပရိသတ် ၅၀၀၀ ကျော်တို့အား တိပိဋကဓရ ဆရာတော်က တရားဟော ရေစက်ချပေးရသည်။ ပြွန်တန်ဆာတွင် ဆရာတော်များ ဆွမ်းဘုဉ်းပေးတော်မူကြ၍ နေ့ ၁ နာရီခွဲ အချိန်တွင် ခရီးဆက်ထွက်ခဲ့ရာ ညောင်

http://www.dhammadownload.com





မဟာနာယကဆရာတော်ကြီးများ မြို့ရွာအသီးသီး၌ ရေစက်ချတရား ချီးမြှင့်တော်မူနေကြပုံ

လေးပင်မြို့သို့ ညနေ ၄ နာရီခန့်တွင် ရောက်ရှိပြီး မင်းကွန်း ဆရာတော် ရေစက်ချ တရားဟောသည်။ ညနေ ၆ နာရီတွင် အုတ်တွင်းမြို့သို့ရောက်ရှိ၍ ရေစက်ချ တရားဟောရပြန်သည်။ တောင်ငူမြို့သို့ ည ၇ နာရီတွင် ရောက်ရှိရာ မြတ်စောညီနောင်သို့ ဘုရားဖူးကြွပြီးနောက် ည ၉ နာရီ အချိန်တွင် တောင်ငူမြို့ မြတ်စောညီနောင် ကျောင်းတိုက်သို့ ရောက်ရှိကြသည်။ မင်းကွန်းဆရာတော်ဘုရားကြီး သည် မြစည်းခုံစေတီ ရင်ပြင်တော်၌ ပရိသတ် တစ်သောင်းကျော်တို့အား တရားဟောကြားရာ ညဉ့် သန်လခေါင် ၁၂ နာရီထိုးမှ တရားပွဲ ပြီးလေသည်။

စထွက်လာသည့် မတ်လ ၂၇ ရက်နေ့ တစ်ရက်တည်းမှာပင် တရားပွဲရစ်ပွဲ ကျင်းပခဲ့သည်။ မတ်လ ၂၈ ရက်နေ့တွင် မြစည်းခုံကျောင်း၌ ဆရာတော်ကြီး နှစ်ပါးသည် ဆွမ်းအနုမောဒနာ တရား ဟောကြားသည်။ တောင်ငူမှ အထွက် ရွှေဆံတော်ဘုရားအတွင်း၌ တရားပွဲ တစ်ပွဲ ကျင်းပ ခဲ့လေသည်။ ထို့နောက် ရေတာရှည်မြို့၊ ဆွာမြို့၊ လယ်ဝေးမြို့များတွင်လည်း တရားဟော ရေစက်ချခဲ့ ရသဖြင့် ပျဉ်းမနားသို့ နံနက် ၁၁ နာရီထိုးပြီးမှ ရောက်ရှိ၍ နေ့ဆွမ်း ဘုဉ်းပေးကြရသည်။ ထို့နောက် ပျဉ်းမနားမြို့တွင် တရားဟောရေစက်ချ၍ နေ့ ၁ နာရီခွဲမှ ခရီးဆက်ခဲ့ရာ လမ်းခရီးတွင် မရင်း ကျီးရွာ၊ ခင်အေးရွာ၊ ဝင်းပျံရွာ၊ သူဌေးကုန်းရွာ တို့တွင် ပူဇော်ကန်တော့ခံခဲ့ရသည်။ တပ်ကုန်းမြို့သို့ ညနေ ၃ နာရီခွဲ တွင် ဆိုက်ရောက်၍ တရားဟော ကြားပြီး ရမည်းသင်းသို့ ထွက်ခွာခဲ့ရာ လမ်းခရီး၌ ဝါးရင်းတုတ်ရွာနှင့် ကုန်းသာရွာ၌ ခေတ္တရပ်နား အပူဇော်ခံ၍ ညနေ ၄ နာရီခွဲမှ ရမည်းသင်းသို့ ရောက်ရှိသည်။ ရမည်းသင်းမြို့တွင် ၁ နာရီခန့် တရားဟော၍ မိတ္ထီလာမြို့သို့ ညနေ ၆ နာရီ ရောက်ရှိသည်။

http://www.dhammadownload.com



မန္တလေးသာသနာ့တက္ကသိုလ် ပန်းချပွဲတွင် ပဲခူးမြို့မဆရာတော်ကြီး ပန်းချပေးတော်မူပုံ

မတ်လ ၂၉ ရက်နေ့တွင် နံနက် အရုဏ်ဆွမ်း အနုမောဒနာ တရား ဟောကြား၍ ကင်းတားဆည် ၌ ဝန်ထမ်းများအား ဆွမ်းအနုမောဒနာ တရား ဟောကြားသည်။ မွန်းလွဲ ၂ နာရီခွဲတွင် ကျောက် ဆည်မြို့သို့ ရောက်ရှိ၍ ရေစက်ချတရား ဟောကြား ခဲ့သည်။ ညနေ ၆ နာရီခန့်တွင် မန္တလေးမြို့ နိုင်ငံ တော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၌ ညကျိန်းစက် တော်မူကြသည်။

မတ်လ ၃၀ ရက်နေ့တွင် မန္တလေးမြို့မှ ဆည်တော်ကြီးသို့ ကြွရောက်၍ ဆွမ်းအနုမောဒနာ တရား ဟောကြားပြီး မွန်းလွဲ ၂ နာရီခွဲတွင် မတ္တရာ မြို့၌ တရားချီးမြှင့်သည်။ ညနေ ၅ နာရီတွင် မန္တလေးမြို့သို့ ပြန်လည်ရောက်ရှိသည်။

မတ်လ ၃၁ ရက်နေ့ နံနက်တွင် မန္တလေး မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ် အဆောက်အအုံများကို ရေစက်သွန်းချ၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ လွှဲအပ်သည်။

ဧပြီလ ၁ရက်နေ့ မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာခဲ့ရာ မြစ်သားမြို့၌ မင်းကွန်း ဆရာတော်ဘုရားကြီး ရေစက်ချ တရားဟောသည်။ ညနေ ၄ နာရီတွင် နွားထိုးကြီးမြို့၌ ရေစက်ချ တရားဟောသည်။ ည ၇ နာရီအချိန်တွင် မြင်းခြံမြို့သို့ ရောက်ရှိ၍ မင်းကွန်း ဆရာတော်ဘုရားကြီးသည် ည ၁၁ နာရီအထိ တရားချီးမြှင့်တော်မူသည်။

ဧပြီလ ၂ ရက်နေ့တွင်း မြင်းခြံမြို့ မင်း ကျောင်း၌ အရုဏ်ဆွမ်း အနုမောဒနာ တရားဟော ကြား၍ ကိုးဆောင် ကျောင်းတိုက်တွင် တရား ချီးမြှင့်ပြန်ပါသည်။ နံနက် ၉ နာရီတွင် ကျောက်ပန်း တောင်းမြို့သို့ ရောက်ရှိ၍ ရေစက်ချတရားဟော သည်။ ဝွေးချိုရွာတွင် တရားတစ်ပွဲ ချီးမြှင့်ခဲ့၍ နံနက် ၁၁ နာရီ ၁၀ မိနစ်တွင်မှ ရေနံချောင်း၌

http://www.dhammadownload.com



ဆရာတော်ကြီး
နာမကျန်းဖြစ်တော်မူပြီးစ
သံဃမဟာနာယက
အစည်းအဝေးတစ်ခုတွင်
ပူးမြင်ရပုံ

နေ့ဆွမ်းဘဉ်းပေးကြရသည်။ အလှူငွေများကို ရေစက်ချပေး၍ ဆက်လက်ထွက်ခွာခဲ့ရာ မကွေးမြို့သို့ ညနေ ၅ နာရီတွင် ရောက်ရှိ၍ တရားတစ်ပွဲ ချီးမြှင့်ခဲ့သည်။

ဧပြီလ ၃ ရက်နေ့တွင် ရွှေစက်တော်သို့ ဘုရားဖူးကြရာ လမ်းခရီးရှိ ကျေးရွာများမှ ကားကိုတားပြီး ဆရာတော်ကြီးများအား ဖူးမြော်ကြသည်။ ရွှေစက်တော်၌ ဆွမ်း အနုမောဒနာ တရားဟောကြားခဲ့၍ ပြန်လည် ထွက်ခွာခဲ့ရာ ညနေ ၄ နာရီတွင် မန်းရေနံမြေတွင် ရေစက်ချတရား ဟောခဲ့၍ မကွေးမြို့သို့ ည ၈ နာရီမှ ရောက်ရှိသည်။ မင်းကွန်း ဆရာတော်ဘုရားကြီးသည် ညတရားပွဲကျင်းပရာ ၁၀ နာရီခွဲမှ ပြီးဆုံးသည်။

ဧပြီ ၄ ရက်နေ့တွင် မကွေးမြို့မှ ထွက်ခွာခဲ့ရာ တောင်တွင်းကြီးသို့ နံနက် ၇ နာရီခွဲ အချိန် ရောက်ရှိ၍ တရားဟောရေစက်ချပြီး နေ့ ၁၁ နာရီတွင် မြေထဲမြို့၌ ဆွမ်းအနုမောဒနာတရား ဟောကြားသည်။ ညနေ ၅ နာရီတွင် ပြည်မြို့တွင် ညတရားပွဲ ကျင်းပကြသည်။

ဧပြီလ ၅ ရက်နေ့တွင် ဓမ္မဗိမာန်ကြီး ရေစက်ချပေးခဲ့၍ ပြည်မြို့မှထွက်ခွာခဲ့ရာ နံနက် ၈ နာရီတွင် ပေါင်းတည်မြို့သို့ ရောက်ရှိ၍ တရား

http://www.dhammadownload.com

ချီးမြှင့်သည်။ ၁၁ နာရီခွဲတွင် လက်ပံတန်းဌ ဆွမ်းဘုဉ်းပေး၍ ဆွမ်းအနုမောဒနာတရား ဟောကြားခဲ့သည်။ ဉက္ကဋ္ဌိ.သို့ ညနေ ၃ နာရီတွင် ရောက်ရှိ၍ ဘုရားကြီး ဆရာတော်အား ဖူးမြော်သည်။ ညနေ ၅ နာရီတွင် တိုက်ကြီးမြို့သို့ ရောက်ရှိ၍ တရားတစ်ပွဲ ချီးမြှင့်ခဲ့သည်။

ယင်းမိုင် ၁၀၀ ကျော် ခရီးစဉ်၌ ပဲခူးမြို့မ ဆရာတော်ဘုရားကြီးသည်လည်းကောင်း၊ တိပိဋက ဓရ မင်းကွန်းဆရာတော်ဘုရားကြီးသည် လည်းကောင်း နာစေး၊ ချောင်းဆိုး၊ ခေါင်းခဲ၊ ဝမ်းနာ တစ်စုံတစ်ခုမျှမဖြစ်၊ အတူလိုက်ပါလာကြသော ဆရာတော်ငယ်များနှင့် ဥပဋ္ဌာကများမှာမူ ဖျားသူကဖျား၊ ဝမ်းလျှောသူလျှောလျက် ရောဂါတစ်မျိုးမျိုး ရရှိကြသဖြင့် လမ်းခရီးတွင် နားနေရစ်ခဲ့ကြရသည်။ ၄၇ ပါး ခရီးကြွချီရာ၌ ၂၇ ပါးမျှသာ ရန်ကုန်မြို့သို့ ဆရာတော်ကြီးများနှင့်အတူ လိုက်ပါလာနိုင်ကြတော့သည်။

ဆရာတော်ကြီး နှစ်ပါးသည် တရား ဟောပြောနေရပါက ပင်ပန်းသည်ဟုမထင်၊ ညောင်းညာမှုလုံးဝမရှိ ဖြစ်နေကြသည်။ "တပေါင်းလ ဖြစ်၍ နေပူပါတယ် ဘုရား"ဟု လျှောက်လျှင် မင်းကွန်းဆရာတော်ဘုရားကြီးက ပြန်လည် မိန့်ကြားသည်မှာ "အပူဓာတ်ကလေးနဲ့ဆိုတော့ ချွေးထွက်ပြီး နေလို့ထိုင်လို့ကောင်းတယ်"ဟု မိန့်ကြားပြန်ပါသည်။

လမ်းခရီးတစ်လျှောက်လုံး၌ မင်းကွန်းဆရာတော်ဘုရားကြီးအား "တရားကို တိုတို ချီးမြှင့်ပါ ဘုရား၊ သာသနာတော်အတွက် ဆက်လက်လုပ်စရာ တာဝန်များ ရှိနေသဖြင့် ဆရာတော်ဘုရားကျန်းကျန်းမာမာ အသက်ရှည်ဖို့ လိုအပ်ပါကြောင်း" မကြာခဏ လျှောက်ထားခဲ့ကြပါသည်။ သတ်မှတ်ထားသော မြို့များသို့ ဆွမ်းချိန် မမီမည်ကို စိုးရိမ်သဖြင့် လည်းကောင်း၊ ည ၈ နာရီ၊ ၉နာရီ အချိန်မတော် မှောင်မှရောက်မည်ကို စိုးရိမ်၍ လည်းကောင်း၊ လျှောက်ထားခြင်း ဖြစ်ပါသည်။ ဆရာတော်ဘုရားကြီးသည် တစ်စုံတစ်ရာ မိန့်ကြားတော် မမူဘဲ ပြုံး၍သာနေသည်။

တက္ကသိုလ်ကြီးနှစ်ရပ်ဖွင့်လှစ်ခြင်း

၁၃၄၈ ခု၊ နယုန်လပြည့်ကျော် ၁ ရက် (၂၃-၆-၈၆)ခုနှစ်တွင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးကိုလည်းကောင်း၊၁၃၄၈ ခု ဝါခေါင်လပြည့်ကျော် ၁ ရက် (၂၁-၈-၈၆)နေ့တွင် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်ကြီးကို လည်းကောင်း ပြီးနှင့်ပြီးသော အဆောက်အအုံများနှင့် စတင်ဖွင့်လှစ်သင်ကြားနိုင်ခဲ့ပါသည်။

တက္ကသိုလ်ကြီးများ ဖွင့်လှစ်သည်နှင့် တပြိုင်နက်တည်းမှာပင် စာချ စာသင် သံဃာတို့အား ဆွမ်း ကွမ်း ဝေယျာဝစ္စ ဆောင်ရွက်ရန် လိုအပ်လာသဖြင့် တိပိဋက= နိကာယ ဥပဋ္ဌာကအဖွဲ့ကပင် တက္ကသိုလ်ကြီး နှစ်ရပ်လုံး၏ စာချ စာသင် သံဃာတော်များ၏ ဆွမ်း ကွမ်း ဝေယျာဝစ္စတို့ကို တာဝန်ယူကာ ဆောင်ရွက်ခဲ့ကြရပါသည်။ ဆရာတော်ကြီးက ဆွမ်းဆန်ကောင်းကောင်းကို သုံးစေသည်၊ တနေ့ (၂) ကြိမ် ဆွမ်းပြည့်ပြည့်စုံစုံ ကျွေးမွေးစေသည်။ ဆွမ်းဝိုင်း၌လည်း ဆွမ်းဟင်းကို (၆) မယ် .အထိ ထည့်သွင်း စီစဉ် လှူဒါန်းစေပါသည်။

သင်္ကန်းလှူမှုနှင့် စပ်၍ကား ဆရာတော်ကြီးက တစ်နှစ်လျှင် သုံးကြိမ် လှူပါဟု မိန့်တော်မူသဖြင့် တိပိဋက=နိကာယ ဥပဋ္ဌာက အဖွဲ့ကလည်း ဝါဆိုသင်္ကန်း၊ကထိန်သင်္ကန်းနှင့် သာသနာ့တက္ကသိုလ်ကြီးများ၏ ကျောင်းသားသစ် သံဃာများ လက်ခံသည့် နှတ်တော်လဆန်း ၁ ရက် နေ့တွင် သင်္ကန်းလှူခြင်းဖြင့် သုံးကြိမ် လှူဒါန်းခဲ့ကြရပါသည်။

ဆရာတော်ကြီးက ကျောင်းတိုက် တ
တိုက်တည်လျှင်-

http://www.dhammadownload.com



မန္တလေးမြို့၊ စီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီး

၁။ ကျောင်းထိုင်ဘုန်းကြီး

၂။ ကပ္ပိယ

၃။ ကျောင်းဒကာ ဟု သုံးဦး သုံးဖလှယ် ညီညွတ်မှုဖြစ်မည်ဟု သြဝါဒပေးတော်မူပါသည်။ ဤ သြဝါဒအရပင် ကျောင်းထိုင်ဘုန်းကြီးဟူသည် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးမှ နာယကချုပ် ဆရာတော်နှင့် သင်ကြားစီမံ ဆရာတော်များ ဖြစ်သည်။ ကပ္ပိယ–ဟူသည်မှာ တက္ကသိုလ်၏ အထောက်အကူပြု ဥပတ္ထမ္ဘအဖွဲ့ ဖြစ်ပါသည်။ ကျောင်းဒါယကာအဖွဲ့သည်ကား တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ပင် ဖြစ်သည်။ ဆရာတော်ကြီးက "တက္ကသိုလ်ကြီးများကို ပြီးပြည့်စုံအောင် ဆောက်လုပ် လှူဒါန်းပေးပြီး၊ ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး ပစ္စည်းလေးပါးဖြင့် အနီးကပ် မပြုစု မထောက်ပံ့လျှင် ဤသာသနာ့တက္ကသိုလ်ကြီးများသည် ရွှေကျောင်းပြောင်ပြောင် ဝမ်းဟောင်ဟောင်နှင့်သာ ရှိချေသည်။ ဤသို့မဖြစ်ရအောင် အမြဲမပြတ် အနီးကပ် ပြုစုလုပ်ကျွေးလျက် ပရိယတ္တိ သာသနာတော်ကို ထောက်ပံ့နိုင်ရန်အတွက် အရှင်အာနန္ဒာ မထေရ်မြတ်၏ စတဒဂ် ငါးတန်အဝင် ဥပဋ္ဌာကဟူသော ဂုဏ်ပုဒ်ကို ယူတော်မူလျက် တိပိဋက=နိကာယ သာသနာပြုအဖွဲ့ကြီးအား တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့"ဟု ပြင်ဆင်သတ်မှတ်ပေးတော် မူခဲ့ခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီးသည် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးအား ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး–ဟူသော ပစ္စည်းလေးပါးအပြင် ပရိယတ္တိဝန်ဆောင် စာချစာသင် ပုဂ္ဂိုလ်များအတွက် ငါးပါးမြောက် ပစ္စည်းအဖြစ် ပိဋကတ် စာအုပ်များနှင့် ပြဋ္ဌာန်း ကျမ်းစာအုပ်ကိုလည်း ရိုက်နှိပ်၍ လှူဒါန်းတော်မူပါသည်။ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးတို့တွင် ပိဋကတ် သုံးပုံကို

http://www.dhammadownload.com



သာသနာ့ဆေးရုံကြီး
ဖွင့်လှစ်တော်မူပုံ

အင်္ဂလိပ်+မြန်မာ+ပါဠိ+သင်္ကတ+ဟိန္ဒီ–ဘာသာ ငါးရပ်တို့ဖြင့် သင်ကြားပို့ချရာ၊ ထိုဘာသာ ငါးရပ်ပိဋကတ် စာအုပ်များ လှူဒါန်းရန်မှာ တကြိမ် တခါမှ မရဖူးသေးသော ကြုံတောင့်ကြုံခဲ မမှဒါန ဖြစ်လေသည်။

တတိယမြောက် သာသနာပြုလုပ်ငန်း

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သက်တော်(၇၀)ပြည့်ချိန် နောက်ပိုင်းတွင် ဆောင်ရွက်တော်မူခဲ့သော သာသနာပြု လုပ်ငန်းကြီး သုံးသွယ်မှာ–

၁။ တိပိဋကဓရတို့ရ အရှင်မြတ်များ ပေါ်ထွန်းရေးအတွက် မိုးမိတ်ကုန်းမြေတွင် တိပိဋက=နိကာယ ကျောင်းတိုက် တည်ထောင်တော်မူ၍ ပစ္စည်းလေးပါးတို့ဖြင့် ပြည့်ပြည့်စုံစုံ ထောက်ပံ့ကာ နိကာယဆောင် အရှင်မြတ်များ ပေါ်ထွန်းရေးကို ဆောင်ရွက်တော်မူခြင်း၊

၂။ ပြည်တွင်း ပြည်ပ သာသနာပြုကြမည့် သံဃာတော် အရှင်မြတ်များ ပေါ်ထွန်းရေးအတွက် မန္တလေးမြို့နှင့် ရန်ကုန်မြို့တို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး နှစ်ရပ် ဆောက်လုပ် ဖွင့်လှစ်တော်မူခြင်း၊

၃။ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဂိလာန သံဃာတော်များ ဝိနည်းတော်နှင့်အညီ ဆေးကုသမှု ခံယူနိုင်ရန်နှင့် အထူးကုဆောင် ပါဝင်ပြီး၊ သံဃာတော် သူနာပြုသင်တန်း ကျောင်းလည်း ပါဝင်သော ဇီဝိတဒါန သာသနာ အထူးကု ဆေးရုံကြီး ဆောက်လုပ် လှူဒါန်းခြင်း၊

–ဟု ရှိပေရာ၊ တတိယမြောက် သာသနာပြု

http://www.dhammadownload.com

လုပ်ငန်းဖြစ်သော ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး အကြောင်းကို တင်ပြလိုပါသည်။

မန္တလေးမြို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကို ဆောက်လုပ်ရန် စီစဉ်ချိန်တွင် တက္ကသိုလ်ကြီး၌ သီတင်းသုံးနေတော်မူကြသော စာသင် စာချ သံဃာများအား ဆေးလူဒါန်းမှုကိစ္စဟရပ် ပါရှိပေရာ၊ ဆေးပေးခန်း တခန်း ထားရှိရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။ ထိုအခါ ဆရာတော်ကြီးနှင့် ဥက္ကဋ္ဌကြီး ဦးသာလှတို့က မန္တလေးမြို့သည် သံဃာ့မြို့တော် ဖြစ်သည့်အားလျော်စွာ တက္ကသိုလ်အနီးတွင် ဆေးပေးခန်းမျှ မဟုတ်ပဲ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး တခုကို သီးသန့် ဆောက်လုပ်၍ တိပိဋက=နိကာယ သာသနာပြုအဖွဲ့က ကြပ်မတ် ကွပ်ကဲ ထိန်းသိမ်း စောင့်ရှောက်ပြီး ဖွင့်လှစ်ထားရှိရန် ဆုံးဖြတ်၍ ဆောက်လုပ်ရန် စီစဉ်ခဲ့ခြင်း ဖြစ်ပါသည်။

ထိုသို့စီစဉ်ရာတွင် သာသနာ့ တက္ကသိုလ်ကြီး၏ တောင်ဘက်ရှိ စိန်တုံးကျောင်းတိုက်မှ တိုက်ပိုင် ဆရာတော်များ ခွဲဝေ သတ်မှတ်ပေးသည့် မြေနေရာတွင် အတွင်းလူနာဆောင်များ ဆောက်လုပ်ရန် မြေနေရာရရှိ၍ ဆောက်လုပ်ခဲ့ပါသည်။

မတ္တရာကျောင်းတိုက်မှ တိုက်ပိုင် ဆရာတော်ကြီး သတ်မှတ်ခွဲဝေပေးသည့် မြေနေရာတွင် ပြင်ပ သူနာဆောင်နှင့် နာလန်ထဆောင် ဇရပ်စသည်တို့ကို ဆောက်လုပ်ခဲ့ပါသည်။

မန္တလေးမြို့ ဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး၏ ထူးခြားချက်များမှာ–

၁။ ပြည်နယ်နှင့်တိုင်း အသီးသီးမှ ကြွရောက်၍ ဆေးကုသမှုခံယူကြသော သံဃာတော်များအား ဝိနည်းတော်နှင့်အညီ ဆေးကုသမှုခံယူနိုင်ကြစေရန်။

၂။ ဆရာဝန်များနှင့် ဆေးရုံကြီးများ၏ ထုံးတမ်းစဉ်လာအရ ဆေးကုသ၍ ၇ ရက်၊ ၁၀ ရက် တစ်ကြိမ်မှသာ ပြသရန်လိုအပ်သော သံဃာတော်များသည် ဆေးရုံမှ ဆင်းပြီး မိမိတို့ ဒေသသို့ မပြန်မီ ဆရာဝန်များ ချိန်းဆိုသည့်အတိုင်း ရောဂါပျောက်ကင်းသည်အထိ ကုသ၍ နေထိုင် သီတင်း သုံးရန် နာလန်ထဆောင် ဆောက်လုပ်ထားရှိရန်။

၃။ ဆရာတော်၊ သံဃာတော်များတွင် ဖြစ်ပွားနှုန်းများသော ရောဂါများကို ခွဲစိပ်နှင့် ကုသ ဌာနများအပြင် အထူးကု ဌာနများ သီးသန့် ထားရှိ၍ ကုသပေးရန်။

၄။ သံဃာတော်များ သူနာပြု သင်တန်းကျောင်း ဖွင့်လှစ်ထားရှိရန်တို့ ဖြစ်ပါသည်။

သံဃာတော်များ သူနာပြုသင်တန်းကျောင်းတွင် ဗုဒ္ဓမြတ်စွာ ခွင့်ပြုတော်မမူသည့် ကုသရေးသင်တန်း ပါဝင်ခြင်းမရှိဘဲ လွန်စွာ အရေးကြီးသည့် ကျန်းမာရေးဘက်တွင် အဓိကကျသည့် ပြုစုရေးနှင့် ကာကွယ်ရေးသင်တန်းများကို စာတွေ့လက်တွေ့ ပို့ချပေးရန် ဖြစ်ပါသည်။ သူနာပြုသင်တန်းမှ အောင်မြင်တော်မူကြသော ရဟန်း သံဃာတော်များသည် မိမိတို့ သီတင်းသုံးရာ ကျောင်းတိုက်များသို့ ပြန်လည်ကြွရောက်ပြီး ကျန်းမာရေးနှင့် ညီညွတ်အောင် စာသင်တိုက်၊ ကျောင်းတိုက်များအဖြစ် ပြုစုဆောင်ရွက်ကြပါက ဆရာတော်ကြီးများသည် သက်တမ်း ပိုမိုရှည်ကြာ၍ သာသနာတော်ကြီးအတွက် ဆောင်ရွက်တော်မူနိုင်ကြမည့်အပြင် ဗုဒ္ဓမြတ်စွာ အထူးလိုလားတော်မူသည့် ပါသာဒိက ဂုဏ်နှင့် ညီညွတ်သည့် ကျောင်းတိုက်ကြီးများ မြန်မာပြည် အနှံ့ တည်ရှိနေပေလိမ့်မည်ဟု မျှော်လင့်ရပါသည်။

ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီးကို ၁၃၄၆ ခု၊ တန်ခူးလပြည့်နေ့ (၃၁–၃–၈၆) နေ့

http://www.dhammadownload.com

က အုတ်မြစ်ချ မင်္ဂလာ ကျင်းပခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်း အစီအစဉ်များ စတင်ခဲ့ပါသည်။ ဤဓိဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး တည်ဆောက်ခြင်း၊ အမည်ပေးခြင်း စသည်တို့နှင့်စပ်လျဉ်း၍ မြန်မာ့အသံ ဆွေးနွေးခန်းတွင် ဓိဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ ဆရာကြီး ဦးသာလှနှင့် မြန်မာ့အသံ ကိုယ်စားလှယ်တို့၏ မေးမြေ ဆွေးနွေးချက်များမှ ထုတ်နုတ် တင်ပြပါမည်။

မြန်မာ့အသံ။ ။ဆရာဝန်ကြီးခင်ဗျား၊ ပဲထမဦးဆုံး အနေနဲ့ပေါ့လေ ဓိဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီးလို့ နာမည်ပေးရတဲ့ အကြောင်းရင်းကို သိပါရစေ ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ဒီနာမည်ကတော့ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ကိုယ်တော်တိုင် ပေးတဲ့နာမည် ဖြစ်ပါတယ်။ ဒီနာမည်မှာ **သာသနာ့+အထူးကုဆေးရုံ** ဆိုတဲ့ စကားနှစ်လုံးအတွက်တော့ ကျွန်တော် ရှင်းပြဖို့ လိုအပ်ပါတယ်။

သာသနာ့ဆေးရုံလို့ ဆရာတော် ဘုရားကြီးက အမည်ပေးတဲ့ ရည်ရွယ်ချက်ကတော့ သာသနာတော်အတွက် ပရိယတ္တိ+ပဋိပတ္တိ လုပ်ငန်းများကို ဆောင်ရွက်နေကြတဲ့ အရှင်မြတ်များသာလျှင် ဆေးရုံမှာ ကုသခွင့်ရှိတယ်ဆိုတဲ့ အဓိပ္ပာယ်ကို ဖော်ညွှန်းပါတယ်။

အထူးကုဆေးရုံ ဆိုတဲ့ အဓိပ္ပာယ်ကတော့ ဆရာတော် သံဃာတော်များမှာ အဖြစ်များတဲ့ ရောဂါများကို အထူးကုဆောင်များ ထားရှိပြီး ကုသပေးဖို့ ရည်ရွယ်ချက်နဲ့ ဆောက်လုပ်တဲ့ ဆေးရုံကြီး ဖြစ်တဲ့အတွက်ကြောင့် **ဓိဝိတဒါန သာသနာ့အထူးကု ဆေးရုံ**လို့ အမည်ပေးခြင်း ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျာ၊ ဒီဓိဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး တည်ဆောက်ဖို့ ဖြစ်ပေါ်လာတဲ့ အကြောင်းရင်းကိုလဲ အဓိန့်ရှိပါဦး ခင်ဗျ။

ဆရာဝန်ကြီး။ ။ဒီဆေးရုံကြီး တည်ဆောက်ဖို့ မပေါ်ပေါက်မီ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ရဲ့ တာဝန်ပေးချက်အရ သာသနာ့တက္ကသိုလ်ကြီး ဆောက်လုပ် လှူဒါန်းဖို့ ပေါ်ပေါက်လာခဲ့ပါတယ်။ ပေါ်ပေါက်တဲ့ အားလျော်စွာ မန္တလေးမြို့မှာ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကို ဆောက်လုပ်ဖို့ စီစဉ်တဲ့အခါမှာ ကျွန်းမာရေးအတွက် တစ်ကဏ္ဍ ပါဝင်လာပါတယ်။ ဒီလိုပါဝင်တဲ့ အခါမှာ "ဆေးပေးခန်းလောက်ပဲ ထားမလား၊ ဆေးရုံကြီး အဖြစ်နဲ့ ထားရှိပြီးတော့ ဆောင်ရွက်မလား" ဆိုတာကို ကျွန်တော်တို့ ဆရာတော်ဘုရားကြီးက အောက်မြန်မာပြည်မှာ ဗဟန်းမှာ ဓိဝိတဒါန သံဃာ့ဆေးရုံ ရှိနေတယ်။ အထက် မြန်မာပြည်မှာတော့ မန္တလေးမြို့ဟာ သံဃာမြို့တော်ဖြစ်ပြီးတော့ သံဃာတော်များအတွက် သီသန့်ပြင်ပမှာ သံဃာ့ဆေးရုံ မရှိသေးတဲ့အတွက်ကြောင့် ဆောင်ရွက်ရရင် သင့်တော်မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့ သီးသန့် ဓိဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ပေါ်ထွန်းလာခြင်း ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျာ။ ဒီလိုဆေးရုံကြီး တည်ဆောက်ဖို့ အတွက်ပေါ့လေ ငွေကြေးအနေနဲ့ တော်တော်လေး ကုန်မယ်လို့ ယူဆပါတယ်ခင်ဗျား။ အဲဒီတော့ ငွေရေး ကြေးရေး အနေနဲ့ ဘယ်လိုများ ရရှိပါသလဲ ခင်ဗျား။

ဆရာဝန်ကြီး။ ။ဒီ ဆေးရုံကြီးအတွက်ကတော့ ပထမဦးစွာ ဆရာတော် ဘုရားကြီးရဲ့ ညွှန်ကြားတော်မူတဲ့အတိုင်း၊ သြဝါဒအတိုင်း အထူးကုဆေးရုံကြီးလဲ ဖြစ်အောင် ရေရှည်စီမံချက်ချပြီးတော့ စီစဉ်ရပါတယ်။ ဒီလိုစီစဉ်လိုက်တဲ့အခါမှာ ဆရာတော် ဘုရားကြီးရဲ့ ဘုန်းရိပ်ကံရိပ်ကို ခိုလှုံပြီးတော့ အခန်းမှာ

http://www.dhammadownload.com

ကပ်နေတဲ့ သာသနာ့တက္ကသိုလ်ကြီးကို လာရောက်ပြီး လှူဒါန်းကြတဲ့ လူများကို သဘောပေါက်အောင် နားလည်အောင် ပြောပြ၊ တစ်တိုင်းပြည်လုံးမှာရှိတဲ့ ဆရာတော် ဘုရားကြီးရဲ့ တပည့်ဒကာတွေ အလှူရှင်အပေါင်း သူတော်ကောင်းတို့ကိုလဲ အကြောင်းကြားခြင်းအားဖြင့် ဝိုင်းဝန်းပြီး လှူဒါန်းကြလို့လဲပဲ တော်တော်လေး ပြည့်စုံလာပါတယ်။ ပုဂ္ဂလိက အလှူရှင်များလဲ ပေါ်ထွန်းလာပါတယ်။

မြန်မာ့အသံ။ ။ဒီဆေးရုံကြီးကို ဘယ်နေ့ကစပြီးတော့ အုတ်မြစ်ချတယ်၊ ဘယ်နေ့မှာ ပြီးတယ်ဆိုတဲ့ အကြောင်းလေးလဲ သိပါရစေဦး ခင်ဗျား။

ဆရာဝန်ကြီး။ ။သာသနာ့ တက္ကသိုလ်ကြီးက ၁၉၈၆–ခုနှစ်မှာ ဖွင့်ပါတယ်။ ဒီသာသနာ့တက္ကသိုလ်မဖွင့်မီ တစ်နှစ်လောက်ကနေ ကြိုပြီးတော့ ဦးစွာ ပထမ ပြင်ပ သူနာဌာနများကို ဆောက်ပါတယ်။ ပြင်ပ သူနာဌာနများကို ဆောက်ပြီးတော့ ပြင်ပ သူနာများကို ဖွင့်တဲ့နေ့မှာ ဆေးရုံကြီးအတွက် အတွင်း သူနာဆောင်များကို အုတ်မြစ်ချပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဒီဇီဝိတဒါန သာသနာ့ အကူးကု ဆေးရုံကြီး တည်ဆောက်တဲ့ အခါ စုစုပေါင်း ငွေရေး ကြေးရေးအနေနဲ့ ဘယ်လောက်များ ကုန်ကျသွားပါသလဲ ခင်ဗျား။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ခင်ဗျား။ ဒီဆေးရုံကြီး ပြီးသွားလို့ရှိရင် အဆောက်အအုံ ဦးရေက ဘယ်လောက် ပါဝင်ပြီးတော့ပေါ့လေ၊ ဆေးရုံကြီးရဲ့ အကျယ်အဝန်းက ခန့်မှန်းခြေ ဘယ်လောက်များ ရှိပါ့မလဲခင်ဗျ။

ဆရာဝန်ကြီး။ ။အဆောက်အအုံ ဦးရေနဲ့ ပတ်သက်လို့ တင်ပြရလို့ရှိရင် ပြင်ပသူနာဌာနမှာ ဆရာတော်ဘုရားကြီး သတ်မှတ်တဲ့ မူအရ ဝိနည်းတော်နှင့်အညီ ဆေးကုသမှုခံယူရမယ်ဆိုတဲ့ အချက်ကို မူတည်ပြီးတော့ ရဟန်းတော်များနဲ့ သာမဏေများ ဆေးကုသဖို့ ပြင်ပလူနာဆောင်က တစ်ဆောင်၊ သီလရှင်များနဲ့ အမျိုးသမီးများ ဆေးကုသမှု ခံယူဖို့က တစ်ဆောင်၊ အာယုဗွေဒ ဆေးပေးခန်းလဲ သီးသန့် စသည်ဖြင့် ဒီလို ခွဲခြားပြီးတော့ စီစဉ်ရပါတယ်။

ဒီလိုစီစဉ်တဲ့အထဲမှာ ထူးခြားချက်တစ်ခုပေါ်လာတာကတော့ ဒီဆေးရုံကြီးမှာ တက်ရောက်ကုသကြတဲ့ အရှင်မြတ်များဟာ ကျွန်တော်တို့ ဆရာဝန်ကြီးများ ညွှန်ကြားတဲ့အတိုင်း ဆေးရုံက ဆင်းရမယ်ဆိုတဲ့ အချိန်မှာ ဆင်းကြရပါမယ်။ ဆင်းပြီးတဲ့နောက် ခုနစ်ရက်တစ်ပတ်၊ ဆယ်ရက်တစ်ပတ်၊ ဆယ့်ငါးရက်တစ်ပတ် ဆရာဝန်နဲ့ ပြဦးမယ်ဆိုရင် မိမိတို့ အရပ်ဒေသကို ပြန်ရဖို့ဟာ ခက်ခဲမှုရှိနေမှာ။ ဆရာဝန်နဲ့ တွေ့ဖို့ကလဲ ကိစ္စရှိနေသေးတဲ့ အတွက် ကြောင့် နေထိုင်ဖို့ ဆိုပြီးတော့ "နာလန်ထဆောင်" ဆိုပြီး သီးသန့်အဆောင်လဲ ပါဝင်ပါတယ်။ အဲဒီလို အဆောင်များ ပြည့်ပြည့်စုံစုံ ဆောက်လုပ်လို့ ပြင်ပ သူနာဌာနအနေနဲ့ ပြီးပါပြီ။ ပြီးတဲ့အပြင် ပိုလွန်၍ ကျွန်တော်တို့ "ဇရပ်"ဆိုပြီးတော့ ခေါ်ကြတာပေါ့လေ၊ တည်းခိုဆောင်ပါ။ တည်းခိုဆောင်က လာရောက်ဆေးကုသမှု ခံယူကြတဲ့ အရှင်မြတ်များရဲ ဆွေတော်မျိုးတော်များ၊ ဒကာ ဒကာမများ ညအိပ်ညနေ တည်းခိုနိုင်အောင် ဆိုပြီးတော့လဲ အဆောင်ကိုလဲ ပါဝင်ပြီးတော့ ဆောက်လုပ်ထားရှိပြီး ဖြစ်ပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဆေးရုံကြီးမှာ ကျွန်တော်တို့ ဆရာဝန်တွေလဲ ရှိမယ်။ သူနာပြု ဆရာမတွေလဲ ရှိမယ်။ ရုံးဝန်ထမ်းတွေလဲရှိမယ်စတဲ့ အထွေထွေ လုပ်သားတွေလဲရှိပါမယ်ခင်ဗျား။ အဲဒီတော့ ဆရာဝန် ဆရာမများ အပါအဝင် အမှုထမ်း ဘယ်လောက်လောက်များ ရှိပါ့မလဲခင်ဗျား။

ဆရာဝန်ကြီး။ ။ဒီ ဝန်ထမ်းနဲ့ ပတ်သက်လို့ကတော့ ဆေးရုံ တာဝန်ခံ ဆရာဝန်ကြီးဆိုပြီးတော့

http://www.dhammadownload.com

အမြင့်ဆုံး ဆရာဝန်ကြီး တစ်ဦး ထားပါတယ်။ လက်ထောက် ဆရာဝန် နှစ်ဦး ထားပြီးတော့ ကျန်တဲ့ဝန်ထမ်းတွေကတော့ နိုင်ငံတော် အစိုးရ ချမှတ်တဲ့ မူအတိုင်း ဆောင်ရွက်ပါတယ်။ အခု ယာယီအားဖြင့်တော့ ဒီနှစ်မှာ ဒီဆေးရုံကြီးကို ခုတင် ဆယ့်ခြောက်လုံးဆန့်, ဆေးရုံအနေနဲ့ သတ်မှတ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်ပါတယ်။ ခုတင် ဆယ့်ခြောက်လုံးဆန့်, ဆေးရုံနဲ့ စံကိုက်အတိုင်း ဝန်ထမ်းများ ထားရှိပါတယ်။ နှစ်စဉ် နှစ်စဉ် ခုတင် ဆယ့်ခြောက်လုံးဆန့်ကနေ ၂၅-လုံးဆန့်, ဆေးရုံ၊ ၂၅-လုံးဆန့်ကနေ ခုတင် ၅၀-ဆန့်, ဆေးရုံ၊ ခုတင် ၅၀-ဆန့်ကနေ ခုတင် ၇၅-လုံးဆန့်, ဆေးရုံ၊ ခုတင် ၇၅-လုံးဆန့်ကနေ ခုတင် (၁၀၀)တစ်ရာဆန့်, ဆေးရုံ ဆိုပြီး အထူးကုဆေးရုံကြီးအဖြစ်ကို ရောက်ရှိအောင် နှစ်စဉ်နှစ်စဉ် တိုးမြှင့်ပြီး ဆောင်ရွက်ဖို့ကို စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဒီဆေးရုံမှာ ဟာဝန် ထမ်းဆောင်ကြတဲ့ ဆရာဝန်များ အပါအဝင် ဝန်ထမ်းရဲ့ လစာကို ဘယ်သူက အကုန်အကျခံပါသလဲခင်ဗျား။

ဆရာဝန်ကြီး။ ။ဒီဆေးရုံကြီးမှာ ဆေးရုံ ကော်မတီလို့ ခေါ်ရမှာပေါ့လေ။ ကျွန်တော်တို့ အခေါ် အရတော့ တိပိဋက=နိကာယ ဥပဒ္ဒာက သာသနာ့အထူးကု ဆေးရုံ အဖွဲ့ဆိုပြီး ဖွဲ့စည်းပေးထားပါတယ်။ ဒီအဖွဲ့ကနေပြီးတော့ အားလုံးတာဝန်ယူပြီးတော့ လစာငွေများ စရိတ် ချီးမြှင့်ငွေများကို ပေးရတယ်။ ပေးတဲ့အခါမှာလဲ နိုင်ငံတော် အစိုးရ ပြည်သူ့ဆေးရုံများမှာ ပေးတဲ့ လစာနှုန်းနဲ့ ကိုက်ညီအောင် ပေးရပါတယ်။

ဘာကြောင့် ကျွန်တော်တို့ ဒီနိုင်ငံတော် အစိုးရရဲ့မူနဲ့ ကိုက်ညီအောင် ဆောင်ရွက်သလဲ ဆိုတော့ ဒီဆေးရုံကြီးဟာ ကျွန်တော်တို့ ဓိဝိတဒါန သာသနာ့အထူးကုဆေးရုံဆိုတော့ သာသနာ့အကျိုးကို သယ်ပိုးဆောင်ရွက်တဲ့ နေရာမှာ နိုင်ငံတော် အစိုးရရော လူထုကရော စွမ်းဆောင်ပေးကြတဲ့ အဖွဲ့အစည်းများဟာ တစ်ပြေးညီညာ တိုင်ပင် ညှိညှိုတ်စွာ ပူးပေါင်း ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒီအချက်ကြောင့် ဆရာတော်ဘုရားက နိုင်ငံတော် အစိုးရ ကျန်းမာရေးဝန်ကြီးဌာနကို လိုအပ်သလို ကူညီပါလို့ အကြောင်းကြားလိုက်တဲ့ အခါမှာ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန ကနေပြီးတော့ မန္တလေးမြို့ ဓိဝိတဒါန သာသနာ့အထူးကု ဆေးရုံကြီး ဖွဲ့ဖြိုးတိုးတက်ရေး အကြံပေးကော်မတီဆိုပြီးတော့ ဖွဲ့စည်းပြီးတော့ ပူးပေါင်း ဆောင်ရွက်ဖို့ စီစဉ်လျက်ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျာ။ ဒီဆေးရုံကြီးမှာ ကျွန်တော်တို့ တာဝန်ထမ်းဆောင်ကြတဲ့ ဝန်ထမ်းများထဲမှာပေါ့လေ၊ ကျွန်တော်တို့ ဆရာဝန်များပါမယ်၊ နောက် ဆရာဝန်မများလဲ ပါမယ်၊ သူနာပြု ဆရာမများလဲ ပါမယ် ဆိုတော့ တက်ရောက်လာကြတဲ့ ကျွန်တော်တို့ သူနာတွေဟာ သံဃာတော်များဖြစ်တဲ့ အတွက်ကြောင့်မို့လို့ သာသနာ့ဝိနည်းနဲ့ ညီအောင် ဘယ်ပုံ ဘယ်နည်းများ ကုသမယ် ဆိုတဲ့ အကြောင်းလေးကိုလဲ တစ်ဆိပ်လောက် ရှင်းလင်းဆွေးနွေးဖို့ မေတ္တာရပ်ခံ အပ်ပါတယ် ခင်ဗျား။

ဆရာဝန်ကြီး။ ။ဟုတ်ကဲ့၊ ဒီဆေးရုံကြီးရဲ့ ထူးခြားချက် နံပါတ်တစ်အချက် အနေနဲ့ ကျွန်တော် ပြောပြပြီးဖြစ်တဲ့အတိုင်း ဝိနည်းတော်နဲ့အညီ ဆေးကုသမှု ခံယူဖို့ဖြစ်တဲ့ အတွက်ကြောင့် သူနာပြုများကိုတော့ အမျိုးသား သူနာပြုများကိုပဲ သုံးပါတယ်။ ဆရာဝန်များလဲ ယနေ့အထိတော့ အမျိုးသား ဆရာဝန်များပဲ များပါတယ်။ အမျိုးသမီး ဆရာဝန်များထဲက အထူးကု ဆရာဝန်ကြီးတွေ သမားတော်

http://www.dhammadownload.com



မန္တလေးမြို့ သာသနာ့ဆောင်ရုံကြီး၏ ပြင်ပသူနာဆောင်များ ရေစက်ချပွဲအခမ်းအနား

ကြီးတွေ အနေနဲ့တော့ အကြံပေးအဖြစ် ဆောင်ရွက်ပြီးတော့ အမျိုးသား အထူးကု ဆရာဝန်ကြီးများကတော့ မန္တလေးမြို့မှာ အငြိမ်းစားယူနေကြတဲ့ ဆရာဝန်ကြီးတွေ၊ မန္တလေးဆေးရုံကြီးက အထူးကု ဆရာဝန်ကြီးတွေ၊ ပါရဂူကြီးတွေ ခွဲစိတ်ဆရာဝန်ကြီးတွေ၊ ကုသမှုဆိုင်ရာ သမားတော်ကြီးတွေ အားလုံး လာရောက်ပြီးတော့ အလှည့်ကျကြည့်ရှု ကုသမှုကို ပေးလျက်ရှိပါတယ်။

မြန်မာ့အသံ။ ။ဟုတ်ကဲ့ခင်ဗျား။ ဒီဆေးရုံကြီးကို တက်ရောက် ကုသမယ်ဆိုရင်ပေါ့လေ၊ ဘယ်ပုံ ဘယ်နည်း ဆက်သွယ် ဆောင်ရွက်ရမယ်ဆိုတဲ့ စည်းကမ်း နည်းလမ်းများကိုလဲ အမိန့်ရှိပါဦးခင်ဗျ။ ဆရာဝန်ကြီး။ ။ဆေးရုံကြီး ဖွင့်စကတော့ ပထမဦးစွာ ပြင်ပသူနာဌာနကို ဖွင့်ပါတယ်။ ယမန်နှစ်ကမှ အတွင်းသူနာပြုဌာနကို စတင်လက်ခံပြီးတော့ ဆရာတော်ဘုရားကြီးရဲ့ ရည်ရွယ်ချက်အတိုင်း ပြည်နယ်နဲ့တိုင်း တစ်ဆယ့် လေးခုက ဂိလာနသံဃာတော်များ အားလုံး ဂိဏ်းပေါင်းစုံ သံဃာတော်များ လာရောက်ပြီးတော့ ကုသမှုခံယူနိုင်ပါတယ်လို့ အကြောင်းကြားထားပါတယ်။ ဒီလို အကြောင်းကြားထားရာကနေ အခု မကြာမီက မန္တလေးမြို့မှာ လေးပြင်လေးရပ်မှာ ကျန်းမာရေးအတွက်ကော ပစ္စည်းလေးပါး ထောက်ပံ့လှူဒါန်းဖို့ဆိုပြီးတော့ အဖွဲ့တစ်ခု ပေါ်လာပါတယ်။ ဒီအဖွဲ့ကတော့ စတုပစ္စယာနုဂ္ဂဟအဖွဲ့ ဆိုပြီးတော့ တိုင်းမှူးကိုယ်တိုင် ဦးစီးပြီး ဖွဲ့စည်းပြီး ပေးထားတဲ့ အဖွဲ့ကြီး ပေါ်လာပါတယ်။ အဲဒီ **စတုပစ္စယာနုဂ္ဂဟအဖွဲ့** က လေးပြင်လေးရပ်မှာ ဆေးပေးခန်းလို့ ခေါ်တာပေါ့လေ။ ပြင်ပ သူနာဌာနများ ထားရှိပြီးတော့ ဆောင်ရွက်နေပါတယ်။ အဲဒီကနေပြီးတော့ အတွင်းသူနာအဖြစ် တက်ရောက်ကုသဖို့ လိုအပ်လာတဲ့ အရှင်မြတ်များကိုလဲ ဒီဆေးရုံကြီးကနေ လက်ခံကုသပေးဖို့ အစီအစဉ်ရှိပါတယ်။

http://www.dhammadownload.com

မြန်မာ့အသံ။ ။ဟုတ်ကဲ့ ဆရာဝန်ကြီး ခင်ဗျား။ ယာဂုတို့ ဆွမ်းတို့ ကပ်ပုံကိုလဲ အမိန့် ရှိပါဦး ခင်ဗျား။

ဆရာဝန်ကြီး။ ။ဂိလာနသံဃာတော်များဖြစ်ကြတဲ့ အတွက်ကြောင့် ကျွန်တော်တို့ ဆေးရုံရဲ့ ထုံးစံအရ သင့်လျော်ရာ ဆွမ်းများကို ဆက်ကပ်ရပါတယ်။ သင့်လျော်ရာ ဆွမ်းဆိုတဲ့ နေရာမှာ ဆွမ်းလဲဖြစ်ချင် ဖြစ်မယ်၊ ခေါက်ဆွဲလဲ ဖြစ်ချင်ဖြစ်မယ်၊ နို့ ကပ်ရတဲ့ သူနာလဲ ဖြစ်ချင် ဖြစ်မယ်၊ ယာဂု ကပ်ရတဲ့ သူနာလဲ ဖြစ်ချင်ဖြစ်မယ်။ အချိန်အားဖြင့် သတ်မှတ်ပြီးတော့ ကပ်ရတဲ့ သူနာများလဲ ဖြစ်ချင်ဖြစ်မယ်။ ဒါတွေကို ကျန်းမာရေးဌာနရဲ့ လုပ်ရိုးလုပ်စဉ် ထုံးတမ်းစဉ်လာအရ ကျွန်တော်တို့ ဆက်ကပ်ပါတယ်။ ဆက်ကပ်တဲ့ နေရာမှာ အနီးမှာ ကပ်နေတဲ့ သာသနာ့တက္ကသိုလ်ကြီးရဲ့ ဥပဒ္ဒာကအဖွဲ့ကနေပြီးတော့ ဆွမ်း ကွမ်း ကိစ္စများကို အားလုံး တာဝန်ယူပါတယ်။ ဆေးရုံကြီးက ဝန်ထမ်းများက ချက်ပြီး ပြုတ်ပြီးသား ဒီ ဆွမ်း ကွမ်း အဖျော်ယမကာ ချိုချဉ် အချိုပွဲ စသည်များကို သွားရောက်ယူပြီးတော့မှ ဆရာတော်များကို ဂိလာန ပုဂ္ဂိုလ်များကို သက္ကစ္စ မြောက် ဆက်ကပ်လှူဒါန်းကြပါတယ်။

အခက်အခဲများစွာတွေ့ကြရ

အိမ်တဆောင်၊ ကျောင်းတတိုက် ဆောက်လုပ်ရာမှာပင် အခက်အခဲများစွာကို တွေ့ကြုံတတ်ပေရာ၊ ယခုကဲ့သို့ နိုင်ငံတော် အဆင့်မီ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီး နှစ်ခုကို တပြိုင်တည်း တည်ဆောက်ရခဲ့သော ဆရာတော်ဘုရားကြီး နှင့် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌကြီး ဆရာကြီး ဦးသာလှတို့အဖို့ အခက်အခဲများစွာ ကြုံတွေ့ကြရပါသည်။ အောက်ခြေ မြေတူးမှုကစပြီး အခက်အခဲများ ကြုံတွေ့ရပါသည်။ မန္တလေးတက္ကသိုလ် ဆောက်ကြရာ၌ မြေမှာ ပျော့နေ ညံ့နေ၏။ ဘာမှ ဆောက်မရဟု ဆို၏။ အင်ဂျင်နီယာများက

မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ရှိ စာသင်သား သီတင်းသုံးဆောင်များ ဆောက်ရာတွင် မြေပျော့သဖြင့် အောက်ပါအတိုင်း (၂)ထပ်တိုက်အဆောင်များကိုသာ ဆောက်လုပ်နိုင်ခဲ့သည်။



http://www.dhammadownload.com

အခက်အခဲ အမျိုးမျိုး တင်ပြကြရာ ဥက္ကဋ္ဌကြီး ဦးသာလှက "အခက်အခဲကိုချည်း မတင်ပြကြပါနဲ့၊ ဖြေရှင်းလို့ရမယ့် နည်းလမ်းကိုပါ တင်ပြကြပါ"ဟု ပြောသဖြင့် ထိုအခါမှ ဖြေရှင်းလို့ရမည့် နည်းလမ်း အမျိုးမျိုးကို တင်ပြကြပါသည်။ ပညာရှင်များ တင်ပြသည့်အတိုင်း ဆရာကြီး ဦးသာလှကလည်း ဖြစ်သည့် နည်းဖြင့် ပြေလည်အောင် ဆောင်ရွက်ပေးခဲ့ပါသည်။ ဤမျှကြီးကျယ်များပြားသော အဆောက်အဦများကို ဆောက်လုပ်ရသဖြင့် သွပ်၊ သံ၊ ဘိလပ်မြေ လုံလုံလောက်လောက်ရရှိရေး အခက်အခဲများကို တွေ့ရလေရာ၊ ဆရာကြီး ဦးသာလှက "စက်ရုံတည်၍ ထုတ်လုပ်တန် ထုတ်လုပ်ရမည်" ဟု ကြံရွယ်ခဲ့ပါသေးသည်။

ဥက္ကဋ္ဌကြီး ဦးသာလှသည် "စိတ်ရှည်ဇွဲသန်၊ သည်းညည်းခံ, ပြုရန်သာသနာ"-ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထားပြီး ဆောင်ရွက်ဖွယ်ဟို့ကို ဆောင်ရွက်သကဲ့သို့၊ အဘိဓဇ စစ်ကိုင်းရွှေဟင်္သာ ဆရာတော်ဘုရားကြီး၏ အောက်ပါ ဩဝါဒလက်ကိုလည်း ဦးထိပ်ရွက်ကာ မိမိ၏ လုပ်ငန်းများကို အောင်မြင်ပေါက်မြောက်ရေးအတွက် ယောနိသောမနသိကာရ ထားခဲ့ပါသည်။

"အများအကျိုး၊ ရွက်သည်းပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မင့်မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။"

ဆရာ+ဒကာ အတွဲ ညီညာ

ဆရာတော်ကြီးကမူ တက္ကသိုလ်ကြီးများ ဆောက်လုပ်နိုင်ရေးအတွက် စိတ်အေးအေးထားသည်။ အများက ဆရာတော်ကြီး၏ ဘုန်းကြောင့် ဤသို့ ဖြစ်လာရသည်ဟု ပြောနေချိန်တွင် ဆရာတော်ကြီးက သာသနာ့ဘုန်းကံ-စာသင်သား ကိုယ်တော်လေးများ၏ ဘုန်းကံ ဟုလည်း စိတ်ထဲ၌ အမြဲထား၏။ နှုတ်တော်ကလည်း ဖွင့်ဟမိန့်ကြားတော်မူပါသည်။ တကြိမ်သောအခါက ဆွမ်းဆန်တော် သယ်ယူရေး အတွက် အခက်အခဲများစွာ တွေ့ကြုံရစဉ်က ထောက်ခံစာများ အလွယ်တကူ ရရှိခဲ့ခြင်းနှင့်စပ်၍ ဆရာတော်ကြီး အမိန့်ရှိခဲ့ပုံမှာ-

"ဦးဇင်းတို့ တိပိဋက=နိကာယ ကိုယ်တော်တွေလဲ ကံကောင်းတာပဲ။ ဓမ္မနာဒ ကိုယ်တော်တွေလဲ ကံကောင်းတာပါ။ မန္တလေးတက္ကသိုလ်က ကိုယ်တော်တွေလဲ ကံကောင်းတာပဲ။ တပည့်တော်က ထောက်ခံချက်တောင်းလိုက်ရင် နေရာတိုင်း နေရာတိုင်းက ဝမ်းမြောက်ဝမ်းသာ ထောက်ခံတယ်။ ဝမ်းမြောက်ဝမ်းသာ သယ်ယူခွင့်ပြုတယ် ကိုယ်တော်တို့။ အဲဒါ အရှင်ဘုရားတို့ရဲ့ ကုသိုလ်ကံပဲလို့ အောက်မေ့ပြီးတော့ ဝမ်းမြောက်ကြ"ဟူ၍ ဖြစ်ပါသည်။

အရိုးပေါ် အရေခြုံ၊ မသေရုံလောက်သာ စားသောက်ပြီး ဤမျှ များပြားလှသော တာဝန်တွေ ထမ်းဆောင်နေရ၍ ဆရာတော် အလွန် ပင်ပန်းမည်ဟု အများက အထင်ရှိကြသည်။ တချို့ကမူ နှုတ်ကပင် ထုတ်ဟ လျှောက်ထားကြသည်။ ဆရာတော်ကမူ ပင်ပန်းသော အရိပ်အယောင် ကိုယ်ကလည်းမပြ၊ နှုတ်ကလည်း မဟပါပေ။ မိမိ၏ ကြီးမားသော သာသနာပြုကုသိုလ်များကို တွေး၍ ပီတိသောမနဿများ ဖြစ်ပွားနေသဖြင့် စိတ်များ လန်းဆန်းသလို စိတ်ကြောင့်ဖြစ်သော ကိုယ်ကာယများလည်း လန်းဆန်းနေခြင်း ဖြစ်ပေမည်။

တစ်ခါက ဆရာတော်ကို အလွန် ကြည်ညိုသည့် ဘုန်းကြီးတစ်ပါးက "သိပ်အပင်ပန်း မခံဘဲ နားနားနေနေ ဆောင်ရွက်ရွက်ဖို့" လျှောက်ထားသည်။ ဆရာတော်က "အမြဲနားနေတယ်"ဟု အမိန့်ရှိသည်။ ထိုဘုန်းကြီးက နားမလည်သော အမူအရာဖြင့် ဆရာတော်ကို ဖူးမြော်နေရာ ဆရာတော်က ရှင်းပြသည်။

http://www.dhammadownload.com

"ဘုန်းကြီး ရုပ်ပင်ပန်းတာဟာ တခဏလောက် အနားယူလိုက်ရင် ပြေသွားတာပဲ။ စိတ်ပင်ပန်းတာကတော့ ဒီလို အနားယူလို့ မရဘူး။ တပည့်တော်က ကိုယ် ဖြေရှင်းလို့ မဖြစ်နိုင်တဲ့ စိတ်ပင်ပန်းစရာ အကြောင်း ဘာမျှမတွေ့ဘူး။ ကိုယ် လုပ်နိုင်တဲ့ ကိုယ်လုပ်ရမယ့် ကုသိုလ်ရေးကိုသာ တွေးပြီး ဝမ်းမြောက် ဝမ်းသာ လုပ်နေတာ ဖြစ်တော့ စိတ်က မပင်ပန်းဘူး။ စိတ်ပူရမည့်အရေး မတွေးဘူး။ စိတ်အေးအေးထားပြီး အမြဲ နားနေပါတယ်" ရှင်းပြမှ ထိုဘုန်းကြီး သဘောကျသွားပါသည်။

ဘုန်းကြီး တစ်ပါးကမူ ပရိယတ္တိ တက္ကသိုလ်ကြီးဖြစ်လျှင် ဘာဖြစ်နိုင်တယ်၊ ညာဖြစ်နိုင်တယ် စသည်ဖြင့် သူထင်မြင်ရာ အပြစ်များကို ဆရာတော်အား လျှောက်ထားနေသည်။ ဆရာတော်က–

"တပည့်တော်တို့ကတော့ အကောင်းဆုံး အကျိုးကျေးဇူးတွေ မျှော်မှန်းပြီးတော့ စိမ်းကိန်းချ လုပ်နေတာပဲ။ ဘုန်းကြီး တင်ပြတဲ့ အပြစ်တွေ မပြစ်ရအောင် ဘယ်လို လုပ်သင့်တယ်လို့ အကြံပေးပါ။ တပည့်တော်တို့ ပြင်ပါ့မယ်"

ဟု အမိန့်ရှိသော်လည်း ထိုဘုန်းကြီး ဘာမျှ အကြံမပေးတတ်။

ထိုအခါ ဆရာတော်က "ဒီလိုအပြစ်တွေ ကြံဖန်တွေးနေမယ်ဆိုလျှင် စိတ်ဓာတ်ကျပြီး ဘာမျှ အလုပ်ဖြစ်မှာ မဟုတ်ဘူး၊ လုပ်ရင်း ကိုင်ရင်း အပြစ်တွေ့လာလျှင် ပြင်သွားမယ်လို့ ရည်ရွယ်ပြီး လုပ်ရပါတယ်၊ ဒီအချိန်ဟာ တစ်တိုင်းပြည်လုံး ပညာ သံဝေဂနိက (ပညာကို ဖြစ်စေနိုင်တဲ့) ကုသိုလ်ထူးကြီးကို ဆည်းပူးခွင့်ရနေတဲ့ အချိန်ပဲဆိုပြီး တစ်တိုင်းပြည်လုံး ကုသိုလ်ဖြစ်ရေးအတွက် ဝမ်းမြောက် ဝမ်းသာ ဆောင်ရွက်နေပါတယ်၊ စိတ်ပျက်စရာတွေ လာမပြောပါနဲ့"

ဟု အမိန့်ရှိလိုက်သည်။

ဆရာတော်ကြီးသည် လုပ်ငန်းပြစ် ပြောခြင်း၊ သူတပါး၏ အပြစ်ကို ပြောခြင်း၊ ဝေဘန်ခြင်းကို မကြိုက်ပါ။ နားမထောင်တတ်ပါ။ လာလျှောက်နေလျှင်လည်း ပထမ တစ်ခွန်းကိုသာ သည်းခံနားထောင်နေပြီး၊ ထပ်ဆင့်တက်လာပါက မျက်လုံးအစုံဖြင့် လာပြောသူကို ကြည့်တော်မူကာ ဟန့်တားတတ်ပါသည်။ ထပ်၍ ကဲ့လာပါမူ ဆရာတော်သည် အပြစ်ပြောဆိုမှုကို ဟန့်တားတော်မူတတ်ပါသည်။ ကိုယ်တိုင်သော်လည်း မမိန့်သလို သူများပြောဆိုသည်ကိုလည်း နားမထောင်တတ်ပါ။ ဆရာတော် မကြိုက်ဆုံး အလုပ်မှာ အပြစ်တင်ခြင်း၊ အပြစ်ပြောခြင်း၊ အကျိုးမရှိ ဝေဘန်ခြင်း စသည်တို့ပင် ဖြစ်ပါသည်။

စိန်ရတုမွေးနေ့ပူဇော်ပွဲ

လူတစ်ဦး၏ တစ်သက်တာတွင် မွေးလ၌ မွေးနေ့၊ မွေးရက်၊ သုံးခု ဆုံတတ်ကြသည်ချည်း ဖြစ်ပါသည်။ သို့သော် ငွေရတု၊ ရွှေရတု၊ စိန်ရတု အခါမျိုး၌ ကြုံတတ်၊ ဆုံတတ်ခဲ၏။ ဤ ကြုံတတ်ဆုံတတ်ခဲသည့် အထဲမှပင် သည်းခံ၊ နှိမ့်ချ၊ မနာမပို၊ အလိုရမ္မက်ကင်း၊ ရောင့်ရဲခြင်း တရား လက်ကိုင်ထားတော်မူသော နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာ ပဏ္ဍိတ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ဆရာတော်ဘုရားကြီး၏ သက်တော် ၇၅ နှစ်ပြည့်၊ ၁၃၄၈–ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ စိန်ရတု ဝိဇာတအခါတော်ကား မွေးလ၊ မွေးရက်၊ မွေးနေ့ သုံးပါးကြိုက်ကြို ဆုံသော နေ့ထူးနေ့မြတ် ဖြစ်ပါချေသည်။ ဆရာတော်ဘုရားကြီးသည် ၁၂၇၃–ခု၊ တန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့ဖွား ဖြစ်တော်မူပါသည်။ ထိုသို့ မွေးလ၊ မွေးနေ့၊ မွေး

http://www.dhammadownload.com



မင်းကွန်းဓမ္မနာဒတိုက်အတွင်းရှိ စိန်ရတုအထိမ်းအမှတ် သြဝါဒနှင့်
ထေရုပ္ပတ္တိကျောက်စာတိုင်

http://www.dhammadownload.com

ရက် ကြွခြင်း ဆုံခြင်းသည် အလွန် ထူးခြားချက် ဖြစ်၏။

ဤသို့ ထူးခြားချက်နှင့် ပြည့်စုံသော မင်္ဂလာ အချိန်၌ ဆရာတော်ဘုရားကြီး၏ သက်တော် ၇၅ နှစ်ပြည့် စိန်ရတု ဝိဇာတပူဇော မင်္ဂလာပွဲကို ဆင်နွှဲရန် တိပိဋကာ=နိကာယသာသနာပြုအဖွဲ့ဝင် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့ အားထုတ် ခဲ့ကြပါသည်။

ဤစိန်ရတုဝိဇာတပူဇော မင်္ဂလာပွဲကို ဆင္ဒ သဂါယနာ အထိမ်းအမှတ်ဖြစ်သည့် ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေး ကုန်းမြေ၊ မဟာသိမ်တော်ကြီး၌ လည်းကောင်း၊ ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ မင်းကွန်း ဓမ္မနာဒတိုက်၌ လည်းကောင်း နှစ်နေရာခွဲ၍ ကျင်းပခဲ့ကြပါသည်။

မင်းကွန်း ဓမ္မနာဒတိုက်၌ ကျင်းပသော စိန်ရတုဝိဇာတပူဇော မင်္ဂလာ အခမ်းအနားတွင် ဆင္ဒ သဂါယနာ မဟာပါသာဏ လိုက်ဂူသဏ္ဌာန် မဏ္ဍပ်ကြီး စီမံဖန်ဆင်း၍ ၁၃၄၈ခု၊ တန်ဆောင်မုန်း လဆန်း ၈ ရက်နေ့မှ ၁၀ ရက်နေ့အထိ ညစဉ် ညစဉ် ပိဋက နိကာယ်ဆောင် အရှင်မြတ်များက တရားမြွေဟောကြား၍ ဆရာတော်ဘုရားကြီးကို ဓမ္မဖြင့် ပူဇော်ကြပါသည်။

နေ့ပိုင်းတွင်ကား မင်းကွန်း တိပိဋကဓရ စိန်ရတု ပူဇော်ရေး အဖွဲ့က တန်ဆောင်မုန်းလဆန်း ၉ ရက်နေ့၊ နေ့လည် ၁၂ နာရီတွင် ပိဋကတ်တော် ၇၅ အုပ်ကို ရတနာကလပ်ဖြင့် ပင့်ဆောင်ကာ အခမ်းအနား စကြပါသည်။ ထိုအခမ်းအနားတွင် ဆရာတော်ဘုရားကြီး၏ ရှေ့ပိုင်း သာသနာပြုလုပ်ငန်းသုံးသွယ်တွင် အပါအဝင်ဖြစ်သော ဆင္ဒ သဂါယနာ ဝိဿဇ္ဇက အဖြစ်ကို အောက်မေ့ ကြည်ညိုနိုင်ကြစေရန် ဆရာတော်ဘုရားကြီး၏ တပည့် ပိဋက နိကာယ်ဆောင် အရှင်မြတ်များက လဆန်း ၈ ရက် (၉-၁၁-၈၆)နေ့တွင် ဝိနည်းပိဋက ပြန်ဆိုဟန်နှင့် သဂါယနာ တင်ဟန်။ လဆန်း (၉) ရက် (၁၀-၁၁-၈၆)နေ့တွင် သုတ္တန်ပိဋကကို ပြန်ဆိုဟန်နှင့် သဂါယနာတင်ဟန်။ လဆန်း ၁၀ ရက် (၁၁-၁၁-၈၆) နေ့တွင် အဘိဓမ္မာပိဋကကို ပြန်ဆိုဟန်နှင့် သဂါယနာတင်ဟန်တို့ကို ပုံစံတူ ပြုလုပ်၍ ဓမ္မသဘင် ဆင်ယင်ကျင်းပကာ ဓမ္မဒါန ပြုကြပါသည်။ လဆန်း ၁၁ ရက်နေ့ နံနက် အရုဏ်တက်ချိန်တွင် ရတနာပုံ ဝတ်အသင်းက ဝေယျာဝစ္စ တာဝန်ယူ၍ ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း ကပ်လှူဒါန်း၍ စိန်ရတု အထိမ်းအမှတ် ကျောက်စာတိုင်ကို ဓမ္မနာဒ ကျောင်းတိုက်အတွင်း တည်ထားကာ ဖွင့်လှစ်ပေးတော်မူခဲ့ပါသည်။

ဆရာတော် ဘုရားကြီး၏ မွေးနေ့ တိုင်းတွင် (က) ရန်ကုန်မြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ (ခ) မန္တလေးမြို့၊ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်၊ (ဂ) မင်းကွန်း မိုးမိတ်ကုန်းမြေ တိပိဋက=နိကာယ ကျောင်းတော်၊ (ဃ) မင်းကွန်း ဓမ္မနာဒ ကျောင်းတိုက်တို့၌ သာသနာတော် တည်သမျှ ဆွမ်းဒါနပြုနိုင်ရန် ဓမ္မဒါန တိပိဋကဓရ စိန်ရတုပူဇော ထာဝရ ဆွမ်းပဒေသာပင် စိုက်ထူ လှူဒါန်းပါသည်။

ရန်ကုန်မြို့၊ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ၊ မဟာသိမ်တော်ကြီး၌ ကျင်းပသော စိန်ရတု ဝိဇာတပူဇော မင်္ဂလာကိုကား ဆရာတော်ဘုရားကြီး၏ မွေးနေ့ မတိုင်မီ ရက်သတ္တပတ် အလိုကပင် တင်ကြို၍ ငါးရက်တိုင် ဗုဒ္ဓပူဇော၊ ဓမ္မပူဇော၊ သံဃပူဇောဟူ၍ ပူဇော်ပွဲ သုံးရပ်ကို ပဓာနအဖြစ် သတ်မှတ်ကာ ပူဇော်ကြခြင်း ဖြစ်ပါသည်။

တန်ဆောင်မုန်းလဆန်း ၇ ရက်နေ့၊ နေ့လည် ၁၂ နာရီမှစ၍ ဘာသာရေး အသင်းအဖွဲ့များ၊ ရုပ်ရှင် ဂီတ အနုပညာရှင်များက ဆရာတော်

http://www.dhammadownload.com

ဘုရားကြီး၏ ဂုဏ်တော်များကို သီကျူးကြပြီး ဆွမ်းတော်ကြီး ပို့ပွဲကို ဆင်နွှဲခဲ့ကြပါသည်။ ထိုဆွမ်းတော်ကြီးပွဲကို တန်ဆောင်မုန်းလဆန်း ၈ ရက်နေ့တွင် ဆရာတော် ဘုရားကြီး ကိုယ်တော်တိုင် ကပ်လှူ၍ ဗုဒ္ဓပူဇော ပြုခဲ့ပါသည်။

ဓမ္မပူဇော အစီအစဉ်တွင် တိုင်းနှင့် ပြည်နယ် အသီးသီးမှ ဆရာတော် ဘုရားကြီးထက် သက်တော်ငါတော်ကြီးသော ဆရာတော်ကြီး ၇၆ ပါးကို ပင့်၍ ဆရာတော်ကြီး၏ ရှေ့ပိုင်း သာသနာပြု လုပ်ငန်းသုံးရပ်တွင် အပါအဝင်ဖြစ်သော မဟာဗုဒ္ဓဝင်ကျမ်းကြီး ၆ တွဲ ၈ အုပ်၊ အစုံပေါင်း ၇၆ စုံကို လှူဒါန်းခဲ့ပါသည်။

သံဃပူဇော အစီအစဉ်တွင် သံဃာတော် ၂၅၀ အား ကထိန်သင်္ကန်း ဆက်ကပ်ပြီး၊ သီလရှင်အား ဝတ်စုံ လှူပါသည်။

ထို့ပြင် ဆရာတော်ဘုရားကြီး ၁၂ နှစ်သား အရွယ်မှစ၍ ရေးသားခဲ့သော ကဗျာလင်္ကာမှစ၍ စာမျိုးစုံကို စုဆောင်းကာ "တိပိဋကဓရ ကာဗျ မာလာ" အမည်ဖြင့် လည်းကောင်း၊ လယ်တီဆရာတော်ဘုရားကြီး၏ ပရမတ္ထ သံခိပ်ကို ဖြေဆိုသည့် ပရမတ္ထ သံခိပ် အဖြေ စကားပြေ ကျမ်းကို လည်းကောင်း စိန်ရတု အထိမ်းအမှတ်အဖြစ် လှူဒါန်းခဲ့ပါသည်။

တစ်ဖန် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်၊ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်၊ မန္တလေး ဓိဝိတဒါန သာသနာ့ အထူးကု ဆေးရုံတို့၌ တည်ထားမည့် ဆရာတော်ဘုရားကြီး၏ ကြေးသားရုပ် သုံးဆူအတွက် ပုံတူသွန်းလောင်းမှုကိုလည်း ကမ္ဘာအေးမဟာသိမ်တော်ကြီးရှေ့ မြေကွက်လပ်၌ ပြုလုပ်ခဲ့ပါသည်။

စိန်ရတု ဝိဇာတပူဇော မင်္ဂလာ အခါတော်၏ အသီးအပွင့်အဖြစ် ယခုအခါ မင်းကွန်း၊ သဲဖြူဝ ရွာ၌ စိန်ရတု အဝိုးရမှုလတန်းကျောင်းကိုလည်း ဆောက်လုပ်ခဲ့ပါသည်။

ရွှေစေတီ သာသနာ့ရိပ်သာ နာယက ဆရာတော်များကလည်း သီတင်းကျွတ် လဆန်း ၈-ရက်၊ ၁၁-၁၀-၈၆ တွင် စစ်ကိုင်း ရွှေစေတီရိပ်သာ၌ တိပိဋကရ ဆရာတော်ဘုရားကြီး၏ စိန်ရတုသဘင် ပူဇော်ပွဲကို ကျင်းပကြ၏။ မန္တလေးမလွန်ဆန်လှူ အသင်းကြီးကလည်း မိမိတို့ အသင်း၏ နှစ် ၉၀-ပြည့် နဝရတ် ရတုနှင့်တွဲ၍ ဆရာတော်ဘုရားကြီး၏ စိန်ရတုသဘင် ပူဇော်ပွဲကို ကျင်းပပူဇော်ခဲ့ကြသည်။

"ထူးခြားသည့် အချိန်အခါဝယ် ထူးခြားသည့် ဆရာတော်အား ထူးခြားစွာ ပူဇော်ခြင်းဖြင့် ထူးခြားသော အကျိုးရနိုင်ပါသည်" ဟူသော ကြွေးကြော်သံကို သီဆိုလျက် စိန်ရတု အကျိုးကိစ္စများကို ပြုလုပ်ခဲ့ကြပါသည်။

မန္တလေးတိုင်း
ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ ပရိယတ္တိ ပညာရေး စီမံကိန်း မူလေးချက်တွင် ဒုတိယမြောက်ဖြစ်သော တိုင်းနှင့်ပြည်နယ် တခုစီ၌ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ဖွင့်လှစ်ရန်-ဟူသောမူ ပါဝင်လေရာ၊ ရန်ကုန်တိုင်းတွင် ပထမဦးဆုံး စတင်ဖွင့်လှစ်ခဲ့ပါသည်။ ဒုတိယမြောက်မှာ စစ်ကိုင်းတိုင်း ရွှေဘိုမြို့၊ အောင်မြေကျောင်းတိုက်အတွင်း (၁၈-၅-၈၅)နေ့တွင် ဆရာတော်ကြီး ကိုယ်တော်တိုင် ကြွရောက် ဖွင့်လှစ်ပေးတော်မူပါသည်။ ထို့နောက် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းကို ၁၃၄၈ ခု (၂၈-၆-၁၉၈၆)တွင် မန္တလေးမြို့ အရှေ့မြောက်မြို့နယ်

http://www.dhammadownload.com

မာရ်အောင် ကျောင်းတိုက်တွင် ယာယီသင်တန်း ကျောင်း ဖွင့်လှစ်ကာ အမှတ်စဉ် (၁) သင်တန်းကို ဖွင့်လှစ် သင်ကြားခဲ့ရပါသည်။

ထိုမန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး ကျောင်း၌ ဖွင့်လှစ် သင်ကြားစဉ်၌ (၂)နှစ်တာကာလ အတွင်း ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဆောင်ရွက်ခဲ့ရ၏။ ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး ပစ္စည်းလေးပါး ဘယ်ကမျှ အထောက်အပံ့ မရခဲ့ကြပါ။ သင်တန်းသားများသာမက သင်တန်းပြ ဆရာများပင် ကိုယ့်ဆွမ်း ကိုယ်ခံစား၍ပြီး၊ ကိုယ့်ကျောင်းတိုက်မှ ကိုယ်လာပြီး သင်တန်းပို့ချ သင်ယူကြရပါသည်။ အမြဲနေ ကျောင်းဆောင်များ မရှိသေးပါ။ ထို့နောက် သင်တန်း အမှတ်စဉ်(၁) ပြီးစီးလုသောအခါ ထို ကျောင်း၌ သင်တန်းဆက်လက်၍ဖွင့်ရန် အခြေအနေမပေးတော့သည့်အတွက် ကျောင်းထိုင်ဘုန်းကြီး သင်တန်း ကျောင်းအုပ် ဆရာတော်က ဆရာတော်ကြီးထံလာ၍ အကျိုးအကြောင်း လျှောက်ထားပါသည်။ နိုင်ငံတော် သံဃမဟာနာယက၊ တိုင်းသံဃမဟာနာယကနှင့် တိုင်းသာသနာရေးမှူးတို့မှာ အခက်အခဲတွေ့နေကြရသဖြင့် ဆရာတော်ကြီးထံ လျှောက်ထားလိုကြသော်လည်း ဆရာတော်ကြီး၏ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများကို ဆောက်လုပ်ပေးနေခြင်း၊ တက္ကသိုလ်ရှိ စာချ စာသင် သံဃာတော်များအား နေ့စဉ် ဆွမ်း ကွမ်း ဝေယျာဝစ္စ တာဝန်ယူနေခြင်းတို့ကြောင့် ထပ်၍ အပူမတပ်လိုကြပေ။ သို့ပါသော် ဆရာတော်ကြီးသည် သင်တန်း ကျောင်းအုပ် ဆရာတော်၏ လျှောက်ထားချက်အရ ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းမှ စာချ စာသင် သံဃာတော်များ ဆင်းရဲပင်ပန်းကြီးစွာ သင်ကြားနေရသည်ကို ကြားသိလျှင် ကြားသိတော်မူချင်း-

"ဘုန်းကြီးကို အားမနာပါနဲ့၊ ဒကာကြီးတို့ ဆောက်လိုတဲ့ အဆောက်အအုံများကို စနစ်တကျ ပုံစံရေးဆွဲပြီး ဘုန်းကြီးဆီ အဖွဲ့ကို မေတ္တာရပ်ခံစာတင်ပါ၊ ဆောင်ရွက်ပေးပါမည်၊ မပင်ပန်းပါဘူး" ဟု တိုင်းသာသနာရေးဦးစီးမှူးကို အမိန့်ရှိတော်မူပေသည်။

ထို့နောက် မိမိ၏ ဒကာကြီး ဆရာဝန်ကြီး ဦးသာလှအား ထိုတာဝန်ကို ပေးပြန်ရာ၊ ဆရာဝန်ကြီး ဦးသာလှကလည်း ဝမ်းသာလှိုက်လဲ လက်ခံပြီးလျှင်၊ သာသနာ့တက္ကသိုလ်များ၏ အနီး မန္တလေးတောင်ခြေ ကုသိုလ်တော်ဘုရား တောင်ဘက်၊ နွယ်ပွကျောင်း နေရာ၌ ဆောက်လုပ် လှူဒါန်းခဲ့ပါသည်။ ဆွမ်း+သင်္ကန်း+ကျောင်း+ဆေး+ပိဋကတ် စာအုပ်စာတမ်းမှအစ ပြည့်ပြည့်စုံစုံ တာဝန်ယူခဲ့ရာ၊ ၁၃၅၁ ပြည့်၊ ဝါဆိုလဆန်း ၁၄ (၁၆-၇-၈၉) ရက်နေ့တွင် ဒုတိယပတ် သင်တန်း အမှတ်စဉ်(၂)ကို စတင်နိုင်ခဲ့ကြဖြစ်ပါသည်။

မေတ္တာဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းတော်မူခြင်း

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် မိမိ၏ သက်တော်(၇၆)နှစ် (၁၃၄၈ ခု)၊ (၇၇)နှစ် (၁၃၄၉) သက်တော်၊ (၇၈)နှစ် (၁၃၅၀)ပြည့်နှစ်အတွင်း မန္တလေးမြို့နှင့်ရန်ကုန် နိုင်ငံတော်ရှိ ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီး (၂)ရပ်၊ မန္တလေးမြို့ဇီဝတဒါန သာနာ့အထူးကု ဆေးရုံကြီး၊ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းဆောက်လုပ်ရေး၊ တက္ကသိုလ်ကြီးများအတွက် ဘာသာငါးရပ် ပိဋကတ်တော်များ ရိုက်နှိပ် လှူဒါန်းရေး-စသော သာသနာပြုလုပ်ငန်းကြီးများအတွက် တိုင်းမြို့ကြီးမြို့ငယ်များ၊ ရွာကြီးရွာငယ်များကို ကြွချီတော်မူပြီးလျှင် ရေစက်ချ တရားပွဲများကို မရပ်မနား ကျင်းပကာ ချီးမြှင့်တော်မူခဲ့ပါသည်။

http://www.dhammadownload.com

၁၃၅၀ (၁၉၈၈ ခု) ပြည့်နှစ် မတ်လတွင် မြစ်ကြီးနား၊ မိုးကောင်းသို့ လည်းကောင်း၊ ထိုနှစ် မေလတွင် အင်းတော်သို့ လည်းကောင်း ရေစက်ချ တရားပွဲများကို ကြွတော်မူပြီး ၁၃၅၀ ပြည့် ကဆုန်လပြည့်ကျော် ၁ ရက် (၁-၅-၈၈) နေ့တွင် ရန်ကုန်မြို့ တိပိဋကျောင်းတော်၌ တိ=နိ အကျိုးတော်ဆောင်အဖွဲ့ နှစ်ပတ်လည် ညီလာခံ တွင် ဩဝါဒ ချီးမြှင့်တော်မူပါသည်။ ပြီးနောက် နိုင်ငံတော်အတွင်း သွားလာနေထိုင်ရေးများ မသာ မယာဖြစ်လာသည့်အတွက် ဆရာတော်ဘုရားကြီး သည် ဒကာကြီး ဦးသာလှအား-

> "ဘုန်းကြီးတော့ မင်းကွန်း ပြန်ကြွပြီး မေတ္တာဘာဝနာဖြင့် နေတော့ မည်၊ ရန်ကုန်မြို့ သာသနာ့တက္ကသိုလ်ရှိ စာသင်စာချ သံဃာတော်များနှင့် တိပိဋက ကျောင်းတော်ရှိ နိကာယ်ဆောင် သံဃာ တော်များကို စောင့်ရှောက် ဂရုပြုပါ။"

ဟု မိန့်မှာတော်မူပြီး မန္တလေးမြို့သို့ ပြန်လည် ကြွတော်မူခဲ့ပါသည်။

ဆရာတော်ကြီးသည် မင်းကွန်းတွင် သီတင်း သုံးတော်မူစဉ်အတွင်း ၁၃၅၀ ပြည့် ကဆုန်လပြည့် ကျော် ၁၀ ရက် (၁၀-၅-၈၈) တွင် မေမြို့ ပုညကာရီကျောင်း၌ သာသနာ့တက္ကသိုလ်အတွက် ရေစက်ချပွဲ၊ နယုန်လပြည့်ကျော် ၁၂ ရက်တွင် ရမည်းသင်းနှင့် ကျောက်ဆည်မြို့တို့တွင် မန္တလေးတိုင်း ဝိဇ္ဇာလယ ကျောင်းဆောင်အတွက် ရေစက်ချပွဲနှင့် အတူ ဝါမဝင်မီ နောက်ဆုံး နွားထိုးကြီး၊ မြင်းခြံ စသော မြို့များမှ စုပေါင်းရေစက်ချပွဲများသို့ ကြွရောက် တော်မူကာ ရေစက်ချပေးတော်မူခဲ့ပါသည်။

ထိုနှစ် ဝါဝင်သည်နှင့် မငြိမ်းချမ်းသော အနိဋ္ဌာရုံတို့ကို သံဝေဂယူတော်မူကာ မေတ္တာဘာဝနာ ကမ္မဋ္ဌာန်း စီးဖြန်းပြီး တနိုင်ငံလုံးရှိ ရဟန်းရှင်လူ အပေါင်းတို့အား မေတ္တာပို့နေတော်မူပါသည်။ ထိုစဉ် အခါက မင်းကွန်း ဓမ္မနာဒတိုက် သံဃာတော်များ အား ဆရာတော်ကြီး ဩဝါဒ ချီးမြှင့်တော်မူသည်မှာ-

ရဟန်းတော်များဟာ အင်မတန် ချမ်းသာ ကြပါတယ်။ ယနေ့ လူတွေမှာ ရောက်တဲ့ အန္တရာယ် ပြဿနာတွေဟာ တပည့်တော်တို့ ရဟန်းတရားနဲ့ ကြည့်ရင် တပည့်တော်တို့ဘာသာ တပည့်တော်တို့ ကိုယ့်သီလ+ကိုယ့်သမာဓိ+ကိုယ့်ပညာ ဒါနဲ့နေရင် ဘာပြဿနာမှ ဒီနေ့ မရောက်နိုင်ဘူး။ အခု သူတို့ ဒီနေ့ ရောက်တယ်ဆိုတဲ့ ပြဿနာက အာမိသနဲ့ အကြောင်းပြုပြီးတော့ ရောက်ကြတာ။ တပည့်တော် တို့ နလုံးသွင်းကောင်းဖို့ ယောနိသောမနသိကာရ ထားဖို့ဆိုတာ နိုင်ငံတော်မှာ အစိုးရသည် တိုင်းပြည် ရဲ့ မိဘပဲ။ တကယ့် အမိအဖက သားသမီးကို မိမိမှာတွေ့ကြုံတဲ့ အခက်အခဲ အကြောင်းအရာကို သားတွေ သမီးတွေ စိတ်ဆိုးကုန်မှာ စိတ်ဆင်းရဲ ကုန်မှာစိုးလို့ မပြောသလို၊ သူ့မှာတွေ့ရတဲ့ ပြဿနာ ဟာ တိုင်းသူပြည်သား လူအများသိရင် အင်မတန် အင်မတန် စိတ်ဆင်းရဲမှာ သူတို့မြင်တယ်ဘုရား။

ဒါကြောင့် ဒီဌေစက္ကူပြဿနာ ဘာကြောင့် လုပ်ရပါတယ်ဆိုတာ အစိုးရ မပြောတာက မိဘ စိတ်နဲ့ မပြောတာ။ ဒီတော့ သားသမီးများကလည်း မသိတော့ (မသိတာလည်းပါပေါ့လေ၊ သိပြီးတော့ လည်းပဲ ဒီအထဲမှာ အစိတ်အဝက်ပါတာ ရှိတယ်။) အဲဒါကြောင့် ဆူတယ်၊ ပြုတယ်၊ ခဲနဲ့ပစ်တယ်၊ ဘန်းပစ်တယ်ဆိုတာ။ တစ်ခါအစိုးရက နိုင်ငံရေး ကျောင်းသားနဲ့ ရိုးသားတဲ့ကျောင်းသား ခွဲသော အနေနဲ့ ဒါစာရင်းခွဲလိုက်တာပဲ။ အဲဒီတော့ သူတို့ လုပ်တဲ့အထဲမှာ တပည့်တော်တို့ ဘာမှ အကောင်း အဆိုး တပည့်တော်တို့ သာသနာကတော့ မဝေဖန်မှ။ မဝေဖန်ရင် မိမိတို့ စိတ်ချမ်းသာတယ်။ အကယ်၍ သူတို့ဟာကို သွားဝေဖန်ရင် တပည့်တော်တို့ စိတ်မချမ်းသာဘူး။

http://www.dhammadownload.com

ဒါကြောင့် တပည့်တော်တော့ သူတို့ဥစ္စာကို မဝေဖန်ဘူး။ ဒါဖြင့်ရင် "အရှင်ဘုရားကော ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ မကြိုရဘူးလား" ဆိုတော့ တပည့်တော်နဲ့တကွ ဓမ္မနာဒတိုက် သံဃာဟာ ဒီကိစ္စနဲ့ပတ်သက်ပြီး တော်တော်တွေ့ရကြုံရပါတယ်။ ကြုံရဆို ဒီကျောင်းတိုက်ရဲ့ ဓမ္မနာဒ သံဃာ့ ဝေယျာဝစ္စပဒေသာပင်မှာရှိတဲ့ ဝတ္ထုကိုက ငွေစုလက်မှတ် (၉)သိန်း၊ ငွေစုဘဏ်စာအုပ် (၃)သိန်းကျော်ရှိတာ။ တပည့်တော်က သြော်–ကျောင်းက ကိုရင်လေးတွေ၊ ကျောင်းက ဦးဇင်းတွေ နဝကမ္မ သုံးကြပါစေ၊ တက်ထရွန်သင်္ကန်းတို့ဘာတို့ ဝတ်ရပါစေ၊ တကယ့် စေတနာနဲ့ တပည့်တော် တိုက်အုပ် ဘုန်းကြီးနဲ့ တကွ ကပ္ပိယအဖွဲ့ကို တပည့်တော် ပြောတယ်။

လောကဓံပြောချင်လို့ပါ။ အဲ့ဒီ ၉ သိန်း၊ သံဃာ့ဝေယျာဝစ္စ ငွေစုလက်မှတ်က အရင်းရော အတိုးပါ ထုတ်ပါ။ အဲဒီထုတ်တော့ အဲဒီကိုးသိန်း အရင်းနဲ့ ငွေစုဘဏ်စာအုပ်က သုံးသိန်း ထုတ်ပြီးတော့ ၁၂ သိန်းဖိုး ငွေစုလက်မှတ်ဝယ်လိုက်ပါ။ ကိုးသိန်းက တစ်နှစ်ရတဲ့အတိုး ကိုးသောင်းကျော် ထုတ်ခဲ့ပါ။ တပည့်တော် ရည်ရွယ်တာက ဒီကိုးသောင်းကျော်က ကျောင်းက သာမဏေလေးတွေ များအားလည်း တက်ထရွန်သင်္ကန်း တစ်ပါးတစ်စုံ ကျစီ လှူရအောင် တိုက်အုပ်ဘုန်းကြီးနဲ့ တပည့်တော် တိုင်ပင်တယ်။ ကျန်တဲ့ရဟန်းတော်များကို လည်းပဲ တစ်ပါးကို တစ်ရာငါးဆယ်–နှစ်ရာငါးဆယ် (၁၅၀–၂၅၀)စသည် နဝကမ္မလှူရအောင်၊ သူတို့တစ်နှစ်လည်လို့ နဝကမ္မဒီလောက် မရနိုင်ဘူး။ အဲဒီအားလုံး အကုန်ပြီးမှ ပိုတဲ့ဟာကို ပြန်ပြီးတော့ ငွေစုဘဏ် စာအုပ်ထဲ ထည့်တာပေါ့လို့ တပည့်တော် ဒီလို စီမံတယ်။

ဒီကနေ့ ထုတ်လိုက်တယ်ဆိုရင်လဲ နက်ဖြန်သန်ဘက်ခါကျတော့ ဒီပြဿနာပေါ်တာပဲ။ အဲဒီဥစ္စာ တပည့်တော်တို့ကျောင်းမှာ ကိုးသောင်းကျော် လောက် တစ်သိန်းလောက် ပြဿနာဖြစ်မယ် ပြောပါစို့။ ဒါအမှန်ကတော့ ဒီဥစ္စာ တွေ့တတ်ကြုံတတ်တဲ့ အာမိသကိစ္စဟာ ဒီလိုပဲ တွေ့တတ်တယ် ဆိုပြီး တပည့်တော်စိတ်ထဲမှာ ဒီအတွက် ဘာမှ စိတ်ဆင်းရဲမှု မရှိစေဘူး။ အမှန်ရှိလည်း မရှိပါဘူး။

တပည့်တော်စိတ်ထဲမှာ ဒါ သူ့အစိုးရမှာက ဒီပေးလိုက်တဲ့ ထုတ်လိုက်တဲ့ ပစ္စည်းတွေ ကလည်းပဲ တပည့်တော်ကြည့်တယ်။ သူတို့ဘဏ်ကတော့ သူတို့သိပြီးတော့ လုပ်တာ။ လုပ်တာဆိုတဲ့ တိုးပြောရရင်တော့လည်း ဘဏ်မှာက ရှေးတုန်းက တပည့်တော်တို့ ဗုဒ္ဓဘာသာ မန္တလေးဘက်မှာ ကြီးစိုးတယ်။ ဒါတွေပြောတော့ နည်းနည်း စိတ်ဆင်းရဲကြတယ်။ ဘာပဲပြောပြော ဒီတွေ့တဲ့ ပြဿနာကတော့ ဘယ်လိုပဲတွေ့တွေ့ သူထိုက်သလို နောက်ဆုံး သုံးပုံတစ်ပုံတော့ အစိုးရက ပေးချင်ပေးမယ် ပေါ့။ သုံးပုံတစ်ပုံ ပေး,ပေး–မပေး,ပေး ဒီဥစ္စာ ဒါအာမိသကိစ္စတွေ။ ဒီအထဲ တို့မပါနဲ့။ စိတ်မဆင်းရဲနဲ့။ တပည့်တော် ဒီလိုပဲ အောက်မေ့ပါတယ်။

ဒါကြောင့် အရှင်ဘုရားတို့လည်းပဲ စွာက မလျှောက်ဘူးလား။ ဒီ–၂၅ ကျပ်တို့ ၃၅ ကျပ်တို့ ၇၅ ကျပ်တို့ အကယ်၍ရှိရင် စုပြီးတော့ အားလုံး ဘယ်လောက်ရှိတယ်။ စာရင်းလုပ်ထားကြပါ။ အစိုးရက နောက်ဒုတိယတစ်ရစ်ကျတော့ သူတို့ ဘယ်လို ကြေညာမယ် မသိဘူးပေါ့လေ။ ပေးရင် ဒီသူတို့ ကြေညာမယ့် အရစ်ကျတော့ ကိုယ်က အသင့်ရှိအောင် ဦးဇင်းတို့ ဥပနာယက အရှင်မြတ်များက အားလုံးရဲ့ သူတို့ဝတ္ထုကိုစာရင်းနဲ့ အသင့်လုပ်ထားကြပါ။ ကိုယ်တော်တို့ ဒီလောကဓံကြောင့် ဦးဇင်းတို့ရဲ့ စာပေပရိယတ္တိအားထုတ်မှု လျော့မသွားကြပါနဲ့။

ဦးဇင်းတို့ "သင်္ခ အနေမတတ် ရေပက်ခံရတယ်"ဆိုတာလို အခုရက် အတွင်းမှာ

http://www.dhammadownload.com

မန္တလေးကို မသွားကြနဲ့ ဘုရား။ မသွားကြနဲ့။ ဦးဇင်းတို့ အမေကြီးနဲ့တူတဲ့ ဒေါ်ရွှေညွှန့်က တမင်ကို ဟိုကလျှောက်လိုက်တာ။ အဘွားကြီးက အင်မတန် အမြော်အမြင်ကြီးတယ် ဘုရား။ ပြီးတော့ သူတို့ဆီမှာတော့ သတင်းလဲ အမျိုးမျိုးရောက်တယ်။ အဲဒါကြောင့် ဦးဇင်းတို့ကို သူ့အမေက သားတွေကို ပြောသလို မကြွခဲ့ကြပါနဲ့ဆိုတာ တပည့်တော် တောင် သန်ဘက်ခါ ရန်ကုန်သွားဖို့တဲ့။ နဂိုက အစီအစဉ် ရှိတယ်ဘုရား။ ဒီနေ့ မြို့ကသွားပြီးတော့ ရန်ကုန်သွားဖို့ရန်ကို တပည့်တော် ပိတ်လိုက်တယ်။ အခုရက်မှာ စုပေါင်းရေစက်ချပွဲလုပ်ဖို့ မတော်သေးဘူး။ ဒါကြောင့် မလာဘူးဆိုတာ တပည့်တော် သွားပြီး အကြောင်းကြားခိုင်းတယ်။ ဦးဇင်းတို့လည်း အဲဒီဥစ္စာသိပြီးတော့ မြို့ကိုအသွား ဆင်ခြင်ကြ။ အကယ်၍ မိမိတို့ မသွားမဖြစ်ဘူး၊ သွားမှဖြစ်မယ် ဆိုတဲ့ ကိစ္စရှိရင်လည်းပဲ တစ်ပါးတည်း မသွားကြနဲ့။ နှစ်ပါး သုံးပါးသွား။ မြို့ပေါ်တက်ပေါ့ ဆိုကတည်း သင်္ကန်းရဲ့၊ ကိုယ့်ယပ်တောင်ကလေးတွေနဲ့ ရဟန်းကောင်းဆိုတာ ထင်စွာပြပြီးတော့ ကြကြ။ ကြပြီးမှ သွားလို့တော်မယ်–မတော်ဘူးဆိုတာ ဌာနခွဲကိုမေး။ အစိုးရမှာ အင်မတန်ကြီးစွာသော ပြဿနာ ဖြစ်နေတဲ့အချိန် တပည့်တော်တို့က အလိုက်သိကြမှ ကောင်းပါတယ်။ တပည့်တော်တို့ ပြောစရာ ဒီလောက်ပါပဲ။ ဦးဇင်းတို့ ကိုယ့်ကိုယ် ကို ကောင်းကောင်းနေပေါ့လေ။ အားလုံးကန်တော့ကြ။ တပည့်တော်တို့ မန်လည်ကတော့ နောက်ဆုံးကန်တော့ရင် သဗ္ဗီတိယော–ဂါထာရယ်၊ အဘိဝါဒ နသီလိသ–ဂါထာရယ် ဒါကိုရွတ်ပြီးတော့ နိဂုံးအုပ်တယ်။

သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊
သောကော ရောဂေါ ဝိနသ္သတု။
မာ တေ ဘဝန္တ္ဝရာယာ၊
သုခီ ဒီဃာယုကော ဘဝ။
အဘိဝါဒန သီလိသ၊
နိစ္စံ ဝုဍ္ဎာပစာယိနော။
စတ္တာရော ဓမ္မာ ဝဍ္ဎန္တု၊
အာယု ဝဏ္ဏော သုခံ ဗလံ။
သာဓု+သာဓု+သာဓု။

ထို့ပြင် မိုးမိတ်ကုန်းမြေရှိ နိကာယ်ဆောင်အရှင်မြတ်များအား ဆရာတော်ကြီး ချီးမြှင့်တော်မူသော သြဝါဒတော်ကိုလည်း ဆက်လက်၍ ဖော်ပြပါဦးမည်။

တိပိဋကာ=နိကာယ သဟမွိက သံဃာ အရှင်မြတ်တို့ .....။ ယနေ့ကား နှစ်တိုင်းနှစ်တိုင်း ထက် အရှင်မြတ်တို့ မေတ္တာဘာဝနာ အထူး သဖြင့် ပွားရမယ့်အချိန် ရောက်နေပါတယ်။ ဘာပြုလို့တုန်း ဆိုတော့ တစ်နေ့တစ်မျိုး တစ်နေ့တစ်မျိုး နိုင်ငံတော်မှာ အလိုမရှိအပ်တဲ့ ဆူပူမှုတွေ လှုပ်ရှားမှုတွေ ဖြစ်တယ်။ အဲဒီလိုဖြစ်တော့ အရှင်ဘုရားတို့ တပည့်တော် ပြောလိုတာက.....။

၁။ မြို့ကိုအသွားနည်းနိုင်သလောက် နည်းပါ။

၂။ မသွားမဖြစ်ရင်လည်းပဲ တစ်ပါးတည်း မသွားပါနဲ့။ အဖော်နဲ့ နှစ်ပါးသုံးပါး သွားပါ။

၃။ အဲသလိုသွားတဲ့အခါမှာလည်းပဲ မိမိတို့သည် လဒ္ဓိသူတော်မွန်ဆိုတာ သိသာအောင် မြတ်စွာ ဘုရား၏ အလိုလည်းကျ တပည့်တော်တို့ သင်္ကန်းရုံပြီးတော့ သွားကြပါ။ ကိစ္စပြီးရင် ချက်ချင်း မိမိ ကျောင်းကို မိမိပြန်ကြပါ။

အရှင်မြတ်တို့ရဲ့ ဒီတိပိဋက=နိကာယ ကျောင်းတိုက်၊ တပည့်တော်တို့ ဓမ္မနာဒကျောင်းတိုက်ဆိုတာ အမှန်အားဖြင့် နိုင်ငံတော်အစိုးရက

http://www.dhammadownload.com

ရော ပြီးတော့ ကျေးဇူးကရော အန္တရာယ်ကင်းဖို့ ရန် အမြဲမပြတ် ဒကာဒကာမတွေ စောင့်ရှောက် လျက်ရှိတယ်။ အဲဒီတော့ ကိုယ့်ကျောင်းမှာပဲ ကိုယ် နေကြပါ။ မဖြစ်လို့ သွားရမယ်ဆိုရင်လည်းပဲ တစ်ပါးတည်းများ မသွားပါနဲ့။ အနည်းဆုံး နှစ်ပါး သို့မဟုတ် သုံးပါးသွားပါ။ သွားတဲ့အခါမှာ သင်္ကန်း ရုံသွားပါ။ စက္ခုဇ္ဈန်မျက်လွှာချပြီးတော့ မြို့ဝင်ပေါ့ ဆိုကတည်းက "မြို့စောင့်နတ်များ အမှူးထား၍ မြို့သားမြို့သူ ခပ်သိမ်းလူ ကြည်ဖြူကိုယ်စိတ် ချမ်း သာစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြ ပါစေ"လို့ အဲဒီလို မေတ္တာပို့ပါ။ တွေ့တွေ့သမျှ အမျိုးသား၊ တွေ့တွေ့သမျှ အမျိုးသမီးတွေကို အမျိုးသမီးဆိုရင်လည်းပဲ သံသရာက ငါ့ရဲ့ အမိ ဟောင်း နှမဟောင်းတွေ၊ အမျိုးသားတွေဆိုလည်း သံသရာက ငါ့ရဲ့ အဖေဟောင်း နောင်ညီဟောင်း ထွေပဲလို့ စိတ်ထဲအာရုံရောက်အောင် "ငါ့မိခင် ဟောင်း ညီမဟောင်းအပေါင်း ကိုယ်စိတ်ချမ်းသာစေ၊ ငါ့ ဖခင်ဟောင်း နောင်ညီဟောင်းအပေါင်း ကိုယ်စိတ် ချမ်းသာစေ။ အဲဒီနောက်ကနေပြီးတော့ "ဥပဒ် ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ" အဲဒီလို မေတ္တာကို အထူးသဖြင့် ပို့ပြီးကြွပါ။

ကလေးလေးတွေ တွေ့ရင်လည်းပဲ ဒီ ကလေးတွေဟာ ငါ့ရဲ့ သားဟောင်းကလေးတွေ မြေးဟောင်းကလေးတွေ အဲဒီလိုအောက်မေ့ပြီးတော့ ငါ့သားသမီးဟောင်း မြေးအဟောင်းအပေါင်း ကိုယ် စိတ်ချမ်းသာစေ၊ ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်း အေးကြပါစေ"လို့ စိတ်ထဲမှာ မေတ္တာရောက်ရောက် ပို့ပြီးတော့ သွားကြပါ။ ဒီနည်းနဲ့သွားရင် အရှင် ဘုရားတို့လည်း အန္တရာယ်မရှိဘူး။ အေး သူတို့ လည်းပဲ စိတ်နှလုံးတွေဟာ နူးညံ့ပြီးတော့ အင်မတန် ကောင်းတဲ့နည်း ဖြစ်ပါတယ်။ ဒါကြောင့် တပည့် တော် ဦးဇင်းတို့ကို ယခုနှစ်ပေးတဲ့ သြဝါဒဟာ ခါတိုင်းနှစ်နဲ့ မတူဘူးလို့ ဒီလိုအောက်မေ့ကြပါ။

ပြီးတော့ ဦးဇင်းတို့ စာကျက် စာအံ စာကြည့် ပရိယတ္တိအလုပ်ကို အောင်အောင်မြင်မြင် လုပ်နေတာ တစ်နိုင်ငံလုံး အထက်ရောအောက်ရော အားလုံးက ဒီတိ=နိကျောင်းတိုက်ကို အင်မတန် အာရုံပြုတယ်။ ဦးဇင်းတို့.....တပည့်တော်တို့ တိ=နိ သာသနာပြုအဖွဲ့.ကလည်းပဲ ထိုထိုမြို့.ရွာတွေမှာ တိပိဋကဓ=နိကာယ သာသနာပြုအကျိုးတော်ဆောင် အဖို့လို့ ဖွဲ့ပြီးထားလိုက်တာ ကိုယ်တော်တို့ မနည်း ဘူးဟုတ်လား။ အဲဒီအဖွဲ့တွေက အခုတော့ ကျယ်ဝန်း လာတယ်။ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်၊ မင်းကွန်းက တိပိဋက=နိကာယ ကျောင်းတိုက်၊ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်၊ အဲဒီကျောင်းတိုက် ကြီးတွေက သံဃာတော်တွေကို သင်္ကန်း+ဆွမ်း+ ကျောင်း+ဆေး+ပစ္စည်းလေးပါး မငြိမငြင် မဆင်းရဲ ရအောင် အားလုံးအထက်အောက် ထိုထိုမြို့ ထိုထို ရွာတွေမှာ တိပိဋက=နိကာယ သာသနာပြု အကျိုး တော်ဆောင်အဖွဲ့တွေ ဖွဲ့ပြီးတော့ မိမိတို့ဒေသထွက် ပစ္စည်းများကို လှူဖို့၊ ဒီအဖွဲ့က နှိုးဆော်တော့ လူတွေဟာ နိုးနိုးကြားကြားပဲ။

တပည့်တော် အခု ရန်ကုန်က လာကာနီးမှာ ဒကာကြီး ဦးလှမောင်က ပြောတယ်။ ဆရာတော်– တဲ့။ ငပုတောက ပို့လိုက်တာတဲ့။ ငါးပိတွေက အကောင် ငါးပိ၊ မျှင်ငါးပိ၊ သူပြောတာ တော်တော် များပါတယ်။ အများကြီး ပြီးတော့ ထိုထိုဌါဌါ သူတို့အရပ်တွေမှာပေါ်တဲ့ ဒေသထွက်ပစ္စည်းများ လှူဖို့၊ လှူလည်းလှူလိုက်တယ်။ အနည်းဆုံး တပည့် တော် ပြောမယ်။ တပည့်တော်ရဲ့ညီလေး မောင် ဝင်းရွှေဆိုတာ တပည့်တော်တို့ သပြေကုန်းရွာမှာ၊ အဲဒီကနေပြီးတော့ ဗဟိုထားပြီး တိပိဋက=နိကာယ သာသနာပြု အကျိုးဆောင်အဖွဲ့ဆိုပြီး တပည့်တော် တို့ မြို့.နယ်၊ မြို့.ပေါ်က မဟုတ်ဘူး၊ ဒါက မြို့.နယ်။ အဲဒီလိုအဖွဲ့.ဖွဲ့.ပြီးတော့ သူတို့ဒေသထွက်ပစ္စည်းကို

http://www.dhammadownload.com

လူချင်လို့ မကြာခင် လူလိမ့်မယ်။ မင်းတို့ဆီက ဘာတွေထွက်တာတုန်းကွလို့ ဆိုတော့–ငရုတ်သီး ထွက်တယ်တဲ့။ တပည့်တော်တို့ဆီက ငရုတ်သီး လူရမှာပဲတဲ့။ နန္ဒင်းတက်လည်း ထွက်တယ်တဲ့၊ သူတို့က နန္ဒင်းတက်လည်း သူတို့လူလိမ့်မယ်။

ဆိုကြပါစို့။ ဒီပြင်ဒီပြင်လဲပဲ သူတို့ဒေသ ထွက်မဲ့ လူစရာရှိတဲ့ဥစ္စာကို လူဖို့။ သူတို့က ည တရားပွဲတောင်လုပ်ပြီးတော့ ရေစက်ချဖို့။ တပည့်တော်တို့ ဟိုကျောက်ဆည်မြို့နယ် ပါတီ ဒကာတွေကပါ ညတရားပွဲလုပ်ဖို့။ တပည့်တော်တို့ ကျောက်ဆည်မှာ အင်မတန် အေးချမ်းပါတယ်တဲ့။ အဲဒါကြောင့် ညတရားပွဲ မဖျက်ပါနဲ့လို့ လာပြီးတော့ လျှောက်တယ်။ သို့သော် တပည့်တော်က ပြောပါတယ်။ နိုင်ငံတော်ရဲ့ အလိုကို ကြည့်ပြီးတော့ လုပ်ရ တာပါကွယ်။ သို့သော် တပည့်တော်က ပြောပါတယ်။ နိုင်ငံတော်က ပိုပြီးတော့ သိပါတယ်။ ပြီးတော့ သူတို့က နိုင်ငံတော်က ရန်ကုန်မြို့ပေါ်မှာကို ညတရားပွဲ ခွင့်မပြုဘူး။ အဲဒီလို မပြုတဲ့ အခါကြီးမှာ ငါတို့က ညတရားပွဲကြီးလုပ်လို့ မတော်ပါဘူး။ နိုင်ငံတော် စိတ်ဆင်းရဲစရာ မဖြစ်စေနဲ့။ ဒီလိုပဲ သူတို့ကို ပြောရပါတယ်။

ဦးဇင်းတို့ကို ခါတိုင်း ကိုယ့်အလုပ် ပရိယတ္တိကိုလုပ်ပါ။ စာအံတယ်၊ စာကြဲတယ်၊ စာကြည့်တယ်။ ဒါဟာ မိမိတို့ရဲ့ ပရိယတ္တိ။ အဲဒီလို ကြည့်ပြီးတော့ စိတ်ထဲမှာ သံသယရှိရင် တပည့်တော်ကို မေးပါ။ တပည့်တော်ကို ပြောပါ။ အားမနာပါနဲ့။ တပည့်တော် ဦးဇင်းတို့ကို စာချပေးဖို့ စာချဘုန်းကြီးတစ်ပါးစသည် မထားတာဟာ အဓိပ္ပာယ် ရှိပါတယ်။ ဘာပြုလို့တုန်းဆိုတော့ အရှင်ဘုရားတို့ဟာ ဓမ္မာစရိယအောင်ပြီး။ အရှင်ဘုရားတို့ကိုယ်တိုင်က ဓမ္မာစရိယစာချ ဘုန်းကြီးတွေ ဖြစ်တယ်။ အဲဒီတော့ တစ်ပါးပါး တစ်ခြားက ဓမ္မာစရိယတစ်ပါးပါး ဒီလို ထားပြီးတော့ "ဦးဇင်းတို့၊ အဲဒီကိုယ်တော်ဆီ စာတက်ကြ" ဆို ဒီစာချတဲ့ကိုယ်တော်က သူကြိုက်တဲ့ ဥစ္စာ ချလိမ့်မယ်။ ဦးဇင်းတို့အနေနဲ့ ဒီကိုယ်တော် ချတာလေးနဲ့ စိတ်ထဲမှာ အားမရဘူးဆိုတာမျိုး ဖြစ်နိုင်တယ်။ ဖြစ်ရင် တပည့်တော်တို့ အဖို့ရာမှာ ဖယ်ဖို့ရှားဖို့ ခက်တယ်ဘုရား။

အဲဒီတော့ တပည့်တော် လျှောက်လိုတာက ဦးဇင်းတို့ စာကျက် စာအံ စာကြဲ စာကြည့်။ အဲဒီ အထဲက သံသယရှိတာကို တပည့်တော်ကိုပြော၊ တပည့်တော် တတ်နိုင်သလေသာက်ပေါ့လေ။ အားလုံး ဖြေမယ်ဆိုတဲ့ သဗ္ဗညုပဝါရဏာတော့ တပည့်တော် မဖိတ်ဝံ့ပါဘူး။ သာဝကပဝါရဏာနဲ့ တပည့်တော် သိသလောက် ဖြေရှင်း လျှောက်ထားပေးပါ့မယ်။ ဦးဇင်းတို့ရဲ့ လုပ်ငန်းစဉ်ဖြစ်တဲ့ စာကျက် စာအံ စာကြည့် တိပိဋက=နိကာယ ပရိယတ္တိအလုပ်ကို ခါတိုင်းကဲ့သို့ပဲ ကြိုးစားပြီး လုပ်ပါ။

အဲဒီလုပ်တဲ့အထဲမှာ တပည့်တော်တို့နဲ့ ဆိုင်တဲ့ နိတ္ထာရဏာတ္ထပရိယတ္တိ၊ အလဂဒူပမပရိယတ္တိ နှစ်မျိုးများမှာ နိတ္ထာသရဏာတ္ထပရိယတ္တိဖြစ်အောင် ငါတို့သည် စာကျက် စာအံ စာကြဲ စာကြည့် ပရိယတ္တိအလုပ်ကိုလုပ်ရင် စာထဲက ရောက်တဲ့ ရောက်တဲ့၊ ရောက်တဲ့နေရာမှာ စာထဲကလာတဲ့ သီလ၊ စာထဲကလာတဲ့ သမာဓိ၊ စာထဲကလာတဲ့ ပညာ ငါ့သန္တာန်ရောက်အောင် ငါကျင့်သုံးမယ် ဆိုပြီး အတတ်နိုင်ဆုံး ငါကျင့်သုံးမယ်ဆိုပြီးတော့ ကျက်ကြ ကြံကြ ကြည့်ကြပါ။ အဲဒီလို ကျက်ကြ အံကြ ကြံကြ ကြည့်ကြလို့ရှိရင် အရှင်တို့ စာကျက် စာအံ စာကြဲ စာကြည့် ပရိယတ္တိအလုပ်သည် နိဿရဏာတ္ထပရိယတ္တိ ဖြစ်ပါလိမ့်မယ်။ နိဿရဏာတ္ထပရိယတ္တိ ဖြစ်ပြီးတော့ အရှင်တို့သည် သာသနာမှာ ရှေ့တန်းခေါင်းဆောင်တွေ ဖြစ်တော်မူကြပါလိမ့်မယ်။ အဲဒီလို ဖြစ်နိုင်ကြပါစေလို့

http://www.dhammadownload.com

တပည့်တော်..... (ခါတိုင်းလည်း တပည့်တော် ပြောနေကျ)

တုမှံ ပရိယတ္တိ ဟောတု၊
ဘဝနိတ္ထရဏတ္ထိကာ။
ယာယ ဝေါ ဟောထ စက္ကသ၊
ပုဗ္ဗင်္ဂမာ ဓဇုပမာ။

ဘဒ္ဒန္တ=သာကီယဇာတ် အရှင်မြတ်တို့။ တုမှံ=အရှင်မြတ်တို့၏ ပရိယတ္တိ စာကျက် စာအံ စာကြဲ စာကြည့် ပရိယတ္တိအလုပ်သည်။ ဘဝနိဿရဏတ္ထိကာ=ဘဝသုံးပါးမှလွတ်မြောက်ရခြင်း အကျိုးရသည့် နိဿရဏတ္ထပရိယတ္တိသည်။ ဟောတု=ဇကန်စင်စစ် ဖြစ်ပါစေသတည်း။ဝေါ=အရှင်ဘုရားတို့သည်။ ယာယ နိဿရဏတ္ထပရိယတ္တိယာ=ယင်းနိတ္ထရဏတ္ထ ပရိယတ္တိဖြင့်။ စက္ကသ=အံ့ဖွယ်ရှစ်ဖြာသာသနာစက် မြဲမြဲထက်၏။ ဓဇုပမာ=အောင်လံတံခွန်သဖွယ် နှိုင်းယှဉ်ဖွယ် ဥပမာရှိကြကုန်သည်ဖြစ်၍။ ပုဗ္ဗင်္ဂမာ=ရှေ့သွားခေါင်းဆောင်တို့သည်။ ဟောထ=ဇကန်စင်စစ် ဖြစ်ကြပါစေ။

လို့ တပည့်တော် ဆုလဲတောင်းတယ်။ ဆုတောင်းတဲ့အတိုင်းလဲပဲ ပြည့်စုံမယ်လို့ တပည့်တော် ဝမ်းမြောက်လျက်ရှိပါတယ်။ ဘာကြောင့်လဲ၊ ဥပမာ–မန္တလေးတက္ကသိုလ်မှာကြည့်ရင် တပည့်တော်တို့ ဒီတိပိဋကာနိကာယက အရှင်မြတ်တွေ ဘာအပြစ်မှမရှိ ဘာပြဿနာမှမရှိဘဲနဲ့ တက္ကသိုလ်မှာပေါ့လေ၊ ပုဗ္ဗင်္ဂမာဆိုတဲ့အတိုင်း ရှေ့သွားခေါင်းဆောင်တွေ ဖြစ်ကြတယ်။ ပြီးတော့ သာသနာ့အောင်လံတံခွန်သဖွယ် ဖြစ်ပါစေဆိုတဲ့အတိုင်း သာသနာတော်ရဲ့ တံခွန်သဖွယ် ဖြစ်တာကိုလဲ တွေ့ရ၊ ရှေ့သွားခေါင်းဆောင်ဖြစ်တာကိုလဲ တွေ့ရတော့ တပည့်တော်အဖို့ ဝမ်းသာလွန်းလို့ ဤဂါထာဖြင့် အရှင်မြတ်တို့အား ဆုတောင်းပြီးတော့ ဩဝါဒကထာ ဒေသနာနိဂုံး ဤမှာပင်ကမ္ဘတ်ဖုံးကြပါစို့ သီတင်းသုံးဖော်သဘောတော် အရှင်မြတ်တို့ဘုရား။ ။

သာဓု+သာဓု+သာဓု။

ရန်ကုန် ပရိယတ္တိသာသနာ့တက္ကသိုလ်တွင်လည်း ထိုအချိန်က သင်ကြား စီမံ ဆရာတော်များနှင့် ဥက္ကဋ္ဌကြီး ဆရာကြီး ဦးသာလှတို့က ဆရာတော်ကြီး မိန့်မှာတော်မူသည့်အတိုင်း စောင့်ရှောက်တော်မူလျက်ရှိကြပါသည်။ ဆွမ်းအခက်အခဲ မဖြစ်ရအောင် စီမံရာတွင် အထူးသဖြင့် နေ့စဉ် ဆွမ်းဟင်းအတွက် ငါးခြောက်ထောင်း ဆွမ်းဟင်းဖြင့် အမျိုးမျိုး ဆက်ကပ်ကြပါသည်။ စာချ စာသင်လည်း မပျက်အောင် စောင့်ရှောက်ရာ၊ ပြင်ပမှ လူပုဂ္ဂိုလ် ပညာရှင်များ သွားလာရေး ခက်ခဲချိန်တွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်က ဆရာကြီး ဦးသာလှ၏ အစီအစဉ်ဖြင့် နေ့စဉ်လာရောက်၍ စာဝါများ ပို့ချပေးခဲ့ပါသည်။ ဤသို့ဖြင့် စာသင် သံဃာ အပါး (၅၀၀) သီတင်းသုံးတော်မူသော ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးသည် အေးချမ်းစွာဖြင့် ပရိယတ္တိစာပေဝန်ကို ဆောင်လျက် အနိဋ္ဌလောကခံတရားကို သည်းခံကျော်လွှားနိုင်ခဲ့ပါသည်။

မေတ္တာဘာဝနာ တရားတော်

၁၃၅၀ ပြည့်နှစ် သီတင်းကျွတ်လပြည့်နေ့တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ မြန်မာ့ရုပ်မြင်သံကြားမှ လွှင့်ထုတ်ပူဇော်ခဲ့ပါသဖြင့် ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ မေတ္တာဘာဝနာ တရားတော်ကို ဆရာတော်ကြီး၏ ရုပ်သွင်တော်နှင့်တကွ ပြည့်ပြည့်စုံစုံ ဖူးမြင်နာယူကြရလေရာ ရေခန်းသဖြင့် အစိုဓာတ် အစေးဓာတ် ကင်းကာ သွေ့လေပြီးသော သစ်ပင်ခြောက်သည် မေတ္တာရေ သွန်းဖြန်းသဖြင့် အစိုဓာတ် အစေးဓာတ်ရရှိကာ လန်းဆန်းနုညွတ်လာသကဲ့သို့

http://www.dhammadownload.com

လူတိုင်းကိုယ်စီ၌ မေတ္တာစကား မေတ္တာအသံ ပဲ့တင်ထပ်လျက် မေတ္တာစိတ် မေတ္တာကာယကံတို့ ပေါ်ပေါက် ထွန်းကားလာခဲ့ရလေသည်။ ထိုစဉ် အခါက ဆရာတော်ကြီး ချီးမြှင့်တော်မူခဲ့သော မေတ္တာဘာဝနာ တရားတော်မှာ ဤသို့ ဖြစ်ပါသည်။

ဘုန်းကြီး ကနေ့ မေတ္တာဘာဝနာပွားများပုံ နှစ်နည်းကို ဟောပေးပါမယ်။ တစ်နည်းက ပဋိသန္ဓိဒါမင် ပါဠိတော်မှာလာတဲ့ **ဒီဿဖရဏမေတ္တာ** လို့ခေါ်တဲ့ အရပ်ဆယ်မျက်နှာ ဖြန့်ဝေတဲ့ မေတ္တာဖြစ်ပါတယ်။ တစ်နည်းက မေတ္တသုတ်ပရိတ်မှာလာတဲ့ **မေတ္တာဘာဝနာ ၁၁-နည်း** ဖြစ်ပါတယ်။ မေတ္တာပွားပုံ နှစ်နည်းကို ဟောပေးပါမယ်။

ဘာပြုလို့ မေတ္တာဘာဝနာပွားပုံကို ဟောပေးရတုန်း။ ကနေ့ကြည့်မယ်ဆိုလို့ ရှိယင် သတ္တဝါတွေမှာ ရာဂမီး၊ ဒေါသမီး၊ မောဟမီး- မီးသုံး-ပါးတွေ တဟုန်းဟုန်း လောင်နေတယ်။ ဒါက (မြင်ရတဲ့) ဉာဏ်နဲ့ကြည့်ယင် မြင်ရတဲ့ မီးသုံးပါး။ တစ်ခါ ဉာဏ်နဲ့ကြည့်ယင် မြင်ရမယ့် အကျိုးမီးက ငရဲမီး။ အဲဒီမှာ သင်္ဃာဆရာတော်ကြီးက မီးသုံးပါးကို အကြောင်းပြုပြီးတော့ ဟောထားတာရှိတယ်။

လောဘဂ္ဂိနိ သုနိဿာယ၊
ဒေါသဂ္ဂိနိ ဝိဝဇရေ။
ဒေါသဂ္ဂိနိ သုနိဿာယ၊
မောဟဂ္ဂိနိ ဝိဝဇရေ။
မောဟဂ္ဂိနိ သုနိဿာယ၊
နရကဂ္ဂိ ဝိဝဇရေ။
နရကဂ္ဂိ ဝိဝဇ္ဇာ၊

သင်္ဃာဆရာတော်ဘုရားကြီးက ဂါထာရေးဖွဲ့ပြီး တော့ထားပါတယ်။ ဒါလဲပဲ ကျွတိဝုတ်ပါဠိတော်က လာတဲ့ အဂ္ဂိသုတ်ကို မှီပြီးတော့ ရေးခြင်းဖြစ်ပါတယ်။

(တစ်) လောဘမီးကို အကြောင်းပြုပြီးတော့ ဒေါသမီး တောက်ဘယ်။

(နှစ်) ဒေါသမီး အကြောင်းပြုပြီးတော့ မောဟမီး တောက်တယ်။

(သုံး) မောဟမီး တောက်တော့ကို ငရဲမီးတွေ တောက်ကုန်တယ်။

(လေး) ငရဲမီးတောက်ယင် သတ္တဝါတွေဟာ ဒုက္ခမီး တဟုန်းဟုန်းတောက်တယ်။

ဒါဖြင့်ယင် ကောင်းပြီ။ မီးကိုငြိမ်းစေနိုင်တဲ့ ရေရှိသလို အခုပြောတဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ငရဲမီး-ဒီမီးကို ငြိမ်းစေတတ်တဲ့ တရားရေအေးကော မရှိဘူးလားဆိုတော့၊ တရားရေအေးက မေတ္တာဘာဝနာတည်းဟုဆိုအပ်သော တရားရေအေးက အဲဒီမီးတွေကို ငြိမ်းစေတတ်တဲ့ ရေစင်ရေအေးပဲ ဖြစ်ပါတယ်။

မေတ္တာဘာဝနာ ရေစင် ရေအေးပွားတဲ့နည်းဟာ ဘုန်းကြီးတို့ ပဋိသန္ဓိဒါမင် ပါဠိတော်မှာလာတဲ့ အရပ်ဆယ်မျက်နှာ။ တစ်မျက်နှာ တစ်မျက်နှာလျှင် မေတ္တာလေးပါး၊ လေးပါးပွားတဲ့ မေတ္တာဘာဝနာ ရေစင်တစ်မျိုး။ မေတ္တသုတ်ပရိတ်မှာလာတဲ့ မေတ္တာဘာဝနာ ၁၁-မျိုး။ နှစ်မျိုးတောင် ရှိပါတယ်။ မေတ္တာရေစင်ဆေး နှစ်မျိုးပြောကြစို့။

ဤတွင် ပဋိသန္ဓိဒါမင် ပါဠိတော်မှာလာတဲ့ မေတ္တာ ဘာဝနာပွားပုံက ဘုန်းကြီးတို့ ဒီအရပ်ဆယ်မျက်နှာကို စာကရေတွက်ပုံက တစ်မျိုးနော်။ စာက အရှေ့၊ အနောက်၊ မြောက်၊ တောင်။ တစ်ခါအရှေ့တောင်၊ အနောက်မြောက်၊ အရှေ့မြောက်၊ အနောက်တောင်၊ အောက်၊ အထက်။ အဲဒီလို သူ့နည်းနဲ့သူပေါ့လေ။ တူရူအရပ် လေးမျက်နှာ၊ အထောင့်အရပ် လေးမျက်နှာ သလိုဆိုပြီးတော့ အောက်၊ အထက်။

အရပ်ထဲက လူတွေမှတ်ဖို့ လွယ်တဲ့နည်းက အရှေ့ အရပ်၊ အရှေ့တောင်အရပ်၊ တောင်အရပ်၊

http://www.dhammadownload.com

အနောက်တောင်အရပ်၊ အနောက်အရပ်၊ အနောက်မြောက်အရပ်၊ မြောက်အရပ်၊ အရှေ့မြောက်အရပ်။ အဲဒီလိုမှတ်ယင်လဲပဲ အရပ်ထဲကနည်းက ပြီးပါဘယ်။ ဤတွင် ဥပမာ... အရှေ့အရပ် ဆိုကြပါစို့။

ပုရတ္ထိမာယ ဒိသာယ သမ္မေ သတ္တာ
အဧေရာ ဟောန္တု၊
အဗျာပဇ္ဈာ ဟောန္တု၊
အနီဃာ ဟောန္တု၊
သုခီ အတ္တာနံ ပရိဟရန္တု–လို့ နှုတ်လေးချက်ဟာ မေတ္တာဘာဝနာ ပြတယ်။ အရပ်တစ်မျက်နှာအတွက် မေတ္တာလေးပါး ပွားတတ်ယင် ကျန်တဲ့အရပ် ၉–မျက်နှာအတွက် အကုန်လုံး မေတ္တာပွားတတ်သွားတယ်။

အဲဒီမှာ အရှေ့အရပ်၌ရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါ–လို့ မေတ္တာက အပွမညာကမ္မဋ္ဌာန်း ခေါ်ပါတယ်။ သတ္တဂါ အပိုင်းအခြား မထားရဘူး။ သတ္တဝါ မနှိုင်းရှည် လောက်အောင်များတဲ့ အနန္တ သတ္တဝါ။ အဲဒီလို စကြဝဠာလဲပဲ အရှေ့ဘက်က အနန္တ စကြဝဠာ။ စကြဝဠာအနန္တ မှာရှိတဲ့ အနန္တ သတ္တဝါတွေ အာရုံပြုပြီးတော့ 'အဧေရာ ဟောန္တု' ဆိုတာက ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ၊ တစ်ယောက် တစ်ယောက် ရန်ပြုလိုတဲ့ စေတနာ ဘုန်းကြီးတို့ စာအခေါ် ဝေရစေတနာလို့ ခေါ်တယ်။ အဲဒီ ဝေရ စေတနာ= ရန်ပြုလိုတဲ့စေတနာဖြစ်ယင် ဒေါသတွေ ဖြစ်လာတယ်။ ဒေါသတွေဖြစ်လာယင် ကိုယ်စိတ် ဆင်းရဲတယ်။ အဲဒီလို ကိုယ်စိတ်ဆင်းရဲယင် နှလုံးစိတ်ဝမ်း မအေးချမ်းတော့ဘူး။ အေး...နှလုံးစိတ်ဝမ်း ပူပန်တယ်။ အဲဒါကြောင့် ဒီလေးခုကို တန်းပြီးတော့...

အဝေရာဟောန္တု – ကြည့်ပြီးတော့–
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
အဗျာပဇ္ဈာ ဟောန္တု – ကြည့်ပြီးတော့–
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
အနီဃာ ဟောန္တု – ကြည့်ပြီးတော့–
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
သုခီ အတ္တာနံ ပရိဟရန္တု – ကြည့်ပြီးတော့–
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ–
လို့ဆိုယင် ဗမာနည်းနဲ့ ဗမာပွားယင် အနက် အဓိပ္ပာယ် မထင်စရာ မရှိဘူး။

မျက်စိမှိတ်ထား၊ သို့မဟုတ် စက္ခုန္ဒြေကို ချထားပြီးတော့ ပွားကြည့်ရအောင်။ ဘုန်းကြီးတို့ စာထဲကလာတဲ့ အရပ်အသွားနဲ့ တူရှု လေးမျက်နှာ၊ အထောင့်အရပ် လေးမျက်နှာ၊ အောက်အရပ်၊ အထက်၊ အားလုံး အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားရအောင်။ ဒကာကြီးတွေ ဒကာမကြီးတွေ စက္ခုန္ဒြေ မျက်လွှာချပြီးတော့ ဟောဒီ ဒိသာဖရဏမေတ္တာကို အယင်ပွားကြရအောင်ဗျ။ လိုက်ဆိုကြပါ။

(ဆရာတော်ဘုရားကြီး ရှေ့ကချပေးသည်ကို နောက်က လိုက်ဆိုကြသည်။)

၁။ အရှေ့အရပ်၌ရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့–
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၂။ အနောက်အရပ်၌ရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့–
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၃။ မြောက်အရပ်၌ရှိသော အနန္တ စကြဝဠာ အနန္တ သတ္တဝါတို့–
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။

http://www.dhammadownload.com

ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၄။ တောင်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့.-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၅။ အရှေ့တောင်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့.-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၆။ အနောက်မြောက်ထောင့်အရပ်၌ ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့.-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၇။ အရှေ့မြောက်ထောင့်အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့.-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၈။ အနောက်တောင်ထောင့် အရပ်၌ရှိသော အနန္တစကြဝဠာ အနန္တသတ္တဝါတို့.-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၉။ အောက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြဝဠာ အပါယ်ဘုံသား အနန္တ သတ္တဝါတို့.-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

၁၀။ အထက်အရပ်၌ရှိသော ထက်ဝန်းကျင် အနန္တ စကြဝဠာ အနန္တ နတ်ဗြဟ္မာတို့.-
ဘေးရန်ခပ်သိမ်း ငြိမ်းကြပါစေ။
ဒေါသခပ်သိမ်း ငြိမ်းကြပါစေ။
ဆင်းရဲခပ်သိမ်း ငြိမ်းကြပါစေ။
နှလုံးစိတ်ဝမ်း အေးချမ်းကြပါစေ။

ဟောဒါ ပဋိသန္ဓိဒါမင် ပါဠိတော်ကလာတဲ့ ဒိသာဖရဏ မေတ္တာပို့ခေါ်တဲ့ အရပ်ဆယ်မျက်နှာ အာရုံပြုပြီး ဖြန့်ဝေတဲ့မေတ္တာ။ ဒီအရပ်ဆယ်မျက်နှာ ထားပုံက ခုပြောသလိုပဲ စာထဲကထားတာက အရှေ့၊ အနောက်၊ မြောက်၊ တောင်၊ ဒီအစဉ်အတိုင်း အရှေ့တောင်ထောင့်၊ အနောက်မြောက်ထောင့်၊ အရှေ့မြောက်ထောင့်၊ အနောက်တောင်ထောင့်- ဒီလိုစဉ်ပါတယ်။ အေး မိမိတို့ လွယ်လွယ် စဉ်ချင်ယင်တော့ အရှေ့ကနေပြီးတော့ အရှေ့တောင်၊ အရှေ့တောင်ကနေ တောင်၊ တောင်ကနေပြီးတော့ အနောက်တောင်၊ အနောက်တောင်ကနေပြီး အနောက်၊ အနောက်ကနေပြီး အနောက်မြောက်၊ မြောက်၊ ပြီးတော့ အရှေ့မြောက်၊ ပြီးတော့အရှေ့- လို့ အဲဒီလိုဘုန်းကြီးတို့ သိမ်များ နိမိတ်ကြားတဲ့အခါ အရပ်စပ်အောင်ကြားရ သလို ရှိတယ်။ အဲဒီလို အရပ်စဉ်အတိုင်း ယခုလို မေတ္တာပွားမယ် ဆိုလဲပဲ ပွားရပါတယ်၊ ပွားကောင်းပါတယ်။

အခုပြောတဲ့ မေတ္တာဘာဝနာ ဆိုနည်းတွေဟာ ခင်မွန်ဆရာတော်ကြီးများ ပွားတဲ့နည်းအတိုင်းပါ။ ဆိုရိုးအတိုင်းပါ။

http://www.dhammadownload.com

ဟောဒါ အထက်အရပ်နဲ့ အောက်အရပ်ကျတော့ ထက်ဝန်းကျင် အနန္တစကြဝဋ္ဌာလို့ **ထက်ဝန်းကျင်** ကလေးထည့်ရတယ်။ ဘာဖြစ်လို့ တုန်းဆိုတော့ အဲဒီထက်ဝန်းကျင်ကလေး မထည့်ယင် **အောက်အရပ်၌ ရှိသော အနန္တစကြဝဋ္ဌာ** လို့ ဆိုလိုက်ယင် ဒီစကြဝဋ္ဌာ အောက်မှာ စကြဝဋ္ဌာ တိုက်တွေ တစ်တိုက်ပြီး တစ်တိုက်၊ တစ်တိုက်ပြီး တစ်တိုက် စကြဝဋ္ဌာတွေ အနန္တရှိတယ်လို့ ဒီလို အဓိပ္ပာယ်ရောက်တယ်၊ မဟုတ်ဘူး။ အမှန်က ဒီ စကြဝဋ္ဌာမှာ အခု မြေအောက်မှာ ရေရှိတယ်၊ ရေအောက်မှာ လေရှိတယ်၊ လေအောက်မှာ အဇဋာကာသဆိုတဲ့ ကောင်းကင်ကြီးပဲရှိတယ်။ အောက်မှာ စကြဝဋ္ဌာ တစ်တိုက် မရှိဘူး။ ဘေးပတ်ဝန်းကျင်မှာတော့ စကြဝဋ္ဌာတိုက်တွေ အနန္တရှိတယ်။ အဲဒါတွေ အားလုံး ရောက်အောင်လို့။

အောက်အရပ်၌ရှိသော နောက်နားက **ထက်ဝန်းကျင်** ဆိုတာ ဘေးပတ်ပတ်လည်လို့ ဆိုလိုတယ်။ အနန္တစကြဝဋ္ဌာ၊ အဲဒီ စကြဝဋ္ဌာက ဘာပြုလို့ ဒီလို ပို့ရတုန်းဆိုတော့ ခုနင်က အရပ်ရှစ်မျက်နှာ ပြောတုန်းက အပါယ်ဘုံသားတွေ စိတ်က အာရုံမရောက်ဘူး။ ကိုယ် ကိုယ်တိုင် ပို့ကြည့်လဲ မရောက်တာ တွေ့ရတယ်။ အဲဒါကြောင့် အပါယ်ဘုံသားတွေကို အာရုံရောက်အောင်လို့ အောက်အရပ်က ပွားရတယ်။

ထို့အတူပဲ အရပ်ရှစ်မျက်နှာ ပွားတုန်းက **အထက်က နတ်တွေ** ဗြဟ္မာတွေ မပါဘူး။ အာရုံထဲမှာ မရောက်ဘူး။ မိမိတို့ လူတွေ တပြင်တည်းတည်နေတဲ့ လူတွေကိုသာအာရုံရောက်လို့ အထက်ကနတ်တွေ ဗြဟ္မာတွေရော မေတ္တာပွားရအောင်ဆိုပြီးတော့ **အထက်အရပ်၌ ရှိသော အနန္တစကြဝဋ္ဌာ** လို့ဆိုတဲ့ ရှေ့နားက **ထက်ဝန်းကျင်** လို့ ထည့်တာလဲ ဒီအတိုင်းပဲ။ ဒီထက်ဝန်းကျင် မထည့်လို့ရှိယင် ဒီစကြဝဋ္ဌာရဲ့ အထက်မှာ စကြဝဋ္ဌာ တိုက်တွေ ဆင့်ကဲ ဆင့်ကဲ အနန္တစကြဝဋ္ဌာလို့ အဲဒီလို မထင်အောင် အဲဒီအထင်ကို တားမြစ်ပြီးတော့ **ထက်ဝန်းကျင်** ဆိုတော့ ဘေးပတ်ပတ်လည် **အနန္တစကြဝဋ္ဌာ အနန္တ သတ္တဝါတို့** ဒါလေးပဲ ထူးတယ်။ ဒါ ဒီသာဖရဏ မေတ္တာလို့ ခေါ်တယ်။ မေတ္တာဘာဝနာ ဒါ တစ်နည်း။

ဗုဒ္ဓဘာသာဝင် သူတော်စင်တွေသည် နေ့စဉ် နေ့စဉ် အမြဲမပြတ် မေတ္တသုတ် ပရိတ်ကို ကြားရ၊ နာရ၊ ကိုယ်တိုင်လဲပဲ ရွတ်ကြရတယ်။ ဒီ **မေတ္တသုတ်** ပရိတ်ဆိုတာက မေတ္တာဘာဝနာ ၁၁-နည်း ပွားတဲ့ သုတ်။ မေတ္တသုတ်ပရိတ်ကျတော့ မေတ္တာဘာဝနာ ၁၁-နည်း ပွားတာက ရှေးဦးစွာ-

သုခိနောဝ ခေမိနော ဟောန္တု
သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ။

သဗ္ဗသတ္တာ=ခပ်သိမ်းဥဿုံ အလုံးစုံသော သတ္တဝါတို့သည်။

သုခိနော ဝါ=ကာယိကသုခနှင့် ပြည့်စုံကြသည် ဖြစ်၍လည်းကောင်း။

ခေမိနော=ဘေးရန်ဝေးပ အေးမြကြကုန်သည်။

ဟောန္တု ဘဝန္တု=ဖြစ်ကြပါစေ။

သတ္တဝါတွေကို တစ်ခွန်းတည်းနဲ့ ခြုံပြီးပို့တဲ့မေတ္တာဖြစ်လို့ သူ့ကို ဘုန်းကြီးတို့စာအခေါ် **သဗ္ဗသင်္ဂါဟက မေတ္တာ** လို့ ခေါ်တယ်။ အဲဒီ သဗ္ဗသင်္ဂါဟက မေတ္တာ ပို့ချင်ယင် (စကူနြေမျက်လွှာ ချပြီးတော့)-

လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ။

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ-လို့ အားလုံး သတ္တဝါတွေ ခြုံပြီးပို့တဲ့ **သဗ္ဗသင်္ဂါဟက မေတ္တာ၊** ဒါက တစ်နည်း။

http://www.dhammadownload.com

ဎင်းနောက်-

ယေ ကေစိ ပါဏဘူတတ္ထိ

တသာ ဝါ ထာဝရာ ဝ+နဝသေသာ လို့ အားလုံး ကြားရတယ်။ အားလုံးရွတ်လဲ ရွတ်ဖတ်ကြတယ်။ ဘုန်းကြီးတို့ ဒီပါဠိလို တကယ် မေတ္တာပွားပြီဆိုတော့-

ယေ ကေစိ ပါဏဘူတတ္ထိ

တသာ ဝါ ထာဝရာ ဝါ အနဝသေသာ

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ...လို့ အဲဒီလို ပို့.ရပါတယ်။ ဟိုး နောက်နားမှာ သူ့.ရဲ့ အဖျားသတ်က ရှိပါတယ်။ အဲဒါကို ဘုန်းကြီးတို့ သတ္တဝါ နှစ်ပုံ နှစ်ပုံ၊ နှစ်စု နှစ်စု ထားပြီး ပွားတဲ့ မေတ္တာမို့ **ဒုကမေတ္တာ** လို့ ခေါ်တယ်။

ဆိုကြပါစို့။ ဟင်းတစ်မျိုးတည်း စားနေရတော့ အာရုံက စိတ်မကျေနပ်ဘူး။ နှစ်မျိုးလောက် အာရုံ ပြောင်းချင်သလိုပဲ။ အခုလဲပဲ သတ္တဝါတွေကို တစ်ခွန်း တည်းနဲ့ခြုံပြီး သဗ္ဗသဂ်ါဟကနဲ့ အားမရဃင် ဒုကမေတ္တာ=သတ္တဝါနှစ်ပုံထားပြီး ပွားတဲ့မေတ္တာ ပွားချင်လို့.-

တသာ ဝါ ထာဝရာ ဝ+နဝသေသာ

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ-လို့ ပွားရတယ်။

ဗမာလိုပြောတော့-

တသာ ဝါ = ဆိုတာ ကြောက်တတ်တဲ့ သတ္တဝါ၊ ဒေါသကိလေသာ မကင်းသေးတဲ့ ပုထုဇဉ်၊ သောတာပန်၊ သကဒါဂါမ် သတ္တဝါကို ကြောက်တတ်တဲ့ သတ္တဝါလို့ ခေါ်တယ်။

ထာဝရ = ဆိုတာ မကြောက်တတ်တဲ့ သတ္တဝါ၊ ဒေါသ ကိလေသာကင်းလို့ မကြောက် တတ်တဲ့ သတ္တဝါဆို တာအနာဂါမ်နဲ့ ရဟန္တာ။ အဲဒီနှစ်ခုကို-

ကြောက်တတ် -မကြောက်တတ်၊ နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

ဒီလို ပွားရပါတယ်။

တစ်ခါသူ့.ရဲ့. တွဲဖက် နောက်နားမှာ-

ဒိဋ္ဌာ ဝါ ယေဝ အဒိဋ္ဌာ-တဲ့။

ဗမာလိုပြောယင် မိမိမျက်စိနဲ့ မြင်အပ်တဲ့ သတ္တဝါတွေ၊ ဟောဒီ ဓမ္မာရုံကြီးပေါ်မှာ ဒီအထပ် ဒီအဆောက်အအုံရဲ့. ပြင်ဘက်က အရပ်ဆယ်မျက်နှာမှာရှိတဲ့ သတ္တဝါတွေဟာ မမြင်အပ်တဲ့ သတ္တဝါ-နှစ်စုထားပြီးတော့-

* မြင်အပ်-မမြင်အပ်၊ နှစ်ရပ်များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

အဲဒီလို ပွားရပါမယ်။ နောက်က-

ဒိဋ္ဌေ ဝသန္တိ အဝိဋ္ဌေ-ဆို တာ အဝေးမှာနေတဲ့ သတ္တဝါ၊ အနီးမှာနေတဲ့ သတ္တဝါ။ ခုနင်က သတ္တဝါ နှစ်မျိုးကို ပြန်လိုက်တာ။ အဝေးမှာနေတဲ့ သတ္တဝါဆိုတာက ဒီအဆောက်အအုံ အပြင်ဘက်က အရပ်ဆယ်မျက်နှာမှာ နေကြတဲ့ သတ္တဝါတွေ၊ အနီးမှာနေတဲ့ သတ္တဝါဆိုတာ ဒီအဆောက်အအုံ အတွင်းမှာရှိတဲ့ သတ္တဝါတွေ အာရုံပြုပြီးတော့-

ဝေးနေ-နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

ဒီလို ပွားရပါတယ်။

ပြီးတော့ နောက်နားမှာ-

ဘူတာ ဝ သမ္ဘဝေသီ ဝ၊

သဗ္ဗသတ္တာ ဘဝန္တု သုခိတတ္တာ-ဆိုတာ၊ ဘူတာဝါ = ဆိုတာ သံသရာဖြစ်ပြီးပြီ။ နောက်ဖြစ်စရာ မရှိတော့တဲ့ ဘဝဇာတ်ဆုံးတဲ့

http://www.dhammadownload.com

ရဟန္တာ ပုဂ္ဂိုလ်တွေ။

သမ္ဘဝေသီ = ဆိုတာ ဘဝဇာတ် မဆုံးသေးတဲ့ ပုထုဇဉ်၊ သောတာပန်၊သကဒါဂါမ်၊ အနာဂါမ် ပုဂ္ဂိုလ်တွေ။

ဒါတွေကို နှစ်ပုံထားပြီးတော့-

* ဘဝဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

လို့အဲဒီလို မေတ္တာပို့ရမှာ ဖြစ်ပါတယ်။

တစ်ခါ သတ္တဝါကို နှစ်ပုံထားပြီး ပို့တဲ့ မေတ္တာလေးပါးအပြင် သတ္တဝါကို သုံးပုံထားပြီး ပွားတဲ့မေတ္တာ ကျတော့ **တိကမေတ္တာ**လို့ ခေါ်ပါတယ်။ အဲဒီမှာ

ဒီဃာ ဝါ ယေ၀ မဟန္တာ၊
မဇ္ဈိမာ ရဿကာ အဏုကထူလာ။

ဒီ ပါဠိဂါထာတော် ထက်ဝက်မှာ ဘုန်းကြီးတို့ သတ္တဝါ သုံးပုံ သုံးပုံ သုံးစုရအောင် ဉာဏ်ဖြန့်ရတယ်။

ဒီဃာဝါ = ရှည်လျားတဲ့ ခန္ဓာကိုယ် အတ္တဘော ရှိတဲ့ သတ္တဝါ။

နောက်နားက ရဿကာ-လို့ ပါတယ်။ တိုတဲ့ ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ။

မဇ္ဈိမာ=မရှည် မတို အလယ် အလတ် အတ္တဘော ရှိတဲ့ သတ္တဝါ-လို့။

ရှည်တဲ့သတ္တဝါဆိုတော့ မြွေတို့၊ နဂါးတို့ပေါ့။

တိုတဲ့ သတ္တဝါဆိုတော့ လိပ်တို့၊

မရှည်မတိုဆိုတော့ ဒီကြားက သတ္တဝါတွေ၊ ဒီသုံးစု ကို ခွဲပြီးတော့-

* ရှည်-တို-အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ်မြဲပါစေ။

ဒီလိုပွားရတယ်။

တစ်ခါ နောက်လာတယ်။

မဟန္တာ-တဲ့ = ခန္ဓာကိုယ် ကြီးမားတဲ့ သတ္တဝါ။

ရာဟု အသူရိန်ကြီး တို့လို ခန္ဓာကိုယ် ကြီးမားတဲ့ သတ္တဝါတွေ။

အဏုကာ = ခန္ဓာကိုယ် သေးငယ်တဲ့ သတ္တဝါတွေ။

မဇ္ဈိမာ = အဲဒီ မကြီး မငယ် အလယ် အလတ် သတ္တဝါတွေ။ သုံးစုထားပြီးတော့

* ကြီး-ငယ်-အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြဲပါစေ။

တစ်ခါ နောက်နားက-

မဇ္ဈိမာ ရဿကာ အဏုကထူလာ။

ထူလာ=ဆူတဲ့၊ ဖြိုးတဲ့၊ ဝတဲ့ ခန္ဓာကိုယ် အတ္တဘော ရှိတဲ့ သတ္တဝါ။

အဏုကာ = ကြိုတဲ့၊ လှိတဲ့၊ ပိန်တဲ့ ခန္ဓာကိုယ် အတ္တဘောရှိတဲ့ သတ္တဝါ။

မဇ္ဈိမာ = မဆူ မကြိုး အလယ်အလတ် အတ္တဘောရှိဝ့် သတ္တဝါ။

လူပဲ သုံးမျိုးနော်။ ဝတဲ့လူ၊ ပိန်တဲ့လူ၊ မဝ မပိန် အလယ်အလတ်လူ ဒီလိုသုံးမျိုး၊ အဲဒီမှာ-

ဆူ-ကြိုး-အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြဲပါစေ။

အဲဒီလို ပွားရပါတယ်။

အခုပြောတဲ့ မေတ္တာတွေက တစ်ဖက်သား အပေါ်မှာ အစီးအပွားချမ်းသာရကြောင်း အစီးအပွားကို ရယူလိုတဲ့ မေတ္တာ။ ပါဠိလို ဟိတာဓိဂမာဓိပ္ပာယ မေတ္တာ-လို့ ခေါ်တယ်။

အစီးအပွား ချမ်းသာရကြောင်းကို ရယူလိုတာ မေတ္တာ မည်သလို၊ တစ်ဖက်သားအပေါ်မှာ အစီးအပွားမဲ့လို့ခေါ်တဲ့ ဆင်းရဲဒုက္ခရောက်ကြောင်း မလိုတာကိုလဲပဲ အဟိတာပနယနာဓိပ္ပာယမေတ္တာ-လို့ ခေါ်တယ်။

အဲဒီ မေတ္တာ ပွားနိုင်အောင်လို့-

နံ ပရော ပရံ နိကုဗ္ဗေထ၊

http://www.dhammadownload.com

နာ+တိမညေထ ကတ္ထစိ နံ ကံ စိ။
ဗျာရောသနာ ပဋိယသည၊
နာ+ညမညဿ ဒုက္ခမိစ္ဆေယျ။

သတ္တဝါတွေ ဆင်းရဲဒုက္ခရောက်တာ ဘာကြောင့်လဲ။ တစ်ယောက်က တစ်ယောက်(ကို) လိမ်လည်လှည့်ဖျားနေလို့။ အလိမ်မပေါ်ခင် ဆက်ဆံရေး အဆင်ပြေသော်လဲပဲ အလိမ်ပေါ်လာယင် ခိုက်ရန်ဒေါသဖြစ်ပြီး ဆင်းရဲဒုက္ခရောက်တယ်။ ဒါကြောင့် လူအချင်းချင်း လှည့်ပတ်ခြင်းဟာ ဆင်းရဲဒုက္ခရောက်ကြောင်း တရား။ ဒီတရား ကင်းကြပါစေ။

လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

ဒီလို ပွားရတယ်။

တိရိခါ–

နာတိမညေထ ကတ္ထစိ နံ ကံ စိ။

ဒုတိယ–သတ္တဝါတွေ ဆင်းရဲဒုက္ခ ရောက်ကြောင်း ပြောစမ်းပါ။

တစ်ယောက်က တစ်ယောက်ကို အထင်သေးခြင်း။ အထင်သေးတာ မသိခင်တော့ ဆက်ဆံရေးအဆင်ပြေ၏။ အထင်သေးတာသိယင် ခိုက်ရန်ဒေါသဖြစ်ပြီး ဆင်းရဲ ဒုက္ခရောက်တယ်။ ဒါကြောင့် အချင်းချင်း အထင်သေးခြင်းလဲပဲ ဆင်းရဲဒုက္ခရောက်ကြောင်း အစီးအပွားမဲ့ တရားဖြစ်လို့ အဲဒီတရား ကင်းပါစေ။

အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

ဒီလို မေတ္တာပွားရတယ်။

ဗျာရောသနာ ပဋိယသည–
နာ+ညမညဿ ဒုက္ခမိစ္ဆေယျ။

တတိယ ဒုက္ခရောက်ကြောင်း တရားက တစ်ယောက်က တစ်ယောက် ဆင်းရဲတာကို အလိုရှိတယ်။ 'တပည့်တော်တို့ မလိုပါဘူး ကိုယ်တော်–ဒီလို မဟုတ်ပါဘူး'။ မိမိတို့က ဗုဒ္ဓရဲ့သားတော်သမီးတော်မို့လို့ ဒီစိတ်တွေ မရှိတာနော်။ ကမ္ဘာကြီးတစ်ခုလုံးကြည့်ယင် ဗုဒ္ဓဘာသာကလွဲယင် များသောအားဖြင့် တစ်ဖက်သား ဆင်းရဲတာကိုပဲ အလိုရှိတယ်။ ကိုယ်သာ ချမ်းသာချင်တာ။ ဒါကြောင့် အချင်းချင်း ဆင်းရဲလိုခြင်းလဲပဲ ဒုက္ခရောက်ကြောင်း တရားဖြစ်လို့–

ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

အဲသည်လို မေတ္တာပွားတာကို အစီးအပွားမဲ့ဖယ်ရှားလိုတဲ့ မေတ္တာသုံးပါးလို့ ခေါ်တယ်။

လူအချင်းချင်း လှည့်ပတ်ခြင်းဟာ ဆင်းရဲဒုက္ခရောက်ကြောင်း တရား။ ဒီတရား ကင်းကြပါစေ။

လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်းကြပါစေ။

ဒီလိုပွားရတယ်။ တစ်ခါ–

နာတိမညေထ ကတ္ထစိ နံ ကံ စိ။

ဒုတိယ – သတ္တဝါတွေ ဆင်းရဲဒုက္ခရောက်ကြောင်း ပြောစမ်းပါ။

တစ်ယောက်က တစ်ယောက်ကို အထင်သေးခြင်း။ အထင်သေးတာ မသိခင်တော့ ဆက်ဆံရေးအဆင်ပြေ၏။ အထင်သေးတာသိယင် ခိုက်ရန်ဒေါသဖြစ်ပြီး ဆင်းရဲဒုက္ခရောက်တယ်။ ဒါကြောင့် အချင်းချင်း အထင်သေးခြင်းလဲပဲ ဆင်းရဲဒုက္ခရောက်ကြောင်း အစီးအပွားမဲ့ တရားဖြစ်လို့ အဲဒီတရားကင်းပါစေ။

အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်းကြပါစေ။

ဒီလိုမေတ္တာပွားရတယ်။

ဗျာရောသနာ ပဋိယသည–
နာ+ ညမညဿ ဒုက္ခမိစ္ဆေယျ။

တတိယ – ဒုက္ခရောက်ကြောင်းတရားက တစ်ယောက်က တစ်ယောက် ဆင်းရဲတာကို

http://www.dhammadownload.com

အလိုရှိတယ်။ 'တပည့်တော်တို့ မလိုပါဘူး။ ကိုယ်တော်၊ ဒီလိုမဟုတ်ပါဘူး။' မိမိတို့က ဗုဒ္ဓရဲ့ သားတော် သမီးတော်လို့ ဒီစိတ်တွေ မရှိတာနော်။ ကမ္ဘာကြီးတစ်ခုလုံးကြည့်ယင်၊ ဗုဒ္ဓဘာသာကလွဲယင် များသောအားဖြင့် တစ်ဖက်သား ဆင်းရဲတာကိုပဲ အလိုရှိတယ်။ ကိုယ်သာ ချမ်းသာချင်တာ။ ဒါကြောင့် အချင်းချင်း ဆင်းရဲလိုခြင်းလဲပဲ ဒုက္ခရောက် ကြောင်း တရားဖြစ်လို့ –

ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်း ကြပါစေ။

အဲသည်လို မေတ္တာပွားတာကို အစီးအပွားမဲ့ ဖယ်ရှားလို့တဲ့ မေတ္တာ သုံးပါးလို့ ခေါ်တယ်။

ယခု မေတ္တာဘာဝနာ တစ်နည်း တစ်နည်း ကို နှစ်ခေါက်၊ နှစ်ခေါက် လက်တွေ့ ပွားကြည့်ရ အောင်ဗျ၊ စက္ခုန္ဒြေ မျက်လွှာကိုချ အားလုံး လိုက်ဆိုကြဗျား။

(အောက်ဖော်ပြပါ မေတ္တာ ၁၁–နည်းပွားပုံ ကို ဆရာတော်ကြီးက တိုင်ပေးရ၍ ဒကာ–ဒကာမ အပေါင်းတို့က လိုက်၍ဆိုကြပါသည်။ တစ်နည်း တစ်နည်းလျှင် နှစ်ခေါက်ကျ ဖြစ်ပါသည်။)

(၁) လုံးစုံများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြိပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၂) ကြောက်တတ်–မကြောက်တတ်၊ နှစ်ရပ် များစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြိပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၃) မြင်အပ် – မမြင်အပ်၊ နှစ်ရပ်များစွာ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြိပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေး ကြပါစေ။

(၄) ဝေးနေ–နီးနေ၊ နှစ်ထွေများစွာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြိပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၅) ဘဝ ဇာတ်ဆုံး၊ မဆုံးများစွာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြိပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၆) ရှည်–တို–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြိပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၇) ကြီး–ငယ်–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာ ကိုယ်စိတ် မြိပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၈) ဆူ–ကြဲ–အလတ်၊ သုံးရပ်ခန္ဓာ၊ သတ္တဝါ၊ ချမ်းသာကိုယ်စိတ် မြိပါစေ။ ဥပဒ်ရန်ဘေး၊ ကင်းစင်ဝေး၊ ငြိမ်းအေးကြပါစေ။

(၉) လူအချင်းချင်း၊ လှည့်ပတ်ခြင်း၊ ကင်းရှင်း ကြပါစေ။

(၁၀) အထင်သေးခြင်း၊ အချင်းချင်း၊ ကင်းရှင်း ကြပါစေ။

(၁၁) ဆင်းရဲလိုခြင်း၊ အချင်းချင်း၊ ကင်းရှင်း ကြပါစေ။

ဟောဒါ မေတ္တာသုတ်ကလာတဲ့ မေတ္တာ ဘာဝနာ ၁၁–နည်း။ တစ်နည်း တစ်နည်းကို နှစ်ကြိမ်၊ နှစ်ကြိမ် ပွားပြီးပြီ။

အားလုံး မေတ္တာဘာဝနာပွား၍ လောဘမီး၊ ဒေါသမီး၊ မောဟမီး၊ ဇရဲမီး၊ တိရစ္ဆာန်မီး၊ ပြိတ္တာ၊ အသူရကာယ်၊ အပါယ်မီးကို ငြိမ်းသတ်နိုင်ပါတယ်–လို့ဆိုတဲ့ တရားတော်အရ–

လောဘ၊ ဒေါသ၊ မောဟ၊ အပါယ်တည်း ဟူသော မီးလေးပါးကို ဤမေတ္တာဘာဝနာ နှစ်နည်း ဖြင့် ငြိမ်းသတ်၍ ဒုက္ခဇာတ် ငြိမ်းအေးတဲ့ကိုယ် ဖြစ်ကြပါစေလို့ ဆုမွန်ကောင်းလဲတောင်း၏။ အားလုံး လဲပဲ ဆုတောင်းရအောင်။ ဘုန်းကြီးရှေ့က ဆုတောင်း ပေးမယ်။

ဤသို့လျှင် နေ့စဉ် နေ့စဉ် ငါးပါးသော ဂရုဓမ္မ နိစ္စသီလဆောက်တည်ရခြင်း=သီလကောင်းမှု

http://www.dhammadownload.com

ကုသိုလ်ကံ စေတနာ၊ မေတ္တာဘာဝနာနလုံး ကျင့်သုံးရခြင်း=ဘာဝနာ ကောင်းမှု ကုသိုလ်ကံစေတနာ၊ နေ့စဉ် နေ့စဉ် စွမ်းအင်ရှိသမျှ ဒါနကောင်းမှု ပြုရခြင်း=ဒါနမယကောင်းမှု ကုသိုလ်ကံ စေတနာ၊ ဤသို့ပေါင်းအပ်၊ ဤသို့ပွားအပ်၊ များမြတ်တဲ့ ကောင်းမှုကုသိုလ်ကံ အရပ်ရပ်တို့ကြောင့် 'ဒုက္ခခပ်သိမ်း၊ ချုပ်ပြတ်ငြိမ်း၊ ဇာတ်သိမ်း ပြည်နိဗ္ဗာန်' ဆိုတဲ့ ဒုက္ခခပ်သိမ်းတို့ ချုပ်ရာ ငြိမ်းရာ ပြတ်ရာ သဲသရာ ဇာတ်သိမ်းရာ နိဗ္ဗာန်တရားတော်မြတ်ကို မပင်မပန်း ချမ်းသာလွယ်ကူသော အကျင့် ပဋိပတ်၊ လျင်မြန်သော ဝိပဿနာအသိဉာဏ်၊ ရည်သန်အပ်သော မဂ်ဉာဏ်လေးရပ်တို့ဖြင့် အရဟတ္တဖိုလ်ပေါက် ကိုယ်စီ ကိုယ်ဌ မျက်မှောက်ပြုနိုင်ကြသည် ဖြစ်ပါစေကုန်သတည်း။

အရဟတ္တဖိုလ်ပေါက် နိဗ္ဗာန်ကို မျက်မှောက်ပြုရသော ထိုနောက်ဆုံးဘဝ ပရိနိဗ္ဗာနစုတိဇာ၏ နောက် ကာလ၌ ကာမ၊ ရူပ၊ အရူပ တည်းဟူသော ဘဝသုံးပါး ဘုံသုံးပါးတို့တွင် ဘယ်ဘုံ ဘယ်ဘဝ၌မှ ရုပ်နာမ်နှစ်ဖြာ ခန္ဓာငါးပါး ဒုက္ခသစ္စာ ဝဋ်မီးစာတရားတို့ တစ်ဖန်အသစ် မဖြစ်ခြင်းတည်းဟူသော အနုပ္ပါဒနိရောဓ၊ အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရပါစေကုန်သတည်း။

အနုပါဒါ ပရိနိဗ္ဗာန် ကိုယ်စီစံရသဖြင့် ကမ္မဝဋ်၊ ကိလေသဝဋ်၊ ဝိပါကဝဋ် တည်းဟူသော ဝဋ်ဒုက္ခခပ်သိမ်း သဲသရာမီးတောက် မီးလျှံကြီး အပြီးတိုင် ငြိမ်းကြပါစေကုန်သတည်း။

သာဓု...သာဓု...သာဓု။

ငါးနိုင်ငံဗုဒ္ဓဘာသာချစ်ကြည်ရေး ပရိယတ္တိပညာသင်ကြားလေ့လာရေးခရီးစဉ်

၁၃၅၁ ခု၊ တပေါင်းလ လပြည့်ကျော် (၇)ရက် (၁၇-၃-၉၀) နေ့တွင် ကမ္ဘာအေးကုန်းမြေ ဇမ္ဗူဒီပကျောင်းဆောင်ရှိ ဥက္ကဋ္ဌဆရာတော်ကြီး၏ အခန်း၌ ဗုဒ္ဓဘာသာချစ်ကြည်ရေးနှင့် ပရိယတ္တိပညာ သင်ကြားမှု လေ့လာရေးအဖွဲ့ အစည်းအဝေးကို ပြုလုပ်ရာ ဆရာဝန်ကြီး ဦးသာလှက ဆရာတော်ကြီးများနှင့် အဖွဲ့ဝင်များအား ထိုလေ့လာရေးအဖွဲ့ ဖြစ်ပေါ်လာပုံနှင့်စပ်၍ လျှောက်ထားခဲ့သည်မှာ "လွန်ခဲ့သော (၃) လ ၁၉၉၀ ပြည့်နှစ် နှစ်ဦးပိုင်းက နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး(၂) ဗိုလ်ချုပ် တင်ဦး (ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး) က ဗိုလ်ချုပ်မှူးကြီး စောမောင်က "ပြည်ပမှာ သာသနာပြုဖို့နဲ့ ပတ်သက်ပြီး ဘယ်လိုများ စီစဉ်ထားသလဲ၊ ပြည်ပမှာ သာသနာပြုဖို့ ဆရာတော်ကြီးများ ကြွရောက်တဲ့အခါ အဆင်သင့်ဖြစ်အောင် သိသင့်သိထိုက်တဲ့ သက်ဆိုင်ရာ ပုဂ္ဂိုလ်များကို ကြိုတင်အသိပေး ဆွေးနွေးထားဖို့ လိုတယ်၊ အဲဒီအတွက် သာသနာရေး ချစ်ကြည်ရေး မစ်ရှင်အဖွဲ့ နိုင်ငံခြားကို လွှတ်ဖို့ လိုတယ်" ဟု ပြောပါသည်။ ထို "ချစ်ကြည်ရေးအဖွဲ့တွင် တပည့်တော်က ခေါင်းဆောင်သွားရမည်"ဟု ပြောပါသဖြင့်၊ တပည့်တော်က "မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား လျှောက်ထားပါမယ်၊ ပြီးလျှင် စာရေးပြီး တင်ပါမယ်"ဟု ပြန်လည် ပြောကြားခဲ့ပါသည်။ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးအား လျှောက်ထားရာ ဆရာတော်ကြီးက "အင်မတန်မှ ကောင်းတဲ့ အစီအစဉ်ပဲ၊ ဘုန်းကြီးကတော့ ဘယ်မှ မသွားပါဘူး၊ ဘုန်းကြီးကိုတော့ ဘယ်မှ မထည့်ပါနဲ့"ဟု အမိန့်ရှိပါသည်။

ဤသို့ဖြင့် စည်းဝေးတိုင်ပင်ကြပြီးလျှင် ပဲခူးမြို့မ ဥက္ကဋ္ဌ ဆရာတော်ဘုရားကြီးက အဖွဲ့ခေါင်းဆောင်၊ ဆရာဝန်ကြီး ဦးသာလှက ဒုတိယအဖွဲ့ခေါင်းဆောင်၊ အဖွဲ့ အတွင်းရေးမှူးမှာ ဦးအုံမောင်၊ အဖွဲ့ဝင် ဆရာတော်ကြီးများနှင့် လူပုဂ္ဂိုလ်များမှာ-ဒုတိယ ဥက္ကဋ္ဌ အဘိဓဇ မြင်းခြံ ကိုးဆောင်

http://www.dhammadownload.com

ဆရာတော်ဘုရား၊ တွဲဖက်အကျိုးတော်ဆောင် သံလျင်မင်းကျောင်းဆရာတော်၊ မဟာနာယကအဖွဲ့ဝင် အရှင် ကေသရ (သရက်)၊ အရှင်စန္ဒိမာ (မိတ္ထီလာ)၊ အရှင်ပဏ္ဍိတာဘိဝံသ (ဒုတိယ နာယကချုပ်–ရန်ကုန်)၊ အရှင်သုစာရိန္ဒ (ဒုတိယ နာယကချုပ်–မန်း)၊ အရှင်ကုမာရ (မော်ကွန်းထိန်း–ရန်ကုန်)၊ အရှင်ဥတ္တရာဇာဇ (မော်ကွန်းထိန်း–မန်း)၊ ဦးစန္ဒာဘာသာ (ပဲခူးမြို့မ)၊ ဦးမောင်မောင်ကြီး၊ ဦးဇော်ဝင်းဇော်၊ ဦးစိန်း၊ ဒေါ်ခင်ညွှန့်၊ ဦးကိုလေး၊ ဦးတင်လွင်၊ ဦးဝင်းဖေ၊ ဒေါ်ခင်လှသီတို့ ပါဝင်သော လေ့လာရေးအဖွဲ့သည် (၁၉–၃–၉၀) ရက်နေ့တွင် ရန်ကုန်မြို့မှ စတင်ထွက်ခွာခဲ့ကြပြီး နီပေါနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ချစ်ကြည်ရေးနှင့် ပရိယတ္တိ သင်ကြားမှု လေ့လာကြာကာ (၄၁)ရက်အကြာ၊ (၂၉–၄–၉၀) ရက်နေ့တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြပါသည်။

တိ=နိ ဥပဒ္ဓာက ပြည်ပသာသနာပြု အဖွဲ့ကြီး ပေါ်ပေါက်ခြင်း

ငါးနိုင်ငံ သာသနာရေး ချစ်ကြည်ရေးခရီးစဉ် ပြီးဆုံး၍ အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသောအခါ ဆရာဝန်ကြီး ဦးသာလှသည် ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား ငါးနိုင်ငံ သာသနာရေး ချစ်ကြည်ရေး ခရီးမှ အတွေ့အကြုံများကို တင်ပြလျှောက်ထားခဲ့ပါသည်။

ထိုလျှောက်ထားချက်တွင် ဆရာဝန်ကြီး ဦးသာလှက–

"ထိုင်းနိုင်ငံသို့ ရောက်ရှိရာတွင် ထိုင်းသံဃရာဇာ ဆရာတော်ကြီးအား ဖူးတွေ့ခွင့် ရရှိခဲ့ပါကြောင်း၊ သာသနာပိုင် ဆရာတော်အား သွားရောက်ဖူးမြော်ရင်း ဒုကုဋ်သင်္ကန်း လှူလိုရ် အဝယ်ခိုင်းရာ ဝယ်မရခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၌ ရှိလည်းမရှိကြောင်း၊ ရဟန်းခံရာမှာပင် ဒုကုဋ်အစား အခြားသင်္ကန်းကို ထည့်၍ သုံးစွဲရပါကြောင်း။ ထို့မျှမက လောနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ရေသနုပ်ပင်မရှိ၍ သံဃာများ ရေချိုးခန်း သုံးနေရကြောင်း၊ ခါးပန်းကြိုးကိုမှာမှ မတွေ့ဖူး မမြင်ဖူးကြပါကြောင်း" လျှောက်ထားလေရာ ဆရာတော်ကြီးက–

"ဆဋ္ဌသံဂါယနာတင်စဉ်အခါက နောင်တော်ကြီးအဖြစ် ဆောင်ရွက်လာခဲ့သော မြန်မာပြည်သည် ညီတော်များဖြစ်သော လောနှင့်ကမ္ဘောဒီးယားနိုင်ငံများတွင် သင်္ကန်းနှင့် ခါးပန်းကြိုး အခက်အခဲရှိနေသည်ကို ကြည့်နေ၍ မတော်ကြောင်း၊ မိမိတို့ကပေးပို့ လှူဒါန်းရန် လိုအပ်ကြောင်း"ကို မိန့်တော်မူပါသည်။

ထို့နောက် ဆရာဝန်ကြီး ဦးသာလှက–

"ထိုင်းနိုင်ငံမှာပင် မြန်မာလူမျိုး ဒမ်မရောင်း (ခေါ်) ဦးထိန်ဝင်းနှင့် တွေ့ခဲ့ရာ၊ ထိုဒကာကြီးက မိမိမှာ မြန်မာလူမျိုးဖြစ်၍ မိမိ၏ ဖခင်ကြီးက ထိုင်းနိုင်ငံမှာ လုပ်ကိုင်စားသောက်ကာ ကြီးပွားပါက ကိုယ့်အမိနိုင်ငံ၌ အထိမ်းအမှတ်တခု ပြန်လုပ်ပါဟု မှာကြားချက်အရ မိမိသည် မြန်မာနိုင်ငံ၌ သာသနာရေးဘက်က အဆောက်အအုံ တခု ဆောက်လုပ်လှူဒါန်းလိုပါသည်၊ စီစဉ်ပေးပါဟုလည်း တပည့်တော်ကို မှာကြားလိုက်ပါကြောင်း" လျှောက်ထားရာ ဆရာတော်ကြီးက–

"ထိုဒကာကြီး၏ စေတနာ သဒ္ဓါတရားကို ချီးမြှောက်သောအားဖြင့် အဆောက်အဦ တခုကို စီစဉ်ပေးရမည်၊ ရန်ကုန် သာသနာ့တက္ကသိုလ်တွင်လည်း ဓမ္မသာလာ အဆောက်အအုံသာ ကျန်တော့သဖြင့် ထိုဓမ္မသာလာကို ထိုင်းဗုဒ္ဓဂိုဟာရ ဓမ္မသာလာဟူသော အမည်ဖြင့် ဆောက်လုပ်လှူဒါန်းခွင့်ပြုပါ"ဟု မိန့်တော်မူပါသည်။

ဆရာကြီး ဦးသာလှက ဆက်လက်၍ စင်ကာပူနိုင်ငံသို့ ရောက်ရာမှာလည်း စင်ကာပူ

http://www.dhammadownload.com

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်း၊ ကိစ္စကိုလည်း တင်ပြလျှောက်ထားရာ ဆရာတော်ကြီးက ဆောင်ရွက်ဖို့ ခွင့်ပြုတော်မူပါသည်။

ဤသို့ဖြင့် နိုင်ငံရပ်ခြားဌိ သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ရန် လုပ်ငန်းကိစ္စများများပြားလာပါသဖြင့် တိပိဋကဓရ=နိကာယ ဥပဋ္ဌာက အဖွဲ့အနေဖြင့် လည်းကောင်း၊ လက်ရှိ ဆောင်ရွက်လျက်ရှိသော တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ အနေဖြင့်လည်းကောင်း လုပ်ဆောင်ရန်ထက်၊ သီးခြား ပြည်ပ သာသနာပြု အဖွဲ့ဌဲ့ တခုထားရှိခါ လုပ်ဆောင်မှ သင့်မည်ဟု ဆရာတော်ဘုရားကြီးအား လျှောက်ထားပြန်ရာ၊ ဆရာတော်ကြီးကလည်း ဆရာဝန်ကြီး ဦးသာလှအား "ဆရာ သင့်မည်ထင်သလိုဖွဲ့ပါ၊ ဆရာ လုပ်တတ်ပါတယ်" ဟု တာဝန်လွှဲအပ်ပါသဖြင့် ဆရာဝန်ကြီး ဦးသာလှသည် တိပိဋကဓ= နိကာယ ဥပဋ္ဌာက ပြည်ပသာသနာပြု အဖွဲ့ဌဲ့ကို ဖွဲ့စည်း တည်ထောင်ကာ ပြည်ပ သာသနာပြုလုပ်ငန်း တာဝန်များကို ရွက်ဆောင်ကြပြန်ပါသည်။

ထိုပြည်ပသာသနာပြုအဖွဲ့၏ ပွဲဦးထွက် လုပ်ငန်းကား လောနိုင်ငံနှင့် ကမ္ဘောဒီးယားတို့သို့ သိန်းပေါင်း(၈၀)နီးပါးရှိသော သင်္ကန်းနှင့် ခါးပန်းကြိုး ပေးပို့လှူဒါန်းသော သာသနာပြုလုပ်ငန်းပင် ဖြစ်ပါသည်။

လောနှင့်ကမ္ဘောဒီးယားနိုင်ငံသို့ သင်္ကန်းနှင့် ခါးပန်းကြိုး ပေးပို့လှူဒါန်းခြင်း

တိပိဋကဓ=နိကာယ ဥပဋ္ဌာက ပြည်ပသာသနာပြုအဖွဲ့ဌဲ့သည် ဖွဲ့စည်းပြီးသည်နှင့် တပြိုင်နက် မိမိတို့ အဖွဲ့ဌဲ့၏ ပထမဦးဆုံး ပြည်ပ သာသနာပြုလုပ်ငန်းဖြစ်သော လောနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သို့ သင်္ကန်းနှင့် ခါးပန်းကြိုး ပေးပို့လှူဒါန်းနိုင်ရန်အတွက် အောက်ပါ သတင်းကောင်း ပေးပို့လွှာကို အဖွဲ့ဝင်များထံသို့ ပေးပို့ခဲ့ပါသည်။

ထေရဝါဒ ဗါးနိုင်ငံ အပါအဝင် လောနှင့်ကမ္ဘောဒီးယားနိုင်ငံတို့သို့ တိစီဝရိတ်သင်္ကန်းနှင့် ခါးပန်းကြိုးများ ပေးပို့လှူဒါန်းမည့် အစီအစဉ်များအကြောင်း သတင်းကောင်းပေးပို့ခြင်း

လောနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့တွင် ရဟန်းတော် အပါး နှစ်သောင်းခန့်ရှိရာ တစ်ပါးစာ အတွက်-

(၁) ၄၅-ခန်း ဒုကုဋ်သင်္ကန်း တစ်ထည်လျှင် ၆၆၀/-

(၂) ၂၅-ခန်း ဒုကုဋ်သင်္ကန်း တစ်ထည်လျှင် ၃၁၀/-

(၃) ပေါ်ပလင်သင်္ကန်း ဒွိစုံတစ်စုံလျှင် ၂၅၀/-

(၄) ခါးပန်းကြိုး တစ်ချောင်းလျှင် ၈၀/-နှုန်းဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးက စတင်၍ ပေးပို့လှူဒါန်းလျက်ရှိပါသည်။

အထူးသဖြင့် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဂိုဏ်းပေါင်းစုံ သံဃနာယက အဖွဲ့များက ဦးဆောင်၍ အဖွဲ့ဝင် ဆရာတော်များ ကိုယ်တော်တိုင် သင်္ကန်းနှင့် ခါးပန်းကြိုးများ ပေးပို့လှူဒါန်းကြပါသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက မြန်မာနိုင်ငံသည် ထေရဝါဒ ဗါးနိုင်ငံ၏ နောင်တော်ကြီး ဖြစ်သည့် အားလျော်စွာ၊ ကြိုတောင့်ကြိုခဲ လှူဒါန်းကြရမည် ဖြစ်ပါ၍၊ ထိုး၊ ဖိနပ်၊ သင်္ကန်း ဒွိစုံများ လှူဒါန်းတော်မူပြီးလျှင် မိမိကဲ့သို့ ပါဝင်လှူဒါန်းကြရန် နှိုးဆော်တိုက်တွန်းလျက် ရှိပါသည်။

နိုင်ငံတော် အစိုးရအဖွဲ့ကလည်း သင်္ကန်းများ ဝယ်ယူ ရရှိနိုင်ရေး၊ ပို့ဆောင် ပေးနိုင်ရေးတို့နှင့် ပူးပေါင်း လှူဒါန်းနိုင်ရေးတို့အပြင် ပါဝင် လှူဒါန်းလျက်ရှိပါသည်။ ရန်ကုန်မြို့ သီရိမင်္ဂလာ

http://www.dhammadownload.com

ကမ္ဘာအေး ကုန်းမြေ ဆဋ္ဌသံဂါယနာ မဟာ ပါသာဏ လိုက်ဂူတော်ကြီးအတွင်း၌ ၁၃၅၃ ခု၊ တန်ဆောင်မုန်း လပြည့်ကျော် ၃-ရက်၊ (၂၄-၁၁-၉၁)နေ့တွင် စုပေါင်း၍ ရေစက်ချ အလှူတော်ပွဲကြီး ကျင်းပ ပြုလုပ်ရန်လည်း စီစဉ်ထားပါကြောင်း သတင်း ကောင်း ပေးပို့အပ်ပါသည်။

ကျပ်ငွေ သိန်းပေါင်း ၇၀-ကျော်ဖိုးမျှ လှူဒါန်းကြမည့် မဟာဒါန၊ ကာလ ဒါန အလှူတော်ပွဲကြီးသို့ ပါဝင်လှူဒါန်းကြ၍ သက္ကစ္စမြောက်ကြွရောက်ကြည်ညို လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

တိပိဋက=နိကာယ ဥပဋ္ဌာက ပင်မအဖွဲ့
အမှတ် ၁၂၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။
ဖုန်း-၂၂၂၇၈၊ ၂၂၂၇၉။

ဤသို့ သတင်းကောင်းပေးပို့ရာ သင်္ကန်းနှင့် ခါးပန်းကြိုးများအတွက် ၅၁ သိန်းကျော်ဖိုး အလှူခံ ရရှိ၍၊ နိုင်ငံတော်အစိုးရကလည်း ပါဝင်လှူဒါန်းပါရစေဟု ဆရာတော်ကြီးထံ လျှောက်ထားရာတွင် ဆရာတော်ကြီးက ဒုကုဋ္ဌသင်္ကန်း တာဝန်ယူပါဟု ခွဲဝေပေးပါသဖြင့် နိုင်ငံတော်အစိုးရက ဒုကုဋ္ဌသင်္ကန်းအတွက် သိန်း ၅၀ ကျော် တာဝန်ယူကာ လှူဒါန်းခဲ့ပါသည်။

ထိုသို့ အလှူခံရရှိပြီးနောက် လောနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ ပေးပို့ရန် အချိန်ရောက်သော အခါ ထိုနိုင်ငံမှ ဆရာတော်ကြီးများက လာရောက် အလှူခံမည်လား၊ သို့မဟုတ် မိမိတို့က သွားရောက် လှူဒါန်းရမည်လား-ဟု ဖြစ်နေရာတွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးက "မည်သည့် ပြည်ပ နိုင်ငံကိုမှ ကြွမည် မဟုတ်ကြောင်း" မိန့်တော်မူပါသဖြင့် ထိုနိုင်ငံတို့မှ ဆရာတော်ကြီးများကိုသာ ပင့်ရန် စီစဉ်ရပါသည်။ သို့ရာတွင် လောနိုင်ငံမှ ဆရာတော်ကြီးများက မိမိတို့က မလာမီ မြန်မာနိုင်ငံက အလျင်ကြွပါဦး၊ ဖိတ်ပါရစေ-ဟု မေတ္တာရပ်ခံ လာပါသဖြင့် အဘိဓဇ ဒေးဝန်း ဆရာတော်ကြီး ဦးဆောင်သော သာသနာရေး မစ်ရှင်အဖွဲ့သည် လောနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ ကြွရပြန်ပါသည်။ ထိုအဖွဲ့နှင့်အတူ ရှေးဦး အလှူအဖြစ် အလှူခံရသည့် လှူဖွယ်တို့၏ လေးပုံ တပုံဖြစ်သော ဒွိစုံ-၂၀၀၀၊ ဒုကုဋ်-၂၀၀၊ ခါးပန်းကြိုး-၁၆၂၂ ချောင်း၊ ကျောင်း ဆင်းတု-၄ဆူ၊ ပိဋကတ် သုံးပုံ အစုံ အုပ်ရေ-၂၀ တို့ပါ ပေးပို့လှူဒါန်းခဲ့ပါသည်။

ထို့နောက် ၁၉၉၁ခု နိုဝင်ဘာ ၂၄ရက်နေ့က ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသဏလိုဏ်ဂူတော်ကြီးအတွင်း၌ လော+ ကမ္ဘောဒီးယားနှင့် မြန်မာနိုင်ငံမှ ဆရာတော်ကြီးများအား မဟာအသဒိသစီဝရဒါန သင်္ကန်း ကပ်လှူပူဇော်ပွဲ မင်္ဂလာ အခမ်းအနားကျင်ပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု မြင်းခြံ ဆရာတော် ဘဒ္ဒန္တ သောဘိတ၊ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု တိပိဋကဓရ အမှုဘဏ္ဍာဂါရိက မင်းကွန်းဆရာတော် ဘဒ္ဒန္တ ဝိစိတ္တ သာရာဘိဝံသနှင့် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ၊ လောနိုင်ငံမှ ကြွရောက်တော်မူလာသည့် ဘဒ္ဒန္တ အက်ဆိုဘတ်ဒိ အမှူးပြုသော ဆရာတော်ကြီး ၇ ပါး၊ ကမ္ဘောဒီးယားနိုင်ငံမှ ကြွရောက်လာသည့် ဘဒ္ဒန္တ ဝိနယဓမ္မတတ်ပေါင် ဆရာတော်ကြီးနှင့် အဖွဲ့ဝင် ဆရာတော် ၁ ပါး၊ ပြည်နယ်နှင့်တိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး ၁၄ ပါးနှင့် ဂိုဏ်းပေါင်းစုံမှ ဆရာတော် ၈ ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပါသည်။

ထိုအခမ်းအနားသို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်

http://www.dhammadownload.com

မှုးကြီး စောမောင်နှင့် အဖွဲ့ဝင် ဝန်ကြီးများ၊ အတွင်းရေးမှူးနှင့်တကွ စစ်ဖက်နယ်ဖက်မှ အရာရှိကြီးများ၊ လောနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံမှ ဆရာတော်များ အလှူရှင်များ စည်ကားစွာ တက်ရောက်ကြည်ညိုကြပါသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ဟောကြားတော်မူသည့် တရားတော်ထဲတွင် အောက်ပါအချက်များ ပါဝင်ခဲ့ပါသည်-

"ဘုန်းကြီးများ လောပြည်နှင့် ကမ္ဘောဒီးယားပြည်မှာ နိုင်ငံရေး အန္တရာယ်ကြောင့် ဆရာတော်သံဃာတော်တွေ သင်္ကန်း ဆင်းရဲတာ ဝမ်းနည်းစရာကြားရပါတယ်။

မြန်မာပြည်က ဘယ်လိုနည်းနှင့်မှ လျစ်လျူရှုပြီး မနေနိုင်တဲ့အတွက် မြန်မာနိုင်ငံတော် အစိုးရအမှုးပြုတဲ့ ဘုန်းကြီးများ တိပိဋက=နိကာယ သာသနာပြုအဖွဲ့က တိုင်းပြည်ရဲ့ ရှေ့က မားမားမတ်မတ်ရပ်ပြီးတော့ လိုအပ်တဲ့ သင်္ကန်းများ လိုသည်ထက်လှူဖို့ ဆုံးဖြတ်ချက်အတိုင်း ယနေ့ သင်္ကန်း လှူတဲ့ပွဲ ဖြစ်ပါတယ်။ ကာလဒါန သတင်းကြားရတာ ရေသနုပ်တောင် မရှိတဲ့အတွက် ဇန္တာဃရဥဒကဝတ္တဆာဒိ သုံးရေချိုးတဲ့အခါ သည် ရေချိုးဇရုန်းအိမ်ဖြင့် အဖုံးအလွှမ်းယူပြီးတော့ ရေချိုးရတယ်ဆိုတော့ ရတဲ့အတိုင်း၊ အခုသင်္ကန်းများကို ပြည့်ပြည့်စုံစုံ လှူဒါန်းရပါတယ်။

ဤတွင် နှစ်ထပ် သင်္ကန်းကြီးဟာ မြန်မာပြည်မှာသာ အထူးသဖြင့် ဝိနည်းတရားတော်နှင့်အညီ ရှိတာ တွေ့ရပါတယ်၊ ဒီနိုင်ငံခြားမှာ နှစ်ထပ် သင်္ကန်းကြီးဟာ ရှိတယ်လို့ မကြားရဘူးလို့လဲ ကြားရတယ်။

ဘုန်းကြီးများ တိုင်းသူ ပြည်သား အနေနဲ့ ဒွိစုံရအောင် နိုင်ငံတော် အကြီးအကဲများနှင့် နဝတ အစိုးရနှင့်တကွ ပဝတ၊ တဝတ၊ စဝတ၊ မဝတ၊ ရဝတ လူကြီးများက နှစ်ဆယ့်ငါးခန်း ဒီအထက်မှာ ၄၅ ခန်း သင်္ကန်းကြီးများ၊ လှူရအောင် လို့ဆိုတဲ့အတိုင်း လှူလိုက်တဲ့ သင်္ကန်းတွေ လေယာဉ်ပျံ တစ်ခေါက်တည်းနှင့် မနိုင်လို့ နောက်တစ်ခေါက် သယ်ရဦးမယ်"

လောနှင့် ကမ္ဘောဒီးယားသို့ သင်္ကန်းနှင့် ခါးပန်းကြိုး လှူဒါန်းသည့် မဟာအသဒိသစီဝရဒါန မင်္ဂလာအခမ်းအနားတွင်-

လောနိုင်ငံ သံဃာတော်များအတွက်-

သင်္ကန်းဒွိစုံ	အစုံ	၁၀၀၀၀
ခါးပန်းကြိုး	ချောင်းရေ	၁၀၀၀၀
ဗုဒ္ဓဆင်းတုတော်		၄-ဆူ
ထီးဖြူတော်		၄-စင်း
ပိဋကသုံးပုံသင်ရိုးအုပ်ရေ		၂၀-အုပ်
ထီး		၁၁၉-လက်
ဖိနပ်		၁၁၈-ရန်
မင်းကွန်းတိပိဋကဓရဆရာတော်ကြီးစီရင် တော်မူသော ကမ္မဝါစာ		၆-ထုပ်

ကမ္ဘောဒီးယားနိုင်ငံ သံဃာတော်များအတွက်-

သင်္ကန်းဒွိစုံ	အစုံ	၅၀၀၀
ခါးပန်းကြိုး	ချောင်းရေ	၅၀၀၀
ဗုဒ္ဓဆင်းတုတော်		၄-ဆူ

မြန်မာနိုင်ငံ ဂိဏ်းပေါင်းစုံသံဃာတော်များအတွက်-

သင်္ကန်းဒွိစုံ	အစုံ	၅၀၀၇

လှူဒါန်းပါသည်။

လောနှင့်ကမ္ဘောဒီးယားသို့ လှူဒါန်းသည့် ပစ္စည်းအားလုံးကို နိုင်ငံတော်အစိုးရက တာဝန်ယူ၍ ပို့ဆောင်လှူဒါန်းပေးပါသည်။

ထိုင်းဗုဒ္ဓဆင်းတုတော် ပင့်ဆောင်လွှဲအပ်ခြင်း အခမ်းအနား

ဆရာဝန်ကြီး ဦးသာလှ၏ လျှောက်ထားချက်အရ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် ထိုင်းနိုင်ငံနေ မြန်မာလူမျိုး မစ္စတာ ဇောတိကကုလ ဒမ်မရောင်း (ခေါ်) ဦးထိန်ဝင်း၏ ကောင်းမှုအဖြစ် "ထိုင်းဗုဒ္ဓဝိဟာရ ဓမ္မသာလာ"ကို

http://www.dhammadownload.com

ရန်ကုန်မြို့. နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်အတွင်း ဆောက်လုပ် လှူဒါန်းရန်ခွင့် ပြုတော်မူပြီးနောက် ဦးထိန်ဝင်းက ထိုင်းဗုဒ္ဓ ဘာသာဝင်တို့၏ ထုံးစံအရ ကျောင်းတော်တခု တည် ဆောက်တော့မည်ဆိုလျှင် ထိုကျောင်းတော်အတွင်း ကိန်းဝပ်စမြဲတော်မူမည့် ဆင်းတုတော်ကို ဦးစွာ ထုလုပ် ပူဇော်လေ့ရှိပါသည်။ ယခုလည်း ဗုဒ္ဓ ဆင်းတုတော်ကို ထုလုပ်ပူဇော်ပါရစေဦး၊ ထို ဗုဒ္ဓ ဆင်းတုတော်ကို ထိုင်းဘုရင့်မယ်တော်ကြီး အမှူးပြု သော ဆွေတော် မျိုးတော်တို့က ပူဇော်လှူဒါန်း ကြမည်ဖြစ်ပြီး လမ်းပန်းမြို့စား မင်းသားကြီး ကျောက်သီရိရတနာက တာဝန်ယူကာ ဆောင်ရွက် ပေးပါလိမ့်မည်–ဟု ပန်ကြားလာပြန်ပါသည်။ ထိုင်း ဗုဒ္ဓဆင်းတုတော် သွန်းလုပ်ပူဇော်ရာတွင် တာဝန်ရှိသူ တို့ကိုယ်တိုင် ပါဝင်သွန်းလုပ်ရပါသည်ဟု ဆိုသဖြင့် ဆရာဝန်ကြီး ဦးသာလှ ကိုယ်တိုင် ဘန်ကောက် မြို့သို့ သွားရောက်၍ သွန်းလုပ်ရာတွင် ပါဝင်ခဲ့ရ ပါသည်။ ဆင်းတုတော်ကြီးမှာ ထိုင်းဘုရင့်မယ်တော် ကြီးက သက်တော်(၉၀)ပြည့်ကို အထိမ်းအမှတ် ပြု၍ ဉာဏ်တော်(၉)ပေ သွန်းလုပ်ပူဇော်သော ကြေးသားဆင်းတုတော်ကြီး ဖြစ်ပါသည်။

၁၉၉၁ ခု စက်တင်ဘာလ ၂၆ ရက်နေ့ ညနေတွင် ထိုင်းဗုဒ္ဓဆင်းတုတော်ကြီး=ရန်ကုန် မဂ်လာဒုံ လေဆိပ်သို့ ရောက်သောအခါ ရှစ်မိုင်ခွဲရှိ "ပရိယတ္တိသဒ္ဓမ္မပါလ"အောင်မြေဘုံသာ ရှမ်း ကျောင်းသို့ ပင့်ဆောင်ပြီးလျှင် ယာယီစံကျောင်း၌ ခေတ္တကိန်းဝပ်စေပါသည်။ ထိုင်းနိုင်ငံ လမ်းပန်း မြို့စားကြီး ကျောက်သီရိရတနာ ဦးဆောင်သော ထိုင်းဗုဒ္ဓဆင်းတုတော် ပင့်ဆောင်လာသည့် အဖွဲ့တွင် မြို့စားကြီး အပါအဝင် အဖွဲ့ဝင် ရှစ်ဦး ပါဝင်ပါသည်၊ အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၅ ဦး ဖြစ်ပါသည်။

၁၉၉၁–ခု စက်တင်ဘာလ ၂၇ ရက်နေ့ နံနက် ၇ နာရီတွင် ရန်ကုန်မြို့. ရှစ်မိုင်ခွဲရှိ ပရိယတ္တိ သဒ္ဓမ္မပါလ အောင်မြေဘုံသာ ရှမ်းကျောင်းမှ ရန်ကုန်မြို့. နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ် ဆွမ်းစားဆောင် စံကျောင်းတော်သို့ ထိုင်း ဗုဒ္ဓဆင်းတုတော်ကြီးကို စတင်ပင့်ဆောင်ကြပါသည်။ ဗုဒ္ဓဆင်းတုတော်ကြီးကို ခမ်းခမ်းနားနား ပြင်ဆင် ထားသော ပန်းရထားဖြင့် ပင့်ဆောင်ရာတွင် ရှေးဦးစွာ သိကြားမင်းက ဝိဇယုတ္တရခရသင်းမှုတ်၍ အချက်ပေး ပါသည်။ ထိုအခါ (မထသ) စည်တော်အဖွဲ့က စည်တော်ယွမ်း၍ ပင့်ဆောင်ပါသည်။ထိုသို့ ရှစ်မိုင်ခွဲမှ ပင့်ဆောင်လာခဲ့ရာ ကမ္ဘာအေးစေတီ စောင်းတန်း မုခ်ဝအပေါက်သို့ ရောက်သောအခါ ကြိုဆိုပင့်ဆောင် သူများအားလုံး မော်တော်ယာဉ်ပေါ်မှ ဆင်းကြပါ သည်။ ထိုနေရာတွင် ရန်ကုန်မြို့. နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်မှ စာချ စာသင် အရှင်မြတ်များနှင့် သင်တန်းသား ၂၀၇ ပါးတို့က ပါဝင်ပင့်ဆောင်ကြပါသည်။ ဤပင့်ဆောင်ခြင်း လုပ်ငန်းသည် နံနက် ၉ နာရီတွင် ပြီးစီးပါသည်။

ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ မယ်တော် အမှူးရှိသော ဆွေတော်မျိုးတော်များနှင့် အလှူရှင် အများ စုပေါင်းလှူဒါန်းသော ဤရုပ်ပွားတော်ကြီး သည် ထိုင်းဘုရင့်မယ်တော် သက်တော် ၉၀ ကို အထိမ်းအမှတ်ပြု၍ ဉာဏ်တော် ၉ ပေ အမြင့် သွန်းလုပ်ပူဇော်ပါသည်။ မူလက ဆင်းတုတော်၏ မမှခဏ်တွင် မယ်တော်ကြီး၏ တံဆိပ်ထိုးရန် ဖြစ် သော်လည်း ဗုဒ္ဓရုပ်ပွားတော်နှင့် မာတုဂါမတံဆိပ် မလျော်၍ ထိုင်းသံဃရာဇာက မိမိ၏ တံဆိပ်တော် ကို ထိုးပေးပါသည်။ ဤသို့ထိုးရာတွင် အခြား အကြောင်းလည်း ရှိပါသေးသည်၊ ထိုင်းသံဃရာဇာ သည် ထိုင်းနိုင်ငံ၏ ဘာသာရေးလောကတွင် အထွတ် အမြတ် ဖြစ်ပါသည်။ မင်းကွန်းတိပိဋကဓရ ဆရာ တော်ကြီးသည်လည်း မြန်မာနိုင်ငံတွင် အထွတ် အထိပ် ဖြစ်သည်။ ဆဋ္ဌသံဂါယနာတင်စဉ်က ထို ဆရာတော်ကြီးနှစ်ပါး တွေ့ဆုံခဲ့ရပြီး မိတ္တာသန္ဓဝ

http://www.dhammadownload.com

သာသနာနောင်ညီများ ဖြစ်ခဲ့ကြသည်။ ထို့ကြောင့် ဆင်းတုတော်၏ စမ္မခဏ်၌ သံဃရာဇာတံဆိပ်ထိုးခြင်း ဖြစ်ပါသည်။ ဘုရားဟူက သံဃာနှင့် မကင်းရကား သံဃပူဇာဖြစ်စေခြင်းငှာ အဂ္ဂသာဓကနှစ်ပါးကိုလည်း ကြေးသားရုပ်ထု သွန်းလုပ်၍ ပေးပို့လှူဒါန်းလာခြင်း ဖြစ်ပါသည်။ တဖန် အမြင့် ၃၂ လက်မခွဲ၊ လုံးပတ် ၄၉ လက်မရှိသော ခေါင်းလောင်းတစ်ခုကိုလည်း ပေးပို့လှူဒါန်းခဲ့ပါသည်။ ဤကြေးခေါင်းလောင်းကိုကား မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးအား အမှတ်တရ လှူဒါန်းခြင်း ဖြစ်ပါသည်။ ထို့ကြောင့် ထို ခေါင်းလောင်းတော်မှာ တိပိဋကဓရ ဘွဲ့တံဆိပ်တော် နှင့် နိုင်ငံတော်အစိုးရက ဆက်ကပ်သော ဘွဲ့တံဆိပ်တော်များ ထွင်းထုပါရှိနေခြင်း ဖြစ်ပါသည်။

၁၉၉၁ ခု စက်တင်ဘာလ ၂၇ ရက်နေ့ နေ့ ၂ နာရီအချိန်တွင် ထိုင်းဗုဒ္ဓဆင်းတုတော် လွှဲအပ် လှူဒါန်းပွဲကို မိုးကုတ်ဆွမ်းစားဆောင်မှာပင် ကျင်းပပါသည်။ နေ့ ၁ နာရီ ၃၅ မိနစ်အချိန်တွင် စောင်း ဖျာပုံ သိန်းဟန်ကြီးက ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ သီချင်းခန့်ဖြင့် တီးခတ် ပူဇော်ပါသည်။ ထိုအချိန်တွင် အမျိုးသား ဝတ်စုံဖြင့် ဝတ်ဆင်ထားသော အမျိုးသား ၂၄ ဦးက ထီးဖြူ ၂၄ လက် အုပ်မိုး၍ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး အမှူးရှိသော ဆရာတော်များကို ပင့်ဆောင်လာကြပါသည်။

ထိုင်းနိုင်ငံမှ လမ်းပန်းမြို့စားကြီး အမှူးရှိသော အဖွဲ့ဝင်များသည် လက်ယာဖက်တွင် နေရာယူပြီး၊ တိပိဋက=နိကာယ ဥပဌာကအဖွဲ့မှ နာယက နှင့် ဥက္ကဋ္ဌကြီး၊ အမှုဆောင်လူကြီးများ၊ အရေးကြီး ပုဂ္ဂိုလ်များက လက်ဝဲဖက်က နေရာယူကြပါသည်။

နေ့ ၂ နာရီတိတိအချိန်တွင် အခမ်းအနားကို နမောတဿ–သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ပါသည်။ အခမ်းအနား ဖွင့်ပြီးသည်နှင့် တိပိဋက= နိကာယ ဥပဌာက ဂီတအနုပညာအဖွဲ့က နဲ့ကြိုး ဆရာတော် ဦးသီလကွန္ဓ ရေးသားတော်မူခဲ့သည့် ရောင်ခြည်တော်ဘွဲ့ ဘုရားရှိခိုးဂါထာကို သာယာနာပျော်ဖွယ် ရွတ်ဆို ပူဇော်ကြပါသည်။

ထိုနောက် လမ်းပန်မြို့စားကြီးက ထိုင်းဗုဒ္ဓဆင်းတုတော်အကြောင်းကို ထိုင်းဘာသာဖြင့် ပြောကြားပါသည်။ (ဤပြောကြားချက်ကို ယိုးဒယား စတိုးမှ ဒေါ်ခင်မြင့် မြန်မာပြန်ပေးပါသည်)။ ဤသို့ ပြောကြားနေစဉ် ဘုရားကျောင်းတော် မျက်နှာစာ လိုက်ကာကို တဖြည်းဖြည်းချင်း ဖွင့်လှစ်ပေးပါသည်။ စကားပြော၍ ပြီးဆုံးသည်နှင့် ဗုဒ္ဓဆင်းတုတော်ကြီးကို ပီပီပြင်ပြင် ဖူးမြင်ရပါသည်။ လွှဲအပ်လှူဒါန်းသည့်အကြောင်း ပြောကြားပြီး လွှဲအပ်လှူဒါန်းသည့် စာတမ်းကို ကျည်တောက်ဖြင့် အပ်နှံပါသည်။

ထိုနောက် မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးကိုယ်စား တိပိဋက=နိကာယ ဥပဌာကပင်မ အဖွဲ့ ဥက္ကဋ္ဌကြီး ဦးသာလှက စာရွက်စာတမ်းများ ပါသည့် ကျည်တောက်ကို လက်ခံရယူပါသည်။ ကျေးဇူးတင်စကားကို မြန်မာဘာသာဖြင့် ပြောကြားပါသည်။ (ဤပြောကြားချက်ကို ဒေါ်ခင်မြင့်က ယိုးဒယား ဘာသာပြန်ပါသည်)။ ပြီးလျှင် တိပိဋကဓရ ဆရာတော်ကြီး၏ လက်ဆောင်စာကို တုံ့ပြန် အပ်နှံပါသည်။ ဤသို့ လွှဲအပ်လှူဒါန်းပြီးနောက် အမှတ်တရ လက်ဆောင်ပစ္စည်း လဲလှယ်ကြပါသည်။ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းပါသည်။

ထိုင်း ဗုဒ္ဓဆင်းတုတော်ကြီးကို လွှဲအပ်လှူဒါန်းရာတွင် ထိုင်းနိုင်ငံ ဝတ်ပဝရနိဓဝသဝိဟာရမှ သံဃရာဇာဘဒ္ဒန္တ ဉာဏသံဝရမထေရ်မြတ်က–

"ဤရှင်တော်ဗုဒ္ဓ၏ ဆင်းတု (ရုပ်ပွား) တော်သည် တိုင်းသူပြည်သား ရှင်လူအများ၏ အေးငြိမ်းသာယာချမ်းမြေ့ခြင်း မင်္ဂလာနှင့် ပြည့်စုံစေ

http://www.dhammadownload.com



ထိုင်းဘုရင့်မယ်တော်ကြီးနှင့် ဆွေတော်မျိုးတော်များကောင်းမှု
ထိုင်းဗုဒ္ဓဝိဟာရမွေသာလာဒ္ဒ ကိန်းဝပ်စံပယ်မည့်

မေတ္တာသုခ ဉာဏဒါယကဝိနေယျသကာဝရဗုဒ္ဓဆင်းတုတော်ကြီး

ခြင်းငှာ မြန်မာနိုင်ငံတော်တွင် ကိန်းဝပ်စံပယ်တော်မူပါစေသတည်း။

"ရှင်တော်ဗုဒ္ဓ၏ ဆင်းတု (ရုပ်ပွား) တော်သည် **မေတ္တာသုခ ဉာဏဒါယကဝိနေယျသကာဝရဗုဒ္ဓ** နာမဘွဲ့တော် တွင်ပါစေသတည်း။

"ရှင်တော်ဗုဒ္ဓ၏ ဘုန်းတန်ခိုးနှင့် မေတ္တာအာနုဘော် ဂုဏ်ကျေးဇူးတော်များကို ခံယူရရှိကြသဖြင့် မြန်မာနိုင်ငံတော်အဝှန်း ရဟန်းရှင်လူ အပေါင်းတို့သည် ရှင်လန်းချမ်းမြေ့စွာဖြင့် စည်ပင်တိုးပွားအသက်ရှာကျော်ရှည်လျားကြစေရန် ဆုတောင်းပတ္ထနာ မေတ္တာရေခြမ်း သွန်းဖြန်းအပ်ပါသတည်း" ဟု သဝဏ်လွှာပေးပို့တော်မူခဲ့ပါသည်။ ။

ထိုင်းဗုဒ္ဓဆင်းတုတော် လွှဲအပ်လှူဒါန်းပွဲ၌ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးက ကပ်ပို့နှင့် အနော်ဇာတို့ထုံး နှလုံးမူ၍ မင်းကွန်းမှ ကြွလာစဉ်ကပင် ဘဝသောတ-ဂါထာ ၃ ပုဒ်ကို ရွတ်ဆိုခဲ့

http://www.dhammadownload.com



နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးစောမောင်နှင့်
အဖွဲ့ဝင်များအား ဆရာတော်ကြီး တရားချီးမြှင့်တော်မူပုံ

ကြောင်း မိန့်ကြားပြီး၊ ဓမ္မပဒကျမ်းလာ "ပူဇာရဟေ ပူဇယတော" အစချီဂါထာသုံးပုဒ်ကို ရွတ်ဆို ဟောကြားတော်မူပါသည်။ ဤဂါထာသုံးပုဒ်၏ အချုပ်မှာ ဘုရားအမှူးရှိသော အရိယာသာဝကတို့ကို တစ်ကြိမ်မျှ ပူဇော်ရခြင်းသည် လေးကျွန်းလုံးကို အစိုးရသော မင်းအဖြစ်ထက် အုပ် ၂၅၆ ပုံမျှ ကြီးမြတ်သည်ဟု အဓိပ္ပာယ်ရပါသည်။

ထိုင်းဗုဒ္ဓဆင်းတုတော်ကြီး ကြွေးရောက်တော်မူစဉ် အချိန်မှစ၍ ဆွမ်းတော်ကြီးပွဲများကို လက်ခံခဲ့ရာ သဒ္ဓါကြည်ညိုလွန်စွာ လာရောက်လှူဒါန်းကြသူများလှပါသည်။ ထိုလှူဒါန်းသမျှကို အခမ်းအနား ပြင်ဆင်ရေးအဖွဲ့က လက်ခံပြီး စနစ်တကျ ကပ်လှူပူဇော်ပေးပါသည်။

စက်တင်ဘာလ (၂၇) ရက်နေ့ ညဖက်တွင် ဓမ္မစကြာဝတ် အဖွဲ့များက အလှည့်ကျ ရွတ်ဆိုပူဇော်ကြပါသည်။ (၂၈) ရက်နေ့ နံနက် ၄ နာရီတိတိတွင် အခမ်းအနားစနိုင်ရန်အတွက် နံနက် ၃ နာရီ ၃၅ မိနစ်တွင် ဂီတအနုပညာရှင်များအဖွဲ့က ရောင်ခြည်တော်ဖွင့် ဗေးဂီတဖြင့် ပူဇော်ကြပါသည်။

အမျိုးသားဝတ်စုံပြည့် ဝတ်ဆင်ထားသော လူလင်ပျို ၂၄ ဦးက ထီးဖြူ ၂၄ လက်တို့ အုပ်မိုးကာ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး အမှူးရှိသော သံဃာတော်များကို ပင့်ဆောင်ကြပါသည်။ နံနက် ၄ နာရီတွင် အနေကဓာတင် အခမ်းအနား စတင်ပါသည်။ နံနက် ၅ နာရီအချိန်တွင် အခမ်းအနား ပြီးဆုံးပါသည်။

အခမ်းအနားအပြီး ဧည့်ပရိသတ်များအား ညှဉ်ခဲ့နေစဉ် စောင်းဗျာပုံသိန်းဟန်ကြီးနှင့်အဖွဲ့က ပဉ္စသိခံ နတ်သားနှင့် သူရိယဝစ္ဆသာ အသွင်ဖြင့် အောင်စေ ပိုင်စေ တေးများကို တီး၍ ရွတ်သိမ်းပါသည်။

ထိုင်းဗုဒ္ဓဆင်းတုတော် ပင့်ဆောင်ရေးအဖွဲ့ဝင် ထိုင်းအမျိုးသား အမျိုးသမီးများသည် ရန်ကုန်မြို့ပေါ်ရှိ အဓိကရုံးနေရာများသို့ သွားရောက် လှေလာကြပြီး၊ စက်တင်ဘာလ ၃၀ ရက်နေ့တွင် ပြန်လည်ထွက်ခွာသွားကြပါသည်။

ဘဒ္ဒေကရတ္တသုတ္တန်

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်သည် ၁၉၉၀ ပြည့်နှစ်၊ အောက်တိုဘာလ ၂၂ ရက်နေ့တွင် အဖွဲ့ဝင်များနှင့် အတူ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ ရောက်ရှိ၍ ဆရာတော်ကြီးအား ပူဇော်ကန်တော့ကြပါသည်။ ထိုသို့ပူဇော်ကန်တော့ကြရာဝယ် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက "ဒကာကြီးတို့ အစိုးရလက်ထက်၌ မင်းကွန်းတောင်ရိုးတွင် နေ့ချင်း ညချင်း မီးလင်းလာ၍ ကျေးဇူးတင်ကြောင်း" မိန့်ကြားတော်

http://www.dhammadownload.com

မူပြီးလျှင် ဘဒ္ဒေကရတ္တသုတ္တန် တရားတော်ကို အောက်ပါအတိုင်း ချီးမြှင့်တော်မူပါသည်။

"ဒီနေ့စဉ်, နေ့စဉ် သတင်းစာကို ဖတ်တိုင်း, ဖတ်တိုင်း ဒကာကြီးများ မြင်နေရတယ်။ အခုတော့ လူကိုယ်တိုင် ဆရာဒကာ အသေအချာ တွေ့ရတယ်။ အထူးသဖြင့် တစ်နေ့ကတုန်းက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်တွေနဲ့ ဆရာဒကာစည်းဝေးကြတော့ ဒကာကြီး ပြောတဲ့ စကားတွေကို ဘုန်းကြီးများ ဂရုတစိုက် နားထောင်၊ ဂရုတစိုက်ဖတ်၊ ဖတ်တော့စိတ်ထဲမှာ သြော်–ဒကာကြီး ဦးစောမောင် ပြောတဲ့ စကားတွေဟာ စာထဲက ဘဒ္ဒေကရတ္တသုတ္တန်လို့ ရှိတယ်။ ဘုန်းကြီးတို့ ဥပရိပဏ္ဏာသပါဠိတော်မှာ ဘဒ္ဒေ ကရတ္တသုတ္တန်လို့ရှိတယ်။ အဲဒီသုတ္တန်ကလာတဲ့ တရားနဲ့ ညီလိုက်လေလို့ ဘုန်းကြီးစိတ်ထဲမှာ အောက်မေ့တယ်၊ ဘဒ္ဒေကရတ္တသုတ္တန်ဆိုတာက တရားဂါထာရင်း အကျဉ်းချုပ် ပြောမယ်။

အတီတံ နာန္နာဂမေယ္ယ၊
နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊
အပ္ပတ္တဉ္စ အနာဂတံ။

တစ်ဂါထာ။ ဘဒ္ဒေကရတ္တကို ပြီးတော့ ပြောမယ်နော်။ နောက်တော့ ပေါ်လာမယ်။

အတီတံ=အတီတ် လွန်လေပြီးသည်ကို။ **နာန္နာဂမေယ္ယ**=လောဘနဲ့ မလိုက်နဲ့တဲ့၊ အတိတ်ကို ပြန်ပြီးတော့ အောက်မေ့ပြီးတော့ တစ်ခါတလေ သာယာဘတ်တယ်။ ဟုတ်လား။ ငါအတိတ်က ဘယ်တုန်းက ဘယ်လို ဖြစ်ခဲ့တယ်ပေါ့။ သာယာတတ်တယ်။ အဲဒီလို အတိတ်ကို ပြန်ပြီးတော့ မသာယာနဲ့။ နပ္ပဋိကင်္ခေ အနာဂတံ=အနာဂတ်ဆိုတဲ့ နောက်ရက် နောက်လ နောက်နှစ်ကိုလဲပဲ လှမ်းပြီးတော့ ငါအနာဂတ်မှာ ဘယ်လို ဖြစ်ရမယ် ဆိုပြီးတော့ မတောင့်တနဲ့တဲ့။ အနာဂတ်ကို သာယာတဲ့ တောင့်တတဲ့လောဘကို မရှိပါစေနဲ့။ ဘာကြောင့်လဲဆိုတော့ "ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ"၊ အတိတ်ဆိုတာတဲ့၊ ကဲ–ပြီးပြီတဲ့၊ ဘာမှ မရှိဘူး။ အဲဒီဥစ္စာကို ပြန်ပြီးတော့ သာယာမနေနဲ့၊ တစ်ခု။ အပ္ပတ္တဉ္စ အနာဂတံ=အနာဂတ်ဆိုတဲ့ နောက်ရက် နောက်လ နောက်နှစ်ကလဲပဲ မရောက်သေးဘူး။ ဖြစ်ချင်ရာဖြစ်မှာ၊ ဒီတော့ အနာဂတ်ကိုလဲ တွေးပြီးတော့ မတောင့်တနဲ့။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊
တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊
တံ ဝိဒ္ဒါ မနုဗ္ဗူဟယေ။

ပစ္စုပ္ပန် လောလောဆယ်မှာ ဖြစ်တိုင်း, ဖြစ်တိုင်းသော တရားတွေကို ဘုရားဟောကတော့ ဝိပဿနာရှုတယ်။ ဝိပဿနာရှု ဆိုတာ ဖြစ်တိုင်း ဖြစ်တိုင်းသော ရုပ်နာမ်တရားတွေဟာ သေသေချာချာ စဉ်းစားကြည့်လေ။ ဒီ.ပြင်အဝေး မစဉ်းစားနဲ့။ ဘုန်းကြီးအခုပြောတဲ့ အသံလေးတွေကို စဉ်းစားပါ။ တစ်သံပြီး တစ်သံ၊ တစ်သံပြီး တံသံ၊ ဒီလို ပြောင်းကတည်းက နောက်တစ်သံ နောက်တစ်သံ ဖြစ်ရင် ရှေးအသံ ရှေးအသံတွေဟာ တစ်ခါတည်း ချုပ်သွားတယ်။ အဲဒါကို ပြောတာ။

ပစ္စုပ္ပန္နဉ္စ ယော ဓမ္မံ၊ ယော=အကြင်ပုဂ္ဂိုလ်သည်။ ပစ္စုပ္ပန္နံ=ပစ္စုပ္ပန်ဖြစ်တဲ့။ ဓမ္မံ=ရုပ်နာမ် တရားကို။ တတ္ထ တတ္ထ=ထိုထို ပြုတိုင်း ပြုတိုင်းသောကိစ္စတို့၌။ ဝိပဿတိ=သြော်–ချုပ်ကုန်ပါသကော၊ ပျက်ကုန်ပါသကောလို့ အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာတင်ရှု၏။ အသံဟီရံ အသံကုပ္ပံ=ဒီ ပစ္စုပ္ပန် တရားပေါ်မှာ တဏှာနဲ့ ဒီ ဒေါသနဲ့ ဘုန်းကြီးတို့ မလိုက်နဲ့တဲ့။ တံ ဝိဒ္ဒါ မနုဗ္ဗူဟယေ=ထိုဝိပဿနာအလုပ်ကို ပွားပါတဲ့။ လိုရင်းကတော့ ပစ္စုပ္ပန်တရားကိုလဲပဲ မသာယာ မတပ်မက်ဘဲနဲ့ အနိစ္စ ဒုက္ခ အနတ္တပါ

http://www.dhammadownload.com

တကားလို့ အဲဒီလို ဝိပဿနာနှလုံး သုံးပါး ပွားပါ။ အဝေးကြီး မပွားနိုင်ရင် ကိုယ်ပြောတဲ့စကားကို ဥပမာ-ဩကာသ၊ (ကာ) ကျတော့ (ဩ) ရှိသေးလား၊ မရှိဘူး။ (သ)ကျတော့ (ကာ) မရှိဘူး။ နောက်ဩကာသရွတ်တော့ နောက် ဒုတိယ(ဩ) ရောက်တော့ ပထမ (သ)မရှိတော့ဘူး။ အဲဒီလို တစ်လုံးပြီးတစ်လုံး တစ်လုံးချုပ်မှ တစ်လုံးပေါ်တော့ နောက်က အသံပေါ်တိုင်း ပေါ်တိုင်း ရှေးရှေးအသံတွေဟာ ချုပ်ကုန်တယ်။ အဲဒါ ဝိပဿနာရှုပါလို့။ အဲဒါကို ပညာရှိပုဂ္ဂိုလ်ဆိုလို့ရှိရင် နှလုံးသားမှာ ပွားများပါ။

မြတ်စွာဘုရားက-
ဧဝံ ဝိဟာရိုံ အာတာပိံ၊
အဟောရတ္တမတန္ဒိတံ။
တံ ဝေ "ဘဒ္ဒေကရတ္တော"တိ၊
သန္တော အာစိက္ခတေ မုနိ-တဲ့။
အဇ္ဇေဝ ကိစ္စမာတပ္ပံ၊
ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။

အဇ္ဇေဝ=ယနေ့ပင်လျှင်။ အာတပ္ပံ=မိမိပြုရမယ့် ကိစ္စကို။ ကိစ္စံ=မိမိပြုသင့်တဲ့ ပြုရမယ့် အလုပ်ကို ချက်ချင်းပြုအပ်၏။ လုပ်ရမယ့် အလုပ်ကို ကနေ့ပဲလုပ်ပါ။ မနက်ဖြန်သန်ဘက် ရက်ဆွဲမထားပါနဲ့။ ဘာကြောင့်လဲဆိုတော့-သုဝေ မရဏံ=မနက်ဖြန် သန်ဘက် တစ်ရက်ရက်မှာ ဆက်ဆက်ဧကန်သေလိမ့်မယ် ငါ မှန်တယ်လို့။ ကော ဇညာ=မည်သူ တစ်ဦးတစ်ယောက်မှ အမြင်ထိုးဖောက်၍ မသိနိုင်ဘူး။ မနက်ဖြန်သဘက် တစ်ရက်ရက် ဘယ်ရက်သေမယ်လို့ ငါတို့ ဘယ်သူမှ မသိနိုင်ဘူး။

အဇ္ဇေဝ ကိစ္စမာတပ္ပံ၊
ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံ တေန၊
မဟာသေနေန မစ္စုနာ။

နော=ငါတို့အဖို့။ မဟာသေနေန=ကိုးဆယ့်ခြောက်ဖြာ ရောဂါတည်းဟူသော စစ်သည်ဗိုလ်ပါများလှစွာသော။ မစ္စုနာ=သေမင်းနှင့်။ သင်္ဂရံ=အချိန်းအချက် စာချုပ်စာတမ်း စာရွက်နဲ့ လက်ဆောင်တံစိုးထိုး၍ ထားခြင်းသည်။ န ဟိ=တစိုးတစိမည်သူမှ မရှိသေးဘူးတဲ့။ နက်ဖြန် သေမယ်၊ သန်ဘက်သေမယ်၊ အဲဒီလို လက်ဆောင်ပေးထားတာလဲ သေခြင်းတရားနဲ့ အချိန်းအချက်လဲ မရှိဘူး။ ပြီးတော့ စာချုပ်စာတမ်း စာရွက်လည်း မရှိဘူး။ အဲဒါကြောင့်မို့လို့ "အဇ္ဇေဝ ကိစ္စမာတပ္ပံ" ကနေ့ပဲ သမ္မပ္ပဓာန် လုံ့လဝီရိယကို ပြုပါတဲ့။

မြတ်စွာဘုရားက "ဧဝံ ဝိဟာရိုံ အာတာပိံ၊ အဟောရတ္တမတန္ဒိတံ" အခု ပြောတဲ့အတိုင်း နေ့နေ့ညဉ့်ညဉ့် သတိနဲ့နေတဲ့။ သမ္မပ္ပဓာန် လုံ့လ ဝီရိယ အရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို "တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ" အဲဒီ ပုဂ္ဂိုလ်ကိုတဲ့။ သန္တော=နှလုံးအေးချမ်းသော။ မုနိ=တရားကိုသိသော။ ဘဒ္ဒေကရတ္တောတိ=တစ်ညဉ့်လုံး ကောင်းခြင်းဂုဏ်နဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟူ၍။ အာစိက္ခတေ=ပြောကြရမယ်တဲ့။

အဲဒီတော့ နိုင်ငံတော်သံဃမဟာနာယက အစည်းအဝေးမှာ ဒကာကြီးပြောတဲ့ လျှောက်ထားတဲ့ စကားတွေ ဘုန်းကြီး အပိုဒ်တိုင်း အပိုဒ်တိုင်း ဂရုတစိုက် ကိုယ်တိုင်ဖတ်ကြည့်တယ်။ ဩော်.....ဒကာကြီးဟာ ဘဒ္ဒေကရတ္တပုဂ္ဂိုလ်ပါတကား။ အမှန်တော့ ဘာပဲပြောပြော။ ဒကာကြီးကို ဘဒ္ဒေကရတ္တပုဂ္ဂိုလ်ဖြစ်အောင် မိမိကျင့်သုံးရာကို ဝမ်းမြောက်ပါလို့ အဲဒီလို ဘုန်းကြီးများ အနမောဒနာ ဝမ်းမြောက်စရာ စကား ပြောပါတယ်နော်။ ဝမ်းမြောက်ပါ။ ဒကာကြီးပြောတဲ့ စကားတွေဟာ ဝမ်းမြောက်စရာကောင်းတဲ့

http://www.dhammadownload.com

အကြောင်း ပြောပြီးပြီ။ ယမန်နေ့ နေ့လယ်က ဒကာ ဦးထွန်းကြည်နဲ့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု မိုးကောင်း ဆရာတော် ဘုရားကြီးနဲ့ အားလုံးဆောင်ရွက်ကြတဲ့ သပိတ်ကိစ္စ အေးငြိမ်းသွားလိုက်တော့ ဘုန်းကြီးများ ညတုန်းက တစ်ခါတည်း ဗြုန်းခနဲ ဆို အိပ်မပျော်ဘူး၊ ဝမ်းသာလွန်းလို့၊ ဝမ်းသာလွန်းလို့။ ဒီလို အေးအေးချမ်းချမ်းနဲ့ ဒီလိုသပိတ်ကိစ္စ ပြီးသွားတာကို ဝမ်းသာလွန်းလို့။ ဒီသပိတ်နဲ့ ပတ်သက်ပြီးတော့ ဒကာကြီး ဦးထွန်းကြည် ဘုန်းကြီးကို လာလျှောက်တယ်။ လျှောက်တုန်းက ဘုန်းကြီး ပြောတဲ့အတိုင်း အခု ဒကာကြီး ဦးထွန်းကြည်ဟာ ပြေပြေပြစ်ပြစ်ဖြစ်အောင် ဆောင်ရွက်ပါ တကားလို့၊ ညတုန်းက ဒကာကြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်နော်။

အဲဒါကြောင့် ဒီသပိတ်ကို အကြောင်းပြု၍ ဖြစ်တဲ့ ဖြတ်လေးဖြတ်ကို တဖြည်းဖြည်း ဒါတွေကို ပယ်ပါတော့။ နိုင်ငံတော်အစိုးရမှာ ဒီ.ပြင် ဒီ.ပြင် ဒီ.ပြင် ကိစ္စတွေ အများကြီး ရှိနေပါတယ်နော်။ အဲဒါကြောင့် ဒီသပိတ်ကို အကြောင်းပြုဖြစ်တဲ့ ဖြတ်လေးဖြတ်ကို တဖြည်း တဖြည်းပေါ့ဗျာ၊ မြန်ချင်လဲမြန်ပါ။ ဒါတွေကို ရပ်သိမ်းပါတော့လို့ အလေးအနက် ဘုန်းကြီးများ တောင်းပန်ပါတယ်နော်။ အလေးအနက် မေတ္တာရပ်ခံပါတယ်။ ဖြတ်လေးဖြတ်ကို ရပ်သိမ်းဖို့ပြောတာ။ တိုင်းပြည် အုပ်ချုပ်တာ ဘုန်းကြီးတို့ ဘာမှမပြောဘူး။

ဒီကနေ့ ကမ္ဘာ့နိုင်ငံတွေနဲ့ကြည့်လို့ရှိရင် တိုင်းပြည်ကို ဤကဲ့သို့ အုပ်ချုပ်ရမှာ။ ဤ ဒကာကြီးတို့မို့လို့ ယနေ့ ကမ္ဘာ့နဲ့ တိုင်းပြည်မှာ ကောင်းကောင်းအုပ်ချုပ်နိုင်တာ။ ဒီ.ပြင်ပုဂ္ဂိုလ် အုပ်ချုပ်ဖို့ မလွယ်ဘူးနော်။ အဲဒါကြောင့် ဒီဖြတ်လေးဖြတ် ဆိုတဲ့ ဥစ္စာကိုတော့ ဒါက သပိတ်ကို အကြောင်းပြု၍ ဖြစ်ရတာမဟုတ်လား၊ ကျုပ် ဒကာကြီး ဦးထွန်းကြည်တို့ ဟုတ်လား။ အဲဒါကြောင့် သပိတ်ကို အကြောင်းပြု၍ ဖြစ်ရတဲ့အကျိုး၊ အဲဒါ အကြောင်းဖြစ်တဲ့ ဖြတ်လေးဖြတ်ဟာ ငြိမ်းပါစေတော့ (၀၀) ဖြတ်လေးဖြတ်ကို လွှင့်ပစ်လိုက်ပါ။ အစိုးရမှာ တာဝန်တွေ ဒီ.ပြင် ဒီ.ပြင်တွေ အများကြီးရှိပါတယ်။ ဆရာတော်ဘုရားတွေဟာ မိမိ မိမိတို့ရဲ့ တပည့်တွေကို ဆုံးမပါလိမ့်မယ်နော်။ ဆုံးလဲ ဆုံးမလျက်ရှိပါတယ်။ အဲဒါကြောင့် ဒါ ဘုန်းကြီးများ ပြောတဲ့ ဩဝါဒကထာ ဒေသနာနိဂုံး ဘဒ္ဒေကရတ္တ သုတ္တန် ဆိုတဲ့ တရားဒေသနာနိဂုံး ဤမှာပင် ကမ္မတ်ဖုံးအပ်ပါတယ် ဒါယကာ ဒါယိကာမအပေါင်း သူတော်ကောင်းတို့။

သာဓု+သာဓု+သာဓု။

ထိုင်း-မြန်မာ ချစ်ကြည်ရေး

ဘုံကထိန်

တိပိဋက=နိကာယ ဥပဋ္ဌာက ပင်မအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှ ထိုင်းနိုင်ငံသို့ ရောက်စဉ်က ထိုင်းမှ လမ်းပန်းမြို့စားကြီး အမှူးရှိသော ဓမ္မမိတ်ဆွေများနှင့် ထိုင်းဗုဒ္ဓဝိဟာရ ဆောက်လုပ်လှူဒါန်းရေးကိစ္စနှင့် သာသနာရေး ကိစ္စများကို ဆွေးနွေးကြရာဝယ် ထိုင်းမိတ်ဆွေများက မြန်မာနိုင်ငံတွင် ကထိန်ခင်းပုံကို လေ့လာလိုကြောင်း ပြောကြားပါသည်။ ထို့ကြောင့် မြန်မာ့ထုံးတမ်းစဉ်လာ ကထိန်ပွဲအကြောင်းကို ထိုင်းမိတ်ဆွေများလည်း သိစေ၊ ထိုင်းမိတ်ဆွေများ ဆန္ဒရှိသည့် ဒေသ၌ ကထိန်ခင်းနိုင်စေ ဟူသော ရည်ရွယ်ချက်ဖြင့် လမ်းပန်းမြို့စားကြီး အမှူးရှိသော ထိုင်းမိတ်ဆွေများကို ကထိန်ပွဲ ဆင်နွှဲရန် မြန်မာနိုင်ငံ ဒုတိယအကြိမ် ထပ်မံဖိတ်ကြား ခဲ့ပါသည်။ထို့ကြောင့် ထိုင်းမိတ်ဆွေများက–

http://www.dhammadownload.com

၁။ ရန်ကုန်မြို့. နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်နှင့် ရန်ကုန်မြို့. တိပိဋကကျောင်းတော်

၂။ မန္တလေးမြို့. နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်

၃။ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း

၄။ ဘုရင့်နောင်မင်းတရားကြီး၏ ရာဇဌာနီ တောင်ငူမြို့.

၅။ ဟံသာဝတီ နေပြည်တော် ပဲခူးမြို့.

ဤ ၆ ဌာနတွင် ကထိန်သင်္ကန်း ကပ်လှူလိုပါကြောင်း ဆန္ဒပြုကြပါသည်။

ရန်ကုန်မြို့. နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်နှင့် ရန်ကုန် တိပိဋကကျောင်းတော်၏ နိဗ္ဗာန ကထိန်ဒါယကာများမှာ ရန်ကုန်မြို့. ဗဟန်း အထက်တန်းကျောင်း အမှတ် ၂ နှင့် ဒဂုံအထက်တန်းကျောင်း အမှတ် ၁ တို့ ဖြစ်ပါသည်။ ထို့ကြောင့် လန်းပန်းမြို့.စားကြီး ဦးဆောင်သော ထိုင်းအလှူရှင်များနှင့် အဆိုပါ အထက်တန်းကျောင်း နှစ်ကျောင်းမှ ဆရာ, ဆရာမ, ကျောင်းသူ ကျောင်းသား မြန်မာ ဒါယကာများ ပူးပေါင်း၍ ကထိန်သင်္ကန်း ဆက်ကပ်မည်ဖြစ်သဖြင့် ထိုကထိန်ပွဲကို ထိုင်း၊ မြန်မာ ချစ်ကြည်ရေး ကထိန်ပွဲဟု သတ်မှတ်နိုင်ခဲ့သည်။

ဤကထိန်ပွဲ ဖြစ်မြောက်ရေးအဖွဲ့၏ ခေါင်းဆောင်မှာ ရန်ကုန်တိုင်း ဥပဒ္ဒာကအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းမင်းကြီးဟောင်း ဦးဝမ်းတင် ဖြစ်ပါသည်။

ထိုင်းမှ ဓမ္မမိတ်ဆွေများသည် အောက်တိုဘာ ၂၃ ရက်နေ့တွင် ရန်ကုန်မြို့.သို့ ရောက်ရှိကြပါသည်။ လမ်းပန်းမြို့.စားကြီး အပါအဝင် ရဟန်းတော် ၂ ပါး၊ လူ ၇ ယောက်သည် အဖွဲ့ဝင်များအဖြစ် ရောက်ရှိလာကြပါသည်။ လူပုဂ္ဂိုလ်များတွင် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၄ ဦး ပါဝင်သည်။

အောက်တိုဘာ ၂၄ ရက်နေ့ နံနက်တွင် ထိုင်းဓမ္မမိတ်ဆွေများသည် ထိုင်းဗုဒ္ဓဆင်းတုတော်ကြီးကို အရှေ့ဆွမ်း ဆက်ကပ်ကြပါသည်။ ဤသို့ ဆက်ကပ်နိုင်အောင် ဦးလှကြိုင် ဦးဆောင်သော အခမ်းအနား ပြင်ဆင်ရေးအဖွဲ့ကို ဒေါ်မေနန်းနွယ်က အမှုးပြုကာ ပြင်ဆင်ပေးရပါသည်။ ထို့နေ့က ကမ္ဘာအေး သိမ်တော်ကြီးနှင့် ပြည်နယ်နှင့်တိုင်း ဝိဇ္ဇာလယကျောင်းဆောင်ရှိ ဘုရားများကိုပါ ဆွမ်းတော်ကြီး တင်လှူပါသည်။

သံဃာ ၃၀၀ စာအတွက် အရံသင်္ကန်း အဖြစ် ကပ်လှူသည့် သင်္ကန်းဖွဲ့စုံ အစုံ ၃၀၀ စာ သင်္ကန်းပိတ်ကို ထိုင်းနိုင်ငံက ပို့ပေးပါသည်။ ယင်းပိတ်ကိုမှ သင်္ကန်းအဖြစ် ချုပ်လုပ်ပေးရပါသည်။ ထိုင်းနိုင်ငံတွင် ဒုကုဋ္ဌသင်္ကန်းလည်းမရှိ၊ အသုံးမပြုတော့သည်မှာ ကြာပြီဖြစ်၍ ၅၅ ခန်း ဒုကုဋ္ဌကို ဥတ္တသင်္ကန်းအဖြစ် ချုပ်ပေးရပါသည်။ ဤသင်္ကန်းအစုံ ၃၀၀ ကို ကမ္ဘာအေး သိမ်တော်ကြီး မုခ်ဦးတွင် ပဒေသာပင်ကြီးသီး၍ ထိုင်း-မြန်မာ သာသနာ့အလံများ စိုက်ထူပြီး လှူရန်အဖြစ် ပြင်ဆင်ထားပါသည်။

၁၉၉၀ ခု အောက်တိုဘာ ၂၅ ရက်နေ့ နံနက် ၇ နာရီအချိန်၌ ရန်ကုန်မြို့. ကမ္ဘာအေးကုန်းမြေ မဟာသိမ်တော်ကြီးပေါ်တွင် ကထိန်ပွဲ အခမ်းအနားကို ကျင်းပပါသည်။

အခမ်းအနားသို့ ပင့်ဆောင်ရာတွင် တိပိဋကရေ အထိမ်းအမှတ် ထီးဖြူ ၃ လက်၊ အဂ္ဂမဟာပဏ္ဍိတ ထီးဖြူ ၁ လက်၊ အဘိဓမဟာရဋ္ဌဂုရု ထီးဖြူ ၁ လက် ပေါင်း ၅ လက်အုပ်မိုး ပူဇော်ပြီး မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကို ပင့်ဆောင်ပါသည်။ သံဃာတော်များနောက်မှ လမ်းပန်းမြို့.စားကြီး ကျောက်သီရိရတနာက ဥတ္တသင်္ကန်းကို ကိုင်၍၊ ဗဟန်း အထက

http://www.dhammadownload.com

၂ နှင့် ဒဂုံ အထက ၁ မှ ကျောင်းအုပ်ဆရာကြီးများက ပန်းအိုးကိုင်၍ လိုက်ပါလာကြပါသည်။

အခမ်းအနား စလျင်စချင်း တိပိဋက=နိကာယ ဥပဋ္ဌာက ဂီတအနုပညာရှင်များအဖွဲ့က အောင်ခြင်းရှစ်ပါး ဂါထာပါဌ် နိဿယကို ရွတ်ဆိုပူဇော်ကြပါသည်။ ထိုနောက် လမ်းပန်းမြို့စားကြီး ကျောက် သီရိရတနာက ထိုင်း-မြန်မာ ချစ်ကြည်ရေး ဘုံကထိန် သင်္ကန်း ကပ်လှူရာ၌ ဝမ်းမြောက်ကြောင်း စကားကို ထိုင်းဘာသာဖြင့် ပြောကြားပါသည်။ တိပိဋက=နိကာယ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှက လည်း ထိုင်း-မြန်မာ ချစ်ကြည်ရေး ဘုံကထိန် ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းချုပ်ကို မြန်မာဘာသာဖြင့် ပြောကြားပါသည်။ ဤစကား နှစ်ရပ်ကို ထိုင်းအမျိုးသား ရဟန်းတော် ဦးခေမဓမ္မောက ထိုင်းဘာသာသို့ ပြန်ဆိုပေးပါသည်။ ထိုနောက် အငြိမ်းစား ပါဠိပါမောက္ခ ဆရာ ဦးတင်လွင် ရေးသားသီကုံးသော "ကောင်းမှုမင်္ဂလာ ကထိန်လက်ံ"ကို ဒေါ်တင်တင်မြ၊ ဒေါ်မာမာအေး၊ ဒေါ်ရီရီသန့်တို့က စောင်း ဗျာပုံ ဦးသိန်းဟန်ကြီးနှင့် တွဲဖက် ကျူးရင့် ပူဇော်ပါသည်။

ထိုနောက် တိ=နိ ဥပဋ္ဌာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှက ထိုင်းနိုင်ငံက ဆက်ကပ်သော ယပ်တောင်နှင့် ထီးတော်ကို မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား ဆက်ကပ် လှူဒါန်းပါသည်။ ထိုနောက် မြို့စားကြီး ကျောက်သီရိရတနာနှင့် ဦးထိန်ဝင်း ခေါ် ဒမ်ရောင်းတို့က ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် နာယက ချုပ်နှင့် ရန်ကုန်တိပိဋကကျောင်းတော်မှ အနုနာယက ဆရာတော်တို့အား ဥတ်သင်္ကန်းကို ဆက်ကပ် လှူဒါန်းကြပါသည်။ မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးထံမှ ငါးပါးသီလခံယူပြီး၊ တရားဓမ္မနာယူပြီး ရေစက်ချ အမျှပေးကာ ကထိန်ပွဲကို ရုပ်သိမ်းပါသည်။

အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ဆက်ကပ်လှူဒါန်းခြင်း

၁၉၉၁ ခု၊ နိုဝင်ဘာ(၂၀)ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က အမိန့်ကြော်ငြာစာ အမှတ် ၄၆/၉၁ ဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အမိန့်ကို ထုတ်ပြန်ခဲ့ပါသည်။ ထို အမိန့်ကြော်ငြာစာတွင် အဘိဓေမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး(၃)ပါး၊ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ရ ဆရာတော်(၆၀)ပါးတို့ ပြင်၊ အသစ် သိထွင်ပြဋ္ဌာန်းခဲ့သော ဘွဲ့တံဆိပ်တော်များရ ဆရာတော်ကြီးများ၊ သီလရှင်ကြီးများ၊ လူပုဂ္ဂိုလ် အမျိုးသား အမျိုးသမီးများ၏ စာရင်းလည်း ပါရှိလာပါသည်။ ထိုစာရင်းတွင် အမြင့်ဆုံး ဘွဲ့တံဆိပ်တော်ဖြစ်သည့် အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီး (၈)ပါး စာရင်းတွင် ဒုတိယမြောက်နေရာ၌ ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ဘွဲ့မည်ကို ဖော်ပြထားပေသည်။ ဆရာတော်ကြီးနှင့် အတူ အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်ကို ဆက်ကပ်ခြင်း ခံယူရတော်မူသော ဆရာတော်ကြီးများမှာ-

၁။ ပဲခူးမြို့မ ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ ဣန္ဒာဘရ၊

၂။ မော်လမြိုင်မြို့ တောင်လေးလုံး ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ နာဂသေနာဘိဝံသ၊

၃။ ပင်းတယမြို့၊ ဂဠုန်တောင် ဆရာတော် ဘုရားကြီး ဘဒ္ဒန္တ တေဇနိယ၊

http://www.dhammadownload.com



မင်းကွန်းမွေနာဒ၌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကပူဇော်ပွဲ

၄။ ပြည်မြို့၊ ရတနာမာရ်အောင် တောရ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိဇ္ဇာဗလ၊

၅။ ချင်းပြည်နယ် ဖလမ်းမြို့၊ တောင်တန်း သာသနာပြု ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဥတ္တမသာရ၊

၆။ ဘားအံမြို့၊ သာမည တောင်ပေါ် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ ဝိနယ၊

၇။ သထုံမြို့၊ မိုးမခတောင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တ စန္ဒနဝံသ။

တို့ ဖြစ်တော်မူကြပါသည်။

၁၃၅၃ ခု၊ တပေါင်းလပြည့် (၁၉၉၂ ခု၊ မတ်လ ၁၈ ရက်) ဗုဒ္ဓဟူးနေ့တွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများနှင့်အတူ မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားကြီးအား အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက

ဤဘွဲ့တံဆိပ်တော်၏ အဓိပ္ပာယ်မှာ (အဘိ+ဓဇ+အဂ္ဂ+မဟာ+သဒ္ဓမ္မ+ဇောတိက) အဘိ=ထူးကဲသာလွန်သော+ဓဇ = အလံတံခွန်သဖွယ်ဖြစ်သော+အဂ္ဂ=အမြတ်ဆုံးဖြစ်သော+မဟာ=ကြီးကျယ်မြင့်မြတ်သော+သဒ္ဓမ္မ=ဘုရားဟောတရားတော်ကို+ဇောတိက=ထွန်းလင်းတောက်ပအောင် ပြုလုပ်တတ်သော ပုဂ္ဂိုလ်ဟု ဆိုလိုသည်။ သာသနာပြုလုပ်ငန်းကို စွမ်းစွမ်းတမံ သူမတူအောင် ထူးချွန်စွာ ဆောင်ရွက်နိုင်သော ပုဂ္ဂိုလ်များအား ဤဘွဲ့တံဆိပ်တော်ကို လှူဒါန်းဆက်ကပ်ခြင်း ဖြစ်သည်။

http://www.dhammadownload.com



ပတ္တမြားရတုမွေးနေ့ ပူဇော်ပွဲအထိမ်းအမှတ် ပုံတူဖယောင်းရုပ်တုတော်

တိပိဋကဓရ မင်းကွန်း ဆရာတော်ဘုရားကြီးသည် မြန်မာနိုင်ငံ တစ်ဝန်းလုံး တောင်ပေါ်မြေပြန့် ကျေးလက် တောရွာပါမကျန်ရအောင် လှည်းတစ်တန်၊ လှေတစ်တန်၊ ခြေကျင်တစ်မျိုး ကိုယ်ကာယ ပင်ပန်းနွမ်းနယ်မှုကို ဂရုမပြုဘဲ တရားဟောကြား ဆုံးမခြင်းဖြင့် သာသနာပြုတော်မူခဲ့သည်။ စာပေကျမ်းဂန်များ ရေးသားပြုစုဖြန့်ဝေခြင်းဖြင့်လည်း သာသနာပြု တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်တော်မူခဲ့သည်။ ဗုဒ္ဓသာသနာတော်အပေါ်၌ မကြည်ညိုသေးသူတို့ ကြည်ညိုလာစေရန်၊ ကြည်ညိုပြီးသူတို့လည်း ခိုင်မြဲစွာ ပိုမိုတိုးတက်ကြည်ညိုလာစေရန်၊ လက်တွေ့ ကျင့်သုံးနေထိုင်ပြခြင်း၊ ဟောပြောခြင်း၊ ကျမ်းဂန်စာပေ ရေးသားဖြန့်ဝေခြင်းတို့ကို မနား မနေ ဆောင်ရွက်တော်မူသည့်အတွက် ဤဘွဲ့တံဆိပ်တော်ကို နိုင်ငံတော်အစိုးရက ဆက်ကပ်လှူဒါန်းခြင်း ဖြစ်သည်။

ဤဖော်ပြပါ ဘွဲ့တံဆိပ်တော်အပြင် ဆရာတော်ဘုရားကြီး ငယ်စဉ်မှစ၍ ရရှိတော်မူခဲ့သော ဘွဲ့တံဆိပ်တော်များသည် ဆရာတော်ဘုရားကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာ၊ ဇာဂရိယ၊ ဥဒ္ဓာနဂုဏ်စသော ဂုဏ်အရည်အချင်းများ ဖော်ကျူးသည့်အနေဖြင့် နိုင်ငံတော် အစိုးရမင်း အဆက်ဆက်တို့က ထုတ်ဖော် ပြသခဲ့ခြင်း ဖြစ်ပေသည်။ သို့ရာတွင် ဤဘွဲ့တံဆိပ်တော်များမှာ တိပိဋကဓရ မင်းကွန်း ဆရာတော်ကြီးမှာရှိသော ဂုဏ်အရည်အချင်းများကို ကုန်စင်အောင် ဖော်ထုတ်နိုင်ရန် မဆိုထားဘိ ဆရာတော် ဘုရားကြီး၏ ဂုဏ်ကျေးဇူးတော်များ၏ အပုံတစ်ရာပုံ တစ်ပုံကိုမျှ ဖော်ထုတ်ပြသနိုင်ခြင်း မရှိသေးပါကြောင်း၊ ဆရာတော် ဘုရားကြီး၏ ဂုဏ်တော် ကျေးဇူးတော်များကို ပြည့်ဝစုံလင် ကုန်စင်အောင် ဖော်ကျူးနိုင်စွမ်းသည့်ပုဂ္ဂိုလ် မပေါ်ထွန်းသေးဟု ဆိုရမည်ဖြစ်ပါသတည်း။

http://www.dhammadownload.com



ဆရာတော်ကြီး၏ သက်တော်(၈၀)ပြည့်မွေးနေ့တွင် အာရုံဆွမ်းကပ်တော်မူပုံ

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ပတ္တမြားရတုဝိဇာတမဂ်လာပူဇာ

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး သက်တော် ရှစ်ဆယ်တွင်းသို့ ရောက်တော်မူသော နှစ်သည် တိပိဋက=နိကာယ သာသနာပြု ဥပဒ္ဒာက အဖွဲ့အဖို့ အလွန်တရာ ထူးခြားသောနှစ် ဖြစ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤသက်တော် ရှစ်ဆယ် အဝင်ကာလတွင်-

၁။ တိပိဋက=နိကာယ သာသနာပြု ဥပဒ္ဒာက အဖွဲ့ကြီးတွင် ပြည်ပသာသနာပြုအဖွဲ့ခွဲ တစ်ရပ်ကို တိုးချဲ့ ဖွဲ့စည်းနိုင်ခဲ့၏။

၂။ ပြည်ပမှ အဘိဓဇ မဟာရဋ္ဌဂုရုနှင့် အဂ္ဂ မဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်ကြီးများကို ပူဇော်ခွင့်ရခဲ့၏။

၃။ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်းအတွင်း တည်ဆောက်မည့် သံဃာခြောက်ရာဆန့် တိုင်းဗုဒ္ဓဝိဟာရတွင် တည်ထားပူဇော်မည့် တိုင်းဗုဒ္ဓဆင်းတုတော်ကို ပင့်ဆောင်၍ ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် မိုးကုတ် ဆွမ်းစားဆောင်၌ ယာယီ ကိုးကွယ်ထားနိုင်ခဲ့၏။

၄။ ထိုင်း-မြန်မာ ချစ်ကြည်ရေး ကထိန်ပွဲကို ဆင်နွှဲနိုင်ခဲ့၏။

ဤသို့ ထူးခြားသော နှစ်ဖြစ်ပါ၍ တိ=နိ ပင်မဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ဆင် အထူးကု ဆရာဝန်ကြီး ဦးသာလှသည် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ သက်တော် ရှစ်ဆယ်ပြည့် ပတ္တမြားရတုဝိဇာတမဂ်လာပွဲကို ခမ်းနားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ဆရာတော်ကြီး သက်တော် ရှစ်ဆယ်တွင်းသို့ ဝင်စကာလကပင်လျှင် စတင်၍ စီမံဆောင်ရွက်ခဲ့ပါသည်။

http://www.dhammadownload.com



ပတ္တမြားရတု၌ တိ=နိဥပဌာကဂီတအနုပညာရှင်များ ဖျော်ဖြေနေကြပုံ

လငါးဆယ်မြောက်၌ ငွေရတု၏ ရွှေရတုပူဇာ။ သက်တော် ၇၅-နှစ်ပြည့်၌ စိန်ရတုပူဇာကို ကျင်းပ ပူဇော်ရာ ဤပွဲသုံးဖြာကို ရည်စူး၍ ပိဋကတ် ငွေစေတီကို တည်ထားပူဇော်ပါသည်။ ဤပွဲသုံးဖြာကို ရည်စူး၍ ငွေရတုပွဲအတွက် ငွေသားကိုယ်စားစေတီ၊ ငွေရတု၏ ရွှေရတုပူဇာကို ရည်စူး၍ ရွှေသားထီးတော်၊ စိန်ရတုပူဇာကို ရည်စူး၍ စိန်ဖူးတော်ဖြင့် ပူဇော်ခဲ့ပါသည်။ ဤပိဋကတ် ငွေစေတီသည် မင်းကွန်း မိုးမိတ်ကုန်းမြေ သန္တောသ ကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်တော်မူသော ပိဋကတ်စေတီတော် ၏ နောင်တော်ကြီးပုံပင် ဖြစ်ပါသည်။

မိုးမိတ်ကုန်းမြေရှိ ထိုပိဋကတ် စေတီတော်ကြီး၏ လုံးပတ်တွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ကျက်မှတ် ကြည့်ရှု လေ့လာခဲ့သော ပိဋက ၃ ပုံ အပါအဝင် အဌကထာ၊ ဋီကာကျမ်းပေါင်း ၅၂၉ ကျမ်းကို စကျင်ကျောက်ဖြင့် စာအုပ်ပုံသဏ္ဌာန်

တိ=နိ ပင်မဥက္ကဋ္ဌကြီး ဆရာဝန်ကြီး ဦးသာလှသည် ဆရာတော်ကြီးနှင့် ပတ်သက်လာပါက သမိုင်းတွင်အောင် မော်ကွန်းတင် ကျန်ရစ်အောင် လုပ်ဆောင်လေ့ရှိပါသည်။ ဆရာတော်ကြီး တိပိဋကဓရ ဖြစ်တော်မူသည်မှ ၂၅-နှစ်မြောက် ငွေရတုသုတင်ပွဲကို ၁၃၄၀-ခုနှစ်တွင် ကျင်းပစဉ်က ၂၅-နှစ် ဖြစ်၍ ကော်မတီဖွဲ့ရာမှာပင် ၂၅ ဦး ကော်မတီခဲ့ပါသည်။ ထိုပူဇော်ပွဲကို တိပိဋကဓရ အောင်ပန်းကို ဆင်မြန်းတော်မူရာ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ ကျင်းပခဲ့ပါသည်။ ဆရာတော်ကြီး၏ တိပိဋကဓရ ဖြစ်တော်မူခဲ့ရာ အောင်မြေကို ဂုဏ်ပြုခြင်း ဖြစ်ပါသည်။

တဖန် ၇၅-နှစ်မြောက် စိန်ရတုသဘင် မင်္ဂလာပွဲကို ရန်ကုန်+မင်းကွန်း နှစ်ဌာနလုံး၌ ကျင်းပခဲ့ပါသည်။ တိ=နိ သာသနာပြုအဖွဲ့ ရန်ကုန်ဌာနခွဲက ကျင်းပရာတွင် ငွေရတုပူဇာ၊ ငွေရတုမှ

http://www.dhammadownload.com

ထွင်းထုပူဇော်ထားပါသည်။ ထိုမျှမက ဆရာတော်ဘုရားကြီး ရရှိတော်မူခဲ့သော ဘွဲ့တံဆိပ်တော်တို့ကိုလည်း စကျင်ကျောက်တွင် ထွင်းထု၍ တပ်ဆင်ပူဇော်ထားပါသည်။

မိုးမိတ်ကုန်းမြေတွင် ဆရာတော် စီရင်တော်မူသော ကမ္မဝါချပ်များ၊ မဟာဗုဒ္ဓဝင်ကျမ်း၊ ဆဋ္ဌသံဂါယနာ အမေးအဖြေများ၊ ကာဗျမာလာကျမ်း၊ ငွေရတု ဩဝါဒကထာ စသော ကျမ်းစာများကို ကျောက်ထက်အက္ခရာတင်ထားရာ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော် ကျောက်စာထက်များထက်ပင် အရေအတွက် ပိုလွန်နေပါ၍ ဆရာတော်ကြီးက "ဆရာ လုပ်တာတွေက ရှင်ဘုရင်ထက် ပိုနေပြီ" ဟုပင် မိန့်တော်မူခဲ့ဘူးပါသည်။

ယခု သက်တော်ရှစ်ဆယ်ပြည့် ပတ္တမြားရတု ဝိဇာတမဂ်လာပူဇာကိုလည်း ယခင့် ယခင် အခါများကထက် ပိုမိုခမ်းနားစွာပူဇော်သင့်ကြောင်း ဆုံးဖြတ်ကြကာ တိ=နိ သာသနာပြု ဥပဋ္ဌာကအဖွဲ့ ၈ ခု ပူးပေါင်း၍ စုစည်းလုပ်ဆောင်သင့်ကြောင်း သိမြင် မူချမှတ်၍ အဖွဲ့ပေါင်းစုံ အစည်းအဝေး (၃)ကြိမ် ခေါ်ယူကာ ပတ္တမြားရတု ဝိဇာတမဂ်လာပူဇာ ကျင်းပရေးကို ဆွေးနွေးခဲ့ကြပါသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး ပတ်သက်၍ ထူးထူးခြားခြား သမိုင်းတွင် ဂန္ဆဝင်မြောက်ဖြစ်စေချင်သော ဆရာဝန်ကြီး ဦးသာလှသည် ဂီတလုလင် ဦးကိုကိုအား ဂန္ဆဝင်ဓမ္မတေး ၈၁ ပိုဒ် ရေးစပ်ပူဇော်ပါရန် တိုက်တွန်းသဖြင့် ရေးစပ်ပူဇော်နိုင်ခဲ့ပါသည်။

တိ=နိ ပင်မ အကျိုးဆောင် (မန္တလေး) ဦးပါကလည်း ဆရာတော်ဘုရားကြီး၏ ထေရုပွတ္တိ အဂ်လိပ်ဘာသာဖြင့် ရှိသင့်ပြီဖြစ်ကြောင်း အကြံပြုခဲ့ပါသည်။ ထို့ကြောင့် ဆရာ ဦးဝင်းဖေက ဆရာတော်ဘုရားကြီး၏ ထေရုပွတ္တိကို ဝိသေသ အချက်များ ပါဝင်စေလျက် အဂ်လိပ်ဘာသာဖြင့် ပြုစု၍ ထုတ်ဝေနိုင်ခဲ့ပါသည်။

ကမ္ဘာတွင် စာပေအရာ၌ လေးစားထိုက်သော ပုဂ္ဂိုလ် တဦးဦးကို ဂုဏ်ပြုသောအားဖြင့် တပည့် တပန်းများ မိတ်ဆွေများက သုတေသန ဆောင်းပါးများရေး၍ ဂုဏ်ပြု စာစောင် ထုတ်ဝေလေ့ရှိပါသည်။ ဤသို့ ထုတ်ဝေခြင်းမျိုး မြန်မာပြည်၌ အလွန်ရှားပါသည်။ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သက်တော် ရှစ်ဆယ်ပြည့် ပတ္တမြားရတု ဝိဇာတမဂ်လာ ဂုဏ်ပြု စာစောင်ကား အဂ်လိပ်ဘာသာဖြင့် ပုံနှိပ်ထုတ်ဝေနိုင်အောင် ပါဠိပါမောက္ခ (အငြိမ်းစား) ဆရာ ဦးတင်လွင်နှင့် နာယကကြီး ဦးဝင်းဖေတို့ ဦးဆောင်ကာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သက်တော်ရှစ်ဆယ်ပြည့် ပတ္တမြားရတု ဝိဇာတမဂ်လာနှင့် ပတ်သက်၍ အုပ်ချုပ်မှု နာယက ဆရာတော်များ ဦးစီးသော နာယက ဆရာတော်များ ဖက်က–

ပသာဒကော မဏီ+ဝါ+ယံ
စိရာ+ဘံ ဒေတု ဘူတလေ။

"ရေ၏နောက်ကျု ကြည်အောင်ပြုသား လူ့မင်းတရား စက္ကဝတ်ဖျား၏ ပတ္တမြားအသွင်များရှင်လူအား ကြည်လင်စေတတ် တို့ထေရ်မြတ်လည်း လောကဓာတ်အတွင်း ဥာဏ်ရောင်လင်းကို လွန်မင်းရှည်ထွေ ပေးတော်မူပါစေသတည်း"ဟု တောင့်တတော်မူပါသည်။

စက္ကဝတ်ဖျား မင်းတရားကြီး၏ ပတ္တမြားရတနာနှင့် တူပုံကိုလည်း ဤသို့ ဖော်ပြခဲ့ကြပါသည်။

"လေးကျွန်းသနင်း စကြာမင်း၏ ပတ္တမြားရတနာသည် နောက်ကျုနေသော ရေဟူသမျှကို ကြည်လင်စေတတ်၍ ထူးကဲသော အလင်းရောင်ကို ပေးတတ်သကဲ့သို့–

http://www.dhammadownload.com

သုံးလောကသနင်း တရားမင်းဘုရား၏ သားရင်းစင်စစ် ဖြစ်တော်မူသော ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည်လည်း ထူးကဲသော အသိဓာတ်+အကျင့်မြတ် ပြည့်စုံ ပရိယတ်+ပဋိပတ်ဂုဏ်တို့နှင့် ပြည့်စုံတော်မူကာ မြို့+ရွာ ထက်အောက် ကြွရောက် မနား ကရဏာဗဟုလျက် တရားအမြိုက်ဆေး တိုက်ကျွေးတော်မူပြီးလျှင် လောဘ+ဒေါသ စသော ကိလေသာ မြူအနည်တို့ ဖြင့် နောက်ကျနေကြသော ရှင်လူအပေါင်းတို့၏ စိတ်အစဉ်ကို ကြည်လင်စေကာ အသိဉာဏ် အလင်းရောင်ကို ပေးတော်မူတတ်သောကြောင့် စကြာမင်းကြီး၏ ပတ္တမြားရတနာနှင့် တူတော်မူပေသည်။"

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ပတ္တမြားရတု ဝိဇာတမင်္ဂလာ ပူဇော်ပွဲကို ၁၃၅၄ ခု၊ တန်ဆောင်မုန်းလဆန်း ၃ ရက် ၉-၁၁-၉၁ ညနေ ၅ နာရီတွင် တိပိဋကကျောင်းတော်၌ ဖွင့်လှစ်ခဲ့ပါသည်။ လေပူပေါင်းများနှင့်အတူ ပါသွားသော ပတ္တမြားရတု အလံတော်သည် မအူပင်မြို့နယ် လေးမျက်နှာမှာ ကျပါသည်။ ဤ ကျရာဌာန မင်းကွန်း မိုးမိတ်ကုန်းမြေရှိ ပိဋကတ်စေတီပုံတော်အတိုင်း အထိမ်းအမှတ်အဖြစ် စေတီတည်ထား ကိုးကွယ်ပြီး ဖြစ်ပါသည်။ ထိုနောက် အဘိဓဇ ကျောင်းတော် အောက်ထပ်၌ ဆရာတော်ဘုရားကြီး တရားဟောတော်မူဟန် ဖယောင်းရုပ်တုပုံတော်ကို ဖွင့်လှစ်ပါသည်။

ရန်ကုန်မြို့ တိပိဋက ကျောင်းတော်၌လည်း ဆရာတော်ဘုရားကြီးကို လာရောက် ပူးမြော်ကြည်ညိုသူများ ကုသိုလ်သဒ္ဓါပွားနိုင်ရန်အတွက် ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်းဆိုင်ရာ ဓာတ်ပုံများနှင့် ဗွီဒီယို ရုပ်မြင်သံကြားစက်ဖြင့် ပန်းသာ ဦးထွန်းရည်က ဆရာတော်ဘုရားကြီး ပြည်နယ် တိုင်း အသီးသီးသို့ ကြွရောက်၍ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများအတွက် ရေစက်ချပွဲများ ချီးမြှင့်သည့် ခရီးစဉ်ကို ပြသပါသည်။ ထို့ပြင် ဆရာ ဦးအမ် တင်အေးနှင့် ဆရာ ဦးမင်းနိုင်တို့ ဦးဆောင်၍ မြန်မာပြည် အထက်အောက် ပန်းချီပန်းပု အနုပညာရှင်များ ပူဇော်ထားသည့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ် အနုပညာလက်ရာစုံ ပြခန်းမှ ယူဆောင်လာသော ပန်းချီ ၁၃ ကား၊ (ရေဆေး၊ ဆီဆေး၊ ခဲ) ပန်းချီ ၁၃ ကား၊ ရွှေချည်ထိုး ၁ ကား၊ ပါတိတ် ပန်းချီပ် ၁ ကား၊ ဓာတာတော်ပုံ ၁ ကား၊ ယွန်းပန်းချီ ၁ ကား၊ ပန်းပု ၂ ရုပ်၊ ဆရာတော်ဘုရားကြီး၏ ပလာစတာပုံ ၁ ရုပ်၊ ဓာတ်ပုံကြီး ၅ ချပ်တို့ကို မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သက်တော် ရှစ်ဆယ်ပြည့် ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇော်ပွဲ ပြခန်းတွင် ပြသခဲ့ပါသည်။

(၁၀-၁၁-၉၁) တနင်္ဂနွေနေ့ နေ့(၁၂)တွင် ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ပတ္တမြားရတု ဝိဇာတ မင်္ဂလာ ပူဇော်ကို သရေစည်သူ (အငြိမ်းစား) ဗိုလ်မှူးကြီး စောမြင့် ဦးဆောင်၍ ကျင်းပပါသည်။

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် မိမိကို ဂုဏ်ပြုသောအားဖြင့် မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်းသို့ ကြွရောက်ချီးမြှင့်ကြသော သက်တော်ရှည် အရှင်မြတ်များကို လက်အုပ်ချီမိုးရှိခိုးကာ ကိုယ်တော်တိုင် ခရီးဦးကြိုဆိုတော်မူခဲ့ပါသည်။

ဤပူဇော်ပွဲတွင် ဂီတလုလင် ရေးစပ် ပူဇော်သော ဂန္ဓဝင်တေး ၈၁ ပိုဒ် ပါသည့် ဓမ္မဂီတကို ဗိုလ်ကလေး ဦးတင့်အောင် စီစဉ်၍ စိန်ကျော်ကျော်နိုင် ဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ပူဇော်ခဲ့ပါသည်။ ဤပူဇော်ပွဲတွင် ဆရာတော် ရဟန်း မဖြစ်ခင်က

http://www.dhammadownload.com

ရေးစပ်ပူဇော်ခဲ့သော ဓမ္မနာဒကျောင်းတိုက်တော်ဘွဲ့နှင့် အာစရိယ ထောမနာဘွဲ့ ခေတ်ဆန်းကဗျာကိုလည်း ပူဇော်ခဲ့ကြပါသည်။

ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇာပွဲတွင် ပင့်သံဃာမထေရ်မြတ် ၈၁ ပါးအား တိပိဋက=နိကာယ သာသနာပြုဥပဋ္ဌာက စာအုပ်စာပေအဖွဲ့က-

၁။ တိပိဋက=နိကာယ သာနာပြု စတုတ္ထသုံးနှစ်ခရီး စာစောင် ၈၁ အုပ်၊

၂။ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သြဝါဒကထာပေါင်းချုပ် ၈၁ အုပ်၊

၃။ သာသနာပြုလုပ်ငန်းသုံးသွယ်အကြောင်း သိကောင်းစရာ ၈၁ အုပ်၊

၄။ ပရမတ္ထသံခိပ် အဖြေကျမ်း ၈၁ အုပ်၊

၅။ ဇဋာသုတ္တန် တရားတော် ၈၁ အုပ်၊

၆။ ဟောစဉ်တရားတော်များ (ပ၊ဒု၊တ၊စ၊မ၊ဆ) ၈၁ အုပ်စီ၊

၇။ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး သုတ်သင်တော်မူသော ၃၇-ခန်း ကမ္မဝါစာ ၈၁ ဆူ၊

၈။ မဟာဗုဒ္ဓဝင်၊ ပထမတွဲ၊ ပထမပိုင်း၊ အနုဒီပနီ အင်္ဂလိပ်ဘာသာပြန် ၈၁ အုပ်၊

၉။ ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ ထေရုပ္ပတ္တိ အကျဉ်း (အင်္ဂလိပ်) ၈၁ အုပ်၊

၁၀။ သက်တော် ရှစ်ဆယ်ပြည့် ဂုဏ်ပြုစာစောင် (အင်္ဂလိပ်) ၈၁ အုပ်၊

၁၁။ ပတ္တမြားရတု ပြက္ခဒိန် ၈၁ စောင်၊

၁၂။ မွေးနေ့မှတ်တမ်း သြဝါဒ အင်္ဂလိပ်+မြန်မာနှစ်ဘာသာ ပို့စကတ် ၈၁ စောင်၊

တို့ကို လူဒါန်းပါသည်။

တိ=နိ သာသနာပြုဥပဋ္ဌာကအဖွဲ့ ရန်ကုန်ဌာနခွဲက ဦးဆောင်၍-

ပရိက္ခရာ ရှစ်မျိုး	၈၁ စုံ
ကနက္ကဒဏ်ထီးဖြူ	၈၁ စုံ
ကတ္တီပါ ယပ်တောင်	၈၁ ချောင်း
နိသိဒိုင်	၈၁ ထည်

လူဒါန်းပါသည်။

ဆဋ္ဌသံဂါယနာ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် ပူဇော်ရသည်ကို အားမရနိုင်သော ရန်ကုန်ဌာနခွဲမှ အမှုဆောင်လူကြီးများသည် ထိုနေ့ ညနေတွင် ရန်ကုန်ဌာနခွဲ အဘိဓဇကျောင်းတော် အောက်ထပ်၌ ထပ်မံ၍ ပူဇော်ကြပြန်ပါသည်။ ဤ ပူဇော်ပွဲတွင် အမှုဆောင်လူကြီး ဦးအောင်မြင့်က ဂုဏကိတ္တနာ လျှောက်ထားလွှာဖြင့် ပူဇော်ပါသည်။

၁၉၉၁-ခု၊ နိုဝင်ဘာ ၉ ရက်မှ ၁၁ ရက်နေ့တိုင် တိပိဋက ကျောင်းတော်၌ ပူဇော်ပွဲမဏ္ဍပ်ဖွင့်လှစ်၍ ပူဇော်ပါသည်။ တိ=နိ အနုပညာရှင်များက ညနေတိုင်း ညနေတိုင်း ဆရာတော်ကြီးများကို ဂုဏ်ပြုပူဇော်သည့် ဓမ္မတေး ၈၁ ပိုဒ်ဖြင့် သီဆို ပူဇော်ကြပါသည်။

ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇာ မင်းကွန်း၌ ကျင်းပခြင်း

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သက်တော်ရှစ်ဆယ်ပြည့် ပတ္တမြားရတု ဝိဇာတ မင်္ဂလာပူဇာ ရန်ကုန်မြို့တွင် အကြို ပူဇော်ပွဲအဖြစ် ခမ်းနားသိုက်မြိုက်စွာ ကျင်းပသကဲ့သို့ ဆရာတော်ကြီး သီတင်းသုံးတော်မူရာ မင်းကွန်းဒေသ မိုးမိတ်ကုန်းမြေ၌လည်း ဆရာတော် ဘုရားကြီး၏ မွေးရက်ဖြစ်သည့် တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ကို ပွဲကြီးထား၍ လဆန်း ၉၊ ၁၀၊ ၁၁ အားဖြင့် ၃ ရက်တိုင် မကြုံစဖူး ထူးကဲလှစွာ ခမ်းနားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။ မင်းကွန်း

http://www.dhammadownload.com

မိုးမိတ်ကုန်းမြေ တိပိဋက= နိကာယ ကျောင်းတိုက် အနုနာယက ဆရာတော် ဦးနန္ဒိယနှင့် အရှင်ယုဇန (ရန်အောင်) ရေနံ့သာ အရှင်ဃောသိတတို့ ဦးဆောင်သော ပတ္တမြားရတု ဝိဇာတ မင်္ဂလာပူဇော ဖြစ်မြောက်ရေး နာယက ဆရာတော်များကလည်း တမူထူးခြားစွာ ပွဲကြီး ဆင်ယင်ခဲ့ကြပါသည်။

နိဂင်းတော် ဗုဒ္ဓသာသန မဟာဗုဒ္ဓဝင် ကျမ်းတော်ကြီးကို ပြုစုတော်မူခဲ့သော မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကြီးမား မြင့်မြတ်သော သဒ္ဒါ+မေတ္တာ+ကရဏာတော်နှင့် တက်သန်လှသော သတိ+သမာဓိ+ပညာ+ဝီရိယ ဂုဏ်တို့ကို အာရုံပြု ပူဇော်သောအားဖြင့်-

(၁) မဟာဗုဒ္ဓဝင်ကျမ်းတော်ကြီးနှင့် ထိုမဟာ ဗုဒ္ဓဝင်ကျမ်းတော်ကြီးနှင့် ဆက်စပ်သော ကျမ်းစာများကိုပါ အခမ်းအနားဖြင့် ပင့်ဆောင်ပူဇော်ကြပါသည်။

(၂) အသံမစဲ မဟာပဋ္ဌာန်းပူဇော်ပွဲကဲ့သို့ မဟာ ဗုဒ္ဓဝင် ကျမ်းတော်ကြီးကို မေးဖြေ ကျူးရင့်၍ အသံမစဲ ရွတ်ဖတ်ပူဇော်ကြပါသည်။

(၃) မိုးမိတ်စေတီတော် ရင်ပြင်မြောက်ဖက် ခြမ်း၌ ပြခန်းဖွင့်လှစ်၍ ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော ဗုဒ္ဓဝင်ကျမ်းစာများနှင့် ဆိုင်ရာ ကျမ်းစာများကို ပြသထား ပါသည်။ ထို ပြခန်းတွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ လက်ရေးမူနှင့် စာဝါ ဆိုင်ရာ စာအုပ်တို့ကို ပြသထားပါသည်။

(၄) အဘိဓဇ စာချကျောင်းတော်ကြီး အတွင်း၌ ဆရာတော်ဘုရားကြီး ဗုဒ္ဓဝင်ကျမ်း ပြုစု တော်မူနေပုံ ကြေးသားရုပ်တုတော်ကို ပူဇော်ခံထားပါသည်။

(၅) မိုးမိတ်စေတီတော် အာရုံခံတန်ဆောင်း အတွင်း၌ ၄ ပေx၈ ပေရှိ ဗုဒ္ဓဝင် ပန်းချီ ကားများနှင့် ဆရာတော်ဘုရားကြီး၏ ထေရုပ္ပတ္တိ ပန်းချီကားများကို ချိတ်ဆွဲ ပြသထားပါသည်။ တိုင်းကျော်နှင့်အဖွဲ့ ရေးဆွဲသော ပန်းချီကားများ ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ မွေးနေ့ဖြစ်သော တန်ဆောင်မုန်းလဆန်း ၁၁ ရက်နေ့ မွန်းတည့် ၁၂ နာရီတွင် သံဃာတော်အရှင်ပြတ်များ၊ သာသနာ့ နွယ်ဝင် သီလရှင်များ၊ လူပရိသတ်များမှ အဘိဓေ စာချကျောင်းတော်ကြီး ပြည့်လျှံအောင် တက်ရောက် ပူဇော်ကြပါသည်။ ထိုပူဇော်ပွဲတွင် တိ=နိ ပင်မ ဥက္ကဋ္ဌကြီး ဆရာဝန်ကြီး ဦးသာလှက ဆရာတော် ဘုရားကြီး၏ ကျန်းမာရေးကို ကြည့်ရှုလေ့လာခဲ့ သည်မှာ ၃၆-နှစ် ကြာခဲ့ပြီဖြစ်ကြောင်း ပဏာမ ပြောကြားပြီး၊ သက်တော် ၇၅-နှစ်တုန်းက စိန်ရတု ဝိဇာတမင်္ဂလာပူဇော၊ ယခု သက်တော် ရှစ်ဆယ်ပြည့် မှာ ပတ္တမြားရတုဝိဇာတမင်္ဂလာပူဇောပွဲ ကျင်းပပါ ကြောင်းနှင့် ၁၃၄၀-ပြည့် မြန်မာနှစ်ဆန်း ၁ ရက်နေ့ က စတင်ပေါ်ပေါက်ခဲ့သည့် တိပိဋက=နိကာယ သာသနာပြု အဖွဲ့ကြီး၏ ဘူမိနက်သန်မှန်ရာ အောင်မြေဌာနမှာ ပူဇော်ပွဲ ကျင်းပရ၍ ဝမ်းမြောက် ကြောင်း ပြောကြားပြီး၊ ဤသက်တော်ရှစ်ဆယ်ပြည့် ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇော အခါတော်နေ့မှာ ပိဋကတ်စေတီတော်၏ အနောက်ဖက် ကုန်းတော် ပေါ်တွင် ဆရာတော်ဘုရားကြီး အရပ်တကာသို့ သာသနာပြုခရီး ဒေသစာရီကြွချီဟောန် ကြေးသား ရုပ်တုတော် တည်ထားကိုးကွယ်မည့် နေရာကို ယခု ညနေ ၃ နာရီ ၁၅ မိနစ် ဆရာတော်ဘုရားကြီး မွေးဖွားတော်မူချိန် ရွှေအုတ် ငွေအုတ်တို့ဖြင့် အုတ်မြစ်ချ ပူဇော်ပွဲ ကျင်းပမည်ဖြစ်ကြောင်း ကြေညာသွားပါ သည်။

http://www.dhammadownload.com



ဆရာတော်ကြီး ထေရပွတ္ထိပြတိုက်ရှေ့တွင် နိကာယဆောင်သံဃာတော်များစုဝေး၍ အမှတ်တရဓါတ်ပုံ မှတ်တမ်းတင်တော်မူကြပုံ။

ထိုနောက် ဆရာတော်ဘုရားကြီးကို ပူဇော်သောအားဖြင့် သာသနရက္ခိတကျောင်းမှ အရှင်သုနှရက မေတ္တာသံဝေဂဂါထာ၊ တထာဝါဒီကျောင်းမှ အရှင်စန္ဒိမာက အာသီသဂါထာ စသည်တို့ကို အသီးသီး ဖတ်ကြားကြပါသည်။ သာသနာနွယ်ဝင် သီလရှင်များကလည်း ဓမ္မဂီတီ ရှစ်လုံးဘွဲ့ကဗျာများ၊ ဆရာတော်ဘုရားကြီးကို ဂုဏ်ပြုသည့် တေးထပ်စသည်ကို အဆိုတော် တစ်ဦးက မင်္ဂလာဆိုင်းအဖွဲ့နှင့် တွဲဖက်၍ ပူဇော်သွားပါသည်။

ဤပူဇော်ပွဲနေ့ နံနက် ၉ နာရီက မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဆောင်၍ မိုးမိတ်ကုန်းမြေ မဟာဗုဒ္ဓဝင်နှင့် ထေရပွတ္ထိ ပိဋကတ်တိုက် အဆောက်အဦ အုတ်မြစ်ချပွဲ ကျင်းပခဲ့ပါသည်။

တိပိဋက=နိကာယ သာသနာပြုဥပဒ္ဒာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး ဝဏ္ဏကျော်ထင် အထူးကူဆရာဝန်ကြီး ဦးသာလှ ဦးဆောင်သော တိ=နိ သာသနာပြုဥပဒ္ဒာကအဖွဲ့ အသီးသီးမှ အမှုဆောင်လူကြီးများသည် ညနေ ၃ နာရီ ၁၅ မိနစ်အချိန်တွင် ဆရာတော်ဘုရားကြီး ဒေသစာရီကြွချီတော်မူဟန် ကြေးသားရုပ်တု တည်ထားပူဇော်မည့် ဗိမာန်တော် နေရာ၌ ရွှေအုတ် ငွေအုတ်တို့ဖြင့် အုတ်မြစ်ချပွဲ ကျင်းပကာ မင်းကွန်း မိုးမိတ်ကုန်းမြေ၌ ကျင်းပသော မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သက်တော်ရှစ်ဆယ်ပြည့် ပတ္တမြားရတု ဝိဇာတမင်္ဂလာပူဇာပွဲကြီးကို ဝဲချီး ဆင်ယင်၍ ပြီးစီးခဲ့ပါသတည်း။ ။

http://www.dhammadownload.com



ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သက်တော်(၈၀)ပြည့်ချိန်တွင်
နိကာယဆောင်စာသင်သားများအား စာဝါပို့ချပေးတော်မူပုံ

http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သက်တော်(၈၁)နှစ်မှ ဘဝနတ်နန်းစံမြှုံးတော်မူသည့် ဖြစ်တော်စဉ် (၁၃၅၃ ခု-၅၄ ခု အထိ)

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရားကြီးသည် ၁၃၅၃ ခုနှစ်တွင် သက်တော်(၈၀)ပြည့်တော် မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးက "သက်တော်(၈၀) အရွယ်သည် အရွယ်(၁၀)ပါး တို့တွင် ခါးကို ဆန့်ဆန့် မထားနိုင်လို့ ကုန်းနေရာရတဲ့အရွယ် (ဝက်ဒသက)" ဟု မိန့်တော်မူခဲ့ပါသည်။ ထိုအရွယ်သည် လူပ်လူပ် ရွားရွား သွားသွားလာလာ မလုပ်နိုင်တော့သည့် အရွယ်ဟုလည်း မိန့်တော်မူပါသည်။

သက်တော်(၈၀)ပြည့်တော်မူချိန်တွင် ဆရာတော်ဘုရားကြီးသည် မင်းကွန်း တောင်ရိုးမိုးမိတ်ကုန်းမြေ၊ တိပိဋက=နိကာယ စာချ ကျောင်းတော်ကြီး၌ နိကာယဆောင စာသင်သားများကို အဋ္ဌသာလိနီ အဋ္ဌကထာနှင့် ဓမ္မသင်္ဂဏီ အဘိဓမ္မာကျမ်းကြီး၏ အဖွင့်မူလဋီကာ၊ အနုဋီကာ စသည့် ခက်ခဲနက်နဲလှသည့် ဋီကာကျမ်းကြီးများအား ဝါခေါင်လဆန်း(၄)ရက် (၁၄-၈-၉၁)နေ့မှစ၍ ပို့ချပေးတော်မူခဲ့ပါသည်။ နိကာယဆောင် စာသင်သားများကို ဆရာတော်ကြီးက စာပေ ပို့ချရာဝယ် ဆရာတော်ကြီး အနေဖြင့် "စာသင်သားများအား" ဟူသော အသုံးအနှုန်းဖြင့် ခေါ်ဝေါ်သုံးစွဲခြင်းကပင် မေတ္တာ ကရုဏာ စေတနာများ ပါဝင်ရောစွက်နေပြီးဖြစ်ပါသည်။ ဤအချက်နှင့်စပ်၍ (၁၃၄၃ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၈ ရက်နေ့က) မိန့်ကြားတော်မူသော ဩဝါဒကထာတွင်-

"နိကာယ ဘာဏက နိကာယ ဓမ္မာစရိယ တိပိဋကရေ ရွေးချယ်ပွဲသို့ အသီးသီး ဝင်ရောက် ဖြေဆိုဖို့ရန် ရောက်ရှိလာကြသော အရှင်တို့ကို တပည့်တော်တို့က "စာသင်သား"လို့ ပြောရတာ ချစ်စနိုး ပြောတယ်လို့ အောက်မေ့ပါ။ အရှင်တို့ရဲ့ အရည်အချင်းသည် ဓမ္မာစရိယအောင်ပြီးလို့ နိကာယ တိပိဋက လေ့လာလိုက်ကတည်းကိုက "ဆယ်ဝါ ပြည့်တင်း, ဝိဘင်းနှစ်ဖြာ, ကမ္မာကမ္မ, ခန္ဓကပုဒ်, နာမ်ရုပ်ပိုင်ပိုင်, ဟောစွမ်းနိုင်, ကျောင်းထိုင် ငါးအင်္ဂါ"ဆိုတဲ့ အင်္ဂါငါးချက် ပြည့်နှက်နေပြီးသား ဖြစ်ပါတယ်။ သို့သော် တပည့်တော်တို့က အရှင်တို့ကို သားသမီးသည် ဘယ်လောက်ပဲ ရာထူးကြီး ပေမယ့် အဲဒီ သားသမီးကို မိဘအနေနဲ့ ခေါ်သလို အရှင်ဘုရားတို့ကို တပည့်တော်များက သုံးတဲ့ နှုန်းတဲ့ စာပေအရေးအသားမှာ "တိပိဋက စာသင်သား" "နိကာယ် စာသင်သား"လို့ သည်လို နာမည်သုံးခြင်း ဖြစ်ပါတယ်။ ဒါ အရှင်ဘုရားတို့သည် တပည့်တော်ရဲ့ မေတ္တာ ကရုဏာ စေတနာကို နားလည်ပြီးတော့

http://www.dhammadownload.com

ကျေနပ်ဖို့ ပထမဦးစွာ ပြောပါတယ်"ဟု ပါရှိလေသည်။

စိတ်ဓာတ်မြင့်မားအောင်ကြိုးစားကြ

နိကာယ်ဆောင် သံဃာတော်များအား စိတ်နေစိတ်ထား မြင့်မားအောင် ထားခြင်းနှင့်စပ်၍ လည်း ဤသို့ သြဝါဒ ချီးမြှင့်တော်မူပါသည်။

"အခု တပည့်တော် ပြောရင်း ဦးပဉ္စင်းတို့ကို တပည့်တော် ကြားဖြတ်ပြောလိုတာက ဦးပဉ္စင်းတို့မှာ တချို့-တချို့-တချို့ စိတ်ဓာတ်ဟာ အင်မတန် သေးသိမ်ပါတယ်၊ သေးသိမ်တယ်ဆိုတာ ရည်ရွယ်ချက်ကတခြား၊ အလုပ်အကိုင်ကတခြား၊ ကတောင်မြီးတခြား တင်ဟစ်ပါ့ဖြင့် မိမိတို့ ရည်ရွယ်ချက်က ငါတို့သည် နိကာယ်ငါးရပ် ပိဋကသုံးပုံကို နာရီပြည့် လုပ်ဆောင်နိုင်အောင် ကြိုးစားနိုင်အောင်ဆိုပြီးတော့ ရည်ရွယ်ချက်နဲ့ သွားတယ်။ ရည်ရွယ်ချက်နဲ့ တိပိဋကကျောင်းတိုက်မှာ နေတာ။ အဲဒီကျောင်းတိုက်လဲပဲ အဲဒီတိပိဋကနိကာယ်တွေကို ကျင့်-ကြံ-အံ-ကျက်နေတဲ့ ကိုယ်တော်တွေအဖို့ သုံးဆောင်ကောင်းသော သုံးဆောင်ထိုက်သော ကျောင်းလဲ ဟုတ်တယ်။ အဲ.....ဒီမှာရောက်တော့မှ အလွဲလွဲ အချော်ချော် စိတ်ကူးတွေ ချော်ကုန်တယ်။ ဒါဦးပဉ္စင်းတို့လဲပဲ ရည်ရွယ်ချက် မအောင်မြင်၊ တနည်းအားဖြင့် မထိုက်တန်သောပုဂ္ဂိုလ်တွေ ဖြစ်ပြီးတော့ မိမိတို့မှာ အပြစ်ကြီးလေးတယ်။ ဒီလိုပဲပြောကြစို့၊ တိုက်ရိုက်တဲ့တိုး။

အဲဒီတော့ အပြစ်ကြီးလေးတော့ မိမိတို့စိတ်ညံ့ဖျင်းနေတာကို ပြင်ယင်ရတယ်။ ဘယ်-စိတ်ဆိုတာ အမိမွေးကတည်းက ပကတိ ဘယ်ကောင်းမလဲ။ ပုထုဇဉ်စိတ်ဆိုတာ ဟိုတောင်ပေါ်က ရေသည် တောင်အောက်ကျ၊ ဘာမှ စက်တွေ ဘာတွေမလိုဘူး။ သူ့အလိုလို လျောကျသွားတယ်။ အဲဒီညံ့တဲ့အပိုင်းကို စိတ်ဟာ အင်မတန်ဆင်းလွယ်တယ်။ အဲဒီတော့ သတိပြု၊ မြင့်မားသော မြင့်မြတ်သော စိတ်ဓာတ်တကယ့် အမျိုးကောင်းသားပီပီ ဦးပဉ္စင်းတို့ကို ဒီတိပိဋက=နိကာယ သာသနာပြုအဖွဲ့တင်မကဘူး၊ တစ်တိုင်းတစ်ပြည်က တနည်းအားဖြင့် နိုင်ငံတော်အစိုးရနဲ့တကွ တိုင်းပြည်လူထုက မြင့်မြတ်တဲ့ စိတ်ဓာတ်ရှိတဲ့ ပုဂ္ဂိုလ်တွေပဲလို့ ဒီလို အသိအမှတ်ပြုတယ်။ သူတို့ပြုတဲ့ အသိအမှတ်နဲ့ လိုက်လျောအောင် ကိုယ်ရည်ရွယ်တဲ့ ဥပဓိဝေကဖြစ်တဲ့ နိဗ္ဗာန်ကိုလဲပဲ မျက်မှောက်ပြုနိုင်အောင် ဦးပဉ္စင်းတို့ စိတ်ထဲမှ မဟုတ်တရုတ် အကုသိုလ်စိတ်တွေ မဝင်အောင် ဝိဝေကမှာ စိတ္တဝိဝေကဖြစ်အောင် ကျင့်ဆောင်ကြ၊ စိတ်ဓာတ်ကိုမြှင့်၍ မြှင့်၍ မြတ်အောင် တင်ကြပါ။

အဲဒါကတော့ ကိုယ့်စိတ်ဓာတ်ကို မြင့်မြတ်အောင် ပြုလုပ်ရတာက ဟို-အောက်မြေပြင်က ရေကို တောင်ပေါ်တင်ရတာနဲ့တူတယ် ကိုယ်တော်တို့။ အောက်မြေပြင်ကရေကို တောင်ပေါ်တင်ချင်ရင် စက်အားကောင်းကောင်းနဲ့ တင်ပေးရတယ်။ အဲဒါလိုပဲ ဦးပဉ္စင်းတို့ နှလုံးသွင်းကောင်းအောင်၊ အင်း-ယောနိသော မနသိကာရ စက်အားကောင်းကောင်းနဲ့ တင်ပေးလိုက်ရင် တကတည်း အသက်မရှိတဲ့ ရေကိုတောင်မှ အသက်မရှိတဲ့စက်ကနေပြီးတော့ နည်းလမ်းမှန်ရင် တက်သေးတာပဲ။ အခု မိမိတို့မှာ အသက်ရှိတဲ့ ဥပါဒိန္နက ခန္ဓာအစဉ် ဘာဖြစ်လို့ ဒါမဖြစ်ဘဲ ရှိရမှာလဲ။ စိတ်ထဲမှာ ဦးပဉ္စင်းတို့ မြင့်ကြ မြတ်ကြ။ ဦးပဉ္စင်းတို့ စိတ်ထဲမှာ မြင့်အောင် မြတ်အောင် တပည့်တော် တိုက်တွန်းပြောနေတယ်၊ နည်းပေးနေတယ်။"

http://www.dhammadownload.com

နေ့စဉ်ဘုရားနှင့်တွေ့နေသူများ

တဖန် နိကာယ်ဆောင် သံဃာတော်များအား မိမိတို့ နေ့စဉ်နှင့်အမျှ ပါဠိတော်များ ကျက်မှတ်ရွတ်အံ နေကြရခြင်းသည် ဘုရားရှင်နှင့် တွေ့ဆုံကာ တရားနာနေသလို၊ တရားမှတ်နေရသလို၊ တရားသရဇ္ဈာယ်နေသလိုဖြစ်ကြောင်းနှင့်စပ်၍ ဤသို့ သြဝါဒ ချီးမြှင့်တော်မူပါသည်။

"ဒီ တိပိဋကာ=နိကာယ ကျောင်းတိုက် ဖွင့်တာ ၁၃၄၀၊ ၄၀ ပြည့်နှစ်က စဖွင့်တယ်။ ယခု ၄၉ ဆိုတော့ (၁၀)နှစ်ရှိပြီ။ ဒီ တိပိဋကာ=နိကာယ ကျောင်း တိုက်ဖွင့်တာ မစိုးရိမ် ဆရာတော်ဘုရားကြီး အမိန့် ရှိတယ်။ "ရဟန်းတော်ဟာ ပါဠိတော်နှင့် တွေ့ရ ခြင်းသည် ဘုရားနှင့် တွေ့ရတာ"။ အဲဒါကြောင့် မစိုးရိမ် ဆရာတော်က "နိကာယ်သာသနာ ထွန်း ကားအောင် ပြုလုပ်ပေးပါ၊ နိကာယ်သာသနာ ထွန်း ကားလာလို့ နိကာယ်စာမေးပွဲဝင်မယ့် ကိုယ်တော် ဟာ နေ့စဉ် နေ့စဉ် ဘုရားနဲ့တွေ့နေရတယ်"။

အရှင်ဘုရားတို့လည်းပဲ နေ့စဉ် နေ့စဉ် နိကာယ် စာမေးပွဲတွေနဲ့ တွေ့နေတော့ အရှင်ဘုရားတို့ ဘုရားနဲ့ တွေ့နေတာပဲ။ ဘယ်လိုလဲဆိုတော့ ငါတို့ဟာ နိကာယ်နဲ့ အမြဲနေတဲ့ ပုဂ္ဂိုလ်တွေ။ ဘုရားနဲ့ နေ့စဉ်တွေ့နေတဲ့ ပုဂ္ဂိုလ်တွေ။ နိကာယ် စာပေကို ကျက်-အံ-ကြို-ကြည့်-ဆိုတဲ့ ဒီပရိယတ္တိ အလုပ်ကို လုပ်နေရင် ဘယ်ဟာမှဝင်ပြီးတော့ မလာပါဘူး။

ဒါကြောင့် တပည့်တော်များ ဆိုလိုရင်းက ဦးဇင်းတို့သည် နေ့စဉ် နေ့စဉ် နေ့စဉ် ဘုရားနဲ့ တွေ့နေတယ်။ ဦးဇင်းတို့ ကိုယ့်ကိုကိုယ် ဒီအတိုင်း အောက်မေ့ပါ။ ဘုရားနဲ့တွေ့နေတဲ့ပုဂ္ဂိုလ်ပီပီ ကာမ+ဗျာပါ+ဝိဟိံသာ ဆိုတဲ့ ဒီမိစ္ဆာဝိတက်တွေကို လက်မခံပါနဲ့။ နေကွမ္မဝိတက် + အဗျာပါဒဝိတက် + အဝိဟိံသာ ဝိတက်ဆိုတဲ့ သမ္မာဝိတက် ၃-ပါး ဦးဇင်းတို့ ဂေါစရဂါမ် ဖြစ်ပါစေ။ အေး-ကာမဝိတက်+ဗျာပါဒဝိတက်+ဝိဟိံသာဝိတက်ဆိုတဲ့ မိစ္ဆာဝိတက်တွေ မပေါ်အောင်သာ အမြဲတမ်း သတိပြုပါ။ ဒီ့အပြင်ကတော့ ဦးဇင်းတို့ သတိပြုနိုင်ဖို့ရန် တပည့်တော် အခုပြောပြီ။ နေ့စဉ် ဘုရားနဲ့ငါတို့ တွေ့နေတယ်၊ ဘုရားနဲ့တွေ့နေတဲ့ တပည့်ပဲ၊ ဒီတော့ ဒီ့အပြင် ဝိတက်တွေ မဝင်အောင် ငါတို့နေမယ်။ အဲဒီနေတဲ့အခါမှာ "သုခါ သံဃသ သာမဂ္ဂိ" အရ သာမဂ္ဂီ ဖြစ်ဖို့ စိတ်ကိုမွေးမြူကြပါ။ တပည့်တော်တို့ ဥပဇ္ဈာယ်ဆရာ အမြဲတမ်း သူဆုံးမရင်.....

သမဂ္ဂါ ဟောထ ဘဒ္ဒန္တာ၊
မာ တုမှေ ဝဂ္ဂဘေဒကာ။
မေတ္တံ် ကရောထ အညောညံ်၊
ကရဏံ် မုဒိတံ် သဒါ။

လို့-ဒီဟာကို အမြဲဆုံးမလေ့ ရှိပါတယ် ဘုရား။

ဘဒ္ဒန္တာ=သာကိယဇာတ် အရှင်မြတ်တို့ ဘုရား။ သမဂ္ဂါ=ကိုယ်+စိတ်နှစ်ရပ် ညီညွတ်ကြကုန်သည်။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါ။ တုမှေ=အရှင်ဘုရားတို့သည်။ ဝဂ္ဂဘေဒကာ=၂-ပါးတစ်တွဲ၊ ၃-ပါးတစ်တွဲ၊ အစုစု ကွဲပြားကြကုန်သည်။ မာ ဟောထ-မဖြစ်ကြပါနဲ့။ အညောညံ်=တစ်ပါးက တစ်ပါးကို။ သဒါ=အခါခပ်သိမ်း။ မေတ္တံ်=စီးပွားလိုလားတဲ့ မေတ္တာ+အစီးအပွားမဲ့ ပယ်ရှားလိုတဲ့ မေတ္တာ ၂-မျိုးကို လည်းကောင်း၊ ကရဏံ်=ဒုက္ခိတသတ္တာ တွေ့ရင် သနားတဲ့ ကရုဏာစင်စစ်ကို လည်းကောင်း။ မုဒိတံ်=သုခနဲ့တွေ့တဲ့အခါ ဩော်..... ဒီသုခမှ မကင်းကြပါစေနဲ့၊ မကွဲမကွာ ဖြစ်ကြပါစေ။ ယထာလဒ္ဓသမ္မတ္တိတော မာဝိဂစ္ဆန္တု = အရစည်းစိမ်ဥစ္စာနဲ့ သမ္မတ္တိပြည့်စုံတဲ့ ပုဂ္ဂိုလ်များ တွေ့ရင် သူတို့စည်းစိမ်နဲ့သူတို့ မကွဲမကွာ ရှိကြပါစေလို့

http://www.dhammadownload.com

မုဒိတာဗြဟ္မာစိုရ်ပွားပါ။ အဲဒီလိုပဲ တပည့်တော်တို့ ဆရာတော်ဟာ ဆုံးမခြင်း ဖြစ်ပါတယ်။ ဒီဆုံးမချက် အရ-အရှင်ဘုရားတို့သည် (၁) ညီညွတ်တော်မူကြပါ။ (၂) ၂-ပါး၊ တစ်တွဲ ၃-ပါး၊ တစ်တွဲ တိုးတိုးတိုးတိုးနဲ့ စိတ်ဝမ်းမကွဲကြပါနဲ့။ (၃) တစ်ပါးနဲ့ တစ်ပါးကို မေတ္တာတရား၊ ကရုဏာတရား၊ မုဒိတာတရား ထားပါ။ ဒါ အရှင်ဘုရားတို့အား တပည့်တော်ပေးတဲ့ သြဝါဒ ဓမ္မလက်ဆောင် ဖြစ်ပါတယ်။"

အပူဇော်ခံထိုက်အောင် ကြိုးစားပါ

တဖန် နိကာယ်ဆောင် သံဃာတော်များအား အပူဇော်ခံခြင်းနှင့်စပ်၍ ဤသို့လျှောက် သြဝါဒတစ်မျိုး ချီးမြှင့်တော်မူပါသည်။

"အပူဇော်ခံရလျှင် အပူဇော်ခံထိုက်အောင် ကျိုးစားရတယ်။ တပည့်တော်တို့တော့ ရသမျှ ပူဇော်သမျှ ဒီအချိန်မှာ ဆိုလို့ရှိလျှင် ပူဇောရဟာဖြစ်အောင် ဗုဒ္ဓါနုဿတိနှလုံးသွင်းတယ်။ မေတ္တာဘာဝနာနှလုံးသွင်းတယ်။ ဤနည်းဖြင့် အပူဇော်ခံထိုက်အောင် တပည့်တော် ကျိုးစားတယ်။ အရှင်မြတ်များလည်း ထိုနည်းအတူ ကျိုးစားကျင့်သုံးတော်မူကြပါ။ မေတ္တာဘာဝနာနှလုံး ကျင့်သုံးခြင်းသည် ကျင့်သုံးဖန်များလေ များလေ လက်တွေ့ လောဘဒေါသနည်းလေ နည်းလေဆိုတာ တပည့်တော်ကိုယ်တွေ့ဖြစ်လို့ အရှင်ဘုရားတို့လဲပဲ တပည့်တော်လို ကိုယ်တွေ့ဖြစ်အောင် စိတ်နှလုံးချမ်းသာအောင် မေတ္တာဘာဝနာနှလုံး ကျင့်သုံးကြပါလို့ တပည့်တော် နည်းတစ်ခုပေးတယ်။"

ရဲရဲတောက်သာ ဖြေကြ

နိကာယ် စာမေးပွဲများ ဝင်ရောက် ဖြေဆိုခြင်းနှင့် စပ်၍ မိန့်တော်မူသော သြဝါဒမှာ ဤသို့ ဖြစ်ပါသည်။

"ဒီတိပိဋကစာမေးပွဲ နိကာယ်စာမေးပွဲဆိုတာ ဦးဇင်းတို့ လေ့လာကြည့်ရှု ကျက် အံ ကြံ ကြည့်ထားတဲ့ ပါဠိ အဋ္ဌကထာ ဋီကာထဲကပဲ မေးမှာ။ အဲဒီတော့ စိတ်ထဲမှာ ငါတို့ ကျက် အံ ကြံ ကြည့်ထားတဲ့ ပါဠိ အဋ္ဌကထာ ဋီကာထဲက မေးတာ။ ငါ ဘာကြောက်စရာရှိသလဲလို့ စိတ်ထဲက အဲဒီလို တင်းပြီးတော့ ဦးဇင်းတို့ ကြောက်စိတ်များဖြေပြီးတော့ ရဲရဲပြန်ကြ၊ ရဲရဲဖြေကြပါလို့ နည်းပေးပါတယ်။ အားပေးပါတယ်။

ကိုယ်တော်တို့မှာ သဒ္ဓါဗိုလ်=သာသနာတော်ကို သက်ဝင်ယုံကြည်တဲ့ သဒ္ဓါဗိုလ်, ပြီးတော့ နေ့နေ့ညည ကြိုးစားအားထုတ်တဲ့ သမ္မပ္ပဓာန်လုံလဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, စာထဲမှာ စိတ်တည်တဲ့နေတယ်။ ပညာဗိုလ်ဆိုတဲ့ ဦးဇင်းတို့မှာ ဗိုလ်ကြီးငါးပါး=အားကြီးငါးပါး အပြည့်အဝရှိတယ်။ အဲဒီဗလငါးတန်နဲ့ ရဲရဲတောက်သာပြန်ကြ၊ ရဲရဲတောက်သာဖြေကြပါလို့ တပည့်တော် ဦးဇင်းတို့အား အနုဗလပွဲဒါန အားပေးတဲ့စကား ပြောကြား၍ တပည့်တော်ရဲ့ သြဝါဒကထာနိဂုံး အဆုံးသတ်အပ်ပါသည် သာသနာ့အာဓာနည်အလျာ အရှင်ကောင်း အရှင်မြတ်အပေါင်းတို့။

မိဘစိတ်ထား

နိကာယ်ဆောင် အရှင်မြတ်တို့အား ဆရာတော်ကြီးက မိမိသည် ဖခင်နှင့် တူကြောင်း၊ ဥက္ကဋ္ဌကြီး ဦးသာလှမှာ မိခင်နှင့်တူကြောင်း မကြာခဏ မိန့်တော်မူပါသည်။ ယခု သြဝါဒတွင် နိကာယ်ဆောင် စာဖြေ သံဃာများ၏ အောင်ချက်နှင့်စပ်၍ ဖခင် အနေဖြင့် ဆရာတော်ကြီးက အားမရသေးကြောင်း မိန့်တော်မူရင်း မိမိနှင့် ဆရာကြီး ဦးသာလှတို့၏ စိတ်နေစိတ်ထား ထားရှိကြပုံတို့ကို နိကာယဆောင် သံဃာများအား ဤသို့ မြွက်ကြားတော်မူခဲ့ပါသည်။

"ယနေ့ ၁၃၅၁-ခု၊ သီတင်းကျွတ်လဆန်း ၁၂ ရက်၊ မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ

http://www.dhammadownload.com

တိပိဋက=နိကာယ ကျောင်းတိုက် သံဃာတော် အရှင်မြတ်တို့ အာစရိယပူဇာမဂ်လာ ကောင်းမှု ပြုကြတဲ့ပွဲမှာ တပည့်တော်များ အမိအဖနှစ်ပါးတို့ရဲ့ ကျင့်စဉ်ကို သွားပြီးတော့ အမှတ်ရပါတယ်။ ဆရာကြီး ဦးသာလှက အမြဲတမ်း ပြောလေ့ရှိပါတယ်။ ဦးပဉ္စင်းတို့၊ တပည့်တော်ကို ဦးပဉ္စင်းတို့ အမေလို့ အောက်မေ့၊ ဆရာတော်ကို အဖေလို့ အောက်မေ့ ပြောလေ့ရှိပါတယ်။ ဒါကို သွားလို့ အမှတ်ရပါတယ်။

ဘယ်လိုလဲဆိုတော့ ဆရာ ဦးသာလှက အမေဆို အမေစိတ်ပဲ။ ဦးပဉ္စင်းတို့ရဲ့ အခြေအနေ ဦးပဉ္စင်းတို့ရဲ့ အကြောင်းအရာ ပွဲတိုင်းပွဲတိုင်း ထည့်သွင်း ပြောလိုတဲ့အခါ တိပိဋက=နိကာယ ကျောင်းတိုက်ဖွင့်ပြီး သာသနာပြုလာတာ ကနေ့ ၁၂ နှစ် ရှိပါပြီ။ အဲဒီ ၁၂ နှစ်မှာ ပိဋကတ်နှစ်ပုံခွဲအောင်တာ တစ်ပါး၊ တစ်ပုံတစ်ပုံခွဲအောင်တာက ၂၂ ပါး၊ ဒီတင်အားမရသေးဘူး။ ယခုနှစ် တိပိဋက ရေ ရွေးချယ်ရေး စာမေးပွဲမှာ "တစ်နိုင်ငံလုံးမှာ ဘွဲ့ရ ကိုယ်တော် ၈ ပါး အောင်မြင်တဲ့အနက်က တိပိဋက=နိကာယ ကျောင်းတိုက်က ၇ ပါး အောင်တယ်"ဆိုတာ မိခင်ကြီးက သားတွေအတွက် ဂုဏ်ယူပြီးတော့ ပြောတာလို့ တပည့်တော်တော့ သူပြောတိုင်း ပြောတိုင်း ဒီအတိုင်းအမှတ်ရတယ်။

အဲဒီပြောတဲ့အချိန်မှာ ဘပည့်တော် စိတ်ထဲမှာတော့ ဖခင်စိတ်နဲ့ ဘယ်လိုအောက်မေ့တုန်းဆိုတော့ ၁၂ နှစ်မှာ နှစ်ပုံခွဲအောင်တာ ၁ ပါး၊ တစ်ပုံ တစ်ပုံခွဲအောင်တာ ၂၂ ပါးဆိုတော့ တပည့်တော် ဖခင်စိတ်နဲ့ ဖြောင့်ဖြောင့်ပြောရလိုရှိရင် နည်းတယ်ဘုရား နည်းပါတယ်။

ဘာပြုလို့တုန်းဆိုတော့ ဂုဏ်ဖော်သလိုတော့ မအောက်မေ့ပါနဲ့။ တပည့်တော်များသည် တိပိဋက ကြိုးစားခဲ့စဉ်က ၄ နှစ် ၄ ကြိမ်မှာ တိပိဋကသင်ရိုး ပိဋကတ်သုံးပုံ အကုန်ကုန်တယ်။

အခု အရှင်ဘုရားတို့မှာ ၄ နှစ် သုံးကြိမ် ရှိခဲ့ပြီ။ ဒီလေးနှစ်သုံးကြိမ်မှာမှ နှစ်ပုံခွဲအောင် တစ်ပါး၊ ဦးဝါယမိန်ကို ရည်စူးပြီးတော့ ပြောတာ။ တစ်ပုံ တစ်ပုံခွဲအောင် ၂၂ ပါး ဆိုတော့ တပည့်တော် စိတ်ထဲမှာ အင်မတန်မှ နည်းနေတယ်။ ဒါ ဖခင်စိတ်နဲ့ ဦးပဉ္စင်းတို့ကို တပည့်တော် ပြောခြင်းဖြစ်ပါတယ်။"

သံသရာက ကျွတ်လွတ်ကြရအောင် စာသင်ကြ

ဆရာတော်ကြီးသည် ပရိယတ္တိဝန်ဆောင် ပုဂ္ဂိုလ် ဖြစ်တော်မူသော်လည်း သံသရာကို အလွန်ငြီးငွေ့သော ဆရာတော်ကြီး ဖြစ်ပါသည်။ စာမေးပွဲတိုင်း၌ အောင်လံတံခွန် ထူတော်မူခဲ့သော်လည်း ထိုအောင်လံတို့ကို သံသရာမှ လွတ်မြောက်ကြောင်း အတွက်သာ ရှေ့ပြေးစစ်ချီအောင်လံဟု အသိအမှတ်ပြုတော်မူခဲ့ပါသည်။ ဤအောင်လံတို့ဖြင့် မာနကဲပို ဂုဏ်တင်းဆိုခြင်း မရှိခဲ့ပါ။ ငါကဲ့သို့-ဟူသော တင်းမာခက်ထန်သော စိတ်မျိုး တစိုးတစေ့ မရှိခဲ့ပါ။ သို့ပါ၍ ဆရာတော်ကြီး စာသင် စာကျက်ခြင်း ရည်ရွယ်ချက် နှလုံးသွင်းကို ဩဝါဒ ချီးမြှင့်တော်မူတိုင်း ဤသို့ ထည့်သွင်း မိန့်တော်မူပါသည်။

"မိမိတို့ရဲ့ စာပေပရိယတ္တိ သင်ကြားခြင်းသည် ၁။ ဘဏ္ဍာဂါရိကပရိယတ္တိကလည်း မဟုတ်ဘူး။ အရိယာပုဂ္ဂိုလ်တို့ရဲ့ စာပေနည်းမျိုးကတော့ ဘဏ္ဍာဂါရိကယတ္တိ=ဘဏ္ဍာစိုး ဘဏ္ဍာရေး ဝန်ကြီးများရဲ့ တိုင်းပြည်ဘဏ္ဍာကို စောင့်ထိန်းတဲ့မူနဲ့ အလားတူသော စာသင်နည်းမျိုး၊ အရှင်အာနန္ဒာတို့ အရှင်အနုရုဒ္ဓါတို့ အရှင်ဥပါလိတို့ စာပေသင်နည်း၊ သင်ကြားပို့ချခြင်းဆိုတဲ့ ပရိယတ္တိဟာ သူတို့သုံးဖို့ မဟုတ်ဘူး။ သူတို့က ရဟန်းကိစ္စပြီးလို့ ဒီစာပေထဲကလာတဲ့ သီလ သမာဓိ ပညာ သိက္ခာ သုံးဖို့

http://www.dhammadownload.com

စွဖို့ မဟုတ်ဘူး။ အဲ သူတို့ရဲ့ စာပေပို့ချသင်ကြား စာအံနည်းဟာ ဘဏ္ဍာဂါရိကပရိယတ္တိ။

တပည့်တော်တို့နဲ့ဆိုင်တဲ့ ပရိယတ္တိကတော့ မကောင်းတဲ့ ပရိယတ္တိကတစ်မျိုး၊ ကောင်းတဲ့ ပရိယတ္တိတတစ်မျိုး နှစ်မျိုး။ အဲဒီနှစ်မျိုးမှာ အလဂဒ္ဒူပမပရိယတ္တိ၊ ပြီးတော့ နိတ္ထရဏတ္ထပရိယတ္တိ။ ဒါ တပည့်တော်တို့နဲ့ဆိုင်တဲ့ ပရိယတ္တိ နှစ်မျိုး။

အလဂဒ္ဒူပမပရိယတ္တိဆိုတာ မြွေဖမ်းမလိမ္မာတဲ့လူက မြွေရဲ့ အမြီးကို သွားဆွဲဖမ်းတော့ မြွေပြန်ပေါက်ပြီးတော့ ထိုသူသေသော်လဲသေ၊ မသေသော်လဲ မလုမပ ဒီလိုခံစားရတယ်။ အဲဒီလို မိမိစာသင်တယ်၊ မိမိစာကျက်တယ်၊ အံတယ်၊ ကြံတယ်၊ ကြည့်တယ်၊ ဒါ ပရိယတ္တိ မိမိ ဒီ ကျက် အံ ကြံ ကြည့်လို့ သိရတဲ့ ပရိယတ္တိကို အကြောင်းပြုပြီးတော့ မိမိ အကုသိုလ်မှုတွေ ပြုမိရင်–အဲဒါ ဒီပရိယတ္တိလို့ ဆိုတဲ့မြွေက ပြန်ပြီးတော့ အပေါက်ခံရတာ–အဲဒါမျိုး။ ဟို.... အလဂဒ္ဒူပမပရိယတ္တိဆိုတော့ ဒါ ရှောင်ရမယ့် စာသင်နည်းမျိုး။

ဆိုကြပါစို့–မိမိတတ်သိတဲ့အတွက် တချို့တချို့ သူတော်ကောင်းကြီးတွေ စာပေပရိယတ္တိကို သိပ်ပြီးတော့ မကျမ်းကျင်တဲ့ သူတော်ကောင်း ကိုယ်တော်ကြီးတွေ ရှိတတ်တယ်၊ အဲဒီ ကိုယ်တော်ကြီးတွေကို နိုင်ထက်ကလူ တကတည်း ဟို လွမ်းမိုးစကားသွားပြီးတော့ ကိုယ်ကတတ်လို့ ပြောရင် အဲဒါဟာ ဒီကိုယ်တော်ရဲ့ စာသင်နည်းဟာ အလဂဒ္ဒူပမ ပရိယတ္တိ ဖြစ်တယ်နော်။ မြွေဖမ်းမလိမ္မာတဲ့လူရဲ့ မြွေဖမ်းခြင်းနဲ့ ဥပမာတူတဲ့စာသင်နည်း။

တစ်ခါ.....နိတ္ထရဏတ္ထ ပရိယတ္တိ=သီလဟောတဲ့ သုတ္တန်ကို မိမိ လေ့လာတယ်။ ထိုစာကလာတဲ့ သီလအကျင့် ငါ့ကိုယ်ရောက်စေတယ်။ သမာဓိဟောတဲ့ သုတ္တန်ကိုရောက်တဲ့အခါ သုတ္တန်က သမာဓိ ငါ့ကိုယ်ရောက်စေမယ်။ ပညာဟောတဲ့ သုတ္တန်ကို ငါ လေ့လာ ကျက် အံ ကြံ ကြည့်ရင် ပါဠိကလာတဲ့ပညာ ငါ့ကိုယ်ရောက်စေမယ်လို့ အဲဒီလို နှလုံးသွင်းပါ။ အဲဒီနှလုံးသွင်းပြီးတော့ အရှင်ဘုရားတို့ စာကျက် စာကြံ စာအံ စာကြည့် ပရိယတ္တိလုပ်ကို ပြုလုပ်ပါ။ အဲဒီလို ပြုလုပ်လျှင် အရှင်တို့ရဲ့ စာပေပရိယတ္တိသည် သံသရာမှ ကျွတ်လွတ်ခြင်း=နိဿရဏ အကျိုးရတဲ့ စာပေပရိယတ္တိဖြစ်ပြီးတော့–နိတ္ထရဏတ္ထပရိယတ္တိ ဖြစ်ပြီးတော့ ကိုယ်ရည်ညွှန်းတဲ့ ရဟန်းခံတုန်းက ရှင်ပြုတုန်းက "သံသရဝဋ္ဋဒုက္ခတော မောစနတ္ထာယ ပဗ္ဗဇ္ဇံယာစာမိ" ဆို၊ သံသရာဝဋ်မှ ကျွတ်လွတ်ခြင်း အကျိုးကိုရည်စူးပြီးတော့ ရှင်ပြုခဲ့တယ်။ တစ်ခါ ရဟန်းခံတော့လဲ ဥလ္လမ္ဗတု ဥတ္တရတု မည်းညစ်သော သံသရာအဖို့မှ ဖြူစင်သော နိဗ္ဗာန်အဖို့ရောက်အောင် ထုတ်ဆောင်ပေးပါဆိုတဲ့ အဲဒီ မိမိတို့ ရည်သန်ခဲ့တဲ့ ဒီသံသရာက ကျွတ်လွတ်ခြင်းတည်းဟူသော အကျိုးရဖို့ မိမိတို့ စာသင်၊ မိမိတို့ ပရိယတ္တိသည် နိတ္ထရဏတ္ထပရိယတ္တိ ဖြစ်မှရမှာ။ အဲဒီ နိတ္ထရဏတ္ထပရိယတ္တိဖြစ်ရင် ဘာပဲပြောပြော အရှင်ဘုရားတို့ သာသနာမှာ ရှေ့တန်းခေါင်းဆောင်ဖြစ်ပြီးတော့ အင်မတန် အကျိုးရတဲ့ စာသင်နည်းမျိုး ဖြစ်ပါစေကြောင်း တပည့်တော် ဆုမွန်ကောင်း တောင်းသောအနေနဲ့–

တုမှံ ပရိယတ္တိ ဟောတု၊
ဘဝနိတ္ထရဏတ္ထိကာ၊
ယာယ ဝေါ ဟောထ စက္ကသ၊
ပုဗ္ဗင်္ဂမာ ဓမ္မပမာ။

ဘဒ္ဒန္တာ=သာကီယဇာတ် အရှင်မြတ်တို့။ တုမှံ=အရှင်ဘုရားတို့၏။ ပရိယတ္တိ=စာကျက် စာအံ စာကြံ စာကြည့်တဲ့ အလုပ်သည်။ ဘဝနိဿရဏတ္ထိကာ=ဘဝသုံးပါးမှ လွတ်မြောက်တဲ့ နိတ္ထရဏတ္ထပရိယတ္တိ စာသင်နည်းမျိုးသည်။ ဟောတု=ကောင်းစွာ ဖြစ်ပါစေ။ ယာယနိတ္ထရဏတ္ထ

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည်
တိပိဋက ရွေးချယ်ရေး စာမေးပွဲ ဖြေဆိုတော်မူစဉ်အခါကစပြီး လက်နှိပ်စက်ကို အသုံးပြုကာ
သာသနာ့ လုပ်ငန်းများကို ဆောင်ရွက်တော်မူခဲ့ရာ ယခု သက်တော်(၈၀)ပြည့်ချိန်တိုင်အောင်
လက်နှိပ်စက်တစ်လုံးဖြင့် တနေကုန် အပင်ပန်းခံ၍ ဆောင်ရွက်တော်မူနေပုံ။

http://www.dhammadownload.com

ပရိယတ္တိယာ = ယင်းနိတ္ထရဏတ္ထ ပရိယတ်ဖြင့် (ယာယ သည် ယင်းနဲ့သွားညီမျှတယ်။ အရပ်စကား) ဝေါ–တုမှေ=အရှင်ဘုရားတို့သည်။ စက္ကသ=အံ့ဖွယ်ရှစ်ဖြာ သာသနာစက်၏။ ဓမ္မပမာ=အောင်လံ တံခွန်သဖွယ် ဖြစ်ကြကုန်လျက်။ ပုဗ္ဗင်္ဂမာ+သာသနာ့ရှေ့သွားခေါင်းဆောင်တို့သည်။ ဟောထ=ဧကန်စင်စစ် ဖြစ်ကြပါစေ။"

စာထဲမှာသာ အာရုံထားကြပါ

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် နိကာယ်ဆောင် စာသင်သားများအား မိမိ၏ သဒ္ဓိဝိဟာရိက တပည့်ရင်းကဲ့သို့၊ သားများညီများကဲ့သို့ မှတ်ယူ နှလုံးပိုက်တော်မူလေရာ သာသနာမှ လွဲကြဖယ်ကြမှာကို အလွန်စိုးရိမ်ပူပန်တော်မူပါသည်။ သက်တော်(၈၀)ရွယ်တိုင် ပူပန်တော်မူပါသည်။ ထို့ကြောင့် အစိုးရိမ်ကြီးလှသော သံဃခမည်းသည် သိန္ဓောလောင်းလျှာ သားရတနာများအား မှာကြားတော်မူသော ဩဝါဒ တရပ်မှာ ဤသို့ ဖြစ်ပါသည်။

"ဦးပဉ္စင်းတို့ ဘာမှ ဒီပြင်အာရုံတစ်ပါး စိတ်မသွားကြဘဲနဲ့ မိမိတို့ ဒီစာထဲ ပေထဲမှာ ငါတို့ တိုးတက်ပြီးတော့ ကြီးစားမယ်၊ ဒီလို အောက်မေ့ကြပါ။ လမ်းလျှောက်ရင်လဲပဲ စက္ခုန္ဒြေ မျက်လွှာကို အကြီးအကျယ်ချကြပါ။

အရှင်အာနန္ဒာက ပရိနိဗ္ဗာန်စံခါနီးမှာ မေးတယ်။ ကထံ မယံ ဘန္တေ မာတုဂါမေ ပဋိပဇ္ဇာမ= မြတ်စွာဘုရား၊ ရှင်တော်ဘုရား ပရိနိဗ္ဗာန် စံရင် တပည့်တော်များ မင်းမိန်းမများအပေါ်၌ ဘယ်လို ကျင့်ရမလဲတဲ့။ မြတ်စွာဘုရားက–အဒဿနံ အာနန္ဒ= မကြည့်နဲ့တဲ့။ သူတို့ကိုမကြည့်ဘဲနေတဲ့။ အဒဿနံ မမြင်ခြင်းကို။ ဝါ=မမြင်အောင်။ ပဋိဿိတဗ္ဗံ=ကျင့်ရမယ်။ မမြင်အောင်ကျင့် ဆိုတာ မကြည့်နဲ့လို့ ပြောတာ။ ကနေ့ဟာ အဲဒါနဲ့ အင်မတန်ကိုက်တယ် သိလား။ မကြည့်မှတော်တာ။ ကနေ့ဟာ အဲဒါနဲ့ အင်မတန်ကိုက်တယ်။

ရှင်အာနန္ဒာဟာလဲပဲ–

ဘန္တေ ဘဂဝါ ပဋိပဿိတဗ္ဗံ=မြတ်စွာဘုရားတဲ့၊ မကြည့်လို့လဲ လုံးဝမဖြစ်ပါဘူး။ မျက်စိဥပစာအောက်ရောက်လာရင် မမြင်လို့တော့ မဖြစ်ဘူး။ အဲဒီတော့ မြင်ရဦးမယ်။ အဲဒီလို မျက်စိနဲ့ မြင်ရင် ဘယ်လိုကျင့်ရမတုန်း။ မြတ်စွာဘုရားက ပြောသဗျာ–အနာလာပေါ အာနန္ဒ=သူတို့ကို စကား မပြောနဲ့။

ဒါ.....ဦးပဉ္စင်းတို့ သေသေချာချာ စဉ်းစားကြည့်နော်။ ဦးပဉ္စင်းတို့ တိပိဋကနိကာယ ကျောင်းတိုက်ထဲမှာ လာရောက်ကြတဲ့ အာဂန္တုနဲ့ ဧည့်သည်တွေ တပည့်တော်ကြည့်တယ်။ အနာလာပေါ အာနန္ဒ=စကားမပြောရမယ်ဥစ္စာ မကြည့်ရမယ်ဥစ္စာတွေ အပြည့်ပါတယ် နော်။ တကတည်း ကဲသတဲ့ဗျာ။ မမြင်ချင့်အဆုံးပဲ။ ဒါဦးဇင်းတို့ ဒါတွေကို ရှောင်ကြဉ်ဖို့ တပည့်တော် ပြောတာပါ။

ဒီတော့ ဦးဇင်းတို့ ဒီအထဲမှာ လမ်းလျှောက်ချင်ရင် လျှောက်နိုင်အောင် အေးအောင် မြအောင် သစ်ပင်လေးဘာလေး စိမ်းအောင် စိုအောင် လုပ်ကိုင်ထားပါတယ်။ ပြောလို့သာ တပည့်တော်က ပြောတယ်။ သစ်ပင်ခုတ်လိုက်တာလဲ ဒီအနားရစရာ မရှိဘူး။ အရိပ်ကို သူတို့က နောက်ဒီကလူတွေကလဲ သစ်ပင်ခုတ်တာ သိပ်ဝါသနာပါတယ်။ တပည့်တော် သစ်ပင်ခုတ်တာကို လုံးဝမကြိုက်ဘူး။ ဒီ–သစ်ပင်ခုတ်တာဟာ မိုးခေါင်ခြင်းရဲ့အကြောင်း၊ မိုးခေါင်ရင် အားလုံးဒုက္ခရောက်မယ်။ အဲဒါကြောင့် တပည့်တော် မင်းကွန်းတောင်ရိုးမှာ သစ်ပင်စိုက်တာသုံးခါရှိပြီ။

တပည့်တော် စိုက်တဲ့အတိုင်း တပည့်တော် ကျောင်းနားကတော့ သစ်ပင်ရှိတယ်။ အဲ.....လမ်းက

http://www.dhammadownload.com

သစ်ပင်ကတော့ နွားသမားက သူ့နွား မမောင်းဘူး။ ဆိတ်ကျောင်းသမားကတော့ တမင့်ကို သစ်ပင်နဲ့ သူဆိတ်နဲ့ တည့်ပေးသေးတာ။ လမ်းက သစ်ပင်ဆိုယင် တစ်ပင်မှ မရှိတော့ဘူး။ အဲ.....ထိုထိုဤဤ ရွာနားက အိမ်ထဲကျတဲ့အပင်ကတော့ သူကလဲပဲ အရိပ်လိုချင်လို့ သူကစောင့်တော့ အဲဒီ သစ်ပင်လေးတွေကတော့ရှိတယ်။ အဲဒါ ဆိုလိုရင်းက ဦးဇင်းတို့ မဆင်းရဲအောင် တပည့်တော် အာရုံနည်းအောင် အခုလို ပြောခြင်းဖြစ်ပါတယ်။

မြတ်စွာဘုရားက "အဒဿနံ အာနန္ဒ=မကြည့်နဲ့ အာနန္ဒာ။" ဒါ သေသေချာချာ စဉ်းစားကြည့်။ "အရှင်ဘုရား မကြည့်လို့လဲ မဖြစ်ဘူး၊ မျက်စိအောက်ရောက်လို့မြင်ယင် ဘယ့်နှယ်လုပ်ရမတုန်း"။ ဆိုတော့ "အနာလာပေါ အာနန္ဒ=စကားမပြောနဲ့"တဲ့။

"မပြောလို့လဲ မဖြစ်ဘူးဘုရား၊ သူတို့က ဂါထာကလေး ဘာလေး ဒါမှမဟုတ် နက်ဖြန် ဘာဥပုသ်တုန်း၊ ဘာတုန်းပေါ့လေ။ စကားရှာပြီးတော့ တရားသံနဲ့မေးယင် တပည့်တော်တို့ ဘယ်လိုပြောရမလဲ။ အဲဒီလိုမေးယင် ပြန်မပြောလို့မဖြစ်ဘူး။

အာလပန္တေန ပန ဘန္တေ ကထံ ပဋိမဇ္ဇိတဗ္ဗံ=မပြောမဖြစ်လို့ သူတို့ကို စကားပြောရယင် ဘယ်လိုကျင့်ရမတုန်း။ မြတ်စွာဘုရားက ဖြေသဗျား။ ဘုရားပေးတဲ့နည်း။

မြင်ယင် စကားမပြောနဲ့၊ စကားပြောရယင်လဲပဲ အမိ အမ နှမစိတ် မွေးမြူပြီးမှပြော။ "ငါမိခင်ဟောင်း၊ ညီမဟောင်းအပေါင်း ကိုယ်စိတ်ချမ်းသာစေ"၊ "ငါ့ရဲ့မိခင်ဟောင်း၊ ငါရဲ့ သံသရာက နှမဟောင်း၊ ညီမဟောင်းတွေ၊ ကိုယ်စိတ်ချမ်းသာပါစေ"ဆိုတဲ့ အဲဒီ မေတ္တာကိုသာ ပွားလို့ကတော့ လောဘမဖြစ်တာ တပည့်တော်ကတော့ကိုယ်တွေ့ပဲ။"

ရည်ရွယ်ချက် ပြောင်မြောက်အောင်လုပ်ကြပါ

ဤသြဝါဒသည်ကား သာသနာတော်၌ အချည်းနှီးမဖြစ်စေရန် ချီးမြှင့်တော်မူသော သြဝါဒ၊ ဤတိုက်တာအရာမ်၌ မည်သို့သော စိတ်ထားဖြင့် နေထိုင် သီတင်းသုံးတော်မူကြရန် ချီးမြှင့်တော်မူခဲ့သော သြဝါဒ ဖြစ်ပါ၍ အလွန်အရေးကြီးသော သြဝါဒတော်တရပ်ဖြစ်ပါသည်။

"ဦးဇင်းတို့သည် တိပိဋကကျောင်းတိုက်ကို လာပြီးတော့ သီတင်းသုံးတာဟာ ရည်ရွယ်ချက် တစ်ခုတည်းရယ်။ ဘာလဲဆိုတော့ မိမိရည်သန်တဲ့ တိပိဋကနိကာယစာပေများကို ကျက်ဖို့ ကြံဖို့ အံဖို့ ကြည့်ဖို့ ဆိုပြီးတော့ ပရိယတ္တိအလုပ်ကို လုပ်ဖို့ ဆိုပြီး ရည်သန်ချက် တစ်ခုနဲ့ လာတာ။ ဒါဦးဇင်းတို့ရဲ့ ရည်သန်ချက်။ တစ်ခါ တပည့်တော်တို့ ဘက်ကနေ နာယကအဖွဲ့နဲ့တကွ စီစဉ်ထားတာက ဦးပဉ္စင်းတို့ နေသမျှသောကျောင်းတွေ အခုနေဆဲဖြစ်တဲ့ တိပိဋကကျောင်းဟာ တပည့်တော်ရဲ့ ပုဂ္ဂလိကကျောင်းလဲ မဟုတ်ဘူး။ နှစ်ပါး သုံးပါးရဲ့ ဂဏက ဂဏသန္တကကျောင်းလဲ မဟုတ်ဘူး။ သံဃာအားလို့ သမ္မဒါန်ထားပြီးလှူတဲ့ သံဃိကကျောင်းလဲမဟုတ်ဘူး။

နိကာယ်ငါးရပ် ပိဋကသုံးပုံတည်းဟူသော ပရိယတ်သာသနာအား လှူတဲ့ သာသနိကကျောင်း၊ ဦးပဉ္စင်းတို့ အခုနေရတဲ့ကျောင်းလဲ သာသနိကကျောင်းပဲ။ ဟို.....မင်းကွန်း မိုးမိတ်မှာ နေတာလဲ သာသနိကကျောင်းပဲ၊ အကုန်လုံးဟာ သာသနိကရယ်။ ဒီတိပိဋက နိကာယ သာသနာပြုအဖွဲ့ရဲ့ ဆောင်ရွက်ချက်တွေဟာ သာသနိကပဲ၊ အကုန်လုံး သာသနာကပိုင်တယ်။

အဲဒီ သာသနိကကျောင်း သာသနိကဖြစ်သော ပစ္စည်းလေးပါးကို မိမိတို့က ပရိယတ္တိ သာသနာ့ဝန်ကို ထမ်းဆောင်နေတဲ့အတွက် သုံးဆောင်နိုင်ခွင့်၊ ဒီ သာသနိကကျောင်းနဲ့တကွ ပစ္စည်းလေးပါး သုံးဆောင်နိုင်ခွင့်ရှိတယ်။ အကယ်၍ မိမိတို့သည်

http://www.dhammadownload.com

ပရိယတ္တိသာသနာ ပဋိပတ္တိ သို့သော် အဓိကက ပရိပတ္တိသာသနာနော်၊ ပရိယတ္တိ သာသနာအလုပ်ကို မလုပ်၊ စိတ်ကိုပို့ဆောင်လို့ မရရင် သည်ကျောင်းတွေ နေကိုမနေထိုက်ဘူး။ ဒါ တပည့်တော် သဘောအတိုင်း သဘာဝ၌ ရပ်တည်ပြီးတော့ပြောတာ။ ဒီမိမိတို့ ပရိယတ္တိသာသနာ့ဝန်ကို အားသွန်ကြိုးပမ်းထမ်းဆောင်လိုတဲ့ ရည်ရွယ်ချက်နဲ့လဲပဲ လာတယ်။ ထမ်းဆောင်နိုင်တဲ့ ပစ္စည်းလေးပါးကိုလဲ အဆင်သင့်နဲ့ မိမိတို့မှာ ကြိုတွေ့နေပြီ။ ဤအချိန်မှာ မိမိတို့ ရည်ရွယ်တဲ့ အလုပ်တစ်ခုတည်းပဲလုပ်ပါ။ နိကာယ်ငါးရပ် ပိဋကသုံးပုံကို ကျက်-အံ-ကြံ-ကြည့်ဆိုတဲ့ ပရိယတ်အလုပ်ကို ကိုယ့်ရည်ရွယ်ချက်အတိုင်း ဒါတစ်ခုတည်းပဲလုပ်ပါ။"

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးသည် နိကာယ်ဆောင် စာသင် သံဃာတော်များအား အထက်ပါ ဩဝါဒတော်များ အပါအဝင် ဩဝါဒများစွာကို အခါသင့်တိုင်း ချီးမြှင့်တော်မူပြီး သက်တော်(၈၀)တွင်းသို့ ရောက်ရှိချိန်တွင် မိမိကိုယ်တော်တိုင် စာပေသင်ကြား ပို့ချပေးတော်မူပါသည်။ ထို့ပြင် မန္တလေးမြို့ လေးပြင်လေးရပ်မှ စာချ ဆရာတော်များအား ပင့်၍ စာချရန် စီစဉ်ပေးတော်မူပါသည်။ အချိန်ပြည့် စာချ နာယကချုပ် အဖြစ် ဓမ္မာစရိယ ဝဋ်သကာ သိရောမဏိ (ဘီအေ) ဘွဲ့ ၇ မန္တလေးမြို့ ဗန်းမော်တိုက် ဆရာတော် ဦးကုမာရာဘိဝံသအား စာပေပို့ချရန် တာဝန်ပေးတော်မူခဲ့ပါသည်။

ပေစာရှင်းလင်းတော်မူခြင်း

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် သက်တော်(၈၀)ပြည့်ချိန်တွင် နေ့စဉ်နှင့်အမျှ စွဲစွဲမြဲမြဲ လုပ်ဆောင်တော်မူသော လုပ်ငန်းကား ပေစာများ ရှင်းလင်းသုတ်သင်ပေးတော်မူခြင်းပင် ဖြစ်သည်။ ဆရာတော်ကြီးသည် သာသနာ့ တက္ကသိုလ်များအတွက် အနယ်နယ်အရပ်ရပ်သို့ ရေစက်ချပွဲ ကြွတော်မူသည့်အခါ ရောက်ရှိရာ ကျောင်းကန်အသီးသီးတွင် ထိန်းသိမ်းမူ ကင်းမဲ့ကာ ဖရိဖရဲ အစည်းပြည်လျက် ချောင်ထိုးခံနေရရှာသော ပေစာထုပ်များကို အလှူခံယူတော်မူကာ မိမိ၏ ဓမ္မနာဒကျောင်းတိုက်သို့ သယ်ဆောင်တော်မူခဲ့ပါသည်။

ကျောင်းသို့ ရောက်ရှိလာသော ပေစာထုပ်များကို ဆရာတော်ကြီးသည် တထုပ်ချင်း ဖြည်တော်မူသည်။ ပေစာချပ်များကို တချပ်ချင်း ရေနဲ့သုတ်ကာ ပြုပြင်ပေးတော်မူသည်။ ထို့နောက် ပလ္လင်တိုင်အတွက် ဝါးချောင်းကလေးများ အချောသပ်ပြုလုပ်ပြီး ပလ္လင်ကျမ်း(၂)ချပ်တွင် ပေစာစနစ်အတိုင်း ပြန်ထည့်တော်မူပါသည်။ ပေစာချပ် မပြည့်စုံလျှင် ဖြည့်ပေးတော်မူပါသည်။ ပေတထုပ် ကျကျနန ပြည့်ပြည့်စုံစုံဖြစ်လျှင် လက်နှိပ်စက်ဖြင့် ကျမ်းအမည်၊ ပေချပ်အင်္ကါ ရွက်ရေတို့ကို တိတိကျကျ ရိုက်ပြီး ထိုပေထုပ်မှာ ကပ်ထားတော်မူပါသည်။

ထိုစဉ်က ဆရာတော်ကြီး ပေစာရှင်းလင်းခြင်း၊ လက်နှိပ်စက်ရိုက်ခြင်း စသော လုပ်ငန်းများကို တနေကုန် လုပ်ဆောင်တော်မူခဲ့ပုံကို ဆရာတော်ကြီး၏ အနီးနေဖြစ်သော ဦးနိမလ၊ ဦးဝေပုလ္လ (ဖက်တော) တို့၏ နေ့စဉ် မှတ်တမ်းများမှ ထုတ်နုတ်ပြရပါလျှင်-

(၁-၁-၉၂)

ဆရာတော် ရန်ကုန်မှ ၅နာရီ အမြန်ဖြင့် ထွက်ခဲ့ရာ၊ မန္တလေးသို့ ၇နာရီ ၄၅ မိနစ်တွင် ရောက်ရှိပါသည်။ရွှေဟင်္သာ တိပိဋက ကျောင်းတော်၌ အာရုံ ဘုဉ်းပေးတော်မူသည်။ ကျောင်းတော်မှ အာရုံပလာတာ ဘုဉ်းပေးပြီး နံနက် ၉ နာရီ မရမ်းခြဆိပ်ကမ်းသို့ ဦးလှိုင်ကြည် ကားဖြင့်ကြွ၊ မရမ်းခြဆိပ်ကမ်းမှ တိ=နိ (၁) မော်တော်ရေယာဉ်ဖြင့်

http://www.dhammadownload.com

မင်းကွန်းသို့ကြွ၊ မင်းကွန်း သဲဖြူချောင်း ရေဆိပ်မှ ဓမ္မနာဒတိုက် ဗုဒ္ဓဝင်ကျောင်းတော်သို့ ပြန်လည်ကြွတော်မူသည်။ ၁၀ နာရီခွဲတွင် နေ့ဆွမ်း ဘုဉ်းပေးပြီး စာရွက်စာတန်းများ၊ စာအုပ်စာပေများ ဘီရိုများကြီးတွင် အချိန်ကို ကုန်လွန်စေသည်။

အတိဥဿာဟ=အလုပ်ကို သူမတူအောင် ရေကုန် ရေခန်း လွန်ကဲစွာ လုပ်နိုင်သော ပြောင်မြောက်စွာ စွမ်းဆောင်နိုင်ဆုံး ပုဂ္ဂိုလ် တဆူဟု တင်စားအပ်ပါပေသည်။

ည ၉ နာရီခွဲတွင် ကျိန်းပါသည်။

(၂-၁-၉၂)

ဆရာတော် ၅ နာရီခွဲတွင် အာရုံမှထ၍ ၆ နာရီမတ်တင်း အာရုံ ဘုဉ်းပေးတော်မူသည်။ အာရုံဘုဉ်းပေးပြီး ကျိန်းစက်ရာ အခန်းသို့ ပြန်ဝင်၍ အာရုံခံသည်။ ၇ နာရီခွဲတွင် သေနာသန ဝတ်ပြုသည်။ ၉ နာရီ မိုးမိတ်သို့ ကြွပါသည်။ မိုးမိတ်တွင် ရာသက်ပန် ပဒေသာပင် ရေစက်ချပါသည်။ မိုးမိတ်မှ ၁၁ နာရီခွဲ ပြန်ကြွ။ ကျောင်းပြန်ရောက်လျှင် သေနာသန ဝတ်ပြုပြန်ပါသည်။ သေနာသန ဝတ်ပြုရင်း စာအုပ်စာပေများ စာရွက်စာတန်းများ ပြန်လည်ရှင်းလင်း ကြည့်ရှု စစ်ဆေးပါသည်။ ညနေ ၅ နာရီခွဲတွင် ဒေါက်တာနွာစာဂီ (ဖွားဖွားလေး) ဆီသို့ကြွ။ ၆ နာရီ ၄၅ မိနစ်တွင် ပြန်ကြွပြီး ကျိန်းသည်။ ည ၁၁ နာရီ ပြန်နိုး၊ ကျင်ငယ်စွန့်၊ ချောင်းဆိုး၍ ဆယ်ဒီကော့ ဆေးရည် ဘုဉ်းပေးပြီး ပြန်ကျိန်းပါသည်။

(၃-၁-၉၂)

ဆရာတော် ၆ နာရီ အာရုံဘုဉ်းပေးပါသည်။ အအေးဓာတ် ပိုနေသည်။ ဆရာတော် အေးနေသည်။ ဆရာတော် ခြေဖျား-လက်ဖျားတွေ အေးနေသည်။ ယနေ့ မိုးမိတ်သို့ မကြွဖြစ်ပါ။ ဆရာတော် ကျောင်း မှာဘဲ နေ့ဆွမ်း ဘုဉ်းပေးတော်မူပါသည်။ နေ့ဆွမ်း အပြီး ဆရာတော် အခန်းသို့ ပြန်ဝင်၍ အနွေးဓာတ် ယူတော်မူသည်။ ဆွမ်းစားပြီး ခဏနေ ပြန်လည် အလုပ်ကို စတင်ပါသည်။ အလုပ်ကိုသာ တွင်တွင် လုပ်နေပါသည်။ အလုပ်လုပ်နေလျှင် ဘယ်အရာ ကိုမျှ သတိမရနိုင်ပါ။ သတိမရနိုင်တာနှင့်အမျှ အေးသည် ပူသည်ဆိုတာ ဆရာတော်၏ စိတ်အစဉ် ဝယ် မကိန်းအောင်းနိုင်။ သေနာသန အလုပ်ကို လုပ်ရာဝယ် တကယ့် သာသနာ့ကျွန် အဖြစ်ကို အားရပိုင်ပိုင် ဆုပ်ကိုင်နိုင်တော်မူပါပေ။ စည်းစနစ် ကျပုံကလည်း သူတပါး အတုယူနိုင်အောင် အလွန်ပင် စနစ်ကျပါပေသည်။ ညနေ ၆ နာရီတွင် မပြီး။ ၉ နာရီခွဲထိ ဆက်လက် လုပ်တုန်းရှိသေး၏။ ၁၀ နာရီ ထိုးခါနီးမှ ညကျိန်းတော်မူသည်။

(၄-၁-၉၂)

ဆရာတော် ၆ နာရီ အာရုံ ဘုဉ်းပေးသည်။ မန္တလေးသို့ ကြွမည့် အစီအစဉ်များ လူအိုရုံ အေးကြူ ပုံနှိပ်တိုက် ရေစက်ချ အစီအစဉ်များ ဆရာတော်မှ မကြွနိုင်ကြောင်း ဦးစိန်းအား အကြောင်းကြားခိုင်းပါသည်။ ဆရာတော် ချောင်းဆိုးသည်။ အအေးမိရုံသာရှိသည်။ အပြင်မှ အလွန်မတန် အေးနေ၍ မကြွနိုင်ခြင်း ဖြစ်ပါသည်။ လုပ်ငန်းကတော့ မပျက်၊ စာအုပ်စာပေများနှင့် ပျော်နေဟန် တူပါသည်။ နေ့ဆွမ်း ဘုဉ်းပေးပြီး ဆက်ရှင်းပါသည်။ ၁၁ နာရီခွဲ ဆရာဝန် သမားတော်ကြီး ဦးထွန်းသင်နှင့် ဆရာဝန် ၂ ယောက် ဦးလှိုင်ကြည်တို့ ရောက်ခါ မှဘဲ ခေတ္တရပ်ထားသည်။ ဆရာတော်က ကျန်းမာကြောင်း၊ အပူအအေးကို ဂရုစိုက်ကြောင်းမိန့်၊ ဆရာဝန်များမှ လိုအပ်သော ချောင်းဆိုးပျောက် ဆေးရည်၊ မျက်စဉ်း၊ ဗလရှင်ဆေးပြားများ လှူဒါန်းပြီးပြန်။ အဲဒီနောက် ဆက်လုပ်သည်။ ည ၈ နာရီခွဲတွင် ကျိန်းတော်မူသည်။

http://www.dhammadownload.com

(၅-၁-၉၂)

ဆရာတော် ၆ နာရီမတ်တင်း အာရုံဘုဉ်းပေးသည်။ အအေးများလွန်ကဲ၍ ဆရာတော် အခန်းဝင် အနွေးဓာတ်ယူသည်။ ၈ နာရီလောက်တွင် ဆေးအပ်ပွဲ အခမ်းအနား ကျင်းပ၍ ရဦးဆရာတော်ကြီးအား ကိုယ်တိုင် လူတော်မူပါသည်။ ဆရာတော် ၃ လ တကြိမ် မင်းကွန်းတိုက်နယ် ဆေးရုံသို့ ဆေးအမျိုးပေါင်း ၇၀ ကျော်အား ဝယ်ယူ လှူဒါန်းခဲ့သည်မှာ ယခု ၆၃ ကြိမ်ပင် ပြည့်ခဲ့ပါပြီ။ အဘိုးအဘွားများ၊ မရှိဆင်းရဲသူများ၊ မုဆိုးမများအား အလှည့်ကျ ပေးကမ်းစွန့်ကြဲခဲ့သည်မှာ အကြိမ်ပေါင်း မနည်းတော့ပါ။ ဆရာတော် ပြိုးနေပါသည်။ အလှူတန်းများ၊ အားရတင်းတိမ်ရောင့်ရဲမှုမရှိပါ။ အလှူအတန်းဘက်သာ အာရုံပြုတော်မူသည်။ ၁၀ နာရီမှ အခမ်းအနား ပြီးပါသည်။ ၁၀ နာရီခွဲတွင် နေ့ဆွမ်းဘုဉ်းပေးပါသည်။ ၁၂ နာရီတွင် စတင် သေနာသနဗာဟိရ အလုပ်များ၊ စာရွက်စာတန်းများ ရှင်းသည်။

(၆-၁-၉၂)

ဆရာတော် ၆ နာရီတွင် အာရုံဘုဉ်းပေးသည်။ အာရုံပြိုး အခန်းဝင် အနွေးဓာတ်ယူသည်။ ၈ နာရီလောက်တွင် ဆရာတော်သည် အလုပ်မရှိလျှင် အလကား မနေတတ်ပါ။ တွေ့ရာ မြင်ရာ စာရွက်စာတမ်းများကို စိစစ်သည်။ အခန်းတွင်း သေတ္တာဘီရိများ သော့မခတ်ရန်ပင် အမိန့်ရှိသည်။ စနစ်တကျ တခုခြင်း ရှင်းလင်းပါသည်။ ဆွမ်းစားချိန်သို့ ရောက်ပါမှ ဆရာတော် ဆွမ်းစားချိန် ရောက်ပါပြီဟု လျှောက်ထားရပါတော့သည်။ အတော်လေးနေမှ ဆွမ်းစားပါတော့သည်။ ဆွမ်းစားပြီး ဆက်လုပ်ပါတော့သည်။ သေသေချာချာ စေ့စေ့စပ်စပ်နိုင်ပါပေ၏။ တိကျသော လုပ်ကိုင်ဆောင်ရွက်မှု ရှိ၏။ လူသည် တန်းသည်၊ သာသနာအတွက်၊ ဘာသာအတွက် လုပ်ဆောင်ချက်များသည် ဓမ္မူတခွင် သူမတူအောင် စွမ်းဆောင်ခဲ့သည်မှာ လူတိုင်းအသိပင်။ ကုဋိတက်ရန်နှင့် ကျင်ငယ်စွန့်ရန်ပင် အချိန်ကြာသည်ဟု အောင့်မေ့နေသည်။ ည ၈ နာရီမှ ကျိန်းပါတော့သည်။

ဆရာတော် ညကျိန်းလျှင် ခြေအိတ်စွပ်ကျိန်းသည်။ ဒါကြောင့်ပင်လား မျက်ရည်လွှာများ ထွက်နေပါသည်။ အသံတော်လေးကားလည်း ဝင်နေဟန်တူပါသည်။ သလိပ်ပျော်ဆေး၊ ချောင်းဆိုးပျောက်ဆေးရည်ကပ်ပြီး ကျိန်းပါတော့သည်။

(၇-၁-၉၂)

ဆရာတော် ၆ နာရီထိုးပြီး ခဏနေ အာရုံဘုဉ်းပေးသည်။ အာရုံပြီး အခန်းဝင် အနွေးဓာတ်ခံယူသည်။ အပြင်ထွက်လာလို့ ဆရာတော်၏ စိတ်ထဲဘဝင်မကျလျှင် အပြင်ဘက်တွင် ရှင်းပါတော့သည်။ အလယ်ထပ် ဆင်းလျှင် အလယ်ထပ် ဘဝင်မကျ အလယ်ထပ်မှာပင် အချိန်ကုန်သည်။ စာအုပ်စာပေများကလည်း ပေါပါဘိ။ ရှင်းလို့မပြီးနိုင်တော့ပါ။ ရှင်းလေ စာအုပ်တွေပေါလေ ဖြစ်နေသည်။ အောက်ထပ် ဆင်းလျှင် ဘဝင်မကျတာ ရှင်းသည်။ အောက်ထပ်နှင့်ပင် အချိန်ကို ကုန်လွန်စေသည်။ ၁၀ နာရီခွဲတွင် ဆွမ်းဘုဉ်းပေးသည်။ ၁၁ နာရီခွဲတွင် အလုပ်စတင်သည်။ အေးက အေးပါဘိ။ ဆရာတော် ပေနေလို့ ခဏခဏ အအေးပတ်သည်။ ချောင်းဆိုးသည်။ အောက်ထပ်က အေးနေ၍ အခန်းဝင်သည်။ ၈ နာရီမှ အခန်းဝင်ဖြစ်သည်။ ည ၁၁ နာရီမှ ကျိန်းပါတော့သည်။ နေ့ရှိသရွေ့ အချိန်ရှိသရွေ့ ပင်ပန်းသည်၊ ဆင်းရဲသည်ကို အလေးမပြု။ အာဂမ အာဇာနည်သွေးပြောင်ပါပေသည်။

(၈-၁-၉၂)

ဆရာတော် ၆ နာရီထိုးခါနီး အာရုံ ဘုဉ်းပေးသည်။ နယ်ပေါင်းစုံမှ လှူဒါန်းထားသော ပေစာများ၊ ပရိယတ္တိ တက္ကသိုလ်တွင် ပြတိုက်အဖြစ်

http://www.dhammadownload.com

ထားရှိရန် ဖြစ်ပါသည်။ ပေစာကြိုးများ သေချာရစ်သည်။ ပေစာများ ရေနံသုတ်သည်။ အမလေးတိကျလိုက်ပါဘိ။ နံနံလေးမှ အတိမ်းအစောင်းမခံပါ။ နေ့ ၁၀ နာရီခွဲ တွင် နေ့ဆွမ်းဘုဉ်းပေးသည်။ ဘုဉ်းပေးပြီး သင်္ကန်းလေးများ ချုပ်သည်။ နေ့ ၁ နာရီလောက်တွင် ဟောင်ကောင်မှ ဧည့်သည်များ လာရောက် ဆရာတော်ကို ဖူးမျှော်သည်ကို အဖူးခံသည်။ ဆရာတော် သင်္ကတော်ရှည်ရန် ဆုတောင်းသွားကြသည်။ ဧည့်သည်များ ပြန်သွားလျှင် အလုပ်ကတော့ ဆက်လုပ်သည်။ ကြာမြင့်သည်။ တကုန်းကုန်းနဲ့ အလုပ်လုပ်တော့သည်။ ည ၉ နာရီထိုးခါမှ ကျိန်းပါတော့သည်။

(၉-၁-၉၂)

ဆရာတော် မနက် ၆ နာရီ ၁၅ မိနစ် အာရုံဘုဉ်းပေးပါသည်။ အာရုံပြီး ပေစာများ ဆက်လုပ်ပါသည်။ ၈ နာရီတွင် မန္တလေးသို့ ရတနာယရကျောင်းဆောင်အတွက် ဦးသန်းညွှန့်တို့ကိုသို့ ကြွတော်မူပါသည်။ ဆရာတော်နှင့်အတူ တိုက်ကြပ်ဆရာတော်။ ဦးနိမလ၊ ဦးဓေပုလ္လသာမိ ၃ ပါး လိုက်ပါကြသည်။ ကျောင်းဆောင်အတွက် ဝတ္ထုငွေ ၁၀ သိန်းကို မိုးမိတ် ဥက္ကဋ္ဌများအား ရေစက်ချပေးအပ်လှူဒါန်းပွဲ ကျင်းပပါသည်။ ဆွမ်းအနုမောဒနာ တရား ကျောင်းအနုမောဒနာ တရားများ ချီးမြှင့်ပြီး ၁၀ နာရီခွဲလောက်တွင် ဆွမ်းဆက်ကပ်ပါသည်။ ၁ နာရီခွဲတွင် မိဘဂုဏ်သစ်ခွဲစက်မှ ကျောင်းရေစက်ချတရားချီးမြှင့်ပါသည်။ ၂ နာရီခွဲတွင် မန်းဆိပ်ကမ်းမှ မင်းကွန်းသို့ ၃ နာရီ ၁၅ မိနစ်တွင် ရောက်ရှိပါသည်။ ၄ နာရီတွင် ပေစာများ ကိုင်ပါသည်။ မန်းမှ ပြန် မင်းကွန်းသို့ ကလေးတွေ မုန့်ဝေပေးသည်။ ၄ နာရီမှ ည ၁ နာရီထိ ကြာမြင့်သွားပါသည်။ ညဉ့်နက်မှန်းပင် မသိလိုက်ပါ အော်-အတိဉ္ဉာဟ-အလွန်ပင် အလုပ်ကို ဖောက်ချလုပ်ကိုင်နေပါတော့သည်။

(၁၀-၁-၉၂)

ဆရာတော် မနက် အာရုံ ၆ နာရီခွဲမှ ဘုဉ်းပေးပါသည်။ အာရုံပြီး ပေစာများ ပြန်လည်သန့်စင်ပါသည်။ အချိန်ရှိခိုက် လုံလစိုက်ဆိုသည့် အတိုင်း ရသမျှအချိန်ကို အားသွန်ခွန်စိုက် လုပ်ဆောင်ပါတော့သည်။

၉ နာရီခွဲလောက်တွင် မိုးမိတ် တိ=နိ အမှုဆောင် လူကြီးများဖြစ်ကြသော ဦးပါ၊ ဦးလှိုင်ကြည်တို့မှ ဆရာတော်ဘုရားအား မန္တလေးသို့ ညကျိန်းပါရန် လျှောက်ထားသည်။ ၁၁ ရက်နေ့အတွက် မနက်အစောထလာရရင် အေးမှာစိုး၍၊ အအေးမိမှာစိုး၍ ဖြစ်ပါသည်။ ကျိန်းပါမယ်ဟု ပြန်ကြားပြီး ဆက်လုပ်ပါသည်။ ဆွမ်းစားချိန်ရောက်ခါမှ ဆရာတော် ဆွမ်းစားချိန်ရောက်ပါပြီဟု လျှောက်ထားယူရပါတော့သည်။

ဆွမ်းစား ဆွမ်းကိစ္စပြီးလျှင် ဆက်လုပ်ပါသည်။ နေရာစေ့ဒေါင့်စေ့ လက်ဝင်အောင် လုပ်နေသည်မှာ အားရဘွယ် အတုယူဘွယ်ပင် ဖြစ်ပါသည်။ အမှုဆောင်လူကြီးများ ပြန်သွားပြီး ၂ နာရီ ကြွရန်ပါမိန့်လိုက်ပါသည်။ တခုချင်း တလွှာခြင်း တထပ်ခြင်း ပြုလုပ်နေသည်မှာ စိတ်ဝင်စားဘွယ်ရာ ဖြစ်ပါသည်။ ချမ်းရ အေးရမှန်းပင် ဂရုမပြုအားပါ။ ည ကျိန်းသည့်အခါ ခြေအိပ် စွတ်အိပ်လို့ ဖြစ်သည်။ ၁ မိနစ်မှ ၁ နာရီ၊ ၁ နာရီမှ ၂ နာရီသို့ တိုင်ခဲ့ပြီ။ ဆရာတော်က မကြွအားသေး။ ၂ နာရီမှ ၃ နာရီသို့ ရောက်ခဲ့ပြီ ဆရာတော်က မကြွအားသေး၊ မန္တလေးက ကြိုနေသော ဒကာများ မျှော်တလင့်လင့် သာသနာ့အလံ တလူလူ မော်တော်ကို မြင်လိုကြသည်။ ၄ နာရီသို့ ရောက်ခါမှ မန်းသို့ ကြွပါတော့သည်။ တနေကုန် မလုပ်ရတာ နာတယ်ကွာ-ဟု ပြောပါသည်။ ည ၁၀ နာရီ ၁၁ နာရီထိ မလုပ်ရခြင်းကို ပြောပါသည်။ မနက်ဖန် သံဃာဆယ်ပါး မန်းသို့ လာခဲ့ကြဟု မှာပြီး ကြွပါတော့သည်။ မန်းတွင် ည ၇ နာရီခွဲ ၈ နာရီတွင် ကျိန်းပါတော့သည်။

http://www.dhammadownload.com

(၁၁-၁-၉၂)

ဆရာတော်ဘုရားကြီး မန်းကျောင်းတော်၌ ၆ နာရီမတ်တင်း အာရုံဘဉ်းပေးသည်။ အာရုံပြီး အခန်း၀င် အနွေးဓာတ်ယူသည်။ တိုင်းမှူး ဦးထွန်းကြည်မှ လှူဒါန်းသော အိတ်ဇူးဇူး ကားလာပို့သည်။ ဆရာတော် ကားကို သေချာကြည့်သည်။ ၇ နာရီခွဲတွင် နန်းတွင်းသို့ ဗိုလ်ချုပ်မှူးကြီး စောမောင် ရဟန်းခံရှင်ပြု အလှူရေစက်ချပါသည်။

ပရိယတ္တိတက္ကသိုလ်ကျောင်းမှ ကိုရင်ဇင်္ဂီလ အား ရဟန်းခံ၍ ရှင်အပါး ၁၁၁၀ အား ရှင်ပြု အလှူရေစက်ချ ချီးမြှင့်ပါသည်။ နန်းတွင်းထဲမှာပင် နေ့ဆွမ်း ဘဉ်းပေးသည်။ နန်းတွင်း ဗိုလ်ချုပ်မှူးကြီးနှင့် သလွာပကထာ ပြောပြီး ပြန်ကြပါသည်။ ကျောင်းတော်သို့ ၁၂ နာရီခွဲ မှ ရောက်ပါသည်။

ကျောင်းတော်သို့ ရောက်လျှင် တိုင်းမှူး လှူဒါန်းသော ကားကို မင်းကွန်းသို့ ပြန်ခိုင်းပါသည်။ ကိုတင်၀င်း မောင်း၍ သံဃာတော် ၆ ပါးနှင့် ဧည့်သည် ၃ ဦးလည်းပါသည်။

နန်းတွင်းထဲ၌ နံနက်ခင်း ရဟန်းခံပေးသည်။ နေ့ခင်းဘွင် ရှင်ပြုပေးကြသည်။ ရဟန်းခံရှင်ပြု အလှူရေစက်ချသည်မှာ ၄၅ မိနစ်ကျော်လောက် ရှိမည်။ ဆရာတော်သည် ကျောင်းတော်၌ ခေတ္တ သီတင်းသုံးတော်မူပါသည်။ ညနေ ဒုတိယ အမြန် ရထားဖြင့် ပဲခူးမြို့သို့ မြို့မ ဆရာတော်ကြီးနှင့် သိမ်သမုတ်ခြင်း မဂ်လာ အခမ်းအနား ကျင်းပမည်ဖြစ်၍ ပဲခူးသို့ နေ့ချင်း ကြွတော်မူပါသည်။

ဆရာတော်သည် ရထားပေါ်တွင်လဲ မေတ္တာပို့ခြင်း၊ ဘာ၀နာပွားခြင်း၊ ပုတီးစိတ်ခြင်း၊ ပဋ္ဌာန်းဂုဏ်တော်ကို အာရုံပြုခြင်း၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းများ ပြုလုပ်ပါသည်။ ဆရာတော်သည် ပဲခူးညာ ကျိန်းရန်အချိန်ကိုပင် မပေးနိုင်။ လုပ်စရာတွေ အများကြီးရှိသေးသည်ဟု မိန့်ပါသည်။ ၁၃ ရက်နေ့ မင်းကွန်းသို့ ပြန်ရောက်မည်။ ၁၂ရက်နေ့ သိမ်သမုတ်မည် ဖြစ်ပါသည်။ ဆရာတော် ဤညာ ရထားပေါ်ကိုန်းပါသည်။

(၁၂-၁-၉၂)

ဆရာတော်ကြီး ပဲခူးမြို့ပေါ်သို့ ၈ နာရီလောက်တွင် ရောက်ရှိသည်။ ပဲခူးမြို့ ဥဿာသီရိစာသင်တိုက် သိမ်သမုတ်မဂ်လာ အခမ်းအနား ကျင်းပရာတွင် မြို့မဆရာတော်ဘုရားကြီးနှင့်အတူ ပါ၀င်တော်မူပါသည်။ ဆရာတော်ကြီးနှစ်ပါးမှာ အလွန်ပင် အေးမြချမ်းသာလှပါသည်။ မေတ္တာတော်များ ကိန်းနေသည်မှာ ထင်ရှားနေပါသည်။ ကြည်ညိုရသည်မှာ အားရဘွယ်မရှိပါ။ ၀ါစာဗဟုလ သံသဋ္ဌနည်းပါးတော်မူကြသည်။ အာဃာတ မက္ခ ပလာသ အာဃာတမာန်မာန ဂုဏ်ပြိုင်ခြင်း ၀ါကြွားပ၀ါးခြင်းလည်း နည်းပါးတော်မူသည်။

ဆရာတော်မှ ရေစက်ချ အနုမောဒနာတရားတော်များ ချီးမြှင့်ပါသည်။ မြို့မ ဆရာတော်ဘုရားကြီး ၅ ပါးသိလ ချီးမြှင့်တော်မူပါသည်။ သမ္မောဒနီယကထာ တရားတော်များ ချီးမြှင့်တော်မူပြီးလျှင် ခေတ္တ အနားယူ သီတင်းသုံးတော်မူကြပါသည်။ ၁၀ နာရီ နေ့ဆွမ်းကို ဥဿာသီရိ စာသင်တိုက်မှာပင် ဘဉ်းပေးပါသည်။ မြို့မဆရာတော်ကြီးနှင့်အတူ ဘဉ်းပေးတော်မူပြီး နာရီ၀က် အနားယူ သီတင်းသုံးပါသည်။

ဥဿာသီရိစာသင်တိုက်မှတဆင့် ဥဿာသီဂီ စာသင်တိုက်သို့တဖန် သိမ်သမုတ်ခြင်း မဂ်လာအခမ်းနား ကျင်းပရာ၌ ဆရာတော်ကြီးမှ သမ္မောဒနီယကထာ (သာသနာအတွက်၀မ်းသာဘွယ်) တရားတော်များကို ချီးမြှင့်တော်မူသည်။ ရေစက်ချ တရားတော်များ ချီးမြှင့်ပြီးလျှင် ဥဿာသီရိစာသင်တိုက်သို့ ခေတ္တ သီတင်းသုံးတော်မူပါသည်။

ဥဿာသီရိစာသင်တိုက်မှ တဆင့် ညနေ ၆ နာရီ ပဲခူးဘူတာမှ ရထားစီးပါသည်။ မနက် ၈

http://www.dhammadownload.com



မင်းကွန်းတိပိဋကဓရဆရာတော်ဘုရားကြီး စာချပေးတော်မူပုံ



ဆေးအပ်ပွဲ အခမ်းအနားကျင်းပနေတော်မူပုံ

http://www.dhammadownload.com

နာရီရောက် ညနေ ၆ နာရီ ပြန်စီးခြင်း ဖြစ်ပါသည်။ ညကျိန်းတော်မမူပါ။ အချိန်နှင့်အမျှ တန်ဖိုးထားတော်မူသည်မှာ နေ့မအား ညမနားဘဲ သာသနာအကျိုးကို ဆောင်ရွက်တော်မူသည်မှာ သာဓကတရပ် ဖြစ်ပါသည်။ ဓမ္မစကြာမင်း ဘုရားမင်းလောင်းလေလော့ဟု ဆိုအံ့ဘွယ်ဖြစ်ပါသည်။

(၁၃-၁-၉၂)

ဆရာတော်ဘုရား ပဲခူးမှ ပြန်ကြွတော်မူရာ မန္တလေးသို့ ၇ နာရီ မိနစ် ၃၀ တွင် ရောက်ရှိပါသည်။ မီးရထားပေါ်မှာပင် မျက်နှာတော်သစ်သည်။ ဘူတာမှတဆင့် ရွှေဟင်္သာ တိပိဋကကျောင်းတော်သို့ ခေတ္တ သီတင်းသုံးပါသည်။ ကျောင်းတော်မှာပင် အာရုံကို ဘုဉ်းပေးသည်။ အာရုံပြီးလျှင် ဆရာတော် တနာရီကြာမြင့်စွာ သီတင်းသုံးပါသည်။ ကျောင်းတော်မှ နံနက် ၉နာရီ ၁၅ မိနစ်တွင် ထွက်ခွာ၍ မရမ်းခြံ ဆိပ်ကမ်းမှ မင်းကွန်းသို့ ပြန်ကြွတော်မူပါသည်။

မင်းကွန်းသို့ ၁၀ နာရီ ၅ မိနစ်တွင် ရောက်ရှိပါသည်။ ရောက်ပြီး ခဏနေ နေ့ဆွမ်း ဘုဉ်းပေးပါသည်။ ဆွမ်းဘုဉ်းပေးပြီးလျှင်ပင် အလုပ်ကို ဆက်လုပ်ပါသည်။ ပေစာများ ပြန်လည် စီစစ်ခြင်း၊ သန့်စင်ခြင်း၊ ကျစ်လျစ်ခြင်း၊ သပ်သပ်ရပ်ရပ် လုပ်ကိုင် ဆောင်ရွက်ခြင်းတို့မှာ တိကျသော သာဓကတရပ် ဖြစ်ပါသည်။ ဆရာတော်ဘုရားက ဟောနေ ပြောနေရမှ ဆရာတော်က ကျန်းမာ စိတ်ချမ်းသာရပါ၏။ အဘိုးအနဂ္ဃထိုက်တန်သော စိန်စီပတ္တမြား နဝရတ်ရတနာတို့ကို ပိုင်ဆိုင်ထားသော်လည်း ခက်ထက်မာကြော မာန်မာန အာဃာတတို့မှ ကင်းသော သူကဲ့သို့ ပိဋကတ်သုံးပုံ နှုတ်ငုံ ဆောင်ထားသော်လည်း အထက်ပါအားလုံး အညစ်အကျေးများ ကင်းစင်သော မေတ္တာတော်မြတ် ဖုံလွှမ်းနေသော် မျက်ဝန်းတော်ပါပေတကား-ဟု ရင်တွင်း လှိုင်းခတ်လို့ ကျူးရင့်ရပါတော့သည်။ အော်-သာသနာတော်မြတ်အတွက် အလွန်ထူးခြား ဆန်းကြယ်သော ပုဂ္ဂိုလ်ထူးပေတကား-ကုဋီတက် ရုံလောက်သာ အပြင်ထွက်သည်။ ပေစာနှင့် အလုပ်မပျက်၊ ည ၁၁ နာရီမှပင် ကျိန်းပါတော့သည်။

ဂုဏ်ထူး ပုဂ္ဂိုလ်ထူး ဖြစ်၏။ ဂုဏ်ထူး ဘွဲ့ထူးပေးသင့်ပါသည်။

(၁၄-၁-၉၂)

ဆရာတော်ဘုရားကြီး နံနက် အာရုံ ၆ နာရီ ၁၅ မိနစ်တွင် ဘုဉ်းပေးပါသည်။ အာရုံပြီးလျှင် ပေစာကို ဆက်လက်လုပ်ကိုင်သည်။ ဆရာတော်မှ ပေစာရှင်းရင်း အနီးရှိ ကိုရင်များ ပျင်းမည်စိုး၍ မိန့်တော်မူသည်မှာ ပညာဆိုတာ စုံသည်ဟုမရှိကြောင်းနှင့် ရှေးတုန်းက တက္ကသိုလ် ဆရာကြီးထံမှ ပညာသင်ပြီး ပြန်အလာ လမ်းတွင် ရေဆာ၍ ရေတွင်းသို့သွားပြီး မိန်းခလေးထံတွင် ရေတောင်းသောက်သည်။ ပညာသင်ပြီး ပြန်လာတာဖြစ်လျှင် ဒါဖြင့် ပညာစုံခဲ့လားဟု မေးရာ စုံခဲ့ပါပြီဟု ဖြေရာ၊ မိန်းခလေးက ကယ်ကြပါအုံးဟု အော်သည်။ လုလင်လဲ အထိတ်တလန့်ဖြစ်ကာ အကြံအိုက်နေသည်။ လူတွေ ဝိုင်းအုံလာခါနီးမှ ကလေးမက ရေတွင်းထဲ ဆင်းနေဟု ပြောသည်။ ဒီမယ် လုပ်ကြပါအုံး၊ လူတယောက် ရေတွင်းထဲ ရေနစ်နေလို့ ဆယ်ပေးကြပါအုံးဟု အကူအညီ တောင်းရသည်။ အဲဒီလူလဲ အသက်ချမ်းသာရာ ရသွားပါတော့သည်။ ပညာဆိုတာ ဘယ်တော့မှ မစုံဘူးဟု" အမိန့်ရှိပါသည်။

၁၀ နာရီခွဲတွင် နေ့ဆွမ်း ဘုဉ်းပေးပါသည်။ နေ့ဆွမ်းပြီး ပေစာဘဲ ပြန်လည်သန့်စင်သည်။ "ပေစာကို နောက်လူတွေ မြင်ဘူးအောင် ထိန်းသိမ်းရမည်" ဟုလည်း အမိန့်ရှိပါသည်။

အချိန်သည် လူကိုမစောင့် ဆိုသည့်အတိုင်း ဆရာတော်ကလည်း အချိန်ကို မစောင့်နိုင်၊ ရသမျှ

http://www.dhammadownload.com



ဆရာတော်ဘုရားကြီး ပေစာချပ်များ ရှင်းလင်းသန့်စင်နေတော်မူပုံ။



ဆရာတော်ဘုရားကြီး သင်္ကန်းဖြတ်ပေးနေတော်မူပုံ။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားကြီးသည်
သက်တော်(၈၀)ပြည့်ချိန်မှစ၍ ပေစာထုပ်များ
ရှင်းလင်းကာ စနစ်ထုပ်ပိုး ကမ္ဘည်းထိုး၍ တက္ကသိုလ် ပိဋကတ်တိုက်ကြီးများသို့
ပေးပို့လှူဒါန်းရန် အချိန်ပြည့် လုပ်ဆောင်တော်မူနေပုံ။

http://www.dhammadownload.com

အချိန်ကို တွယ်ကပ်ပြီးလုပ်သည်။ အချိန်ကို အလုပ်ထဲမှာပင် မြုပ်ပြစ်လိုက်သည်။ နေ့လား ညလား အချိန်ကိုပင် မေးရတော့သည်။ ည ၁၁ နာရီသို့ တိုင်ပါပြီဟု ဖြေကာမှ အင်တင်တင် မပြီးခြင်ပြီးခြင်း ကဲ-အိပ်ချေကြတော့ဟု ပြန်လွှတ်ပါသည်။ နာရီပေါင်း ၃၀ ရှိလျှင် နာရီပေါင်း ၃၀ ပင် လုပ်မည်မှာ သေချာသည်။ ပူသည်အေးသည်ကို ပဓာနမထား၊ အလုပ်ကိုသာ ပဓာနထားသည့် ဆရာတော်ဘုရားပေတကား။

(၁၅-၁-၉၂)

ဆရာတော် ၆ နာရီ ၁၅ မိနစ်တွင် အာရုံဘုဉ်းပေးသည်။ အာရုံပြီးလျှင်ပြီးချင်း ပေစာများကို ပြန်လည်သန့်စင်ခြင်း၊ အကွရာအစဉ်များ စစ်ဆေးခြင်း၊ ပေစာပလ္လင်တိုင်များ သတ်မှတ်ခြင်း၊ ပေစာချည်ကြိုးများ နှစ်ခမ်းလုံးခြင်း၊ ရေနံသုတ်၍ အက္ခရာစဉ်များဖော်ရခြင်း၊ ကျမ်းအမည်နှင့်ပေစာကြောင်းရေများ၊ ပေစာထုပ်နံပါတ်စဉ်များ စသည်စသည်တို့ကို သေချာ စေ့စပ် တိကျစွာ လုပ်ကိုင်ဆောင်ရွက်ပုံတို့မှာ အသက်ရှူရပ်မတတ်ပင် အံ့သြလောက်ပါပေသည်။

ဆရာတော် မကြာခဏ အမိန့်ရှိပါသည်။ "လူဆိုတာ အသက်ကြီးလာရင် စာအုပ်ပဲ အဖော်ပြုနေတာ အကောင်းဆုံး"တဲ့ ပြောပါသည်။ နောက်ရေကန်ထဲမှာ ရေညှိတက်တယ်ဆိုတဲ့ သဘောဟာ ရေကန်ထဲမှာ ဖယောင်းချက်ကြလို့ သို့မဟုတ် ဖယောင်းတိုင် ထွန်းလို့ဟု မိန့်ပါသည်။ လွန်စွာမှ အဘိုးတန်သော စကားတော်များ ဖြစ်ပါပေသည်။

နေ့လည် ၁၀ နာရီခွဲတွင် နေ့ဆွမ်းဘုဉ်းပေးသည်။ နေ့ဆွမ်းကိစ္စပြီးလျှင် ပေစာများ ပြန်လည်၍ သန့်စင်ပါသည်။ ဆရာတော်သည် အရွယ်တော်ရလာသည်နှင့်အမျှ မနားတမ်း ဆောင်ရွက်တော်မူသည်မှာ လူတိုင်းအသိပင် ဖြစ်ပါသည်။ ရှေးတုန်းက သူတော်ကောင်း မထေရ်ကြီးများနည်းတူ ကျင့်သုံးနှလုံးတော် သွင်းဟန်ရှိသည်။ နာရီတွေသာ ပြောင်းသည်။ ဆရာတော်က နေရာမရွေ့။ ထိုင်မြဲထိုင်လျက်၊ လုပ်မြဲလုပ်လျက် ရှိပါသည်။ နေဝင်မှမိုးချုပ် မိုးချုပ်မှညဉ့်နက်သို့ ၁၁ နာရီတိုင် မပြီးနိုင်သေး။ ၁၁ နာရီခွဲကာမှပင် ခေတ္တရပ်နားပါတော့သည်။ ညကျိန်းကာမှပဲ (သက်ပြင်း) အသက်ရှူချောင်ပါတော့သည်။ အမြော်အမြင်ကြီးစွာဖြင့် လုပ်ကိုင်ဆောင်ရွက်ပုံတို့မှာ ဇကန်မုချမလွဲဟု ပြောရဲပါသည်။ မှတ်တမ်းအပြုခံရသည်မှာလည်း မကုန်နိုင်တော့။ ဂုဏ်ပေါင်းများစွာ ဝန်းရံနေသော ဆရာတော်ပေတကား။

(၁၆-၁-၉၂)

ဆရာတော် နံနက် အာရုံ ၆ နာရီခွဲတွင် ဘုဉ်းပေးပါသည်။

အာရုံပြီးလျှင် ပေစာဘဲ ဆက်လုပ်ပါသည်။ မပင်မပန်း မနှမ်းမရိ ရွှင်ရွှင်ပြပြ လုပ်ကိုင်ဆောင်ရွက်ပုံတို့မှာ ကြည်ညိုဘွယ်ရာ ပသာဒနီယဂုဏ် ဖြစ်ပါပေ၏။ ဆရာတော် ပဲခူးမှာတုံးက သမာနသံဝါသသိမ်ကို 'သာ' ပါသင့်, မပါသင့်ကို အမိန့်ရှိပါသည်။ ဘုန်းကြီးတို့ ငယ်ငယ်တုန်းက ပခုက္ကူ မဟာဝိသုတာရာမဂိုဏ်းနှင့် မန္တလေးဂိုဏ်း ခြေသုံ့ကြီးတွေ ကိုက်ကြတာ လက်တလုံးလောက်ထူတဲ့ စာအုပ်ကြီးတွေ ထွက်တာ၊ တပည့်တော်တို့က ခြေသုံ့ အသေးကလေးတွေပါ။ ဘာမှဝင်မပြောရဲဘူး။ သမာနသံဝါသမှာ သာပါတာ မှန်သည်။ ပခုက္ကူက သာမပါတာမှန်သည်ဟု ငြင်းကြသည်။ အဝိပ္ပဝါယသိမ်သာ မှန်ပါသည်ဟု အမှတ်ရဘွယ် ပြန်လည်ပြောပြသည်။

တန်ဘိုးရှိပေစု၊ အနားကိုယ်တော်လေးအားလဲ မပျင်းရိအောင် စကားစမြည်များ ပြောပြတတ်ပါသည်။ အလှည့်ကျ ကိုယ်တော်လေးများ ထိုင်ရသည်။ ကြာကြာမနေနိုင်ကြ။ ဆရာတော်သာ

http://www.dhammadownload.com

လျှင် မပြောင်းမရွေ့ဘဲ စီစစ်နေခြင်းဖြစ်ပါသည်။ ၁၀ နာရီခွဲတွင် နေ့ဆွမ်း ဘုဉ်းပေးသည်။ ဆွမ်းကိစ္စ ပြီးလျှင် ခေတ္တ ကိုယ်တော်လေးအား နားခိုင်းသည်။ ၁၂ နာရီ ပြန်လည် စတင်သည်။ ၁ နာရီမှ ၂ နာရီ သို့ အလှည့်ကျဖြင့် ပြောင်းလာခဲ့ရာ ည ၁၁ နာရီ ထိုးခါမှ ဆရာတော်လည်း ပေစာကိုင်ခြင်း လုပ်ငန်းကို ရပ်ပါတော့သည်။ ၁၁ နာရီခွဲတွင် ည ကျိန်းပါတော့သည်။

အလုပ်ကို မဆုတ်နစ်ပဲ ဇွဲနှင့် လုပ်ဆောင်တော်မူနေသော သက်တော်(၈၀)ကျော် ဆရာတော်ကြီးကား ကြည်ညိုဖွယ်ပါတကား။

စုပေါင်းရှင်ပြုပွဲ

၁၃၄၅ ခု၊ ဦးတန်ခူးလပြည့်ကျော် ၈ ရက်နေ့ (၂၃-၄-၉၂)နေ့တွင် ရန်ကုန်မြို့ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း ရန်ကုန်တိုင်း အတွင်းရှိ ရှင်မပြုရသေးသော လူငယ်(၁၈၀၀)အား ရှင်ပြုပွဲ အခမ်းအနား ကျင်းပရာ ဆရာတော်ကြီး ကြွတော်မူပါသည်။ ဤရှင်ပြုပွဲကား "အသက်(၉)နှစ်ပြည့်ပြီး ဖြစ်သော်လည်း အကြောင်းကြောင်းကြောင့် ရှင်သာမဏေ မပြုရသေးသော သူငယ်များအား ရှင်သာမဏေပြုပေးကြပါ" ဟူသော ဆရာတော်ကြီး၏ ဩဝါဒကို ဦးထိပ်ပန်ကာ ရန်ကုန် တိုင်းမှူးက ဦးဆောင်၍ ပြုသောပွဲ ဖြစ်ပါသည်။

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) လွှဲအပ်ပွဲ

မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီးသည် တုဖက်ရန်မမှီသော ဇွဲလုံ့လဖြင့် နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ၊ ဇီဝိတဒါန သာသနာအထူးကု ဆေးရုံကြီးနှင့် ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းတို့ကို ကြီးလေးကြီး စိမ်းကိန်း အပါအဝင် လုပ်ငန်းများကို အောင်အောင်မြင်မြင် လုပ်ဆောင်တော်မူခဲ့ပါသည်။ ကြီးလေးကြီးဆိုသည်မှာ ဆရာတော်ကြီးသည် ခေါင်းလောင်းကြီး၊ ခြင်္သေ့ကြီး စသည့် ကြီးလေးကြီး တည်ရှိရာ မင်းကွန်း အရပ်မှ ကြွလာတော်မူခြင်းဖြစ်၍ ကြီးလေးကြီး အဖြစ် တက္ကသိုလ်ကြီး၊ သိမ်တော်ကြီး၊ ဥယျာဉ်တော်ကြီး၊ ဘေးမဲ့ကန်တော်ကြီးဟူ၍ တက္ကသိုလ် တခုတွင် ထိုကြီးလေးကြီး ပါဝင်ရန် ဆောင်ရွက်ခြင်းဖြစ်သည်။ ရန်ကုန်တက္ကသိုလ်၌ သိမ်တော်ကြီး (မူလရှိပြီးမွမ်းမံသည်)၊ တက္ကသိုလ်ကြီး၊ ဥဿာသီရိဥယျာဉ်တော်ကြီး၊ ဒဂုံသီရိ ကန်တော်ကြီး-ဟု ရှိ၏။ မန္တလေး တက္ကသိုလ်တွင် ဓမ္မဓရသိမ်တော်ကြီး၊ တက္ကသိုလ်ကြီး၊ ဇေယျာသီရိကန်တော်ကြီး၊ မန္တလာသီရိ ဥယျာဉ်တော်ကြီး-ဟု ရှိ၏။ ဤသာသနာပြုလုပ်ငန်းများကို လုပ်ဆောင်တော်မူလာရာတွင် ဆရာတော်ကြီးမှာလည်း ကျန်းမာရေး မကြာခဏ ချို့ကာ သက်တော်ရွယ်တော်ကလည်း ဇရာဒုဗ္ဗလ အရွယ်ဖြစ်ခဲ့ပြီး၊ တည်ဆောက်ရေး ဥက္ကဋ္ဌကြီး ဦးသာလှမှာလည်း ကျန်းမာရေး ချို့ယွင်းမှုများ ရှိလာပါသဖြင့် လွှဲအပ်ကြမှဟု ဆရာ+ဒကာ တိုင်ပင်ပြီး လွှဲအပ်ပွဲ အခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်) လွှဲအပ်လက်ခံပွဲ အခမ်းအနားကို ၁၉၉၂-ခု၊ မေလ ၃၁-ရက် တနင်္ဂနွေနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်) ကျောင်းဝင်းရှိ မိုးကုတ် ဆွမ်းစားကျောင်း၌ ကျင်းပပါသည်။

ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်း ဆရာတော်ဘုရားကြီး အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အလှည့်ကျ ဆရာတော်ကြီးများနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်မှ သင်ကြား စိမ် ဆရာတော်ကြီးများ ကြွရောက်တော်

http://www.dhammadownload.com

မူကြပြီး၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မျိုးညွန့်. အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီးဦးသန်းရွှေ၊ သာသနာရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီးဦးကျော်အေး၊ ပြည်သူ့ရဲတပ်ဖွဲ့. ရဲချုပ် စံသိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ အမှတ်(၁) စစ်ဒေသမှူး ဗိုလ်မှူးကြီး ကျော်မြင့်၊ တိပိဋကနိကာယ ပင်မဥပဋ္ဌာကအဖွဲ့.နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့.တို့.၏ ဥက္ကဋ္ဌ အထူးကု ဆရာဝန်ကြီး ဦးသာလှနှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများ၊ ပြည်နယ်/တိုင်း တိ=နိ ဥပဋ္ဌာကဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင်များ၊ အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်လိုက်ပြီး လယ်တီပဏ္ဍိတ ဆရာ ဦးမောင်ကြီးနှင့် ဆရာ ရွှေတိုင်ညွန့်တို့ ရေးသားစပ်ဆိုခဲ့ကြသည့် ရောင်ခြည်တော်ဘွဲ့၊ ရွှစ်လုံးဘွဲ့ဂါထာများနှင့် ရောင်တော်ဖွင့် ဓမ္မတေးဂီတကို တိ=နိ ဥပဋ္ဌာကအနုပညာအဖွဲ့.ငယ်မှ အနုပညာရှင်များက ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ် မျိုးညွန့်.က နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်)အား လွှဲအပ် လက်ခံရာတွင် ဆက်လက် ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်း လျှောက်ထားရာ၌-

"ယနေ့ ကျင်းပသည့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) လွှဲအပ်သည့် အခမ်းအနားတွင် တပည့်တော် လျှောက်ထားခွင့် ရရှိသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း လျှောက်ထားလိုပါသည် ဘုရား။ ဗုဒ္ဓသာသနာတော် သန့်ရှင်းတည်တံ့ ပြန့်ပွားရေး ပထမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးက ဂန္ဓမုရ ဖြစ်သည့် ပရိယတ္တိ စာပေ သင်ကြားရေးနှင့် စပ်လျဉ်း၍ ဖော်ပြပါ မူလေးရပ် ချမှတ် ပြဋ္ဌာန်းပေးခဲ့ပါသည် ဘုရား၊ (၁) ကိုယ်ကျင့်တရား ပိုမိုကောင်းမွန်စေခြင်း၊ (၂) ပိဋကတ် ကျမ်းဂန် နှံ့စပ်စေခြင်း၊ (၃) ပါဠိဘာသာ တတ်မြောက် ကျွမ်းကျင်စေခြင်း၊ (၄) မြန်မာစာပေ အရေးအသား တော်စေခြင်း၊ ယင်း မူလေးရပ်ကို အခြေခံ၍ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့.သည် သက်ဆိုင်ရာ ပညာရေး အဖွဲ့.ငယ်အား ယင်းမူလေးရပ်ကို အခြေခံ၍ ပရိယတ္တိ စီမံကိန်းတစ်ရပ် ရေးဆွဲစေခဲ့ရာ ယင်းစီမံကိန်းတွင် (၁) တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲစနစ် ပြုပြင်ကျင်းပရန်၊ (၂) ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းများ ဖွင့်လှစ် သင်ကြားပေးရန်၊ (၃) ပထမပြန် စာမေးပွဲ ပြုပြင်ကျင်းပသွားရန်၊ (၄) ရန်ကုန်နှင့် မန္တလေးမြို့.တို့၌ ပရိယတ္တိ ပညာရေး တက္ကသိုလ်ကျောင်းကြီး တစ်ကျောင်းစီ တည်ထောင် ဖွင့်လှစ်ရန်တို့ ပါရှိပါသည် ဘုရား။

ယင်း ပရိယတ္တိပညာရေး စီမံကိန်းအရ ရန်ကုန်မြို့.နှင့် မန္တလေးမြို့.တို့၌ ပရိယတ္တိ ပညာရေး တက္ကသိုလ် ကျောင်းတော်ကြီးများ တည်ထောင် ဖွင့်လှစ်နိုင်ရန်အတွက် (၂၀-၁၀-၈၃)နေ့တွင် ကျင်းပသည့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့. (၄၅)ပါး စုံညီ (စုဒ္ဒသမ) အစည်းအဝေးကြီးက မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးအား ဦးဆောင် ပဓာန နာယက ဆရာတော်အဖြစ် ထားရှိပြီး ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှ ဥက္ကဋ္ဌ အဖြစ် ပါဝင်သည့် ဒါယကာ (၁၅) ဦး ပါဝင်သော ရန်ကုန်မြို့. နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့.ကို ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါသည် ဘုရား။ ယင်းသို့ တာဝန်ပေးအပ်ချက်အရ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးနှင့် အဖွဲ့.သည် မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ

http://www.dhammadownload.com





နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)အားသာသနာရေး ဝန်ကြီးဗိုလ်ချုပ်မှူးညွှန့်. သို့
တိပိဋက=နိကာယသာသနာပြဋ္ဌာပနာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီးဦးသာလှမွန်လွှဲအပ်ပွဲအခမ်းအနား။

http://www.dhammadownload.com

အလှူရှင်များ၏ အလှူငွေများဖြင့် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများကို တည်ဆောက်ခဲ့ရာ ဝိဇ္ဇာလယ ကျောင်းဆောင်များနှင့် နာယကဆောင်၊ စာသင်ခန်းမဆောင်များ ပြီးစီးခဲ့ပါသည် ဘုရား။ ယင်းသို့ ဆောက်လုပ် ပြီးစီးသမျှသော အဆောက်အအုံ အချို့ဖြင့်ပင် သာသနာ့ တက္ကသိုလ် ကျောင်းတော်ကြီးများ ဖွင့်လှစ်ပေးဖို့ စီမံခဲ့ရာ (၂၆-၆-၈၆) နေ့တွင် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကိုလည်းကောင်း၊ (၂၀-၈-၈၆) နေ့တွင် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကို လည်းကောင်း စတင်ဖွင့်လှစ်နိုင်ခဲ့ပါသည် ဘုရား။ ထိုသို့ ဖွင့်လှစ်ရာ၌ သင်ကြားပို့ချမည့် ဆရာများ ပြည့်စုံမှု မရှိသေးသဖြင့် နီးစပ်ရာ ရန်ကုန်၊ မန္တလေး ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်များမှ ဆရာများနှင့် အငြိမ်းစား တက္ကသိုလ်ပါမောက္ခများ၊ ကထိကများက စေတနာ့ဝန်ထမ်း ကူညီပံ့ပိုး သင်ကြားပေးခဲ့ကြောင်း သိရှိရပါသည် ဘုရား။ စာပေသင်ကြားမှုများ စနစ်တကျ ဆောင်ရွက်လာနိုင်ခဲ့သည်မှာ ယခုအခါ ခုနှစ်နှစ်တာ ကာလသို့ပင် ရောက်ရှိလာခဲ့ပါသည် ဘုရား။ ယင်းကဲ့သို့ အလွန်ကြီးမားသည့် သာသနာ့ တက္ကသိုလ်ကြီးများကို သိန်းပေါင်းများစွာ အကုန်အကျခံ၍ တည်ဆောက်နိုင်ခဲ့ခြင်းမှာ ဆရာတော်ဘုရားကြီး၏ ဘုန်းတော်တန်ခိုးတော်၊ ပါရမီတော်များကြောင့် ဖြစ်ပါသည် ဘုရား၊ အနယ်နယ် အရပ်ရပ်မှ လာရောက်၍ ပညာဆည်းပူးနေကြသည့် စာသင်သား ရဟန်းတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ဟူသော ပစ္စည်းလေးပါး မညှိုးငယ်စေရန် ဆရာတော်ဘုရားကြီးက ကြောင့်ကြစိုက် အပင်ပန်းခံလျက် လှည့်လည်ဟောပြော အလှူခံ ကျွေးမွေး ထောက်ပံ့နေသည်မှာ အများအသိပင် ဖြစ်ပါသည် ဘုရား။

သို့ရာတွင် ယခုအခါ တပည့်တော်များ အားထားရသည့် ဆရာတော်ဘုရားကြီးမှာ သက်တော် (၈၀) အရွယ်ဖြစ်၍ ပင်ပန်းခံရန် မသင့်လျော်တော့ပါ ဘုရား၊ ဆရာတော်ဘုရားကြီးနှင့် ပူးတွဲ တာဝန် ထမ်းဆောင်ခဲ့သည့် ဆရာဝန်ကြီး ဦးသာလှမှာလည်း ဤမျှကြီးလေးသည့် တာဝန်များကို ဆက်လက် ထမ်းဆောင်လိုသော်လည်း ကျန်းမာရေး အခြေအနေအရ စိတ်သွားတိုင်း ကိုယ်မပါ ဖြစ်နေ၍ လက်ရှိတာဝန်များမှ အနားယူလိုစိတ် ဖြစ်ပေါ်နေကြောင်းကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ မကြာခဏ ထုတ်ဖော် လျှောက်ထားလျက်ရှိပါသည် ဘုရား။ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဆက်လက်၍ ထိန်းသိမ်းစောင့်ရှောက်မှု တာဝန်ကို အစိုးရအဖွဲ့သို့ လွှဲပြောင်းပေးအပ်ရန် (၁၃-၃-၉၂) နေ့တွင် ကျင်းပသည့် တတိယအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (၄၇) ပါးစုံညီ သတ္တမ အစည်းအဝေး၌ မိန့်ကြားခဲ့ပါသည် ဘုရား။

ထိုအချိန်တွင် ပြည်ထဲရေးနှင့် သာသနာရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်က ဆရာတော်ကြီး၏ မိန့်ကြားချက်နှင့်အညီ လွှဲပြောင်း လက်ခံ ရယူ၍ ဆက်လက် တာဝန်ယူမည့်အကြောင်း လျှောက်ထားခဲ့ပါသည် ဘုရား၊ ယင်း (၄၇) ပါးစုံညီ အစည်းအဝေးကြီးက သာသနာ့ တက္ကသိုလ်ကြီးများကို အစိုးရသို့ လွှဲအပ်ရန် ဆုံးဖြတ်ခဲ့ပါသည် ဘုရား၊ ယင်းဆုံးဖြတ်ချက်နှင့်အညီ ယနေ့ (၃၁-၅-၉၂) နေ့တွင် သာသနာ့ တက္ကသိုလ်ကြီးများကို အခမ်းအနားဖြင့် လွှဲပြောင်း လက်ခံရယူခြင်း ဖြစ်ပါသည် ဘုရား။

နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးများကို လွှဲပြောင်းလက်ခံရယူပြီးသည့်နောက် ရှေ့သို့ အရှိန်မပျက် ဆက်လက် ဆောင်ရွက်ရမည့် လုပ်ငန်းမှာ လွယ်မယောင်နှင့် ခက်လှပါသည် ဘုရား၊ ဆရာတော်ဘုရားကြီးမှာ ဘုန်းရှင်၊ ကံရှင်၊ ပါရမီရှင်

http://www.dhammadownload.com

ဖြစ်သည့်အလျောက် တာဝန်ကြီးလေးမည် မဟုတ်သော်လည်း တပည့်တော်များအနေဖြင့် မျှော်မှန်းကြည့်သည့်အခါ မနိုင်ဝန်ကိုများ ထမ်းမိနေပြီလားဟု သံသယဖြစ်မိပါသည် ဘုရား။ သို့ပါသော်လည်း ဆရာတော်ဘုရားကြီး ခင်းပေးခဲ့သည့် လမ်းကြောင်းအတိုင်း ချီတက်ပြီး ဆရာတော်ဘုရားကြီး ဆောင်ရွက်ပေးခဲ့သည့် မူလရှိပြီး အခြေအနေကို နိမ့်ကျမသွားစေရန် မဖြစ်မနေ ကိုယ့်အား ဉာဏ်အား စိုက်ထုတ်လျက် မလျှော့သော ဇွဲ လုံ့လ အရှိန်အဟုန် ပြင်းထန်စွာဖြင့် တိုးတက်သည်ထက် တိုးတက်အောင် နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့၏ သြဝါဒကို ခံယူလျက် ကြိုးပမ်းအား ထုတ်သွားမည်ဖြစ်ပါကြောင်း နိဂုံးချုပ် လျှောက်ထားအပ်ပါသည် ဆရာတော်အရှင် သူမြတ်တို့ဘုရား" စသည်ဖြင့် လျှောက်ထားသွားသည်။

ဆက်လက်၍ တိပိဋက=နိကာယ ပင်မ ဥပဒ္ဒာကအဖွဲ့နှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်ကြီးများ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့တို့၏ ဥက္ကဋ္ဌ အထူးကု ဆရာဝန်ကြီး ဦးသာလှ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ် (ရန်ကုန်) အား လွှဲအပ်သည့် အစီအစဉ် အကြောင်းအရာများကို ရှင်းလင်းလျှောက်ထားသည်။

ရိသေလေးမြတ်စွာ တင်ပြ လျှောက်ထားအပ်ပါသည် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ဝင် ဆရာတော်ဘုရားများနှင့် ရန်ကုန်မြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ သင်ကြားစီမံဆရာတော် အရှင်သူမြတ်တို့ ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတွင် သံဃာ့ဂိုဏ်းကြီးကိုးဂိုဏ်းရှိရာ၊ ဂိုဏ်းပေါင်းစုံ ညီညွတ်စွာ ပူးပေါင်းဖွဲ့စည်းပြီး၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ကြီး ပေါ်ပေါက်လာသည်နှင့် တပြိုင်နက်၊ ပရိယတ္တိ ပညာရေး မူလေးချက်ကို ချမှတ်ခဲ့ရာတွင် ပြည်တွင်း ပြည်ပ သာသနာပြုရန်၊ တက္ကသိုလ မဟာမွာစရိယနှင့် တက္ကသိုလ ဓမ္မာစရိယ ဘွဲ့တံဆိပ်တော်ရ အရှင်မြတ်များ ပေါ်ထွန်းရန်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး တစ်ခု ဖွင့်လှစ်ရန် ဆုံးဖြတ်တော်မူခဲ့ကြပါသည် ဘုရား။

၁၃၄၄ ခု၊ တော်သလင်း လပြည့်ကျော် (၁၃)ရက်နေ့စွဲဖြင့်၊ နိုင်ငံတော် သံဃမဟာနာယက အဖွဲ့၏ အကျိုးတော်ဆောင် မင်းကွန်း တိပိဋက ဓရ ဆရာတော်ဘုရားကြီးအား၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က မန္တလေးမြို့တွင် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်အတွက် လိုအပ်သော မြေနေရာနှင့် သာသနိက အဆောက်အဦများကို ဆောက်လုပ် လှူဒါန်းပါရန် မေတ္တာရပ်ခံ လျှောက်ထား၍ တာဝန်ပေးအပ်ခဲ့ရာ၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက မိမိကိုယ်တိုင် ဦးဆောင် ပဓာန နာယကအဖြစ် ဆောင်ရွက်လျက်ရှိသော တိပိဋက=နိကာယ သာသနာပြုအဖွဲ့ ဥက္ကဋ္ဌ-ဘုရားတပည့်တော်အား ဥက္ကဋ္ဌအဖြစ် ထားရှိ၍ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီး မြေနေရာနှင့် အဆောက်အဦများ ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်တော်မူပါသည် ဘုရား။

ထိုသို့ တာဝန်ပေးချက်အရ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဦးဆောင်၍ မြေနေရာ ရှာဖွေခြင်း၊ အဆောက်အဦများ တက္ကသိုလ်အဆင့်မီ ဆောက်လုပ်နိုင်ရန် စီစဉ်ခြင်း၊ အလှူတော်ငွေများနှင့် လူအင်အား၊ ပစ္စည်းအင်အားများ စုဆောင်းခြင်းတို့ကို ပြုလုပ်ပြီး ဆောက်လုပ်ခဲ့ရာ၊ တနှစ်ကြာကာလသို့ ရောက်ရှိရာတွင် ပြီးသင့်သလောက်သော အဆောက်အဦများ ပြီးစီးလာခဲ့ပါသည် ဘုရား။

http://www.dhammadownload.com

ထိုအခါတွင် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့က ရန်ကုန်မြို့တွင်လည်း အလားတူပင် ဆက်လက် ဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံ၍၊ ၁၃၄၅ ခု၊ တန်ဆောင်မုန်း လပြည့်ကျော်(၅)ရက်နေ့စွဲဖြင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သြဝါဒကိုခံယူ၍ ဘုရားတပည့်တော်ကိုပင် ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌအဖြစ် ထားရှိပြီး တာဝန်ပေးအပ်၍ ဖွဲ့စည်းပေးခဲ့ပါသည် ဘုရား။

ပြီးခဲ့သော် နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်ဆရာတော်ကြီးများ၊ နိုင်ငံတော် သြဝါဒစရိယဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ စုံညီအစည်းအဝေးတွင် ဘုရားတပည့်တော် ဦးဆောင်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့ တက္ကသိုလ်ကြီးများ ဆောက်လုပ် လှူဒါန်းရန်အတွက် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ အနီးကပ် ညွှန်ကြား၍ ပေးအပ်တော်မူသော သြဝါဒတော်ခံယူပြီး ဆောင်ရွက်ခဲ့သည့် ဆယ်နှစ်တာကာလအတွင်း အတွေ့အကြုံများ၊ ဆောင်ရွက်မှုများကို တင်ပြလျှောက်ထားပြီး ဖြစ်ပါသည် ဘုရား။

သာသနာ့တက္ကသိုလ်များ ဆောက်လုပ်ရာတွင် ပြီးစီးသမျှသော အဆောက်အဦများနှင့် အမြန်ဖွင့်စေလိုပါသဖြင့် (၂၃-၆-၈၆) ခုနှစ်တွင် ရန်ကုန်မြို့၌ လည်းကောင်း၊ (၂၂-၈-၈၆)ခုနှစ်တွင် မန္တလေးမြို့၌လည်းကောင်း ဖွင့်လှစ်ခဲ့ရာ ဆွမ်း ကွမ်း ဝေယျာဝစ္စကိစ္စများအတွက် ဆောင်ရွက်ပေးရန် ပေါ်ပေါက်လာပြန်ပါသည် ဘုရား။

စာချစာသင် သံဃာများအတွက် ပစ္စည်းလေးပါး ဆွမ်း ကွမ်း ကိစ္စ ဆောင်ရွက်ရန်အတွက် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက သီးသန့် ပုဂ္ဂလိကအဖွဲ့ကို တိပိဋက=နိကာယ သာသနာပြုအဖွဲ့အား တိပိဋက=နိကာယ ဥပဋ္ဌာကအဖွဲ့ဟု အမည်ပြင်ဆင်ပေးအပ်၍ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ဖွဲ့စည်း၍ ပြည်နယ် တိုင်းမြို့နယ် ရပ်ကွက် ကျေးရွာအထိ ဖွဲ့စည်း၍ ဆောင်ရွက်စေတော်မူခဲ့ပါသည် ဘုရား။

ချမှတ်ထားသောမူအရ၊ ဆောက်လုပ်ပြီးစီးသော အဆောက်အဦများကို အခါအားလျော်စွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ အခမ်းအနားဖြင့် လွှဲအပ်ခဲ့ရာတွင် ပြင်ဆင်ထိန်းသိမ်း စောင့်ရှောက်ရန်အတွက် တာဝန်ကိုလည်း နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဆောက်လုပ်လှူဒါန်းရေးအဖွဲ့ကပင် ထပ်မံ၍ တာဝန်ပေးအပ်ခဲ့ပါသည် ဘုရား။

သို့ပါ၍ သာသနာ့တက္ကသိုလ်ကြီးများအတွက်-

(၁) ဆောက်လုပ်လှူဒါန်းရေးအဖွဲ့

(၂) မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တိပိဋက = နိကာယ ဥပဋ္ဌာကသီးသန့်အဖွဲ့

(၃) တက္ကသိုလ်ကြီးများ ပြင်ဆင်ထိန်းသိမ်းရေးအဖွဲ့ ငယ်-

ဟူ၍ ပေါ်ထွန်းလာခဲ့ရာတွင် ထိုတာဝန်ကြီး သုံးရပ်ကို ဦးလည်မသုံ ဆောင်ရွက်ခဲ့ရာ သာသနာတော် အဓွန့်ရှည်သရွေ့ တည်တန့်စေရေးနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ဟူသော အမည်နှင့် လျော်ညီစွာ နိုင်ငံတော်မှ ပါဝင်၍ တာဝန်ယူ ဆောင်ရွက်သင့်သည့် အချိန်အခါသို့ ရောက်ရှိနေပြီဖြစ်ပါသဖြင့်၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက နိုင်ငံတော် ဩမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌထံ စာရေး၍ မေတ္တာရပ်ခံပြီးနောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့နှင့် ညှိနှိုင်းပြီး၊ (၄၇)ပါးစုံညီ အစည်းအဝေးတွင် သာသနာ့တက္ကသိုလ်ကြီးများကို လွှဲအပ်ရာ နိုင်ငံတော် အစိုးရ ကိုယ်စား ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဒုတိယ ဗိုလ်ချုပ်ကြီး ဘုန်းမြင့်က လက်ခံပါကြောင်း လျှောက်ထားခဲ့ပါသည် ဘုရား။

http://www.dhammadownload.com

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက–

"သာသနာ့တက္ကသိုလ်ကြီးနှစ်ခု ဆောက်လုပ်လှူဒါန်းရာတွင် ပြည်တွင်း ပြည်ပမှ ရဟန်းရှင်လူ ဗုဒ္ဓဘာသာနယ်ဝင် သူတော်စင်အပေါင်းတို့ ပါဝင်လှူဒါန်းကြသည်ဖြစ်ပါ၍ အခမ်းအနားဖြင့် စုံစုံညီညီ နိုင်ငံတော်အစိုးရသို့ လွှဲအပ်ပါရန်"

မိန့်ကြားတော် မူချက်နှင့်အညီ ယနေ့ လွှဲအပ်ခြင်းဖြစ်ပါသည် ဘုရား။

ထိုသို့ လွှဲအပ်ရာတွင် ယနေ့ လွှဲအပ်ပွဲသည် ရန်ကုန် သာသနာ့တက္ကသိုလ်အား လွှဲအပ်၍ မန္တလေး သာသနာ့တက္ကသိုလ်အား ယခုနှစ် ဝါဆိုလပြည့်ကျော် တစ်ရက်နေ့တွင် လွှဲအပ်ရန် စီစဉ်ထားပါကြောင်း လျှောက်ထားအပ်ပါသည် ဘုရား။

ရန်ကုန်သာသနာ့တက္ကသိုလ်အတွက်–

(၁) ဆောက်လုပ်ပြီးစီးပြီဖြစ်သော အဆောက်အဦပေါင်း (၆၃)၏ စာရင်း

(၂) ဆက်လက် ဆောက်လုပ်ရန် ကျန်ရှိနေသော အဆောက်အဦပေါင်း (၂၀)၏ စာရင်း

(၃) ဝန်ထမ်းပေါင်း (၉၃)ဦး၏ စာရင်း

(၄) ဝတ္ထုငွေစာရင်း

(၅) ပစ္စည်းစာရင်းများဖြစ်သော ဆောက်လုပ်ရေးပစ္စည်းများ၊ သေနာသန ပစ္စည်းများနှင့် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကုသိုလ်တော်ဖြစ်သော ဒေသထွက်ပစ္စည်းများတို့အပြင်၊ ယခင်သုံးကြိမ် ကျပ်ငွေ(၁၅)သိန်းဖိုး လှူဒါန်းခဲ့ပြီး၊ ယခုနှစ် ဝါဆိုမီ (၁၀)သိန်းဖိုးခန့် လှူဒါန်းရန် စီစဉ်သော ပိဋကတ်ကျမ်းစာအုပ်များနှင့် ဆက်ကပ်လှူဒါန်းရန် စီစဉ်လျက်ရှိသည့်ကိစ္စများကိုပါ ပါဝင်ပါသည် ဘုရား။

ဆောက်လုပ်ပြီးစီးပြီဖြစ်သော အဆောက်အဦများတွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ချမှတ်ပေးတော်မူချက်အရ–

(က) ဘုန်းကြီးကျောင်းနှင့်တူအောင် ဆောက်ပါ

(ခ) အနီးရှိ အဆောက်အဦများသည် ဆဋ္ဌသံဂါယနာခေတ်ကို ဖော်ပြသည့် အနေပြထားရှိသကဲ့သို့ သံဃမဟာနာယကခေတ်ကို ဖော်ပြသည့် အနေဖြင့် ပြည်နယ်နှင့်တိုင်း (၁၄)ခု ပေါ်ပေါက်လာချိန်ဖြစ်သည့်အားလျော်စွာ ပြည်နယ်နှင့်တိုင်း အမည်များ ပါဝင်သော စာသင်သံဃာ သီတင်းသုံး ကျောင်းဆောင် ဝိဇ္ဇာလယတိုက်ကျောင်းများကို အမည်ပေးအပ်ပါဟု မိန့်ကြားတော်မူချက်အရ ဆောင်ရွက်ခဲ့ပြီး၊ ပရိယတ္တိသာသနာတော်အား ရေစက်ချလှူဒါန်း၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့သို့ ဂေါပကရက္ခကအဖြစ် လွှဲအပ်လှူဒါန်းခဲ့ပါသည် ဘုရား။

ဆောက်လုပ်ပြီးစီးသော အဆောက်အဦများမှ အမှတ်စဉ် (၃၁) ဓေယျာရွှေမြေ ဧည့်ပါမောက္ခရိပ်သာကို မန္တလေး တက္ကသိုလ် ဒုတိယ အဓိပတိ အငြိမ်းစား ဆရာကြီး ဦးကိုလေးနှင့် ဇနီး ဒေါ်သန်းခင်တို့ ဆောက်လုပ်လှူဒါန်းသော အဆောက်အဦဖြစ်ပြီး၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ရေးသားစီရင်တော်မူသော မဟာဗုဒ္ဓဝင် ကျမ်းကြီး ခြောက်တွဲ ရုစ်အုပ်ကို အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ရုံးဖွင့်ပြီး၊ ဆရာကြီး ဦးကိုလေးက ဦးဆောင်၍ ဘာသာပြန်လျက်ရှိရာ၊ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက ဆရာကြီး ဦးကိုလေး တသက်နေထိုင်ခွင့်ပြုထားပါသည် ဘုရား။

ဆက်လက် ဆောက်လုပ်ရန် ကျန်ရှိနေသော အဆောက်အဦးများတွင် အချို့သော အဆောက်အဦများမှာ မြေညီအထိ ဆောက်လုပ်ပြီးစီးလျက်ရှိပြီး၊ အချို့မှာ စတင်၍ စီမံဆောက်လုပ်ရန်ဖြစ်ပါသည် ဘုရား။ မဟာဗုန်တောအတွက် နှစ်ကျိပ်ရုစ်ဆူ ဗုဒ္ဓဆင်းတုတော်များ တည်ထားကိုးကွယ်ရန်

http://www.dhammadownload.com

ပွင့်တော်မူသော ဘုရားများ၏ ဗောဓိပင် (၂၈) ပင် အမျိုးမျိုးတို့ကိုလည်း ရှာဖွေစုဆောင်းထားပြီးဖြစ်ပါ၍ ယခုနှစ် ဇူလိုင်လတွင် စိုက်ပျိုးထားရန် စီစဉ်ထားပြီးဖြစ်ပါသည် ဘုရား။

အငြိမ်းစား နိုင်ငံတော်ဝန်ကြီးချုပ် သူရဦးထွန်းတင်နှင့်ဇနီး ဒေါ်မြင့်မြင့်သိန်းတို့ မိသားစုက မိမိတို့ အစီအစဉ်ဖြင့် သုဝဏ္ဏဘုမ္မိ ဧည့်ပါမောက္ခ မဟာထေရ် ကျောင်းတဆောင် ဆောက်လုပ်ရန် အတွက် ခွင့်ပြုပြီးဖြစ်သည့် အားလျော်စွာ စတင် စီစဉ်လျက်ရှိပါပြီ ဘုရား။

အထူးဖော်ပြလိုသည်မှာ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကုသိုလ်တော်အဖြစ် တိ=နိ ဥပဒ္ဒာက ကျောင်းဒကာများ အဖွဲ့ရုံးနှင့် ညီမူ စည်းဝေးရာခန်းမ အဆောက်အဦကို ဆောက်လုပ်လျက်ရှိရာ မကြာမီပြီးစီးပါတော့မည် ဘုရား။ သာသနာရေးဝန်ကြီး၏ လမ်းညွှန်မှုအရ တိ=နိ ဥပဒ္ဒာက ကျောင်းဒကာများအဖွဲ့သည် သီသန့် ပုဂ္ဂလိကအဖွဲ့အဖြစ် ရပ်တည်၍ သာသနာရေးဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်သည့် သာသနာ့တက္ကသိုလ်များအတွက် ကိစ္စအဝဝတို့ကို ပူးပေါင်းကူညီဆောင်ရွက်ကြပါမည် ဘုရား။

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးကလည်း-

"နိုင်ငံတော် အကြီးအကဲများ လာရောက်၍ ကန်တော့ကြသည့်အခါတိုင်း တိ=နိ ဥပဒ္ဒာက အဖွဲ့နှင့် မိမိသည် တိုင်းသူပြည်သားအားလုံးနှင့် နိုင်ငံတော်အစိုးရကြားတွင် "ဂဟေ" အဖွဲ့အဖြစ် ရပ်တည် ဆောင်ရွက်လျက်ရှိပါကြောင်း"

မိန့်ကြား တော်မူချက်နှင့်အညီ လိုက်လျောညီထွေရှိနေပါသည် ဘုရား။

သာသနာ့ တက္ကသိုလ်ကြီးများအတွက် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက-

(က) ဆွမ်းပဒေသာပင် အလှူတော်ငွေများ ဆက်လက် ထူထောင်၍ ဘဏ်တွင် လှူငွေများ အပ်နှံပြီး၊ အတိုးအညွှန့်တို့ဖြင့် ဆွမ်းဆက်ကပ်ရန်အတွက် လှူဒါန်းရန်

(ခ) လိုအပ်သော ပိဋကတ်ကျမ်းစာအုပ်များကို အလှူခံ၍ ပုံနှိပ်သင့်သည်များကို ပုံနှိပ်၍ လှူဒါန်းရန်

(ဂ) အမြို့မြို့ အနယ်နယ်မှ လှူဒါန်းသော ဒေသထွက် ပစ္စည်းများဖြစ်သည့် ဆွမ်းဆန်တော်၊ ငါးပိ၊ ငါးခြောက်၊ လဘက်ခြောက် စသည်တို့ကို လှူဒါန်းရန်အတွက် တိ=နိ ကျောင်းဒကာများအဖွဲ့က နိဗ္ဗဒါထဝရ ဆောင်ရွက်နေကြရန် ညွှန်ကြားထားတော်မူပါသည် ဘုရား။

ယနေ့ လွှဲအပ်သော ဝန်ထမ်း အမျိုးမျိုးတို့၏ စာရင်းတွင် ဆက်လက်၍ တာဝန်ထမ်းဆောင်ကြရာတွင် လူမှုနေရာမှန်ဖြင့် ဆောင်ရွက်နိုင်ရန် ပေးအပ်သင့်သည့် တာဝန်များကိုပါ ဖော်ပြထားပါသည် ဘုရား။

လွှဲအပ်သော ပစ္စည်းများတွင် ဆောက်လုပ်ရေး ပစ္စည်းများ၊ သေနာသန ပစ္စည်းများ၊ အိုးခွက်ပုဂံစသည် အမျိုးစုံတို့နှင့် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ ကုသိုလ်တော်ဖြစ်သော ဒေသထွက် ပစ္စည်းများလည်း ပါဝင်ပါသည် ဘုရား။

အလှူတော်ငွေများနှင့် ပတ်သက်၍ လှူဒါန်းမှု အစုစုတွင် သီးသန့်သတ်မှတ်ပြီး လှူဒါန်းကြသူများ ရှိသကဲ့သို့ ဆရာတော်ဘုရားကြီး၏ သာသနာပြုလုပ်ငန်း အရပ်ရပ်တို့အတွက် ပေါင်းစုလှူဒါန်းကြသည်များလည်းရှိပြီး၊ ကတိပြု လှူဒါန်း၍ အရစ်ကြေးလှူခြင်း၊ ကြိုတင်ပေးလှူခြင်းများလည်း ပါဝင်ပါသည် ဘုရား။ သို့ပါ၍ သာသနာ့ တက္ကသိုလ်ကြီးနှစ်ခု၊ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီး၊ မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းတိုက်တို့အတွက် အလှူငွေများနှင့် နိုင်ငံတော် အဆင့်မီ ဆောက်လုပ်လှူဒါန်းငွေများ

http://www.dhammadownload.com

ကို ၁၉၉၂ ခု မတ်လကုန် တင်ပြရပါသော် ဘဏ်တိုး အပါအဝင် လူဒါန်းငွေ စုစုပေါင်း (၁၅၂၈၇၀၉၆၀/၀၉ ပြား) ဖြစ်ပြီး၊ သုံးစွဲငွေမှာ (၁၆၁၅၅၅၆၈၅/၉၃၊)မှာ ဆောက်လုပ်ရေး ပစ္စည်းများ လက်ကျန်တန်ဖိုးနှင့် တိ=နိ ဥပဋ္ဌာကကျောင်း ဒကာများအဖွဲ့မှ ခေတ္တချေးထားသော ငွေကျပ် သိန်း (၃၀) ဖြစ်ပါသည် ဘုရား။

ထိုကျပ်သိန်း(၃၀)မှာ လူဒါန်းရန် ကတိပြုထားသူများထံမှ ရရှိရန်နှင့် ဆက်လက်၍ အလှူငွေ ရရှိရန် ဆောင်ရွက်ပြီး ပေးအပ်ရပါမည် ဘုရား။

မော်တော်ယာဉ်များ လူဒါန်းမှုနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ အာရှဗုဒ္ဓဘာသာအသင်းမှ မော်တော်ယာဉ် ငါးစီးနှင့်၊ ဆေးနှင့် ဆေးပစ္စည်းများ၊ အမိုးသွတ်များကို လူဒါန်းခဲ့ပါသည် ဘုရား။

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သာသနာပြု လုပ်ငန်းများအတွက် လူဒါန်းပါသဖြင့်-

(၁) တိ=နိ ဥပဋ္ဌာကပင်မအဖွဲ့သို့ တစ်စီး

(၂) ရန်ကုန်သာသနာ့တက္ကသိုလ်သို့ တစ်စီး

(၃) မန္တလေးသာသနာ့တက္ကသိုလ်သို့ တစ်စီး

(၄) မန္တလေးမြို့ ဖိဝိတဒါန သာသနာ့ အထူးကုဆေးရုံကြီးသို့ တစ်စီး

(၅) မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ရန်ကုန်မြို့နှင့် အောက်မြန်မာပြည်သို့ ကြွတော်မူရာတွင် အသုံးပြုရန် ဆလွန်းကား တစ်စီးလူဒါန်းပါသဖြင့် သာသနာ့ တက္ကသိုလ် နှစ်ခုအတွက် လူဒါန်းရာတွင် ရန်ကုန်၌ ဥပဋ္ဌမ္ဘက အဖွဲ့က လက်ခံထားရှိပါ၍ ဥပဋ္ဌမ္ဘကအဖွဲ့က လူဒါန်းထားသည်များကို လွှဲအပ်သောအခါ ပါဝင်လာမည် ဖြစ်ပြီး၊ မန္တလေးမြို့တွင် ဥပဋ္ဌမ္ဘကအဖွဲ့က ဆောင်ရွက်ခြင်းမရှိ၍ , ဥပဋ္ဌာကအဖွဲ့က သာသနာ့တက္ကသိုလ်အတွက် အားလုံး တာဝန်ယူ၍ ဆောင်ရွက်သည့် အားလျော်စွာ လွှဲအပ်သောအခါ မော်တော်ယာဉ် တစ်စီးနှင့် ဖိဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးမှ တစ်စီး ပါဝင်လာမည်ဖြစ်ပါသည် ဘုရား။

သာသနာ့တက္ကသိုလ်ကြီး နှစ်ခု ဆောက်လုပ်ရာတွင် ကြီးလေးကြီး စိမံကိန်းဖြစ်သော ဥယျာဉ်တော်ကြီး၊ ကန်တော်ကြီး၊ သိမ်တော်ကြီးနှင့် တက္ကသိုလ်ကြီးတို့အတွက် ရန်ကုန်တိုင်း ဒြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က၊ ရန်ကုန် သာသနာ့ တက္ကသိုလ်တွင် ဥယျာဉ်တော်ကြီးနှင့် ကန်တော်ကြီးကို လည်းကောင်း၊ မန္တလေး သာသနာ့ တက္ကသိုလ်တွင် မန္တလေးတိုင်း ဒြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဥယျာဉ်တော်ကြီး၊ ကန်တော်ကြီးနှင့် ဘွဲ့နှင်းခမ်းရုံကြီးတို့အပြင်၊ ဝိဇ္ဇာလယ စာသင် သံဃာသိတင်းသုံး ကျောင်းဆောင် နှစ်ဆောင်နှင့် မန္တလေးတိုင်း ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း တိုက်၌ စာသင်စာချသံဃာ သိတင်းသုံးဆောင်များကို လည်းကောင်း ကူညီဆောက်လုပ်ပေးကြပါသည် ဘုရား။

မန္တလေးတိုင်း ဒြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးထံသို့ လူဒါန်းသော သာသနာ့ တက္ကသိုလ်အတွက် အလှူငွေများကို "မ"တည်၍ လိုအပ်ငွေများ ရှာဖွေဖြည့်တင်းပြီး ဆောင်ရွက်ပေးလျက်ရှိသောမူဖြင့် သာသနာ့ တက္ကသိုလ်ကြီး နှစ်ခုအတွက် ကျန်ရှိနေသော အဆောက်အဦများ ဆက်လက် ဆောက်လုပ်ရန် စီစဉ်ပါက သင့်တော်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည် ဘုရား။

ရန်ကုန် သာသနာ့တက္ကသိုလ်တွင် ထိုင်းမြန်မာ သာသနာရေး ချစ်ကြည်ရေးမူဖြင့် နှစ်နိုင်ငံမှ အလှူရှင်များ ပူးပေါင်း ဆောက်လုပ်ရန် ထိုင်း ဗုဒ္ဓဝိဟာရ ဓမ္မသာလာ အမည်ဖြင့် ဆောက်လုပ်ရန် စီစဉ်လျက်ရှိရာ၊ ထိုင်းနိုင်ငံမှ ကြေးသား ဗုဒ္ဓဆင်းတု

http://www.dhammadownload.com

တော်ကြီးကို ပင့်ဆောင်ပေးပို့၍ မြန်မာနိုင်ငံမှ အလှူရှင်များ စုပေါင်းလှူဒါန်းငွေဖြင့် ဆောက်လုပ်လျက်ရှိပြီး၊ ဆောက်လုပ်ရေးပစ္စည်းများကို သီးသန့် စုဆောင်းထားရှိလျက်ရှိပါသည် ဘုရား။ ထိုင်းနိုင်ငံမှ ဘုရင်မင်းမြတ်၏ ညီဝမ်းကွဲ လန်းပန်းမြို့စားမင်းသားကြီး ဦးဆောင်၍ အလှူတော်များ ဆက်လက် ပေးပို့လှူဒါန်းလာမှုပေါ်တွင် မူတည်၍ ဆောက်လုပ်ကြရမည်ဖြစ်ပါသည် ဘုရား။

မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး၏ တိ=နိ ဥပဒ္ဒဝက ကျောင်းဒကာများအဖွဲ့ဖွဲ့၍ တာဝန်ပေးအပ်သော အဓိက နိဗန္ဓထာဝရ အလှူတော်မှာ ဆွမ်းပဒေသာထူထောင်ပြီး၊ အတိုးအညွှန့်တို့ဖြင့် လစဉ် လှူဒါန်းနေကြရမည်ဖြစ်ပါ၍ ယနေ့ လွဲအပ်ပြီးနောက်၊ ၁၉၉၂ ခု ဇွန်လ နှစ်ရက်နေ့မှ စတင်၍ ဆောင်ရွက်လာကြရာတွင် စနစ်တကျရှိစေရန် ပူးတွဲတင်ပြပါ အလှူရှင်စာရင်းနှင့် ခန့်မှန်းချေ အသုံးပြုရမည့် ဝတ္ထုငွေ၊ အတိုးအညွှန့် အပါအဝင် အလှူငွေ၊ နိုင်ငံတော်မှ ပါဝင်လှူဒါန်းရမည့် ငွေတို့ကို ဖော်ပြထားပါသည် ဘုရား။

ထိုစာရင်း နမူနာကို လေ့လာကြည့်ရှုပါက တိ=နိ ဥပဒ္ဒဝကအဖွဲ့သည် သာသနာ့ တက္ကသိုလ်ကြီးများ ဖွင့်လှစ်တော့မည်ဟု စီစဉ်သောအချိန်အခြေခံ မွန်းမံနည်းပြသင်တန်းမှ ယနေ့အထိ ဆောင်ရွက်လာခဲ့ကြခြင်းနှင့် ဝတ္ထုငွေများ မည်မျှသုံးစွဲခဲ့ကြမည်ကို မဟာဒါနကြီး တစ်ရပ်အဖြစ် တွေ့မြင်နိုင်မည်ဖြစ်ပါသည် ဘုရား။

သာသနာ့တက္ကသိုလ်ကြီးများကို အုပ်ချုပ်မှုဗဟိုအဖွဲ့ ဖွဲ့၍ ဆောင်ရွက်ပြီး အဖွဲ့ငယ်များဖွဲ့စည်း၍ တာဝန်ယူ ဆောင်ရွက်ကြရာတွင် ဆွမ်းကွမ်း ဝေယျာဝစ္စအဖွဲ့ကို မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက စတုပစ္စယာနုဂ္ဂဟ အဖွဲ့ဟု အမည်သတ်မှတ်ပေးပါမည် ဘုရား။ အဖွဲ့ငယ်များတွင် ဆွမ်းကွမ်း ဝေယျာဝစ္စ ဆောင်ရွက်သော စတုပစ္စယာနုဂ္ဂဟ အဖွဲ့မှာ နေ့စဉ်နှင့်အမျှ အချိန်ပြည့်ရှိနေကြမည့် ပုဂ္ဂိုလ်များဖြစ်သောကြောင့် ပစ္စည်းလေးပါး လှူဒါန်းလိုကြသူများနှင့် တွေ့ဆုံ လှူဒါန်းနိုင်ခွင့်ရှိစေရန် ရည်ရွယ်၍ အမည်ပေးအပ်ထားခြင်းဖြစ်ပါသည် ဘုရား။

သာသနာ့တက္ကသိုလ်ကြီးတွင် ဆွမ်းကိစ္စ၊ ကျောင်းကိစ္စများအတွက် ဆောင်ရွက်မှုများကို ဘုရားတပည့်တော် တင်ပြလျှောက်ထားပြီးနောက်၊ သင်္ကန်းလှူဒါန်းမှုကိစ္စနှင့် ပတ်သက်၍ တနှစ်လျှင် သုံးကြိမ် ဝါဆိုသင်္ကန်း၊ ကထိန်သင်္ကန်းနှင့် သာသနာ့တက္ကသိုလ်ကြီးများ ကျောင်းသားသစ် သံဃာများ လက်ခံသည့် နှတ်တော်လဆန်း(၁)ရက်တွင် သင်္ကန်းလှူဒါန်းခြင်းဖြင့် (၃)ကြိမ် လှူဒါန်းခဲ့ပါသည် ဘုရား။ ဆေးအနေဖြင့် ရန်ကုန်မြို့တွင် ကမ္ဘာအေးကုန်းမြေ၌ ဗုဒ္ဓသာသနာ့ဆေးရုံရှိသဖြင့် အထူးကု ပြင်ပသူနာဌာန ဖွင့်လှစ်၍ ဆောင်ရွက်ခဲ့သည့်အပြင်၊ မန္တလေးမြို့၌ သာသနာ့ တက္ကသိုလ်ကြီးကို အခြေခံ၍ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီး ဆောက်လုပ်ဖွင့်လှစ်လျက်ရှိပါသည် ဘုရား။

ဘုရားတပည့်တော်အနေဖြင့် ဆက်လက်၍ လက်တွေ့ ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များသည် အခြေခံ သဘောတရားနှင့် လုပ်ဆောင်မှုများ သိသင့်သိထိုက်သည့် အချက်များကို တင်ပြလျှောက်ထားပြီဘုရား။ ဆောင်ရွက်ပြီး ဆောင်ရွက်ဆဲ ဆက်လက်ဆောင်ရွက်ကြရမည့် ကိစ္စများကို ကုသိုလ်ထူးကို ရရှိရန် အလေးထားကြသူများဖြစ်ကြသည့် အားလျော်စွာ ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရုစစ်ကိုင်းတောင်ရိ ရွှေဟင်္သာဆရာတော်ဘုရားကြီး၏ မကြာမီက ဟောပြောခဲ့သော လင်္ကာဖြစ်သည့်-

အများအကျိုး ရွက်သည်ပိုးက
ခနိုးခနဲ့ ဆိုက်ရဲ့လည်း
မင့်မစောင်း ကိုယ့်လမ်းကြောင်းကို
စိတ်ကောင်းနှင့်ယှဉ် ရှေ့ရှုနှင်လော့

http://www.dhammadownload.com

ဖြစ်သည့် သြဝါဒတော်နှင့် "စိတ်ရှည်ခွဲသန်သည်းညည်းခံ ပြုရန်သာသနာ" ဟူသော ဆောင်ပုဒ်ကို လက်ကိုင်ထား၍ ဆောင်ရွက်သွားကြပါရန် တိုက်တွန်း နှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါသည်

သာသနာရေးဝန်ကြီးနှင့်တကွ သပ္ပုရိသန္နယ်ဝင် သူတော်စင် အပေါင်းတို့ ခင်ဗျား။

တပည့်ဒကာ
သာလှ

ယင်းနောက် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ် (ရန်ကုန်) လွှဲအပ်မည့် သက်ဆိုင်ရာ စာရွက်စာတမ်းများနှင့် စာရင်းဇယားများကို ဆောက်လုပ်လွှဲဒါန်းရေးအဖွဲ့ ဥက္ကဋ္ဌ အထူးကု ဆရာဝန်ကြီး ဦးသာလှက သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မျိုးညွန့်သို့ လွှဲပြောင်းပေးအပ်လိုက်သည်။ ဆက်လက်၍ ဝန်ကြီးများနှင့် ဧည့်ပရိသတ်များက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘွဲ့တံဆိပ်တော်ရတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်း ဆရာတော်ဘုရားကြီးထံမှ ရုစ်ပါးသီလ ခံယူဆောက်တည်ပြီး ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများက ပရိတ်တရားတော်များ ရွတ်ဖတ် သရဏာဂုံတော်မူကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်က သြဝါဒကထာတရားဒေသနာများကို အောက်ပါအတိုင်း ဟောကြားတော်မူပါသည်။

ရန်ကုန်ပြို့ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် လွှဲပြောင်းလက်ခံပွဲ၌ မိန့်ကြားတော်မူသော မင်းကွန်း တိပိဋကဓရဆရာတော်ကြီး၏ သြဝါဒကထာ

သရဏာဂုံသီလ ဆောက်တည်ခံယူပြီးပြီ။ ယခု အစီအစဉ် အမှတ်(၆)မှာ သီလခံယူရပါမယ်။ ပရိတ်တရားနာရပါမယ်။ ပြီးတော့ သြဝါဒကထာတရား ဒေသနာများ နာရပါမယ်။ ပြီးတော့ ရေစက်သွန်းချ–ဆိုတော့ ဒီ(၆)မှာ လုပ်ငန်းစဉ်လေးခုရှိပါတယ်။ ရှေ့ပိုင်းငါးခုဟာ တစ်နာရီ မကြာဘူးနော်။ မိနစ်ပေါင်း(၅၀)နဲ့ ပြီးသွားတယ်။

အဲဒီ အခု(၆)နံပါတ် အစီအစဉ်အလုပ်ကဘုန်းကြီး စဉ်းစားကြည့်တယ်။ တစ်နာရီနဲ့မှ ပြီးပါ့မလား၊ ပြီးဖို့ မလွယ်သလိုဖြစ်နေတယ်။ ဘာပြုလို့တုန်းဆိုတော့ ဒီမှာ ဒီရေစက်ချရမယ့် ပစ္စည်းတွေကိုက နည်းတာတွေ မဟုတ်ဘူးနော်။ အဲဒီတော့ မနည်းတော့ ဘုန်းကြီးများ အားလုံးခြံပြီးတော့ ရေစက်ချပေးပါ့မယ်။ ကျန်တဲ့ဥစ္စာများ "အာဒိ" သဒ္ဒါဖော်တဲ့ "အစရိသည့်"ထဲမှာ ပါဝင်သွားတယ်လို့ အောက်မေ့ပြီးတော့ ဝမ်းမြောက်ကြရမည် ဖြစ်ပါတယ်။

ယခု သီလခံယူပြီးတဲ့နောက် ဒုတိယအစီအစဉ်အရ ပရိတ်ကို နာယူရပါမယ်။ ပရိတ်တရားနာရပါမယ်။ ဆရာတော် သံဃာတော် အရှင်မြတ်တို့သည် မကြာမီ ဒကာ ဒကာမတို့ရဲ့ သိန်းပေါင်းထောင်ပေါင်းများစွာ ဒါနကောင်းမှု အကျိုးကြီးအောင် မေတ္တာဘာဝနာ ဆယ့်တစ်နည်းပါဠိလိုပွားသောအားဖြင့် မေတ္တာသုတ်ပရိတ်ကို လည်းကောင်း၊ ထို့နောက် (၁၂)လရာသီ စိုးရိမ်ရတဲ့ မီးဘေးအကာအကွယ် အရံအတားဖြစ်အောင် ပခုက္ကူ ရေစက်ကို ဆရာတော် ဘုရားကြီးများ ကျင့်သုံးတော်မူတဲ့ နည်းအတိုင်း ဝဋ္ဋသုတ်ပရိတ်ကို လည်းကောင်း၊ ထို့နောက် ဒကာ ဒကာမတို့မှာ သာသနာအားပူဇော်တဲ့ ပူဇာနဒါန ပြုကြတဲ့အရာမှာ အကျိုးကြီးအောင် အနုဿတိ ဘာဝနာ သုံးပါး၊ ပါဠိလိုနှုတ်က မြွက်ဆိုပွားသောအားဖြင့် ဘုရားတရား သံဃာ ဂုဏ်တော်များကို လည်း

http://www.dhammadownload.com

ကောင်း၊ ထို့နောက် တစ်ဖန်ထပ်၍ အစီး အပွားမဲ့ကို ပယ်ရှားလိုတဲ့ မေတ္တာ, အစီး အပွားရယူလိုတဲ့ မေတ္တာ, မေတ္တာနှစ်ပါး ပွားသောအားဖြင့်-

ယဲ့ ဒုန္နိမိတ္တံ (၃) ဂါထာ
ယဲ့ သန္နိမိတ္တံ (၃) ဂါထာ
ဘဝတု သဗ္ဗမင်္ဂလံ (၃) ဂါထာ

တို့ကို လည်းကောင်း အစဉ်အတိုင်း ရွတ်ပွား သရဇ္ဈာယ်တော် မူကြပါလိမ့်မယ်။ ပရိတ် နာတဲ့အခါ ယခုပြောတဲ့အတိုင်း ဆရာတော် သံဃာတော်တို့ရဲ့ ရည်ရွယ်ချက်ကို သိပြီး နာယူရင် တိဟိတ် ဉက္ကဋ္ဌ ဓမ္မသဝန မဟာကုသိုလ်စိတ်တွေဖြစ်အောင် ပရိတ်ကို နာယူကြပါ သူတော်ကောင်းတို့။

ဆရာတော် သံဃာတော် အရှင်တို့ ဘုရား၊ မေတ္တာသုတ်, ဝဋ္ဋသုတ်, ဘုရား တရား သံဃာဂုဏ်, ယဲ့ ဒုန္နိမိတ္တံ (ဒါက ကဏ္ဍပက္ခ)၊ ယဲ့ သန္နိမိတ္တံ (ဒါ သုက္ကပက္ခ)၊ ယဲ့ ဒုန္နိမိတ္တံ သုံးဂါထာ, ယဲ့ သန္နိမိတ္တံ သုံးဂါထာ, ဘဝတုမင်္ဂလံသုံးဂါထာ တို့ကို အစဉ်အတိုင်း-

"မလျင် မဆော၊ တရားဟော၊ ပြေချောမွေ့သိမ်စွ အတရမာနော၀ ဘာသေယျ၊ နော တရမာနော" ဆိုတဲ့ အရဏဝိဘင်္ဂသုတ္တန်က ဓမ္မပဒေသ အတိုင်း ဂါထာ ဗန္ဓတို့၌ မတ္တာဝုတ္တိ ဂါထာပဲ ဖြစ်ဖြစ်၊ ဝဏ္ဏဝုတ္တိဂါထာပဲဖြစ်ဖြစ် တစ်ပိုဒ် တစ်ပိုဒ်လျှင် တစ်ခါတစ်ခါ ရပ်ပြီး အတတ်နိုင်ဆုံး အနက်အဓိပ္ပာယ်ကို ဆင်ခြင် စဉ်းစား ပရိတ်ကို ရွတ်ပွားဖို့ အချိန် ကျရောက်ပါပြီ ဘုရား။'

[ယဿာနုဘာဝတောမှု စ၍ သံဃာတော်များ ပရိတ်ရွတ်ကြသည်။]

"သီလခံယူပြီးပြီ၊ ပရိတ်နာကြားပြီးပြီ။ အခု သြဝါဒကထာတရား နာရအောင်။ ဘုန်းကြီးများ သြဝါဒပေးဆိုတာ ဒကာ ဒကာမက ကုသိုလ်ကောင်းမှုမပြုရင် ပြုအောင် ပေးရတယ်။ အခုဟာက ဒကာ ဒကာမက ကုသိုလ်ကောင်းမှုပြုတာက ရှေ့ရောက်နေလို့ ဘုန်းကြီးများ တစ်ခါတစ်လေ ရင်းရင်းနှီးနှီး ဒကာ ဒကာမတွေကို ပြောရတယ်။နေပါအုံးဗျာ- ကျုပ်တို့နဲ့ ပခုံးချင်းညီအောင် ကျုပ်တို့ စောင့်ပါအုံး၊ ဒီလိုပြောရတယ်။ ဆရာက ဓမ္မာနုဂ္ဂဟ၊ ဒကာက ပစ္စယာနုဂ္ဂဟနဲ့ သာသနာကို ပြုကြတဲ့နေရာမှာ အဲဒါကြောင့် ဒီသြဝါဒပေးတဲ့ နေရာမှာ ဒီ ဒကာ ဒကာမက ရှေ့ရောက်အောင်ကိုပဲ ဖြစ်နေပါတယ်။ အဲဒါကြောင့် အင်မတန် ခဲခဲယဉ်းယဉ်း ပြောစရာ မလိုပါဘူး။

မြတ်စွာဘုရားက-
နံ တံ ကမ္မံ ကတံ သာဓု၊
ယံ ကတ္တာ အနုတပ္ပတိ။
ယဿ အဿုမုခေါ ရောဒံ၊
ဝိပါကံ ပဋိဝေဒေတိ။ ။
တဉ္စ ကမ္မံ ကတံ သာဓု၊
ယံ ကတ္တာ နာနုတပ္ပတိ။
ယဿ ပတီတော သုမနော၊
ဝိပါကံ ပဋိဝေဒေတိ။ ။-လို့

ဓမ္မပဒမှာ ရှောင်ဖို့ရန်နှင့် ကျင့်သုံးဖို့ရန် နှစ်မျိုး ဟောထားပါတယ်။

ရှောင်ဖို့ရန်က ဒီ-နံ တံ ကမ္မံ ကတံ သာဓု၊ ယံ ကတ္တာ အနုတပ္ပတိ=အကြင်အမှုကို ပြုပြီးရင် ပြီးပြီးချင်း စဉ်းစားလို့ နောင်တ တစ်ဖန် ပူပန်ရမယ်ဆိုလျှင်လည်းကောင်း။ ယဿ အဿုမုခေါ ရောဒံ၊ ဝိပါကံ ပဋိဝေဒေတိ=အကြင်အမှုရဲ့ အကျိုး၊ ဒုတိယ ဘဝက စပြီးတော့ မျက်ရည်ရွဲစို ငိုပြီးတော့ အကျိုးခံစားရမယ်ဆိုလျှင် လည်းကောင်း။ ထို အမှုသည် မကောင်း သောအမှုဖြစ်တယ်။ ချစ်သား

http://www.dhammadownload.com

ချစ်သမီးတို့ မပြုကြနဲ့။ ဒါ ရှောင်ဖို့။ အာဂန္တုက ဝတ္ထုလို့ခေါ်တယ်။

တစ်ခါ လိုက်နာဖို့က-
တဉ္ဇ ကမ္မံ ကတံ သာဓု၊
ယံ ကတွာ နာနုတပ္ပတိ။
ယဿ ပတီတော သုနော၊

ဝိပါကံ ပဋိဝေဒတိ=အကြင်အမှုတစ်ခုကို ပြုပြီးပြီးချင်း စဉ်းစားလို့ ဝမ်းမြောက်ရမယ်ဆိုလျှင် လည်းကောင်း။ အဲဒီ မိမိပြုတဲ့အမှုရဲ့ တမလွန်ဘဝ ကောင်းကျိုးရပြီးတော့ ဝမ်းမြောက်ဝမ်းသာ အကျိုး တရား ခံစားရမယ်ဆိုလျှင် လည်းကောင်း။ ထိုအမှု သည် ကောင်းသောအမှုဖြစ်တယ်။

အဲ-အဲဒီလို ဘုရားဟောခဲ့တဲ့ ဩဝါဒကို ဓမ္မလက်ဆောင်အနေနဲ့ ပေးပါတယ်။ အကြင် သူတော်ကောင်းတို့၊ ယခုပြုတဲ့ တက္ကသိုလ်ကျောင်း တိုက်ကြီးများ လွှဲအပ်လှူဒါန်းရေး၊ ဆောက်လုပ် လှူဒါန်းရေး အစားစား ကိစ္စအဝဝကို စဉ်းစား လိုက်တိုင်း ဝမ်းမြောက်ဝမ်းသာ ဖြစ်ရတဲ့အတွက် အင်မတန်ကောင်းသောအမှုဖြစ်၍ ပြုရမယ့်အမှုလို့ ဘုရားဟောတဲ့အတိုင်း ဆက်ပြီးတော့လဲ ပြုနိုင်ကြ ပါစေ။ ပြုပါလို့လဲ ဘုန်းကြီးများ တိုက်တွန်းပါ တယ်။ ရှောင်ရမယ့် အမှုမဟုတ်ပါဘူး။

ဒီနေရာမှာ နိုင်ငံတော်အစိုးရအနေနဲ့ သာ သနာရေးဝန်ကြီး ဒကာကြီးပြောတာက အားနည်း တဲ့ပုံ၊ စိတ်ထဲမှာ အားနည်းဖို့မဟုတ်ပါဘူး။ ဘုန်း ကြီးတို့အဖွဲ့က ဒကာကြီးတို့ကို ပစ်ပြီးမသွားပါဘူး။ ဘုန်းကြီးတို့ တိပိဋက=နိကာယ သာသနာပြု အဖွဲ့က တိပိဋက=နိကာယဥပဌာက ဆိုတဲ့အမည်နဲ့ ကျောင်း ဒကာအဖွဲ့ဆိုပြီး နောက်ကနေပြီးတော့ ဗဟုအဖွဲ့ အဖြစ်နဲ့ အမြဲတမ်း အကြံပေးနေမယ့်အဖွဲ့ ဖြစ်ပါ တယ်။ အကြံပေးရုံပေးပြီးတော့ ဒို့ ဘာမှ မကူမှာ မဟုတ်ဘူး။ သဘောတဲ့တိုး ပြောရလို့ရှိရင် ဘုန်းကြီး တို့ နဂိုက ဘုန်းကြီးတို့အဖွဲ့ တစ်ဖွဲ့တည်းကပင် တိုင်းပြည်နဲ့ လုပ်ဆောင်နေရာမှာ ယနေ့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး (တပ်မတော်) အစိုးရအဖွဲ့ဟာ ဗုဒ္ဓဘာသာဝင် သူတော်စင်တွေ စုပေါင်းပြီးတော့ ဖွဲ့စည်းထားတဲ့ အစိုးရအဖွဲ့လည်း ဖြစ်ပြန်၊ သာသနာကိုလဲ အေး- ရှေးရှေး ပြည်ထောင်စု မြန်မာနိုင်ငံမင်းများ နောက်မကျဘဲ ရှေ့တန်းက သာသနာကို ဦးတည်ပြီးတော့ ဆောင်ရွက်နေတဲ့ နိုင်ငံတော်အစိုးရဖြစ်လို့ ဘုန်းကြီးတို့ အဖွဲ့က သင်္ကန်း+ဆွမ်း+ကျောင်း+ဆေး ပစ္စည်း=လေးပါး အကုန်ပြည့်စုံအောင် ကူညီပါ့မယ်။ အဲဒီလို ဆိုပါတယ်။ဒါကြောင့် သာသနာရေးဝန်ကြီးအနေနဲ့ စိတ်ထဲမှာ အားရှိပါ၊ ဝမ်းမြောက်ပါလို့ ဘုန်းကြီးများ အားပေးစကား ပြောလိုပါတယ်။ ဟုတ်လား- ဒါလောက်ပြောရင် အားလုံး အဓိပ္ပာယ် နားလည် လောက်ပါပြီ။

ယခုကဲ့သို့ မိမိတို့ပြုတဲ့ ကောင်းမှုရဲ့ အလှူဒါန ဘာလဲဆိုတော့ မြတ်စွာဘုရားရဲ့ ပရိယတ်+ပဋိပတ် သာသနာနှစ်ရပ်ပဲ။ ဘုရားရဲ့ အဆုံးအမ ပရိယတ်+ပဋိပတ်+ပဋိဝေဓ သာသနာ သုံးရပ်ရှိတဲ့အနက်က ပရိယတ္တိသာသနာ+ပဋိပတ္တိ သာသနာ နှစ်ရပ်အား လှူရပါတယ်။ အဲဒီနှစ်ရပ် အား လှူတဲ့ မဂ်ဖိုလ်နိဗ္ဗာန်တည်းဟူသော ပဋိဝေဓ သာသနာကို အရဟတ္တ ဖိုလ်ပေါက် နိဗ္ဗာန်ရောက် အောင် ပြီးမြောက်တဲ့ကိုယ် ဖြစ်ရပါလို၏လို့ ပဋိ ဝေဓသာသနာနဲ့ ဆုမွန်ကောင်း တောင်းရမည် ဖြစ်ပါတယ်။

ဘုန်းကြီးတို့ အခု တက္ကသိုလ်ကြီးများ လှူတဲ့အလှူဟာ မရှုပ်ဘူးနော်။ အင်မတန် ရှင်းပါ တယ်။ ဘာပြုလို့တုန်းဆိုတော့ ကျောင်းတွေရယ်၊ သင်္ကန်း ထီး ဖိနပ် အစရှိတဲ့ လှူဖွယ်တွေရော ကနေ့ ဒီရေစက်ချလှူရန်အပြင် ကနေ့ ရေစက်ချဆရာတော် များ ရေစက်ချ လှူတဲ့အလှူအပြင် ကျန်တဲ့အလှူတွေ ပြောမယ်။

http://www.dhammadownload.com

ကနေ့ ရေစက်ချ ဆရာတော်ကြီးများ လှူတာကတော့ သံဃပူဇာ၊ ဘုန်းကြီးများ ပြောလို တာက ရန်ကုန် မန္တလေး ကျောင်းတိုက်ကြီး နှစ်တိုက်မှာရှိတဲ့ ဒီအဆောက်အအုံတွေရော၊ အသုံး အဆောင်တွေရော၊ ပြီးတော့ ဆွမ်းပဒေသာပင်တွေ ရော အားလုံး အကုန်လုံးကို ဘုန်းကြီးတို့ ဘယ် ပုဂ္ဂိုလ်အားမှလဲ ပုဂ္ဂလိကမလှူဘူး။ နှစ်ပါးသုံးပါး ဂိုဏ်းအား မလှူဘူး။ စတုဒိသာ သံဃာအားလှူပါ၏ လို့လဲ ဘုန်းကြီးတို့ သမ္မဒါန်မတပ်ဘူး။ အေး– ဘာတပ်တုံးဆိုတော့ ပရိယတ္တိသာသနာ ပဋိပတ္တိ သာသနာ သာသနာတော်နှစ်ရပ်အား လေးမြတ် ကော်ရော် ပူဇော်ပါ၏၊ လှူဒါန်းပါ၏–လို့ အလှူခံ သည် ပရိယတ္တိသာသနာ၊ အေး–မကင်းရာ မကင်း ကြောင်းနဲ့ ဒီပရိယတ္တိသာသနာမှာနော်၊ ဒီ ပရိယတ် အလုပ်ကို နိဿရဏတ္ထ ပရိယတ္တိ ဖြစ်အောင် ကျင့် ဆောင်တဲ့ အရှင်မြတ်တွေ ပေါ်ပေါက်၍ အဲဒီ အရှင်မြတ်တို့ ကျင့်သုံးတဲ့ ပဋိပတ္တိသာသနာအား ပူဇော်ရာရောက်အောင် ပရိယတ် ပဋိပတ် သာသနာ တော်နှစ်ရပ်အား လေးမြတ်ကော်ရော် ပူဇော်ပါ၏– လို့ အားလုံး ငါတို့ရဲ့အလှူဟာ ပရိယတ် ပဋိပတ် သာသနာတော်နှစ်ရပ်အား ပူဇော်တယ်။

ဒီကောင်းမှုကြောင့် ပဋိဆေသာသနာဖြစ်တဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို အရဟတ္တဖိုလ်ပေါက် လျင်မြန် ထုတ်ချောက် ရရောက်တဲ့ကိုယ် မျက်မှောက်ပြုရတဲ့ ကိုယ် ဖြစ်ပါလိုကုန်၏–လို့ ဝိဝဋ္ဌဆုတောင်း အောင် အောင်မြင်မြင် တောင်းရပါ့မယ်။

အမှန်ကတော့ ဘုန်းကြီးတို့ ဟို–ဒကာကြီး သာသနာရေးဝန်ကြီး ဦးဘုန်းမြင့်အား လွှဲအပ် ကတည်းကိုက လက်ခံပြီးသားပါ။ အခုဟာ သက္ကစ္စ မြောက်အောင် ကျကျနန သက္ကစ္စဒါနဖြစ်အောင် လွှဲအပ်လှူဒါန်းတဲ့ အခမ်းအနားကျင်းပတာ သက္ကစ္စ ဒါနဖြစ်အောင် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ အရင် သက္ကစ္စဒါနဖြစ်အောင် ဆောင်ရွက်ပြီးတော့ နိဗ္ဗာန်မဂ် ကို ဆုမွန်ကောင်းတောင်းရအောင် သာသနာရေး ဝန်ကြီး အမှူးပြုတဲ့ လူကြီးလူကောင်းများ ရေစက် ခွက်ကိုယ်စီကိုင်၍ အားလုံး လိုက်ပြီးဆိုကြပါ။

[ရေစက်ချပြီး သာဓုခေါ်ကြသည်။]

ဆက်လက်၍ မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားကြီး အဖွင့်ရေးသားတော်မူသော ဘာဝနာ ၁၁ နည်း မေတ္တာပို့ လက်ဘက်ကို တိ=နိ ဥပဋ္ဌာက အနုပညာ အဖွဲ့ငယ်မှ အနုပညာရှင်များက ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့ အကျိုးတော်ဆောင်ချုပ် ဆရာတော်ဘုရားကြီး အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အလှည့်ကျ ဆရာတော်ဘုရားကြီးများနှင့် နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ သင်ကြား စီမံ ဆရာတော်များအား ဝန်ကြီးများနှင့် တာဝန်ရှိသူ များက သင်္ကန်းနှင့် လှူဖွယ် ပစ္စည်းများကို ဆက်ကပ် လှူဒါန်းကြပြီး အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ် ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက် ကြောင်း သိရှိရသည်။

မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိ သာသနာ့ တက္ကသိုလ်ကြီးကိုမူ ၁၃၅၄–ခု၊ ဝါဆိုလပြည့်ကျော် ၁ ရက် (၁၅–၇–၉၂)နေ့ မန္တလေး သာသနာ့ တက္ကသိုလ်ကြီးအတွင်းရှိ ဘွဲ့နှင်းခမ်းရုံကြီး၌ လွှဲအပ်ပွဲ အခမ်းအနား ကျင်းပပြုလုပ်ပြီးလျှင် ပရိယတ္တိ သာ သနာတော်အား ရေစက်ချ၍ လွှဲအပ် လှူဒါန်းတော် မူခဲ့ပါသည်။

http://www.dhammadownload.com

စာရင်းချုပ်

ရန်ကုန်သာသနာ့တက္ကသိုလ်၊ မန္တလေးသာသနာ့တက္ကသိုလ်၊ မန္တလေး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်းနှင့် မန္တလေး ဇီဝိတဒါန သာသန အထူးကု ဆေးရုံတို့အတွက် လူဒါန်းရရှိငွေပေါင်း၊ သုံးစွဲငွေပေါင်း စသည့် စာရင်းချုပ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ရန်ကုန်သာသနာ့တက္ကသိုလ်

၁။ သာသနိကအဆောက်အဦများ ဆောက်လုပ်ခြင်း သုံးငွေ ၉၇၃၅၀၆၃၅၅-၅၂:

၂။ သုံးစွဲငွေ (က) လူဒါန်းငွေပေါင်း ၆၂၄၈၁၁၈၄-၁၇:

(ခ) နိုင်ငံတော်အဆင့်မီ လူဒါန်းငွေ ၃၀၃၀၄၃၂၀-၉၃:

(ဂ) တိုက်ခန်းများရောင်းရငွေမှသုံးစွဲငွေ ၄၅၆၅၁၃၀-၄၂:

ပေါင်း = ၉၇၃၅၀၆၃၅၅-၅၂:

မန္တလေးသာသနာ့တက္ကသိုလ်

၁။ သာသနိကအဆောက်အဦများ ဆောက်လုပ်ခြင်း သုံးစွဲငွေ ၅၁၂၉၄၀၄၉-၀၀:

၂။ သုံးစွဲငွေ (က) လူဒါန်းငွေပေါင်း ၄၉၈၅၈၇၀-၆၆:

(ခ) တိုက်ခန်းရောင်းရငွေမှ သုံးစွဲငွေ ၁၄၃၆၂၄၃-၃၄:

ပေါင်း = ၅၁၂၉၄၀၄၉-၀၀:

မန္တလေးဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီး

၁။ ဆေးရုံ ဆောက်လုပ်ခြင်း သုံးစွဲငွေ ၇၈၃၀၀၉၉-၅၅:

၂။ သုံးစွဲငွေ (က) လူဒါန်းငွေပေါင်း ၆၀၈၂၁၉-၃၃:

(ခ) တိုက်ခန်းရောင်းရငွေမှသုံးစွဲငွေ ၁၇၄၇၉၀၃-၂၂:

ပေါင်း = ၇၈၃၀၀၉၉-၅၅:

http://www.dhammadownload.com

မန္တလေးကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း

၁။	အဆောက်အဦများ ဆောက်လုပ်ခြင်း သုံးစွဲငွေ		၅၀၈၀၀၀၃-၈၆ါး
၂။	သုံးစွဲငွေ (က)	လှူဒါန်းငွေပေါင်း	၄၁၆၀၆၉၄-၀၀ါး
	(ခ)	တိုက်ခန်းရောင်းရငွေမှသုံးစွဲငွေ	၉၁၉၃၀၉-၈၆ါး
		ပေါင်း =	၅၀၈၀၀၀၃-၈၆ါး
(၁)	သုံးစွဲငွေစုစုပေါင်း	=	၁၆၁၅၅၅၆၈၅-၉၃ါး
(၂)	လှူဒါန်းငွေစုစုပေါင်း	=	၁၅၂၈၈၇၀၉၈-၀၉ါး
	လိုငွေ စုစုပေါင်း	=	၈၆၆၈၅၈၄-၈၄ါး

လိုငွေကို ဆွမ်းပဒေသာမှ ခေတ္တသုံးစွဲထားခဲ့ရာတွင် နိုင်ငံတော် သံဃမဟာနာယကသို့ လွှဲအပ်သည့်အချိန်တွင် ဆရာတော်ကြီးက လိုငွေနှင့် မအပ်ပါနှင့်ဟု မိန့်တော်မူသဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး ဖွဲ့စည်း၍ တာဝန်ပေးအပ်ထားသောအဖွဲ့မှ မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးအား လှူဒါန်းထားသည့် လသာမြို့နယ်နှင့် လမ်း ၂၀ မှ တိုက်ခန်းများကို ရောင်းချ၍ လိုငွေများကို ဆရာတော်ဘုရားကြီး၏ အမိန့်ရှိသည့်အတိုင်း ဖြည့်ဆည်းပါသည်။

ဒေါ်ဣန္ဒစာဂီကွယ်လွန်ခြင်း

ဆရာကြီးဒေါ်ခမ္မစာရီတွင် မစောရီနှင့် မထွေးပု-ဟု ညီမ(၂)ဦးရှိပါသည်။ ထိုညီမ(၂)ဦးတို့သည်လည်း မစောရီက ဒေါ်ဥာဏစာရီ၊ မထွေးပုက ဒေါ်ဣန္ဒစာဂီ-ဟူသော ဘွဲ့အမည်များဖြင့် သီလရှင်ဝတ်ခဲ့ကြပါသည်။ ဆရာတော်ကြီးသည် မယ်တော်ကြီးဒေါ်ခမ္မစာရီ အသက်ထင်ရှားရှိစဉ်က ညနေတိုင် မယ်တော်ကြီးထံ သွားရောက်ကာ တရားစကား ဆွေးနွေးတော်မူပါသည်။ သားအမိပြောဆိုရာတွင် မြန်မာလိုမပြောကြပဲ ပါဠိလို ပြောဆိုကြပါသည်။ ဆရာကြီးဒေါ်ခမ္မစာရီနှင့် ဒေါ်ဥာဏစာရီတို့မှာ ကွယ်လွန်ခဲ့ကြပြီး၊ ဖွားလေးဟု ထင်ရှားသော ဒေါ်ဣန္ဒစာဂီ တပါးသာကျန်တော့သည်။ ဆရာတော်ကြီးသည် ဒေါ်ဣန္ဒာစာဂီကို မိမိ၏ အမကြီးအရင်းလို သဘောထားသဖြင့် မယ်တော်ကြီး ရှိစဉ်ကကဲ့သို့ ဖွားလေးထံ မကြာခဏ ကြွတော်မူပြီး အားပေးစကား မိန့်ကြားကာ စားဖွယ်သောက်ဖွယ် ဆေးဝါးများ ယူဆောင်သွားကာ ချီးမြှောက်တော်မူလေ့ရှိပါသည်။

ဖွားလေး ဒေါ်ဣန္ဒစာဂီက ဆရာတော်ကြီး ထက် အသက်(၁၄)နှစ်ခန့် ကြီးပါသည်။ ဖွားလေးသည် ဆရာတော်ကြီးနှင့် ငယ်စဉ်က စာကျက်ဖက်ဖြစ်ပါသည်။ ဆရာတော်ကြီး တိပိဋကဓရ ဖြေရာတွင် စာပြန်သည့်အခါ စာအုပ်ကိုင်ကြည့်ပေးသမားတို့တွင် တဦးအပါ အဝင်ဖြစ်သည်။ တိပိဋကဓရ ကျောင်းတိုက်ကြီးကို တည်ထောင်၍ တိပိဋကဓရပုဂ္ဂိုလ်များ တော်တော်နှင့် မပေါ်ထွက်နိုင်သောအခါ အဖွားထွေးက "တို့ဦးဇင်းဖြင့် လေးနှစ်နှင့် တိပိဋကဓရ ဖြစ်သည်။"ဟု မကြာခဏ မိန့်ဆိုတတ်ပါသည်။ ဆရာတော့်အား မောင်ရင်းပမာ အားကိုးလှပါသည်။ ဖွားလေးသည်လည်း မယ်တော်ကြီးကဲ့သို့ မြန်မာ

http://www.dhammadownload.com

စကားထက် ပါဠိစကားကို ပို၍ ကျွမ်းကျင်ပါသည်။ ဆရာတော်နှင့် စကားပြောရာမှာလည်း ပါဠိလို ပြောတတ်ပြီး၊ မြန်မာလိုပြောပါက ရံခါမြန်မာ စကားလုံးမေ့နေလျှင် ဆရာတော်ကြီးက ပါဠိလို သတိပေးလိုက်မှ သတိရတတ်ပါသည်။

ဆရာကြီး ဒေါက္ကန္ဒာဂီသည် ၁၃၅၄ ခုနှစ်ဦးကပင် နေမကောင်းဖြစ်နေရကာ ဒေါက္ကန္ဒာဂီအားငယ်မည်ကို ဆရာတော်ကြီးမှာ အလွန်စိုးရိမ်တော်မူပါသည်။ မိမိကို အားကိုး၍နေသည်ဟု စိတ်ထဲမှတ်ယူပါသဖြင့် ဖွားထွေး ကွယ်လွန်ချိန်တွင် အနားဌ ရှိကာ တရားဟောပြောခြင်း၊ သတိပေးခြင်းပြုလိုတော်မူဟန်ရှိပါသည်။ ထိုအချိန်က ရန်ကုန်သာသနာ့တက္ကသိုလ်လွှဲပွဲများရှိနေသည့်အတွက် ဆရာတော်ကြီးသည် ရန်ကုန်မြို့ ကမ္ဘာအေး အစည်းအဝေးသို့ မကြာခဏ ကြွတော်မူရပါသည်။ ထိုအချိန်ကဆိုလျှင် ဆရာတော်ကြီးသည် ရန်ကုန်မှာ ရက်ရှည်သီတင်းမသုံးပဲ ရထားချိန်မီလျှင်ပင် မင်းကွန်းသို့ ပြန်ကြွတော်မူ၍ ဖွားထွေးကို စောင့်ရှောက်တော်မူပါသည်။

ဖွားထွေးကို စိတ်ချမ်းသာစေရန်နှင့် မိမိလည်း မယ်တော်ကြီး၏ ကျေးဇူးကိုဆပ်ရာ ရောက်စေရန် မယ်တော်ကြီးဒေါ်မမွှာရီ၏ အဋ္ဌပ္ပတ္တိစာအုပ်ကို အရှင်ဃောသိတအား ရေးစေပြီး ကိုယ်တိုင်တည်းဖြတ်ကာ စာအုပ်ထုတ်ဝေခဲ့ပါသည်။ ထို့ပြင် မယ်တော်ကြီးငယ်စဉ်က ရေးသားခဲ့သော သစ္စဝါဒီဋီကာ ကျမ်းကိုလည်း စာအုပ်မူအဖြစ် ပုံနှိပ်စေခဲ့ပြန်ပါသည်။ ထို့ပြင် မယ်တော်ကြီးအထိမ်းအမှတ်ဗိမာန်၊ စာကြည့်တိုက်၊ အဋ္ဌပ္ပတ္တိ ကျောက်စာတိုက်များကို ပန္နက်ချပေးတော်မူခဲ့ပါသည်။ ဤသို့လျှင် မယ်တော်ကြီးအား ရည်စူး၍ စာအုပ်ထုတ်ခြင်း၊ ဗိမာန် ပန္နက်ချခြင်းများကို ဖွားလေးသိရှိရသောအခါ အလွန်စိတ်ချမ်းသာခဲ့ပါသည်။

၁၃၅၄-ခု၊ ကဆုန်လပြည့်ကျော် (၁၄)ရက် (၃၀-၅-၉၂) ည(၇)နာရီအချိန်တွင် ဆရာတော်ကြီး ရန်ကုန်သို့ ကြွတော်မူစဉ် မင်းကွန်း အိမ်ကြီးချောင်ဖွားထွေး ဒေါက္ကန္ဒာဂီကွယ်လွန်ခဲ့ပါသည်။ ဒေါက္ကန္ဒာဂီ ကွယ်လွန်ချိန်၌ ဆရာတော်ကြီးသည် ရန်ကုန်မရောက်သေး၊ လမ်းခုလပ် တောင်ငူဘူတာသို့ အရောက်မှာ ကွယ်လွန်ခဲ့ခြင်းဖြစ်၍၊ ထိုသတင်းကို နောက်တနေ့မနက် ရန်ကုန်မှ သိတော်မူပါသည်။

ဆရာတော်ကြီး၏ ကျန်းမာရေး

ဆရာတော်ဘုရားကြီးသည် သက်တော် (၈၀) ပြည့်ချိန်မှစ၍ အင်အားချိနဲ့တော်မူလာပါသည်။ နေ့စဉ်နှင့်အမျှ လုပ်ဆောင်နေတော်မူရသော လုပ်ငန်းများနှင့် အာဟာရဘဉ်းပေးမှုမှာ ကြာလေမမျှလေ ဖြစ်လာပါသည်။ အလုပ်ထဲတွင် စိတ်ဝင်စားမှုသမာဓိကြီးမားတော်မူလေလေ ဆွမ်းကွမ်းကိစ္စကို မေ့လျော့တော်မူလေ ဖြစ်ခဲ့ပါသည်။ မကြာခဏ ရင်ကြပ်တော်မူသည်။ ချွဲသလိပ်ထပါသည်။ အစားအသောက်လုံးဝ အမှားမခံတော့ပါ။ အစားအသောက် မှားသည်နှင့် မတည့်သည်ကို ဘဉ်းပေးသည်နှင့် ချွဲထကာ တည်လုံး မကျိန်းနိုင်ဖြစ်၍ ပင်ပန်းတော်မူပါတော့သည်။

ထို့ပြင်ဆရာတော်ကြီး၏ အာရုံကြောများ ထိခိုက်ပြီး ကြွက်သားများ တဖြည်းဖြည်း ကြိုလို အားပျော့ တောင့်တင်းလာပါသည်။ ထိုရောဂါကြောင့်ပင် ဆရာတော်ကြီးသည် အစားအသောက် ဝါးမြိုရ ခက်ခဲလာပါသသည်။ ဘဉ်းပေးရခက်သဖြင့် အစားအစာ ဘဉ်းပေးတော်မူခြင်းကို မပြုလိုတော့သည်ဖြစ်ရာ၊ အစားအသောက် နည်းပါးတော်မူလာပါသည်။ နဂိုကပင် အစားကို အနည်းငယ်မျှသာ ဘဉ်းပေးတော်မူရာမှ ရောဂါကြောင့် ပို၍ နည်းလာပါသည်။ အအေးမိလျှင်လည်း မခံနိုင်၊ အလုပ်ပန်းလျှင်၊ တရားဟောကြာမြင့်လျှင်လည်း မခံနိုင်အောင် ဖြစ်တော်မူလာပါသည်။

http://www.dhammadownload.com

မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့ အထူးကု ဆေးရုံကြီးတွင်
ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး
ဆေးကုသခံယူတော်မူစဉ်အခါက ပေါင်ချိန်တော်မူနေပုံ။



http://www.dhammadownload.com

ဆရာတော်ကြီးသည် မိမိ၏ ရောဂါကို သိတော်မူပြီးဖြစ်သည့်အတိုင်း မိမိအား ပြုစု စောင့်ရှောက်ကြသော ဆရာဝန်ကြီးများအားလည်း စမ်းသပ်မှု ပြုလိုကြသော်လည်း ဆရာတော်ကြီးက လက်မခံလိုတော့ပေ။ ဆရာဝန်ကြီး ဦးထွန်းသင် ရောက်လာလျှင် ဆရာတော်ကြီးက ဦးထွန်းသင်အား တရားစကားများ ဟောကြားတော်မူကာ ဆေးကုသမှု ကိစ္စကို လျော့ပါးအောင်လည်း ဆောင်ရွက်တော်မူပါသည်။ ဆေး တိုက်မှု ကိစ္စနှင့်စပ်၍ ပစ္စာသာမဏ ဦးနိမလ (စိန်နားကပ်ကြီး)အား သာစိတ်ချပြီး ဆေးအကပ်ခိုင်းတတ်သည်။ ဦးနိမလ မရှိသည့်အခါ အခြား ဦးဇင်းတပါး ဝင်ကပ်လျှင် စိတ်မချတတ်။ တော်ရုံ ဖျားနာချောင်းဆိုးရုံမျှကို ဆရာဝန် မခေါ်စေပဲ ဦးနိမလအား ဆေးအကပ်ခိုင်းပြီး ဘုဉ်းပေးတတ်ပါသည်။

ဆရာဝန်ကြီးများက ဆရာတော်ကြီးအား အာဟာရပိုမို ဘုဉ်းပေးတော်မူပါဟု လျှောက်ထားကြရာတွင် ဆရာတော်ဘုရားက "ဘုန်းကြီးခန္ဓာကိုယ်က ချည်ငင်တဲ့ ဒညင်းလုံးလောက်သာရှိလို့ နည်းနည်းသာ ဘုဉ်းပေးတာပါ"ဟု ဖြေကြားတော်မူလေ့ရှိပါသည်။

မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံ၌ ဆေးကုခံယူတော်မူခြင်း

၁၉၉၂-ခု၊ ဩဂုတ်လ(၁၆)ရက်နေ့ညတွင် ဆရာတော်ကြီး တညလုံးချောင်းဆိုးကာ ခွဲကြပ်သဖြင့် ဆရာဝန်ကြီးဦးထွန်းသင်အား အကြောင်းကြားရာ၊ ၁၉၉၂-ခု၊ ဩဂုတ်လ(၁၇)ရက်နေ့ နံနက်တွင် ပါမောက္ခချုပ် ဆရာဝန်ကြီးဦးထွန်းသင်သည် ဦးပါနှင့် အတူ မင်းကွန်းသို့ ရောက်ရှိပြီး ဆရာတော်ကြီးအား စစ်ဆေးကြည့်ရှုပေးပါသည်။ ဆရာကြီးဦးထွန်းသင် ကသေချာစစ်ဆေး ကြည့်ရှုပြီးနောက် သလိပ်ထွက်ရန် သလိပ်ပျော်စေရန် ဆေးများဆက်ကပ်ခဲ့ပါသည်။

၁၉၉၂-ခု၊ စက်တင်ဘာလ(၅)ရက်နေ့ နံနက် (၉) နာရီတွင် ဆရာကြီး ဦးထွန်းသင် ထပ်မံရောက်ရှိလာပြီး ဆရာတော်ကြီးအား စစ်ဆေးကြည့်ရှုရာ အတော်ကြီးကောင်းမွန်နေပြီဖြစ်ကြောင်း သိတွေ့ရှိရပြီး၊ အားဆေးများကို ဆက်ကပ်ပါသည်။ ထို့ပြင် ကာဆီလန်(Casilan)ကို ဘုဉ်းပေးပါမည့် အကြောင်းလည်း လျှောက်ထားခဲ့ပါသည်။

၁၉၉၂-ခု စက်တင်ဘာလ(၈)ရက်နေ့ နံနက်တွင် ရင်ကြပ်တော်မူပါသဖြင့် နေ့ ၁နာရီ ၅မိနစ်တွင် ဆရာဝန်ကြီး ဦးမြသိန်း စစ်ဆေးကြည့်ရှုပေးပါသည်။ နောက်တနေ့ (၉) ရက်နေ့ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဆရာကြီး ဦးထွန်းသင်၊ ဆရာဝန်ကြီးဦးနုနှင့် တိုင်းရင်းသား ဘေးတော်ကြီးများပါ ကြရောက်ပြီး ကြည့်ရှုစစ်ဆေးကြပါသည်။

(၁၁)ရက်နေ့ညတွင် ဆရာတော်ကြီး မောပြီး အတော်ပင်ပန်းနေတော်မူသည်။ ချောင်းလည်း မပြတ်ဆိုးတော်မူပါသည်။ ခွဲကြပ်နေတော်မူပါသည်။ (၁၂-၉-၉၂)နေ့ နံနက် (၆)နာရီ (၅၀)မိနစ်တွင် ဆရာကြီး ဦးထွန်းသင်ထံ အကြောင်းကြားရာ၊ ဆရာကြီးဦးထွန်းသင် ရောက်ရှိလာပြီး ချက်ချင်း စစ်ဆေးကြည့်ရှုပါသည်။ ဆရာတော်ကြီး၏ သံတော်မှာ တိုးတိုးသာ ပြောတော်မူနိုင်ပါသည်။

နောက်တနေ့ (၁၃-၉-၉၂)နံနက်(၈း၃၀) နာရီတွင် မန္တလေးတိုင်း ဒုတိယတိုင်းမှူးဗိုလ်မှူးကြီး အောင်ခင် ဆရာဝန်ကြီးဦးဖေဝင်း၊ ဆရာကြီးဦးထွန်းသင်၊ ဦးအောင်ဇင်တို့ စစ်ဆေးကြည့်ရှု တိုင်ပင်ကြကာ မန္တလေးဇီဝိတဒါန သာသနာ့အထူးကု ဆေးရုံသို့ ကြွတော်မူပြီး ဆေးကုသပါရန် လျှောက်ထားကြပါသည်။ ဆရာတော်ကြီးက မငြင်းမဖယ် လက်ခံတော်မူပြီးလျှင် နေ့ဆွမ်းဘုဉ်းပြီးက မန္တလေးသို့ ကြွလာမည်ဟု မိန့်တော်မူပါသည်။

နေ့ဆွမ်းဘုဉ်းပေးပြီး ၁း၃၀နာရီအချိန်တွင် ဆရာတော်ဘုရားကြီးသည် ဦးနန္ဒိယ၊ တိုက်အုပ်

http://www.dhammadownload.com



မန္တလေးမြို့.
ဇီဝိတဒါနသာသနာ့
အထူးကဆေးရုံကြီးသို့
ကြွကော်မူရှင် ဆေးကုသ
ခဲယူတော်မူပုံ။



http://www.dhammadownload.com





မန္တလေးမြို့၊ ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံကြီးဒို့ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး ဆေးကုသခံယူတော်မူပုံ

http://www.dhammadownload.com



မန္တလေးတိုင်း ဒုတိယတိုင်းမှူးနှင့် ဧနီးလာရောက်ကန်တော့ကြပုံ

ဆရာတော် ဦးဝေပုလ္လာစာရ၊ ဦးနိမလ၊ မောင်ဝင်း၊ တင်မောင်အေး၊ ဝင်းကိုနှင့်အတူ မန္တလေးတဖက်ကမ်းသို့ ကြွတော်မူပါသည်။ မန္တလေးသို့ ရောက်လျှင် ကမ်းနဖူးမှ မန္တလေး တိုင်းမှူး ဗိုလ်ချုပ် ကျော်သန်းအသင့်ကြိုနေပါသည်။ မန္တလေးမြို့ ဇီဝိတဒါန သာသနာ့ အထူးကုဆေးရုံသို့ နေ့(၂၃၀)နာရီတွင်ရှိပြီး၊ ဆရာတော်ကြီး ဆေးရုံ အထပ်ထပ်သို့ ကုလားထိုင်ဖြင့် ပင့်မည်ဟု စီစဉ်ရာ၊ ဆရာတော်ကြီးက လက်မခံပဲ ကိုယ်တော်တိုင် ခပ်ဖြည်းဖြည်း ဆေးရုံအထက်ထပ်သို့ ကြွတော်မူပါသည်။

ဆေးရုံသို့ရောက်လျှင်ရောက်ချင်း ဆရာတော်ဘုရားကြီးအား ပင်ထရိုပ္ပိုက် ဆေးသွင်းရာ နာတော်မူပါသဖြင့် ဆရာတော်ကြီးက "ငါကဦးသာလှဘုန်းကြီးဆိုတော့"ဟု အစချီတော်မူပြီး ဆရာကြီး ဦးသာလှဆိုပါက ဤသို့ဆေးမထိုးဟု မိန့်တော်မူပါသည်။ ပင်ထရိုပ္ပိုက်အားဆေး(၂)လုံး သွင်းပါသည်။ ညနေ (၆း၃၀)နာရီမှ ဆေးသွင်း၍ ပြီးပါသည်။ ထိုနေ့ညက ဆရာတော်ကြီး သက်သာတော်မူပါသည်။ ထိုနေ့ပေါင်ချိန်ရာမှာ (၆၃.၈)ပေါင်ရှိပါသည်။

(၁၄-၉-၉၂)နေ့ နံနက်တွင် သမားတော်ကြီး ဦးဖေဝင်းလာရောက်ပြီး ဆရာတော်ဘုရားကြီးအား ဆေးစစ်ပေးပါသည်။ နေ့ ၁၂နာရီတွင် ပါမောက္ခချုပ် ဆရာကြီးဦးထွန်းသင် လာရောက်၍ ဆေးစစ်ပါသည်။ ထိုနေ့က မန္တလေးတိုင်း ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးအောင်ခင်နှင့် မိသားစု ဆရာတော်ဘုရားအား လာရောက်ကန်တော့ကြပါသည်။ ထိုနေ့ည(၈)နာရီတွင် ဆရာကြီးဦးထွန်းသင် ထပ်မံရောက်လာပြီး စစ်ဆေးကြည့်ရှုပါသည်။ ထိုနေ့ပေါင်ချိန်ရာ (၆၃)ပေါင်ရှိပါသည်။

(၁၅-၉-၉၂)နေ့ နံနက်(၁၁)နာရီ ၅၀မိနစ်တွင် သမားတော်ကြီး ဦးထွန်းသင်၊ ဦးဖေဝင်း၊

http://www.dhammadownload.com



ဆရာတော်ကြီး၏ မျက်စိကို ကြည့်ရှုစစ်ဆေးပေးနေပုံ

ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော်နှင့် ဦးအောင်ဇင်တို့ ကြည့်ရှုကြပါသည်။ ထိုနေ့က ဓါတ်မှတ်ရိုက်ပါသည်။ ဒကာမ ဆရာဝန် တစ်ဦး ပါလာသဖြင့် ဆရာတော်ကြီးက နှစ်သက်တော်မူဟန်မတူပါ။ ထိုနေ့က ပေါင်ချိန်ရာ (၆၃.၈)ပေါင် ရှိပါသည်။

(၁၆-၉-၉၂)နေ့ နံနက် ၆နာရီခွဲတွင် ဒေါက်တာဦးဝင်းမောင်နှင့် ဒေါက်တာဦးချစ်ခိုင်တို့ စစ်ဆေးကြည့်ရှုကြပါသည်။ ဆရာတော်ကြီး နေကောင်းနေပါသည်။

(၁၇-၉-၉၂)နေ့ သမားတော်ကြီး ဦးထွန်းသင်၊ ဦးအောင်ဇင်၊ ပါမောက္ခဦးဖေဝင်း တို့စစ်ဆေးကြပါသည်။ ဆရာတော်ဘုရားကြီးက ဆရာကြီး ဦးထွန်းသင်အား "တဝတဒကာကြီးများကို ပြောပေးပါ။ ဘုန်းကြီး နေကောင်းပြီဖြစ်လို့ မင်းကွန်းသို့ ပြန်ကြွလိုပြီ"ဟု မိန့်တော်မူပါသည်။ ဆရာတော်ဘုရားကြီးအား ပေါင်ချိန်ရာ (၆၈)ပေါင်ရှိကြောင်း သိရပါသည်။ ပေါင်ချိန် ဘိုးလာ၌ ဝမ်းသာကြပါသည်။

(၁၈-၉-၉၂)နေ့ နံနက် (၉:၃၀)နာရီတွင် သမားတော်ကြီးဦးထွန်းသင်၊ ပါမောက္ခဦးမင်းနိုင်၊ ဦးသက်ဝင်းတို့ ကြည့်ရှုစစ်ဆေးကြပါသည်။ နေ့လည် ဒုတိယတိုင်းမှူး ရောက်ရှိလာ၍ ဆရာတော်ဘုရားကြီးအား မင်းကွန်းသို့ ပြန်မကြွရန်လျှောက်ထားရာ ဆရာတော်ကြီးက "ဝါတွင်းဖြစ်နေ၍ ပြန်မှုရမည်"ဟု မိန့်တော်မူပါသည်။ ညနေ ၃နာရီတွင် မျက်စိနှင့် နားနာခေါင်းဆေးရုံမှ ဒေါက်တာခင်အုန်းဟန်နှင့် ဦးကြည်မောင်တို့ ရောက်ရှိကာ စစ်ဆေးပေးကြပါသည်။

(၁၉-၉-၉၂)နေ့နံနက်တွင် ဆရာတော်ဘုရားကြီး၏ မျက်စိ ကျိန်းနေတော်မူသည်ဟု မိန့်ပါသဖြင့် မျက်စဉ်းဆက်ကာခပ်ပေးရသည်။ ထိုနေ့နံနက်(၈:၃၀)တွင် သမားတော်ကြီး ဦးထွန်းသင် စစ်ဆေး ကြည့်ရှုပါသည်။ နေ့ဆွမ်းဘုဉ်းပေးပြီးနေ့ (၁၁:၃၀)နာရီ အချိန်တွင် တိုင်းအတွင်းရေးမှူး

http://www.dhammadownload.com

ဗိုလ်မှူးကြီးမောင်ပေါ်၊ မန္တလေးဆေးရုံအုပ်ကြီးဦးထွန်းအောင်ကျော်၊ ပါမောက္ခချုပ် ဦးထွန်းသင်တို့ ဆရာတော်ဘုရားကြီးအား ကမ်းနားအထိ ပို့ပေးကြပါသည်။ ဆရာတော်ကြီးအတွက် လိုအပ်သောဆေးဝါးနှင့် အာဟာရခါတ် လုံလောက်စွာရစေရန်နှင့် ကျန်းမာရေး အထူးစောင့်ရှောက်ရန် မန္တလေးပြည်သူ့ဆေးရုံကြီး အမျိုးသားသူနာပြုကိုဇော်ဝင်း၊ ရူပဗေဒ ဆေးကုဌာနမှ အကြောကုဦးမြင့်ညွန့်တို့ကို အထူးတာဝန်ဖြင့် ဆရာတော်ကြီးအား ပြုစုရန် မင်းကွန်းသို့ လိုက်ပါစေပါသည်။ အပြန်ခရီးတွင် မော်တော်ပေါ်ရောက်သည်နှင့် ဆရာတော်ဘုရားကြီးသည် စိပ်နေကျ စိပ်ပုတီးကွင်းလေးကို ထုတ်၍ ပုတီးစိပ်တော်မူရင်း လိုက်ပါတော်မူခဲ့ပါသည်။ မင်းကွန်း သဲဖြူဒိပ်သို့ မော်တော်ကပ်ပြီး ကမ်းပေါ်သို့ ရောက်တော်မူသည်နှင့် အကြိုရောက်နှင့်နေသော ကားသမားကို "မုန့်ပါသလား" ဟု လေသံသဲ့သဲ့ဖြင့် မေးတော်မူပါသည်။ ကားမောင်းသမားနှင့် အကြိုရောက်လာကြသော တပည့် သံဃာများက ဆရာတော်ဘုရားကြီး ဤမျှမကျန်းမာဖြစ်နေသည့်အတွက် မုန့်ဝေလိမ့်မည် ဟု မထင်သဖြင့် မယူခဲ့မိကြောင်း လျှောက်ထား ကြလျှင်၊ ရွာလယ်ဘုရားရှေ့မှာ ကားရပ်ခိုင်းပြီး "မုန့်သွားယူ" ဟု ဓမ္မနာဒသို့ ပြန်စေ၍ မုန့်အယူခိုင်းပါသည်။

ခလေးများ မုန့်ဝေခြင်း

ဘီစကွတ်မုန့်များ ယူလာသောအခါ ဆရာတော်ကြီးထံပါး ကပ်၍ ရှိခိုးနေကြသော ခလေးငယ်များအား တယောက်(၂)ချပ် ဝေငှစေပါသည်။ ခလေးများ မုန့်ယူနေသည်ကို ကြည့်၍ ဆရာတော်ဘုရားကြီးမှာ အလွန်ချမ်းမြေ့တော်မူနေပါသည်။

ဆရာတော်ကြီးသည် မန္တလေးမှ မင်းကွန်း ဓမ္မနာဒသို့ ပြန်ကြွတော်မူသည့်အခါတိုင်း ကမ်းနားကျောင်းတိုက်အရောက် လမ်းခုလပ်ရှိ မင်းကွန်းရွာကို ဖြတ်ရာ၊ ဆရာတော်ကြီး၏ ကားလာသည်ကို



ကျန်းမာတော်မူစဉ်အခါကပင် ဆရာတော်ကြီးသည် မင်းကွန်းရွာအတွင်းရှိ ခလေးငယ်များအား ဤသို့လျှင် မုန့်ဝေလေ့ရှိပါသည်။

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး
ဒေါ်ခမွေစာရီ အထိမ်းအမှတ် ဗီမာန်နှင့် အဋ္ဌပ္ပတ္တိ ကျောက်စာတိုက် ဖွင့်ပွဲသို့
ဆရာတော်ဘုရားကြီးအား အစဉ်ပြုစုစောင့်ရှောက်နေကြသော
တပည့်ကြီးများနှင့်အတူ မှူးတွေ့ရပုံ။

http://www.dhammadownload.com



ဒေါ်ခမ္မစာရီဖိမာန်၌ အုတ်ဖြစ်ချပေးတော်မူပုံ

မြင်သည်နှင့် ရွာတွင်းရှိ ကလေးများက လမ်းဘေး ဝဲယာမှ လက်အုပ်ချီမိုး ရှိခိုးကြလေလျှင် ဆရာတော်ကြီးက ကားပေါ်မှာ အသင့်တင်လာသော မုန့်များကို ဝေငှပေးတော်မူပါသည်။ သို့ဖြစ်၍ ဆရာတော်ကြီးအား ကားအကြို ဆင်းလျှင် ကားပေါ်တွင် ခလေးများအတွက် မုန့်ပါရသည်။ မပါက ပြန်ယူရသည်။ တခါတရံ ကျောင်းတိုက်မှာ မုန့်ပြတ်နေသည့်အခါ ရွာထဲလိုက်၍ မုန့်ဝယ်ပြီး ဝေငှပေးရပါသည်။

ဆရာတော်ကြီးသည် သက်တော် (၈၀) တွင်းသို့ ရောက်သည့်အခါ မန္တလေးဘက်သို့ အကြွအပြု နည်းပါးလာရာ၊ ခလေးများ မုန့်မရဖြစ်မည် စိုး၍ ညနေတိုင်း ဓမ္မနာဒမှ ၂ မိုင်ခွဲခန့် ဝေးသော တလိုင်း ဆင်ရွာအထိ လမ်းတလျှောက် ခလေးငယ်များကို မုန့်ဝေကြွတော်မူတတ်ပါသည်။ ၁၉၈၈ ခုနှစ် အတွင်းက ရွာတွင်း အစားအသောက် ကြပ်တည်းသည့်အခါ ဆရာတော်ကြီးသည် နေ့စဉ် နေ့လယ်ဘက်တွင် ဆန်ကို နို့စိမ်းဗူး, နို့ဆီဗူးများ၊ သကြားများဖြင့် နို့ဆန်ပြုတ် ပြုတ်ပြီး ထန်းမြင့်ရွာ၊ မင်းကွန်းရွာ အတွင်းရှိ ကလေးငယ်များကို ကိုယ်တော်တိုင် အနီးမှာ ထိုင်၍ တိုက်ကျွေးတော်မူပါသည်။

မြင်းခြံသို့ ကြွတော်မူရန်

(၁၈-၉-၉၂)နေ့တွင် ဝေယန်ဘုံမြင့်ကျောင်း၌ ကထိန်ခင်းရာ ဆရာတော်ကြီး ကြွတော်မူပါသည်။ ထိုကထိန်ပွဲ၌ မြင်းခြံသို့ ကြွတော်မူမည့် အကြောင်း အမိန့်ရှိတော်မူရာ၊ မိုးမိတ် ဂေါပက အဖွဲ့ဝင် ဒကာကြီးများက "ကျန်းမာရေး မပြည့်စုံသဖြင့် မကြွပါနှင့် ဘုရား" ဟု လျှောက်ထားကြရာ၊ "မြင်းခြံကို ကြွမှ ဖြစ်မယ်" ဟု ပြန်လည် မိန့်တော်မူခဲ့ပါသည်။ ကထိန်တရားပွဲတွင် ဆရာတော် တရားချီးမြှင့်တော်မူရာ ပင်ကို အသံမရှိတော့ပဲ ၁၀ မိ

http://www.dhammadownload.com

တိုးတိုးသာ မိန့်တော်မူပြီး၊ အချို့နေရာများတွင် အသံတော်ပင် ပျောက်၍သွားခဲ့ပါသည်။

(၂၂-၉-၉၂)နေ့ နံနက်(၁၀:၁၅)မိနစ်တွင် သမားတော်ကြီး ဦးထွန်းသင်၊ ဦးဖေဝင်း၊ ဦးအောင်ဇင်၊ ဦးချစ်ခိုင်တို့ မင်းကွန်းသို့ သွားရောက်ကြည့်ရှု စစ်ဆေးရာ၊ အစားအစာ အတော်များများ ဘုဉ်းပေးတော်မူလာကြောင်း တွေ့ရှိကြရပါသည်။ ဆရာတော်ကြီး၏ ကျန်းမာရေး ကောင်းမွန် တိုးတက်လာပြီဖြစ်သော်လည်း ဆရာကြီး ဦးထွန်းသင်၊ ဆရာဝန် ဦးမြချစ်၊ ဆရာဝန် ဦးနု၊ အကျိုးဆောင် ဦးပါ၊ ဦးလှိုင်ကြည်တို့မှာ တပည့်ရင်း ဒကာရင်းများ ဖြစ်နေကြသည့် အလျောက် နေ့စဉ်လိုလိုပင် မင်းကွန်း တဖက်ကမ်းသို့ သွားရောက်ကြပြီး ဆရာတော်ဘုရားကြီးအား ကြည့်ရှု စစ်ဆေးပေးခဲ့ကြပါသည်။

မြင်းခြံသို့ နောက်ဆုံး ကြွတော်မူခြင်း

၁၃၅၄ ခု၊ သီတင်းကျွတ် လပြည့်ကျော် ၁ ရက်နေ့ (၁၂-၁၀-၉၂)နေ့ မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် မိမိ၏ မွေးရပ်ဇာတိမြေ မြင်းခြံသို့ ကြွတော်မူခဲ့ပါသည်။ ဆရာတော်ကြီးသည် နှစ်စဉ်လိုပင် မင်းကွန်း ကထိန်များမှ ရသမျှကို မဲချကာ၊ မြင်းခြံရှိ တပည့်များကိုလည်း ဝေငှ လှူတော်မူပါသည်။ မြင်းခြံမြို့သို့ ရောက်တော်မူလျှင် မင်းကျောင်း၌ ဆရာတော့် အမျိုးများ စုံစုံညီညီ လာရောက်၍ ဖူးကြသည်။

လပြည့်ကျော် ၂ ရက်နေ့တွင် စွန်းလွန်းကျောင်း၌ ကထိန်ခင်းတော်မူပါသည်။ ဆရာတော်ကြီး မြင်းခြံသို့ မကြွမီကပင် မြင်းခြံမှာ ကထိန်မခင်းနိုင်သော ကျောင်းကို ဖုန်းဆက်၍ မေးရာ "စွန်းလွန်းကျောင်း၌ ကထိန်ခင်းမည့်သူ မရှိ" ဟု သိတော်မူပါသဖြင့်၊ ဆရာတော်ကြီးသည် စွန်းလွန်း ကထိန်အတွက် ပြင်ဆင်တော်မူခဲ့ပါသည်။ စွန်းလွန်း၌ ကထိန်ခင်းအပြီး မင်းကျောင်းကိုက်သို့ ပြန်ကြွတော်မူခဲ့၏။

ထိုနေ့ညနေပိုင်းတွင် ဆရာတော်ကြီး ခေတ္တအနားယူတော်မူစဉ် ဘေးတွင် ဦးသောဘနက "တပည့်တော်တို့ ကျောင်းမှာလဲ ကထိန် မရှိပါဘုရား"ဟု လျှောက်ထားတော်မူလျှင် ဆရာတော်ဘုရားကြီးက "ဟင်?ကိုယ့် ကျောင်း ကထိန်မရှိတာဘာလို့ မပြောတာလဲ"ဟု မိန့်တော်မူပြီးလျှင်၊ "ကထိန်ခင်းပေးတော်မူမည်"ဟု အမိန့်ရှိလေသည်။

ဆရာတော်ကြီးက ပစ္စာသာမဏ ဦးနိမလအား မန္တလေး ဓမ္မနာဒတိုက်သို့ မင်းကျောင်း ကထိန်ခင်းနိုင်ရန် မနက်ဖန် လှူဖွယ်များ ပြန်ယူဟု စေခိုင်းတော်မူပါသည်။ ဦးနိမလတို့ကလည်း ဆရာတော် ကြီး ကျန်းမာရေး မပြည့်စုံသည့် အချိန်တွင် မိမိတို့ ကျောင်းမှတပါး မည်သည့် အရပ်ဒေသသို့မျှ မကြွစေလိုပါ။ ကျောင်းသို့သာ အမြန်ပြန်ကြွစေချင်ကြသည်။ ထို့ကြောင့် ထို ၂ ရက်နေ့ ညမှာပင် ညချင်း မန္တလေးသို့ သွား၍ လှူဖွယ်များ ယူမည်ဟု စီစဉ်ကြကာ မင်းကွန်း ဓမ္မနာဒကို ညတွင်းချင်း လှူဖွယ်များ လာယူမည် အဆင်သင့် စီစဉ်ထားပါဟု ဖုန်းဆက်ထားလေသည်။ ည ၇:၃၀ နာရီတွင် ဦးနိမလ၊ ဦးကလျာဏတို့ မြင်းခြံမှ မန္တလေးသို့ ကြွခဲ့ကြရာ၊ ည ၁၁:၃၀ နာရီတွင် မန္တလေး ရောက်ရှိပြီး၊ ရွှေဟင်္သာကျောင်းတော်၌ ခေတ္တနားကြ၏။ လှူဖွယ်ပစ္စည်းများ ည ၁၂ နာရီခန့်တွင် ရောက်ရှိလာ၏။ ည ၃ နာရီတွင် မန္တလေးမှ ပြန်ထွက်ရာ မြင်းခြံ မင်းကျောင်းသို့ ၆ နာရီခန့်တွင် ပြန်ရောက်ပြီး၊ ဆရာတော်ကြီး မျက်နှာသစ်တော်မူချိန်နှင့် ဆုံလေသည်။ ဆရာတော်ကြီးက "မင်းမသွားသေးဘူးလား"ဟု မေးရာ၊ ဦးနိမလက "လှူဖွယ်စုံပါပြီဘုရား"ဟု လျှောက်ထားသောအခါ ဆရာတော်ကြီးသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူပါသည်။

http://www.dhammadownload.com



ဆရာတော်ကြီးမြင်းခြံသို့ နောက်ဆုံးအကြိမ် ကြွတော်မူစဉ်ကပုံ။

နောက်ဆုံး ကထိန်

နံနက်လင်း၍ ကထိန်ခင်းမည့် သင်္ကန်းများ ဖြတ်နေကြ ပြင်ဆင်နေကြသည်ကို မြင်တွေ့ကြရသောအခါ မင်းကျောင်းရှိ သံဃာတော်များ ဒကာ ဒကာမများ အားလုံး အံ့အားသင့်နေကြ၏။ မြင်းခြံမှ ဆရာတော် ဦးစက္ကိန္ဒက ဆရာတော်ကြီးအား "ဆရာတော် မြန်လှချည်လား ဘုရား"ဟု လျှောက်ထားရာ၊ ဆရာတော်ကြီးက "ဦးစက္ကိန် တပည့်တော် နောက်တခေါက်လာချင်မှ လာနိုင်မယ်၊ တပည့်တော် လာနိုင်တုန်း တပည့်တော် ကိုရင်ဘဝ ကတည်းက ပညာသင်ခဲ့တဲ့ မင်းကျောင်းတိုက် သံဃာတွေအား တပည့်တော် ကျေးဇူးဆပ်မယ်၊ တပည့်တော်ရဲ့ အပွဲမာဒ သတိတရားနဲ့ တပည့်တော်ရဲ့ ဒကာ ဒကာမတွေက သဒ္ဓါဒေယျဖြစ်တဲ့ လှူပစ်ခဲ့တဲ့ ပစ္စည်းတွေကို အနုဂါမိက ဥစ္စာ သံသရာပါအောင် တပည့်တော် ယူမယ်"ဟု မိန့်ကြောင်းမူပါသည်။

ထိုလပြည့်ကျော် ၃ ရက်နေ့ မင်းကျောင်းတိုက်၌ သံဃာအပါး ၁၃၀ အား ကထိန်ခင်းကာ လှူတော်မူပါ၏။ ကထိန်တရားအဖြစ် သုမန သတ္တန် တရားတော်ကို ဟောကြားတော်မူပါသည်။

နောက်ဆုံးဟောကြားသောသုတ္တန်တရား

ဤသုမနသတ္တန် တရားကား ဆရာတော်ကြီး နှစ်ပေါင်းများစွာကပင် အကြိမ်ပေါင်း မရေမတွက်နိုင်အောင် ဟောကြားတော်မူခဲ့ပြီး ဖြစ်ပါသည်။ သို့ပါသော် ဤအကြိမ်ကား ဆရာတော် ကျန်းမာရေး အလွန်ချို့တဲ့နေချိန် ရေစက်ချမှုသာတိုတို ချိုးမြှင့်တော်မူစဉ်တွင် မြင်းခြံမြို့ရှိ တပည့်သံဃာတော်များ၊ ဆွေမျိုးများကို နောက်ဆုံးချီးမြှောက်တော်မူသောအားဖြင့် ဟောကြားတော်မူသော သုတ္တန်တရားတော်ပင် ဖြစ်ပါသည်။ ဤသုမနသုတ္တန်တရားတော်သည် ဆရာတော်ကြီး

http://www.dhammadownload.com

နောက်ဆုံးဟောကြားသော သုတ္တန်တရားပင် ဖြစ်ပါသည်။ ဆရာတော်ကြီး ဟောတော်မူစတွင် အသံမထွက်လှ၊ ခပ်သဲ့သဲ့သာ။ ဟောတော်မူ၍ တရားအရှိန်ရလာသောအခါ တရားသံ ကျယ်၍ ကျယ်၍ လာပါသည်။ ထိုနေ့က ၁ နာရီတိတိ မရပ်မနား အသံမပျက် ဟောတော်မူပါသဖြင့် နောက်ပါပစ္စာသာမဏေများပင် အံ့သြကြရလေသည်။

ဆရာတော်ကြီးသည် မြင်းခြံမြို့ရှိ မကြွမီတွင် ဆွေမျိုးများအား နောက်နောင် ဤသို့ ကြွနိုင်မည်မဟုတ်ဟု ကျန်းမာရေးကို အကြောင်းပြုပြီး အမိန့်ရှိတော်မူရာ ဆွေမျိုးများ ငိုသူတို့ ငိုယိုကြ၏။ မျက်ရည်ယိုစီးကာ ဆရာတော်ကြီးအား ဖူးမဝနိုင်ဖြစ်ကြပါသည်။ လပြည့်ကျော် ၄ ရက်နေ့ (၁၅-၁၀-၉၂)တွင် မြင်းခြံမြို့မှ ပြန်လည် ကြွတော်မူခဲ့ပါသည်။ ဤသို့ ကျန်းမာရေး အလွန်ချို့တဲ့နေစဉ်တွင် မြင်းခြံမြို့ကို မဖြစ်ဖြစ်အောင် ကြိုးစားပြီး ကြွရောက်ကာ ပြဖွယ်ရှိသော အလှူအတန်းများ ပြုခြင်း၊ တရားဟောပြောခြင်း စသည့် သာသနာ့ကိစ္စများ ဆောင်ရွက်တော်မူခဲ့သည်ကို နောင်အခါ ဆရာတော် ဦးစက္ကိန္ဒက စာပန တရားပွဲ၌ "ဆရာတော်ကြီးဟာ ပစ္ဆိမ အာသမန်-နောက်ဆုံး ကြွလာပြီး ဦးဇင်းတို့ကို ချီးမြှောက်သွားတာပဲ" ဟု ထည့်သွင်းဟောပြောတော်မူခဲ့ပါသည်။

ရန်ကုန်မြို့သို့ နောက်ဆုံး ကြွတော်မူခြင်း

ဆရာတော်ကြီးအား "ကျန်းမာရေး စစ်ဆေးပါရန် ရန်ကုန်မြို့သို့ ကြွတော်မူပါဘုရား" ဟု သာသနာရေး ဝန်ကြီး ဗိုလ်ချုပ် မျိုးညွန့်၏ ပင့်လျှောက်ချက်အရ၊ မြင်းခြံမြို့မှ ပြန်ကြွလာကာ၊ မေမှာဒတိုက်တွင် (၂) ရက် နားတော်မူပြီးလျှင် (၁၇-၁၀-၉၂)နေ့ ညရထားဖြင့် ရန်ကုန်မြို့သို့ ကြွလာတော်မူပါသည်။ တိပိဋက ကျောင်းတော်သို့



ရန်ကုန်မြို့ တိပိဋကကျောင်းကောက်တွင် ဒုဗိုလ်မှူးကြီးရဲသွေး စစ်ဆေးကြည့်ရှုကုသနေပုံ။

http://www.dhammadownload.com



သက်တော်(၈၁)နှစ်ပြည့်
မွေးနေ့ပူဇော်ပွဲ အခမ်းအနားသို့
ခေတ္တမျှ အကန်တော့ခဲ
ကြတော်မူပုံ



http://www.dhammadownload.com





(အထက်) သက်တော်(၈၁)နှစ်ပြည့် မွေးနေ့ပွဲတော်ပွဲအခမ်းအနားသို့ ခေတ္တကြွတော်မူကာ အပူတော်ခံတော်မူပုံ

(အောက်) ကိ=နိဉပဋ္ဌာကဂိတအနုပညာရှင်များအား သီလချီးမြှင့်တော်မူပုံ။

http://www.dhammadownload.com



(၁၈-၁၀-၉၂)နေ့ နံနက် နေ့ဆွမ်း မတိုင်မီ ရောက်ရှိတော်မူပါသည်။

ထိုနေ့ ညနေ ၃ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မျိုးညွှန့်နှင့် ဇနီးတို့ ရောက်ရှိလာပြီး ဆရာတော်ကြီးအား ကန်တော့ကြ၏။ ဆရာတော်ကြီးက သာသနာရေးဝန်ကြီးအား "ဒကာကြီး ပင့်တာ ဟုတ်သလား"ဟု မေးတော်မူရာ၊ ဝန်ကြီးက "ဆရာတော်ဘုရား၏ ကျန်းမာရေးအတွက် စစ်ဆေးကုသပေးလို၍ ပင့်ရခြင်းဖြစ်ပါသည်ဘုရား"ဟု လျှောက်ထားပါသည်။ ထိုအခါ ဆရာတော်ကြီးက ဆေးရုံတက်၍ မကုလိုကြောင်း အမိန့်ရှိရာ၊ ဝန်ကြီးက ဤကျောင်းတော်မှာပင် သီတင်းသုံးတော်မူပြီး ကုသ စစ်ဆေးနိုင်ရန် စီစဉ်ထားပါကြောင်း လျှောက်ထားပါသည်။ သမားတော်ကြီး ဒုဗိုလ်မှူးကြီး ရဲသွေး ရောက်ရှိလာပြီး ဆရာတော်ကြီးအား စစ်ဆေးကြည့်ရှုပေးပါသည်။

(၁၉-၁၀-၉၂)နေ့ နံနက် ၈း၃၀ တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မျိုးညွှန့်၊ ဒုတိယ ဝန်ကြီး ဦးကျော်အေး၊ ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်နှင့် သမားတော်ကြီး ဒုဗိုလ်မှူးကြီး ရဲသွေးတို့ ဆရာတော်ကြီးအား အမှတ်(၂)စစ်ဆေးရုံကြီးသို့ ပင့်ဆောင်ကြပါသည်။ စစ်ဆေးရုံသို့ ရောက်သောအခါ ဆရာတော်ကြီးကို ဘီးတပ်ကုလားထိုင်ဖြင့် စစ်ဆေးခန်းများသို့ ကြွတော်မူရန် စီစဉ်ထားသော်လည်း ဆရာတော်ကြီးက လက်မခံပဲ လူတွဲဖြင့် ခပ်ဖြေးဖြေး ကြွတော်မူပါသည်။ မျက်စိတော်ကိုလည်း စစ်ဆေးပါသည်။ နေ့ဆွမ်းအမှီ ကျောင်းတော်သို့ ပြန်လည်ရောက်ရှိတော်မူပါသည်။ နေ့ဆွမ်းဘုဉ်းပေးတော်မူပြီး ဆရာတော်ကြီး အနားယူတော်မူပါသည်။

(၂၀-၁၀-၉၂)နေ့ ည ၇ နာရီအချိန်တွင် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ရုန်ကုန်

http://www.dhammadownload.com

မြို့၊ တိပိဋကကျောင်းတော်ရှိ အဘိဓဇကျောင်းတော်သို့ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့်၊ ဝန်ကြီး ဗိုလ်ချုပ် မျိုးညွန့်၊ သမားတော်ကြီး ဒုတိယ ဗိုလ်မှူးကြီး ရဲသွေး၊ ဒုတိယ ဝန်ကြီး ဦးကျော်အေး၊ ညွှန်ကြားရေးမှူးချုပ် ဦးအံ့မောင်တို့နှင့်အတူ လာရောက် ဖူးမျှော်ကန်တော့ကြပါသည်။ ဆရာတော်ကြီး၏ ကျန်းမာရေး အခြေအနေများကို မေးမြန်း လျှောက်ထားကြပါသည်။ ထိုအချိန်တွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးက ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား-

နာဟံ ဒါသော ဘဋ္ဌောတုယှံ၊
နာဟံ ပေါသေမိ ဒါနိတံ။
တံယေဝ ပေါသေန္တော စိရံ၊
သံသာရေ သံသရိုံ အဟံ။

ဟူသော ဂါထာကို ရွတ်ဆို ချီးမြှင့်တော်မူခဲ့ပါသည်။

ဆရာတော်ကြီးက ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား ချီးမြှင့်ပေးတော်မူခဲ့သော ဤဂါထာမှာ ဆရာကြီး ဒေါ်ဓမ္မစာရီ ရေးခဲ့သော ဂါထာ ဖြစ်ပါသည်။ ၁၃၅၃-ခု ဝါဆိုဦးက ဆရာကြီး ဒေါ်ဓမ္မစာရီ၏ အဋ္ဌုပတ္တိစာအုပ် ရိုက်နှိပ်ကြရာတွင် ဦးဃောသိတ၏ ရေးသားချက်များကို ဆရာတော်ကြီး ပြန်လည်စစ်ဆေးရာတွင် နောက်ဆက်တွဲ(၃)ဟူသော နေရာ၌ ဤဂါထာကို ဆရာတော်ကြီးက ဒေါ်ဓမ္မစာရီ၏ လက်ရေးမူ မှတ်စုမှ ကူးယူ ချီးမြှင့်တော်မူခဲ့သော ကြောင့် ဒေါ်ဓမ္မစာရီ အဋ္ဌုပ္ပတ္တိ စာအုပ်မှာပင် ထည့်သွင်း ဖော်ပြခဲ့ပါသည်။ ဆရာကြီး ဒေါ်ဓမ္မစာရီ၏ မှတ်စုတွင် ဖော်ပြထားသည်မှာ-

"နာ+ဟံ ဒါသော ဘဋ္ဌော တုယှံ၊
နာ+ဟံ ပေါသေမိ ဒါနိ တံ။



တိ=နိ ဥပဋ္ဌာက ဂီတအနုပညာရှင်များ ဆရာတော်ကြီးအား သက်တော်ထင်ရှားရှိစဉ်၌ ညီညာစုရုံးကာ နောက်ဆုံးဦးချကန်တော့နေကြပုံ

http://www.dhammadownload.com

တွမေဝ ပေါသေန္တော ဒုက္ခံ၊
ပတ္တော ဝဋ္ဋေ အနုပ္ပကံ-ဟု ဖြစ်ပါသည်။

ဆရာတော်ဘုရားကြီးသည် ၁၉၉၂ ခု၊ အောက်တိုဘာလ ၁၈ ရက်မှစ၍ ရန်ကုန်မြို့ တိပိဋကဓရကျောင်းတော်၌ သီတင်းသုံးတော်မူပြီး ဆေးကုတော်မူရာ၊ (၂၄-၁၀-၉၂)နေ့၌ စစ်ဆေးရုံ(၂) သို့ ဒုတိယအကြိမ် ဓာတ်မှန်ရိုက်ရန် ကြွတော်မူရ ပြန်ပါသည်။ ထိုနေ့က ကျန်းမာရေးလည်း ကောင်းတော်မူနေသဖြင့် သာသနာရေးဝန်ကြီးအား "အညာသို့ ပြန်လည် ကြွတော်မူလိုကြောင်း၊ အညာတွင် ကထိန် အလှူသုံးခု ရေစက်ချ တရားချီးမြှင့်ရန် ကတိပေးထား၍ ခေတ္တ ပြန်ကြွလိုကြောင်း" မိန့်တော်မူပါသည်။ ဝန်ကြီးကလည်း "ခဏပါ ဘုရား၊ ပြန်ကြွဖို့ စီစဉ်ပေးပါမည် ဘုရား"ဟု လျှောက်ထားခဲ့ပါသည်။

ထိုအချိန်တွင် ဆရာဝန်ကြီး ဦးသာလှက မေမြို့ မာရ်အောင် ဆရာတော်၊ ဗန်းမော် ဆရာတော် တိုက်အုပ် ဆရာတော်နှင့် ဦးဝေပုလ္လာစာရ ဆရာတော် သုံးပါးတို့အား မန္တလေးမြို့ ဗန်းမော်တိုက်တွင် သိက္ခာထပ်၍ ကထိန်ပွဲသို့ ရေစက်ချတော်ရာ ချီးမြှင့်ရန် ဆရာတော်ကြွလိုတော်မူပါသည်။ ဆရာဝန်ကြီး ဦးသာလှ အနေဖြင့်လည်း နိုင်ငံတော် အကြီးအကဲများ၏ အစီအစဉ်ဖြင့် ဆေးကုသ ခံယူတော်မူစဉ်ဖြစ်၍ ဆရာတော်ကြီးအား ပင့်လိုသော်လည်း မပင့်ဖြစ်တော့ပေ။ ဆရာတော်ကြီးက မန္တလေးသို့ ပြန်လို၍ ဒကာကြီးများအား "လာမည့် ဆောင်းတွင်းတွင် ရန်ကုန်မှာ ပြန်လာ၍ သီတင်းသုံးမဲ့၊ ယခု ဝါပြန်ဆိုမည်"ဟု လည်းကောင်း၊ တပည့်များအား မူ "ဘုန်းကြီးဆိုတာ ပြောတဲ့အတိုင်း လုပ်ရတယ်၊ အညာက အလှူများကို သွားဖြစ်အောင် သွားမှ ဖြစ်မည်"ဟု လည်းကောင်း၊ အညာသို့ ပြန်ကြွမည် ဟုသာ အကြိမ်ကြိမ် မိန့်တော်မူခဲ့ပါသည်။

မေတ္တာပို့ဆောင်းပွဲများ

ဆရာတော်ဘုရားကြီး၏ (၈၁)နှစ်ပြည့် မွေးနေ့သည် ရက်ပိုင်းမျှသာလိုပါတော့သည်။ မွေးနေ့ ရက် နီးလာသည်နှင့် နှစ်စဉ် ပူဇော်ပွဲများ ပြုလုပ်နေကြဖြစ်သည့် တိ=နိ ဥပဋ္ဌာကအဖွဲ့များသည် ဆရာတော်ဘုရားကြီး၏ ဝိဇာတမင်္ဂလာ မွေးနေ့ ပူဇော်ပွဲကို ပြုလုပ်ရန် စည်းဝေးတိုင်းပင်နေကြပါသည်။ စာအုပ်စာပေ အနုပညာနှင့်မော်ကွန်းအဖွဲ့ စာအုပ်စာပေ အဖွဲ့စိတ်က မွေးနေ့ အထိမ်းအမှတ် စာအုပ်များ ထုတ်ဝေမည်ဟု ဆုံးဖြတ်ပါသည်။ အနုပညာအဖွဲ့စိတ်ကမူ ဆရာတော်ကြီး၏ မွေးနေ့ ပူဇော်ပွဲ အခမ်းအနားတွင် ယခင်ကကဲ့သို့ပင် ဂုဏ ထောပနာတေးထပ်များ၊ ရတုများ ရွတ်ဖတ် သီဆိုကြမည်ဟု စီစဉ်ထားကြပါသည်။

ဤအစီအစဉ်များတွင် အဖွဲ့၏ နာယကကြီး တစ်ဦးဖြစ်သူ ဗိုလ်ကလေး ဦးတင့်အောင်က စာအုပ်စာပေအဖွဲ့အစည်းအဝေး တခုတွင် ဆရာတော်ကြီးသည် အစစအရာရာ ပြည့်စုံသော ဆရာတော်ကြီး ဖြစ်သည်။ ယခုနှစ်အထွင်း ဆရာတော်ကြီး နေမကောင်းကြောင်း သတင်းများ ကြားနေရသဖြင့် မိမိအပါအဝင် ကြားသိရသူမှန်သမျှ စိတ်မချမ်းမသာ ဖြစ်နေကြရသည်။ သတင်းများကလည်း ခုတမျိုး ခုတမျိုး ထွက်နေသည်။ တော်ကြာ ဆရာတော် ပျံလွန်တော်မူပြီဟု ကောလဟာလသတင်း ထွက်လာပြန်သည်။ သို့ဖြစ်၍ ယခု မွေးနေ့ပူဇော်ပွဲ မတိုင်မီတွင် မိမိတို့လည်း ကုသိုလ်ရ၊ အများပြည်သူလဲ ကုသိုလ်ရ၊ မိမိတို့လည်း ဆရာတော်ကြီးကို ကျန်းမာစေချင်သလို မိမိကဲ့သို့ ဆန္ဒတူကြသော အများပြည်သူတို့ စုပေါင်းကြကာ မြို့နယ်များတွင် ဆရာတော်ဘုရားကြီး ကျန်းမာစေကြောင်း မေတ္တာပို့သပွဲ ပြုလုပ်ရလျှင် ကောင်းမည်-ဟု ဆွေးနွေးတင်ပြလာရာ ဥက္ကဋ္ဌကြီး ဦးသာလှမှအစ အမှုဆောင်

http://www.dhammadownload.com

လူကြီးများ သဘောတူ ထောက်ခံထားကြပါသည်။ ထို့နောက် ၁၉၉၂ ခု၊ အောက်တိုဘာ (၁၉)ရက်နေ့တွင် ရုန်ကုန်တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ရုံးတွင် မြို့နယ်(၂၅)မြို့နယ်တို့၌ တိ=နိ ဥပဋ္ဌာကအဖွဲ့ဝင် အနုပညာရှင် (၃၁)ဦးတို့က ဦးဆောင်၍ မေတ္တာပို့ပွဲ ကျင်းပမည်ဟု ဆွေးနွေးကာ သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။ မေတ္တာပို့ပွဲ ပထမနေ့အဖြစ် (၂၅-၁၀-၉၂)နေ့ ညနေ ၆ နာရီတွင် ပုဇွန်တောင်၊ မင်္ဂလာတောင်ညွှန့် နှစ်မြို့နယ်ပေါင်း၍ ရွှေဘုန်းပွင့် စေတီတော်တွင် လည်းကောင်း၊ ထို့နေ့ည ည ၈ နာရီ၀ွင် ဆိပ်ကမ်းနှင့် ဗိုလ်တထောင် နှစ်မြို့နယ်ပေါင်း၍ ဗိုလ်တထောင် စေတီတော်တွင် လည်းကောင်း၊ (၂၆-၁၀-၉၂) ည‌နေ ၆ နာရီတွင် စမ်းချောင်း၊ကြည့်မြင်တိုင်နှင့်အလုံ ၃ မြို့နယ်ပေါင်း၍ ကိုးထပ်ကြီး ဘုရားတွင် လည်းကောင်း၊ ထို့နေ့ ည ၈ နာရီတွင် ပန်းဝဲတန်း၊ လမ်းမတော်၊ လသာ ၃ မြို့နယ်ပေါင်း၍ သိမ်တော်ကြီး မဟာရုံတွင် လည်းကောင်း၊ (၂၇-၁၀-၉၂) နေ့ ညနေ ၆ နာရီတွင် အင်းစိန်မြို့နယ်၊ ဆေးဝက်ပါကျောင်းတိုက် ဘုရားကြီး အရှေ့တွင် လည်းကောင်း၊ ထို ည ၈ နာရီတွင် မရမ်းကုန်း၊ လှိုင်၊ ကမာရွတ် ၃ မြို့နယ်ပေါင်း၍ ကျိုက်ဝိုင်းဘုရားတွင် လည်းကောင်း၊ (၂၈-၁၀-၉၂)နေ့ ညနေ ၆ နာရီတွင် မင်္ဂလာဒုံမြို့နယ် ကျိုက္ကလော် ဘုရားတွင် လည်းကောင်း၊ ထို့ ည ၈ နာရီတွင် မြောက်ဥက္ကလာပမြို့နယ်မယ်လမုဘုရားတွင် လည်းကောင်း၊ (၂၉-၁၀-၉၂) နေ့ ညနေ ၆ နာရီတွင် သဃ်န်းကျွန်းနှင့် တောင်ဥက္ကလာပ နှစ်မြို့နယ်ပေါင်း၍ ကျိုက္ကဆံဘုရားတွင် လည်းကောင်း၊ ထို့နေ့ ည ၈ နာရီတွင် သာကေတ၊ ဒေါပုံ နှစ်မြို့နယ်ပေါင်း၍ ဓိနမာရံအောင် စေတီတွင် လည်းကောင်း၊ (၃၀-၁၀-၉၂)နေ့ ညနေ ၆ နာရီတွင် ရန်ကင်းမြို့နယ် မိုးကောင်းဘုရားတွင် လည်းကောင်း။

ထို့နေ့ ည ၈ နာရီတွင် တာမွေမြို့နယ် အေးမဓမ္မာရုံတွင် လည်းကောင်း၊ (၃၁-၁၀-၉၂) နေ့ ညနေ ၆ နာရီတွင် ဗဟန်းမြို့နယ် ခြောက်ထပ်ကြီးဘုရားတွင် လည်းကောင်း၊ ည ၈ နာရီတွင် ဒဂုံမြို့နယ် ကျားကူးမဟာရုံတွင် လည်းကောင်း၊ (၇)ည မေတ္တာပို့သပွဲများ ပြုလုပ်ခဲ့ကြပါသည်။ ထိုမေတ္တာပို့သပွဲများတွင်-

ကျေးဇူးရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး သက်တော်ရာကျော်ရှည်ပါ စေကြောင်းကို တိပိဋက=နိကာယ သာသနာပြု ဥပဋ္ဌာက အနုပညာအဖွဲ့ဝင်များက ဆုမွန်ကောင်း တောင်းကြသည့် ဆုတောင်း အမျှဝေ စာတမ်းမှာ ဤသို့ဖြစ်ပါသည်။

"တိပိဋက=နိကာယသာသနာပြုအဖွဲ့ကြီး၏ အဖွဲ့ဝင်များ ဖြစ်ကြကုန်သော သဒ္ဓါ ကြည်လင် ပြည်သူချစ်ခင် အနုပညာရှင်တို့က-

မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား ကျန်းမာချမ်းသာပါစေခြင်း အကျိုးငှာ ရန်ကုန်တိုင်း မြို့နယ်ပေါင်းစုံဝယ် စံမွှာယ်တော်မူကြကုန်သော တန်ခိုးကြီး ဘုရားအဆူဝါတို့၏ အထံတော်၌ ဆုတောင်းပတ္ထနာ ပြုကြရသော ကုသိုလ်ထူး ကုသိုလ် မြတ်ကြောင့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ကျန်းမာချမ်းသာစွာဖြင့် သက်တော်ရာကျော် ရှည်ပါစေသတည်း။ ထိုမျှမက မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ တပည့်များ ဖြစ်ကြသော ပြည်သူချစ်ခင် အနုပညာရှင်တို့၏ ပူဇော်ကြရ ကုသလ၏ အဖို့ဘဝကို ၃၁-ဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတာ ဒုက္ခိတာ သတ္တဝါအပေါင်းတို့သည် ကိုယ်စီကိုယ်ငှ အမျှ အမျှ အမျှ ရကြပါစေကုန်သတည်း။ ကိုယ်စီကိုယ်ငှ အမျှရကြ၍ ပြည်သူချစ်ခင် သဒ္ဓါကြည်လင် အနုပညာရှင်တို့၏ ပြုပြုသမျှ ကုသိုလ်အစုစုတို့ကြောင့် ၃၁-ဘုံ ကျင်လည်ကုန်သော ဝေနေယျ သုခိတာ

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး
သက်တော်(၈၁)နှစ် မွေးနေ့ အကြို ပူဇော်ပွဲအပြီး ရုန်ကုန်မြို့ တိပိဋကကျောင်းတော်
အဘိဓေကျောင်းဆောင်မှ နောက်ဆုံးအကြိမ် မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်သို့
ပြန်လည် ကြွတော်မူပုံ။

http://www.dhammadownload.com

သတ္တဝါအပေါင်းတို့သည် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကုန်သတည်း။

(အမျှ အမျှ အမျှ ယူတော်မူကြပါကုန်လော့)[၃]
(သာဓု သာဓု သာဓု)[၃]

နောက်ဆုံးအကြိမ် မွေးနေ့ပူဇော်ပွဲ

ဆရာတော်ကြီး၏ မွေးနေ့ပူဇော်ပွဲများကို ကျင်းပပြုလုပ်ခဲ့ကြရာတွင် ရန်ကုန် တိ=နိဌာနခွဲက မွေးနေ့ရက် မတိုင်မီတွင် ပြုလုပ်ကြရသဖြင့် အကြိုမွေးနေ့ပူဇော်ပွဲဟူ၍ ကျင်းပကြရပြီး၊ ဆရာတော်ကြီး၏ မွေးနေ့ မွေးရက်တွင်မူ မင်းကွန်း တပည့်များက ကျင်းပကြလေ့ရှိပါသည်။ ယခုနှစ်တွင်လည်း အင်္ဂလိပ်လ၊ရက်နှင့် တိုက်ဆိုင်နေသော နိဝင်ဘာ ၁-ရက်နေ့ကို ရန်ကုန်ဌာနခွဲက ဆရာတော်ကြီး၏ မွေးနေ့အကြိုပူဇော်ပွဲအဖြစ် ကျင်းပရန် စီစဉ်ထားပြီးဖြစ်ပါသည်။

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးမှာ ရန်ကုန်မြို့သို့ ရောက်ရှိတော်မူပြီးမှ တိုးတက်ကောင်းမွန်လာခဲ့ပါသည်။ သမားတော်ကြီး ဒုဗိုလ်မှူးကြီး ရဲသွေးလည်း နေ့တိုင်း လာရောက်ကာ ဆရာတော်ဘုရားကြီးအား ကြည့်ရှုပေးခဲ့ပါသည်။ ကျောင်းတော်၌ ရှင်ပြုပွဲပြုလုပ်ရာ ရှင်သာမဏေလေးများပင် ဆရာတော် သီတင်းသုံးတော်မူသော အခန်းနီးနားသို့ ဥဒဟို ဝင်ထွက်သွားလာနေကြရာ ကိုရင်လေးများအား ကြည့်ပြီး ဆရာတော် ချမ်းမြေ့နေတော်မူပါသည်။

(၂၈-၁၁-၉၂)နေ့ ဒုဗိုလ်မှူးကြီး ရဲသွေး ဆေးစစ်ပြီး "ဆရာတော်ဘုရား၏ အခြေအနေ တိုးတက်လာပါကြောင်း" လျှောက်ထားလေသည်။ ထိုအချိန်တွင် ပြည်ပသာသနာပြုအဖွဲ့ခွဲ ဥက္ကဋ္ဌ အငြိမ်းစား ဒုဗိုလ်မှူးကြီး စောမြင့်လည်း ရောက်ရှိလာရာ ဒုဗိုလ်မှူးကြီး စောမြင့်က လာမည့် နိဝင်ဘာလ (၁)ရက်နေ့တွင် ဆရာတော်ဘုရား ပုံတူ ကြေးသား ရုပ်တုတော် ထားရှိမည့် ရုပ်တုတော်ဆောင် ပန်းတိုင် မင်္ဂလာ ရှိပါသည်။ ထိုပန်းတိုင် မင်္ဂလာပွဲသို့ ဆရာတော်ဘုရား ကြွရောက်နိုင်တော့မည်-ဟု လျှောက်ထားခဲ့ပါသည်။ ဒုတိယ ဗိုလ်မှူးကြီး ရဲသွေး ကလည်း ထိုပန်းတိုင်ပွဲသို့ ဆရာတော်ဘုရားကြီး ကြွရောက်နိုင်မည်ဟု ပြောကြား၍၊ ဆရာတော်ကြီးက သဘောတူဟန်ဖြင့် ဆိတ်ဆိတ်နေတော်မူခဲ့ပါသည်။

ထို (၁-၁၁-၉၂) နေ့ နံနက်(၇)နာရီတွင် ဆရာတော်ကြီး၏ ပုံတူကြေးသားရုပ်တုတော် ပန်းတိုင်ပွဲသို့ အချိန်ကျရောက်သဖြင့် ရန်ကုန်ဌာနခွဲ ဥက္ကဋ္ဌ ဦးလှမောင်က ဆရာတော် ကြွနိုင်ပါမည်လား-ဟု မေးလျှောက်ရာ ဆရာတော်ကြီးက မည်သို့မျှ မကြွနိုင်တော့ကြောင်း အမိန့်ရှိလိုက်ပါသည်။ ကိုယ်စားလှယ်အဖြစ် ဗန်းမော် ဆရာတော်ကိုသာ ပင့်ဆောင်သွားရပါသည်။

ထိုနေ့ မွန်းတည့်(၁၂)နာရီတွင် ဆရာတော်ဘုရားကြီး၏ (၈၁)နှစ်ပြည့် မွေးနေ့ ပူဇော်ပွဲကို တိပိဋကကျောင်းတော်၌ ကျင်းပရာ ဧကျာင်းတော်အောက်ထပ်သို့ပင် အပူဇော်ခံရန် ဆရာတော်ကြီး မကြွနိုင်ဘဲ ရှိခဲ့လေသည်။ ဌာနခွဲ ဥက္ကဋ္ဌ ဒကာကြီး ဦးလှမောင်ကိုလည်း "တရားမှ မဟောနိုင်ဘဲ၊ မဆင်းလိုတော့ပါဘူး"ဟု အမိန့် ရှိလေသည်။ သို့ပါသော် ဒကာကြီး ဦးလှမောင်သည် ဆရာတော်ဘုရားကြီးအား နှစ်ပေါင်းများစွာကပင် အနီးကပ်ပြုစုခဲ့သော တပည့်ရင်းဒကာရင်း ပီပီ ဆရာတော်ဘုရားကြီး လက်ခံတော်မူနိုင်မည့် အကြောင်းကို စဉ်းစားပြီးလျှင် "အနယ်နယ်အရပ်ရပ်မှ ဒကာဒကာမများ ရောက်ရှိ၍ စောင့်မျှော်နေကြပါသည်။ အလွန်ဖူးတွေ့လိုကြပါသည်။ ခေတ္တမျှ မျက်နှာတော် ပြရုံသာ ပြပါ။ ဒကာကြီး ဦးသာလှကလည်း မှာလိုက်ပါသည်"ဟု လျှောက်ထားလျှင် ဒကာများ

http://www.dhammadownload.com

ကို ငဲ့ညှာ၍ ဆရာတော်ကြီးသည် ပစ္စာသာမဏေ ဦးနိမလ၏ လက်ရုံးကို ကိုင်တော်မူ၍ ခပ်ဖြေးဖြေး ကြွလာတော်မူကာ အကန်တော့ခံပါတော့သည်။

(၈၁) နှစ်ပြည့် ဆရာတော်ဘုရားကြီး၏ ဝိဇာတ မွေးနေ့ အကြိုပူဇော်ပွဲကို အောက်ပါ အစီ အစဉ်အတိုင်း ကျင်းပပြုလုပ်ခဲ့ကြပါသည်။

အခမ်းအနားကို နမောတဿသုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပါသည်။ အဆိုကျော် ရီရီသန့်က ဆောင်း-ဖျာပုံဦးသိန်းဟန်ကြီးနှင့် တွဲဖက်၍ ထူးမခြားနား ရောင်ခြည်တော်ဘွဲ့ သီချင်းခဲ့ကြီးဖြင့် ကျူးရင့်ပူဇော်ပါသည်။ တိ=နိသာသနာပြု ဥပဇ္ဈာကပင်မအဖွဲ့ ဥက္ကဋ္ဌကြီး သာသနာရေးဝန်ကြီးဌာန အကြေပေးပုဂ္ဂိုလ် မဟာသဒ္ဓမ္မဇောတိကဓဇ ဝဏ္ဏကျော်ထင် အထူးကု ဆရာဝန်ကြီး ဦးသာလှက မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး၏ သက်တော်(၈၁)နှစ်ပြည့် မွေးနေ့အကြို ဝိဇာတမင်္ဂလာသဘင် ဆင်ယင်ကျင်းပပုံကို ရှင်းလင်းလျှောက်ထား ပြောကြားပါသည်။ ၁၂၉၂-ခု၊ လွန်ခဲ့သော (၆၂)နှစ်၊ ဝါဆိုလဆန် တိပိဋကလောင်းလျာ သာမဏေ ရှင်ဝိစိတ္တသာရ သီကုံးရေးသားအပ်သော ဓမ္မနာဒကျောင်းတိုက်တော်ဘွဲ့နှင့် အာစရိယထောမနာဘွဲ့ ခေတ်ဆန်းကဗျာမြေတေးများကို အဆိုတော် ကေတု ဝင်းထွတ်၊ သန်းမြတ်စိုး၊ လှမြင့်ဝင်း၊ ရန်ပိုင်စိုး၊ ရာမ၊ ခင်စိုးဝင်း၊ ခိုင်ဝါ၊ မေဆွိ၊ စိမ်းမိုးမိုးနှင့် နီနီဝင်းရွှေ တို့က သီဆိုကျူးရင့်ပူဇော်ပါသည်။ ရေနံ့သာအရှင်ဃောသိတ ရေးစပ်သည့် အဖြည့်ခံမင်္ဂလာရတုပိဒ်စုံကို အဆိုကျော် မာမာအေးက ဆောင်း-ဖျာပုံ-ဦးသိန်းဟန်ကြီးနှင့် တွဲဖက်၍ ကျူးရင့် ပူဇော်ပါသည်။ ရေနံ့သာ အရှင်ဃောသိတ ရေးစပ်သည့် လေးထပ်ကြော့ စကြာတေးထပ်ကို အဆိုကျော် ခင်စိုးဝင်းက ဆောင်း ဖျာပုံ-ဦးသိန်းဟန်ကြီးနှင့် တွဲဖက်၍ ကျူးရင့်ပူဇော်ပါသည်။ ဓမ္မာစရိယ ဦးတင်ရွှေ (မအူပင်)က အရှင်ရာဇိန္ဒ ရေးသားသည့် ဂါထာများဖြင့် ရွတ်ဖတ်ပူဇော်ပါသည်။ ရေနံ့သာ အရှင်ဃောသိတ ရေးစပ်သည့် ရှစ်ဆယ်ပေါ် ထပ်တွန့်တေးထပ်ကို အဆိုကျော် ထား က ဆောင်း ဖျာပုံ-ဦးသိန်းဟန်ကြီးနှင့် တွဲဖက်၍ ကျူးရင့်ပူဇော်ပါသည်။ အလှရှင်များကိုယ်စား ဥက္ကဋ္ဌကြီး ဦးသာလှက ကထိန်သင်္ကန်း ဆက်ကပ်ပါသည်။ ဆရာကြီး ဦးကိုလေး [စာရေးဆရာ (ဓေယျာမောင်)]က မဟာဗုဒ္ဓဝင် အင်္ဂလိပ်ဘာသာပြန် စာအုပ် (ပထမတွဲ၊ ဒုတိယပိုင်း) ကို မင်းကွန်းဆရာတော်ဘုရားကြီးအား ဆက်ကပ်ပါသည်။ အဘိဓမဟာရဋ္ဌဂုရု အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော် ဆောင်ချုပ် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ မင်းကွန်းဆရာတော်ဘုရားကြီး ကိုယ်စား ဗန်းမော် ဆရာတော်ဘုရားထံမှ သီလခံယူပြီး၊ ပရိတ်တရားတော်နှင့် တရားဒေသနာများ နာကြားကာ ရေစက်သွန်းချ အမျှပေးဝေရပါသည်။ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းကြပါသည်။ ပင့်သံဃာတော်(၁၀၈)ပါးအား သင်္ကန်း၊ ဒီဖုံနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်ကြပါသည်။

ဤမွေးနေ့ပူဇော်ပွဲတွင် တိ=နိဥပဇ္ဈာက အနုပညာရှင်များ စုပေါင်း ရွတ်ဆို ပူဇော်ကြသော အငြိမ်းစား ပါမောက္ခ ဦးတင်လွင်၏ "အာယုတော်ကြာရှည်မြင့်စေဖို့" ကဗျာမှာ ဤသို့ ဖြစ်ပါသည်။

ဝေရွှန်းစို ရောင်ပြာမြပါတဲ့
ရွှေကွန်းခို တောင်သာစွ
ချောင်နာဒ တို့အရှင်။
တစ်သာကီ
ဇာတိ မဟာနွယ်က
ဇရာနယ် ဗျာဓိထောင်းလေတော့
ဗျာပါကြွယ် တပည့်အပေါင်းမှာ

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကရေ ဆရာတော်ဘုရားကြီး
သက်တော်(၈၁)နှစ် ပြည့်တော်မူချိန်တွင် မင်းကွန်းတောင်ရိုး ဓမ္မနာဒကျောင်းတိုက်၌
ရိုက်ကူး ပူဇော်ခဲ့သော ပုံတော်။

http://www.dhammadownload.com



ဆရာတော်ဘုရားကြီးအား ဆရာကြီးဦးကိုလေး(ဇေယျာမောင်) မဟာဗုဒ္ဓဝင်စာအုပ်ဆက်ကပ်စဉ်

ပျောင်းပျော့မရှင်။ ။
အာနုဘော်ဖြာစည်ဝင့်ကာပ
အာယုတော် ကြာရှည်မြင့်စေဖို့
ခါမီသင့် မေတ္တာလွှင်
ပန်ဆင်ကြ ဆုထူး။ ။
ကျန်းမာစေ
ချမ်းသာ ဘယာကွေ့၍
သာသနေ မူလတရားပါပဲ
ခါမသွေ ရှုရန်စံပါးရယ်နဲ့
ဒကာတွေ ပူစ မပွားရအောင်
အားသစ် ညွှတ်နူး။ ။

ပါမောက်လွင်

မွေးနေ့ပူဇော်ပွဲ အပြီးတွင် ဗိုလ်ကလေး ဦးတင့်အောင်၊ ဂီတလှင် ဦးကိုကို၊ စောင်း ဦးသိန်းဟန်၊ စန္ဒယား ချစ်ဆွေ၊ စန္ဒယား လှထွတ်၊ မောင်မောင်ကြီး၊ ကိုမင်းနောင်၊ မာမာအေး၊ တင်တင်မြ၊ ခင်စိုးဝင်း စသည့် တိ=နို အနုပညာရှင်များသည် အဘိဓမ္မောင်းတော်ပေါ်သို့ တက်ရောက်ကြပြီးလျှင် ဆရာတော်ဘုရားကြီးအား ကန်တော့ကြရာ၊ ဆရာတော်ကြီးက သီလ ချီးမြှင့်၍ ဆုပေးတော်မူပါသည်။ ဤ တိ=နို အနုပညာရှင်များအဖွဲ့သည် ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်း အသွယ်သွယ် ပါဝင် ကူညီလှုံခဲ့ကြသော အနုပညာရှင် ဥပသကာ ဖြစ်ကြရာ၊ ယခု ကန်တော့ကြခြင်း၊ ဝတ်ပြုကြရခြင်းသည် ဤကျောင်းတော်ကြီး၌ နောက်ဆုံး ကန်တော့ ဝတ်ပြုကြရခြင်းဟု အဘယ်သူသည် သိနိုင်ပါအံ့နည်း။ သို့ပါသော် ဤအကြိမ်ကား ဤကျောင်းတော်ကြီးတွင် နောက်ဆုံး သက်တော်ထင်ရှား ဝတ်ပြုရခြင်းပင် ဖြစ်ပါတော့သည်။

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီးသည် (၂-၁၁-၉၂)ခု ညနေ ၄:၃၀ နာရီတွင်

http://www.dhammadownload.com



ဆရာတော်ကြီးနောက်ဆုံးကုသိုလ်ဖြစ်သော တလိုင်းဆင်ရွာရှိ မူလတန်းကျောင်း

ရန်ကုန်မြို့ တိပိဋကကျောင်းတော်မှ မင်းကွန်း ဓမ္မနာဒကျောင်းတိုက်သို့ နောက်ဆုံး ထွက်ခွာတော်မူခြင်းဖြင့် ထွက်ခွာတော်မူခဲ့လေပြီ။

နောက်ဆုံးကျောင်း ကုသိုလ်များ

(၃-၁၁-၉၂)နေ့ နံနက်တွင် မန္တလေးမြို့ ဆရာတော်ဘုရားကြီး ရောက်ရှိတော်မူပြီး၊ မင်းကွန်း တဖက်ကမ်းသို့ ကူးတော်မူပါသည်။ သဲဖြူဆိပ် ရောက်တော်မူသည်နှင့်တပြိုင်နက် မင်းကွန်းနှင့် (၁)မိုင်ခွဲခန့်ဝေးသော တလိုင်းဆင်ရွာတွင် မူလတန်းကျောင်း တကျောင်း ဆရာတော် ဆောက်လုပ်လှူဒါန်းထားရာ၊ ထိုကျောင်းတွင် စည်းရုံးခပ်ပြီး,မပြီး မေးတော်မူပါသည်။ စည်းရုံခပ်ပြီးကြောင်း လျှောက်ထားသည်နှင့် 'သွားကြည့်မည်' မိန့်တော်မူပြီး ထို တလိုင်းဆင်ရွာသို့ သွားရောက်ကာ မူလတန်းကျောင်း စည်းရုံးခပ်ထားသည်ကို ကြည့်ရှုတော်မူပါသည်။

ဆရာတော်ကြီး၏ ကုသိုလ်များတွင် မူလတန်းကျောင်း၊ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်းများကိုလည်း ဆောက်လုပ်လှူဒါန်းတော်မူခဲ့ရာ၊ ယခု တလိုင်းဆင်ရွာ မူလတန်းကျောင်းနှင့် ကျည်းပင်ရွာ မူလတန်းကျောင်းတို့သည်ကား ဆရာတော်ကြီး နောက်ဆုံး ကုသိုလ်များဖြစ်ပါသည်။ တလိုင်းဆင်ရွာမှအပြန် မင်းကွန်းရှိ တိုင်းရင်းဆေးခန်းသို့ ဝင်ကြည့်တော်မူပါသည်။ ထို တိုင်းရင်းဆေးပေးခန်းမှာ မကြာမီကမှ ဆောက်လုပ်ပြီးစီးခဲ့သော ဆေးပေးခန်း ဖြစ်ပါသည်။ ဆရာတော်ကြီးသည် လမ်းတလျှောက် ခလေးများကိုလည်း မုန့်ဝေတော်မူခဲ့ပါသည်။

ဓမ္မနာဒကျောင်းတိုက်သို့ ရောက်တော်မူသောအခါ ပါလာသော ပစ္စည်းများကို ခွဲဝေ လှူဒါန်းတော်မူပါသည်။ ထိုနေ့က ချွေးများထွက်၍ နေလို့ကောင်းသည်ဟု မိန့်တော်မူပါသည်။ ဧကသီချုတ်ပြီး အအေးခံတော်မူပါသည်။ ထိုနေ့ အအေးမိတော်မူပါသည်။

http://www.dhammadownload.com



ကျေးဇူးတော်ရှင်
မင်းကွန်းတိပိဋကဓရ
ဆရာတော်ဘုရားကြီး
ရုန်ကုန်မြို့မှ နောက်ဆုံး
ပြန်ကြွလာတော်မူစဉ်
ရထားပေါ်၌ဖူးတွေ့ရပုံ

http://www.dhammadownload.com





ဆရာတော်ဘုရားကြီးကုသိုလ်တော်
(အထက်) မင်းကွန်းတောင်ရွာ စာကြည့်တိုက်
(အောက်) မင်းကွန်းမြောက်ရွာ စာကြည့်တိုက်

http://www.dhammadownload.com





ဆရာတော်ဘုရားကြီးကုသိုလ်တော်

(အထက်) မင်းကွန်းထန်းမြင့်ရွာ အစိုးရမူလတန်းကျောင်း

(အောက်) ကန်ကြီးကုန်းရွာ စိန်ရတုအစိုးရမူလတန်းကျောင်း

http://www.dhammadownload.com





(အထက်) မင်းကွန်းရွာ တိုင်းရင်းဆေးပေးခန်း
(အောက်) မင်းကွန်းရွာ ဓမ္မဘဏ္ဍာဂါရိက ဓမ္မာရုံ

http://www.dhammadownload.com

နောက်ဆုံး ရေစက်ချ

(၄-၁၁-၉၂)နေ့ နံနက် ဆရာတော် နေမကောင်း၍ ဆရာကြီး ဦးထွန်းသင်၊ ဆရာဝန်ကြီး ဦးနု၊ ဦးအောင်မြင့်၊ ဦးဌေးမြင့်နှင့် လေးပါ (ဦးပါ) တို့ ၉း၃၀ နာရီတွင် ဓမ္မနာဒသို့ ရောက်ရှိလာကြပြီး ဆရာတော်ကြီးအား စစ်ဆေးကြည့်ရှုကြပါသည်။ ချဲ့ပျော်ဆေး၊ ဆရာတော်ကြီး ဘဉ်းပေးနေကျ ဆယ်ဒီကော့ ဆေးများနှင့် အားဆေးများ ဆက်ကပ်ကြပါသည်။ "အာဟာရဖြစ်မည့် ဘောဇဉ်များ ဘဉ်းပေးတော်မူပါ"ဟု လျှောက်ထားခဲ့ကြပါသည်။

ယိုနေ့ နေ့လည်(၂)နာရီတွင် ဆရာတော်ကြီး ရင်ဘတ်အောင့်လာပါသည်။ မခံမရပ်နိုင်အောင် အောင့်လာသဖြင့် ပစ္စာသာမဏေ ဦးနိမလအား ရင်ဘတ်ကို အတင်းအဖိခိုင်းထားပါသည်။ တပည့်များ ပြုစုကြသဖြင့် အနည်းငယ် သက်သာတော်မူသော အခါ ပစ္စာသာမဏေ ဦးနိမလအား "နဝကမ္မ ဌေ ဘယ်မျှရှိသလဲ"ဟု မေးတော်မူပြီး ဦးနိမလထံမှ ဝတ္ထု ဌေ ၂၀၀၀-နှင့် ဦးပဏ္ဏဝံသထံမှ ဝတ္ထုဌေ ၂၀၀၀/-၊ စုစုပေါင်း ဌေ ၄၀၀၀ ကို ကပ်ပြီးမောင်ဝင်းအား ကိုင်စေပြီး ထိုဝတ္ထုဌေ ၄၀၀၀/-တို့အား မိုးမိတ် တိပိဋကကျောင်းတော်ကြီးအတွက် ပစ္စည်းလေးပါး ဌေပဒေသာပင် စိုက်တော်မူပါသည်။

ဆရာတော်ကြီးသည် ကိုယ်တော်တိုင် ရေစက်ချ မိန့်တော်မူပါသည်။ အနီးရှိ တပည့်သံဃာများအား လိုက်၍ ဆိုစေသည်။ ပထမပိုင်းတွင် လိုက်မဆိုပဲ နေကြ၍ တကြော့ထပ်၍ ခပ်ကျယ်ကျယ် လိုက်ဆိုစေပါသည်။ ဆရာတော်ကြီး၏ အသံမှာ ခပ်တိုးတိုး ခပ်သဲ့သဲ့မျှသာ ထွက်တော့သည်။ ဤရေစက်ချကား ဆရာတော်ဘုရားကြီး၏ နောက်ဆုံး ရေစက်ချပင် ဖြစ်ပါသည်။ ထိုစဉ်က တပည့်များက ကက်ဆက်ဖြင့် သွင်းထားခဲ့သောကြောင့် ဆရာတော်ကြီး၏ ရေစက်ချမှုကို သိရှိကြရပါသည်။

ဆရာတော်ကြီး၏ နောက်ဆုံး ရေစက်ချ

နိကာယ်ငါးရပ် ပိဋကတ် သုံးပုံ ဘုရားစကားတော်ကို လွှဒါန်းပါ၏။ ဤကောင်းမှုကြောင့် ဒုက္ခခပ်သိမ်း ငြိမ်းရာဇကန် ဖြစ်ပါသော နိဗ္ဗာန်ချမ်းသာ တရားတော်မြတ်ကို အရဟတ္တဖိုလ်ပေါက် လျင်မြန်ဆောစွာ ရရောက်သည့်ကိုယ် မျက်မှောက်ပြုရသည့်ကိုယ် ဧကန်စင်စစ် ဖြစ်ပါလိုကုန်၏။ ဤကုသိုလ်အဖို့ဘာဂ အဖြစ်ဖြင့် နိကာယ်ငါးရပ် ပိဋကတ်တော်အား ပူဇော်ပါ၏။ လွှဒါန်းပါ၏။ ဤကောင်းမှုကြောင့် ဆိုအပ်ပြီးသောအတိုင်း သာသနာပြု ကောင်းမှုအဖြစ် တည်စိုက်ပါကုန်၏။ ဤကောင်းမှု ကုသိုလ်အဖို့ကို သာဓုအနုမောဒနာ ခေါ်ကြပါစေသတည်း။ ။

(ကက်ဆက်ခွေတွင် ဆရာတော်ကြီး၏ အသံတော်မှာ အလွန်တိုးသဖြင့် ကြားနာရသမျှသာ ကူးယူထားရခြင်း ဖြစ်သည်။ ဖြည့်စွက်မှု မရှိပါ။)

ရေစက်ချအပြီးတွင် လေးပါ (ဦးပါ) အား ဖြတ်ပိုင်း ဖြတ်စေ၍ အလှူငွေကို အပ်နှံခဲ့ပါသည်။ ဤကား အလှူအတန်း၌ အလွန်မွေ့လျော်သော သီရိဓမ္မာသောက မင်းကြီးကဲ့သို့ပင် အိပ်ယာ ညောင်စောင်း ရောက်သည့်တိုင် လက်တွင်းရှိ ဖန်ခါးသီး တခြမ်းအား သံဃာတော်တို့အား လှူသကဲ့သို့၊ ဆရာတော်ကြီးသည်လည်း ဝေဒနာ၏ တိုက်ခိုက်မှုကို ခံရသည့်အခါဝယ် မဆုတ်မဆိုင်း အလှူဒါနကို အလျင်ဆောင်ခွက်တော်မူပါသည်။

သက်တော်(၈၁)နှစ်ပြည့်တော်မူခြင်း

၁၃၅၄-ခုနှစ် တန်ဆောင်မုန်းလဆန်း (၁၁)ရက် (၅-၁၁-၉၂)နေ့တွင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး သက်တော်(၈၁)နှစ် ပြည့်တော်မူပါသည်။ မွေးနေ့ပူဇော်ပွဲ ကျင်းပရာသို့ ဆရာတော် မကြွနိုင်ခဲ့ပါ။ ထိုနေ့ မနက် ဆရာတော်ကြီး မောပြီး

http://www.dhammadownload.com



ကျေးနူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး မင်းကွန်းမှုအတွင်းရှိ
ကလေးငယ်များအား ရိုးရွမ်းပြုတ်တိုက်ကျွေးနေပုံ

http://www.dhammadownload.com



တိုင်းအတွင်းရေးမှူး ဗိုလ်မှူးကြီးမောင်ပေါ် လာရောက်လျှောက်ထားပုံ။

သလိပ်ထ, ချောင်းဆိုးတော်မူပြီး ထိုင်တော်မမူနိုင်ပါသဖြင့် မွေးနေ့ပူဇော်ပွဲကို တက်ရောက်ရန် အားခဲထားသော်လည်း မတက်နိုင်တော့ပါ။ တပည့်များ စိုးရိမ်ကြသည်။ မန္တလေးတိုင်း ဒြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးကြီးမောင်ပေါ်က မန္တလေးသို့ ဆေးကုသရန် ကြွတော်မူပါဘုရားဟု လျှောက်ထားပြီး နေ့လည်တွင် မန္တလေးဇီဝိတဒါန သာသနာ့အထူးကုဆေးရုံသို့ ပင့်ဆောင်ပါသည်။ ထိုအချိန်တွင် မြင်းခြံမှ ဦးနန္ဒိယနှင့် တပည့်များ ရောက်လာကြရာ ဆရာတော်ကြီးက "တပည့်တွေ ဝတ္တရားကျေအောင် ပင့်ခြင်းဖြစ်တယ်၊ နောင်အခါ နောင်တမရကြရအောင်"ဟု မိန့်တော်မူပါသည်။

ဇီဝိတဒါန သာသနာ့အထူးကုဆေးရုံသို့ ရောက်တော်မူလျှင် အားဆေး(၂)လုံး ဆက်ရပါသည်။ ထိုနေ့က ဆရာကြီး ဦးထွန်းသင်၊ ပါမောက္ခ ဦးဖေဝင်း၊ ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော်၊ ဆရာဝန် ဦးထွန်းရွှေနှင့် ဒေါက်တာ ဦးအောင်မြင့်တို့ ကြည့်ရှုစစ်ဆေးကြပါသည်။ အားဆေးများ သွင်းပေးသဖြင့် ဆရာတော်ကြီး ပြန်လည် အားပြည့်တော်မူပါသည်။

မင်းကွန်းသို့ ပြန်ကြွတော်မူခြင်း

(၇-၁၁-၉၂) တန်ဆောင်မုန်း လဆန်း ၁၃ ရက်နေ့တွင် ဆရာတော်ကြီး ထူထူထောင်ထောင် ရှိတော်မူလာပြန်ပါသဖြင့် "မင်းကွန်း ပြန်ကြွမယ်၊ မင်းကွန်းမှာ ကထိန်ရှိတယ်"ဟု မိန့်တော်မူပါသည်။ ထိုနေ့တွင်ပင် ဆရာတော်ကြီး ဆန္ဒတော်အတိုင်း မင်းကွန်းသို့ ပြန်ကြွတော်မူပါသည်။

မင်းကွန်းသို့ ရောက်တော်မူသောအခါ ဓမ္မနာဒကျောင်းတိုက်သို့ တိုက်ရိုက် ပြန်မကြွပဲ၊ တလိုင်းဆင်ရွာရှိ မူလတန်းကျောင်းသို့ ကြွတော်မူပါသည်။ လမ်းတလျှောက် ခလေးငယ်များကို

http://www.dhammadownload.com



ရွှေဟင်္သာကျောင်းရောက်စ ဆရာတော်ဘုရားကြီး

လည်း မုန့်ဝေတော်မူပါသည်။ ဤမျှ ချိုနဲ့ကာ အင်အားအလွန်နည်းနေချိန်မှာပင် ကလေးငယ်များ၏ ပညာရေး၊ စားဝတ်နေရေးကို ပူပင်ကြောင့်ကြတော် မူနိုင်ခဲ့သော ဆရာတော်ဘုရားကြီးကား ကျောင်း တော်သို့ ပြန်ရောက်သည်နှင့် ခရီးပင်ပန်းခြင်း၊ လမ်းတွင် ဖုံများဝင်ခြင်းကြောင့် ချဲကြပ်လာပါသည်။ ဆွမ်းလည်း မဘုဉ်းပေးနိုင်တော့ပါ။ ဆရာတော်၏ ဘယ်ဘက် ရင်အုံမှာ အောင့်နေသဖြင့် ဆရာဝန် ကြီးများက ဓာတ်မှန် အကြိမ်ကြိမ်ရိုက်၍ စစ်ဆေး ကြည့်ကြသည်။ ဆရာတော်ကြီးကို ဖူးရသည်မှာ ဤရက်များအတွင်း စိတ် ထောင်းကိုယ်ကျဆိုသလို နွမ်းနယ်နေတော်မူပုံ ဖူးတွေ့ရပါသည်။

မန္တလေး-ရွှေဟင်္သာ တိပိဋကစံကျောင်းတော်သို့ ပင့်ဆောင်ခြင်း

(၁၁-၁၁-၉၂)နေ့ မန္တလေးတိုင်း ဒြိမ်ဝပ် ပြိုးမှူ တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ် ကျော်သန်းသည် ဒုတိယ တိုင်းမှူး ဗိုလ်မှူးကြီး အောင်ခင်၊ အတွင်းရေးမှူး ဗိုလ်မှူးကြီး မောင်ပေါ်၊ ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော်၊ ပါမောက္ခချုပ် ဦးထွန်းသင်၊ ပါမောက္ခ ဦးမင်းနိုင်၊ ဦးမြမောင်၊ ဦးအောင်ဇင်တို့နှင့်အတူ ဆရာတော်ဘုရားကြီးထံ လာရောက် ဖူးမျှော်ပြီး၊ မန္တလေးမြို့သို့ ပြန်လည် ဆေးကုသခံယူရန် ကြွတော်မူပါဟု ပင့်ပြန်ပါ သည်။

ဆရာတော်ဘုရားကြီးက "ဆေးရုံတော့ မတက်လိုပါ"ဟု မိန့်တော်မူပါသဖြင့် "ရွှေဟင်္သာ တိပိဋကကျောင်းမှာပင် ကုသနိုင်ရန် စီစဉ်ပေးပါမည် ဘုရား"ဟု လျှောက်ထားရာ ဆရာတော်ဘုရားကြီး က လက်ခံတော်မူပြီးလျှင်၊ ဆွမ်းစားအပြီး နေ့ ၁၂ နာရီတွင် ကြွလာခဲ့မည်ဟု အမိန့်ရှိပါသည်။

နေ့လည် ၁၂ နာရီတွင် မန္တလေးသို့ ဆရာတော် ကြွတော်မူသည်။ မန္တလေး ရောက်သည်

http://www.dhammadownload.com



ကျေးဇူးတော်ရှင်မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ရွှေဟင်္သာတိပိဋကကျောင်းတော်၌
ဆေးကုသခံယူစဉ်က ဆွမ်းဘုဉ်းပေးတော်မူနေပုံ

http://www.dhammadownload.com



ရှေ့ဟာသံကျောင်းတော်တွင်
နှာခေါင်းပိုက်သွင်းပြီးစ
ဆရာတော်ဘုရားကြီးအား
ပူးတွေ့ရပုံ။



http://www.dhammadownload.com



ရွှေဟင်္သာကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်။

နှင့် ဓာတ်မှန်ရိုက်ကြည့်ရာ အဆုတ်ပွနေကြောင်း သိရသည်။ ထိုနေ့က ဆရာတော် ခေါက်ဆွဲခြောက်ကို လက်ဘက်ရည် တဇွန်းမျှသာ ဘုဉ်းပေးတော်မူပါသည်။ ဆွမ်းလုံးဝ မဘုဉ်းပေးနိုင်ပါ။ အာဟာရမှာ ဆုတ်သည်ထက် ဆုတ်လာပါသည်။ နေ့လည် ၃ နာရီခန့်တွင် ဆရာဝန်ကြီးက ဆရာတော်ကြီးမှာ မျိုချဖို့ ခဲယဉ်းနေ၍ ဆေးရော အာဟာရပါ မဝင် ဖြစ်နေလျှင် ကုသရခက်ခဲမည် စိုး၍ ပိုက်သွင်းခွင့် တောင်းကြသည်။ ဆရာတော်က ခွင့်မပြုလိုသော်လည်း အခြေအနေကို လိုက်လျောသောအားဖြင့် ပိုက်သွင်းခွင့်ပြုခဲ့ပါသည်။

ဆရာတော်အား ပိုက်သွင်းကြရာ မအောင်မြင်ပဲ ဖြစ်သည့်အပြင် ဆရာတော်မှာလည်း ပင်ပန်းနေတော်မူသည်။ ဆရာတော်ကြီးက "ငါ့ကို ဆရာကြီး ဦးသာလှ ကုလာတာ အနှစ်သုံးဆယ်ကျော်ပြီ တခါမှ ဒီလို မလုပ်ဖူးဘူး"ဟု အမိန့်ရှိပါသည်။ ထိုအခါ ဆရာဝန်ကြီးများက "သူ့ဆရာနှင့်သူ့ဒကာ" ဆိုသည့် အတိုင်း ဆရာဝန်ကြီး ဦးသာလှ အား အမြန်လိုက်ခဲ့ပါဟု ပင့်ခေါ်ကြသည်။

(၁၄-၁၁-၉၂)နေ့ ဆရာကြီး ဦးသာလှ မန္တလေး၊ ရွှေဟင်္သာစံကျောင်းသို့ ရောက်သောအခါ ဆရာတော်ကြီး အလွန်အားတက်တော်မူခဲ့သည်။ ဆရာကြီး ဦးသာလှ မရောက်မီတွင် ဆရာတော်ကြီးသည် "မိမိ ပျံလွန်တော်မူပါက မည်သို့ စီစဉ်ကြဟူသော" အမိန့်စကားများပင် မိန့်ကြားနေကြောင်း ကြားသိရလျှင် ဆရာကြီးက "မဖြစ်ချည်ဘူး"ဟု ဆိုကာ နာခေါင်းပိုက်သွင်းခွင့် ရရန် အမျိုးမျိုး ဖြောင့်ဖြ လျှောက်ထားခဲ့ပါသည်။ ဆရာတော်ကြီးက ခွင့်ပြုသောအခါ ပထမ ရာဘာပိုက်မှာ သေးနေ၍ ချဲ့စုပ်မရ ဖြစ်နေသည်။ ဒုတိယအကြိမ် ခေါက်တာသိန်းအောင် ထည့်ပေးမှ ရတော့သည်။

(၂၀-၁၁-၉၂)နေ့တွင် ဆရာတော်ကြီးသည် ရင်ကြပ်၍ မောတော်မူလာ၍ ထူပေးထားရသည်။

http://www.dhammadownload.com



ရွှေဟင်္သာကျောင်းအတွင်း ဘီးကုလားထိုင်ဖြင့် ကြွတော်မူပုံ။

ဆရာဝန်ကြီးများ လာကြည့်ရန် ဖုန်းဆက်ထားသည်။ ထိုအချိန်၌ အနီးရှိ ဦးဇင်းများအား လေသံသဲ့သဲ့မျှ ဖြင့် "ဦးဇင်းတို့ တပည့်တော်ရဲ့ ဒီဓနုကိုယ်ကြီးကို ၃၂ ကောဋ္ဌာသကြီးကို ကမ္မဋ္ဌာန်း မြောက်အောင် ကြည့်ကြ၊ သတိလက်မလွတ်ပဲနဲ့ ကြည့်ကြ"ဟု မိန့်တော်မူပါသည်။ သမားတော်ကြီးများ ရောက်ရှိလာသောအခါ ရွှေ့ရသော ဓာတ်မှန်စက်ဖြင့် ဓာတ်မှန်ရိုက်ရာ ယခင်ကထက် ကောင်းနေကြောင်း တွေ့ရပြန်ပါသည်။

ထိုအချိန်က ဆရာတော်ကြီး၏ ဓါတ်မှန်ချပ်ကို လေ့လာကြည့်ရှုကြရသော ဆရာဝန်ကြီးတိုင်း အံ့အားသင့်နေကြ၏။ ရန်ကုန်မှရှိစဉ်က ဒုဗိုလ်မှူးကြီး ရဲသွေးစစ်ဆေးသောအခါ အဆုတ်ရောဂါရှိသည်ဟု တွေ့ခဲ့ရသည်။ မင်းကွန်းရောက်၍ အအေးခံသောအခါ အဆုတ်ရောဂါအခံတွင် အအေးမိပြန်သဖြင့် ပို၍ဆိုးသွားခဲ့သည်။ ထိုအဆုတ်ရောဂါသည်မည်မျှကောင်းသည် ဆေးဖြင့်ဖြစ်စေ၊ (၁)လနှင့်မပျောက်နိုင်။ တနင်္ဂနွေ(၆)ပတ်ခန့်ရောက်မှ ထိန်းချုပ်နိုင်ရုံရှိသည်။ အောက်တိုဘာလ(၁၉)ရက်က ဓါတ်မှန်ရိုက်ရာမှ ညာဘက်တွင် အစက်ကလေးတွေ့ရ၏။ ယနေ့(၂၀) ရက်ရိုက်ရာတွင် ထိုအစက်ကလေးမရှိတော့၊ပျောက်ပြီဟုမဆိုနိုင်။ ထို့အတူအဆုတ်အမှေးပါးရောင်ခြင်းလည်း မရှိတော့။ အလွန်ထူးဆန်းနေသည်ဟု ဆရာဝန်ကြီးများကပင် ပြောဆိုကြပါသည်။

ထိုနေ့ နေ့ ၁၂ နာရီတွင် ဆရာတော်ကြီးက တိုက်အုပ်ဆရာတော်အား ဆရာဝန်ကြီး ဦးသာလှကို ခေါ်စေသည်။ ဆရာဝန်ကြီး ဦးသာလှ ရောက်လာသောအခါ စကားပြောချင်ပုံရသော်လည်း လေသံမျှထွက်နိုင်တော့သဖြင့် ဆရာဝန်ကြီး ဦးသာလှက ဆရာတော်ကြီး၏ ဆန္ဒကိုရိပ်မိကာ ဆရာတော်ကြီး ရင်ဘတ်ပေါ် ခေါင်းတင်ပြီး ပါးစပ်နှင့်အနီးဆုံး တိုးကပ် နားထောင်ကြည့်ရာ ဆရာတော်ကြီးက ဤသို့

http://www.dhammadownload.com



ဓမ္မနာဒသို့ ပြန်ရောက်တော်မူပြီး ဆရာကြီးဦးထွန်းသင်စစ်ဆေးကြည့်ရှုနေပုံ။

မိန့်တော်မူပါသည်။ "ဒီရောဂါသည် ဘုန်းကြီး၏ ခန္ဓာကို ချွေမည့် ရောဂါ ဖြစ်တယ်။ အချိန်မရွေး ဘုန်းကြီး မျက်စိမှိတ်ဖို့အသင့်ရှိနေတယ်။ မန္တလေးနဲ့ ရန်ကုန်မှာ ဘုန်းကြီး မျက်စိ မမှိတ်လိုဘူး။ ဒါကြောင့် ခုချက်ချင်း မင်းကွန်း ပြန်ပို့ဖို့ စီစဉ်ပါ" ဟု မိန့်တော်မူပါသည်။

ဆရာဝန်ကြီး ဦးသာလှနှင့် ဆရာဝန်ကြီးအဖွဲ့ တိုင်ပင်ကြရာ ဆရာတော်ဘုရားကြီး၏ ဆန္ဒတော်နှင့် အခြေအနေကို လိုက်လျော၍ မင်းကွန်းသို့ ပြန်လည် ပင့်ဆောင်ရန် ဖြစ်သော်လည်း တိုင်းမှူး ပင့်ဆောင်ထားသောကြောင့်၊ တိုင်းမှူးထံ အကြောင်းကြားရပြန်ပါသည်။ တိုင်းမှူးမှာ အနီးစခန်းသို့ ရောက်ရှိနေ၍ ခေတ္တစောင့်နေကြသည်။ သို့သော် ကြည့်ရင်းမှာပင် ဆရာတော်ကြီး၏ အခြေအနေမှာ ထူးခြားလာရာ သမားတော်အဖွဲ့က စစ်ဆေးကြည့်သည်တွင် ၂၀%မျှသာ အကောင်းဘက်က ကျန်တော့သည်ဟု ထင်မြင်ချက်ပေးကြလေသည်။ သို့နှင့် ဆရာတော်ကြီးအား မင်းကွန်းသို့ ပင့်ဆောင်မှ ဖြစ်မည်ဟု ဆုံးဖြတ်ကာ ပင့်ဆောင်ကြပါတော့သည်။ ဆရာဝန်ကြီးများအဖို့ နေရာသည်အဓိမဟုတ် ပစ္စည်းစုံဖို့သာ အဓိက ဖြစ်၍ မည်သည့်နေရာဖြစ်ဖြစ် လိုက်၍ကုကြမည်ဟုလည်း ဆုံးဖြတ်ကြသည်။

ဆရာတော်ကြီးအား ပင့်ဆောင်ကြရာတွင် မရမ်းခြဲ ဆိပ်ကမ်းအရောက် သတင်းက ဘယ်လိုပြန့်ထွက်သွားသည်မသိ၊ လူစုလူဝေးလိုက် စုရုံပြီး စောင့်နေကြ သည်။ ဆရာတော်ကြီး ပျံလွန်တော်မူသည်ထင်၍ ငိုသူတို့ငိုနေကြသည်။ ဆရာတော်ကြီးက နှုတ်ဆက်သကဲ့သို့ လက်လှုပ်ပြမှ မပျံလွန်တော်သေးပါတကား ဟု ဝမ်းသာကြသည်။

ဆရာတော်ဘုရားကြီးအား တိ=နို(၁) မော်တော်ဖြင့် မင်းကွန်းသို့ပင်ဆောင်လာရာ မြစ်လယ်သို့ရောက်သောအခါ ဆရာတော်ဘုရားကြီး၏ မျက်နှာ

http://www.dhammadownload.com



ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး
မန္တလေးမြို့ ရွှေဟင်္သာ တိပိဋက စံကျောင်းတော်၌ ဆေးကုသ ခံယူတော်မူစဉ်က
ဘုရားဝတ်ပြုနေတော်မူပုံ။

http://www.dhammadownload.com



ဓမ္မနာဒကျောင်းတိုက်အတွင်း နေရောင်ခံယူတော်မူပုံ။

တော်မှာ ရွှင်ရွှင်ပျပျ ဖြစ်တော်မူလာပါသည်။ နေလို့လည်းကောင်းလာပါသည်။ ပစ္စာသာမဏအား ခါးကြားမှ စိပ်ပုတီးကို တောင်းတော်မူပါသည်။ လမ်းတလျှောက်လုံး ပုတီးစိပ်၍ လိုက်ပါတော် မူခဲ့ပါသည်။ မင်းကွန်းဆိပ်သို့ ရောက်သောအခါ အသင့်ကြို့နေသော ကားပေါ်သို့ အိပ်စင်နှင့် ပင့်ဆောင်ကြပါသည်။ဓမ္မနာဒကျောင်းဝတွင် ကျောင်း သံဃာအားလုံး စောင့်၍ ဖခင်ကြီးအား ကြို့နေကြပါသည်။

ခွဲဝေလှူဒါန်းတော်မူခြင်း

ကျောင်းသို့ ရောက်သောအခါ ဆရာတော်ကြီးကို တပည့်များက လမ်းမှာ အအေးပတ်ခဲ့ပြီဟု ထင်မှတ်ကြကာ စမ်းသပ်ကြည့်ကြသည်။ ဘာမှ မဖြစ်ပါ။ ဆရာဝန်များလည်း စမ်းသပ်ကြည့်ကြရာ မန္တလေးမှာတုန်းကထက် ပိုမိုတိုးတက်ကာ အစစ အရာရာ ကောင်းမွန်နေကြောင်း တွေ့ရှိကြရ၍ အံ့အားသင့်နေကြသည်။ ဆရာတော်ကြီးက တိုက်ကြပ် ဆရာတော်ထံမှ သင်္ကန်းစာရင်း တောင်းတော်မူပါသည်။ တိုက်ကြပ် ဆရာတော်က "သင်္ကန်းဒွိစုံ ဘယ်လောက်၊ စီဝိုင်စီ သင်္ကန်းက ဘယ်လောက်၊ နှစ်ထပ်သင်္ကန်းက ဘယ်မျှ စသည်ဖြင့် ပေါင်းပြီး ပိတ်သင်္ကန်းမပါ သင်္ကန်းကောင်းများ ချည်းအပုံ (၄၀၀)ကျော်ရှိပါကြောင်း လျှောက်ထားရာ၊ "ဒီလိုဆို လှူနိုင်ပြီ၊ ခုမှတပည့်တော်ပေါ့သွားတယ်"ဟု အမိန့်ရှိတော်မူလေသည်။ တခုခုစိတ်ချ တော်မူပုံလည်းပါသည်။ ထိုအခါမှ သင်္ကန်းလဲလှယ်ခွင့် ပြုတော်မူပါသည်။

နောက်တဖန် ဦးပဉ္စင်းများကို ခေါ်ပြီး၊ ကျောင်းရှိ ဗလာစာအုပ်များ အကုန်ထုတ်၍ ကိုရင်များကို အဝေခိုင်းသည်။ အားမရသေး၍ ထပ်လှူပါဦးဟု အမိန့်ရှိပါသည်။ ဦးဇင်းများကို ဝတ္ထုတဆယ်ကျပ်စီ၊ ကိုရင်များကို ဝတ္ထုငါးကျပ်စီ နဝကမ္မ

http://www.dhammadownload.com

လူတော်မူပါသည်။ ထို့ပြင် သံဃာပရိသတ် အားအောက်ပါအတိုင်း မိန့်တော်မူပါတယ်။

"အရင်တုန်းက မင်းကွန်းမှာ သီတင်းသုံးခဲ့တဲ့ မဂ္ဂင်ဆရာဟော်ကြီးဟာ ဇာတိမြို့ဝင်ဘက်က တောထွက်ကြီး ဖြစ်တယ်။ တပည့်တွေအပ်ပြီး တောထွက်တဲ့ကိုယ်တော်၊ ပျံတော်မူခါနီး မှာကြားတာက သူ့ရဲ့အလောင်းကို တစ်ရက်တည်းနဲ့ အပြီး သင်္ဂြိဟ်ရမယ်လို့ သတ်မှတ်သွားတယ်။ တကယ်တော့ သူတို့က ပါဠိတော်ဂိုဏ်း ကမို့ တပည့်တော်က သုခမ္မာဆိုတော့ မျက်စိမိုတ်ခဲ့ရင် အားလုံးဆရာဒါယကာစိတ်ချမ်းသာသလို ကျင်းပပါ။ သုံးရက်, လေးရက် ကျင်းပခွင့်ပြုတယ်။ တရားပွဲ ညစဉ်ထည့်ပါ။ ရေစက်ချဆယ်ပါးပင့်။ ရေစက်ချသံဃာတော်ကို ပရိက္ခရာရှစ်ပါးမှာ စီဝိုင်စီ,တက်ထရွန်စတဲ့ အကောင်းဆုံးသင်္ကန်းကပ်။ အရှန်သံဃာကတော့ ပင့်ချင်သလောက်ပင့်။ ခု ဦးပဉ္စင်းမှာ စာရင်းအရ အကောင်းစားသင်္ကန်းအစုံ (၄၀၀)ကျော် ရှိတဲ့အထဲက ကျန်တာတွေအကုန်လူပါ။ ပင့်သံဃာကို လူရာမှာ ပိတ်သင်္ကန်း မပါစေနဲ့။ စျာပနမှာငွေ ငါးသောင်းလောက် သုံးနိုင်တယ်။

"ခုသီတင်းသုံးနေတဲ့ ကျောင်းတိုက် အားလုံးက သံဃိကဖြစ်တယ်။ အသုံးအဆောင်ပစ္စည်းအားလုံး သံဃိက။ ဝိနည်းတော်အတိုင်း ဦးပဉ္စင်းတို့ ကိုက်ညီအောင် စီစဉ်ပါ"

ဆရာတော်ကြီးများသည် မိမိပိုင်ဟုဆို၍ ဘာမျှမထား။ ရသမျှသံဃိကပြုတော်မူသည်။ ကျောင်းဒကာကြီး ဆာဦးသွင်က သူဆောက်လူသည့် ကျောင်းကန်ဇရပ်များကို ပုဂ္ဂလိကရေစက်ချခဲ့သော်လည်း ဆာဦးသွင် ကွယ်လွန်သည့်အခါ သံဃိကသို့ပြောင်းလွှဲ၍ ရေစက်ချပေးတော်မူခဲ့၏။ ဆရာတော်ကြီးက "ဘုန်းကြီးသေရင် ဘာမှမကျန်ရစ်စေရဘူး။ ဘုန်းကြီးသေလို ပစ္စည်းကျန်တယ်ဆိုတာ ရှက်စရာကောင်းတယ်။ ဘုန်းကြီးအားလုံး သံဃိက လုပ်ထားကယ်။ ဟောဒီ ဘုန်းကြီးကိုယ်ပေါ်မှာဝတ်ရုံ ထားသောသင်္ကန်းသည်ပင် သံဃိကပဲ" ဟုမိန့်တော်မူဖူးပါသည်။

ဆရာတော်ဘုရားကြီးသည် မိမိအား လူဒါန်း လာသော နဝကမ္မများအား ကျောင်းများ၊ တံတားများ၊ လိုအပ်ရာရာ သာသနာ့ကိစ္စများတွင် လူဒါန်းသုံးစွဲတော်မူလေ့ ရှိပါသည်။ ဘယ်တော့မဆို ဆရာတော်ကြီးသည် ဝတ္ထုဥစ္စကြေးများကို သိမ်းဆည်းထားလေ့မရှိပါ။ သိမ်းဆည်းထားရလျှင်လည်း ဓမ္မနာဒ သံဃိကဟု တိုက်ကိုသာအပ်နှံပြီး သုံးစွဲတော်မူလေ့ရှိသည်။ လူသူက ဆရာတော်ကြီးအား ကြည်ညိုး၍ ပုဂ္ဂလိကလူလင့်ကစား ဆရာတော်ကြီးက သံဃိကအဖြစ်သို့ လွှဲပြောင်း၍ အလူခံယူတော်မူလေ့ ရှိပါသည်။ ဆရာတော်ကြီးသည် အလွန်နာမကျန်းဖြစ်တော်မူနေသောယခုလိုကာလမှာပင် တနေ့ဒကာမကြီးတစ်ဦးက ဆရာတော်ကြီးအား လာကန်တော့ရင်း လူဖွယ်ပစ္စည်းလူရာ၊ ဆရာတော်ကြီးက အသံသံသံဖြင့် "သံဃိကလူ" ဟု စကား(၄)လုံး မိန့်တော်မူလိုက်ပါသည်။

ဆရာဝန်ကြီးဦးသာလှက "ဆရာတော်ဟာ အနီးနေလေလေ ကြည်ညိုဖို့ကောင်းတာတွေ့တွေ့ရလေလေပါပဲ။ ဆရာတော်ကြီးလောက် အလူအတန်း ပေါများတဲ့ပုဂ္ဂိုလ် ဘယ်ရှိပါ့မလဲ။ ဒါပေမယ့် ဆရာ တော်ကြီးမှာ ရသမျှလူပစ်လို့ ကြွေးတောင်တင်သေးတယ်။ တိုင်းနှင့်ပြည်နယ်ကို တက္ကသိုလ်တွေအတွက် ရေစက်ချသွား ကြတုန်းကပေါ့။ တိုင်းတိုင်းကို အလူငွေများ ဘယ်လောက်လူရမယ် ဆိုတာသတ်မှတ် ပြီးဖြစ်ပါတယ်။ ဒါပေမယ့် တကယ်ကောက်လိုက်တဲ့အခါ အလူငွေက သတ်မှတ်ထားတာထက်ပိုနေရော၊ ဒီအခါမှာ ရေစက်ချတဲ့နေ့မှာ သက်ဆိုင်ရာပုဂ္ဂိုလ်များက "တပည့်တော်တို့မှာ သတ်မှတ်ထားတဲ့အလူငွေ ထက်ပိုပြီးရရှိနေလို့ အဲဒီပိုရနေတဲ့ အလူငွေကို ဆရာ တော်ကြီးနှစ်သက်သလို ဆောင်ရွက်ပါ" ဆိုပြီး ဆရာတော်ကြီးအား လူကြပါတယ်။ ဆရာတော်ကြီး

http://www.dhammadownload.com





ဓမ္မနာဒတိုက်အတွင်း နေရောင်ခဲယူတော်မူပုံ။

http://www.dhammadownload.com

က 'သိမ်းထားဆရာ'တဲ့။ ပြီးတော့ တက္ကသိုလ်အတွက် လိုအပ်မယ့်ပစ္စည်းလေးပါ၊ ပဒေသာအပင်စိုက်ထားပါ။ လိုတဲ့နေရာသုံးပါ။ "ဆိုပြီး တက္ကသိုလ်နဲ့ဆပ်လို့ ရတဲ့နဝကမ္မကို တက္ကသိုလ်အတွက်သာ သုံးတော်မူခဲ့ပါတယ်။ဒါဟာ အင်မတန်ဖြစ်ခဲပါတယ်"ဟု ပြောပြဖူးပါသည်။

သာသနာရေးဝန်ကြီးလာရောက်ခြင်း

၁၉၉၂-ခု၊ နိုဝင်ဘာလ(၂၁)ရက်နေ့တွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မျိုးညွန့်သည် ဆရာတော်ဘုရားကြီး သိတင်းသုံးတော်မူရာ ဓမ္မနာဒကျောင်းတိုက်သို့ လာရောက်ဖူးမြော် ကန်တော့ပါသည်။ ဝန်ကြီးသည် ဆရာတော်ကြီး၏ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားပြီး လိုအပ်သည့်ကိစ္စအဝဝကို ပြည့်စုံစေရန် ဆောင်ရွက်ပေးခဲ့ပါသည်။

တရားဟောမဟုတ် ရေစက်ချမဟုတ်

ဆရာတော်ကြီးသည် ဓမ္မနာဒပြန်ရောက်တော်မူမှ အခြေအနေများစွာ ကောင်းလာပါသည်။ ထူးခြားချက်တခုမှာ ဆရာတော်ကြီးသည် ထူမထ၊နိုင်သော အခြေသို့ရောက်ရှိနေပါသဖြင့် အမြဲလိုလို လဲလျောင်းသာ နေတော်မူရာ ဆရာတော်ကြီးကို ကြည့်လိုက်တိုင်း တစုံတခုကို ရွတ်ဆိုနေသကဲ့သို့ ဖူးတွေ့ ကြရ၏။

ဆရာတော်ကြီးသည် ရှေးယင်ကလည်း အဖျားတက်လာလျှင် တရားဟောတော် မူတတ်ပါသည်။ အလွန်အဖျားကြီးပါက တရားတပုဒ်ကို ပြည့်ပြည့်စုံစုံ ဟောတော်မူနေပါသည်။ ယခုလည်း ပရိတ်ရွတ်ဆို နေတော်မူပါသည်။ တပည့်များအား "မနေ့ညက တပည့်တော်ရောဂါဖြစ်လို့ ပရိတ်ရွတ်လိုက်တာ အာဠာနာဋိယပရိတ်အထိရောက်မှ သက်သာသွားတယ်"ဟု မိန့်တော်မူပါသည်။

ဆရာဝန်အဖွဲ့ ဖွဲ့ကြပြီ

သမားတော်ကြီး ဦးထွန်းသင်မှာ ဆရာတော်ကြီးအား ရှေ့နှစ်များစွာကပင် ကြည့်ရှုစောင့်ရောက်လာခဲ့သော သမားတော်ကြီး ဖြစ်ပါသည်။ ဆရာတော်ကြီးအား မိဘသဖွယ် ကြည်ညိုရှိလည်း နေပါပြီ။ ယခုအခါ၌ ဆရာကြီး ဦးထွန်းသင် အပါအဝင် ဆရာဝန်များအနေဖြင့် စုပေါင်းကြကာ လွန်ခဲ့သော ၁၉၈၅ ခုတုန်းကကဲ့သို့ ဆရာဝန်အဖွဲ့ ဖွဲ့၍ ကုသမှုဖြစ်တော့မည်ဟု ဆုံးဖြတ်ကာ အောက်ပါ ဆရာဝန်ကြီးများ ပါဝင်သော အဖွဲ့ကို ဖွဲ့၍ နေ့တာဝန် ညတာဝန် အချိန်ပြည့်ထားကာ ဆရာတော်ဘုရားကြီးအား စောင့်ရောက်ကြည့်ရှုကြပါသည်။

၁။ ဆရာကြီး ဦးထွန်းသင်
(ခေါင်းဆောင်)

၂။ ဒေါက်တာ ဦးဖေဝင်း
ပါမောက္ခ၊ ဌာနမှူး၊ ဆေးပညာဌာန၊
မန္တလေးဆေးတက္ကသိုလ်။

၃။ ဒေါက်တာ ဦးမင်းနိုင်
ပါမောက္ခ၊ ဆေးပညာဌာန၊
မန္တလေးဆေးတက္ကသိုလ်။

၄။ ဒေါက်တာ ထွန်းအောင်ကျော်
ဆေးရုံအုပ်ကြီး
မန္တလေးပြည်သူ့ဆေးရုံ။

၅။ ဒေါက်တာ ဒေါ်မမကြီး
သမားတော်ကြီး၊ ဆေးပညာဌာန၊
မန္တလေးဆေးတက္ကသိုလ်။

၆။ ဒေါက်တာ ဦးချစ်ခိုင်
ဒု-ဆေးရုံအုပ်ကြီး
မန္တလေးပြည်သူ့ဆေးရုံ။

၇။ ဒေါက်တာ ဦးမြမောင်
ကထိက
အဆုတ်ရောဂါကုဆရာဝန်ကြီး၊

http://www.dhammadownload.com



ဖမွနာဒတိုက်အတွင်း
နေရောင်ခံယူတော်
မူပုံ။



http://www.dhammadownload.com





ဆေးလှူပွဲအခမ်းအနား ကျင်းပကြပုံ။

http://www.dhammadownload.com

အမှတ်(၂)ဇုံအဆုတ်ရောဂါတိုက်ဖျက်ရေး
အဖွဲ့၊
မန္တလေး။

၈။ ဒေါက်တာ ဦးမိတ်
ကထိက အရိုးရောဂါအထူးကုဆရာဝန်ကြီး၊
အရိုးရောဂါကုပညာဌာန၊
မန္တလေး ဆေးတက္ကသိုလ်။

၉။ ဒေါက်တာ ဦးမောင်ကြီး (အငြိမ်းစား)
ဓာတ်မှန်ဘက်ဆိုင်ရာ ဆရာဝန်ကြီး
ပြည်သူ့ဆေးရုံ၊ မန္တလေး။

၁၀။ ဒေါက်တာ ဦးနု
လက်ထောက်ဆေးရုံအုပ်ကြီး
ပြည်သူ့ဆေးရုံ၊ မန္တလေး။

၁၁။ ဒေါက်တာ ဦးထွန်းရွှေ
လက်ထောက်သမားတော်ကြီး
ဆေးပညာဌာန ကုသဆောင်၊
မန္တလေး ပြည်သူ့ဆေးရုံ။

၁၂။ ဒေါက်တာ မြတ်ချစ်
လက်ထောက်သမားတော်ကြီး
ဆေးကုသဆောင်၊
ပြည်သူ့ဆေးရုံ၊ မန္တလေး။

၁၃။ ဒေါက်တာ ဇော်လင်းအောင်
လက်ထောက်သမားတော်ကြီး

၁၄။ ဒေါက်တာ တင်မောင်ဟန်
လက်ထောက်သမားတော်ကြီး

၁၅။ ဒေါက်တာ အောင်မြင့်
ဆေးတက္ကသိုလ်နည်းပြ
ဇီဝကမ္မဗေဒဌာန။

၁၆။ ဒေါက်တာ ဌေးမြင့်
လက်ထောက်ဆရာဝန်
ဆေးတက္ကသိုလ် မန္တလေး။

၁၇။ ဦးမြင့်ညွန့်
အရိုးအကြောအဆစ်ကုသမှုပညာရှင်

၁၈။ ကိုဇော်ဝင်း
အထက်တန်းအမျိုးသားသူနာပြု
သံဃာဆောင်၊
ပြည်သူ့ဆေးရုံ၊ မန္တလေး။

၁၉။ ဦးဇော်ဝင်း
ဓာတ်ခွဲကျွမ်းကျင်မှုပညာရှင်
ပြည်သူ့ဆေးရုံ၊ မန္တလေး။

၂၀။ ဒေါက်တာ ထွန်းမြတ်
တိပိဋကဓရ=နိကာယ သာသနာပြုအဖွဲ့
ကျန်းမာရေးအဖွဲ့ဝင်နှင့် ရန်ကုန် နိုင်ငံတော်
ပရိယတ္တိ သာသနာ့တက္ကသိုလ်မှ ဆရာဝန်။

တို့ ဖြစ်ကြရာ အလွန်အားရစရာ ကောင်းသော ဆေးကုသမှု အထူးကုအဖွဲ့ကြီးပင် ဖြစ်ပါတော့သည်။ ယင်းအဖွဲ့သည် (၂)ရက်, (၃)ရက် ၊ဘစ်ခါ သို့မဟုတ် အရေးကြီးလျှင် ကြီးသလို စုံညီတွေ့ဆုံ စည်းဝေးလေ့ရှိသည်။ အမြဲတမ်း (၂၄)နာရီ အခါမလပ် တာဝန်ထမ်းဆောင်ရန် အလို့ငှာ ဆရာတော်ဘုရားအနီးတွင် အထူးကုသမားတော်ကြီးတစ်ဦး, လက်ထောက်ဆရာဝန်တစ်ဦးနှင့် အမျိုးသား သူနာပြုတစ်ဦးတို့ တာဝန်ချထားပေသည်။

တပည့်သံဃာများလည်း အဖွဲ့ဖွဲ့ကြ

ဆရာတော်ဘုရားကြီး၏ ကျန်းမာရေး အခြေအနေအရ နေ့စဉ်စောင့်ရှောက်နေရသော တပည့်သံဃာများမှာလည်း ပင်ပန်းလာသည်။ အနယ်နယ် အရပ်ရပ်မှ တပည့်များ၊ မိုးမိတ်မှသံဃာများ လာရောက်ပြီး စောင့်ရှောက်လိုကြသည်ဟု ဆန္ဒပြုတော်မူကြသည်။ ထိုအခါ ဆရာတော်ကြီး၏ ဆန္ဒနှင့် လိုက်လျောအောင် ပြုစုဖို့လိုအပ်သည့်အတွက် ဆရာတော်ကြီးကို ပြုစုနေကျ တပည့်သံဃာနှင့် အပြင်သံဃာတွဲဖက်၍ ဂိလာနုပဋ္ဌာကအဖွဲ့ကို အောက်ပါစာရင်းအတိုင်းဖွဲ့ကြပါသည်။ ဤစာရင်းပါသံဃာများ

http://www.dhammadownload.com

သည် ညစဉ် ၇ နာရီမှ အရဏ် တက်သည်အထိ တနာရီ(၃)ပါးကျ စောင့်ရှောက် ခဲ့ကြပါသည်။

ကျေးဇူးရှင် ဆရာတော်ဘုရားကြီးအား ဂိလာနုပဋ္ဌာကဝတ်ပြုရန် တပည့်သံယာတော်များ

(က)

၁။ ဦးပဏ္ဍဝံသ
၂။ ဦးဝေပုလ္လာစာရ
၃။ ဦးသီလာစာရ
၄။ ဦးနိမလ (စိန်နားကပ်)
၅။ ဦးကုသလ
၆။ ဦးသေ.ဘဏ (မြင်းခြံ)
၇။ ဦးမဏ္ဍလ
၈။ ဦးနန္ဒိယ
၉။ ဦးဝိသုဒ္ဓ (တီ=နို)
၁၀။ ဦးဣန္ဒက (မင်းကွန်း)
၁၁။ ဦးကေသဝ
၁၂။ ဦးကေသရ
၁၃။ ဦးဝေပုလ္လသာမိ
၁၄။ ဦးဣန္ဒေဘာသ
၁၅။ ဦးဥတ္တမ (မြင်းခြံ)

(ခ)

၁။ ဦးဗန္ဓုက
၂။ ဦးဥတ္တရ
၃။ ဦးဝေရောစန
၄။ ဦးကောသလ္လ
၅။ ဦးခေမိန္ဒ
၆။ ဦးကောဝိဒ (က)
၇။ ဦးဝိလာသ
၈။ ဦးစိန္တသာရ (က)
၉။ ဦးဣန္ဒက (ကျောက်ဆည်)
၁၀။ ဦးပညာသာမိ (က)
၁၁။ ဦးနိပုဏ
၁၂။ ဦးဥပ္ပလ
၁၃။ ဦးဝိသုတ (မြင်းခြံ)
၁၄။ ဦးဝိရိယ
၁၅။ ဦးစိန္တသာရ (ခ)
၁၆။ ဦးဝိမလ (က)
၁၇။ ဦးသုဇန
၁၈။ ဦးမုနိန္ဒ
၁၉။ ဦးသိန္ဓဝ
၂၀။ ဦးဓဏ္ဍိန္ဒ
၂၁။ ဦးအာစိဏ္ဏ (က)
၂၂။ ဦးသာသန
၂၃။ ဦးဝိမလ (ခ)
၂၄။ ဦးသီရိန္ဒ
၂၅။ ဦးသာဝက
၂၆။ ဦးကုသလ
၂၇။ ဦးဥတ္တမ
၂၈။ ဦးကောဏ္ဍည
၂၉။ ဦးဇဝန
၃၀။ ဦးရေဝတ (ခ)
၃၁။ ဦးဝိမလ (ဂ)
၃၂။ ဦးသုန္ဒရ
၃၃။ ဦးဣန္ဒေဘာသ
၃၄။ ဦးကုဏ္ဍလ
၃၅။ ဦးအာစိဏ္ဏ (ခ)
၃၆။ ဦးပညာသာမိ (ခ)
၃၇။ ဦးသူရိယ
၃၈။ ဦးကောဝိဒ (ခ)
၃၉။ ဦးစန္ဒိယ
၄၀။ ဦးစန္ဒိမာ
၄၁။ ဦးနိမလ (မန္တလေး)
၄၂။ ရှင်ဇဝန

http://www.dhammadownload.com



ဆရာတော်ကြီးအား
တပည့် ကြီးများက
နေရောင်ခံပူဇော်နေကြပုံ။



ကျွန်းများမှ ဒေသတွင်းများ လာကောက်လှူဒါန်းကြပုံ။

http://www.dhammadownload.com

၄၃။ ရှင်ဇာဂရ
၄၄။ ရှင်ဥက္ကံသ

သက်တော်ရှည် ဘုရားများပြုပြင်ခြင်း

ဆရာတော်ကြီးသည် မင်းကွန်းတခွင်ရှိ ရှေးဘုရားဟောင်းများကိုလည်း ပြုပြင်တော်မူပါသည်။ ဆရာတော်ကြီး၏ ပစ္ဆာသာမဏဦးနိမလသည် ဆရာတော်ကြီးအား အလွန်ကျန်းမာစေချင်လွန်းသဖြင့် ပြုပြင်၍မပြီးပြတ်သေးသော သက်တော်ရှည်ဘုရားများကို ပြီးပြတ်အောင် ပြုပြင်ပေးတော်မူခဲ့ပါသည်။ ဗေဒင်မေးကြသူများက ဆရာတော်ကြီးအတွက် ဘုရား(၂)ဆူတည်ပေးရမည်ဆိုသဖြင့် ဦးနိမလာပင်ကြိုးစားတည်ခဲ့ပါသည်။ အချို့ဒကာများကလည်း သဲပုံစေတီတည်ကြပါသည်။

ဆရာတော်ကြီးအတွက်ဆိုလျှင် အားလုံးပြည့်စုံ

ဆရာတော်ကြီးသည် သာသနာတော်ကြီးအတွက် နိုင်ငံသူနိုင်ငံသား ဒကာဒကာမအားလုံးအတွက် မေတ္တာထား၍ ရွက်ဆောင်တော်မူခဲ့ပါသဖြင့် ယခု ဆရာတော်ကြီး၏ မကျန်းမမာဖြစ်တော်မူ ချိန်မှလည်း ဆရာတော်ကြီးဘွဲ့နာမည်တော်ကို ကြားရုံမျှဖြင့် ဘယ်အရာမဆို လုပ်ဆောင်ပေးသူချည်း ဖြစ်နေပါတော့သည်။

ဤနှစ်ဆောင်းဝင်စမှာပင် မန္တလေးအအေးဒဏ်သည် အလွန်ပြင်းထန်ရကား၊ ဆရာတော်ကြီးကဲ့သို့ အဆုတ် ရောဂါ–အဆုတ် အမှေးပါးရောင်သူအဖို့ အအေးသည် လုံးဝမတည့်သော ဥတုရာသီဖြစ်ခဲ့ပါသည်။ ဤသက်တော် (၈၀)ကျော် အရွယ်ကပင် အအေးနှင့် မသင့်တော့ပါ။ သို့ဖြစ်၍ အေးလွန်းလှသော ရာသီဒဏ်ကိုကာကွယ်ရန် အပူပေးစက်များ လိုအပ်လာသည်ဆိုရုံဖြင့် အပူပေးစက် ကလေးများသည် အလျှိုလျှိုဆရာတော်ကြီး အခန်းတွင်းသို့ ရောက်ရှိလာပါသည်။ ထိုအခါက ဤစက်မျိုး အလွန်ရှားပါ

တဖန်ဆရာတော်ကြီးသည် အိပ်ယာထက်ဝယ် လဲလျောင်း၍ နေရပါသဖြင့် အပူနာဖြစ်ရန် အကြောင်းရှိလာပြန်ပါသည်။ ထိုအပူနာကိုကာကွယ်ရန် ဆေးပစ္စည်းသုံးမျိုးအလိုရှိရာ၊ မန္တလေး ရန်ကုန်သို့ အကြောင်းကြားစာပို့၏။ ထိုစာကို အကျိုးတော်ဆောင် ဦးမောင်မောင်ကြီးက သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်အေးအားပြရာ၊ ဒုဝန်ကြီးက သက်ဆိုင်ရာဌာနများသို့ ဖုံးဆက်ပြီး ရှာဖွေပါသည်။ ဒုဗိုလ်မှူးကြီးရဲသွေးကလည်း ရှာဖွေပေးပါသည်။ စာရင်းတွင်ပါသောအခင်းတမျိုးမှာ ရှာမရဖြစ်နေရာ ဆီးနှင့် ကျောက်ကပ်ဌာနမှာရှိနိုင်သည်ဟု စာရေးပေးသဖြင့် ဦးမောင်မောင်ကြီး သွားရောက်ရာ ဆရာဝန်ကြီး ဦးသန်းအေးမှာ ခွဲစိတ်ခန်း သို့ဝင်နေ၍ တွေ့ခွင့်မရပါ။ သတင်းသာပို့ထားရပါသည်။ သတင်းရလျှင်ပင် ဆရာဝန်ကြီးဦးသန်းအေးသည် ခွဲစိတ်ခန်းမှ အဝတ်အစားပင် မလဲနိုင်ပဲထွက်လာပြီး ကိုယ်တိုင်လိုက်ရှာပေးရာ စတိုခန်း တနေရာတွင် ထိုအခင်းတခုကို တွေ့ရှိ၍ ပေးလိုက်ပါသည်။

ဆရာတော်အားဓမ္မပူဇာဖြင့်ပူဇော်ကြပြီ

မိုးမိတ်ကုန်းမြေ၌ သီတင်းသုံးတော်မူကြသော နိကာယဆောင် သံဃာတော်အရှင်မြတ်တို့သည် ဆရာတော်ဘုရားကြီးအား မန္တလေးရွှေဟင်္သာ တိပိဋကကျောင်းတော်မှ ပင့်ဆောင်ပြီးစက အချိန်ကပင် ဆရာတော်ကြီး ကျန်းမာတော်မူပါစေကြောင်းကို ရွယ်စူး၍ ဗောဇျင်သုတ်တော်ကို ဆရာတော်ကြီး ချီးမြှင့်တော်မူသေ ာမူအတိုင်း ရွတ်ဆိုခဲ့ကြပါသည်။ ထို့နောက် ဦးဝိနယ(ဝါးခယ်မ)၊ ဦးသုဇာတ(မြင်းခြံ)နှင့် ဦးဃော သိတတို့က တိုက်ကြပ်ဘုန်းကြီးကို လျှောက်ထားပြီး ဆရာတော်ကြီး၏ အနီးတွင် ညစဉ်ဗောဇျင်သုတ်၊ ရတနသုတ်နှင့် မေတ္တသုတ် ရွတ်ဆိုပူဇော်ကြသည်။ ထို့နောက် (၁၁–၁–၉၂)မှစ၍ ဦးဃောသိတတို့(၃)ပါးကို ပင်တိုင်

http://www.dhammadownload.com





(အထက်) မင်းကွန်းရွာအနောက်ဖက် သက်ကော်ရှည်ဘုရားလေးဆူပုံ။
(အောက်) နဂါးပတ်ကောင်စေတီတော်ပုံ။

http://www.dhammadownload.com



ပုထိုးတော်ကြီး၏
နောင်တော်ကြီးပုံ
(ရွှေချုံ ထီးတော်တင်သည်)



ဖွဲ့ပြင်ဆဲ
သက်တော်ရှည်ဘုရား
အမှတ်(၃)

http://www.dhammadownload.com



ကျွန်းပင်မောင်နှမ
ဘုရားတံတိုင်း
ကာရံပေးတော်
မူခဲ့၏။



ကျွန်းပင်မောင်နှစ်မမှ
မောင်ဖြစ်သူကျား၊နှင့်
နှမဖြစ်သူမြွေတို့အား
အိုးအကာအရံပြုပေး
ကာမူခဲ့၏။

http://www.dhammadownload.com





(အထက်) ဓင်းကွန်းမယ်ကော်ကြီးဘုရား ဓမ္မာရုံဖွင့်ပြင်ထားပုံ။
(အောက်) ဒေါ်မွေစာရီအတိမ်းအမှတ် ဗိဟာန်စာကြည့်တိုက်။

http://www.dhammadownload.com



ထားပြီး မိုးမိတ်မှ အလှည့်ကျ တည(၇)ပါး စုစုပေါင်း သံဃာ(၁၀)ပါးကို တာဝန်မှူးဦးစိုးတင့်က ကားစီစဉ် ပေးပြီး ညစဉ် ပရိတ်၊ပစ္စယနိဒ္ဒေသ စသည်ဆရာတော်ကြီး၏ ဟောတွင် ရွတ်ဖတ်ပူဇော်ကြသည်။(၁၂-၁-၉၂) တွင် ဓမ္မနာဒမှလည်း နာယကဆရာတော်များ ဦးဆောင်ပြီး မေတ္တာသုတ်၊ ဗောဇ္ဈင်သုတ်၊ မဟိဒ္ဓိ ကမ္မဝါများ ရွတ်ဖတ်ပူဇော်ကြပါ သည်။ မဟိဒ္ဓိက မ္မဝါ ရွတ်ဖတ်ရာတွင် တိုက်ကြပ်ဆရာတော်ဦးဇေဝုလ္လာ စာရက ဆရာတော်ကြီးအား လျှောက်ထားရာ ဆရာတော်ကြီးက သဘောကျတော်မူသည့် လက္ခဏာ ဖြင့် ခေါင်းငြိမ့်ပြပါသည်။ သို့ဖြင့် မိုးမိတ် သံဃာများက ၄နာရီမှ ၅နာရီအထိ (၁၀)ပါး၊ ဓမ္မနာဒမှ ညဂနာရီမှ ၈း၃၀နာရီအထိ (၁၂)ပါး ညစဉ်ရွတ်ဖတ်ကာ ဓမ္မပူဇာဖြင့် ပူဇော်ကြပါသည်။

ဗောဇ္ဈင်သုတ်ရွတ်ရာတွင် ဆရာတော်ဘုရားကြီး ချီးမြှင့်ပေးတော်မူသော ဗောဇ္ဈင်သုတ်မူနှင့် ဂိလာနဗောဇ္ဈင်၌ ဆရာတော်ကြီး၏ဘွဲ့တော်ကို ထည့်သွင်းထားသောမူမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

http://www.dhammadownload.com



http://www.dhammadownload.com



နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
သဲသာရေ သဲသရန္တာနံ၊ သဗ္ဗဒုက္ခ ဝိနာသနေ။
သတ္တဓမ္မေစ ဟောဂျင်္ဂေါ်၊ မာရသေနာ ပမဒ္ဒနေ။
ဗုဇ္ဈိတွာ ယေစိ မေ သတ္တာ၊ တိဘဝါ မုတ္တ ကုတ္တမာ။
အဇာတိ မဇရာ ဗျာဓိ၊ အမတံ နိဗ္ဗာယံ ဂတာ။
ဧဝမာဒိ ဂုဏူပေတံ၊ အနေက ဂုဏ သင်္ဂဟံ။
သြသဓွေ ဂ္ဂမံ မန္တံ၊ ဟောဂျင်္ဂဉ္စ ဘဏာမ ဟေ။
ဟောဂျင်္ဂေါ် သတိသခ်ါတော၊ မဂ္ဂာနံ ဝိစယော တထာ။
ဝိရိယံ ပီတိ ပဿဒ္ဓိ၊ ဟောဂျင်္ဂါစ တထာ ပရေ။
သမာဓုပေက္ခာ ဟောဂျင်္ဂါ၊ သတ္တေ တေ သဗ္ဗဒသိနာ။
မုနိနာ သမ္မဒက္ခာတာ၊ ဘာဝိတာ ဗဟုလီကတာ။
သံဝတ္တန္တိ အဘိညာယ၊ နိဗ္ဗာနာယ စ ဟောရိယာ။
ဧတေနသစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

မောဂ္ဂလာနဟောဂျင်

သတ္တိ မေ မောဂ္ဂလာန ဟောဂျင်္ဂါ မယာ သမ္မ ဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

http://www.dhammadownload.com

ကတမေ သတ္တ –

သတိ သမ္မောဈင်္ဂေါ် ခေါ် မောဂ္ဂလာန် မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယ သမ္မောဈင်္ဂေါ် ခေါ် မောဂ္ဂလာန် မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝီရိယ သမ္မောဈင်္ဂေါ် ခေါ် မောဂ္ဂလာန် မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိ သမ္မောဈင်္ဂေါ် ခေါ် မောဂ္ဂလာန် မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိ သမ္မောဈင်္ဂေါ် ခေါ် မောဂ္ဂလာန် မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိ သမ္မောဈင်္ဂေါ် ခေါ် မောဂ္ဂလာန် မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာ သမ္မောဈင်္ဂေါ် ခေါ် မောဂ္ဂလာန် မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ် မောဂ္ဂလာန် သတ္တဗောဈင်္ဂေါ် မယာ သမ္မ ဒက္ခာတာ ဘာဝိတာ ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကဿပ ဗောဈင်္ဂ

သတ္တိ မေ ကဿပ ဗောဈင်္ဂေါ် မယာ သမ္မ ဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ –

သတိ သမ္မောဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယ သမ္မောဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝီရိယ သမ္မောဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိ သမ္မောဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိ သမ္မောဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိ သမ္မောဈင်္ဂေါ် ခေါ် ကဿပ မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော

http://www.dhammadownload.com

အဘိညာယ သမ္မောဓယံ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာ သမ္မောဈင်္ဂေါ ခေါ ကဿပ မယာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တဗောဈင်္ဂါ မယာ သမ္မ ဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ဧကသ္မိံ သမယေ နာထော၊ မောဂ္ဂလာနဉ္စ ကဿပံ။
ဂိလာနေ ဒုက္ခိတေ ဒိသွာ၊ ဗောဈင်္ဂေ သတ္တ ဒေသယိ။
တေစ တံ အဘိနန္ဒိတွာ၊ ရောဂါ မုစ္စိ'သု တခ်ဏေ။
ဧတေန သစ္စဝဇ္ဇေန၊ သောတ္ထိ တေ ဟောတု သဗ္ဗဒါ။

စုန္ဒ ဗောဈင်္ဂ

သတ္တိ မေ ဘန္တေ ဗောဈင်္ဂါ ဘဂဝတာ သမ္မ ဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တန္တိ။

လတမေ သတ္တ –

သတိ သမ္မောဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယ သမ္မောဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝီရိယ သမ္မောဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိ သမ္မောဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိ သမ္မောဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိ သမ္မောဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ ဃမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာ သမ္မောဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ဘန္တေ သတ္တဗောဈင်္ဂါ ဘဂဝတာ သမ္မ ဒက္ခာတော ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္မောဓယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကေဒါ ဓမ္မရာဇာပိ၊ ဂေလညေနာဘိ ပီဠိတော။
စုန္ဒတ္ထေရေန တံ ယော၀၊ ဘဏာပေတွာန သာဒရံ။
သမ္မောဒိတွာန အာဗာဓာ၊ တမှာ ဝုဋ္ဌာသိ ဌာနသော။

http://www.dhammadownload.com

ဇတေန သစ္စဝဒ္ဒေန၊ သောတ္ထိတေ ဟောတု သဗ္ဗဒါ။
ပဟီနာ တေစ အာဗာဓာ၊ တိဏ္ဏန္နမ္ပိ မဟေသိနံ။
မဂ္ဂဟတာ ကိလေသာဝ၊ ပတ္တာနုပ္ပတိ ဓမ္မတံ။
ဇတေန သစ္စဝဒ္ဒေန၊ သောတ္ထိတေ ဟောတု သဗ္ဗဒါ။

ဂိလာန ဟောဖျင်

သတ္တိ မေ (ဘန္တေ အာစရိယ တိပိဋကဓရ မဟာထေရ) ဟောဖျင်ဂါ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေ သတ္တ –

သတိ သမ္ဗောဇ္ဈင်ဂေါ ဓေါ (ဘန္တေ အာစရိယ တိပိဋက မဟာထေရ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဂေါ ဓေါ (ဘန္တေ အာစရိယ တိပိဋက မဟာထေရ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝီရိယ သမ္ဗောဇ္ဈင်ဂေါ ဓေါ (ဘန္တေ အာစရိယ တိပိဋက မဟာထေရ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိ သမ္ဗောဇ္ဈင်ဂေါ ဓေါ (ဘန္တေ အာစရိယ တိပိဋက မဟာထေရ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိ သမ္ဗောဇ္ဈင်ဂေါ ဓေါ (ဘန္တေ အာစရိယ တိပိဋက မဟာထေရ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိ သမ္ဗောဇ္ဈင်ဂေါ ဓေါ (ဘန္တေ အာစရိယ တိပိဋက မဟာထေရ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာ သမ္ဗောဇ္ဈင်ဂေါ ဓေါ (ဘန္တေ အာစရိယ တိပိဋကဓ မဟာထေရ) ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ဓေါ (ဘန္တေ အာစရိယ တိပိဋက မဟာထေရ) ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

အမှာကံ အာစရိယော တိပိဋကမဟာထေရော အဝေရောဟောတု၊ အဗျာပဇ္ဈော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု၊ ဒုက္ခာ မုစ္စတု၊

သဗ္ဗီတိယော ဝိဝဇ္ဇန္တု၊ ဒုသာကော ရောဂေါ ဝိနသ္သတု။
မာ တေ ဘဝန္တ္ဝန္တရာယာ၊ သုခီ ဒီဃာယုကော ဘဝ။
အရောဂေါ သုခီတော ဟောတု၊ သဟသဗ္ဗေဟိ သိဿေဟိ။
သာဓု--သာဓု--သာဓု--။

http://www.dhammadownload.com



ဆက်သွယ်ရေးစက်များလည်းရောက်ရှိ

မင်းကွန်းဓမ္မနာဒကျောင်းတိုက်တွင် နိုင်ငံတော်အကြီးအကဲများ၏ ဆန္ဒအရ ဆေးရုံတစ်ရုံ၏ အင်္ဂါနှင့်အညီဖြစ်အောင် တနည်းအားဖြင့် မန္တလေးဆေးရုံကြီး၏ အစိတ်အပိုင်းအဖြစ် လူအင်အား, ပစ္စည်း, ဆေးဝါး, ဆေးကရိယာမှအစ ပြည့်ပြည့်စုံစုံပေးပို့ထားပါသည်။ နိုင်ငံတော်အကြီးအကဲများမှလည်း ဆရာတော်ဘုရားကြီး ကျန်းမာရေးပြန်လည်ကောင်း မွန်ပါစေကြောင်း ဆုမွန်ကောင်း တောင်းကြသော ကြေးနန်းများပေးပို့သဖြင့် မန္တလေးတိုင်းတိုင်းမှူးကယူလာပြီး ဆရာတော်ဘုရားကြီးအားဖတ်ကြား လျှောက်ထားပေးပါသည်။

ဤသို့အဖက်ဖက်မှ ဂရုစိုက်နေကြသော်လည်း ဓမ္မနာဒနှင့် မင်းကွန်းမှာ တယ်လီဖုန်းမရှိ။ သို့ဖြစ်ပါ၍ နေ့လိုညလို မန္တလေးနှင့်မင်းကွန်း အဆက်အသွယ်ရစေရန်အတွက် ဓမ္မနာဒနှင့် တိ=နိ မန္တလေးဌာနခွဲကို ဆက်သွယ်စက်များ တပ်ဆင်ကြည့်သည်။ ထင်သလောက် မကောင်းပါ။ ထိုဆက်သွယ်ရေးအခက်အခဲရှိနေကြောင်းကို စစ်ကိုင်းမြို့ရှိ တပ်မ(၃၃) တပ်မမှူး ဗိုလ်မှူးကြီးတင်ထွတ်က ကြားသိရာ ဗျူဟာမှူး ဒုဗိုလ်မှူးကြီးတင်အေး ဦးဆောင်သော ဗိုလ်မှူးအေးကျော်နှင့်အတူ ရဲဘော်(၂၀)ခန့် ဝါယာလက်စက်(၂)လုံးပါသော အဖွဲကိုစေလွှတ်ပြီး မင်းကွန်းဓမ္မနာဒ၌ ဆက်သွယ်ရေးတာဝန်များ ထမ်းဆောင်စေပါသည်။ ထိုတာဝန်ကျ ပုဂ္ဂိုလ်များသည် ဆက်သွယ်ရေးတာဝန်သာမက ဗျူဟာမှူးကိုယ်တိုင် ဆရာတော်ဘုရား ဆေးကုသရာမှာလည်း ပါဝင်ဆောင်ရွက်ပေးသည်။ အချက်အပြုတ်နေရာမှာလည်း ကူညီသည်။ သန့်ရှင်းရေးလည်း လုပ်ပေးကြသည်။

ဘုန်းကြီးအတွက် မလုပ်ကြပါနဲ့တော့

ဆရာတော်ဘုရားကြီးသည် မိမိအတွက် တပါးသူ ပင်ပန်းမှာ တာဝန်ရှိမှာ အလွန်စိုးရိမ်တော်မူပါသည်။ မိမိအားပြုစုနေသော ဆရာဝန်ကလေးများ

http://www.dhammadownload.com



ကို ရံခါစကားစပ်ရင်း "ဒီမှာနေရတာမပျင်းဘူးလား"၊ ဘုန်းကြီးလဲ နေကောင်းနေတယ်" စသည်ဖြင့် မင်းကွန်းသို့အိမ်ပြစ်အိုးပြစ် လာရောက်နေကြရသည့် အတွက် အလွန်စိတ်မကောင်းဖြစ်ကာ အပြန်ခိုင်း တတ်ပါသည်။

သမားတော်ကြီးများအားလည်း "ဘုန်းကြီး အတွက်ဆရာတို့ ပင်ပန်းနေကြပြီ"ဟု မိန့်တော်မူ တတ်ပါသည်။ တခါသော် သမားတော်ကြီးများက ဆရာတော်ကြီး အာဟာရဘဉ်းပေးခြင်း နည်းပါးမှု စပ်၍ လျှောက်ထားရာ ဆရာတော်ကြီးက အောက်ပါ အတိုင်း သြဝါဒ ချီးမြှင့်တော်မူပါသည်။

"အရွယ်ကိုးဆယ် ဆယ်ပိုင်းစီအပိုင်းအခြား ရှိတယ်။ ခု ဘုန်းကြီးရောက်နေတဲ့အရွယ်က မောမူဟ ဒသကမှာ-ဒီတော့ တွေဝေမေ့လျော့တဲ့အပိုင်း ဖြစ်နေပြီ။ ဒီအရွယ်ပြီးရင်တော့ သေယဒသက သေဖို့သာ အိပ်ရာထက် ပက်လက်ဖြစ်နေရတဲ့အချိန်ပေါ့။

ဒါကြောင့် ဘုန်းကြီးအတွက် စိုးရိမ်ကြောင့် ကြများပြီး သိပ္ပံအမြင်, သိပ္ပံအစွမ်းများဖြင့် ဖွတ်မလုပ်ကြဖို့တားပါတယ်။ သိပ္ပံအမြင်ကို လက်ခံသော်လည်း အဘိဓမ္မာအမြင်နှင့် ယှဉ်ကြည့်ပါက အဘိဓမ္မာဘက်ကို ဘုန်းကြီးလိုက်ရမှာပါ။ ဆရာကြီးတို့နဲ့ ဘုန်းကြီး ဆန့်ကျင်ဘက်ဖြစ်ရတာ ဘုန်းကြီးကို အမြင်ကတ် စရာဖြစ်နေတတ်တယ်။ ခေါင်းမာတယ် လက်ပေါက် ကပ်တယ် ထင်မှာစိုးလို့ ဘုန်းကြီးစိတ်နဲ့ ဘုန်းကြီး ကိုယ် ပြောခြင်းတာမဟုတ်ဘဲ အဘိဓမ္မာအမြင်အရ ပြောတာကို နားလည်ကြပါ"

ထို့နောက် သမားတော်ကြီးများက ဆရာ တော်ကြီးကို ပြန်လျှောက်ရာတွင် –

ဆရာတော်ဘုရားက သိပ္ပံအမြင်နဲ့ အဘိဓမ္မာ အမြင်နှစ်ရပ်မှာ အဘိဓမ္မာဘက် လိုက်ရမယ်လို့ ဆရာတော်ဘုရား အမိန့်ရှိတာကို တပည့်တော်တို့ ဘက်ကလည်း လျှောက်ပါရစေ။ ဆရာတော်ဘုရား စိတ်ဆင်းရဲစေရန် တပည့်တော်တို့ လျှောက်ထားခြင်း မဟုတ်ပါ။ ဆရာတော်ဘုရား တစ်ရက် အသက်ရှည်

http://www.dhammadownload.com

ခြင်းသည် တပည့်တော်တို့အတွက် တစ်သက်အသက်ရှင်ခြင်းမက ကျေးဇူးများလှသဖြင့် ဆေးပညာအရ ကုသ၍ရသောရောဂါဖြစ်သဖြင့် တပည့်တော်တို့အား အမှားပါပါက မေတ္တာထား၍ ခွင့်လွှတ်တော်မူပါ'

ဟုလျှောက်ထားကြရာ ဆရာတော်ကြီးက အတော်ကြာစဉ်းစားပြီးလျှင်–

"ခန္ဓာကိုယ်မှာ မိုတင်းနေတဲ့ ပိုးတွေ သေစေမည့်ဆေးမျိုးဆိုရင် ဆရာတော် လက်မခံပါ"ဟု မိန့်ကြားတော်မူပါသေးသည်။

တိ=နိအဖွဲ့ဝင်များ အလှည်ကျတာဝန်ယူကြပြီး

ဆရာတော်၏ ကျန်းမာရေးသတင်းကို ကြားသိသော အနယ်နယ်အရပ်ရပ်မှ တပည့်ဒကာဒကာမတို့လည်း ဓမ္မနာဒကျောင်းသို့ နေ့စဉ်နှင့်အမျှ အများအပြားပင် လာရောက်ပူဇော် ကန်တော့ကြပါသည်။

အချို့မှာ ရပ်ဝေးမှလာရ၍ ညဉ့်အိပ်ညဉ့်နေလာရောက်ကြရာ၊ ဆရာတော်ကြီးထက် အသက်တန့်စ်ကြီးသည့် အသက်(၈၁)နှစ်ရှိ မန္တလေးဌာနခွဲဥက္ကဋ္ဌ အမေညွန့်မှဦးမျိုးညွန့်၊ ဦးပါ၊ ဦးလှိုင်ကြည်၊ ဒေါ်တင်ဦး စသော အဖွဲ့ဝင်များ အကူအညီဖြင့် နေ့စဉ်လာသမျှ ရဟန်းရှင်လူ ပရိသတ် (၁၅၀–၂၀၀)ခန့်ကို ချက်ပြုတ်ကျွေးမွေးနေကြပါသည်။

ရုန်ကုန်မှ တိ=နိအဖွဲ့ဝင်များကလည်း အမှုဆောင်လူကြီး (၂)ဦး၊ သုဘဒ္ဒါအမျိုးသမီးဥပါသကီ(၂)ဦးတို့ကို အလှည့်နှင့် ပို့ထားပါသည်။ ရုန်ကုန်မှ အမှုဆောင်(၂)ဦးရောက်မှ မင်းကွန်းမှ(၂)ဦးက ပြန်ရပါသည်။ အမှုဆောင်များသည် ဆရာတော်ဘုရားကြီးအား ပြုစုရင်း ဧည့်သည်များဧည့်ခံခြင်း ဝေယျာဝစ္စဆောင်ရွက်ခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

သမားတော်ကြီး ဦးခင်မောင်ဆွေ စစ်ဆေးကြည့်ရှုကုသနေပုံ။



http://www.dhammadownload.com

အံ့သြဘွယ်နေ့တနေ့

၁၃၅၄-ခု၊ ပြာသိုလဆန်း (၁၄)ရက် (၆-၁-၉၄) ဗုဒ္ဓဟူးနေ့။

ထိုနေ့ နံနက်တွင် ဆရာတော်ကြီးနေလို့ကောင်းသည့်အတွက် တွန်းလှည်းနှင့် အပြင်ဘက်တွင် နေဆာလှဲတော်မူပါသည်။ ထိုနေ့က မြန်မာ့ရုပ်မြင်သံကြားမှ ဆရာတော်ကြီး ဆေးလှူခံယူတော်မူကြောင်း အသံလွှင့်သော နေ့လည်းဖြစ်ပါသည်။

နံနက်(၉း၃၀)နာရီအချိန် ဆရာကြီးဦးထွန်းသင် စမ်းသပ်ကြည့်ရှုရာ ဘာမျှထူးခြားမှု မရှိပဲ၊ ပုံမှန်အနေအထားအတိုင်း ရှိနေပါသည်။ သီတင်းသုံးတော်မူရာ အခန်းတွင်းသို့ ရောက်ရှိသောအခါ ဆရာတော်ကြီးမော၍ အသက်ရှူကြပ်သလို ဖြစ်လာပါသည်။ အခြားနေ့များတွင်လည်း ဤသို့ခွဲထား,လေ့ရှိ၍ သူနာပြုများအနေဖြင့် ပြုစုနေကြအတိုင်း ပြုစုကြပါသည်။

နေ့ ၁၂နာရီ ၂၀ခန့်တွင် ဆရာတော်ကြီး အသက်ရှူမရပဲဖြစ်နေကြောင်း ဆရာတော်ကြီးအနီးရှိ ဦးနန္ဒိယက အကြောင်းကြားသဖြင့် သူနာပြုကိုဇော်ဝင်းသွားကြည့်ရာ ခွဲကြပ်သောအသံမျိုးဖြင့် လေပြွန်ဝတွင် တစုံတခု ပိတ်ဆို့နေကြောင်း တွေ့ရလေသည်။ ကြည့်လိုက်သည့်အခါ လည်ချောင်းထဲ၌ သွေးခဲများ တစ်ဆို့နေ၏။ အဘ(ဆရာကြီးဦးထွန်းသင်)ကိုပြေး၍ ခေါ်ကြ၏။ ဆရာကြီးကလည်း ချက်ချင်းကုပါသည်။ သွေးခဲများကို ညှပ်ဖြင့်ဆွဲထုတ်ပါသည်။ အစိတ်အပိုင်းလိုက်ထွက်လာ၏။ ဆရာကြီးဦးထွန်းသင် စိုးရိမ်စပြုလာပါသည်။

သို့နှင့် မန္တလေးဆေးရုံသို့ ချက်ချင်းအကြောင်းကြားပါသည်။ အိုဆွေး(၂)လုံးနှင့် ဆေးများယူလာရန်မှာရပါသည်။ တာဝန်မှူးဦးစိုးတင့်ကလည်း မိုးမိတ်ကုန်းမြေသို့ အမြန်ပြန်ကာ "ဆရာတော်ကြီး

နှာခေါင်းမှသွေးယိုတော်မူပြီးနောက် ဖူးတွေ့ရပုံ။



http://www.dhammadownload.com

အတွက် အိုအမျိုးအစားသွေး အရေးတကြီးလိုနေလို့ အိုသွေးရှိသော သံဃာတော်များအဖွဲ့ ရုံးအရှေ့ကား ပေါ်သို့ ကြွကြပါ"ဟု အသံခွဲ့စက်ဖြင့်ပင့်၏။ သံဃာတော်များ ဓမ္မနာဒသို့ ကားဖြင့်အမြန်သွားကြ၏။ တပ်မ(၃၃)မှ တပ်မတော်သားများလည်း သွေးဆက်ရန် ရောက်လာကြ၏။

နေ့ ၁ နာရီ ၃၀ မိနစ်။ အထက်သွေး ၆၀၊ အောက်သွေး ၃၀။ ဆရာတော်ကြီးသည် တချက်မျှ မငြီး၊ မျက်လုံးကလေးဖွင့်၍ သတိမလစ် ဝေဒနာကို သည်းခံနေရှာသည်။

နေ့ ၂ နာရီ။အထက်သွေး ၆၀၊ အောက်သွေး သုည။ သွေးကားမတိတ်၊ ထုတ်လို့မကုန်နိုင်။ ဆရာတော်ကြီးသည် ငြီးငြူခြင်းမပြု၊ သတိမလစ်၊ မျက်လုံးကလေးဖွင့်လျက် သည်းခံနေရှာသည်။ "သုံးနာရီခွဲမှ သွေးမသွင်းနိုင်ရင် မလွယ်တော့ဘူး"ဟု ဦးထွန်းသင်မှ ပြောလိုက်သောအခါ ဓမ္မနာဒနှင့် မိုးမိတ်မှ တပည့်သံဃာများ မျက်စိပျက် မျက်နှာပျက် ဖြစ်ကုန်ကြသည်။ မှိုင်းသူမှိုင်၊ ငိုင်သူငိုင်၊ ရှင်မှ ရှင်ပါတော့မလားဟု သဲတထိတ်ထိတ်၊ ရင်တဖိုဖို။

ယခင်ကဆိုလျှင် ၁ နာရီမှ ၁ ကြိမ် အစီရင်ခံရသော ဆက်သွယ်ရေးစက်များမှာ ယခုတော့ စက္ကန့်မလပ် မိနစ်မလပ် (မင်းကွန်းဆရာတော်ကြီး သွေးအန်သွေးအန်၊ စိုးရိမ်ရ စိုးရိမ်ရ၊ အရေးကြီး အရေးကြီး) ဟူသော ဆက်သွယ်သံများသာ ဆူညံ နေတော့သည်။ ဝမ်းသာစရာ မျှော်လင့်ချက် စကားလေး တစ်ခုမှပင် မပါခဲ့။

ညနေ ၃ နာရီ။အထက်သွေး ၆၀၊ အောက်သွေးသုည။ ဆရာတော်ကြီးကား မငြီးမငြူ သတိမလစ်၊ မျက်လုံးများဖွင့်ကာ ဝေဒနာကို သည်းခံလျက်။

ညနေ ၃နာရီ ၁၀မိနစ်။ သွေးကားယိုထွက်ဆဲ။ ဆရာဝန်ကြီး ဦးနော်မန်လှနှင့် ခုနစ်ဦးအဖွဲ့

ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော် ကြည့်ရှုစစ်ဆေးကုသနေပုံ။



http://www.dhammadownload.com

ဓာတ်မှန်ရိုက်စက်တွေ၊ ပစ္စည်းကိရိယာတွေ အစုံအလင်ဖြင့် ကားတွေ တဝီဝီ စက်ကုန်ဖွင့်၍ ဝင်လာသည်။ သမားတော်ကြီး ဦးထွန်းသင်က ဧည့်ကားရင်းမှ ကြိုဆိုသည်။ ဆရာတော်ကြီးအား ဂါဝရပြု၍ စစ်ဆေးကြသည်။ သွေးပေါင်ချိန်ကြည့်သည်။ အထက်သွေး ၆၀၊ အောက်သွေး သုည၊ သွေးလှူမည့်သူများထံမှ သွေးထုတ်သည်။

ညနေ ၃ နာရီ ၂၅ မိနစ်။ သွေးစသွင်းသည်။ ခြေထောက်မှစ၍ သွင်းပါသည်။ သမားတော်ကြီးများ ခေါင်းချင်းဆိုင် တိုင်ပင်ကြသည်။ အစာအိမ်သွေးကြော ပေါက်တာလား၊ အဆုတ်သွေးကြော ပေါက်တာလား မဆုံးဖြတ်နိုင်အောင် ရှိကြသည်။ သွေးပေါင်ကား တက်မလာ။ အထက်သွေး ၆၀၊ အောက်သွေး သုည။

ညနေ ၄ နာရီထိုးကာနီးအထိ အထက်သွေး ၆၀၊ အောက်သွေး သုညပင်။ သွေးသွင်းပါလျက် သွေး ပေါင်တက်မလာသည်ကို အထူးစိုးရိမ်သွားကြသည်။ သွေးကား ယိုထွက်ဆဲ။ ဆရာတော်ကား မငြိမ်မငြူ သတိမလစ်၊ ဝေဒနာကို သည်းခံလျက်ပင်။

ညနေ ၄ နာရီ။ သွေးပေါင်တက်လာသည်။ အထက်သွေး ၆၀၊ အောက်သွေး ၃၀။ အားလုံးဝမ်းသာသွားသည်။

ညနေ ၄ နာရီ ၁၅ မိနစ်။ ဓာတ်မှန်များရိုက်၍ စစ်ကိုင်း သိတဂူဆေးရုံသို့ ဓာတ်မှန်ဆေးရန် အမြန်သွားသည်။

ညနေ ၄ နာရီ ၂၅ မိနစ်။ နမခ တိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်ဆွေ၊ အမှတ် ၃၃ တပ်မမှူး ဗိုလ်မှူးကြီး တင်ထွတ်တို့နှင့် အရာရှိ အရာခံ အကြပ်တပ်သားများ စစ်ကားတွေ တသီကြီးဖြင့် တဝေါဝေါ ဆိုက်ရောက်လာသည်။ တိုင်းဘောလုံးဖွင့်ပွဲမှ ဒရောသောပါး လာခဲ့ကြခြင်းဖြစ်သည်။ အတူပါလာသော ဗြိဒိယိုအဖွဲ့မှ မှတ်တမ်းတင် ရိုက်ကူးသည်။ ဗိုလ်မှူးချုပ် လှမြင့်ဆွေသည် သွေးစုတ် ထုတ်နေသူများအား

သမားတော်ကြီးများ ဓါတ်မှန်ချပ်လေ့လာနေကြပုံ။



http://www.dhammadownload.com

"ဘယ်နယ်လဲ ရှေ့ဆက် ဘယ်လိုလုပ်ကြမလဲ"ဟု မေးသည်။ ဆရာဝန်ကြီး ဦးထွန်းသင်နားသွား၍-

"ဆရာကြီး ရှေ့ဆက် ဘယ်လိုလုပ်မလဲ"

"သွေးထွက်ရပ်မှ လုပ်ရမှာဘဲ၊ ခုတော့ ဘယ်လိုမှလုပ်လို့မရဘူး"

"ဒါနဲ့ မနက်ကတော့ ကောင်းတယ်ဆို"

"ဟုတ်ပါတယ်၊ မနက်ကတော့ ကောင်းပါတယ်" ဟု မေးဖြေနေကြသည်။

"အရိပ်အခြေလေးမှ မပြဘူးလား"

"မပြဘူး၊ တန်းပြီး သွေးအန်တာပါဘဲ"

ညနေ ၅ နာရီ။ လပခ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သန်း၊ ဆေးတပ်ရင်းမှူး ဗိုလ်မှူးကြီး အောင်နိုင်တို့အဖွဲ့ ရေလမ်းခရီးမှ ရောက်လာသည်။ ဆရာတော်ကြီးအား ဂါရဝပြု၍ ဦးထွန်းသင် အား အကျိုးအကြောင်းမေးသည်။ ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော်အား လိုက်လာခဲ့ရန် မှာကြားခဲ့ကြောင်းပါ တိုင်းမှူးမှ ပြောပြသည်။ အတူပါလာသော ဗွီဒီယိုအဖွဲ့က မှတ်တမ်းတင် ရိုက်ကူးသည်။ ညနေ ၅ နာရီ ၂၀ မိနစ်၌ ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော် ရောက်လာသည်။

ဆေးတပ်ရင်းမှူး ဗိုလ်မှူးကြီး အောင်နိုင်သည် သွေးတိတ်သည်ကို မကျေနပ်။ ဆရာတော်ကြီးအား ခွင့်လွှတ်ပါမည့်အကြောင်း ရှိသေစွာ လျှောက်ထား၍ အမျိုးမျိုးအဖုံဖုံ ကြည့်ရှု စစ်ဆေးသည်။ အာခေါင်ကို ဝါးဂွမ်းဖြင့် ပိတ်ဆို့ကြည့်သည်။ သွေးကား ထွက်မြဲ။ တဖန် အာခေါင်အနီးမှ အတွင်းနာဝကို ပိတ်ဆို့ကြည့်ရာ နာခေါင်းမှ သွေးများ ဒလဟော ယိုစီးလာသည်။ ဤနည်းဖြင့် အကြိမ်ကြိမ် စမ်းသပ်ကြည့်သည်တွင် နာခေါင်းမှ သွေးယိုထွက်ကြောင်း သိသာသွားသည်။ တိုင်ပင်နေကြသော သမားတော်ကြီးများထံ အမြန်သွား၍ အကျိုးအကြောင်း ပြောပြ

သမားတော်ကြီးများ ဆွေးနွေးနှီးနှောနေကြပုံ။



http://www.dhammadownload.com

သည်။ မန္တလေးမှ နာ နာခေါင်း လည်ချောင်း အထူးကု ဆရာဝန်ကြီး ဦးခင်မောင်ဆွေအား အမြန် လာရောက်ရန် ဆက်သွယ်ရေးစက်ဖြင့် အကြောင်း ကြားခေါ်သည်။

ညနေစောင်း ၆ နာရီ ၃၀ မိနစ်။ သွေးပေါင် အတော်တက်လာသည်။ အထက်သွေး ၁၀၀၊ အောက် သွေး ၆၀။ သွေးကား ထွက်ဆဲပင်။ ဆရာတော်ကြီး သည် သတိမလစ် မျက်လုံးလေးဖွင့်ကာ ဝေဒနာ သည်းခံလျက်။

ည ၈ နာရီ ၄၀ မိနစ်။ ဆရာဝန်ကြီး ဦးခင်မောင်ဆွေနှင့်အဖွဲ့ ပစ္စည်းကိရိယာ အစုံအလင် ဖြင့် ရောက်ရှိလာသည်။ ရောက်ရောက်ခြင်းပင် ကြည့်ရှုစစ်ဆေးကာ သူ့အနေဖြင့် လက်ျာဘက် နာခေါင်းမှ သွေးယိုထွက်သည် ထင်ကြောင်း ဗိုလ်မှူးကြီး အောင်နိုင်အား ပြောပြလျက် "ဆရာတော်ဘုရား ခဏသည်းခံတော်မူပါဘုရား" ဟု လျှောက်ထားပြီး လက်ဝဲဘက်နာခေါင်းထဲသို့ ၆ လက်မခန့် အရှည်ရှိ ပွမ်းတောင့်များထည့်သည်။ လက်ျာဘက်နာခေါင်း ထဲသို့ ဘော့(လ်)ပင် အရွယ် ၁ပေခွဲခန့် အရှည်ရှိ ရာဘာပိုက်ထည့်သည်။ နောက်ပိုက်တစ်ဝက်ခန့်ကို ပါးစပ်မှဆွဲထုတ်သည်။ တဖန် နာခေါင်းမှ ပြန်ဆွဲ သည်။ ဘေးလူအဖြေင့် မြင်ရသည်မှာ မသက်သာ၊ နာလိုက်မည်ဖြစ်ခြင်း၊ ခံရခက်လိုက်မည်ဖြစ်ခြင်း၊ သို့သော် ဆရာတော်ကြီးသည် ဟင်း ဟင်း ဟင်း ဟင်းဟု သုံးလေးချက်သာ ငြီးငြူသည်။ သွေးယိုထွက် ကတည်းက ဤတစ်ကြိမ်သာ ညည်းသေးသည်။

ည ၉ နာရီ ၁၀ မိနစ်။ ဆရာဝန်ကြီး ဦးခင်မောင်ဆွေ၏ ကျွမ်း ကျင်စွာ ပိတ်ဆို့နိုင်မှုကြောင့် သွေးလုံးဝတိတ်သွား သည်။ တပည့်သံဃာတော်များ၊ သမားတော်ကြီး များ၊ တိုင်းမှူးများ၊ ဗိုလ်မှူးကြီးများမှာ ယခုမှပင် သက်ပြင်းချနိုင်တော့သည်။ ဝမ်းသာ၍ မဆုံးနိုင်ကြ တော့၊ အပြိုးကိုယ်စီနှင့်။



ဆရာကြီး ဦးသာလှကြည့်ရှုစစ်ဆေးကုသနေပုံ။

http://www.dhammadownload.com

နေ့လည် ၁၂ နာရီ ၁၅ မိနစ်မှ ည ၉ နာရီ ၁၀ မိနစ်အထိ ၉ နာရီတိုင်တိုင် ကြီးမားစွာ ဝေဒနာခံစားခဲ့ရသဖြင့် ပင်ပန်းလှပြီဖြစ်သော ဆရာတော်ကြီးသည် နှစ်နှစ်ခြိုက်ခြိုက် ကျိန်းစက်၍ သွားပါတော့သည်။

ဆရာတော်ကြီး နာခေါင်းမှ သွေးယိုခြင်းသည် နည်းနည်းနောနော မဟုတ်ပါ၊ ထွေးခံခုနစ်လုံးနှင့် သွေးနှင့် ဝါဂွမ်း ရောလျက် ဇလုံကြီးနှစ်လုံး ရှိပါသည်။ မြင်ရသူတိုင်း ကြက်သီးထ၍ အံသဲတယားယား ဖြစ်ကြရသည်။ ခွဲစိတ်စက်ကလေးမှာလည်း ၉ နာရီလုံးလုံး မောင်းနှင်ခဲ့ရသောကြောင့် ပူရှိန်းနေသည်။ဆရာတော်ကြီး၏ ပါးစပ်အား လက်မလက်ညှိုးတို့ကို ကား၍ ဖြဲထားပြီး လက်ခလယ်ဖြင့် လျှာကို မထိခိုက်မိအောင် ဖိထားရသော ကိုဇော်ဝင်းမှာ လက်အံသေ၍ ကိုက်နေတော့သည်။ ထိုသို့ ၁၂ နာရီ ၁၅ မိနစ်မှ ည ၉နာရီ ၁၀ မိနစ် အထိ ၉ နာရီတိုင်တိုင် ပါးစပ်ကို ဖြဲထားခြင်းခံရ၍ မခံမရပ်နိုင်လောက်အောင် သွေးယိုထွက်ခြင်း၊ ဝေဒနာကို ခံစားရသော်လည်း သတိမလစ် မျက်လုံးကလေး ဖွင့်ထားလျက် မငြိမ်မငြူ ဝေဒနာကို သည်းခံနေနိုင်သည့် ဆရာတော်ကြီးအား အားလုံးကပင် တအံ့တသြ ဖြစ်ကြရသည်။ သာမန်ပုဂ္ဂိုလ်တော့ မဟုတ်တန်ရာဟု ထင်မှတ်သွားခဲ့ကြသည်။

ထို့ထက် သမားတော်ကြီးများကမူ – သာမန်လူများ သွေးပေါင်ချိန်အောက်သွေး ၃၀ ရှိက သတိလစ်ပါလျက် ဆရာတော်ကြီးကား သတိမလစ်ခဲ့။ သာမန်လူများ အောက်သွေး သုညရှိက သေရမည်သာ ဖြစ်သည်။ ဆရာတော်ကြီးမှာမူ နေ့ ၂ နာရီမှ ညနေ ၄ နာရီအထိ ၂-နာရီတိုင်တိုင် အောက်သွေး သုည ဖြစ်နေခဲ့ပါလျက် ပျံလွန်တော်မမူခဲ့။ ယင်းဖြစ်ရပ်အား အထူးပင်အံ့သြခြင်း ဖြစ်ခဲ့ကြရသည်။



http://www.dhammadownload.com



သမားတော်ကြီးများ တိုင်ပင်ညှိနှိုင်းနေကြပုံ။

ည ၉ နာရီ ၄၃ မိနစ်၌ တိုင်းမှူးများ၊ သမားတော်ကြီးများသည် ဆရာတော်ကြီးအား ကန်တော့၍ ဦးထွန်းသင်အား နှုတ်ဆက်ကာ ဝမ်းမြောက်ဝမ်းသာ ပြန်သွားကြတော့သည်။ သမားတော်ကြီးများနှင့် တပ်မတော် ပူးပေါင်း၍ မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီးအား သွေးခုနစ်ပုလင်း သွင်းကာ မရဏ လက်တွင်း မှ ကယ်တင်ခဲ့ကြသော မင်းကွန်းတိပိဋကဓရ ဆရာတော်ကြီး၏ အုံသြဘွယ် ဝေဒနာကို ရှုမှတ် သည်းခံနိုင်သော ၁၃၅၄ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက် (၆-၁-၉၃)နေ့ ဗုဒ္ဓဟူး နေ့ကိုကား သမိုင်းဝင် နေ့တစ်နေ့အဖြစ် မှတ်တမ်းတင် အပ်ပါတော့သတည်း။ ။

ကုသမှုဟူသမျှ လိုက်လျောတော်မူခြင်း

ဆရာတော်ဘုရားကြီးသည် ဆေးကုသမှုကို ခံယူတော်မူနေသည်ဖြစ်သော်လည်း ရံခါလက်မခံလိုသော အမူအယာဖြစ်စေ၊ နိမိတ်စကားဖြစ်စေ ပြတော်မူခဲ့ပါသော်လည်း၊ ထိုသွေးယိုပြီးချိန်မှစ၍ ကုသမှုမှန်သမျှကို မတုန်မလှုပ် ခံယူတော်မူပါသည်။ ထို့ပြင် ဆရာတော်ကြီးသည် မျက်စိတော်မှိတ်ကာ ဆိတ်ဆိတ် သာစံနေတော်မူပါတော့သည်။ မျက်စိဖွင့်ကြည့်ခဲ့ပါသည်။ အသိကားရှိနေသည်။ သို့သော် အသိစိတ်ရှိနေပါသော်လည်း ဘာမျှမဆိုတော့ပဲ ငြိမ်သက်ကာ တရားဘာဝနာ ရှုပွားနေသကဲ့သို့ နေတော်မူပါသည်။ ရံခါ ညသန်းခေါင် လူခြေတိတ်ချိန်၌ မျက်လုံးတော်ကြည်ကြည်လင်လင် ဖွင့်တော်မူပြီး တနေရာတည်းသို့ စိုက်ကြည့်နေတော်မူပါသည်။ ဆရာတော်အများဆုံး ကြည့်သည့်နေရာမှာ သူ့မယ်တော်ကြီးဒေါ်ဆင်၏ ခါတ်ပုံပင် ဖြစ်ပါသည်။ နေမကောင်းဖြစ်စ၊ကပင် မယ်တော်ကြီးပုံကို ကုတင်ပေါ်မှ လှမ်းကြည့်လျှင် မြင်နိုင်လောက်သော နေရာ၌ ချိတ်ဆွဲခိုင်းထားခဲ့ပါသည်။

http://www.dhammadownload.com

နေ့တွင် သာသနာရေးဝန်ကြီးနှင့်အတူဦးဇော်ကနှင့် အာရုံကြောမှ သမားတော်ကြီး ဦးတင်ဦးသည် နိုင်ငံ ဆော်အကြီးအကဲများ၏ တာဝန်ပေးချက်အရ (၄)ရက် တိုင်တိုင် ဆရာတော်ကြီးအား စစ်ဆေးကြည့်ရှုပြီး အောက်ပါမှတ်ချက်များကို မှတ်တမ်းတင်ခဲ့ပါသည်။

"မင်းကွန်း ဆရာတော်ဘုရားကြီး၏ ကျန်းမာရေးအခြေအနေကို (၈-၁-၉၃)မှစ၍ (၁၁-၁-၉၃) ရက်နေ့အထိ စစ်ဆေးကြည့်ရှုရာတွင် အောက်ပါအတိုင်း တွေ့ရှိထင်မြင် သုံးသပ်မိပါသည်။

မင်းကွန်းဆရာတော်ဘုရားကြီးသည်-

(၁) PARKINSONISM ဟုခေါ်သော လေငန်းရောဂါ၊ (၂) MOTOR NEURONE DISEASE ဟုခေါ်သော အာရုံကြောထိခိုက်၍ ကြွက်သားများ တဖြည်းဖြည်း ကြုံလိုအားပျော့ တောင့်တင်းသော ရောဂါနှစ်မျိုးကို အချိန်အတော် ကြာကြာကပင် ခံစားခဲ့လာရဟန်တူပြီး ယခုအခါတွင်

ဆရာတော်ကြီး၏ အသားအရေမှာလည်း တနေ့ထက်တနေ့ ကြည်လင်၍ ဝင်းပလာပါသည်။ ထိုရက်များအတွင်း အစာသွင်းမှုကို မငြင်းဖယ်သဖြင့် ပေါင်ချိန်လည်း တိုးလာပါသည်။ သည်းခံနိုင်မှုမှာလည်း လုပ်ယူသည်မဟုတ်ပဲ ကတိအတိုင်း ငြိမ်ငြိမ်သက်သက် နေနိုင်မှုကပင် သည်းခံနေသည်ဟု ထင်မှတ်မှားစရာ။ အမှန်မှာကား နေ့ညမစဲလာရောက်ကန်တော့နေကြသော တပည့်ရဟန်းရှင် လူပရိသတ်တို့ ဖူးမြော်ဖို့ အခွင့်အရေးပေးနေသကဲ့သို့ ပါတည်း။

ဆရာဝန်ကြီးများ၏ ကြိုးပမ်းမှု

ဤကဲ့သို့ ဆရာတော်မလှုပ်မယှက် ငြိမ်သက်နေတော်မူပါသဖြင့် လှုပ်ရှားမှု အားနည်းနေသောအခါ ဆရာတော်ကြီး၏ ဦးဇော်ကတွင် တစုံတခု ထိခိုက်လေပြီဟု ယူဆကြလေရာ၊ ရှေးဦးပထမ (၉-၁-၉၃)

သမားတော်ကြီး ဦးတင်ဦးကြည့်ရှုစစ်ဆေးကုသနေပုံ။



http://www.dhammadownload.com

ထိုရောဂါနှစ်မျိုးကြောင့် အိပ်ယာမှ ထိုင်ရထရ လှုပ်ရှားစကားပြော အစာမျိုရန် ခက်ခဲနေကြောင်းတွေ့ရှိပါသည်။ယင်းရောဂါနှစ်မျိုးမှာ ယနေ့ထိလုံးဝပျောက်ကင်းအောင် ကူးသရန် ဆေးဝါးများ၊ ကုထုံးများ မပေါ်ပေါက်သေးသော ရောဂါများဖြစ်ပြီး တနေ့တခြား တဖြည်းဖြည်းဆိုးရွားလာတတ်သော ရောဂါများဖြစ်ပါသည်။ ယာယီအခိုက်အတန့်အားဖြင့်သာသိက်သာမှုရအောင် ဆေးဝါးများဖြင့် ခေတ္တထိန်းထားနိုင်မည်ဟု မျှော်လင့်မိပါသည်။ အထက်ပါရောဂါနှစ်မျိုးထက် ပိုမိုအရေးကြီးသော အခြားရောဂါတစ်ခုမှာ (၃) မင်းကွန်းဆရာတော်ဘုရားကြီးသည် လွန်ခဲ့သော (၂)ပတ်ခန့်ကစ၍ ညာဘက်မျက်လုံးတဘက်ပိတ်သွားပြီး၊ မျက်လုံးကိုလည်း အထက်အောက်၊ဘေးဘယ်ညာကို လှုပ်ရှားနိုင်ခြင်း မရှိတော့ကြောင်း တွေ့ရှိရပါသည်။ ယင်းရောဂါ RIGHT SIDED PTOSIS WITH EXTERNAL OPHTHALMOPLECIA DUE TO RIGHT THIRD, FOURTH, AND SIXTH CRANIAL NERVE PALSIES ရောဂါသည် ယခင်(၃)ရက်ခန့်အတွင်းက ဖြစ်ပေါ်စေ နိုင်သောအကြောင်းရင်း(၄)မျိုး-

(က) သွေးကြောပိတ်ဆို့သော ရောဂါ
(VASCULAR THROMBOSIS)

(ခ) သွေးကြော ဖောင်းကြွကျယ်ပြန့်သော ရောဂါ
(ANEURYSM)

(ဂ) ဦးနှောက်အတွင်းရှိ အဖုအကြိတ်အလုံးရောဂါ
(SPACE OCCUPYING LESION OR BRAIN TUMOUR)

(ဃ) ဦးနှောက်အာရုံကြော တဖြည်းဖြည်း ပျက်စီးယိုယွင်းစေသောရောဂါ
(NEURO DEGENERATIV DISEASE)

သာသနာရေးဒုတိယဝန်ကြီး ဦးကျော်အေး၊ ဗိုလ်မှူးကြီးစန်းလွင်၊ သမားတော်ကြီး ဦးခင်မောင်ဆွေတို့ပူးမြော်ကြည့်ရှုနေကြပုံ။



http://www.dhammadownload.com

ဟူ၍ (၄)မျိုးဖြစ်နိုင်သည်ဟု ထင်မြင်ယူဆခဲ့ရာ၊ ယနေ့ နောက်ဆုံး တိုးတက်ဖြစ်ပေါ်မှုများအရ ဦးနှောက်အတွင်း အဖုအကြိတ်အလုံးရောဂါ (SPACE OCCUPYING LESION OR BRAIN TUMOUR) ဖြစ်နိုင်သည်ဟု ထင်မြင်ယူဆမိပါသည်။ ထိုရောဂါသည် ဆရာတော်ဘုရား ကြီး၏ ကျန်းမာရေး အခြေအနေကို လတ်တလော လျင်မြန်စွာ ဆုတ်ယုတ်စေနိုင်ပြီး၊ အသက်အန္တရာယ် ပြုသည်အထိ အချိန်မရွေး ဒုက္ခပေးနိုင်ကြောင်းကိုလည်း တင်ပြအပ်ပါသည်။

ယင်းရောဂါ၏အရင်းစစ်မြစ်ကို အမြန်ဆုံးနှင့် တိတိကျကျ သိရပါမှ ဆက်လက်၍ ထိရောက်သော ကုသမှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ပြီး၊ ယင်းသို့သိရန်မှာလည်း ဆရာတော်ဘုရားကြီးကို သယ်ယူပင့်ဆောင်နိုင်အောင် အခြေအနေပေးသည့် အခါ အမြန်ဆုံး (URGENT CT HEAD SOAN)ကို ရိုက်သင့်ကြောင်း အကြံပြုလိုပါသည်။

အထက်ပါအချက်ကို ကျွန်တော်နှင့်တကွ ဆရာတော်ဘုရားကြီးကို ဝိုင်းဝန်းကြည့်ရှု ကုသပေးနေကြသော ဆေးပညာရှင်များအဖွဲ့မှာ-

(၁) အထူးကုဆရာဝန်ကြီး ဦးသာလှ
(၂) ဆေးရုံအုပ်ကြီး ဦးထွန်းအောင်ကျော်
(၃) ပါမောက္ခ ဦးဖေဝင်း
(၄) ပါမောက္ခ ဦးကိုလေး (မျက်စိ)
(၅) အထူးကုဆရာဝန်ကြီးဦးခင်မောင်ဆွေ (နား၊နှာခေါင်း၊လည်ချောင်း)
(၆) သမားတော်ကြီး ဦးထွန်းသင်
(၇) မန္တလေး၊ အမှတ် (၁) စစ်မြေပြင်ဆေးတပ်ရင်းမှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး အောင်နိုင်၊

အပါအဝင်ပုဂ္ဂိုလ်အားလုံးက တညီတညွတ်တည်း သဘောတူ ထင်မြင်ပါကြောင်းကိုလည်း တင်ပြအပ်ပါသည်။"

ဒုတိယဗိုလ်မှူးကြီးရဲသွေးကြည့်ရှုစစ်ဆေးကုသနေပုံ။



http://www.dhammadownload.com

ထိုအခါက သမားတော်ကြီးဦးတင်ဦး၏ ဆေးစစ်ချက်နှင့်အတူ ဆရာတော်ကြီးအား ရန်ကုန် မင်္ဂလာဒုံ စာဆေးရုံသို့ဖြစ်စေ၊ ပြင်ဦးလွင်ဆေးရုံသို့ ဖြစ်စေ ပင့်ဆောင်ပြီးလျှင် နောက်ဆုံးပေါ်နည်းဖြင့် ဦးဏှောက်ကို ခါတ်မှန်ရိုက်ရန် ကြံစည်ကြိုးစားခဲ့ကြပါသည်။ ဆရာတော်ကြီးကို လေယာဉ်နှင့် ပင့်မည်။ လေယာဉ်ဆင်းနိုင်ရန် အမှတ်(၃၃)မှ စစ်သည်တော်များက ကွင်းရှင်းပေးကြပါသည်။ မန္တလေးတိုင်းတိုင်းမှူးကလည်း တပည့်ဒကာအားလုံးကိုယ်စား ဆရာတော်ကြီးအား ရန်ကုန်သို့ ဆေးကုကြွတော်မူပါဟု လျှောက်ထားခဲ့ပြီးဖြစ်ပါသည်။ ထိုသို့စီစဉ်နေဆဲအတွင်းမှာပင် ရန်ကုန်မြို့မှ သမားတော်ဒုတိယ ဗိုလ်မှူးကြီး ရဲသွေး (၁၅-၁-၉၃)နေ့တွင် ဓမ္မနာဒသို့ ရောက်ရှိလာပြီး ဆရာတော်ကြီးအား သေချာစွာ စမ်းသပ်ကြည့်ပါသည်။ ပြည်ပသို့ပင့်ပြီး ကုဖို့လို့, မလို စမ်းသပ်ရာ မပင့်ကြဘဲ ဓမ္မနာဒမှာပင် ဆက်၍ ကုကြပါဦးဟု သမားတော်ကြီးက မှတ်ချက်ပေးခဲ့ပါသည်။ (၁၉-၁-၉၃)နေ့တွင် တဖန် ဆေးတပ်ရင်းမှူး ဗိုလ်မှူးအောင်နိုင် လာရောက်၍ စစ်ဆေးပါသည်။ သမားတော်ကြီးများသည် ဆရာတော်ဘုရားကြီး ပြန်လည်ကျန်းမာလာရေးအတွက် နည်းမျိုးစုံ ဒေါင့်စုံမှ စေ့စေ့ငင လေ့လာကြပြီး ရနိုင်သမျှ ဖြစ်နိုင်သမျှချိန်ဆခါ ကုသပေးနေကြပါသည်။

၁၉၉၃ ခု၊ ဖေဖော်ဝါရီလဆန်းတွင် နွားထိုးကြီးမြို့နယ် အောင်သာကျေးရွာမှ အသက် (၉၁) နှစ်ရှိ မြန်မာ အကြောပြင် ဆရာကြီး ဦးစံတင်ကို ဆရာတော်ကြီး၏ အာရုံအကြောများ ပွင့်၍ နိုးကြားလာရန် ဆရာကြီး ဦးထွန်းသင်း၏ ခွင့်ပြုချက်ဖြင့် ကုသစေခဲ့ပါသည်။ ဆရာကြီး ဦးစံတင်က (၅)မိနစ်ခန့် စမ်းသပ်ကြည့်ပြီး ကောင်းမွန်ရန် လမ်းစများပါကြောင်း ဖွင့်ဟပြောကြားပါသည်။ ဆရာကြီး ဦးထွန်းသင်ကမူ မည်သူကုကု, ဆရာတော်ကြီး

သမားတော်ကြီးများ ဆွေးနွေးတိုင်ပင်နေကြပုံ။



http://www.dhammadownload.com



http://www.dhammadownload.com

ရောဂါပျောက်ဖို့ အရေးကြီးသည်-ဟု စိတ်ထားခဲ့ပြီး ဖြစ်ပါသည်။ ဖေဖော်ဝါရီလ (၂)ရက်တွင် ဆရာတော်ကြီး မျက်စိ ပြန်ဖွင့်နိုင်လာ၏။ လျှာသိမ်းနိုင်လာ၏။ လက်များ အနည်းငယ် လှုပ်ရှားလာနိုင်ခဲ့ပါ၏။

အတွင်းရေးမှူး (၁) လာရောက်ကန်တော့

၁၉၉၃-ခု၊ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဗိုလ်ချုပ် ခင်ညွန့် (ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်)သည် မင်းကွန်း ဓမ္မနာဒ တိုက် ဗုဒ္ဓဝင်ကျောင်း၌ သိတင်းသုံးနေတော်မူသော တိပိဋကဓရ ဆရာတော်ဘုရားကြီးအား လာရောက် ကန်တော့ကာ၊ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းပါသည်။ အတွင်းရေးမှူး(၁)အား ဆရာတော် ကြီးသည် လက်ဖြန့်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းတော်မူကာ၊ မျက်လုံးဖွင့်၍ စူးစိုက်၍ကြည့် တော်မူပါသည်။

အတွင်းရေးမှူး(၁)သည် ဆရာတော်ဘုရား ကြီးအား ဝတ်ပြုပြီးနောက် သလ္လာဝတီဆေးကျောင်း၌ သမားတော်ကြီးများနှင့် တွေ့ဆုံကာ ဆရာတော် ကြီးအား ရန်ကုန်သို့ဖြစ်စေ၊ ပြည်ပသို့ဖြစ်စေ ပင့်၍ ကုသဖို့လိုလျှင် ကုသပေးမည်အကြောင်းနှင့် လိုအပ် သည်များကို မေးမြန်းကာ ဖြည့်ဆည်းပေးခဲ့ပါသည်။

သမားတော်ကြီး ဦးစောစိုင်းမွန်သာ စစ်ဆေးခြင်း

ထို့နောက် (၈-၂-၉၃) နေ့ နေ့လည် ၂:၄၅ မိနစ်တွင် ဥဏှောက်နှင့်အာရုံကြောဆိုင်ရာ သမားတော်ကြီး ဦးစောစိုင်းမွန်သာလည်း ရောက်ရှိ လာပြီး ဆရာတော်ကြီးအား စစ်ဆေးကြည့်ရှု ကုသ ပေးပါသေးသည်။



http://www.dhammadownload.com

ကျေးဇူးတော်ရှင် မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီး ဘဝနှတ်ထံ ပျံလွန်တော်မူခြင်း

တပို့တွဲလဆုတ် ၃ ရက် (၉-၂-၉၃) နေ့ နံနက်ပိုင်း၌ ဆရာတော်ကြီးအား ဆရာဝန်ကြီးများ စုပေါင်းကာ ကျန်းမာရေး စစ်ဆေးကြည့်ရာ ဆရာတော်ဘုရားကြီး၏ ကျန်းမာရေး အခြေအနေမှာ ပုံမှန်အတိုင်းဖြစ်၍ ဆုတ်ယုတ်မှု တစုံတရာမတွေ့ကြရပေ။ သမားတော်ကြီးများနှင့် အမှုဆောင်များ တိုင်ပင်ဆွေးနွေးကြသည်။ ဆရာတော်ကြီးအား ဤကျောင်းမှ ပင့်ဆောင်နိုင်လောက်သော ကျန်းမာရေး အခြေအနေပေးလာလျှင် ရန်ကုန်သို့ဖြစ်စေ ပင့်ဆောင်၍ကုသရန် တိုင်ပင်ကြပါသည်။ နိုင်ငံတော်အကြီးအကဲများကလည်း လိုအပ်သည်ကို လုပ်ဆောင်ပေးမည်ဟု အားပေးထားသည့်အတွက် သမားတော်ကြီးများအဖို့ ကုသရေးအတွက် အားတက်နေကြသည်။ ဆရာတော်ကြီး၏ ကျန်းမာရေးမှာ မျှော်လင့်ထားသည်ထက် ကောင်းလာရုံမျှမက၊ ကိုယ်အလေးပေါင်ချိန်ပင် တိုးနေသေးရာ ကုသစရာလမ်းစ ရှိသည်ဟု မျှော်လင့်ထားကြပေသည်။ သို့ဖြင့် နံနက်(၁၀)နာရီခန့်အချိန်တွင် သမားတော်ကြီးများ စမ်းသပ်ကြည့်ကြပြီး အတွင်းရေးမှူး(၁)အား တင်ပြရန်အတွက် ကျောင်းတွင်းအလှည့်ကျဆရာဝန် ဦးထွန်းရွှေကို နေရစ်စေပြီး ကျန်သမားတော်ကြီးများနှင့် ဒကာကြီးများက မန္တလေးဘက်သို့ ကူးခဲ့ကြသည်။

ထိုနေ့က ထူးထူးခြားခြားကျောင်းတိုက်အတွင်းမှာလည်း လူသူလေးပါး၊ ကင်းရှင်းကာ ဆိတ်ငြိမ်လျက်ရှိပြီး၊ ဧည့်သည်လည်းအလာနည်းနေ၏။ ရှေ့ပိုင်းရက်များက နေ့စဉ်အချိန်ပြည့် မပြတ်လာရောက်နေသော ဧည့်သည်များ ယနေ့မှာမှ အလာကြနေ၏။ ဆွမ်းစားပြီးချိန်တွင် ကျောင်းတဝင်းလုံး တိတ်ဆိတ်နေ၏။

နေ့လည် ၁၂နာရီခန့်တွင် ဆရာတော်ကြီး ကိုယ်ခပ်နွေးနွေးဖြစ်လာ၍ ကိုယ်အပူချိန်တိုင်းကြည့်ရာ ၁၀၂ ရှိကြောင်းတွေ့ရသည်။ မကြာခဏ ပြန်တိုင်းကြည့်ရာ အဖျားဆက်မတက်ပဲ၊ ၁၀၂မှာသာ တန့်နေကြောင်းတွေ့ရသည်။ ညနေ၃နာရီခန့်တွင် ထပ်၍တိုင်းပြန်ရာ ၁၀၂မှာပင် ရှိနေသေး၏။ သို့ဖြစ်၍ ဦးမဏ္ဍလ (ဗောဓိဝိုင်း)၊ဦးနိမလ (စိန်နားကပ်ကြီး)၊ အထူးသူနာပြုကိုဇော်ဝင်း၊ စစ်သူနာပြု ကိုထွန်းရီတို့သည် ဆရာတော်ကြီး ကုတင်နားမှာပင် ထိုင်၍စောင့်ကြည့်နေကြသည်။

ညနေ ၄ နာရီ အချိန်ခန့်တွင် စိန်နားကပ်ကြီး၊ ကိုဇော်ဝင်း၊ ကိုထွန်းရီတို့ ခွဲစုတ်စက်ဖြင့် သလိပ် စုတ်သည်။ သလိပ်စုတ်ပြီး အမောဖောက်လာသဖြင့် အောက်ဆီဂျင်သွင်းရန်အတွက် အောက်ဆီဂျင်သွင်းရာ၌ အသုံးပြုသောပိုက်ကို ကိုဇော်ဝင်းက လုံအောင် ပြင်သည်။ ကိုထွန်းရီက အောက်ဆီဂျင်သွင်းရာ၌ အသုံးပြုသော ပုလင်းကိုဆေးသည်။ ထိုသို့ပြင်ဆင် နေကြစဉ်မှာပင် ဦးနိမလက ကိုဇော်ဝင်းအား "ကိုဇော်–ကျုပ်ဆရာတော်ကို စိတ်မချဘူး၊ သွားကြည့်လိုက်အုံးမယ်"ဟု ပြောလျက် ဆရာတော်အနားသို့ ပြန်သွားသည်။ ကိုဇော်ဝင်းက စိန်နားကပ်ကြီးအား ပတ်တီး ပလာစတာ ကပ်ကျေး ဂွမ်းများ ယူခဲ့ရန်မှာလိုက်သည်။ ဆရာတော်ကြီးအနားသို့ ဦးနိမလ ရောက်သောအခါ ပတ်တီးစသည်ကို မရှာသေးပဲ ဆရာတော်ကြီး ချွေးစို့နေသဖြင့် ချွေးသုတ်ပေးသည်။ ကုတင်ခြေရင်း၌ ထိုင်နေသော ဦးမဏ္ဍလက "စိန်နားကပ်ရေ၊ ဆရာတော် အသက်ရှူတာ တမျိုးကြီးဘဲ"ဟုပြောရာ၊ "သလိပ်စုတ်ထားတော့ မောတာပေါ့၊ တပည့်တော် အောက်ဆီဂျင်အပြင် ခိုင်းထားပါတယ်"ဟု ဦးနိမလက ပြန်ဖြေသည်။

ထိုအချိန်မှာပင်မိုးမိတ်ကုန်းမြေမှ ဝတ်ရွတ်ရန်အတွက် အလှည့်ကျ နိကာယ်သံဃာတော်များ ရောက်ရှိလာကြကာ ဆရာတော်ကြီးအား လက်အုပ်

http://www.dhammadownload.com

ချီလျက် အနောက်ဖက်မှာ နေရာယူပြီး ပရိတ်စတင် ရွတ်ဖတ်တော်မူကြပါသည်။

ဦးနိမလသည် ကိုဇော်ဝင်းဆီသို့ ကပ်ကျေး သွားပေးပြီး အမြန်ပြန်လာသည်။ ဦးနိမလ ဆရာတော်ကြီးနား ပြန်ရောက်သည်နှင့် ဦးမဏ္ဍလက "စိန်နား ကပ်ရေ ဆရာတော်ကို ပြန်ကြည့်စမ်းပါအုံးကွယ်၊ ခေါင်းလေး စမ်းကြည့်စမ်းပါအုံး၊ ဆံပင်များ ထောင်လာသလား" ဟု ပြောသဖြင့် စမ်းကြည့်ရာ ဘာမှ ထူးခြားမှုမရှိကြောင်း တွေ့ရပြန်သည်။

ဆရာတော်ကြီးကခေါင်းလေးကို ပရိတ်ရွတ်နေသည့် သံဃာများရှိရာ အနောက်ဘက်သို့ စောင်းထားသည်။ ပရိတ်နာနေတော် မူခြင်းဖြစ်ပါသည်။ ဆရာတော်၏မျက်နှာမှာ ခေါင်းအုံးနှင့် လွတ်နေသဖြင့် ဆရာတော် ပင်ပန်းမှာစိုးရကာ ဦးနိမလက ကုတင်ခေါင်းရင်းမှ မျက်နှာသုတ်ပုဝါကို မျက်နှာအောက်တွင် ခုပေးရန် ခေါက်ပြီးကာမှ မခုတော့ဘဲ ယင်းမျက်နှာသုတ်ပုဝါထက် ပို၍ နုသော ကုတင်ခြေရင်းမှ မျက်နှာသုတ်ပုဝါကို ယူပြီး လေးခေါက်ခေါက်ကာ ခုပေးသည်။ ဆရာတော်ကြီးနဖူးတွင် ချွေးများထွက်နေသဖြင့် သုတ်ပေးသည်။ ထိုအချိန်၌ အဖျားကျသွားသည်။

အချိန်ကား ၄ နာရီ ၄၁ မိနစ်။

ဦးနိမလသည် ကိုဇော်ဝင်းမှာထားသော ပတ်တီး၊ ပလာစတာနှင့် ဂွမ်းတို့ကိုယူရန် ဘီဒိုကိုကြည့်နေစဉ်မှာပင် ဆရာတော်ကြီးသည် အသက်ရှူပြင်းလာပြီး အမောဖောက်လာ၏။ ဦးနိမလက ရင်ပတ်ကို အသာစမ်းလိုက်သည့်အခါ ဆရာတော်ကြီး၏ အသက်ရှူပုံမှာ ပုံမှန်လိုဖြစ်နေပြန်၏။ ထိုအချိန်၌ ဦးနိမလသည် စိတ်ထဲဇဝေဇဝေဖြစ်လာကာ ဆရာတော်ကြီး၏ လက်ကို သွေးစမ်းကြည့်ရာ လုံး၀, စမ်းမရတော့ပဲ ဖြစ်နေရာ ဦးနိမလသည် ကိုဇော်ဝင်းထံ အမြန်ပြေး လျက်–"ကိုဇော် ကိုဇော် ဆရာတော့်လက်မှာသွေး စမ်းလို့မရတော့ဘူး" ဟုသုတ်သီးသုတ်ပျာ ပြောသည့်အတွက် ကိုဇော်ဝင်း အမြန်ပြေးလိုက်လာသည်။ လက်ကို သွေးစမ်းကြည့်သည်။ လုံး၀မရ။ နှလုံးကိုစမ်းကြည့်ရာ ခုံနေသေးသည်။ ကိုဇော်ဝင်းက အသက်ကယ်ဆေးကို လက်မောင်းတွင်ထိုးသည်။ တစ်ဝက်သာဝင်သည်။ တင်ပါးကို ထိုးပြန်သည် လုံး၀မရ။ လုံး၀ လက်မခံတော့။ ထိုအချိန်မှာပင် တဖက်ခန်းမှာ ရှိနေကြသော ဗိုလ်မှူးအောင်ဝင်း၊ ဆရာဝန် ဦးထွန်းရွှေ၊ ဦးမျိုးသွယ်၊ ဦးလှထွတ်၊ ဦးတင်မောင်လေး၊ ဦးသီလာစာရတို့ အားချင်းပြေးလာကြသည်။

ပရိတ်ရွတ်နေကြသော သံဃာများသည်လည်း ရတနသုတ်, မေတ္တာသုတ်တို့ကို ရွတ်ဖတ်ပြီးပြီ။ မကျန်းမာလျှင် ရွတ်ဖတ်ရန်အတွက် ဆရာတော်ကြီး နည်းပေး လမ်းပြတော်မူခဲ့သော ဗောဇ္ဈင်သုတ် အကျယ်မှ မောဂ္ဂလာန်ဗောဇ္ဈင်ကို ရွတ်ဖတ်ပြီး၍ ကဿပဗောဇ္ဈင် ရွတ်ဖတ်နေဆဲ ဖြစ်ပါသည်။ ထိုသို့ ရွတ်ဖတ်နေစဉ် မျက်နှာမသာမယာ လှုပ်လှုပ် ရှားရှား ဖြစ်နေကြသောသူများကို ကြည့်လျက် ပရိတ်ရွတ်နေသည့် သံဃာများသည် ဝိရိယသမ္ဗောဇ္ဈင် ရွတ်ဖတ်ရမည့်နေရာ၌ ပီတိသမ္ဗောဇ္ဈင်ကို ရွတ်ဖတ်၍ ပီတိသမ္ဗောဇ္ဈင် ရွတ်ဖတ်ရမည့်နေရာ၌ ဝိရိယသမ္ဗောဇ္ဈင်ကို ရွတ်ဖတ်ကာ အယောင်ယောင် အမှားမှား ဖြစ်နေကြသည်။

ယင်းသို့ ဖြစ်နေကြဆဲ (၄နာရီ၄၄)မိနစ်တိတိ အချိန်တွင် နိကာယ်ဆောင် တပည့်သံဃာတော်များ၏ ပရိတ်တော်ကို နာယူတော်မူရင်းမှာပင် သာသနာတော်တရပ်လုံး၏ မိုခိုအားထားရာဖြစ်သော ကျေးဇူးတော်ရှင်မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရားကြီးသည် ဘဝတခု အသိအမှတ်ပြုရသည့် စတုဇရပ်နှင့် နာမ်သန္ဓာန် အစဉ်ပြတ် ဆက်၍ဆက်၍ဖြစ်ပွားမှုကို ရုတ်တော်မူကာ မြင့်မြတ်သော သီလအစရှိသည့် ဂုဏ်ရည်တော်ထူးအဲ့စမူးတို့ ကျေးဇူးသတင်း ကျော်ဇောခြင်းတို့သာ ကြွင်းကျန်ထားရစ်တော်မူခဲ့ပါပြီတကား။

http://www.dhammadownload.com

မင်းကွန်းတိပိဋကဓရ ဆရာတော်ဘုရားကြီး ဘဝနှတ်ထံပျံလွန်တော်မူခြင်း

သာသနာတော်နှစ် ၂၅၀၀ ခေတ်နောက်ပိုင်းတွင် သမိုင်းစံတင်လောက်အောင် ထူကဲမြင့်မြတ်သော ပရိယတ် ပဋိပတ် ဂုဏ်နှစ်ရပ်နှင့် သာသနာ+လောက=ဥဘယဟိတကရ၊ ဝိသိဋ္ဌတရ ဂုဏ်ထူးရှင် ဖြစ်တော်မူသော ကျေးဇူးရှင် (အာဒိကမ္မိက) ဝဠုသကာ၊ (အာဒိကမ္မိက) ဝိသိဋ္ဌ တိပိဋကဓရ မဟာတိပိဋက ကောဝိဒ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆဋ္ဌသံဂါယနာဝိဿဇ္ဇက၊ မဟာဗုဒ္ဓဝင်ကျမ်းပြု၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓေမဟာရဋ္ဌဂုရု၊ အဘိဓေအဂ္ဂမဟာသဒ္ဒမွဇောတိက၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် မင်းကွန်း ဓမ္မနာဒ ဆရာတော်ဘုရားကြီးသည် "ယောဘိက္ခဝေ ရူပဿ ဥပ္ပါဒေါ ဒုက္ခဿေသော ဥပ္ပါဒေါ ရောဂါနံ ဠိတိရောမရဏဿ ပါတုဘာဝေါ" အစရှိသော သံယုတ်ပါဠိတော်လာရှိသည့်အတိုင်း ၃ လကျော်တိုင် မိမိခန္ဓာကိုယ်အစဉ်၌ စွဲကပ်လာသော မာရဏန္တိက ဒုက္ခပြင်းထန် ဝေဒနာဒဏ်ကို (ဖလသမာပတ် ဝင်စားလတ်သည့် မဟာကရုဏာမြတ်ပမာ) တည်ကြည်ငြိမ်သက်စွာ သည်းခံတော်မူပြီးလျှင် ၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ (၉-၂-၉၃)အင်္ဂါနေ့၊ ညနေ၄နာရီ၄၄မိနစ် အချိန်တွင် ပကတိငြိမ်သက်စွာ စိတ် စေတသိက် ကမ္မဇရုပ်တို့ အကြွင်းမဲ့ချုပ်ငြိမ်း တစ်ဘဝဇာတ် သိမ်းတော်မူခဲ့ပါသည်။ ။